# ပေါရာဏဒီပနီ



မှော်ဘီဆရာသိန်း



မှော်ဘီဆရာသိန်း။

# သတိပြုရန်

## တောင်းပန်ချက်

* ဤ အမှတ်ပြုလျက် ပါယှိသည်တို့ကား ထပ်မံ ဖြည့်သွင်းချက် ဟူ၍ မှတ်တော်မူကြပါမည့်အကြောင်း။

ကြည့်ရှုကြသော ပုဂ္ဂိုလ်တို့သည် ပုဂ္ဂလမိဋ္ဌာန်ကို မစွဲးလမ်းပဲ ဓမ္မမိဋ္ဌာန် သက်သက်အားဖြင့် ထိုကျမ်းတွင်ပါသော အနှစ်သာရတို့ကိုသာ စွဲးလမ်း မှတ်စေလိုပါသည်၊ အဘယ့်ကြောင့်ဆိုသော် အချို့သောသူတို့သယ် ထိုသူကို မနှစ်မြို့သောစိတ်ယှိအံ့၊ ထိုသူစီစဉ်သော စာကိုသော်လဲး ရှောင်လွှဲးတတ် ချေသည်။

စီစဉ်သော အကျွန်ုပ်သည်ကား ကျမ်းဂန်တို့ကို ကြေကြေပွန်ပွန် သင်ကြား၍ တတ်မြောက်ပွန်းတီးခဲ့ရသူ မဟုတ်ခသော်လဲး ဆည်းကပ် ကိုးကွယ် ခိုလှုံရသော လူဆရာ, ရဟန်းဆရာများခြင်း၊ မိမိနှိုက် ကြေးငွေနှင့် ဖလှယ် ၍ စုဆောင်းဆည်းပူး ရေးမှတ်ထားရသော ဗဟုဿုတတို့သည် ပညာယှိ တို့ အံ့ဩချီးမွမ်း ထောမနာခြင်းကို ခံရပါသည်။

အလိုယှိသူတို့ ဆင်ယင်နိုင်ရန် မွေးကြိုင်လှစွာသော ပန်းပွင့်အမျိုးမျိုးကို သီကုံးထားသော ပန်းကုံးကယ့်သို့ ထို့အတူ ပညာဗဟုဿုတ အမျိုးမျိုးတို့ ကို သင့်ရာသင့်ရာ သီကုံးထားသော ရတနာပန်းကုံးကြီးနဲ့ တူသော ဤ ကျမ်းကို ဆင်ယင်သူတို့၏ အကျိုးငှါ စီစဉ်သီကုံးထားခြင်း ဖြစ်ပါသည်။

ဤကျမ်း၏ အမည်ကို ကျေးဇူးရှင် ဆရာဖြစ်သော သင်္ဂဇာဆရာတော် ဘုံရားကြီး၏ တပည့် အင်းစိန်မြို့နယ် တိုးချောင်ကလေးရွာ ပင်ရှင် အငြိမ်း စား စစ်ပင်တိုက်သူကြီး ဦးဆိုင်က ပုံမနှိပ်မီ အလုံးစုံကြည့်ရှုပြီးမှ ပေါရာဏ ဒီပနီ ဟူ၍ အမည်ပေးအပ် ချီးမြှင့်ခြင်းဖြစ်ပါသည်။

အရေးအသား အထူးအထွေ-ပါယှိသည်မှာ ရှေးကျောက်စာဟောင်း များတွင် ရေးသား ထုထားလျက်ယှိသော ရေးနည်းတို့ကို အနည်းငယ်သိ သာရန် ထည့်သွင်းလိုက်ပါသည်။

See also page 244

(ဃ) **သတိပြုရန်**

**လက္ခဏာဖော်ပြချက်**

ဘဝ --- ဝေသာ ၊၊ သောဝ

| အရေးအက္ခရာ | ဖတ်သောအသံ |
|---|---|
| သိဠ် | သို့။ |
| ဟိ | ယို့။ |
| ဟိသဝ် | ယို့သော။ |
| တိဝ့်ကိဝ် | တို့ကို။ |
| တေညး် | တည်း။ |
| ကျေဠူး | ကျေးဇူး။ |
| ကျွေည်းသည် | ကျွေးသည်။ |
| ရှုယ့် | ရှို့။ |
| ညေ့် | ညို့။ |
| ယေ့် | ညို့။ |
| မြွယ် | မြွေ။ |
| { တ် | တော်။ } |
| { တ ် | တော်။ } |
| ဩင် | အောင်။ |
| ၎င်း | လေးကောင်း။ |
| အး | အား။ { မည်သည့်အက္ခရာမဆို ၍ ကဲ့သို့ တွေ့လျှင် အား ကာရန် အသံကဲ့သို့ ဖတ်မည်။ |
| ငိယ် | ငွေ။ |
| ရှိယ် | ရွှေ။ |
| ရှုယ် | ရွှေ။ |
| ရိယ် | ရေ။ |

---

**ပြင်ဆင်ချက်**

ဖောင်နံပါတ် ၆-တွင် စာမျက်နှာ (၃၃-၃၄-၃၅-၃၆-၃၇-၃၈-၃၉-၄၀) ဟု မှားယွင်းပါသွားရာ (၄၁-၄၂-၄၃-၄၄-၄၅-၄၆-၄၇-၄၈) ဟု ပြင်ဆင်ဖတ်ရှုတော်မူကြစေလိုပါကြောင်း။ ✓

---

# နိဒါန်း

## ပဌမအကြိမ် ပုံနှိပ်ခြင်း

လောကနိုက် အမိုက်မှောင်ကို ပယ်ဖျက်ထွန်းလင်းနိုင်သော ဝရဇိန်ရတနာသည် မောဟ-တည်းဟူသော မှောင်အမိုက်ကို မလင်းစေနိုင်၊ ပညာရတနာသာလျှင် မောဟ-တည်းဟူသောမှောင်အမိုက်ကို ဖျောက်ပယ်သဖြင့် ထွန်းလင်းနိုင်ကြောင်း။

လောကနိုက် သန့်ရှင်းဖြူစင် ကြည်လင်သည်ဖြစ်၍ အညစ်အကြေးကင်းသော ပုလဲရတနာသည် ဆင်ယင်သူတို့၏ အညစ်အကြေးကို မဖြူစင်စေနိုင်၊ ပညာရတနာသာလျှင် ယင်ဆင်သူတို့၏ ကိလေသာဟူ မြူအညစ်အကြေးတို့ကို သန့်ရှင်းကြည်လင်၍ ဖြူစင်စေနိုင်ကြောင်း။

လောကနိုက် မြတ်သောအသုံးအဆောင်ဖြစ်သော သင္တာရတနာသည် အလိုယှိတိုင်း သုံးဆောင်ရသည်မဟုတ်၊ ပညာရတနာသာလျှင် အလိုယှိတိုင်း အရာခပ်သိမ်းတို့နိုက် သုံးဆောင်ခံစားရသည် ဖြစ်ကြောင်း။

လောကနိုက် မြတ်သောအသုံးအဆောင်ဖြစ်၍ ရွှံစေး-နွံ ညွန် တို့ဖြင့် နောက်ကျုသောရေကို ကြည်စေတတ်သော ဂုဏ်ထူးယှိသော မြကျောက်ရတနာသည် အကုသိုလ်ဟူသော နောက်ကျုခြင်းကို မကြည်စေနိုင်၊ ပညာရတနာသာလျှင် အကုသိုလ် တည်းဟူသော နောက်ကျုခြင်းကို ပယ်၍ စိတ်၏ ကြည်လင်ခြင်းကို ဖြစ်စေတတ်ကြောင်း။

လောကနိုက် အလိုခပ်သိမ်းကို ပေးစွမ်းနိုင်သော မဏိနောမယ ဇောတိရသပတ္တမြားရတနာသည် ပစ္စုပ္ပန်ကျိုးကိုမျှသာ ပေးစွမ်းနိုင်သည်၊ သံသရာကျိုးကို အလိုယှိတိုင်း မပေးစွမ်းနိုင်၊ ပညာရတနာသာလျှင် လောကီ, လောကုတ္တရာ,ပစ္စုပ္ပန်, သံသရာတို့နိုက် အလိုခပ်သိမ်းကို ပေးစွမ်းနိုင်ကြောင်း။

လောကနိုက် လူတို့ သုံးစွဲးအပ်သော ရွှေ,ငွေ စသော ရတနာတို့သည် လောကုတ္တရာကျိုးကို မပေးစွမ်းနိုင်၊ ပညာရတနာသာလျှင် လောကီ,လောကုတ္တရာ နှစ်ဖြာသောကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်ကြောင်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အနောမသတ္တပရိဘောဂဖြစ်သော ရတနာတို့သည် နိဗ္ဗာန်သို့ဆောင်ပို့နိုင်ရန် နည်းလမ်းတစုံတရာမယှိ၊ ပညာတည်းဟူသော ရတနာသာလျှင် ပါရိဟာရိယပညာ, ယထာဘူတပညာ, သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြစ်သဖြင့် နိဗ္ဗာန်သို့ရောက်အောင် ကယ်တင်ဆောင်ပို့နိုင်ကြောင်း။

# နိဒါန်း

ပညာတည်းဟူသော ရတနာသာလျှင် ခပ်သိမ်းသောအကျိုးကို ပေးစွမ်းနိုင်သည်ဖြစ်၍ မြတ်သောရတနာအစစ်ဖြစ်ကြောင်း။

လောကီနိုက်ဖြစ်သော လူတို့သုံးစွဲအပ်သော ဝေဠုရိယ၊ ပုလဲ၊ သန္တာ၊ မြ၊ ဇောတိရသပတ္တမြား၊ ရွှေ၊ ငွေ-စသော ရတနာတို့သည် အလိုဆန္ဒသို့မလိုက်၊ သာရအားဖြင့် အနှစ်မယှိ၊ ရန်သူမျိုးငါးပါးနှင့်မကင်း၊ ပျက်စီးခြင်းသဘောတရားသို့ မုချကေန် အမှန်ရောက်၍ အကျိုးမယှိကြောင်းကို ကျမ်းဂန်ပုံပြင်နည်းနာနယတို့နိုက် ပမာပမည်းပြုသည်ကို ထောက်ထားသဖြင့် ယခုလောကနိုက် အမျိုးကောင်း သားသမီးတို့သည်လည်း ပညာတည်းဟူသောရတနာအဆင်းသဏ္ဍာန်မယှိက မတင့်တယ် မဖွယ်ရာသည်ကို မြင်သောကြောင့် မင်း၊ ပုဏ္ဏား၊ သေဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ် အမျိုးသားသမီးတို့သည် ပညာနှင့်စပ်ဆိုင်သော ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း၊ ဧချင်း၊ ရတု၊ ပိုဒ်စုံ၊ ခွဲးထား၊ အဲ့ချင်း၊ အဖော်၊ ရကန်၊ လူးတား၊ သာချင်း၊ လေးချိုးကြီး၊ ဝတ္ထု၊ ရာဇဝင်၊ ပုံပြင်၊ သတ်ညွှန်းသတ်ပုံ၊ ရေးထုံးရေးနည်း၊ စာရေး၊ စာဖတ်၊ စာစီ၊ စာကုံး၊ စာစပ်ခြင်း၊ ကြိယာခြောက်ဆယ်၊ စာရေးအင်္ဂါခြောက်ပါး၊ မင်းတို့ကျင့်ရာသောတရား၊ ခပ်သိမ်းသောသူတို့ ကျင့်ရာသောတရား၊ တရားသူကြီးတို့ ကျင့်ရာသောတရား၊ ပေါင်းသင့် မပေါင်းသင့်သော မိမ္ဘအမျိုးမျိုး၊ ဆိုသင့် မဆိုသင့်သောစကားအမျိုးမျိုး၊ ရှေးသူဟောင်းတို့ ပြောဆိုသုံးစွဲးသော ပေါရာဏကထာ၊ နည်းလေးဆယ်၊ ဥပစာဆယ်ပါး၊ အသတ်ခြောက်ပါး၊ အစပ်ခြောက်ပါး၊ စာစီကုံးခြင်းနိုက် သင့်သောအက္ခရာနှင့် ဂိုဏ်းစောင့်နတ်၊ ရသောနက္ခတ်တို့နှင့် သင့်မသင့် ရွေးချယ်၍ စပ်ဆိုစီကုံးခြင်းစသည်တို့ကို နောင်လာအများ အမျိုးကောင်းသားသမီးတို့ မှတ်သားကြည့်ရှု လွယ်ကူနိုင်စေရန် ဟံသာဝတီ မြေစာရင်းရုံး မြေစာရင်း အင်စပက်တော်- ဦးဘိုးကြီး၊ မန္တလေးရတနာပုံ ပဋ္ဌမ မြို့တည်နန်းတည် ဆဋ္ဌန်ဆင်မင်းသခင် ပဉ္စမသင်္ဂါယနာတင် အသျှင်ဘဝရှင်မင်းတရားကြီး လက်ထက် ၁၂၃၈-ခုနှစ် နယုန်လ ပဋ္ဌမပြန် စာပွဲးသဘင်ကျင်းပရာတွင် ဝင်ရောက် ပြန်ဆိုအောင်မြင်သူ ရွှေကျင်ငါးတိုက်အဝင်မင်းကင်းဆရာတော်ကြီးတပည့် ၁၂၄၁-ခု ပဲးခိုး စီရင်စု သပြေကန်မြို့အပိုင် မက္ကသံတိုက် အုတ်ဖိုရွာ ဘုန်းတော်ကြီး ဦးကောဏ္ဍညကျောင်းတွင် မြေတိုင်းကျောင်းဆရာပြုလုပ်နေထိုင်သူမောင်တက်တိုး၊ ပုသိန် ၃၂-မြို့အဝင်ကြံပျော်မြို့ဇာတိ မြို့အုပ်မင်း ဦးလှော်သား မော်ဘီမြို့ အမိန့်တော်ရရှေ့နေ-မောင်သူတော်၊ ရန်ကုန်မြို့ စမော်ကော်တရားသူကြီးရုံး အမှုတွဲးထိန်းစာရေး

ကြီး မောင်ဖန့်တို့က အဘိယာစကပြုသဖြင့် အထက်ပါအကြောင်းအရာများ ကို နောင်လာနောက်သားတို့၏ အကျိုးပွားများ မှတ်သားကြစေရန် တိုက်တွန်းနှိုးဆော်သည်အလျောက် မော်ပီမြို့စာရေး အကျွန်ုပ်မောင်ဘိုးသိန်း သည် ပညာတည်းဟူသော လောကီ, လောကုတ္တရာနှစ်ဌာနတို့ကို ငယ်စဉ် အခါကစ၍ ယခုတိုင် လေ့လာဆည်းပူးအားထုတ် ရှာဖွေကြည့်ရှုဆဲအခါ အနုမာနနှိုင်းချိန်၍ အရပ်ရပ်သော ကျမ်းဂန်တို့မှ မှတ်သားလွယ်ကူစေရန် မိမိဉာဏ်မှီသရွေ့ ကောင်းသောအဆီအနှစ်ကို ထုတ်နုတ်ရွေးချယ်ပြီးလျှင် ပေါရာဏဒီပနီ အမည်ယှိသောကျမ်းကို လူပညာယှိ, ရဟန်းပညာယှိတို့နှင့် နှီးနှော၍ စုပေါင်းရေးထုတ်လိုက်ပါသည်၊ ဤကျမ်းကို ဖတ်နာဆောင်ရွက် ကုန်သော အမျိုးကောင်းသားသမီးတို့သည် မိမိတို့မှတ်သားမိဘူးသောအရာကို တွေ့ယှိပြားသော်လည်း ရပြီးကိုရေ့ထည့်သည်ဟူ၍ အပြစ်မတင်ရာ၊ ရပြီးသော ပညာကိုလည်း ဆော်လှုပ်ဘိသကဲ့သို့ မမေ့မလျော့ရ၊ ထပ်မံမှတ်သားစေရန် တကြောင်း, မရသေးမတွေ့မမြင်ဘူးသေးသော အရာများကိုလည်းတိုးပွား ကြည့်ရှုမှတ်သားစေရန် ရည်သန်၍ "လမ်းရိုးဟောင်းတွင်၊ ဆင့်ခါထွင်သည်၊ သုတ်သင်ကာမျှ၊လွယ်ခါရ" ဆိုဘိသကဲ့သို့သမာဓိဖြင့် ခြိရံအပ်သော ပညာယှိ သူတော်ကောင်း အမျိုးသားသမီးတို့ မှတ်သားလွယ်ကူ သင်ယူလေ့ကျက် မပျက်ဖတ်ရွတ် နိုင်ကြပါစေကုန်သတည်း။

**စကားချပ်။** [မယားကြီးမုန်းသော်လည်း မယားငယ်မစွက်က အလှည့်မကြုံ။ ။ စကားကြီးသုံးသော်လည်း စကားငယ်မဖက်က မပြည့်မစုံ။ ။အဘိယာ စကကို အညီသာမက မပြုမလုပ်ထိုက်၊ ။အွားမတန် မာန်လျော့ ဟူသောစကားနှိုက် ပညာတည်းဟူသော အားမယှိကအဆိုလွန်သော် တမ်းခွန်နိမိတ်မာန်ကို လျှော့ထိုက်သည်။

ငန်းဆေးစား၍ အဖျားတက်သည်၊ ကျမ်းရေးမှား၍ အသွားခက် သည်ဆိုရာနှိုက် ငန်းဆေးသည်အဖျားပျောက်ဆေးဖြစ်ပါလျက်-မတက် ရာ၊ ဆေးစုံမှားသည်မှတ်၊ ကျမ်းရေးခြင်းနှိုက် ကျော်စောခြင်းမဟုတ် ပါလားဆိုတုံအံ့၊ အမှားကိုရေးမိက လူထည်းသို့မသွားဝံ့သည်ကို အ။ သွားခက်သည်ဟုမှတ်။]

**မော်တီမြို့**

၁၈၉၆-ခု ဇန္နဝါရီလ ၂၈-ရက်။ **မောင်ဘိုးသိန်း**

၁၂၅၇-ခု တပို့တွဲလဆန်း ၁၅-ရက်။ မြို့စာရေး။

# နိဒါန်း

## ဒုတိယအကြိမ်ပုံနှိပ်ခြင်း

"ဗုဒ္ဓဃောသာ၊ ဆရာထေရ်မြတ်၊ ကဝိထွတ်လျှင်၊ ပိဋကတ်ဖွင့်နှုတ်၊ နက်စံထုတ်သား၊ ဝိသုဒ္ဓိမဂ်၊ သစ်စက်စက်ကို၊ သို့ဝှက်သကြား၊ ကွယ်ရာထားမှ၊ စီးပွားရှာရှာ၊ နှင်းပြန်လာသို့၊ ဤဇာ ဇာတ်ပေါင်း၊ သုံးနှစ်အောင်း၍၊ အကြောင်းမသိ၊ ပျောက်ဖွယ်ရှိလျက်၊ ဇာတိရိုက်ရာ၊ နန်းပွင့်ခါနှိုက်၊ ကြံမှာချီသင့်၊ လင့်သောကြိုက်ဝယ်၊ တတိုက်စကြာဝဠာ၊ ကျွန်းချာနှိပ်နင်း၊ မင်းတို့စီးတန်၊ မွန်သားလက္ခဏာ၊ အင်္ဂါကြန်ပုံ၊ စွယ်စုံပျိုလူး၊ ဓွေစူးရဲမာန်၊ လျှင်မြန်သံကြွား၊ စွမ်းအားခြင်္သေ့၊ လှမြေဆင်းရောင်၊ ငွေတောင်အတူ၊ ဆင်ဖြူပေါက်ကြီး၊ ရမြောက်ပြီးသော်၊ ဝေးနီးပြောင်ပြောင်၊ တန်းခိုးရောင်ဖြင့်၊ မိုက်မှောင်ဖျောက်ပယ်၊ ပင်လယ်ချောက်ဇွေ၊ သရေခေတ္တရာ၊ မြစ်ညာအဝ၊ မြန်မာ့ဘိုင်းလုံး၊ ယူကျုံးနိုင်ငံ၊ နေလ-စုံသို့၊ မှိမောင်နှံ့လွှမ်းမိုး၊ နှစ်ပြည်စိုးသား၊ မင်းရိုးမင်းသား၊ မင်းတရား၏၊ ရွှေနားတန်ဆာ၊ ရတနာဟု၊ သဒ္ဒါနှိုးဆော်၊ နတ်များဖော်သည်။ ။ဘုန်းတော်အတုမဲ့ တောင်းတည်း" ဟူ၍ အချင်မဟာရဋ္ဌသာရဆရာကျော် ကိုးခန်းပျို့နှိုက် စပ်ဆိုတော်မူလေသည်။

ဤလင်္ကာသည် လိုရင်းအဓိပ္ပါယ်မှာ အချင် မဟာဗုဒ္ဓဃောသ အမည်ပါ့သင် မထေရ်သူမြတ်သည် သီဟိုဠ်ကျွန်းတွင် ပိဋကတ်သုံးပုံမှ ဖွင့်လှစ်ရှယ့် နက်နဲ့းဆန်းကြယ်သင် တရားထူးတိဝ် ကိဝ်ထုတ်နုတ် ရေးသားစီရင်တ်မူသင် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကိုဝ် ရေးသားရှယ့်ပြီးလျှင်ပြီးခြင်း သကြားမင်းလှာရှယ့် သိုဝ်ဝှက်ထားပြီးနောက်မှ သာသနာတော်ညဲ့ အကျိုဝ်းစီးပွား, လူအများတို့၏ အကျိုးစီးပွားအလိုဝ်ငှါ ရှာသင်အားဖြင့် တဖန်ပြန်ရှယ့်နှင်းအပ်ပြန့်ဘိသကဲ့သိုဝ် ဤကိုဝ်းခန်းပျိုဝ် ဟတ္ထိပါလ ဇာတ်ပေါင်းသည်လည်း သုံမ်းနှစ်တိုင်တိုင် အောင်းရှယ့်နေသဖြင့် အကြောင်းအရာကိုဝ်မသိရ၊ ပျောက်ဖွယ်ဟိလျှက်လည်း သရေခေတ္တရာမြိုဝ်, အင်းဝမြိုဝ်မှစရှယ့် မြန်မာပြည် တဝန်းလုံမ်းကိဝ် ယူကျုံးစိုဝ်းစံတ်မူသင် ဆင်ဖြူရှင် မင်းတြားကြီးညဲ့ ရွှေနားတန်ဆာ ရတနာဖြစ်စိမ့်သင်ငှါ ဘုန်းတော်အတုမဟိ ကြီးသင်ကြောင့် သမာဒေဝနတ်များက သဒ္ဒါနှိုးဆော်ရှယ့် ဤကိုဝ်းခန်းပျို ဇာတ်ပေါင်းကို ထုတ်ဖော်ပေးလှာရပြန်ဘိသကယ့်သိဝ် ဟိချေသည်-ဆိုဝ်လိုဝ်သော သဘောအဓိပ္ပါယ်ရောက်လေသတည်း။

ဤနည်းနှင်နှင် **ပေါရာဏဒီပနီ** အမည်ဟိသင် ကျမ်းသည်လည်း နှစ်ပေါင်း-ဆယ်နှစ်ခန့် ပျောက်ကွယ်မတတ်ရှိနေရာ ပညာဗဟုသုတကို ရှာမှီးလိုဝ်လားသင် သမ္မာဆန္ဒနှင့်တောင့်တကြကုန်သင် ရဟန်းသျှင်လူတိဝ်ညဲ့

ဘုန်းကံပါရမီအဟုံမ်ကြောင့် ထွန်းပေါ်လာရ ပြန့်ဘိသကယ့်သို့ ဝမ်းမြောက်ဝမ်းသာ ပီတော်မူကြရန် နတ်သင့်, သွင်းသင့်, ပြင်သင့်သော အရာအချက်စုတို့ကို ကျောက်ထီးတန္တု အလေးပြုရှယ့် အမြဲဆည်းကပ်လျက် ပညာတည်းဟူသော အဆီကို အလီလီညှစ်ယူ သုံးမ်းဆောင်ရသော ငါးရာငါးဆယ်ဇာတ် မဟာနိပါတ်တော်ပီ အင်္ဂတိမင်းကြီးသည့် မှောက်မှားသော မိစ္ဆာဝါဒအယူကို တခါတည်းပပျောက် တောင်းရာသို့ ရောက်စေရန် ဆုံမ်းမနှိပ်ကွပ်နိုင်သော ဗြဟ္မာမင်းသည့် အမည်ကိုရသော အင်းစိန်ခေါ်-တလိုင်းဘာသာ-ဆင်အိုင်ဂါမ မဟာဝိဟာရနိုက် လေးလီယာပထ မျှတ သတင်းသုံးမ်းတော်မူသော ဂန္ထန္တရ ဗဟုသုတ စသည်တို့ကို လိုဘွယ် မတ ပြည့်စုံမ်လှသည်ဟု ဆရာထွော်-သင်္ဃာတော် အရှင်မြတ်တို့ကောင်းချီးပေးခြင်းကိုခံရသော ဂုရုအရှင်ဖုန်းမြတ်ကြီးအား ပြသရာ ထိုဆရာဖုန်းမြတ်ကြီးသည့် ဩဝါဒအတိုင်း အပိုင်းအဆင် တို့ကို စနစ်သေချာ နှံ့စွာလိုက်နာလျက် ပညာလိုလား အမျိုးသားတို့သည့် အကျိုးငှါ မြန်မာဦးစွန်းထွန်းရာဖြစ်သော သုနာပရန္တတိုင်း မူဆိုးဘိုဝ် ရွာကြီးကို သာသနာအာယု ၂၂၉၇-နှစ် ဂေါဇာ သာကရာဇ် ၁၁၁၅-ခု ကရကဋ် လပြည့်ကျော် ၆-ရက် ၅-တေးနေ့တွင် ရတနာသိယ်မြို့ သမုတ်တည်ထောင်တော်မူသော အလောင်းမင်းတြားကြီးသည် အကြပ်အတည်းဆို့ပိတ်လျက် တလိုင်းမင်းစံသော ဟံသာဝတီမြို့ကို သိမ်းယူနိုင်ရန် ဩင်မြိုယ်ဩင်ရပ်ဖြစ်သော နိမိတ်ဩဘာ မင်္ဂလာပီသော်အရပ်ကို မှူးမတ်ပညာပီတို့နှင့် ချင်းနင်းကြည့်ရှုတော်မူရာ ဟံသာဝတီမြို့တောင်မျက်နှာ တာ-ယှစ်ရာကျော်ကွာသော စည်တီးအရပ်နိုက် သာကရာဇ် ၁၁၁၈-ခုနှစ်တွင် ဇေတုဝတီမြို့ သမုတ်ပညတ်ရှယ့် စံတော်မူပြီးလျှင် ဟံသာဝတီမြို့ကို လုပ်ကြံတော်မူရာ တလိုင်းမင်းသည် ဘုန်းချင်းမတူ ညွှန့်မလူသဖြင့် ကံမူမသန် မခံမရပ်နိုင် သော်ကြောင့်သွီးကညာ ရတနာဆင်မြင်းနှင့်တကွ ဟံသာဝတီမြို့ကို နင်းအပ်ဆက်သရသော ဩဘာနိမိတ် သုတိပီတ်ကောင်းလှသော ဇေတုဝတီမြို့သည့် သညာထင်စွာသမိုက်ဩင်လန်စိုက်သကယ့်သို့ သိုက်သိုက်မြိုက်မြိုက်ဘွဲ့ချီအပ်သော ရန်ကုန်မြို့ဆူလေဘုရားလမ်း တိုက်နံပါတ်-၃၇၊ဇေတုဝတီစာပုံနှိပ်တိုက်ရှင်သို့ ပုံနှိပ်ရန် တကြိမ်အခွင့်ကို အခါမလင့် အရေးပြုလိုက်ပါသတည်း။

ဆရာသိန်း

အင်းစိန်မြို့ — နယ်ပိုင်ဝန်ထောက်မင်း-

၁၂၇၂-ခု၊ ပဌမဝါဆိုလပြည့်နေ့။ — ဂျေ-အေ-စတူးဝပ်-ဆရာ။

## နိဒါန်း

### တတိယအကြိမ်ပုံနှိပ်ခြင်း

ဤ **ပေါကာရာဒီပနီ** ကျမ်းသည် သက္ကရာဇ် ၁၂၅၇-ခုနှစ်က ပဌမဦးစွာ ပေါ်ထွက်ထင်ယှားလှာခဲ့ရာ ကြည့်ရှုကြသော ပညာကိုလိုလားကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့ နှစ်ထောင်းအားရကြသဖြင့် ကောင်းကြိုး ပေးကြသည်များကိုခံရပေကြောင်း။

ပဌမ ထုတ်သောစာအုပ်သည် နည်းယူ အသုံးများကြသဖြင့် ကုန်တွင်လျက်ယှိသောကြောင့် ဗဟုသုတကို ခင်မင်လိုလားကုန်သော ပုဂ္ဂိုလ်ခပင်းတို့က ထပ်မံပုံနှိပ်ရန် သွေးသည် မှန်းစားပြုကြသည်ကို ကြိမ်ဖန်များစွာ နာခံရပါသဖြင့် မူလပုံနှိပ်သောစာအုပ်ကို ကြည့်ရှုပြင်ဆင် သွင်းသင့်သော အချက်များကို ထပ်မံထည့်သွင်းပြီးလျှင် ပဌမတွဲ၊ ဒုတိယတွဲ နှစ်ပိုင်းနှစ်ဌာန ခွဲးခြားပြီးလျှင် သက္ကရာဇ် ၁၂၇၂-နှစ်တွင် ဒုတိယ-အကြိမ်ပုံနှိပ်လုပ်ဆောင်ပြန်ရာ အစီအစဉ်နှင့်တကွ အခဏ်းဖွဲ့လျက် ဖော်ပြထားသည်များကို သန့်သန့်ရှင်းရှင်း ကြည့်ရှုမှတ်သား ထုတ်နုတ်ကူးယူ အလေးမူကြရသည်တို့ကို ဝမ်းမြောက်နှစ်သက်ကြပြန်သဖြင့် ၎င်းဒုတိယ ပုံနှိပ်သော စာအုပ်သည် ကုန်တွင်လျက်ဖြစ်ပါကြောင်း။

ယင်းသည့် ကျမ်းကို ကြိုးပမ်းအားထုတ်လျက် အလိုယှိသော ပုဂ္ဂိုလ်ခပင်းတို့သည် ပျား-ပန်းခပ်၏သို့ ရှာဖွေမရနိုင် ဖြစ်ကြသောကြောင့် ထပ်မံပုံနှိပ်ရန် တိုက်တွန်းနှိုးဆော် အားပေးကြခြင်း၊ ၎င်းပြင် ပညာရေးဆိုင်ရာအဖွဲ့ကလည်း ပညာသင်ကြားကြသော တပည့် ကျောင်းသား များတို့ လေ့ကျက်မှတ်သားကြရန် ရည်သန့်ညွှန်ကြားခြင်းများကို သိရပါသဖြင့် ကမ္ဘာဦးသူတို့သည် နေ-လ် နှစ်ဖြာကို တောင့်တကြရာ အလိုဆန္ဒအတိုင်း ပြည့်ဝပြည့်စုံကြသည်ကို ဝမ်းမြောက်ရွှင်လန်းကြသည့်အလား မခြားထပ်တူ ဖြစ်ကြစေရန် ထပ်မံပုံနှိပ်မည်ကို ကြံစည်ဆဲအခါနိုက် ရန်ကုန်မြို့ ကြေးမြင့်ဒိုင်ကျောင်းကြီးလမ်း နံပါတ် ၇၁-နေ စာပုံနှိပ်စာလုံးသွင်းစက်ရှင် ကိုရွှေတူက သိရိမင်္ဂလာနှင့်ပြည့်စုံစေရန် အာသီသထားသဖြင့် ပုံနှိပ်စာအုပ်ပြုလုပ် ရောင်းချရန် အခွင့်တောင်းသောကြောင့် (မူပိုင်မဟုတ်) ကိုရွှေတူ သဘောအတိုင်း ဆက်ခါဆက်ခါ တဦးထည်း ပုံနှိပ်ရန်အခွင့်ပြုခြင်းဖြင့် မေတ္တာကို အရှည်ထား၍ ဖြောင့်မတ်စွာ ခွင့်ပြုလိုက်ရပါသတည်း။

**မော်ဗီ-ဆရာသိန်းကြီး**

ကော်လိတ်တော်ဝန်-မစ္စတာ-ဗီလစ်ဆရာ။

ရန်ကုန်မြို့။

၁၂၉၁-ခု၊ တော်သလင်းလပြည့်ကျော် ၄-ရက် စနေနေ့။

## နိဒါန်း



### စတုဏ္ဏအကြိမ်ပုံနှိပ်ခြင်း

**ပေါ်ရာဏနှင့် ယဉ်ကျေးမှု**

"အလိမ္မာစာမှာဆုံးသည်" ဟူသော ရှေးသူဟောင်းတို့စကားအရ လူမျိုးတိုင်း, ဘာသာတိုင်း၏ လိမ္မာယဉ်ကျေးမှု အဝဝသည် စာပေနှင့်ကင်း၍ မဖြစ်နိုင်၊ ရှေးပညာရှိကြီးတို့ စီစဉ်ခဲ့သော ပေါရာဏ, ဝေါဟာရ, မဂဓ, သက္ကဋ, ကဗျာလင်္ကာတို့ကို မှီငြမ်းပြုလျက် နှစ်သက်လိုလားစွာ လိုက်နာကျင့်သုံးမှသာလျှင် တိုးတက် ကြီးပွားနိုင်ပေမည်၊ ဤ ပေါရာဏဒီပနီ ကို စီစဉ် ရေးသားသော မောင်ဗိ-ဆရာသိန်းကြီး သည်လည်း မြန်မာ့ယဉ်ကျေးမှု အနုစာပေတွင် ဝါသနာထုံသည့် အားလျော်စွာ နောင်လာနောက်သားတို့ မြန်မာ့ယဉ်ကျေးမှု မပပျောက်စေရန် ရည်သန်လျှက် ဤကျမ်း၏ ပဌမတွဲတွင်–(၁) ရှေး ပေါရာဏစကားနှင့် ယခုခေါ်ဝေါ်ခြင်း စကားများ၊ (၂) ကဗျာစပ်နည်း၊ (၃) စာရေးနည်း ဖတ်နည်း၊ (၄) ရှေးဟောင်းကဗျာများ၊ (၅) အထွေထွေမှတ်ဘွယ်ဟု ငါးကဏ္ဍခွဲခြား၍ စီစဉ်ထားသည်ကို တွေ့ရှိရပေသည်။

**ပေါရာဏနှင့် ယခုစကား**

ပဌမခဏ်းတွင် ကမ္ဘာဦးသူတို့ ပြောဆိုသော မဂဓ, သက္ကဋလွတ်ကင်းလျက် သက္ကရာဇ် နှစ်ပေါင်း တထောင်ကျော်လောက်က သုံးစွဲပြောဆိုသော မြန်မာ စကားသက်သက်ကို "ပေါရာဏစကား" ဟု သတ်မှတ်လျက် ပုဂံခေတ်, အင်းဝခေတ်, အမရပူရခေတ်, မန္တလေးခေတ်မှစ၍ ယခုခေတ်တိုင်အောင် ပြောဆိုသော စကားများနှင့် ယှဉ်တွဲကာ ပေါရာဏစကား ဟုတ်မဟုတ် နှိုင်းချိန်နိုင်ရန် မဂဓစကား, သက္ကဋစကား, ပါဠိမြန်မာတွဲဘက် စကားများနှင့် ထပ်၍ပြောဆိုသော စကားဖို စကားမများကိုပါ ဆက်တွဲပြဆိုထားသဖြင့် စကားအမျိုးအစား ခွဲခြားသိလိုသူတို့၏ မှတ်ကျောက်သဘွယ် ဖြစ်ပေသည်။

**ကဗျာ စပ်နည်း**

ဒုတိယခဏ်းတွင် ပျို့, ကဗျာ, လင်္ကာ, မော်ကွန်း စသည်တို့ကို စီကုံးစပ်ဆိုရာ၌ လိုရင်း အကြောင်း အချက်များဖြစ်သော အစပ် ခြောက်ပါး, အသတ် ခြောက်ပါးနှင့် ဘုရား, မင်း, အမတ်, နတ်, တိရစ္ဆာန်, ဆင်းရဲသားကို ချီး၍ စပ်ဆိုရသော အက္ခရာများအမည်ကို ခွဲခြားလျက် ဆန်းနှင့်ညီအောင် ဂိုဏ်း, ဂရု, လဟု ရွေးနည်း, ဘွဲ့အမည် ပေးနည်းများကို ဇယားပုံနှင့် တကွ ပြထားခြင်း၊ အလင်္ကာနှင့်ညီအောင်အလင်္ကာဒေါသကို ရှောင်ကြဉ်၍ ဂုဏ်ရောက်အောင်

ဖွဲ့နွဲ့ပြခြင်းများအပြင်၊ ရတုလင်္ကာချိုနည်း ချနည်း ၂၅-ပါး, စီကုံးခြင်း၌ ကြိယာခြောက်ဆယ်များကိုပါ ပြည့်စုံစွာ ဖော်ပြထားသဖြင့် ကဗျာ စပ်မှု၌ ကျွမ်းကျင်လိုသူများအတွက် သင်နည်းမှတ်ချက်သဘွယ် ဖြစ်ပေသည်။

**စာရေးနည်း ဖတ်နည်း**

တတိယခဏ်း၌ ပညာရှိ ကဝိစာဆိုတို့၏ ကိုယ်ရည်သွေး ဖြစ်သော ဆန်းကြယ် တင့်တယ်စွာ ရေးစပ်ထားသည့် စကြာ ခုနစ်ထပ်, ပဒုမ္မာကြာဖူးငုံ, ၁၂-ရာသီစကြာ, စကြာလေးကျွန်းလည်, စက်ဂါထာ,စက်စာရေးဖတ်နည်း၊ ပညာရှိတို့ကိလိဋ္ဌ အရာ၌ သုံးစွဲအပ်သော ပိတုန်းပျံ့ဝဲ, ဝါးခွဲ, ရင်စေ့, ခြသေ့်လည်ပြန်, ကြိဖန်ကောက်, ကျောက်စာ, ပျူစာ, ဒူးဂဏန်း-ကျေးဂဏန်း, သုံးလွန်းတင်, ရွှေနဘေထပ်စသော ရေးထုံးရေးနည်း, ဖတ်နည်းများ ရှေးစံတို့ကို ပုံနှင့်တကွပြထားသည့်ပြင်၊ ၏, ၏ ့, ၍ ့, သို့, ၌, ၎င်း-အက္ခရာတို့ဖြစ်ပေါ်လာပုံကို အမြစ် အရင်းနှင့်တကွ ထုတ်ပြထားသဖြင့် ရှေးဟောင်း သုတေသနဌာန၌ ပြတိုက် သဘွယ် ဖြစ်ပေသည်။

**ရှေးဟောင်း ကဗျာများ**

စတုတ္ထခဏ်း၌ ရှင်မဟာသီလဝံသ, နတ်ရှင်နောင်, ရဝေရှင်ထွေး, တောင်ငူနဝဒေးကြီး, ရခိုင်ဥက္ကာပျံ, မင်းဇေယျ ရန္တမိတ်, ရှင်သံခိုစသော ကဗျာ့စာဆိုတော်များ ရေးသားစီကုံးခဲ့သော ဘုန်းတော်ဘွဲ့, လက်ထပ်မင်္ဂလာ အခမ်းအနားဘွဲ့, နားထွင်းသျှောင်ထုံး အခမ်းအနားဘွဲ့, မိုးဃ်းဘွဲ့, မယ်ဘွဲ့, မောင်ဘွဲ့, မေတ္တာစာ, ဆုတောင်းစာ,ဆော်င်းပါးသတင်း စသော အဖွဲ့အနွဲ့များနှင့် ဘုရား,ကျောင်း, သိမ်, အရိုးအိုး စေတီ ကျောက်စာ သံပိုင်းများကို ရှေးဟောင်း လက်ရာ မပျက် တိမ်မြုပ်ကွယ်ဝှက် အသိခက်သော အရာများ၌သာ အမှာစကားချပ် ညှပ်ကာ စီစဉ်ထားသဖြင့် ရှေးဟောင်းကဗျာဝါသနာပါသူများ၏ စာကြည့် တိုက်သဘွယ် ဖြစ်ပေသည်။

**အထွေထွေ မှတ်ဘွယ်**

ပဥ္စမခဏ်းတွင် ပရိသတ်အလယ် ရဲရင့်တင့်တယ်စွာပြောဆိုနိုင်သော ပညာရှိတို့ လက်သုံးပြုသည့် စကားကြီးဆယ်မျိုး, စကားအရာ အင်္ဂါလေးတန်, စကားခြောက်ခွန်း, ဥပမာစကားမျိုး လေးဆယ်,စကားမျိုး-၇၆,စကားမျိုး-၁၁၅,ဓမ္မသတ်ဆိုင်ရာ ဥပမာစကား ၅၁, စကားပုံ ၇၄-မျိုး, ဥပစာ ဆယ်ပါးတို့ကို စုံလင်စွာ ဘော်ပြထားသည့်ပြင်၊ လက်ရေး, လက်သား, စာရေး, စာဖတ်, စာအံ, စာ

ကျက်,စာကြည့်,စာရွတ်,စာစီ,စာကုံး, အနှိုး အဖွဲ့များကို အဓိပ္ပါယ်ခွဲပြထားသဖြင့် စကားပြော,တရားဟောအရာ၌ လူတော်လူကောင်းဖြစ်နည်း နိသျှည်းသဘွယ်ဖြစ်ပေသည်။

**ဟံသာဝတီ၏ အာသီသ**

ကျွန်ုပ်တို့ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၏ အာသီသတောင့်တရင်း နှလုံးသွင်းမှာ-ပါဠိတော်များ,အဋ္ဌကထာများ, ဋီကာများ, ယောဇနာများ,ဂဏ္ဌိဂဏ္ဌိရများနှင့် တကွရှေးဆရာတော်ကြီးများ ရေးသားတော်မူခဲ့သော ပိဋကတ်တော်လာ စာပေများ မတိမ်ကောမပပျောက်စေရန်၎င်း၊ မသူတော်တရားကွယ်ပ၍ သူတော်တရား ထွန်းကားလာစေရန်၎င်း၊ ဗုဒ္ဓသာသနာတော်ကြီးစည်ပင်ပြန့်ပွား၍ အဓွန့်ရှည်စွာတည်စေရန်၎င်း ရည်သန်ပြီးလျှင် အဆက်မပြတ် ပိဋကတ်တော်ကျမ်းစာများကို ရိုက်နှိပ်အပ်သည်ဖြစ်၍ ယခုအခါ၌ပေါရာဏဒီပနီပဋ္ဌမတွဲကို ရှင်းလင်း သေသပ်သော အထားအံ့သို, အပိုအလိုမရှိသော ပုဒ်ပါဌ်, အဖြတ်အရပ် ကျနသေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရအောင် ပါဠိဆရာကြီး ဦးခင်စိုး [သာသနဓဇ သိရိပဝရဓမ္မာစရိယ] နှင့် ဆရာ ဦးသိန်းဟန်, ဦးရွှေဖူး တို့အား ကောင်းစွာ သုတ်သင်ပြင်ဆင်စေကာ စတုတ္ထအကြိမ် စက်တင် ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

# မာတိကာ

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **ပထမ** | | |
| | **၁-စကားအမျိုးမျိုး** | | |
| ၁။ | ရှေးပေါရာဏစကားနှင့်ယခုခေါ်ဝေါ်ခြင်း စကားများ | .... | ၂ |
| ၂။ | ပေါရာဏနှင့်စပ်ဆိုသောပျို့လင်္ကာများ | .... | ၃၆ |
| ၃။ | ပေါရာဏစကားဟုတ်မဟုတ်ဆင်ခြင်ရန် ဖော်ပြချက်များ | .... | ၇၄ |
| ၄။ | ပါဠိနှင့်မြန်မာတွဲဖက်၍ပြောဆိုသောစကားများ | .... | ၉၂ |
| ၅။ | အက္ခရာဗျည်းတလုံးကိုထပ်၍ပြောဆိုသော စကားဗိုစကားမများ | .... | ၉၄ |
| | **၂-ကဗျာစပ်နည်း** | | |
| ၆။ | အသတ်ခြောက်ပါးအကြောင်း | .... | ၁၀၇ |
| ၇။ | အစပ်ခြောက်ပါးအကြောင်း | .... | ၁၁၃ |
| ၈။ | စာစီစာကုံးရေးနည်းအကြောင်း | .... | ၁၁၆ |
| ၉။ | ဘုရားနှင့်မင်းကိုချီး၍စပ်ဆိုရသောအက္ခရာ ငါးလုံးအမည် | .... | ၁၂၀ |
| ၁၀။ | အမတ်ကိုချီး၍စပ်ဆိုရသောအက္ခရာ ငါးလုံးအမည် | .... | ၁၂၀ |
| ၁၁။ | နတ်ကိုချီး၍စပ်ဆိုရသောအက္ခရာသုံးလုံးအမည် | .... | ၁၂၁ |
| ၁၂။ | တိရစ္ဆာန်ကိုချီး၍စပ်ဆိုရသောအက္ခရာ ငါးလုံးအမည် | .... | ၁၂၂ |
| ၁၃။ | ဆင်းရဲသားကိုချီး၍စပ်ဆိုရသောအက္ခရာ ငါးလုံးအမည် | .... | ၁၂၂ |
| ၁၄။ | ဂိုဏ်းယှစ်ပါးအက္ခရာအမည်နှင့်ဂရု,လဟုပြခြင်း | .... | ၁၂၂ |
| ၁၅။ | စပ်ဆိုစီကုံးအပ်သောဂိုဏ်းနှင့်မစပ်ဆိုအပ်သော ဂိုဏ်းများအမည် | .... | ၁၂၃ |

## မာတိကာ

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆။ | ယှစ်ပါးသောဂိုဏ်းအက္ခရာတို့တွင်ရသော နက္ခတ်နှင့်စောင့်သောနတ်များ၏ ဇယားပုံ | .... | ၁၂၄ |
| ၁၇။ | ဂရု,လဟု,ဂိုဏ်း,အက္ခရာနှင့်အညီစပ်ဆိုသော ပျို့လင်္ကာများ | .... | ၁၂၄ |
| ၁၈။ | ဂိုဏ်းအက္ခရာနှင့်မညီသောလင်္ကာများ | .... | ၁၂၅ |
| ၁၉။ | အကျိုးမရှိသောဂိုဏ်းတို့နှင့်စပ်ဆိုသောလင်္ကာများ | .... | ၁၂၅ |
| ၂၀။ | အစပ်အက္ခရာမညီ၍ အပြစ်ရောက်သောဒေါသများ | | ၁၂၆ |
| ၂၁။ | ပဒဒေါသယှစ်ပါးနှင့်ယှဉ်သော လင်္ကာအမိပ္ပါယ်များ | | ၁၂၇ |
| ၂၂။ | ဝါကျဒေါသနှင့်ယှဉ်သော လင်္ကာအဓိပ္ပါယ်များ | .... | ၁၃၂ |
| ၂၃။ | အတ္ထဒေါသ၊ သို့မဟုတ် ဝါကျတ္ထဒေါသနှင့် ယှဉ်သော လင်္ကာအဓိပ္ပါယ်များ | .... | ၁၃၆ |
| ၂၄။ | လင်္ကာဖွဲ့စပ်စီကုံးခြင်းနိုက် အက္ခရာထပ်သော်လည်း အရစ် အပင့်အသတ်ကွဲပြားလျှင် စပ်သင့်ကြောင်း | .... | ၁၄၀ |
| ၂၅။ | စာစပ်မှန်၏၊ အရေးအကူးချွတ်ယွင်း၍ အဓိပ္ပါယ် ပျက်ခြင်း အကြောင်း | .... | ၁၄၁ |
| ၂၆၊ | စာစီကုံးခြင်းနိုက်နည်းလေးဆယ့်ဥပစာဆယ်ပါးနှင့် ညီညွတ်ရန်အကြောင်း၊ | .... | ၁၄၁ |
| ၂၇။ | အသတ်ကို ထပ်၍ စပ်ဆိုစီကုံးသော လင်္ကာများ အကြောင်း | .... | ၁၄၂ |
| ၂၈။ | အသတ်ကွဲ၍ စပ်ဆိုစီကုံးခြင်းအကြောင်း | .... | ၁၄၃ |
| ၂၉။ | အက္ခရာသက်သက်တဆဲ့နှစ်လုံးအမည် | .... | ၁၄၄ |
| ၃၀။ | အက္ခရာသက်သက်ပါသော လင်္ကာများ | .... | ၁၄၄ |
| ၃၁။ | စပ်ဆိုစီကုံးခြင်းအက္ခရာခြားနားပုံ အကြောင်း | .... | ၁၄၅ |
| ၃၂။ | ဂိုဏ်းယှစ်ပါးရွေးနည်းလင်္ကာများနှင့် ဇယားပုံမ် | .... | ၁၄၆ |
| ၃၃။ | လင်္ကာစီကုံးသောအခါနေ့ရွေးရန် အကြောင်း | .... | ၁၅၃ |
| ၃၄။ | စက္ခုမြာယာဘူနာဂါကိန်းချပုံမ် | .... | ၁၅၃ |
| ၃၅။ | သီကုံးပြည့်အောင် လှတဆောင်ကိန်းချပုံမ် | .... | ၁၅၄ |
| ၃၆။ | နောင်ဆိုသည်ကား မြအလားကိန်းချပုံမ် | .... | ၁၅၅ |
| ၃၇။ | ရတုလင်္ကာချိနည်းချနည်း ၂၅-ပါးအကြောင်း | .... | ၁၅၅ |

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

၃၈။ ရတုကဗျာလင်္ကာ စပ်ဆိုစီကုံးခြင်းနှင့် ကိရိယာ
ခြောက်ဆယ်ယှဉ်ကြောင်း .... ၁၅၉
၃၉။ ရှေးပညာယှိတို့ စီကုံးသော ပျို့,လင်္ကာ,မော်ကွန်း
ဧချင်း,ရတု, သံပိုင်းများ .... ၁၆၆

## ၃-စာရေးနည်းဖတ်နည်း

၄၀။ သတ္တရတနာ စကြာခုနစ်ထပ်ရေးနည်း .... ၁၇၅
၄၁။ ပဒုမ္မာကြာဖူးငုံဆိုရေးနည်းရတုသုံးပိုဒ် .... ၁၇၆
၄၂။ ကိုယ်တွင်းပြည့်ရေးနည်း သုံးပိုဒ် .... ၁၇၉
၄၃။ တောင်ငူမင်းစောဆိုတော်အနောက်ဝန်မင်း မောင်ဥ
ဆို ရတုသုံးပိုဒ် .... ၁၇၉
၄၄။ ဥသျှောင်ရေးနည်းအပေး .... ၁၈၀
၄၅။ ဥသျှောင်ရေးနည်းအပြန် .... ၁၈၀
၄၆။ သျှင်ရဋ္ဌသာရဆို မုတ္တာရွှဲးသီရေးနည်း .... ၁၈၀
၄၇။ ရှင်အဂ္ဂရဆို မုတ္တာရွှဲးသီရေးနည်း .... ၁၈၁
၄၈။ နဝဒေးကြီးဆို စာသဖြန့်ညီရေးနည်းသုံးပိုဒ် .... ၁၈၁
၄၉။ မျို့,တဗျာ,လင်္ကာ,ရတုတို့နှင့် သိလိမ္မာစေကြောင်း
အကျိုး၄ါညွှန်ပြသောရတုပိုဒ်စုံ .... ၁၈၂
၅၀။ သံလျှင်ရောက်မင်းတရားစာကျူးကရိုက်သဖြန့်ညီ
သုံးပိုဒ်ရေးနည်း .... ၁၈၅
၅၁။ တောင်ငူရောက်မင်းတရားဆို ဇပြန်ကရိုက်သဖြန့်ညီ
သုံးပိုဒ်ရေးနည်း .... ၁၈၅
၅၂။ နဝဒေးကြီးဆို သုံးပန်ရိုက်ရေးနည်းရတုသုံးပိုဒ် .... ၁၈၆
၅၃။ တပြန်စီကုံးရေးနည်းသုံးပိုဒ် .... ၁၈၇
၅၄။ ကိုယ်တွင်းပြည့်ရွှဲးသီဆိုရေးနည်း .... ၁၈၈
၅၄။ ဒွါဒသရာသီစကြာဆိုနည်းရေးနည်းကေပိုဒ် .... ၁၈၉
၅၅။ စာအမျိုးမျိုးရေးနည်းဖတ်နည်းတို့ကိုညွှန်ပြချက် .... ၁၈၉
၅၆။ ပိတုန်းပျံဝဲရေးနည်းဖတ်နည်း .... ၁၉၁
၅၇။ ဝါးခွဲးရေးနည်းဖတ်နည်း .... ၁၉၁
၅၈။ ရင်စွေရေးနည်းဖတ်နည်း .... ၁၉၂

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၉။ | ရင်ခွဲးရေးနည်းဖတ်နည်း | ... | ၁၉၂ |
| ၆၀။ | ငပြေတက်သက်ရေးနည်းဖတ်နည်း | .... | ၁၉၃ |
| ၆၁။ | သုဝဏ္ဏလိပ်ရေးနည်းဖတ်နည်း | .... | ၁၉၃ |
| ၆၂။ | သမဏ္ဍလိပ်ရေးနည်းဖတ်နည်း | .... | ၁၉၃ |
| ၆၃။ | ခြသေ့်လည်ပြန်ရေးနည်းဖတ်နည်း | .... | ၁၉၄ |
| ၆၄။ | မြွေပွေးတွင်းလူးရေးနည်းဖတ်နည်း | .... | ၁၉၄ |
| ၆၅။ | မဒနာဟာရရေးနည်းဖတ်နည်း | .... | ၁၉၅ |
| ၆၆။ | ခရာခပ်ရေးနည်းဖတ်နည်း | .... | ၁၉၅ |
| ၆၇။ | ရာဇမနော်ဟာရာရေးနည်းဖတ်နည်း | .... | ၁၉၅ |
| ၆၈။ | အက္ခရာလှယ်ရေးနည်းဖတ်နည်း | .... | ၁၉၆ |
| ၆၉။ | ဝိပရိတ်ရေးနည်းဖတ်နည်း | .... | ၁၉၇ |
| ၇၀။ | သတ္တက္ခရာရေးနည်းဖတ်နည်း | .... | ၁၉၇ |
| ၇၁။ | သေလအက္ခရာရေးနည်းဖတ်နည်း | .... | ၁၉၈ |
| ၇၂။ | ဒူးဂဏာန်းကျေးဂဏန်းရေးနည်းဖတ်နည်း | .... | ၁၉၉ |
| ၇၃။ | သကဋစိဘ္ဘက္ခရာရေးနည်းဖတ်နည်း | .... | ၂၀၀ |
| ၇၄။ | နှစ်လွှန်းတင်အဂ္ဂက်ရေးနည်းဖတ်နည်း | .... | ၂၀၂ |
| ၇၅။ | သုံးလွှန်းတင်အဂ္ဂက်ရေးနည်းဖတ်နည်း | .... | ၂၀၂ |
| ၇၆။ | မျှေနပေထပ်အဂ္ဂက် ရေးနည်းဖတ်နည်း | .... | ၂၀၃ |
| ၇၇။ | ကြိမ်ဖန်ကောက် ရေးနည်းဖတ်နည်း | .... | ၂၀၃ |
| ၇၈။ | တံဆိပ်ညွှန့်ပေါ်အဂ္ဂက်ရေးနည်းဖတ်နည်း | .... | ၂၀၅ |
| ၇၉။ | ပြုံစားအဂ္ဂက် ရေးနည်းဖတ်နည်း | ... | ၂၀၅ |
| ၈၀။ | ဝဲရိုက်ဝဲဆင်းရေးနည်းဖတ်နည်း | .... | ၂၀၆ |
| ၈၁။ | အတုမရ-အစမမြင် ရေးနည်းဖတ်နည်း | .... | ၂၀၆ |
| ၈၂။ | င-ပြေဆန် ရေးနည်းဖတ်နည်း | .... | ၂၀၆ |
| ၈၃။ | ပဇဉ်းထိုးလည်ပြန် ရေးနည်းဖတ်နည်း | .... | ၂၀၇ |
| ၈၄။ | ဒေါင့်ထဲးတွန့် ရေးနည်းဖတ်နည်း | .... | ၂၀၇ |
| ၈၅။ | သံပေါက်ဒေါင့်ထဲးတွန့် ရေးနည်းဖတ်နည်း | .... | ၂၀၇ |
| ၈၆။ | ဝါးမျက်လှန် ရေးနည်းဖတ်နည်း | .... | ၂၀၇ |
| ၈၇။ | အက္ခရာပြောင်း၍ ရေးနည်းဖတ်နည်း | .... | ၂၀၈ |
| ၈၈။ | အက္ခရာပြန်၍ ရေးနည်းဖတ်နည်း | .... | ၂၀၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၉။ | ဝါးမျက်မြင် ရေးနည်းဖတ်နည်း .... | ၂၀၈ |
| ၉၀။ | င-ပြေတက်သက်ရင်စွေအကောက်အယူ ရေးနည်း ဖတ်နည်း .... | ၂၀၉ |
| ၉၁။ | ဝါးခွဲးရင်စွေ အနုလုံပဋိလုံကောက်ယူပုံ ရေးနည်း ဖတ်နည်း .... | ၂၁၁ |
| ၉၂။ | အရင်းကောက် ရေးနည်းဖတ်နည်း .... | ၂၁၆ |
| ၉၃။ | လေးဆင့်ကောက် ရေးနည်းဖတ်နည်း .... | ၂၁၆ |
| ၉၄။ | နံသင့်အက္ခရာကောက်အဝှက် ရေးနည်းဖတ်နည်း .... | ၂၁၆ |
| ၉၅။ | စက်ဂါထာ ရေးနည်းဖတ်နည်း .... | ၂၁၈ |
| ၉၆။ | စကြာလေးကျွန်းလည် ရေးနည်းဖတ်နည်း .... | ၂၂၀ |
| ၉၇။ | စက်စာ ရေးနည်းဖတ်နည်း .... | ၂၂၀ |
| ၉၈။ | ပြန်ကဖတ် ရေးနည်းဖတ်နည်း .... | ၂၂၀ |
| ၉၉။ | ဒေါင့်ထဲးတွန့်တမျိုး ရေးနည်းဖတ်နည်း .... | ၂၂၂ |
| ၁၀၀။ | ကမ္ပည်းကျောက်စာ,ဒူးဂဏန်းရေးနည်းဖတ်နည်း လင်္ကာ ၇-ပိုဒ် .... | ၂၂၂ |
| ၁၀၁။ | ကျောက်ဆည်မြို့ရွှေသာလျောင်းတောင်ပေါ်နိုက် စိုက်ထူထားသောကမ္ပည်းကျောက်စာပုံမိ .... | ၂၂၅ |
| ၁၀၂။ | တလိုင်းဘာသာဒူးဂဏန်းစာ .... | ၂၂၆ |
| ၁၀၃။ | အလောင်းမင်းတရားကြီးသန်လျှင်မြို့နိုက်သွန်းလုပ်သော ကြေးအမြောက်တွင်ပါယှိသောကမ္ပည်းစာ .... | ၂၂၇ |
| ၁၀၄။ | ပျူလူမျိုးတို့ဘာသာစာအက္ခရာပုံမိ .... | ၂၂၈ |
| ၁၀၅။ | အက္ခရာဗျည်း ၃၃-လုံးနှင့်သရယှစ်လုံးတို့နိုက် မပါဝဲး ဢ-ဢ္-ဢ-သ္ဘ-ဉ္ဆ-ဂုင်း-တို့ဖြစ်ပေါ်ရေးသားကြခြင်းအကြောင်း .... | ၂၂၉ |


## ၄-ရှေးဟောင်းကဗျာများ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၆။ | တောင်ဘီလာဘုန်းတော်ကြီးပြည်မြို့ဘွင်သီတင်း သုံးကြိုက်အခါ တပည့်သာမဏေက ဖွဲ့ဆိုသော ရတုကေပိုဒ် .... | ၂၄၅ |
| ၁၀၇။ | ဒသကောပဒုမာရွှေကြာပန်းရတုကေပိုဒ် .... | ၂၄၅ |

## မာတိကာ

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

၁၀၈။ သျှင်ရဋ္ဌသာရဆို သိကြားတိုင် ရတုကေပိုဒ် .... ၂၄၆
၁၀၉။ ရှင်တေဇောဒီပဆို သိကြားတိုင်ရတုကေပိုဒ် .... ၂၄၆
၁၁၀။ သျှင်မဟာသီလဝံသဆို ယန္တရားစကြာ
ရတုကေပိုဒ် .... ၂၄၆
၁၁၁။ တခွန်းစားကေစပ်ဆိုနည်းရတုသုံးပိုဒ် .... ၂၄၇
၁၁၂။ တောင်ငူမင်းစာဆိုတော် အနောက်ဝန်မင်း
မောင်ဥ စီကုံးသောအဖျားကောက်တပြန်ရေးနည်း
ရတုသုံးပိုဒ် .... ၂၄၇
၁၁၃။ တောင်ငူမင်းစာဆိုတော်နဝဒေကြီးဆို
သဝေမပါရတုသုံးပိုဒ်နည်းယူရန် ။ .... ၂၄၈
၁၁၄။ နဝဒေကြီး သဝေမပါရေးသော ရတုသုံးပိုဒ်ကို
လိုက်၍ ဒိပဲးယင်းမြို့နေ မောင်ပုဆို သဝေမပါ
ရတုသုံးပိုဒ် .... ၂၄၉
၁၁၅။ ဘိုးတော်မင်းတရားကြီးလက်ထက် အယူတော်
မင်္ဂလာဆို အချီတူအချတူရတုပိုဒ်စုံ .... ၂၄၉
၁၁၆။ သျှင်မဟာရဋ္ဌသာရဆို ရွှေစက်တော်သွား
တောလားရတု ၄-ပိုဒ် .... ၂၅၀
၁၁၇။ မင်းနဝဒေးကြီးဆို တောလားရတုသုံးပိုဒ် .... ၂၅၂
၁၁၈။ တွင်းသင်းမင်းကြီးမဟာစည်သူဆို တောလား
ရတုသုံးပိုဒ် .... ၂၅၃
၁၁၉။ မင်းစိန္တကျော်သူဆို တောလားရတုသုံးပိုဒ် .... ၂၅၄
၁၂၀။ လှော်ကားသုံးထောင်မှူးဆို တောလားရတုသုံးပိုဒ် .... ၂၅၅
၁၂၁။ မင်းသမန္တရာဇာဆို ရေလားရတုသုံးပိုဒ် .... ၂၅၇
၁၂၂။ ထောင်သင်းမှူးဆို ရေလားရတုငါးပိုဒ် .... ၂၅၈
၁၂၃။ သျှင်ဥတ္တမကျော်ဆို ဆယ့်နှစ်ရာသီ တောလားရတု
ကိုးပိုဒ် .... ၂၆၀
၁၂၄။ ရတနာပူရမြို့ ဘကြီးတော်ဘုရားလက်ထက်တော်
မင်းကြီး မဟာစည်သူ ဘင်္ဂလားသို့သွားရာ မယား
က ပေးသည့် ကြာသွပ်မင်းသမီးဆို ကျေးရတုပိုဒ်စုံ .... ၂၆၈
၁၂၅။ စကိုင်းစာရေးစည်သူကတော်ဆို မောင်ဘွဲ့ရတုသုံးပိုဒ် ၂၆၉

## မာတိကာ


| ဦးစရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၆။ | ဆင်ဖြူရှင်မင်းတရား၏ သွီးအငယ်ဆို မောင်ဘွဲ့ ရတုသုံးပိုဒ် .... | ၂၆၉ |
| ၁၂၇။ | ရဝေရှင်ထွေးဆို မိုဃ်းဘွဲ့ရတုသုံးပိုဒ် .... | ၂၇၀ |
| ၁၂၈။ | ရဝေရှင်ထွေးဆို ရွှေစည်းခုံဘုရားတိုင် ရတုသုံးပိုဒ် .... | ၂၇၁ |
| ၁၂၉။ | ရက္ခိုင်ဥက္ကာပျံဆို ဒိမ်ရွှေမိဖုရား ငနှစ်ဘရှိကနှစ် ပြည်ညိုက ပေးသော ရတုသုံးပိုဒ် .... | ၂၇၂ |
| ၁၃၀။ | ဒိမ်ရွှေမိဖုရားစောပြည်ညိုရတုအလိုက် ဝက်မစွတ်မြို့စား မဟာသီရိစည်သူဆို ရတုသုံးပိုဒ် .... | ၂၇၄ |
| ၁၃၁။ | ဇင်းမယ်မိဖုရားဆို ကျေးမွှစရတုပိုဒ်စုံ .... | ၂၇၆ |
| ၁၃၂။ | ရက္ခိုင်မြို့သူမိညိုဆို ရတုသုံးပိုဒ် .... | ၂၇၇ |
| ၁၃၃။ | အင်းဝမြို့သူ မိဖြူဆို ရတုသုံးပိုဒ် .... | ၂၇၈ |
| ၁၃၄။ | မုတ္တမမြို့သူ တလိုင်းမိန်းမငယ် မမင်းအောင်တမ်းတသော သံတော်ခံရာဇနန္ဒဆို ကျေးစေရတုပိုဒ်စုံ .... | ၂၇၈ |
| ၁၃၅။ | ဇင်းမယ်ဘုရင်ငယ်ဆို သာလိကာစေရတုသုံးပိုဒ် .... | ၂၈၁ |
| ၁၃၆။ | ပဲးခိုးသကြံန်ဆို မယ်ဘွဲ့ရတုသုံးပိုဒ် .... | ၂၈၂ |
| ၁၃၇။ | ရွှေဆင်းတုစာ မောင်ဘွဲ့ရတုသုံးပိုဒ် .... | ၂၈၃ |
| ၁၃၈။ | မင်းသားမောင်ရှင်ဆို မယ်ဘွဲ့ရတုပိုဒ်စုံ .... | ၂၈၄ |
| ၁၃၉။ | ဇင်းမယ်ဘုရင်ငယ်ဆို ကျေးစေရတုသုံးပိုဒ် .... | ၂၈၄ |
| ၁၄၀။ | ဘကြီးတော်ဘုရားအင်းဝမြို့မှ အမရပူရမြို့သို့ ဘော်တော်နှင့်ချီတော်မူရာ လင်းတင်ကျက်သည် အစာချီ၍ ဘောင်ဘော်ဦးမှာချသည်ကိုဘွဲ့သော နန္ဒမိတ်ကျော်သူ ဆက်ခွေလျှာက်ရတုပိုဒ်စုံ .... | ၂၈၅ |
| ၁၄၁။ | ဇေယျနန္ဒမိတ်ဆို စစ်ချီရတုပိုဒ်စုံ မဏိဦးပြည်း တဆွဲငါးလုံးချနည်း .... | ၂၈၆ |
| ၁၄၂။ | အဝမြို့ကိုဘွဲ့သောဇေယျနန္ဒမိတ်ဆို ရတုပိုဒ်စုံ .... | ၂၈၇ |
| ၁၄၃။ | သျှင်သံကိုဆို စစ်ချီရတုသုံးပိုဒ် .... | ၂၈၈ |
| ၁၄၄။ | သျှင်သံကိုဆို စစ်ချီရတုသုံးပိုဒ် .... | ၂၈၉ |
| ၁၄၅။ | သျှင်သံကိုဆို စစ်ချီရတုပိုဒ်စုံ .... | ၂၉၀ |
| ၁၄၆။ | မင်းလက်ဝဲသုန္ဒြအမတ်ကြီးဆက် အလောင်းမင်းတရားကြီးရွှေဘုန်းတော်ဘွဲ့ ရတုပိုဒ်စုံ .... | ၂၉၀ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၄၇။ | မင်းလက်ဝဲသုန္ဒြအမတ်ကြီးဆက် အလောင်းမင်းတရားကြီးဘုန်းတော်ဘွဲ့ ရတုပိုဒ်စုံ | .... | ၂၉၁ |
| ၁၄၈ | တရားသူကြီးမင်း လက်ဝဲသုန္ဒြအမတ်ကြီးဆက် အလောင်းမင်းတရားကြီးသကြွန်တော်ခေါ် ရတုပိုဒ်စုံ | .... | ၂၉၂ |
| ၁၄၉။ | မင်းလက်ဝဲသုန္ဒြအမတ်ကြီးဆက် ရတနာသိယ်ကုန်းဘောင်မြို့တည်အလောင်းမင်းတရားကြီးဘုန်းတော်ဘွဲ့ နာခံတော်ပြေ့ကြီးမူးလျှောက် မင်္ဂလာရတုပိုဒ်စုံ | .... | ၂၉၃ |
| ၁၅၀။ | ရာဇဝတ်တော်အပြစ်နှင့် မဲဇာသစ်တောကိုအပို့ခံရသော မင်းလက်ဝဲသုန္ဒြအမတ်ကြီးဘွဲ့ဆို၍ သစ်တောကပို့လိုက်သော လျှောက်ရတုပိုဒ်စုံ | .... | ၂၉၃ |
| ၁၅၁၊ | မင်းလက်ဝဲသုန္ဒြအမတ်ကြီးရာဇဝတ်တော်အပြစ်နှင့် မဲဇာတောသို့အပို့ခံရသည့်အခါ လွမ်းဆွတ်တသသည့် အကြောင်းကိုဘွဲ့ဆိုရေးသားသော ရတုပိုဒ်စုံ | .... | ၂၉၅ |
| ၁၅၂။ | ပြည်မြို့ ဝံတောင်လယ်ဘုန်းတော်ကြီးကို ရှင်ရဋ္ဌသာရက မေးသည့်ရတု ၃-ပိုဒ် | .... | ၂၉၈ |
| ၁၅၃။ | ပြည်မြို့ ဝံတောင်လယ်ဘုန်းတော်ကြီးသို့ ရှင်ရဋ္ဌသာရက မေးသောရတု၃-ပိုဒ် | .... | ၂၉၉ |
| ၁၅၄၊ | ရှင်ရဋ္ဌသာရအမေးကို ဝံတောင်လယ်ဘုန်းတော်ကြီးကဖြေသောရတု ၃-ပိုဒ် | .... | ၃၀၁ |
| ၁၅၅။ | ပြည်မြို့ ဝံတောင်လည်ဘုန်းတော်ကြီးဆို ပန်းဘွဲ့ ရတု ၃-ပိုဒ် | .... | ၃၀၂ |
| ၁၅၆။ | ပြည်မြို့ ဝံတောင်လယ်ဘုန်းတော်ကြီးဆို ပန်းဘွဲ့ ရတု ၃-ပိုဒ် | .... | ၃၀၃ |
| ၁၅၇။ | ပြည်မြို့ ဝံတောင်လယ်ဘုန်းတော်ကြီးဆို ရတု၃-ပိုဒ် | .... | ၃၀၄ |
| ၁၅၈။ | ချင်းသူရဲဆို မောင်ဘွဲ့ရတု ၃-ပိုဒ် | .... | ၃၀၅ |
| ၁၅၉။ | ချင်းသူရဲဆို မောင်ဘွဲ့ရတု သုံးပိုဒ် | .... | ၃၀၅ |
| ၁၆၀။ | ဟံသာဝတီဆင်ဖြူရှင်သမီးတော်အငယ်ဆို မောင်ဘွဲ့ ရတု ၃-ပိုဒ် | .... | ၃၀၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၁။ | မင်းအဘာယဂါမဏိသားရှင်ရန်အောင်လိုက်သည့် လျှောက်ရတု ၃-ပိုဒ် .... | ၃၀၈ |
| ၁၆၂။ | ဒုတိယနဝဒေးဆက် ဘကြီးတော်ဘုရား သကြန် တော်ခေါ် မင်္ဂလာပွဲသဘင်ဘွဲ့သောလျှောက်ရတု ၃-ပိုဒ်စုံ .... | ၃၀၈ |
| ၁၆၃။ | ဒုတိယနဝဒေးဆက် မင်္ဂလာစံကျောင်းတော်လောင် မီးကျရာဘွဲ့သော မင်္ဂလာလျှောက် ရတုပိုဒ်စုံ .... | ၃၀၉ |
| ၁၆၄။ | ဒုတိယနဝဒေးဆက် ဘကြီးတော်ဘုရား ရတနာပူရ မြို့တည်ရာအခမ်းအနားဘွဲ့သောလျှောက်ရတုပိုဒ်စုံ .... | ၃၁၀ |
| ၁၆၅။ | အမရပူရမြို့ လျှောင်လှုပ်ဆည့်အကြောင်းဘွဲ့ ဒုတိယ နဝဒေးဆက် လျှောက်ရတုပိုဒ်စုံ .... | ၃၁၁ |
| ၁၆၆။ | နောင်တော်ဘုရင်မင်းမြတ် ရတနာပူရမြို့တော် နန်းသိမ်းမင်္ဂလာဘွဲ့ ဒုတိယနဝဒေးဆက်လျှောက် ရတုပိုဒ်စုံ .... | ၃၁၂ |
| ၁၆၇။ | နောင်တော်ဘုရင် ရတနာပူရမြို့တွင် ဖုသျှသကြန် တော်ခေါ် အခမ်းအနားဘွဲ့ ဒုတိယ နဝဒေး ဆက် လျှောက်ရတုပိုဒ်စုံ .... | ၃၁၃ |
| ၁၆၈။ | ဒုတိယနဝဒေးဆို ရွှေဆပ်သွားဘုရားကို ထီးတော် တင်လှူရာ အခမ်းအနားကိုဘွဲ့သော လျှောက်ရတု ပိုဒ်စုံ .... | ၃၁၃ |
| ၁၆၉။ | ဒုတိယနဝဒေးဆက် ပုခန်းမင်းသား လက်ထပ်မင်္ လာ အခမ်းအနားဘွဲ့ လျှောက်ရတုပိုဒ်စုံ .... | ၃၁၄ |
| ၁၇၀။ | ဒုတိယနဝဒေးဆက် မကွရာမင်းသား လက်ထပ် မင်္ဂလာ အခမ်းအနားဘွဲ့သောလျှောက်ရတုပိုဒ်စုံ .... | ၃၁၅ |
| ၁၇၁။ | ဒုတိယနဝဒေးဆက် မြင်စိုင်းမင်းသား လက်ထပ် မင်္ဂလာအခမ်းအနားဘွဲ့သော လျှောက်ရတုပိုဒ်စုံ .... | ၃၁၆ |
| ၁၇၂။ | ဒုတိယနဝဒေးဆက် ညောင်ရမ်းမြို့စား နားထွင်း သျှောင်ထုံးအခမ်းအနားဘွဲ့ လျှောက်ရတုပိုဒ်စုံ .... | ၃၁၇ |
| ၁၇၃။ | ဒုတိယနဝဒေးဆက် မြဝတီမင်းသား လက်ထပ် မင်္ဂလာ အခမ်းအနားဘွဲ့လျှောက်ရတုပိုဒ်စုံ .... | ၃၁၈ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၇၄။ | ဒုတိယနဝဒေးဆက် မင်းတုန်းမင်းသား လက်ထပ် မင်္ဂလာအခမ်းအနားဘွဲ့ လျှောက်ရတုပိုဒ်စုံ | .... | ၃၁၉ |
| ၁၇၅။ | ဒုတိယနဝဒေးဆက် လှိုင်မင်းသား လက်ထပ် မင်္ဂလာ အခမ်းအနားဘွဲ့ လျှောက်ရတုပိုဒ်စုံ | .... | ၃၁၉ |
| ၁၇၆။ | ဒုတိယနဝဒေးဆက် သရက်မင်းသား လက်ထပ် မင်္ဂလာအခမ်းအနားဘွဲ့ လျှောက်ရတုပိုဒ်စုံ | .... | ၃၂၀ |
| ၁၇၇။ | ဒုတိယနဝဒေးဆက် ဘကြီးတော်ဘုရားနှင့် ပန်းတောင်းမင်းသမီးတို့လက်ထပ်မင်္ဂလာအခမ်းအနားဘွဲ့သောလျှောက်ရတုပိုဒ်စုံ | .... | ၃၂၁ |
| ၁၇၈။ | ဦးဘိုးဆက် မင်းတုန်းဘုရင်သားတော် မလွန်မင်းသားနှင့် ဆားလင်းကြီးမင်းသမီးတို့ လက်ထပ်မင်္ဂလာအခမ်းအနားဘွဲ့သော လျှောက်ရတုပိုဒ်စုံ | .... | ၃၂၂ |
| ၁၇၉။ | မင်းတုန်းဘုရင်မင်းမြတ် ညီတော်အိမ်ရှေ့မင်း သမီးတော်ဆားလင်းကြီးမင်းသမီး နားထွင်းမင်္ဂလာ အခမ်းအနားဖွဲ့ဦးဘိုးဆက်လျှောက်ရတုပိုဒ်စုံ | .... | ၃၂၃ |
| ၁၈၀။ | ပဉ္စမနဝဒေးကြီးဆို သန်လျင်ကျွန်းကျတ်ခေါက် ဘုရားဘွဲ့ ရတု ၃-ပိုဒ် | .... | ၃၂၄ |
| ၁၈၁။ | ကုန်းဘောင်မင်း ဥက္ကလာဘမြို့မှ သန်လျင်မြို့သို့ထွက် တော်မူရာအခမ်းအနားကိုဘွဲ့သော မြင်းကင်းစား နေမျိုးကျော်ထင် ဆက်လျှောက်ရတုပိုဒ်စုံ | .... | ၃၂၄ |
| ၁၈၂။ | ကုန်းဘောင်မင်းဥက္ကလာဘမြို့တွင် သင်္ကြန်တော်ဘွဲ့ လျှောက်ရတုပိုဒ်စုံ | .... | ၃၂၅ |
| ၁၈၃။ | ကုန်းဘောင်မင်း ဥက္ကလာဘမြို့တွင် သင်္ကြန် တော်ခေါ် မြင်းကင်းစား နေမျိုးကျော်ထင် လျှောက်ရတု ၃-ပိုဒ် | .... | ၃၂၆ |
| ၁၈၄။ | တိကုံးဆံတော်ရှင် သိဂ္ဂုတ္တရတောင်ဘွဲ့ရတုသုခပိုဒ်စုံ | .... | ၃၂၇ |
| ၁၈၅။ | သိဂ္ဂုတ္တရတောင်ထိပ် ရွှေနန်းဘွဲ့သောရတုပိုဒ်စုံ | .... | ၃၂၀ |
| ၁၈၆။ | တိကုံစေတီမြတ် ဘုရားတိုင်ရတု မေတ္တာပို့ သုခပိုဒ်စုံ | .... | ၃၂၉ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၈၇။ | ရခိုင်ပညာယှိဦးကာပျံဆိုရတုကေပိုဒ် | .... | ၃၃၁ |
| ၁၈၈။ | ဦးကာပျံသည်အင်းဝမြို့မှရက္ခိုင်ပြည်သို့ပြန်မည်ယှိသောအခါရေးထားခဲ့သောကေပိုဒ်ရတု | .... | ၃၃၁ |
| ၁၈၉။ | ဦးဒိန္နပျို့ထွက် ရှေးပညာယှိစာဆိုသူတို့အမည် | .... | ၃၃၂ |
| ၁၉၀။ | ဗဒုံမြို့နယ်နိမိတ်အကြောင်းကို ရှိခိုးသံတော်ဦးတင်လျှောက်သောလက်ာ | .... | ၃၃၃ |
| ၁၉၁။ | တပင်ရွှေထီးမင်းတရား ဟံသာဝတီမြို့နှိုက်တလိုင်းဆံဖြတ်ပွဲလုပ်မည်ကြံစည်သည်ကို တလိုင်းဆံမဖြတ်ရအောင် လျှော်ကားသုံးထောင်မှူးဆက်လျှောက်ရတု ၃-ပိုဒ် | .... | ၃၃၅ |
| ၁၉၂။ | လျှော်ကားသုံးထောင်မှူးဆိုအချတမျိုးရတု၃-ပိုဒ် | .... | ၃၃၆ |
| ၁၉၃။ | လျှော်ကားသုံးထောင်မှူးဆို အရိမတည်းဘုရားကိုတိုင်သောရတုပိုဒ်စုံ | .... | ၃၃၇ |
| ၁၉၄။ | တောင်ဘီလာဆရာတော်ပုဂ္ဂိုလ်ကျော်ဆို ဩဝါဒရတု ၃-ပိုဒ် | .... | ၃၃၈ |
| ၁၉၅။ | ဝက်မစွတ်မြို့စားနဝဒေးဆက်မုနိယှစ်ဆူမော်ကွန်း | .... | ၃၄၀ |
| ၁၉၆။ | အိမ်ရှေ့ဘုရားဓားတော်လုပ်နည်းဝတ်မစွတ်မြို့စားနဝဒေးဆက်ရတု | .... | ၃၄၁ |
| ၁၉၇။ | အင်းစိန်ရွာမကျောင်းဖုန်းမြတ်ကြီးဦးနာရဒဆိုထမင်းရည်ကိုသွန်မိ၍ ရာဇဝတ်တော်ခံရသောလက်ာကေပိုဒ် | .... | ၃၄၂ |
| ၁၉၈။ | ဝံတောင်လယ်ဘုန်းကြီးဆို ပြည်ဆံတော်ဘုရားတိုင် ရတုပိုဒ်စုံ | .... | ၃၄၃ |
| ၁၉၉။ | စာဆိုစိန္တကျော်သူဆို မောင်ဘွဲ့ကျီးစေရတုပိုဒ်စုံ | .... | ၃၄၄ |
| ၂၀၀။ | မယ်ခွေးဆို ဆဲ့နှစ်ရာသီဘွဲ့သောအဲးထူးချင်း | .... | ၃၄၆ |
| ၂၀၁။ | ပညာယှိစာဆိုတော်ဦးယာဆို သင်္ဂါယနာတင်ဘွဲ့သော အဲချင်း ၃-ပိုဒ် | .... | ၃၅၂ |
| ၂၀၂။ | ပညာယှိစာဆိုတော်ရွှေတိုက်စိုးမင်းဦးတိုးဆိုသောနန်းတော်သုံးရာမရကန် | .... | ၃၅၄ |
| ၂၀၃။ | ဝန်ထောက်ရွှေတောင်နန္ဒသူဆို မွေးနွန်းရကန် | .... | ၃၅၇ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၀၄။ | ဝန်ထောက်ရွှေတောင်နန္ဒသူဆို ငွေတောင်ရကန် | .... | ၃၆၀ |
| ၂၀၅။ | မင်းဘူးမြို့ လေသာကျောင်းတိုက်ဆရာတော် ဦးဩဘာသအချင်သူမြတ်စီကုံးသောရကန်သွား မေတ္တာဇာ | .... | ၃၆၂ |
| ၂၀၆။ | မင်းဘူးဆရာတော်ဆို မေတ္တာဇာကျေးစေရကန် | .... | ၃၆၇ |
| ၂၀၇။ | ဆရာကြီးဦးအောင်ဖြိုးဆို ရာဇဝင်သာချင်း | .... | ၃၆၉ |
| ၂၀၈။ | ရွှေကျောင်းရဲ့နေ စာဆိုတော်ဦးပုဆို ၁၂-ရာသီ ဘွဲ့လူးတားအချီး | .... | ၃၇၀ |
| ၂၀၉။ | ရှေးက အထက်အညာပြည်နှိုက်ဈောက်စိုက်မတို့ သီဆိုကြသော အိုင်ချင်း | .... | ၃၇၉ |
| ၂၁၀။ | ဦးစံသူဆို မင်းသားကပေးသောမှာတမ်း | .... | ၃၇၉ |
| ၂၁၁။ | ဦးစံသူဆို မင်းသမီးကပေးသောမှာတမ်း | .... | ၃၈၀ |
| ၂၁၂။ | မြင်းဆိုင်းမြို့ဘွဲ့ ကာချင်း | .... | ၃၈၂ |
| ၂၁၃။ | ငယ်မည်ဦးဖိုးထင်၊ သျှင်ဘွဲ့ဦးဝဇီရဆိုမောင်ပြန့်နှင့် မယ်သင်တို့ စိန်စားသေကြောင်းဆောင်းပါးစာ | .... | ၃၈၂ |
| ၂၁၄။ | ငယ်မည်ဦးဖိုးထင်၊ သျှင်ဘွဲ့ဦးဝဇီရဆိုကြိုးဆွဲချ သေကြောင်းဖော်ပြသောဆောင်းပါးသတင်း | .... | ၃၈၄ |
| ၂၁၅။ | ဒုတိယနဝဒေးဆိုသာမုဒြိကလက္ခဏာကျမ်းနိဂုံး လင်္ကာ | .... | ၃၈၇ |
| ၂၁၆။ | ဂီဟိသုတပျို့နိဂုံး | .... | ၃၈၇ |
| ၂၁၇။ | ဘကြီးတော်ဘုရားလက်ထက်စစ်ကိုင်း စီရင်စုရွာဝေး ရွာသူကြီး ဦးန ဝက်မစွတ်မြို့စား နဝဒေးဆို ဗာရဝီ မော်ကွန်း သံပိုင်း | .... | ၃၈၈ |
| ၂၁၈။ | မုံရွေးဆရာတော်ဆို ဥဒိန္နပျို့နိဂုံး | .... | ၃၈၉ |
| ၂၁၉။ | သျှင်အုန်းညိုဆိုဂါထာ ၆၀-ပျို့နိဂုံး | .... | ၃၉၀ |
| ၂၂၀။ | တရားသူကြီးလက်ဝဲသုန္ဒြအမတ်ကြီးဆို ဝိနိစ္ဆယ ပကာသနီ ဓမ္မသတ်လင်္ကာနိဂုံး | .... | ၃၉၀ |
| ၂၂၁။ | မင်းပူးမြို့ဆရာတော်ဦးဩဘာသဆို မဟောသဓာ ဝတ္ထုနိဂုံး ကေပိဒ်လင်္ကာ | .... | ၃၉၁ |

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၂၂။ မင်းပူးဆရာတော်ဦးဩဘာသဆို ဇနကဝံထွ္တုစာပြီး နိဂုံးရတုပိုဒ်စုံ .... ၃၉၂
၂၂၃။ ရတနသေဒွေးကျောင်းနေ ဆရာတော်သွင်းသည့် သတ်ပုံနိဂုံး .... ၃၉၅
၂၂၄။ ဝမ်းဘဲအင်းစိမင်းလက်ထက်ကရေးသည့် ရွှေစာ နိဂုံးစာ .... ၃၉၆
၂၂၅။ ရွှေခုံတိုင်မင်းသွီးပူဇော်သည့် စာထုပ်ကြိုးမှာ ယက်သောသဆုတောင်းစာ .... ၃၉၇
၂၂၆။ မန္တလေးရတနာပုံမြို့တည် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ ရွှေစာနိဂုံး .... ၃၉၈
၂၂၇။ မန္တလေးမြို့ ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး၏ ကုသိုလ်တော်ပေရေးပိဋကတ်ရွှေစာတော်နိဂုံး .... ၃၉၉
၂၂၈။ သက္ကရာဇ် ၁၁၈၆-ခု ဝါကျွတ်အလှူတော်တွင် ဝက်မ စွတ်မြို့စားမဟာသီရိစည်သူ ဆက်သည့်ဆုတောင်း .... ၄၀၀
၂၂၉။ သက္ကရာဇ် ၁၁၉၄-ခု ဝါဆိုလဆန်း ၁၄-ရက် ပဉ္စမ ပဥ္စင်းလောင်းတော် ၁၁၁၊ သျှင်လောင်းတော် ၂၃- ကို အတွင်းတော်သို့ သွင်းပြသည့်နေ့ နာခံတော် စမြောင်မှူးနေမျိုးမင်းလှသိခ်သူလျှောက်ရသော ဝက် မစွတ်မြို့စား မဟာသီရိစည်သူဆက်သွင်းသည့် ဆု တောင်းစာ .... ၄၀၂
၂၃၀။ သက္ကရာဇ် ၁၂၀၁-ခု၊ တပေါင်းလပြည့်ကျော် ၆- ရက်နေ့ နံနက် အလယ်နန်းမတော်မိဖုရားတည်လုပ် သည့် စည်းခုံတော်တွင်ရေစက်သွန်းဆုတောင်းစာ .... ၄၀၃
၂၃၁။ သက္ကရာဇ် ၁၂၀၂-ခု၊ တပို့တွဲလဆန်း ၁၃-ရက် ဌာပနာသွင်းရန် ရုပ်ပွားဆင်းတုတော်များကို အ နေကဇာတင်တရားတော်နာ၍ ဆုတောင်းစာ .... ၄၀၅
၂၃၂။ စစ်ကိုင်းမြို့နယ် မင်းကွန်းစက်တော်ရာဘုရားကျောက် စာသံပိုင်း .... ၄၀၇
၂၃၃။ စစ်ကိုင်းမြို့နယ် စဥ့်ကိုင်ရွာ ဆိပ်ပေါက်ဘုရား ကျောက်စာသံပိုင်း .... ၄၀၈

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃၄။ | စစ်ကိုင်းမြို့ ဓမ္မိကာရာမဝိဇယဘုမိသိမ် ကျောက်စာ သံပိုင်း .... | ၄၀၉ |
| ၂၃၅။ | ဓမ္မိကချောင် အရှေ့စစ်ကိုင်းမြို့ ဘုရားကျောက်စာ သံပိုင်း .... | ၄၀၉ |
| ၂၃၆။ | မင်းကွန်းဘက် အောင်မြေမှန်ကူ စေတီတော် ကျောက်စာမော်ကွန်း .... | ၄၁၀ |
| ၂၃၇။ | သကျသီဟရုပ်ထုတော် ဘုရားကမ္ပည်း ကျောက်စာ သံပိုင်းလက်ာ .... | ၄၁၁ |
| ၂၃၈။ | အမရပူရမြို့ရှေ့ မှန်ကျောင်းတိုက် သိမ်တော်ကြီး ကျောက်စာသံပိုင်း .... | ၄၁၁ |
| ၂၃၉။ | အမရပူရမြို့ အနောက်ဗားကရာတိုက်မဟာဝေယန် ဘုံသာကျောင်း ကျောက်စာသံပိုင်း .... | ၄၁၂ |
| ၂၄၀။ | အမရပူရမြို့ လောကမဏိစူဠာဘုရား ကျောက်စာ သံပိုင်း .... | ၄၁၂ |
| ၂၄၁။ | အမရပူရမြို့ မဟာဝိဇယရံသီ စည်းခုံတော်ကြီး ကျောက်စာ မော်ကွန်း .... | ၄၁၃ |
| ၂၄၂။ | အမရပူရဒုတိယမြို့တည်ဘကြီးတော်မင်းတရားကြီး လက်ထက် မဇ္ဈိမဒေသ မဟာဗောဓိမဏ္ဍိုင်သို့ စေလွှတ်ဓမ္မဒါတံဖွဲ့အပေါင်းကိုပရိကံလှူတော်မူ၍ စိုက်မှတ်ကမ္ပည်း ထိုးတော်မူသော ကျောက်စာသံပိုင်း .... | ၄၁၃ |
| ၂၄၃။ | ရွှေကြက်ယက်ဘုရား ကမ္ပည်းကျောက်စာ သံပိုင်း လက်ာ .... | ၄၁၄ |
| ၂၄၄။ | မဟာသကျရံသီ ကျောက်တော်ကြီးဘုရား ကမ္ပည်း ကျောက်စာ သံပိုင်း .... | ၄၁၄ |
| ၂၄၅။ | မုံရွေးမြို့ ရွှေမြင်တင်ဘုရားနှင့် သိမ်ကျောက်စာ သံပိုင်း .... | ၄၁၅ |
| ၂၄၆။ | မုံရွေးမြို့ ရတနာရွှေဂူကျောက်စာမော်ကွန်းသံပိုင်း .... | ၄၁၅ |
| ၂၄၇။ | မန္တလေးမြို့ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး တည်ထားကိုးကွယ်တော်မူသောလောကမာရဇိန်စေတီတော် အတွင်းယှိ ပိဋကတ်ကျောက်စာ မော်ကွန်းသံပိုင်း.... | ၄၁၆ |

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၄၈။ မန္တလေးမြို့ သုဓမ္မာရွှေစရပ်တော်ကြီးမော်ကွန်း .... ၄၁၆
၂၄၉။ မန္တလေးမြို့ ဓမ္မမဥ္ဇူသိမ်ဘော်မော်ကွန်း .... ၄၁၇
၂၅၀။ မန္တလေးမြို့ ရတနာအောင်မြေဘုရားကျောက်စာ သံပိုင်း .... ၄၁၇
၂၅၁။ မန္တလေးမြို့ မဟာဗောဓိကျောက်စာ သံပိုင်း .... ၄၁၈
၂၅၂။ မန္တလေးမြို့ မဟာမုနိဘုရားကျောက်စာ သံပိုင်း .... ၄၁၉
၂၅၃။ မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်းတိုက် သဃ်ဇာ ဆရာတော်ဘုရားအရိုးအိုးစေတီကျောက်စာ သံပိုင်း .... ၄၁၉
၂၅၄။ ရွှေဘိုမြို့ ဘုံစိတုလွတ်ကျောင်း ကျောက်စာ သံပိုင်း .... ၄၂၀
၂၅၅။ ကျောက်ရစ်မြို့ ပေါင်လောင်ရှင်ဘုရားတံတိုင်းတွင်းယှိ ကျောက်စာ .... ၄၂၁
၂၅၆။ ပေါင်လောင်ရှင်ဘုရားကျောက်စာ .... ၄၂၃
၂၅၇။ ဘုရားတည်၍ ဝတ္ထုကံလယ်မြေနှင့် ကျွန်သီးတော် လှူဒါန်းသောပုဂံမြို့ မနူဟာဘုရား ကျောက်စာ .... ၄၂၄
၂၅၈။ မနူဟာမင်းမြေး အသဝတ်မဗ္မာမင်း ဘုရားတည်၍ ဝတ္ထုကံလယ်မြေနှင့် ကျွန်သီးတော်လှူ ၆၃၆-ခု .... ၄၂၅
၂၅၉။ တောင်တွင်းဆရာတော်ခင်ကြီးဖျော် အရိုးအိုး လောက မဥ္ဇူဘုရားကျောက်စာ .... ၄၂၆
၂၆၀။ ရွှေဘိုမြို့ နိဗ္ဗာန်ဆိပ်ဦးဘုရားကျောက်စာ .... ၄၃၀
၂၆၁။ စစ်ကိုင်းမြို့ထူပါရုံဘုရားအရှေ့သိမ်ကျောက်စာ .... ၄၃၁
၂၆၂။ ဗန္ဓုကျီနယ် ဘိုးဝန်းတောင်ယှိ ခေါင်းလောင်း ကမ္ဗည်းစာ .... ၄၃၃
၂၆၃။ ဂဏန်းခေါ်ခြင်းအကြောင်းလက်ာ .... ၄၃၅
၂၆၄။ မုံရွေးအမေးကြည့်ကနအဖြေ ရတုပိုဒ်စုံ .... ၄၃၅
၂၆၅။ အမိန့်တော်ရမင်း ဦးပုတ်နီ စီရင်ရေးသားသော မဟာဗောဓိမဂ္ဂဒီပနီကျမ်းယှိနိဂုံးလက်ာပိုဒ်စုံ .... ၄၅၆

## ၅-အထွေထွေ မှတ်ဘွယ်

၂၆၆။ စာဇတ်စာရွတ် နှုတ်ခမ်းနှုတ်လျှာ အသာ အသင့် ထားရန် ၁၂-ပါးယှိကြောင်း .... ၄၅၉

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၆၇။ | လက်ရေး, လက်သား, စာရေး, စာဖတ်, စာအံ, စာကျက်, စာကြည့်, စာရွတ်, စာစီ, စာကုံး, အနှုန်းအဖွဲ့များအကြောင်း | .... | ၄၆၁ |
| ၂၆၈။ | စကားကြီး ဆယ်မျိုး ဖော်ပြချက် | .... | ၄၆၄ |
| ၂၆၉။ | စကားအရာ အင်္ဂါလေးပါးအကြောင်း | .... | ၄၇၇ |
| ၂၇၀။ | စကားခြောက်ခွန်း အကြောင်း | .... | ၄၈၀ |
| ၂၇၁။ | ဥပမာနှင့်တကွ ပြောပြသောစကားမျိုးလေးဆယ် | .... | ၄၈၃ 483 |
| ၂၇၂။ | ရှေးသူဟောင်းတို့ပြောဆိုသောစကားပုံ ၈၄-မျိုး | .... | ၄၉၁ |
| ၂၇၃။ | ရှေးသူဟောင်းတို့ ပြောဆိုသုံးစွဲသော ဥပမာနှင့် ဖော်ပြသော စကားပေါင်း ၁၁၅-မျိုး | .... | ၄၉၄ |
| ၂၇၄။ | တရားဓမ္မသတ်အရ ဥပမာနှင့် ပြသော စကား ၅၁-မျိုး | .... | ၄၉၈ |
| ၂၇၅။ | တနည်း-မှတ်သားရန်စကားပေါင်း ၈၆-မျိုး | .... | ၅၀၀ |
| ၂၇၆။ | ဥပစာဆယ်ပါး အကြောင်း | .... | ၅၀၁ |
| ၂၇၇။ | မူလကျမ်းပြီး နိဂုံး | .... | ၅၀၈ |
| ၂၇၈။ | တတိယအကြိမ် ကျမ်းပြီး နိဂုံး | .... | ၅၀၉ |



# ပေါရာဏဒီပနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စိရံ တိဋ္ဌတု သဒ္ဓမ္မော။

## ပဏာမ

လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ကို ဖြည့်ကျင့်တော်မူသော မြတ်စွာဘုရား သခင်ကိုရင်း, နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ကို ဖြည့်ကျင့်တော် မူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကိုရင်း, အဂ္ဂသာဝက- မဟာသာဝက-ပကတိသာဝက အရှင် မြတ်တို့ကိုရင်း, ဆယ်လ သန္ဓေ ဆောင်နေမြဲဘိ မြတ်သော အမိကိုရင်း, လောကီ ကျေးဇူး အထူးတင်ပေ ဘူးသော ဖွေးသဖခင် ကိုရင်း, ကျောက်ထီးကဲ့သို့ အလေးပြုအပ်သော ဆရာမြဲဘ်ကိုရင်း အကျွန်ုပ်ရှိခိုးပြီး၍ ဤ "ပေါရာဏဒီပနီ" အမည် ယိုသော ကျမ်းကို အမျိုးကောင်းသား, အမျိုးကောင်း သမီးတို့၏ အကျိုးငှါ ရေးသားပြုပြင် စီရင်ပေအံ့။

ပဏာမပြီး၏။

H 443—1 [ဟံသာဝတီ]

# ၁-စကားအမျိုးမျိုး

## ၁-ရှေး၊ပေါရာဏစကားနှင့်ယခုခေါ်ဝေါ်ခြင်းစကားများ

### အ

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| အတီး | လွန်လေပြီးသော အတိတ်ကာလ။ |
| အကျိ | ခဲသည်၊ တွေသည်။ |
| အကြေ | အောက်။ |
| အညာ | အထက်။ |
| အရည်း | ရသေ့၊ရဟန်း။ |
| အသစ်စဲးစဲး | အသစ်စက်စက်။ |
| အလျှက် | အရောင်အပြား။ |
| အပ* | အတွင်းအပြင်ကင်းရှင်းနေသည်။ |
| အကုံသွန် | မချန်ပေးစွန့်သည်။ |
| အပတ်တကုတ် | အားထုတ်ခြင်း။ |
| အစွန့် | ဝေးသောခရီး။ |
| အဗွန့် | အများ။ |
| အလားအလား | ရှေးဖြစ်လတ္တံ့အကြောင်းကိုမြော်ရှုခြင်း။ |
| အမာ | အမာရွတ်, အနာရွတ်, အနရွတ်လည်း ခေါ်ကြကုန်၏။ |
| အမုံ | အငုံ။ [ပန်းဖူးငုံဆိုဘိသို့။] |
| အသည်ကြီး | သူဌေးသူကြွယ်,ကုန်သည်ကြီး။ |
| အသောင်း* | မမာ-အဆန်မယို။ |
| အသည်အလာ* | မင်းခစားမဟုတ်သူ။ |
| အလေးအလျှောင်း* | မတည့်တန့်နိုင်အောင် ဆင်းရဲးကြီးစွာ ငြိခံရသည်။ |
| အပုံစာပိ | အများ။ |
| အမျက်သည်းလွန် | အမျက်ဒေါသပြင်းထန်သည်။ |
| အကိုက် | အညှောက်။ |
| အစုတ် | အများ။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| အထည်း | အညစ်အကြေး။ |
| အကံင | သူယုတ်မာ။ |
| အဆောက်အဦ | နေထိုင်ရန်ဖြစ်သည်။ |
| အနက် | ဥစ္စာပစ္စည်း။ |
| အထွတ် | အမြတ်အဖျား။ |
| အခေါင် | အဝေး,အမြင့်။ |
| အဖြာဖြာ | အမျိုးမျိုး။ |
| အစထော်လော် | မပိ-မပြား,အစမသေ။ |
| အာမသာ | ရှုံ့ရှင်းကြမ်းထမ်းသည်။ |
| အဲးခိုး | အားထုတ်သည်။ |
| အဲးမောင်း | စစ်သည်တို့လက်နက်လှံတမျိုး။ |
| အားရမ်း | နှစ်သက်ရွှင်လန်းခြင်း။ |
| အင်ခြိုက်<br>အင်ပြည့်<br>အင်ရှိုး<br>အင်တက် | နှစ်သက်သည်။ |
| အတိုင်း* | တည်သည်, မှတ်မိသည်။ |
| အင်တိုင်း | အင်ပင်တော။ |
| အတိုင်းပက်* | မပျက်မစီး။ |
| အက်ကား | ရွှင်မောသည်။ |
| အန့်ထောင် | ကြိုးပမ်းသည်။ |
| အန့်ကိုး | အားကိုး,အားစိုက်ခြင်း။ |
| အန့်မရ | အထောက်အလှမ်းမမှီ။ |
| အမ်းချ | ကိုယ်တိုင်,ကိုယ်ကြပ် အားထုတ်သည်။ |
| အချာ* | ပြည်သူတို့၏ ဦးထိပ်ဖြစ်သူ။ |
| အုပ်တွေ | တစု,တအုပ်,တထွေ။ |
| အုပ်ကျက် | ဆူညံသည်။ |
| အုတ်အာ | ဝိုင်း၍အော်သည်။ |
| အုန်အောက် | ဆွေးမြည့်သည်။ |
| အောက်အူ | နံ့စော်သည်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| အောင့်အေး* | စိတ်ရှုပ်ထွေးနေခြင်း။ |
| အိုးတန် | ခိုင်သောအိုးကိုပင်ခေါ်သည်။ |
| အိမ်သူ | မယား။ |
| အဟုန်* | ပြင်းထန်ခြင်း။ |
| အောင်မျှို | ကြက်သရေမင်္ဂလာ။ |
| အဟန်* | တုံ့ယောင်ပြုသည်။ |
| အော်လဲးလဲး | အဖန်ဖန်အကြိမ်ကြိမ်။ |
| အော်လဲး* | စကားမပြောခြင်း။ |

## ဥ

| | |
|---|---|
| ဥကယ်* | မြတ်သောတံခါး။ |
| ဥဒဲး | တံခါး။ |
| ဥပါ | ဘီလူး။ |
| ဥဒါဟို | တစုတခဲမပျက်သွားလာခြင်း။ |
| ဥပြီး | ခုံတိုင်။ |
| ဦးလုံး | ဆံထုံး,ယောင်,သျှောင်။ |
| ဦးလေး | ငြီးငွေ့သည်။ |
| ဦးမထောင်း | ရန်သူမနိုင်။ |
| ဥသုံ | အလုံးစုံ။ |
| ဩ | အရှိအသေပြုခြင်း။ |

## က

| | |
|---|---|
| ကယုကယင် | လျောက်ပတ်တင့်တယ်ခြင်း။ |
| ကသယ်မှုန့် | ရေချိုးပြီးကာလ လိမ်းစရာ။ |
| ကရည့်ကသည်<br>ကသီကရိ | ရှုပ်ထွေးနေခြင်း။ |
| ကစား | မနှစ်သက်ခြင်း။ |
| ကလူ<br>ကလူကစာ | နှိပ်စက်ခြင်း။ |

| ရှေးပေါ်ရာဇာစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ကူဟာ | ကဝါသည်။ |
| ကဲးလတ် | လွှန်သည်။ |
| ကော်ရော် | အရိုအသေပူဇော်ကံတော့သည်။ |
| ကံကျွေး | အခ, စားရိက္ခာ။ |
| ကံမြစ် | ဆုံးမသည်။ |
| ကက်ာ | မျက်မှောက်။ |
| ကလျစ်ကလျု* | ကိုယ်တူစိတ်တူချစ်သည်။ |
| ကတ်လတ် | ကန့်လန့်။ |
| ကပ်လတ် | အမြဲး။ |
| ကစဥ့်ကလျား / ကစဥ့်ကယဲး / ကစဲး-ကယဲး * | တကွဲးတခြား,တကွဲးတပြား နေ့သည်။ |
| ကဠေဝရ* | င-ဆ,င-ဆွ,လူလေ,လူယောင်ကန်း။ |
| ကန်ပိုင် | ကန်ဘောင်ရိုး။ |
| ကန်ထောင် | တဖက်ဆည်ကန်။ |
| ကမ်းထောင်း | ကမ်းဘား။ |
| ကွမ်းထည့် | ဆရာမှန်းသည်။ |
| ကွမ်းကျပ် | ကွမ်းအစ်။ |
| ကွပ်တိုင်း | စောင့်စည်းသိမ်းအုပ်သည်။ |
| ကမ်းနုတ် | မြစ်ကမ်း။ |
| ကောက်ကစင်း | ခရီးလမ်းစဥ်။ |
| ကုတ်သဲး | မြေပတ်ကြားမယို။ |
| ကုတ်ကော် | နက်နဲ့းခဲးယဥ်းသည်။ |
| ကွန့် | မြူးထူးသည်။ |
| ကွန် | ပျံတက်သည်။ |
| ကွန်းထောက်* | ခေတ္တနားသောတဲးနန်း။ |
| ကွမ်းထောက်* | ခေတ္တနား၍ ကွမ်းတော်စားသောနေရာ။ |
| ကိုးကား | အတင့်အတယ်အသရေဆောင်သည်။ |
| ကိုင်ကန် | ရေတွက်မှတ်သားခြင်း။ |
| ကွန်းပြောက် | မင်းတို့စံနေသောနန်းအိမ်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ကွန်းခို* | မင်းတို့ညဥ့်စက်တော်ခေါ်သောတဲနန်း။ |
| ကိန်းခို | သစ္စာပြုသည်။ |
| ကိန်းဝပ် | နေသည်။ |
| ကိုင | ပြည့်စုံသည်။ |
| ကျု | ဓပါးကိုမြေနှိက်ဖျာပတ်ဝိုင်းထားခြင်း။ |
| ကျိ | စပါးကိုမြေမှအမြင့် အဆင့်နှင့်ထားခြင်း။ |
| ကက် | ခံတောင်းကြီး။ [စောက်မယိုအနားလံသည်။] |
| ကျိကျုး | ချွတ်ယွင်းသည်။ |
| ကျေးမက် | မြို့ရွာ။ |
| ကျောငွေ | ငွေကောင်း,ငွေစစ်။ |
| ကျော့ကျည်း | ပျင်းရိသည်။ |
| ကျက်လေ့ | အလေ့အကျက်။ |
| ကျင့်မှုနည်း | အမူ,အကျင့်,ပြုပုံ,မူပုံ။ |
| ကျင်လျင် | ကျွမ်းချင်ခြင်း။ |
| ကျိန်းဝပ် | နေတော်မူသည်။ |
| ကျိန်းခို | ကျိန်ဆဲသည်။ |
| ကျန်းတော* | ကျန်းမာသည်။ |
| ကျည်းရှင် | တံခါးအဖွင့်အပိတ်ရသည်။ |
| ကျည်းသေ | တံခါးအမြဲပိတ်ထားသည်။ |
| ကျည်းဖွပ် | ခဝါဖွပ်ပြီး။ |
| ကျီးကျည် | မရှုံဆိုသည်။ |
| ကျိုက်ကျိုက် | ဆူတက်သည်။ |
| ကျိုင်တံ* | အယွယ်နုသည်။ |
| ကျည်နဲ့းကျည်နူး | နွေးဖျဉ်းကြာတင်သည်။ |
| ကြွင်နန်း | အကြီးအမြတ်,နန်းတော်တိုင်။ |
| ကြေးသဲ* | ကြေးတွက်သောသဲမြေ။ |
| ကြေးမို | မှန်။ |
| ကြဲသေး | စစ်ဝတ်တန်ဆာ။ |
| ကြော့သွေး | အကြောင်းအရောင်ကိုဆိုသည်။ |
| ကြော့ကြည်း* | ပျင်းယိခြင်း။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ကြီထက် | ပညာညာဏ်။ |
| ကြီနက် | ဉစ္စာနှင့်တူသောပညာ။ |
| ကြီသိုင်း | မြော်မြင်သည်။ |
| ကြီတတ် | ပညာယို။ |
| ကြီစိတ်ပြား* | ပညာဖြင့် ကြီစည့်မြော်မြင်သည်။ |
| ကြီသီး | ညာဏ်အမြင်အမြော်။ |
| ကြွလဲး | ဝဲး။ |
| ကြိုးကျင်း | အားလုံးရှင်ပြုံးကြသည်။ |
| ကြောက်ညဉ် | ကြောက်သည်စိတ်။ |
| ကြွေ့ကြွေ့ | အများမြင်သည်။ |
| ကြက်သရေ | တင့်တယ်လျောက်ပတ်သောအရာ။ |
| ကြင်သူ | မယား။ |
| ကြင်ဆွေ | မယားလည်းဟူ၏၊ လင်လည်းဟူ၏။ |
| ကြည်း | ကုန်းမြေ။ |
| ကြည်းကြည်း | ရှန်းရှန်း ရှင်းရှင်း, စင်ကြယ်သည်။ |
| ကြန့် | အညွန့်မတိုးခြင်း။ |
| ကြိမ်း | ပင်ပန်း, နာကြင်,ကြောက်လန့်အောင် ပြုသည်။ |
| ကြပ်တိုင်း | စောင့်စည်းသိမ်းအုပ်သည်။ |
| ကြာခြည်* | ကြာခြင်ထောင်။ |

## ခ

| | |
|---|---|
| ခမည်း | အဘ,အဖေ။ |
| ခနောင်း | ဝဲး။ [မြစ်မှာယိုသောရေဝဲး။] |
| ခပင်း* / ခဝဲး* | အများ။ |
| ခပ်လွှဲး* | မျက်နှာလွှဲးနေသည်။ |
| ခဆီပတ်မြီ | အိမ်ယာပြစ်မှား၍ လျော်ဒဏ်ငွေ။ |
| ခရော်ခရွတ် | မညီမညွတ်သောမြေ။ |
| ခ-ယ | ရှိသေခြင်း။ |
| ခင်ခင်မွတ်မွတ် | ခင်ခင်မင်မင်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ခင်ပွန်း<br>ခင်မွန်း | မယားလည်းဟူ၏,လင်လည်းဟူ၏။ |
| ခေါင် * | ဝေးသည်,မာသည်,မြင့်သည်,မြတ်သည်။ |
| ခန်းဝါ | နေရာ။ |
| ခွန်းထောက် * | မင်္ဂလာခံယူသောသီချင်း။ |
| ခုံတမင် | အလျင်အမြန်။ |
| ခိုင်ဖြိုး | ပေါများခြင်း။ |
| ခိုက်ဆည်း<br>ခိုက်ဆဲး | ရန်ရှာသည်။ |
| ချိ | ခိုင်မာခြင်း။ |
| ချွိ | မြိမြိခြင်း။ |
| ချာချာ * | လည်ပတ်ခြင်း။ |
| ချူပ | ယိုယွင်းသည်။ |
| ချေ | မွှဲ။ |
| ချြေချောင်း * | အငြိမ့်တီးသော မိကျောင်းရုပ်။ |
| ချေချွတ် | ပြောဟောခြင်း။ |
| ချောသွေ့<br>ချောစား<br>ချောပစ် | ချစ်သောသူ ၂-ဦးကို မုန်းအောင် စပ်ကြားက ဂုန်းတိုက်သည်။ |
| ချောက်ချား * | တုန်လှုပ်စေသည်။ |
| ချက် | အလည်-အလယ်။ |
| ချက်သွန် | အလုံးစုံအကြွင်းမဲ့။ |
| ချက်ပိုင် | အလုံးစုံအချက်ပိုင်သည်။ |
| ချက်တွေ့ | အလုံးစုံတချက်တည်းတွေ့သည်။ |
| ချက်ရှိုင် | အလုံးစုံတချက်တည်းရှိုင်သည်။ |
| ချက်ကုံ | အလုံးစုံတချက်တည်းကုံသည်။ |
| ချက်ဖြုတ် | အလုံးစုံတချက်တည်း ဖြုတ်ကနဲးဖြစ်သည်။ |
| ချက်တိုင် | အလုံးစုံတချက်တည်းတိုင်ရောက်သည်။ |
| ခေါက်နစ် * | ပူဆွေးနွမ်းခွေသည်။ |
| ချက်ပြီး | အလုံးစုံတချက်တည်းပြီးသည်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ချစ်ဖက် | မယားလည်းဟူ၏,လင်လည်းဟူ၏။ |
| ချစ်မော | အချစ်ထူးသည်။ |
| ချိုင့်ဝှမ်း | နိမ့်သောမြေအရပ်။ |
| ချဉ်ပေါ် | ချဉ်ပူ။ |
| ခြခြ | ကွဲးအက်ခြင်း။ |
| ခြီးသောင်း | ချီးမွမ်းကြသည်။ |
| ချင်းချင်း<br>ခြင်းခြင်း | ရဲးရဲးနီသည်။ |
| ခြည် | အရောင်။ |

## ဂ

| | |
|---|---|
| ဂနိုင် | တော။ |
| ဂီဝါ | ရှေးအစဉ်ကိုမှတ်မိသည်။ |
| ဂုန်း-ကုန်း | ရန်တိုက်သည်။ |

## င

| | |
|---|---|
| ငေါ် | မကောင်းသောအနံ့။ |
| ငေါ်ငက် | မနာသာသောအသံ။ |
| ငွါးငွါး | အမြင့်,အမော်။ |
| ငက် | အသံမြွက်သည်။ |
| ငက်သည် | အာသာဆန္ဒအလိုယှိသည်။ |
| ငပ်ငါး | ဟင်းလင်းပွင့်သည်။ |
| ငမ်းငမ်း | အလွန်အမင်း,မဆီးမတားနိုင်။ |
| င-တည် င-ဝ | မထင်မယှား။ |
| ငီမ | ညီမ။ |
| ငီငွတ် | ညီညွတ်။ |

## စ

| | |
|---|---|
| စတေ | ကေန်စင်စစ်,ကောင်းသောဘုံဆောင်ခန်း။ |
| စသား | အစရှိသောအရာ။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| စကားဖ | စကားစကိုဖြောက်သည်။ |
| စရကုတ် | ရအွံ့သောလပ်ကိုသိသည်။ |
| စုလည်း | ဆံထုံး။ |
| စေလထွန်* | ခိုင်းစေသည်။ |
| စုလစ် | အမြတ်အဖျား။ |
| စုလျား | အပေါ်တင်ပုဆိုး။ |
| စူဖါ | စပ်စပ်ဖာဖာ။ |
| စူစား | စုံစမ်းရှာဖွေသည်။ |
| စီရင်ကျည် | ယွင်းယိုသည်။ |
| စွေမြွေ | စေ့စေ့မြွေမြွေ၊စေ့စေ့စပ်စပ်။ |
| စွေချဉ်း | အနီး။ |
| စွေကျဉ်း | အကျဉ်းရုံး။ |
| စွေ့ဆော် | နှိုးဆော်သည်။ |
| စေးပျစ် | တောချုံ။ |
| စဲးတန်း-စည်းတန်း | သောင်မြတ်၊သောင်စွန်း။ |
| စဲး | စပါးလေးတင်းဝင် အကွပ်မယှိ နှီးသားယက်သော ပုတ်ငယ်။ |
| စော* | မြတ်သည်၊မြတ်သောအရှင်။ |
| စောထီး | သူတပါးတို့မှီခိုရာမြတ်သောသူ။ |
| စောလျော | ဆင်ခြင်ထောက်ဆသည်။ |
| စောကြော | စစ်ဆေးသည်။ |
| စိန့် | စပါး။ |
| စားရေး | ထင်ယှားခြင်း။ |
| စက် | အိပ်သည်။ |
| စင်ရို့ | ရွက်စပ်။ |
| စင်းလျှင်း | အမြီးမကွာ။ |
| စင်းကော | ဆင်နားရွက်နှင့်တူသောဆန်ကော။ |
| စစ်စီး | နိုင်းရှဲ့၊နိုင်းယှဉ်၊နိုင်းရှည့်စရာမယှိ။ |
| စစ်တလေး | တမ်းခွန်။ |
| စစ်တလောက် | စစ်မောင်းတီးသည်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| စဉ်းသွား | မြှား-မြှားခေါ်သည်။ |
| စဉ်းချိန် | ချိန်ခွင်တမျိုး။ |
| စည့်စည့် | ထွန်းလင်းသောအရောင်။ |
| စည်းရိုးစည်းတန်း | ခြံစည်းရိုး,စည်းတန်း,အကာအရံ။ |
| စတ်စတ် | မုဏ္ဍအမှုန်။ |
| စန်း-စဉ်း | လ-ကိုဆိုသည်။ |
| စဉ်းမျဉ်း* | ဖြောင့်တန်းညီညွတ်သည်။ |
| စဉ်းလျဉ်း* | အမြဲးရှိသေစွာ။ |
| စစ်တမဲ့* | ဆင်နှီက်တင်သောအလံ။ |
| စွတ်စွတ်စက်စက်* | ရက်ဇက်ခြင်းပြုသည်။ |
| စည့် | မြေပေါ်တွင်နံဘေးပတ်လည်ကာ၍ စပါးထားသည်။ |
| စယ် | ပျောက်စဲးသည်။ |
| စိတ်ပြား | လိမ္မာသည်။ |
| စိတ်စေး-စိစွေး | နာလေ့တိုက်တွန်းသည်။ |
| စိတ်မျဉ်း | ထိတ်လန့်ခြင်း။ |
| စိန်းလိန်းထင်လင်း | မျက်မြင်အထင်အလင်း။ |
| စိုပြည် | ကြာမြင့်သည်။ |
| စိုင်းပြင်း | ထောက်ဆတွေးမြော်ခြင်း။ |
| စုံ | တော။ |

# ဆ

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ဆန | မလျော်,မလျောက်ပတ်။ |
| ဆဝ · ဆဲဝါး | အကြောင်းအရာမသိ။ |
| ဆီပေါ် | ဆီပူ။ |
| ဆူးဆူးရားရား | ဒေါသဖြစ်သည်။ |
| ဆောက်ပုတ်* | လက်သွားကိုင်သောလက်ရိုက်။ |
| ဆွေသည်း | လင်လည်းဟူ၍,မယားလည်းဟူ၍။ |
| ဆွေအိမ်ရှင် | မယား။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
| --- | --- |
| ဆွေမယ်နည်း | ချစ်သောမယား။ |
| ဆွေမောင် | လင်။ |
| ဆွေနည်း | ချစ်သောမယား, ချစ်သောလင်။ |
| ဆတ်မြား | ကြမ်းကြုတ်ခက်ထန်သည်။ |
| ဆတ်ဆတ် | အမှန်မုချ, စောင်းမာန်ကြွားသည်။ |
| ဆည်းကျုံကျုံ | လူသံငှက်သံမကြားရ, တိတ်ဆိတ်သည်။ |
| ဆန်ကန် | အာဏာကိုလှန်ဆန်သည်။ |
| ဆိတ်ညံ | တိတ်ဆိတ်သည်။ |
| ဆို | ဆီးကြိုသည်။ |
| ဆုန်းဆုန်း | စဥ်ထွက်သည်။ |
| ဆောင်ပါ<br>ဆောင်းပါး | လူကြုံပါးသောစာ။ |
| ဆူးဆူးရည်းရည်း* | စိတ်မာန်ပြင်းထန်သည်။ |

## ဈ

| | |
| --- | --- |
| ဇံနီး | မယား။ |
| ဇံသီး | မယားအိမ်ရှင်မ။ |

## ည

| | |
| --- | --- |
| ညီတမ်း | ဖျောက်နွဲ့စေး။ |
| ညီလင်း | တိမ်းစောင်းသည်, စောင်းထောင်သည်။ |
| ညဲး | မယား, မိမ္မ, မီမ, မေးမ။ |
| ညဲးစော | မိမ္မမြတ်။ |
| ညဲးမ | မိမ္မ, နှမ။ |
| ညဥ့်ငှက် | ခိုးသူ။ |
| ညည်း | မယား, မိမ္မ။ |
| ညွတ်တိမ်း | ကိုင်းညွတ်သည်။ |
| ညှိုးပြည်* | ရန်ငြိုး။ |
| ညွတ်ခ | ရှိသေသည်။ |
| ညဉ့်-ငြင် | စွဲးလမ်းပွဲလုပ်သောအရာ။ |
| ညှင်း | တျရိယာနှင့်ဆိုင်သောမှုတ်သည့်တန်ဆာ။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|

## တ

| | |
|---|---|
| တလည်လည် | အတူတူ။ |
| တရထည် | တူသောသဘောယှိသည်။ |
| တညြ်လဲးလဲး | အကြိမ်ကြိမ်အဖန်ဖန်။ |
| တမုန် | လှေသူကြီး။ |
| တပြိုပြည်းပြည်း | အဖန်တလဲးလဲးအမြဲးမကွာ။ |
| တမုတ် | ဖန်ခါးသီးနှင့်သံနှင့်စိမ်သောရေ။ |
| တပလာ | သစ်ငုတ်။ |
| တသူခန့် | မိမိအရပ်နှင့်ညီသည်,ပိုသည်အစောက်နက်သောရေချောက်ကမ်းဘား။ |
| တထွေ | အများ။ |
| တပြင်-တပြင်း | အိမ်၏အမိုးအကာပြင်ဘက်,ကြမ်းပြင်,ကြပြင်,ကျပြင်။ |
| တစွေစွေ | ထပ်ခါထပ်ခါ။ |
| တချောင်းချောင်း | အစဉ်မပြတ်တစုံတရာရအောင်ပြုလုပ်သည်။ |
| တသက်လျှာ | တခဏ,မျက်စိတမှိတ်,လျှပ်တလက်။ |
| တမွတ် | အမြတ်အဖျား။ |
| တသွန် | တယောက်တည်း,လျှင်လျှင်မြန်မြန်။ |
| တပြေး | အကြောင်းအရာတူသည်။ |
| တလည်* | အပါးအနီး။ |
| တစိ* | အမြဲးနေသည်။ |
| တနာ* | ဂုဏ်,တန်ခိုး။ |
| တဖျင့် | ခြားနားသည်,မညီမညွတ်လည်းဟူ၏။ |
| တရင်း-တြင်း | တဘောင်သံ။ |
| တလိုလဲးလဲး | ထပ်တလဲးလဲး။ |
| တကာ | အများ။ |
| တဖျင့်ကွက်<br>တဖျင့်ကွဲး<br>တဖျင့်ခတ်<br>တဖျင့်တပါး | မညီမညွတ်ခြားနားသည်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| တဖျင့်ရှား<br>တဖျင့်သုံး<br>တဖျင့်မား | မညီမညွတ်ခြားနားသည်။ |
| တစိုးတစိ | စိုးစဉ်းအနည်းငယ်။ |
| တစိုင်တခဲး | မနှသမပျောက်။ |
| တဖျင်သမ်း<br>တဖျင်ခတ်<br>တဖျင်ခွ | မညီမညွတ်ခြားနားသည်။ |
| တဖျင်း* | တဖန်ပြုခြင်း။ |
| တပဲး | တူမျှသည်။ |
| တသုန် | တစုတရုံး။ |
| တိလင်းကျည် | အကွယ်အကာမယှိ။ |
| တိကွက် | နေ့ဖြည်း,ဖင့်နွှဲးသည်။ |
| တီးတောင်း | အထောင့်အကွေး။ |
| တိုင်းတွ<br>တိုင်းတွာ | ဆင်ခြင်နိုင်သည်။ |
| တုကျွန်း | အတုမယှိ။ |
| တူးတည်း | မယိမ်းမဖည်, တို့တို့စားစား။ |
| တော် | အသျှင်သခင်။ |
| တော်လှန် | ကျွန်အဖြစ်မှလွတ်သည်။ |
| တွေးတော | ဆင်ခြင်နိုင်သည်။ |
| တံတွာ | သဘောဓမ္မတာ။ |
| တံဆာ* | နှိုင်းချိန်သောညာဏ်။ |
| တံဆေး | စေတမန်။ |
| တအုတ်တအား | လူအများဝမ်းနည်းခြင်း,အော်ဟစ်ခြင်း။ |
| တစိုးတစည်း<br>တစိုးတစိ | အနည်းငယ်။ |
| တံစို | လုလင်ပျို။ |
| တံတစ် | မယွင်းမဖည်။ |
| တံထစ် | ကိုးကွယ်ရာဖြစ်သည်။ |

| ရှေးပေါ်ရာဇာစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| တံပိုး | ရေဘိုးတက်သည်။ |
| တံရှောင်း | ရေပြင်။ |
| တံတင်း | ပစ္စည်းထားသောသေတ္တာ။ |
| တက် | အထက်သို့တက်သည်။ |
| တက်တူ | အိမ်မြှောင်။ |
| တက်လောင့်တက်လဲ | ဝမ်း၌တအုံနွေးနွေးယှိသည်။ |
| တင်ကျေး | တွန့်တွန့်ယှိသည်။ |
| တံလှပ် | လင်းလပ်ကိုရေထင်သည်။ |
| တန်သို | တိုင်ဖွား။ |
| တန်စီး | ရွှံစေး,ရေညွန်။ |
| တန်စမ်း | တောင်ကြားရေ,စမ်းရေ။ |
| တန်လ-တလ္လ | စက်ဆုပ်သည်။ |
| တန်သုတ် | တုတ်တဖြာ။ |
| တန်ဆောင် | ဘုရားကိုမီးပူဇော်ရန်ပြသဒ်။ |
| တင်းလင်း | တန်းလန်း။ |
| တည်းဖြဂ် | စာပေတိုက်ဆိုင်သည်။ |
| တည်းတွ | ကြာနေသည်။ |
| တောက်တပို / တောက်ပတ် | အလျှင်တဆော။ |
| တိုင်ထိ | ဆင်းရဲသည်,ဆိုးငြိုးသည်။ |
| တောင်ကိုင် | မြတ်သောအရပ်ဌာန။ |
| တောင်မှောင့် | တောင်အရပ်၊ |
| တောင်ဟုန်ကြည်း | အတောင်သံမြည်ခြင်း။ |
| တောင်မြစ် | တောင်မြောက်။ |
| တောင် | ကြည်းကြောင်း,ကုန်းကြောင်းခရီး။ |
| တောင်တဆတ် | စကားမပြေ,မပျစ်ယှိသည်။ |
| တောင့် | မြား-မြှားထည့်သောကျည်တောက်။ |
| တောင့်ပိုး* | ကျမ်းစာများကိုထည့်သောကျည်တောက်။ သို့မဟုတ် သေတ္တာ။ |
| တလောက် | စစ်ချီသည်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| တို ✓ | အကွပ်နှင့် ထမင်းလေးတင်းချက်ဝင်သော တောင်းကြီး။ |
| တိုက် ✓ | ဂုတနာ၁ဥစ္စာပစ္စည်းများထားသည်။ |
| တိုင်းကား ✓ | တိုင်းပြည်။ |
| တည့်မတ်စူးစူး | ဦးချို။ |
| တန္တ* ✓ | သာလွန်။ |
| တန္တု ✓ | ပုံပမာ။ |
| တန္တိ ✓ | အစဉ်။ |
| တပ်မြွေ့ | တပ်စွန်းချစ်ခင်သည်။ |
| တိုးတည်း | အနီးအပါး။ |
| တွင်းကျင်း | ဖောက်ထွင်းနိုင်သောပညာ။ |
| တိမ်း | ခုတ်ဖြတ်သည်။ |
| တစ် | ဆွတ်သည်။ |
| တစ်တစ် | မမေ့မပျောက်ရန်။ |
| တဲ့ | ထိခိုက်ကြသည်။ |
| တုံ့ | တန့်ရပ်သည်။ |
| တုံ့သေး | လှာသည်,ခေါ်သည်။ |
| တိုင်တည်း | မယိမ်းမဖည်။ |
| တိမ်းတိမ်းမပ်မပ် | ချစ်ချစ်ခင်ခင်ယှိသည်။ |

## ထ

| | |
|---|---|
| ထီးထောင်း | အထောင့်အကွေး။ |
| ထူး ✓ | ဆင်၏ခြေတွင်ချုပ်နှောင်ထားသောကြိယာ။ |
| ထူး-ထိုး ✓ | ချောင်းများတွင် ငါးတစုတဝေးနေရာဌာန။ ဂျေအိုင် |
| ထွေ | အထွေထွေအထူးထူး,အများ။ |
| ထွေသံ | ထွေတွေလာလာ။ |
| ထွေခေါ် | ကြီစည်သည်။ |
| ထဲနိုး | အတွင်းခံအဝတ်။ |
| ထောပေး ✓ | ထောပတ်မဖြစ်သေး။ |
| ထောမနာ ✓ | ချီးမွမ်းသည်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ထော်လော်* | ကြမ်းထမ်းစွာစူးရှသည်။ |
| ထံပိုး | လှိုင်းထံပိုး,တိုးတက်သည်။ |
| ထွားကျိုင်း | ကြီးမားသည်။ |
| ထက်တိုက် | ယခုတိုင်အောင်။ |
| ထက်ချည်း | ယိုယွင်းပျက်စီးသည်။ |
| ထာမ* | အစွမ်းပြသည်။ |
| ထွန်* | အပြစ်မလွန်မကျူး။ |
| ထို* | အလေ့အကျင့်,အလုပ်ဝါသနာ။ |
| ထက်တိုင် | ယခုတိုင်။ |
| ထွက်နပ် | လာရောက်သောဧည့်သည်ကိုဝတ်ပြုခြင်း။ |
| ထင်လင်း | မျက်မြင်ထင်လျှားသည်။ |
| ထင်းပန်း | တူနိုးသည်။ |
| ထစ်ထစ် | မျက်မြင်။ |
| ထစ်ကြူး | မလျောက်ပတ်။ |
| ထုတ်သန်း | ထုတ်ချင်းခပ်။ |
| ထိုးထောင်း | အကွေးအထောင့်။ |
| ထိုက် | ရိုက်ခတ်ခြင်း,ရှောင်ရန်ရှားရန် ကြမ်းမောင်းခြင်း။ |
| ထုံးတီး | လွန်ခဲ့သောအခါကဖြစ်ပျက်ပုံထုံးဟောင်း။ |
| ထိမ်မြူး | ထိမ်ဝှက်ခြင်း။ |
| ထပ်ဖို့* | များစွာသောချစ်ကြည်ခြင်း။ |
| ထပ်ရှည် | ထပ်တူ။ |

## ဒ

| | |
|---|---|
| ဒုဟ-ဒွိဟ | နှစ်တွေး,နှစ်ခွယှိသည်။ |
| ဒြမျှ* | အမှာအထား,တော်ပြီတန်ပြီ။ |
| ဒေါ်မား | အိုးကြီး။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| **ဓ** | |
| ဓဝယ်ညှင်း | အမိုးအုတ်ကြွပ်။ |
| ဓိနိုင်း-ဓိပ်မိုင်း | အကြီးအမြတ်။ |
| ဓလေ့ | ထုံးစံအလေ့အထ။ |
| ဓားဆောက်ကမ်း<br>ဓားဆောင်ကမ်း | ရန်သူဘက်က အမှုကုသူ။ [ဓားဆောင်ကား ဓားရိုးခေါ်သည်၊ သူခိုးဓားရိုးကမ်း ဟူ၍ ဇာတ်နိပါတ်စကားပုံ ယှိသည်။] |
| **န** | |
| နဝေနစည်း | နလုံးမသာယာ,နာကြည်းသည်။ |
| နရား | ကြောက်ကြိမ်း,ကြောက်ဘွယ်ဘနန်း။ |
| နမျုန်လ | နယုန်လ။ |
| နှုးလေဘနန်း | နှုးလုဘွယ်နန်း, နှုးလုဘနန်း, နှုးလုခမန်း, နှုးလုမတတ်-စသည်တို့ကို ဆိုသည်။ |
| နေဆန်း* | ကောင်းမွန်စွာနေသည်။ |
| နေအပ်-နေအစ် | နေပူခြင်း။ |
| နံကာလ | ဝါခေါင်လ။ |
| နိုင်ငံ* | ပြည့်ဝပြည့်စုံခြင်း။ |
| နေခလည့်* | ကောင်းစွာနေရာပေးခြင်း။ |
| နိုင်းဟော့* | နှိုင်းရှည့်ရာသည်။ |
| နားမစွင့်* | နားမထောင်။ |
| နားပါးမှုတ် | နားဝင်ဖြည်းညှင်းပြောဆိုသည်။ |
| နက်သတ် | နက္ခတ်။ |
| နက်တံ | အတိမ်အနက်။ |
| နှင်းပန်း | တူနိုးသည်။ |
| နှစ် | နောက်သို့ဆုတ်သည်,ပြန်လည်သည်။ |
| နစ်နည်း* | အကျိုးနှစ်ပါး။ |
| နစ်နော | အစက အဆုံးတိုင်နှိုင်းရှည့်သည်။ |
| နှစ်ထောင်း | အားရဝမ်းသာယှိသည်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| နှစ်ထောက်* | မကြားဘူး,မကြုံဘူး,မတွေ့ဘူး။ |
| နတ်နှယ်တပဲး<br>နတ်အောက်မနိမ့် | နတ်နှင့်အတူတူ။ |
| နိပ် | ကိုသည်,ခမ်းသည်,စဉ်ထွက်သည်။ |
| နှမ်း | ပြောက်ကျားသောအဆင်း။ |
| နှယ်နု | မဲးနယ်ရေ,မဲးနည်ရေ။ |
| နွယ်တာလ | ဝါဆိုလ။ |
| နောင်မယ် | အစ်ကိုနှင့်နှမ။ |
| နိုးနိုးနန့်နန့် | တုန့်လှုပ်သည်။ |
| နှောင်းစိုး | ကြာမြင့်သောနောင်အခါ။ |
| နွန်း | တိုးခြင်းသဘော,အဘိုးထားခြင်းသဘော,<br>ယှဉ်ပြိုင် ယှဉ်ပြခြင်းသဘော။ |
| နှမြော | စုံမက်မြတ်နိုးခြင်း။ |

## ပ

| | |
|---|---|
| ပလီပလာ | မဟုတ်မလျှား တီတီတာတာ လည်ဆယ်ပြော<br>သည်။ |
| ပလေလက်ချား | စကားပေါ့သွပ်။ |
| ပတူပယင် | ဖွဲ့ဖွဲ့နွဲ့.နွဲ့.။ |
| ပတုံပလဲ့ | အကိုအစင်အကြွင်းအကျန်မရှိ။ |
| ပစေပဦး။ | မရှိမသေ,မချေမငံ။ |
| ပရိုကျ်း-ပရိုင်း | အဆီးအတား,အကာအရံ။ |
| ပလာ | အကာအရံမရှိ။ |
| ပလုပ်ပလောင်း | ပါးဖောင်းအောင်စားသည်။ |
| ပလေးပလာ | မရေမငံ,အရည်မငံ,ပေါ့ပျက်သည်။ |
| ပစာ* | ထွေထွေရာရာ။ |
| ပလီဗောဓ* | ကြောင့်ကြခြင်း။ |
| ပိုင်တန်း* | သားသားနားနားယှိသည်။ |
| ပုရစ် | အဖူး,အညွန့်,ထွက်စ,ပျူစ။ |
| ပုလဲးတမူး | နှစ်သက်လေးမြတ်သည်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ပူအစ် | ပူလောင်။ |
| ပွဲး ✓ | အကြွင်းမရှိ။ |
| ပိတ်တကာသီး ✓ | သင်းဘောသီး။ [မည၀တီမြို့မှာခေါ်သည်]။ |
| ပဲးစား ✓ | ယောက်ကျားပျို။ |
| ပေါ်ယာယ်<br>ပေါ်ပည်း | အများ။ |
| ပညာယို ✓ | တတ်မြောက်လိမ္မာသောသူ။ |
| ပကတူး ✓ | ရှေးဦးရှေးဖျား။ |
| ပုပ်ပေါင်း ✓ | ချုံ။ |
| ပန်ထွာ ✓ | ရှိသေစွာတောင်းပန်သည်။ |
| ပေါင်းပည်း | ပေါင်းကုတ်။ |
| ပက်ပါ ✓ | ရင်ဆိုင်တူရူ။ |
| ပွက်ဟ * | မြွက်ဟ။ |
| ပတ်လျ | လုလင်ပျို။ |
| ပစ္စူ ✓ | ပုဆိုးဖြူ။ |
| ပွတ်တွန်း | အညီအညွတ်ချောသည်။ |
| ပိုလင်းကဲး | အပြည့်အလျှမ်း။ |
| ပွတ္တာခေါင်းရက် ✓ | အမိန့်စာချွန်တော်နှင့်ရာဇသံထည့်သော ကျည်တောက်။ [နို့ကိုအခေါင်းယက်၍ အပေါ်က ကတ္တီပါစွပ်၍မွှံးမံသည်။] |
| ပန်းလည် | ပန်းစက်,စက်လည်းဟူ၏။ |
| ပိတ်စပ် | ဂုဏ်သတင်းပြန့်နှံ့သည်။ |
| ပတ်လှို | ကျော်စောခြင်း။ |
| ပုတ် | အိမ်နှင့်တွဲးလျက်ထားသည်၊ အဆင့်ကြမ်း ပျဉ်ပေါ်မှာထားသည်၊ ဖင်မရှိဝါးကြော အစိပ်ကို အပိုင်းယက်၍နောက်ချေး နွား ချေးသုတ်၍စပါးထည့်သည်။ |
| ပုဏ္ဏန်း ✓ | နတ်ထိန်း,နတ်ဝင်,နတ်ကတော်။ |
| ပုံတောင်း,ပုန်းတောင်း ✓ | ဒေါက်အကန့်ယှိသောရထားဘီး,လှည်းဘီး, ရထားလှည်းဘီန်း။ |

| ရှေးပေါရာဏစကား | ယနေ့ခေါ်ဝေါ်ခြင်းစကား |
|---|---|
| ပွယ် | တောင်းပန်,ခယ,ပသပူဇော်သည်။ |
| ပွန် | ကျေပွန်,ကျေပြွန်,လိမ္မာသည်။ |
| ပွန်းတီး | တတ်သိလိမ္မာခြင်း။ |
| ဗိလူ* | ဗိတုန်း။ |
| ပုံသွေး | နှိုင်းယှဉ်ခြင်း။ |
| ပတ်ကိုး | အရပ်မျက်နှာ။ |
| ပျူပျူငှါငှါ | ယဉ်ကျေးဖွယ်ရာပြုသည်။ |
| ပျူငှါ | ချစ်ဘွယ်ပြုသည်။ |
| ပျိုး | နှစ်သက်စေတတ်သည်။ |
| ပျော်ပါး | ကစားခြင်း။ |
| ဗိတင်း<br>ပြတင်း<br>ပြူတင်း | လေဝင်လေထွက်အပေါက်။ |
| ပြွေ | ပလွေ။ |
| ပြတွဲး | စက်ရာခန်းဆောင်။ |
| ပြတို* | ထွေးခံ။ |
| ပြောဖြင် | အများ။ |
| ပြောဟုန်* | များပြားစွာခြိရှိသည်။ |
| ပြင်းဟုတ် | ထားပြ,ဓားပြ,ဒါးမြ။ |
| ပြတ်တု (= a rise) | မချွတ်,မလွဲး,မြဲးသည်။ |
| ပြည့်လင်း | အပြည့်အလျှမ်း။ |
| ပြောင် | ကြီးသည်, ငယ်သည်, သွေ့သည်, ခြောက်သည်, ညီသည်, ညွတ်သည်, မစွမ်းသည်, ထွန်းသည်, ပ-သည်, ပျက်သည်, ချော်သည် တို့ကိုဆိုသည်။ |
| ပြည့်လှိုင်း | ကြွယ်ဝပြည့်စုံသည်။ |
| ပြွင် | ဖွင်လျှော်သည်။ |
| ပြို့ | ပြည့်ဖြိုးသည်။ |
| ပြိုး-ပြယ် | ပြောင်သည်,လှောင်သည်။ |
| ပြိုးပြိုး | ပြောင်ပြောင်လက်လက်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ပြောဟုန်<br>ပြောထူ<br>ပြည်းဖြင် | အများ။ |
| ပြွန် | လှေလာသောအရာ။ |
| ပြွန့် | အညွန့်တိုးခြင်း,သတင်းပြန့်ခြင်း။ |

## ဖ

| | |
|---|---|
| ဖအဲး | ဖအေ,အဖေ,အဖ,အသျှင်လည်း ဟူ၏။ |
| ဖရည် | ယစ်မူးသည်။ |
| ဖားခုန်ဖားဆင်း | မညီမညွတ်,ချွတ်ယွင်းသည်။ |
| ဖက်လဲးတကင်း | စုံစုံမက်မက်ယှိသည်။ |
| ဖက်ထစ် | အမြဲမကွာ။ |
| ဖွေနှည် | စုံစမ်းခြင်း။ |
| ဖုတ်ကျွေည်း<br>ဖုတ်ကျေည်း<br>ဖုတ်ကျည်း<br>ဖုတ်ကြည့်<br>ဖုတ်ကြည်း | မီးဖြင့်တိုက်သည်,မီးဖြင့်သင်းဂြိုဟ်သည်။ |
| ဖို့ရှုံဖြင် | ကြောက်ရှုံခြင်း။ |
| ဖိုငရဲး | ငရဲးဘေးသင့်သည်။ |
| ဖုံးဖွက် | အိုးဖုံးစလောင်း။ |
| ဖျားရေ | ရေတက်သည်။ |
| ဖြဖြ | ညီညီညာညာ။ |
| ဖြိုးထပ် | အများ။ |
| ဖြိုးဖြိုး | များစွာသောအကျိုးစီးပွား။ |
| ဖြိုးထွေ | များသည်။ |
| ဖြူး | ပေးကမ်းဖြန့်ဖြူးသည်။ |
| ဖြား | တောကြီးမြိုင်ကြီး။ |
| ဖြောဖြော | များသည်။ |
| ဖြားယောင်း | သွေးဆောင်ခြင်း,ဖျော်ဖြေခြင်း။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ဖြိုးဖြိုး | ပြည့်စုံခြင်း။ |
| ဖြင့်ပေါ<br>ဖြင်ပြိုး | အများ။ |
| ဖြည့်ဖြား | ပေးကမ်း,ချီးမြှင့်,သွေးဆောင်သည်။ |
| ဖြင<br>ဖြင်ညီး<br>ဖြင်မျ | များသည်။ |
| ဖြည့်ဖြိုး | ထောက်ပင့်သည်။ |
| ဖြုတ်ခြည်း | ခဏချက်ခြင်း။ |
| ဖြင့်ပည်း | အများ။ |
| ဖြန်းတော | မြိမ်းချောက်သည်။ |
| ဗဟိုဠ် ✓ | အလယ်-အလည်။ |
| ဖြူတော | လင်မယား။ |
| ဘနန်း ✓ | နီးလုဘနန်း, နီးလုခမန်း, နီးလုဘွယ်နန်း, နီးလုလုခမန်း, ရောက်လု ဘနန်း, ရောက်လု ဘွယ်နန်း စသည်ဖြင့်ဆိုကြ၏။ |

## မ

| | |
|---|---|
| မဝယ်မလှယ် | မလှမ်းမကမ်း။ |
| မမိုမရွား | မဟောင်းမနွမ်း။ |
| မစံစမာ* | လူချမ်းသာသည်,အဖျင်းအခွံနှင့်တူသည်။ |
| မဆွ ✓ | ရှေးဦးရှေးဖျား။ |
| မကန် | အပြည့်အလျှမ်း။ |
| မတကာ | မတော်မသင့်။ |
| မသကာ | ထန်းလျက်,သကာ မဟုတ်သေး။ |
| မခိုင်မမဉ်း | အဆီးအတားမယှိ။ |
| မရဲး ✓ | ကြောက်ခြင်း။ |
| မယွန်း | မကောက်မကွေ့။ |
| မရှိ-မရှိ ✓ | မကြောက်ခြင်း။ |
| မဆူးမရား | မတော်မတည့်ပြောသည်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| မထောင်းတာ | ဓာတ်ချောက်ချားခြင်းမယို။ |
| မဆန်မယွက် | မချွတ်မယွင်း။ |
| မနှစ်မယှား | မလျောက်မပတ်။ |
| မစည်တရစ် | မဖွယ်မရာ။ |
| မဟာ* | မကြာချက်ခြင်း။ |
| မဟိ-မဟဲ့ | မယို။ |
| မသုန် | နောက်ကိုမဆုတ်။ |
| မခေါက်မရက် | နှစ်မြောစုံမက်ခြင်း,နှစ်သက်ခြင်း။ |
| မညောင်း | မကြာခင်။ |
| မလှုံ့မလှဲ့* | စကားပြန် မပြောခြင်း။ |
| မရှောက်မယှက် | မချွတ်မယွင်း။ |
| မမြှော် | မမြင်ခြင်း,မကြည့်ခြင်း။ |
| မချာ | အစဉ်မပြတ်။ |
| မငြိုးမငွေ့ | မပျင်းမရိ။ |
| မကော်ရော် | မရှိမသေပြုသည်။ |
| မတီးမရား | မအပ်မရာ။ |
| မိသုဇာ | မယား။ |
| မိညဲး | မယား,မိမိ,မယ်မယ်,နှမ။ |
| မညံ | အသံမစဲ,မပြတ်မစဲ။ |
| မီးကျိုး | မီးခဲ။ |
| မာယာ | လှည့်ပတ်ဖြားယောင်းသည်။ |
| မီးကီး | မီးခဲ။ |
| မီးမာ | မိမွ။ |
| မီးဖွား-မီးပွား<br>မီးနေ<br>မီးရှူး | သားသမီးမွေးဖွားသည်။ |
| မုနော | နှစ်သက်သည်,နှစ်ခြိုက်သည်။ |
| မုတိမ်း-တန္တ | ခိုးသူ,လုယက်သူ,ဒါးမြ,မကောင်းကျင့်သူ။ |
| မူးမူး | နိုးလုမတတ်။ |
| မွဲ | မယို။ |

ဦးအောင်သိန်း



| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| မေးမ | မိမ္မ။ |
| မိုးတား | အုတ်တံတိုင်း,အဆီးအတား,အကာအရံ ။ |
| မွေမွေ | ကျဉ်းမြောင်းသည်။ |
| မောသော | ခိုးသူ။ |
| မိန် | ငြိမ်သက်သည်။ |
| မိန်းမော * | ပူဆွေးတောင့်တသည်။ |
| မွန် | မြတ်သည်။ |
| မေးမြူ | မေးမြန်းသည်။ |
| မိုးနှောင်းသံတင် | ဘုန်းအာဏာနှင့်ပြည့်စုံသည်။ |
| မွမ်းဖျင် | များသီည်။ |
| မွန်ကြား | သတင်းကြေညာသည်။ |
| မသွေ့ * | ကိုယ်ချင်းမနီးမနှောရသေး။ |
| မလှောက် * | တဖန်ထပ်ခြင်း, ဖြည့်ခြင်း။ |
| မင်းဆိုး * | အထွတ်အမြတ်ဆိုးသောမင်း။ |
| မှန်ကင်း | မြင့်မြတ်သည်။ |
| မယ်န | သံချွန်, သံမှို။ |
| မန်ထုပ် | လျှို့ဝှက်သောနောက်ဆုံးစကား။ |
| မုတ်နား | မုတ်ဆိတ်မွေး။ |
| မုတ်သုန် | လေကြောင်း။ |
| မယ်နည်း | ချစ်သောမယား။ |
| မောင်နည်း | ချစ်သောလင်, ချစ်သောသား။ |
| မောင်နှံ | လင်မယား။ |
| မျက်ရည်ချ | မျက်ရည်ယိုသည်။ |
| မှုန်းစား | တိုက်တွန်းသည်။ |
| မျိုးသည်ရင်း | လင်ကိုရင်း, မယားကိုရင်း ခေါ်သည်။ |
| မျက်နှာမြင် | သားသမီးမွေးဖွားရ၍ သားသမီး မျက်နှာကို မြင်သည်။ |
| မျောက်မျည်း | ခဏအိပ်ပျော်သည်။ |
| မျက်မှောင် | လက်ပြန်ကြိုးချည်သည်။ |
| မယ် | မိမ္မ, မယား။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| မောင်မယ် | လင်နှင့်မယား။ |
| မြောက်မ | လင်ငယ်နေသောမိန္မ။ |
| မှောက်တော် | အသျှင်သခင်။ |
| များဖြင် | အများ။ |
| မျက်ရှင် ✓ | ပတ္တမြားကျောက်။ |
| မျက်ရှု * | မျက်စိမပြတ်ကြည့်သည်။ |
| များမြောင် | ပေါများသည်။ |
| မျက်မြော် | မျက်မြင်။ |
| မျက်ခတ် * | မျက်ဆောင်းထိုးသည်။ |
| မြီ ✓ | ကြွေးမြီ။ |
| မြစ်မှောင့် ✓ | မြောက်အရပ်။ |
| မျှဦး | ပြေ့ပျောင်းသည်။ |
| မျှဦး * ✓ | ဖြောင့်တန်းသည်။ |
| မြေခေါင် ✓ | ရပ်ဝေး။ |
| မှို | နှစ်,လ,ရက်။ |
| မြစ်ထာ ✓ | မပြုမလုပ်ရန်တားမြစ်သည်။ |
| မြုတေ | ပုလဲ။ |
| မြှုတာအိုး * ✓ | ပူဇော်သောရေအိုး။ |
| မြန်လူ * | သူစိမ်း။ |
| မျှဦးပျောင်း | ညှိုးငယ်စွာအိပ်နေသည်။ |
| မန်း | စင်းကော, စကော, ဆန်ကော။ |
| မြောက်မြီ | မကောင်းသောကြွေးမြီ။ |
| မြောက်မြေ | ဝတ်ကြေရုံ။ |
| မြစ်အောက် ✓ | မြောက်အရပ်။ |
| မော်ကွန်း ✓ | ထောင်လွှားပြန့်နှံ့အောင် ပြထားသည်။ |
| မတောက်တခေါက် * ✓ | မလေးမခန့်, ပေါ့ပေါ့တန်တန်,ပီးပီးခပျောက်ပျောက် ပြောဆို ပြုလုပ်သည်။ |
| မရေမရာ * ✓ | အတည်အတန့်မဟုတ်, ပေါ့ပျက်ပျက် ပြော၍ ဝါကြွားလိမ်လည်တတ်သောသူ။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|

## ယ

| | |
|---|---|
| ယခင့်-ယခင် | အလျှင်ရှေးကပြောဆိုဘူးသော။ |
| ယဂင် | ဆံထုံး။ |
| ယခေါင် | ရှည်မြင့်သောကာလ။ |
| ယရည်း | ဆင်ထိန်း။ |
| ယာယီဆွေး * | ရောင်းချ၍တွင်သောကုန်။ |
| ယာယီ | ခရီးသွားသည်။ |
| ယွင်း * | အတည်မဟုတ်။ |
| ယဉ်ပြောင် | မြစ်ငှယ်။ |
| ယွက် * | အမြိုးတည်သည်။ |
| ယဉ်ပါး | ကာမစပ်ယှက်ပေါင်းဘက်ခြင်း။ |
| ယွန်း | ကောက်ကွေ့သည်။ |
| ယမ်းပည်း | ရှိသေသည်။ |
| ယှေးယှေး* | ယှိယှိ,ပရိယာယ်မာယာ။ |
| ယူးယူး | ထိလုလု,ထိလုမတတ်,ထိလုဘနန်း။ |
| ယုံကြံ | ယုံကြည်။ |
| ယောက်ယား / ယောကျာ | ယောက်ကျား။ |
| ယဉ် | ဆင်ယာဉ်,မြင်းယာဉ်, ရထားယာဉ်, လှည်းယာဉ်, လှေယာဉ်။[စီးသောအရာစုကို ယာဉ်ခေါ်သည်၊ အပြုအမူ,အပြောအဆို စသည်ကို ယဉ်ကျေးသည် ခေါ်သည်။] |
| ယောက္ခမရင်ခြောက် | မြင်းခွာရှက်။[ဗိုတ်,ဓဝယ်မြို့မှာခေါ်သည်။] |

## ရ

| | |
|---|---|
| ရကင်း | အတီးအမှုတ်။ |
| ရကား | ပြည့်စုံခြင်းအရာ။ |
| ရဝေ | နန်းအိမ်။ |
| ရဂုံ | တော။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ရထည်း | ပိတ်ဖြူ။ |
| ရု | ရောနှောသည်။ |
| ရဲးတမ်းခွန် * | စစ်ရထားနှိုက်တင်သောအလံ။ |
| ရေပေါ် | ရေပူ။ |
| ရဲးလုံ * | စစ်လှေနှိုက်တင်သောအလံ။ |
| ရှုံး | ယှောင်ခွါခြင်း။ |
| ရှုံးခတ် | ချော့စေသည်။ |
| ရှေးရှေး | ရှိရှိ။ |
| ရှေးစိုး | ကြာမြင့်သောရှေးအခါ။ |
| ရိရှုား | ဆင်းရဲပင်ပန်းခြင်း။ |
| ရပ်တိုက် * | တိုင်းခန်းနယ်အတွင်း။ |
| ရွှေ့ရွှေ့ | တရွှေ့ရွှေ့,တရွှေ့ရွှေ့။ |
| ရက်ရက် | အလျင်အမြန်။ |
| ရိပ်ဝှဲး * | လည်ဆယ်သည်။ |
| ရှင် | စီရင်။ |
| ရင်ကျည် | စိတ်ညစ်နွမ်းသည်။ |
| ရည်ငံ | ခဲးရင့်သည်။ |
| ရည်မွန် | လေးမြတ်သည်။ |
| ရည်သွား | အရည်အချင်း။ |
| ရည်ချူ | လှမ်းဆွတ်သည်။ |
| ရဥ် | ပြတ်အောင်ဖြတ်သည်။ |
| ရန်လွှင့် | ရန်ကိုဖျောက်လွှင့်သည်။ |
| ရန်ငူး | |
| ရန်ကဲး | မင်း။ |
| ရန်ဘဲး | |
| ရှိမ်းပြည်း | အရှက်သာသည်။ |
| ရန်နင်း | |
| ရန်နည်း | မင်း။ |
| ရှမ့်က် | တပ်နှစ်သက်ခြင်း။ |
| ရွှေမှောက် | မင်း,အမြတ်လည်းဟူ၏။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ရွှေတောင် | ရွှေနန်း။ |
| ရှောင်းတခင် | အလျင်တဆော။ |
| ရွယ်လူး | လူကလေး,လူပျိုလည်းဟူ၏။ |
| ရိပ်မြို့ | နေရာ,အစုအဝေး။ |
| ရည်း* | ဆုလာဘ်ရသည်။ |
| ရှုစဉ်* | ကြည့်၍ကောင်းသည်။ |
| ရောင်ချက်* | ညီးညီးထိန်ထိန်တောက်ပြောင်သည်။ |
| ရှောက်ရှာ | မိုယ်းသီး,မိုယ်းပေါက်ပြင်းထန်သည်။ |
| ရိုးရင်း | အရိုးအရာ, အရိုး အရွက်-ပေါင်းဖော်ကြွသော အဆွေခင်ပွန်း။ |
| ရုပ်ရုပ်* | စားမျိုခြင်း။ |
| ယောင်း | သွေ့ခြောက်သည်။ |
| ရောင်းရင်း | ငယ်စဉ်ကပေါင်းဘက်လှာသူ။ |
| ရှိုးရှား | အကုံအစင်။ |
| ရုတ်ခြည်း | ရုတ်တရက်ခဏခြင်း။ |

## လ

| | |
|---|---|
| လှုဟာ | ကျယ်သည်,ကွင်းထီးထီး။ |
| လသော | အပြည့်တင်းကျမ်း။ |
| လမိုင်း | လယ်လုပ်သား။ |
| လှုလင် | ယောက်ကျားပျို။ |
| လှုလှု | ရုတ်တရက်, ပြုဆဲး, လုပ်ဆဲး, လာဆဲး, ရောက်ဆဲး။ |
| လူပြိန်း | ပညာမျက်စိမယို။ |
| လူသွမ်း | လူမိုက်။ |
| လေသောက်-လေသွန် | လေဝင်လေထွက်အပေါက်။ |
| လေးဖင် | ဠာနြွေစောင့်ခြင်း။ |
| လေးကို | ငြိမ်ဆိမ်သည်။ |
| လေးတွဲ့ | ဂုဏ်ယိုခြင်း,ဆင်ခြင်ခြင်း။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
| --- | --- |
| လှိုးလွှဲ | တိမ်းရှောင်သည်,ပရိယာယ်လုပ်သည်။ |
| လမြိတ် | ဆက်မိသည်။ |
| လှုံမစောက် | မဖောက်မပြန်။ |
| လံပါး | ဖျဉ်းအိုးကြီး။ |
| လံမား | ရေအိုး။ |
| လုလျောင်း * | ငယ်သည်။ |
| လက်မွန် | ရှေးဖျား။ |
| လက်တည်း | လက်ပူးလက်ကြပ်။ |
| လက်မယဉ် | လက်ရိုင်းသည်,ခိုးယူတတ်သည်။ |
| လက်ငံ | လက်ဆော့သည်။ |
| လှည့်တွန် * | မထေမဲ့,မယီမဲ့,မလေးမစားပြုသည်။ |
| လွေ့လွေ့ * | အားရနှစ်သက်မှတ်သားရန်,ပေးကမ်းခြင်း။ |
| လုပ်နှက် * | ရောင်းဝယ်ဖောက်ကားရာ၌ရသောဥစ္စာပစ္စည်း။ |
| လုပ်ခွန် * | လယ်ယာခြံမှထွက်သောအသီးအနှံ။ |
| လှင်ကန်တောင် | တုတ်တို။ |
| လျှင်ခုတ် | အမြန်။ |
| လင့်ကဲးတဖြာ | အရပ်ယှစ်မျက်နှာ။ |
| လင်းမှိုး | သားသမီးမယိုသူ။ |
| လင်းယဉ် | သဘော်,လှေရွက်တိုင်။ |
| လျကြည်း | ကိုယ်ဟန်သေးသွယ်သည်။ |
| လျာ | အလောင်းအလျာ,ယာထားခြင်း။ |
| လျစ်လျူ | ဂရုမပြု,ဖာသာနေသည်။ |
| လွှတ် | ပွဇော်,ပုဇွော်။ |
| လျပ်လျပ် | လျင်လျင်မြန်မြန်။ |
| လယ်နှက် | လယ်မှထွက်သောဥစ္စာ။ |
| လယ်တာ | လယ်ကွင်းကျယ်သည်။ |
| လောင်လင် | ကျွမ်းလောင်ခြင်း,ပြောင်းပြစ္စာယှိခြင်း။ |
| လှန်ကန် | အပြန်ပြန်,ဗီဆန်သည်။ |
| လျှင်ခု | မြန်မြန်။ |
| လင်မိတ် | အတိုင်အပင်ရသောအဖော်မိတ်ဆွေ။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| လုံးပိုးစနို * | ပိုးထိုးသောစပါးအဖျင်းအခွံ။ |
| လုံးသီးလုံးပေါ | ယူတမ်းစေ့ရုံ။ |
| လက်နက် ✓ | လက်တွင်းသွယ်သောဥစ္စာ။ |
| လမိုင်းထား* | မျိုးသန့်စွမ်းကြီးပွားအောင်ထားသည်။ |

## ဝ

| | |
|---|---|
| ဝဲ ✓ | တံခါး |
| ဝါသနာ ✓ | စွဲးလမ်းပြုမူခြင်းအရာ။ |
| ဝဲမကူး | အသီးအခြား, သူတပါးနှင့်မတူ။ |
| ဝှဲးခြီး ✓ | ချီးမြှောက်ကောင်းကြီးပေးသည်။ |
| ဝဲးလင်း | ဝဲးပျံသည်။ |
| ဝေါဟာရ ✓ | ယခုပြောဆိုကြသောစကား။ |
| ဝန်းလျား-ဝန်းပတ် | ဝန်းရံသည်, ခြံရံသည်။ |
| ဝှန်တက်-ဝှန်ဝါ ✓ | ပျံ့နှံ့ကျော်စောခြင်း |
| ဝန်းကျင် ✓ | အရပ်ယှစ်မျက်နှာ။ |
| ဝှမ်း | နိမ့်ရှိုင်းသောနေရာ။ (valley, vale) |
| ဝေးမြင့် * ✓ | လွန်လေသောအခါ, ဝေးသောခရီး။ |
| ဝေ့ ✓ | လယ်သည်။ |
| ဝေ့ ✓ | တိုးသည်။ |

## သ

| | |
|---|---|
| သမဲး | သားလုင်။ |
| သနိသနဲး | ခွဲးခြမ်းစိတ်ဖြာသည်။ |
| သရော် | အစေးအညော်။ |
| သရည်း | လွဲယောင်, ခွါယောင်သည်။ |
| သယောင်း ✓ | မသွေ့သည်, ခြောက်သည်။ |
| သနင်း- သစ်နင်း ✓ | ဘုရင်မင်း။ |
| သယော် ✓ | တိတ်တိတ်လင်ငယ်နေသောမိမ္မ။ |
| သရစ် ✓ | အညွန့်, အညောက်။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| သအောက်သအို | မှန်မှန်ဆန်ဆန်ပြုသည်။ |
| သမီးမောင်နှံ | လင်မယား။ |
| သလည့်သလွင် | ပေါင်းဘက်ရောနှောသည်။ |
| သဝန် | အမှာစာ။ |
| သဟောက် | ညီစ်ညမ်းသည်။ |
| သဟယ်-သဟဲ့ | အပေါင်းအဖော်။ |
| သလင်းရထည် | ပိတ်ဖြူ။ |
| သရော-သရောခိုင်း * | ဝေ်မွတ်သည်။ |
| သရိုင် | လှည်းနှိက်စပ်၌တင်သောရိုင်ပတ်။ |
| သမိုက်<br>သမုတ် | ထင်ယှားအောင်ပြုလုပ်ခေါ်ဝေါ်ခြင်း။ |
| သမိုင်း | အစဉ်ထင်ယှားအောင်စီကုံးသောစာ။ |
| သာလကာ | မပင်မပန်း။ |
| သိစား | သူတပါးအမူအရာကိုသိသည်။ |
| သူလှောင် | သူခိုးသူဓါက်။ |
| သူစိမ်း | ဆွေမျိုးမဟုတ်သူ။ |
| သူကျက် | ဆွေမျိုးတော်သူ။ |
| သူရမ်းပဲ့ | သူ၏အလေ့အကျင့်။ |
| သူနုပ် | သူယုတ်မာ, အကျင့်မကောင်းသူ။ |
| သွေးချို | အလိုယှိသည်ကိုတောင့်တသည်။ |
| သွေးသီ | ပြောဆိုခြင်း။ |
| သရဲ * | လွဲးနွှါသည်။ |
| သင်နိုင် * | သီးခြားပေးသည်။ |
| သောကား | ထောင်လွှားသည်။ |
| သံပဟုံးစုံး | မာန်တက်ကြီမ်းဝါးခြင်း။ |
| သံပိုင်း | အစဉ်ပြောပလောက်သော အကျဉ်းချုပ်စာ။ |
| သွားချွင်း | တမိတဖတည်းမွေးသူ။ |
| သံတူလ | သီတင်းကျွတ်လ။ |
| သံလျှောင် | သံကြိုး |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| သက်တင် | သက်ဟန်-သက်တန့်။ [ကောင်းကင်က ပေါ်သည်။] |
| သက် | အောက်သို့ဆင်းခြင်း။ |
| သက်လျာ | လင်လည်းဟူ၏, မယားလည်းဟူ၏။ |
| သက်ပန် | တသက်ပတ်လုံး။ |
| သင်ခမ်း | ရသေ့, ရဟန်းနေသောကျောင်း။ |
| သင်းချပ် | ညီညွတ်သည်။ |
| သင်းချော | စင်ကြယ်သည်။ |
| သစ်သစ် | မကြွင်းမကျန်။ |
| သွန်းရရွန်း* | ထက်မြက်နိုင်ခန့်သည်။ |
| သွန်းသွန်း | ဖြစ်ပွားထွန်းကားခြင်း၊ |
| သန္တေး | ယဉ်ကျေးပြူသည်,ဥခေါင်းဆေးသည်။ |
| သိုက်မြို့ | တိရစ္ဆာန်ငှက်တို့နေရာအရပ်။ |
| သိုက် | ငှက်တို့ ဥထားသော နေရာ, မြေကြီးအတွင်းနိုက် ရတနာဥစ္စာရွှေငွေယှိသောနေရာ။ |
| သျှောင် | ယောင်ထုံး,ဆံထုံး။ |
| သိမ်းပကား | သိမ်းဆည်းသည်၊ |
| သွေးစုန်း* | အသက် ၁၃-နှစ်ယွယ်မိမ္မ။ |
| သုတ်ကား | လျင်လျင်မြန်မြန်။ |
| သမ်းမို့ | အမျက်ထွက်ခြင်း။ |
| သစ်ဆင်း | တော်သလင်းလ။ |
| သေဥ်မြေ | ဘူမိနက်သန်မှန်သောမင်္ဂလာယှိသောမြေ။ |
| သွတ်လှယ် | မပြတ်မစဲ။ |
| သိမ်းပြည် | အရှက်ရသည်။ |
| သန်ကာ* | ဝါခေါင်လ။ |
| သုံးသေး | စေတမန်။ |
| သောင်း | အများ,အပြား။ |
| သံပျင်* | ကျေးရွာအများကိုအုပ်ချုပ်ရသောမြို့သူကြီး။ |
| သေတ္တ | အဆီအနှစ်။ |
| သန္ဒေး* | ဖလား။ |

H 443—5 [ဟံသာဝတီ]

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| သောင်းသောင်း | တသင်းတအုပ်ညံစီသွားလာသည်။ |
| သိမ်းမြန်း | ထိမ်းသိမ်းသည်။ |
| သည်းတွင်း | အသည်းနှလုံး။ |
| သည်းလျှာ<br>သည်းမျိုး<br>သည်းပင်<br>သည်းရန်<br>သည်းရင်း | လင်လည်းဟူ၏,မယားလည်းဟူ၏။ |
| သည်းကြား<br>သည်းချာ<br>သည်းဖျား | သားနှင့်သမီးကိုခေါ်သည်။ |
| သက်ယိုက်ရော* | ဘဝပြောင်းသည်။ |
| သုန်သုန်* | အစဉ်မပြတ်စီးဆင်းသည်။ |
| သစ်ခြောက်* | စပါးကြီးမြွေ။ |
| သည်းခေါင်<br>သည်းဦး<br>သည်းပွတ်<br>သည်းညှာ | သားနှင့်သမီးကိုခေါ်သည်။ |

# ဟ

| | |
|---|---|
| ဟောမာ<br>ဟောဝန် | တော။ |
| ဟောက်<br>ဟုတ်ကဲ့ | မှန်၏,မှန်ပါ၏။ |
| ဟိန်းခို | ရှိန်းခို |
| ဟိန်းခိုသီး | သင်းဘောသီး။[မြိတ်မြို့မှာခေါ်သည်။] |
| ဟုတ်လေးမတတ် | မခံ့မငြားပြုသည်။ |
| ဟုတ်စား | လုယက်သည်။ |
| ဟုပ် | ခေါးပြ,ထားပြ,ဒါးမြ။ |

| ရှေးပေါရာဏစကား | ယခုခေါ်ဝေါ်ခြင်းစကား |
|---|---|
| ဟိုတက် | တိရစ္ဆာန်အိမ်မြှောင်ကောင်။ |
| ဟာရတီး | ဆံင်းရဲပင်ပန်းမောသည်။ |
| ဟုတ်စလိလိ* | ဟုတ်မည်, ဟုတ်လိမ့်မည်, ဟုတ်လိမ့် နိုးနိုး ထင်ယောင်ထင်မှားခြင်း။ |
| ဟုတ်လေးတမတ်* | ဟုတ်မည်ထင်သည်။ |

**အမှာစကားချပ်။**

[''ကုဋ္ဌာကာရသာလာယံ၊ စုလစ်မွန်းချွန်''ဟု မြန်မာပြန်ဆိုချက်သဘောတူများကြသည်၊ ဇမ္ဗူဒီပဇေဟူ၍လေးကောင်း, နိသျည်း ဆရာတော်ဟူ၍ လေးကောင်း, ရွှေဥမင်ဆရာတော်ဟူ၍လေးကောင်း အမည်သုံးပါးဖြင့် ထင်လျှားကျော်ကြားတော်မူသောဆရာတော်ဘုရားကြီးက''ကူဋ္ဌာဂါရသာလာယံ၊ စုလစ်မွန်းခေါင်း''ဟူ၍ ရှေးပေါရာဏကထာအတိုင်း မြန်မာပြန်ဆိုတော်မူချက်ဟိလေသည်။

ထိုဆရာတော်ဘုရား ရေးသားစီရင်တော်မူသော နိသျဝိနည်း ၅-ကျမ်းပါဠိ,အဋ္ဌကထာနံ့ဟောင်းတို့နှိုက် ပေါရာဏကထာကို အရှငွာနအားလျော်စွာ ပါဠိအနက်ထုတ်ယူ၍ ဆင်ခြင်ရသော် မြန်မာစကား ပေါရာဏအရ နှိုက် အကောင်းဆုံးအချက်ဖြစ်သည်။

ပါရမီခန်း,ဆုတောင်းခန်း, ဘူရိဒတ်သက်ကြီး, ဘူရိဒတ်ဇာတ်ပေါင်း,ဇ-ခန်း, မဃဒေဝ်ဖိုစ်းခန်း,ငရဲခန်း,ဘုံခန်းစသည်တို့နှိုက် စကားလုံးထွေးအမှတ်အသားခက်လှသည်၊များစွာသတိ, ဉာဏ်ပညာသန့်ရှင်းနိုင်မှ ပေါရာဏကထာခွဲခြားနိုင်ပေမည်။

ဝိနည်း အဋ္ဌကထာပါဠိ ၅-ကျမ်းနိသျှမှာ နံ့ဟောင်း, နံ့ကျယ် ၂-မျိုးဟိသည်၊ နံ့ဟောင်းသာလျှင် ရွှေဥမင်ဆရာတော်မူရင်းအစစ်ဖြစ်သည်၊ နံ့ကျယ်မဟုတ်၊ အဋ္ဌကထာမှာ အကျဉ်း,အကျယ် ၂-မျိုးမဟိ၊ ရှေးလက်ရေးဟောင်းနှင့် စာကိုရမှ နေရာရောက်မည်၊ စာ၏အဆုံးနိဂုံးမှာ ''မဥ္ဇူသာမှန်း ဝိနည်းလက်ပန်းကျမ်းသည်။ နိဋ္ဌိတံ၊ပြီးပြီ''ဟူ၍ ပါဟိသည်။

လက်ပန်းဟူသည်ကား တပည့်တို့ကို အရေးမခိုင်း၊မိမိကိုယ်တိုင် ကညစ်ကိုင်၍ ပေပေါ်တွင် ဝိနည်း ၅-ကျမ်း အဋ္ဌကထာ ကုန်အောင် နိသျှရေးသားနိုင်သောကြောင့်တည်း၊ ပခန်းကြီးမြို့ ရွှေဥမင်ဆရာတော်ဖြစ်သတည်း၊ (သာလွန်မင်းတရားကြီး လက်ထက်တော်။)]

## ၂-ပေါရာဏနှင့်စပ်ဆိုသောပျို့လင်္ကာများ

**အတီး**—အတီတ သဒ္ဒါကို ဆရာကြီးတို့ အတီးဟူ၍လည်းကောင်း, အတိတ်ဟူ၍လည်းကောင်း ဆိုတော်မူကြသည်၊ ဆရာအချို့ လင်္ကာစပ်ဆိုသည်မှာ ပါရမီခန်း၌ "တမျည်းမှိုးမှိုး၊အတီးနိမိတ်"ဟု စပ်သည်၊ အတီးဟူက နိမိတ်မှတ်မှားလေသည်၊ နိမိတ်မဟုတ်ကြောင်းကို ဟတ္ထိပါလတွင်"ဉာဏ်ဝါသိမီး၊ ညှိထွန်းပြီးသော်။ ။အတီးဇာတက၊ ပေါင်းလထတည်း"ဟု စပ်ဆိုတော်မူသည်ကို ထောက်ထားဆင်ခြင်၍ယူရမည်။

**အကံင**—ဟူသည်ကား သူယုတ်မာဆိုလိုသည်၊ပါရမီခန်းတွင်"မရှောင်သီးကြ၊အကံငတို့၊ ဤမျှရန်ပွား၊အပြစ်များကို"ဟု စပ်ဆိုတော်မူသည်။

**အကိုက်**—ဟူသည်ကား အညွှာက်ပေါက်သည်ဟု ဆိုလိုသည်၊ ပါရမီခန်းတွင် "လူမွန်ရသေ့၊ထွားသည့်နေ့နိုက်၊ အကိုက်အညွှာက်၊မြေကပေါက်သည်"ဟုစပ်ဆိုလေသည်။

**အစုတ်**—ဟူသည်ကား အများကိုဆိုလိုသည်၊ ဘူရိဒတ်ဇာတ်ပေါင်းတွင် "ပင်လယ်သမုဒ်၊ ရေအစုတ်တို့၊ သောက်ထုတ်မကောင်း"ဟု စပ်ဆိုသည်။

**အထည်း**—ဟူသည်ကား အညစ်အကြေး, မသန့်မသက် ဟူလိုသည်၊ ဆုတောင်းခန်းတွင်"ညစ်ကြေးအထည်း၊ရှိရှိသည်းလျက်"ဟူ၍၎င်း။ ။ပါရမီခန်းတွင် "မအပ်ကျိုးနည်း၊ရှုအထည်းကို၊ သုတ်လှည်းလျှော်ဖွ"ဟူ၍၎င်း စပ်ဆိုသည်။

**အဆောက်အဦး**-ဟူသည်ကား အရုံအကာ, သုံးရန် ဆောင်ရန် ဟူလိုသည်၊ ပါရမီခန်းတွင်"မြမ်းအလျှာဖြင့်၊ ရံကာဆောက်ဦး၊ ထောက်ပံ့ကူသည်၊ တချူသဖွယ်။ ။ရှာဒိုးဆောက်ဦး၊ အဖြူအနို"ဟု စပ်ဆိုသည်။

**အသစ်စဲ့၊စဲး**—ဟူသည်ကား အသစ်စက်စက် ဟူလိုသည်၊ ဆုတောင်းခန်းတွင် "တဖန်မညစ်၊ အသစ်စဲးစဲး၊ ဤဝတ်လဲးကို" ဟူ၍၎င်း။ ။ဘူရိဒတ်ဇာတ်ပေါင်းတွင် "ပုဆိုးရွှေဖြစ်၊ မွေရာဇ်ဖြင့်၊ အသစ်စဲးစဲး၊ ရှားမီးခဲးသို့" ဟူ၍၎င်း စပ်ဆိုလေသည်။

**အလျှက်**-ကား အရောင်အပြားဟူလိုသည်၊ ဘူရိဒတ်ဇာတ်ပေါင်းတွင် "အရောင်ချက်ချက်၊ ဒေါင်းသလက်ကို၊ ရွှေလျှက်ဟူသည်၊ အမှတ်တည်လျက်"ဟူ၍ စပ်ဆိုသည်။

**အဲးနိုး**-ကား အားထုတ်သည် ဟူလို၊ ဘုံခန်းတွင် "အသူသည်းမျိုး၊ အသူကြိုး၍၊ အဲးနိုးသန်လျက်၊ ကြီဒေါက်ရက်လျှင်"ဟူ၍ စပ်ဆိုသည်။

**အရည်း**-ကား ရသေ့,ရဟန်း ဟူလို၊ ကိုးခန်းတွင် "သူတော်နည်းဖြင့်၊ အရည်းပီလှ၊ ဖြည့်ဘူးခွဟု" ဟူ၍၎င်း။ ။ဘူရိဒတ်လင်္ကာ-ကြီးတွင် "ကိုယ်ယီး ချေည်း၊ တယောက်ထည်းဖြင့်၊ အရည်းဘိက္ခု၊ ရဟန်းပြု၍" ဟူ၍၎င်း စပ်ဆို လေသည်။

**အကျိ**-ကား ခဲးသည်,တွေသည်,သိုဝှက်သိမ်းထားသည် ဟူလို၊ ဆုတောင်း ခန်းတွင် "နဖားသွယ်၍၊ တောင်ငယ်ရှိရှိ၊ အကျိအပျဉ်၊ အကျဉ်အခဲး" ဟူ၍၎င်း။ ။ဝေဿန္တရာပျို့တွင် "အဘိုးနက်ကိ၊ တိုင်းမသိသား၊ အကျိ ပြောထူ၊ ဤအလှူဖြင့်" ဟူ၍၎င်း စပ်ဆိုလေသည်။

**အကြေ-အညာ**-ကား အကြေ ဟူသည်-အောက်,အညာဟူသည်-အထက် ဟူလို၊ ဆုတောင်းခန်းတွင် "ဣတိပိသော၊ သွက္ခာတောက၊ စသည်ချီဟုန်၊ ကျေးဇူးဂုဏ်ဖြင့်၊ကြေစုန်-ညာဆန်၊ပြည်တိုင်းထွန်၍" ဟူ၍၎င်း။ ။သျှင်ရဋ္ဌ သာရဆို ရတုတွင် "ညာကြေပေါ်၍၊ ဌာနေတော်၍၊ စားပပျော်၍" ဟူ၍၎င်း စပ်ဆိုသည်။

**ဦးလေး**-ကား ငြိုးငွေ့သည် ဟူလို၊ ဟတ္ထိပါလတွင် "သာသာဦးလေး၊ မငြိုးသေးခဲ့၊ချစ်ရေး ဤသို့" ဟူ၍၎င်း။ ။ဆုတောင်းခန်းတွင် "ဦးလေးငြီးမျှ၊ မြေကြီးအားသာ၊ စီးပွါးရှာသည်" ဟူ၍၎င်း စပ်ဆိုသည်။

**ဦးမထောင်း**-ကား ရန်သူမနိုင် ဟူလို၊ ဆုတောင်းခန်းတွင် "ရင်တား ကျုံးမြောင်း၊ ဦးမထောင်းတည့်၊ ရပ်ကောင်းခိုင်ကျည်" ဟု စပ်ဆိုသည်။

**အာမသာ**-ကား ရှုံ့ရင်းကြမ်းထမ်းသော စကား ဟူလို၊ ဟတ္ထိပါလတွင် "စကားကြမ်းစွာ၊ အာမသာမျှ၊ ရုံရါမရှိ၊ သားများမိကား" ဟု စပ်ဆိုသည်။

**အော်လဲးလဲး**-ကား အဖန်ဖန်အကြိမ်ကြိမ်များစွာဖြစ်သည် ဟူလို၊ ပါရမီ ခန်းတွင် "အော်လဲးလဲးတိ၊ပျက်ဆဲပထမ" ဟူ၍၎င်း။ ။ဆုတောင်းခန်းတွင် "တအော်လဲးလဲး၊ သံသာဝဲးနိုက်၊ မစဲမငြိမ်း၊ တိမ်းအုံ့မရှိ" ဟူ၍၎င်း စပ် ဆိုသည်။

**ဥဿုံ**-ကား အလုံးစုံ ဟူလို၊ ပါရမီခန်းတွင် "ထွေပြားဥဿုံ၊ ဆင်းရဲးပုံကို၊ ရေတိုငြားမူ။ ။ပဿထတုံ၊ ရှုပါကုံလေ့၊ ဥဿုံမညို" ဟု စပ်ဆိုသည်၊ ယခု အခါ ဥဿုံလူသည်, စကားဥဿုံပြောသည် ဟူ၍ သုံးစွဲကြ၏။

**အမ်းချ** ကား ကိုယ်တိုင်ကိုယ်ကျပ် အားထုတ်သည် ဟူလို၊ ပါရမီခန်းတွင် "လက်နက်ထမ်းလျက်၊ ကိုယ်အမ်းချချ၊ နတ်မာဃမှ" ဟု စပ်ဆိုသည်။

**ဥဖြိ**-ကား ခုံတိုင်ဟူလို၊ ပါရမီခန်းတွင် "ထက်ဝါဥဖြို၊ ခုံတိုင်တုံကား" ဟု စပ်ဆိုသည်။

**အိုးတန်**-ကား အိုးကိုပင် အိုးတန် ဟူလို၊ ပါရမီခန်းတွင် "ကြိမ်ခက်ဖောင်းကန်၊ ဖျဉ်းအိုးတန်ကို၊ ပြောင်းပြန်ဦးစောက်၊ သွန်ဘိမှောက်သို့"။ ။ သုဝဏ္ဏသျှံသဒ္ဒေးခန်းတွင် "စေတနာထက်သန်၊ ဝတ်အမှန်ဖြင့်၊ အိုးတန်ငါးဆယ်၊ အိမ်ရွှေဝယ်နှိုက်"ဟု စပ်ဆိုသည်၊ ဆရာတို့လည်း "ထမင်းတအိုးတန်နှင့် ဘီလူးစားပေးရမည်" ဟူ၍ ဆိုစကုန်၏၊ သူဟောင်းတို့လည်း "တယောင်းမတန်ကြောင့် တအိုးတန်ပျက်သည်"ဟု ဆိုလေ့ပြုကုန်၏။

**အန်မရ**-ကား အထောက်အလှမ်းမမှီ ဟူလို၊ ဆုတောင်းခန်းတွင် "ကြမ်းစွန်းသွားသော်၊ ဘဝါးထောက်ချ၊ အန်မရ၍၊ စဉ်ကျထုတ်ထွေး၊ အနာပေး၏"ဟူ၍ စပ်ဆိုသည်၊ အန်မကျ ဟူ၍လည်း ဝေါဟာရယှိသည်။

**အုန်အောက်**-ကား မသွေ့မမြန်း, ဆွေးမြွေသည် ဟူလို၊ ဟတ္ထိပါလတွင် "သီလပဋ္ဌာန်၊ မိုယ်းရွာဟုန်ဖြင့်၊ မအုန်မအောက်၊ သွေ့ခြောက်လန်းမာ၊ သဒ္ဒါမျိုးစေ့"။ မာသောကောင်းသော အောင်မြင်သော မျိုးစေ့နှင့် တူရမည်ဟူလိုသည်။ ပါရမီခန်းတွင် "အိုရွှမ်းသေပျောက်၊ ဤမျှလောက်သား၊ အုန်အောက်ခန္ဓာ၊ သတ္တဝါကို" ဟု စပ်ဆိုသည်၊ ပုပ်သိုးညှိနံသော အဘိုးမတန်သော ခန္ဓာကိုယ် ဟူလို။

**ဥတဲး-ဝတဲး**-ကား တံခါး ဟူလို၊ ပါရမီခန်းတွင် "နိဗ္ဗာန်ဥတဲး၊ ဝင်လေမြဲးသား၊ မလွဲးဖြစ်စာမ်း"။ ။နေမိဘုံခန်းတွင် "ဝင်တော်မူမြဲး၊ သဘင်ပွဲးတည်၊ဥတဲးဖွင့်ထား၊ရွှေတံခါးဖြင့်၊ လွှားလွှားမင်းမြို့၊ဝင်တော်မူလော"။ ။ ငယ်သူနှလုံး၊ မရှုံးနိုင်ပဲ၊ ဝတဲးကျည်ချောင်၊ ကိုရှောင်ကျူးဝင်" ဟု စပ်ဆိုသည်၊ ဝတဲးကျည်ချောင်ကား ဥတဲးပင်ဖြစ်သည်၊ ဥ-ကို ဝ-ပြု၍ ဝတဲးယှိလေသည်။

**ဩ**-ကား အရှိအသေပြုသည် ဟူလို၊ ပါရမီခန်းတွင် "ဘုရားဩရှင်၊ သခင်သက်ရှည်၊ အလှူသည်ဟု"။ ။ဘူရိဒတ်ဇာတ်ပေါင်းတွင် "ငါတို့သဘော၊ လူနှင့်နှော၍၊ မရောမယှဉ်၊ ဩအဉ်မလိုက်" ဟူ၍ စပ်ဆိုသည်။

**အန်ထောင်**-ကား ကြိုးပမ်းလုံ့လ, ကြိုးစားကြိုးပသည် ဟူလို၊ ပေါ်ရာဇာကထာလင်္ကာသစ်တွင် "တန္တဘေးဒဏ်၊ အန်ထောင်မာန၊ကြိုးပသံပေး"။ ။ ဂမ္ဘီသာရတွင် "ကြီလာငြားလည်း၊ ကြိုးစားအန်ထောင်၊ မဖြစ်အောင်လျှင်" ဟူ၍ စပ်ဆိုသည်။

**ဥပါ**-ကား ဘီလူး ဟူလိုသည်၊ ပါရမီခန်းတွင် "ဥပါခက်ဟု၊ ရမ္မက်မကြွင်း၊ ဆယ့်နှစ်သင်းသား၊ အပြင်းဖမ်းကြွး၊ တောဘီလူးကို" ဟု စပ်ဆိုသည်။

**ဥဒါဟို**-ကား တစုတခဲမပျက် ဟူလို၊ ဆုတောင်းခန်းတွင် "ကျတိုအဋ္ဌမ်း၊ စမ်းနှယ်လယို၊ ဥဒါဟို" ဟု စပ်ဆိုသည်။

**အောင်မျို့**-ကား မင်္ဂလာ ဟူလို၊ ပဒေသရာဇာဆို ဆွေတော်စဉ်လင်္ကာတွင် "မင်္ဂလာအောင်မျို၊ ညောင်ရမ်းမြို့ကို၊ ရွှေသို့ညာဏ်တော်" ဟု စပ်ဆိုသည်။

**ကိုင်ကန်**-ကား ရေတွက်မှတ်သားသည် ဟူလို၊ ဆုတောင်း ခန်းတွင် "မဟာကထန်၊ သချ်ေလွန်၍၊ ကိုင်ကန်ရေတွက်၊ ဂဏန်းဆက်သည်" ဟု စပ်ဆိုသည်။

**ကက်ဘ**-ကား မျက်မှောက် ဟူလို၊ ဟတ္ထိပါလတွင် "မျက်မှောက်ကက်ဘ၊ ယခုခါနိုက်"ဟု စပ်ဆိုသည်။

**ကောက်ကစင်း**-ကား "ခရီးလမ်းစဉ်တလျှောက် ဟူလို၊ ဆုတောင်းခန်းတွင် "ခရီးထုတ်ချင်း၊ ကောက်ကစင်းဖြင့်" ဟုစပ်ဆိုသည်၊ ယခုသရော်ကား ကောက်ကောက်စင်းစင်းဟု ပြောဆိုကြ၏။

**ကုတ်သဲ**-ကား မြေပတ်ကြား မျှမရှိစေရ- ညီညွတ်ဖို့ညှိသည်ဟူလို၊ ဆုတောင်းခန်းတွင် "ရေလက်ဖြန်းကြဲ၊ ဆွတ်ကုတ်သဲလျက်၊ သလဲးဖြူနို။ ။တသီးတခါ၊ စုဖာကုတ်သဲး၊ အော်လဲးပင်ပန်း၊ မြင်ရလွန်းခဲ့" ဟူ၍စပ်ဆိုသည်၊

**ကော်ရော်**-ကား အရှိအသေပူဇော်ကန်တော့သည်ဟူလို၊ ဘူရိဒတ်ဇာတ်ပေါင်းနိဂုမ်းတွင် "အိပ်လည်းရှိခိုး၊ နိုးလည်းကော်ရော်၊ ငါပူဇော်၏" ဟု စပ်ဆိုသည်။

**ကံမြစ်**-ကား ဆုံးမသည် ဟူလို၊ ပါရမီခန်းတွင် "မရဲးချစ်နှစ်၊ ကျော်စောသစ်တွင်၊ ကံမြစ်ကိုယ်ကို၊စည်းစိမ်ထိုနိုက်"။ ။သုဝဏ္ဏသျှံ သူဌေးခန်းတွင် "တဏှာမြူနစ်၊ ရမ္မက်ညစ်ကို၊ ကံမြစ်ဆို့ပိတ်၊ သူတော်စိတ်ဖြင့်" ဟု စပ်ဆိုသည်။

**ကယုကယင်**-ကား လျှောက်ပတ်တင့်တယ်သည် ဟူလို၊ ပါရမီခန်းတွင် "ရဲးရဲးတောက်လု၊ သောက်ရောင်စုဖြင့်၊ ကယုကယင်" ဟု စပ်ဆိုသည်။

**ကိုးကား**-ကား အတင့်အတယ်, အသရေကိုဆောင်သည် ဟူလို၊ ဘူရိဒတ်ဇာတ်ပေါင်းတွင် "ထူးတူးခြားခြား၊ ကိုးကိုးကားသား၊ ယောက်ျားပီပီ"။ ။

ဘုံခန်းတွင် "ဟန်သည်ကိုးကား၊ ကြော့မော့သွားလျက်"။ ။ရွှေဟင်းသာပျို့တွင် "ဟန်ဆောင်ကိုးကား၊ နှုတ်ဖျားချိုမော်။ ။မူဆိုးယောက်ကျား၊ ဟန်ကိုးကားနှင့်။ ။မူဆိုးသားလည်း၊ ကိုးကားကိုးကား၊ အားပါးရစွာ"ဟု စပ်ဆိုသည်၊ ဝိသဇ္ဇနီထိုးနှင့် ကိုးကားဟူ၍ ဖတ်ရွတ်ရမည်။

**ကန့်ဒိုင်**-ကား ကန့်ဘောင်ကန့်ရိုးဟူလို၊ ရွှေဟင်းသာပျို့တွင် "ကန့်သင်းကန့်ပိုင်၊ ကြို့ခိုင်ဆည်းဖား"။ ။စစ်ကိုင်းမြို့ ရတနာဗိမာန်ကျောက်စာတွင် "လက်ဆည်ကန်ယယ် ကန်ပိုင်တန်မ စွန်လွန်ရောက်အောင်တိုင်တိုင်"ဟု သျှင်သီလဝံသဆိုတော်မူသည်၊ ယခုသရော်မူ ကန်ဘောင်ကန်ရိုးဟုခေါ်ဆိုကြ၏။

**ကုတ်ကော်**-ကား နက်နဲ့ခဲယဉ်းသည် ဟူလို၊ဘူရိဒတ် ဇာတ်ပေါင်းတွင် "ထဲနက်ကုတ်ကော်၊ခဲယဉ်းသော်လည်း၊နီဂျော်ချင်ဘွယ်။ ။ပါဠိခလုတ်ဖြင့်၊ ကုတ်ကုတ် ကော်ကော်၊ ဖတ်သော်ခဲအောင်"။ ။ဘူရိဒတ် လင်္ကာကြီးတွင် "မကြာငင်ထုတ်၊ ချည်စနုတ်သို့၊ မကုတ်မကော်၊ ပညာတော်ဖြင့်၊ ရည်ရော်ဆုံးဆ၊ သိတတ်လှ၍" ဟုစပ်ဆိုသည်၊ မကုတ်မကော်ဟူရာနက် မခဲမယဉ်းဆိုလိုသည်။

**ကွန့်**-ကား မြောက်သည်၊ မြင့်သည်၊ပျံတက်သည် ဟူလို၊ ဘူရိဒတ် လင်္ကာကြီးတွင် "ခွန်အားပြင်းထန်၊ မြားသို့ကွန့်လျက်၊ တိရစ္ဆာန်ကျေးငှက်"။ ။ဘူရိဒတ်ဇာတ်ပေါင်းတွင် "ဥတုသမုဋ္ဌာန်၊ စကြာမွှန်လျှင်၊ ပျံကွန့်စွတ်စွတ်"ဟု စပ်ဆိုသည်။

**ကွမ်းထည့်**-ကား ဆရာမှန်းထားသည် ဟူလိုသည်၊ သံဝရပျို့နိဂုမ်းတွင် "စာပေသင်ကာ၊ နေလှည့်ရာဝယ်၊ ထည့်လှာကွမ်းပန်း၊ သိမ်းမြန်းကျောင်းကန်၊အမွှန်မွှန်နှင့်"။ ။ရာဇာဓိရာဇ်အရေးတော်ပုံတွင် "ပင်းယသူမြတ်အား ကွမ်းဖိတ်လှူလိုက်၏"ဟု ဆရာမှန်းထားကြောင်းကို ဆိုသည်၊ ပါရမီခန်းတွင် "ဘုရားအစေ့၊ ကွမ်းထည့်နေ့နိုက်"။ဘုရားဖြစ်မည် အလောင်းအလျာမှန်းထားသည်ဟူလို၊ ဘုံခန်းတွင် "မိုယ်းခေါင်ထက်ပြည့်၊ စံရလှည့်သည်။ ။ကွမ်းထည့်ကြမ္မာစီရင်တည်း"။ကြမ္မာဟူသောကွမ်းထည့်သည် ဟူလို။

**ကန့်ထောင်**-ကား လယ်ဦးလယ်ထိပ်က တဖက်ဆည်ကန့်ဟူလို၊ သံဝရပျို့တွင် "မြစ်ဝင်ရေလျှောင်၊ ကန့်ထောင်စပါး၊ ပျိုးသောလား"ဟု စပ်ဆိုသည်၊သူအချို့တို့ကား ကန့်ထောင်-စပါးကို ယူကြ၏၊ကောက်လျှင် ကောက်ကြီးကို မဆို၊ စိုက်ပျိုးလိုသမျှ စပါးတို့ကို စိုက်ပျိုးသည်ဟု ဆိုလိုသည်၊ အချို့အရပ်မှာ တဖက်ဆည်ကန့်ကိုပင် ကန့်ထောင်ဟု ခေါ်ကြ၏။

**ကမ်းထောင်း**-ကား ကမ်းဘားစောက် ဟူလို၊ဥက္ကာပျံဆို မယ်ဆွတ်လွတ်စွ ရတုတွင် ''တပေါင်းဒိုဘယ့်လသာ၏၊ ကမ်းထောင်း ပြိုပွဲကျလှာ၏၊ ရှင်း နှောင်းညိုလဲ့ကမှာ၏''။ ။ဘုံခန်းတွင် ''ရေရှင်ကမ်းထောင်း၊ ချောင်းမြောင်း စီးဇုန်၊ ရေတမ်းခွန်လည်း''ဟု စပ်ဆိုသည်။

**ကွန်းပြောက်**-ကား မင်းတို့စံနေသော နန်းအိမ် ဟူလို၊ ဆွေတော်စဉ် လက်ာတွင် ''ကိန်းခန်းအလျောက်၊ ရန်ပိုင်းပျော့က်၍၊ ကွန်းပြောက်ဥကင်၊ နန်းရွှေစင်နှင့်''ဟု စပ်ဆိုသည်။

**ကိန်းမို**-ကား သစ္စာပြုသည် ဟူလို၊ ကိုးခန်းတွင် ''ဆူးဆူးရားရား၊ဒေါသ အားဖြင့်၊ စကားကိန်းခို၊ သေလိမ့်ဆိုလည်း၊ မျက်လိုဝမ်းမှာ၊ ထဲးမပါတည့်'' ဟု စပ်ဆိုသည်။

**ကုဟာ**-ကား ကဝါသည် ဟူလို၊ ဝိဓူရပျို့တွင် ''လက်ဖွေ့ လက်ပန်း၊ ငွန်းလက်ရိုက်နှိုက်၊ ကြက်တိုက်အန်ခတ်၊ ဖြူဆွတ်ကုဟာ၊ ကျည်ခဝါလည်း၊ တဌာနစီ''ဟူ၍ စပ်ဆိုသည်။

**ကျီကျူး**-ကား ချွတ်ယွင်းသည် ဟူလို၊ ပါရမီခန်းတွင် ''ဆိုအံ့ကျီကျူး၊ ချွတ်ဖူးသောခါ၊ မရှိစွာတည့်''ဟု စပ်ဆိုသည်။

**ကျိုးကျည်**-ကား မရှုံ ဟူလို၊ ပါရမီခန်းတွင် ''ရောက်လေ ပါသည်၊ တလည်လည်ဟု၊ ကျိုးကျည်မရှုံ၊ ကူးအားသံသို့''ဟု စပ်ဆိုသည်။

**ကြော့သွေး**-ကား အကြောင်ဟူလို၊ ဘူရိဒတ်လက်ာကြီးတွင် ''ပေါ်လျက် ကွေးကွေး၊ ကြော့သွေးမျက်စီ''။ ။ဝိဓူရပျို့တွင် ''အဖြူဆယ်ရေး၊ ကြော့သွေး နွယ်ရစ်၊ နှစ်ဆယ့်တစ်နှင့်''ဟု စပ်ဆိုသည်။

**ကြီထက်**-ကား ပညာ ဟူလို၊ ပါရမီခန်းတွင် ''သတင်းဇောတထွက်၊ ကြီ ထက်ပညာ''။ ။ပညာရှိပုဂ္ဂိုလ်တို့ကိုလည်း ကြီထက်ဟု ဆရာကြီးတို့ မိန့်ဆို တော်မူကုန်သည်၊ ဥဒါဟရုဏ်ကား ဘူရိဒတ် ဇာတ်ပေါင်းတွင် ''နတ်သား ကြီထက်၊ င-သမက်က၊ စသည်တဝေး၊ င-ရင်သွေးနှင့်၊ င-မြေးတစု''။ ။ ဆုတောင်းခန်းတွင် ''နှလုံးပျက်သည်။ ။ကြီထက် ယောက်ကျား အများ တည်း'' ဟူ၍ စပ်ဆိုသည်။

**ကျော့ကျည်း**-ကား ပျင်းရိသည် ဟူလို၊ ရွှေဟသ်ာပျို့တွင် ''ကိုယ် သရည်း၍၊ ကျော့ကျည်းနေမူ၊ ထိုသသူကို၊ လူတွင်ဟူယုတ်''။ ။ပါရမိခန်း တွင် ''ရှင်ဖြူကျော့ကျည်း၊ လေးပါးတည်းသော်၊ ။လျော့လျည်းမအပ်စွာ သေးတည်း''။ ။ဆုတောင်းခန်းတွင် ''လူခရီးသို့၊မိုးလေတဖန်၊ ကျော့ကျည်း ပြန်မှ၊ စိုးရိမ်ရသို့''ဟု စပ်ဆိုသည်။

ကျည်နဲ့ကျည်နူ-ကား နွေးဖျင်းကြာတင်သည် ဟူလို၊ ဆုတောင်းခန်းတွင် "ဒုံစည်မှက်ရဲ၊ ကိုက်ဆွတ်ခဲလျက်၊ ကျည်နဲ့ကျည်နူ၊ ကြားသည်တူလျှင်၊ တလူနေ့ရေ၊ မလွှန်စေဟု"။ ။ပါရမီခန်းတွင် "မှက်ခြင်-လခဲ၊နွေးဖျင်းနွဲ့က၊ ကျည်နဲ့ကျည်နူ၊အဖျင်ဟူသား၊ လစ်လူတိမ်းပါး၊ ပေါက်လတ်ငြားသော်၊ ပတ်ကြားထေးသည်၊ ငုံ့ကျည်ချောင်းနှောင်း၊ မကြားကောင်းသို့"ဟု စပ်ဆိုသည်။

ကြိမ်း-ကား ပင်ပန်းသည်, နာကျင်သည်,ကြောက်လန့်သည် ဟူလို၊ ရှင်သံကို ဆို သာလွတ်ထွတ်ခေါင်ချီ ရတုတွင် "ဆွတ်ခွေတိမ်းယိမ်း၊ ပန်းရှာကြိမ်းသည်။ ။တောင်တိမ်းခဲ့သို့သွတ်ကာသောဝ်"။ ။ပါရမီခန်းတွင် "ခြေချင်းလူးပွတ်၊ ထည့်ခတ်ကြိမ်းကြိမ်း၊ ငံ့နှောင်အိမ်ငြိမ်းနှိုက်၊ စောင့်ထိမ်းထက်ကြပ်"။ ။ဘူရိဒတ်ဇာတ်ပေါင်းတွင် "ကြောက်မက်လန့်ကြိမ်း၊သိကြားခြိမ်းသည်၊ မတိမ်းမပို"။ ။ဆုတောင်းခန်းတွင် "ပါသည်ခပ်သိမ်း၊ရုံ့ခြိမ်းရှု့၊ ကြိမ်းအောင်ရစ်ဝဲ၊ စိုးစည်းလဲလျှင်"ဟု စပ်ဆိုသည်၊ ကြောက်လန့်အောင် ကြိမ်းမောင်းသည်၊ ခြိမ်းမောင်းသည် ဟူလို။

ကြည်းကြည်း-ကား ရှန်းရှန်းရှင်းရှင်းသန့်ရှင်းစင်ကြယ်၏ ဟူလို၊ ဘူရိဒတ်ဇာတ်ပေါင်းတွင် "အကြောင်းတနည်း၊ ပမာဆည်းမူ၊ ကြည်းကြည်းရှင်ရှင်၊ မျက်နှာပြင်လည်း၊သက်တင်စို့လား၊နဖူးဖျားဝယ်"။ ။ဆုတောင်းခန်းတွင် "တင့်တယ်ကြည်းကြည်း၊ သင့်ရုံတည်းက၊ ခမည်းမယ်တော်၊ လူဘော်စံငြိုး၊နတ်ဘုံမှိုးသော်"။ ။ဘုံခန်းတွင် "ပြည့်စုံတွင်ချည်း၊ဖြင်မျှပည်း၏၊ ကြည်းကြည်းကျက်ကျက်၊ မြကျောက်စက်ဖြင့်၊ ကြာဘက်ဘောင်ဘင်၊ ရေရှင်ကမ်းထောင်း"။ ။ဂါထာခြောက်ဆယ်ပျို့တွင် "ကြည်ယွေးကြည်းကြည်း၊အုံ့ကွယ်ချည်းလျှင်၊ နက်မည်းမြူနည်၊ နောက်သည်မရှိ၊ ချမ်းမြေ့ဘိလျက်"ဟုစပ်ဆိုသည်၊ရှင်းရှင်းသည် ရှန်းရှန်း ရှင်ရှင်လန်းလန်းနှင့် သဘောတူသည်။

ကြီးသေး-ကား စစ်ဝတ်တန်းဆာ ဟူလို၊ သံချပ်အင်္ကျီပင်တည်း၊ သျှင်မဟာသီလဝံသဆို မဏိဂူဟာချီ ရတုတွင် "ကိုယ်တွင်မိန်ညို၊ မှောက်တိုသံချပ်၊ ဝတ်ထပ်ကြီးသေး၊ ကိုင်လေးလက်စွဲ"။ ။သျှင်မဟာရဋ္ဌသာရဆို ဂူဟာမဏိချီရတုတွင် "မာတျက်မောက်တို၊ မိန်ညိုရွှေချပ်၊ ဝတ်ထပ်ကြီးသေး၊ ကိုင်လေးလှေကြက်"။ ။ရာဇာမဏိစူဠာကျောက်စာတွင် "အထူးထူးကုန်သော မိန်ညိုကြီးသေး သံချပ်တန်ဆာ,ပါလည့်ကွေး, အောင်းမွေးဒုရင်ရွှေထိပ်ရွှေကုံးတို့ဖြင့် ဆင်ယင်ကုန်သော"။ ။မြတ်ရွှေဘွားစုံချီသတ်ပုံတွင်

"ပေးစွန့်ကြဲးနှင့်၊ ကြဲးသေးစစ်ဝတ်၊ ဖြန်းဆွတ်ကြဲမျိုး"။ ။ကပိလက္ခဏာသတ်ပုံတွင် "နေပူကျဲးကျဲးတို့တပ်ထဲး၊ ကြဲးသေးခေါင်းထက်လွှား"။ ။သျှင်ဥက္ကံသမာလာရေးသည့် ဝဏ္ဏဗောဓနသတ်ပုံတွင် "စွန့်ကြဲးသည်၊ဖြောက်ဖြောက်ကြဲသည်၊ ကြဲးသေးစစ်ဝတ်များကို ရရစ်ရမည်ဟု ဆုံးဖြတ်တော်မူသည်။

**ကျောငွေ**- ကား ငွေကောင်းငွေစင် ဟူလို၊ ကိုးခန်းတွင် "ဟီရိကျောငွေ၊ ပြွတ်ပ်ရွှေနှင့်၊ နီ့မွေကြာမုံ၊ ထက်ရုံသန္တာ" ဟူ၍ စပ်ဆိုသည်။

**ကြံသိုင်း**- ကား မြော်မြင်သည် ဟူလို၊ ဝိဓုရပျို့တွင် "ချစ်လောက်ခင်သာ၊ မျိုးကြင်ရာနှင့်၊ မေတ္တာရစ်ဘွဲ့၊ စွဲဆော်ခဲ့သည်၊ အိုဘဲ့ကြံသိုင်း၊ မတ်မြတ်ကျူင်း" ဟု စပ်ဆိုသည်။

**ကြငှန်း-တမ္ဘတ်**- ကား အကြီးအမြတ် ဟူလို၊ ပါရမီခန်းတွင် "ဘုန်းကြီးကြငှန်း၊ ရှစ်ဆုပ်ပန်းဖြင့်၊ ကြဲးဖြန်းလက်ယာ"။ ။ကိုးခန်းပျို့တွင် "ဘုန်းသန်ဘုန်းထွတ်၊ပြည်တမ္ဘတ်" ဟု စပ်ဆိုသည်၊ တမ္ဘတ်ဟူသည် အကြီးအမြတ်ဟူ၍ ဆရာကြီးတို့မိန့်ဆိုကြ၏။

**ကြပ်တိုင်း-ကွပ်တိုင်း**- ကား စောင့်စည်းသိမ်းအုပ်သည် ဟူလို၊ပလိပ်စားဇေးချင်းတွင် "လောက်ကုံခွန်လိုင်း၊ ဘိန္ဒတိုင်းထက်၊ ကွပ်တိုင်းချက်မ၊ ဘိန္ဒကပြည်"။ ။ကဗျာသာရတ္ထသင်္ဂဟ သတ်ပုံတွင် "စောင့်ကြပ်မြဲးမြဲ၊ ထံပါးကြပ်ကြပ်၊ နိုးကြပ်ကြပ်လျှင်" ဟုဆိုသည်၊ ကြပ်တိုင်းနှင့်သဘောတူတန်ရာသောကြောင့် စောင့်စည်းသိမ်းအုပ်သည်ဟူသောအရာ့ကဲ့သို့ထင်၏။

**ကြက်သရေ**-ကား ဓမ္မဝတ်ကြောင်း, လောကဝတ်ကြောင်း နှစ်ပါးယှိသည်တွင် ဓမ္မဝတ်ကြောင်းနိုက် ပညာနှင့်ပုညကို ကြက်သရေခေါ်သည် ဟူလို၊ သံဝရပျို့တွင် "ပုညာ ပုည၊ စုံလှကြက်သရေ၊ သုံးလုဆွေလျှင်" ဟု စပ်ဆိုသည်၊ လောကဝတ်ကြောင်းမှာ သချာသရုပ် ထုတ်ခြင်းကားမယှိ၊ တင့်တယ်လျောက်ပတ်သောအမှု ဟူသမျှ မင်္ဂလာနှင့်ယှဉ်သော အရာဝတ္ထုတို့ကိုပင်ရှေးဆရာကြီးတို့ကြက်သရေဟု ခေါ်ဝေါ်ပညတ်ကြကုန်သတည်း၊ ပည်နက်တွင် "သီရိကြက်သရေ" ဟု ပြန်ဆိုလျက်ယှိသည်။

**ကတ်လတ်-ကပ်လပ်**-ကား တ-သတ် ကတ်လတ်, ပ-သတ် ကပ်လပ် နှစ်ချက်ယှိ၏၊ တ-သတ်အစပ်မှာ ဘူရိဒတ်လင်္ကာကြီးတွင် "အိုခြင်းကတ်လတ်၊ နှလုံးဆတ်နှင့်၊ အမတ်ရေးချွဲ၊ မေတ္တာမဲ့" ဆိုသောကြောင့် ကန့်လန့်ကတ်လတ်ဆိုလိုသည်၊ ပ-သတ် ကပ်လပ်မှာ ဘူရိဒတ် ဇာတ်ပေါင်းတွင်

"မကွာကပ်လပ်၊ အမြီးကျပ်လျက်၊ နောက်ထပ်မကင်း။ ။အမြီးကပ်လပ်၊ ပျပ်စပ်ခပါင်းလည်း"။ ။ရေခန်းတွင် "အထပ်ထပ်လျှင်၊ ကပ်လပ်သုကျွန်၊ တော်မလှန်ဟု" စပ်ဆိုသည်၊ အမြီးမကွာဟုလိုသည်။

**ခရော်ခရွတ်**-ကား မညီမညွတ်သော မြေမာမြေကျန်း ဟုလို၊ ဆုတောင်းခန်းတွင် "ခရော်ခရွတ်၊ မြေပတ်မကြ ား" ဟု စပ်ဆိုသည်။

**ခဆီးပတ်မြို**-ကား အိမ်ရာပြစ်မှား၍ လျော်ဒဏ်သင့်သည့်မြို ဟုလို၊ ရေခန်းတွင် "ခဲ့ကြီးနှိုက်၊ ခဆီးပတ်မြေ၊ ခံရတွေလည်း" ဟု စပ်ဆိုသည်၊ ရေးပြည်မှာ ခဆီးပတ်မြို ယိုလေဟန် စပ်ဆိုတော်မူသည်၊ သူတပါးပိုင်သော မယားကို ကာမဖြင့်ကြူးသည့်အတွက် အပြစ်လျော်ဒဏ်သင့်သော ငွေကို ခဆီးပတ်မြို ဆိုလိုသည်၊ ယခုသရော်ကား မိဖသားသမီးတို့သေဆုံး၍ သင်းဂြိုဟ်ရာ ကုန်ကျသော စာရိတ်ကြေးငွေအနက် သူတပါးကြေးငွေ တင်ယိုသည်ကို ခဇိပတ်ကြွေးမြီယိုသည်ဟူ၍၎င်း, သူတပါးထံ ချေးယူသောငွေ ပေးဆပ်ရန်ယိုသည်ကို ခဇိပတ်မြီဟူ၍၎င်း ပြောဆိုလေ့ယိုကြ၏၊ ထိုသို့ ကြွေးမြီများသည် ခဆီးပတ်မြီမဟုတ်ဟူ၍မှတ်၊ ဇကွဲနှင့်ခဇိပတ်မခေါ်ရ၊ ဆလိမ်နှင့်ခဆီးပတ်ခေါ်မှ မှန်မည်။

**ခပဲး**-ကား အများ ဟုလို၊ ပါရမီခန်းတွင် "လူခပဲကား၊ ပွဲစည်ခါ"။ ။ တောင်ငူမင်းဆို နေ့ရက်နိုးလျှင်ချီရတုတွင် "ရင့်သည်ကာလဲး၊ ခပဲးညွှန့်ကိုက်၊ နွေသို့လိုက်မျှ" ဟု စပ်ဆိုသည်၊ အချို့သူတို့က ၎င်းရတုကို ခဝဲးညွှန့်ကိုက်ဟု ဖတ်ကြ၏၊ ရွတ်ကြ၏၊ ခဝဲးနှင့်အချိန်ကာလမဟုတ်။

**ခပင်း**-ကား အများ ဟုလို၊ ဘူရိဒတ်ဇာတ်ပေါင်းတွင် "တရံမကင်း၊ လူခပင်းကား၊ အစင်းပလော" ဟု စပ်ဆိုသည်။

**ခြခြ**-ကား ကွဲအက်သည် ဟုလို၊ ဘူရိဒတ်လင်္ကာကြီးတွင် "မမွေ့မညက်၊ ကိုယ်လက်ကွဲခြ၊ စုတ်ယှဘနန်း"။ ။ဘုံခန်းတွင် "တောင်လည်းအက်ခြ၊ စက်နှယ်ယှသား၊ တေဇပြင်းထိန်"။ ။ပါရမီခန်းတွင် "နတ်စက်ပစ်ချ၊မြင်းမိုရ်ခြသို့" ဟု ခွဲးထားစပ်သည်၊ မဃိကုဏ္ဍလဆရာက "ခြခြကွဲးသော ရထား" ဟု မိန့်ဆိုတော်မူ၏။

**ချေ**-ကား မွှဲ-ဟူလို၊ ပါရမီခန်းတွင် "လက်ချားပလေ၊ မွှဲမည်းချေသို့၊ ငြိမ်းလေကိုယ်ပင်"။ ။ဘုံခန်းတွင် "အာစပ်ဝင်းရွှေ၊ချေလည်းမပျောက်" ဟု စပ်သည်၊မွှဲမစွန်းမွှဲမယို ဟူလို၊ ပါရမီခန်းတွင်ပင် "သန္ဓေးစင်နေ၊ဗျာဒိတ်ရေဖြင့်၊ ပြောက်ချေမွဲ့ကပ်၊ ဆဲ့ရှစ်ရပ်သား၊ မအပ်ကျိုးနည်း၊ မြူအထည်းကို၊

သုတ်လှည်းလျှော်ဖွပ်ရှင်သေစီမှုကား။ ။မဲ့နည်လကျေ၊ မွှမည်းချေသို့" ဟု စပ်ဆိုသည်၊ မဲ့နည်နှင့်တူသော အာပတ်ခြောက်ပုံမှာ ဝုဋ္ဌာနဂံ,ဒေသနာဂံ ဖြင့် ကျေ၏၊ ပရိက်အာပတ်မှုကား ချေဟု ဆိုအပ်သော မွှနှင့်တူသော ကြောင့် မကျေနိုင်ဟူလိုသည်၊ အချို့တို့ကား "မဲ့နည်လကျေ၊ မွှမကျေသို့" ဟု စပ်ကြကုန်၏၊ အပင့်နှစ်ချက်ပြသည်၊ ဟတ္ထိပါလနိဂုံမ်းတွင် "ပုသိန် မင်းမြေး၊ ဆက်ရှေးနွယ်ရိုး၊ တိုမိမျိုးကား၊ သတိုးမင်းဖျား၊ တရားစောင့် သုံး၊ ရန်ချုံးထွင်ချော၊ ရွှေမြေအဝ၊ တည်စတသီး၊ ပြည်ထောင်ကြီး၏၊ သမီး မြစ်ရင်း၊နွယ်ပယွင်းသည်"ဟု စပ်ဆိုသကယ့်သို့ တဘက်ပြနည်းဖြင့် စပ်ဆို တော်မူသည်ကိုထောက်။

**ချက်တွေ**-ကား ဖူးတွေ့ကြိုက်ကြုံသည် ဟူလို၊ ပါရမီခန်းတွင် "ဖူးမြင် ချက်တွေ့၊ ယခုနေ့နိုက်"ဟု စပ်ဆိုသည်။

**ချက်ကုံ**-ကား အကြွင်းမဲ့ ဟူလို၊ပါရမီခန်းတွင် "ထင်ပေါ်လုံးချုံ၊ပွင့်လ တုံအံ့။ ။ချက်ကုံယိုမဲ့သရွေ့တည်း"။ ။သံဝရတွင်"မင်းဖျားချက်ကုံ၊မိန့်ခဲ့ တုံမှ၊လူ့ဘုံပြောင်းရှဲ့"ဟု စပ်ဆိုသည်။

**ခနောင်း-ကြလဲ**-ကား ရေဝဲဟူလို၊ဘူရိဒတ်လင်္ကာကြီးတွင်"ယမုနာ၏၊ သည်းစွာကြလဲ၊ ခနောင်းဝဲနိုက်"ဟု စပ်ဆိုသည်။

**ခိုက်ဆည်း**-ကား ရန်ရှာသည် ဟူလို၊ ပါရမီခန်းတွင် "ရန်ရှာခိုက်ဆဲး၊ စဲးလေမြဲး"ဟု နောက်ပစ်နှင့် စပ်ဆိုသည်၊ ရွှေဟင်္သာပျို့တွင် "လိုပါသည် ချည်း၊ တညီတည်းလျှင်၊ ခိုက်ဆည်းရန်ရှာ"ဟု စပ်ဆိုသည်၊ ည-သတ် နောက်ပစ်သဘောတူကာရန်ယူသင့်၏ရှင့်။

**ဂိဝါ**-ကား ရှေးအစဉ်ကို မှတ်မိသည် ဟူလို၊ ဆုတောင်းခန်းတွင် "ဗိုး လောင်းမှာက၊ ဂိဝါရပြီး၊ ကျင့်စဉ်မှိုးလျှက်"ဟု စပ်ဆိုသည်၊ ဝဏ္ဏဗောဓန သတ်ပုံဆရာက ဂိဝါသဒ္ဒါ လည်ကိုဟောသည်ဖြစ်၍ လည်နိုက်ဆင်သော တန်းဆာကို ရသည်ဟု မိန့်ဆို၏၊ သဘောသင့်ရာကိုသာယူလေ။

**ငေါင်ငက်**-ကား မနာသာသောအသံ ဟူလို၊ ဆုတောင်းခန်းတွင် "တံစမ်း လထွက်၊ ငေါင်ငက်မချေ၊ သားငှက်လေကို၊ ကင်းစေဝေးစွာ"ဟု စပ်ဆိုသည်၊ ယခုသရော် ငှက်ဆိုးထိုးသည်ဆိုကြ၏။

**ငစ်ငါး**-ကား ဟင်းလင်းပွင့်သည် ဟူလို၊ ဆုတောင်းခန်းတွင် "ကွာခဲ့ သံချွန်၊ မြေ့ဖွဲ့ပန်မကပ်၊ ပျဉ်ထပ်ငပ်ငါး၊ ထေးဖာငြားလည်း"ဟု စပ် ဆိုသည်။

ငွါးငွါး-ကား မို့သည်,မောက်သည်,မြင့်သည် ဟူလို၊ ဆုတောင်းခန်းတွင် "ငွါးငွါးစွင့်စွင့်၊ နိမ့်မြင့်ဆင့်၍၊ လွှင့်သည့်နှင်နှင်"။ ။အဥ္စနာဂီရိဘွဲ့တွင် "မြူနှစ်ဆဒ္ဒန်၊ မင်းထိုက်ရန်မူ၊ မိုက်ပြန်ဆဲ့ရှစ်၊ စနစ်သံမှို၊ ငွါးငွါးမို့လိမ့်"ဟု စပ်ဆိုသည်။

တေည်ငေ-ကား မထင်မယှား, အမှတ်မဲ့ဆိုသည် ဟူလို၊ ဆုတောင်းခန်းတွင် "ကရော်ကမည်၊ တေည့်ငေ၊ အညတရ၊ မည်ကာမျှဖြင့်"ဟု စပ်ဆိုသည်။

စိုမြည်-ကား ကြာမြင့်သည် ဟူလို၊ သျှင်မဟာသီလဝံသဆို တံတားဦး တည်မော်ကွန်းတွင် "ရောက်ပေါက်သိန်းခို၊ ပြည်ထိုသိုနိုက်၊ မစိုမပြည်၊ လျှင်လျှင်တည်၍"။ ။ဘုံးခန်းတွင် "စိုစိုပြည့်ပြည်၊ မေတ္တာကြည်က၊ ဆိုမြည် ချင်းရာ"ဟု စပ်ဆိုသည်၊

စစ့်ချဥ်း-ကား အနီး ဟူလို၊ ပါရမီခန်းတွင် "ရောက်အောင်ပို့ကြဉ်း၊ ဆုခဲ့းယဥ်းကို၊ စစ့်ချဥ်းစွာထွန်၊ ရချိန်တန်နိုက်"။ ။သျှင်မဟာရဋ္ဌသာရဆို ဝတ်ရုံကျောင်းဘွဲ့တွင် "ယဥ်ကြည်ချမ်းမြေ့၊ နီးချဥ်းစေ့သည်၊ အရှေ့လဟာ၊ မြစ်ရောနှင့်"ဟု စပ်ဆိုသည်၊ ဆရာအချို့ကား အကျဉ်းရုံးသည်ဟု ယူကြ၏။

စိပ်ပြား-ကား လိမ္မာသည် ဟူလို၊ ဘူရိဒတ် ဇာတ်ပေါင်းတွင် "လူအဂုန်နှံ့ အား၊ စိပ်ပြားလိမ္မာ"။ ။ဟတ္ထိပါလတွင် "မစိပ်မပြား၊ ခြင်းနှယ်ကြား သည်"ဟု စပ်ဆိုသည်၊

စရကုတ်-ကား ရအံ့သော လာဘ်လာဘကို သိသည် ဟူလို၊ ငရဲခန်းတွင် "ယောကျ်ားအဟုတ်၊ စရကုတ်ဖြင့်၊ သူယုတ်တို့မှာ၊ တတ်လှစွာလျက်"ဟု စပ်ဆိုသည်။

စင်းလျှင်း-ကား အမြဲးမကွာ ဟူလို၊ ဟတ္ထိပါလတွင် "သစ်သီးထမင်း၊ သစ်သီးဟင်းဖြင့်၊စင်းလျှင်းလုပ်ကျွေး၊ဖြည့်သိမ်းမွေးလျက်"။ ။သံဝရပျို့တွင် "ခြေတော်ရင်းဝယ်၊ စင်းလျှင်းမကွေ၊ မြဲးမည်ဘွေကို"ဟု စပ်ဆိုသည်၊

စူးစား-ကား စုံစမ်းနှင့်အတူ၊ ရှာဖွေသည် ဟူလို၊ ပါရမီခန်းတွင် "ရသေ့ ဖျားကား။ ။စူးစားရှာဖွေဖော်လတ်တည်း"ဟု စပ်ဆိုသည်။

စည့်စည့်- ကား ထွန်းလင်းသောအရောင် ဟူလို၊ သျှင်သီလဝံသဆို တံတားဦးတည် မော်ကွန်းတွင် "ဖွဲးဖွဲးလပြည့်၊ ထွန်းလျက်လှည့်သို့၊ စည့်စည့် ဝင်းဝါ"။ ။ရှင်တေဇောသာရ မေတ္တာစာတွင် "ထိပ်ထက်စည့်စည့်၊ လမင်းပြည့်သို့"။ ။တောင်ငူမင်းဆို ရတုတွင် "စက်ပြသတ်လျှင်၊ ခေါင်ထွင့်၍

လည်လှည့်၊နေစည့်စည့်ကို၊ မည်သည့်ချိန်ခါ၊ မရွေးရှာသော်''ဟု စပ်ဆိုသည်၊ နေပူကြက်ကြက်ကို ရှာသော နေပူမိုယ်းဆိုသည်၊ နေပူမိုယ်း, ကြက်ခိုးရှာဟု ကလေးများ ဆိုလေ့ရှိကြ ယှိ၏။

**စယ်**-ကား ပျောက်သည် ဟူလို၊ ဘိုခန်းတွင် ''ချမ်းသာမည်ုး၊ တန်ခိုး မစယ်၊ ဖုန်းမပြယ်တည့်''ဟု စပ်ဆိုသည်။

**စင်စို့**-ကား ရွက်စပ် ဟူလို၊ ဘူရိဒတ် လင်္ကာကြီးတွင် ''တုတ်ခွန်များစွာ၊ ရှစ်မျက်နှာမျှ၊ဆက်လှာစင်စို့၊ မပြတ်ပို့သား၊ လူတို့သခင်''။ ။သံဝရတွင် ''ကြွယ်ဝလောက်ဖို့၊ကုန်သည်တို့တည်း၊ စင်စို့ရွက်စပ်၊အထပ်ထပ်လျှင်၊ ပြည့်နပ်မှီခို၊ရောက်လှာဟို၏''ဟု စပ်ဆိုသည်။

**စောကြော-စောကြောသင်**-ကား ဆင်ခြင် ထောက်ဆ၏ ဟူလို၊ ဆု တောင်းခန်းတွင် ''မနည်းလောက်စင်၊ စောကြောသင်၏၊ မိခင်ဘေးဘိုး၊ ငဆွေမျိုးကား''ဟု စပ်ဆိုသည်၊ စောကြောသင်၏၊နှိုင်းဆဆင်ခြင်၏ ဟူလို သည်။ ။ပါရမီခန်းတွင် ''စောကြောထောက်၍၊မလှောက်ရပြန်၊ခွန်းချင်း မှန်၏''ဟုစပ်ဆိုသည်၊ ဆင်ခြင်ထောက်ဆ၍ မလောင်းစွက်ရပြီ ဟူလို သည်။

**စစ်စီး**-ကား နှိုင်းရှည့်စရာမယှိ ဟူလို၊ ပါရမီခန်းတွင် ''တကိစ္စကြီး၊ ထို မှာပြီးက၊ စစ်စီးနှိုင်းရှဲ့၊ ဆိုဖွယ်မဲ့ဟု၊ လေးတွဲ့အောင်အောင်။ ။သေထံ ပါးနီး၊ ရောက်လုပြီးလည်း၊ စစ်စီးလှယ်လျက်၊ စွန့်ခေါက်ရက်လျှင်''ဟု စပ် ဆိုသည်၊ နှိုင်းရှည့်,နှိုင်းရှဲ့ သဘောတူ။

**စုလျား**-ကား အပေါ်တင်ပုဆိုး ဟူလို၊ ဟတ္ထိပါလတွင် ''ပျော်ပျော် ပါးပါး၊တောင်မြစ်သွားသော်၊ စုလျားပေါ်တင်၊ နီလွင်ကိုယ်ဝတ်၊ ဒုပတ် ကမ္ဗလာ၊ ကေနံနှင့်''ဟု စပ်ဆိုသည်၊ ပါ၀ါရသဒ္ဒါကား စုလျားကိုဟော သည်၊ ထိုစုလျားကား ဖြူစင်သောအဝတ်တည်း၊ ထို့ကြောင့် ဘူရိဒတ်ဇာတ် ပေါင်းတွင် ''ကပ္ပရုက္ခာ၊ ပဒေသာမှ၊ လွယ်ကာဆွတ်ချ၊ ပါ၀ါရဟု၊ ဆွဆွ တွားတွား၊ဝတ်စုလျားလည်း၊ ထူးခြားသနစ်၊ မျှော်တွေးလစ်သော်၊ စင်စစ် သဘော၊ စလပ်လောဟု၊ တွေးတောမှားအောင်၊ ဝင်းဝင်းပြောင်လျက်၊ ဖြူရောင်ဖွေးဖွေး၊လှပ်လှပ်ပြေး၏''။ ။ဘူရိဒတ်ဇာတ်အဋ္ဌကထာတွင် ပါ၀ါရ ကို ဘုံပုတီးဟူ၍ အနက်သမ္ဗန်တော်မူသည်၊ ထိုသို့သမ္ဗန်သည်နှင့်အညီ နေမိ ဘုံခန်းတွင်''ယမားဆောင်ထီး၊ဘုံပတီးနှင့်၊ အုံကြီးပြောက်ထိုး''။ ။တောင်ငူ မင်းဆို မည်မျှလာသည်ချီရတုတွင် ''ဖြူဆွတ်ခင်းနှီး၊ပတီးပိတ်ပါး၊ကိုယ်နှင့်

ခြားလျက်''ဟု စပ်ဆိုသည်၊ ဘုံသဒ္ဒါကိုချ၍ ပတီးပိတ်ပါးဟုဆိုသည်၊ သူ အချို့တို့ကား ရမတီးနိုက် ရကိုချ၍ မတီးပိတ်ပါးဟု စပ်ကြသေး၏။

**စိရင့်ကြည်-စိတ်ရင်ကျည်**-ကား ယွင်းယိုသည် ဟူလို၊ ဟတ္ထိပါလတွင် ''သဒ္ဒါမစည်၊ စိတ်ရင့်ကျည်သည်။ ။တာရှည်သွေးတုံတုံသတည်း။ စိတ်ရင် ကျည်ဟု တ-သက်နှင့်ယှိသည်များ၏၊ ဘူရိဒတ်ဇာတ်ပေါင်းတွင် ''သတင်း မတည်၊စိရင်ကျည်အံ့၊ ငါသည့်သူမွန်၊ ညာဏဝန်လျှင်''ဟု စပ်ဆိုသည်၊ အချို့မူတွင် ''သတင်းမတည်၊ ယိုယွင်းလည်ကြ''ဟု ယှိသည်။

**စစ်တလေး**-ကား တမ်းခွန် ဟူလို၊ သုဝဏ္ဏသျှံသူဌေးခန်းတွင် ''သတိ ဖွေးဖွေး၊ စစ်တလေးဖြူးဖြူး၊ သောက်ရူးကြယ်ဟန်၊ ရဲးတမ်းခွန်နှင့်၊ရဲးမာန် တယောင်''ဟု စပ်ဆိုသည်။

**စကားဖ**-ကား အလိုမယှိသည့်စကားကို သူတထူးပြောလျှင် စကား ပျောက်အောင် တပါးစကားကိုချပ်၍ ပြောသည့် ဟူလို၊ ရေဲခန်းတွင် ''သူ မြတ်အားကို၊ တရားမရ၊ စကားဖ၍၊ အာစနှုတ်ချီ''ဟု စပ်ဆိုသည်၊ ယခုသရော်နိုက် အချို့စကားဖာသည်ဟု အာသရနှင့်ယှဉ်၍ပြောဆိုကြ သေး၏ရှင့်။

**စံ့နှံ့**-ကား စပါး ဟူလို၊ ပါရမီခန်းတွင် ''ခွန်နက်မဖြိုး၊ လုံးပိုးစံ့နှံ့၊ သီးဖျင်းခွံသို၊ မစံစမာ၊ လူချမ်းသာကို''ဟု စပ်ဆိုသည်၊ လုံးပိုးထိုးသော စပါး၊စပါးလုံးပိုး ထိုးကဲ့သို့ဟူလို။

**စဲ့တန်း**-ကား မြစ်ချောင်းနိုက် သောင်မြိတ်စဲ့တန်းဟူလို၊ ပြည်စုန်မော် ကွန်းတွင် ''ပေါ်သိမ်တန်းလူ၊ စဲ့တန်းဖြူထက်၊ အတူယှဉ်စုံ''။ ။ဘုံခန်း တွင် ''ခုံပြင်စင်ဖြူ၊ စဲ့တန်းလူထက်၊ လွယ်ကူမညို၊ဖြစ်စေလိုက''ဟု စပ်ဆို သည်၊ ယခုစဲ့တန်းကို ည-သတ်ကာရန်နှင့် စည်းတန်း, စည်းရိုး, စည်းခြိ, စည်းသောင်,စည်းခုံဟု ခေါ်ဝေါ်ကြ၏။

**စိန့်၊လိန်းတင်လင်**-ကား မျက်မှောက်,မျက်မြင် ဟူလို၊ ဆုတောင်းခန်း တွင် ''ဖုန်းကြီးမဟိန်း၊ ရှင်လေးသိန်းနှင့်၊ စိန်းလိန်းတင်လင်၊ မျက်မြင် တစ်တစ်၊ရှင်တော်စစ်လျှင်၊ မနစ်မရှား၊ ညွန့်တွင်သွားဟု၊ အားပါးမနာ''ဟု စပ်ဆိုသည်၊ ဆရာအချို့က ''မနှစ်မရှား၊ ညွန့်တွင်သွားမှု'' ဟူသောစကား ကိုပြင်၍ စိန်းလိန်းတင်လင်ကား မနှစ်မရှားဟု ပြန်ဆိုလေ၏။

**စတေ**-ကား ဇကန့်စင်စစ် ဟူလို၊ကိုးခန်းတွင် ''လွန်ချစ်မညီး၊ ဆောင်ရွေ ထီးနှင့်၊ မင်းကြီးစတေ၊မြှောက်လျှင်းစေအံ့''။ ။ဘုံခန်းတွင် ''တရံတဆစ်၊ အနှစ်စတေ၊ မရချေသော်''ဟု စပ်ဆိုသည်။

**စိမ်စေး-စိစွေး**-ကား နာလေ့ တိုက်တွန်းသည် ဟူလို၊ ဘူရိဒတ် လင်္ကာကြီးတွင် "ထင်ရှားသမျှ၊ စိစွေးရှုမှု"။ ။ပလိပ်စားဧချင်းတွင် "စွေစုံသည့်ဆေး၊ လေးနာ စိစွေး" ဟုစပ်ဆိုသည်။

**စပ်စပ်**-ကား မုက္ခအမှန်ဟူလို၊ ဟတ္ထိပါလတွင် "မြင်က စပ်စပ်၊ မချအပ်လည်း၊ တပ်တပ်ပင်ကို၊ ကျွန်ုပ်ဆိုမှု"။ ။ဆုတောင်းခန်းတွင် "ဗေဒင်သုံးထပ်၊ ဆုံးစ ခပ်၏၊ စပ်စပ်ချမိ၊ မှန်သည်တိသာ"ဟု စပ်ဆိုသည်။

**ဆီပေါ်**-ကား ဆီပူဟူလို၊ ဥ-ကို ဩ-ပြု၍ ဆီပေါ်ဖြစ်သည်ဟု သဒ္ဒါဆရာမိန့်တော်မူသည်၊ ဆရာအချို့အယူကား အဖန်တရာချက်ရသောဆီဟု မအက္ခရာနှင့် ဆီဓမော်ဟုရေးကြ၏၊ ပါရမီခန်းတွင် စွတ်လွယ်နစ်လွယ်၍ ဆီပေါ်ဟုစပ်ခတော်မူသည်၊ ဟတ္ထိပါလတွင် "ရေပေါ်စိမ့်မွေ၊ ဆားခဲကြေသို့"။ ။ပါရမီခန်းတွင်ပင် "ညာဏ်သရော်ကို၊ ချဉ်ပေါ်ရေထိ၊ ကျေးနိုညှိသို့"ဟု ရေပူ,ချဉ်ပူကိုရည်၍ စပ်တော်မူသည်။

**ဆို**-ကား ဆိုးကြူသည် ဟူလို၊ သံဝရပျို့တွင် "ခရီးဦးကြို၊ ဆိုလင့်စေသည်"။ ။ဘုံခန်းတွင် "ခရီးဦးကြို၊ ဖူးလင့်သည်"။ ။နေမိနိက္ခမခန်းတွင် "သီတာရေညို၊ ရစ်လျက်ဆိုသည်"။ ။တောင်ငူမင်းဆို ရတုတွင် "ထွင့်ရုံစင်မြင့်မှိုရ်၊ တိမ်နှယ်ဆိုသည်"ဟုစပ်ဆိုသည်။

**ဆုန်းဆုန်း**-ကား စဉ်ထွက်သည် ဟူလို၊ ငရဲခန်းတွင် "အောက်က သင်ခုန်း၊ ဆုန်းဆုန်းစဉ်ထွက်"။ ။ပါရမီခန်းတွင် "မသာနှုတ်ချဉ်၊ ဆုန်းဆုန်းစဉ်သား၊ ရေယဉ်ခုံညင်"ဟုစပ်ဆိုသည်။

**ဆတ်မြား**-ကား ကြမ်းကြုတ် ခန်ထန်သည် ဟူလို၊ သံဝရတွင် "အကြားစပ်တဘ်၊ ထိုသို့ညွှတ်က၊ ဆတ်ဆတ်မြားမြား၊ ထောက်ထား တယောက်၊ သံကျောက်အတူ၊ ကျန်းသောဟူလည်း၊ မီးပူနှိုက်တွင်၊ ဖယောင်းကင်သို့" ဟုစပ်ဆိုသည်၊ ဆရာအချို့အယူမှာ မြောက်မြားသည်ဟု ယူချေသည်၊ မဟာပရိတ်တော်ကြီး မေတ္တာသုတ်နိုက် အပ္ပဂဗ္ဘောကို မကြမ်းထမ်းသည်ဟု ဆရာစဉ်ဆက် အနက်သမ္ဗာန်မြဲဖြစ်လျက် ဆတ်မြား-ဟူသည်ကား ကြမ်းထမ်းသည်ဟု သိစေလို၍ အပ္ပဂဗ္ဘောစ၊ ကိုယ်နှုတ်နှလုံးသုံးပါးလုံး၏ ဆတ်မြားခြင်းကင်းသည်"ဟု သဗ္ဗန်ကြသည်ကို ထောက်ထား၍ ဆတ်မြားခြင်းကားကြမ်းထမ်းသည်ဟူလိုသတည်း။

**ဆွေသည်**-ကား ယော်ကျားဟူ၏၊ မိမ္မဟူ၏၊ နဝဒေးဆို နှင်းသာတန်၍ချီသည့်ရတုတွင် "မြေတာဝေးရှည်၊ ယုံးရပ်ပြည်သို့၊ ဆွေသည်ရဲ့ခေါင်၊

ကျိုင်းဆင်းယောင်လျှင်'' ဟု စပ်ဆိုသည်၊ ဤဆွေသည်ကား ယောက်ျားဟော၊ နဝဒေးဆို နှစ်ဟုလုဖွယ်ရှိရတုတွင် ''ညက်သွယ်ကြည်သည်။ ။ဆွေသည်မျိုးရှည်မှာတော့၏'' ဟုစပ်ဆိုသည်၊ ဤဆွေသည်ကား မိမ္မဟော၊ ဘုံခန်းတွင် ''တို့နတ်ပြည်နိုက်၊ ဆွေသည်-နှစ်စုံ၊ ဖြစ်လှာတုံက'' ဟု စပ်ဆိုသည်၊ ဤဆွေသည်ကား လင်,မယားဟောဟူ၏။

**ဇနီး**-ကား မယား ဟူလို၊ ရွှေဟသ်ာပျို့တွင် ''စံပမွှေလျော်၊ ပျော်မညီးသား၊ ဇနီးအိမ်ရှင်၊ မျိုးလွန်းကြင်ကား''ဟုစပ်ဆိုသည်။

**ညီးလင်း**-ကား စောင်းထောင်တိမ်းစောင်းယှိသည် ဟူလို၊ ဟတ္ထိပါလတွင် ''ငါတို့သည်မင်း၊ မြေထိပ်နင်းသော်၊ ညီးလင်းအံ့ဖွယ်''။ စောင်းဒထောင်ယှိလေရာ၏ ဟူလို၊ ပုံတောင်နိုင်တွင် ''ကြိုးချာတချက်၊ တဆိုင်းပျက်သော်၊ တဖက်ညီးလင်း၊ ထမ်းပိုးယွင်းသို့''။ တဖက်နိမ့်နင်း ရှိလေရာ၏ ဟူလို၊ ရွှေဟသ်ာပျို့တွင် ''ညွန့်ပျစ်ရွှမ့်ပျောင်း၊ မနင်းကောင်း၍၊တစောင်းညီလင်း၊ ခြေချနင်းသော်''ဟုစပ်ဆိုသည်။

**တောက်တပို**-ကား အလျှင်တဆော ဟူလို၊ ဟတ္ထိပါလတွင်''လျှင်တောက်တပို၊ ရက်ကြွင်းတိုခဲ့၊ နဂိုရ်ပိုက်သိမ်း'' ဟု စပ်ဆိုသည်။

**တောက်ပတ်**-ကား အလျှင်တဆော ဟူလို၊ သံဝရတွင် ''လျှင်စွာတောက်ပတ်၊ မရောက်တတ်ခဲ့''ဟုစပ်ဆိုသည်၊ အခါတောက်ပတ်ကောင်းသည် အချို့ဆိုလေ့ယှိ၏။

**တလည်လည်**-ကား အတူတူဟူလို၊ ပါရမီခန်းတွင် ''မြေတလည်လည်၊ အတိုင်းတည်သို့''။ ။ရွှေဟသ်ာပျို့တွင် ''ပျားရောနို့ရည်၊ တလည်လည်သို့'' ဟု စပ်ဆိုသည်။

**တံထွာ-တံထွာ**-ကား သဘောဓမ္မတာ ဟူလို၊ ဘူရိဒတ်ဇာတ်ခပေါင်းတွင် ''နတ်ပေါင်းညီညာ၊ တောင်းပန်ထွာသော်၊ တံထွာငါးခု၊ ရှုလတုံလျှင်း၊မယ်တော်မင်း၏၊ သက်ကြွင်းဆယ်လ၊ သတ္တာဟနိုက်''။ ။ဘူရိဒတ်လင်္ကာကြီးတွင် ''ဘုရားတံထွာ၊ ဓမ္မတာဖြင့်၊ တကာတို့ကို။ ။သင်တို့တကာ၊ တံထွာမြဲသုံး၊ ရှေးကျင့်ထုံးဖြင့်'' ဟု စပ်ဆိုသည်၊ ဆရာအချို့က အငယ်အနိမ့်ဟု အယူယှိသည်။

**တရထည်**-ကား တူသောသဘောယှိသည် ဟူလို၊ ဆုတောင်းခန်းတွင် ''နွားတရထည်၊ တောင်သူပြည်တွင်''။ ။ဘုံခန်းတွင် ''စိန်တရထည်၊ လက်ရုံးရည်ကြောင့်'' ဟု စပ်ဆိုသည်။

**တံဆေး**-ကား တူမန် ဟူလို၊ ဘူရိဒတ်လင်္ကာကြီးတွင် "လိပ်ငယ်သလေး၊ ကွေးတလွေးကို၊ တံဆေးတမန်၊ မစေတန်" ဟု စပ်ဆိုသည်။

**တန်ရို**-ကား လုလင်ပျို ဟူလို၊ ဘူရိဒတ်ဇာတ်ပေါင်းတွင် "ငယ်သွေး တန်ရို၊ လုလင်ပျိုတို့"။ ။ရွှေစာတိုင်ဆင်တော်မော်ကွန်းတွင် "ပေါက်သား တန်ရို၊ မုန်ယိုတောင်တွေ" ဟု စပ်ဆိုသည်။

**တပဲး**-ကား ထပ်တူ ဟူလို၊ ပါရမီခန်းတွင် "နတ်နှယ်တပဲး၊ အံ့ကြဲဆဲး နိုက်" ဟု စပ်ဆိုသည်။

**တန်စီး**-ကား ရွှမ်ခွစေး, ရေညှိ ဟူလို၊ ဆုတောင်းခန်းတွင် "နက်ကွံ့ တန်စီး၊ ရွှမ်ခရီးကို၊ မပြီးပါခင်" ဟု စပ်ဆိုသည်။

**တူးတည်**-ကား မယိမ်းမဖည့်, တံ့တံ့စားစား ဟူလို၊ ပါရမီခန်းတွင် "မြစ်သာရေကြည်၊ ချောင်းမြရည်သို့၊ တူးတည်သွားလိမ့်"။ ။ဘုံခန်းတွင် "ရှင်မ ကျေးဇူး၊ တမူးမူးလျှင်၊ မတူးမတည်" ဟု စပ်ဆိုသည်။

**တင်ကျေး**-ကား တွန့်တွန့်ရှိသည် ဟူလို၊ နေမိနိကွဲမခန်းတွင် "ထုံသင်း မွှေးမွှေး၊ တင်ကျေးတွန့်တွန့်၊ ၄က်ပျောညွန့်သို့" ဟု စပ်ဆိုသည်၊ အချို့ဆရာ က တံလျှပ်ဟု အယူယှိသည်။

**တိုင်ထိ**-ကား ဆင်းရဲသည် ဟူလို၊ ပါရမီခန်းတွင် "ဆင်းရဲတိုင်ထိ၊ သားသည်မိတို့"။ ။ရွှေဟသ်ာမင်းပျို့တွင် "တိုင်ထိနှလုံး၊ ဆုံးခဲ့ပြီလော့" ဟု စပ်ဆိုသည်။

**တိလင်းကျည်**-ကား အကွယ်အကာမယှိ ဟူလို၊ ဆုတောင်း ခန်းတွင် "ရှင်ဝါစစ်ခြင်း၊ တကြောင့်ကင်း၏၊ တိလင်းကျည်ကြီး၊ မဆီးဟည်းလည်း၊ ကွယ်ကာနည်း" ဟု စပ်ဆိုသည်။

**တောင်ကိုင်**-ကား မြတ်သော အရာဌာန ဟူလို၊ ဘုံခန်းတွင် "နိဗ္ဗာန် တောင်ကိုင်၊ ကောင်းခေါင်တိုင်နိုက်"။ ။ဘူရိဒတ်ဇာတ်ပေါင်းတွင် "ကုန်း ကြည်းတောင်ကိုင်၊ ဖျက်မနိုင်သို့၊ မတိုင်မချင်း" ဟု စပ်ဆိုသည်၊ မတိုင် မချင်းကား နိဗ္ဗာန်ဟူ၏၊ ဆုတောင်းခန်းတွင် "ကြောင်းတော်ဖိုင်ဖိုင်၊ တောင်ကိုင်မြေသံ့" ဟု စပ်ဆိုသည်၊ ဤစပ်ခြင်းကား ခိုးသားဘေးဒဏ်မယှိ သောအရပ် ဟူလို။

**တမုန်**-ကား လှေပဲ့သမား, လှေပဲ့သူကြီး ဟူလို၊ ဟတ္ထိပါလတွင် "ဘေး မထိအောင်၊ လှေကြည်းဆောင်သည်၊ ပဲ့ထောင်သမား၊ တမုန်ဖျားနှင့်" ဟု စပ်ဆိုသည်။

**တပြုံပြည်းပြည်း**-ကား အဖန်တလဲးလဲး, အမြဲးမကွာ ဟူလို၊ ဟတ္ထိပါလတွင် "တိတီရက်ပုံ၊ တပြုံပြည်းပြည်း၊ အချည်းမသွား၊ လူသက်စား၍" ဟု ဆိုသည်။

**တန်သို**-ကား တိုင်ဖူး ဟူလို၊ ပါရမီခန်းတွင် "တောင်ထွင့်မြင်းမိုရ်၊ ရစ်သားပြိုဟ်ဖြင့်၊ တန်သိုတိုင်ဖူး၊ ကြယ်စိုင်ရှူးကား"။ ။သုဝဏ္ဏသျှံသဒ္ဒေးခန်းတွင် "အထက်ကွန်းပြင်၊ တန့်သိုဆင်လျက်၊ တုရင်ကမောင်း" ဟု စပ်ဆိုသည်။

**တဲး**-ကား ထိုနိုက်ကြသည် ဟူလို၊ ပါရမီခန်းတွင် "မပြိုမကွဲး၊ ပြိုင်တဲးမခွပ်၊ ထိပါးလပ်၏"။ ။ဘူရိဒတ်လက်ာကြီးတွင် "ခြိမ်းခြိမ်းမဲ့မဲး၊ ကြက်နှယ်တဲးလျက်" ဟု စပ်ဆိုသည်၊ "တစောင်းကြက်နှယ်တဲးလေကုန်၊ ကိုထံငံ-ဖိုလွှဲးလေကုန့်" ဟု စပ်သေး၏၊ ကြွက်ခွပ်သကဲ့သို ဟု ဆိုလိုသည်။

**တော်လှန်**-ကား ကျွန့်အဖြစ်ကလွတ်သည် ဟူလို၊ ဘူရိဒတ်ဇာတ်ပေါင်းတွင် "ဘဝစုန်ဆန်၊ သေမင်းကျွန်မှ၊ တော်လှန်မင်းစစ်၊ မဖြစ်ချေမိ၊ ဝဋ်ရှိ"ဟုစပ်ဆိုသည်။

**တီတွက်**-ကား နွေးဖျဉ်း, ဖင့်နွဲးသည် ဟူလို၊ ဘူရိဒတ်လက်ာကြီးတွင် "ခဏာတီတွက်၊ ရက်ရက်မလာ၊ ကြာကြာတင်တင်၊ နေခဲ့ကျင်၍"။ ။ဆုတောင်းခန်းတွင် "ခုံမင်ရက်ရက်၊ ချွံချွံသက်၍၊ တီတွက်မဆေး၊ ဖျဉ်းစွာနွေးခဲ့" ဟုစပ်ဆိုသည်၊ ဆရာအချို့ကား တီတွက်ကို အစင်ဆေးသည် ဟူ၍ အယူယှိလေ၏။

**တုံ**-ကား တန့်ရပ်သည်ဟူလို၊ ပါရမီခန်းတွင် "စီးခြင်းမရှိ၊တုံဘိညာရေ၊ အကြေမသွား၊ တန့်၍နား၏" ဟုစပ်ဆိုသည်၊ အမြစ်ထေ့သံနှင့်တုံ့ဟု မဖတ်ရ၊ တုံ-ဟူ၍ သေးသေးတင်သက်သက်သာ ရွတ်ဖတ်ရမည်၊ အချို့တုံ့-ဟု အမြစ်သံနှင့်ဖတ်ကြသည်ကို ကြားဘူး၏။

**တံစမ်း-တန်စမ်း**-ကား တောင်ပြတ်ကမ်းပါး ဟူလို၊ ကျောက်နို့,ကျောက်တန်းတို့မှ ထွက်သည့်ရေဆိုလိုသည်၊ ဆုတောင်းခန်းတွင် "ရေရှင်နိုးကမ်း၊ တံစမ်းလည်းထွက်" ဟု စပ်ဆိုသည်၊ ကျောက်တောင်မှ ထွက်သောရေလည်းဆိုကြ၏၊ ကျောက်စက်ရေလို့လည်း ခေါ်ကြ၏။

**တက်လောင့်-တက်လဲး**-ကား ဝမ်းထဲးနိုက် တလုံနွေးနွေး, တထွေးထွေး ယှိသည် ဟူလို၊ ဘူရိဒတ်လက်ာကြီးတွင် "သဘောမဖြောင့်၊ နှလုံးနှောင့်၍၊ တက်လောင့်တက်လဲး၊ ယှဉ်ဖော်ရှဲး၍၊ ဝမ်းကွဲးဝမ်းပါး၊ နှောင့်ထီးသွားမှု" ဟု စပ်ဆိုသည်။

**တစ်**-ကား ဆွတ်သည် ဟူလို၊ ပါရမီခန်းတွင် "တောပန်း ရောက်လစ်၊ ခွေးအားပစ်မူ၊ ဆွတ်တစ်လျှာရည်၊ ထိုခွေးသည်လျှင်" ဟုစပ်ဆိုသည်။

**တွင်းကျင်း**-ကား ဖောက်ထွင်းနိုင်သောပညာယှိသည် ဟူလို၊ ဆုတောင်းခန်းတွင် "သက်ာလည်းကင်း၊ တွင်းကျင်းကြီဘန်၊ သုထက်လွန်၍" ဟု စပ်ဆိုသည်။

**တိုးတည့်**-ကား အနီးအပါး ဟူလို၊ သုဝဏ္ဏသျှံသစ္စာခန်းတွင် "သစ်သီး အမည်၊ သစ်မည်စည်လည်း၊ တိုးတည်အပါး၊ ရှေ့တော်ထားဧ်"။ ။ ရဝေရှင်ထွေးဆို ရွှေနန်းကလျှင်ချီ ရတုတွင် "မိုးယံးစည် ကျူးတို့ခဲ့မည် လော၊ တိုးတည်ကူးတို့ခဲ့မည်လော"။ ။သိဂရတွင် "နောင်လတ် နောင် ကြီး၊ တိုးတည်နီးလျက်၊ အပြိုးစဏား၊မဆိုအားပဲ" ဟု စပ်ဆိုသည်၊

**တသက်လျှာ**-ကား အစိုးမပိုင်တာခဏ ဟူလို၊ ဘုံခန်းတွင် "သတင်းမဲ့ ပါ၊ တသက်လျှာလျှင်၊ ရံခါမအား၊ သု-ရတားကို၊ ငါး၍စို့ပို့၊ စီးသည်တို့ ဖြင့်" ဟုစပ်ဆိုသည်။

**တွေးတောသင်**-ကား ဆင်ခြင်နှိုင်းဆသည် ဟူလို၊ ဘူရိဒတ် ဇာတ်ပေါင်း တွင် "တောမင်းသီဟ၊ တိုင်းတွဆင်ခြင်၊ တွေးတောသင်၍၊ နားဝင်ဆုံးမ၊ နေထိုင်ကြသို့" ဟုစပ်ဆိုသည်။

**တောင်မြစ်**-ကား တောင်မြောက် ဟူလို၊ ဟတ္ထိပါလတွင် "ပျော်ပျော် ပါးပါး၊ တောင်မြစ်သွားသော်၊ စုလျားပေါ်တင်၊ နီလွင်ကိုယ်ဝတ်" ဟု စပ်ဆိုသည်၊ တောင်သို့လည်းကောင်း, မြစ်သို့လည်းကောင်းဟု ယူကြ၏၊ ဆုတောင်းခန်းတွင် "ခပ်နှံ့တွက်သံ၊ တောင်ကြီမြစ်နှံ့၊ မတုံ့မစား၊ နတ် ကြောင်းမှားလျက်" ဟု စပ်တော်မူရာနှိုက် တောင်ကြီ မြောက်ကြီ အ ချွတ်ချွတ်အယွင်းယွင်းနှင့် နတ်ကြောင်းမှားလေ၏ ဟု ဆရာတို့မိန့်ကုန်သည်။

**တပ်မြွေ့**-ကား တပ်စွန်းချစ်ခင်သည် ဟူလို၊ ဘူရိဒတ် ဇာတ်ပေါင်းတွင် "အလွန်ညစ်ညမ်း၊ အကျင့်သွမ်းကို၊ ဝမ်းမျှမြွေ့တပ်၊ ရှိအပ်သလော၊ အဿာသရောမှ၊ မနောညစ်ကြေး၊ ဥဏ်ရေဆေးအံ့"။ ။ဆုတောင်းခန်းတွင် "နိရာလယ၊ တောင့်တတပ်မြွေ့၊ မရှိမြွေတည့်၊ ရသေ့တို့အား၊ လူဝတ်စား နှိုက်။ ။ရှင်ဖြူရသေ့၊ လွန်သိမ်မွေ့လျက်။ ။ချစ်မြွေ့ညွတ်တိမ်း၊ မပ်သတည်း" ဟူ၍ စပ်ဆိုလေသည်။

**တမြေး**-ကား အကြောင်းတူ ဟူလို၊ ဆုတောင်းခန်းတွင် "မြည်တမ်း ရွတ်သား၊ ညောင်ကြွတ်ပင်ထက်၊ မယ်ယှဉ်ငှက်နှင့်၊ နှိုင်းချက် ချေသော်၊ တမြေးလျော်" ဟုစပ်ဆိုသည်။

**တံလ-တလ္လ**-ကား စက်ဆုပ်သည် ဟူလို၊ ပါရမီခန်းတွင် "တံလရှိရည်၊ သရော့နည်ဟု"။ ။ကိုးခန်းတွင် "တံလ အညစ်အညူးတည်း" ဟု စပ်ဆိုသည်၊ အချို့စာမူများတွင် တလ္လ-ကို လ-ဒွေးဘော်နှင့်ရေးသည်ကို တွေ့ရသည်။

**တည်းဖြန့်**-ကား စာပေ တိုက်ဆိုင် ပြင်ဆင်သည် ဟူလို၊ ကဝိလက္ခဏာသတ်ပုံတွင် "စာပေတည်းဖြန့်၊ အပြီးသတ်၊ ကမ္ပတ်အုပ်ချုပ်တင်"ဟူ၍ စပ်လေသည်၊ တည်းဖြန့်သည်၊ စာကြည့် စာမ ပြင်ဆင်သောဆရာ-ဟူ၍ ခေါ်ဝေါ်ကြသည်ကိုကြားဘူး၏၊ အချို့တည်းပြင့်ဟု ရေးကြသည်။

**တသုန်**-ကား တစုတရုံး ဟူလို၊ ကိုးခန်းတွင် "တောထွက်ပါရမီ၊ခဲးအပ်ညီကို၊ သွေးသည်တသုန်၊ ခြီးမွမ်းဟုန်ဖြင့်"။ ။ပုံတောင်နိုင်မော်ကွန်းတွင် "နဂါးတသုန်၊ ဂဠုန်တတန်၊ ဂုမ္ဘဏ်တတိုက်၊ ရက္ခိုက်တစု"ဟုစပ်ဆိုသည်။

**ထွေငေါ်**-ကား ကြီစည်သည် ဟူလို၊ ဆုတောင်းခန်းတွင်"မလွဲးထွေငေါ်၊ ကြံဆသော်လျှင်၊ သွားဘော်မမှား"။ ။ပါရမီခန်းတွင် ထွေငေါ်ဤသို့ကြံလတ္တည်း"ဟု စပ်ဆိုသည်။

**ထင်းပန်း**-ကား တူနိုးသည် ဟူလို၊ ဟတ္ထိပါလတွင် "ညှိငေါက်ထင်းပန်းနိုးသတည်း"။ ။ဂမ္ဘီသာရတွင် "ညှိငေါက်ချွေးခန်း၊ မှတ်ထင်းပန်းသား"။ ။ဘုံခန်းတွင် "ပြောက်ပြောက်စွန်းစွန်း၊ ဆေးထင်းပန်းသား၊ လက်သန်းလက်ချောင်း"ဟုစပ်ဆိုသည်။

**ထိုက်**-ကား ရိုက်ခတ်သည်ကိုဆိုလိုသည်၊ ပါရမီခန်းတွင် "အပြစ်ရှိကြိုက်၊ ထိုက်၍တဖန်၊ ဆေးတိုက်ပြန်သို့"။ အပြစ်ရှိကြိုက် ရိုက်ပုတ်ပြီးလျှင် ဒဏ်ဆေးပေးပြန်သည်ဟူလို။ ။ဘုံခန်းတွင် "ညစ်ပတ်မကြိုက်၊ အရှင်ထိုက်သည်၊ လိုက်လိုက်ကျင့်သီး"။ အရှင်ရိုက်ပုတ်သော်လည်း အလိုက်သင့်ကျင့်သည်ဟူလို၊ ဤစကားတို့ဖြင့် ရိုက်ခတ်သည်ပရိယာယ်ကိုမသိသာဟူငြားအံ့၊ ငရဲခန်းတွင် "ခြိမဝင်လို၊ နွားကျွဲကိုလျှင်၊ နှင်ဖြိုပုတ်ထိုက်၊ ဆီးတားလိုက်သို့"ဟု စပ်ဆိုသည်ကိုထောက်သဖြင့် သဘောကျရာ၏။

**ထက်တိုက်**-ကား ယခုတိုင်အောင် ဟူလို၊ ဆုတောင်းခန်းတွင် "ငယ်ကထက်တိုက်၊ အမှိုက်မြက်စား၊ နွားတရထည်"ဟုစပ်ဆိုသည်။

**ထိမ်း**-ကား ခုတ်ဖြတ်သည် ဟူလို၊ ပုံတောင်ဖွဲ့တွင် "ကြေငြာခပ်သိမ်း၊ ရန်စစ်ထိမ်းလည်း၊ မတိမ်းမပါး၊ အောင်ကြိမ်းများကို"။ရန်စစ်ကိုခုတ်ဖြတ်သည်သည်ဟူလို၊ ထိုစကားလည်း ရပ်စွန်ပြည်နားသားတို့သာ ခေါ်ဝေါ်

ပြောဆိုလေ့ယှိတော့သည်၊ ခေါ်ဝေါ်ဟန်ကား—သစ်ခုတ်သည်ကို သစ်ထိမ်းသည်၊ တောခုတ်သည်ကို တောထိမ်းသည် ဟုဆိုလေ့ယှိကြ၏၊ သုသာန်သင်းချိုင်းစောင့်တို့ကိုလည်း တောခေါင်း,တောကြပ်, တောထိမ်းဟု ခေါ်ကြောင်း စာတမ်းတွေ့ဘူး၏။

**ထက်ချည်း**-ကား ယိုယွင်းပျက်စီးသည် ဟူလို၊ ပါရမီခန်းတွင်"အောက်ဟင်းလင်းဖြင့်၊ ကျယ်ဝင်းထက်ချည်း၊ ယိုသော့နည်းလျှင်း ။မရဗျာဒိတ်၊ ထက်ချည်းပိတ်၏"ဟုစပ်ဆိုသည်။

**ထိုးထောင်း**-ကား အတောင့်အကွေး, မော်ယွန်းထွက်သည် ဟူလို၊ သုဝဏ္ဏသျှံသဒ္ဒေးခန်းတွင် "အကိုယ်လျောင်းလျောင်း၊ ခရမိကျောင်းကို၊ ထိုးထောင်းကမ်းပါး၊ ကြောက်ခွံ့ငြားတို့" ဟု စပ်ဆိုသည်၊ ယခုသရော်ဝိသဇ္ဇနီနှင့်မခေါ်၊ အမြစ်ထွေ့သံနှင့် ထိုးထောင့် ဟုခေါ်ဝေါ်ပြောဆိုကြ၏၊ ထောင့်ကွေးသည်, ခရီးထောင့်သည်,ထောင့်ကြွားသည်လည်းဆိုကြ၏။

**ဒုဟ**-ကား နှစ်ခွယှိသည် ဟူလို၊ ပါရမီခန်းတွင် "တွေးတောနှစ်ခွ၊ ကြိဒုဟဖြင့်၊ ဆုတ်ရပိတ်လေ၊ တက်ချိမ့်လော"ဟုစပ်ဆိုသည်။

**ဒေါမား**-ကား အိုးကြီး ဟူလို၊ မင်းတရားရွှေထီးမယ်တော်ဧးချင်းတွင် "ခေါင်ရင်းဒေါမား၊ မဲးဆားစိမ်းကော"ဟု စပ်ဆိုသည်၊ ယခု အမဲး,ငါး, ပစ္စန် စဉ်းကောသည် ဟုဆိုကြ၏။

**မိမ္ဂိုင်း-မိပ်မ္ဂိုင်း**-ကား အကြီးအမြတ် ဟူလို၊ ရတနာဗိမာန် ကျောက်စာတွင် "မပျက်မိမ္ဂိုင်း၊ စိုးကျပ်ထိုင်းသား၊ စကိုင်းကြီးတော်၊ မော်ကျောက်ဆောင်လျှင်"ဟု ရှင်မဟာသီလဝံသရေးတော်မူသည်၊ ကဗျာ,ဧးချင်း,ပျို့, လင်္ကာတို့နှိုက် မိမ္ဂိုင်းဟူ၍စပ်ဆိုသည်များကို အထွတ်အထိပ်ဆိုလိုသည်ဟု နောက်သားတို့ထိပ်မ္ဂိုင်း, မိပ်မ္ဂိုင်းသာ ရေးသားကြသည်ကိုတွေ့ဘူး၏၊မိမိုင်းဟူ၍လည်း ရေးကြသေး၏။

**မဝဲယ်ညွှင်း**-ကား အမိုးအုပ်ကြွပ် ဟူလို၊ ဘုံခန်းတွင် "မဝယ်ညွှင်းကို၊ နတ်မင်းတို့ဝယ်၊ ရှင်းရှင်းပယ်၍"ဟု စပ်ဆိုတော်မူသည်။

**နှင်းပန်း**-ကား တူနိုးသည် ဟူလို၊ ပါရမီခန်းတွင် "ပုခက်နှင်းပန်းနိုး၏တည်း"။ ။ဆုတောင်းခန်းတွင် "ရွှေပုံပုထိုး၊ နှင်းပန်းနိုးလျက်"။ ။ နှင်းပန်းနှိုင်းဟူ၍လည်းရေးတော်မူ၏၊ စကိုင်းရတနာဗိမာန်ကျောက်စာတွင် "မြင်းမှိုရ်ရုံခိုင်း၊ နှင်းပန်းနှိုင်းသား၊ စကိုင်းကြီးတောင်"ဟု စပ်ဆိုတော်မူသည်။

**နစ်နော**-ကား အစကသည် အဆုံးတိုင်အောင် နှိုင်းရှည့်ဆင်ခြင်သည် ဟူလို၊ ပါရမီခန်းတွင် "ဒြိုးစီးစိမ့်လော၊နီးပိမ့်လောဟု၊နစ်နောတိုင်အောင်" ဟု စပ်ဆိုသည်။

**နက်တံ**-ကား အတိမ်အနက်,အနှေးအလျှင် ဟူလို၊ သံဝရတွင် "ရွှေလှော် မင်းစံ၊ အသွေးခံသည်၊ နက်တံလေးလျှင်၊ စမ်းစေချင်၏"ဟု စပ်ဆိုသည်။

**နစ်**-ကား နောက်သို့ပြန်ဘည် ဟူလို၊ သံဝရတွင် "အုတ်ကျက်ကျောက် စစ်၊ တောင်ကိုပစ်သို၊ ဆုတ်နစ်ချေကာ၊ မနိုင်သာခဲ့"ဟု စပ်ဆိုသည်။

**နေအတ်-နေအစ်**-ကား နေပူ ဟူလို၊ ပါရမီခန်းတွင် "ပူအစ် နေအတ်၊ ရေဝတ်အာသာ၊ ပြေငှါမရှိ"ဟု စပ်ဆိုတော်မူသည်၊

**နားပါးမှုတ်**-ကား နားပါးဝင်အောင် ဖြည့်ဖြူးသည် ဟူလို၊ ရွှေဟင်္သာ ပျို့တွင် "မုတ်ဆိုးသားကို၊ နားပါးမှုတ်ရ၊ ဆွဆွကြည်နူး၊ မူးလေပြီးရှင့်၊ မစိုးလင့်"ဟု စပ်ဆိုသည်၊ ပါရမီခန်းတွင် "နားပါးမှုတ်သည်၊ မဟုတ် စွာထွန်၊ မြင်တိုင်းပြန်၏"ဟု စပ်ဆိုသည်ကို မြင်၍ နားပါးမှုတ်ဆိုသည် ကား မဟုတ် ဆိုလိုသည် ဟု ဆရာအချို့အယူမှားကြ၏၊ မသင့်။

**နခေါ်နချည်**-ကား အောင့်သီး အောင့်သက်, အမျက်မူသဖြင့် စနောင် စနင် ယှိ၏ ဟူလို၊ သုဝဏ္ဏသျှံ သချင်းခန်းတွင် "အိမ်ရှင်နှိုးဆော်၊ လုပ်ကြီ သော်လည်း၊ နခေါ်နချည်၊ ဖရည်သောက်နှမ်း၊ ကိုယ်သရမ်းနှင့်"ဟု စပ်ဆို သည်၊ နခေါ် နချည်း ဟူ၍လည်း သုံးကြသေး၏။

**နှာဝေနှာစည်း**-ကား နှလုံးမသာ,နာကြည်း၏ ဟူလို၊ ဘူရိဒတ် ဇာတ် ပေါင်းတွင် "ပျို့တို့တထွေ၊ အောင်းမေ့ချေသော်၊ နှာဝေနှာစည်း၊ နှလုံး ကြည်းခဲ့၊ ချည်းချည်းပျုံ့ပျုံ့"ဟု စပ်ဆိုသည်၊ ရှေးသတ်ညွှန်းဆရာ၏ အယူ မှာ နားမှာဝေဆာစည်းနှောင်သကဲ့သို့ ယှိသည်ဟု ဆိုးဖြတ်လေ၏၊ ပျို့တို့ တထွေ-ဆိုရာမှာ ဤအမှုကို မပြုလိုပြီ၊ ပျို့အံချင်သကဲ့သို့ ဝမ်းထဲက ပျို့ပျို့ လှာသည် ဟု ဆိုဟန်တူသည်။

**နရား**-ကား ကြောက်ဖွယ်ဘနန်း,ကြောက်လိခမန်း ဟူလို၊ ဆုတောင်း ခန်းတွင် "အသက်ဦးထိပ်၊ ထားလျှင်နှိပ်သည်။ ။သေဆိပ်ကြောက်ကြွမ်း နရားတည်း"ဟု စပ်ဆိုသည်၊ နရားသဒ္ဒါကား ကြောက်ကြွမ်း အရှည်မျှသာ၊ အနက်မယှိ ဟု အချို့ဆရာတို့ ဆိုစကုန်၏၊ နရသဒ္ဒါသည် လူကိုဟောသည် ဖြစ်၍ နရာ-ဟူလိုသည် ဆိုစကုန်၏၊ ထိုစကားကို ပညာယှိအချို့တို့ မနှစ်သက်။

**နှစ်ထောင်း**-ကား အားရဝမ်းသာ ဟူလို၊ ရွှေဟသ်ာပျို့တွင် "နှစ်ထောင်းဝမ်းသာ၊ ငါလည်းကောင်းချီး၊ ပေးခဲ့ပြီးမှ"။ ။သုဝဏ္ဏသျှံ သစ္စာခန်းတွင် "ဆွေမျိုးတော်ဟောင်း၊ ငါနှင့်ပေါင်းက၊ နှစ်ထောင်းဝမ်းသာ"ဟု စပ်ဆိုသည်။

**ပလေးပလာ**-ကား မရည်မင်, မလေးမလောက်, ပြက်ပြယ်သမှုပြုသည် ဟူလို၊ ဘူရိဒတ်လင်္ကာကြီးတွင် "ကျိုးနွံ့လုပ်ရွေး၊ အတွင်းခွေးကို၊ ပလေးပလာ၊ တို့ရှင်မှာသို့။ ။ဘယ်စာ စေလိုက်တုံသနည်း"ဟု စပ်ဆိုသည်။

**ပတ်လျ**-ကား လုလင်ပျို ဟူလို၊ ဟတ္ထိပါလတွင် "ဆယ့်ခြောက်နှစ်စင်၊ တွက်ကြိုးဝင်သား၊ လုလင်ပတ်လျ၊ ယခုမှလျှင်"ဟု စပ်ဆိုသည်၊ သူဟောင်းတို့လည်း အထီးဆိုသော် အမ, အမဆိုသော် ပတ်လျ ဟု ဆိုထုံး ပြောထုံး ပြုလေ့ ယိုကြ၏။

**ဖြွိစ်**-ကား ဖွင်လျှော်သည် ဟု ဆိုလိုသည်၊ ဘူရိဒတ် ဇာတ်ပေါင်းတွင် "ရေကြည်လျှော်ဖြွိပ်၊ နှလုံးဖွိပ်၍၊ လှပ်လှပ်စင်ဖြူ"။ ။ပါရမီခန်းတွင် "ဒိုင်ကောင်းသီတာ၊ ဌက်မာနိုက်၊ ဖြွိပ်ကာလက်မွန်၊ ခဏဝန်ဖြင့်၊ စင်တန်ငင်းစွာ"ဟု စပ်ဆိုသည်။

**ပုရစ်**-ကား ညွန့်ဖူး, ပွင့်မုံတို့နိုက် အတွန့်အတွန့် ချပ်သေးဝတ်သေး ဟူလို၊ ဇေယျရန္တမိတ်ဆို ရတုသုံးပိုဒ်ချီတွင် "ခုနစ်ခွေလျှင်၊ ပုရစ်ဖြေသင်၊ စုလစ်ရွှေစင်"။ ။မင်းနဝဒေးဆို သင်နှစ်ရက်ခွေချီရတုတွင် "ရွက်ဟောင်းပြုတ်လည်း၊ ကျေးနုတ်ဖူးသစ်၊ ပုရစ်ရင်ပြန်၊ ညောင်းနုလှန်က"။ ။မလွှမ်းသသူချီရတုတွင် "မကျန်ငုံကင်း၊ ကြွင်းသို့မထင်၊ ညွန့်ရှင်ရုံးရုံး၊ စလဲးတွန့်သစ်၊ ပုရစ်ပြေစ၊ မြရရံတိ၊ ကျံသည့်ရွက်လည်"ဟု စပ်ဆိုသည်။

**ပလုပ်ပလောင်း**-ကား နှစ်ထောင်းအားရ လုပ်ပြည့်လုပ်ဝန်း စားသောက်သည် ဟူလို၊ ပြာဋိဟာခန်းတွင် "ဆိုးတောင်ပြစ်ယုတ်၊ ဟင်းရွက်ပြုတ်မျှ၊ ပလုပ်ပလောင်း၊ ဝမ်းခေါင်းပြည့်ဝ၊ စားရထမင်း" ဟု စပ်ဆိုသည်။

**ပန်းလည့်**-ကား စက် ဟူလို၊ သံဝရတွင် "တိတိဝန်းရှည့်၊ ပန်းလည်လှည့်သို့" ဟု စက်လည်သကဲ့သို့ ဆိုလိုသည်၊ သုံးထောင်မှူးဆို ရတုတွင် "မေရုဗဟိုဋ္ဌ၊ မြင်းမိုရ်ဦးကိုင်၊ ပန်းလည်တိုင်ကို၊ ကြို့ခိုင်စွာနိုး၊ ပွတ်ငင်ကြိုးမှု"ဟု မြင်းမိုရ်ဟူသောစက်တိုင် ဆိုလိုသည်။

**ဖိတ်စပ်**-ကား ဂုဏ်သတင်း ပျံ့နှံ့သည် ဟူလို၊ ပါရမီခန်းတွင် "မြေမိုး ဆုန်းခပ်၊ အထပ်ထပ်နှိုက်၊ ဖိတ်စပ်ချောင်းချောင်း၊ ဂုဏ်နံ့လှောင်းလျက်" ဟု စပ်ဆိုသည်၊ အဝေးကိုရည်လျှင် "ပြန့်နှံ့" ရေးသင့်၏ဟု ရခိုင်ဆရာ တို့မိန့်၏။

**ပေါယာယ်**-ကား အများ ဟူလို၊ ရွှေဟသ်ာပျို့တွင် "ဝန်းကျင်မှူးဘွယ်၊ စီး စိမ်သွယ်လျှင်၊ ပေါယာယ်လုပ်ဓွဆောင်"။ ။ဘုံခန်းတွင်"တောင်ယောက်နုနယ်၊ ကြက်သငယ်သို့၊ ပေါယာယ်လန့်ဗိုး" ဟု စပ်ဆိုသည်။

**ပုဆွန်း**-ကား နတ်ထိန်းနတ်ဝင် ဟူလို၊ ရတနာနဒီမော်ကွန်းတွင် "ဈေး တီးစဉ်လာ၊ နတ်ရကာပြင်ဆင်၊ ပွယ်ရင်တွေးလည်၊ ပုဆွန်းသည်ကို၊ ငါး မည်ဘောဇဉ်၊ ချိုချဉ်မြတ်လေး၊ လုပ်ကျွေးပြီးသော်" ဟု စပ်ဆိုသည်၊ ကဝိ လက္ခဏာ သတ်ပုံတွင် "အိပ်လိုရဟာန်း၊ စားလိုမှန်း၊ ပုဆွန်းလုပ်ပါလေ" ဟု စပ်သည်၊ အဓိပ္ပါယ်ကို ကြံယူတော့၊ ဖုန်းကြီးများနှင့်ဆိုင်သည်။

**ပြောင်**-ကား အကြီးအငယ်စသည် ဟူလို၊ ဟတ္ထိပါလတွင် "င-သားညီ နောင်၊ ယှိလောက်အောင်လျှင်၊ ကြီးပြောင်စင်မြောက်၊ ထီးနှင့်လျောက် ၏"။ ။ရတနာပြောင်မွန်ဆင်တော် မော်ကွန်းတွင် "ပြိုးပြက်အရောင်၊ ကိုယ်လုံးလောင်သား၊ မုံပြောင်ပေါက်ကြီး၊ ဇာနည်ဗီး၍"။ ။ပါရမီခန်း တွင် "မယားပိန်ပြောင်၊ မောင်နှမရင်း"။ မယားငယ်ဟူလို၊ ခုနစ်ခွေလျှင်ချို ရတုတွင် "စမ္ပာပန်းလောင်၊ ယဉ်ပြောင်တဆင်း"။ မြစ်ငယ် ဟူလို၊ ဆုတောင်း ခန်းတွင် "တဖဲ့ကိုယ်ပြောင်၊ ငေါင်းအယောင်လျှင်၊ လင် ထောင်လင်ကန့်၊ ခြေဆန့်လက်ခိုင်၊ မြင်းကြိုးယိုင်သို့"။ **မစွမ်းမသန်** ဟူလို၊ ရာဇဝင်တွင် ခြေတဖက် မစွမ်းမသန်သော ပန်းရ-ဥဇနာခပြောင်လည်း ဤ နည်းတူမှတ်၊ နေမိန္ဒိကွမခန်းတွင် "ထင်းသွေ့ပြောင်သို့၊ ငတောင်င ခြောက်"။ သွေ့ရောင်းသော ထင်းချောင်းအခြောက်ဟူလို၊ ဆုတောင်းခန်း တွင် "ဘေးကုံဘောင်ကို၊ အပြောင်ညီစွာ"။ခြိရံသောအခါဟူလို၊ ငရဲခန်း တွင် "အဖြူအနီ၊ အပြောင်ညီလျက်"။ အညီအညွတ်ဟူလို၊ ခွေးများအပြောင် ညီ၏သို့ အချို့ပြောလေ့ယှိကြ၏၊ သံဝရတွင် "ထွန်းပပြောင်ပြောင်၊ ကြယ် များဘောင်တွင်၊ ချမ်းရောင်လွှမ်းထ၊ တာရိန္ဒသို့"။ ထွန်းပသည်ဟူလို၊ ထို ပြောင်၏ ပရိယာယ်သဒ္ဒါသည် အလွန်များပြားလျက် ဖြစ်ချေသည်။

**ပူအတ်-ပူအစ်**-ကား ပူလောင်သည် ဟူလို၊ ပါရမီခန်းတွင် "ပူအစ်နေ အတ်၊ ရေတော်အာသာ၊ ပြေငှါမရှိ" ဟု စပ်ဆိုသည်။

**ပွဲး**–ကား အကြွင်းမရှိ, ကုံစင်ပြီ ဟူလို၊ ဟတ္ထိပါလတွင် "ရွှာဝှန်ညှံ့စဲး၊ မိုယ်းလပွဲးသော်၊ ဝမ်းပဲးနှစ်ခု၊ လုလင်နုတို့"။ ။ပဲးခိုးမိဖုရားဆို ဝဂ်ဘာ လှင်ချီရတုတွင် "ဝသန်ရတု၊ ကျွတ်လုဆဲးဆဲး၊ မိုယ်းလည်းပွဲးခဲ့၊ ရဲးရဲးရောင်ခြည်" ဟု စပ်ဆိုသည်၊ ဤစကားကို ရပ်ကြီးပြည်မသားတို့ ပြောလေ့သုံးလေ့မပြုပြီ၊ ရပ်စွန်ပြည်နားသားတို့သာ ပြောဆိုလေ့ ပြုကြသည်ကို တခါတရံ ကြုံကြိုက်၍ ကြားရသေး၏။

**ပြုတ်တု**–ကား မချွတ်မလွဲး, အမြဲး ဟူလို၊ ပါရမီခန်းတွင် "င-မှားယခု၊ ယူသည့်ဆုလည်း၊ ပြုတ်တုမလွဲး၊ ချွတ်ရခဲး" ဟု စပ်ဆိုသည်။

**ပက်ပါ**–ကား ရင်ဆိုင်တူရှု ဟူလို၊ ဆုတောင်းခန်းတွင် "ပက်ပါဥကြို၊ တောင်စခိုသည်၊ ချောင်လျှိဆည့်ကန်၊ ရေပြည့်အန်သို့" ဟု စပ်ဆိုသည်။

**ပစ္စူ**–ကား ပုဆိုးဖြူ ဟူလို၊ ဘုံခန်းတွင် "ပိုက်ခြုံကျွမ်းသူ၊ လွှမ်းရမူကား၊ ပစ္စူလွှမ်းထပ်၊ ရန်ချင်းအပ်လျက်"။ ။ဘူရိဒတ်လက်ာကြီးတွင် "ညောင်ရွက်လူလူ၊ ရွှေကြယ်ခြူနှင့်၊ ပစ္စူစလပ်၊ သုံးထပ်အမိုး"။ ။မင်းရဲးဒိဗ္ဗဧချင်းတွင် "နရပတိစည်သူ၊ ပစ္စူဖြန့်လွှား၊ ငါးကျိပ်ငါး" ဟု စပ်ဆိုသည်၊ ပုဆိုးဖြူ လွှမ်းသော ထီးဖြူ ဟူလို။

**ပွတ်တွန်း**–ကား အညီအညွတ်သင်းချောတိုက်သည် ဟူလို၊ ပါရမီခန်းတွင် "ရူသာဘနန်း၊ ပွတ်တွန်းသင်းချော"။ ။ဆုတောင်းခန်းတွင် "ပွတ်တွန်းနားရှဉ့်၊ အင်ပျဉ့်ပမာ" ဟု စပ်ဆိုသည်။

**ပုလဲးတမူး**–ကား နှစ်သက် လေးမြတ်သည် ဟူလို၊ ဆုတောင်းခန်းတွင် "အမြတ်သုံးစွဲး၊ ပုလဲးတမူး၊ အထူးသုတ်သင်"။ ။ဘူရိဒတ်လက်ာကြီးတွင် "နှစ်သက်မရဲး၊ ပုလဲးတမူး၊ ပုံ့ဖျူးလည့်ညာ" ဟု စပ်ဆိုသည်။

**ပလာ**-ကား အရံအကာမယှိ, ပကတိဟင်းလင်းဟုဆိုလို၏၊ ထိုစကားသည် တလိုင်းဘာသာဖြစ်သည်ဟု ဆိုးဖြတ်ကြ၏၊ တလိုင်းဘာသာဖြစ်လျှင်လည်း ရှေးပေါရာဏမဆိုစကောင်း၊ ဟတ္ထိပါလတွင် "သစ်ပင်မဆို၊ သစ်ငုတ်တိုဟု၊ မရှိမသော၊ ပညတ်လေသည်။ ။ခေါ်ထွေတပလာကြီးတည်း" ဟု သစ်ပင်မှသည် သစ်ငုတ်ဟူသောအမည်တပါးသို့ လာပြန်သည်ကိုစွဲး၍ စပ်ဆိုတော်မူသည်၊ တပလာကြီးဟု တလိုင်းဘာသာနှင့် စပ်ယှက်၍ ယူကြသည်မှာမသင့်၊ ဆရာအချို့တိုလည်း ခေါ်ထွေပလာသကြီးလည်း ပလာသသဒ္ဒါသည် အဖျင်းကိုဟော၏ဟု ယူကြ၏၊ များစွာသောစာတို့နှိုက်မယှိဖြစ်၍ တပလာသာ သင့်မြတ်မည်ထင်သည်။

**ပုပ်ပေါင်း**-ကား တောချုံ ဟူလို၊ မြေ့ခန်းတွင် "ချုံပုပ်ပေါင်းကို၊ သံတောင်းနွှေလ၊ မီးပွါးကျသော်"ဟု စပ်ဆိုသည်။

**ပရိုက်း**-ကား အဆီးအတား ဟူလို၊ ဤကား အချို့ဆရာတို့အလိုတည်း၊ ပေါရာဏစကားမျိုးမဟုတ်ချေ၊ ပရိဝေဏ-သဒ္ဒါ၏ အဟောအလိုမှာ တံတိုင်း-ဟူလို၊ တံတိုင်းမီးတားဟူသည်ကား ယခုမျက်မြင်အဆီးအတား အကာအရံ မဟာရံဟုအခေါ်အဝေါ်ဖြစ်သတည်း၊

**ပစေပဦ**-ကား မရှိမသေ မချေမငံသောစကား ဟူလို၊ ဟတ္ထိပါလတွင် "ရှင်မသဒွေး၊ ပစေးပဦ၊မဟူစသာ၊ အားပါးနာစွ"။ ။ပါရမီခန်းတွင် "ပစေပဦ၊ နင်သင်ဟူလျက်"ဟုစပ်ဆိုသည်။

**ပတုန်ပလဲ့**-ကား အကုံအစင်, အကျန်မဲ့ယို ဟူလို၊ ဆုတောင်းခန်းတွင် "ကျေးဇူးဂုဏ်ကို၊ ပတုန်ပလဲ့၊ အကြွင်းမဲ့လျှင်၊ လေးတွဲ့အညီ၊ကျောက်ဖျာချီသို့"ဟု စပ်ဆိုသည်။

**ပတူပယင်**-ကား ဖွဲ့ဖွဲ့နွဲ့နွဲ့ဆိုသည် ဟူလို၊ ဆုတောင်းခန်းတွင် "အမွှန်တဆူ၊ လေးမြတ်မူလျက်၊ပတူပယင်၊ သိဒ္ဓိတင်သည်" ဟုစပ်ဆိုသည်။

**ပြည့်လင်း**-ကား အပြည့်အလျှံ ဟူလို၊ ဇေယျာရန္တ မိတ်ဆို ခုနစ်ခွေလျှင်ချီရတုတွင် "ယဉ်မြှောင်တဆင်း၊ ပြည့်လင်းရော" ဟုစပ်ဆိုသည်။

**မြွေ**-ကား ပလွေခေါ်သည်၊ တောင်ပေါ်ကရင်လူမျိုးများလည်း ပလွေခေါ်သည်၊ တံပိုးမျိုးယှစ်ပါးတွင် "မြွေ"ခေါ်သည်၊ အငြိမ့်တီးမျိုးခြောက်ပါးတွင် "ညှင်း"ခေါ်သည်၊ ယိုးဒယားနယ် ယွန်းငါးမြို့များတွင် ၎င်းတို့ဘာသာ"ညှင်း"ခေါ်သည်၊ထိုညှင်းကိုမြန်မာလို"မှုတ်"သည်ဆိုသည်၊လူမျိုးအလိုက် အခေါ်သုတိကွဲးလွဲးဟန်ကို ဆင်ခြင်၍မှတ်ရန်ဟိသည်။

**ဖျားရေ**-ကား ယခုအခါ ဒီရေဟုခေါ်ကြသည်၊ ရှင်တေဇောသာရဆိုရတုတွင် "ရခိုင်မူကား၊ လူလည်းတထွေ၊ ရေလည်းတခြား၊ ဖျားလည်းတက်သက်"။ ။ပါရမီခန်းတွင် "ကျလျှော့ဖျားရေ၊ မှန်ဆံဖြေ၍"။ ။မင်းနဝဒေးဆို ခရီးဧမြရှည် ချီရတုတွင် "ရိုင်းလှသည့်မြေ၊ ရောက်တုံလေသော်၊ ဖျားရေချောင်းပြင်၊ရှက်ကြီးဝင်သည်"။ ။မင်းရဲဒိဗ္ဗဧးချင်းတွင် "တိမ်သားမိုယ်းလေ၊ မရွှာနေ၏၊ ဒီရေဖွန်လှိုက်၊ တက်ခါကြိုက်သည်"ဟု စပ်ဆိုသည်၊ ဤကိုထောက်သော် ဖျားသောရောဂါသည် တက်သောရောဂါ ဆိုရပေမည်။

**ဖိုလင့်ကဲ**-ကား အပြည့်အလျှမ်း ဟူလို၊ ဘုံခန်းတွင်"မဖြည့်ရပဲ၊ဖိုလင့်ကဲဖြင့်"ဟု စပ်ဆိုသည်။

**ဖားခုန်ဖားဆင်း**-ကား မညီမညွတ်,ချွတ်ယွင်းသည် ဟူလို၊ ဆုတောင်ခန်း တွင် "ကြမ္မာဟုန်ဖြင့်၊ဖားခုန်းဖားဆင်း၊အယွင်းယွင်းလျှင်"ဟု စပ်ဆိုသည်။

**ဖက်လဲးတကင်း**-ကား စုံစုံမက်မက် နှစ်သက်ဖွယ်ပြုသည် ဟူလို၊ဘူရိဒတ် ဇာတ်ပေါင်းတွင်"မလာဝမ်းထဲး၊ မုသားစွဲး၍၊ ခြေဆွဲးလက်ဆွဲး၊ ဖက်လဲး တကင်း၊ ပေးလျှင်းလိလိ"ဟု စပ်ဆိုသည်။

**ဖုံးရေး**-ကား ငရဲးဘေးသင့်သည် ဟူလို၊ ဆုတောင်းခန်းတွင် မိုက်မိုက် မဲ့မဲး၊ ဖုံးငရဲးအား၊ များများမတာ"ဟု စပ်ဆိုသည်၊ မသင့်မတင့် ပြုကျင့် သည်ကိုမြင်လျှင် ဖုံးငရဲးသင့်မည်ဟု သူဟောင်းတို့ဆိုစလေ့ ပြုကုန်၏၊ နေမိ ဘုံခန်းတွင် "မမိုက်မမဲး၊ ဘုံငရဲးဟု၊နှစ်ကွဲးရှိမူ၊ သိသသူကား"ဟု စပ် ဆိုသည်၊လူ့ဘုံ,နတ်ဘုံ,ငရဲးဘုံဟူလို။

**ဖက်ထစ်**-ကား အမြဲး ဟူလို၊ ဘူရိဒတ်လင်္ကာကြီးတွင် "ရှင်ရင်းမင်းစစ်၊ ဥပရာဇ်နှင့်၊ ဖက်ထစ်မကွဲး၊ အမြဲးနောက်ဘော်၊ ပါချင်တော်လည်း" ဟု စပ်ဆိုသည်။

**ဖုံးဖွက်**-ကား အိုးဖုံးစလောင်း ဟူလို၊ ငရဲးခန်းတွင် "ဟင်းမဲ့ရည်ချက်၊ တပွက်ပွက်လျှင်၊ ဖုံးဖွက်ပိတ်ဆို့၊ ကြို၏သို့လျှင်"ဟုစပ်ဆိုသည်၊ ထိုနှင့်အညီ အိုးကားမပူ ဖုံးဖွက်ပူသည်, စလောင်းပူသည် ဟူ၍ သူဟောင်းတို့ ဆိုကြ ကုန်၏။

**ဖအဲး**-ကား အသျှင် ဟူလို၊ ပါရမီခန်းတွင် "အံ့ဘွယ်သရဲး၊ လွန်ဆ ကဲး၏၊ ဖအဲးသျှင်တို၊ ပစ္စည်းပုံတိ"ဟု စပ်ဆိုသည်။

**ဖြန်းတော**-ကား အလျှင်အမြန်ခြိမ်းချောက်သည် ဟူလို၊ ဘူရိဒတ်လင်္ကာ ကြီးတွင် "ဒိပြင်မုဋ္ဌာန်၊ ရွှေငှက်တွန်သို့၊ လျှင်သန်ဖြန်းတော၊ င-သဘော ကို"။ ။ဟတ္ထိပါလတွင် "ချက်ချင်းလျှင်ဆော်၊ ဖြတ်တုံ့သောဟု၊ ဖြန်း တောခြိမ်းသံ၊ကြောက်ဖွယ်နှံ့သည်"။အလျှင်တဆော ခြိမ်းမောင်းသည်ဟူလို၊ ဆုတောင်းခန်းတွင် "မက်မက်မောမော၊ ဖြန်းတောလတ်သည်၊ လုအံ့ရည် သား"ဟူ၍ စပ်ဆိုသည်၊ အကြာမလင့် တွေ့မြင်လျှင်ပင် လုစားအံ့သည် ဟူလို။

**ဗဟို**-ကား အလယ် ဟူလို၊ ရှင်ရဋ္ဌသာရဆို ဝတ်ရုံကျောင်းဘွဲ့တွင် "မဏ္ဍိုင်ဗဟို၊ နတ်များခိုသည်၊ မြင်းမိုရ်တောင်ရင်း၊ နတ်တလင်းသို့" ဟု စပ်ဆိုသည်၊ဆရာအချို့က ဗဟူ-သဒ္ဒါကိုထောက်၍ ဗဟိုဠ်ဟုစပ်ကြ၏၊ နေမိဘုံခန်းတွင် "အလယ်ဗဟို၊ ရွက်ဖျားညှိနှင့်"ဟုစပ်ဆိုသည်ကိုထောက်

သော် သူဟောင်းစကား ဖြစ်သည်ဟု ယူသင့်လှသည်၊ တီးခပ်သည့် ပဟိုရ် စည်မှာ ပဟာရ-သဒ္ဒါကိုထောက်၍ ပထမက္ခရာနှင့် ပဟိုရ်ဟု ရေးသား ရမည် ဟူလို၊

**မဟဲ့**-ကား မယှိ ဟူလို၊ ဆုတောင်းခန်းတွင် "စီစစ်တင်ပြ့၊ မသာခဲ့တည့်၊ မဟဲ့မရှိ"ဟု စပ်ဆိုသည်။

**မောသော**-ကား ခိုးသူ ဟူလို၊ ပုံတောင်နိုင်မော်ကွန်းတွင် "ပြင်းထန် ပူလော၊ မောသောခိုးသူ"ဟုစပ်ဆိုသည်။

**မြစ်အောက်**-ကား မြောက်အရပ် ဟူလို၊ ဆုတောင်းခန်းတွင် "မျက်နှာ မြစ်အောက်၊မြောက်သို့ကြွတမ်း၊ ခုနစ်လှမ်းဖြင့်"။ ။ဟတ္ထိပါလတွင် "မိုးဇုန် နှင်းသောက်၊ မြစ်အောက်သေန်၊ ဟိမဝန်သို့" ဟု စပ်ဆိုသည်။

**မဝယ်မလှယ်**-ကား မလှမ်းမကမ်းမိယှိသည် ဟူလို၊ ပါရမီခန်းတွင် "မဝယ် မလှယ်၊လှေကုန်သွယ်တို့၊ ကျွန်းငယ်ထောက်မ၊မှီခိုရသို့" ဟုစပ်ဆိုသည်။

**မြောင်းမြေ**-ကား ဝတ်ကြေရုံမျှပြုသည် ဟူလို၊ ဘူရိဒတ် လင်္ကာကြီးတွင် "မင်းကြီးသတ်လေ၊ မာန်ပါစေလည်း၊ မြောင်းမြေပြိုင်ကာ၊ ဆိုပါဘိ လော"။ ။ဆုတောင်းခန်းတွင် "မြောင်းမြေပိုင်ဆန်း၊ လျှော်သက်နန်းနှင့်"ဟု စပ်ဆိုသည်။

**မြောက်မြီ**-ကား မကောင်းသောကြွေးမြီကို ခံရသည် ဟူလို၊ ဘူရိဒတ် ဇာတ်ပေါင်းတွင် "ရုတိခြိုးခြံ၊ မြောက်မြီခံသည်၊ တရိငါသာ၊ မဟုတ်စွာတည့်၊ ကာခါငါးပါး၊ အဖို့စားသည်၊ အများသတ္တဝါ"ဟု စပ်ဆိုသည်၊ကာမဂုဏ် ငါးပါးဟူသော ကြွေးမြီကို စားသည်ဟူလို၊ သူဟောင်းတို့လည်း သင်သယ် မကောင်းမြောက်မြီလူ ဟူ၍ ဆိုလေ့ပြုကြသည်။

**မမိုမရွား**-ကား မဟောင်းမနွမ်းအသစ်စဲစဲ ဟူလို၊ ဆုတောင်းခန်းတွင် "ညိုလည်းမမို၊ စဉ်းကျောက်ညိုသို့၊ မမိုမရွား၊ ရှိမီးတားနှင့်"ဟုစပ်ဆိုသည်။

**မီးတား**-ကား တံတိုင်း ဟူလို၊ သံဝရတွင် "တံတိုင်းမီးတား၊ ဖျက်သည် ထားဘိ"ဟု စပ်ဆိုသည်၊ ဘုရားကျောင်းစသော မဟာရံ တံတိုင်းမီးတား ဖြစ်သည်။

**မကန်**-ကား အပြည့်အလျှမ်းမဆံ့နိုင် ဟူလို၊ တောင်ငူဆိုရဘုတွင် "နွေ တိုင်းမျှော်လွန်၊ လွှမ်းသာဇုန်သည်၊ မကန်မိုးမြေ ဖျင်တော့သည်"ဟု စပ်ဆို သည်၊ မြေမိုးမဆံ့၊ အလွန်အလွှမ်း ဝမ်းမြောက်သည်ဟူလို။

**မန်း**-ကား စင်ကော,စကော,ဆန်ကော ဟူလို၊ ပျို့ကဗျာလင်္ကာ စပ်ဆိုသည်ကို မတွေ့စဖူး၊ အလင်္ကာဆရာ ရှင်ဥတ္တမ္ဗုပဒုမာက "ဆင်ပြောင်ကိုစင်၊ ကွယ်ဝှက်ချင်၍၊မမြင်စေလှည့်၊မန်းဖုံးသည့်သို့"ဟု ဥဒါဟရုဏ်ပုံသစ်ကြံဆ၍ ဆိုသည့်လက္ခဏာနှင့်တူချေ၏၊ ရှင့်၊အချို့အထက်အရပ်မှာ စပါး,ပဲ,ပြောင်းစသည်ကို မန်းတဖက်ပေးသည်, ယူသည်ဟု ပြောသည်၊ အောက်ပြည်သားနေတို့ကား စပါး, ဆန်ကို တဆန်ကော,တစကော ယူသည်, ပေးသည်ဟု ပြောကြ၏။

**မထီးမရာ**-ကား မအပ်မရာ ဟူလို၊ ဘူရိဒတ်လင်္ကာကြီးတွင် "မနာစသီး၊ ရင်ကန်ကြီးလျှင်၊ မထီးမရာ၊ ဆိုဝံ့စွာနှင့်"။ ၊သုတောင်းခန်းတွင် "တက္ကတွန်းကြီး၊ အချည်းနှီးလျှင်၊ မထီးမရာ၊ မိစ္ဆာဒိဋ္ဌိ၊ ယူမှားမိသည်"ဟု စပ်ဆိုသည်။

**မဆွ**-ကား ရှေးဦးရှေးဖျား ဟူလို၊ ဘူရိဒတ်ဇာတ်ပေါင်းတွင် "ရှေးဖျားမဆွ၊ ကုဋိရဟု၊ ကန့်ဝန်းနိုက်ဝယ်"ဟု စပ်ဆိုသည်။

**မျောက်မျဉ်း**-ကား မျောက်အိပ်သကဲ့သို့ တခဏမျှအိပ်ပျော်နိုက် ဟူလို၊ ပါရမီခန်းတွင် "မျောက်မျဉ်းခါနိုက်၊ မင်းလျှာအိပ်မက်၊မြင်သောထက်"ဟု စပ်ဆိုသည်၊ ရှေးသက်ကြီးတို့ကား တယိတ်ယိတ် တလန့်လန့်နှင့် ညကအိပ်ရတာမျောက်မျဉ်းသလိုပဲ ဟု ပြောကြသည်၊ အချို့ မျောက်မျှည်း ဟူ၍ အသုံးများသည်။

**မို-မှို**-ကား နှစ်,လ,ရက်တို့နိုက်လိုက်၍ ယှဉ်၏ ဟူလို၊သုဝဏ္ဏသျှံ သူငွေခန်းတွင် "ရောင်ဆင်းလှပျို၊ ရှင်ထွေးညိုလည်း၊ မှိုခုနစ်ရက်၊ ကိုယ်လက်လှာလှာ။ ၊ဖွတ်ချော်ပါလို၊မှိုတနေ့မျှ၊ ခွင့်မရ"ဟုစပ်ဆိုသည်၊ စားခြင်းနိုက်လက်တဆစ်, ဆိုခြင်းနိုက်မိုကိုးနှစ် ဟူ၍ ရှေးသူဟောင်းတို့ ပြောဆိုရိုးပြုကြ၏၊စောင်းဆရာတို့လည်း"ကျမ်းပေါက်ကိုလျှိုသည်၊မိုကိုးလ"ဟု စောင်းချင်းဖွဲ့၍ တီးမှုတ်ကြ၏၊ ယခုသရော်ကား မှို ဟူ၍ ပြောလေ့ယိုကြသဖြင့် အခေါ်သုတိလိုက်ကာ ရေးဖတ်ကြလေသည်၊ အချို့ဆရာတို့က မိုခုနစ်ရက်ကို ထိုခုနစ်ရက် ဟု ပြင်၍ရေးမှားကြလေ၏၊ မို-ဟူ၍ သဘောကျလေကုန်။

**မှုန်စား**-ကား တိုက်တွန်း နှိုးဆော်သည် ဟူလို၊ ပါရမီခန်းတွင် "ဖျင်းလိုငြားလည်း၊ မှုန်စားကုတ်ကော်၊ တိုက်တွန်းဆော်၍"ဟု စပ်ဆိုသည်။

**မနော-မုနော**-ကား အတင့်အတယ်အသရေ ဟူလို၊ နေမိနိက္ခမခန်းတွင် "ဘိသိက်တင်ဆော၊ မုနောလထောင်၊ မာန်ကြီးအောင်၍"။ ။ပုံတောင်နိုင်မော်ကွန်းတွင် "ဘေးလောင်းစောတို့၊ ပြန့်ပြောသာစံ၊ မုနောခံသား"။ ။ ပုဂံမြို့တွင် ရှင်သံခိုဆိုနေနတ်ကသည်ချီးသည့် ရတုတွင် "တေဇကြီးမော၊ ပျူမင်းစောမှ၊ မုနောခေါင်ချာ၊ ဆက်ကာမဝေး"ဟု စပ်ဆိုသည်၊ ဤမုနောကား စိတ်ကိုဟောသောသဒ္ဒါမဟုတ်၍ မ-သက်သက်မရေးရာ၊ အတင့်အတယ် အသရေဟော ရှေးပေါရာဏ ဖြစ်သောကြောင့် ဥသရနှင့်ယှဉ်၍ တချောင်းငင်နှင့် မုနော-ဟု အမြဲရေးမှတ်ရမည်။

**မွေမွေ**-ကား ကျဉ်းမြောင်းသည် ဟူလို၊ ဆုတောင်းခန်းတွင် "ရုပ်ပြွတ်ကိုယ်ရေ၊ မွေမွေကျဉ်းမြောင်း၊ နှုတ်လည်ချောင်းကား၊ အပ်ကြောင်းမျှသာ"ဟု စပ်ဆိုသည်၊ အထည်အဝတ်ကို ချုပ်သောအပ်နှင့် အပ်ချည် ထိုးဖောက်သောလမ်းကြောင်းကိုဆိုသည်။

**မောင်နံ့**-ကား လင်မယား ဟူလို၊ ရွှေဟင်္သာပျို့တွင် "နှစ်ပါးတူစံ၊ မောင်နံ့မကင်း၊ ထိုးနှစ်စင်းနှင့်"ဟု စပ်ဆိုသည်။

**မျက်ရည်ချူ**-ကား မျက်ရည်ယိုသည် ဟူလို၊ မင်းနန္ဒဝေဒေးဆို မနော်ပျို့တွင် "ရင်သွေးကျွန်ပ်တူမောင်၏၊ သွယ်ဖြာမျက်ရည်ချူမောင်၏"။ ။သုဝဏ္ဏသျှံ သစ္စာခန်းတွင် "မျက်ရည်မချူ၊ နေတော်မူလျက်၊ စိတ်ဖြူဖြောင့်တန်း၊ ကမ္မဋ္ဌာန်းကို"။ ။နှင်းနှင်းအတူ၊ မျက်ရည်ချူသည်၊ ငိုယူတရှိုက်မက်မက်တည်း"ဟူ၍ စပ်ဆိုသည်။

**မတကာ**-ကား မတော်မသင့်သောအပြုအမူ ဟူလို၊ သုဝဏ္ဏသျှံသူငွေးခန်းတွင် "ယခုမှသာ၊ မတကာသည်၊ ကြမ္မာနတ်ဆိုး၊ မျက်စောင်းထိုးသို့"။ ။ သစ္စာခန်းတွင် "မူးလည်းမူးမော်၊ ကိန်းစက်ပျော်ခဲ့၊ မတော်မတကာ၊ ဖြစ်လေရာလည်း၊ သေခါဆိုးသော်"။ ။ငရဲခန်းတွင် "ငါမင်းကျော်သည်၊ မတော်မတကာ၊ ကြမ္မာသွေးဆောင်၊ ခံရယောင်သို့"ဟု စပ်ဆိုတော်မူသည်၊ မသကာ-ဟု အများသုံးနေပေသည်။

**မနိုင်းမမျဉ်**-ကား အဆီးအတားမယှိ, ထိုးထွင်းဖောက်ချင်းနိုင်သော ပညာ ဟူလို၊ ဆုတောင်းခန်းတွင် "နှုတ်နက်ဆိုတိုင်း၊ သံနှယ်ဆိုင်း၍၊ မနိုင်းမမျဉ်၊ ဓားကောင်းရဉ်သို့၊ ဆိုသည်ခဏ၊ အမြွက်ပြက၊ မဟာစသာ၊ မပိုက်မယဉ်၊ နိုင်းမျဉ်မယှိ၊ ဒိဋ္ဌိမိစ္ဆာ၊ တဏှာအညစ်၊ ဒွါကန်ပစ်လျက်"ဟု

စပ်ဆိုသည်၊ ရှေးဆရာကြီးတို့သည် နိဗ္ဗေဓိကပညာကို အခိုင်းအမျဉ်မယှိသော ပညာဟု မြွမ္မာပြန်ဆိုတော်မူကြကုန်၏၊ ယခု အခိုင်အမြဲးမယှိဟု သုံးကြသည်။

**မျက်မှောင်**-ကား လက်ပြန်ကြိုးချည်သည် ဟူလို၊ ဘုံခန်းတွင် "ကြိုးပူး မျက်မှောင်၊ မင်းသို့ဆောင်လည်း၊မောင်သူခိုးအား၊ လွတ်စေသားဟု"။ ။ပေါ ရမီခန်းတွင်"ကြိုးပူးမျက်မှောင်၊ချည်၍လှောင်သား၊ ဒိမ်ဆောင်အလား" ဟု စပ်ဆိုသည်၊ ဆရာမြတ်တို့လည်း ပစ္ဆာဗာဟံကို မျက်မှောင်ဖွဲ့သည်ဟု သမ္ဗန်တော်မူကြကုန်၏။

**မနှစ်မရှား**-ကား မလျော့ကျ်မပတ် ဟူလို၊ သျှင်တေဇောသာရဆရာသည် "မစည်တရစ်၊ မနှစ်မရှား၊ ကျွန်ထင်ပါးသို့၊ စကားထက်မြက်၊ ညီပေ လျက်"ဟု ထစ်ကြူးမြည်၍ ချီရတုတွင် စပ်ဆိုသည်၊ ဘူရိဒတ်ဇာတ်ပေါင်း တွင် "ဗြဟ္မာနတ်စစ်၊ သိသည်ဖြစ်မူ၊ မနှစ်မရှား၊ င-ချစ်သားကို၊ အားပါး မနာ၊ မသာမကြည်၊ ပြုဘိသည်" ဟု စပ်ဆိုသည်ကိုထောက်သော် ဆု တောင်းခန်း မနှစ်မရှားနှင့် ညီညွတ်လေသတည်း။

**မိုးနှောင်းသံတင်**-ကား ဘုန်းတန်းခိုးအာဏာနှင့် ပြည့်စုံသော သူတော် သူမြတ် ဟူလို၊ ဆုတောင်းခန်းတွင် "လိုမယ်လိုတောင်း၊ စွေ့စုံကောင်း၏၊ မိုးနှောင်းသံတင်၊ ဤတွင်မွေ့ကျန်၊ သည်မှလွန်အောင်၊ မထွန်မြေအား၊ ကြီး ချေမှားသို့" ဟု စပ်ဆိုသည်၊ ဤအရာနိုက် မိုးနှောင်းသံတင်ကား ဒီပင်္ကရာ ဘုရား ဟူသတည်း၊ ဤစကားမျိုးကို သက္ကရာဇ် ၇၀၀-ကျော်, ၈၀၀-တွင်း က ကျော်ထက် အက္ခရာတင်သော ဆရာတို့ သုံးစွဲဆိုရိုးလေ့စမူကြ၏။

**ယခင့်**-ကား အလျင်ရှေးက ပြောဆိုပြုကျင့်သည် အမူအရာ, စကားစ မြည် ဟူလို၊ ဘူရိဒတ်ဇာတ်ပေါင်းတွင် "ဂါထာအသင့်၊ ယခင့်င-ကို၊ပုံဏား ဆိုသား"။ ။ငရဲခန်းတွင် "စစ်မက်ယခင့်၊ ကျင့်ခဲ့ဘူးသည်"ဟု စပ်ဆိုသည်။ ထိုကြောင့် အမြစ်နှင့် ယခင့်ဟု ရေးသား ဖတ်ရွတ်ရမည်၊ ယင်းမှတပါး အ စပ်ကား များစွာရှိသေး၏၊ ယခုသရော်မူ ယခင်ပြောလေ့ ပြောထုံး ယှိကြ သည်။

**ယမ်းပည်း**-ကား ရှိသေသည် ဟူလို၊ ဆုတောင်းခန်းတွင် "မာန်ဟုန်ချုပ် တည်း၊ ယမ်းပည်းရှိသေ၊ ပူဇော်စေမှ" ဟု စပ်ဆိုတော်မူသည်။

**ယကင်**-ကား မိမ္မတို့အထုံးအမြိတ် ဟူလို၊ ဘုံခန်းတွင် "ကျစ်လစ်ကိုယ် ပြင်၊ ယကင်ထုံးပြီး၊ ဦးရွှေဖြီးသို့၊ ရည်စီးလျှံတောက်" ဟု စပ်ဆိုသည်၊ အ ချို့ကား ယကင်းဟု ရေးလေ့ ပြောလေ့ယှိသည်။

ယခေါင်-ကား ရှည်မြင့်ဝေးလံသည် ဟူလို၊ ပါရမီခန်းတွင် "နစ်နော တိုင်အောင်၊ယခေါင်က မ္ဘာ၊ရှည်မြင့်ကြသော်"။ ။ဆုတောင်းခန်းတွင်"ထက် တိုက်ယခေါင်၊ ရှေးအယောင်သို့၊ နောက်နောင်သော်လည်း၊ ဤဝှနည်း လျှင်" ဟူသော အစပ်စကားကိုထောက်၍ သိရာ၏၊ အနာဂတ်သာဖြစ်သည် ဟု ယုံမှားလေသည်၊ ရှေးဖြစ်စေ, နောင်းဖြစ်စေ ရှည်ဝေးသမျှကို ယူရမည် ဟူလို၊ ခရီးခေါင်သည်, မိုဃ်းခေါင်သည်တို့ကား ဝေးသည်နည်းတူမှတ်။

ယရည်း-ကား ဆင်ထိန်း ဟူလို၊ ဆရာတို့လည်း "ဟတ္ထိပါလော၊ ဆင် ထိန်း။ယရည်းလည်းဟူ၏" ဟူ၍ အနက်သမ္ဗန်တော် မူကြသည်၊ ရတနာ ပြောင်မွန်ဖွဲ့တွင် "ထိမ်းမှတ်ကျင့်နည်း၊ ယူရည်းဖွယ်ရာ၊ သေစာပွဲးရင်၊ ကိုး ကွယ်တင်မှု"။ ။ဟတ္ထိပါလတွင် "ယရည်းမထိန်း၊ တောဆင်မိန်းသို့၊ က လိန်းကလက်"။ ။ငရဲခန်းတွင် "နောင်လာစေ ်ငွ့်စည်း၊ ကွပ်တိုင်းတည်း လျက်၊ ယရည်းပိုက်ယှဉ်၊ တောဆင်ယဉ်သို့" ဟူ၍ စပ်ဆိုသည်။

ယူးယူး-ကား ထိလုလု ဟူလို၊ ပါရမီခန်းတွင်"ဥကြို့စူးရှူး၊ င-ခေါင်းဦး၌၊ ယူးယူးနင်းလု၊ ရပ်ရှုပြီးသော်၊ ပညာတော်ဖြင့်"။ ။ခေါင်ထွင့်ဆက်ကာချီ တောင်ပူဆိုချတွင် "ဆင်ရာမကိုငို၊ ရှင်တော်ကိုက်ဟု၊ ထီးစိုက်ယူးယူး၊ မိုး ညွှန့်ဦးဝယ်၊ သောက်ရှူးရောင်ခြည်" ဟု စပ်ဆိုတော်မူသည်။

ယှောင်းတခင်-ကား အလျှင်တဆော ဟူလို၊ ယခုသရေ်မှု င-သတ်သက် သက်နှင့် ယှောင်တခင်ဟူ၍ ရေးဖတ်ကြလေသည်၊ သုဝဏ္ဏသျှသစ္စာခန်းတွင် "ဖြုတ်ခြည်းလည်းကောင်း၊ ယှောင်းတခင်ခင်၊ ကြမ္မာလျှင်သည်"။ ။သံဝရ တွင် "အရေးကန့်လန့်၊ တန့်ပါကောင်းလျက်၊ ယှောင်းတခင်ခင်၊ ခံ့တမင် လျှင်" ဟု စပ်ဆိုသည်၊ ထိုကြောင့် ဝိသဇ္ဇနီထိုးနှင့် ယှောင်းတခင် ဟူ၍ ရေသား ဖတ်ရွတ် ပြောဆိုမှ သင့်ချေမည်။

ရူရူ-ကား ရောန္ဒောသည် ဟူလို၊ ဘုံခန်းတွင် "ငှက်ပျောသီးရှည်၊ သစ် မည်စည်လည်း၊ ပျားရည်ရောရူ၊ နတ်ရတုဖြင့်" ဟု စပ်ဆိုသည်။

ရထည်း-ကား အပေါ်တင်ပုဆိုး ဟူလို၊ ဘုံခန်းတွင် "ငယ်သွေး ကြည်းကြည်း၊ ရွှေစုလည်းနှင့်၊ ရထည်းပေါ်လွှင်၊ ပခုံးတင်၏" ဟု စပ်ဆို သည်၊ ပဆိုးစကိုပခုံးတင်ခြင်း,တဘက်ဖြူကို ပခုံးတင်ခြင်း ဆိုလိုသည်။

ရကင်း-ကား အတီးအမှုတ် ဟူလို၊ ဘုံခန်းတွင် "ကချေရွှင်ရွှင်၊ ပဥ္စင် ဆင့်ကိုက်၊ ရင်သောကြိုက်ဝယ်၊ ပယ်မြိုက်ရောင်ခြည်၊ ရကင်းသည်လည်း၊ ငါးမည်စုံညီ၊ မျက်မံစီလျက်" ဟု စပ်ဆိုသည်၊ ယယ်နှင့်ယကင်းမှာ ဆံလုံး

ကိုယူ၊ ရကြီးနှင့်ရကင်းမှာ အတီးအမှတ်ကိုယူ၊ အသံတူသော်လည်း အဓိပ္ပာယ်ကွဲပြားခြားနားကြောင်းကို သိစေလို၊ ပျဉ်းမနား နယ်မှာ ကြေးစည်တီးသည်ကို ရကင်တီးသည်ဟု ပြောကြသည်၊ ရကင်သည် ရကင်းနှင့်သဘောတူသည်ဟု အယူယှိသည်။

ရည်ႆ-ကား ရဲးရင့်သည် ဟူလို၊ မဃ္ဃစိုးခန်းတွင် ''တောတောင်သနင်း၊ ခြသေ့်မင်းသို့၊ တင်းတင်းရည်ငံ၊ ဘုန်းတော်နှံ့က၊ ကြောက်ရှိလန့်စိုး''ဟု စပ်ဆိုသည်။

**ရွှေမှောက်**-ကား မင်း ဟူလို၊ ဟတ္ထိပါလတွင် ''ငါနှင့်ရွှေမှောက်၊ နှစ်ယောက်အမျှ၊ ပေးဝေဌဟု၊ နှစ်ပါးစုလည်း၊ မရှုမင်းအား၊ ပုံဏားကို ချည်း''ဟူ၍ စပ်ဆိုတော်မူသည်။

**ရှုံးခတ်**-ကား သစ်ပျဉ်တို့ကို အချောတိုက်ငင်သောကိုက် ဟူလို၊ သုဝဏ္ဏသျှံ သူဌေးခန်းတွင် ''အဖျားကောက်ကောက်၊ အဆောက်ညွတ်ညွတ်၊ ရှုံးခတ် ဆောက်ပုတ်''ဟု စပ်ဆိုတော်မူသည်၊ ယွေဘော် ထိုးသည်ကိုလည်း ယူ သင့်၏။

**ရဉ်**-ကား ပြတ်အောင်ဖြတ်သည် ဟူလို၊ ယခုသရော်ကား အမြစ်နှင့် ရဉ့်-ဟူ၍ ရေးဖတ် ပြောဆိုလေ့ ပြုကြ၏၊ ဆုတောင်းခန်းတွင် ''တန္တ စိမ်းချဉ်၊ သံယောဇဉ်ကို၊ ဖြတ်ရဉ်ပိုင်းပိုင်း''။ ။သံဝရတွင် ''အစတလျဉ်၊ များပိုင်းရဉ်သို့၊ အစဉ်မချန်''ဟု စပ်သည့်အတိုင်း အမြစ်မပါ ဉ-သတ် သက်သက်သာ ဖတ်ရွတ်ရေးသားရန်လိုသည်၊ ဆုတောင်းခန်းတွင် ''စက်ခုတ် ဖြတ်ရဉ့်၊ လေးတောင်ပျဉ့်နယ်၊ ပညာကျယ်''ဟု ဆိုသည်ကို ထောက်၍ အမြစ်နှင့်ဖတ်ရွတ်ရမည်ဆိုကြ၏၊ ထိုစကားမှာ ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဟေ့ အောက်၌ အောက်သဒ္ဒါယှိ၍ အမြစ်ထေ့သံပါသကဲ့သို့ ဤအရာ၌လည်း လေးတောင်ပျဉ့်နယ်ဟူ၍ နယ်သဒ္ဒါခံလျက်ယှိသောကြောင့် အမြစ်နှင့် ထေ့သံပါယှိလေသည်၊ ရှေးက ဆူးခက်၊ချုံနွယ်တို့ကို ရဉ်လိုက်ဟုသုံးကြ၏။

**ရမေ**-ကား နန်းအိမ်တိုက်ခန်း ဟူလို၊ ဘူရိဒတ်လင်္ကာကြီးတွင် ''ပြြန်လတ် တံပေ၊ အောက်မေ့ချေက၊ ရဝေတဲးချောင်၊ ရွှေတောင်နန်းအိမ်၊ မင်းစည်း စိမ်နိုက်''ဟု စပ်ဆိုတော်မူသည်။

**ရောင်းရင်း**-ကား ဆင်းရဲးဘော် ချမ်းသာဘက် ဟူလို၊ ကိုးခန်းတွင် ''ဧးသုကာရီ၊ ကျော်ညီသတင်း၊ ထိုသည်မင်းနှင့်၊ ရောင်းရင်းတူကွ၊ ငယ်သော် ကလျှင်''ဟု စပ်ဆိုသည်။

**လျင်ခုပ်-လျင်ခု**-ကား အလျင်အမြန် ဟူလို၊ ဟတ္ထိပါလတွင် "မှိုးထ လျင်ခုပ်၊ ကျွန်ုပ်လိုက်လိမ့်မှန်ပြီတည်း"။ ။ပါရမီခန်းတွင် "ရောက်လွယ် စေမူ၊ တည့်တည့်ရှုလျှက်၊ လျင်ခုရက်ရက်၊ မြစ်တဘက်သို့"ဟု စပ်ဆိုတော်မူသည်၊ လျင်ခု,လျင်ခုပ် သဘောအတူတူတည်း။

**လင်မှိုး**-ကား လင်နှင့်မယား ဟူလို၊ ဟတ္ထိပါလတွင် "သားမယားကြီး၊ လင်မှိုးစုံကာ"။ ။နေမိတော့ထွက်ခန်းတွင် "ဥချိုးတင်ကျီး၊ ဘုံးပတီးနှင့်၊ လင်မှိုးမဝေး"ဟု စပ်ဆိုတော်မူသည်၊ သွီးမောင်နှံ,မောင်မယ်စုံ ဆိုသကဲ့ သို့တည်း။

**လှံမစောက်**-ကား ကောင်းသောအကျင့် ဟူလို၊ လှံကား ဘောက်လှန် သည်၊ မစောက်ကား မကျင့်၊ အဓိပ္ပါယ်မှာ ဘောက်လှန်၍ မကျင့်ဆိုလို သည်၊ဆုတောင်းခန်းတွင် "လျောက်ပတ်သိပ်သည်း၊ ကိုယ်ချည်းကျင့်စောက်၊ ဘုန်းအားမြောက်၍၊ ပွင့်ညှောက်သစ္စာ"ဟု စပ်ဆိုသည်။

**လှင်ကန်တောင်း**-ကား တုတ်တိုတုတ်တောင်းဟူလို၊ ငရဲခန်းတွင် "တန် သုတ်တချောင်း၊လှင်ကန်တောင်းလက်ဖွေ့၊တွေ့တွေ့ရာရာ။ ။ခံတွင်းမကောင်း၊ လှင်ကန်တောင်းနှင့်၊ ချောင်း၍ပုတ်လှည်း"။ ။သံဝရပျို့တွင် "ကိုယ်ဟန် နောက်ပြန်၊ လှင်ကန်တောင်ရေး"ဟု စပ်ဆိုတော်မူသည်၊ လှင်ကန်တောင်း အရေးအရာ ဟူလို၊၎င်းလှင်ကန်တောင်းက မာသောဒုတ်ချောင်းတောင်ဝှေး ဖြစ်သည်။

**လှီးလွဲ**-ကား တိမ်းကာရှောင်သည် ဟူလို၊ ပါရမီခန်းတွင် "မွတ်ရည် ချင်ရဲ၊မပြေစဲးသို့၊ လှီးလွဲးကြကာ၊ သုမေဓာလည်း"ဟု စပ်ဆိုတော်မူသည်။

**လမြိတ်**-ကား ဆက်မိသည် ဟူလို၊ ဆုတောင်းခန်းတွင် "ပြည့်စုံမဆိတ်၊ ဆယ်ရပ်ပိတ်မျှ၊ လမြိတ်စပ်ကာ"ဟု စပ်ဆိုတော်မူသည်။

**လုံးသီးလုံးပေါ်**-ကား လူတမ်းစေ့ကာ ဟူလို၊ ဆုတောင်းခန်းတွင် "ဆင်း ရဲကြီး၍၊ လုံးသီးလုံးပေါ်၊ သဘောညစ်ညမ်း၊ လူတမ်းစေ့ဆန်း၊ ဗိုလ်အဝန်း ကို"ဟု စပ်ဆိုသည်။ လူဆိုရမည်ကာ, လူမည်ကာမတ္တ, ထမင်းစားတတ် ရုံမျှသည် ဟူလို၊

**လံပါး**-ကား ဖျဉ်းအိုးဆိုသည်ဟူလို၊ပါရမီခန်းတွင် "မဆူးမရား၊လံပါးချေး အိုး"။ ။ဆုတောင်းခန်းတွင် "ရေကြည်ပြည့်ဝ၊လံပါးစသည်"ဟူ၍စပ်ဆိုသည်။

**လင့်ကဲ့တဖြာ**-ကား အရပ်ယှစ်မျက်နှာတစပ်တည်းဆိုသည် ဟူလို၊ ဆု တောင်းခန်းတွင် "နှံ့မျှကြဲးသို့၊ လင့်ကဲ့တဖြာ၊ ယှစ်မျက်နှာမှ၊ ကျေးရွာ ခရိုင်၊ စပ်ကာပြိုင်လျှက်"ဟုစပ်ဆိုသည်။

**လက်တည်း**-ကား လက်ပူးလက်ကြပ် ဟူလို၊ ဟတ္ထိပါလတွင် "ဖြစ်ကျင်သနည်း၊ လက်တည်းမကွာ၊ ငါနှင့်ဖူးတွေ့။ ။အဘယ်တောမှာ၊ နေရှာလိမ့်နည်း၊ သားခမည်းကို၊ လက်တည်းငါတို့၊ မွေးမည်ဘို့ကို"ဟု စပ်တော်မူသည်။

**လျကြည်း**-ကား ကိုယ်ဟန်သေးသွယ်သည် ဟူလို၊ ဘုံခန်းတွင် "ရူပနိကာယ်၊ ဆယ့်ခြောက်ယွယ်သား၊ ကိုယ်သွယ့်လျကြည်း၊ ဖြင်ပေါ်ပည်းတွင်၊ စုလည်းရွှေငုံ"ဟု စပ်ဆိုသည်။

**လက်မွန်**-ကား ရှေးဦးရှေးဖျား ဟူလို၊ ဆုတောင်းခန်းတွင် "ရှေးဖျားလက်မွန်၊၊မမြင်ဟန်ကို၊ စာသွန်ဉ်တွင်၊ ရှင်နားတင်လော့"။ ။ပါရမီခန်းတွင် "ပွပ်ကာလက်မွန်၊ ခဏဝန်ဖြင့်၊ စင်တန်ကောင်းစွာ"။ ။ပုံတောင်နိုင်တွင် "ပိုင်းခြားတတန်၊ ကံပည်းကန်သည်၊ လက်မွန်အစ၊ ပထမတည့်" ဟူ၍ စပ်ဆိုသည်။

**လဘော**-ကား အပြည့်တင်းကျမ်း ဟူလို၊ ပါရမီခန်းတွင် "မြစ်သို့လဘော၊ အာသရောကို၊ကျလျှောဖျားရေ"ဟု စပ်ဆိုတော်မူသည်။

**လေးကုံ**-ကား ငြိမ်ဆိမ်ဆေးလေးသည် ဟူလို၊ ဟတ္ထိပါလတွင်"ကောင်းတောငြိမ့်လေးကုံ၏တည်း၊ ကြိုင်သင်းနွေတိုင်းထုံ၏တည်း"။ ။ဘုံခန်းတွင် "ပိုက်ဖက်တုံတုံ၊ ငြိမ်းလေကုံသား၊ ရွှေငုံပေါ်စ"ဟု စပ်ဆိုသည်၊ ဤငြိမ့်လေးကုံကား ဗဟုဝုစ်ကုံမဟုတ်၊ ငြိမ်သက်ဆေးလေးသောကုံဖြစ်၍ သေးသေးတင် ဧကဝုစ် စပ်ဆိုတော်မူသည် ဟူလို။

**ဝဲးမကူ**-ကား အသီးအခြားသူနှင့်မတူ ဟူလို၊ ဆုတောင်းခန်းတွင် "မိုက်မိုက်မဲ့းမဲး၊ ပြည်မပွဲးနှင့်၊ ဝဲးမကူးလျှင်း၊ တောတွင်းပိပိ"ဟူ၍ စပ်ဆိုသည်။

**ဖွဲးခြိး**-ကား ခြိးမြှောက်သည် ဟူလို၊ ကိုးခန်းတွင် "ထိုကြောင့်ကြီသီး၊ ငါ-သားကြီးလည်း၊ ဖွဲးခြိးလောက်အောင်၊ ဆောင်သားကျေးဇူး"ဟူ၍ စပ်ဆိုတော်မူသည်။

**သိမ်းပြည်း**-ကား အရှက်ရသည် ဟူလို၊ဟတ္ထိပါလတွင် "မျက်နှာသိမ်းပြည်း၊ အရှက်သည်းလျက်၊ မဲ့ချည်းသွားမြို့၊ သွားဖော်ချို့သည်"ဟု စပ်ဆိုတော်မူသည်၊ သျှင်မဟာသီလဝံသက ရှိမ်းပြည်းဟူ၍ ရ-အက္ခရာနှင့် ရေးသားစပ်ဆိုတော်မူ၏၊ သဘောမကွဲးမပြားပင်ဖြစ်ချေ၏။

**သနိသနဲ**-ကား ခွဲးခြမ်းစိတ်ဖြာသည် ဟူလို၊ ဆုတောင်းခန်းတွင် "သောကားပိပိ၊သနိသနဲ၊ ခွဲးခွဲးခြမ်းခြမ်း"ဟု စပ်ဆိုတော်မူသည်။

**သောကား**-ကား ထောင်ထား,ပလ္လားသည် ဟူလို၊ ဆုတောင်းခန်းတွင် "ကုလေးကုလား၊ သောကားပီပီ"ဟူ၍ စပ်ဆိုတော်မူသည်။

**သုံးသေး**-ကား တမန်ဆိုလိုသည်၊ သံဝရတွင် "တမန်တံဆေး၊သုံးသေးလာကြိုက်"ဟု စပ်ဆိုတော်မူသည်၊ အချို့ဆရာတို့အလိုကား သူပေးလှာကြိုက်ဟု ပဏ္ဏာပေးလှာသည်ကိုထင်မှတ်၍ ရေးကြမှတ်ကြလေ၏၊ ရှေ့,နောက်ဆင်ခြင်နှိုင်းရှည့်၍သာ အဓိပ္ပါယ်ယူဆကြလေကုန်၊

**သွေးချို**-ကား ရလိုသောဆန္ဒ ဟူလို၊ ပါရမီခန်းတွင် "ရချင်သွေးချို၊ ဦးမစိုမူ၊ မလိုမလွတ်၊သူကြောင့်ညွတ်သို့"ဟူ၍ စပ်ဆိုတော်မူသည်။

**သာလကာ**-ကား မပင်မပန်းရသည် ဟူလို၊ ဟတ္ထိပါလတွင်"မညိုးရံခါ၊ သာလကာဟု၊ င-မှာခေါ်ပင့်၊ င-ကိုထင့်သား"။ ။ဆုတောင်းခန်းတွင် "ကပ်ဆည်းသောခါ၊ သာလကာတိ၊ ကောင်းစွာနှစ်သက်၊ ရွှေးရလျက်လျှင်"ဟူ၍ စပ်ဆိုတော်မူသည်၊ ရှေးက သာလကာတလင်ပန်း, ပင်ပန်းကာတယောက်မဟု ပြောဆိုရိုးပြုကြသည်။

**သရော်**-ကား အစေးအညှော်နံစော်သည် ဟူလို၊ ပါရမီခန်းတွင် "ဉာဏ်သရော်ကို၊ ချဉ်ပေါ်ရေထိ၊ ကြေးနီညှိသို့"။ ။ဆုတောင်းခန်းတွင် "ညှီညှိစော်စော်၊ သရော်ထည်းဝင်" ဟူ၍၎င်း၊ ။"စိုးစဉ်းမဂူး၊ သရော်တူးခဲ့" ဟူ၍၎င်း စပ်ဆိုတော်မူသည်။

**သူရမ်းပဲ**-ကား သူ၏အလေ့ ဟူလို၊ ဆုတောင်းခန်းတွင် "သူရမ်းပဲနှင့်၊ လွဲးကမ့်မတူ၊ ငါတမူကား" ဟူ၍ စပ်ဆိုတော်မူသည်။

**သန္တေး**-ကား ဒန္တဇပထမက္ခရာ တ-နှင့်ယှိုလျှင် "ဥက္ကောင်းသန္တေး၊ အစင်ဆေးသည်" စပ်ဆိုရာနှိုက် မြို့သန္တေးသည် ယူရမည်၊ ပါရမီခန်းတွင် "သန္တေးစင်နေ၊ ဗျာဒိတ်ရေနှင့်၊ ပြောက်ချေမွဲကပ်၊ ဆွဲ့ရှစ်ရပ်သား၊ မအပ်ကျိုးနည်း၊ မြူအထည်းကို၊ သုတ်လှည်းစင်ဖြူ"ဟူ၍စပ်ဆိုတော်မူသည်၊ စတုတ္ထက္ခရာ ဓ-နှင့်ယှိုလျှင် ဖလားသန္ဓေး-ဟူ၍ယူရမည်၊ဘုံခန်းတွင်"ဖလားသန္ဓေး၊ သောက်ရေကျွေးသည်" ဟူ၍ စပ်ဆိုတော်မူသည်၊ ယတြာပြုသောသန္တေးကို သတေး,စတေးဟူ၍ ယွေ့လျောကာ သုံးကြသည်၊ မြို့စတေး,ကန်စတေး,လူစတေးသည်ဟူ၍ အချို့အမှတ်လွဲးမည်ထင်သည်။

**သူနပ်**-ကား သူယုတ် ဟူလို၊ ငရဲခန်းတွင် "သူကောင်းသူနပ်၊ လက်အုပ်မပြေ"ဟုစပ်ဆိုတော်မူသည်။

**သလည့်သလွင်း**-ကား အချင်းချင်းပေါင်းဖက် ရောနှောကြသည် ဟူလို၊ ဆုတောင်းခန်းတွင် "အစမလှည့်၊ သလည့်သလွင်း၊ လူ့ပင်းတို့၊ မငြင်းမခံ"။ ။ဘူရိဒတ်လင်္ကာကြီးတွင် "ပျူငှာဖျော်ဖြည့်၊ သလည့်သလွင်း၊ ရောနှောခြင်းဖြင့်၊ ခပင်းဝေးနီး" ဟူ၍ စပ်ဆိုတော်မူသည်။

**သင်းချပ်တီး**-ကား တညီတညွတ်, အုတ်အုတ်ကျက်ကျက် ယိုသည် ဟူလို၊ ဆုတောင်းခန်းတွင် "ညီညာသီးသီး၊ သင်းချပ်တီးသို့၊ ပန်းကြီးအားထုတ်၊ လူအစုတ်တို့၊ ထအုတ်ဘအော" ဟုစပ်ဆိုသည်။

**သိစား**-ကား သူတပါး အမူအရာကို သိသည် ဟူလို၊ ပါရမီခန်းတွင် "ပညာချား၍၊ သိစားမင်းသေး၊ ဟူဘိမွေးသို့၊ မိုလ်လေးသတ္တဝါ"။ ။ဘူရိဒတ်ဇာတ်ပေါင်းနိဂုံးခန်းတွင် "သိစားမဲ့ဆုပ်၊ အလုပ်ကြီးမှေ့"။ ။သံဝရတွင် "ပန်းကိုသိစား၊ ပန်းနှုံကြားသို့၊ ကိုယ်အားထင်အောင်၊ ကိုယ်ဂုဏ်ဆောင်၏" ဟု စပ်ဆိုတော်မူသည်၊ အချို့တို့အလိုကား သိ-ကို ဝိသဇ္ဇနီထိုးနှင့် သီးစားဟုရေးသားဖတ်ရွတ်ကြကုန်၏။

**သောင်း**-ကား အဖျင်း ဟူလို၊ ဆုတောင်းခန်းတွင် "မျိုးမြင်း မသောင်း၊ ခန့်တိုင်းကောင်း၏"။ ။ပါရမီခန်းတွင် "လှူပါယောင်းလည်း၊ ဖျင်းသောင်းဖတ်သတ်" ဟူ၍ စပ်ဆိုသည်။

**သရည်း**-ကား ဥါရုံးရှောင်လွှဲသည် ဟူလို၊ ရွှေဟသ်ာပျို့တွင် "စွန့်ကုံသည်ချည်း၊ ကိုယ်သရည်း၍၊ ကျော့ကျည်းနေမှု"။ ။ပါရမီခန်းတွင် "လမ်းစတိမ်လည်း၊ ကိုယ်သရည်း၍၊ ပေါင်းစည်းကမ္ဘာ" ဟူ၍ စပ်ဆိုသည်။

**သံလျောင်**-ကား သံကြိုး ဟူလို၊ ပါရမီခန်းတွင် ဆယ်ခါ မွေ့အောင်၊ ဆောက်တည်ဆောင်သော်၊ သံလျောင်ရစ်ပတ်၊ ကျောက်တောင်ထွင့်သို့" ဟူ၍ စပ်ဆိုသည်။

**သွတ်လှယ်**-ကား မပြတ်မစဲ အမြဲ ဟူလို၊ ဘူရိဒတ်လင်္ကာကြီးတွင် မေတ္တာသွတ်လှယ်၊ တံရှောက်သွယ်သည်၊ တုံ့ပယ်ငှက်သို့ ဝဲသတည်း"။ ။ပါရမီခန်းတွင် "အိမ်လောင်မီးဝယ်၊ ဥစ္စာသယ်သို့၊ သွတ်လှယ် စင်းလျှင်း" ဟုစပ်ဆိုသည်၊ ရှေးသဗ္ဗညာဏ်ချီ သတ်ပုံတွင် "သွတ်လှယ်မည်၊ သွားစင်းကြီ၊ မဆုံခြေလှမ်းချက်" ဟုစပ်ဆိုသည်၊ ဦးဩသတ်ပုံတွင် "တုံ့ပယ် တုံ့ပယ်၊ ယက်ကန်းရှယ်၊ သွတ်လှယ်ပြန်လူးလာ" ဟုစပ်ဆိုသည်။

**သစ်သစ်**-ကား မကြွင်းမကျန် ဟူလို၊ဘူရိဒတ်ဇာတ်ပေါင်းတွင်"ရောက်လှာခါန်စစ်၊ ရန်အမြစ်ကို၊ သစ်သစ်မကြွင်း"။ ။ဗျာဒိတ်ခန်းတွင် "သံသာရေးစစ်၊ နွားနက်ဖြစ်ကို၊ သစ်သစ်မကြွင်း၊ ဟောပေလျှင်း၏" ဟူ၍ စပ်ဆိုသည်။

**သေဥ်မြေ**-ကား ဘုမ္မိနက်သန်ယှိသောမြေ ဟူလို၊ သျှင်မဟာသီလဝံသဆို တံတားဦးတည်မော်ကွန်းဖွင့် "ထုတ်ချင်းဝန်းကျင်၊ ပြို့ပြို့မြင်သား၊ ရပ်ထင် တလျှဉ်၊ မြေကြီး သေဥ်နှုက်၊ တိုက်စဉ် ဖြောင့်သန်း၊ မီးတားခန်း" ဟု စပ်ဆိုတော်မူသည်၊ ယခုအခါ သိမ်ယှိသည်, မင်္ဂလာယှိသည်ဟု ပြောဆိုကြ၏။

**သစ်ဆင်းလ**-ကား တော်သလင်းလ ဟူလို၊ သုဝဏ္ဏသျှံ သူဌေးခန်းတွင် "ပါဆိုဝါခေါင်၊ ယဉ်ဘောင်သစ်ဆင်း၊ တော်သလင်းနှင့်၊ သတင်းကျွတ်သော်"။ ။နဝဒေးဆို အံ့မူးပေရာချီရတုတွင် "နဒီသဘင်၊ သစ်ဆင်းရင်သော်" ဟု စပ်ဆိုသည်၊ ဤအပိုဒ်နှိုက် ရင်ဟူသည်ကား စီရင်ခန့်ရန်ပြုခြင်းကို ဆိုလိုသည်။

**သည်လျှာ**-ကား လင်လည်းဟူ၏, မယားလည်းဟူ၏၊ နေမိကွမခန်းတွင် "အိမ်သူသည်လျှာ၊ မိသူဇာတို့၊ နတ်ရွာရောက်အောင်"။ ဤကား မယားဟော၊ ဘူရိဒတ်လက်ာကြီးတွင် "ချစ်ဘက်သည်လျှာ၊ ရှာတပြီးကား၊ အထီးကျန်စွာ၊ အကြင်ငါလည်း"၊ ဤသည်ကား လင်ဟော။

**သည်မျိုး**-ကား လင်ဟော, မယားဟော ဟူလို၊ သုဝဏ္ဏသျှံ သူဌေးခန်းတွင်"စုပုံမြတ်နိုး၊ မိသည်မျိုးလည်း၊ တန်းခိုးကျော်တွင်၊ မင်းလုလင်သို့"။ ။ ဤသည်ကား မိမ္မဟောတည်း၊ ၎င်းသူဌေးခန်းတွင်ပင် "မယ်တော်စောလှ၊ င-ရှင်မကို၊င-ဖမင်းစိုး၊ကြင်သည်မျိုးနှင့်၊ င-ဗိုးတော်ရင်း၊ င-ဖွားမင်းတို့"။ ဤသည်ကား ယောကျ်ားဟော။

**သည်ပင်**-ကား လင်ဟော, မယားဟော ဟူလို၊ သုဝဏ္ဏသျှံ သူဌေးခန်းတွင် "မောင်တကျိပ်စင်၊ ရှိလှည့်ကျင်လည်း၊ သည်ပင်မစုံ၊ ကိုယ်ထီးတုံသော်၊ လုဘုံမသင့်"။ ဤသည်ကား ယောကျ်ားဟော၊ ဘူရိဒတ်လက်ာကြီးတွင် "သက်တူကျွမ်းဝင်၊ ချိုးသည်ပင်နှင့်၊ ကြင်သည်မရဲး"။ ဤသည်ကား မယားဟော၊ ၎င်းသူဌေးခန်းတွင်ပင် "စမ္ပာယ်သာရှင်၊ ရှေးအသွင်သို့၊ သည်ပင်နှစ်ဆွေ'သွားတတ်လေအံ့"၊ ဤသည်ကား လင်မယားကိုဟော၏၊ အချို့ဆရာက ယောကျ်ားကိုသာ သဘောကျသည်။

**သည်ရန်**-ကား လင်မယား ဟူလို၊ နဝဒေးဆို မလွန်းသသူချီရတုတွင် "ငယ်လျှင်အိမ်သူ၊ မျိုးတူကြင်တန်၊ သည်ရန်ယှဉ်ကျွမ်း၊ ဆွတ်မျှလွမ်းသည်"။ ဤသည်ကား မယားဟောတည်း၊ နဝဒေးဆို ရက်သန်ရွှေလျှင်ချီရတုတွင် "သင်ပေါင်း-ပေါင်းဆုရည်ညွန်းသော၊ ရှင်နှောင်း- နှောင်းဆုသည်ရန်သော"။ဤကား ယောကျ်ားဟောတည်း။

**သည်ရင်း**-ကား လင်ဟော, မယားဟောတည်း၊ ဟတ္ထိပါလတွင် "မျိုးမွန်စိုးမင်း၊ ငါ-သည်ရင်းလည်း၊ အခြင်းအရာ"။ ။နေမိနိက္ခမခန်းတွင်"မာယနတ်မင်း၊ သက်လုံးနှင်းသည်၊ သည်ရင်းမျောက်သား၊ မိဖုရားက၊ စသည်ဖြင်ညီး"။ ဤကားမယားဟောတည်း၊ မင်းနဝဒေးဆို ယိုးဒယားတောင်ချီရတုတွင် "မနွဲ့ရှည်ခြင်း၊ သုသတင်းနှင့်၊ သည်ရင်းနောင်လူ။ မကျွတ်ဖူးသည်"။ ဤသည်ကား လင်ဟောတည်း။

**သရောင်း**-ကား ဆွေးမြေ့သည်, သွေ့ရောင်း၍ မစွဲမစပ်ကွဲပပ်သည် ဟူလို၊ ဆုတောင်းခန်းတွင် "မစီးနင်းကောင်း၊ ဆိုးရွားဟောင်း၍၊ သရောင်းသွင်သွင်၊ ကမ်းမေးတင်လျက်၊ ပြုပြင်နှောင့်နှေး၊ လှေယိုဆွေးအား" ဟု စပ်ဆိုသည်။

**သူလှောင့်**-ကား သူခိုးသူဓါးပြစသော သူယုတ်မာ ဟူလို၊ ဘုံခန်းတွင် "ကြပ်ကြပ်လနှောင်၊ တပ်တွင်လောင်သည်၊ သူလှောင်ခိုးသား၊ ဟင်းမျိုးစားကို"။ ။ဆုတောင်းခန်းတွင် "ထိုယင်းသူလှောင်၊ အနားလောင်အား၊ ပြစ်များကြိုးသို့လခွေတည်း"ဟု စပ်ဆိုသည်။

**သောင်း**-ကား အဖျင်း,မမာ ဟူလို၊ ဆုတောင်းခန်းတွင် "မသိမ်မဖျင်း၊ လုလက်တွင်းနှိုက်၊ ချိုးမြင်းမသောင်း၊ ခန့်တိုင်းကောင်း၍၊ စုတေ့သောင်းဖျင်း၊ အယွင်းယွင်းလျှင်"ဟူ၍ စပ်ဆိုတော်မူသည်။

**သေတ္တု**-ကား အလွန်ကောင်းမြတ်သော အဆီအနှစ် ဟူလို၊ ဘုံခန်းတွင် "ရွှေငွေရောရု၊ ကျောက်သေတ္တုဖြင့်၊ ယခုတိုင်အောင်"ဟု စပ်ဆိုသည်။

**သရော**-ကား ငတ်မွတ်ခေါင်းပါးသည် ဟူလို၊ သုဝဏ္ဏသျှံ သူဌေးခန်းတွင် "တရံတဖန်၊ သရောတန်လည်း၊ အကျွန်ချည်းချည်း၊ အမွက်သည်း၍၊ မနည်းစေရက်"ဟု စပ်ဆိုတော်မူသည်၊

**သံတူလ**-ကား သီတင်းကျွတ်လ ဟူလို၊ ဂါထာခြောက်ဆယ်ပျို့တွင် "လက်ဦးသို့ဝါ၊ ယင်းတွင်ကြာ၍၊ အခါထိမ်းမှတ်၊ သံတူကျွတ်မှ၊ မြင်တတ်စက္ခု၊ သဗ္ဗညုကား"ဟု စပ်ဆိုသည်။

**သရိုင်**-ကား အကာအရံ ဟူလို၊ ဆုတောင်းခန်းတွင် "နှစ်သိန်းငါး သောင်း၊ နှစ်ထောင်ပေါင်းဖြင့်၊ လိုလျောင်းကြုံ့ခိုင်၊ သရိုင်တည်ဟန်၊ စည်သဏ္ဍာန်သို့"ဟု စပ်ဆိုသည်၊အချို့သက်ကြီးတို့ ရိုင်ပတ်ကို သရိုင်ခေါ် သည်ကို ကြားရဘူးပါသည်၊ အထက်နိုင်ငံတွင် သရိုင်ရွာယိုကြောင်းပြော ကြ၏။

**ဟုတ်လေးတမတ်**-ကား မလောက်မလား, မခွံမငြား ပြုသည် ဟူလို၊ ငရဲခန်းတွင် "ရမ္မလျော်ဆေး၊ သူမြတ်ရေးကို၊ ဟုတ်လေးတမတ်၊ ကဲ့ရဲ့ တတ်၏"ဟု စပ်ဆိုသည်၊ ယခုသရော်မှု ဟုတ်လေမတ္တ, ဟုတ်လေးမတတ် ဟု သုံးစွဲးလေ့ပြုကြ၏။

**ဟုပ်စား**-ကား လုယက် ဖျက်ဆီးတတ်သော သူခိုး,ဒါးမြ ဟူလို၊ သံဝရ တွင် "ညဉ့်ဌက်တအုပ်၊ မြင်းဟုပ်မငံ့"ဟု စပ်ဆိုသည်၊ ညဉ့်ဌက်မှာ သူခိုး, မြင်းဟုပ်ကား ဒါးမြ ဟူလို၊ ဓမ္မသတ်ဆရာတို့သည်လည်း သုကိုဟုပ်စား သော် ကျွန်ခလျော်စေ ဟု ဆုံးဖြတ်ကုန်၏။

**ဟေဝန်**-ကား တော ဆိုလိုသည်၊ ပေါရာဏစကားမှတ်၍ ဆရာအချို့ ဆိုမှားသည်၊ ဟိမဝန္တာသဒ္ဒါကိုစွဲး၍ ပျို့ဆရာကြီးတို့ ဟေဝန်ဟူ၍ စပ်ဆို ကြသည်၊ စေးပျစ်,စိန္ဒစုံ,ယဂုံ,ဂန္ဒိင်,ဖြားမြိုင် ဟူ၍ ရှေးသူဟောင်းတို့ တော၏ ပရိယာယ်ကိုများစွာ ပြောပြတော်မူလေ့ယိုသည်၊ ယဂုံမှာ အချို့စာနှိက် ရဂုံ ဟု ရကြီးနှင့် ယို၏။

**ဟုံးစုံး**-ကား ကြိမ်းပ,ကြိမ်းမောင်း,ကြိမ်းဝါးခြင်းစသည်တို့ကိုဆိုလိုသည်၊ ကိုးခန်းပျို့တွင် "သံပ ဟုံးစုံး၊ ဘက်မဲ့ကျုံးသား၊ အားသုံးထောင်ထား၊ မျိုးလေးပါးတို့"ဟု သျှင်မဟာရဋ္ဌသာရအကျော် ဆရာတော် စပ်ဆိုတော် မူလေသည်။

---

## ၃-ပေါရာဏစကား ဟုတ်မဟုတ်ဆန်ခြင်ရန် ဖော်ပြချက်များ

ပေါရာဏစကားဆိုသည်မှာ ဗျည်းအက္ခရာ ၃၃-လုံးတို့တွင် (ဂ-ဃ-ဇ- ဈ-ဍ-ဎ-ဒ-ဗ-ဏ- ဒ-စ-ဗ-ဘ-ဠ) အထိ၊ ထိုအက္ခရာ ၁၄- လုံးနှင့် စပ်လျဉ်း၍ အသံရောနှောသော စကားများသည် မဂဓဘာသာ, သကၠဋ ဘာသာ နှစ်ရပ် ရောပြွမ်းလျက် ခပြောဆို သုံးစွဲးကြသောကြောင့် ရှေးသူ ဟောင်းတို့ ပြောဆို သုံးစွဲးကြသော ပေါရာဏစကားစစ် မဟုတ်နိုင်ပေရာ၊

ပေါရာဏ ရှေးစကားဟောင်း ဂစ်စစ်မှာ အထက်ဖော်ပြသော အက္ခရာ ၁၄-လုံးယှိ အသံတို့နှင့် လွတ်ကင်း၍ ကမ္ဘာဦးသူတို့ပြောဆိုသော မာဂဓ, သကၠ လွတ်ကင်းလျက် သက္ကရာဇ်နှစ်ပေါင်း တထောင်ကျော်လောက်က သုံးစွဲပြောဆိုကြသော မြန်မာစကားသက်သက်ကို ပေါရာဏစကား ဆိုလိုသည်။

အချို့ အဓိပ္ပါယ်မရသောစကားကို ပေါရာဏဟု အယူ ယှိကြသည်၊ အဓိပ္ပါယ်မရသော အခေါ်ဝေါဟာရ များမှာ အိမ်,ကျောင်း,စရပ်,တော, တောင်,သစ်ပင်,မြေ,ရေ, လေ,နေ,လ, မီး,လူ,ကျွဲ,နွား, မြင်း, ဆင်, စပါး, ဆန်,ရွှေ,ငွေ,ကျောက်,မြစ်,ချောင်း,ပင်လယ်,လှေ, သင်းပေါ,လှည်း, အမိ, အဖ,သား,သမီး,ကျွန်, ကြေး, အခြေအရံ, အစား, အသောက်, အသွား, အလာ,အနေ,အထိုင်,အအိပ် စသော အခေါ် ဝေါဟာရများသည် ရှေးရှေး သောသူဟောင်းတို့မှ စ၍ ယခုတိုင် အစဉ်မပြတ် ခေါ်ဝေါ် သုံးစွဲလျက်ယှိကြ သောကြောင့် မြန်မာဝေါဟာရစကားဖြစ်သည် မှတ်ရမည်။

အထက်က ခွဲခြား ဖော်ပြသော ပေါရာဏ စကားတွင် တန်သုတ် ဆို သောစကားမှာ တန်သည် လှင်တန်ရင်း, တုတ်ရင်း ခေါ်သည်၊ သုတ်ကား တပြေးညီအောင်ညှိသည်,ကျမ်းသည် ဆိုလိုသည်၊ အဓိပ္ပါယ်မှာ ညီအောင် ညှိသော ကျမ်းသောတုတ် ဟု ဆိုလိုသည်၊ ယခုသရော်မှုကား စတုတ် ခေါ်ကြသည်၊ ထိုစကားသည် စပါး ရောင်းဝယ်သူတို့ အသုံးများသည်၊ ကြို့သည်,ညှိသည်, သုတ်သည်, လူးသည်, လိမ်းသည်, ကျမ်းသည်, ကျုံသည် ဆိုသောစကားများသည် ညီအောင်ပြုလုပ်သော အရာများ ဖြစ်သည်။

ကိုးခန်းပျို့တွင် "တန်သုတ်ငင်နည်း၊ တကြို့တည်းဖြင့်"ဟု ကကြီးအရစ် သေးသေးတင်အမြစ်နှင့် စပ်တော်မူသည်၊ လယ်သမားများ စပါးနယ်ရန် တလင်းကျုံသည်ဟု ပြောဆိုသည်မှာ မှားသည်၊ တလင်းကျမ်းသည်ဆိုမှ မှန် သည်၊ အနုလုပ်သောအရာမဟုတ်၊ အကျမ်းလုပ်သောအရာဖြစ်၍ နောက် ချေး-နွားချေးနှင့် ကျမ်းသည်ကိုပင် တလင်းကျမ်းသည်ဟုခေါ် ဆိုမှသင့်မည်၊ ကျုံသည်ဆိုသောစကားမှာ နုသောအရာ၌သုံးသည်၊ သနပ်ခါးလိမ်းကျုံသည်၊ စပါးပုတ်ကို နွားချေးကျုံသည်ဟူ၍၊ ဆေးသုတ်သည်,ဆေးလူးသည်ဆိုသော အရာမှာ ဆေးသုတ်သည်မှာ အညီအညွတ်ဖြစ်စေနိုင်သည်၊ ဆေးလူးသည်မှာ ညီညွတ်ခြင်းအရာသို့မရောက်ချေ၊ ထင်ယှားခြင်းကိုသာ ဖြစ်စေနိုင်သည်။

တနည်း။ တောင်ကပ်ဖားရေးသည် မကွေမကွာဟု ယခုဝေါဟာရဖော်ပြချေသည်၊ ထိုစကားသည် ပေါရာဏဟုတ်အံ့မထင်၊ တောက်တပ်ပါလျှားဖြစ်မည်ထင်သည်၊ အဘယ့်ကြောင့်ဆိုသော် ကျွဲဆိုး, နွားဆိုးများ မပြေးမသွားနိုင်အောင် လည်ပင်းနှိက်တောက်တပ်ဆွဲပေးခြင်း အရာကို ဆိုလိုသည်၊ တောက်-သည် လည်ပင်းမှ တွဲးလွဲးဆွဲးထားသောတုတ် ဖြစ်သည်၊ တပ်-သည် မြီးစွာ ကြိုးနှင့် ချည်ထားသည်ကိုဆိုသည်၊ ပါလျှားသည် ကျွဲး, နွား သွားသည့်အခါ အလျှားလိုက် ပါသွားသည်ကိုပင် ပါလျှားခေါ်သည်၊ အဓိပ္ပါယ်မှာ ၎င်းတောက်သည် ကျွဲးဆိုး,နွားဆိုးနှင့် မကွေမကွာဆိုလိုသည်၊ ထို့ကြောင့် တောက်တပ်ပါလျှား ခေါ်မှ သင့်ချေမည် ထင်သည်၊ အခေါ်ဝေါဟာရ အယူအဆ တစတစ ရွေ့လျောပျက်ခြင်းကြောင့် တောင်ကပ်ဖားရေး-ဖြစ်သည်ဟု ယူဆရန်ယှိသည်၊ ၎င်းတောင်ကပ်ဖားရေး စကားသည်လည်း သက္ကရာဇ် တထောင်ကျော်က ဖြစ်လာသော စကား မဟုတ်သောကြောင့် ပေါရာဏမဆိုနိုင်၊ တွေ့ရာမြင်ရာဝတ္ထုကို စွဲးလမ်း၍ ခေါ်ဝေါ်သော ဝေါဟာရဖြစ်သည်သာ ယူရန်သင့်သဖြင့် ကျွဲးဆိုး, နွားဆိုးနှင့် မကွေမကွာ ဖြစ်သော တောက်တပ်ပါလျှားကို သဘောကျချေသည်၊ သို့သော်လည်း မင်းဘူးဆရာတော်ဘုရားစီရင်သော ဇနကဝတ္ထုနှိုက် တောင်ကပ်ဖားရား-ဟူ၍ ဖော်ပြထားသည်ကို မလွှန်ဆန်ဝံ့၊ ရှိသေလေးမြတ်ပါ၏။

တနည်း။ သနင်း-သည် ပေါရာဏစကား၊ ဝေါဟာရမှာ မင်း-ဟု ဆိုသည်၊ ပေါရာဏကထာပါဌ်နှိုက် "ရွှေမှောက်သနင်းစ၊ ရန်ငူးမင်းဟု" လာ၏၊ အချို့ဆရာက သနင်းကို သေဌ်နှင်းဟု သေဋ္ဌနယ-သဒ္ဒါထောက်၍ ရေးသားတော်မူ၏၊ သေဋ္ဌနပာ-ထောက်သဖြင့် ဌ-ဝမ်းပဲးသတ်နှင့် မှန်ကဲ့ပါလျှင် သက္ကရာဇ် တထောင်မပြည့်မီ ကျောက်စာများတွင် သစ်နင်းဟု စ-သတ်နှင့်ရေးသားသည်ကို တွေ့မြင်ရသည်၊ သေဋ္ဌနယ-သည် မကြာသေးမီ သဒ္ဒါကျမ်းကို လိမ္မာကုန်သော ဆရာတို့ ဆုံးဖြတ်ပညတ်သော သဘောလက္ခဏာနှင့်တူဟန်ယှိသည်၊ စင်စစ်မှာ စ-သတ်နှင့် ရေးခြင်းသည် အမှန်ဖြစ်မည်ထင်သည်၊ အထောက်အထားကား—

သတ္တုမဒ္ဒန-သဒ္ဒါကိုထောက်သဖြင့် သိရသည်၊ သတ္တု-ရန်သူကို၊ မဒ္ဒန-နင်းနှိပ်ခြင်း၊ သတ္တုကား-သတ်၊ မဒ္ဒနကား-နင်း၊ သတ်နင်း-ဖြစ်သည်၊ ကာလကြာ၍ နောက် စ-သတ်မရှိ၊ သနင်း-ဟု ခေါ်ဝေါ်ကြသည်၊ တ-နှင့်စ ပြောင်းလဲးကြောင်းမှာ ရှေးရှေးသော စာဟောင်းများနှိုက် အချစ်-အချတ်၊ မွေနစ်-မွေနတ်၊ ဖြုဟ္မဒစ်-ဖြုဟ္မဒတ်၊ အဂ်ါဇာစ်-အဂ်ါဇာတ်၊ သက္ကရာဇ်-

သက္ကရာတ်၊ ဖြစ်သောဇာစ်-ဖြစ်သောဇာတ်၊ သင်းကျစ်-သင်းကျတ်၊ မလစ်-မလတ် စသည်တို့ကဲ့သို့ အလဲအလှယ်ဖြစ်သောကြောင့်တည်း။

ဝိနယာလင်္ကာရဋီကာ၌ "စ-ကာရန္တံ သ-ကာရန္တံ၊ တ-ကာရန္တံ သမံဝဒေ။ ည-ကာရန္တံ လကာရန္တံ၊န-ကာရန္တံ သမံဝဒေ"။ ။ဟုမိန့်တော်မူသည်၊ စ-သ-တ-တို့ သဘောတူမျှကြောင်း၊ ည-လ-န-တို့ သဘောမျှကြောင်း ဆုံးဖြတ်တော်မူသည်။

သံဝရပျို့တွင် "သတ္တုမဒ္ဒန၊ ကိစ္စပြီးတုံ၊ ကိုယ်ပင်ယုံ၍၊ ရဲခံတည့် လောက်၊ ခြသေ့်ဟောက်သို့" ဟူ၍ စပ်ဆိုတော်မူသည်၊ အဓိပ္ပါယ်မှာ သတ္တု-ရန်၊ မဒ္ဒန-နင်း၊ ရန်နင်း၊ မြန်မာသက်သက်မှာ မင်းဟု ခေါ်သည်။

ဝေဿန္တရာပျို့တွင် "စောထီးရန်နင်း၊ ဖိုးတော်ရင်းကား၊ လွတ်ကင်းစဉ် ဇိ"ဟု တွင်းသင်းဝန်မင်း စပ်ဆိုသည်၊ ရန်နင်းကို မင်းဟု စပ်ဆိုသည်ကို ထောက်လျှင် သစ်နင်းသည် အမှန်ဖြစ်ကြောင်း ယုံကြည်ရန်ယှိသည်၊ မြန်မာတို့ မူလရေးသားသော အရင်းကျောက်စာကို အမှန်ယူရမည်။

ထိုသစ်နင်း၏ အဆက်အနွယ် ပရိကာယ်ကား ရန်နိုင်မှူးကို ရန်မှူး၊ ရန်မှူးကို ရန်ငူးဟုပြောင်း၍ မင်းဟော-ပေါရာဏဟု မှတ်ကြရသည်၊ မြန်မာဘာသာ မူလရင်း သက်သက်မှာ (က-ခ-င-စ-ဆ-ည-တ-ထ-န-ပ-ဖ-မ-ယ-ရ-လ-ဝ-သ-ဟ-အံ)၊ ဤအက္ခရာ ၁၉-လုံးသာ သုံးစွဲနိုင်သည်၊ နောက်ကာလ ရှည်ကြာ၍ မဂဓ,သကၠ ဘာသာ ၂-ရပ်တို့တွင် သုံးသော (ဂ-ဃ-ဇ-ဈ-ဒ-ဓ-ဗ-ဘ-ဋ-ဌ-ဍ-ပ-ဏ-ဠ)၊ ထိုအက္ခရာ ၁၄-လုံးနှင့် ရော နှော်အသုံးအစွဲပြုကြသဖြင့် မကွဲမပြားယှိလေသည်၊ ရှေးကျောက်စာ ဟောင်းများ၌ ဗေဒင်ကို ပေတင်ဟူ၍၎င်း၊ ဘုရားကို ပုသျှား,ပုရဟား, ဖုရှား,ဖုရား,ဖုရဟား-ဟူ၍၎င်း၊ "အစ်ကိုကား-က၊ ဒွေးကို-ခတည့်၊ င-ကို ဩန်း"ဟု ဂ-ဃ မပါပဲရေးလေ့ယှိကြသည်၊ မေတ္တာစာ,ကျမ်းစာကို မေတ္တာဇာ,ကျမ်းဇာဟု ရေးသားချေသည်၊ (ဂ-ဃ-ဇ-ဈ-ဒ-ဓ-ဗ-ဘ)တို့ မယှိရကား က-နှင့်ဂ-လဲနိုင်သည်၊ခနှင့်ဃလဲနိုင်သည်၊တ-နှင့်ဒ-လဲနိုင်သည်၊ ထ-နှင့် ဓ-လဲနိုင်သည်၊ ပ-နှင့် ဗ-လဲနိုင်သည်၊ ဖ-နှင့်ဘ-လဲနိုင်သည်ဟု ဆရာတို့ဆုံးဖြတ်ကုန်၏၊ ထို့ကြောင့် သနင်းသည်ပေါရာဏစကားမဆိုနိုင်၊ သို့သော် သဒ္ဒါအရာ၌ ကျွမ်းကျင်လိမ္မာကုန်သောဆရာတို့၏ အလိုအတိုင်း သေဋ္ဌနယ-ထောက်၍ သေဋ္ဌနင်းဟု ဌဝမ်းပဲသတ်နှင့် ရေးထုံးရေးနည်း ထင်လျှားလျက်ယှိချေသည်၊ နှစ်ပေါင်းခြောက်ရာခန့်လောက်က ပေါက်ကန် ပြည်ကျောက်စာများတွင် သစ်နင်းဟု စ-သတ်နှင့်များစွာယှိချေသည်။

တို့ပြင် ပညာယိုကဝိသူမြတ်တို့ စီကုံးရေးသားသောပျို့,ကဗျာ,လင်္ကာ, မော်ကွန်း,ရတု,ပိုဒ်စုံ,ဧချင်း,လူးတား,အဲ့း,အဲ,ရကန်, သာချင်းများတွင် မိမိတို့အရပ်ဒေသတွင် အခေါ်ဝေါဟာရများကို ထည့်သွင်းရေးသားလေ့ယို၏။ ထိုရေးသားသော အခေါ်ဝေါဟာရများကို ဒေသဗဟုသုတ မကျွမ်းကျင်သောသူတို့က မိမိတို့ပြောဆိုသောစကားနှင့်မတူ၍ အဓိပ္ပါယ်ကိုမသိလျှင် ပေါရာဏစကားဟု ထင်မှတ်ကြသည်၊ ဥပမာဆိုသည်ရှိသော် တိုင်းပြည်မသိလျှင် ဗာရာဏသီ,မင်းကိုမသိလျှင် ဗြဟ္မဒတ္တ-ဟု မှည့်ခေါ်သကဲ့သို့ ယိုချေသည်၊ အကြောင်းကိုဆိုသော် မြန်မာလူမျိုးဟူ၍ဖြစ်ကြသော်လည်း အရပ်ဒေသကိုလိုက်၍သော်၎င်း, လူမျိုးချင်းရောထွေးသဖြင့် ခေါ်ဝေါ်သောအသံပြောင်း၍သော်၎င်း ဝတ္ထုတမျိုးထည်းကို အခေါ်ဝေါဟာရ ကွဲလွဲးလျက်ယိုသည်ကို သတိမူကြရန်ဖော်ပြလိုက်သည်။

တပယင်းနယ်,အလုံနယ်များတွင်—

ထမင်းကို-အမှင်း။

ဟင်းရေကို-ဟင်းအရည်။

ရေလဲးကို-ရေသနပ်,ရေသလုပ်, ရေဘလုပ်။ [ရေချိုးသောအခါလဲ့းသောအဝတ်-ဆိုလိုသည်။]

မစားချင်ကို-မစချင်။

သို့မို့-အ္ဒနို့မို့။

သည်ဟာ-အ္ဒနီဟာ။

စလုံပန်းကန် }
စလုံပုဂံ } ကို-အနားလုံ။

ထန်းလျက် }
ထန်းညက် } ကို-အညက်,အညှက်။

ထဘီ }
ထမိန် } ကို-အမှီ,အမှိန်။

ဆန့်တပြည်ကို-ဆန့်တကျည်။

မသွားချင်ကို-မသချင်။

ပုဂံပြား }
ပန်းကန်ပြား } ကို-ပက်တလက်၊

ရွှေဘိုမြောက်လက်မှာ—

အခွန်ထမ်းပြေစာကို-ကြောင်ရှာခေါ်သည်။

ရေဝန်းအရပ်တွင်—
ကြောင်တိရစ္ဆာန်ကို-မိန်ညောင်းခေါ်သည်။

ပခန်းအရပ်တွင်—
အတူတူကို-တဒူပြောသည်။

နွားလို့ပလို-နလို့ပလို့အရပ်တွင်—
လှည်းထမ်းပိုးကျည်းကို-ကပ်ကလကြော်ချင်ခေါ်သည်။
ယှန့်ကို-အမဲ့မောင်
ခွေးကို-စုတ်ဖွား။
လှည်းကြောင်းကို-ရဗိန်းကြား၊
လဲးသည်, လည်းသွားသည်ကို-ဒိန်းကား ဟု ခေါ်ကြသည်။

ပေါက်ကန်အရပ်တွင်—
အိမ်အောက်ကို-အိမ့်ပေါက်။
ခြံစည်းတန်းကို-ခရိုးခေါ်သည်။ [၎င်းသည် ခြားရိုး, ခြံရိုး, ခရိုးဟု ရွေ့လျောလှာသည်နှင့်တူ၏။]

ဇဝင်းအိုင်သာအရပ်တွင်—
စလယ်တောင်းကို-စလှိုးတောင်း။
ခွက်တောင်းကို-စခွက်တောင်း။
ကြွက်ကို-ကြွီး။
မောင်းကျောက်ကို-မောင်းကျွတ်။
ပက်လက်လန်ကို-ပစ်လစ်လန်။
စပါးဖျာကို-စဖယာဟုခေါ်ကြသည်။

မြေတူးအရပ်တွင်—
နွားကို-နား။
ဆားကို-ဆွား။
ရေနံကို-ရိန်။
ပြောလိုက်မယ်ကို-ပေါလိုက်မယ်။
ဆေးလိပ်ကို-ချေးလိပ်။
ဆီကို-ချီ။
နှမ်းကို-နမ်း ဟုခေါ်ကြသည်။

<u>ပင်းသာအရပ်တွင်—</u>

အိပ်သည်ကို-မှိန်း။
မြင်းကို-မြန်း။
ထမင်းကို-ထမန်း။
ကလေးကို-ခြေး။
မိမ္မကို-မိမ ဟုခေါ်ဝေါ်ကြသည်။

<u>သထုံအရပ်တွင်—</u>

ကျွဲကို-ကျွား။
နွားကို-နွမ်း။
ကြက်ကို-ကြစ်။
တောင်ကို-ဟိန်း။
ဒင်္ဂါးကို-ဒင်းပြား။
ကလေးကို-နွဲ့ ဟုခေါ်ဝေါ်ကြသည်။

<u>ရွှေကျင်နယ်တွင်—</u>

ငါးပိကို-ငပြီ။
ခွေးကို-ဇလို။
ယောက်ကျားကို-ယောက်ကျွား ဟုခေါ်ဝေါ်ကြသည်။

<u>အထက်အရပ်များတွင်—</u>

တပျက်စည်းကို-တကျစ်စည်း, တမျက်လှည်း, တပျစ်စည်း, တမျက်စဉ်း,တချက်စည်း ဟု ခေါ်ဝေါ်ကြသည်။

<u>ပဲခိုးအရပ်တွင်—</u>

ပိုက်ဆံ ၂-ပြားကို-လေးယွေးခေါ်သည်။
ပြောလိုက်မယ်ကို-ပြောစားလိုက်မယ်ဆိုသည်။
မန်ကျည်းသီး } ကို-ရဗိန်းလူမျိုး, ရခိုင်လူမျိုးတို့က
မကျည်းသီး } မကျဲးသီးဟုခေါ်သည်။
သင်းဘောသီးကို-မြိတ်မြို့-ဗိတ်မြို့တွင် ဟိန်းခိုသီးခေါ်သည်။
<u>ရခိုင်တွင်</u>-ဗိတ်ထကာသီးခေါ်သည်။
မြင်းခွာရွက်ကို-<u>ဗိတ်မြို့</u>တွင် ယောက်ခမရင်ခြောက်ခေါ်သည်။
ငါး-ငပနေ့ာ်ကို -<u>ဟင်းသာတနယ်</u>တွင် <u>သေင်းအုံ</u>ခေါ်သည်။ [ဌင်းစကားရင်းသည် ရဗိန်းလူမျိုးစကားဖြစ်သည်။]

တောင်ဘက် } ကို-ပုပ္ပါးအရပ်တွင် တောင်ပါး, မြောက်ပါး,
မြောက်ဘက် } ခေါ်သည်။ [ပုပ္ပါး တောင်သည် စကဝါပန်း, ဂမုန်းအင်, သဇင်နတ်ပန်းယှိသည်ကို အစွဲပြု၍ ခေါ်ချေလျှင် ပုပ္ဖ-တောင် ဖြစ်ရမည်၊ ပုပ္ဖ-သဒ္ဒါသည် ပန်းဟော အဓိပ္ပါယ် ရသည်။]

မုဆိုး-မူဆိုး-မုဆ္ဆိုး-မုတ်ဆိုးတို့စကားမှာ—

ကျားကို-တောသားငှင်း,ဟင်းမျိုးငှင်း*ခေါ်သည်။

မွေ-မြွေကိုက်သည်ကို ပိုးထိသည်၊ တောထိသည် ပြောသည်။

* ကျပင်းနယ်မှာ-စပါးကြီးမြွေကို-သစ်ခြောက်ခေါ်သည်။

ငန်းတော်ကျားမြွေကို-ကျိုင်းကောင်မသား ခေါ်သည်။

ပျဉ်းမနားနယ်တွင် ကြီပင့်များကိုခုတ်၍ အငုတ်ကို ထွန်နှင့်ထွန်၍ ထားသည်ကို လမိုင်း-ထားသည်ဟုပြောကြသည်။

အထက်က ရေးသားဖော်ပြသော အခေါ် ဝေါဟာရတို့သည် ဒေသ တရပ်နှင့်တရပ်မတူသောကြောင့် ဖြစ်ချေသည်။

**တနည်းလည်း။** မြန်မာစကား မဟုတ်ပဲလျက် မြန်မာစကား ထင်မှတ်၍ မြန်မာလူမျိုးတို့များစွာပြောဆိုအသုံးပြုကြသည်မှာ နမူနာ-ပြစမ်းပါဆိုသော စကားသည် ပုံစံပြစမ်းပါဆိုလိုသည်၊ ၎င်းနမူနာ-စကားသည် ပသီစကား ရင်းဖြစ်သည်၊ အရောင်းအဝယ် ပြုလုပ်သော ကုန်သည်များ ပြောဆိုလေ့ ယှိကြသည်၊ ယခုသရော်ကား မြန်မာစကားထင်မှတ်လျက် အချို့ယှိကြသည်၊ နမူနာ-ပသီစကား၊ မြန်မာလို-ပုံစံ ဆိုလိုသည်။

**တနည်း။** မာဂဓ, သကၠ,ပေါရာဏ များတွင်မပါ၊ လူမျိုးတို့၏ အလိုက် ခေါ်ဝေါ်သော ဒူးရင်းသီးကို မားဝယ်လူမျိုးတို့က မိမိတို့ အရှင်ဖြစ်သော မားဝယ်ဘုရင်ကို ဒူရက နတ်သားလှာ၍ ဆက်သခြင်းကြောင့် ရရှိရာ ထိုအသီး၏ အမည်ကို မမေးလိုက်မိသည့်အတွက် အမည်ကို မသိရသဖြင့် ဒူရကနတ်သားကို အစွဲပြု၍ ဒူရကသီးဟုခေါ်ရာ ကာလ လျှားလတ်၍ ဒူးရင်းသီးဖြစ်ကြောင်း မားဝယ်ရာဇဝင်တွင် ဆိုသည်ကို မားဝယ်လူမျိုးတို့ ပြောလေ့ယှိကြသည်၊ စင်စစ်သော်ကား ၎င်းဒူးရင်းသီးသည် ပသျှူးလူမျိုးတို့ စကားဖြစ်သည်၊ ပသျှူးလူမျိုးတို့က ဒူးရန်းသီးခေါ်သည်၊ မြန်မာလိုပြန်လျှင် ဆူးသီးခေါ်သည်၊ ဒူးရန်းသီးကို မြန်မာတို့က လျှာလိပ်သံ မကွဲပြားသော ကြောင့် ဒူးရင်းသီးခေါ်တွင်လျက်ရှိသည်၊ ရေးထုံးများတွင်လည်း န-သတ်, င-သတ် ပြောင်းလွဲနိုင်သည်ကိုလည်း ဆုံးဖြတ်ကြသည်။

အချို့မိမိတို့သဘောထင်မြင်ရာကိုစွဲ၍ ခွေးကလေးကို ပါပီ-ဟုအမည်မှည့်ခေါ်လေ၏၊ အဓိပ္ပါယ်ရှာ၍ရကောင်းသည်မဟုတ်၊ သို့သော် သဒ္ဒါဖြစ်တော်မူသည်၊ ကျန်းသည်, ကျင်းသည်,ရွှန်းသည်, ရွှင်းသည်, ယွန်းသည်,ယွင်းသည်, တိုင်းခန်း, တိုင်းခင်း စသည်တို့တည်း၊ ကျမ်းကိုတတ်ကျွမ်းသူတို့ကြံပချေသော် ပါပီ-မကောင်းမှုယိုသူဟု အဓိပ္ပါယ်ဖော်ပြနိုင်ရာ၏၊ နာမည်ပေးသူခွေးရှင်ကသာ သဒ္ဒါဓာရာ၏သဘောသို့လိုက်မလိုက်ကို လိုရင်းဖြစ်ချေသည်။

သာလိကာ ငှက်ကိုလည်း အာကာ-ဟု နာမည်မှည့်ကုန်၏၊ နာမည်မှည့်သူကိုအဓိပ္ပါယ်မေး၍ရနိုင်မည်မထင်၊ မာဂဓဘာသာ သာကာ-က အာကာ-ဖြစ်လာသည်ဟုကြံဆသော် သင့်မည်ထင်၏၊ သို့သော် နာမည်မှည့်သူ၏လိုရင်းစိတ္တုပ္ပါဒ်ကိုသာ ဆင်ခြင်ရန်ဖြစ်တော့သည်။

ထို့ပြင် "မင်းက ပန်ချာပီခေါင်းဗောင်းလို တယ်အထက်ကြီးသကို၊မင်းက ကျောက်ရစ်စင်ကမြင်းလို"ဟု တွေ့ရာဝတ္ထုကို ပုံနိုင်း၍ပြောဆိုတတ်ကြသည်၊ ယင်းသည့်ဥပမာတွင် ပန်ချာပီ၏လက္ခဏာ,ကျောက်ရစ်ရုပ်စုံစင်ကမြင်း၏လက္ခဏာတို့ကို သိမြင်ရမှ အဓိပ္ပါယ်ကို သဘောကျစရာဖြစ်ချေသည်၊ သို့မှ ပုံနိုင်းခံရသောသူလည်း နားလည်မည်ဖြစ်သည်။

**တနည်း။** အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးသားခေါ်ဝေါ်ကြသော ပြည်မြို့ကို-ပရုဏ်း၊ပုသိမ်ကို-ဘဆိန်၊ ရန်ကုန်ကို-ရန်းငွန်း၊ ရန်းမြို့ကို—ရဏ်းဗြည်း၊ မော်လမြိုင်ကို-မော်လမီ ဟုရေးသားခေါ်ဝေါ်လျက်ယိုလေသည်၊ ၎င်းမြို့နာမည်များလည်း ယခုမြန်မာတို့ အခေါ်ဝေါဟာရအတိုင်း ပီသစွာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်လျက်နှင့် အဘယ့်ကြောင့် အခေါ်အဓိပ္ပါယ်ကွဲလွဲရသနည်းဟူမူကား အင်္ဂလိပ်အစိုးရမင်းတို့အလုံဦးကင်းဖွင့်စက ဤအခါရခိုင်လူမျိုးတို့စကားပြန်အရာနှင့် ပါလာသည်ဟု ထင်ယူရန်ယိုသည်၊ အကြောင်းမူကား ရခိုင်လူမျိုးတို့ပြောဆိုသောစကားများတွင် "ဘ-ဂုန်းအက္ခရာနှင့် ရ-ကြီးအက္ခရာ"တို့ကို အသုံးအစွဲများသည်၊ ထိုဖော်ပြသောမြို့မည်များကို ရခိုင်လူမျိုးတို့ယခုတိုင်ရေးပြသည့်အတိုင်း ခေါ်ဝေါ်လျက် ယိုကြသည်၊ ဤကဲ့သို့ ရခိုင်စကားပြန်အရာယိုကပြန်ပြောသောစကားကို ရှေးဦးစွာအတည်ပြုလုပ်ရေးသားခြင်းကြောင့် မြန်မာတို့ယခုတိုင်အစဉ်မပျက်ခေါ်သော ဝေါဟာရနှင့်မတူ၊ ရခိုင်စကားသံပါဝင်လျက် ယိုချေသည်၊ ထိုအခါတုံးက မြန်မာလူမျိုးတို့ အင်္ဂလိပ်စာ, အင်္ဂလိပ်စကား တတ်သေးမည်မဟုတ်၊ ရခိုင်

မြို့သည် စစ်တကောင်း, ပန်းဝါ, ဘင်္ဂလားစသော မြို့များနှင့် နီးစပ်ခြင်းကြောင့် ရခိုင်လူမျိုးတို့ရှေးဦးစွာ အင်္ဂလိပ်စာ, အင်္ဂလိပ်စကားများကို တတ်သည်ဟု ထင်ယူရန်ယှိသည်။

**တနည်း။** သုံးစွဲပြောဆိုကြသော စကား များလည်း အသံရှွေ့လျော့ခြင်း, အက္ခရာလွဲခြင်းစသည်တို့ ဖြစ်တတ်သောကြောင့် အဓိပ္ပါယ် မပေါ်သည်လည်းယှိချေသည်။

**ဖော်ပြချက်။** အဖကို-အဘ, အဖိုင်းကို-အဘိုးဟုခေါ်ဝေါ်ခြင်း၊ ဇောက်မှန်းကမ်းမှန်းမသိတို-ဓောက်မှန်းကမ်းမှန်းမသိ ပြောခြင်း၊ တော်ရမ်းပယ်ဖွဲ့ကို-တောရမ်းမယ်ဘွဲ့ဟု ပြောဆိုခြင်း၊ မယ်ထွေး, မယ်သီတာကို-ပဲးထွေး, ပဲးသီတာဟု ရေးသားပြောဆိုခြင်းယှိကြလေသည်။

တိတ်ထုံးကို-ဒိတ်ထုံဟုခေါ်ဝေါ်ကြသည်၊ ရှေးရှေးကဖြစ်ဖူးသော တိတ်နိမိတ် အဆိုးအကောင်းစသည်ကို စုပေါင်းထုံးဖွဲ့ထားရာ နောက်သားတို့က ထိုထုံးဖွဲ့ထားသောနည်းကို လိုက်ကြရသောကြောင့် ဖြစ်ပျက်သော တိတ်နိမိတ်ကို ထုံးပြုရသဖြင့် တိတ်ထုံးဟုခေါ်ဝေါ်ရန် သင့်မြတ်သည်ဟု သဘောကျသည်၊ သို့သော်ကြိုက်မှနှစ်သက်ကြလေကုန်။

ပါလဲးကို-ဗာလဲးဟု ပြောဆိုကြသည်၊ ပါလဲးသည် ပဟာရသဒ္ဒါကလာသည်၊ ပယ်အပ်သော, မပယ်အပ်သောအကြောင်း၊ သို့မဟုတ် ဝတ္ထု၊ဆိုလိုသည်၊ ပ-နှင့်-ဗ လဲးပြောင်းတတ်သည်ကိုသဘောပိုက်မိပါက အဓိပ္ပါယ်ကြံဆရန်မလိုချေ။

၁။ ခြင်ရံ-ခြင်ထောင်။

၂။ ကန္နလန္နကာ-ကလကာ,ကုလားကာ။

၃။ ရေခွက်-ရေဂွက်။

၄။ ငပိဖုတ်-ငပိဗုတ်။

၅။ ဟင်းခို-ဟင်းညို။

၆။ ဟင်းခါး-ဟင်းဂါး။

၇။ ကောက်ညင်း-ကောင်ညှင်း။

၈။ အမဲခြောက်-အမဲဂျောက်။

၉။ ယာဂု-ယာဟု။

၁၀။ ရေပုန်း-ရေဗုန်း။

၁၁။ ဆံရိတ်သည်-ဂေါင်းရိတ်သည်။

၁၂။ နွားချေး-နောက်ချီး။
၁၃။ ကြက်သွန်ဖြူ-ကြက်သွန်ဗြူ။
၁၄။ ပေးစမ်း-ပေးဇမ်း။
၁၅။ ဆီးသီး-ဇီးသီး။
၁၆။ တဇွေ့စာပစ်-တစ္ဆေဇာပြစ်။
၁၇။ နှင်းဆီပန်း-နှင်းဆီဗန်း။
၁၈။ ကျီးကန်း-ကျီးဂန်း။
၁၉။ ကြိုးတန်း-ကြိုးဒန်း။
၂၀။ ပွဲထိုင်-ပွဲဒိုင်။
၂၁။ နားထွင်း-နားဒွင်း။
၂၂။ ခွေးတောက်ပင်-ငွေးတောက်ပင်။
၂၃။ မြူရူ-မြူဗူ။
၂၄။ တောင်ငူ-တောင်ဘူ။
၂၅။ မြွတ်မြို-ဗိတ်မြို။
၂၆။ မောတမော့-မုတ္တမ,မွမမ။
၂၇။ ထင်းလျှား-ထင်းယှား။
၂၈။ ကြက်ခွပ်သည်-ကြက်ခွတ်သည်။
၂၉။ ပန်းပဲ-ဗပဲ။
၃၀။ ပန်းထိမ်-ဗဒိမ်။
၃၁။ ပန်းပု-ဗပု။
၃၂။ ပန်းချီ-ဗဂျီ။
၃၃။ ပန်းတည်း-ဗတင်း။
၃၄။ ဘိနပ်-ဖနပ်။
၃၅။ ထမင်းမြိန်-ထမင်းမိန်။
၃၆။ မြစ်ကြွေး-မငွေး။
၃၇။ ဇမြိန်း-ရမိန်း။
၃၈။ ရွာထောင်-ရထောင်။
၃၉။ ရွာဟိုင်း-ရဟိုင်း။
၄၀။ ထဘီ-ထမိန်။
၄၁။ ထန်းလျက်-ထညက်။
၄၂။ သန်လျှင်-တညင်။ သံ ညှင်

၄၃။ တနင်လာ-တနင်းနှာ။
၄၄။ မတ္တရာမြို့-မဒရာမြို့။
၄၅။ ဗန္ဓကျီမြို့-ဗချီမြို့။
၄၆။ ဒီပဲးယင်းမြို့-ဒပယင်းမြို့။
၄၇။ ခေါင်းအုန်း-ဂေါင်းအုန်း။
၄၈။ မန်ကျည်းပင်-မကြီးပင်။
၄၉။ ငါးရာနှဲ့းရွာ-ရေနံ့းရွာ။
၅၀။ မြင်းကျန်မြို့-မြင်းခြံမြို့။
၅၁။ ပိန်းရမြို့-ပင်းယမြို့။
၅၂။ အင်းဝမြို့-အဝမြို့။
၅၃။ မြောင်းတငါ-မြောင်းတိဂါ။
၅၄။ ယောင်ရမ်း-ညောင်ရမ်း။
၅၅။ ပဲးခိုး-ပဲးခူး,ပဲးကူး။
၅၆။ ဗိုင်းကန်နွှန်း-ဗိုင်းကနိုင်း။
၅၇။ ထုံးကြီးကို-ထူးကြီးဟု ယခုမိးရထားရုံ အမည်ပေးထားသည်။
၅၈။ တောင်ဌေး-တောင်မွေး*။
၅၉။ နွားဌေ့-နွားနွေ့*။
၆၀။ ပြောင်းဖူး-ပြောင်းဗူး*။
၆၁။ ငှက်ပျော-ငပျော*။
၆၂။ စာသင်ပုန်း-စာသင်ဗုန်း*။
၆၃။ ထန်းတော-ထတော*။
၆၄။ တမာတော-တမတော*။
၆၅။ လက်ပံတော-လက်ပတော*။
၆၆။ ဝါးတော-ဝတော*။
၆၇။ မီးပြ-မီးဗြ*။
၆၈။ နိုင်ငံ-နိုင်ဂံ*။
၆၉။ မော်ဗီ-မှော်ဘီ*။
၇၀။ တိုက်ကြီးကုန်း-တပ်ကြီးကုန်း*။
၇၁။ အင်တာ-အင်းတန်*။
၇၂။ ဂူကြီး-ကူကြီး*။
၇၃။ ထက်ဝယ်-ဒဝယ်*။

၇၄။ အဝတ်နွမ်း-အဝတ်နွန်း*။
၇၅။ မှုဆိုး-မုတ်ဆိုး*။
၇၆။ ရွှေချင်းယား-ရေဂျင်းယား*။
၇၇။ ခတက်ပင်-ဂဒက်ပင်*။
၇၈။ ဒေါင်းပေါင်-ဒေါင်းဖောင်*။
၇၉။ လေးမြား-လေးမြှား*။
၈၀။ ကွမ်းယာ-ကွန်းယာ*။
၈၁။ သျှားစေး-ရှားစီး*။
၈၂။ လင်းတ-လဒ*။
၈၃။ ကြိုးကြာ-ဂျိုးဂျာ*။
၈၄။ စစ်ကိုင်း-ဇကိုင်း*။
၈၅။ ယူးကြီးကို-ဖူးကြီးဟု ယခုမီးရထားရုံ အမည် ပေးထားသည်။
၈၆။ ဘုရားကြီးကို- ဗိုလ်ယားကြီးဟု မီးရထားရုံ အမည် ပေးထားသည်။
၈၇။ သာစုကန်ဟု မီးရထားရုံအမည်ပေးထားသည်မှာ သာစုကန် ဘုရားကို အစွဲးပြုခြင်းဖြစ်သည်၊ သာစုကန်ဘုရားသည် မီးရထားရုံနှင့် ခရီး ၃-မိုင်ခန့် ကွာသည်၊ မီးရထားရုံနှင့် ကျိုက်ကလဲ့ဘုရား, ကျိုက်ကလို့ ဘုရားများနှင့်သာ နီးလျက်ယှိချေသည်။

အုတ်ဖိုရွာ ရေတွင်းကုန်းဘူတာကို သာစုကန် အမည်ပြောင်းလိုက်သည်၊ သာစုကန် အမည်နေရာကို မင်္ဂလာဒုန် အမည်ပေးထားလေသည်၊မင်္ဂလာဒုန် အမည်ကိုဖျက်၍ ဒညင်းကုန်းဟု အမည်ပြောင်းထားပြန်သည်၊ ယခု သာစုကန် ဘူတာမှာ ဘုရားနှင့် ခရီးတမိုင်ခန့်ကွာသည်၊ သို့လိုအခေါ် သုတိလွဲးခြင်းများလည်း ယှိချေသည်။

ကွံ့ဒေးကို-တွံတေးခေါ်သည်၊ ၎င်းကွံ့ဒေးသည် တလိုင်းစကားဖြစ်သည်၊ ကွံ့ က-ရွာ၊ ဒေး က-ကုန်း၊မြန်မာလို ရွာကုန်း-ဆိုလိုသည်၊ ကာလ ကြာ၍ စကားရွေ့ရှားလျက် ယခုတွံတေးခေါ်ဝေါ် ကြလေသည်၊ *အချို့တလိုင်းကြီးများက ဒုန်ဒေး-ပြောသည်၊ မြန်မာလို မြို့ကုန်း-ဆိုလိုသည်။

ဒုရင်ကျိုက်ထော်ကို-ယခုကျိုက်ထော် ခေါ်ကြသည်၊ ဘလုမ်းကို-ဖလမ်းဟု ခေါ်တွင်သည်၊ အကြောင်းမူကား မောင်သန်လျင် အဖကို ပါဒမင်းကြီး အမိန့်နှင့်တုပ်၍ နေလှမ်းသောနေရာဟု ဆိုသည်။

ဦးအောင်သိန်း



ရွှေပြောင်းကို- ရွှေပျောက်ဟု ခေါ်တွင်သည်၊ အကြောင်းမူကား မောင်သန်လျှင် အဖကို နေလှမ်းသောနေရာမှ ရွှေပြောင်းသည်ကို စွဲ၍ ခေါ်ဝေါ်ကြသည်၊ ဤအကြောင်းကို ရှေးပေါရာဏ သက်ကြီးတို့ ပြောဆိုသည်ကိုကြားဘူးသည်၊ ဤအရပ်တို့သည် ကျောက်တန်းမြို့ပိုင် ကျိုက်ကမော့ ဘုရားအနောက်ဘက်တွင် ယခုတိုင် ယှိလေသည်၊

ဂုန်းပင်ကို-အုန်းပင်ခေါ်သည်၊ ထိုအပင်၏ အထွဋ်ပွဋ္ဌိကား လူနှစ်ဦးကြားတွင် တယောက်နှင့်တယောက်ကို မတည့်အောင် ဂုန်းတိုက်တတ်သူဖြစ်၍ မင်းမိန့်နှင့်ထိုသူကို သုသာန်သို့ ထုတ်ပြီးလျှင် မြေမြှုပ်သတ်ရာ ထိုနေရာကအပင်ပေါက်လှာသဖြင့် ဂုန်းသမားသင်းပြင်းရာက ပေါက်သည်ကို အစွဲပြု၍ ဂုန်းပင်ဟု အမည်သမုတ်ကြသည်၊ ကာလရှည်သဖြင့် အုန်းပင်ဖြစ်လှာဟန်ယှိသည်၊ ထိုအုန်းသီးတွင် လူ၏မျက်နှာသဏ္ဍာန်နှင့် တူယောင်ယောင်ရှိးမှားဘွယ်ယှိလေသည်၊ ရှေးကသူနာများကို ဆေးဖျော်၍ တိုက်သောခွက်သည်၊ ထိုအုန်းခွက်ပင်ဖြစ်သည်၊ ထိုအုန်းခွက်ကိုပင်- ဂုန်းခွက်, အုန်းခွံကို-ဂုန်းခွံ,အုန်းမှုတ်ကို-ဂုန်းမှုတ်ဟု ခေါ်ဝေါ်ကြသည်ကို ကြားဘူးသည်၊ ဆင်ခြင်လို့သာ သဘောကျစေတော်မူကြပါကုန်။

မောတပီကို-မှော်ဘီဟု ခေါ်တွင်လျက်ယှိသည်၊ မောတပီသည် တလိုင်းစကားဖြစ်သည်၊ မြန်မာလို မောက-အစွန်း၊ တပီက-ဥသျှစ်၊ ဥသျှစ်စွန်း ဆိုလိုသည်၊ မှော်ဘီမြို့နေပုံလည်း အငူအစွန်းဖြစ်လျက် ယှိသောကြောင့် သဘောကျသည်။

တနည်း။ တရုပ်ဘုရင် တိုင်းပြည်က လူစွမ်းကောင်း တယောက်သည် သိင်္ဂုတ္တရကုန်းတွင် တည်ထားလျက်ယှိသော မြတ်စွာဘုရားဆံတော်မောတ်ကို ယူရန် မြေအောက်သို့လျှိုး၍လာရာ မြေမှတဖန် ပေါ်လှာသောအရပ်ကို တရုပ်ပေါ်ဟု ရှေးကခေါ်ကြရာ ယခုတရုပ်မော်တွင်လျက် ယှိသည်၊ ၎င်းမှ တဖန် မြေကိုလျှိုး၍ လာပြန်ရာ မြေမှပေါ်လှာ၍ မောဘီ-ဟု ဆိုသောကြောင့် တရုပ်စကား မောဘီဖြစ်သည်၊ ကာလရှည်၍ မှော်ဘီဖြစ်သည်ဟု မထင်လျှားသောသူတို့ ရေးမှတ်သည့် ရာဇဝင်ငယ် တစောင်တွင် ညွှန်ပြသည်ကို တွေ့ဘူးသည်။

တနည်း။ ဒိဂုန်ဘုရင်သမီး-မလေးကြီးကို အခြားသောတိုင်းပြည်စံ ဘုရင်မင်းတို့က အလိုယှိကြောင်း ရာဇသံနှင့်တောင်းကြရာ ဒိဂုန်ဘုရင်က သမီးကို မပေးလိုသောကြောင့် မြို့မြောက်ဖက် နှစ်ယူဇနာကွာအရပ် မြစ်ကမ်း

သောင်ပေါ်တွင် ကျောက်ဂူပြုလုပ်၍ သမီးကို ဖွက်ကွယ်သွင်းထားရာ ငမိုးရိတ်မိကျောင်းနှင့် မင်္ဂလာဒုန်မိကျောင်းခေါင်းကြီးတို့သည် မြစ်ကိုလှည့်ပတ်ကျက်စားရာ မင်းသမီးထားသောကျောက်ဂူကိုတွေ့၍ မင်းသမီးကို ယူဆောင်လှာပြီးလျှင် ထိုအရပ်တွင် မှော်နှင့်ဖိထားသောကြောင့် မှော်ဖိဖြစ်ကြောင်းကို သဘင်ဆိုင်ရာ ဇာတ်ရုပ်သေးတို့ ကပြကြသည်၊ ရှေးက တယောသမားများလည်း ထိုဇာတ်ကို ပြောဆိုကျင်းပလျက် တယောထိုးကြသည်ကို နားထောင်ရဘူးသည်၊ မင်းသမီးကို ကျောက်ဂူနှင့်ထားသော နေရာသည် မှော်ဘီမြို့ပိုင် ဗားလား တိုက် ထောက်ကြံ့ရွာတောင်ဘက် ခရီးတမိုင်ခန့်ကွာသော အရပ်တွင် ဂူကြီးကုန်းဟု ခေါ်တွင်လျက် ယခုတိုင် ယိုလေသည်၊ သို့သော် မှော်ဘီမြို့သည် ရှေးရှေးက တလိုင်းမင်းတို့ အုပ်စိုးသောဌာနဖြစ်၍ တလိုင်းစကားကိုသာ အမြီးမှတ်သားရန်သင့်မည် ထင်သည်။

ထို့ပြင် ယခုနှစ်စဉ်မပြတ် တပို့တွဲးလကွယ်နေ့တိုင်း မြို့နယ်နှင့်တကွ ပွဲးတော်ပြုလုပ်ဆည်းကပ် ကိုးကွယ်ကြသော အင်းစိန်မြို့ သမိုင်းရွာအနီး ကျိုက်ဝိုင်းဘုရားကို အချို့သော ဉာဏ်ပညာ ဆင်းရဲးသူတို့က ရေကင်းသူမခရှုပွင့်၏ ယောကျ်ား ယူယောင်ဆောင်သော ရေမိကျောင်း ငမိုးရိတ်အရိုးကို မယားဖြစ်သူ ရွှေပွင့်က ကျောက်နှင့်ဝိုင်းပြီးလျှင် ဘုရားတည်ထားဌာပနာသောကြောင့် ကျောက်ဝိုင်းဖြစ်သည်ဟု ပြောဆိုကြသည်၊ ဤသို့ ပြောဆိုသောသူများကို စုံစမ်းမေးမြန်းရာ သမိုင်းစာဟောင်း စာတမ်းကို တွေ့၍ပြောဆိုသည်ကား မဟုတ်ပေ၊ ဇာတ်ရုပ်စုံကျင်းပ ကပြသည်ကိုကြည့်ရှုကြရသောကြောင့် အနိုင်အမာပြုလုပ် ပြောဆိုကြ လေသည်၊ ယုတ္တိယှိသည် မယှိသည်ကို မစဉ်းစား မတွေးတောတတ်ကြခြင်းဖြစ်သည်၊ သဘင်သည်တို့က လွှခ်းအောင် ဆွေးအောင် ရာဇဝင်ယောင်ယောင်, သမိုင်းယောင်ယောင် ထိုးဇာတ်ပြုလုပ် ကပြကြသည်ကို အမှန်အယူ ယိုကြလေသည်၊ ရှေးရှေးက တယောသမား များလည်း ထိုဇာတ်ကို ကျင်းပပြောဆို တယောထိုးကြလေသည်၊ ပန်းချီ ဆေးရေးဆရာများလည်း ထိုဇာတ်ကို ဖုန်းကြီးပျံ လောင်တိုက်တွင် အရုပ်ကားရေးလေ့ယှိသည်၊ စာဆိုဆရာ,စာရေးဆရာများလည်း ဇာတ်စာအုပ် တပဲး, ခြောက်ပြား တန့်ကိုရေးထုတ်ကြလေသည်။

အမှန်စင်စစ်သော်ကား တလိုင်းစကားဖြစ်သည်၊ တလိုင်းလို "ကျိုက်ဗိုင်းအွတ်"ခေါ်သည်၊ မြန်မာလိုသော် ကျိုက်က-ဘုရား၊ဗိုင်းအွတ်က-ပုန်းတန်းကစားသည်၊ အဓိပ္ပါယ်မှာ ပုန်းတန်းကစားသော ဘုရား-ဟူလို၊ ယခုသရော်မူ အွတ်-အသံမပါပဲး ကျိုက်ဗိုင်းဘုရားဟု ခေါ်တွင်လေသည်ကိုမြန်မာ

အချို့က ကျောက်ဝိုင်းဟု ခေါ်ကြလေ၏၊ ၎င်းဘုရားကို အချို့ဖုန်းတော်ကြီးများ မဖူးဘူးဟု ပြောဆိုကြလေသည်၊ ဟုတ်မဟုတ်ကို ဖုန်းကြီး၏ ဂုဏ်တော်ကို ထောက်ထားသဖြင့် စုံစမ်းခြင်းကို မပြုပဲ ယိုနေပါသည်။* ဤဘုရားသမိုင်းကို ပုံနှင့်တကွ ၁၂၉၁-ခု ကဆုန်နှင့် နယုန်လထုတ် သူရိယမဂ္ဂဇင်း နံပါတ်-၃ မျက်နှာ ၁၀၈-နှိက် ဖော်ပြထားပြီးဖြစ်သည်။

ယခုပြောဆိုကြသော စကားများတွင်—

| | |
|---|---|
| ဂုဏ်တုဂုဏ်ပြိုင်။ | ဖြိုးဖြိုးဖြင်းဖြင်း။ |
| ဇဝေဇဝက်။ | ဘိုးစဉ်ဘောင်ဆက်။ |
| ဇဝေဇဝါ။ | ဘိုးဘေးဘီဘင်။ |
| ဒိုးဒိုးဒေါက်ဒေါက်။ | ဘုံးဘုံးဘင်းဘင်း။ |
| ဗရမ်းဗတာ။ | ဖြိုးဖြိုးဖြောင်ဖြောင်။ |
| ဗိုးဗိုးဗတ်ဗတ်။ | ဒိုးဒိုးဒေါင်ဒေါင်။ |
| ဒိုးဒိုးဒိန္နဒိန္န။ | ဒိန်းဒိန်းဒေါင်းဒေါင်း*။ |

စသောဝေါဟာရစကားများသည် မဂဓနှင့်သကၠ ဘာသာတို့နှိက် သုံးသော အက္ခရာများဖြစ်၍ ရောပြွမ်းသောစကားများဖြစ်ချေသည်။

ရေးပညာယှိတို့ ထုတ်နုတ်ရေးသားသည့် ပေါရာဏစကားတွင်လည်း ဓဝယ်ညှင်း, ဒုဟ, ဒွိဟ, ဥဒဟို, ဒိုးယို, ဒေါမား, ဆေဒနံ, ဘိန္ဒနံ, အတိဒူရကော, ရဂုံ, ဂုန်း, ပလိဗောဓ, ဒီမျှ, ဓိမိုင်း,ဓိပ်မိုင်း, ဂိဝါ, ဗဟို, ဂနိုင်, ဇနီး၊ ဤစကားများလည်း ပေါရာဏစကားတွင် သုံးသောအက္ခရာများ မဟုတ်၊ မဂဓ, သကၠ ဘာသာများတွင် သုံးစွဲသော အက္ခရာများ ဖြစ်ချေသည်။

ရှေးပညာကျော် ကဝိမော်တို့ စပ်ဆိုစီကုံးကြသော ပျို့, လင်္ကာ, ရတု, ပိုဒ်စုံ, ဧချင်း, လူးတား, အဲး, အဏ်, ရကန်, ကဗျာတို့တွင် ပေါရာဏ,ဝေါဟာရ စကားတို့ အပြင် မဂဓ, သကၠနှင့် ဆိုင်သော အက္ခရာ များကို လည်း ထည့်သွင်း ရေးသားတော်မူကြကုန်၏၊ အကြောင်းမူကား—

ဓမ္မောဇမော်ကွန်းတွင် “အဘိဇ္ဈာဝိသမ၊ ပမာဒနှင့်၊ သာဌေယမာယာ။ ။ဆဒ္ဒန်ပသု၊ ဠုဒ္ဒသီဟာ၊ ကိတာဂဇ”ဟူ၍ စပ်ဆိုသည်။

ရတနာနဒီမော်ကွန်းတွင် “ဇေယျာဘူမိ၊ ပေါဓိမဏ္ဍ။ ။ဥတုသမုဋ္ဌာန်၊ ဘုန်းကျိုးဖန်၍၊ ဝေယန်သုဒသ်။ ။ဘူဇင်မာလိ၊ ဟူတန်ဘွယ်သာ၊ အာယရာနှင့်” ဟူ၍ စပ်ဆိုသည်။

မန္တလေးဘုံမော်ကွန်းတွင် "မြေပြင်ဇိမာန်၊ သွင်ဏ္ဍာယံနှိုက်ထက်။ ။ဒွတ္တ ဘောင်နှင့်၊ ကျော်ခေါင်နှံ့သိ၊ ပါဋလိပုတ်၊ သီရိဓမ္မာ၊ ရာဇာသောက၊ သီ ဟဋ္ဌနိုက်၊ ဒုဋ္ဌဂါမဏိ" ဟူ၍ စပ်ဆိုသည်။

လောကဗိဒူမော်ကွန်းတွင် "သမုဒ္ဒသိန္ဓု၊ ပိုင်ကြလုသို့၊ ဘဂ္ဂုပုဏ္ဏမီ။ ။ မဇ္ဈေဝိထိ၊ ပရိမဏ္ဍိုဋ္ဌ်၊ စက်ဦးနိုင်မှ။ ။ပြုပ္ပါဘဒြ၊ ဥတြဘရဂုဏ်၊ ခြောက်လ ကုန်၏၊ နောက်ပုဏ္ဏမ" ဟူ၍ စပ်ဆိုသည်။

ရွှေစာတိုင်ဆင်တော်မော်ကွန်းတင် "သိဒ္ဓိတင်မှ၊ ပြည့်ရှင်ဘုန်းအား၊ ဆဒ္ဒန်သားကို။ ။နတ်သုဒ္ဓါသို့၊ ဩဇာပြန့်ဘွယ်၊ စားစမွယ်လျက်" ဟု စပ်ဆိုတော်မူသည်။

ဇာသျှံဂူမော်ကွန်းတွင် "သဒ္ဒါဘိဓာန်၊ နိယဏ္ဍိက၊ နီတိစသား၊ ဗုဒ္ဓ မတိ၊ အလိုသိသဖြင့်။ ။ဝေးကြူးရပ်မြေ၊ ဇေနဂရ၊ ဘာရဋ္ဌနှင့်၊ သောဋ္ဌသ မ္ဘို၊ မင်းတို့ပန္နာ" ဟူ၍ စပ်ဆိုသည်။

တံတားဦးတည်မော်ကွန်းတွင် "ဇောတိပါလ၊ မာဏဝနှင့်၊ စိတ္တမနေ၊ နှိုင်းတုမရ၊ အဇ္ဇုနမင်း၊ ။နန္ဒမူလ၊ပဗ္ဘာရနှိုက်။ ။မဏိသုဝဏ္ဏ၊ ရဇတ ဖြင့်" ဟု စပ်ဆိုသည်။

ပုံတောင်နိုင်မော်ကွန်းဘွင် "ဗောဓိချာနိုက်၊ ဖြုပ္ဖွာဒေဝ၊ ပူဇော်ကြ သို့၊ ရန်စနှိပ်နင်း" ဟူ၍ စပ်ဆိုတော်မူသည်။

ဝိဓုရပျို့တွင် "ဂင္ဂုန်မင်းတို့၊ နွဲ့ရှင်းလက္ခဏာ။ ။အာဇုနဇု၊ ပြည်မ သခင်" ဟူ၍ စပ်ဆိုတော်မူသည်။

ဩဝါဒထူးပျို့တွင် "သုခဒုက္ခံ၊ လောကဓံကို၊ မခံနိုင်ဘိ၊ ဉာဏ်မရှိနှင့်၊ သတိသမ္ပဇဉ်။ ။တောင်းစွေးတတ်မှု၊ ပဋိယာတ်လွန်မင်း။ ။တည်းကြပ် ဇာခန္ဓြ၊ ဖြစ်ပေသန့်ရှင်း" ဟု စပ်ဆိုသည်။

ကိုးခန်းပျို့တွင် "စုဋ္ဌာမဏိ၊ ခိုင်ညှိအဋ္ဌ၊ ဒွါဒသဟု။ ။သဋ္ဌာယတန၊ ဓမ္မဓိပတိ၊ မြောက်မြားပြိကား၊ ပလိဗောဓ၊ ဒုက္ခမိုယ်းရည်။ ။ပုပ်ကြွတ် ဇာန္ဒု၊ ဘာဏုမဏ္ဍလ၊မဇ္ဇတာရာ၊ဥဂ္ဂါပုံပြောင်"ဟု စပ်ဆိုတော်မူသည်။

သံဝရပျို့ဘွင် "ကုဋေတွက်ကျိန်း၊ တသိန်းစကြာဝဠာ၊ အာဏာဖြန့်ဒွဲ၊ တုမဲ့ဓမ္မရာဇ်။ ။အင်္ဂီရသ၊ ဗုဒ္ဓဘဂဝါ၊ သတ္တာဓုနိ၊ မာရဇိနှင့်၊ ဘူမိ ပညာ"ဟူ၍စပ်ဆိုတော်မူသည်။

ဝေဿန္တရာပျို့တွင်" ဥပါဒ်,ဋ္ဌိ,ဘင်၊ ဘဝင်,ဝုဋ္ဌော၊ ဇော,ကဒါရုံ။ ။ ကုမ္ဘဏ်သည်းသီ၊ ဇောကီဆရာ၊ ဝိဇ္ဇာဓိုရ်ရ"ဟူ၍စပ်ဆိုသည်။

ဇနကပျို့တွင် "ပုဏ္ဏားပြာဟ္မဏာ၊ဥဒိစ္စကို၊ ဒိပတန်ဆောင်။ ။ဘုန်းတော်မိပတိ၊ ရာဇာဓိကား၊ အာဒိနဝ။ ။မိဂါဇိန၊ တည့်ကျော်ရလျက်၊ ဒိပတောင်လက်၊ ဇမ္ဗူချက်ထက်၊ အသက်မဟေ့"ဟုစပ်ဆိုသည်။

ပလလဲးဆင်မင်းပျို့တွင် "ခေါင်ရမ်းဂမုန်း၊ ကြက်ရုံးတဇင်၊ နံ့ရှင်လူလူ၊ မဥ္ဇူသင်းဖြာ၊ ဇီဇဝါမြစ်ကိုင်း၊ ဝေယ်မှိုင်းလည်း"ဟုစပ်ဆိုသည်။

သုတသောမပျို့တွင် "ခနဗေဒါ၊ ပေါရာဏာ့ဟု၊ အဋ္ဌာရသ၊ ဆဲ့ယှစ်ဝလည်း"ဟူ၍စပ်ဆိုတော်မူသည်။

ဆုတောင်းခန်းတွင် "သာရဂန္ဓိ၊ ဥဒမိတို့။ ခန္တိမေတ္တာ၊ ကရုဏာနှင့်၊ ပညာမျက်စိ၊ စုံသောဘိလျှင်၊ ဒက္ခိဏေယျ။ ။ဘာဝနံဂု၊ သဗ္ဗညုကား၊ စတုသစ္စာ၊ သမ္ဘိဒါနှင့်၊ ဝေသာရဇ္ဇ၊ သတ္တဗောဇ္ဈင်၊ မဂ္ဂင်မကျန်"ဟူ၍ စပ်ဆိုတော်မူသည်။

ပါရမီခန်းတွင် "ဩဇာပါဏ၊ ဇီဝိတဟု၊ ဓမ္မအပြား၊ လူသုံးပါးတွင်၊ အမျက်ပငိုယာတ်၊ ဥပဒ္ဒဝေါ၊ထဲးနာပြော၍၊စိတ်ဇောမသန့်"ဟူ၍ စပ်ဆိုတော်မူသည်။

သုဝဏ္ဏသျှံပျို့သေဋ္ဌေးခန်းတွင် "ဓာရဏာလွှေကျက်၊ ထွက်သားအက္ခရာ၊ အဖြာဖြာလျှင်၊ သဒ္ဒါပိုပြင်၊ ရုပ်ဓာတ်ယှဉ်လျက်၊ သိမြင်ဆတ်ဆတ်၊ ပရမတ်ပါဠိ၊ ဇောဝိထိနှင့်"ဟုစပ်ဆိုသည်။

လောကသာရပျို့တွင် "ဂြဟသန္ဓိ၊ ကျမ်းနှင့်ညှိ၍၊ ပါဠိပူဇော်၊ ဂြိုဟ်ခေါ်ဂြိုဟ်နှင်၊ ဗေဒင်ရွတ်မန်း။ ။ကျေးဇူးပညာ၊ များစွာဂုဏ်အင်၊ ဗေဒင်မှတ်သိ၊ ပညာရှိဟု၊ ကဝိပုဏ္ဏား"ဟုစပ်တော်မူသည်။

ပလိပ်စားနေချင်းတွင် "ဆက်ဘိထိုက၊ ဝိဇ္ဇာတနှင့်၊ ဓမ္မနာဂ၊ သေနသုံးပါး၊ သားသမိဒ္ဓ၊ သားလှဆက်ခံ၊ ဒိသမ္ပတိ"ဟုစပ်ဆိုသည်။

ဘူရိဒတ်ဇာတ်ပေါင်းတွင် "မန္တာခိဋ္ဌ၊ စသည်တို့တွင်။ ။အဟိတုဏ္ဍိက၊ ဘမ်းဦးစနိုက်၊ ဒုက္ခဝေဒနာ"ဟုစပ်ဆိုတော်မူသည်။

သာမုဒြိကမော်ကွန်းတွင် "ဒိယဗာဟု၊ အကြင်သုအား၊ အာနုဘော်စိုး။ ။ပဒ္မပတြ၊ ကြာရွက်မြနှင့်။ ။ဘောဂဗလ၊ ကြွယ်ပြောဝအံ့၊ ကုဋေကုဋ္ဋာ၊ ကြွယ်ဥစ္စာလိမ့်၊ ပါဒါပါဒိ"ဟုစပ်ဆိုသည်။

ထိပ်စုံမြတ်ဘုရားကြီး မင်္ဂလာနေချင်းတွင် "တိုင်းမဒ္ဒဝယ်၊ ပဘာဝတီ၊ ဌာနီကပိုလ်၊ နဂိုရ်စံမှတ်၊ ဗိမ္ဗာနတ်တို့၊ ရုပ်ဓာတ်ဆင်းရောင်"ဟုစပ်ဆိုသည်။

ဝိနိစ္ဆယဓမ္မသတ်လင်္ကာတွင် "စောထီးမာဃ၊ ဤသာဏာနှင့်၊ တေဇထွန်းဝါ၊ ပဇာပတိ၊ ကြီးဘိမြတ်ဂုဏ်"ဟုစပ်ဆိုသည်။

သောင်သင်းမှူးရေလားတွင် "လောင်းပန်းတဇင်၊ ဂမုန်းအင်ကို၊ သဇင်ချိန်သင့်"ဟုစပ်ဆိုသည်။

သျှင်ဥတ္တမကျော်တောလားတွင် "ပဘက်ရိ၊ရဝိစန္ဒ၊ ဘောမဗုဒ္ဓါ၊ မဟာဂုရု၊ ဘရဂုသောရာ၊ ဒေဝါသူရိန်၊ဘုမိန္ဒရာ"ဟု စပ်ဆိုလေသည်။

ရွှေနန်းတော်သိမ်းဘွဲ့ မင်းနဝဒေးရတုတွင် "ဗျာဒိတ်တော်လိုက်၊ သိုက်နှင့်ညြဘာ၊ ဝေါဇာဘချိန်"ဟုစပ်ဆိုသည်။

ဖုသျှသကြိန်တော်ဖေါ်မင်းနဝဒေးဆက်ရတုတွင် '"ရွှေဘုန်းဇမ္ဗူ၊ ရှိတိုင်းယူ၍၊ သရဘူအမ္ဗူ၊ သိန္ဓုသိဒ္ဓါ"ဟုစပ်ဆိုတော်မူသည်။

အထက်ဖော်ပြသော ကဗျာလင်္ကာများတွင် စပ်ဆိုသော(ဂ-ဃ-ဇ-ဈ-ၚ-ဋ-ဍ-ဎ-ဏ-ဒ-ဓ-ဗ-ဘ-ဠ) ၎င်းအက္ခရာများဖြစ်၍ ပေါရာဏမဟုတ်၊ မာဂဓနှင့် သက္ကဋဖြစ်ကြောင်းကိုသတိမူသင့်ပေသည်။

ယင်းသို့ဖြစ်၍ ပညာဗဟုသုတကို ရှာမှီးကုန်သော အမျိုးသားတို့သည် ပေါရာဏစကားဖြစ်သည်၊ မာဂဓစကားဖြစ်သည်၊ သက္ကဋဘာသာဖြစ်သည်၊ မြန်မာဝေါဟာရဖြစ်သည်များကို သိသာခြားနားရန် အက္ခရာရွေးခြင်း, ဒေသအရပ်အလိုက် အခေါ်အဝေါ်ကွဲလွဲခြင်း, အသံပြောင်းခြင်း စသည်တို့ကို သတိပညာနှင့် နှိုင်းချိန်ယူဆရန် ရေးသားဖော်ပြလိုက်ပါသည်။

---

## ၄-ပါဠိနှင့် မြန်မာတွဲဖက်၍ ပြောဆိုသော စကားများ

၁။ နည်းနာနယ။
၂။ လာဘ်လာဘ။
၃။ ချမ်းသာသုခ။
၄။ အကျင့်စာရိတ္တ။
၅။ ဦးစီးနာယက။
၆။ ဒိဋ္ဌမျက်မှောက်။
၇။ လုံ့လဝီရိယ။
၈။ ဆင်းရဲဒုက္ခ။
၉။ အမျက်ဒေါသ။
၁၀။ မှန်သောသစ္စာ။
၁၁။ စိတ်စေတနာ။
၁၂။ အရပ်ဒေသ။
၁၃။ အလှူဒါန။
၁၄။ အလိုဆန္ဒ၊
၁၅။ တရားဓမ္မ။
၁၆။ ခေတ္တခဏ။
၁၇။ ခန္ဓာကိုယ်။
၁၈။ အပျိုကညာ။
၁၉။ အခါသမယ။
၂၀။ ကျော်စောကိတ္တိ။

၂၁။ ဘုံဘဝ။
၂၂။ ယုံမှားသံသယ။
၂၃။ ယခုပစ္စုပ္ပန်။
၂၄။ အားခွန်ဗလ။
၂၅။ စွမ်းရေသတ္တိ။
၂၆။ ချစ်ခြင်းမေတ္တာ။
၂၇။ လောဘ်ရမ္မက်။
၂၈။ ဘေးဘယ။
၂၉။ တန်းခိုးဣဒ္ဓိ။
၃၀။ သဒ္ဓါယုံကြည်။
၃၁။ နောင်အနာဂတ်။
၃၂။ တပ်ခြင်းတဏှာ။
၃၃။ ဒုဟ်မကင်း။
၃၄။ ရှေးအတိတ်။ See No. 53
၃၅။ ပြဒါးသုတ။
၃၆။ အဲမိုက်မောဟ။
၃၇။ အလိုဆန္ဒ။
၃၈။ တောတိရစ္ဆာန်။
၃၉။ နာရကာရှေ့။ See No. 57
၄၀။ ပိုးမွှားတိရစ္ဆာန်။
၄၁။ ရှေးထုံးတန္တီ။
၄၂။ သနားကရုဏာ။
၄၃။ ဆွေမျိုးဉာတိ။
၄၄။ ကျေးသုဝ။
၄၅။ မြစ်နဒီ။
၄၆။ အမြဲနိယမ။
၄၇။ အရပ်ဌာန။
၄၈။ ရဲခြင်းသတ္တိ။
၄၉။ ပဒုမကြာ။
၅၀။ အသင့်ယုတ္တိ။
၅၁။ အထုံဝါသနာ။
၅၂။ အရိပ်ဆာယာ။
၅၃။ ရှေးအတိတ်။ See No. 34
၅၄။ အဝိဇ္ဇာမှောင်။
၅၅။ ဒိဋ္ဌိအယူ။
၅၆။ အမှတ်သညာ။
၅၇။ သုဝဏ္ဏရွှေ။ See No. 39
၅၈။ မင်းစိုးရာဇာ။
၅၉။ အမြဲနိစ္စ။
၆၀။ ဇမ္ဗူ့သပြေ။
၆၁။ ဥစ္စာဓနု။
၆၂။ အမြစ်မူလ။
၆၃။ တောဝန။
၆၄။ အသက်အာယု။
၆၅။ ပဒ္ဒူငါးပါး။
၆၆။ ဇီဝအသက်။
၆၇။ အတတ်ပညာ။
၆၈။ အောင်ဇေယျတု။
၆၉။ အကျင့်သိက္ခာ။
၇၀။ ဥက္ကဋ္ဌလူကြီး။
၇၁။ ဒေါသအမျက်။
၇၂။ ကုန်းနေသတ္တဝါ*။
၇၃။ ရေနေသတ္တဝါ*။
၇၄။ မနုဿလူသား*။
၇၅။ ပိတာအဖ*။
၇၆။ ဆရာဂုရု*။
၇၇။ သူရိယနေ*။
၇၈။ စန္ဒာလမင်း*။
၇၉။ မဂ်ချိုပျား*။
၈၀။ ထမင်းအာဟာရ*။
၈၁။ သီဟခြင်္သေ့*။
၈၂။ လိုချင်လောဘ*။

၇၃။ မာတာမိဒ်*။

၇၄။ နာဝါသင်းပေါ်*။

၇၅။ ဗဟုကိစ္စ*။

ယင်းသည့်ဖော်ပြအပ်သော ပါဠိ,မြန်မာဖက်တွဲး၍ သုံးစွဲးကြသောစကား များကိုလည်း သတိထားရန် သင့်ချေသည်၊ အချို့ ထိုစကားတို့ကို ပြောဆို သုံးစွဲးကြလျက် ဖြစ်သော်လည်း ပါဠိ,မြန်မာဖက်တွဲး နေသည်ကို စဉ်းစား ဆင်ခြင်မိမည်မထင်၊ အစုအစဉ်က ပြောရိုးပြောတန်းဖြစ်၍သာ ပြောဆိုကြ လျက်ယှိလိမ့်မည် ထင်မိပေ၏။

---

## ၅-အက္ခရာဗျည်းတလုံးကို ထပ်၍ပြောဆိုသော စကားဖို, စကားမများ

(က) **အက္ခရာ။** ကသီကရီ၊ ကတိုက်ကရိုက်၊ ကဇင်ကရစ်၊ ကတောကမြော၊ ကသိကအောက်၊ ကဗျာကသီ၊ ကဗျာကရာ၊ ကန္တကယ၊ကစဥ့်ကရဲး၊ ကပျက်ကချော်၊ ကမန်းကတန်း၊ ကရော်ကမယ်၊ ကလေးကလား၊ ကရောက်ကရက်၊ ကပိုကရို၊ ကချော်ကချွတ်၊ ကတုန်ကရင်၊ ကုတ်ကုတ်ကပ်ကပ်၊ ကောင်းကောင်းကန်းကန်း၊ ကလေကဝ၊ ကိုးရိုးကားယား၊ ကိုးလိုးကန့်လန့်၊ ကပေကရေ၊ ကလေကချေ၊ကော်ကော်ကပ်ကပ်၊ကပ်ပယ်ချိန်ဒွင်၊ ကစဲးကရဲး၊ ကလီကမာ၊ ကဖောက်ကရောက်၊ ကေကေကာကာ၊ ကုပ်ကုပ်ကော်ကော်၊ကွယ်ကွယ်ဝှက်ဝှက်၊ ကင်းကင်းရှင်းရှင်း၊ ကိုးကိုးကပ်ကပ်၊ ကလိန်းကလက်၊ ကုတ်ကုတ်ပတ်ပတ်၊ ကန်ကန်ကျောက်ကျောက်၊ ကောက်ကောက်ကွေ့ကွေ့၊ ကတိမ်းကပါး၊ ကိုးကိုးကားကား၊ ကျိကျိချွဲချွဲ၊ ကြီးကြီးကျယ်ကျယ်၊ ကျဉ်းကျဉ်းကျယ်ကျယ်၊ ကျဉ်းကျဉ်းကြပ်ကြပ်၊ ကြိုကြိုဖန်ဖန်၊ ကြိုကြိုစည်စည်၊ ကြင်ကြင်နာနာ၊ ကြပ်ကြပ်တည်းတည်း၊ ကြိုးကြိုးကြွကြွ၊ ကြိုးကြိုးပမ်းပမ်း၊ ကြမ်းကြမ်းထမ်းထမ်း၊ ကျန်းကျန်းတမ်းတမ်း၊ ကြိုးကြိုးကုတ်ကုတ်၊ ကြိတ်ကြိတ်နယ်နယ်၊ ကြိုးကြိုးစားစား၊ ကြွေကြွေနပ်နပ်၊ ကြွေကြွေးပြေပြေ၊ ကြွေကြွေညာညာ၊ ကြွေကြွေဧးဧး၊ ကြည်ကြည်လင်လင်၊ ကြည်ကြည်ရွှန်းရွှန်း၊ ကြော့

ကြော့မော့မော့၊ ကျကျနန၊ ကြေကြေလယ်လယ်၊ ကြွေ့ကြွေ့ရမ်းရမ်း၊ ကြွက်ကြွက်ဆူဆူ၊ ကျူးကျူးကျော်ကျော်၊ ကျဲးကျဲးစိပ်စိပ်၊ ကြဲးကြဲးစွန့်စွန့်၊ ကြဲးကြဲးသွန်သွန်၊ ကျိုတ်ကျိုတ်ခဲးခဲး၊ ကျေးသိမ်ကျေးငယ်၊ ကြိုကြိုကြားကြား၊ ကျီးကျီးကျည်ကျည်၊ ကြည်ကြည်ညိုညို၊ ကြိုးကြိုးကြိုကြို၊ ကျုံကျုံလိမ်းလိမ်း၊ ကြိမ်ကြိမ်ခေါက်ခေါက်၊ ကြွားကြွားရွားရွား၊ ကျေးဇူးယို့မှကျေးစွပ်သည်။

(ခ) **အက္ခရာ။** ခက်ခက်ခဲးခဲး၊ ခဲးခဲးယဉ်းယဉ်း၊ ခခယယ၊ ခခယမ်းယမ်း၊ ခမီးခမက်၊ ခလုတ်ကန်သင်း၊ ခိုင်ခိုင်ခံ့ခံ့၊ ခန့်ခန့်ညားညား၊ ခင်ခင်မင်မင်၊ ခိုခိုကပ်ကပ်၊ ခိုးခိုးခေါက်ခေါက်၊ ခွေခွေလိပ်လိပ်၊ ခုံခုံမင်မင်၊ ခေါ်ခေါ်ပြောပြော၊ ချစ်ချစ်ခင်ခင်၊ ခုတ်ခုတ်ထွင်ထွင်၊ ခဲးခဲးမဲးမဲး၊ ခုခုခံခံ၊ ခဲးခဲးကြိတ်ကြိတ်၊ ခိုးခိုးရှုရှု၊ ခြိမ်းခြိမ်းချောက်ချောက်၊ ခြေခြေမြစ်မြစ်၊ ခြေခြေလယ်လယ်၊ ခြိုးခြိုးခြံခြံ၊ ချီချီငေါ်ငေါ်၊ ခြီးခြီးဝှဲးဝှဲး၊ ချုတ်ချုတ်ချယ်ချယ်၊ ချစ်ချစ်ချုတ်ချုတ်၊ ချမ်းချမ်းမြမြ၊ ချမ်းချမ်းသာသာ၊ ချွတ်ချွတ်ချော်ချော်၊ ချွတ်ချွတ်ယွင်းယွင်း၊ ချွဲးချွဲးကျိုကျို၊ ချိုချိုယွဲ့ယွဲ့၊ ချူချူချာချာ၊ ချွဲးချွဲးပြစ်ပြစ်၊ ချည့်ချည့်နဲ့နဲ့၊ ချွဲချွဲနဲ့နဲ့၊ ချိုးချိုးဖဲ့ဖဲ့၊ ချက်ချက်ပြွတ်ပြွတ်၊ ချီချီချချ၊ ခြားခြားနားနား၊ ချိုချိုချဉ်ချဉ်၊ ချိုချိုဆိမ့်ဆိမ့်၊ ခြီးခြီး မြှောက်မြှောက်၊ ချာချာလယ်လယ်၊ ခြိုးခြိုးခြံခြံ၊ ခွဲးခွဲးခြမ်းခြမ်း၊ ခြိုးခြိုးခြိမ့်ခြိမ့်၊ ခြိမ့်ခြိမ့်သဲးသဲး၊ ချော့ချော့ချီချီ၊ ချောချောမောမော၊ ချယ်ချယ်လှယ်လှယ်၊ ခပေါက်ချီကပေါက်ချ၊ ချောချောမွေ့မွေ့၊ ချီချီချွဲချွဲ၊ ချန်ချန်ခြွင်းခြွင်း။

(ဂ) **အက္ခရာ။** ဂုဏ်တုဂုဏ်ပြိုင်၊ ဂုဏ်ချင်းဂုဏ်ပြိုင်၊ ဂုဏ်မလိုက-ဂုဏ်ပိုသည်၊ ဂုဏ်လိုက-ဂုဏ်ပြိုသည်။

(င) **အက္ခရာ။** ငိုးငိုးငေါက်ငေါက်၊ ငေါ်ငေါ်ငက်ငက်၊ ငေါက်ငေါက်ငမ်းငမ်း၊ ငယ်ငယ်ယွယ်ယွယ်၊ ငယ်ငယ်သေးသေး၊ ငိုးငိုးငုတ်ငုတ်၊ ငိုငိုယိုယို၊ ငြိုငြိုငြင်ငြင်၊ ငြင်းငြင်းပယ်ပယ်၊ ငြိမ်းငြိမ်းချမ်းချမ်း၊ ငြိမ့်ငြိမ့်ငြောင်းငြောင်း။

(စ) အက္ခရာ။ စဥ်းစဥ်းစားစား၊ စုံစုံစေ့စေ့၊ စောစောစီးစီး၊ စိစိ စပ်စပ်၊စေ့စေ့စပ်စပ်၊ စူးစူးစမ်းစမ်း၊ စူးစူးစားစား၊စပ်စပ် ဖာဖာ၊ စုတ်စုတ်ပြတ်ပြတ်၊စုတ်စုတ်နုတ်နုတ်၊ စုတ်စုတ်နဲ့နဲ့၊ ငုတ်စုတ်ပွဲပွဲ၊ စုန်စုန်ဆန်ဆန်၊ စိုစိုပြည်ပြည်၊ စီစီညံ့ညံ့၊ စည်းစည်းလုံးလုံး၊ စည်းစည်းနှောင်နှောင်၊ စိမ်းစိမ်း ကားကား၊• စားစားသောက်သောက်၊ စုံစုံလင်လင်၊ စနှောင့်စနင်၊ စိုစိုစွတ်စွတ်၊ စိစိညက်ညက်၊ စူစူအောင့် အောင့်၊ စုံစုံမက်မက်၊ စင်စင်ကြယ်ကြယ်၊ စုံစီနဖာ၊ စာစီ စာကုံး၊ စိုစိုပြေပြေ၊ စည်စည်ကားကား၊ စည်းစည်း ကြပ်ကြပ်၊ စီးစီးနင်းနင်း၊ စောင့်စောင့်စားစား၊ စိုးစိုး စိမ့်စိမ့်၊ စိုစိုစိမ်းစိမ်း၊ စစ်စစ်ဆေးဆေး၊ စာရေးစာချီ၊ စိုစိုစက်စက်၊ စာချီစခ၁၊စွန့်စွန့်စားစား။

(ဆ) အက္ခရာ။ ဆေးဆေးနှေးနှေး၊ ဆိုင်းဆိုင်းတွတွ၊ ဆင်ဆင်ခြင်ခြင်၊ ဆိုဆိုဆဲဆဲ၊ ဆန်းဆန်းပြားပြား၊ ဆောင့်ဆောင့် အောင့် အောင့်၊ ဆဲးဆဲးဖူးဖူး၊ ဆင်းဆင်းရဲရဲ၊ ဆန်းဆန်း ထူးထူး၊ ဆုတ်ဆုတ် ဆိုင်းဆိုင်း၊ ဆုပ်ဆုပ် နယ်နယ်၊ ဆည်းဆည်းပူးပူး၊ ဆွတ်ဆွတ်ခူးခူး၊ ဆူဆူပူပူ၊ ဆိမ့်ဆိမ့် ချိုချို၊ ဆံစုဆံထုံး၊ ဆာဆာလောင်လောင်၊ ဆန်ဆန် မှုန်မှုန်၊ ဆူးဆူးယားယား၊ ဆိုက်ဆိုက်မြိုက်မြိုက်၊ ဆွတ် ဆွတ်ဖြန်းဖြန်း၊ ဆန်းဆန်းကြယ်ကြယ်၊ ဆန်ဆန်စုန်စုန်၊ ဆေးဆေးလေးလေး။

(ဇ) အက္ခရာ။ ဇဝေဇဝက်၊ ဇဝေဇဝါ၊ ဇီဝဇိုဝ်းငှက်။

(ည) အက္ခရာ။ ညှိုးညှိုးညံ့ညံ့၊ ညှိုးညှိုးငိုမ့်ငိုမ့်၊ ညောင်းညောင်း ညာ ညာ၊ သံ့သံ့စီစီ၊ ညှိညှိစိမ့်စိမ့်၊ ညက်ညက် ညောညော၊ ညစ်ညစ်ညမ်းညမ်း၊ ညှဉ်းညှဉ်းပန်းပန်း၊ ညိုးညိုးညိုးညီး၊ ညစ်ညစ်ပေပေ၊ ညစ်ညစ်ထေးထေး၊ ညွှာညွှာတာတာ၊ ညွှင်းညွှင်း ပြေပြေ၊ ညှိုးညှိုး ငယ်ငယ်၊ ညီညီ ညာညာ၊ ညည်းညည်းညူညူ။

(တ) အက္ခရာ။ တင့်တင့် တယ်တယ်၊ တိုတို တောင်းတောင်း၊ တိုတို တုပ်တုပ်၊ တွေးတွေးတောတော၊ တီတီဘာတာ၊ တော် တော်တန်တန်၊ တောင်တောင် မြောက်မြောက်၊ တွေး

တွေးဆဆ၊ တောင်းတောင်း ပန်ပန်၊ တောက်တောက်ခါးခါး၊ တိတ်တိတ် ဆိတ်ဆိတ်၊ တူးတူးခါးခါး၊ တစ်တစ်ခွခွ၊ တုတုပပ၊ တေတေပေပေ၊ တုပ်တုပ်ခိုင်ခိုင်၊ တိုးတိုးသာသာ၊ တိုးတိုးခွေ့ခွေ့၊ တုန်တုန်ရင်ရင်၊ တိတိရိရိ၊ တိတိရဥ္စရဥ္စ၊ တည်တည်ကြည်ကြည်၊ တော်ရုံတန်ရုံ၊ တိုးလိုတွဲးလဲး၊ တွေ့တွေ့ဆိုင်ဆိုင်၊ တောတော တောင်တောင်၊ တဝန်းတလျား၊ တျေတျာတျော၊ တုန်တုန်ခိုက်ခိုက်၊ တည့်တည့်ဖြောင့်ဖြောင့်၊ တည့်တည့်မတ်မတ်။

(ထ) အက္ခရာ။ ထောက်ထောက်ထားထား၊ ထူထူထဲထဲ၊ ထူထူထ ထ၊ ထင်ထင်ပေါ်ပေါ်၊ ထင်ထင်လျှားလျှား၊ ထူးထူးဆန်းဆန်း၊ ထိတ်ထိတ်ပြာပြာ၊ ထောင်ထောင် မောင်းမောင်း၊ ထိန်ထိန် လက်လက်၊ ထိတ်ထိတ် လန့်လန့်၊ ထိုက်ထိုက်တန်တန်၊ ထွေးထွေးပိုက်ပိုက်၊ ထက်ထက် မြက်မြက်၊ ထောက်ထောက်ညှာညှာ၊ ထိန်ထိန်တောက်တောက်၊ ထိုးထိုးထိတ်ထိတ်၊ ထိတ်ထိတ်ပြာပြာ၊ ထူထူထပ်ထပ်၊ ထယ်ထယ်ဝယ်ဝယ်၊ ထယ်ထယ်ဝင့်ဝင့်၊ ထူးထူးထွေထွေ။

(ဒ) အက္ခရာ။ ဒိုးဒိုး ဒေါက်ဒေါက်၊ ဒုံဒုံဒင်ဒင်၊ ဒိုးဒိုး ဒေါင်ဒေါင်၊ ဒိုဒိုဒို့ဒို့၊ ဒိုးဒိုးဒိန်းဒိန်း။

(န) အက္ခရာ။ နုံနုံနယ်နယ်၊ နက်နက်နဲနဲ၊ နားနားနေနေ၊ နုန့်နုန့်နဲ့နဲ့၊ နူးနူးနပ်နပ်၊ နိုးနိုးကြားကြား၊ နှူးနှူးဆော်ဆော်၊ နိမ့်နိမ့် စေါ်စော်၊ နီနီတွတ်တွတ်၊ နုတ်နုတ်စုတ်စုတ်၊ နုတ်နုတ် ဖွဲးဖွဲး၊ နွေးနွေးကွေးကွေး၊ နီနီရဲရဲ၊ နှိုက်နှိုက်ချွတ်ချွတ်၊ နိုးနိုးနန့်နန့်၊ နူးနူးညွတ်ညွတ်၊ နုနုထွတ်ထွတ်၊ နာနာ ကြည်းကြည်း၊ နိုးနိုးနားနား၊ နှိပ်နှိပ်စက်စက်၊ နမော်နမဲ့၊ နမိုးနရား၊ နမိနမက်၊ နဝေနဝါ၊ နောက်တီးနောက်တောက်၊ နောက်နောက်ပြာပြာ၊ နုံနုံချည့်ချည့်၊ နိုးနိုးခွေ့ခွေ့၊ နည်းနည်းများများ၊ နှိုက်နှိုက်နဲနဲ၊ နွေးနွေးယိုသည်၊ နွမ်းနွမ်း နယ်နယ်၊ နောက်နောက်ကျိုကျို၊ နွဲ့နွဲ့ယိမ်းယိမ်း၊ နိုးနိုးကပ်ကပ်၊ နမူးနထူး၊ နှယ်နှယ် ပယ်ပယ်၊ နှိပ်နှိပ်နှယ်နှယ်။

(ပ) အက္ခရာ။ ပိန်ပိန်ပါးပါး၊ ပူပူပင်ပင်၊ ပင်ပင်ပန်းပန်း၊ ပိုးပိုး ပိုက်ပိုက်၊ ပေပေရေရေ၊ ပေါက်ပေါက် ရောက်ရောက်၊ ပိုက်ပိုက် ထွေးထွေး၊ ပွေ့ပွေ့ ပိုက်ပိုက်၊ ပူပူ နွေးနွေး၊ ပိုပိုမိုမို၊ ပုပုရွရွ၊ ပွေပွေလီလီ၊ ပိပိပြားပြား၊ ပတ်ပတ် နပ်နပ်၊ ပုတ်ပုတ်ဆွေးဆွေး၊ ပူးပူးကပ်ကပ်။ ပေါ်ပေါ် လွင်လွင်၊ ပွေပွေနောက်နောက်၊ ပိပိရိရိ၊ ပိုးပိုးကပ်ကပ်၊ ပူပူ လောင်လောင်၊ ပျော်ပျော် ပါးပါး၊ ပျက်ပျက် ချော်ချော်၊ ပျောက်ပျောက်ရှရှ၊ ပျော်ပျော်ရွှင်ရွှင်၊ ပြတ်ပြတ် သားသား၊ ပြန့်ပြန့်ပြူးပြူး၊ ပြေပြေပြစ်ပြစ်၊ ပြုပြုပြင်ပြင်၊ ပြောပြောဆိုဆို၊ ပျင်းပျင်းရိရိ၊ ပျောင်းပျောင်း ခွေ့ခွေ့၊ ပျောင်းပျောင်း ပြော့ပြော့၊ ပြုံးပြုံး ပြောက်ပြောက်၊ ပြုံပြုံ ပြွမ်းပြွမ်း၊ ပြုံးပြုံး ပြွမ်းပြွမ်း၊ ပြိုက်ပြိုက် ပြောပြော၊ ပြောင်ပြောင် လှောင်လှောင်၊ ပုံ့ပုံ့ ယုံ့ယုံ့၊ ပုံ့ပုံ့ ဖောင်းဖောင်း၊ ပြောင်ပြောင် လက်လက်၊ ပြုံးပြုံး ပြောင် ပြောင်၊ ပျက်ပျက်စီးစီး၊ ပေါက်ပေါက်ရှာရှာ၊ ပေါက်ပေါက် ပြဲပြဲ၊ ပယ်ပယ် နယ်နယ်၊ ပိတ်ပိတ် ဆို့ဆို့၊ ပိန်ပိန် သေးသေး၊ ပွပွဖောင်းဖောင်း၊ ပြာပြာ နောက်နောက်၊ ပြောက်ပြောက် ကျားကျား၊ ပီးပီးပျောက်ပျောက်။

(ဖ) အက္ခရာ။ ဖုံးဖုံးဖိဖိ၊ ဖေးဖေးမမ၊ ဖုတ်ဖုတ်ကင်ကင်၊ ဖိတ်ဖိတ် စင်စင်၊ ဖော်ဖော် ရွေရွေ၊ ဖီးဖီး လိမ်းလိမ်း၊ ဖူးဖူး ယောင်ယောင်၊ ဖူးဖူးဖိမ့်ဖိမ့်၊ ဖားဖား ယားယား၊ ဖုံးဖုံး ဖွက်ဖွက်၊ ဖွေးဖွေးဖြူဖြူ၊ ဖြူးဖြူးဖြဖြ၊ ဖျော်ဖျော် ဖြေဖြေ၊ ဖြေးဖြေး နှေးနှေး၊ ဖြေးဖြေး သာသာ၊ ဖြည်းဖြည်း ညှင်းညှင်း၊ ဖြေဖြေ ဖျောက်ဖျောက်၊ ဖရိုဖရဲ၊ ဖြိုးသည် ဖြိုးသည်၊ ဖြတ်ဖြတ် လတ်လတ်၊ ဖွယ်ဖွယ် ရာရာ၊ ဖျိုးဖျိုး ဖြောက်ဖြောက်၊ ဖျိုးဖျိုးဖျက်ဖျက်၊ ဖျိုးဖျိုး ဖြစ်ဖြစ်၊ ဖြိုးဖြိုး မောက်မောက်၊ ဖြုဖြု တုတ်တုတ်၊ ဖြုဖြုဖြောင့်ဖြောင့်၊ ဖြုဖြု စင်စင်၊ ဖြိုးဖြိုးဖြိုက်ဖြိုက်။

(ဗ) အက္ခရာ။ ဗလိဗောဓ၊ ဗလေဗဇာ၊ ဗလောင်းဗလဲ၊ ဗရောက် ဗရက်၊ ဗရမ်းဗတာ၊ ဗိုးဗိုးဗောင်ဗောင်၊ ဗိုးဗလောင်မာ၊

ပုံးပုံးပင်းပင်း၊ ဗရုံးဗရင်း၊ ဖြုံးဖြုံးဖြင်းဖြင်း၊ ဗိုးဗိုး ဗတ်ဗတ်၊ ပိုသီဗတ်သီ၊ ပိုမှန်းပတ်မှန်းမသိ၊ ဗိုမဟုတ် ပတ်မဟုတ်၊ ဗုမသိဘမသိ။

(ဘ) အက္ခရာ။ ဘိုးစဉ်ဘောင်ဆက်၊ ဘိုးဘေးဘီဘင်။

(မ) အက္ခရာ။ မောက်မောက်မာမာ၊ မိုမိုမောက်မောက်၊ မိုက်မိုက် မဲ့မဲ့၊ မိုးမိုးမတ်မတ်၊ မိမိမေမေ၊ မေမေမမ၊ မိုးမိုး မားမား၊ မေးမေးမြန်းမြန်း၊ မမေးမမြန်း၊ မောမော ပန်းပန်း၊ မောမောဟိုက်ဟိုက်၊ မှန်မှန်ကန်ကန်၊ မဲ့မဲ့ ရွဲ့ရွဲ့၊ မိုက်မိုက်ကန်းကန်း၊ မဲ့မဲ့သဲ့သဲ့၊ မိုးမိုးမှောင် မှောင်၊ မြန်မြန်ဆန်ဆန်၊ မွှေမွှေနှောက်နှောက်၊ မာမာ သန်သန်၊ မသေမချာ၊ မြုပ်မြုပ်တိမ်တိမ်၊ မြောက်မြောက် များများ၊ မွှေးမွှေးကြိုင်ကြိုင်၊ မှောင်မှောင်မဲမဲ၊ မငြင် မကန်း၊ မျိုမျိုဝါးဝါး၊ မြည်မြည်တွန်တွန်၊ မွှေးမွှေး လှိုင်လှိုင်၊ မွှေးမွှေးထုံထုံ၊ မွှေးမွှေးပျံ့ပျံ့၊ မျိုမျိုဆို့ဆို့၊ မငြင်မခြော်၊ မဟုတ်မဟတ်၊ မမှန်မကန်၊ မတော်မ တရား၊ မယေမလယ်၊ မြင်မြင်ခြော်ခြော်၊ မြင်မြင်ထင်ထင်၊ မြဲမြဲစွဲစွဲ၊ များများစားစား၊ မြိုးမြိုးမြက်မြက်၊ မြည် မြည် ဆဲဆဲ၊ မြိုးမြိုးမြြ၊ မော်မော် ကြွားကြွား၊ မလုံ မလဲ၊ မလုံမခြုံ၊ မလုံမလောက်၊ မလောက်မငေ၊ မာမာ ချာချာ၊ မူးထူးမင်ထင်၊ မူးမူးမော်မော်၊ မော်မော် မောက်မောက်၊ မလုမယက်၊ မောက်မောက် မြိုးမြိုး၊ မောင်မောင်ဘဘ၊ မှားမှားယွင်းယွင်း၊ မိုက်မိုက်ရူးရူး၊ မခိုင်ယွဲ့ယွဲ့၊ မဦးမချွတ်၊ မူးမူးရူးရူး၊ မိမိမောင်မောင်၊ မညိုမညင်၊ မညည်းမညူ၊ မဖြူမညို၊ မပိုမမို၊ မယိုမယွင်း၊ မရိုးမစွဲ၊ မရိုးမယိမ်း၊ မရို့မယိမ်း၊ မတိမ်းမပါး၊ မထား မသို။

(ယ) အက္ခရာ။ ယဉ်ယဉ်ကျေးကျေး၊ ယုယုယယ၊ ယားယားယံယံ၊ ယွတ်ယွတ်ယိုယို၊ ယိုယိုယွင်းယွင်း၊ ယောင်ယောင် ယမ်း ယမ်း၊ ယုတ္တိယုတ္တာ၊ ယုတ်ယုတ်မာမာ၊ ယုံယုံကြည်ကြည်၊ ယို့ယို့သွားလာ၊ ယို့ယို့နေထိုင်၊ ယို့ယို့ဗောင်ဗိန်း၊

ယောင်ယောင် ပေါ်င်ပေါ်င်၊ ယွင်းယွင်းချွတ်ချွတ်၊ ယိမ်းယိမ်းနွဲ့နွဲ့၊ ယဥ့်ယဥ့်သီးသီး၊ ယွဲ့ယွဲ့မခိုင်၊ ယူယူသိမ်းသိမ်း၊ ယောင်တီးယောင်တ၊ ယိမ်းယိမ်းယိုင်ယိုင်၊ ယုံယုံ ယွဲ့ယွဲ့၊ ယွဲ့ယွဲ့သွဲ့သဲ့၊ ယောင်ယောင်မှားမှား။

(ရ) အက္ခရာ။ ရိုရိုသေသေ၊ ရောရောနှောနှော၊ ရေးရေးရာရာ၊ ရိုင်းရိုင်းပြုပြု၊ ရှိရှိဓမာဓမာ၊ ရိုးတီးရားတား၊ ရေရေလယ်လယ်၊ ရိုက်ရိုက်နှက်နှက်၊ ရိုးရိုးဖြောင့်ဖြောင့်၊ ရိုးရိုးသားသား၊ ရူးရူးမိုက်မိုက်၊ ရှုပ်ရှုပ်ထွေးထွေး၊ ရှုပ်ရှုပ်ယှက်ယှက်၊ ရှုပ်ရှုပ်လိမ်လိမ်၊ ရွှင်ရွှင်လန်းလန်း၊ ရွှင်ရွှင်ပြပြ၊ ရှုရှုရှိုက်ရှိုက်၊ ရှိုးရှိုးရှိမ်းရှိမ်း၊ ရှောင်ရှောင်ရှားရှား၊ ရှည်ရှည်လန်လန်၊ ရှူးရှူးရှားရှား၊ ရွတ်ရွတ်ချွံချွံ၊ ရိုးရိုးယွယွ၊ ရှုပ်ရှုပ်ပွေပွေ၊ ရှပ်တီးရှပ်တတ်၊ ရွတ်ရွတ်ရှဲရှဲ၊ ရက်ရက်စက်စက်၊ ရှိုက်ရှိုက်ငင်ငင်၊ ရွှင်ရွှင်မြူးမြူး၊ ရွှန်းရွှန်းလန်းလန်း၊ ရွှင်းရွှင်းရွှန်းရွှန်း၊ ရွှမ်းရွှမ်းစိုစို၊ စိုစိုရွှဲရွှဲ၊

(လ) အက္ခရာ။ လုံးလုံးလလ၊ လုံ့လုံ့လလ၊ လိပ်လိပ်လဲးလဲး၊ လုပ်လုပ်လဲ့လဲ့၊ လှုပ်လှုပ်ရွရွ၊ လှလှပပ၊ လုလုယက်ယက်၊ လုံလုံခြုံခြုံ၊ လင်းလင်းချင်းချင်း၊ လိုလိုမယ်မယ်၊ လှိုက်လှိုက်လဲးလဲး၊ လှိုက်လှိုက်လှဲးလှဲး၊ လေးလေးမြတ်မြတ်၊ လေးလေးကန့်ကန့်၊ လှန်လှန်ကျောက်ကျောက်၊ လန်းလန်းလူလူ၊ လိုက်လိုက်လျောလျော၊ လှိုက်လှိုက်တုန်တုန်၊ လှိုက်လှိုက်ခုန်ခုန်၊ လောက်လောက် လားလား၊ လေးလေးပင်ပင်၊ လှန်လှန်ပြန်ပြန်၊ လိမ်လိမ် ဖယ်ဖယ်၊ လှောင်လှောင်ပြောင်ပြောင်၊ လှုပ်လှုပ်ရှားရှား၊ *လေးလေးဖင့်ဖင့်၊ လဲးလဲ့းပြုံပြုံ၊ လှုပ်လှုပ်ယွယွ၊ လက်ဆုပ်လက်ကိုင်၊ လှန်လှန်လောလော၊ လေလေလွဥ့်လွဥ့်၊ လေးလေးစားစား၊ လေးလေးလံလံ၊ လိန္မလိန္မလဲးလဲး၊ လေဳလေဳလိလိ၊ လူလူသူသူ၊ လိုလိုလဲးလဲး။

(ဝ) အက္ခရာ။ ဝိုးဝိုးဝင်းဝင်း၊ ဝင့်ဝင့်ဝါဝါ၊ ဝင်းဝင်းထိန်ထိန်၊ ဝဝဖြိုးဖြိုး၊ ဝဝတုတ်တုတ်၊ ဝဝလင်လင်၊ ဝါဝါကြွားကြွား၊ ဝေဝေဆာဆာ၊ ဝေးဝေးလံလံ၊ ဝံ့ဝံ့စားစား၊ ဝါးဝါးမျို

ချို၊ ဝှက်ဝှက်ဖိုးဖိုး၊ ဝှက်ဝှက်ကွယ်ကွယ်၊ ဝိုးဝိုးဝါးဝါး၊ *ဝိုင်းဝိုင်းဝန်းဝန်း၊ ဝိုက်ဝိုက်ဝန်းဝန်း၊ ဝူးဝူးဝါးဝါး၊ဝေ့ဝေ့လယ်လယ်၊ ဝိုင့်ဝိုင့်ဝန်းဝန်း၊ ဝေဝေလွင်လွင်။

(သ) အက္ခရာ။ သေသေသပ်သပ်၊ သေးသေးသွယ်သွယ်၊ သိပ်သိပ်သဲးသဲး၊ သိုးသိုးသန့်သန့်၊ သိုးသိုးသီသီ၊ သိုသိုသိပ်သိပ်၊ သပ်သပ်ယပ်ယပ်၊ သားသားနားနား၊ သန်သန်မာမာ၊ သုံ့သုံ့မှုံ့မှုံ့၊ သုတ်သုတ်နယ်နယ်၊ သန့်သန့်ယှင်းယှင်း၊ သန့်သန့်ပြန့်ပြန့်၊ သိမ်သိမ်ဖျင်းဖျင်း၊ သိမ်သိမ်ငယ်ငယ်၊ သိမ်သိမ်မွေ့မွေ့၊ သေသေချာချာ၊ သွန်သွန်သင်သင်၊ သန်သန်မြန်မြန်၊ သီးသီးယဉ့်ယဉ့်၊ သူသူငါငါ၊ သေသေကျေကျေ၊ သုတ်သုတ်ပြာပြာ၊ သယ်သယ်ပိုးပိုး၊ သုံးသုံးစွဲစွဲ၊သောက်သောက်စားစား၊ သိုးသိုးပုတ်ပုတ်၊ သိုက်သိုက်မြိုက်မြိုက်၊ သောင်းသောင်းညံညံ၊ သာသာယာယာ၊ သုတ်ပြီးသုတ်ပြာ၊* သုတ်သုတ်မျိုမျို၊ သေသေဝပ်ဝပ်၊ သုန်သုန် လည်လည်၊ သီးသီးခြားခြား၊ သေးသေးသိမ်သိမ်၊ သိပ်သိပ်နယ်နယ်၊ သွန်သွန်ဖုတ်ဖုတ်။

(ဟ) အက္ခရာ။ ဟုတ္တိဟတ္တိ၊ ဟုတ်ဟုတ်ဟတ်ဟတ်၊ဟိန်းဟိန်းဟောက်ဟောက်၊ ဟာဟာဟိုက်ဟိုက်၊ ဟည်းဟည်း ဟဲးဟဲး၊ ဟေးဟေးဟားဟား၊ ဟုံးဟုံးဟင်ဟင်၊ ဟန်ဟန် ပန်ပန်၊ ဟက်ဟက်ပက်ပက်၊* ဟင်းလင်းဟက်လက်၊ ဟေဟေ ဟားဟား၊ ဟောဟောဒိုင်းဒိုင်း၊ ဟေးဟေးဟားဟား၊ ဟိုးဟိုးဟင်ဟင်။

(အ) အက္ခရာ။ အိုးအိုးအာအာ၊ အုတ်အုတ်အာအာ၊ အောင့်အောင့် အင်းအင်း၊ အုံးအုံးအင်းအင်း၊ အိုးအိုးအိမ့်အိမ့်၊ အော့အော့အန်အန်၊ အူအူလဲးလဲး၊ အူအူသောင်းသောင်း၊ အေးအေးသာသာ၊ အေးအေးဆေးဆေး၊ အေးအေးမြမြ၊ အအုပ်အချုပ်၊ အအုပ်အထိန်း၊ အအိပ်အနေ၊အိုအိုမင်းမင်း၊ အုတ်အုတ်ကျက်ကျက်၊ အကအခုန်၊ အကူးအသန်း၊ အကွေ့အကောက်၊ အကုပ်အကပ်၊* အကွေ့အလည်၊ အကောက်အကွေ့၊ အကော်အကွဲ၊ အကော်အလှန်၊ အကာအနှစ်၊ အကိုးအကား၊ အကောင်အ

ထည်၊ အကုဋေအကုဋာ၊ အကိုက်အညွှန့်၊ အကိုက်အညှောက်၊ အကျော်အစော၊ အကျန်းအနာ၊ အကျိုးအပြစ်၊ အကျိုပ်အနှယ်၊ အကျိတ်အခဲ၊ အကြေအညာ၊ အကြိအစည်၊ အကြိအဖန်၊ အကြွင်းအကျန်၊ အကြီးအကျယ်၊ အကြော်အလှော်၊ အကြားအမြင်၊ အကြည့်အရှု၊ အကြမ်းအထမ်း၊ အကြောင်းအရာ၊ အကြပ်အတည်း၊ အကြိမ်အခါ၊ အကြုံအဆို၊ အကြိမ်ကြိမ်အခါခါ၊ အကြိမ်ကြိမ်အဖန်ဖန်၊ အကျယ်အပွား၊ အဆန်းအကြယ်။

အခုအခံ၊ အခေါ်အပြော၊ အခါခါ အခေါက်ခေါက်၊ အခုန်အပျံ၊ အော့ချင်အန်ချင်၊ အချုပ်အချာ၊ အချက်အချာ၊ အချိုအဆိမ့်၊ အချိုအချဉ်၊ အချိုအခါး၊ အချိုအငံ၊ အချဉ်အငံ၊ အချိန်အခါ၊ အချောအမွေ့၊ အချိုအသာ၊ အခြေအနေ၊ အနေအခြေ၊ အခြေအမြစ်၊ အခြီးအမြောက်၊ အခြီအရံ၊ အခြေအငံ၊ အချယ်အလှယ်၊ အခုန်အပြန်၊ အချိတ်အဆက်။

အငုံအဖူး၊ အငူအစွန်း၊ အငိုအယို၊ အငြိမ်အဆိမ်၊ အစေ့အစပ်၊ အစိအစဉ်၊ အစည်းအရုံး၊ အစည်းအဝေး၊ အစုအစည်၊ အစုန်အဆန်၊ အစိုအခြောက်၊ အစုတ်အပြတ်၊ အစုအဖာ၊ *အစူးအစား၊ အစိုးအရိမ်၊ အစစ်အမှောက်၊ အစုံအစီ၊ အစုံအစွေ၊ အစပ်အဖာ၊ အစမ်းအသပ်၊ အစောင့်အရှောက်၊ အစောင်းအချိတ်၊ အစိတ်အဖြာ၊ အစုံအလင်၊ အစားအသောက်၊ အစုတ်အစုတ်၊ အစိမ်းအကျက်။

အဆောင်အယွက်၊ အဆောက်အဦ၊ အဆေးအကြော၊ အဆန်းအပြား၊ အဆစ်အမြက်၊ အဆစ်အဖု၊ အဆင်အခြင်၊ အဆိုအမိန့်၊ အဆိမ့်အအိမ့်၊ အဆီအသား၊ အဆန်းအထူး၊ အဆိုအပြော၊ အဆီအနှစ်၊ အဆွေးအမြေ့၊ အဆီးအတား၊ အဆို့အပိတ်၊ အဆွေအမျိုး၊ အဆုပ်အဆုပ်၊ အဆိုးအကောင်း၊ အဆုံးအဆ၊ အဆုတ်အဆိုင်း၊ အဆုတ်အနယ်၊ အဆန်းတကြယ်။

အညွန့်အဖူး၊ အညှိအညင်၊ အညာအတာ၊ အညက်အညော၊ အညွန့်အညှောင့်၊ အညွန့်အတက်၊ အတုအပ၊ အတေအပေ၊ အတိုးအလျှော့၊ အတင်းအဓမ္မ၊ အတားအဆီး၊ အတိုင်းအထွာ၊ အတိတ်အနာဂတ်၊ အတိုအရှည်၊ အတန်အရာ၊ အတုပ်အနှောင်၊ အတွင်းအပ၊ အတိုးအတစ်၊ အတိမ်အနက်၊ အလူအပါး၊ အထေးအဖာ၊ အလူအထဲး၊ အထပ်အဖာ၊ အထိမ်းအမှတ်၊ အထိုက်အလိုက်၊ အထူးအထွေ၊ အထူးအဆန်း၊ အထွတ်အမြတ်၊ အထင်အမြင်၊ အလူအထ၊ အထအကြွ၊ အထားအသို၊

အတွတ်အလိပ်၊ အထူးထူးအထွေထွေ၊ အယိန်းအသိမ်း၊ အထွေအရာ၊ အထူးထူးအပြားပြား၊ အနူးအညွတ်၊ အနှုးအနပ်၊ အနှောင်အဖွဲ့၊ အနေအထိုင်၊ အနီးအနား၊ အနီးအဝေး၊ အနှောင့်အယှက်၊ အနားအနေ၊အနိမ့်အမြင့်။

အပိတ်အပင်၊ အပီးအစီး၊ အပူအပင်၊ အပေးအကမ်း၊ အပူအချမ်း၊ အပုတ်အခွေး၊ အပါးအနတ်၊ အပေအရေ၊ အပေပေအရေရေ၊ အပူအဆွေး၊ အပိန်အဖောင်း၊ အပိုအမို၊ အပိတ်အဖုံး၊ အပျိုအအို၊ အပြုအမူ၊ အပြုအစု၊ အပြေအပျစ်၊ အပြောအဆို၊ အပျစ်အခွဲး၊ အပြုံနှ်အလှန်၊ အပြောင်အလှောင်၊ အပျက်အစီး၊ အပြီးအစီး၊ အပင့်အမြှောက်၊ အပေါက်အပြဲ၊ အပြော့အပျောင်း၊ အပွိုအအာန်။

အဖာအထေး၊ အဖုအဆစ်၊အဖေအမေ၊အဖွယ်အရာ၊ အဖေးအမ၊အဖော်အလော်၊အဖမ်းအဆီး၊ အဖုံးအပိတ်၊ အဖိတ်အစဉ်၊အဖူးအယောင်၊ အဖန်အခါး၊အဖိုးအဖွား၊ အဖျော်အဖြေ၊ အဖျင်းအသိမ်၊ အဖျက်အဆီး။

အမေအဖေ၊ အမူးအမော်၊ အမော်အကြွား၊ အမွှေအသိမ်၊ အမိုက်အမဲ၊ အမူအကျင့်၊ အမြော်အမြင်၊ အမြန်အဆန်၊ အမေးအမြန်း၊အမိန့်အာဏာ၊ အမှောက်အလှန်၊ အမြှောက်အမြှား၊ အမွှေးအထုံ၊ အမျိုးအနွယ်၊ အမြန်အနှေး၊ အမြင့်အနိမ့်၊ အယိမ်းအယိုင်၊ အယုတ်

အမြုတ်၊ အယုတ်အလတ်၊ အယောင်ယောင်အမှားမှား၊ အများအမြောက်၊ အများအစား။

အရေအရောင်၊ အရေးအရာ၊ အရိပ်အခြည်၊ အရှိအသေ၊ အရိုးအရာ၊ အရိုးအရွက်၊ အရောင်အလင်း၊ အရင်းအဖျား၊ အရွယ်အလပ်၊ အရောင်းအဝယ်၊ အရိုက်အရာ၊ အရိုးအမျိုး၊ အရုပ်အရေ၊ အရည်အခြင်း၊ အရောင်အဆင်း၊ အရမ်းအတား၊ အရပ်အနေ၊ အရှက်အကြောက်၊အရှုံးအနိုင်၊အနိုင်အပိုင်။

အလှအပ၊ အလူးအလဲ၊ အလေးအမွှား၊ အလျှင်အနှေး၊ အလျှင်အမြန်၊အလေးအပေါ့၊အလျော့အတင်း၊ အလှောင်အပြောင်၊ အလာအသွား၊အလိမ်အကောက်၊ အလိုက်အထိုက်၊ အလှန်အပြန်၊ အလားအလာ၊ အလုံအခြုံ၊ အလွတ်အမိ၊ အလောင်းအစား၊ အလုပ်အကိုင်၊ အလှန့်အချောက်၊ အလုအယက်၊ အလိုအလျောက်၊ အလည်အပတ်၊ အလှည့်အလည်။

အဝေးအနီး၊ အဝင့်အဝါ၊ အဝင်အထွက်၊ အဝါအကြွား၊ အကြွားအမော်၊ အဝေးအလံ၊ အဝန်းအဝိုင်း၊ အဝိုက်အကွေ့၊ အဝှေ့အဝှမ်း။

အသေအချာ၊ အသာအယာ၊ အသွားအလာ၊ အသုံးအစွဲ၊ အသုံအဖျင်း၊ အသုဉ်အဖျင်း၊ အသန့်အပြန့်၊ အသုပ်အနယ်၊ အသန်အမြန်း အသိအသိပ်၊ အသက်အန္တရာယ်၊ အသီးအခြား၊ အသောက်အစား၊ အသောင်းအဖျင်း၊ အသိန်းအသန်း၊ အသုံးအဆောင်၊ အသဲအမဲ၊ အသုံးအနှုန်း။

အဟောင်းအမြင်း၊ အဟုတ်အဟတ်၊ အဟိန်းအဟဲ၊ အဟုန်းအဟောက်။

ဤင်းစကားများသည် အ-အက္ခရာကိုလွှတ်၍ မသုံးနိုင်၊ အ-အက္ခရာပါမှ ပြည့်စုံသောစကားများ ဖြစ်ချေသည်၊ ကြည့်ရှုသောပုဂ္ဂိုလ်တို့သည် ကြွင်းကျန်သည့်အရာများ ယှိပါသေးလျှင် ဖြည့်စွက် ထည့်သွင်းတော် မူကြပါကုန်လော့။

အထက်က ထုတ်နှုတ်ရေးသားဖော်ပြသော စကားများသည် ပြောဆိုနေကျစကားပင် ဖြစ်သော်လည်း မည်သည့်အက္ခရာနှင့်စကားမျိုး မည်မျှနှင့်သုံးစွဲပြောဆိုရသည်ကို သတိမပြုမိသူ များလိမ့်မည်ထင်သည်၊ သို့အတွက် အက္ခရာတလုံးတွင် စကားပေါင်းမည်မျှပြောဆိုသုံးစွဲကြရသည်ကို ကောင်းကောင်း သတိပြုသင့်လှပေသည်၊ ထိုဖော်ပြသော စကားမျိုးတွင်လည်း အနုအကြမ်း, အယဉ်အကျေး စသည်ကိုသာ ဆိုင်ရာဆိုင်ရာခွဲခြား၍ ပြောဆိုသုံးစွဲရန်သာ လိုရင်းအချက်ဖြစ်ပေသည်။

**စကားအမျိုးမျိုး ပြီး၏။**

# ၂-ကဗျာစပ်နည်း

## ၆-အသတ်ခြောက်ပါးအကြောင်း

ရှေးရှေးသောပညာရှိ ကဝိအမော် ဆရာကျော်တို့ ရေးသားစီကုံးသင်ပျို့, ကဗျာ,လင်္ကာ, မော်ကွန်း,ချင်း, ရတု, ရကန်, အဲ့း, အဏ်, သာချင်း စသည်တို့သည် ဆန်းဂိုဏ်း, အလင်္ကာ, သဒ္ဒါရေးတို့နိုက်လေးကောင်း၊ အသတ်ခြောက်ပါး, အစပ်ခြောက်ပါး တို့၌လေးကောင်း ကျွမ်းကျင်နားလည်သည်နှင့်အညီ နောက်နောက်သင်ဟာသပညာ, ဇဝနပညာနှင့် ပြည့်စုံ၍ ပျို့,လင်္ကာ,ကဗျာဆိုကြသော ဆရာကြီးတို့ထုံးနည်း ဥပဒေသကို မှီကြရသဖြင့် ပညာပွားရန် အကြောင်းကိုရည်၍ အသတ်ခြောက်ပါးကို အောက်၌ပြဆိုပေအံ့။

၁။ပရမတ်သံ။ ၄။အလိုယှိအပ်သောအသံ။
၂။ဂရုသံ။ ၅။လဟုသံ။
၃။အလိုမယှိအပ်သောအသံ။ ၆။ပညတ်သံ။

ဟူ၍အသက်ခြောက်ပါးရှိသတည်း၊ထိုအသက်ခြောက်ပါးကို လင်္ကာဒေါသမငြိမစွမ်းရအောင် ပညာကိုလိုလားသော နောက်နောက်သောသူတို့ နည်းကိုသိစေလို၍ ပရဟိတအကျိုးငှါ ရေးသားဖော်ပြပါသတည်း။

အသတ်ခြောက်ပါးကို မသိသောသူတို့သည် သျှင်မဟာသီလဝံသ ရေးစပ်တော်မူသော ဆုတောင်းခန်း, ပါရမီခန်းတို့သည် အသတ်, အစပ်မရွေး အဓိပ္ပါယ်အရသာ စပ်လေသည်၊ အသျှင်အဂ္ဂသမာဓိ ရေးစပ်တော်မူသော နေမိင်ရဲခန်း, ဘုံခန်း, နိက္ခမခန်းများမှာလည်း စကားအချိုအသာ, အယဉ်အကျေးသာစပ်လေသည်၊အသတ်,အစပ်ကိုမရွေးဟု နားမလည်မကျွမ်းကျင်သောသူအချို့ အယူယှိကြသည်၊ ထိုသူတို့အယူကိုဗိုင် ပညာနု,ပညာနံ့သောသူတို့က အကယ်ထင်မှတ်ကြလေသည်၊ သို့ဖြစ်၍ အရာရာကို စူးစမ်းဆင်ခြင်သောအမှုကို အလေးပြုမှသင့်ချေသည်။

ပရမတ္တဂရုအနိဋ္ဌာ၊
ပမနိဂ္ဂဟိတန္တိ ဥဒယံ့။
လဟုပညတ္တိဋ္ဌန္တာ တနာတိ၊
ပြေဖြေရှေတိ ကထာ လောကေ နတ္ထီတိ။
ဟူသတည်း။

**အဋ္ဌကာ။** ပရမတ္ထဂရုအနိစ္ဆာ၊ပရမတ်သံ,အလိုမယှိအပ်သောအသံ, ဂရုသံတို့ကို။ ပမနိဂ္ဂဟိတန္တိ၊ပ-သတ်,မ-သတ်,နိဂ္ဂဟိတ် သေးသေးတင်ဟူ၍ ဥ ယျံ၊သိအပ်၏။ လဟုပညတ္တိဣစ္ဆန္တာ၊ လဟုသံ, ပညတ်သံ, အလိုယှိအပ်သောအသံတို့ကို။ တနာတိ၊ တ-သတ်,န-သတ်ဟူ၍။ ဥ ယျံ၊ သိအပ်၏။ ပြေ ကြေ့ရှေတိ၊ ပြေကြေ့ရှေ-ဟူသော။ ကထာ၊ စကားသည်။ လောကေ၊ လောကနိုက်။ နတ္ထိ၊ မယှိဟူသတည်း။

**အဓိပ္ပါယ်။** ပရမတ်သံသည်ကုသိုလ်ကံ, အကုသိုလ်ကံ, ရုပ်နံ့အစဟိသပ်သေးသေးတင်တို့သည် မှချအားဖြင့် ပရမတ်မည်၏ဟူ၍ ဆရာအချို့တို့ စီရင်သုံးဖြတ်တော်မူကြသည်၊ ထိုဆရာတို့အယူမှာလည်း ပရမတ်သဘောသည် အဘိဓမ္မာနိုက် မဖောက်မပြန် မှန်သည်ဟုလာယှိသည်ကို ထောက်ထား အားပြု၍ အကုသိုလ်ကံ, ကုသိုလ်ကံ, နိဂ္ဂဟိတ်သေးသေးတင်ကို ပရမတ်သံဟု သုံးဖြတ်လေသည်။

ပရမတ်သံဟူသည်ကား ပါဠိတော်မှ လာယှိသော ပရမတ်သံ, မြန်မာစကားသက်သက်တို့မှလာယှိသော ပရမတ်သံဟူ၍ နှစ်မျိုးယှိသည်၊ ထိုနှစ်မျိုးတို့တွင် ပါဠိတော်ကို အသတ်ခြောက်ပါး ရွေးချယ်ရန်မယှိဟူ၍မှတ်၊ မြန်မာစကားသက်သက်တို့ကိုသာလျှင် အသတ်ခြောက်ပါး ရွေးချယ်ရန်ယှိကြောင်းကို ပျို့,ကဗျာနိုက် ပါမောက္ခဖြစ်သောဆရာမြတ်တို့ သုံးဖြတ်တော်မူသည်၊ သေသေချာချာစဉ်းစား၍ သဘောကျသင့်ကျထိုက်လှပေသည်။

အသံခြောက်ပါးခွဲပုံမှာ ပါဠိစွဲးကိုမခွဲးရ၊ မြန်မာဝေါဟာရ စကားသက်သက်ကိုသာခွဲးရမည်ဟု ဝေါဟာရတ္ထပကာသနီကျမ်းက မိန့်ဆိုတော်မူချေသည်။

မြန်မာစကားသက်သက် ပရမတ်သံမှာ ကျောင်းဆောက်လှူဒါန်းသူ, စရပ်ဆောက်လှူဒါန်းသူ, ဘုရားတည်ထားကိုးကွယ်သူတို့ကို ကျောင်းတကာ,စရပ်တကာ, ဘုရားတကာဟူ၍ ခေါ်ဝေါ်ခြင်းသည် ပရမတ်သံဖြစ်သည်။

ကျောင်း, စရပ်, ဘုရား-စသည်ကို မလှူဒါန်း မပူဇော်သူတို့ကို ဘုရားတကာ, ကျောင်းတကာ, စရပ်တကာဟူ၍ ခေါ်ဝေါ်ခြင်းသည် ပညတ်သံဖြစ်သည်။

အလိုမယှိအပ်သောအသံတို့သည်လည်း ပရမတ်သံမည်ကုန်၏၊ ပ-သတ်, မ-သတ်တို့သည်လည်း ဂရုသံ,အလိုမယှိအပ်သောအသံမည်ကုန်၏၊ အဘယ်ဆရာနည်းကို အမှီပြု၍ သိအပ်သနည်းဟူမူကား သျှင်ရဋ္ဌသာရသည် ပျို့,ကဗျာစီကုံးမှုနိုက် အတုမယှိ (မ)တလုံးကျေသောဆရာကျော်ဟု အားကိုး

အားထား ပြုတော်မူကြကုန်သည်၊ ထိုအရှင်စပ်ဆိုတော်မူသော ဘူရိဒတ်ဇာတ်ပေါင်းတွင် "ဆားတိငံငံ၊ ညှိနံတောက်တောက်၊ မသောက်ကောင်းပဲ၊ အမြဲးတည်စေ"ဟု ဆားငံကိုပင် သေးသေးတင်စပ်တော်မူသည်၊ အဘယ့်ကြောင့် သေးသေးတင်စပ်တော်မူသနည်းဟူမူကား သမုဒ္ဒရာဆားရေသည် အလွန်ငံသည်ဖြစ်၍ လူတို့မသုံးဆောင်ရ၊ အဝတ်အထည် စသည်တို့ကို ထိစွန်းလျှင်လည်း ဆွေးမြည့်ရိနွမ်းပေါက်ပြတ်တတ်သည်၊ ထိုရေကို ချိုးလျှင်လည်း ပွေး, ညှင်း, တင်းတိပ်, သမင်ရက် အစယှိသဝ်အနာတို့ပေါ်လှာတတ်ကုန်သည်၊ ထိုဆားငံရေသည်မသုံးဆောင်ရသဖြင့် အလိုမယှိအပ်သောအသံဖြစ်၍ သေးသေးတင်စပ်တော်မူသည်။

ထိုစကားဆက်တွင်ပင် "ဆံားတိငန်ငန်၊ ဖြစ်သည်မှန်မူ၊ အစွန်အနား၊ မြစ်တပါးသို့၊ ပုံဏားရေကူး၊ မွန်းနစ်ဖူးလျှက်၊ စီးထွက်လျှင်ထန်၊ ဆားရေငန်သည်"ဟုသမုဒ္ဒရာမှတပါးမြစ်,ချောင်း,ရေတွင်း,ရေကန်များတွင်ယှိသောရေငန်တို့မှာ မသောက်ကောင်းသော်လည်း ချိုးခြင်း,ဖွပ်လျှော်ခြင်းစသောဆေးကြော သုံးဆောင်ရသောကြောင့် အလိုယှိအပ်သော အသံဖြစ်၍ န-သတ် စပ်တော်မူသည်။

ထိုအရှင် ဆိုတော်မူသော စတုဓမ္မသာရ ကိုးခန်းနိုက် "ကြိုးကြိုးပမ်းပမ်း၊ မဖိတ်ထမ်းသည်၊ လူစွမ်းသဖွယ်၊ပျို့နနယ်က"ဟု အဇ္ဈတ္တသန္တာန်ကိုရည်၍ ဂရုသံ မ-သတ်နှင့် စပ်တော်မူသည်။

ငှင်းကိုးခန်းတွင်ပင် "မွေးဖကြိုးပန်း၊ မတိုက်တွန်းနှင့်၊ ရဟန်းကျင့်ဝတ်၊ တပါးတတ်က"ဟုဗာဟိရသန္တာန်ကိုရည်၍ သူတပါးတို့ တိုက်တွန်းသည်ဖြစ်သောကြောင့် ပညတ်သံ န-သတ် စပ်တော်မူသည်။

ငှင်းကိုးခန်းတွင်ပင် "ဘုရားသိထင်ပြွမ်းပြွမ်းတည်း။ ။မြို့တောရောင်ဖိတ်ရွှမ်းရွှမ်းတည်း။ ။ကြောင်းချာစွဲးစွဲးလမ်းလမ်းတည်း။ ။နဂိုရ်ချိုင့်ချိုင့်ဓမ်းဓမ်းတည်း။ ။ဂှန်တက်ပြည့်ပြည့်လျှမ်းလျှမ်းတည်း။ ။ကျယ်ဝန်း ခွဲးခွဲးခြမ်းခြမ်းတည်း။ ။စုပေါင်းကြင်ကြင်ကျွမ်းကျွမ်းတည်း။ ။ဆိုထွေ လွဲးလွဲးကမ်းကမ်းတည်း။ ။နှုတ်သံ ငေါက်ငေါက်ငမ်းငမ်းတည်း။ ။ရှိသေခယမ်းယမ်းတည်း။ ။သီးရင့်သမှာ ရှမ်းရှမ်းတည်း။ ။နေအောင်းငြိမ်းငြိမ်းချမ်းချမ်းတည်း။ ။ဝန်းကျင်ထိတ်ထိတ်မွမ်းမွမ်းတည်း။ ။လေးယောက်ကြွေ့ကြွေ့ရမ်းရမ်းတည်း။ ။မာန်ခက် ကြော့ကြော့ကြမ်းကြမ်းတည်း။ ။ကြောင်းချာစုံစုံစမ်းစမ်းတည်း"ဟူ၍ စသဖြင့် တဆဲ့ခြောက်ပုဒ်လုံးကို ဂရုသံ မ-သတ်နှင့်စပ်ဆိုဖော်ပြတော်မူသည်။

ထိုသို့စပ်ရာတွင် "မြတေရောင်ဖိတ် ရွှမ်းရွှမ်းတည်း"ဟု ပကတိသဘော အားဖြင့် အရည်ရွှမ်းသည်ကို ဂရုသံ မ-သတ်စပ်တော်မူသည်။

မြတ်စွာဘုရားအရောင်တော်သည် ပကတိအရည်ရွှမ်းသကဲ့သို့ မဟုတ်သည်ကို အဘယ့်ကြောင့် ဂရုသံ မ-သတ် စပ်တော်မူသနည်း ဟူမူကား မြတ်စွာဘုရား၏ အရောင်ရွှမ်းခြင်းသည် တပါးသော ရွှေရောင်, ငွေရောင်, ဖာလ်ရောင်,ပတ္တမြားရောင် စသည်တို့ကဲ့သို့ မဟုတ်ချေ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး စည်းစိမ်ဥစ္စာ,ပြည်ရွာတိုင်းကား,သားသမီး, မယားစသော စွန့်ခြင်းကြီးငါးပါး, ပါရမီဆယ်ပါး-အပြားသုံးဆယ်တို့ကို အယုတ်,အလတ်,အမြတ်အားဖြင့် စွန့်တော်မူ၍ ရှေးရှေးကုန်သင် ဝိပဿီစသင်နောင်တော် ဘုရားသျှင်တို့ကဲ့သို့ ဘုရားအဖြစ်သို့ ရောက်တော်မူ သဖြင့် စတုတ္ထသတ္တာဟရတနာဃရရွှေအိမ်နိုက် အဘိဓမ္မာ ၇-ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ပဋ္ဌာန်းကျမ်းကြီးသို့ ရောက်လျှင် ကိုယ်တော်မှ နီလ,ပီတ,လောဟိတ,ဩဒါတ,မဉ္ဇိဋ္ဌ,ပဘဿရ-စသော ညိုသောရောင်ခြည်, ရွှေသောရောင်ခြည်,နီသောရောင်ခြည်, ဖြူသောရောင်ခြည်, မောင်းသော ရောင်ခြည်,ပြိုးပြိုးပြက်တခဲနက်သော ရောင်ခြည်တော် ခြောက်သွယ်တို့သည် အရာအထောင်မကသင် နေ့,လ တို့ကဲ့သို့ ထွက်တော်မူ၍ ကောင်းကင်အာကာသ ဘဝဂ်သို့တက်ပြေးတော်မူသော ရောင်ခြည်တော်သည်လည်း အဆုံးမယှိသည်ဖြစ်၍ ယခုထက်တိုင်အောင် ပြေးတော်မူလေ၏၊ အရပ်ယှစ်မျက်နှာ စကြာဝဠာသို့ ဗီလာထုတ်ချင်း ဖောက်ထွင်း ပြေးလေသော ရောင်ခြည်တော်သည်လည်း အဆုံးမယှိ ယခုတိုင်အောင် ပြေးတော်မူလေ၏၊ ၂-သိန်း,၄-သောင်းအထုယှိသောမြေ၊၄-သိန်း,၈-သောင်းအထုယှိသောရေ၊ ၉-သိန်း,၆-သောင်းအထုယှိသောလေတို့ကို ဖောက်ထွင်းလျှက် အောက်ဟင်းလင်းအာကာသသို့ ပြေးလေသော ရောင်ခြည်တော်သည်လည်း အဆုံးမယှိ ယခုတိုင်အောင် ပြေးတော်မူသည်ဖြစ်၍ အတုမယှိသော ရောင်ခြည်တော်တို့၏ ရွှမ်းခြင်းဖြစ်ရကား ဂရုသံ မ-သတ် စပ်တော်မူသည်။

အရောင်ရွှန်းသည်ကို တောင်ငူနဝဒေးကြီးဆို လွတ်ဦးသဘင်ချီသော ရတုတွင် "ပလ္လင်ပြောင်ရွှန်း၊ ရိပ်ဖြူဝန်းလျက်၊ တသန်းနေနှင့်၊ လနှယ်တင့်သား"ဟူ၍ လေးကောင်း, ရှင်သံကိုဆိုမင်းရဲ့ဒိဗ္ဗဲချင်းတွင် "တရွှန်းရွှန်းလျှင်၊ တောက်မွှန်းနေဝါ၊တက်လျှံဖြာသည်"ဟူ၍ လေးကောင်း လဟုသံ န-သတ် စပ်တော်မူလေသည်။

နေမိဘုံခန်းတွင် "ကုပ်လုပ်ကွေးလေး၊ ဘုန်းသလေးဟု၊ နီးဝေးမမြင်၊ ရောင်ထင်ရှန်းရှန်း၊နွေညဥ့်ထွန်းလျက်"ဟူ၍ အရောင်ရှန်းသည်ကိုပညတ်သံ, လဟုသံ န-သတ်စပ်တော်မူလေသည်။

ပကတိအရည်ရှမ်းသည်ကို တောင်ငူနဝဒေးကြီးဆို ပြုမြန်းမရှင် ချီးသော ရတုတွင် "ဆိမ္မေးပျံ့ရှမ်း၊ မန္တမ်းရွှေဝတ်၊ လိမ်းချေမွတ်နှင့်"ဟု ပကတိ သဘောအားဖြင့် အရည်ရှမ်းသည်ဖြစ်၍ ဂရုသံ မ-သတ်စပ်လေသည်။

လိမ်းချေမွတ်နှင့်- ဟူရာနိုက်လည်း ပကတိလွှင်မှုန် နံ့သာဆီနှင့် လိမ်းသည်ဖြစ်၍ ဂရုသံ မ-သတ် စပ်လေသည်။

ဥပမာလိန်း,ဥပမာထိန်းသည်တို့ကို ဘူရိဒတ်ဇာတ်ပေါင်းတွင် "နံ့မွှေး တသုံလိန်းလင့်ကုန်။ ။ချွန်းတောင်းဉာဏ်ဟုံ ထိန်းလင့်ကုန်"ဟု သျှင်ရဋ္ဌသာရ န-သတ်စပ်တော်မူရာနိုက်လည်း လိန်းသောအရာသည် ဤစာ၏ အနှစ်သာရတည်းဟူသပ် ဂေါ်သီတသရက္ခန်ကို ကြိုက်ကြိုက်ဆူသပ် ဆိပ္ပ နိုက်ချသော် ဆိကျူသည်နှင့်တကွ တခဏခြင်းငြိမ်းစေတတ်သပ် ဂေါ်သီတ သရက္ခန်နှင့်တူသပ် သာယာခြင်းတို့ကို မြကျောက်ခွက်နှင့် တူသောနားနိုက် ပညာနှင့်တူသောလက်ဖြင့် ဖျည်းညံ့စွာသွေး၍ မွှေးမွှေးပျံ့ပျံ့ လိန်းလင့် ကုန်ဟု နှုတ်သာဥပမာဖြင့်လိန်းသည်ဖြစ်၍ ဥပစာ ဆယ်ပါးတွင် သဒိသူပစာ,နည်းလေးဆယ်တွင် ရုဋ္ဌိနည်းအားဖြင့် တင်စား၍ စပ်ဆိုတော်မူသောကြောင့် လဟုသံ-စင်စစ်ကေန် အမှန်ဖြစ်ချေသည်၊ မှန်ကြောင်းကို ဘူရိဒတ် ဇာတ်ပေါင်းတွင်"မြေချာပိတ်လိန်း၊ခံရှက်ထိန်းသည်၊ ၄-သိန်း ၈-သောင်း" ဟု လဟုသံ န-သတ်စပ်တော်မူသည်၊ ဟံသာဝတီပုံနှိပ်တိုက်က ထုတ်သော ဘူရိဒတ် ဇာတ်ပေါင်းစာအုပ်နိုက် လိမ်း-ဟူ၍ မ-သတ်နှင့် ယှိလေ၏၊ မှားသည်။

သုမေဓာကထာဆုတောင်းခန်းတွင် "မေတ္တာချိုးလိန်း၊ မြတ်စွာကိန်းက၊ ၄-သိန်းမျှလောက်"ဟု ပညတ်သံ န-သတ် စပ်တော်မူသည်။

ဂရုသံ မ-သတ်ထိမ်းကား "ဆင်ထိမ်းမြင်းထိမ်း၊ ကလိမ်း ကလက်" အစယှိသည်တို့ကယ်သို့ သဘောအားဖြင့် ဝဏ္ဏကိုယ်နှင့်ဖြစ်၍ မ-သတ် စပ်တော်မူသည်။

နေမိဘုံခန်းနိုက် "နေမိမင်းတဲ့၊ စောရန်ဘဲ့ကို၊ ရှေ့ပြည်ရွာ" ဟူ၍ လေးကောင်း,ရှင်းဘုံခန်း၌ပင် "ဇမ္ဗူနယ်ချဲ၊ဤမင်းတဲ့ဟု၊ ဖြိုးဖြိုးထင်ပေါ်"

ဟူ၍ လေးကောင်း, ''သည်မှာမှတဲ့၊ ဝင်းကြကြကို၊ တုမဲ့လွတ်စင်'' ဟူ၍ လေးကောင်း ဝဏ္ဏကိုယ်နှင့်ဖြစ်၍ ပဂုဏ်သံ,ဂရုသံ, နောက်ပစ်စပ်ဆိုတော်မူသည်။

ဝဏ္ဏကိုယ်မယှဉ် ဥပမာမျှကိုည-သတ်သည်မှာနေမိဘုံခန်းတွင်''သုဓမ္မာဟု၊ စကြာဝဠာတသောင်း၊ နေလဒေပါင်း၍၊ ရောင်ကောင်းမွန်းလည့်၊ လွန်းလာတည့်သို့''ဟု ပညတ်သံ ည-သတ် စပ်တော်မူသည်။

ဆေန်ပြန်ပျို့တွင် ''ရှေ့ပြဗ္ဗာက၊ အာကာကောင်းကင်၊ မှောင်ကိုထွင်၍၊ ရောင်ထင်စည့်စည့်၊ ပေါ်လာတည့်သို့''ဟု ပညတ်သံ ည-သတ်အမြစ်စပ်တော်မူသည်။

ထောင်သင်းမှူးဆိုနှစ်ဟူလုဘွယ်ချီသော့်ရတုတွင်''ငှက်ငယ်မြည်သည်။ ။ ရွှေပြည်စိုးတည့်၊ သာတော့ညှော့''ဟု ည-သတ်အမြစ်စပ်ဆိုသည်။

ရတနာပြောင်မွန် မော်ကွန်းတွင် ''ပေါက်နှင့် ဟိုင်းဟန်၊ တည်တန့်တွေးခြော်''ဟု ပညတ်သံ န-သတ် စပ်တော်မူသည်။

အထင်အလျှား ဝဏ္ဏယှဉ်လျက်ကို သတ်အင်းပုံမှာ ဟိုင်းဟံ,တည်တံ့ကို သေးသေးတင်ယှဉ်သည်ဟု အယူအဆမှားကြသည်၊ မုဏ္ဍအားဖြင့် ပညတ်သံ စင်စစ်အမှန်ဖြစ်၍ န-သတ်မှန်ကြောင်းကို အမြဲမှတ်ယူရမည်။

ပုံတောင်နိုင် မော်ကွန်းတွင် ''တိုက်လွှတ် ပဟ်ကုမ်း၊ ရန်သူဖြုမ်းက၊ ပြေးရှူမ်းကျေညက်''ဟု သူတထူး ဖျက်ဆီး၍ ပြုမ်းတီးသော အရာသည် အလိုမယှိအပ်သောအသံဖြစ်၍ မ-သတ် စပ်တော်မူသည်၊

''သံချေးပျက်ဖြုန်း၊ သံတွေပြုန်းသို့၊ နတ်မုန်းကြမ္မာ''ဟု မိမိအလို အလျောက် ပြုန်းတီးသောအရာကို အလိုယှိအပ်သောအသံဖြစ်၍ န-သတ် စပ်တော်မူသည်။

သဘောအားဖြင့် ရှုံ့ရှာစက်ဆုပ်အပ်သည်ကို အလိုမယှိအပ်သော အသံဖြစ်၍ ပ-သတ်သည်၊ ညှိုနံ့ပုပ်ပုပ်ကို အလိုမယှိအပ်သော အသံဖြစ်၍ ပ-သတ်သည်၊လန့်ဖြုပ်သောအရာကိုအလိုမရှိအပ်သော အသံဖြစ်၍ ပ-သတ်သည်၊ ငှက်ခင်ပုပ်ကိုလည်း ဂရုသံဖြစ်၍ ပ-သဘ်သည်၊ ဆုပ်ဖြုပ်သောအရာကိုလည်း အလိုမယှိအပ်သောအသံဖြစ်၍ ပ-သတ်သည်၊ ကျောင်းကန်, ရေကန်များကို ပညတ်သံဖြစ်၍ န-သတ်သည်၊ ဥါဆုတ်သည်ကို ပညတ်သံဖြစ်၍ တ-သတ်သည်၊ ပုဆိုးအဝတ်ကို လဟုသံဖြစ်၍ တ-သတ်သည်၊ ဆိုးဖြတ် စီရင်သောအရာကို အလိုယှိအပ်သော အသံဖြစ်၍ တ-သတ်သည်။

ဤသို့အစယှိသည်ဖြင့် ရှေးပညာယှိ ကဝိအကျော် ဆရာတော်တို့အလိုကို နောက်နောက်သောသူတို့ ပညာယှိကဝိလက္ခဏာနှင့်ပြည့်စုံရန် ဖော်ပြသော အရာဖြစ်သည်၊ ပျို့, ကဗျာ, လင်္ကာ, မော်ကွန်း, ရတုတို့ကို ဆိုစွမ်းနိုင်သော သူတို့နှင့် ဆိုစွမ်းလိုသောသူတို့သည် နားလည်ကျွမ်းကျင် လိမ္မာကြသော်လည်း သတိပေးသောအားဖြင့် ထပ်လောင်းတိုးပွားစေခြင်းငှါ အကျဉ်းအမြွက် နည်းရရုံမျှ ရေးသားဖော်ပြလိုက်ပါသတည်း။

## ဆောင်ပုဒ်ဂါထာ

၁။ ပရမတ္တံ ဂရုံ နိဋ္ဌံ၊ ပမအံတိ ဝုစ္စေ လိခေ။
ပညတ္တိဥ္စ လဟုံ ဠဋ္ဌံ၊ တနဋ္ဌတိ ဝုစ္စေ လိခေ။
ဝိုင်း-ပြေ့-ကြေ့-ရှေ လောကေ နတ္ထိ၊ ဠမေ အသတ်ဆကမှာတိ။

၂။ အညီသုံးချက်တိ သပ်စေ့နှက်၊ ဦးတိုက်စပ် စေဝ ဘီလူးရယ်။
ထိပ်ချင်းကျွတ်ပိ ထိပ်ချင်းထပ်ဝါ၊ ရှိန်ခွင်လျှာတိ တတော ဟဝေ။
အစပ်ခြောက်ထွေ ဠမေ ကဝိ၊ ပျို့ဂန္ထေသု ပယောဇတိ။

[ဤဆောင်ပုဒ်ကို ရအောင်ကျက်ထားလျှင် နှောင်လွယ်လိမ့်မည် ဖြစ်သည်။]

---

## ၇-အစပ်ခြောက်ပါးအကြောင်း

စာစီစာကုံးအနှုံးအဖွဲ့စသည်တို့ကို လိုလားကုန်သောသူတို့ အကျိုးငှါ အစပ်ခြောက်ပါးတို့ကို သိသာထင်လျှားစွာဖော်ပြပေအံ့။

၁။ သပ်စေ့နှက်နှင့် သုံးချက်ညီစပ်နည်း။
၂။ ထိပ်ချင်းကျွတ်စပ်နည်း။
၃။ ထိပ်ချင်းထပ်စပ်နည်း။
၄။ ရှိန်ခွင်လျှာစပ်နည်း။
၅။ ဦးတိုက်စပ်နည်း။
၆။ ဘီလူးရယ်စပ်နည်း။

ဟူ၍ အစပ်ခြောက်ပါးယှိသတည်း၊ ထိုအစပ်ခြောက်ပါး ကိုလည်း အလင်္ကာဒေါသမငြိမစွန်းရအောင် ဗဟုသုတလိုလားသူတို့ အထူးသတိပြုကြရန်သင့်ချေသည်။

၁။ သပ်စေ့နှက်သုံးချက်ညီ စပ်နည်းကား အစပ် ခြောက်ပါးတို့တွင် တပါးပါးဖြင့် သုံးချက်ညီစပ်သည်ကို ဆိုသည်။

ဘူရိဒတ်ဇာတ်ပေါင်းတွင် * "မြေချာပိတ်လိမ်း၊ ခံရှက်ထိန်းသား၊ လေးသိန်းယှစ်သောင်း" ဟူ၍ န-သတ်သုံးချက်ညီ စပ်ဆိုတော်မူသည်၊ ဤ န-သတ်သုံးချက်ကား လဟုသံဖြစ်သည်။

ကိုးခန်းပျို့တွင် "တက်ပွားစောင်မာန်၊ လွှားတမ်းခွံန်ကို၊ ပြင်းဝုန်မုန်းတိုင်း"ဟု စပ်ဆိုသည်။

၂။ ထိပ်ချင်းကျတ် စပ်နည်းကား ယိုးဒယားမိဖုရား ဧချင်းတွင်"သွားရာဘိသိက်၊ ရန်နှိပ်အောင်မြေ"ဟု ရှေ့စကားထက် နောက်စကားအမိပ္ပါယ်လေးသောကြောင့်တည်း။

ထောင်သင်းမင်းဆို ညိမည်အလာချိုး္ခသာရတုတွင် "လေဖြည်ပြည့်လိပ်၊ မတိတ်လှည့်နိုး"ဟု ရှေ့စကားအောက် နောက်စကား ပေါ့သောကြောင့် ဂရုသံ ပ-သတ်စပ်ပြီးမှ လဟုသံ တ-သတ်နှင့်စပ်ဆိုလေသည်။

၃။ ထိပ်ချင်းထပ်စပ်နည်းကား ကိုးခန်းပျို့တွင် "ဤစာကိုးခန်း၊ပုလဲပန်းဖြင့်၊ စိတ်ကြမ်းမာန်လျော့၊ ကျွန်ကံတော့၏"ဟု လဟုသံ ၂-ချက် န-သတ်စပ်ပြီးမှ ဂရုသံ မ-သတ်စပ်သောကြောင့် ရှေ့စကားထက် နောက်စကား လေးချေသည်။

မင်းရဲးဒိဗ္ဗဧချင်းတွင် "နာဂဆဒ္ဒန်၊ လှံပျံကလုဋ်"ဟု လဟုသံ န-သတ် စပ်ပြီးမှ ဂရုသံ သေးသေးတင်နှင့်စပ်ဆိုသည်။

၄။ ချိန်ခွင်လျှာစပ်နည်းကား ပုံတောင်ရှိုင် မော်ကွန်းတွင် "ကြေညာခပ်သိမ်း၊ ရန်စစ်ထိန်းသည်၊ မတိမ်းမူပါ"ဟု ပဌမပါဒနှင့် တတိယပါဒမှာ မ-သတ် ၂-ချက်ခံ၍ အလယ် ဒုတိယပါဒမှာ န-သတ်ထား၍ စပ်ခြင်းဖြစ်သည်။

ဘူရိဒတ်ဇာတ်ပေါင်းတွင် "ဇမ္ဗူသပြေ၊ ပဒေသာပင်၊ မည်ထင်မတိမ်၊ ကုက္ကို၊ ထိန်ဟု၊ ချမ်းငြိမ်သာယာ၊ ကြီးကျယ်စွာသည်၊ မဟာတရူ၊ လေးခုသစ်ကျိုင်း"ဟု စပ်ဆိုတော်မူရာနိုက် တောင်ကျွန်းမှာသပြေ, မြောက်ကျွန်းမှာ ပဒေသာ, အရှေ့ကျွန်းမှာ ကုက္ကို, အနောက်ကျွန်းမှာထိန်၊ ဤသို့သစ်ကြီး ၄-ပင်တို့သည် ကျွန်းဦးနိုက်ရောက်၍ အလွန် ထင်လျှားသကဲ့သို့ ဓတရဋ္ဌနဂါးမင်း၏သားဖြစ်သော သုဒဿန-စသော မင်းသားညီနောင် ၄-ယောက်တို့၏ တန်းခိုးအာနုဘော် ထွန်းပထင်လျှား ကြောင်းကို ခြီးမြှောက်တော်မူ၍ ဥပမာန,ဥပမေယျအားဖြင့် ထိန်ပင်သည်ပညတ်သံ န-သတ်အမှန်သိတော်မူလျက် အဓိပ္ပါယ်ပျက်မည်ကို စိုးသောကြောင့် လေး

ကောင်း,နောက်နှောင်းသောပညာယှိတို့ စပ်နည်းကို သိစေလိုသောကြောင့် လေးကောင်း ဂရုသံ မ- သတ် ၂- ဖက်ညှပ်၍ ချိန်ခွင်လျှာ စပ်တော်မူသည်၊ ထိုထိန်ပင်သည် လဟုသံ န-သတ်ဖြစ်ကြောင်းကို ဘုံခန်း၌ "မအူပျဉ်းထိန်၊ ဝက်ကြိမ်အိပ်မွေ့။ ။ရင်ခတ်ပျဉ်းသိန်၊ ထိန်နှင့်မအူ၊ သစ်ဆူကြောင်လျှာ" ဟူ၍ ပညတ်သံအထင်အယှားဖြစ်လေသည်။

၅။ ဦးတိုက်စပ်နည်းကား မင်းဇေယျရန္တမိတ်ဆိုခုနစ်ခွေလျှင် ချီသော ရတုတွင်"ခုနစ်ခွေလျှင်၊ ရေနှင့်တောင်ထပ်၊ ချပ်ရွှေပတ်သား"ဟု စပ်ဆိုသည်၊ ဤအရာ၌ ရေနှင့်တောင်ထပ် ဂရုသံ ပ-သတ်သည်၊ ချပ်ကိုလည်း ဂရုသံ ပ-သတ်သည်၊ တ-သတ်နှင့် စပ်သည် မဟုတ်သောကြောင့် ဦးတိုက်စပ်မည် သတည်း။

၆။ ဘီလူးရယ်စပ်နည်းကား မြက်မျိုးမြင့်မှန်ချီသောရတုတွင် "သူတို့ သွေဖျည်၊ ဟုတ်သည်မှန်ဘွယ်၊ ဝမ်းဝယ်ပိုးဝါး"ဟု ည-သတ် ၂-ချက်စပ်ပြီး မှ ယ-သတ်နှင့်ယှိမ်း၍ ဘီလူးရယ်စပ်ဆိုသည်။

သံဝရပျို့တွင် "ချိဆိမ့်စွန်ပလွံ၊ ပျားကြံချိုဟန်၊ တည်လွန်ချိုမေ" ဟု သေးသေးတင်နှင့်စပ်ပြီးမှ န-သတ်နှင့်ယှိမ်း၍ဘီလူးရယ်စပ်ဆိုတော်မူသည်။

သျှင်မဟာကစ္စည်းထေရ်၏ နာမပညတ်တော်ကို ကုလားရဲတင်-ဆိုသော ဘဝဂ်လျှံလည်ချီသောရတုတွင် "ရောင်ကောင်းလွန်ကဲ၊ ရှင်ကစ္စဲ"ဟု စပ် ဆိုသည်ကို တွေ့ဘူးကြားဘူးသောသူတို့သည် ကစ္စည်းကို နောက်ပစ်သင့်သည် ဟု အယူယှိကြသည်၊ ကုလားရဲတင်ဆိုသောသူသည် ဆန်းဂိုဏ်း, သဒ္ဒါ, အလင်္ကာဒေါသတို့ကို ချင်းနင်း၍ သင်ကြားလေ့လာဘူးသူမဟုတ်၊ ရတု, ရကန်,အဲ့,အဏ်-စသည်တို့ကို လေ့ကျက်သောကြောင့် နှုတ်လျှာကောင်းသ ဖြင့် ရတုလင်္ကာစပ်ဆိုခြင်းဖြစ်သည်၊ အစပ်အဟပ်ကိုအကုန်သဘောသကန် ကျ-န-သူ မဟုတ်သည်ဖြစ်၍ အခိုင်အမာမယူသင့်၊ ထိုသို့ မယူသင့်သော် ကစ္စာယနပါဠိယှိသည်မဟုတ်လော ဟူငြားအံ့၊ ဉပမေယျ-ပါဠိယှိသည်ဟူ၍ ဉပမဲ့မစပ်ရ၊ ဉပမည်းသာစပ်ရမည်၊ ဝိနယ-ပါဠိယှိသည်ဟူ၍ ဝိနဲ့မစပ်ရ၊ ဝိနည်းသာစပ်ရမည်၊ ပစ္စယ-ပါဠိယှိသည်ဟူ၍ ပစ္စဲ့မစပ်ရ၊ ပစ္စည်းသာ စပ်ရမည်၊ ထို့ကြောင့် အသျှင်ကစ္စည်းထေရ်၏ နာမပညတ်တော်ကိုလည်း ပညတ်အမှန်ဖြစ်၍ ည-သတ်သာလိုရင်းဖြစ်သည်ဟု မှတ်ရမည်၊

ရှေးဆရာတို့လည်း "သဒ္ဒါကျမ်းပြု၊ မြမ္မာမှု၌၊ စေ့ငုသိပ်သည်း၊ ရှင် ကစ္စည်း"သို့ဟုစပ်ဆိုတော်မူသည်။

ထို့ကြောင့် ပျို့,ကဗျာ, လင်္ကာဆိုသောသူတို့သည် အသတ်ခြောက်ပါးနှိက်လည်းကောင်း၊ အစပ်ခြောက်ပါးနှိက်လည်းကောင်း၊ မြေဂိုဏ်း,သကြားဂိုဏ်း, တိမ်ဂိုဏ်း, လဂိုဏ်းဟူသော ဣဋ္ဌဖလဂိုဏ်းတို့ကိုလေးကောင်း၊ နေ-ဂိုဏ်း,လေ-ဂိုဏ်း, မီး-ဂိုဏ်း, ကောင်းကင်ဂိုဏ်းဟူသော အနိဋ္ဌဖလဂိုဏ်းတို့ကို ၄-ကောင်း အလင်္ကာဒေါသလွတ်ကင်းအောင် စီကုံးဖွဲ့ဆိုရာ၏။

**တနည်းမူကား။** ပရမတ္တံ၊ အနွတ္ထသညာ ပရမတ်သံကို လေးကောင်း။ ဂရုံ၊ အလေးရှတ်အပ်သော ဂရုသံကိုလေးကောင်း။ အနိဋ္ဌံ၊ အလိုမယှိအပ်သော အနိဋ္ဌသံကိုလေးကောင်း၊ ပမအံတိ၊ ပ-သတ်, မ-သတ်, သေးသေးတင်ဟူ၍။ ဗုဓော၊ ပညာယှိသည်။ လိခေ့ရေးရာ၏။ ပညတ္တိဥ္စ၊ ရုဠှီသညာ ပညတ်သံကိုရင်း။ လဟုံ၊ အပေါ့ရှတ်အပ်သော လဟုသံကိုရင်း။ ဣဋ္ဌံ၊အလိုယှိအပ်သော ဣဋ္ဌသံကိုရင်း။ တန-ဣတိ၊ တ-သတ်, န-သတ်ဟူ၍။ ဗုဓော၊ ပညာယှိသည်။ လိခေ၊ ရေးရာ၏။ ဝိုင်း-ပြေ-ကြေ-ရှေ၊ ဝိုင်းသည်, ပြေသည်, ကြေရှုသည်, ရှေလံသည်ဟူ၍။ လောကေ၊ လူမှုစကားနှိက်။ နတ္တိ၊ မဟိ။ ဝန်း-ပြည့်-ကြည့်-ရှည် ဒိ၀၊ ဝန်းသည်, ပြည့်စုံသည်, ကြည့်ရှုသည်, ရှည်လံသည်ဟူ၍သာလျှင်။အတ္ထိ၊ ယှိ၏။ ဣမေ၊ ဤအသတ် အသံ ခြောက်ပါးတို့ကို။ ဆကမှာတိ၊ ဆကမုမည်သပ် အသတ်ခြောက်ပါးတို့ဟူ၍။ ဝိညေယျာ၊ သိအပ်ကုန်၏။

အညီသံုးချက်တိ၊ သံုးချက်လုံးညီသည်ဟုဆိုသပ်။ သပ်စေ့နှက်၊ သပ်စေ့နှက်စပ်နည်းရင်း။ဦးတိုက်စေဝ၊ ဦးတိုက်စပ်နည်းရင်း။ ဘီလူးရယ်၊ဘီလူးရယ်စပ်နည်းရင်း။ ထိပ်ချင်းကျွတ်ပိ၊ ထိပ်ချင်းကျွတ်စပ်နည်းရင်း။ ထိပ်ချင်းထပ်ဝါ၊ ထိပ်ချင်းထပ်စပ်နည်းရင်း။ တဒတာ၊ထိုမှတပါး။ချိန်ခွင်လျှာ၊ ချိန်ခွင်လျှာစပ်နည်းရင်း၊ဣတိ၊ဤသို့။ အစပ်ခြောက်တွေတိ၊ အစပ်ခြောက်တွေဟုဆိုအပ်ကုန်သပ်။ ဣမေသမ္ဗန္ဓနယေ၊ ဤအစပ်ခြောက်ပါးနည်းတို့ကိုလည်း။ ဗုဓော၊ပညာယှိသည်။ ပျို့ဂန္ထေသု၊ ကိုးခန်း, ပါရမီခန်း, ဘုံခန်း-စသော ပျို့ကဗျာကျမ်းဂန်တို့နှိက်။ ပယောဇတိ၊ယှဉ်တတ်၏။ ဝါ၊ ပြယုဇ်ထုတ်တတ်ည်။

---

## ဂ-စာစီစာကုံးရေးနည်းအကြောင်း

မြန်မာစကားစစ်စစ်ဝေါဟာရတို့တွင် ပြေစုံသည် ဟူ၍ လည်းမယှိ၊ ကြေရှုသည် ဟူ၍ လည်းမယှိ၊ ရှေလံသည် ဟူ၍ လည်းမယှိ၊ ဝိုင်းသည် ဟူ၍ လည်းမယှိ၊ ပြည့်စုံသည်,ကြည့်ရှုသည်, ရှည်လံသည်,ဝန်းသည် ဟူ၍သာ ယှိသည့်အတိုင်း ရေးဖတ်ကြရမည်။

ပ-မ-တို့ကို ပ-ချင်း မ-ချင်း သတ်ကောင်းသောအရာမယို၊တ-ထ-တို့ကို ဝ-ဆွဲး၍ ပ-သတ်သောအရာလည်းမယို၊ ပ-မ-ယ-လ-တို့ကို ဝ-ဆွဲး၍ ပ-သတ်သော အရာလည်းမယို ဟူ၍ အမြဲးမှတ်သားရမည်။

အလက်ာဒေါသလွတ်အောင် စီကုံးသောသူတို့၏ငင်း, ထိုကဗျာတို့ကို လေ့လာကျက်မှတ်သော သူတို့၏ငင်း အကျိုးတို့ကို ဝုတ္တောဒယဆန်းကျမ်းနိုက်—

မနာဘုမ္မိသက္ကဂဏာ ဒီဃာယုကာ၊
မဟာယသာ ဘျာစန္ဒဂဏာ။
သမာဟိတာ ဓဟာဘောဂါ၊
ရဝါနလာကာဒဓေသယုတ္တောတု မဟာသမ္ပတ္တိကာ သိယျုံ။

ဟု မိန့်ဆိုတော်မူသည်။

**အဓိပ္ပါယ်ကား။** မ-ဂိုဏ်း,န-ဂိုဏ်း, ဘ-ဂိုဏ်း, ယ-ဂိုဏ်းတို့သည် အစ နိုက် တည်ကုန်သော်လေးကောင်း၊ များကုန်သော်ငင်း ကဗျာဖွဲ့တတ်သော သူတို့သည် အသက်ရှည်ကုန်ယေ့၊ များသောအခြံအရံ ယိုကုန်ယေ့၊ များသော ဥစ္စာနှင့်ပြည့်စုံကုန်ယေ့၊ မ-ဂိုဏ်း,န-ဂိုဏ်း, ဘ-ဂိုဏ်း, ယ-ဂိုဏ်း, နေ-ဂိုဏ်း, ကောင်းကင်ဂိုဏ်း ဟူသ၀် ဇ-ဂိုဏ်း,သ-ဂိုဏ်း နှင့် ယှဉ်သော်လေးကောင်း၊ န-ဂိုဏ်း,ဂရုနှင့် ယှဉ်သော် ၄-ကောင်း စည်းစိမ်ဥစ္စာရတနာတို့နှင့်ပြည့်စုံကုန် ယေ့ဟူလို။

ထိုမှဟပါးလည်း သရ-က-င-စ-ည-ဋ-ဏ-တ-န-ပ-မ-ယ-ရ-လ-ဝ-ကာရာ သ-ဟ-ဠာ စ ဒိဇခတ္တိယဝေဿသုဒ္ဒါ-ဟု လာယိုချေသည်။

**အဓိပ္ပါယ်ကား။** သရယှစ်လုံးနှင့် က-င-စ-ည-ဋ-ဏ-တို့သည်ကား ဒိဇ-ပုံဏားနှင့် ယှဉ်ကုန်ဧည့်၊ တ-န-ပ-မ-ယ-ရ-တို့သည်ကား ခတ္တိယ-မင်းနှင့်ယှဉ်ကုန်ဧည့်၊ လ-ဝ-တို့သည်ကား ဝေဿ-သူကြွယ်နှင့်ယှဉ်ကုန်ဧည့်၊ သ-ဟ-ဠ-တို့သည်ကား သုဒ္ဒါ-သူဆင်းရဲနှင့်ယှဉ်ကုန်ဧည့်၊ ထိုမှကြွင်းသော အက္ခရာတို့သည်ကား အမျိုးလေးပါးတို့နှင့် ယှဉ်ကုန်၏။

**တနည်းတုံကား။** က-ခ-ဂ-ဃ-င၊ ဒလိဒ္ဒေါ-ဆင်းရဲမျိုး။
စ-ဆ-ဇ-ဈ-ည၊ရညော-မင်းမျိုး။
ဋ-ဌ-ဍ-ဎ-ဏ၊ } ဂဟပတိ-သူကြွယ်မျိုး။
တ-ထ-ဒ-ဓ-န၊ }
ပ-ဖ-ဗ-ဘ-မ၊ ဗြာဟ္မဏော-ပုံဏားမျိုး။

သေသာ ဒိဇခတ္တိယဝေဿသုဒ္ဒါ-ဟု ကဝိကဏ္ဍပါသကျမ်းတွင် ဖွင့်ပြမိန့်ဆိုတော်မူသည်။

အလင်္ကာကျမ်းနှိုက် ပဒဒေါသယှစ်ပါး, ဝါကျဒေါသကိုးပါး, ပဒတ္တဒေါသခြောက်ပါး ယှိကြောင်းကို မိန့်ဆိုတော်မူသည်၊ ထို့ကြောင့် ဘူရိဒတ်ဇာတ်ပေါင်းတွင် ''ပဒဒေါသ၊ ပဒတ္ထနှင့်၊ ဝါကျအပြစ်၊ ယှစ်နှင့်ကိုးခု၊ ခြောက်တွေစုသား၊ ဂုဏ်ဟုမည်ရ၊ ပသာဒကား''ဟု စပ်ဆိုတော်မူသည်၊ ထိုသို့စပ်ဆိုအပ်သော ပဒဒေါသ,ဝါကျဒေါသ,ပဒတ္တဒေါသ,ဂုဏ်ပသာဒကိုလည်း ပညာယှိကဝိအကျော်ဖြစ်လိုကုန်သင်သူတို့နှလုံးသွင်းကုန်ရာသတည်း။

ထို့ပြင် ကြောက်ရွှေသော်၎င်း, ချစ်၍သော်၎င်း, ရှိသေတုံ့ဝပ်မြတ်နိုးကျိုးနွံရာ ရတနာသုံးပါးကိုသော်၎င်း၊ ဤသုံးပါးသည် ထပ်၍ ဆိုရာ၏၊ ထိုမှ တပါး အခြားသော အရာများကို ထပ်၍ ဆိုနိုင်ခြင်းငှါ မရမယှိချေသတည်း။

ကြောက်သောကြောင့် မြွေမြွေဟူ၍၎င်း, ကျားကျားဟူ၍၎င်း, ဆင်ကြီးဆင်ကြီးဟူ၍၎င်း, မိကျောင်းမိကျောင်းဟူ၍၎င်း, ခွေးရူးခွေးရူးဟူ၍၎င်း, တစ္ဆေတစ္ဆေဟူ၍၎င်း,မီးမီးဟူ၍၎င်း, လူလူ-သူခိုးသူခိုးဟူ၍၎င်း,

ချစ်သောကြောင့် အမိအမိ,အဖအဖ,နှမနှမ,ညီညီ, ကိုကို,ကိုကြီးကိုကြီး, အစ်မအစ်မ, င သား င သား,င သမီး င သမီး,င မြေး င မြေး,အဆွေအဆွေ, မောင်မောင်,မိမိ,ခင်ခင်, လှလှ, လာပါလာပါ, ကြွပါကြွပါ, ပေးပါပေးပါ, ကျွေးပါကျွေးပါ,လာပါအုန်းလာပါအုန်း,အသက်အသက်,ကယ်ပါကယ်ပါ, ယူပါယူပါ,ခဏခဏ,မကြာမကြာ စသည်ဖြင့်၎င်း,

မြတ်နိုးကြည်ညိုသောကြောင့် ဩကာသ ဩကာသ, အစ်နွေယျ အစ်နွေယျ, ဘုရားဘုရား, တရားတရား, သံဃာသံဃာ, အနိစ္စအနိစ္စ, ဒုက္ခဒုက္ခ, အနတ္တအနတ္တ, သေရချည်သေးသေရချည်သေး ဟူ၍၎င်း၊ ယင်းသည့်စကားများသည် ထပ်၍ပြောရမှ အပြီးသို့ရောက်ချေသတည်း။

ဥပမာ, ဥပမေယျတို့နှိုက်လည်း အကြောင်းအရာ ကွဲပြားသောစကားဖြစ်မူ ကိုယ့်ကိုယ်ကိုပင် အထပ်ထပ်ဆိုကုန်ရာ၏၊ အဘယ်ကဲ့သို့နည်းဟူမူကား နေမိဘုံခန်းတွင် ''င လှည်း င နွား၊ င လုပ်သားနှင့်၊ င အားတီထွင်၊ င လယ်ပြင်ကို၊ င လျှင်ထွန်ယက်၊ င လုပ်နက်တည့်''ဟု ဝတ္ထုကွဲပြားသောကြောင့် င-အက္ခရာကို အထပ်ထပ်စပ်ဆိုတော်မူသည်။

နေမိဘုံခန်းတွင်ပင် "လူတို့သက်ကား၊ ယွက်ယွက်ယွင်းယွင်း၊ နေပူပြင်းသော်၊ အိုင်အင်းသငယ်၊ ခန်းခြောက်လွယ်သို့၊ သွတ်လှယ်ရက်မျှား၊ ခူကိုလွှားသော်၊ ယဉ်သွားနှတ်လျှို၊ ချည်စ တိုသို့၊မြက်စိုနင်းပေါက်၊ နေခြည်ကျောက်သော်၊ သွေ့ခြောက်လျှော့ကျ၊ တခဏသို့၊ မြစ်မလယ်ရိုး၊ ဘလုံထိုးသား၊ ထံပိုးထလျက်၊ ရေပွက်ပမာ၊ တသက်လျာတည့်" ဟု ဥပမာကွဲပြားသည်ဖြစ်၍ သို့-သို့ဟု အထပ်ထပ်စပ်တော်မူသည်။

ဘုံခန်းတွင်ပင် "မွေခာတ်တည်ထား၊ ဘယ်ဘုရားဝယ်၊ မှတ်သားတောင်းဆု၊ ဘယ်ကောင်းမှုဝယ်၊ စုစုစွင့်စွင့်၊ ဘယ်အကျင့်နှင့်၊ ဘယ်မင့်လက်ထက်၊ ဘယ်ပြည်ချက်ဝယ်၊ ခွန်ဆက်တိုင်းကျယ်၊ ဘယ်ရပ်ဝယ်နှိုက်" ဟု ဝတ္ထုတခြား ကွဲပြားသည်ဖြစ်၍ ဘယ်အထပ်ထပ်, ဝယ်အထပ်ထပ် စပ်တော်မူသည်။

ဘုံခန်းတွင်ပင် "လုအသက်ကား၊ ရွှေရွှေရှားကဲ့၊ ယဉ်သွားရွှေခတ်၊ နှတ်ကားရွှေတိုး၊ လွန်းလျှင်ထိုးသား၊ ပုဆိုးယက်ထည်၊ တိုသည့်ချည်သို့၊ အရှည်မသင့်၊ ကမ်းစောင်းမြင့်ဝယ်၊ ဘေးနှင့်လည်းတွေ့၊ ဝဲးယဉ်ငွေသည်၊ အစွေ့ကျမှား၊ သစ်ပင်လားသို့၊ လည်းသွားပိုင်းခြင်း၊ အရွှေတင်းက၊ ရှင်းရှင်းနေပူ၊ ထွက်ပြူစစ၊ ထွန်းပစက်ခြည်၊ အနောက်လည်၍၊ ဝင်မည်ခရီး၊ ရွှေရွှေနီးသို့" ဟု အစယှိသဖြင့် ဝတ္ထုကွဲး,ဥပမာ ကွဲးသောအရာတို့ကို ထပ်၍ စပ်ဆိုတော်မူသည်၊ အလင်္ကာဒေါသနှိုက် အပြစ်မယှိဖြစ်ချေသည်။

* ပုတ္တောဝါဒတွင် "ကျောင်းမှာမြဲနေ၊ စာပေဆင်သင်၊ သို့လျှင်သို့ဘတ်၊ သို့မှတ်သို့ရေး၊ သို့မေးသို့ဖြေ၊ သို့နေသို့ထိုင်၊ သို့ကိုင်သို့ကြွ၊ သို့ကွသို့ကုန်း၊ သို့သုံးသို့စွဲး၊ သို့လဲးသို့ထား၊ သို့စားသို့သောက်၊ သို့လျှောက်သို့ဆို၊ သို့ကိုသို့ကျင့်၊ သို့နှင့်သို့လျှိုး၊ သို့ရှိခိုး" ဟု အသုံးအစွဲး ဝေါဟာရ ကွဲးပြားသောကြောင့် သို့-ထပ်၍စပ်ခြင်းဖြစ်သည်၊ နည်းယူဖွယ်။

ထိုမှတပါးလည်း စကားဖို့,စကားမတို့တွင် မင်္ဂလာသြဘာစကားအရာနှိုက် စကားမကို သုံးစွဲးရာ၍၊ စကားဖိုကို မသုံးစွဲးရာ၊ စကားဖိုကို သုံးစွဲးမိသော် အလင်္ကာဒေါသ သင့်ချေ၏၊ ဆင်ခြင်သတိပြုလေ။

စကားဖိုဟူသည်ကား တဆယ်, တရာ, တထောင်, တသောင်း,အသက်တရာ စသည်ပြောဆိုခြင်းသည် စကားဖိုမည်၏၊ အရာ, အထောင်, အသက်ရာကျော် စသည်ဖြင့် ပြောဆိုသုံးစွဲးခြင်းသည် စကားမမည်၏။

ရှေးဆရာကျော်တို့ စပ်ဆိုသောရတုတွင် "ရောင်ဝါညီး၍၊ ရွှေထီးဆယ်ဆူ၊ မကထူသည်။ ။ဗိုလ်လူဇောတ မျက်ရှင်သောဝ်" ဟူသောစကားသည် ရွှေထီးဆယ်ဆူ မကထူသော အရာနိုက် အချားပင်ဖြစ်သည်ဟု ယူရန်ယှိသောကြောင့် စကားမ မည်ညေ့်။

စကားဖိုအစပ်ဟူသည်ကား "ရောင်ဝါညီး၍။ ။ရွှေထီးတဆဲ့တစင်းသောဝ်" ဟူသောစကားမျိုးသည် ရွှေထီးတဆဲ့တစင်းသာဖြစ်၍ တဆဲ့နှစ်စင်း, တဆဲ့သုံးစင်း စသည်ဖြင့် မပွားနိုင်ရာသောကြောင့် စကားဖိုအစပ် မည်ညေ့်။

ငွေတွင်းဝန်ဆို ရွှေဘုန်းတော်ရောင်ချီသေဆရတုတွင် "နိုင်ငံချုပ်စပ်၊မော်ကိုးရပ်က၊ တုပ်ပျပ်တုပ်ဖော်၊ သာဓုခေါ်ဘောစ်နှင့်၊ သံတော်ဦးတင်၊ ဆက်ရောက်ချင်သည်။ ။ထောင်ပင်ငွေဖြစ်သည့်ဘုရား" ဟု စပ်ဆိုရာနိုက် နိုင်ငံချုပ်-ဆိုသောစကားသည် အလင်္ကာဒေါသမလွတ်၊နိုင်ငံကို မပိုင်းခြားသင့်၊ သုဒ္ဒဿနစကြာမင်းသည် ကျွန်းငယ် နှစ်ထောင်နှင့်တကွ ကျွန်းကြီး လေးကျွန်းကို အစိုးရသည်၊ ဓမ္မာသောကမင်းသည် အထက်ကို တယူဇနာ, အောက်ကို တယူဇနာ, ဇမ္ဗူဒီပါတကျွန်းလုံးကို အစိုးရတော်မူသည်၊ ဒုဋ္ဌဂါမဏိမင်းအား နဂါးပြည်က နဂါးသမီး ဘေစန္ဒီကို ဆက်သရသည်၊ ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားအား သီဟိုဠ်ကျွန်းက သပိတ်တော်နှင့်တကွ သမီးတော်ရတနာကိုဆက်သရသည်၊ ထို့ကြောင့် နိုင်ငံကို ပိုင်းခြားသောအားဖြင့် စကားဖိုကို မစပ်မဆိုရချေ၊ စွဲသုံးစပ်ဆိုပချေသော် အလင်္ကာဒေါသ သင့်သည်ဟု အမြဲမှတ်သားရမည်ဟု ဆရာတို့ဆိုးဖြတ်တော်မူသည်။

---

## ၉-ဘုရားနှင့်မင်းကိုချီး၍ စပ်ဆိုရသော အက္ခရာငါးလုံးအမည်

ဘုရားနှင့်မင်းကိုချီး၍ စပ်ဆိုရသော အက္ခရာငါးလုံး မည်သည်ကား (ပ-ဖ-ဗ-ဘ-မ)၊ ဤအက္ခရာငါးလုံးတွင် တလုံးလုံးဖြင့်စပ်ဆိုစီကုံး ချီးရာ၏၊ ထို့ကြောင့် သျှင်မဟာသီလဝံသထေရ်သည် ပါရမီခန်းပျို့နိုက် "ဗောဓိမဏ္ဍိုင်" ဟု ချီးတော်မူသည်၊ ဆုတောင်းခန်းနိုက် "ဗောဓိညောင်ရွှေ" ဟု ချီးတော် မူသည်၊ ပေါက်ကန်, မြင်စိုင်း, စစ်ကိုင်း, ပန်းရ, အဝ, ကုန်းဘောင်စသော မင်းဆက်ရတု များမှာလည်း "ဘုန်းပွင့်ဝေဆာ" ဟု ပဒေသရာဇာချီး၍ စပ်ဆိုတော်မူလေသည်၊ မင်းရဲဒိဗ္ဗဇေးချင်း တွင်လည်း

"မင်္ဂလာမဏ္ဍိုင်"ဟု ရှင်သံကိုစပ်ဆိုချိုးလေသည်၊ စဥ့်ကူးမင်းရွှေနားတော်သွင်းပလိပ်စား ချေးတွင်လည်း "မင်္ဂလာချက်ဖွေ" ဟု ဦးဖျော် စပ်ဆိုချိုးလေသည်၊ ဗောဓိမဏ္ဍိုင်,ဗောဓိညောင်ရွှေ,ဘုန်းပွင့်တေဇာ,မင်္ဂလာမဏ္ဍိုင်, မင်္ဂလာချက်ဖွေ တို့ကား အလုံးစုံဂရုချည်းဖြစ်၍ (မ) ဂိုဏ်းချည်း မှတ်ရမည်ဟု ဆရာတို့ ဆုံးဖြတ်တော်မူသည်၊ ဂရုဟူသည်ကား အက္ခရာသက်သက်တွင် ဩ-ဤ-ဦ-ဧး-အုန်-အင်-အောင်-အား-စသည်ဖြင့် ကပ်လျက် မှီလျက် ယှဉ်သည်ကိုဆိုသည်။

## ၁၀-အမတ်ကိုချိုး၍ စပ်ဆိုရသော အက္ခရာငါးလုံးအမည်

အက္ခရာငါးလုံးဟူသည်ကား (စ-ဆ-ဇ-ဈ-ည)၊ ဤအက္ခရာငါးလုံးတို့တွင် တလုံးလုံးဖြင့် စပ်ဆိုချိုးရာ၏၊ ထို့ကြောင့် သျှင်ရဋ္ဌသာရ ထေရ်သည် ကိုးခန်းပျို့တွင် "ဇာတိပုည" ဟု ချိုးတော်မူသည်၊ သံဝရပျို့တွင် "ဇာတိဉာဏ်ခိုင်" ဟု ချိုးတော်မူသည်၊ ယင်းသည့် ဇာတိပုည, ဇာတိဉာဏ်ခိုင်တို့သည်ကား (မ) ဂိုဏ်းချည်း မှတ်ရမည်။

## ၁၁-နတ်ကိုချိုး၍ စပ်ဆိုရသော အက္ခရာသုံးလုံးအမည်

အက္ခရာသုံးလုံးဟူသည်ကား (သ-ဟ-အ)၊ ဤအက္ခရာ သုံးလုံးတို့တွင် တလုံးလုံးဖြင့် စပ်ဆိုချိုးရာ၏၊ ထို့ကြောင့် ဘူရိဒတ်လင်္ကာကြီးတွင် "သာကီယ" ဟု ချိုးတော်မူသည်၊ ဘူရိဒတ်ဇာတ်ပေါင်းတွင် "ဩဃာသဝ" ဟု သျှင်ရဋ္ဌသာရစပ်ဆို ချိုးတော်မူသည်၊ ဘုံခန်းတွင် "သကျာဝတ" ဟု သျှင် အဂ္ဂသမ္မာဓိ စပ်ဆိုချိုးတော်မူသည်၊ သာကီယ, ဩဃာသဝ, သကျာဝတ တို့သည်ကား အရင်းနှစ်ဂရု, အဖျားတစ်လဟုဖြစ်၍ (တ) ဂိုဏ်းဟု မှတ်ရမည်။

သာကီယ, ဩဃာသဝ အက္ခရာတို့သည်ကား နတ်ကိုချိုး၍ စပ်ဆိုရမည်ဟု ဆုံးဖြတ်ထားသည်ကို ဘူရိဒတ်နဂါးနှင့်မဆိုင် ဆိုရန်ယှိငြားအံ့၊ ဘူရိဒတ်နဂါးတို့သည် ရေနတ်နဂါးမျိုး ဖြစ်သောကြောင့် စပ်ဆိုနိုင်ကြောင်းကို ရှေးရှေးသော ပညာယှိဆရာကျော်တို့ ဆုံးဖြတ်တော်မူကြလေသည်။

## ၁၂-တိရစ္ဆာန်ကိုချီး၍ စပ်ဆိုရသော အက္ခရာငါးလုံး အမည်

အက္ခရာငါးလုံး ဟူသည်ကား (တ-ထ-ဒ-ဓ-န)၊ ဤအက္ခရာငါးလုံးတို့တွင် တလုံးလုံးဖြင့် စပ်ဆိုချီးရာ၏၊ ထို့ကြောင့် မြင်းကြန်ဘွဲ့လင်္ကာတွင် "ထက်စွန်မှိုင်းဝေ" ဟု မင်းခိစုန်မင်းချီး၍ စပ်ဆိုလေသည်၊ ရတနာပြောင်မွန်ဘွဲ့တွင် "မင်္ဂလာနေဝန်း" ဟု ရှင်သံကိုချီး၍ စပ်ဆိုလေသည်၊ ဂိုဏ်းနှင့်မညီကြောင်းကို အချို့အပြစ်ပြောကြလေသည်၊ (မ) အက္ခရာသည် ဘုရားနှင့်မင်းကိုသာ ချီးဆိုရမည်ဟု ဆိုးဖြတ်ထားပါလျက် ဆင်တိရစ္ဆာန်ကိုချီး၍ စပ်ဆိုသောကြောင့် အက္ခရာ,ဂိုဏ်းလွဲကြောင်း ထင်ရှားသည်၊ သို့ရာတွင် ရှင်သံကိုသည် စာစီစာကုံးစာဆိုအရာနိုက် ကျွမ်းကျင်တတ်မြောက်သူဖြစ်ပေသည်၊ ရတနာပြောင်မွန်ဆင်တော်သည် အသျှင်ရွှေစက်တော်တင် ဆဒ္ဒန်ဆင်မင်းဖြစ်၍ အသျှင့်ရွှေဘုန်းတော်ကို အမှီပြု၍ (မ) အက္ခရာနှင့် ချီးသင့်ကြောင်းကို ပညာယှိတဦးက အနောက်ဘက်လွန် မင်းတရားကြီးထံ စာသွင်းသည်တွင် ဆုလာဘ် အသနားတော်မြတ် ခံရကြောင်းကို စာဆိုသူတို့အတ္ထုပ္ပတ္တိစာတန်းတွင် ဘော်ပြလျက်ယှိသည်၊ ထက်စွန်မှိုင်းဝေ, မင်္ဂလာနေဝန်းတို့ကား (မ) ဂိုဏ်းဖြစ်သတည်း။

---

## ၁၃-ဆင်းရဲသားကိုချီး၍ စပ်ဆိုသော အက္ခရာငါးလုံးအမည်

အက္ခရာငါးလုံးအမည်ကား(က-ခ-ဂ-ဃ-င)၊ ဤအက္ခရာ ငါးလုံးတို့တွင် တလုံးလုံးဖြင့် စပ်ဆိုချီးရာ၏၊ ဤအက္ခရာများနှင့်စပ်ဆိုချီးသော ပျို့,လင်္ကာများ သတိမထားမိချေ။

---

## ၁၄-ဂိုဏ်းယှစ်ပါးအက္ခရာအမည်နှင့် ဂရု,လဟု ပြခြင်း

ဂိုဏ်းယှစ်ပါးတို့သည်ကား—

| | |
|---|---|
| ၁။ (မ) ဂိုဏ်း။ | ၅။ (တ) ဂိုဏ်း၊ |
| ၂။ (ယ) ဂိုဏ်း။ | ၆။ (ဇ) ဂိုဏ်း။ |
| ၃။ (ရ) ဂိုဏ်း။ | ၇။ (ဘ) ဂိုဏ်း။ |
| ၄။ (သ) ဂိုဏ်း။ | ၈။ (န) ဂိုဏ်း၊ |

တို့ဖြစ်သတည်း။

၁။ (မ) ဂိုဏ်းကား အလုံးစုံဂရုချည်းမှတ်ရမည်။
၂။ (ယ) ဂိုဏ်းကား အရင်း အက္ခရာတလုံး-လဟု, အဖျားအက္ခရာ နှစ်လုံး ဂရု။
၃။ (ရ) ဂိုဏ်းကား အရင်းအဖျား-ဂရု,အလယ်-လဟု။
၄။ (သ) ဂိုဏ်းကား အရင်းအက္ခရာ နှစ်လုံး-လဟု,အဖျားအက္ခရာ တလုံး-ဂရု။
၅။ (တ) ဂိုဏ်းကား အရင်းအက္ခရာ နှစ်လုံး-ဂရု, အဖျား အက္ခရာ တလုံး-လဟု။
၆။ (ဇ) ဂိုဏ်းကား အရင်းအဖျား-လဟု,အလယ်-ဂရု။
၇။ (ဘ) ဂိုဏ်းကား အရင်းအက္ခရာ တလုံး-ဂရု, အဖျား အက္ခရာ နှစ်လုံး-လဟု။
၈။ (န) ဂိုဏ်းကား အလုံးစုံ လဟုချည်းမှတ်ရမည်။

---

## ၁၅-စပ်ဆိုစီကုံးအပ်သော ဂိုဏ်းနှင့် မစပ်ဆိုအပ်သော ဂိုဏ်းများအမည်

စပ်ဆိုစီကုံးအပ်သော ဂိုဏ်းဟူသည်ကား (မ) ဂိုဏ်း, (ယ) ဂိုဏ်း, (ဘ) ဂိုဏ်း, (န) ဂိုဏ်းတို့တည်း၊ အကျိုးပေးသောဂိုဏ်းများဖြစ်သတည်း။

မစပ်မဆို အပ်သော ဂိုဏ်းဟူသည်ကား (ရ) ဂိုဏ်း, (သ) ဂိုဏ်း, (တ) ဂိုဏ်း, (ဇ) ဂိုဏ်းတို့တည်း၊ အကျိုးယုတ်သော ဂိုဏ်းများ ဖြစ်သတည်း၊ ဆင်ခြင်ကြလေကုန်။

---

## ၁၆-ယှစ်ပါးသောဂြိုဟ်းအက္ခရာတို့တွင် ရသောနက္ခတ်နှင့် စောင့်သော နတ်များ၏ ဇယားပုံ

| ဂြိုဟ်းအက္ခရာ | ဂြိုဟ်းစောင့် နက္ခတ် | နက္ခတ်ဂဏန်းရေ | ဂြိုဟ်းစောင့် နတ် | အကျိုးအပြစ် | ဣဋ္ဌ-အနိဋ္ဌ |
|---|---|---|---|---|---|
| မ | ဇေဋ္ဌ | ၁၈ | ဘုမ္မစိုး | မြေရအံ့ | ဣဋ္ဌ |
| န | ဘရဏီ | ၂ | သကြား | အသက်ရှည်အံ့ | |
| ဘ | မိဂသီ | ၅ | လနတ် | တည်ကြည်အံ့ | |
| ယ | သတ္တဘိသျှ | ၂၄ | တိမ်နတ် | အခြွေအရံများအံ့ | |
| ဇ | ပုဗ္ဗဖုဂ္ဂုနီ | ၇ | နေနတ် | ဆင်းရဲအံ့ | အနိဋ္ဌ |
| သ | သွာတိ | ၁၅ | လေနတ် | အရပ်တပါးသွားရအံ့ | |
| ရ | ကြတ္တိကာ | ၂ | မီးနတ် | ဘေးသင့်အံ့ | |
| တ | သရဝဏ် | ၂၂ | အာကာသစိုး | အကျိုးမဲ့အံ့ | |

ဣဋ္ဌသည် အလိုယှိအပ်သောဂြိုဟ်းဖြစ်၍ စီကုံးစပ်ဆိုရာသည်၊ အနိဋ္ဌသည် အလိုမယှိအပ်သောဂြိုဟ်းဖြစ်၍ မစပ်မဆို မစီမကုံးရာဖြစ်သတည်း။

## ၁၇-ဂရု,လဟု,ဂြိုဟ်း,အက္ခရာနှင့်အညီ စပ်ဆိုသော ပျို့လင်္ကာများ

ပါရမီခန်း, ဆုတောင်းခန်း, ဘူရိဒတ်လင်္ကာကြီး,ဘူရိဒဇာတ်ပေါင်း, ကိုးခန်းပျို့, သံဝရပျို့,ဘုံခန်း, မဃဒေဝခန်း, ငရဲခန်း,သုဝဏ္ဏသျှံ သုဓမ္မာခန်း, တောထွက်ခန်း, သစ္စာခန်းဟူ၍ ဤပျို့ကြီးဆဲ့နှစ်စောင်ကိုသာ ကျောက်ထီး တန်ဆောင် အလေးပြုကြရသည်၊ ထိုပျို့ကြီးများကိုစီရင်သော သျှင်မဟာသီလဝံသ, သျှင်မဟာရဋ္ဌသာရ, သျှင်အဂ္ဂသမ္မာဓိ အရှင်မြတ်တို့သည်ကား ပျို့ဆရာကြီး သုံးဦးဟု ပညာယှိတို့အလေးပြု၍ သမုတ်တော်မူကြသည်။

မင်းရဲဒိဗ္ဗဧချင်း, ပလိပ်စားဧချင်း, ဆွေတော်စဉ်ရတု, ရွှေပြည်ဝင်ခန်း, မင်းကွန်းဘွဲ့လင်္ကာများသည်လည်း ဂရု,လဟု,ဂြိုဟ်း,အက္ခရာနှင့် အညီချည်း မှတ်ရမည်၊ ဤဖော်ပြအပ်သော ပျို့လင်္ကာနှင့်ဧချင်းများသာဂြိုဟ်း,အလင်္ကာ

နှင့်အညီ ပြည့်စုံသည်၊ အခြားသောပျို့လင်္ကာများမှာ မညီဟန်လက္ခဏာရောက်ရာကျလေသည်ဟုမယူရ၊ ဤဖော်ပြသောပျို့,လင်္ကာကြီး,ဧးချင်းတို့မှာ ရှေးအကျဆုံးဖြစ်၍ ဖော်ပြခြင်းဖြစ်သည်၊ အခြားသော ပျို့လင်္ကာများမှာမူကား နောက်မှပေါ်လာကြ၍ အထက်ပျို့,လင်္ကာကြီးနှင့် ဧးချင်းတို့သြဇာကို နာခံပြီးဖြစ်ချေသတည်း။

## ၁၈-ဂိုဏ်းအက္ခရာနှင့်မညီသောလင်္ကာများ

ဂိုဏ်းအက္ခရာနှင့် မညီသောလင်္ကာများမှာ တောင်ငူမင်းဆို''တသောင်းယှစ်ပြန်'' ချီးသည့်ရတုတွင် အရင်းအက္ခရာတစ်လုံး,အလယ်အဖျားအက္ခရာတို့ကား ဂရုဖြစ်သည်၊ ဂိုဏ်းအက္ခရာနှင့်နှိုင်းချိန်လျှင် (တ) အက္ခရာသည် တိရစ္ဆာန်ကိုချီးဆိုရမည်ဟု ဆုံးဖြတ်ချက်ယှိသည်ကိုလျက် တောင်ငူမင်းစာ "တသောင်းယှစ်ပြန်ချီးသောရတု", သူရဲမှူးစာ''တထွန်းလျှံခြည်'' ချီးသောရတုတို့သည်ကား တိရစ္ဆာန်မဟုတ်ပဲလျက် (တ) အက္ခရာနှင့်ချီးလေသည်ကိုထောက်၍ အက္ခရာ,ဂိုဏ်းနှင့် မညီချေ၊ နန်းမတော် အမည်ခံ ရတုတွင် ''အမရဝယ်''ဟု ချီးသောရတု, ရှင်သံကိုဆို ''မြနန်းရဝေ'' ချီးသောရတုများသည် အက္ခရာလည်းညီ၏၊ (န)ဂိုဏ်း, (ဇ) ဂိုဏ်းနှင့်လည်းညီ၏၊ ဣဋ္ဌဖလဖြစ်၍အကျိုးယှိရမည်၊ စာစပ်ဆိုစီကုံးကြသောဆရာတို့သည် ဂိုဏ်း, အက္ခရာညီသောရှေးစာဟောင်းများကို လမ်းကြောင်းပြု၍ စပ်ဆိုရမည်။

## ၁၉-အကျိုးမယှိသောဂိုဏ်းတို့နှင့်စပ်ဆိုသောလင်္ကာများ

အကျိုးမယှိ,ဂိုဏ်းနှင့်မညီစပ်ဆိုသောလင်္ကာများကား မြဝတီအောင်မင်္ဂလာပိုဒ်စုံရတုမှာ ''သာသနဝေ''ဟု ချီးလေသည်၊ ၎င်းအချီးကိုဂိုဏ်းနှင့်နှိုင်းချိန်လျှင် (ရ) ဂိုဏ်းနှင့်ညီလေသည်၊ ဂိုဏ်းပုံမှာမကောင်း၊ အနိဋ္ဌဖြစ်လေသည်၊ဘေးသင့်အံ့။

တောင်ငူမင်းစာတွင် ''ခေါင်ထွတ်ဆက်ကာ''ဟု (မ) ဂိုဏ်းနှင့်ချီးလေသည်၊ ဣဋ္ဌအကျိုးရှိသည်။

တောင်ငူမင်းစာတွင်ပင်''လွှတ်ဦးသဘင်''ဟု(တ)ဂိုဏ်းနှင့်ချီးလေသည်၊ အကျိုးမဲ့သည်။

နန်းမတော်အမည်ခံရတုတွင် ''သမတန္တယ်''ဟု (န) ဂိုဏ်းနှင့်ချီးလေသည်၊အသက်ရှည်အံ့။

ထောင်သင်းစာတွင် "မယှိနှစ်ဆူ"ဟု(သ)ဂိုဏ်းနှင့်ချိးလေသည်၊ အရပ်တပါးသွားရအံ့။

ရှင်သံကိုဆိုဇင်းမယ်ချိရတုတွင် "မြနန်းရဝေ"ဟု (ဇ) ဂိုဏ်းနှင့်ချိးလေသည်၊ဆင်းရဲအံ့။

စာစပ်ဆို စီကုံးကြသော ဆရာတို့သည် အစအချိး တပိုဒ်တွင်သာ ဂိုဏ်းအက္ခရာ ညီညွတ်အောင် ရွေးချယ်၍ စပ်ဆိုစီကုံးကြရမည်၊ အစပိုဒ်ကလွဲးလျှင် ဂိုဏ်းကိုမရွေးချယ်ရ၊ ဒေါသရောက်မည်ကိုသာ သတိထားရန်ယှိချေသည်။

---

## ၂၀-အစပ်အက္ခရာမညီ၍ အပြစ်ရောက်သော ဒေါသများ

ဒေါသများကား- ပဒဒေါသယှစ်ပါး။
ဝါကျဒေါသကိုးပါး။
အတ္ထဒေါသခြောက်ပါး။

ဟူ၍ယှိသတည်း၊ ထိုဒေါသများကို သဘောမထား မကျွမ်းကျင်က စာစီကုံးခြင်းနှိက် မညီမညွတ်ယှိခဲ့လျှင် ဆိုင်ရာဒေါသရောက်၍ အပြစ်ဖြစ်တတ်ချေသည်။

ပဒဒေါသယှစ်ပါးအမည်ကား—

၁။ ဝိရုဒ္ဓတ္တန္တရဒေါသ။
၂။ အချုတ္တဒေါသ။
၃။ ကိလိဋ္ဌဒေါသ။
၄။ ပိရောဓိဒေါသ။
၅။ နေယျတ္တဒေါသ။
၆။ ဝိသေသနာပေက္ခဒေါသ။
၇။ ဟီနတ္တဒေါသ။
၈။ အနတ္တဒေါသ။

ဟူ၍ ယှစ်ပါးယှိချေသတည်း။

ဝါကျဒေါသကိုးပါးအမည်ကား—

၁။ ကေတ္တဒေါသ။
၂။ ဘဂ္ဂရီတိဒေါသ။
၃။ ဗျာကိဏ္ဏဒေါသ။
၄။ ဂမ္မဒေါသ။
၅။ ယတိဟီနဒေါသ။
၆။ ကမစ္စုတဒေါသ။
၇။ အတိဝုတ္တဒေါသ။
၈။ အပေ့တတ္တဒေါသ။
၉။ ဖရုသဒေါသ။

ဟူ၍ ကိုးပါး ယှိချေသည်။

အတ္တဒေါသခြောက်ပါးအမည်ကား–[ဝါကျတ္တဒေါသလည်းဟူ၏။]

၁။ အပက္ကမဒေါသ။ ၄။ သသံသယဒေါသ။
၂။ ဩစိတျဟီနဒေါသ။ ၅။ ဂမ္မဒေါသ။
၃။ ဘဂ္ဂရီတိဒေါသ။ ၆။ ဒုဋ္ဌာလင်္ကာတိဒေါသ။

ဟူ၍ ခြောက်ပါးယှိချေသတည်း။

ဘုရိဒတ်ဇာတ်ပေါင်းပျို့တွင်''နှစ်ပါးစုံအင်၊ အပြားထင်သား၊ အလင်္ကာရ၊ ဝိဘာဂဖြင့်၊ ပဒ-ဝါကျ၊ ပဒတ္တနှိုက်၊ ဒေါသအပြစ်၊ ယှစ်နှင့်ကိုးခု၊ ခြောက်ထွေရှုသော်၊ ဂုဏ်ဟုမည်ရ၊ ပသာဒက၊ စသည်နည်းနာ၊ ဆယ်ခုဖြာလျက်'' ဟူ၍ အသျှင်မဟာရဋ္ဌသာရ အကျော် စပ်ဆိုတော်မူသည်ကို လိုက်နာကြရမည်။

---

## ၂၁-ပဒဒေါသယှစ်ပါးနှင့်ယှဉ်သော လင်္ကာအဓိပ္ပါယ်များ

(၁) ကုသိုလ်ကို အကုသိုလ်, အကုသိုလ်ကို ကုသိုလ်ဟု အမှားကို အမှန်, အမှန်ကို အမှားပြုပြီးလျှင် မလိုအပ်သော အနက် အလူးဖြင့် ဆန့်ကျင်၍ လင်္ကာဖွဲ့စပ်စီကုံးခြင်းသည် ဝိရုဒ္ဓတ္တန္တရဒေါသ မည်၏တည်း။

၎င်းဒေါသနှင့်ဆိုင်သောပျို့ကား ''ဝရုဏ်စသား၊ သောမယာမ၊ ကုဝေရနှင့်၊ စန္ဒ-သူရိယ၊ နေ-လ နှစ်ပါး၊ လေနတ်သားလည်း၊ ပုံဏားတို့ကို၊ ကြည်ညိုကော်ရော်၊ မီးပူဇော်၍၊ လေးဘော်ပါယ်ဘုံ၊ မလားတုံပဲ၊ ပြည့်စုံကာမာ၊ ထက်နတ်ရွာနှိုက်၊ လိုရာမတ၊ မွေ့လျော်ကြ၏'' ဟူ၍ စပ်ဆိုသတည်း။

ယင်းသည့်ပျို့တွင် ယဇ်ပူဇော်ခြင်းသည် အပါယ် လားခြင်း၏ အကြောင်းဖြစ်လျက် နတ်ရွာသို့ရောက်၏ဟု စပ်ဆိုခြင်းဖြစ်ချေသည်။

**ဖြယုဂ်ကား။** ရှောက်ရှားမိုယ်းသည် လူတို့၌ ချမ်းသာစေခြင်း ဟူသော စကားပုံနှင့်ညီသောကြောင့် ဝိရုဒ္ဓတ္တန္တရဒေါသရောက်သည်ဟု မှတ်ရမည်။

ဝိရုဒ္ဓတ္တန္တရပုဒ်ကို (ဝိရုဒ္ဓ+အတ္တ+အန္တရ)ပုဒ်ဖြတ်၊ ဝိရုဒ္ဓ-ဆန့်ကျင်သော၊ အတ္တန္တရ-အနက်တပါးယှိသည်ကိုဆိုလိုသည်။

**အဓိပ္ပါယ်ကား။** အကြင်ပုဒ်တခုသည် ဆိုလိုရင်းအနက်မှတပါး အခြားသောအနက်ကိုလည်း ဟောနိုင်လေ၏၊ ထိုအခြားသောအနက်သည်လည်း ဆန့်ကျင်ဘက်ဖြစ်၏ ဆိုလိုသည်။

မေဃော ဝိသဒေါ သုဓာယေ ဇနံ။ ။အနက်ကား–ဝိသဒေါ၊ ကြည်လင်သန့်ရှင်းသော။ မေဃော၊ မိုယ်းသည်။ ဇနံ၊ လူအပေါင်းကို။ သုခယေ၊ ချမ်းသာစေတတ်၏။ ။ဤကားဇုဇ္ဇုတ္တ- လိုအပ်သောအနက်တည်း။

ဝိသဒေါဟူသောပုဒ်သည် ကြည်လင်သန့်ရှင်းခြင်း- ဇုဇ္ဇုတအနက်မှတပါး အဆိပ်ကိုပေးတတ်သည်ဟူသော အတ္ထန္တရအနက်ထူးကိုလည်း ဟောနိုင်၏၊ ထိုအနက်ထူးသည် ဆန့်ကျင်သောဝိရုဒ္ဓဖြစ်၏၊ ဖြစ်ဟန်ကား- ဝိသဒေါ၊ အဆိပ်ကိုပေးတတ်သော။ မေဃော၊ မိုယ်းသည်။ ဝါ၊ ရှောက်ရွားမိုယ်းသည်၊ ဝါ၊ မိုယ်းသီးမိုယ်းပေါက် ကြီးစွာ ကျရောက်ရွာသွန်းသောမိုယ်းကြီးသည်။ ဇနံ၊ လူအပေါင်းကို။ သုခယေ၊ချမ်းသာစေတတ်၏။ ။ဝိရုဒ္ဓတ္ထန္တရဒေါသနှင့်ဆိုင်သောအဓိပ္ပါယ်ကိုသတိပြုလေ။

(၂) လူသည်နတ်ထက်လှသည်ဟု ဝိသေသနအနက်လွန်သော ကဗျာ, လင်္ကာကို ဖွဲ့ဆိုစီကုံခြင်းသည် အချုတ္တဒေါသမည်၏ တည်း။

ဤဒေါသနှင့်ဆိုင်သောပျို့ကား "ရွှေဝတ်ရွှေဆင်း၊ ပြောင်ပြောင်ဝင်းသား၊ နောင်မင်းသက်မျှ၊ နတ်ထက်လှသည်"ဟူသောလင်္ကာ, "နတ်ထက်နတ်မျှ၊ နတ်မကတည့်"စပ်ဆိုသောလင်္ကာများတည်း။

လောကတွင် ကာမာဝစရနတ်သည် အလွန်လှပြီးလျှက်ကိုအတူတမျှသာ မဆိုပဲ ရူပါဝစရနတ်တိုင်အောင်ကျူး၍ နတ်ထက်နတ်ဟု စပ်ဆိုခြင်းသည် အချုတ္တဒေါသရောက်ချေ၏။

**ဖြယုဂ်ကား။** ပိုးရည်ခြုံးသည် အရပ်ဆယ်မျက်နှာကို အကြွင်းမယှိ ထွန်းလင်းတောက်ပ၏-ဆိုသော စကားပုံနှင့်ညီသောကြောင့် အချုတ္တဒေါသရောက်သည်ဟု မှတ်ရမည်။

(၃) ဖော်ထုတ်၍ဆိုသင့်သောစကားကိုမဆို ကွယ်ဝှက်၍ စပ်ဆိုစီကုံးခြင်း, မသန့်ရှင်းသော ငြိစ်ငြူးသောအရာတို့ကိုထည့်သွင်း၍ ကဗျာ,လင်္ကာဖွဲ့ဆိုစီကုံးခြင်းသည် ကိလိဋ္ဌဒေါသမည်၏ တည်း။

ဤဒေါသနှင့်ဆိုင်သောပျို့ကား "ဓဝယ်ညှင်းကို၊ နတ်မင်းတို့ဝယ်၊ ရှင်းရှင်းပယ်၍" ဟူသောစကားတွင် အုပ်ကြွပ်ဟူ၍ သိလွယ်အောင်စကားကို မဖော်မဆိုပဲ ပေါရာဏစကား ဓဝယ်ညှင်းဟုဆိုသောကြောင့် ၎င်းဓဝယ်ညှင်းကား အုပ်ကြွပ်ဆိုသတည်းဟု ရုတ်တရက်သိခဲခြင်းတည်း။

"ဆင်ကောင်ကိုစင်၊ ကွယ်ဝှက်ချင်၍၊ မမြင်စေလှည့်၊ မန်းဖုံး၏သို့" ဟူ၍ စပ်ဆိုသောစကားတွင် ဆင်ကောင်ကိုစင်းကောဖုံး၏ ဟုဆိုသော် သိလွယ်

သည်၊ မန်းဟူသည်ကား ရှေးပေါရာဏစကား၊ စင်းကော, စကောဆိုသည်၊ မန်းဖုံး၏သို့ကို စင်းကောဖုံး၏သို့ဆိုလိုသည်။

ပြယုဂ်နိုက် ပိယသဒ္ဒါသည် မယားကိုဟောသည်ဟုဆိုခဲ့လျက် ပိယာဟုထားသည်နှင့်အညီ ကိလိင္ဂဒေါသရောက်သည်ဟုမှတ်ရမည်။

ရေနိုက်ဖြစ်သည်ကို ကုန်းနိုက်ဖြစ်သည်၊ ကုန်းနိုက်ဖြစ်သည်ကို ရေနိုက်ဖြစ်သည်- ဒေသဝိရောဓိ၊ ဆောင်းရာသီနိုက်ဖြစ်သည်ကို မိုဃ်းရာသီနိုက်ဖြစ်သည်၊ မိုဃ်းရာသီနိုက်ဖြစ်သည်ကို ဆောင်းရာသီနိုက်ဖြစ်သည်- ကာလဝိရောဓိ၊ဒေသ,ကာလစသောအားဖြင့် ဆန့်ကျင်အောင် ကဗျာ,လင်္ကာစပ်ဆိုခြင်းသည် ဝိရောဓိဒေါသမည်၏။

ဝိရောဓိအပြားဟူသည်ကား—

| | |
|---|---|
| ၁။ ဒေသဝိရောဓိ။ | ၄။ လောကဝိရောဓိ။ |
| ၂။ ကာလဝိရောဓိ။ | ၅။ ဉာယဝိရောဓိ။ |
| ၃။ ကလာဝိရောဓိ။ | ၆။ အာဂမဝိရောဓိ။ |

ဟူ၍ ဝိရောဓိအပြား ခြောက်ပါးယှိသတည်း။

၁။ ဥတုရာသီအလိုက်ပွင့်သောပန်းတို့ကို ကြည်းနိုက်ဖြစ်သည်ကို ရေနိုက်ဖြစ်သည်၊ရေနိုက်ဖြစ်သည်ကို ကြည်းနိုက်ဖြစ်သည်စသဖြင့် ပြောင်းပြန်ရေးသားခြင်းသည် ဒေသဝိရောဓိခေါ်သည်။

၂။ ခေတ်ကာလအလိုက် မည်သည့်အရာမျိုးမဆို ပေါ်ပေါက်လာရကား ဖြစ်လွယ်ပျက်လွယ်,အတည်မကျ,အဖတ်မတင်,မယေမလယ်စသည်များကို ကာလဝိရောဓိခေါ်သည်။

၃။ တူရိယာနှင့်ဆိုင်သော တီးမျိုးမှုတ်မျိုးမှုတို့နိုက်၎င်း,သီချင်း အဆိုမှုတို့နိုက်၎င်း စည်းဒုံးလင်းကွင်းချက်မကျသည်ကို ကလာဝိရောဓိခေါ်သည်။

၄။ မည်သည့်စည်းကမ်း နည်းလမ်းမဆို, တိုင်ပင်ဆွေးနွေးခြင်းစသော မည်သည့် အသင်းအစည်းအဝေးမဆို လူတို၏ မွေတာ သဘာဝနှင့် မညီမညွတ်ခြင်းစသည်တို့ကို လောကဝိရောဓိခေါ်သည်။

၅။ လျော်ကန်သင့်မြတ်သောအရာ စသည်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်သည်ကို ဉာယဝိရောဓိခေါ်သည်။

၆။ ပိဋကတ်သုံးပုံ အာဂုံယုတ္တိနှင့်တကွ ထင်ထင်လျှားလျှားယှိသည်ကို မလိုက်မနာခံပဲ ဆန့်ကျင်ဘက်ဖြစ်အောင် ပြုလုပ်၍ ယူသော အမှုအရာကို အာဂမဝိရောဓိခေါ်သည်။

ဤဝိရောဓိဒေါသနှင့်ဆိုင်သော ပျို့သည်ကား ပဒဒေါသ ယှဉ်ပါးတွင် ပါယှိသော "ဝရုဏ်စသား၊ သောမယာမ"ပျို့နှင့် သက်ဆိုင်သည်ဟု သဘောရပါသည်၊ ပြယုဂ်ကား သတိမထားမိချေ။

(၅) ကျွန်တော်ကို မည်သူသတ်ပါသည်ဟု တရားစွဲဆိုရ မည်ကို ကျွန်တော်ကို မည်သူမည်ဝါမှန်းမသိ သတ်ပါသည်ဟု တရားစွဲဆိုခြင်းကဲ့သို့ အဘည်အကျမဟုတ် သရုပ်သကောင်မယှိပဲ ပုဒ်တပါးကိုဆောင်ချေမှသိရသော ကဗျာ,လင်္ကာဖွဲ့ဆိုစီကုံးခြင်းသည် နေယျတ္ထဒေါသမည်၏ တည်း၊ ဤစာမျိုးသည် အဖြည့်ခံစကား လိုဆိုသည်။

ဤဒေါသနှင့်ဆိုင်သောပျို့ကား "တော့ဇာထန်ပြင်း၊ အိမ်ရှေ့မင်းလျှင်၊ ထွန်းဝင်းတွတ်တွတ်၊ ရှိန်ရှိန်လဘ်သား၊ မိုးနတ်ကျွမ်းဝင်၊ သက်ဟူကြင်နှင့်၊ တူပင်နွဲ့လျက်၊ တောင်ထိပ်ထက်ဝယ်၊ စုံမက်မကွာ၊ အိပ်သောခါတွင်၊ စကြာလက်နက်၊ ယူဇုက်တပါး၊ နှောင်ချိုင့်ထားသော်၊ ဘုန်းအားရေနတ်၊ ခင်ပွန်းမြတ်လျှင်၊ ဥပဒ္ဒဝေါ၊ ဘေးဘျမ်းပြေလည်း၊ လျှင်ဆောဖြိမ်းအောင်၊ ကယ်ပြီးနှောင်မှ"ဟူသည်နှိုက် အိပ်သောအခိုက်တွင် လက်နက်ကိုယူ၍ နှောင်ချိုင့်ထားသည်သာ စပ်ဆိုသည်၊ မည်သည့်ရန်သူ ယူဇုက်ထားသည်ဟု ထားသူ,ယူသူကို သေချာစွာ အမည်ကိုထုတ်ခေါ်မဆိုဂသာကြောင့် "ညဥ့်အခါနှိုက် အလုံးစုံသော အရပ်မျက်နှာတို့သည် ဖြူရောင်ဖြင့် ထွန်းပသော လရောင်ထင်ကုန်၏"ဟူသော ပြယုဂ်နှင့်အညီ ဘီလူးဟူသော ပုဒ်တပါးကို ဆောင်ချေမှ သိရသောကြောင့် အဖြည့်ခံစကားဆက်ပြီးလျှင် ထည့်သွင်းရသည်ဖြစ်၍ နေယျတ္ထဒေါသရောက်သည်ဟု မှတ်ရမည်။

(၆) ပန်းကိုမြင်သည်, အသံကိုကြားသည်ဆိုလျှင်ပင် မျက်စိ, နားဖြင့် မြင်သည်,ကြားသည်ဟု အဓိပ္ပါယ်ရပြီးလျက်ကို မျက်စိဖြင့် ပန်းကိုမြင်သည်၊ နားဖြင့် အသံကိုကြားသည်ဟု ဝိသေသနကို ငဲ့သောအားဖြင့် လင်္ကာ,ကဗျာဖွဲ့ဆိုစီကုံးခြင်းတို့သည် ဝိသေသနာပေက္ခဒေါသမည်၏ တည်း။

ဤဒေါသနှင့်ဆိုင်သောပျို့ကား "ကျောင်းခွင်လမ်းပါး၊ ပန်းမန်များကို၊ ထွေပြားမျက်စိ၊ မြင်သည်ရှိသော်၊ မွေးမိပြာဖြူ၊ ပါဘီမူကား၊ အတူသွားစဉ်၊ ဆင်နှင့်ယှဉ်၍"ဟူသည်နှိုက် အထွေထွေအပြားပြား ပန်းမန်များကို မြင်သည်ယှိသော်-ဆိုလျှင်ပင် မျက်စိဖြင့်မြင်ခြင်းကိစ္စပြီးကောင်းလျက်ကို မျက်စိဖြင့် မြင်သည်ဟူ၍ မျက်စိထည့်၍ စပ်ဆိုခြင်းသည် မျက်စိဟု ဖော်ထုတ်၍ ဆိုလိုသောမျက်စိ၏ ထူးကြောင်း,ညွှန်းငယ်ရှမ်းစက်သော မျက်စိဖြင့် မြင်သည်

ဟူ၍ ဆိုရမည်ကို မျက်စိ၏ ထူးကြောင်းမဆိုသောကြောင့်''ဘိယျော ပဿတိ စက္ခုနာ''ဟူသော ပြယုဂ်နှင့်အညီ ညှိုးငယ်ခြင်းကိုငဲ့သော ဝိသေသနာပေက္ခ ဒေါသရောက်သည်ဟုမှတ်ရမည်။

**အဓိပ္ပါယ်ကား။** ညှိုးငယ် မှေးမှိန်သော မျက်စိယှိသော သူသည်ငှင်း, ဂုဏ်ထူးဂုဏ်ခြားဖြင့် မျက်စိယှိသောသူသည်ငှင်း ပန်းကိုမြင်လေသည် ဆိုလိုသည်။

(၇) ခြင်္သေ့မင်းသည် ယုန်, ဒရယ်, ကြောင်တို့ကိုပင် အောင်မြင်ပေသည်ဟု ခြင်္သေ့မင်းကို ချီးမြှောက်လေဟန် စပ်ဆိုသော ကဗျာ,လင်္ကာတို့သည် ယုတ်သောအနက်ယှိသော အချီးအဆိုအဖွဲ့အနွဲ့လွဲးသော ဟီနတ္တဒေါသမည်၏ တည်း။

ဤဒေါသနှင့် ဆိုင်သောပျို့ကား ''ဒရယ်ယုန်ကြောင်၊ တွေ့တိုင်းအောင်သည်၊ တောတောင်သနင်း၊ ခြင်္သေ့မင်းကား'' ဟူရာနိုက် ဆင်ပြောင်ကြီးစင်လျက်မှုလည်း ခြင်္သေ့မင်း၏ အစာဖြစ်ကုန်သေး၏၊ ဒရယ်ယုန်ကြောင်မျှကို အောင်သည်ချည်းတည်းဟု ချီးမွမ်းစပ်ဆိုခြင်းသည် ''ပိုးရည်မြွေး၏ အရောင်အဝါကို မဲ့အောင်ပြုတတ်သော နေမင်းကြီးသည်တကား၏''ဟူသော ပြယုဂ်နှင့်အညီ ဟီနတ္တဒေါသရောက်သည်ဟု မှတ်ရမည်။

(၈) အဓိပ္ပါယ်ကိုရှင်းလင်းအောင် ဆိုနိုင်သည်ကိုလျက် အဓိပ္ပါယ်ကို မဆိုပဲ စကားအဆင်သင့်ရှိမှု ပိုဒ်ပြည့်, ပုဒ်ပြည့်ကာမတ္တဖြစ်သော အနက်မယှိကင်းမဲ့သော ကဗျာ,လင်္ကာများကို စပ်ဆိုစီကုံးခြင်းသည် အနတ္တဒေါသမည်၏ တည်း။

ဤဒေါသနှင့်ဆိုင်သောပျို့ကား ''ခြောက်ဆယ်ဂါထောင့် ဂါထာတည်း'' ဟုချသည်နိုက် ဂါထောင့်သည် အဓိပ္ပါယ်မယှိ၊ ခုနစ်လုံးပြည့်အောင်ချရသော အရာဖြစ်၍ ပိုဒ်ပြည့်ရုံသာ ဂါထောင့်ကို ဖြည့်လေသည်။

''ပါဒပကေ်ရုဟမ္ဘိစ''စသော ပြယုဂ်နိုက် ပိစသဒ္ဒါသည်အနက်မယှိ၊ ပုဒ်ပြည့်ကာမတ္တသာ ဖြစ်လေသကဲ့သို့ ဂါထောင့်သည် အနတ္တဒေါသရောက်သည်ဟုမှတ်ရမည်။

**စကားချပ်။** [သျှင်အုန်းညို စပ်ဆိုတော်မူသော ဂါထာ ခြောက်ဆယ်ပျို့တွင် ''ခြောက်ဆယ် ဂါထောင့်ဂါထာတည်း''ဟု ချခြင်း သည်ကား ပါရမီခန်းတွင် ''ရှင်ပင်သပျော်ဒ့် သပ္ပါယ်တည်း''ဟု စပ်ထုံးကို လိုက်၍ စပ်ဟန် တူယောင်တကားထင်၏။]

ပါရမီခန်းဆရာက သပေါ့ါင့်သည်သပ္ပါယ်နှင့်တူသည်၊ အစပ်တမျိုးတွဲ့ဖက်၍ချသည်ဟု သဘောရောက်ပါလျှင် ဂါထောင့်သည် ဂါထာဖြစ်ရမည်တည်း၊

နောက်ပျို့များတွင် ရိပ်မြိုသာဟောင့်သာယာတည်း၊ စိတ်တော်သနောင့်သနာတည်း၊ စိတ်တော်မကြောင့်မကြာတည်း''ဟူ၍ ဤချနည်းကိုလိုက်၍ စပ်ဆိုကြလေသည်။

ယင်းသည့် ပဒဒေါသ ယှစ်ပါးသရုပ်အဓိပ္ပါယ်မှာ ရှေးဆရာကြီးတို့ဖော်ပြသော အဋ္ဌုပ္ပတ္တိများအရ ထုဘ်နုတ်ချက်ဖြစ်ပေသတည်း။]

## ၂၂-ဝါကျဒေါသနှင့်ယှဉ်သော လင်္ကာအဓိပ္ပါယ်များ

(၁) စကားတခုတည်းသော အနက်သံကို အဖန်တလဲလဲ အကြိမ်ကြိမ် အထပ်ထပ် လင်္ကာဖွဲ့စပ် စီကုံးခြင်းသည် ကေတ္တဒေါသ မည်၏တည်း။

ဤဒေါသသည် သဒ္ဒါအားဖြင့်တပါး, အနက်အားဖြင့်တပါး၊ ဤသို့ နှစ်ပါးပြားသတည်း၊ ထိုနှစ်ပါးတို့တွင် သဒ္ဒါဖြစ်သော ကေတ္တဒေါသနှင့် ဆိုင်သောပျို့ကား ''နှုတ်စံပယ်ကို၊ *နားဝယ်သို့ပင်၊ ခုခုတင်၍၊ အိမ့်ရှင်မွေးမိ၊ ခေါ်မိမိတည်း''ဟူသည်နှိုက် ပိုဒ်မျှမခြားပဲ မိထပ်ချေသည်။

''ပျောင်းရိညှိုးမြန်း၊ စစ်တဲးခန်းဝယ်၊ လွမ်းမြန်းတယူ၊ အဘယ်သူလျှင်၊ နောင်တူလည်နှိုက်၊ မဆင်ကြိုက်လိမ့်'' ဟူသည်နှိုက် တပိုဒ်ခြားကာသာ မြန်းထပ်ခြင်း,စပ်ဆိုခြင်းသည် ''ဝါရိ ဒေါ ဝါရိဒေါ အယံ''ဟူသော ပြယုဂ်နှင့်အညီ သဒ္ဒါအားဖြင့် ကေတ္တဒေါသရောက်သည်၊ ပျို့,လင်္ကာတို့သဘောသည် နှစ်ပိုဒ်မခြားခင်ထပ်၍ စပ်ဆိုချေသော် ကေတ္တဒေါသရောက်ချေသတည်း၊

အနက်အားဖြင့် ထပ်သောပျို့ကား ''မြောက်သားငယ်မှီး၊ဇနီးကျွမ်းဝင်၊ ဆွေအိမ်ရှင်ကို'' ဟူသည်နှိုက် မြောက်သား ဆိုသည်လည်း မယားပင်၊ ဇနီးဆိုသည်လည်း မယားပင်၊ အိမ်ရှင်ဆိုသည်လည်း မယားပင်၊ သို့လို အနက်အတူတူကို အထပ်ထပ်စပ်ဆိုသောကြောင့်''ပသာဒေတိ ပသန္နေသော- ကြည်ညိုသောသူတို့ကို ကြည်ညိုစေ၏'' ဟူသော ပြယုဂ်နှင့်အညီ အနက်အားဖြင့် ကေတ္တဒေါသရောက်သတည်း။

(၂) ပျို့,ကဗျာတို့ကို ထပ်၍စပ်ဆို စီကုံးသော်လည်း အထပ်မပြည့် မစည့်သောကြောင့် ဆိုအံ့သောငါ အားမထုတ်ပဲ အစီအစဉ် ပြတ်အောင် စပ်ဆိုခြင်းသည် ဘဂ္ဂရီတိဒေါသမည်၏တည်း။

* နားဝယ်သို့ဆင်-ဟူ၍လည်း အချို့မူဘွင် ယှိသည်။

ဤဒေါသနှင့်ဆိုင်သောပျို့ကား "ဘယ်နှံ့သော်ခါ၊ဘယ်ရွာမြေမိုး၊ တို့ဆွေမျိုးသည်၊ ကောင်းကျိုးရည်ငံ၊ ဆွမ်းပန်းခံ၍၊ တရံတဆစ်၊ ဖြစ်ဖူးသနည်း" ဟူရာနိုက် အဘယ်ဟူသောစကားသည် သုံးချက်လုံးပြည့်အောင် ဘယ်နှံ့, ဘယ်ရွာ, ဘယ်ဆွေမျိုးဟု မစပ်မဆိုသောကြောင့် "ကာပိ ပညာ ကောပိ ဂုဏော ပကတိပိ အဟောဝတ။ ။ပညာ၊ပညာတော်သည်။ကာပိ၊အဘယ်ဆိုဘွယ်ယှိအံ့နည်း ။ ဂုဏော၊ ဂုဏ်တော်သည်။ ကောပိ၊ အဘယ်ဆိုဘွယ်ရှိအံ့နည်း။ ပကတိပိ၊ သဘောတော်သည်လည်း။ အဟောဝတ၊ ဩော်အံ့ဘွယ်ယှိလေစွတကား" ဟူသောပြယုဂ်နှင့်အညီ ဘဂ္ဂရီတိဒေါသရောက်သတည်း။

ဘဂ္ဂ-သဒ္ဒါကား ကျိုးပျက်သည်၊ရီတိ-သဒ္ဒါကား အစဉ်ဟောသည်၊အစဉ်ကျိုးပျက်သည်ဟူလို။

(၃) စကားရှုပ်ရှုပ် ထွေးထွေးယှိသည်၊ ကွဲပြား ခြားနားအောင်မဆို၊ သိနိုင်ခဲသောပုဒ်ပါဠိတို့ကို အသုံးပြု၍ အရောရော အပွမ်းပွမ်းနှောင့်ယှက်ရှုပ်ထွေးသော ကဗျာ,လင်္ကာကို စပ်ဆိုစီကုံးခြင်းသည် ဗျာကိဏ္ဏဒေါသမည်၏တည်း။

ဤဒေါသနှင့် ဆိုင်သောပျို့ကား "ဇမ္ဗူနဒ၊ ရွှေသိင်္ဂနှင့်၊ နဝရတနာ၊ ခပ်ပြာခဲမ၊ ကြိမ်ခွေစသည်၊ လောကဘာသာ၊ ဆင်စရာလည်း၊ တန်းဆာမကင်း၊ ရောင်ထင်းပြူသ၊ မိမ္ဗလှတို့၊ ဂုဏအရာ၊ သုံးဖြာပိဋကတ်၊ အလွတ်သိမြင်၊ ဗေဒန္တရီ၊ သီသီရတု၊ ပြောမှုထုံးပုံ၊ငယုန်-ငေါ်၊ လွယ်ဘွယ်သာ၏" ဟူရာနိုက် ဤသို့အဆိုးအကောင်း သောင်းပြောင်းပြု၍ အရောရော အထွေထွေ အယှက်ယှက် စပ်ဆိုစီကုံးခြင်းသည် "ဗဟုဂုဏော ပဏ္ဍမတိ" အစယှိသော ဂါထာနိုက် အမိပ္ပါယ်လာသည်နှင့်အညီ ဗျာကိဏ္ဏဒေါသ ရောက်ချေသတည်း။

(၄) သူ့တော်သူမြတ် သူတော်ကောင်းတို့နားနိုက် မချမ်းသာအောင်ကြမ်းထမ်းစွာသောစကားကို ပြောဆိုခြင်း, ကဗျာလင်္ကာ စပ်ဆိုစီကုံးခြင်းတို့သည် ဂမ္မဒေါသမည်၏တည်း။

ဤဒေါသနှင့် ဆိုင်သောပျို့ကား "ငါလည်းနှစ်ခြိုက်၊ * ရှင်လည်းကြိုက်၏၊ မလိုက်မနာ၊ ရှင့်ခြင်းရာသည်၊ ဘယ်မှာ ညွတ်ပြန်ဘိ သည်ထု" ဤကဲ့သို့ ကြမ်းထမ်း ရုန့်ရင်းသောစကားကို ကဗျာ,လင်္ကာ စပ်ဆိုခြင်းသည် "ကညေ ကာမယမာနံ မံ နကာမယသိ ကိံ နွိဒံ။ ။ကညေ၊အသင်သတို့သမီး၊

* ရှင်ကိုကြိုက်၏-ဟူ၍လည်း အချို့မူတွင် ယှိသည်၊

ကာမယမာနံ၊ သင့်ကိုနှစ်သက်သော။ မံ၊ ငကို။ နကာမယသိ၊ သင်ကားမနှစ်သက်။ ကိ°န္တိဒံ-ကိ°နုဣဒံ။ဣဒံ၊ ဤသို့ ဖြစ်ခြင်းသည်။ ကိ°နု၊ အဘယ်ကြောင့်နည်း''ဟူသော ပြယုဂ်နှင့်အညီ ဂမ္ဘဒေါသရောက်ချေသတည်း။

(၅) စကားအစဉ်မသင့် ရှေ့နောက်မညီ အဆုံးအစမသိ ယတိပြတ်ခြင်းမှယုတ်သောကဗျာ,လင်္ကာများကို စပ်ဆိုစီကုံးခြင်းသည် ယတိဟီနဒေါသမည်၏ တည်း။

ဤဒေါသနှင့်ဆိုင်သောပျို့ကား ''အထွတ်ရှင်ပင်၊ မယှဉ်စေလို၊ ရွှေသာဆိုသည်''ဟူရာနိုက် ရှေ့နောက်အနေကဝဏ္ဏမဖြစ်၊ရွှေသာစေလိုဟု အက္ခရာ ၂-လုံးယှိသည်နောက်က ရွှေတလုံးသာ ယှိသောကြောင့် ယတိပျက်၏ ဟူလိုသည်။

ရှေ့ကား စေလိုဟု ၂-လုံးယှိသည်၊ နောက်ကား ရွှေတလုံးသာရှိသည်ကို အက္ခရာလေးလုံးတွင် ရှေ့ ၂-လုံး,နောက် ၂-လုံးခွဲ၍ ယူရမည်။

ဤဇွင် ပြယုဂ်ကား။ ''သကလာပိ ဒိသာ သိဋ္ဌ၊ တိဝ သောဏ္ဏရသေဟိ ယော။ ။ယောတထာဂတော၊ အကြင်မြတ်စွာဘုရားသည်။ သောဏ္ဏရသေဟိ၊ ရွှေရည်တို့ဖြင့်။ သကလာပိဒိသာ၊ အလုံးစုံလည်းဖြစ်သော အရပ်မျက်နှာတို့ကို၊ သိဋ္ဌတိဝ၊ သိဋ္ဌတိဣဝ၊ သွန်းလောင်းတော်မူသကဲ့သို့ ဖြင်ယေ့''ဟူ၍ အတ္ထလာယှိသည့်အတိုင်း ပုဒ်နှင့် ညီလျော်သောကြောင့် ယတိဟီနဒေါသရောက်ချေသတည်း။

(၆) ရှေ့စကားကိုနောက်,နောက်စကားကိုအလည်,အလည်စကားကိုရှေ့၊ ဘုရားကား အောက်, မျောက်ကား အထက် ဆိုဘိသကဲ့သို့ ပုဒ်အနက်ဆိုရိုးအစဉ် ချွတ်ယွင်းသော ကဗျာ,လင်္ကာ စပ်ဆိုစီကုံးခြင်းသည် ကမစ္စုတဒေါသမည်၏ တည်း။

ဤဒေါသနှင့် ဆိုင်သောပျို့ကား ''ဥသျှောင်လည်ရစ်၊ ရင်၍နှစ်သား'' ဟူသည်နိုက် ဦးစောက်သွားသကဲ့သို့ ဆိုသည်ဖြစ်၍ နှစ်ရိုးအစဉ်မှ လွတ်ခြင်း,

''ရှင်ချစ်ခွေ့းမ၊ မိဘဘော်ရွှေ၊ မျိုးဆွေသိသူ၊ လူလည်းမမြင်၊ မေးလျှင်တုံ့ခေါက်၊ တယောက်မဲ့အောင်၊ ငွေတောင်ဂီရိ၊ ဝေးလေဘိကဲ့'' ဟူသည်နိုက် ''မိဘမျိုးဆွေ၊ ဖော်ရွှေသိသူ'' ဟုစပ်ဆိုမှ ချစ်ခြင်းအစဉ်မှန်သည်၊ သို့ကိုလျက် အမျိုးအဆွေထက် အဖော်အရွှေကို ချစ်ခင်ကောင်းသကဲ့သို့ ''မိဘဖော်ရွှေ၊ မျိုးဆွေသိသူ'' ဟု အစဉ်ထား၍ စပ်ခြင်းများသည် ''ခေတ္တံ ဝါ ဒေဟိ ဂါမံ ဝါ၊ဒေသံ ဝါ မမ သောဘနံ။ ။မမ၊ အကျွန်ုပ်

အား။ သောဘနံ၊ တင့်တယ်သော။ ခေတ္တံဝါ၊ လယ်ကိုမူလည်း။ ဒေဟိ၊ ပေးတော်မူပါလော့။ ဂါမံဝါ၊ ရွာကိုမူလည်း။ ဒေဟိ၊ ပေးတော်မူပါလော့။ဒေသံဝါ၊ ခရိုင်ကိုမူလည်း။ ဒေဟိ၊ ပေးတော်မူပါလော့'' ဟူသော အစဉ်ဆိုရိုးမှ လွတ်သောပုဒ်နှင့် ညီသောကြောင့် ကမစ္စုတဒေါသ ရောက်ချေသတည်း။

ကမ-သဒ္ဒါကား အစဉ်မှတ်သည်၊ စုတိသဒ္ဒါကား ရွေ့လျောသည်၊ အစဉ်ရွေ့လျောသည်ဟူလို။

(၇) ခြင်္သေ့မင်းနှင့် ဆဒ္ဒန်ဆင်မင်းသည် အချင်းအရည်တူကြပါလျက် ခြင်္သေ့မင်းဂုဏ်ကိုမြှင့်၍ ဆင်မင်းဂုဏ်ကို နှိမ့်လျက် အလွန်ဆိုလိုသောအားဖြင့် ကဗျာ,လင်္ကာ စပ်ဆိုစီကုံးခြင်းသည် အတိဝုတ္တဒေါသမည်၏တည်း။

ဤဒေါသနှင့်ဆိုင်သောပျို့ကား ''ကေသရာလျှင်၊ ရှောင်ခွါမရှိ၊ တိုက်သတ်နှိုက၊ နင်းပျံတိမ်တောင်၊ ဆဒ္ဒန်ပြောင်တိ၊ ရာထောင်ကုဋေ၊ ရပ်နေအထု၊ ပည်းမျှစုလည်း၊ အန်တုနိုင်တောက်၊ မရှိပျောက်သို့'' ဟူသည်နှိုက် ကေသရာ-လည်း ဇာနေယျ၊ ဆဒ္ဒန်-လည်း ဇာနေယျဖြစ်၍ စီးချင်းပြိုင်၍မှ မနိုင်ကောင်းပဲလျက် ကုဋေပင်စုသော်လည်း အန်တုမရ ကျေပျက်လေ၏ ဟူ၍ ခြင်္သေ့တန်းခိုးကိုသာ ချီးမြှောက်ခြင်းသည် ''အတိသမ္ဘာဓမောကာသ၊ မေ-တိဿာ ထနဇမ္ဘနေ။ ။တေ၊ ဣဿာ၊ထိုသတို့သမီး၏။ ထနဇမ္ဘနေ၊ထန်၏ကြီးပြန့်ခြင်းကြောင့်။ အာကာသံ၊ကောင်းကင်သည်၊ အတိသမ္ဗာဓံ၊အလွန်ကျဉ်းမြောင်း၏''ဟူသော ပြယုဂ်နှင့်အညီ အတိဝုတ္တဒေါသ ရောက်ချေသတည်း။

(၈) နွားသည် မြက်ကိုစားကြောင်း အများသိကြလျက်ပင် မသိကြသကဲ့သို့ နွားသည် မြက်ကိုစားသည်ဟု စကားဆိုရိုး တခုနှင့်တခု မစပ်ပဲ တောင်ဆို မြောက်ဆို-စသည်ဖြင့် ကဗျာ,လင်္ကာစပ်ဆို စီကုံးခြင်းသည် အပေ-တတ္ထဒေါသမည်၏တည်း။

ဤဒေါသနှင့်ဆိုင်သောပျို့ကား မတွေ့ဘူးချေ၊ ဂါဝီ ပြယုဂ်ကား ''ဂါဝီ ပုတ္တော ဗလိဗဒ္ဒေါ၊ တိဏံ ခါဒိ ပိဝိ ဇလံ။ ။ဂါဝီပုတ္တော၊ နွားမ၏သားဖြစ်သော။ ဗလိဗဒ္ဒေါ၊ နွားပိုက်သည်။ တိဏံ၊ မြက်ကို။ ခါဒိ၊ စား၏။ ဇလံ၊ ရေကို။ ပိဝိ၊ သောက်သည်'' ဟူသတည်း၊ နွားမက မွေးသောသား နွားငယ်လည်း မြက်ကိုစားသည်၊ ရေကိုသောက်သည်၊ နွားပိုက် နွားထီးကလည်း သားမွေး၍ ယိုသကဲ့သို့ နွားမ-သားဟူ၍ ဆိုခြင်း, မြက်ကိုမစား၊ ရေကို မသောက်သောနွားများ ယိုသကဲ့သို့ မြက်ကိုစားသည်၊ ရေကိုသောက်သည် ဟူ၍ စပ်ဆိုခြင်းသည် အရှုးအသွပ်စကားနှင့်အတူ အထူးမဟုတ်သော ကြောင့် အပေတတ္ထဒေါသရောက်ချေသတည်း။

(၉) သူတော်သူမြတ် သူတော်ကောင်းတို့၏နားနှင့် ဆန့်ကျင်သော စိတ်နှလုံးမချမ်းသာစရာယှိသော ယုတ်ယုတ်မာမာ ကြမ်းထမ်းသော မကြား ဝံ့မနာသာဖြစ်သော ကဗျာ,လင်္ကာတို့ကို စပ်ဆိုစီကုံးခြင်းသည် ဗန္ဓဖရုသ ဒေါ သ မည်၏တည်း။

ဤဒေါသနှင့်ဆိုင်သောပျို့,ပြယုဂ်တို့ကား မတွေ့ဘူးချေ၊ ရှေးစာဟောင်း များကိုလိုက်၍ စေ့စုံအောင်မွှေနှောက် ရှာဖွေခြင်း မပြုနိုင်သောကြောင့် ဖြစ်ညေ့။

(ခ-ဃ-ဇ-ဏ-ဓ-ဘ)စသော အဖတ် အရွတ် အသံ ကြမ်းထမ်းသော ဤအက္ခရာတို့ဖြင့် ကဗျာလင်္ကာစပ်ဆိုစီကုံးခြင်း, ဂါထာဗန္ဓဘွဲ့ဆိုခြင်း စသော အရာများကို မပြုမလုပ်ကြရန် တားမြစ်သည် ဖြစ်သောကြောင့် ထိုကြမ်း ထမ်းသော အက္ခရာတို့နှင့် စပ်ဆိုစီကုံးခြင်းသည် ဗန္ဓဖရုသဒေါသ ရောက် ချေသတည်း။

ဤကား ဝါကျဒေါသကိုးပါး၏ အကြောင်းအရာ
အဋ္ဌုပ္ပတ္တိ ပြီးသေ့။

---

## ၂၃-အတ္ထဒေါသ၊ သို့မဟုတ် ဝါကျတ္ထဒေါသနှင့်ယှဉ်သော လင်္ကာအဓိပ္ပါယ်များ

(၁) အကြောင်းအကျိုး အစီအစဉ် အစပ်အဟပ် ချွတ်ယွင်းသော အ ရာတို့ကို စပ်ဆိုစီကုံးခြင်းသည် အပက္ကမဒေါသမည်၏တည်း။

ဤဒေါသနှင့်ဆိုင်သောပျို့ကား ''နောက်ကျွန်းဦးတင်၊ ရှေ့ခွင်ရပ်မှာ၊ ခုနစ်ရာဆောင်၊ ငါးရာထောင်တည့်၊ ယခေါ်မလွဲ၊ ရှည်စမြဲတည့်'' ဟူ သည်နှိုက် အနောက်ကျွန်းမှာ အသက်ခုနစ်ရာ, မြောက်ကျွန်းမှာ အသက်ငါး ရာ, အရှေ့ကျွန်းမှာ အသက်တထောင်ဟု မဟပ်မိသည်ဖြစ်၍ အစပ်အဟပ် ချွတ်ယွင်း သောကြောင့် ဘာဝနာနှင့် ဘောဂ, ဒါနနှင့် သဂ္ဂ, သီလ နှင့် နိဗ္ဗာန်ကိုဟပ်သောကြောင့် ပြယုဂ်နှင့်အညီ အပက္ကမဒေါသ ရောက်ချေ သတေည်း။

**တနည်းကား။** ''မောင်းခွေးဝေး မြင်မြော်တကား။ ။ကျောင်းဆေး ရေးရှင်တော်တကား။ ။နှောင်းမွေးထွေးကြင်ဖော်တကား'' ဟူ၍ ချရာ နှိုက်လည်း အစပ်ချွတ်ယွင်းသည်၊ မောင်းခွေးတရပ်, ဝေးတရပ်, မြင်မြော် တရပ် ပိုဒ်ကိုခွဲးသော် သုံးရပ်ယှိသည်၊ကျောင်းဆေးရေးရှင်တော်တကားမှာ

ကျောင်းဆေးရေးတရံပ်, ရှင်တော်တကားတရပ်၊ ပိုဒ်ကိုခွဲသော် နှစ်ရပ်သာယှိသည်၊ ထိုသို့နှစ်ရပ်, သုံးရပ်ယှိသောပိုဒ်ကို အညီဟပ်ခြင်းသည်လည်း အစပ်အဟပ်အစဉ်ချွတ်ယွင်းသည်ဖြစ်သောကြောင့် အပက္ကမဒေါသရောက်ချေသတည်း၊ အကျိုးအကြောင်း အစဉ်, အဟပ်အစပ် လွဲသည်ကိုမှတ်လေ။

(၂) မိမိကိုယ်ကို ချီးမြှင့်၍ဆိုခြင်း, ရွှေဆိုနှောင်းဖျက်ဆိုခြင်း တည်းဟူသော သင့်သောအရာကိုချန်လှပ်၍ ယုတ်သောကဗျာ,လင်္ကာကို စပ်ဆိုစီကုံးခြင်းသည် ဩစိတျဟီနဒေါသမည်၏ တည်း။

ဤဒေါသနှင့်ဆိုင်သောပျို့ကား "ငါနှင့်ငါသာ၊ နှိုင်းစရာ"ဟု ဆိုသောစကားသည် ဘုရားရှင်တို့၏အရာသာဖြစ်ချေသည်။

"နေတန်လယ်ယာ၊ ရှင်မြတ်စွာကား ၊အကြားလည်းရည်၊ သက်သေတည်၍၊ သာကြည်ရှင်ပြော၊ စီလျှဉ်ဟောသည်။ ။ချောမောဂါထာ၊ သူငါမှတ်သားလောက်၏တည်း" ဟူသည်နှိုက် အသျှင်သာရိပုတ္တရာတို့ထက်ပင်ကိုယ်ကိုချီးမြှင့်သည့်အသံယှိချေသည်။

ရွှေဆိုနှောင်းဖျက်ကား "စံတွင်စံတွတ်၊ လွတ်ကြီးလွတ်၍၊ ပိုးလတ် မိုးပြင်၊ မိုးတခွင်ဝယ်၊ နတ်ပင်နတ်မျှ၊ နတ်မကသည်။ ။အလှကြာဝတ် နေတို့လော"ဟူသည်နှိုက် နတ်မျှမက ဟူပြီးလျှက် "အလှကြာ ဝတ်နေတို့လော" ဟု စပ်ဆိုသည်ကား ရွှေဆိုနှောင်းဖျက်ဖြစ်သည်။

ဤနှစ်ပိုဒ်တွင် ကိုယ်ကိုချီးမြှင့်သံကား—

၁။ ပူဇနီယတရော လောကေ၊အဟမေကော နိရုတ္တရံ။
မယေကသ္မိံ ဂုဏာ သဗ္ဗေ၊ယတော သမုဒိတာ အဟုံ။

၂။ ယာစိတောဟံ ကထံနာမ၊နဒဇ္ဇာမျပိ ဇီဝိတံ။
တထာပိ ပုတ္တဒါနေနု၊ဝေမတေ ဟဒယံ မမ။

၁။ **ဂါထာ၏အဓိပ္ပါယ်။** လောကေ၊ မလောကနှိုက်။ အဟမေကော၊ ငါတယောက်သာလျှင်။နိရုတ္တရံ၊ မပြတ်။ ပူဇနီယတရော၊ပူဇော်အထူးကို ခံထိုက်၏။ ယတော၊ အကြင့်ကြောင့်။သဗ္ဗေဂုဏာ၊ ခပ်သိမ်းသော ဂုဏ်ကျေးဇူးတို့သည်၊ မယေကသ္မိံ-မယိဧကသ္မိံ၊ ဧကသ္မိံ၊တယောက်ထီးသာဖြစ်သော။ မယိ၊ ငါ့နှိုက်။ သမုဒိတာ၊ပေါင်းစုံအပ်ကုန်သည်။အဟုံ၊ဖြစ်ကုန်၏။

၂။ **ဂါထာ၏အဓိပ္ပါယ်။** ယာစိတော၊ ဖုန်းတောင်းယာစကာ တို့သည် တောင်းခံအပ်သော။ အဟံ၊ငါဝေဿန္တရာမင်းသည်။ ဇီဝိတံအပိ၊အသက်ကို

သော်လည်း။ ကထံနာမ၊ အဘယ့်ကြောင့်လျှင်။ နဒေဇ္ဇာမိ၊ မပေးပဲးယိုအံ့နည်း။ တထာပိ၊ ထိုသို့အသက်ကို ပေးနိုင်သော်လည်း။ ပုတ္တဒါနေန၊ သားတော်သမီးတော်တို့ကိုလှူမိခြင်းကြောင့်။ မမ၊ငါ၏ဝေဿန္တရာမင်း၏၊ ဟဒယံ၊ရွေနှလုံးတော်သည်။ ဝေဓတေ၊တုန်လှုပ်၏-ဟု အဓိပ္ပါယ်လာယိုသည်နှင့်အညီ ကဗျာ, လင်္ကာ စပ်ဆိုစီကုံးခြင်းတို့သည်ကား ဩဓိတျပဟီနဒေါသ ရောက်ချေသတည်း။

(၃) ဝိဘတ်စဉ်ပြတ်အောင် ကိရိယာ,ကံ,ကတ္တားမညီသောကဗျာ,လင်္ကာများကို စပ်ဆိုစီကုံးခြင်းသည် ဘဂ္ဂရီတိဒေါသမည်၏တည်း။

၎င်းဒေါသနှင့်ဆိုင်သောပျို့ကား "ငယ်မယား၏၊ ကြင်သားအလိုက်၊ ကြီးပေါင်းနိုက်လည်း၊ နှစ်မြိုက်သက်ပုံ၊ ကြင်မောတုံရှင့်"ဟူသည်နိုက် ငယ်မယား၏ချစ်ခြင်း, ကြီးပေါင်း၏ချစ်ခြင်းဟု ဆိုအပ်သောအရာနိုက်နှစ်ချက်ညီသောကြောင့် လင်၏ချစ်ခြင်းအရတူ၏၊ စကားလည်းဆက်မိ၏၊ သို့ရာတွင် ငယ်မယား၏ဟုဆိုပြီးမှကို ကြီးပေါင်းနိုက်ဟူ၍ ဆိုပြန်သောကြောင့် စကားမဆက်မိ၊ စကားကျိုးသည်၊၏-ဆိုလျှင်၏-ချင်း, နိုက်ဆိုလျှင် နိုက်ချင်းမဆိုသောကြောင့်—

ဇာလိနံ ဒုဇ္ဇနာနဉ္စ၊ ဝိသာသော နောပပဇ္ဇတေ။
ဝိသေ သိင်္ဂိမှိ နဒိယံ၊ရာဇေ ရာဇကုလမှိစ။

**အတ္ထကား။** ဇာလိနံ၊ မိန်းမတို့အားလေးကောင်း။ ဒုဇ္ဇနာနဉ္စ၊ မသူတော်တို့အားလေးကောင်း။ ဝိသာသော၊ အကျွမ်းဝင်ခြင်းသည်။ နောပပဇ္ဇတေ၊ မသင့်။ ဝိသေ၊ အဆိပ်နိုက်လေးကောင်း။ သိင်္ဂိမှိ၊ ဦးချိုယိုသော သတ္တဝါ၌လေးကောင်း။ နဒိယံ ၊မြစ်နိုက်လေးကောင်း။ ရာဇေ၊ အနာနိုက်လေးကောင်း။ ရာဇကုလမှိစ၊ မင်းမျိုးနိုက်လေးကောင်း။ ဝိသာသော၊ အကျွမ်းဝင်ခြင်းသည်။ နောပပဇ္ဇတေ၊မသင့်-ဟူ၍ ပြဆိုအပ်သည်နှင့်အညီ ပြုယုဂ်ယိုသောကြောင့် ဘဂ္ဂရီတိဒေါသရောက်ချေသည်။

**အဓိပ္ပါယ်။** မိမိတို့အားဂုဏ်း,မသူတော်တို့အားဂုဏ်း အကျွမ်းဝင်ခြင်းသည် မသင့်ဟု သမ္ဗန္ဓါန်အနက်ကိုဆိုပြီးမှ အဆိပ်နှင့် ဦးချိုယိုသော သတ္တဝါနိုက်ဟူ၍ အစယိုသည်ကို စပ်ဆိုခြင်းသည် အနက်စဉ် စည်းကမ်းနည်းလမ်းပျက်ချေလေသည်။

ဆိုင်ရာပျို့ကား "ဘေးလည်းနန်းရိုး၊ ရွှေနန်းစိုး၏၊ ဘိုးလည်းနတ်ရှင်၊ ဘခင်မင်းခေါင်၊ ဘုန်းစက်ရောင်ဖြင့်၊ ပြည်ထောင်အလုံး၊ တုပ်ခွန်ကျုံး၏."

ဟူသည်နှိုက် ဘေးလည်း,ဘိုးလည်း စပ်ဆိုပြီးမှကို ဘလည်းဟူ၍ ကားမဆို ပဲ ဘခင်မင်းခေါင် ဟူ၍သာ လည်း-မပါပဲ ဆိုသောကြောင့် ဣတ္တိနိ စသည်နှင့်အညီ အစပ်ကျိုးခြင်းဖြစ်ချေသည်။

အသတ်ကာရန်မှာလည်း ည-သတ်နှင့် ယ-သတ်,တ-သတ်နှင့် ပ-သတ်, န-သတ်နှင့် မ-သတ် တို့အသတ်ညီမထားပဲ စပ်ဆိုစီကုံးခြင်း စသည်တို့သည် ဘဂ္ဂရိတိဒေါသရောက်ချေသတည်း။

(၄) ယုံမှားခြင်းယှိအောင် ယုန်ထင်ယောင် ကြောင်ထင်ယောင်ဖြစ် ခြင်း,ကျေးငှက်နှင့် ပေါက်ပင်အရွက်ကဲ့သို့ မကွဲမပြားခြင်းအရာတို့ကို စပ်ဆို စီကုံးခြင်းသည် သသံသယဒေါသမည်၏ တည်း။

ဤဒေါသနှင့် ဆိုင်သောပျို့ကား "တန်ဆောင်မီးလည်း၊ စ-နီးစပ်ကာ၊ မနွန်းသာသား၊ အနာဂတံသ၊ ဉာဏကျော်ခေါင်၊ ပညာရောင်ဖြင့်"ဟု စပ်ဆိုရာနှိုက် "စ-နီးစပ်ကာ"ဟု (စ)ကိုခွါခြားလျက် ဆိုင်း၍ ဖတ်ရလျှင် အဓိပ္ပါယ်မှန်သည်၊ (စ) ကို မခွါခြားပဲ မဆိုင်းပဲ တပေါင်းတည်း စနီး စပ်ကာဟုဖတ်လျှင် မယား၏ ပရိယာယ်ဟောဖြစ်၍ အဓိပ္ပါယ်ပျက်လေ သည်၊ ထို့ကြောင့်—

''ဂေါပဒဿနပီဏိတော''ဟု ပြယုဂ်ယှိသည်၊ အဋ္ဌကား-ဂေါပဒဿန ပီဏိတော၊ ရောင်ခြည်တော်ကိုမြင်ခြင်းကြောင့် နှစ်သက်၏။ ဂေါပဒဿန ပီဏိတော၊ နွားကိုမြင်ခြင်းကြောင့် နှစ်သက်၏။ အနက် ၂-ချက်ရသည်၊ အဓိပ္ပါယ်-ဂေါသဒ္ဒါသည်အရောင်ကိုလည်း ဟောတတ်သည်၊ နွားကိုလည်း ဟောတတ်သည်၊ ထိုသို့ အနက်နှစ်ပါးကို ဟောတတ်ရကား နွားဟူသော အနက်ကို ဟောသည်လောဟု ယုံမှားခြင်းယှိသည်တို့ကို ကဗျာ,လင်္ကာ စပ်ဆို စီကုံးခြင်းသည် သသံသယဒေါသရောက်ချေ၏ တည်း။

(၅) အဓိပ္ပါယ်အနက် မထင်မသိနိုင်အောင် ကွယ်ဝှက်ခဲခက်သော အရာတို့ကို ကဗျာ,လင်္ကာစပ်ဆိုစီကုံးခြင်းသည် ဂမ္ဘဒေါသမည်၏ တည်း။

ဤဒေါသနှင့်ဆိုင်သောပျို့ကား "သုံးပါးရန်အောင်၊ သောင်းခြောက် ထောင်သို့၊ ရွှံ့ရှောင်သောတူ၊ မည်သူကိုမျှ၊ နှုတ်စသာကြည်၊ မပြည်စဖူး၊ နေ့ကျူးရက်ရှား၊ နှစ်-လများ၏၊ ကျွန်းဖျားသပြေ၊ သီးမှည့်ရွှေကို၊ စားချေ မိက၊ ထိုမျှရသာ၊ ကောင်းလှည့်ပါလည်း၊ လျှာနှိုက်မတို့၊ ပမာသို့တည့်၊ နှစ်လို့မကွဲ၊ နေ့တိုင်းနွဲ့သည်"ဟု စပ်ဆိုသော လင်္ကာသည် ဝါကျကားသာ ယာ၏၊ အနက်ရှန်းရင်းခြင်းယှိချေသည်။

**တနည်းကား။** "ညချမ်းချုပ်ခါ၊ ချောက်ကမ်းသာဝယ်၊ ထွတ်ပြာညက် မွေ့၊ ထွားယောင်မြွေကို၊ ငါတွေ့၍သာ၊တပါးလာသော်၊ဘယ်မှာတည်တန့်၊ *မြော်ပါအံ့နည်း"ဟူ၍ စပ်ဆိုခြင်းသည် ဝါကျသာယာချေသည်၊ အနက် ဖြုန်းဖြင်း ဗရုန်းဗရင်းယှိချေသောကြောင့် ဂမ္ဘဒေါသရောက်၏တည်း။

(၆) အလင်္ကာ၏အသွားအလာနည်းလမ်းအတိုင်းမကျ ပျက်အောင် ဖျက်၍ စီကုံးရေးသားသော ကဗျာ,လင်္ကာတို့သည် ဒုဋ္ဌာလင်္ကတိဒေါသ ရောက်၏တည်း။

ဤဒေါသနှင့် ဆိုင်သောပျို့ကား မဆင်ခြင်မိချေ၊ ထိုဒေါသသည် အဓိပ္ပါယ် ကျိုး,အနက်ကျိုး,ဥပမာကျိုး,ရူပကကျိုး အစယှိသည်တို့ကိုအလင်္ကာနည်းနှင့် ဆန့်ကျင်အောင် ကဗျာ, လင်္ကာစပ်ဆိုစီကုံးခြင်းသည် ဒုဋ္ဌာလင်္ကတိဒေါသ ရောက်ချေသည်ဟု ဆိုလိုသတည်း။

ဒုဋ္ဌသဒ္ဒါ ပျက်သောအရာဟောသည်၊ လင်္ကတိသဒ္ဒါ တန်းဆာဆင်ခြင်း ကိုဟောသည်၊ ပျက်သော တန်းဆာနှင့် တူသော ကဗျာ,လင်္ကာ ဆိုလိုရင်း အဓိပ္ပါယ်ကျရောက်ချေသည်။

ဤကားဝါကျဋ္ဌဒေါသ၊ သို့မဟုတ် အတ္ထဒေါသခေါ်ပါးသည်
အဓိပ္ပါယ်နှင့်တကွပြီးပြီ။

---

## ၂၄-လင်္ကာဖွဲ့စပ်စီကုံးခြင်းနိုက် အက္ခရာထပ်သော် လည်း အရစ်အပင့် အသတ်ကွဲပြားလျှင် စပ်သင့်ကြောင်း

လင်္ကာဖွဲ့စပ်စီကုံးခြင်းနိုက် ခုနစ်ပိုဒ်မခြားမီ အသံတူ,အရစ်တူ, အပင့်တူ ထပ်၍မစပ်မဆိုရ၊ စပ်ဆိုစီကုံးခြင်းကို ပြုလုပ်ခဲ့လျှင် ဒေါသရောက်ကြောင်းကို သံယောဂဒီပနီကျမ်းတွင် မိန့်ဆိုတော်မူချေသည်၊ အက္ခရာကွဲလျှင် အရစ်သုံး ချက်, အပင့်သုံးချက်ထပ်၍စပ်ဆိုစီကုံးရာ၏။

**စပ်ပုံကား။** "သဒ္ဒါစွေဖျိုး၊တကြိမ်ပျိုးက၊ ကောင်းကျိုးသင်ျေ"ဟု ကိုး ခန်းပျို့တွင်အက္ခရာကွဲ၍ အပင့်သုံးချက်စပ်တော်မူသည်။

"မြဟ္မာနွယ်မြစ်၊ မြက်ဖျိုးဖြစ်၍၊ တင်ပြစ်လွတ်ကင်း"ဟု သူဇာပျို့တွင် အက္ခရာကွဲ၍ အရစ်သုံးချက်စပ်တော်မူသည်။

---

* ခိုင်ပါအံ့နည်း—ဟူ၍လည်း အချို့မူတွင်ရှိသည်။

"ထုထွေလျော့လျော့၊ ရောင်ဖိတ်ကျော့သည်၊ လျှော်ကြောသင်းပိုင်း" ဟု ဆုတောင်းခန်းတွင် စပ်တော်မူသည်၊ ခုနစ်ပိုဒ်မခြားမိအတွင်း က-အက္ခရာ ချည်းဖြစ်သော်လည်း ဖိတ်ကျော့မှာ အပင့်, လျှော်ကြောမှာအရစ်၊ အပင့် အရစ်ကွဲသောကြောင့် ခွဲထားစပ် ခေါ်လေသည်။

ကျော့ကျော့သာသာ, မာမာကျော့ကျော့, အရောင် ကျော့ကျော့လက် လက်ဆိုသည်များမှာ အပင့်ရေးထုံးယှိသည်၊ လျှော်ကြော, ခြေကြော, လက် ကြော,အိမ်စကြော, အကြောအခြင်ဆိုသည်များမှာ အရစ်ရေးထုံး ဖြစ်ချေ သတည်း။

---

## ၂၅-စာစပ်မှန်၏၊ အရေးအကူးချွတ်ယွင်း၍ အဓိပ္ပါယ်ပျက်ခြင်းအကြောင်း

အရေးအကူး ချွတ်ယွင်းသောအကြောင်းမှာ ကိုးခန်းပျို့တွင် "ကိစ္စလပ် လပ်၊ ပြီးစေအပ်သည်၊ အားလပ်မှသာ" ဟု အချို့စာမူများတွင် ယှိသည့် အတိုင်း ဖတ်ဆိုကြလေသည်၊ခုနစ်ပိုဒ်မခြားမိ လပ်လပ်ချင်းထပ်သောကြောင့် ဒေါသမကင်းယှိရာချေသည်၊ စပ်ရင်းမူလမှာ ကိစ္စလပ်လပ်မဟုတ်၊ (ကိစ္စ လျပ်လျပ်ဖြစ်သည်၊) ပါဠိတော်ရင်းက"အဇ္ဇေဝ ကိစ္စံ အာတပ္ပံ"ဟု ယှိချေ သည်၊ ကိစ္စသဒ္ဒါသည် ပြုလုပ်ရန်အမှုကိုဆိုလိုသည်၊ လျပ်လျပ်ကား- ပေါ ရာဏစကား၊ လျှင်လျှင်မြန်မြန်ဆိုလိုသည်၊ အဓိပ္ပါယ်မှာ ပြုလုပ်ရန် အမှုကို လျှင်လျှင်မြန်မြန်ပြီးစီးအောင် ပြုလုပ်ရမည်ဆိုလိုသည်၊ အမှုမပြုပဲနေသည် ကိုလပ်ဆိုသည်၊အမှုကိုပြုပ်လုပ်လျှင် လပ်သည်မဟုတ်၊လျှင်မြန်သည်၊လျှင်မြန် သည်ကိုပင် ပေါရာဏစကားနှိုက် လျပ်လျပ်ဆိုသည်၊ ထို့ကြောင့် "ကိစ္စ လျပ်လျပ်၊ ပြီးစေအပ်သည်၊ အားလပ်မှသာ"ဟု သျှင်မဟာရဋ္ဌသာရဆရာ ကျော်စပ်ဆိုတော်မူလေသည်၊ ဤကား အကူးအယူ မှားယွင်းသည့်အတွက် စာစပ်ပျက်၍ အဓိပ္ပါယ်ကွဲခြင်းဖြစ်သတည်း။

---

## ၂၆-စာစီကုံးခြင်းနှိုက် နည်းလေးဆယ်,ဥပစာ ဆယ်ပါးနှင့်ညီညွတ်ရန်အကြောင်း

အစပ်လင်္ကာ ချောမြေ့စေလျက်ကိရိယာစုံအောင် အသတ်,အရစ်, အပင့်, ကာရန်,နည်းလေးဆယ်,ဥပစာဆယ်ပါးတို့နှင့် ပြည့်စုံစေရမည်၊

ရေအိုးကို တဖက်တချက် ဆိုင်းမှာထည့်လျက် ထမ်းပိုးနှင့် အလယ်က လူခနဲ့ ထမ်းလျှင်နှစ်လုံးသောရေအိုးသည် တခါတည်းပါဘိသကဲ့သို့အလယ်စကားတခွန်းကိုဆိုလျှင် တဖက်တချက်ကစကားတလုံးကို ရုံး၍ပါအောင် လင်္ကာရေးစပ်စီကုံးခြင်းသည် နိဒဿနနည်းဟု မှတ်ရမည်။

လှေကိုသွားအောင် လူလှော်ရက်သည်ကို လှေလှော်သည်ဟု တင်စား၍ ခေါ်ခြင်းသည် ဠာနူပစာရ,ဥပစာမည်၏။

ဤနည်းလေးဆယ်, ဥပစာဆယ်ပါးတို့၏အကျယ်ကို သိလိုလျှင် ရှေးနိုက် ညွှန်ပြထားသည်ကို တွေ့ယှိလိမ့်မည်၊ကဗျာ, လင်္ကာစပ်ဆိုသော ဆရာတို့ များစွာသတိပြုသင့်လိုက်ပေသည်။

## ၂၇-အသတ်ကိုထပ်၍စပ်ဆိုစီကုံးသော လင်္ကာများအကြောင်း

အသတ်ကိုထပ်၍စပ်ခြင်းကား ပ-သတ်ဖြစ်လျှင် ပသတ်ချင်း နှစ်ချက်တန်သည်, သုံးချက်တန်သည် ထပ်၍စပ်နိုင်သည်၊ သည်ထက်မလွန်သာချေ၊ တ-သတ်, မ-သတ်,န-သတ်,ည-သတ်နောက်ပစ်, ယ-သတ်နောက်ပစ်, ယ-သတ်များမှာ ဤနည်းအတိုင်းမှတ်ရမည်။

မင်းရဲးဒိဗ္ဗဧချင်းတွင် "နေဝါရောင်လျှပ်၊ လေးမန္တပ်ဝယ်၊ လိုအပ်ကိစ္စ" ဟု ပ-သတ်သုံးချက်စပ်လေသည်။

ကိုးခန်းပျို့တွင် "မင်းတို့နောင်ဆုံး၊ ရွှေတုံမ်းညီတော်၊ တောထွက်သော်လည်း" ဟု မ-သတ်နှစ်ချက် စပ်လေသည်။

ပြောင်တွန်းဘွဲ့တွင် "ခိုင်ဖြိုးလှတည့်၊ လှည့်လျက်ဖြုန်းဖြုန်း" ဟု ည-သတ်နှစ်ချက် အမြစ်နှင့် စပ်လေသည်။

ရန်အောင်ဗလလျှောက် ရတုတွင် "အံ့ရာသရဲး၊ ကြို့တောင်းပဲးကို၊ အောင်ပွဲးကြီးရှင်" ဟု နောက်ပစ်သုံးချက် စပ်လေသည်။

ကိုးခန်းပျို့တွင် "စိမ်ထမျိုးပဲး၊ ထွန်ကြဲးတကြိုက်" ဟု နောက်ပစ် နှစ်ချက်ခွဲးထား စပ်လေသည်။

ဘုံခန်းနိုက် "ရွှေတောင်ကျယ်က၊ မိုးကြယ်လေတု" ဟု ယ-သတ် နှစ်ချက်ခွဲးထား စပ်လေသည်။

ဘူရိဒတ်ဇာတ်ပေါင်းတွင် "တွေးတောမှားဘွယ်၊ သန့်စင်ကြယ်သား၊ နက်ကျယ်ယဉ်တွေ" ဟု ယ-သတ်သုံးချက် စပ်လေသည်။

ဆွေတော်စဉ်ရတုတွင် "မလည်တောင်ထွတ်၊ ရေနေနတ်ဗျို၊ သည်းပွတ်တော်ရင်း"ဟု တ-သတ်သုံးချက် စပ်လေသည်။

သူဇာပျို့တွင် "နေကရှုကြည့်၊ ချမ်းသာပြည့်သည်၊ ဘုန်းဖြည့်မဟာ" ဟု ည-သတ်သုံးချက် အမြစ်နှင့် စပ်လေသည်။

ဘူရိဒတ်ဇာတ်ပေါင်းတွင် "နက်ဖြန်နက်ဖြန်၊ အဖန်ဖန်လျှင်၊ ပြန်လှည့်ကာကာ" ဟု န-သတ်သုံးချက် စပ်လေသည်။

မြင်းကြန့်ဖွဲ့လင်္ကာတွင် "ဉာဏစက်ရှိန်၊ ဝင်းထိန်လျှံလန်း" ဟု န-သတ်နှစ်ချက် စပ်လေသည်။

ဝိနိစ္ဆယပကာသနီဓမ္မသတ်လင်္ကာတွင် "အစွဲးမငြိမ်၊ သုံးယောက်အိမ်ဝယ်၊ သိမ်သိမ်ငယ်ငယ်"ဟု မ-သတ်သုံးချက် စပ်လေသည်။

ပလိပ်စားေးချင်းတွင် "ပတ်ထုံးရစ်လိမ်၊ ချပ်ရည်စိမ်က၊ မွှေးသိမ်ကျင့်သီး"ဟု မ-သတ်သုံးချက် စပ်လေသည်။

ယင်းသို့စသဖြင့် အက္ခရာကွဲးသောကြောင့် အသတ်ကိုထပ်၍ စပ်ဆိုနိုင်ကြောင်းကို ရှေးဆရာကျော်တို့ စပ်ထုံးကို ထုတ်နှုတ်ဖော်ပြပါသတည်း။

---

## ၂၈-အသတ်ကွဲး၍ စပ်ဆိုစီကုံးခြင်းအကြောင်း

အသတ်ကွဲး၍ စပ်ဆိုသီကုံးခြင်းမှာ န-သတ်ချင်း, မ-သတ်ချင်း,တ-သတ်ချင်း, ပ-သတ်ချင်း, ည-သတ်ချင်း, ယ-သတ်ချင်း နှစ်ချက်ဖြစ်စေ, သုံးချက်ဖြစ်စေ ဆင့်၍ စပ်ဆိုနိုင်သည်၊ နှစ်ချက်ဆင့်, သုံးချက်ဆင့်တွင် န-သတ်, မ-သတ်, တ-သတ်, ပ-သတ် ဖက်၍ စပ်ဆိုစီကုံးနိုင်သည်၊ စပ်ဆိုစီကုံးခြင်းမှာလည်း ပဌမပိုဒ်တွင် တ-သတ်လျှင် ဒုတိယပိုဒ်မှာ ပ-သတ်,တတိယပိုဒ်မှာ တ-သတ်စပ်ရမည်၊ ဤကဲ့သို့ စပ်ဆိုနည်းသည် ချိန်ခွင်လျှာ စပ်နည်းဖြစ်သည်၊ န-သတ်, မ-သတ်, ယ-သတ်, ည-သတ်တို့မှာလည်း ဤနည်းအတူ စပ်ဆိုရမည်၊ တ-သတ်ပြီးနောက် ပ-သတ်နှင့် နှစ်ချက်စပ်ခြင်းသည်ကား နည်းလမ်းမဟုတ်ချေ၊ လင်္ကာပင် ချောမွေ့သာယာသော်လည်း ဒေါသမကင်း ယိုရာသည်၊ ရှေ့လက်ကောင်း၍ နောက်ပေါင်မပါ၊ ဥပေါ သထဆဒ္ဒန်ဆင် မှန်ငြားသော်လည်း အစွယ်မစုံရှိဘိသကဲ့သို့ စပ်ဆိုစီကုံးသော ကဗျာ,လင်္ကာတို့သည် ဒေါသရောက်ချေသည်၊ ထို့ကြောင့် စာစီစာကုံး, စာဆိုဆရာတို့သည် ဒေါသရောက်ခြင်းမှ ကင်းရှင်းအောင် အရစ် အပင့်, အသတ်အစပ်, အထပ်အဟပ်တို့မှာ မှန်ကန်အောင် လင်္ကာဖွဲ့ဆို စီကုံးရေးသားကြရမည်ဟူလို။

---

## ၂၉–အက္ခရာသက်သက် တဆဲ့နှစ်လုံးအမည်

စာစီစာကုံးခြင်းအရာနိုက် အက္ခရာသက်သက်တဆယ့်နှစ်လုံး သုံးစွဲးရန်များမှာ—

၁။ (ပ) ရေးရမည်အက္ခရာ။
၂။ (ဘ) ရေးရမည်အက္ခရာ။
၃။ (ရ) ရေးရမည်အက္ခရာ။
၄။ (ယ) ရေးရမည်အက္ခရာ။
၅။ (က) ရေးရမည်အက္ခရာ။
၆။ (ဂ) ရေးရမည်အက္ခရာ။
၇။ (တ) ရေးရမည်အက္ခရာ။
၈။ (ထ) ရေးရမည်အက္ခရာ။
၉။ (မ) ရေးရမည်အက္ခရာ။
၁၀။ (ဓ) ရေးရမည်အက္ခရာ။
၁၁။ (လ) ရေးရမည်အက္ခရာ။
၁၂။ (ဠ) ရေးရမည်အက္ခရာ။

စသောအားဖြင့် အက္ခရာသက်သက် တဆဲ့နှစ်လုံးသော အက္ခရာတို့ကို မှတ်သား၍ အပိုဒ် ၃၀-၃၁-များတွင် ဖော်ပြထားသော အဓိပ္ပါယ်ကို သတိချပ်စေလိုသည်။

---

## ၃၀-အက္ခရာသက်သက်ပါသောလင်္ကာများ

အက္ခရာ သက်သက်ပါသော လင်္ကာများမှာ ရှေးဆရာတို့ စပ်ဆိုသည်ကား—

ကိုးခန်းပျို့တွင် "တည်တည်ပပ၊ မိဘတို့ကို"ဟု စပ်ဆိုတော်မူသည်။

မင်းရဲးဒိဗ္ဗစေးချင်းတွင် "ဘုန်းရောင်ပသည်၊ ရှင့်ဘဘိုးတော်"ဟု စပ်ဆိုတော်မူသည်။

တည်ပဆိုသည့်စကား၊ လရောင်ပသည်,ဘုန်းရောင်ပသည်ဆိုသော စကားများသည် (ပ)အက္ခရာနှင့် ရေးသားရမည်၊

ရှင့်ဘ,မိဘ ဆိုသည်စကားများမှာ (ဘ)အက္ခရာနှင့်ရေးသားရမည်။

သံဝရပျို့တွင် "မင်းလျာဗီလှ၊ သံဝရကို၊ ထိန်းလယမည်"ဟု စပ်ဆိုတော်မူသည်။

မင်းတရားဇေးချင်းတွင် "ဆင်ဖြူရှုရှု၊ တစီးရလျက်၊ ပင်းယရွှေပြည်"ဟု စပ်ဆိုတော်မူသည်။

ဓညဝတီအောင်မင်္ဂလာရတုတွင် "ရွှေမော်ကွန်းရ၊ သာကီယဝယ်"ဟု စပ်ဆိုလေသည်။

သံဝရဆိုသည့်စကား၊ ဆင်ရသည်, မြင်းရသည်, မော်ကွန်းရသည် ဆိုသောစကားများမှာ (ရ)ကောက် အက္ခရာနှင့်ရေးသားရမည်။

အထိန်းအယ ဆိုသည့်စကား,ပင်းယဆိုသည့်စကား, သာကီယ ဆိုသည့် စကားများကို (ယ)ငယ်အက္ခရာနှင့်ရေးရမည်။

မင်းလျာပီလှ ဆိုသည့်စကားကို ပီ-ဟူ၍ (ပ) အက္ခရာသက်သက် ရေးသားရမည်၊ ပြီ-ဟူ၍ အရစ်သံနှင့် ရေးခြင်း,ဖတ်ခြင်းတို့ကို မပြုမလုပ်ရ၊ ထို့ကြောင့် ကိုးခန်းပျို့တွင် "ကျင့်ခွယ်သူတော်ပီပီတည်း။ ။ပိတ်ပင်မတားနိုင်ပြီတည်း"ဟု အက္ခရာသက်သက်နှင့် အရစ်ဖက်၍ ကွဲပြားအောင် စပ်ဆိုတော်မူသည်။

မင်းပီပီ, စိုးပီပီ, သူတော်ပီပီ, ပီပီသသ ဆိုသောစကားများမှာ (ပ) အက္ခရာသက်သက် ဖြစ်ချေသည်၊ ရောက်သင့်ပြီ, နေသင့်ပြီ, သွားသင့်ပြီ, တော်သင့်ပြီ, မှန်ပြီ, ဟုတ်ပြီ, တန်ပြီ, ပြိုပြင်, ပြီဆန် စသော စကားများမှာ အရစ်နှင့်ရေးသားဖတ်ဆိုရမည်၊ အပင့်နှင့်(ပျ)ဟူ၍ ဝေါဟာရ,ပေါရာဏ မယှိ၊ ရေးထုံး စပ်ထုံးမယှိဟု မှတ်လေ။

---

## ၃၁-စပ်ဆိုစီကုံးခြင်းအက္ခရာခြားနားပုံ အကြောင်း

အက္ခရာခြားနားပုံအကြောင်းများမှာ ဝိပါက်ခန်းတွင် "ကဏ္ဍိက၊ သိဂ်လေးဘော်"ဟု စပ်ဆိုလေသည်။

မင်းတရားဇေးချင်းတွင် "မြေးတိုက်စော်က၊ တွက်ခဲ့ကြ၍၊ သိဂ်မျိုးမြတ်" ဟု စပ်ဆိုလေသည်။

ကဏ္ဍိက, မြေးတိုက်တော်က-ဆိုသည့်စကားကို (က) ကြီးအက္ခရာနှင့် ရေးသားရမည်၊ သိဂ်ဆိုသည့်စကားကို တတိယက္ခရာ (ဂ) ငယ်နှင့်ရေး သားရမည်။

သံဝရပျို့တွင် "ဓပါပေါ ငွေတောင်၊ ပေါက်သောရောင်သို့၊ ပျဉ်ထောင် အုပ်ကြွပ်"ဟု စပ်ဆိုလေသည်။

မင်းတရားဧချင်းတွင် ''သိဂ်ပြိုက်ပြက်၊ ဝေါတော်ထက်သို့၊ မတက်မိခင်'' ဟု စပ်ဆိုလေသည်။

ငွေတောင်မှာ တ-ဝမ်းပူနှင့်ရေး၊ ပျဉ်ထောင်မှာ ထ-ဆင်ထူးနှင့်ရေး၊ ဝေါထက် တော်တက်-မှာ ထ-ဆင်ထူးနှင့်ရေး၊ အိမ်ကိုတက်, နန်းကိုတက် ဆိုသည်မှာ တ-ဝမ်းပူနှင့်ရေးသားရမည်။

ကိုးခန်းပျို့တွင် ''မဂဓနှင့်၊ သကင့်ဘာသာ''ဟု စပ်ဆိုသည်၊ မဂဓမှာ ဓ-အောက်ခြိုက်နှင့်ရေးရမည်၊ သကင့်မှာ ငသံလျှင်းချိတ်နှင့် ရေးရမည်။

မင်းကွန်းလူးတားတွင် ''သပြေတောင်ညာ၊ သိကြားလာ၍၊ စကြာဝဠာ ပတ်ခြီ''ဟု စပ်ဆိုလေသည်၊ သိကြားလာသည်, နတ်လာသည်, လူလာသည် မှာ (လ)ငယ်နှင့်ရေးရမည်၊ စကြာဝဠာဆိုသည်မှာ (ဠ) ကြီးနှင့် ရေးသား ရမည်။

သိကြားယောင်,နတ်ယောင်,လူယောင်,လူအိုယောင်,ယောကျ်ားယောင်, အယောင်ဆောင်သည် ဟူသမျှ, ပြုယောင် မူယောင်, လာယောင်ယောင်, မျှော်မိယောင်ယောင်,နှာယောင်စသည်များကို (ယ)ငယ်နှင့်ရေးသားရမည်။

ဘုရားရောင်ခြည်, နေရောင်, လရောင်, မီးရောင်, ကြယ်ရောင်, ရွှေရောင်, ငွေရောင်, ကျောက်ရောင်, အရောင်ဟူသမျှ, ရောင်ရမ်းသည်, ဖောရောင်သည် စသောအရာများကို (ရ)ကြီးနှင့် ရေးသားရမည်။

ဤကား အက္ခရာမှန်ကို ခွဲခြားရေးသားကြရန် အကျဉ်းအမြွက် အမိပ္ပါယ် ရရုံဖော်ပြလိုက်သည်၊ပျို့,လင်္ကာကြီးတို့တွင် အများပင်ရေးသား စပ်ဆိုတော်မူကြသည်။

ရှေ့နိုက် ပျို့,လင်္ကာများအမည်ကို ရေးသားဖော်ပြလျက် ယှိသည်၊ ထို ဖော်ပြသော ပျို့,လင်္ကာများကို ကြည့်ရှုကြပါလျှင် ခုနစ်ပိုဒ် မခြားမီအတွင်း အသံပင်တူသော်လည်း အက္ခရာကွဲလျက် ရေးသားစပ်ဆိုသည်ကို တွေ့မြင် ပါလိမ့်မည်။

---

## ၃၂—ဂိုဏ်းယှစ်ပါးရွေးနည်းလင်္ကာများနှင့်ဇယားပုံ

### မင်းရဲရာဇာဘွဲ့ခံဦးဈော်ရေးသားသော ဂိုဏ်းယှစ်ပါးရွေးနည်းလင်္ကာ

အောင်ပန်းညွန့်ရှည်၊ သပြေမည်သား၊ မြရည်လျှံဝင်း၊ ကျွန်းများမင်းတွင်၊ ရာဇင်းသက်နှံ၊ ကျွန်ကော်ခံ၍၊ ဆင်ဂျုံမုန်သောက်၊ ငွေတောင် ပေါက်သို့၊

ရောက်မည့်သုက္ကန်၊ ကျမ်းဂန်ထုတ်ရှာ၊ မင်းရာဇာလျှင်၊ ဂိုဏ်းမှာ ယှစ်ထွေ၊ စောင့်နေယှစ်နတ်၊ နက္ခတ်ယှစ်သွယ်၊ အဓိပ္ပါယ်ကို၊ အလွယ်တကူ၊ မှတ်ယူသာအောင်၊ စာစောင်ကမ္ပည်း၊ တပိုဒ်ထည်းဖြင့်၊ ရှုံးစည်းသာချို၊ လင်္ကာဆိုအံ့၊ ဂ-ကိုဂရု၊ လ-လဟုဟု၊ သိမှုအာဂုံ၊ မှတ်ပြီးတုံမှ၊ လုံးစုံ-ဂလ၊ ဂိုဏ်း-မ-န-ကား၊ ဘုမ္မဇုန္ဒာ၊ နက္ခတ်မှာမူ၊ ဇေဋ္ဌာခေါ်ညီ၊ ဘရဏီတည့်၊ မှန်ပြီမယွင်း၊ အရင်း-ဂ-လ၊ မြင်လကမူ၊ သယမ္ဘွေသိမ်၊ လနှင့်တိမ်ပြီ၊ မိဂသီကျော်ထိတ်၊ သတ္တဗိသ်တည့်၊ လယ်ထိပ်အဖျား၊ ဂ-မြင်ငြားမူ၊ ဇ-သ-ဟူလိမ့်၊ လျှို့လူရောင်ညီ၊ ရဝိဝါတာ၊ နက္ခတ်မှာမူ၊ ပုဏ္ဏာသွာတိ၊ ထိုပြီတသွယ်၊ အလယ်အဖျား၊လ-မြင်ငြားမူ၊ရ-လ-ဟူလိမ့်၊ရှိန်ပူပြင်းလတ်၊မီးနတ်အာကာ၊ ကျတ္တိကာသရဝဏ်၊ ယှဉ်မြဲမှန်၏၊ ဂိတတန်မှတ်ရာ၊ ကျိုးပြစ်မှာကား၊ ဘုမ္မာမြေရ၊ ဇုန္ဒသက်ရှည်၊ တည်ကြည်စန္ဒာ၊ တိမ်မှာခြွေရွေ၊ နေကား ဆင်းရဲ၊ လေတွဲးရပ်ပစ်၊ မီးချစ်ဘေးမြင်၊ ကောင်းကင်ကျိုးမဲ့၊ ပြဲ့ပြဲ့သိမှု၊ စက္ခုမာယာ၊ ဘူနာဂါနှင့်၊မှန်စွာသဘော၊ရက်လိုက်နှော၍၊ စားထ ခုနစ်၊ တစ်နှစ်သုံးမှတ်၊ ကြွင်းမြင်လတ်မူ၊ ဥပါဒ်မိတ္တု၊ ကာနရှုလော့၊ စတုပဥ္စ၊ ဆသုညကား၊ မြိတ္တလာဘ်၊သိဒ္ဓိကံဖြင့်၊ ဝရံပိုင်းခြား၊ စီလျဉ်ထားသည်။ ။ဤကား ဂိုဏ်းလင်္ကာဘုရား။

ယှစ်လုံးရင်းဖျား၊ ပယ်ငြားမှန်လစ်၊ ခုနစ်အဖျား၊ ငါးလုံးဖျားရင်း၊ မယွင်းစတုပယ်မှုအဖျား၊ မှတ်စိမ့်ထားသည်၊ ဤကား ပယ်ကုန်ရာသတည်း-ဟူ၍၊ ပလိပ်စားဧးချင်းကို ရေးသားဆက်သွင်းသူ ငယ်မည်ဦးဖြော်, အမတ်ကြီး မင်းရာဇာရေးသားသော ဂိုဏ်းယှစ်ပါးရွေးနည်းလင်္ကာ ဖြစ်သတည်း။

### ညောင်ကန်ဆရာတော် ဥပုတ်စီရင်သော ဂိုဏ်းယှစ်ပါးရွေးနည်းလင်္ကာ

ဆောင်နန်းကွန့်လည်၊ အခြံတည်သား၊ ရွှေပြည်နိဗ္ဗု၊ စိုးယူတုလွတ်၊ ဝိသုဒ်နတ်၏၊ သည်းပွတ်မျက်ရှု၊ ငါဘိက္ခုသည်၊ ရှုံးစုပေါင်းစည်း၊ ဂိုဏ်းယူနည်းကို၊ ကမ္ပည်းတင်မှု၊ နိဒါန်းပြုပိမ့်၊ ဗိန္ဒုဒီဃ၊ သံယောဂကို၊ မြင်က-ဂရု၊ လဟု-ရသ၊ မှတ်ကြပြီးခါ၊ အက္ခရာသုံးခု၊ တဂိုဏ်းပြုလော့၊ စတုန္နက်ဝယ်၊ အဆုံးပယ်မှ၊ အစအဆုံး၊ အသုံးပဥ္စ၊ နှစ်ဂိုဏ်း-ဆ-တည့်၊ သတ္တ-အဋ္ဌ၊ စသည်တို့မှာ၊ရေးနည်းသာလျှင်၊ စာနာထောက်ထား၊ ကြံစဉ်းစား၍။ ။မမှားရှုသင့်ချေတကား။

## မြဝတီမြို့စားမင်းကြီးဦးစံရင်သော ဂိုဏ်းယှဉ်ပါးရွေးနည်း

**လေးချိုးကြီး။** ပုံဂလ၊ အစမှာစသုံးနှင့်၊ နောက်ဆုံးမည်။ ။ခွေကာသာမြ၊ တသသနှင့်၊ ငိုရမဘွယ်၊ တဖုန်းမယ်ယို့၊ အကယ်သဇင်၊ လလသွင်သည်၊ မြင်ရပွေရုံ၊ ခွေကာတ-တုံလျက်နှင့်၊ ယှစ်စုံကြော့ဂိုဏ်းလွှာကို၊ မည်သညာကဗျာဖွဲ့လို့ ဘုံးတွဲ့-စီသည်။ ။ဇေ-ဘ-မိ-သတ်၊ပုဏ်-သွာ-ကျတ်-သနှင့်၊ နက္ခတ်ကယ်တန့်၊ သည်တိုင်းသာညီတော့ပ၊ ရင်ဇာနည်ကို၊ အကြည်လွှာရေးလို့ဆက်သည်ပ။ ။ဘူမာမြေရ၊ ဠန္တသက်ရှည်၊ လပည်ကြည်နှင့်၊ တိမ်သည်ခြွေရုံ၊ နေမှန်ဒုက္ခ၊ လေးဌာနပြစ်၊ မီးဘေးချစ်လို့၊ ဖွဲ့ရစ်အာကာ၊ ကျိုးမဲ့ရှာကြ၊ သာခွါမြ-အဝါသဇင်ကို၊ ဇလိုရာတွင် ရက်လိုက်နှော၍၊ စားလောသတ္တ။

**လေးချိုးငယ်ခွန်းထောက်။** အဂ္ဂေါစအကျွန်။ ။ဥမိတ်ကာနာယုတ်၊ ကျိုးယုတ်တဲ့ကံ။ ။ဝိမောသတံ၊ ကြီပါလေသည်တိုင်း။ ။မြိတ်လာသိဒ်ကယ်နှင့်၊ ဝရိတ်လက်ာပြ၊ ထူးနိုင်မျှဂိုဏ်း။

**ပါဠိဂိုဏ်းရွေးနည်း။** မေဓာဝီ၊ နရတိ၊ ဘာသိတ၊ ယတောဟံ၊ ဇယံတ၊ သကုနော၊ ရောဇတေ၊ တာရေမိ။

ဂရု-လဟု ဇယားပုံ (၂)

| | | | |
|---|---|---|---|
| မေ-ဓာ-ဝီ | န-ရ-တိ | ဘာ-သိ-တ | ယ-တော-ဟံ |
| ၂-၂-၂ | ၁-၁-၁ | ၂-၁-၁ | ၁-၂-၂ |
| (ဂ)-(ဂ)-(ဂ) | (လ)-(လ)-(လ) | (ဂ)-(လ)-(လ) | (လ)-(ဂ)-(ဂ) |
| ဇ-ယံ-တ | သ-ကု-နော | ရော-ဇ-တေ | တာ-ရေ-မိ |
| ၁-၂-၁ | ၁-၁-၂ | ၂-၁-၂ | ၂-၂-၁ |
| (လ)-(ဂ)-(လ) | (လ)-(လ)-(ဂ) | (ဂ)-(လ)-(ဂ) | (ဂ)-(ဂ)-(လ) |

ဂရု-လဟု-ဂိုဏ်းယှဉ်ပါး ဇယားပုံစံ (၃)

| ဣဋ္ဌ-အနိဋ္ဌ | ဂရု-လဟု အက္ခရာ | ဂဏန်း | ဂိုဏ်းမည် | ဂိုဏ်းစောင့် နက္ခတ် | ဂိုဏ်းစောင့် နတ် | အကျိုး အပြစ် |
|---|---|---|---|---|---|---|
| ဣဋ္ဌ | မေဓာဝီ | ၂၂၂ | မ | ဇေဋ္ဌ | ဘုမ္မစိုး | မြေရအံ့ |
| ဣဋ္ဌ | နရပတိ | ၁၁၁ | န | ဘရဏီ | သိကြား | အသက်ရှည်အံ့ |
| ဣဋ္ဌ | ဘာသိတ | ၂၁၁ | ဘ | မိဂသီ | လနတ် | တည်ကြည်အံ့ |
| ဣဋ္ဌ | ယတောဟံ | ၁၂၂ | ယ | သတ္တဘိသျှ | တိမ်နတ် | အခြွေအရံများအံ့ |
| အနိဋ္ဌ | ဇယံတ | ၁၂၁ | ဇ | ပုဗ္ဗဖုဂ္ဂုနီ | နေနတ် | ဆင်းရဲအံ့ |
| အနိဋ္ဌ | သကုနော | ၁၁၂ | သ | သွာတိ | လေနတ် | တရပ်တပါးသွားရအံ့ |
| အနိဋ္ဌ | ရောဇတေ | ၂၁၂ | ရ | ကြတ္တိကာ | မီးနတ် | ဘေးသင့်အံ့ |
| အနိဋ္ဌ | တာယေမိ | ၂၂၁ | တ | သရဝဏ် | အာကာသစိုး | အကျိုးမဲ့အံ့ |

## မြဝတီမင်းကြီး ဂိုဏ်းယှဉ်ပါး ရွေးနည်း
## လေးချိုးအရဓယားပုံစံ (၄)

| ဣဋ္ဌ-အနိဋ္ဌ | ဂရု-လဟု အက္ခရာ ကဗျာ | ဂဏန်း | ကဗျာပိုဒ်ဆုံး | ဂိုဏ်းမည် | ဂိုဏ်းစောင့် နက္ခတ် | ဂိုဏ်းစောင့် နတ် | အကျိုးအပြစ် |
|---|---|---|---|---|---|---|---|
| ဣဋ္ဌ | ခွေကာသာ | ၂၂၂ | မြ | မ | ဇေဋ္ဌ | ဘုမ္မစိုး | မြေရအံ့ |
| ဣဋ္ဌ | တသသ | ၁၁၁ | နှင့် | န | ဘာရဏီ | သိကြား | အသက်ရှည်အံ့ |
| ဣဋ္ဌ | ဝိုရမ | ၂၁၁ | ဘွယ် | ဘ | မိဂသီ | လနတ် | ဟည်ကြည်အံ့ |
| ဣဋ္ဌ | တဖုန်းမယ် | ၁၂၂ | ယို့ | ယ | သတ္တဘိသျှ | တိမ်နတ် | အခြွေအရံများအံ့ |
| အနိဋ္ဌ | အကယ်သ | ၁၂၁ | ဇင် | ဇ | ပုဗ္ဗာဖုသျှ | နေနတ် | ဆင်းရဲအံ့ |
| အနိဋ္ဌ | လလသွင် | ၁၁၂ | သည် | သ | သွာတိ | လေနတ် | တရစ်တပါး သွားရအံ့ |
| အနိဋ္ဌ | မြင်ရပွေ | ၂၁၂ | ရုံ | ရ | ကျတ္တိကာ | မီးနတ် | ဘေးသင့်အံ့ |
| အနိဋ္ဌ | ခွေကာတ | ၂၂၁ | တို့ | တ | သရဝဏ် | အာကာသစိုး | အကျိုးမဲ့အံ့ |

[ခွေကာသာမြ၊ တသသနှင့်၊ ဝိုရမဘွယ်၊ တဖုန်းမယ်ယို့၊ အကယ်သဇင်၊ လလသွင်သည်၊ မြင်ရပွေရုံ၊ ခွေကာ-တ-တို့။]

**အာရပူရမဟာမြို့တည် ဘိုးတော်မင်းတရားကြီးဘွဲ့ပုံတော်ကို ဂရု,လဟု,ဂိုဏ်း,နက္ခတ်,နတ်စောင့်,စုက်,ဗုဒ္ဓ တို့ကိုပြသောဥဒါဟရုဏ်ဇယားပုံမ် (၅)**

| ဘွဲ့ပုံတော်အက္ခရာဖြတ်ရန် | [illegible] | ဂိုဏ်း | ဂိုဏ်းစောင့်နက္ခတ် | ဂိုဏ်းစောင့်နတ် | စုက်အမည် | [illegible] |
|---|---|---|---|---|---|---|
| သီရိပ | ၂၁၁ | ဘ | မိဂသီ | လနတ် | လာဘ | ဗုဒ္ဓ |
| ဝရဝိ | ၁၁၁ | န | ဘရဏီ | သိကြား | အမြိတ္တ | ဗုဒ္ဓ |
| ဇယာန | ၁၂၂ | ယ | သတ္တဘိသျှ | တိမ်နတ် | ဝရ | ဗုဒ္ဓ |
| န္တယသ | ၁၁၁ | န | ဘရဏီ | လနတ် | အမြိတ္တ | ဗုဒ္ဓ |
| တြိဘဝ | ၁၁၁ | န | ဘရဏီ | လနတ် | အမြိတ္တ | ဗုဒ္ဓ |
| နာဒိတျာ | ၂၂၂ | မ | ဇေဋ္ဌ | ဘုမ္မစိုး | ဝရ | ဗုဒ္ဓ |
| ဓိပတိ | ၁၁၁ | န | ဘရဏီ | သိကြား | အမြိတ္တ | ဗုဒ္ဓ |
| ပဏ္ဍိတ | ၂၁၁ | ဘ | မိဂသီ | လနတ် | လာဘ | ဗုဒ္ဓ |
| မဟာဓ | ၁၂၂ | ယ | သတ္တဘိသျှ | တိမ်နတ် | ဝရ | ဗုဒ္ဓ |
| မ္မရာဇာ | ၁၂၂ | ယ | သတ္တဘိသျှ | တိမ်နတ် | ဝရ | ဗုဒ္ဓ |
| ဓိရာဇာ | ၁၂၂ | ယ | သတ္တဘိသျှ | တိမ်နတ် | ဝရ | ဗုဒ္ဓ |

**ဘွဲ့ပုံတော်။** သီရိပဝရ ဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ။

**သတိထားရန်။** ဗိန္ဒုဟု ဆိုအပ်သော နိဂ္ဂဟိတ်ရှိသော ရဿ သရ,နှစ်မတြာယှိသော ဒီဃသရ, သံယုဂ်နှောင်းသောရဿ သရကို ဂရု-မှတ်၊ တမတြာရှိသော ရဿသရကို လဟု-မှတ်၊ အချို့သောဂါထာနိုက် ပါဒ၏ အဆုံးဖြစ်သော ရဿ သရကိုလည်း ဂရု-မှတ်ရမည်။

အက္ခရာသုံးလုံးကို တဂိုဏ်းယူ၊ အက္ခရာလေးလုံးမှာ အဆုံးအက္ခရာကိုပယ်၍ တဂိုဏ်းယူ၊ အက္ခရာငါးလုံးမှာ အစ, အဆုံးအက္ခရာကို ပယ်၍ တဂိုဏ်းယူ၊ အက္ခရာခြောက်လုံးမှာ နှစ်ဂိုဏ်းယူ၊ အက္ခရာခုနစ်လုံးမှာ အဆုံးအက္ခရာကိုပယ်၍ နှစ်ဂိုဏ်းယူ၊ အက္ခရာယှစ်လုံးမှာ အစ,အဆုံးအက္ခရာကိုပယ်၍ နှစ်ဂိုဏ်းယူရမည်၊ ပျို့,ကဗျာ,လင်္ကာ,ရတု စသည်တို့ကိုလည်း ဤနည်းအတိုင်း လိုက်နာရမည်။

## မည်သည့်ဂိုဏ်းမဆို နေ့ကိုရွေးချယ်၍ စပ်ဆိုရန် ဇယားပုံ (၆)

| ဂိုဏ်းအက္ခရာ | နေ့စဉ် | | | | | | | ဂိုဏ်းစိုးနတ်သမီး |
|---|---|---|---|---|---|---|---|---|
| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ | |
| မ | ကာန | သိဒ္ဓိ | မိတ္တ | သိဒ္ဓိ | ဥပါဒ် | အမြိတ္တ | ဝရ | သူရဿတီ |
| န | ဥပါဒ် | အမြိတ္တ | ဝရ | ကာန | သိဒ္ဓိ | မိတ္တ | လာဘ | သုန္ဒရီ |
| ဘ | အမြိတ္တ | ဝရ | ကာန | သိဒ္ဓိ | မိတ္တ | လာဘ | ဥပါဒ် | မဏိမေခလာ |
| ယ | ကာန | သိဒ္ဓိ | မိတ္တ | လာဘ | ဥပါဒ် | အမြိတ္တ | ဝရ | သီရိနတ်သမီး |
| ဇ | သိဒ္ဓိ | မိတ္တ | လာဘ | ဥပါဒ် | အမြိတ္တ | ဝရ | ကာန | ကာဠကဏ္ဏိ* |
| သ | ဝရ | ကာန | သိဒ္ဓိ | မိတ္တ | လာဘ | ဥပါဒ် | အမြိတ္တ | ၎င်း * |
| ရ | မိတ္တ | လာဘ | ဥပါဒ် | အမြိတ္တ | ဝရ | ကာန | သိဒ္ဓိ | ၎င်း * |
| တ | ဥပါဒ် | အမြိတ္တ | ဝရ | ကာန | သိဒ္ဓိ | မိတ္တ | လာဘ | ၎င်း * |

* [ကာဠကဏ္ဏီကား သူယုတ်ကိုဟောသည်၊ ထိုကာဠကဏ္ဏိကို သာသနာ လင်္ကာရကျမ်းနှိုက် ကာဠကဏ္ဏီဟူ၍ မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး အကိုးအကားနှင့် ဆုံးဖြတ်ထားလျက်ယှိချေသည်။]

## ပိဋကတ်အက္ခရာ ဂဏန်းကောက်ယူရန် ဇယားပုံ (၇)

| အက္ခရာသင်္ကေတသင်္ချာ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | အကြောင်းအရာ |
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | |
| ဋ | ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ | သရယှစ်လုံးနှင့် |
| ပ | ဖ | ဗ | ဘ | မ | ။ | ။ | ။ | ။ | ည-န-အက္ခရာတို့ |
| ယ | ရ | လ | ဝ | ဂ | ဗ | သ | ဟ | ဠ | ကို သုညယူရမည် |

ကာဒိ ဋာဒိ ယကာရာဒိ၊ နဝသင်္ချာ ပကာသိတာ။
ပဉ္စသင်္ချာ ပကာရာဒိ၊သုညာနာမ သရ-ည-နာ။

ကာဒိ၊ ကစသည့် ၉-လုံးတို့ကိုဌင်း။ ဋာဒိ၊ ဋစသည့် ၉-လုံးတို့ကိုဌင်း။ ယကာရာဒိ၊ ယစသည့်၉-လုံးတို့ကိုဌင်း။ နဝသင်္ချာ၊ ၉-ခုသင်္ချာတို့ဟူ၍။ပကာသိတာ၊ပြအပ်ကုန်၏။ ပကာရာဒိ၊ ပစသည့်၅-လုံးတို့ကို။ ပဉ္စသင်္ချာ၊ ၅-ခုသင်္ချာတို့ဟူ၍၊ ပကာသိတာ၊ပြအပ်ကုန်၏။ သရ-ည-နာ၊ သရယှစ်လုံး, ည-အက္ခရာ,န-ငယ်အက္ခရာတို့ကို။သုညာနာမ၊သုညမည်ကုန်၏ဟူ၍။ပကာသိတာ၊ ပြအပ်ကုန်၏။

[ဤပိဋကတ်သင်္ချာနည်းသည် စာပြီးသက္ကရာဇ်ကန်သည့်အခါ အက္ခရာနှင့် အသုံးပြုလေ့ယှိကြသည်။]

## ၃၃-လက်ာစီကုံးသောအခါနေ့ရွေးရန်အကြောင်း

ပျို့,ကဗျာ,လင်္ကာများကို ရေးစပ်စီကုံးသည့်အခါ နေ့ကိုရွေးချယ်၍ စပ်ဆိုစီကုံးရမည်၊ နေ့ကိုမရွေးပဲစပ်ဆိုစီကုံးလျှင် နေ့သင့်သော် ကောင်း၏၊ မသင့်ချေသော် ဥပါဒ်,မိတ္တု,ကာနအပြစ်ဘေးရောက်တတ်သည်၊ဥပါဒ်ကား မကောင်းသော ဘေးဥပါဒ်ရောက်တတ်သည်၊ မိတ္တုကား မကောင်းသော အကျိုးကိုပေးတတ်သည်၊ ကာနကား မျက်စိကန်းတတ်သည်၊ ထို့ကြောင့် လောကီအမှုပင်ဖြစ်သော်လည်း ရှေးရှေးကုန်သောဆရာကြီးတို့၏ ဩဝါဒကို လိုက်နာကုန်ရာသည်။

မ-ဂိုဏ်း, ဘ-ဂိုဏ်း, န-ဂိုဏ်း, သ-ဂိုဏ်းများနှင့် စပ်ဆိုစီကုံးလျှင် "စက္ကုမာယာ ဘူနာဂါ"ကိန်းကို ဂိုဏ်းနှင့်ယှဉ်ရာ နက္ခတ်လုံးရေကို ရော၍ ရွေးချယ်စီစစ်ရမည်။

## ၃၄-စက္ကုမာယာ ဘူနာဂါ ကိန်းချုပ်မ်

စက္ကုမာယာ ဘူနာဂါကိန်းသည် ပိဋကတ်သင်္ချာနည်းဖြစ်သည်၊ ဇယားပုံ (၇) ကိုကြည့်၊ စက်မှာ-၆၊ ခုမှာ-၂၊ မာမှာ-၅၊ ယာမှာ-၁၊ ဘူမှာ-၄၊ နာမှာ-၀၊ ဂါမှာ-၃၊ ဤကဲ့သို့ ချမှတ်ရမည်၊ အနုလောမဂဏန်းစဉ်မှာ (၆၂၅၁၄၀၃)ဖြစ်သည်။

ခုနစ်ရက်နေ့စဉ်ဂဏန်း···· ၁-၂-၃-၄-၅-၆-၇။ } ကိန်းပုံမ်
စက္ကုမာယာကိန်းဂဏန်း····၆-၂-၅-၁-၄-၀-၃။ }

ဤနည်းအတိုင်း ခုနစ်ရက်နေ့စဉ် အောက်ချရမည်၊ ပြီးလျှင် မ-ဂိုဏ်း, ဘ-ဂိုဏ်း, န-ဂိုဏ်း ,သ-ဂိုဏ်းတို့နှင့် ခုနစ်ရက်နေ့တွင် မည်သည့်နေ့ကိုမဆို ရေးစပ်စီကုံးလိုသော် ရေးလိုသောနေ့၏အောက်က ကိန်းကျသောဂဏန်းကို ရေးလိုသောအက္ခရာဂိုဏ်းစောင့် နက္ခတ်လုံးရေနှင့်ရောပြီးလျှင် ခုနစ်ခုစား၊ အကြွင်းဂဏန်း ကောင်းမကောင်းကို ဟောကိန်းအတိုင်း လိုက်နာရမည်။

ၚင်းစက္ကုမာယာဘူနာဂါကိန်း ဝိဋကတ်သင်္ချာနည်းကို အကောက် အယူခက်မည်ထင်လျှင် အက္ခရာသင်္ချာနည်း, သီကုံးပြည့်အောင် လှတဆောင် ကိန်းကိုလည်း အသုံးပြုနိုင်ချေသည်။

---

## ၃၅-သီကုံးပြည့်အောင်လှတဆောင်ကိန်းချပုံမ်

သီကုံးပြည့်အောင် လှတဆောင် ကိန်းချပုံကား သီမှာ-၆၊ ကုံးမှာ ၂၊ ပြည့်မှာ-၅၊ အောင်မှာ-၁၊ လှမှာ-၄၊ တမှာ-၀၊ဆောင်မှာ-၃၊ဤကဲ့သို့ ချရမည်၊ အနုလောမဂဏန်းစဉ် (၆၂၅၁၄၀၃)ဖြစ်သည်။

ခုနစ်ရက်နေ့စဉ်ဂဏန်း···· ၁-၂-၃-၄-၅-၆-၇။ } ကိန်းပုံမ်
သီကုံးပြည့်အောင်ကိန်းဂဏန်း····၆-၂-၅-၁-၄-၀-၃။

ဤနည်းအတိုင်း ခုနစ်ရက်နေ့စဉ်အောက်ကချရမည်၊ အဓိပ္ပါယ်မှာစက္ကုမာယာကိန်းပုံတွင်ဖော်ပြသောနည်းအတိုင်း လိုက်နာရမည်။

တနင်္ဂနွေနေ့ကို မ-ဂိုဏ်းနှင့်ချိ၍ စပ်ဆိုစီကုံးလိုလျှင် ဂဏန်းစဉ်ကိန်းပုံတွင် တနင်္ဂနွေနေ့အောက်က ၆-ဂဏန်းကိုယူ၊ မဂိုဏ်းနှင့်ဆိုင်သော ဇေဋ္ဌနက္ခတ် ၁၈-လုံးနှင့်ပေါင်းသော် ၂၄- ဖြစ်သည်၊ ထို ၂၄-ကို ခုနစ်ခုနှင့်စားသော် ၃-ခုကြွင်း၏၊ ကိန်းပုံအဟောမှာ ဥပါဒ်,မိတ္တု,ကာနဖြစ်သောကြောင့် မကောင်းဖြစ်၍ မရေးမစပ်ရ၊ ရှောင်ကြဉ်ရမည်။

ကျန်သောနေ့တို့ကို ရွေးချယ်၍ အကြွင်းဂဏန်း တစ်-နှစ်-သုံး-လွတ်လျှင် ရေးစပ်စီကုံးနိုင်သည်။

နက္ခတ်လုံးရေ ၂၀-ကကျော်လျှင် စက္ကုမာယာကိန်း, သီကုံးပြည့်အောင် ကိန်းတို့နှင့်မရ၊ နောင်ဆိုသည်ကား မြအလားကိန်းနှင့်လိုက်၍ တွက်ယူရမည်။

---

## ၃၆-နောင်ဆိုသည်ကားမြအလားကိန်းချပုံမ်

နောင်ဆိုသည်ကား မြအလားကိန်းချပုံကား အက္ခရာသင်္ချာနည်း ဖြစ်သည်၊ နောင်မှာ-၇၊ ဆိုမှာ-၃၊ သည်မှာ-၆၊ ကားမှာ-၂၊ မြမှာ-၅၊ အမှာ-၁၊ လားမှာ-၄၊ ဤကဲ့သို့ချမှတ်ရမည်၊ အနုလောမဂဏန်းစဉ်လျှင် (၇၃၆၂၅၁၄)ဤကဲ့သို့ရချေသည်။

| | | | |
|---|---|---|---|
| နေ့စဉ်ဂဏန်း | .... | ၁-၂-၃-၄-၅-၆-၇။ | ကိန်းပုံမ် |
| ကိန်းဂဏန်း | .... | ၇-၃-၆-၂-၅-၁-၄။ | |

**အမိပ္ပါယ်။** တနင်္ဂနွေနေ့ကို ယ-ဂိုဏ်းနှင့်ယှဉ်သောလင်္ကာကို စပ်ဆိုလိုလျှင် တနင်္ဂနွေနေ့အောက်က ကိန်းဂဏန်း ၇-ကိုယူ၍ ဂိုဏ်းစောင့် နက္ခတ်လုံးရေ ၂၄-နှင့်ရော၊ ဂဏန်းပေါင်း ၃၁-ဖြစ်သည်၊ထိုပေါင်းရဂဏန်း ၃၁-ကိုဂ-ခုစားသော် ၃-မကြွင်းသည်၊မကောင်း၊ရှောင်ကြဉ်ရမည်၊ လေး- ငါး-ခြောက်-သုည-ကြွင်းမှ ကောင်းချေသည်။

ဂိုဏ်းစောင့်နက္ခတ် လုံးရေကိုသိလိုလျှင် ဇယားပုံ (၁) ကိုကြည့်၊ ဂရု, လဟုမှစ၍ဂိုဏ်းစောင့်နက္ခတ်, စောင့်သောနတ်, အကျိုးအပြစ်များကို သိလိုလျှင် ဇယားပုံ(၂)(၃)(၄) (၅) တို့ကိုကြည့်၊ နေ့ကိုရွေးချယ်ပြီး စပ်ဆိုစီကုံးလို၍ ဂိုဏ်းစိုးနတ်သမီးကို သိလိုလျှင် ဇယားပုံ(၆)ကိုကြည့်၊ပိဋကတ်သင်္ချာနည်းကိုသိလိုလျှင် ဇယားပုံ(၇)ကိုကြည့်လေ။

ဤဂိုဏ်းရွေးနည်းတို့သည် ပျို့, ကဗျာ, လင်္ကာ စပ်ဆိုစီကုံးသောအရာတို့နှိက်သာ သုံးစွဲနိုင်သည်မဟုတ်၊ စုက်,ဥပါဒ်, နေ့ရက်လိုက်၍ သင်္ကြောက် ဂြိုဟ်စား, ဗေဒင်ဟောခြင်း, ဇာတာဖွဲ့ခြင်း, အခါပေးခြင်း, နာမည်မှည့်ခြင်း, ဘွဲ့ပေးခြင်းစသော မင်္ဂလာအခမ်းအနားတို့တွင်လည်း အသုံးအနှုန်းအလေးပြုကြောင်းများကို ပညာယှိကဝိသူမြတ်တို့မိန့်ဆိုတော်မူချေသည်။

---

## ၃၇-ရတု,လင်္ကာချီနည်းချနည်း ၂၅-ပါးအကြောင်း

ဧင်းချီနည်း ချနည်း ၂၅-ပါးဟူသည်ကား-

| | | | |
|---|---|---|---|
| ၁။ | ထူးဆန်းထွေလာ။ | ၆။ | လည်ကုပ်ချီ။ |
| ၂။ | ညွန့်ရှည်။ | ၇။ | အဖျားကောက်။ |
| ၃။ | ပေါက်ပြ။ | ၈။ | ရွှေလောင်းပုံ။ |
| ၄။ | ငုံဖူး။ | ၉။ | သော်တာရောင်။ |
| ၅။ | ပုလဲသွယ်။ | ၁၀။ | ကဏ္ဍုဆူးချီ-ကဏ္ဍုဆူးချ။ |

| | | | |
|---|---|---|---|
| ၁၁။ | နေရောင်ခြည်ပြေး။ | ၁၈။ | ဇော်တခိုင်လုံး။ |
| ၁၂။ | ဖျောက်ဆိတ်လလယ်။ | ၁၉။ | မပြတ်ကေသာ။ |
| ၁၃။ | ညွန့်ဟုန်။ | ၂၀။ | ဇမ္ဗူသပြေသီးမှည့်။ |
| ၁၄။ | ခိုင်ညွန့်ခက်ဖြာ။ | ၂၁။ | ချိန်ခွင်လျှာ-ချိန်ခွင်ညှာ။ |
| ၁၅။ | မဏိဆံကျင်။ | ၂၂။ | ဘီလူးရယ်။ |
| ၁၆။ | အာသာဝတီဝတ်ဆံ။ | ၂၃။ | စာကျိုး။ |
| ၁၇။ | မဏိဦးပြည်း။ | ၂၄။ | စာထုံး။ |
| | | ၂၅။ | စာဆန်း။ |

ဟူ၍၊ ၂၅-ပါးယှိချေသည်။

(၁) ထူးဆန်းထွေလာ- ဟူသည်ကား သုံးပုဒ်လုံးပင် အရှည်အတိုမညီ၊အချိအချမတူ စပ်ဆိုခြင်းတို့တည်း။

(၂) ညွန့်ရှည်-ဟူသည်ကား အသတ်ယှိသောစကားလုံးဖြင့်သာ စပ်ဆိုချခြင်းတည်း။

(၃) ပေါက်ပြ-ဟူသည်ကား မသတ်သောအက္ခရာ,သတ်သောအက္ခရာတို့နှင့် အချိအချ အမျှချခြင်းတည်း။

(၄) ငုံဖူး-ဟူသည်ကား "ဤ" ဟူသော အက္ခရာမပါ၊ တပါးသောအသတ်ဖြင့်သာ စပ်ဆို၍ ချိခြင်း,ချခြင်းတို့တည်း။

(၅) ပုလဲးသွယ်-ဟူသည်ကား အသတ်ပါရောနှောလျက် အချိ, အချ "ဤ"ဟူသောအက္ခရာပါခြင်းတည်း။

(၆) လည်ကုပ်ချိ-ဟူသည်ကား ရှေ့အပိုဒ်၏ ဒုတိယပါဒ, တတိယပါဒတို့တွင် တပါးပါးသော ပါဒနိုက် အက္ခရာကိုလေးကောင်း, အဓိပ္ပါယ်ကိုလေးကောင်း လည်ကုပ်တွင်ယူ၍ ချိခြင်းတည်း။

(၇) အဖျားကောက်- ဟူသည်ကား ရှေ့ပုဒ်၏အချတွင် ပါသောအက္ခရာကို လေးကောင်း, အဓိပ္ပါယ်ကို လေးကောင်း ယူ၍ ချိခြင်းတည်း။

(၈) ရွှေတောင်ပံ့-ဟူသည်ကား (က-စ-တ-ယ-ပ-ရ-မှ)၊ ဤအက္ခရာတို့ဖြင့် ချိခြင်း,ချခြင်းတို့တည်း။

(၉) သော်တာရောင်-ဟူသည်ကား အသတ်တူ, အသံတူ, ကာရန်တူ စပ်ဆိုချခြင်းတည်း။

(၁၀) ကဏ္ဍူဆူးချီ-ကဏ္ဍူဆူးချ-ဟူသည်ကား သုံးပုဒ်လုံးပင် အချီ, အချ မညီခြင်းတို့တည်း။

(၁၁) နေရောင်ခြည်ပြေး-ဟူသည်ကား (က-တ-ထ) ဟူသော အက္ခရာ သုံးလုံးတွင် တလုံးလုံးဖြင့်ချခြင်းတည်း။

(၁၂) မျောက်ဆိတ် လလယ်-ဟူသည်ကား သက်သက်သောဝဏ္ဏ တလုံး,နှစ်လုံးအကြားတွင်ပါ၍ အသတ်ယှိသော အက္ခရာဖြင့် သာ ချခြင်းတည်း။

(၁၃) ညွန့်ဟုန်-ဟူသည်ကား ဝ-သတ်အက္ခရာများ၍ စပ်ဆိုချခြင်း တို့တည်း။

(၁၄) ခိုင်ညွတ်ခက်ဖြာ- ဟူသည်ကား အဖျားနိုက် ခုနစ်လုံးချဟူသမျှ တို့တည်း။

(၁၅) မဏိဆံကျင်-ဟူသည်ကား အဖျားနိုက် ကိုးလုံးချခြင်း ဟူသမျှ တို့တည်း။

(၁၆) အာသာဝတီ ဝတ်ဆံ-ဟူသည်ကား အဖျားနိုက် တဆဲ့တလုံး ချခြင်းတို့တည်း။

(၁၇) မဏိဦးပြည်း-ဟူသည်ကား အဖျားနိုက် တဆဲ့ငါးလုံး ချခြင်း တို့တည်း။

(၁၈) ဇော်တခိုင်လုံး-ဟူသည်ကား အဖျားနိုက် တဆဲ့ကိုးလုံး ချခြင်း တို့တည်း။

(၁၉) မပြတ်ကေသာ-ဟူသည်ကား အဖျားနိုက် နှစ်ဆဲ့ကိုးလုံး ချခြင်း တို့တည်း။

(၂၀) ဇမ္ဗူသပြေသီးမှည့်-ဟူသည်ကား အဖျားနိုက် သုံးဆယ်ငါးလုံး ချခြင်းတို့တည်း၊ သည်ထက် လွန်၍မချပြီ၊ သည်ထက် လွန်၍ ချသော် ခေါင်းမရှိသော ဗုဇ္ဇန်လုံးနှင့် တူချေသတည်း၊ အဖျား နိုက် ဟု-စသော အက္ခရာနှင့် ချခြင်းသည်ကား အညွန့်မဲ့ချခြင်း မည်၏၊ စာတင်းမီးစလည်းဆို၏တည်း။

(၂၁) ချိန်ခွင်ညှာ-ဟူသည်ကား ပဌမပိုဒ်နိုက် အချရင်းကို ဒုတိယ ပိုဒ်နိုက် အဖျားပြု၍ တတိယပိုဒ်နိုက် အချရင်းကို ပဌမပိုဒ်နိုက် အဖျားပြု၍ ဒုတိယပိုဒ်သာထူးစေလျက် စပ်ဆိုစီကုံးခြင်း, ပဌမ ပိုဒ်နှင့် တတိယပိုဒ်သာ သံတူချ၍ ဒုတိယပိုဒ်တို့နိုက် သံကွဲချခြင်း တို့တည်း။

(၂၂) ဘီလူးရယ်- ဟူသည်ကား သရုပ-သဝဏ္ဏ ဖြစ်သော အက္ခရာ, အသတ်,အသံတို့ဖြင့် သိုးလွဲးပြ၍ စပ်ဆိုစီကုံးခြင်းတို့ဖြစ်သတည်း။

(၂၃) စာကျိုး-ဟူသည်ကား ဝ-သတ်နှင့် အသတ်သဝေခြားနှင့် အသတ် ယှိခြင်းစသည်တို့ကို စပ်ဆိုစီကုံးခြင်းတည်း။

(၂၄) စာထုံးဟူသည်ကား င-သတ်နှင့် ည-သတ်၊ တ-သတ်နှင့် ပ-သတ်။ န-သတ်နှင့် မ-သတ် စသည်ဖြင့် စပ်ခြင်း, ချိခြင်း,စီကုံးခြင်းတည်း၊

(၂၅) စာဆန်းဟူသည်ကား အထက်ဆိုအပ်ခဲ့ပြီးသော နည်းတို့မှတပါး ထားလိုတိုင်းအက္ခရာဖြင့်ချခြင်း၊ အသတ်,အသံ, ကာရန်မညီ မ ညွတ်ခြင်း၊ မလိမ္မာသော သူငယ်တို့သည် မဖွယ်မရာ မပီမပြင် ပြောဆိုသောစကားနှင့် တူချေသတည်း။

ဤသို့သောစာတို့တွင် အစဆိုသောသူ, အညွန့်ယှိသောသူတို့သည် ကဏ္ဍု ဆူးချိ, ကဏ္ဍုဆူးချ, ဇော်တခိုင်လုံး, ဇမ္ဗူသပြေသီးမှည့်တို့ကို မချိမချရာ၊ ဘီ လူးရယ်, စာကျိုး, စာထုံး, စာဆန်းတို့ကို မည်သူမျှမချီးမဆိုရာ၊အစဆိုသော သူတို့ကို ရည်၍ ဟောသည်၊ စာဆိုကြီးတို့ကို မဟောချေ ဖြစ်သည်။

ဘုရားနှင့်စပ်၍ဆိုအံ့၊ အစသော်လည်း ထားရာ၏၊ အဆုံးသော်လည်း ထားရာ၏၊ ထိုသို့ထား၍ဆိုသော်လည်း မြတ်စွာဘုရားကို အတိုင်းမသိ ချီးမွမ်းရာ၏၊ စကြာမင်းကိုလျှောက်လတ်သော အတိုင်း အထူး အဆန်း ချီးကျူးစပ်ဆိုရာ၏တည်း။

ဘီလူးရယ်, စာကျိုး, စာထုံး, စာဆန်း ဆိုသောသူတို့ကား မျက်စိ နှစ် ဖက်မယှိသောသူနှင့် တူချေ၏၊ စည်းစိမ် ချမ်းသာတို့သည်လည်း မတည် ရာ၊ အသက်လည်းမရှည်ရာ၊ အပြစ်ကင်းအောင်ဆိုသော သူတို့ကား အပြစ် မယှိရာ၊ ကျော်စောရာ၏ ဟု ရှေးဆရာကျော်တို့ ဟောခဲ့ ကြောင်းကို ကဝိကဏ္ဌပါသကျမ်း ဆယ်ကြောင်းပေ ဂ-ငယ် ဂဲး-ချပ်တွင် မိန့်ဆိုချက်ယှိ ချေသည်။

ယင်းသည့်ရတု,ကဗျာ, လင်္ကာ ချီနည်း, ချနည်းတို့နှင့်ထပ်တူ လေခန- နယာဒိဒီပနီကျမ်း, နယမေဒကျမ်းများတွင် မိန့်ဆိုဟောပြချက် ယှိချေ သတည်း။

ထိုရတုချီနည်း, ချနည်းတို့တွင် မင်းဘစောအထိန်းတော်သား ပြည်မြို့ ဖွား နဝဒေးကြီး ထောင်သင်းမှူး မင်းလက်ယာ စပ်ဆိုစီကုံးသော ဇော်တ ခိုင်လုံးခေါ် တဆဲ့ကိုးလုံးချသော ရတုသည်ကား—

လွှမ်းလျက်နေရွှေ့ချီပြီးလျှင် "နွဲ့နှောင်းဖြူစင်၊ အပြင်လျှချည်း၊ စုလည်းလျစ်လျူ၊ အိမ်သူချမ်းနှင့်လေတော့မည်" ဟူ၍ချသည်။

တမ်းလျက်ခွေ့ရွှေ့ချီပြီးလျှင်"ဖြူစင်နွဲ့ရှင်း၊ စိုးမင်းနတ်တူ၊အိမ်သူမျိုးပင်၊ သခင်လွှမ်းနှင့်လေတော့မည်'' ဟူ၍ ချသည်။

ကျွမ်းသက်ဝေရွှေ့ချီပြီးလျှင် "အသွင်ပဝင်း၊ မျိုးရင်းသက်လှယ်၊ နုနယ်ဖြူစင်၊ အိမ်ရှင်လွှမ်းနှင့်လေတော့မည်" ဟူ၍ ချသည်။

ကြွင်းသောရတု,ကဗျာ ချီနည်း,ချနည်းတို့ကို ရှေးပညာယှိ ရဟန်း, မင်း, မှူးမတ်, ကဝိအရပ်ရပ်တို့ စပ်ဆိုရေးသား ပြန်လျှောက်ခဲ့သော ဘုရားတိုင်, သိကြားတိုင်ဘုန်းဘွဲ့, စစ်ရတု, ကျေးစေရတု, မိုယ်းတော့, မိုယ်းတိုင်, မယ်ဘွဲ့မောင်ဆို, ကိုယ်တွင်းပြည့်, မိဿကရတု, အတာသရစ်ဘွဲ့, သဘောတမ်း, ရေလား, တောလား, တောင်လား, တိမ်လား, ပန်းဘွဲ့စသည်တို့ဖြင့် များစွာယှိချေသတည်း။

ယင်းသည့် ရတု, ကဗျာ, လင်္ကာ ဖွဲ့ဆိုစီကုံးသော အရာတို့၌ တတ်မြောက်ကျွမ်းကျင်သဖြင့် ကဝိတဆူပြုလိုသူတို့သည် သတ်ပုံ,သတ်ညွှန်း, ရေးထုံး ရေးနည်း, ဝေါဟာရ အဟောင်းအသစ်, ဂိုဏ်းကိရိယာ, နတ်စောင့်, ဝိသ,သုဿုသာပဒ စသော ကဝိလက္ခဏာအင်္ဂါနှင့် ပြည့်စုံလင့်ကစား ပြဆိုခဲ့ပြီးသော ရတု,ကဗျာ, လင်္ကာ ချီနည်း, ချနည်း ၂၅-ပါးကိုလည်း လေ့လာပွန်းတီးတတ်မြောက်မှ ဤသို့ချီသင့်သည်၊ ဤသို့မချီသင့်၊ ဤသို့ချသင့်သည်၊ ဤသို့မချသင့် စသဖြင့် သကပက္ခ,ပရပက္ခနှစ်ပါးကို နှလုံးမူနိုင်သဖြင့် ပညာယှိတို့ချီးမွမ်းပြောပလောက်အောင် စပ်ဆိုစီကုံးနိုင်သည်ဖြစ်၍ ထိုရတုချီနည်း, ချနည်းတို့ကိုလည်း အမြဲမှတ်သားရာ ဖြစ်ချေသတည်း။

---

## ၃၈-ရတုကဗျာလင်္ကာစပ်ဆိုစီကုံးခြင်း၌ ကိရိယာခြောက်ဆယ်ယှိကြောင်း

ရတု,ကဗျာ,လင်္ကာ ချီနည်း, ချနည်း, စပ်ဆိုစီကုံးခြင်းတို့၌ အသုံး ချမှတ်ရမည့် ကိရိယာပေါင်းခြောက်ဆယ် ယှိချေသည်၊ ထိုကိရိယာ ခြောက်ဆယ်နှင့်အညီ ရှေးပညာယှိ ကဝိသူမြတ်တို့ စပ်ဆိုစီကုံးသော ရတုများကို အထောက်အထားပြု၍ မှတ်သားရမည်ဖြစ်သောကြောင့်—

၁။ သျှင်မဟာသီလဝံသ။ ✓

၂။ သျှင်မဟာရဋ္ဌသာရ။ ✓

၃။ ဝံတောင်လယ်ဘုန်းကြီး။ [သဒ္ဓမ္မဇောတ။]
၄။ ရဟန်းတော်သျှင်တေဇောသာရ။
၅။ စဥ္စပါဆရာတော်။ [ဦးရွှင်။]
၆။ မန်ကျည်းတောဆရာတော်။ [ရှင်သာသနဓဇ။]
စသောရဟန်းပညာယှိ။

၁။ တောင်ငူရွှေနန်းရှင်။ [နတ်ရှင်နောင်။] ✓
၂။ ဇင်းမယ်ဘုရင်။
၃။ ပြည်မြို့သတိုးဓမ္မရာဇာ။
စသောဘုရင်မင်းပညာယှိ။

၁။ မင်းရဲနရာ။
၂။ မင်းသားသမ်ဒတ္တ။
စသောမင်းသားပညာယှိ။

၁။ ဇင်းမယ်မိဖုရား။
၂။ ပဲခိုးမိဖုရား။
၃။ ပြည်မိဖုရား။
၄။ တန်ဆောင်မိဖုရား။
စသောမိဖုရားပညာယှိ။ [ဇင်းမိဖုရားဓညဝတီပြည်ရောက်ဖူးသည်။]

၁။ ခင်မထွေး။
၂။ ဟံသာဝတီဆင်ဖြူရှင်၊ ကိုယ်လုပ်တော်-ထွေးလှ။
၃။ ရဝေရှင်ထွေး။ [ရေဝေရှင်ထွေးလည်းဟူ၏။] ✓
၄။ စောမင်းနှစ်။
၅။ ရှင်ထွေးနာသိမ်။
၆။ နန်းတွင်းမိညို။ [ရခိုင်မြို့သူ။] ✓
၇။ နန်းတွင်းမိဖြူ။ [အဝမြို့သူ။] ✓
စသောမိမ္မပညာယှိ။

၁။ တောင်ငူနဝဒေးကြီး။ ✓
၂။ ရှင်အုန်းညို။
၃။ ပယ်သူငယ်စား။
၄။ ရှင်သူရဲ။
၅။ ရခိုင်ဥက္ကာပျံ။

၆။ နန္ဒသူရိယ။
၇။ သုံးထောင်မှူး။
၈။ ရန်အောင်ဗလ။
၉။ ပဲခိုးရာဇသင်္ကြံ။
၁၀။ ဇင်းမယ်အင်္ဂုရ။
၁၁။ ဘိုးခေါင်မှူး။ [မိုးခေါင်လှေတော်။]
၁၂။ မကွေးတရာစား။
၁၃။ ကန်တူးပေါက်လှေမှူး။ [လှေတော်မှူး။]
၁၄။ မခေါစား။ [ရွာစား။]
၁၅။ ရှင်မြေလူး။
၁၆။ တလုပ်မြို့စားသင်္ချာ။
၁၇။ သရေခေတ္တရာမြင်းခေါင်း။
၁၈။ ပြည်ရန်နိုင်မှူး။
၁၉။ စစ်ကိုင်းလက်ရွေးကြီးမှူး။
၂၀။ ပြည်အငြိမ့်လှေသင်းမှူး။ [လှေတော်။]
၂၁။ ဆီးကိုင်းစား-ဗီးကိုင်းစား။ [ရွာစားဖြစ်သည်။]
၂၂။ ရှင်ရဲဘော်။
၂၃။ ဝါးရင်းတုတ်စားမင်းကြီးညို။ [ရွာစား။]
၂၄။ နန္ဒကျော်သူ။
၂၅။ ရှင်သံကို-ရှင်သံခို။ [၂-မျိုးရေးသည်။]
၂၆။ ဇေယရန္တမိတ်။
၂၇။ နန္ဒကျော်ထင်။
၂၈။ ရှင်ရဲထင်။
၂၉။ ရာဇဗာဟု။
၃၀။ ပုံဏ္ဏားငကျော်။
၃၁။ ရာဇသူရိယ။
၃၂။ မြင်းဒွါစားမင်းရာဇာ။
၃၃။ ပဒေသရာဇာ။ [ဇဂ္ဂုံဝန်ကြီးလုံညီးဟူ၏။]
၃၄။ တရားသူကြီးလက်ဝဲသုန္ဒရ။
၃၅။ မောင်းထောင်ဆရာကြီး မဟာဓမ္မသင်္ကြံ။

H 443—21 [ဟံသာဝတီ]

၁၆။ ရွှာဝေးသူကြီး ဝက်မစွက်မြို့စား မဟာသီရိစည်သူ
မင်းကြီးမဟာသီရိဥတ္တမဇေယသကြံ။

စသော မှူးမတ်ပညာယှိတို့ စပ်ဆိုရေးသားကြသော ရတုများကို ကြည့်ရှုကောက်နှုတ်ရာ ကိရိယာခြောက်ဆယ်ယှိချေသည်၊ ကဝိကဏ္ဍပါသ ကျမ်းတွင်လည်း ကိရိယာခြောက်ဆယ်ကို လက်ာနှင့် စပ်ဆိုလျက် ယှိချေသည်။

ကိရိယာဟူသည်ကား မာဂဓဘာသာကိရိယာ, မြန်မာဘာသာကိရိယာအားဖြင့် နှစ်ပါးယှိသတည်း၊ မာဂဓကိရိယာမှာ တိ-အန္တိ-အစယှိသော အာချာတ်ဝိဘတ်၊ တ-အန္တ-စသော ကိတ်ပစ္စည်းအဆုံးယှိသော ဂစ္ဆတိ, ဂစ္ဆန္တိ, ကတံ, ကရောန္တံ-စသည်ဖြင့် အာချာတ်ကိရိယာ, ကိတ်ကိရိယာ, ကံဟော,ကတ္တားဟောစသည်ဖြင့် ကျမ်းဂန်တွက်ယှိသော်လဲး ဤအရာနိုက် မာဂဓဘာသာကိရိယာကိုမလို၊ မြန်မာဘာသာကိရိယာကိုသာ ပြသောအရာဖြစ်ချေသတည်း။

မြန်မာဘာသာ ကိရိယာခြောက်ဆယ် ကောက်နှုတ် တွက်ယှိသည်ကို ရှေးရှေးကုန်သောဆရာကြီးတို့ ဂရုပဒေသ, နယူပဒေသ, နယဂ္ဂါဟတို့ဖြစ်၍ စပ်ထုံးစပ်နည်းနှင့်တကွ သိမှတ်လိမ္မာစေခြင်းငှါ အမြွက်မျှ ပြဆိုလိုက်ပါအံ့။

မဥ္ဇူဘုန်းတော်၊ ပွင့်ချိန်ခြော်သည်၊ ဗန်းမော်ခေါင်ထိ၊ တုမယှိသည်၊ ကဝိကဝေ၊စောမြဲတေ၊ ။နှစ်ဆွေလင်္ကာ၊ကျမ်းနိုက်လာသား၊နည်းနာနယ၊ဝိတ္ထာရဖြင့်၊ သိုးတန်ဆင့်၍၊ ဖွင့်သည်ကဗျာ၊ ကိရိယာတွင်၊ သမာသေနမူလမဇ္ဈေ၊ ကိုသာပေတည့်၊ သံခြေပုံညွှင်း၊ ကွန့်ပ်ခင်းပိန့်၊ လျှင်-လျှင်း-မူကား၊ ဝယ်-သား-တမင့်၊ ချိမ့်-ဖြင့်-တွင်-၏၊ ပိန့်-လှည့်-မည်-အံ့၊ လော-တုံ-မှံ့-တည့်၊ သော်-ခံ့-ဘူး-သော၊ မူလော-ရကား၊ မူ-အား-မှ-က၊ လိမ့်စွ-တုံ့-လည်း၊ တိ-တည်း-ချည်း-ဟု၊ ခဲ့-နည်း-နိုက်-လျက်၊ ကြောင့်-ထက်-မို့-လည်၊ စွံ့-သည်-စိမ့်နှင့်၊ တုံ့-လိမ့်-တည့်-တော့၊ ကား-လော့-ရွှေ-သို့၊ မျှ-တို့-ငှါ-ရှင့်၊ တမ္မို-နှင့်-ကို၊ ရှင်ပင့်ဉာဏ်တော်၊ ထွန်းပေါ်ကျယ်ချဲ့၊ ယှဉ်ခဲ့တတ်တော်မူဘုရား။

ဤကား ကဝိကဏ္ဍပါသကျမ်းလာ ကိရိယာ ခြောက်ဆယ်လင်္ကာ ဖြစ်သတည်း၊ထိုကိရိယာခြောက်ဆယ်၏ သချ်ာသရုပ်ကို ရှေးဦးစွာ မှတ်သားသိပြီးမှ၊ စပ်ထုံးစပ်ပုံများကို မှတ်သားနာယူရန်ယှိချေသည်။

(၁) လျှင်-ဟူသော ကိရိယာနှင့် စပ်ထုံးကား ပဲးခိုးမိဖုရားဆို ဝက်ပါလျှင် ချီသော ရတုတွင် ''ဘုရားမြတ်စောရာမလျှင်''ဟု စပ်ဆိုလေသည်။

(၂) လျှင်း-ဟူသောကြိယာ၏ စပ်ထုံးကား ပဒေသရာဇာဆိုယိုးဒယား သံရောက်ပျို့တွင် "ဆထက်ထူးပြား၊ ပေးသနားသည်၊ လားလားအခွင်း၊ မပြေးလျှင်း" ဟုစပ်ဆိုလေသည်။

(၃) မှုကား-ဟူသောကြိယာ၏ စပ်ထုံးကား သျှင်မဟာသီလဝံသဆို ရည်သံလေး၌ ချီသောရတုတွင် "ပစ်ခွါခဲ့ပြွေရကိမ္မှုကား" ဟုစပ်ဆိုလေသည်။

ဤသို့စသည်ဖြင့်—

(၄) ဝယ်-ကြိယာ၏ စပ်ထုံး။
(၅) သွား-ကြိယာ၏ စပ်ထုံး။
(၆) တမင့်-ကြိယာ၏ စပ်ထုံး။
(၇) ချိမ့်-ကြိယာ၏ စပ်ထုံး။
(၈) ဖြင့်-ကြိယာ။
(၉) တွင်-ကြိယာ။
(၁၀) ၏-ကြိယာ။
(၁၁) ပိမ့်-ကြိယာ။
(၁၂) လှည့်-ကြိယာ။
(၁၃) မည်-ကြိယာ။
(၁၄) အံ့-ကြိယာ။
(၁၅) လော-ကြိယာ။
(၁၆) တုံ-ကြိယာ။
(၁၇) မံ့-ကြိယာ။
(၁၈) သော်-ကြိယာ။
(၁၉) ခံ့-ကြိယာ။
(၂၀) ဘူး-ကြိယာ။
(၂၁) သော-ကြိယာ။
(၂၂) မူလော-ကြိယာ။
(၂၃) ရကား-ကြိယာ။
(၂၄) မူ-ကြိယာ။
(၂၅) အား-ကြိယာ။
(၂၆) မှ-ကြိယာ။
(၂၇) က-ကြိယာ။
(၂၈) လိမ့်စွ-ကြိယာ။
(၂၉) တုံ့-ကြိယာ။
(၃၀) လည်း-ကြိယာ။
(၃၁) တိ-ကြိယာ။
(၃၂) တည်း-ကြိယာ။
(၃၃) ချည်း-ကြိယာ။
(၃၄) ဟု-ကြိယာ။
(၃၅) ခဲ့-ကြိယာ။
(၃၆) နည်း-ကြိယာ။
(၃၇) နိုက်-ကြိယာ။
(၃၈) လျက်-ကြိယာ။
(၃၉) ကြောင့်-ကြိယာ။
(၄၀) ထက်-ကြိယာ။
(၄၁) မို့-ကြိယာ။
(၄၂) လည်-ကြိယာ။
(၄၃) စံ့-ကြိယာ။
(၄၄) သည်-ကြိယာ။
(၄၅) စိမ့်-ကြိယာ။
(၄၆) တို့-ကြိယာ။
(၄၇) လိမ့်-ကြိယာ။
(၄၈) တည့်-ကြိယာ။
(၄၉) တော့-ကြိယာ။
(၅၀) ကား-ကြိယာ။
(၅၁) လော့-ကြိယာ။
(၅၂) ရွေ-ကြိယာ။

| | |
|---|---|
| (၅၃) သို-ကိရိယာ။ | (၅၇) ရှင့်-ကိရိယာ။ |
| (၅၄) မျှ-ကိရိယာ။ | (၅၈) တမ္မို-ကိရိယာ။ |
| (၅၅) တို-ကိရိယာ။ | (၅၉) နှင့်-ကိရိယာ။ |
| (၅၆) ၄ါ-ကိရိယာ။ | (၆၀) ကို-ကိရိယာ။ |

ဟူ၍ စပ်ထုံးများကို ထုတ်ဆိုရေးသားရလျှင် ကျယ်လွန်းမည်ဖြစ်သောကြောင့် နည်းရရုံမျှသာ ထုတ်ဖော်လိုက်သည်၊ အပြည့်အစုံကို သိလိုလျှင် အထက်ဆိုခဲ့သော ရဟန်းပညာယှိ, ဘုရင်မင်းပညာယှိ, မိဖုရားပညာယှိ, မင်းသားပညာယှိ, မှူးမတ်ပညာယှိတို့ စပ်ဆိုစီကုံးထားခဲ့သောရတုများတွင် ကြည့်ရှုမှတ်သားကြစေကုန်သတည်း။

ပျို့, လင်္ကာ,ဧချင်း, မော်ကွန်း, ရတုတို့သဘောမှာ အချိုပိုဒ်ညီညွတ်သည်လည်းယှိ၏၊ မညီညွတ်သည်လည်းယှိ၏၊ အချပိုဒ်ဆုံးမှာမူကား ကိုယ်တွင်းပြည့်ဖြစ်စေ, ကိုယ်တွင်းပြည့်မဟုတ်သည်ဖြစ်စေ သုံးပိုဒ်, လေးပိုဒ် စသည်ဖြင့် အညီအညွတ်ဖြစ်အောင် ရေးသားစီကုံးစပ်ဆိုမြဲတည်း၊

သို့ဖြစ်၍ ပျို့, ကဗျာ,လင်္ကာ, ချေင်း, မော်ကွန်း, ရတုစသည်တို့ကို မြန်မာဘာသာ စီကုံးရေးသားအင်သော ကာရန်ဟူသမျှတို့မှာ အချပိုဒ် ဆုံးကိုသာ စီကုံးစပ်ဆိုခြင်းသည်ကား ကဗျာ,လင်္ကာတို့၏သေတ္တုဖြစ်သည်၊ အချပိုဒ်ဆုံး လင်္ကာတို့၏ သေတ္တုဟူရာနိုက် သေတ္တုသည် အလွန်ကောင်းသောမြတ်သော အဆီအနှစ်ကိုဆိုသည်၊ လင်္ကာအရေးအသားတွင် အစ, အလယ်တို့နိုက် အလွန်ကောင်းလင့်ကစား အချမညီမညွတ်တိမ်းယိမ်းယှိက ကောင်းမြတ်သောအဖြင့်သို့မရောက်နိုင်၊ အချညီညွတ်မှသာလျှင် ကောင်းသောအဖြစ်သို့ ရောက်နိုင်ချေမည်၊ သို့ကြောင့်အချကိုသာ စပ်ဆိုရမည်၊ လင်္ကာတို့၏ကောင်းသော မြတ်သောအဆီအနှစ်သဖွယ် သေတ္တုဖြစ်သည်ဟု ယူသင့်ယူထိုက်လှပေသည်။

ထို့ကြောင့် တိတ်ထုံးပါရာဂျမ်းများတွင် "တနင်းလာနေ့ မြေကြီးလှုပ်မူကား မြေကြီးသေတ္တုပေါ်လာအံ့"ဟု အဟောထွက်ဆိုချေသည်။

"စန္ဒရာကား၊ တက်လှာမြေဆီ၊ ကောင်းညီသစ်သီး" ဟု လင်္ကာစပ်ဆိုသည်၊

သာကီယဟုချီ ဘူရိဒတ်လင်္ကာတွင် "ကြာသေတ္တုသို၊ ပျိုနုတွားတွား၊တိုမင်းသားလျှင်"ဟုစပ်ဆိုသည်။

သုဝဏ္ဏသာမသူဌေးခန်းတွင် "မင်းမျိုးမင်းဆွေ၊ ပြည့်လေဧလလျှင်၊ ထိုမြေသေတ္တု၊ သိကြားပြုသို့ ၊အမှုက်ခေါ်ခေါ်၊ အကြောရှိမ်းရှိမ်း၊ စိမ်းလ တို့လျှ၊ အညှသေတ္တု၊မြတ်ကိုပြုသို့"ဟု စပ်ဆိုတော်မူသည်။

သုဝဏ္ဏသာမ သစ္စာခန်းတွင် "ဆောက်သားမြင်းမိုရ်၊ တောင်ဗဟိုရ်က၊ ထိုလတ်ရှုရှု၊မြသေတ္တုနှင့်"ဟုစပ်ဆိုလေသည်။

ဘုံခန်းတွင် "နီမောင်းပတ္တမြား၊ ပြယားမြခဲ၊ ပုလဲးသန္တာ၊ နီလာမြ တော၊ ရွှေငွေရောရှု၊ကျောက်သေတ္တုဖြင့်"ဟူ၍စပ်ဆိုလေသည်။

ရှင်တေဇောသာရဆို ရွှေဟင်းသာမင်းပျို့တွင် "ပင်တံပွင့်ထွား၊ သိုးသိုး သားလျှင်၊ ဖားဖားရွက်နု၊ မြသေတ္တုသို့၊ မရှုကျင်ရဲ၊ တင့်လွန်ကဲ၏"ဟူ၍ စပ်ဆိုသည်။

ပြာဒိုဟာခန်းတွင် "သဘင်ပွဲမှောက်၊ နားတော်လျှောက်သော်၊ လူ ကျောက်သေတ္တု၊ ကောင်းကြီးပြုသား၊ ပဏ္ဍုကမ္ဗလာ၊ နတ်နေရာ"ဟု စပ် ဆိုသည်။ ။"ယမိုက်ပြာဒိုဟာ၊ ပြရာအခန်း၊ ဤမော်ကွန်းကို၊ ကျယ်ဝန်း ကဗျာ၊ လက်ာဖွဲ့ပြု၊ ဉာဏ်သေတ္တုဖြင့်၊ ပြုတုံအားကြိုး၊ဤကောင်းကျိုးဖြင့်" ဟူ၍စပ်ဆိုလေသည်။

ရှင်ဥတ္တမဂေါ်ဆို နဝရတ်ပျို့တွင် "သေနီးလက်ပြည့်၊ သူအိုမှည့်လည်း၊ မြေညှော်အသွင်၊ ရှုပ်တွင်ထွားနု၊ ကြာသေတ္တုသို့၊ ယုယုယယ၊ ပျိုမျစ်လှသား၊ မိန်းမယ်လင်၊ ဖြစ်စေချင်သော်"ဟုစပ်ဆိုသည်။

လောကသာရပျို့တွင် "စီးပွားချမ်းသာ၊ ဖြစ်စိမ့်ငှါဖြင့်၊ ပညာသေတ္တု၊ ရုံးစည်းပြု၍၊ ကျင့်မှုတရား၊ မှတ်စိမ့်ထားသည်"ဟူ၍စပ်ဆိုသည်။

ထောင်သင်းမှူးဆို အောက်မေ့လှည့်ကာချီရတုတွင် "ခြောက်ငွေ့သွမြည့် ဝါ၊ လဲးပြောင်းခွါက၊ မြညှာသေတ္တု၊ ပင်တိုင်းနုသား"ဟူ၍ စပ်ဆိုသည်။

သုံးထောင်မှူးဆို ဒိဝါကရချီရတုတွင် "ချိုမြကျစ်လျစ်၊ ဆိုဓဟ္ဟသစ်၍၊ ကောင်းနှစ်ယှူငြား၊ သေတ္တုများကို၊ ရွှေနားညောင်းတော်မူစေသော" ဟူ၍ စပ်ဆိုတော်မူကြသည်ကိုထောက်၍ သိနိုင်ရာသည်။

ဤစကားရပ်တို့ဖြင့် ပျို့,ကဗျာ, လင်္ကာ, ချေင်း, မော်ကွန်း, ရတုစသော ကာရန်နှင့်စပ်သမျှ ဖွဲ့ဆိုစီကုံးရေးသားသူတို့မှာ ရေးထုံးရေးနည်း, စပ်ထုံး စပ်နည်း,သတ်ညွှန်းသတ်ပုံ ဝေါဟာရအသစ်အဟောင်း, ဝိသဘေဒ, ဂိုဏ်း ယှစ်ပါး, နတ်စောင့်နက္ခတ်, နေ့နံစသောအချက်အဆစ်တို့ကို ကျွမ်းကျင် လိမ္မာအောင် သင်ကြား မှတ်သား၍ တတ်မြောက်သဖြင့် ကဗျာ,လင်္ကာ

ဖွဲ့ဆိုစီကုံးခြင်းငှါ စွမ်းနိုင်လင့်ကစား ကိုရိယာခြောက်ဆယ်ကို ခွဲခြမ်းဝေဘန်၍ မသိချေက ကောင်းသောမြတ်စွာသောအဆီအနှစ်သဖွယ်မဖြစ်၍ ပညာယှိတို့ အားရနှစ်သက်လောက်အောင် မစပ်မဆိုနိုင်ရာ၊ယင်းသည့်ကိုရိယာခြောက်ဆယ်ကိုတတ်မြောက်ကျွမ်းကျင်မှ ပညာယှိတို့နှစ်သက်လောက်အောင် ကောင်းသောမြတ်သော အဆီအနှစ်သဖွယ်ဖြစ်သော ကာရန်နှင့်စပ်သောစီကုံးရေးသားနည်းတို့နှင့်အညီ ရေးသားစီကုံးနိုင်မည်ဖြစ်၍, သုတေသန,သုတသန္ဓိစယဂုဏ်နှင့်တကွ ကဝိမြောက်လိုသူတို့သည် ဤဖော်ပြအပ်သော ကိုရိယာခြောက်ဆယ်ကို ခြားခြားနားနားကျွမ်းကျင်အောင် လေ့လာမှတ်သားအပ်သတည်း။

## ၃၆·ရှေးပညာယှိတို့စီကုံးစသာပျို့,လင်္ကာ,မော်ကွန်း, ဧချင်း,ရတု,သံပိုင်းများ

သက္ကရာဇ် ၈၀၄·ခုနှစ်တွင် နန်းတက်တော်မူသော စစ်ကိုင်းမြို့ ထုပါရုံစေတီတော်ဒါယကာ နရပတိကြီးမင်းလက်ထက်ကစ၍, ရဟန်းပညာယှိ, လူပညာယှိတို့စီကုံးရေးသားကြသည့် ပျို့, လင်္ကာ, မော်ကွန်း, ဧချင်း, ရတု, သံပိုင်းတို့အမည်များကား-

### ပျို့အမည်များ

၁။ ပါရမီတော်ခန်းပျို့။
၂။ ဆုတောင်းခန်းပျို့။
၃။ တောင်းတွင်းလာပျို့။
၄။ ဓမ္မပါလပျို့။
၅။ ဗုဒ္ဓုပ္ပတ္တိပျို့။
၆။ ဘူရိဒတ်လင်္ကာကြီးပျို့။
၇။ ဘူရိဒတ်ဇာတ်ပေါင်းပျို့။
၈။ ကိုးခန်းပျို့။
၉။ သံဝရပျို့။
၁၀။ ဂမ္ဘီသာရပျို့။
၁၁။ နေမိမဃ္ဃစိုးခန်းပျို့။
၁၂။ နေမိငရဲခန်းပျို့။
၁၃။ နေမိဘုံခန်းပျို့။
၁၄။ သုဝဏ္ဏသာမသူရွေးခန်းပျို့။
၁၅။ သုဝဏ္ဏသာမ တောထွက်ခန်းပျို့။
၁၆။ သုဝဏ္ဏသာမသစ္စာခန်းပျို့။
၁၇။ ပြာဒိုဟာခန်းပျို့။
၁၈။ ဗျာဒိတ်တော်ခန်းပျို့။
၁၉။ ရွှေဟင်းသာမင်းပျို့။
၂၀။ အာဒါသမုခပျို့ဟောင်း။
၂၁။ အာဒါသမုခပျို့သစ်။
၂၂။ သေနက်ဗျူဟာပျို့။
၂၃။ သောဏာပျို့။
၂၄။ သာမိနပျို့။
၂၅။ စကြာမင်းပျို့။

၂၆။ နန္ဒိသေနပျို။
၂၇။ ဇမ္ဗူဟာစက္ကိပျို။
၂၈။ လောကသာရပျို။ ✓
၂၉။ ဝိပါက်တော်ခန်းပျို။
၃၀။ မဓ္ဓရာသီပျို။
၃၁။ မဓ္ဓရသပျို။
၃၂။ တေမိပျိုဟောင်း။
၃၃။ တေမိပျိုသစ်။
၃၄။ စန္ဒကုမာရပျို။
၃၅။ ကုသပျိုဟောင်း။
၃၆။ ကုသပျိုသစ်။
၃၇။ အပဏ္ဏကပျို။
၃၈။ ဒွါသဋ္ဌိဒိဋ္ဌိပျို။
၃၉။ မဟော်ဥမင်ခန်းပျို။
၄၀။ မဟော်ကျေးစာခန်းပျို။
၄၁။ မဟော်ပြဿနာခန်းပျို။
၄၂။ ဥမ္မာဒန္တီပျိုသစ်။
၄၃။ မဟာဇနကပျိုဟောင်း။
၄၄။ မဟာဇနကပျိုသစ်။
၄၅။ ရတနာယဉ်နပျို။
၄၆။ ယသော်ဓရာ တမ်းချင်းပျို။
၄၇။ မင်းလှယဉ်နပျို။
၄၈။ အရိန္ဒမပျို။
၄၉။ မဏိခက်ပျိုဟောင်း။
၅၀။ မဏိခက် ဇာတ်ပေါင်း ပျို
သစ်။
၅၁။ ရွှေစက်တော်ပျို။
၅၂။ ဝဏ္ဏမာရီပျို။
၅၃။ အာသက်ပျို။
၅၄။ ရာဇမာယာပျို။
၅၅။ ဥပနန္ဒပျို။
၅၆။ သမ္ဘုလပျို။
၅၇။ လက္ခဏာခန်းပျို။
၅၈။ နရပသံသပျို။
၅၉။ ရာဇသာရပျို။
၆၀။ နှစ်ကိုပ်ယှစ်ဆူပျို။
၆၁။ နရစိုးခန်းပျို။
၆၂။ မဟာတုဏ္ဍိလပျို။
၆၃။ မွေ့ရာယဉ်ပျို။
၆၄။ သမပိုက်ပျို။
၆၅။ ဗုဒ္ဓဃောသုပ္ပတ္တိပျို။
၆၆။ ပရိနိဗ္ဗာနပျို။
၆၇။ ရွှေတိဂုံပျို။
၆၈။ မဥ္ဇူဓမ္မပျို။
၆၉။ အောင် ခြင်း ယှစ် ပါး ပျို
ဟောင်း။
၇၀။ အောင်ခြင်းယှစ်ပါးပျိုသစ်။
၇၁ ကျေးဇူးတော်ပျို။
၇၂။ ယိုးဒယားသံရေးက်ပျို။
၇၃။ ကုမ္မာဘယပျို။
၇၄။ ဒန္တာသီရိပျို။
၇၅။ နန္ဒပျို။
၇၆။ ကြာနတ်ကေသာပျို။
၇၇။ မဟာပတီပျို။
၇၈။ နမောလင်္ကာပျို။
၇၉။ *သူဇာပျို။
၈၀။ သမုဒ္ဒဃောသပျို။ ✓
၈၁။ တောထွက်ခန်းပျို။ ✓
၈၂။ နဝရတ်ပျို။
၈၃။ ဂရုဓမ္မပျို။

* အချို့စာညွှန်းမှာ သူရာပျို့ဟု မြင်ထားသည်။

၈၄။ ဂါထာခြောက်ဆယ်ပျို့။
၈၅။ ဝေဿန္တရာပျို့ဟောင်း။
၈၆။ ဝေဿန္တရာပျို့သစ်။
၈၇။ ရှေ့မင်းပျို့။
၈၈။ မုဒုလက္ခဏာပျို့။
၈၉။ ဝိဓုရပျို့။
၉၀။ ဇယဒိသပျို့။
၉၁။ ပြည်တော်ဝင်ပျို့။
၉၂။ စန္ဒကိန္နရီပျို့ဟောင်း။
၉၃။ ဣသိသိင်္ဂပျို့။
၉၄။ မယ်တော်မာယာပျို့။
၉၅။ ဥမ္မာဒန္တီပျို့ဟောင်း။
၉၆။ မင်းနန်ပျို့။
၉၇။ ရာဇနီတိပျို့။
၉၈။ ဂုတ္တိလပျို့။
၉၉။ နာရဒပျို့ဟောင်း။
၁၀၀။ စမ္မေယျပျို့ဟောင်း။
၁၀၁။ စမ္မေယျပျို့သစ်။
၁၀၂။ မနော်ပျို့ဟောင်း။
၁၀၃။ မနော်ပျို့သစ်။
၁၀၄။ မာလာလင်္ကာရပျို့။
၁၀၅။ မဟာပုရိသလက္ခဏာပျို့။
၁၀၆။ မဟာသုတသောမပျို့ဟောင်း။
၁၀၇။ မဟာသုတသောမပျို့သစ်။
၁၀၈။ *ဘုရားကြီးသမိုင်းပျို့။
၁၀၉။ ပဋ္ဌာစာရီပျို့။
၁၁၀။ သျှင်မာလဲပျို့။
၁၁၁။ ဇမ္ဗုပတိပျို့။
၁၁၂။ ရာဇဗျူဟပျို့။
၁၁၃။ ရာဇဝသတီပျို့။
၁၁၄။ ယသော် ရော ကန်တော့ခန်းပျို့။
၁၁၅။ ဟိတကာရီပျို့။
၁၁၆။ ဟန်လင်းမြို့သမိုင်းပျို့။
၁၁၇။ သြဝါဒထူးပျို့။
၁၁၈။ ဥဒေနမင်းစောပျို့။
၁၁၉။ အာနန္ဒာငိုချင်းပျို့။
၁၂၀။ ဝေပုလပျို့။
၁၂၁။ ရှုရှမိဂပျို့။
၁၂၂။ ပုလဲဆင်မင်းပျို့။
၁၂၃။ အဘိရူပကပျို့။
၁၂၄။ တိက္ကုကြာပျို့။
၁၂၅။ ဘလ္လာတိယပျို့။
၁၂၆။ ဥဒေါင်းမင်းပျို့
၁၂၇။ မန္ဓာတုစကြာမင်းပျို့။
၁၂၈။ ရာဇဝံသပျို့။
၁၂၉။ သာမုဒ္ဒိကပျို့။
၁၃၀။ ကလိင်္ဂဗောဓိပျို့
၁၃၁။ အကိတ္တိပျို့။
၁၃၂။ ဒေဝဓမ္မပျို့။
၁၃၃။ စန္ဒကိန္နရီပျို့သစ်။
၁၃၄။ နာရဒပျို့သစ်။
၁၃၅။ သီလဝပျို့။
၁၃၆။ ပဥ္စာဝုဓပျို့။
၁၃၇။ ဥဒေနပျို့။
၁၃၈။ နာနာဆန္ဒပျို့။
၁၃၉။ ပြာသာဒ်ကျောင်းဘွဲ့ပျို့။
၁၄၀။ အာကာသစာရီပျို့။
၁၄၁။ သုတရာသီပျို့။

---

*မန္တလေးမြို့တော်ရှိ မဟာမြတ်မုနိဘုရားကြီးသမိုင်းဖြစ်သည်။

## လင်္ကာအမည်များ

၁။ မင်းဆက်လင်္ကာ။
၂။ ဆင်ကြွန်လင်္ကာ။
၃။ မြင်းကြွန်လင်္ကာ။
၄။ နန်းဘွင့်လင်္ကာ။
၅။ ရာဇဝသတီလင်္ကာ။
၆။ ဗြို့ဟတ်လင်္ကာ။
၇။ တောင်တွင်းမြို့သမိုင်းလင်္ကာ။
၈။ ကဝိကဏ္ဍပါသလင်္ကာ။
၉။ သီလခန်းလင်္ကာ၊
၁၀။ ငှက်ကြွန်လင်္ကာ။
၁၁။ တိတ်ထုံးပါရာကျမ်းလင်္ကာ။
၁၂။ စေတီတော်သံပိုင်းလင်္ကာ။
၁၃။ ဓမ္မတာမော်ကွန်းချိန်ကွတ်လင်္ကာ။
၁၄။ ပကိဏ္ဏကဓမ္မသတ်လင်္ကာ။
၁၅။ ဝိနိစ္ဆယဓမ္မသတ်လင်္ကာ။
၁၆။ မင်းခမ်းတော်လင်္ကာ။
၁၇။ ဗဟုဿုတလင်္ကာ။
၁၈။ မနုရင်းလင်္ကာ
၁၉။ မနုဓမ္မသတ်ရွှေမျဉ်းလင်္ကာ။
၂၀။ မနုဝဏ္ဏနာဓမ္မသတ်လင်္ကာ။
၂၁။ နေမိတ္တကလင်္ကာ။
၂၂။ မြင်ကွန်းဓမ္မသတ်လင်္ကာ၊
၂၃။ ဆင်ဖြူ-ရှင်လှသမိုင်းလင်္ကာ။
၂၄။ ရှင်ဓမ္မသာမိရေးသည့်နိယံလင်္ကာ။
၂၅။ ဝါရီရူဓမ္မသတ်လင်္ကာ။
၂၆။ ဒွါဒသိမ်လင်္ကာ။
၂၇။ အဋ္ဌသံခိပ်ဓမ္မသတ်လင်္ကာ။
၂၈။ အဋ္ဌရာသီဓမ္မသတ်လင်္ကာ။
၂၉။ ဆကာရန္တနယသတ်ပုံမ်လင်္ကာ။

၃၀။ ကဗျာသာရတ္ထသင်္ဟသတ်ပုံမ်လက်ာ။
၃၁။ သဒ္ဒါနုသာရီသတ်ပုံမ်လက်ာ။

### မော်ကွန်းအမည်များ

၁။ ရွှေနန်းကြော့ရှင်နန်းဘွဲ့မော်ကွန်း။
၂။ တံတားဦးတည်မော်ကွန်း။ [သီလဝံသ။]
၃။ ရှိရှားကန်ဘွဲ့မော်ကွန်း။
၄။ ရွှေနန်းဘွဲ့မော်ကွန်း။
၅။ ပုံတောင်နိုင်မော်ကွန်း။
၆။ တံတားဦးတည်မော်ကွန်း။ [ရဋ္ဌသာရ။]
၇။ ပြည်စုန်မော်ကွန်း။
၈။ ရွှေစာတိုင်ဆင်တော်မော်ကွန်း။
၉။ ပုဏ္ဍရိကဆင်တော်မော်ကွန်း။
၁၀။ ဝရသေတဂိရိဆင်တော်မော်ကွန်း။
၁၁။ ရွှေမင်းဘုန်းဆင်တော်မော်ကွန်း။
၁၂။ ရတနာပြောင်မွန်ဆင်တော်မော်ကွန်း။
၁၃။ ပုပ္ဖဒန္တဆင်တော်မော်ကွန်း။
၁၄။ အရေးတော်မော်ကွန်း။ [တွင်းသင်းဝန်။]
၁၅။ ဝတ်ရုံကျောင်းဘွဲ့မော်ကွန်း။
၁၆။ မင်္ဂလာအောင်ပွဲတော်ရဲရည်တက်မော်ကွန်း။
၁၇။ ရတနာပူရမြို့တည်မော်ကွန်း။
၁၈။ မိထိလာကန်ဘွဲ့မော်ကွန်း။
၁၉။ ရတနာပူရအဝရွှေပြည်ကြီးလာမော်ကွန်း။
၂၀။ ပြည်တော်ဝင်မော်ကွန်း။
၂၁။ မဟာဝိဇယရံသီစည်းခံတော်မော်ကွန်း။
၂၂။ စန္ဒာမုနိမော်ကွန်း။
၂၃။ ဗာဝရီမော်ကွန်း။
၂၄။ ဝိလာသနီမော်ကွန်း။
၂၅။ အာသံနိုင်မော်ကွန်း။
၂၆။ ရခိုင်နိုင်မော်ကွန်း။
၂၇။ ရွှေနန်းဘွင့်မော်ကွန်း။
၂၈။ ဌာသျှံဂူမော်ကွန်း။

၂၉။ လောကဝိဒူမော်ကွန်း။
၃၀။ ရဲတင်းမော်ကွန်း။
၃၁။ သာမုဒြိကမော်ကွန်း။
၃၂။ တရုပ်သံရောက်မော်ကွန်း။
၃၃။ မင်းကွန်းနန်းတည်မော်ကွန်း။
၃၄။ အမရပူရမြို့ဘွဲ့မော်ကွန်း။
၃၅။ မင်းကွန်းစေတီတော်တည်မော်ကွန်း။
၃၆။ မင်းကွန်းဘုရားမော်ကွန်း။
၃၇။ လောကမဏိစူဠာစေတီမော်ကွန်း။
၃၈။ သိမ်တော်မော်ကွန်း။
၃၉။ ဗိမာန်ရတနာကျောင်းတော်မော်ကွန်း။
၄၀။ မဟာဝေယန်ဘုံသာကျောင်းတော်မော်ကွန်း။
၄၁။ ဗာရာဏသီမော်ကွန်း။
၄၂။ မင်းရဲကျော်စွာ ၄-ထပ်ကျောင်းတည်မော်ကွန်း။
၄၃။ မုဒ္ဒါဘိသေကမော်ကွန်း။ [ရာဇဗလကျော်ထင်။]
၄၄။ ရှင်ဖြူဘုရားမော်ကွန်း။
၄၅။ ကျေးဇူးတော်မင်္ဂလာမော်ကွန်း။
၄၆။ လှံတော်စကြာမော်ကွန်း။
၄၇။ စလွယ်တော်ဆင်မော်ကွန်း။
၄၈။ ယိုးဒယားနိုင်မော်ကွန်း။
၄၉။ အရေးတော်မော်ကွန်း။ [ပုံချီရွှေတောင်။]
၅၀။ ရွှေဘုံသာမော်ကွန်း။
၅၁။ ဆဒ္ဒန်ပြောင်ကျော်ဆင်တော်မော်ကွန်း။
၅၂။ မုဒ္ဒါသိသိက်မော်ကွန်း။ [လက်ဝဲသုန္ဒရ။]
၅၃။ ဓညဝတီနိုင်မော်ကွန်း။
၅၄။ ကပိလမော်ကွန်း။
၅၅။ ဓညဝတီမော်ကွန်း။
၅၆။ ဇေယမင်္ဂလာမော်ကွန်း။
၅၇။ ပြကန်ဘွဲ့မော်ကွန်း။
၅၈။ မြို့ထောင့်စေတီမော်ကွန်း။
၅၉။ မင်းရဲကျော်စွာစုန်မော်ကွန်း။

၆၀။ ပုဂံစုန်မော်ကွန်း။
၆၁။ ရွှေကြက်ယက်မော်ကွန်း။
၆၂။ မဟာလောကသင်းကျစ်မော်ကွန်း။
၆၃။ ဒဝယ်နိုင်မော်ကွန်း။
၆၄။ မဟာမင်းခေါင်သမိုင်းမော်ကွန်း။
၆၅။ ပြာသာဒ်ကျောင်းမော်ကွန်း။
၆၆။ ယိုးဒယားနိုင်မော်ကွန်း။ [စလေ။]
၆၇။ ရတနာနန္ဒီမော်ကွန်း။ [စလေ]
၆၈။ မန္တလေးဘွဲ့မော်ကွန်း။ [စလေ။]
၆၉။ ရတနာနန္ဒီမော်ကွန်း။ [ကင်းဝန်မင်းကြီး။]
၇၀။ မဒမ္မာဇမော်ကွန်း။ [ကင်းဝန်မင်းကြီး။]
၇၁။ မင်္ဂလာစေတီမော်ကွန်း။

### ဧချင်းအမည်များ

၁။ * သခင်ထွေးဧချင်း။
၂။ * မင်းတရားရွှေထီးဧချင်း။
၃။ * မင်းတရားရွှေထီးနားတော်သွင်းဧချင်း။
၄။ * သခင်ကြီးဧချင်း။
၅။ * မင်းတရားမယ်တော်ဧချင်း။
၆။ * ယိုးဒယားမိဖုရားဧချင်း။
၇။ * နတ်ရှင်မယ်တော်ဧချင်း။
၈။ * မဟာဥပရာဇာဧချင်း။
၉။ * မင်းရဲကျော်စွာဇုန်ဧချင်း။
၁၀။ * မင်းရဲနရာဧချင်း။
၁၁။ * မင်းရဲဒိဗ္ဗဧချင်း။
၁၂။ * မင်းရဲသိင်္ခသူဧချင်း။
၁၃။ ရခိုင်မင်းသမီးဧချင်း။
၁၄။ ရတနာမာရ်အောင်ဘုရားဒါယကာဧချင်း။
၁၅။ မင်းရတနာဧချင်း။

---

* ၎င်းဧချင်းတို့မှာ မင်းသားဧချင်း-၇၊ မင်းသမီး မိဖုရားဧချင်း-၅၊ ပေါင်း ၁၂-ယိုသည်၊ ဧချင်း ၁၂-စောင်၊ ဧချင်း ၁၂-ဖွဲ့ဟူ၍လည်းခေါ်သည်။

၁၆။ မင်းထိပ်ဦးနေချင်း။
၁၇။ စဥ့်ကူးမင်းချင်း။
၁၈။ ရိုးတော်ယူချင်း။
၁၉။ မျိုးတော်စဥ်ချင်း။
၂၀။ ဆင်ဖြူရှင်မယ်ချင်း။[တွင်းသင်းဝန်။]
၂၁။ ဆင်ဖြူရှင်မယ်ချင်း။[ရွှေမြို့တော်ဝန်။]
၂၂။ ဆင်ဖြူရှင်မယ်ချင်း။[ဝက်မစွတ်နဝဒေး။]
၂၃။ ဆင်ဖြူရှင်မယ်ချင်း။ [နဝဒေး။]
၂၄။ ဆင်ဖြူရှင်မယ်ချင်း။ [မောင်ကင်း။]
၂၅။ လောကချမ်းသာ ဘုရားဒါယကာမင်းတရား ချင်း။
[ဇေယရန္တမိတ်ကျော်သူ။]
၂၆။ လောကချမ်းသာ ဘုရားဒါယကာ မင်းတရား ချင်း။
[သီရိန္ဒကျော်ထင်။]
၂၇။ လောကချမ်းသာ ဘုရားဒါယကာ မင်းတရားချင်း။
[အနောက်ဝန်စည်သူသင်္ယာ။]
၂၈။ လောကချမ်းသာ ဘုရားဒါယကာ မင်းတရားချင်း။ [မ]
၂၉။ လောကချမ်းသာ ဘုရားဒါယကာ မင်းတရားချင်း။[ပ]
၃၀။ မင်းထိပ်ဦးတင်ချင်း။
၃၁။ ထိပ်တင်ဘွားမယ်ချင်း။
၃၂။ ဘိုးတော်မယ်ချင်း။
၃၃။ သခင်မယ်ကေးချင်း။
၃၄။ စဥ့်ကူးမင်းရွှေနားတော်သွင်းချင်း။ [ပလိပ်စား။]
၃၅။ ပင်းတလဲမင်းချင်း။ [မိုးတော်ညီ။]
၃၆။ ထိပ်တင်မင်းမြတ်ရာချင်း။
၃၇။ မင်းရွှေနန်းချင်း။
၃၈။ မင်းတရားသွီးတော်ချင်း။
၃၉။ မိထိလာကာမမင်းသွီးချင်း။
၄၀။ သခင်ဘိုးချင်း။
၄၁။ မင်းသက်ရှည်ချင်း။
၄၂။ ဝိမလရာဇချင်း။
၄၃။ ဘုရင်နှမတော်ချင်း။

၄၄။ သခင်မင်းစဉ်ဧချင်း။
၄၅။ စစ်ကိုင်းသခင်ဧချင်း။
၄၆။ ပလိပ်စားဧချင်း။
၄၇။ ကင်းဝန်မင်းကြီးဧချင်း။
၄၈။ မြပုခက်တင်မင်္ဂလာဧချင်း။


ရတုများမှာ အထက်ကဖော်ဆိုခဲ့သော ရဟန်းပညာယှိ, ဘုရင်မင်းပညာယှိ, မင်းသားပညာယှိ, မိဖုရားပညာယှိ, မိမ္ဗပညာယှိ, မှူးမတ်ပညာယှိတို့ စပ်ဆိုသောရတုများကို ဆည်းပူးကြည့်ရှု မှတ်သားကြရန်သာ လိုရင်း ဖြစ်တော့သည်၊ ရတု၏ အမည်ကိုဦးရေခွဲခြား၍ ရေးသားရန်အလွန် များပြားမည်ဖြစ်သောကြောင့် ချန်လှပ်လိုက်သည်။

ထိုဖော်ပြအပ်သော ပျို့,လင်္ကာ,မော်ကွန်း,ဧချင်းစသည်တို့ကို ရေးသားစီကုံးသောဆရာများ၏ အမည်ကိုသိလိုလျှင် ပိဋကတ်သမိုင်းကို ကြည့်ရှုပါက အလုံးစုံသိနိုင်ရာချေသည်၊ ထိုထိုဖော်ပြခဲ့သောပျို့,လင်္ကာ, မော်ကွန်း,ဧချင်း ရတုများကို ကြည့်ရှုမှတ်သားကြပါလျှင် ရေးထုံး ရေးနည်း,စပ်ထုံး စပ်နည်း တို့မှစ၍ ဂိုဏ်း, ကိရိယာနှင့်တကွ ပြည့်စုံသဖြင့် အလွယ်နှင့် နားလည် တတ်မြောက်နိုင်စရာ ကောင်းလှပေသည်။

**ကဗျာစပ်နည်းပြီး၏။**

# ၃–စာရေးနည်းဖတ်နည်း

## ၄၀-သတ္တရတနာစကြာခုနစ်ထပ်ရေးနည်း




၁။ စကြာရှေးလွှတ်၊ လေးကျွန်းပတ်သည်၊ မန္ဓာတ်စောရာဇာ။
၂။ စကြာရှေးထား၊ လေးကျွန်းသွားသည်၊ မင်းဖျားသက်ရှည်စွာ။
၃။ စကြာရှေးရှိ၊ လေးကျွန်းစိုးသည်၊ တန်းခိုးကျော်ဇွန်းဝါ။
၄။ စကြာရှေးဆောင်၊လေးကျွန်းအောင်သည်၊ ယခေါင်ပြေပရာ။
၅။ စကြာရှေးတည်၊ လေးကျွန်းလည်သည်၊ ယင်းသည်မင်းပမာ။
၆။ စကြာရှေးတင်၊ လေးကျွန်းရှင်သည်၊ ဘုန်းအင်မမျှသာ။
၇။ စကြာရှေးဖန်၊ လေးကျွန်းမှန်သည်၊ ဘုန်းဝှန်တို့ထွန်းချာ။

ဤနည်းအတိုင်း အဖြောင့်ရေးသား ဖတ်ဆိုရပါသည်၊ စကြာပုံမှာ အလယ် (စ) အက္ခရာ တလုံးထည်းကို အခြေပြု၍ လှည့်ပတ် ရေးသားရပါသည်။


## ၄၁-ပဒုမ္မာကြာဖူးပုံဆို ရေးနည်းရတုသုံးပိုဒ်

### ဗဒုမ္မာကြာဖူးပုံ(၁)





၁။ ချစ်စုံမက်၍၊ သက်ထက်ဆယ်ပြန်၊ ချစ်ခြင်းလွန်သား၊ ရဲအား မြောက်ခေါ်င်၊ချစ်ဆွေမောင်လျှင်၊ ကွင်းချောင်ခမ်းကျယ်၊ ချစ်စမွယ်၍၊ မပြယ် မေတ္တာ၊ ချစ်ခန္ဓာကား၊ မကွာတူကွ၊ ချစ်ကြောင်းစမူ၊ ဘဝလူ့ရွာ၊ ချစ်ခြင်း ရာကား၊ သည်သာအထူး၊ ချစ်ဦးအစ၊ မဟုတ်ကြတည့်၊ ချစ်စထပ်ဇွန်၊ အဖန်ဖန်လျှင်၊ ချစ်ပြန်ရကာ၊ မတ်ကြီးလျာကို၊ နရာဘုန်းတူ၊ လူတို့ထိပ်မိုး၊ နတ်နိုးကြီရေး၊ မြို့ဇွန်းပေး၍၊ မနေးလျှင်ထွေ၊လှမ်းရလေသည်။ ။ညွှတ်ခွေ လွမ်းရက်ပင်တကား။

မဒုမ္မာကြာဖူးပုံ (၂)




၂။ လွှမ်းရက်ရေ၍၊ မပြေဗျာပါ၊ လွှမ်းခြင်းရာကို၊ မှာလိုက်လျှောက်အံ့၊ လွှမ်းလှေ့ာက်ထပ်ဌာန်၊ အဖန်ဖန်လျှင်၊ လွှမ်းပြန်လေလေ၊ စွေ့ရေတယူ၊ လွှမ်းသစ်ကူက၊ ဆာပူညွှတ်ပျောင်း၊ လွှမ်းလောင်းကြီးမြင့်၊ အဆင့်ဆင့်လျှင်၊ လွှမ်းနှင့်မနား၊ ဆွေမင်းသားကြောင့်၊ လွှမ်းအားထပ်ညွှ်၊ မလောက်လှည့်ဟု၊ လွှမ်းပြည့်ထွေလာ၊ သဝန်စာနှင့်၊ လွှမ်းတာမြင့်အောင်၊ ရန်ပေါင်ရပ်ဝေး၊ မြို့စွန်ကျေးဝယ်၊ ရက်နေ့ရှည်စွာ၊ ကြာလိမ့်မည်ဟု၊ မတည်မတန်၊ လွှမ်းပြန်ရှိန်နူး၊ ဆွတ်မိန်းမူးသည်။ ။မယ်ထူးညို မရှင်တကား။

## မဒုမ္မာကြာဖူးပုံစံ(၃)




၃။ ညိုးရော်တရွှေ၊ ဆွတ်မြွေမိန့်မူး၊ ညိုးဖြုန့်ဖြူးလျက်၊ မယ်ထူးချည်းသာ၊ ညိုးဖျာပါတည့်၊ ထပ်ခါညိုးတမ်း၊ ညိုးသမ်းပျောင်းပြ၊ အဆဲဆလျှင်၊ ညိုးလှ သဏ္ဍာန်၊ ပန်းကြာမွန်လျှင်၊ ညိုးဝန်ဝေသိုက်၊ရေနိုက်ကွာမူ၊ ညိုးကာလည်းယို၊ ခန်းခြောက်ဖိသို့၊ညိုးရိပန်းတောင်း၊ ဖြစ်ပေယှောင်းသို့၊ညိုးလျှောင်းမျှော်လိုက်၊ ခေါ်စိုက်တယူ၊ ညိုးပူသည်းတောက်၊ လင်လောက်ချစ်အား၊ လွမ်းလောက် ပွား၏၊ သနားပါလေ၊ နောင်မင်းချေဟု၊ စေ့ရေကြောင်းလျှား၊ မယ့်ဖြစ် လားကို၊ လျှောက်ကြားမှာသည်။ ။ရွှေကြာပန်းညွန့်ရှင်တကား။

## ၄၂-ကိုယ်တွင်းပြည့်ရေးနည်းသုံးပိုဒ်

၁။ မြသွယ်ရောင်လျှံ၊ကုံး၍ပန်လျက်၊ဝင်းစံကြွေရွက်၊ဖူးသစ်ထွက်သော်၊ အခက်မြတေ၊ မြရွက်ထွေ၍၊ ထုတ်ပေဖော်ပြ၊ သွယ်တံလှနှင့်၊မွေးပြထိုလွတ်၊ ပန်းဖက်ဆွတ်ကို၊ ချိုးညွတ်ခုပင်၊ ကျွမ်းလက်သင်၍၊ ကေရှင်သွယ်မြ၊ ဆင်ဘိ ရသည်။ ။ညာမြရွှေရည်ဧးဘိသည်။

၂။ လှသွယ်ခေါင်စံ၊ လုံးရွှေရံလျက်၊ မင်းစံရွှေညက်၊ ဦးသစ်ခက်သော်၊ အညက်စုဝေ၊ လှညက်ချေ၍၊ နှုတ်ထွေတော်စ၊ ငယ်သံမြနှင့်၊ မေးမှယုံမြတ်၊ တန်းသက်မှတ်ကို၊ ကြိုးလွတ်ခုမြင်၊ လွမ်းရက်ပြင်၍၊ နေပင်ငယ်က၊ မြင်မိ ရသည်။ ။ခါရဖွေနည်ရေးဘိသည်။

၃။ မျှရွယ်တောင်ရံ၊ ရုံးထွေစံလျက်၊ တင်းသံဝေခက်၊ ကြူးနှစ်ဆက် သော်၊ ပလျက်မြတေ၊ မြသက်ဝေ၍၊ဟုတ်နေတော်စ၊ ကြယ်ဘံလှနှင့်၊သွေးချ ပုံခတ်၊ ရွှန်းညက်ထွတ်ကို၊ ညိုးဆွတ်ရှုချင်၊ တမ်းလျက်ကျင်၍၊ ရွှေစင်ဆယ်စ၊ ထင်သိကြသည်။ ။ကာလထွေလည်သေးဘိသည်။

---

## ၄၃-တောင်ငူမင်းစာဆိုတော်အနောက်ဝန်မင်း မောင်ဥဆို ရတု ၃-ပိုဒ်

*၁။ ကျွမ်းငယ်ဘော်၊တန်းခေါ်ကြာမြင့်၊ခါသင့်ချမ်းဆောင်း၊သမ်းပျောင်း ဆိုတ၊ ယိုကျရှုမ်းစွတ်၊ လွမ်းဆွတ်ဖော်ထွေ၊ ဖျော်ဖြေမောခွေ့၊ ချောမွေ့လင်း ပြောင်း၊ ဆင်းရောင်မြတူ၊ တယူရှမ်းသွယ်၊ ကျွမ်းငယ်ကြင်ဖော်၊ ရှင်ပျော် လေးမြတ်။ ။ပေးသက်မှတ်။

၂။ မှတ်သက်ပေး၊ မြတ်လေးပျော်ရှင်၊ ဘော်ကြင်ငယ်ကျွမ်း၊ သွယ်ရှုန်း ရူတ၊ တူမြရောင်ဆင်း၊ ပြောင်လင်းမွေ့ချော၊ ခွေ့မောဖြေဖျော်၊ ကွေဘော် ဆွတ်လွမ်း၊ စွတ်ရှုမ်းကျယို၊ တဆိုပျောင်းသမ်း၊ ဆောင်းချမ်းသင့်ခါ၊မြင့်ကြာ ခေါ်တမ်း။ ။ဘော်ငယ်ကျွမ်း။

၃။ သက်မှတ်ပေး၊ လေးမြတ်ပျော်ရှင်၊ ကြင်ဘော်ငယ်ကျွမ်း၊ ရှမ်းသွယ် ရူတ၊ မြတူရောင်ဆင်း၊ လင်းပြောင်မွေ့ချော၊ မောခွေ့ဖြေဖျော်၊ ဘော်ကွေ

ဆွတ်လွမ်း၊ ရှမ်းစွတ်ကျယို၊ ဆိုတပျောင်းသမ်း၊ချမ်းဆောင်းသင့်ခါ၊ ကြာမြင့်ခေါ်တမ်း။ ။ငယ်ဘော်ကျွမ်း။

စကားချပ်။ [တောင်ငူမင်းကား အမရပူရမြို့စိတည် ဗိုဒ်းတော်မင်းတြားကြီး ညီသားတော် တောင်ငူမြို့စား မင်းသားဖြစ်သည်၊ တောင်ငူစား, တောင်ငူမြို့စား, တောင်ငူမင်းသား, တောင်ငူမင်းဟူ၍ အမျိုးမျိုးရေးသားခေါ်ဝေါ်ကြသည်။]

## ၄၄-ဥသျှောင်ရေးနည်းအပေး

နောင်မလျှောင်း၊ တပေါင်းလည်းကြူး၊ တန်းခူးလည်းကုန်၊နေတုန်လည်းတွေ့၊ ရေငွေ့လည်းစဲ၊၊ နှင်းပွဲးလည်းပြန့်၊ ပြည်ပန့်လည်းပေါ်၊ ငှက်တော်လည်းကျူး၊ တန်းခူးလပြန်၊ တောစွန်ခပ်သိမ်း၊ ထွားနုစိမ်း၏။ အိုကြင်သူ။ ။နတ်တူနှိုင်းတုမရှုပြီလော။ ။ပြန်ခဲ့အော့။

## ၄၅-ဥသျှောင်ရေးနည်းအပြန်

ကျင့်လိုလိုသည်၊ အိုဘုရင်။ ။မုန်တိုင်းပြင်နှင့်၊ ကြောင်တိလျှိုး၊ တံဖိုးတိပျပ်၊ တံလှပ်တိမြေ၊ ပဲးတွေတိကြွေ၊ လေပွေတိရှည်၊ ပဇဉ်းတိမြည်ရှင်၊ ဘဝသခင်ဘုရား၏၊ ပညောင်ပင်တော်၊ ရွက်ရော်ကျ၏၊ မြောက်သားလှနှင့်၊ မိ-ဘ-ဘေး-ဘိုး၊ ရွှေပုထိုးကို၊ ဥမျိုးညောင်ရေ၊ မသွန်းပြီလော။ ။ပြန်ခဲ့ပြီ။

## ၄၆-သျှင်ရဋ္ဌသာရဆို မုဏ္ဍရွှဲးသီရေးနည်း

ရွှယ်ရန်ငွေ့ခ‌ေ့ရှ၊ ရန်လေ့ရာတိ၊ ရဲးရဲးညိမျှ၊ ရန်ပိတပ္ပ၊ ရတနသို့၊ ရှုပနတ်ဆွယ်၊ ရွှမ်းရွှမ်းကယ်မျှ၊ ရွှေသွယ်ပြစ်ထိုး၊ ရွှေခါးကြိုးနှင့်၊ ရွှေမျိုးရွှေခတ်၊ ရွှေကိုယ်ဝတ်ကို၊ ရစ်ပတ်ရချည်း၊ ရွှမ်းရွှမ်းစည်း၍၊ ရထည်းအကြိုက်၊ ရာထောင်ထိုက်၏၊ ရာပိုက်ဖွင့်ရွှေး၊ ရွှံ့ရွှံ့ကွေးကို၊ရေးရေးရုံခြုံ၊ ယုံယုံယုံ၍၊ ရဂုံပျော်မှတ်၊ ရက္ခနတ်တို့၊ ရက်ချွတ်မချာ၊ ရောက်သက်လာသည်၊ ရှိန်ဝါလန်းလန်း၊ ရွှေဇင်ပန်းကို၊ ရွှန်းရွှန်းထိပ်ပြင်၊ ရုံးသီဆင်မှ၊ ရှုအင်တင့်နိုး၊ ရတုမျိုးဝယ်၊ ရှည်ဟိုးဘက်ကင်း၊ ရွှေရောင်ဝင်းနှင့်၊ ယဉ်ချင်းနွဲ့ကြ၊ ရံဘဝဝယ်၊ ရက်လမညောင်း၊ မှူင်ပြီးနှောင်းမှ၊ ရည်ကြောင်းတင်ရည်း၊ ရမထည်းဝယ်၊ ရက်ချည်းဖူးချင်၊ ရှိဦးတင်၍၊ ရပ်ဓွင်နိဗ္ဗာန်၊ ရောက်အံ့မှန်သည်။ ။ရွှယ်ရန်ရည်ရှုရွှေးရှာသောဝ်။

## ၄၇-ရှင်အဂ္ဂရဆို မုဆိုးရွှံ့သိရေးနည်း

မြတ်မျိုးမြင့်မှန်၊ လှမျိုးလွန်၍၊ ရွယ်ရန်ရည်ရင့်၊ ဆင်တိုင်းတင့်သား၊ နတ်နှင့်နှုန်းနှမ်း၊ ငြိမ့်ငြိမ့်ရွှမ်းမူ၊ လှလွမ်းလွမ်းလှည့်၊ ငါးကြန်မှည့်ကို၊ မြေဖြည့်ဖျော်ဖျောက်၊ ကြိမ်ကြိမ်လျှောက်လည်း၊ ပြစ်ပျောက်ဖြို့ဖြို့၊ ဖြူမိတ်စို့နှင့်၊ သူသို့သွေးသည်၊ ဟုတ်မည်မှန်ဘွယ်၊ ဝမ်းဝယ်ပိုးဝါး၊ စိတ်လင့်ပါးခဲ့၊ ကြီးကြားကြီကာ၊ ဂိမ္ဘန်သန်ဆောင်း၊ ပျောင်းပျောင်းပြပြ၊ ကာလခွဲးဖင့် ၊မျိုးရှည်မြင့်သည်။ ။လွမ်းလင့်လွမ်းလိမ့်လေလှည့်လော။

---

## ၄၈-နဝဒေးကြီးဆို ‘စာသံဖြန့်ညီရေးနည်းသုံးပိုဒ်

၁။ မင်းသာစံခင်း၊ အောင်မြေမှန်ကင်း၊ ပြည်မျှားမင်းနှိုက်၊ ရောင်လင်းလျှံတောက်၊ ကွမ်းရွက်ခြူးပြောက်၊ ရွှေတိမောက်သား၊ လေးယောက်မှတ်ရုံ၊ ခြသေ့ခံသည်၊ နှိုင်းစံရတနာ၊ သိင်္ဂါရောင်ထွန်း၊ ဥကင်နန်းနှင့်၊ မျှားလွန်းမဝေး၊ ထောင့်ကွေးရှုမျော်၊ ဥယျာဉ်တော်ဝယ်၊ စံဖော်တနာ၊ ညှာကားမြဆင်း၊ ပင်ရင်းရွှေသား၊ ပြယိုးယားတည့်၊ မြလားဆင်းရောင်၊ ပန်းစံခေါင်ကို၊ ညိုရောင်ရှိန်လင့်၊ ရွှန်းရွှန်းတင့်သား၊ နောင်မင့်ကြင်ဘက်၊ ရွှေသားလက်နှင့်၊ မြရွက်ကေရှင်၊ ထိပ်တော်ပြင်နှိုက်၊ ဆင်စလှည့်လေ။ ။ပြာစင်ပွတ်ချော ဆင်းနတ်လျှော။

၂။ ဆင်းဝါလျှံလင်း၊ ရိပ်ချောင်ခင်းတွင်၊ သားပြာဝင်းနှင့်၊ နွဲ့ရှင်းညိုသွယ်၊ ရူပနိကာယ်၊ သနားဘွယ်ကို၊ ရွှေနှယ်ထိပ်တွင်၊ ဆင်းလျှပ်ပလျက်၊ ဆယ်ကြိမ်ဦးထက်၊ မင်းစံလျက်သို့၊ ချစ်သက်စုဝေ၊ မွှဲ့ထူးဖော်ကွေ၊ ကျန်ရစ်လေသည်၊ မင်းနေနန်းမ၊ ဟင်းသာကပင်၊ သုဝဏ္ဏဘုမ္မိ၊ ကျောက်တိရံမြို့၊ နောင်တို့နေသည်၊ ဇင်းမယ်ပြည်သို့၊ သာကြည်ရွှင်ပြော၊ ရောက်စေသောဟု၊ စိတ်ဇောစေတနာ၊ သဒ္ဓါကြည်ယုံ၊ ကောင်းအာရုံနှင့်၊ ကြံနိုင်သင့်၍၊ မမေ့မကျန်၊ တမ်းခွန်မီးဝါ၊ ကွမ်းယာထပ်လှော်ကါ၊ ပေါက်ပေါက်ဆန်စင်၊ နှံ့ရှင်ကြိုင်ရွှမ်း၊ သင်ပုတ်ဆွမ်းနှင့်၊ ချစ်ကျွမ်းဝင်သည်၊ သခင်နန်းတော်၊ ပြည်ကျော်ဘုရား၊ သုံးလုဖျားဝယ်၊ ကိုယ်စားသို့ပင်၊ ဆုရည်ဆင်၍၊ ဆက်တင်သည့်လေ။ ။မဥ္ဇူနိုင်လျှောမောက်မူသော။

၃။ ခြင်းရာသံညှင်း၊ နှုတ်ရွှေပုံ့ရှင်း၊ ရွှေဘော်ချင်းနှင့်၊ လွမ်းတင်းဆို၍၊ ဆွေညိုရောင်မြ၊ တလိမ့်ဖြစ်ကို၊ ချစ်စိတ်တူသည်၊ အိမ်သူငယ်ကျွမ်း၊ လွမ်းနှင့်မောရှေ့၊နေငွေ့တက်ဟုန်၊ကဆုန်အစ၊ နှီးသော်ကပင်၊ ဆောင်းလကုန်အောင်၊

စာစောင်ခွေသိပ်၊ ခပ်တံဆိပ်နှင့်၊ ချစ်ရိပ်မှာထား၊ မြင်သည်ကားဟု၊ ဗိုးဝါး တွေးခေါ်၊ ယှိနှင့်သော်လည်း။ နတ်ကျော်သင်းကြန်၊ မျက်မာန်ရှိနိုး၊ စိုးတို့ နှစ်ခွ၊ ငြိမ့်မျှရင်တွင်း၊ မြောက်လေညှင်းနှင့်၊ သီးနှင်းလည်းကျ၊သော-ကာလ ဝယ်၊ မြလက်ရုံးကို၊ အုံးတို့စေ၍၊ ယင်ရွှေတူကွ၊ မစက်ရဟု၊ ယူတလှည့်တုံ၊ ဆင်းမြင့်နှင့်၊ စုံချင်စွလေ။ ။မြကျော်တွင်မောပြတ်ရှင်စော။

---

## * ၄၉—ပျို့ကဗျာလင်္ကာရတုတို့နှိုက်သိလိမ္မာစေကြောင်း အကျိုးငါညွှန်ပြသော ရတုပိုဒ်စုံ

၁။ ပြောင်ဆန်းခွန့်ရှည်၊ ကောင်းဘို့ရည်စိမ့်၊ လေးမည်ဂုဏ္ဌ၊လေးဝံသနှင့်၊ အနိဋ္ဌလေးဖြာ၊ အ-ဝဏ္ဏာလေးဝ၊ ယှိမူလတွင်၊ မ-န-ဘ-ယာ၊ ဂိုဏ်းလေး ဖြာကို၊ ဂုဏ္ဌာမှတ်ကြ၊ ဇ-သ-ရ-တာ၊ ဤလေးဖြာမူ၊ အနိဋ္ဌာမှတ်ရ၊ လေးဝံ သမှာ၊ ဗြာဟ္မဏာစ၊ ခတ္တိယနှင့်၊ ဝေဿသုဒ္ဒါ၊သို့လေးဖြာဝယ်၊ ဒီဃာပဌ္ဌ၊ က-ဝဂ္ဂနှင့်၊ စ-ည-ဠ-ဏ၊ စုဒ္ဒသတုံ၊ ဗြာဟ္မဏာနွယ်၊ တသွယ်-တ-န၊ ပ-မ- ယ-ရ၊ ခတ္တိယတည့်၊လ-ဝ-နှစ်ဖြာ၊ နွယ်ဝေဿာရှင့်၊ သုံးဖြာသာမျှ၊ သ-ဟ- ဠ-မှာ၊ သုဒ္ဒါဝံသ၊ ကြွင်းထအက္ခရာ၊ ဆဲ့ခြောက်ဖြာသော်၊ ဝံသာလေးနှင့်၊ ယှဉ်ရေးသင့်ညှေ့၊ ထပ်ဆင့်-ဗာလ၊ ကုမာရနှင့်၊ ယောဗ္ဗနယှိ၊ ဝုမိုဟူသည်၊ လေးမည် အ-ဝဏ္ဏာ၊ ယှဉ်စရာလည်း၊ ဗြာဟ္မာဝံသ၊ နက္ခမတွင်၊ စဉ်တိုင်း ပင်တည့်၊ သိမြင်နာယူ၊စာဆိုသူတို့၊ ထုံးမူစံငါ၊ ပြဖွင့်မှာအံ့၊ ကဗျာရှုန်းရှုန်း၊ မော်ကွန်းရတု၊ ပျို့ဘွဲ့မှုန်ကို၊ ဂုရုစဉ်လာ၊ လေးလုံးစာဖြင့်၊ ပုဒ်ဌ္ဌါဒသ၊ ဆိုက် ရောက်ကျအောင်၊ ဒေါသကင်းယှင်း၊ ကိုးပိုဒ်တွင်းမှာ၊ မင်္ဂလာသုတ်၊ သြဇာ ငြိလျက်၊ တိရစ္ဆာန၊ စသည်အက္ခရာ၊ ငါးဖြာဦးဖျား၊ မထားသန့်ယှင်း၊ မိမိ ရင်းညှေ့၊ နွယ်ချင်းဦးစံ၊ စာခံစာဆို၊ နဂိုရ်မှုမှန်၊ ဌာနန္တရ၊ နေရာကျဟု၊ ကောသလ္လကြီး၊ ကြံဆမှီးမှု၊ အတီးပြိုးဝ၊ ကောင်းကျိုးရချိမ့်၊ နဝမမြောက်၊ စဉ်တလျှောက်လည်း၊ ရှေ့နောက်ခြားပိုင်း၊ ဂိုဏ်းအနိဋ္ဌာ၊ လေးဖြာမစပ်၊ ယှဉ်ခေအပ်သား၊ လေးရပ်ဂုဏ္ဌာ၊ ဂိုဏ်းစဉ်မှာလည်း၊ အက္ခရာမထပ်၊ သုံးရပ်မကျော်၊ ဂိုဏ်းပေါ်ဂိုဏ်းခံ၊ မစံလုံးလုံး၊ ဂိုဏ်းသုဉ်းဂိုဏ်းသေ၊ လွတ် စေမြဲးစံ့၊ မညံ့တိတ်ဂိုဏ်း၊ ဖွဲ့တိုင်းလုံးလာ၊ လေးလုံးစာတွင်၊ ဆုံးမှာ ကြက် ခြေ၊ ဂိုဏ်းရေမလို၊ စာဆိုစာခံ၊ နံကိုကြက်ခြေ၊ မစပ်စေရာ၊ သုံးလုံးစာညှေ့၊ ယထာလာဘ၊ ဂြိုဟ်သက်ရနှင့်၊ ဗန္ဓပြုစု၊ စာဆို-သုသက်၊ ရေတွက်ထပ်မျှ၊ မကျအပ်ရာ၊ သိမှတ်နာလင့်၊ မာတိကာခြား၊ မှတ်မျဉ်းသားသည်။ ။ထွေ ပြားနည်းဆန်းကြယ်တကား၊ [ပဒရေ ၁၀၆-ပိုဒ်။]

၂။ ဆောင်နန်းကွန့်လည်၊ အမြဲးတည်စိမ့်၊ ယှစ်မည်ဂိုဏ်းစည်း၊ ဖွဲ့ယူနည်းကို၊ ကဗ္ဗည်းထွန်းမှု၊ နိဒါန်းပြုပိမ့်၊ ဗိန္ဓုဝဂ္ဂန္တ၊ ငါးဒီဃနှင့်၊ ရှေ့ကသံယုတ်၊ ပြထုတ်ယှိလျှင်၊ ဂရု-တွင်ညှေ့၊ ထိုပြင်ရသ၊ သုံးလုံးကျမှု၊ လဟု-ဟူညှေ့၊ မှတ်ယူနှစ်ဖြာ၊ မတြာနှင့်၊ ဝဏ္ဏာဘေဒ၊ ထိုနှစ်ဝနက်၊ ဝဏ္ဏဋ္ဌာနာ၊ ဆန်းကျမ်းလာကား၊ အက္ခရာသုံးခု၊ တဂိုဏ်းပြုလော့၊ စတုန္နိက်ဝယ်၊ အဆုံးပယ်လင့်၊ ငါးသွယ်စဆုံး၊ ပယ်မြဲးထုံးရှင့်၊ ခြောက်လုံးနှစ်ဂိုဏ်း၊ ကျတိုင်းဖွဲ့ထ၊ သတ္တမနှင့်၊ အဋ္ဌဂိုကား၊ လေးငါးနည်းတူ၊ ကိုးမူသုံးဂိုဏ်း၊ နောက်နည်းနှိုင်းမှ၊ ဂိုဏ်းနာမဖြင့်၊ ရာဇသေဌ်နင်း၊ မင်းညှေ့ဆရာ၊ သဃ်ာမူးမတ်၊ ဝန်းပတ်ဗိုလ်စု၊ ဘွဲ့ခံမှုမှာ၊ အချုပ်ရှာသော်၊ အနိဋ္ဌာကြဉ်၊ ဣဋ္ဌာယှဉ်လျက်၊ သမ္ဘဇဉ်ထွတ်၊ စက်မြတ်လေးသင့်၊ သုံးဆင့်ဥပါဒ်၊ ကင်းလွတ်စေရ၊ သိကုန်ကြပြီး၊ လောကတံခွာ၊ မင်းငြိုးစာနှင့်၊ ကဗျာဗန္ဓ၊ ဆိုသမျှတွင်၊ ဝံသဇာတိ၊ ရင်းအယှိနှင့်၊ စောင့်သိစေလို၊ စာဆိုစာခံ၊ နိယံမြဲးဘိ၊ ချင်းချင်းထိအောင်၊ ရမိပိပြင်၊ စီရင်ကာလ၊ ကိုးပဒတိုင်၊ ကဏ္ဍ-သုခါ၊ ဆယ်ဖြာဂုဏ်စက်၊ သာယာထွက်၍၊ ဂိုဏ်းသက်မမျှ၊ မရှုကြက်ခြေ၊ ဂိုဏ်းသေဂိုဏ်းခံ၊ ခြံရံမစပ်၊ မထပ်ဂိုဏ်းလာ၊ အက္ခရာမရှိုင်း၊ ဟိတ်ဂိုဏ်းမည့်၊ လွတ်စံ့ပေလှ၊ ကိုးပဒတွင်၊သုလဓယာ၊ သမ္မုတ်ရာသား၊ သေကွာချုပ်ပျက်၊တချက်ချက်ပင်၊ မထွက်စေရ၊သတ္တမ-မှာ၊ ထူလာအသံ၊အဋ္ဌမံနှိုက်၊ ခဂ္ဂံသန်လျက်၊ ကိုးကွက်သုသာန်၊ ဆယ်တန်တံကျင်၊ ထို့ပြင်နိမိတ်၊ ဆိန္ဒရိတ်နှင့်၊ ဘိန္ဒရိတ်ကျ၊ ဒွါဒသအောင်၊ ပြစ်မှကင်းကွာ၊ ဆိုစွမ်းပါက၊ မင်္ဂလာနက်ကျိ၊ ကောင်းစက်ငြိမျှ၊ လောကိစီးပွါး၊ ထွန်းကားဒုံ့ပြ၊ ပြည်ကျော်စောလျက်၊ မနောမယ၊ ဇောတရတနာ၊ ကဲ့ပမာဖြင့်၊ များစွာလူနတ်၊ မေတ္တာညွတ်လိမ့်၊ပွင့်ဝတ်မုံအာ၊အိုင်ကုဏ္ဍာထက်၊ရေကြာအလား၊ တင့်ကြောင်းကြားသည်။ ။နေထားစည်းပန်းနွယ်တကား။ [ပဒရေ ၁၀၃-ပိုဒ်။]

၃။ အောင်ခန်းမြန့်ပြည်၊ မြင့်မွန်းစည်စိမ့်၊ ရှေးတည်ညွန်းပြ၊ နှစ်ပိုဒ်ရကို၊ ဆုံးဆမြင်သိ၊ သဘောထိလျက်၊ မိမိနာမံ၊ ဘွဲ့ပုံစံဝယ်၊ သုခံဣဋ္ဌ၊ လေးဌာနနှင့်၊ အနိဋ္ဌဒုက္ခ၊ ဂိုဏ်းလေးမြွာဟု၊ ယှစ်ဖြာဂိုဏ်းမှတ်၊ ဂိုဏ်းစောင့်နတ်က၊ နက္ခတ်ယှဉ်နေ၊ ယှစ်တွေသမ္မုတ်၊ စက်ကားလေးမြတ်၊ ဥပါဒ်သုံးသွယ်၊ အမိပ္ပါယ်ဖြင့်၊ သိကြောင်းဖွင့်အံ့၊ ချင့်အက္ခရာ၊ ယင်းသုံးဖြာတွင်၊ နှစ်မြွာ-ဂ-လ၊ လုံးစုံမျှသော်၊ မ-န-ဂိုဏ်းမြတ်၊ ဂိုဏ်းစောင့်နတ်ကား၊ ဘူမဒေဝန္နာ၊ နက္ခတ်မှာတုံ၊ ဇေဋ္ဌာဘရဏီ၊ ဣဋ္ဌာပြီတည့်၊ မညီပျက်ယွင်း၊ သုံးလုံးချင်းတွင်၊ အရင်းကား-ဂ၊ နှစ်ချက်-လ-နှင့်၊ စဦးလဟု၊ နောက်ဂရုဒွိ၊ သို့တည်းယှိက၊ ဘယ-

ဂိုဏ်းမှတ်၊ လနတ်-တိမ်နတ်၊ နက္ခတ်ကိုယ်စီ၊ မဂသီရ၊ သတ္တဘိသျှ၊ယင်းဇုဋ္ဌ နှင့်၊ထိုပတသွယ်၊ သုံးလုံးဝယ်ပင်၊အလယ်ဂရု၊ ဆုံးဂရုယှိ၊ ဝိပရိမူ၊ဇ-သ-ယု လင့်၊ နေနှင့်လေနတ်၊ ပုနပ္ပသု၊ သွာဒိရှုရာ၊ အနိဋ္ဌာတည့်၊ လယ်ချာ-လဟု၊ ဆုံး-လဟု-နှင့်၊ သို့ကြုံသင့်က၊ ရ-တ-ဂိုဏ်းမှတ်၊ မီးနတ်အာကာသ၊ ကျတ္တိ က-သရဝဏ္ဏာ၊ အနိဋ္ဌာရှင့်၊ ဘုမ္မာစောင့်ထွေ၊ မြေရေစီးပွား၊ တိုးတက်များ လိမ့်၊ သိကြားစောင့်မှာ၊ သက်ရှည်ကြာအုံ၊ စန္ဒာစောင့်ငြား၊ တည်ကြားစေ တတ်၊တိမ်နတ်နှိုက်ကား၊သွီးသားနှင့်၊များပြားခြွေရံ၊ဂိုဏ်းနက်စံတည့်၊ ဒုက္ခံ နေနတ်၊ ဆံင်းရဲးတတ်စွာ၊ လေ-နတ်သင့်မှာ၊ရပ်ဌာနာမှ၊ဖလာယတိ၊ မီးအဂ္ဂိ ကား၊ ရန်ထိပါးလျက်၊ ဘေးများတတ်စွ၊ အွာကာသတုံ၊ ပြုသမျှတည်း၊ကျိုးမဲ့ ချည်းတည့်၊ ပေါင်းစည်းပိဏ္ဍတ်၊ စုက်ဥပါဒ်ပြု၊ နက္ခတ်စုတွင်၊ စက္ခုမြာယာ၊ ဘုနာဂါနှင့်၊ ကြိုက်ရာနံကျ၊ နှောပါကြလှည့်၊ နှစ်ဆယ်ပြည့်ကျော်၊ နက္ခတ် သော်မူ၊ နှောကိန်းယူရာ၊ ရက်သတ္တာနိုက်၊ နာဂါစက္ခု၊ မာယာဘုဖြင့်၊ စားခွင့်သတ္တ၊ ဇကဒ္ဓေတိ၊ ကြွင်းယှိသတတ်၊ ဥပါဒ်များမြောင်၊ ပျက်လောင် မိတ္တု၊ ကန်းမူကာန၊ အနိဋ္ဌရေး၊ လေးငါးဆဋ္ဌ၊ သတ်သုညကား၊ အမြိတ္တ ပွါးဆဲ၊ မစဲးလာဘ၊ တောင့်တပြီးယှိ၊ သိဒ္ဓိစုက်လာဘ်၊ ကောင်းမြတ်ဝရ၊ ဂိုဏ်းဂဏနိုက်၊ ယှစ်ဌာနအား၊ သုံးသွယ်ပြားသည်။ ။ရွှေသားသည်းမှန်း ဘွယ်တကား။ [ပဒရေ ၁၁၂-ပိုဒ်။]

**စကားချပ်။** [ငှင်းစာမူကို ပုရပိုက်တဆူနိုက် "ရှေးပညာယှိ၊ ကဝိလက္ခဏာ၊ မင်း ရာဇာခေါ်၊ အကျော်ပုဂ္ဂိုလ်၊ စပ်ဆိုပြဋ္ဌာန်း၊ အောင်ပန်းညွှန့်ရှည်၊ သ ပြေမည်သား။ ယင်းသည့်လင်္ကာသည် ဝစနာကာရ သာဝ သေသနည်း ဆက်ဆံသဖြင့် အဗျာပိတ ဒေါသမကင်း မှန်သောကြောင့် ပျို့, ကဗျာ, လင်္ကာ, ရတု, မော်ကွန်း, ဂိုဏ်းရွေးနည်း အရာတို့နိုက် သိလိမ္မာ ကြောင်း အကျိုးငှါ ဤရတု ၃-ပိုဒ်ကို ညွှန်ပြပါသတည်း" ဟူ၍ ခေါင်းတပ်ပါသည်ကို တွေ့ရသည်အတိုင်း ရေးကူးယူထားသည်ကို ဤ စာအုပ်မျက်နှာ ၁၅၇-တွင် ထည့်ရန် ရှာဖွေရာ မတွေ့သေးသောကြောင့် မဆက်ဆံမိချေ၊နောက်မှရှာဖွေ၍ တွေ့ရပါသဖြင့် တလုံးတစည်းထည်း ဖြစ်စေရန် အခန်းခြားလျက် ညှပ်ကာ ထည့်သွင်း၊လိုက်ရခြင်း ဖြစ်ပေ ကြောင်း။

ပဒေသရာဇာဇရှုံဝန်ကြီး စီကုံးသည်ဟူ၍ မိမိထက် ပညာဗဟုသုတ ပြည့်စုံကုန်သော ရဟန်း ပုဂ္ဂိုလ်, လူပုဂ္ဂိုလ်တို့က မိန့်ဆိုသည်ကို မှတ် သားရဘူးသည်။]

## ၅၀-သံလျှင်ရောက်မင်းတရား စာကျူးကရိုက် သဖြန်ညီသုံးပိုဒ်ရေးနည်း

၁။ ရင့်ကျူးရင့်ကျူး၊ ရွှာမည်မြူး၍၊ နွေဦးဆန်းသစ်၊ သရစ်ဘာသာ၊ သံညှင်းပျံ့ထွေလာ၊ မချာညနွေ၊ ခွေ့ခွေ့လွမ်းကြိုက်၊ ပန်းစုံပွင့်လိုက်၊ ရွှေ ရည်ဆိုက်က၊ ခေါ်စိုက်ပန်းတောင်၊ တန်းဆိုယောင်စွ၊ ဆွေမောင်ကျွန်သည်၊ ရုပ်သွင်မြရည်၊ နှီးလေသည်ကို၊ မတည်ရွှန်းကျ၊ မွေ့ရာမ-ထက်၊ ယူတ လည်း လျောင်း၊ ပျောင်းဘို့စွလေ။ ။ကြင်သူ့ကျေးဇူး မတန်ဘူး။

၂။ တစုံမက်မက်၊ မယ့်တူမိန့်လျက်၊ ရေခန့်တွက်သော်၊ သွားရက်နှီ လေ၊ သုခွင်မိုးမြေ၊ ရောက်လိမ့်ထွေကို၊ ရည်ဆွေနှမ၊ ဝေးကရောက်အောင်၊ စာစောင်ခွေသိပ်၊ ခပ်တံဆိပ်နှင့်၊ ချစ်ရိပ်မှာမှာ၊ မပါသည်သို့၊ မပို့မြင့်မြီး၊ ဆက်ရောက်ခဲ့ဟု၊ ပုလဲးချပ်မြူ၊ ဦးရရှူတိ၊ ရွှေတူရည်စွန်း၊ ပန်းပေါက်ပေါက် နှင့်၊ လျှောက်ပန်စွလေ။ ။မြင်ထင်မည်ထူး တောင်ထိပ်ဦး။

၃။ ဖန်တလဲးလဲး၊ နှလုံးသည်းထဲး၊ ကြာသို့ပဲးနှင့်၊ သူရဲးဆွေမောင်၊ နောင်မွေးဘကား၊ ယူတမပြေ၊ အိမ်နေငယ်ဖော်၊ သူတော်ဆွေနည်း၊ မယ ချည်းမခပြ၊ ဝမ်းဝယ်စစ်စစ်၊ ရှိလိမ့်ဖြစ်ကို၊ ခွဲးလှစ်လေကြား၊ တိမ်ညွန့်စား သည်၊ သားသွားမင်တံ၊ တိမ်ယံမဏ်၊ မျက်စိဦးနား၊ တိမ်ရံသားဟု၊ ပျို့ထွား သံထွေ၊ ယဉ်စီးနေနှင့်၊ မျိုးဆွေသက်မှတ်၊ ရောက်လှာတတ်ဟု၊ ညွှတ်လှ၍ လေ။ ။ကြင်သူ့ကျေးဇူး မတိမ်မြူး။

---

## ၅၁-တောင်ဂူရောက်မင်းတရားဆို ဇပြန်ကရိုက် သဖြန်ညီသုံးပိုဒ်ရေးနည်း

၁။ ရင့်နွဲ့ရင့်နွဲ့၊ နှုတ်ညင်းဘဲးနှင့်၊ ကျော်သဲးတက်မြောက်၊ လှော်ရေ ကောက်ရွေး၊ မြစ်ဒလျှောက်အညာ၊ ရှမ်းတို့နေရာ၊ ဆန်ခဲ့လာသေ၍၊ သီတာ တင်းကြမ်း၊ သာမောရေပန်း၊ ပြည့်လျှမ်းမွန်မျှ၊ မြော်ဝမ့်တောတောင်၊ ဝန်း ခြင်းမြင်းဆင်၊ သစ်ပင်ရိပ်မျိုး၊ မိုးလိုက်ရင်က၊ စိတ်တွင်ခွေမူး၊ အလွန်အ ကြူး၊ သည့်နှယ်တ-ခါ၊ မလွမ်းစဘူး၊ ပျောင်းတိမ်းမူးမျှ၊ ရှူးမူ စွလေ။ ။ ငယ်မည်ယောင်ယမ်း တတမ်းတမ်း။

၂။ ဆင့်ကဲးဆင့်ကဲး၊ ဘဝလှဲးသည်၊ အမြဲစုံတင်ထွေ၊ ကြာနှင့်ရေသို့၊ ရစ်ခွေပတ်သိုင်း၊ သက်လုံးကြင်တင့်နှိုင်း၊ ချစ်ကြိုးတိုင်ရွှေ၊ မွှေးစိုင်တမျှ၊ မွှေး မွှေးအလှ၊ မွတ်ပြမြနှင့်၊ ကျွမ်းစကပင်၊ သည့်နှယ်တ-ခါ၊ မကွင်းကြင်လှ၊

သုရပ်ခွင်ဝယ်၊ သို့ပင်လုံးလုံး၊ ဆောင်းနွေပတ်ကုံး၊ ဝါသိုလည်းပြီး၊ လွမ်းမျိုးရုံးစွ၊ နှလုံးတမ်းမိရှိ၊ ငယ်မည်ခေါ်ပွက်မိ၊ မူးရှာမျက်စိ၊ မိုးနှင့်ထိမျှ၊ တတ်ဘိသည်လေ။ ။စိတ်စိတ်မချမ်း ပျို့ငယ်ကျွမ်း။

၃။ တင့်မြဲးတင့်မြဲး၊ အလွန်အကဲ၊ မျက်ရွဲမြစ်တွေ၊ ရွှေနှင့်တူကျွန်း၊ နိတုံသွန်းသို၊ လန်းလန်းရှပ်သွင်၊ နောင်ကြီးကြင်ကို၊ လည်တွင်အမြဲး၊ ကဲးလေလေလျှင်၊ သုမြေစစ်ခံ၊ ဝေးလွန်သောအား၊ မကြာနှုတ်တပ်၊ နောင်နားလပ်ခဲ့၊ ပွင့်ချပ်ပုလဲး၊ ရွှေခဲးဝတ်ဆန်၊ ရိုးဘန်သန္တာ၊ ရေကန်သာနှိုက်၊ သိင်္ဂါဆန့်ဝတ်၊ ပန်းတုလွတ်ကို၊ ပျောင်းညွှတ်စလှည့်၊ ယိမ်းရှာညွှေ့ရှင့်၊ ရှိသည်ဖြစ်ကို၊ ငယ်ချစ်ငယ်ကြင်၊ ငယ်သက်နှင်းလျှင်၊ စင်းလျှဉ်းပြိုင်လွှတ်၊ မဆည်းတားတတ်၊ မပြတ်စုံမက်၊ မြွက်ခလှံည့်လေ။ ။ငယ်မည်ဧယာင်ယမ်းဆင်ကလွမ်း။

---

## ၅၂-နဝဒေးကြီးဆို သုံးဘန်ရိုက်ရေးနည်း ရတုသုံးပိုဒ်

၁။ ညချမ်းရှိမိုက်၊ ဆွတ်ဆွတ်ရိုက်မျှ၊ ရှာကြိုက်ပျက်စီး၊ မွေးကျင်မီးသို့၊ ဖန်တီးပြန်မွှန်း၊ ရန်မဝန့်က၊ လေသွန့်ပြည်ပြည်၊ မသီပင့်ဆော်၊ ၄က်တော်ကားညှင်း၊ ပိန်ညင်းကားစောင်း၊ မသာတောင်းတည့်၊ ၎င်္ဂနှောင်းချိပျား၊ မြည်သံကြားက၊ မြလားညိုသည်၊ ပင်ပျိုသွယ်ညွှတ်၊ ဆွေသက်မှတ်ကြောင့်၊ ဆွတ်ဆွတ်-ဆွတ်ရိုက်၊ ပြိုက်ပြိုက်ယိုတွေ၊ အလွမ်းပေသည်။ ။တောင်လေအလာမြဲးဘိတည်း။

၂။ ။ညှင်းလည်းသံလတ်၊ ရိုးရှိန်ခွပ်မျှ၊ သွယ်ညွှတ်ဖြိုးဖြိုး၊ မိတောင်ရိုးဝယ်၊သားမျိုးလည်းတွေ၊ ပန်းစုံလေသည်၊ ရစ်ခွေလက်ယာ၊ လှည့်လျက်ပါသား၊ သီတာမြရှင်း၊ ရေမြစ်တွင်းဝယ်၊ နှုတ်ညှင်းသံချို၊ ချစ်ဆိုနွဲ့းကြ၊ ခုတိုင်ဦးတို့၊ သံထူးပိုဒ်ဖြန့်၊ တက်သန့်တင်ရွှေ၊ နွဲ့းညွှန့်ဝေဖြင့်၊ ပျော်ပါးရှင်တည့်၊ မြင်ချင်မရဲး၊ သည်းထဲးတ-လှောင်း၊ စိတ်လုံးပျောင်းမျှ၊ စုံကောင်းမဠ္ဌု၊ ဝတ်ရက်ယူ၍၊ ရင့်ရှုသာမော၊ ချစ်ဖော်နှောသည်။ ။ဥဩတ-ခါနွဲ့းဘိတည်း။

၃။ ။သောက်ခြည်ရောင်ပြေး၊ လွမ်းရေးကဲးဆင့်၊ စွင့်စွင့်မြင့်၍၊ ငွေပွင့်အသွင်၊ ခုံသဲးပြင်ထက်၊ ယင်းလျှင်မြစ်လောင်း၊ နဝင်းချောင်းဝယ်၊ ၄က်ပေါင်းရွှေရွှေ၊ ဝမ်းမြူးတွေလျက်၊ ထွေထွေဆန်းဆန်း၊ မြည်သံမွန်းက၊ စိတ်လန်းမရှင်၊ နားတွင်ကြားကာ၊ ဗျာပါပျောင်းပြ၊ မခန့်လှတည့်၊ မြောက်မှ

တဖန်၊ တုံ့ပြန်ညင်းညင်း၊ ရွှေရင်သွင်းသော်၊ ချမ်းခြင်းမနိမ့်၊ ဆောင်းထက်ငြိမ့်မျှ၊ ထွာစိမ့်ညိုသွယ်၊ ဆွေးသည့်မယ်ကို၊ ရက်ကြွယ်များဖျင့်၊ လွမ်းရေးဆင့်ခဲ့၊ အရှင့်ကျွန်ဝတ်၊ လှည့်ပတ်သီညွင်း၊ လျှောက်နားသွင်းလည်း၊ တင်ကင်းပြစ်ပျောက်၊ဆင့်ခံမြောက်သည်။ ။နှုတ်ထောက်ပမာခဲးဘိတည်း။

## ၅၃-တပြန်စီကုံးရေးနည်းသုံးပိုဒ်

၁။ အောင်ကင်းနေရာ၊ မင်းဝံထိပ်ချာ၊ ရတနာနှင့်၊ မြူပြာဝင်းရောင်၊ အလှထွင့်ခေါင်၊ နွဲ့ရှင်ပြောင်သား၊ သက်နှောင်ယစ်ပေ၊ မေတ္တာစေ့စ်ခွေ၊ နှောင်ရှည်ဆွေနှင့်၊ သက်ဝေယံလင်၊ စုံခြေတော်ခွင်၊ သွားစင်တွင်နှိုက်၊ နှင်းလျှင်ပြန့်ဆွတ်၊ တောလုံးညွတ်မျှ၊ ပွင့်တတ်ရစ်ဆင်၊ ပန်းသဇင်ကို၊မြင်လျှင်မိန့်ဖြတ်၊ ကိုယ်လုံးတိမ်းညွတ်၊ အသာဆွတ်မျှ၊ သွယ်ညွတ်ကေရှင်၊ ထိပ်တော်ပြင်နှိုက်၊ ဆင်လည်းမရက်၊ ခိုင်လုံးယှက်လျက်၊ ကြီစိတ်တက်၍၊ ဘဝင်သုံးမှား၊အထွင့်ထားတည့်၊ ဘုရားဘုန်းခေါင်၊ မိတည်းနှောင်ဝယ်၊ ရည်ဆောင်တို့ပင်၊ ဆက်အံ့ယင်သည်။ ။ပန်းတွင်မြတ်လှသဇင်သောဝ်။

၂။ ရောင်လင်းရွှေသာ၊ သုံးလုထွင့်ချာ၊ မြတ်သကျာကို၊ ရှုသာလှတင့်၊ စီမျှောင်ရစ်ဆင့်၊ ခွင်လုံးပွင့်သား၊ မွေးနံ့ပင့်ကြူ၊ နှိုင်းရာမတူ၊ ပန်းဟူသမျှ၊ ညွတ်ညွတ်ခသား၊ မည်ရခေါ်မှန်း၊ နှိုင်းတုလွတ်ကျွန်း၊ သဇင်ပန်းကို၊ ရည်ညွတ်လိုင်လျက်၊ အစုံလက်ဆက်၊ သားပြာညက်နှင့်၊ တုဘက်လွတ်စင်၊သုံးလုထွင့်တွင်၊ မြဘ်ချစ်ရှင်ဝယ်၊ ဆက်တင်ခဲ့မှ၊ ရွရွအသာ၊ ညဆည်းဆာနှိုက်၊ ဟင်းသာမောင်နှံ၊ အစုံပျံ့သို့၊ နှိုင်းစံမရ၊ မွေးနှမနှင့်၊ တူကွယ်ညည်းနွဲ့၊ အစုံပျော်မြိုး၊ သဘင်ပွဲ့ဝယ်၊ အံ့အံ့သို့ပင်၊ မြင်မြင်သမျှ၊ စိတ်ဝမ်းပူမှ၊ တယုတိမ်းမူး၊ မတန်ဘူးတည့်၊ ညွတ်နူးကြည်လင်၊ အံ့ချီးတင်သည်၊ ။ထွင့်တင်သကျသခင်သောဝ်။

၃။ ရောင်ဆင်းထွေလာ၊ရိပ်ချောင်လင်းခါ၊တောင်ခန်းသာနှိုက်၊ကလျာငါးအင်၊ ပြည့်စုံနတ်ပင်၊ မျိုးဒိမ်ရှင်နှင့်၊ ရွှေရင်ငြိမ့်မျှ၊ အစုံနွဲ့းကြ၊ မွှေ့ရာမထက်၊ ယုတတုံသက်၊ ပြောဆိုလွမ်းဖွက်၊လည်ချင်းယှက်၍၊ တူစက်ကိန်းနေ၊ နွဲ့နှောင်းရှည်ဆွေ၊ ပျော်ကြောင်းဖြေလည်း၊ သက်ဝေသည်းရင်း၊ ရွှေဘော်ချင်းနှင့်၊လွမ်းတင်းဆို၍၊ဆွေညိုနှမ၊ ရှင်ကျပျော်လွန်၊ ဖျော်ကြဟန်ကို၊မကျန်စေမျှ၊ ဆွေညိုနှောင်မြဲ၊ ကြာလေကလျှင်၊ ငြိမ့်မျှရွှေရင်၊ စိုးရိမ်လျက်ပင်၊ ဆွတ်ဆွတ်တင်၍၊ သာရှင်မတတ်၊ ခွေခွေညွတ်မျှ၊မိန့်ပြတ်စိတ်တွင်၊ ရေးရေးသို့ပင်၊ လွမ်းမျိုးပြင်သည်။ ။ကျွမ်းခွင်ထက်မှနတ်ပင်သောဝ်။

## ၅၄-ကိုယ်တွင်းပြည့်ရွှေ့သီဆိုရေးနည်း


၁။ ချွတ်တင်မောရ၍၊ နတ်နှင့်နှော၍၊ မကျော်ဝင်တံ၊ နှစ်ပြည်ခံသာ၊ လှမောကြင်တံ၊ ဝင်ထွက်စံသား၊ ခက်တံညွန့်ဆင့်၊ မိုးလမြင့်လည်း၊သက်နှင့်စွန့်တင်၊ ကျိုးသပြင်တည့်၊ ခါသင့်ဟေမန်၊ လေလျှင်ပြန်က၊ ကြာမြင့်ချေဟန်၊ ရွှေရင်ကျန်က၊ ပွင့်ဟန်ဆန်းပြား၊ ရွက်စီပွါး၍၊ ကြောင်းလျားစေ့ရေ၊ ညက်ပြာချေကို၊ အောင်အားပွင့်ထွေ၊ ညက်ပါစေသည်။ ။ငုံရွှေခွံပြာနွယ်ပန်းသော်။ ။သုံတွေ့ကြမ္မာရှယ်ညွန်းသော်၊

၂။ လေညောင်းပြန်၍၊ ဆွေဟောင်းမှန်၍၊ သက်ပြန်ဆယ်ဆ၊ ကြိုက်တင်လှသား၊ရွက်လွန်သွယ်မြ၊ ညွတ်ဆိုင်ကျံသား၊ သော်ကဘက်ဆွတ်၊ပင်လုံးညွတ်မျှ၊ မြော်ကထက်နောက်၊ တင်နှုံးမှတ်စွ၊ ပွင့်ဝတ်ကြိုင်ရှင်၊ အင်ကြင်းပျံ့ကြွယ်၊ တင့်လွတ်ပြိုင်ခင်း၊ မြင့်ရှည်မွှမ်းသွယ်၊ ရိုးသွယ်ညွတ်လှ၊ ပန်းစုံမျှနှင့်၊ မျိုးမည်မြတ်လှ၊ ကျွန်းဘုမ္မဝယ်၊ပြိုင်မျှထက်ခွင်၊ မတ်မတ်ဆင်အံ့၊ ကြိုင်မြညက်စင်၊ လှဆွင့်ုတင်ကို၊မင်းလျှင်ဝေးမျှ၊ မိုယ်းပြင်းထ၍၊ဆင်ကြမ်းကော၊ ကြိုးတင်လှသည်။ ။ညက်မျှအလှတမ်းခွန်သော်။ ။ဖက်မျှမရစမ်းလွန်သော်။

၃။ သွမ်းချသွမ်းချ၊ မိုယ်းမာယလျှင်၊ ထစ်ချထစ်ဟုံး၊ ထစ်တုံးထစ်ခါ၊ ထစ်ဆင့်ရွာ၍၊ ထွန်းပထွန်းပ၊ မိုးညှာမြနှင့်၊ နှစ်ခွနှစ်စုံ၊ နှစ်ငုံနှစ်မြွာ၊ နှစ်ပွင့်ဖြာ၍၊ ညွတ်ခညွတ်ခ၊ ပျိုပြာမြလျှင်၊ ချစ်စချစ်ဆုံး၊ ချစ်တုံးချစ်ခါ၊ ချစ်ပွင့်ကြာ၍။ ။ဒေဝါထက်ဖျား၊ မိုယ်းသိကြားလျှင်၊ စကားတော်ပြင်၊ ထက်ခွင်စွေမြဲး၊ မြူးကွန့်ကြဲးက။ ။ရွှေဝါညက်ထွား၊ ရိုးမမှားလျှင်၊ ရငြားပျော်ချင်၊ ရွက်ကျင်ကြွေလဲး၊ ဖြူးညွန့်ထဲးက။ ။ဖွေ့ရှာသက်ထား၊စိုးသနားလျှင်၊ ဆပွါးပျော်ရှင်၊ ရက်ဖြင်ရွှေနွဲ့း၊ ဘူးကွန့်ဝဲးက။—

တခဲးတုံရေ၊ထိပ်ထက်ကျေသည်။ ။မနေသွန်းဖြူး ထစ်ရင့်ကျူး။
မစဲးငုံပြေ၊ လိပ်ဆရွှေသည်။ ။တလွေဆန်းထူး နှစ်ပွင့်ဖူး။
အမြဲးစုံနေ၊ ရိပ်မက်ထွေသည်။ ။သဝေသန်းကြူး ရစ်ဆင့်ထူး။

## ၅၄-ဒွါဒသရာသီစကြာဆိုနည်းရေးနည်းကေပိုဒ်




ဘုန်းတော်တောက်ရွှန်း၊ ဘုန်းရောင်ထွန်း၍၊ ဘုန်းပန်းပွင့်လျှိုင်၊ ဘုန်းနံ့ကြိုင်က၊ ဘုန်းပြိုင်မထင်၊ ဘုန်းထွင့်ရှတင်လျက်၊ ဘုန်းရှင်စက်ကြာ၊ ဘုန်းသမ္ဘာနှင့်၊ ဘုန်းအာနဘော်၊ ဘုန်းမြတ်ကျော်သည်။ ။ဘုန်းတော်ဘုန်းကြီး ဘုန်းခေါင်သောဝ်။

---

## ၅၅-စာအမျိုးမျိုးရေးနည်းဖွတ်နည်းတို့ကို ညွှန်ပြချက်

**ဗု-စ-သံ-န။** ထူးမြတ်သောမင်္ဂလာ၊ ဒီပါဇမ္ဗူ၊ ကျွန်းငှအဆုံး၊ သောင်းလုံးဖွေချာ၊မဟာဗောဓိရွှေပလ္လင်ထက်ဝယ်၊စမ္ပာယ်တော်မူကြိုက်၊ရပ်ယှဉ်ဇနာ၊ တရာ့ငါးဆယ်၊ ကြီးကျယ်မြင့်ခေါင်၊ မြတောင်ပြိုညို၊ ယိုးဘွယ်ရှိသော၊ ဂီရိ မေခလာစီးလျက်၊ လက်နက်စွဲသုံး၊ ထောင်လက်ရုံးနှင့်၊ ကြုံးဝါးသံထင်၊ နေမဝင်မီ ရောက်လတ်သော်၊ မာရ်ဒေဝကို၊ ပျက်မျှမနှုန်း၊ ဘုန်းတော်ဖြင့်နှိပ်နင်းအောင်မြင်တော်မူလျှင်၊ လူနတ်ပြဟ္မာ၊ သတ္တဝါတည်းဟူသော၊ အမြိုက်

ရည်သန့်၊ ဝတ်ရက်ညွန့်သို၊ မခန့်မတွက်၊ နှစ်သက်သောတိုင်း၊ အားသိုင်းကြည်ညွတ်၊ ယူဆွတ်သုံးဆောင်ငြားသော်လည်း၊ မခန်းမကုန်နိုင်သော၊ ပညာပဒေသာဟု ဆိုအပ်သော၊ သဗ္ဗညု အတွင့်အထိပ်သို့တိုင်တော်မူ၍၊ အတုမယှိ၊ အစိန္တေယျ ကျေးဇူးအပေါင်းတို့နှင့် ပြည့်စုံတော်မူသော ဘုရားရတနာ။

ထိုဘုရားရတနာသည်၊ ကောင်းစွာဟောတော်မူအပ်သည်ဖြစ်၍၊ စင်စစ်မှိဝဲး၊ အမြဲးဆည်းကပ်၊ ညွတ်ပျပ်သဒ္ဓါ၊ ကြားနာသင်အံ၊ ဖြိုးဖြံ့ပြည့်စုံ၊ ဆောင်ရွက်ကုန်သောသူတို့အား၊ လေးပါးပါယ်ရပ်၊ သုံးကပ်ကြဉ်ဖဲး၊ ဆင်းရဲးခပ်သိမ်းတို့၏ ကင်းငြိမ်းစင်ကြယ်ရာ၊ နိဗ္ဗာန်ရွှေတောင်ထက်သို့၊ သယ်ပို့ကယ်တင်တော်မူတတ်သော တရားရတနာ။

ထိုဘုရားရတနာ၏ အဆုံးအမတော်နိုက်၊ မွေ့လျော်ကြပ်တည်း၊ စောင့်စည်းဆောင်ရွက်၊ ဖိုလ်မဂ်ရည်မှတ်၊ ကြည်ညွတ်ဖွယ်အောင်၊ ဖြည့်ဆောင်ပေတတ်သော၊ ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံတော်မူသောကြောင့်၊ ကောင်းမှုဟူသော၊ လူလူရွက်ညွန့်၊ ပွားပြန့်စည်ဖြိုး၊ ဒါနမျိုးတို့ညှော်၊ စေ့ပျိုးစိုက်ကြဲးရာ၊ မြေကောင်းသဖွယ်ဖြစ်တော်မူသော၊ သံဃာတော်ဟု ရည်မှတ်၍ သမုတ်အပ်သော သံဃာရတနာ။

၎င်းသုံးပါးသောရတနာမြတ်တို့အား၊ မဟာကရုဏာ ညာဏာသမ္ပယော၊ သောမနဿစေတနာဖြင့်၊ ဝမ်းသာရွှင်ဖြိုး၊ တင်ထိပ်မိုး၍၊ ဘေးမျိုး အန္တရာယ်၊ စင်ကြယ်ခပ်သိမ်း၊ ငြိမ်းစေပြီးမှ ရှေးပညာယှိ ကပိသူမြတ်တို့သည် ကိ-လိဋ္ဌအရာနိုက် သုံးစွဲးအပ်ကုန်သော ပိတုန်းပျံ့ဲး, ဝါးခွဲး, ရင်စေ့, ရင်ခွဲး, ငပြေတက်သက်, သုဝဏ္ဏလိပ်, ခြင်္သေ့လည်ပြန်, မြွေမြွေးတွင်းလူး,မနောဟရာ, ခရာခပ်, ရာဇမနော်ဟရ, အက္ခရာလှယ်, ဝိပရိတ်, သတ္တက္ခရာ, သေလအက္ခရာ, ဒူးဂဏန်း-ကျေးဂဏန်း,သကင်္ဍစိတ္တက္ခရာ, သုံးလွန်းတင်, ရွှေနပေထပ်, တံဆိပ်ညွန့်ပေါ်, ပြူစားအဂ္ဂက်, ဝဲးရိုက်ဝဲးဆင်း, အတုမရ အစမခြင်, ငပြေဆန်အဂ္ဂက်, ပဇဉ်းထိုးလည်ပြန်အဂ္ဂက်, ဒေါင့်တဲးတွန့်အဂ္ဂက်,သံပေါက်အဂ္ဂက်, ဝါးမျက်လှန်အဂ္ဂက်, အက္ခရာလှယ်အဂ္ဂက်, အက္ခရာပြန် အဂ္ဂက်, ဝါးမျက်မြင်, ကြိုဖန်ကောက်စသော ရေးထုံးရေးနည်း ရှေးစံတို့ကိုပုံနှင့်တကွ ရေးသားပြဆိုပေအံ့၊ ဝါ-ပြဆိုပေလတ့်၊ ကိလိဋ္ဌအရာကို သိသာလွယ်ကူ ပြန်ယူလိုကုန်သော သုတပညာကို ရှာမှီးလေ့ရှိကုန်သော အမျိုးကောင်းသားအပေါင်းတို့သည် မှတ်သားကြည့်ရှုကြစေကုန်သတည်း။

## ၅၆-ပိတုန်းပျံ့ဝဲရေးနည်းဖွတ်နည်း

အဆုံးအက္ခရာကစ၍ ၂-လုံးကျော် ပိတုန်းပျံ့ဝဲသကဲ့သို့ ဖတ်ပြီးလျှင် ပဋိလောမအားဖြင့် အစအက္ခရာ၃-လုံးနှိုက် အဆုံးသတ်၍ ရေးရဖတ်ရမည်ဟူလို။

**ပုံကား။** လှည့်ပါဆွတ်၊ ကြည့်နေဝန်းရှုမင်းရုံဟုဝ ခြံနေ ရွှေရွှေသည်နန္ဒိုက်၊ မွှူဌာယ်ဇ ကျွန်းကမ်းဆင်း ရွှေရွှေသူကို ကြံရပ်ပန်းစင်း မြေနွယ်ချောင်းရွှေရွှေရွှေ။

**အဖြောင့်ကား။** ရွှေချောင်းစင်းကြံ၊ ရွှေကမ်းယံနှိုက်၊ ရွှေခြံရုံဝန်း၊ ရွှေနွယ်ပန်းကို၊ ရွှေကျွန်းဌာန၊ ရွှေဝံမင်းနေ၊ ရွှေမြေရပ်သူ၊ ဆင်းဇမ္ဗူသည်၊ နေတူရှုကြည့်ဆွတ်ပါလှည့်။

## ၅၇-ဝါးခွဲရေးနည်းဖွတ်နည်း

အလယ်အက္ခရာ(ဖူး)ကစ၍ ဝါးခွဲသကဲ့သို ရှေ့နောက် တလုံးစီတိုးသဖြင့် အဆုံးအက္ခရာနှိုက် အစသတ်၍ရေးဖတ်ရမည်။

**ပုံကား။** ကာစသည်လည် ပန်းဟူရင်မှတ်ခါဖျန်းမြ စည်ဖူးရွက်၍ ရည်ဆွတ်သင့်သား ခတ်သည်ထူးပွင့်အသည်လ။

**အဖြောင့်ကား။** ဖူးရွက်စည်၍၊ မြရည်ဖျန်းဆွတ်၊ ခါသင့်မှတ်သား၊ ရင်ခတ်ဟူသည်၊ ပန်းထူးလည်။ ။ပွင့်သည်အစ သည်ကာလ။

**ဝါးခွဲတနည်း။** အလယ် (ရေး) ကစ၍ ဘယ်ပြန် ညာပြန်ကောက်၍ ဖတ်ရမည်။

**ပုံကား။** စေဆောကြာကို သရတ္တသည် သိပျက်ရိုးရေးမလွန်ခက် သက္ခကျမ်းသညာကို။ ။မကြာလျှင်ဆောသိစေသောဝ်။

**အဖြောင့်ကား။** ရေးရိုးမပျက်၊ လွန်သိခက်သည်၊ သတ္တက္ခရာ၊ ကျမ်းသညာကို။ ။မကြာလျှင်ဆောသိစေသောဝ်။

**တနည်းပုံကား။** မှားတွင်ဖစားစင်၍ နှဲ့းကိုလာဖာသီးစေး ထင်ညိုမရွှေလားထားသောဝ်။

**အဖြောင့်ကား။** ဖာလာသီးကို၊ စေးနှဲ့ထင်၍၊ ညိုစင်မစား၊ ရွှေဖလားတွင်၊ထားမှားသောဝ်။

## ၅၈-ရင်စေ့ရေးနည်းဖွတ်နည်း

အရင်းတလုံး, အဖျားတလုံး ဘယ်ပြန်ညာပြန်ဖတ်၍ အလယ်အက္ခရာတွင် အဆုံးသတ်ရမည်။

**ပုံကား။** ရွှေတရွှေ ယက်တောင် ကြည်သာကား၊ တဘွယ်ထက်သည် ကြက်ဘက်ဝ။

**အဖြောင့်ကား။** ရွှေဝတဘက်၊ ရွှေကြက်ယက်သည်၊ တောင်ထက်ကြည် ဘွယ်သာတကား။

**တနည်းပုံကား။** ငယ်ကျွန်းအရှ၊ ဖြေလှည့်ပါတည့်၊လွမ်းသည်က။

**အဖြောင့်ကား။** ငယ်ကကျွမ်းသည်၊အလွမ်းရှတည့်၊ဖြေပါလှည့်။

**တနည်းပုံကား။** မင်းနွေပြည်ချက်၊ နေတူတားတည်းနိုင်ဘက်ပျံ့ရှင်း၊ အခရှနေပေါ်ကမ္ဘွင့်မည် မုံ့တလိမ့်ကော်သည်မှ၊ လှော်ဆင့်သားပျံ့ကင်း ရည်းကသို့လည်းရက်ဝယ်အောင်ဆက်သား။

**အဖြောင့်ကား။** မင်းသားနွေဆက်၊ ပြည်အောင်ချက်ဝယ်၊ နေရက်သူ လည်း၊ တားသို့တည်းက၊ နိုင်ရည်းဘက်ကင်း၊ ပျံ့ပျံ့ရှင်းသား၊ အဆင်းရွှေ လှော်၊ နေမှတ်ပေါ်သည်၊ ကမ္ဘကော်ပွင့်လိမ့်မည်တမုံ့။

**တနည်းပုံကား။** လေးတံပိတ်ထားငါးပသီဥပါးသည် ဆီးခါးရပ်။

**အဖြောင့်ကား။** လေးရပ်တံခါး၊ပိတ်ဆီးထား၊ငါးပါးပဥသီ။

**တနည်းပုံကား။** ဖူးစည်မြဖျန်းခါမှတ်ရင်ဟူ ပန်းလည်ပွင့်အသည် လ ကာစမည်သည်ထူးသည်ခတ်သား သင့်ဆွတ်ရည်၍ရှက်။

**အဖြောင့်ကား။** ဖူးရှက်စည်၍၊ မြရည်ဖျန်းဆွတ်၊ ခါသင့်မှတ်သား၊ ရင်ခတ်ဟူသည်၊ပန်းထူးလည်သည်။ ။ပွင့်မည်အစ သည်ကာလ။

---

## ၅၉—ရင်ခွဲးရေးနည်းဖွတ်နည်း

ဝါးခွဲးရေးနည်းနှင့်သဘောတူသည်။

**ပုံကား။** သက်မယ်ပါနှင့် မဖက်ဖီရွှေလက်ညွန့် ပျက်တက်တော့အကယ်။

**အဖြောင့်ကား။** ရွှေဖီလက်ဖက်၊ ညွန့်မပျက်နှင့်၊ တက်ပါ တော့မယ်၊ အသက်ကယ်။

---

## ၆၀—ငပြေတက်သက်ရေးနည်းဖတ်နည်း

အစအက္ခရာက အနုလောမ တလုံးကျော်, အဆုံးအက္ခရာ နောက်အက္ခရာက ပဋိလောမ တလုံးကျော်ရေးဖတ်ရမည်။

**ပုံကား။** ဆွေကားသိမှ ခင်ဘိသည်နားမြင်သလျှင်။

**အဖြောင့်ကား။** ဆွေသိခင်သည်၊ မြင်လျှင်သနား၊ ဘိမှုကား။

**တနည်းပုံကား။** ဆယ့်အုံသုံးရန် နှစ်ဆုရွယ်ပြည့်ညို ကျွန်သွယ်အနွဲ့ ခုနှောင်းယတင့်ကို ကြောင်းတု ပျိုနတ်မှုဆင်း။

**အဖြောင့်ကား။** ဆယ့်သုံးနှစ်ရွယ်၊ ညိုသွယ်နွဲ့နှောင်း၊ တင့်ကြောင်းပျိုနှ၊ ဆင်းနတ်တုကို၊ ယခုအကျွန်၊ ပြည့်ဆုရန်အုံ။

---

## ၆၁-သုဝဏ္ဏလိပ်ရေးနည်းဖတ်နည်း

အဆုံးအက္ခရာ၏ ရှေ့ဖြစ်သော အက္ခရာမှစ၍ ပဋိလောမအားဖြင့် အပြန်ဖတ်ပြီးလျှင် အဆုံးအက္ခရာနှိက် အစသတ်၍ ရေးဖတ်ရမည်။

**ပုံကား။** ကိုနှယ်ဥမည် မုန်းဂဆုံးကြိုင်မွှေးပျံ့သည်ပေး၍ ကုံးလေးမြတ်မက်စုံနှင့် လက်ခင်သရက်ခေါက်ရည်း တင့်လည်းသော်ရပန်မှ။

**အဖြောင့်ကား။** ပန်ရသော်လည်း၊ တင့်ရည်းခေါက်ရက်၊ သခင်လက်နှင့်၊ စုံမက်မြတ်လေး၊ ကုံး၍ပေးသည်၊ ပျံ့မွှေးကြိုင်ဆုံး၊ ဂမုန်းမဥူနှယ်ကိုမှ၊

**အမှာ။** [သုဝဏ္ဏလိပ်ခေါ်သည်ကား သုဝဏ္ဏလိခိတ –ရွှေကောင်း, ကျောက်ကောင်း,အဘိုးထိုက်သည့်ဥစ္စာတို့ကို သူတပါးအသိခက်အောင် အမှတ်အသား ရေးထားသောအရာဖြစ်သည်၊]

**တနည်းပုံကား။** အဖျားကပြန်၍ အရင်းတိုင်အောင် ဖတ်ရမည်။

သောဝစေစုံပြည့်လိုဖောက်မ။ ။သည်လျှောက်ပန်ဆု၊ ခေါက်ညွှတ်ဖြူကြည်၊ ဝယ်ကူမှန်မြတ်၊ ဘုရသကလော၊ ပထွန်းဝေလျှံ၊ ရေသကျက်မြို့ရွှေ။

**အဖြောင့်ကား။** ရွှေမြို့ကြက်သရေ၊ လျှံဝေထွန်းပ၊ လောကသရဘု၊ မြတ်မှန်ကူဝယ်၊ ကြည်ဖြူညွှတ်ခေါက်၊ ဆုပန်လျှောက်သည်။ ။မဖောက်လိုပြည့်စုံစေသောဝ။

---

## ၆၂-သမဏ္ဏလိပ်ရေးနည်းဖတ်နည်း

အဆုံးအက္ခရာ သုံးလုံးကစ၍ အနုလောမဖတ်ပြီးလျှင် နှစ်လုံးစီနောက်သို့ဆုတ်၍ အစအက္ခရာသုံးလုံးနှိက် အစသတ်၍ ရေးဖတ်ရမည်။

**ပုံကား။** ချမ်းလျက်နေ၊ ရင်ရွှေမြမြ၊ ဖျဖျဆောင်းခနှ၊ ဝေးထွေလွှမ်းတာ၊ ချားကွာရက်များ၊ ရှည်လျားကြာတင်၊ ဆင်းမြသွင်။

**အဖြောင့်ကား။** ဆင်းမြသွင်၊ ကြာတင်ရှည်လျား၊ ရက်များ ချားကွာ၊ လွှမ်းတာဝေးထွေ၊ ဆောင်းနေဖျဖျ၊ မြမြရင်ရွှေ၊ ချမ်းလျက်နေ။

## ၆၃-ခြသေ့လည်ပြန်ရေးနည်းဖတ်နည်း

အဆုံးအက္ခရာမှစ၍ နှစ်လုံးကျော် အရင်းအက္ခရာမှာ အစသတ်၍ ပဋိလောမအားဖြင့် ပြန်ကာရေးဖတ်ရမည်။

**ပုံကား။** နားတတ်ညွှာ ကျုံးသရွှေဆင်ချွေမှည့်ပါး သည်ယှား နောက် ကြွေစောင်းဝမှတွင်ရွှေ။

**အဖြောင့်ကား။** ရွှေဝနောက်ပါး၊ ဆင်ကျုံးနားတွင်၊ စောင်းယှား မှည့် ရွှေ၊ ညွှာမှကြွေသည်၊ ချွေသတတ်။

**တနည်းပုံကား။** ဝယ်လင်သည် ရွှေသပူ သမုဘော ဇော်ဇင်ဌွေ ကြည် တင်ပန်း။

**အဖြောင့်ကား။** ရွှေမုဌွေဝယ်၊ သဘောကြည်လင်၊ ပူဇော်တင်သည်၊ သဇင်ပန်း။

(ရွှေ) ကစ၍ အက္ခရာ-သုံးလုံးကျော်ဖတ်ရမည်၊ ဤခြသေ့လည်ပြန်ရေး နည်းကား ၂-လုံး, ၃-လုံး, ၅-လုံးကျော်စသည်ဖြင့် လိုလိုရာရာကျော်၍ ရေးသား ဖတ်ဆိုနိုင်သည်။

## ၆၄-မြွေပြေးတွင်းလူးရေးနည်းဖတ်နည်း

အစအက္ခရာကစ၍ အနုလောမအားဖြင့် သုံးလုံးဖတ်ပြီးလျှင် အဖျား အက္ခရာသုံးလုံးတွင် ရှေ့အက္ခရာကို ဆက်၍ဖတ်ရမည်၊ နောက်တဖန်ပြန် အကျန်အက္ခရာမှ ၎င်းနည်းအတိုင်း အဖျားအက္ခရာကို ဆက်၍ဖတ်ရမည်။

**ပုံကား။** ရွှေစည်းခုံ အံ့လောက် ထူးကျောင်းသာ နန်းမြောက်ဆန်းနှိုက်။

**အဖြောင့်ကား။** ရွှေစည်းခုံမြောက်၊ အံ့လောက်ထူးဆန်း၊ ကျောင်းသာ နန်းနှိုက်။

## ၆၅-မနောဟာရရေးနည်းဖွတ်နည်း

အဆုံးလေးလုံး အက္ခရာရှေ့ကစ၍ ပဋိလောမအစတိုင်အောင် ပြန်ကာ ပြန်ကာ သုံးလုံးကျော် ဖတ်ရမည်။

**ပုံကား။** တို့ဝါဆိုင်းဖြူနတ်မျှ အဒန်းမှန်ချင်း ဇူသည်ပွင့်ရပ်မည် ဖန်တွင်း ရှစ်ထွား။

**အဖြောင့်ကား။** မဥ္ဆူအဆင်း၊ ရှစ်ရပ်ချင်းမျှ၊ ဝါတွင်းပွင့်မှန်၊ နတ်တို့ ဖန်သည်၊ ဒန်းဖြူထွား။

**တနည်းပုံကား။** အရင်းကယှစ်လုံးကျော်ဖတ်ရမည်။

ပွင့်ကောင်းရေလတ်ခိုင်ပင်ပန်းပွင့် ပေါ်ဖူးကင်ချမ်းလတ် လုံးမြင့်ဖက်မတ်သည် ဆင်မိုးဆွတ်လှ ပွင့်ခက်ဆွတ်ခါနှင့်၍ နတ်သော်တင့်သားညွတ်သည် သင့်။

**အဖြောင့်ကား။** ပွင့်ဖူးဆင်၍၊ ကောင်းကင်မိုးနတ်၊ ရေချမ်းဆွတ်သော်၊ လတ်လတ်လှတင့်၊ ခိုင်လုံးပွင့်သား၊ ပင်မြင့်ခက်ညွတ်၊ ပန်းဖက်ဆွတ်သည်။ ။ ပွင့်မတ်ခါသင့်ပေါ်သည်နှင့်။

**အမှာ။** [ဤရေးနည်းသည် စိတ်နှလုံးကိုရွှင်ပျကြည်လင်စေတတ်သော ရေးနည်း ဖတ်နည်းဆိုလိုသည်။]

---

## ၆၆-ခရာခပ်ရေးနည်းဖွတ်နည်း

အစအက္ခရာ ၅-လုံးနောက်ကစ၍ အနုလုံ,ပဋိလုံအားဖြင့် ရှေ့တိုးနောက်ဆုတ်ရေးစီဖတ်ရသည်။

**ပုံကား။** ဝကျုံးယှားလုံးကာ ရွှေဆံစောင်းခိုင်ညွတ်တောင်နား ရွှေမြွာ တည်းပါးတွင်ဝါသည်။

**အဖြောင့်ကား။** ရွှေဝတောင်ပါး၊ ဆင်ကျုံးနားတွင်၊ စောင်းယှားရွှေဝါ၊ ခိုင်လုံးမြွာသည်၊ ညွတ်ကာတည်း။

---

## ၆၇-ရာဇမနော်ဟာရရေးနည်းဖွတ်နည်း

အစအက္ခရာကစ၍ ၆-လုံး, ၆-လုံးကျော်၍ ဖတ်ရ ရေးရသည်။

**ပုံကား။** ပွင့်ကင့်ဆွတ်တင့်ပင်ဖက်ခါဖူးမိုးသော် ခိုင်မြင့်ဆွတ်သင့်ဆင့်နတ် လတ်လုံး ခက်သည်ပွင့်၍ ရေလတ်ပွင့် ညွတ်ပွင့်သည်ကောင်း ချမ်းလှသား ပန်းမှတ်နှင့်။

**အဖြောင့်ကား။** ပွင့်ဖူးဆင့်၍၊ ကောင်းကင့်မိုးနတ်၊ ရေချမ်းဆွတ်သော်၊ လတ်လတ်လှတင့်၊ ခိုင်လုံးပွင့်သား၊ ပင်မြင့်ခက်ညွှတ်၊ ပန်းဖက်ဆွတ်သည်။ ။ ပွင့်မှတ်ခါသင့်ပွင့်သည်နှင့်။

**တနည်းမှုံကား။** ထူးခြားအောင်ရေး၍ ဆယ်လုံးကျော် အရင်း အက္ခရာ ကစ၍ ရေးဖတ်ရမည်။

ရွှေရွှေရွှေရွှေရွှေရွှေရွှေရွှေ ဆင်းနေဆွတ်ဝချောင်းကမ်းခြီနွယ် ကျွန်းဝ မြေဇဲတူဝါတောင်စင်းယံရံပန်းဌာမင်းရပ်မွှူရှုလှည့်စောင်းကြိုနိုက် ဝန်းကိုန နေသူသည်ကြည့်။

**အဖြောင့်ကား။** ရွှေဝတောင့်စောင်း၊ ရွှေချောင်းစင်းကြို၊ ရွှေကမ်း ယံနိုက်၊ ရွှေခြီရံဝန်း၊ ရွှေနွယ်ပန်းကို၊ ရွှေကျွန်းဌာန၊ ရွှေဝမင်းနေ၊ ရွှေမြေ ရပ်သူ၊ ဆင်းဇမွှူသည်။ ။နေတူရှုကြည့်ဆွတ်ပါလှည့်။

**အမှာ။** [ဤရေးနည်းကား စာတိုလျှင် အကျော်နည်း၏၊ စာရှည်လျှင် အကျော် များသည်၊ဤ၍ဤမျှသာဟု ပမာဏမရှိ၊ကျော်လိုရာရာရေးလိုသူ၏ သဘော ဉာဏ်သွားရာရေးသည်၊ ထိုရေးနည်းအတိုင်း ပညာရှိတို့ အက္ခရာ အနေ အထား ထူးခြားအောင်လည်း ကြံစည်၍ ရေးသားလေ့ပြု၏ရှင့်။]

---

## ၆၈-အက္ခရာလှယ်ရေးနည်းဖွတ်နည်း

**ဆောင်ပုဒ်လင်္ကာ။** ဂတိငါးပါး၊ သိအောင်ထားပိမ့်၊ ထူးချားတွက် ကျိန်း၊ ဘြိန်းတိသ၊ ပဋ္ဌမက္ခရာ၊ လဲးရာဒုတိယ၊ လဲးထ ဝဂ္ဂန်၊တတန်-င-ည၊ န-နှင့်-မ တူ၊ မှတ်ယူအမြဲး၊ ယ-ရ-လဲး၍၊ ဝ-ဆွဲး-လ-ဟူ၊ သ-မူ ဟ-ဟန်၊ သဏ္ဍာန်ဥကြီး၊ အ-ဟူပြီးမှ၊ ရစ်ပြီးအပင့်၊ မှတ်သင့်-ဟဆွဲး၊ သ-လျှင်လဲး၍၊ အမြဲးမှတ်တုံ၊ အလုံးစုံသည်။ ။ထုံးပုံနေကျသိသာစွ။

**အဓိပ္ပါယ်။** ကိလိဋ္ဌအရာတို့နိုက် အက္ခရာလဲးလှယ်၍ ရေးရာ၌၊ အက္ခ ရာလဲးလှယ်ဟန်ကား က-နှင့် ခ-ကို လဲးလှယ်ရမည်၊ ထိုနည်းအတူ ဂဃ- စဆ-ဇဈ-ဍဎ-ဍဎ-တထ-ဒဓ-ပဖ-ဗဘ-ယရ-လဝ-သဟ-ဥအ-ငည-နမ၊ ဤ အလုံးစုံသောအက္ခရာတို့ကို အချင်းချင်းလဲးလှယ်၍ ရေးအပ် ဖတ်အပ်သော နည်းတည်း။

ပုံကား၊

ဩဝသ္နမ်ယ္လေ့။သေနမ်စောဦးတ္လဦးချစိးမ္သဦးမ္သဦး။နိုးခြဦးစ္လယ်
ပြမ်း။ကာဟဦ့သ္နမ်းဟင်။ ။မ္လရိဖမ်းက္လံ့ခြေဖမ်း၊ထဦ့သ္သ။ ။

**အဖြောင့်ကား။** ကာလမှန်ရွှေ၊ ဟေမန်ဆောင်းတွင်း၊ ကျသီးနှင်းနှင့်၊ မိုးကြွင်းဆွတ်ဖျန်း၊ ခါသင့်မှန်းသည်။ ႞နွယ်ပန်းခွံပြပန်းတင့်လှ။

---

## ၆၉-ဝိပရိတ်ရေးနည်းဖတ်နည်း

(က) အက္ခရာမှစ၍ ထ-ဆင်ထူးတိုင်အောင် အနုလောမ၊ (ဒ) ဒွေး အက္ခရာမှစ၍ အ-တိုင်အောင်ပဋိလောမထား၍ ရေးဖတ်ရမည်၊ က-ရေး လိုလျှင်-အ၊ အ-ရေးလိုလျှင်-က ရေးရမည်၊ အခြားအက္ခရာများလည်း ဤနည်းအတူလိုက်ရမည်။

**ဝိပရိတ်အက္ခရာကား**

က္အ။ခ္ဠ။ဂ္ဟ။ဃ္သ။င္ဝ။စ္လ။ဆ္ရ။ဇ္ယ။ဈ္မ။ည္ဘ။ဋ္ဗ။ဌ္ဖ။ဍ္ပ။ဎ္န။ဏ္ဓ။တ္ဒ။ထ။

ပုံကား

လအြ့ါဆ္လေ-စ္လဒ်။စေးအ္လပ်းဒ္ဓဒ်ယဘ်။ရျပ္လဒ်လောဆာယာ ။ ။

**ဇော့ညွှင်းကား။** စကြာရွှေလွှတ်၊လေးကျွန်းပတ်သည်။ ။မန္တာတ်စောရာဇာ။

---

## ၇၀-သတ္တက္ခရာရေးနည်းဖတ်နည်း

သရယှစ်လုံးကို တနင်္ဂနွေနံအက္ခရာ။
ကဝဂ်ငါးလုံးကို တနင်္လာနံအက္ခရာ။
စဝဂ်ငါးလုံးကို အင်္ဂါနံအက္ခရာ။

ငှသံလျှင်းချိပ်အစ, န-ငယ် အဆုံး တ-ဝဂ်၊ ဆယ်လုံးကို စနေနံ အက္ခရာ။

ပ-ဝဂ်ငါးလုံးကို ကြာသပတေးနံ အက္ခရာ။


ယ-ရ-လ-ဝ လေးလုံးကို ဗုဒ္ဓဟူးနံအက္ခရာ။

သ-ဟ နှစ်လုံးကို သောကြာနံ အက္ခရာ။

ထိုလေးဆဲ့တလုံးသော အက္ခရာတို့တွင် သင့်ရာအက္ခရာကိုမှတ်၍ ခုနစ်ရက်နေ့နံအက္ခရာကို အလိုယှိရာအက္ခရာယူ၍ ရေးဖတ်ရမည်။

အ-အာ-ဣ-ဤ-ဥ-ဦ-ဧ-ဩ (၁) ဟူ၍မှတ်။
က-ခ-ဂ-ဃ-င (၂) ဟူ၍မှတ်။
စ-ဆ-ဇ-ဈ-ည (၃) ဟူ၍မှတ်။
ဋ-ဌ-ဍ-ဎ-ဏ-တ-ထ-ဒ-ဓ-န (၇) ဟူ၍မှတ်။
ပ-ဖ-ဗ-ဘ-မ (၅) ဟူ၍မှတ်။
ယ-ရ-လ-ဝ (၄) ဟူ၍မှတ်။
သ-ဟ (၆) ဟူ၍မှတ်။

ပုံကား



စာညွှန်းကား။ ရေးရိုးမပျက်၊ လွှန်သိခက်သည်၊ သတ္တက္ခရာ၊ ဤသည့်စာကို၊ မကြာလျှင်ဆောတတ်စေသော။

## ၇၁။ သေလအက္ခရာရေးနည်းဖတ်နည်း

**ဆောင်ပုဒ်လင်္ကာ။** တစ်ကိုကားချ၊ နှစ်ကိုလုံးကြီးတင်၊ သုံးကိုဆံခတ်၊ လေးကိုတချောင်းငင်၊ ငါးကိုနှစ်ချောင်းငင်၊ ခြောက်ကိုသဝေထိုး၊ ခုနစ်ကိုသတ်ရှေ့ထိုး၊ ယှစ်ကိုသေးသေးတင်၊ ကိုးကိုဝိသဇ္ဇနီထိုး၊ အရစ်ကိုလိုသော် မော်၍ချ၊ ယပင့်ကိုလိုသော်ဝ-ဆွဲ၊ ဝ-ဆွဲလိုသော်လုံးချည်းတင်၊ ဟ-ဆွဲကိုလိုသော်နောက်ပစ်၊ နောက်ပစ်လိုသော်ဟ-ဆွဲလေ။

**သေလအက္ခရာကား**

ဘာဂျာဒှာဇှာဘှာဂြာရှာကှာဘှာဋ္ဌ॥ ॥

ဤသို့မှတ်သားရှိရေးဖတ်ရာ၏။

**ပုံကား**

ဖေဂိဝဖြေဗ္ဗာကုသ္ဌဆဂုတ္တိဋ္ဌဗ္ဗုဋ္ဌတိဂမါကုဒ္ဋ္ဌဖြေဒ္ဓမဇ္ဈုရုဟ္မာသညှ

ဆဒုဇ္ဈလ္ဘောဋ္ဌဗ္ဗဋ္ဌဖြေဗ္ဗဖြေကြဒါဋ္ဌ॥ ॥

**စာညွှန်းကား။** ရှေ့ဝနောက်ပါး၊ ဆင်ကျုံးနားတွင်၊ မြက်ပါးနေဇာ၊ မနုတ်သာသည်၊ ဆရာပုဏ္ဏားများသောကြောင့်။

**ကျောက်စာရေးနည်းဖတ်နည်းတမျိုး**

**ပုံကား**

ဖှေ့ရှိ ဆနောဖဒ္ဒိဖြေ့ဂါဖြေပြုဂါဆဋ္ဌနားကြွယာဖဂုဂါဓ္ဓေ

ကာသိယာနာဂါတဂါတယာရာနာလှ္ဘလကာစက္ခု॥ ॥

**စာညွှန်းကား။** ရွှေနန်းတော်တောင်၊ ထွန်းပြောင်ဆန်းကြွယ်၊ ရောင်ခြောက်သွယ်နှင့်၊ တင့်တယ်ရွှန်းလူ၊ လက်စကူ။

ဤရေးနည်းသည် ရှေးကမှတ်သားရှိ ထားကြသော စာအိုစာမင်းတွင် တွေ့ရှိ မူမပျောက်ရန်ထည့်လိုက်သည်၊ ရေးနည်းကိုဆင်ခြင်လေ။


---

## ၇၂-ဂူးဂကာန်းကျေးဂကာန်းရေးနည်းဖတ်နည်း

**ဆောင်ပုဒ်လင်္ကာ။** ဇော်ကိုကား-က၊ ဒွေးကို-ဂ-တည့်၊ င-ကားတြိန္နံ့း၊ သင်္ချာကိန်းမှ၊ ဇယ-စ-ယူ၊ ဆ-မူပဋ္ဌ၊ သော-ကို-ညမှတ်၊ သတ်ကို-တ-ယူ၊ အငွှ မူကားထ၊ နောကို-န-တည့်၊ ဇော်ကားနှစ်ဖော်၊ ပ-ပင်ခေါ်၏၊ နှစ်ဖော်ဒွေး နှင့်၊ ဖ-ဖြင့်မယိမ်း၊ တြိန်းနှစ်ပါး၊ မ-မချားပ၊ ဇယနှစ်ဖော်၊ ယ-လျှင်ခေါ်


တော့၊နှစ်ဖော်ဗျည်းဖြင့်၊ ရ-ဟူလင့်ရှင့်၊ နှစ်ဆင့်သောမူ၊လ-လျှင်ဟူ၏၊ သတ်မူနှစ်ပါး၊ ဝ-ဘို့ထားရှင့်၊ အင်္ဂကားနှစ်ဖော်၊ သ-လျှင်ခေါ်လော့၊ နှစ်ဖော်နောနှင့်၊ဟ-ဟူလင့်သား၊ လေးပါးဝိသဇ္ဇနီ၊ အညီပေါင်းမူ၊ အ-ကိုယူလော့၊ ရှင်လှအများ၊ မျိုးလေးပါးတို့၊ မှတ်သားစိမ့်ငှါ၊ ရှေးဆရာတို့၊ သာယာရှင်လန်း၊ ဒွးဂဏန်းဟု၊ တူးဆန်းထွေပြား၊ ချေးခွဲထား၏၊ အများတကာ၊ မှတ်ကုန်ရာသည်။ ။ကျမ်းလာနိဒါန်းထားသတည်း။

**ဒွးဂဏန်းရေးနည်းလက္ခဏာပုံ**



ဤအက္ခရာလက္ခဏာတို့ကို မှတ်၍ ရေးရဖတ်ရမည်။


**ပုံကား**



**စာညွှန်းကား**။ ရွှေဗီလက်ဖက်၊ ညွန့်မပျက်နှင့်၊ ဆက်ပါ တော့မည်၊ အသက်ကယ်။

**ကျေးဂဏန်းရေးနည်းကား**။ ဒွးဂဏန်း အက္ခရာတွင် သချာ ဆင့်သည် သာထူးသည်၊ အထက်အက္ခရာနှင့် အတူတူပင်တည်း၊

**ပုံကား**



**စာညွှန်းကား**။ တောင်ငူ သခ္ခါး၊ အနှံပါးကို၊ စားပါတော့မည်၊ လှ နတ်ရည်။

ဒူးဂလာန်းကျေးဂလာန်းရေးပုံကား

+၃၉၉+ရါ၃+၉ဒ်+ရါ၃ံ၃၂ရှင်၁ရှဉ်၃+၃ငှ ၂ ။

စာညွှန်းကား။ ရွှေနန်းတော်မှ၊ နောက်တောင်ကျဝယ်၊ ထွန်းပရောင်ဟုံ၊ ရွှေစည်းခုံ။

ဤရေးနည်းသည်လည်း ရေးကမှုဟောင်း ပျောက်မည်စိုး၍ ထည့်လိုက်သည်၊ ရေးနည်းဖတ်နည်းကို သဘောနှင့်ဆင်ခြင်လေ။

---

## ၇၃-သင်္ကေတစိတ္တကွရာရေးနည်းဖတ်နည်း

ဆောင်ပုဒ်လင်္ကာ။ က- ကားကြက်ခြေ၊ ခ-နေဝက်ခေါင်း၊ တကြောင်းဒွေးမှာ၊ င-မှတ်ပါ၊ သုံးမှာဗိန္ဒုခတ်၊ စလုံးမှတ်၊ သတ်မှာတမူ၊ ဆလိမ်ယူ၊ ညမူကိုးတွင်၊ တချောင်းငင်၊ ထိုပြင်တစ်မှာ၊ တ-မှတ်ပါ၊ လေးမှာဗိန္ဒုခတ်၊ ထ-ဟုမှတ်မှ၊ တြိန္ဒုတည်း၊ ဇယ-ပ-နေ၊ ဖ-နေပဉ္စ၊ မ-ကား ခြောက်ခု၊ ယှစ်ခု-ဟ-ဆွဲ၊ ယ-ယူမြဲ၊ မလွဲယှစ်မှန်၊ ရ-ယူပြန်၊ ယှစ်မှန် နောက်ပစ်၊ လ-ယူလစ်၊ ရစ်ပတ်ခရု၊ ဝ-လျှင်ပြု၊ ယှစ်ခုဆန့်ခတ်၊ သ-ဟုမှတ်၊ ဆန်ခတ်-ပတွင်၊ ဟ-မှတ်ချင်၊ ကိုးပင်ကား-ဠ၊ ခ-မှာ-အ-ဟု၊ မှတ်ထအနေ၊ ရေးတွေသင်္ကေ၊ စိတ္တကွရတည့်။

သင်္ကေတစိတ္တကွရာလင်္ကာပုံ

က·ခ·င·စ·ဆ·ည·တ·ထ·န·ပ·ဖ·မ·ယ·ရ·လ·ဝ·သ·ဟ·ဠ·အ ။

ဤသို့ ရေးမှတ်ရမည်။

ပုံကား

၃ဂ်၄ဒ်း၂ါ၉၂၃ငှ်း၃၃ဂ်ါဂိုရေါင်းဂဲဂဲဂ် ။ ။

စာညွှန်းကား။ နွယ်ပန်း ခွါညို၊ နှင်းစိုစို၊ ပြာသို ဆောင်းလလယ်။

---

## ၇၄-နှစ်လွန်းတင်အဝှက်ရေးနည်းဖတ်နည်း

အစအက္ခရာကစ၍ တလုံးကျော် နှစ်ကြိမ် ဖတ်အပ်သော နည်း ဖြစ်သည်။

**ပုံကား။** နေဆွေရောင်မောင်၊ ကာလွမ်းတွင်ကျင်၊ မိုးမဲ့ရည်သတင် ခင်သည် သည် ထမ်းချမ်း စင်လျှင် ဆွေးကွေး ပပ လေလေ တော့တော့မည်။

**အဖြောင့်ကား။** နေရောင်ကာတွင်၊ မိုးရည်တင်သည်၊ ထမ်းစင်ဆွေးပလေတော့မည်။

ဆွေမောင်လွမ်းကျင်၊ မဲ့သခင်သည်၊ ချမ်းလျှင်ကွေးပလေတော့မည်။

ဤရေးနည်းကို အချို့မူတွင် ပြေပြန်အဝှက်ရေးနည်းဟူ၍ ယိုသည်။

**တနည်းကား။** အရင်းကစ၍ တလုံးကျော်, အဖျားကပြန်၍ တလုံးကျော် ဖတ်ရမည်။

**ပုံကား။** ရွှေသောဝ်နန်းပင် တော်နှင့်မှစီ နောက်စုံဌာမွေး နပန်းဝယ် လှေးထွန်းမြတ်ပဇင် လျှံသတောက်သည် ရွှေတင်အုံးဇော် ပေါက်ပူနှိုက်လင် ညွတ်ကြည်ခေါက်။

**အဖြောင့်ကား။** ရွှေနန်းတော်မှ၊ နောက်ဌာနဝယ်၊ ထွန်းပလျှံတောက်၊ ရွှေအုံးပေါက်နှိုက်၊ ညွတ်ခေါက်ကြည်လင်၊ ပူဇော်တင်သည်။ ။သဇင်မြတ်လေး ပန်းမွေးစုံစီနှင့်ပင်သောဝ်။

---

## ၇၅-သုံးလွန်းတင်အဝှက်ရေးနည်းဖတ်နည်း

အစအက္ခရာကစ၍ နှစ်လုံးကျော်သုံးကြိမ်ဖတ်ရမည်။

**ပုံကား။** ရွှေငုံ့သုံးနန်းတို့ နှစ်တော်သွားလည် ရွှေမြိး တောင်းရွှေ မကျည်ခြင် သွားပွေ့သွေ့ပဲးဟောင်း သည်သည်သည်ပြန်ဆင်ရွက်၍ ကဲးညောင်းဟောက်ငေါက်ပေါက် သော်သော်သော် သာသာသာ တတတ မှုံမှုံမုံ့။

**အဖြောင့်ကား။** ရွှေနန်းတော်ရွှေ၊ ရွှေခြင်သွေ့သည်၊ ပြန်၍ဟောက်သော်သာတမုံ့။

ငုံ့တို့သွားမြိး၊ မသွားပဲးသည်၊ဆင်ကဲးငေါက်သော်သာတမုံ့။

သုံးနှစ်လည်တောင်း၊ ကျည်ပွေ့ဟောင်းသည်၊ ရွက်ညောင်းပေါက်သော်သာတမုံ့။

---

## ၇၆-ရွှေနပေထပ်အဝှက်ရေးနည်းဖွတ်နည်း

ပုံကား။

(ရွှေ)
- ဝမြောက်စောင်း၊
- ချောင်းစကြို၊
- ကမ်းယံနိုက်၊
- ခြိရံဝန်း၊
- ပွင့်ပန်းကို၊
- နန်း၌ာန၊
- ဝရပ်သူ၊
- တူဆင်းပြင်၊
- အိမ်ရှင်သည်။ ။
- ပင်နောင်နှင့်ဆွတ်ပါလှည့်။

**အဖြောင့်ကား။** ရွှေဝမြောက်စောင်း၊ ရွှေချောင်းစကြို၊ ရွှေကမ်းယံနိုက်၊ ရွှေခြိရံဝန်း၊ ရွှေပွင့်ပန်းကို၊ ရွှေနန်း၌ာန၊ ရွှေဝရပ်သူ၊ ရွှေတူဆင်းပြင်၊ရွှေအိမ်ရှင်သည်။ ။ရွှေပင်နောင်နှင့် ဆွတ်ပါလှည့်။

ဤ ရေးနည်းဖတ်နည်းသည်ကား အရင်းအစ (ရွှေ) တလုံးတည်းက အပိုဒ်တိုင်းထည့်ကာ ထပ်ခါအကြိမ်ကြိမ် ဖတ်ရသောကြောင့် ရွှေနပေထပ် ခေါ်ဝေါ်ချေသည်။

---

## ၇၇-ကြိဖန်ကောက်ရေးနည်းဖတ်နည်း

ပုံကား။ (၁) ယုတ်လတ်မြတ်ဖြား၊ သုံးဆယ်ပြား၊ ဖြည့်ငြားတို့ ထွင်ရှုချ။

(၂) နှောင်းမိုးသံထင်၊ ရေများဝင်၊ ကြာလျှင်မယှိပါ။

(၃) သုကြေးသုငွေ၊ မပေးနေ၊ မင်းစေတမန်တာ။

(၄) အားယှိအားများ၊ ကိုင်ကြငြား၊ ကြီးသားစိတ်ယှိရာ။

ဤလင်္ကာ ၄-ပိုဒ်ကို အကျအဓိပ္ပါယ်ကောက်သော် ပါရမီခန်း ထုတ်ပါ ဆိုလိုသည်။

### တနည်းမှာလည်း

၁။ တော်သလင်းတွင်၊ လှေပွဲးဆင်၊ အလျှင်ရောက်ကရွှေပန်းရ။

၂။ အကြွေးယူချေ၊ မပေးနေ၊ မင်းစေခေါ်မလပ်ရ။

၃။ ကျောင်းသိမ်နီးမှာ၊ နေစရာ၊ လုပ်ပါများလှာ၊ကန့်ဆည်းကြ။

၄။ လျှောက်မတင်ခင်၊ စရွေးတွင်၊ အလျင်ခွင်းချ၊ တင်လိုက်မှ။
၅။ ကစားကြေအန်၊ နှစ်လုံးလံ၊ လုယံခေါ်ကြ၊ စကားကျ။
၎င်းလင်္ကာ၏အရကို ကောက်လျှင် ဆုတောင်းခန်း ထုတ်ပါ ဆိုလိုသည်။

တနည်းမှာလည်း

၁။ ကိုယ်လုံးမွမ်းမံ၊ နီဖလံ၊ ရောင်လျှံတဝင်းဝင်း၊
၂။ လူတို့ထိပ်တင်၊ စံပျော်ရှင်၊ ခေါ်တွင်သမုတ်ကြ။
၃။ မြို့ပြင်ကသာ၊ မြို့တွင်းမှာ၊ ရောက်လာလွန်များလှ။
၄။ ကျောင်းသိမ်နေလျက်၊ ယင်ရိုင်းငှက်၊ ခြေလက်မလှမ်းကြ။
၅။ မယှိရကား၊ တောင်းရန်းစား၊ ထည့်ပါးမလပ်ရ။
၆။ ရထားငင်ယူ၊ နှစ်ဖက်သူ၊ မိုလ်ထူသုလက်ကျ။
၇။ သစ်ပင်စိုက်ရာ၊ လန်းလန်းဖြာ၊ ကြီးစွာပွင့်သီးရ။
၎င်းလင်္ကာကို အကျကောက်သော် ရွှေပြည်ဝင်ခန်း ပေးပါရှင်ဟု ဆိုလိုသည်။

တနည်းမှာလည်း

၁။ ပန်းပဲတို့မှာ၊ လုပ်စရာ၊ များစွာအခဲကျ။
၂။ ရသာချိုမြက်၊ စားကုန်လျက်၊ နှစ်သက်ပြီးကာထ။
၃။ လိုချင်လှစွာ၊ တောင်းကြလာ၊ များစွာပေးလိုက်ကြ။
၄။ ခြေမလှမ်းပါ၊ ခုန်၍သာ၊ သွားခါစာရိတ္တ။
၎င်းလင်္ကာအကျကိုကောက်ယူသော် သံဝရစာကို ဆိုပါသည်။

တနည်းမှာလည်း

၁။ ကိုယ်ဝန်ရင့်ခါ၊ ကြက်ဘာသာ၊ ဖွားသာအလုံးသား။
၂။ မခွးကောင်ပစ်ရာ၊ နေ့ရှည်ကြာ၊ နံစွာလူအများ။
၃။ သားငါးလှန်းရာ၊ ကျီးငှက်လာ၊ မြစ်ထာလူ့တလွှား။
၄။ နှစ်ယောက်စိတ်တူ၊ ကိုင်ကြယူ၊ အားထုလှူသို့ပါ။
၎င်းလင်္ကာကို အကျကောက်သော် ဥပုသ်စောင့်ပါ ဆိုလိုသည်။

တနည်းမှာလည်း

၁။ ငါးကိုမာဂဓ၊ ခေါ်ပါကြ၊ တွေးဆမယုံမှား။
၂။ မွေးလှကြိုင်စွာ၊ ပွင့်ရွှေဝါ၊ တန်မှာပန်းစကား။
၃။ တိုင်ကိုဖောက်ခါ၊ သုအရာ၊ ထက်စွာသံအသွား။

၄။ စီးတော်ဆင်မှာ၊ စွယ်တချောင်းသာ၊ ခေါ်ပါလူအများ။
၅။ ကြွေအန်ချကာ၊ ထွတ်တက်တလုံးသာ၊ ဘာသာဆိုစကား။
၎င်းလင်္ကာကို အကျကောက်သော် ပဉ္စသီဆောက်တည်ပါ ဆိုလိုသည်။

**တနည်းကား**

ဝယ်လူတထွန်း တန်းနန်းရွှေတူပ မျိုးကျမဟု ရွှေဘုံရောင်မှကား တော်တောင်ခံ အံ့ခိုးရိုင်သည်နောက်စည်း။

**အဖြောင့်ကား။** ရွှေနန်းတော်မှ၊ နောက်တောင်ကျဝယ်၊ ထွန်းပရောင်ဟုံ၊ ရွှေစည်းခံသည်၊ လုဘုံတန်းခွိုး၊ အံ့မျိုးမတူနိုင်တကား။

ရေးသော စာကို ကာရန်သင့် အဓိပ္ပါယ် ရအောင် ဉာဏ်နှင့် ဆင်ခြင်ကြံဖန်၍ အက္ခရာတို့ကို ကောက်ယူစပ်ဖတ်ရသောကြောင့် ကြံဖန်ကောက်ခေါ်ခြင်းဖြစ်သတည်း။

## ၇၈ - တံဆိပ်ညွှန့်ပေါ်အဖွက်ရေးနည်းဖွတ်နည်း

၎ရေးနည်းဖတ်နည်းသည် အခေါ်အမည်သာကွဲသည် ကြံဖန်ကောက်ရေးနည်းဖတ်နည်းနှင့်သဘောတူသည်။

**ပုံကား။** ရသာထိပ်တံဘုဝနှင့် ပိုင်ပေါ်ပတံသည် သီတော်ဆိပ်ရာစိုးရိနှိပ်မည်ရားသာဇာမင်းညွှန့်ရာ၊

**အဖြောင့်ကား။** သီရိပဝရရာဇာ၊ မည်တော်သာနှင့်၊ တရာမင်းထိပ်၊ စိုးပိုင်နှိပ်သည်။ ။တံဆိပ်ညွှန့်ပေါ်ဘုရား။

## ၇၉ - ပြဲစားအဖွက်ရေးနည်းဖွတ်နည်း

**ပုံကား**

တျ်ိုကျွှ်မျှ်သျ်ပြေျ်ယျော်ကျိ်နေျှ်ပျော်မျှိ်နျှ်။သျော်ငျ်တျ်ကျ်ချ်မျှ်။ ။

**အဖြောင့်ကား။** တိုကျွန်းသပြေ၊ ယောက်နေပျော်မှန်း၊ သောင်းတိုက်ခန်း—ဟုဖတ်ရသည်။

၎ရေးနည်းကား ရေးသောသူ၏သဘောဆန္ဒအလိုနှင့် တူသည်။
ဤလိုရေးက ဤလိုဖတ်ရမည်ဟု ဩဝါဒကိုမတွေ့ဘူးချေ။

## ၁၀-ဝဲ နိုက်ဝဲ ဆင်းရေးနည်းဖွတ်နည်း

ဤရေးနည်းဖတ်နည်းကား အရင်းကစ၍ အဖျားတိုင်အောင် ဝဲရိုက်ဖတ်ရသည်၊ အဖျားကပြန်၍ အရင်းတိုင်အောင် ဝဲဆင်းဖတ်ရပါသည်၊ဆင်တော်ကြန်ဖြစ်ပါသည်။

**ပုံကား။** ဆင်မြတ်မျိုး၊ ဟိုးဟိုးကျော်၊ တော်ဖြစ်ညား၊ ရှားနိုင်းပြိုင်၊ နိုင်ကြံ့စွယ်၊ သွယ်ရှည်ဖြိုး၊ ကြီးမားမား၊ လျားလုံ့ဘန်၊ ပွန်လှဆင်း၊ ညှင်းပြည့်ပြည့်၊ ရွှေနောက်ညီ၊ ဗီကျောဆုပ်၊ ရုပ်ထူးဆန်း၊ စွန်းပြစ်ကင်း၊ တင်းစည်ကြော၊ လျောလျောကုံး၊ လုံးပြည့်ဖြိုး၊ ရိုးဆစ်တိမ်၊ ငြိမ်လက်ခြေ၊ နေရပ်မြဲး၊ ရဲဖွေ့ပွံ့၊ ပွံ့ဖြိုးရှယ်၊ လွယ်ရှည်ပိုက်၊ ရိုက်ဟည်းရှင်၊ လျှင်ဟူးဟူး၊ စူးစူးပြေး၊ ဘေးရန်လွတ်၊ ပတ်လည်ရ၊ ကြွကြွသွား၊ နားဦးထောင်၊ ဆောင်ပန်းတင့်၊ သင့်ကြန်ရုံ၊ စုံကောင်းအင်၊ ရှင်ပျော်ချိး၊ သီးသီးအုံ၊ လွန်ကျေခိထင်၊ဆင်မြတ်မျိုး။

အဖျားကပြန်၍ဖတ်သောအခါ "မျိုးမြတ်ဆင်၊ ထင်ကျေခ်လွန်" ဟူ၍ ဖတ်ရပါသည်၊အဖြောင့်ရေးသားဖော်ပြရန်မလို။

---

## ၁၁-အတုမရ-အစမမြင်ရေးနည်းဖွတ်နည်း

အလယ်(ရွှေ)ကစ၍ ဘယ်ပြန်ညာပြန် လေးလုံးကျော်ဖတ်ရမည်။

**ပုံကား။** ဝကျုံးရှားလုံး ကာရွှေဆင် စောင်းနိုင်ညွတ် တောင်နားရွှေမြွာ တည်းပါးတွင်ဝါသည်။

**အဖြောင့်ကား။** ရွှေဝတောင်ပါး၊ ဆင်ကျုံးနားတွင်၊စောင်းရှားရွှေဝါ၊ နိုင်လုံးမြွာသည်၊ညွတ်ကာတည်း။

---

## ၁၂-ငပြေဆန်ရေးနည်းဖတ်နည်း

အဖျားအဏ္ဍရာက ပဋိလောမအစဉ်အတိုင်း ပြန်၍ဖတ်ရမည်။

**ပုံကား။** သားရာခဲ့တည်နာသသာပြောင် ထွန်းလျှင်အောင်မာရ်ငါး။

**အဖြောင့်ကား။** ငါးမာရ်အောင်လျှင်၊ ထွန်းပြောင်သာသနာ၊ တည်ခဲ့ရာသား။

---

## ၈၃-ပဇာဦးထိုးလည်ပြန်ရေးနည်းမှတ်နည်း

အဖျားကစ၍ အဖျားတလုံး, အရင်းတလုံး အပြန်အလှန် ဖတ်ရမည်၊ ရင်စေ့ဖတ်နည်းနှင့် သဘောတူဟန်ယှိသည်။

ပုံကား။ မွယ်ကားထွတ်ကိုထွားစင်ညိုလျှင် တွင်ပြည့်မှတ်စတည်း ဆင်အထိပ်သွင်ချောမွတ်ညက်ထ‌ားပန်းစ။

အဖြောင့်ကား။ စမွယ်စကား၊ ပန်းထွတ်ထားကို၊ ညက်ထွားမွတ်စင်၊ ချောညိုသွင်လျှင်။ ။ထိပ်တွင်အပြည့်ဆင်စမှတ်တည်း။

---

## ၈၄-ဒေါင့်ထဲးတွန့်ရေးနည်းမှတ်နည်း

အရင်းကစ၍ တပိုဒ်တပိုဒ်လျှင် တလုံးကျော် ပြန်ကာ လှန်ကာ ဖတ်ရမည်။

ပုံကား။ ကူးဆိပ်ခင်းညာ ကသည်သာ နိဆိုဗ္ဗာန်သည်နှိုက်ကိုယ်မှာ။

အဖြောင့်ကား။ ကူးခင်းဆိပ်ညာ၊ သည်ကသာ၊ နိဗ္ဗာန်ဆိုသည်၊ ကိုယ်နှိုက်မှာ။

---

## ၈၅-သံပေါက်ဒေါင့်ထဲးတွန့်ရေးနည်းမှတ်နည်း

အရင်းကစ၍ တပိုဒ်တပိုဒ်တွင် တလုံးကျော် အပြန်အလှန်ဖတ်ရသည်။

ပုံကား။ နိရဗ္ဗာန်လို၊ စေကောင်းလို၊ ကိုဆုံးကိုယ်မကွပ်။

အဖြောင့်ကား။ နိဗ္ဗာန်ရလို၊ ကောင်းစေလို၊ ကိုယ်ကိုဆုံးမကွပ်။

---

## ၈၆-ဝါးမျက်လှန်ရေးနည်းမှတ်နည်း

အဖျားကစ၍ တပိုဒ်တပိုဒ်တွင် တလုံးကျော်ဖတ်ရမည်။

ပုံကား။ စင်းလှေယှစ်ရောက်အောင်၊ ထောင်တက်လက်၊ အောင်ဗ္ဗာန်ရနိ။

အဖြောင့်ကား။ နိဗ္ဗာန်ရအောင်၊ တက်လက်ထောင်၊ ရောက်အောင် လှေယှစ်စင်း။

---

## ၈၇-အက္ခရာပြောင်း၍ ရေးနည်းဖတ်နည်း

ပဉ္စမက္ခရာကိုလိုလျှင် ဒုတိယက္ခရာကိုရေး၍ ဖတ်ရသည်။

ပုံကား

ရွှေသပြို့ဓောဒ်ဂျကောဒ်လွှယ်းယောစ်းအစ်ရွှေ
ချောစ်းယှာ။မောစ်ခေါ်စ်းပျိုရုအောစ်ပြယ်ကာ်ဇု။ ။

**စာညွှန်းကား။** ရွှေဝမ္ဘိနောက်၊ လှိုတောက်ရှမ်းမောင်း၊ အင်းရှေ့ကျောင်းမှာ၊ မောင်ကောင်းပျို့နု၊ အောင်မြတ်ဆု။

---

## ၈၈-အက္ခရာပြန်၍ ရေးနည်းဖတ်နည်း

ဗျည်းအက္ခရာ ၃၃-လုံးတွင် အရင်းအက္ခရာနှင့် အဖျားအက္ခရာ ပြန်လှန်ရေးဖတ်ရသည်။

ပုံကား

ငြှောအ်ယွဇ်ဆောဝ်ငှပ်ဈယိတပ်ဂုမြှဒ်စွျပ်ချွေးဒုး
စရိုးစုယးဒွဝ်ဉျိုထွားပုပဇ်ဈဒ်ချွေယွဇ်။ ။

**အဖြောင့်ကား။** ခြောက်သွယ်ရောင်ဝှန်၊ မသိဒန်ဟု၊ မြတ်မွန်ရှေ့ပါး၊ လမ်းမနားတွင်၊ ပျိုထွားနုနယ်၊ မြတ်ရွှေသွယ်။

**အဓိပ္ပါယ်ကား။** က-ကြီးနှင့်-အ၊ ခ-ခွေးနှင့်-ဠ-ကြီး၊ ဂ-ငယ်နှင့်-ဟ၊ ဃ-ကြီးနှင့်-သ၊ စသည်ဖြင့် အလဲအလှယ်ပြန်၍ ရေးသား ဖတ်ဆိုရသည်။

---

## ၈၉-ဝါးမျက်မြင်ရေးနည်းဖတ်နည်း

အဖျားကစ၍ တပိုဒ်တပိုဒ်တွင် အပြန်အလှန်မှန်ကျော်ဖတ်ရသည်။

**ပုံကား။** မှုတော်ပန်ထပ်ဆင့်တင့်ပန်းလှပွင့်ဆယ့်လေးနှစ်။

**အဖြောင့်ကား။** နှစ်ဆယ့်လေးပွင့်၊ ပန်းလှတင့်၊ ထပ်ဆင့်ပန်တော်မှု။

---

## ၉၀-ငပြေတက်သက်ရင်စေ့ အကောက်အယူ ရေးနည်းဗတ်နည်း

၁။ ကြွက်အမိုက်လျှင်၊
၂။ ချိုကိုက်ဖျက်လှ၊
၃။ မြွက်ဆိုပြဒွံ့၊
၄။ သာလှတိုက်မှာ၊
၅။ ညွန်းပြခါလျှင်၊
၆။ သော့အသွင်သို့၊
၇။ ပြလျှင်ပန်းသီ၊
၈။ တန်ကိုချီ၍၊
၉။ ကစီကရင်၊
၁၀။ သုပန်းပင်ကို၊
၁၁။ စားလျှင်ကိုက်ချို၊
၁၂။ ထားဘိမနိုင်၊
၁၃။ နားထိုင်နာထ၊
၁၄။ လက်မချလျှင်၊
၁၅။ ပြားစာပင်တည့်၊
၁၆။ ဆာလျှင်စားလေ၊
၁၇။ မိမိသေသော်၊
၁၈။ ခါမတော်၍၊
၁၉။ ဖော်လှော်မယှိ၊
၂၀။ ရေးမသိက၊
၂၁။ ဟာဘိမြွက်ခါ၊
၂၂။ ဘာသာလူးဆန်း၊
၂၃။ ထောင်လေဖမ်းသည်။ ။
၂၄။ ပန်းမှမိချေသည်တမို့။

အက္ခရာလေးလုံးတပိုဒ်တွင် အရင်းအက္ခရာကိုကောက်၍ အစဉ်အတိုင်းထားသော် ၂၄-လုံးဖြစ်၏၊ ထို ၂၄-လုံးကို ငပြေတက်သက်ဖြစ်အောင် အထက်သို့ပြန်လျှင် အလယ်တွင်ကန့်ရ၏၊ တကန့်လျှင် ၁၂-လုံး ဖြစ်၏၊ ထို ၁၂-လုံးတကန့်တကန့်ကို ရင်စေ့ကောက်ပြန်သော် အက္ခရာ ၂-လုံးသည် ပြောင်းပြန်နေ၏၊ ၎င်းကိုဖြောင့်လိုက်ဦး၊ ဖြောင့်လျှင် စကားလိမ်ဖြစ်၏၊ စကားလိမ်ကို ဖြောင့်လိုက်ဦး၊ ဖြောင့်လျှင် ပါဠိ ၂-လုံးရ၏၊ ထိုပါဠိ ၂-လုံးသည်ကား အနက်ပေး-အရကို အမိပ္ပါယ်ပေါ်လှာ၏။

**စကား**အစဉ်နှိုက် "ကြွက်အမိုက်လျှင်၊ ချိုကိုက်ဖျက်လှ" အစယှိသော လက်ာဝယ် လေးလုံးတပိုဒ်တွင် အရင်းအက္ခရာကိုယူ၍ အစဉ်အတိုင်း ၂၄-လုံးဖြစ်၏ ဆိုရာနှိုက် အဘယ်ကဲ့သို့ ဖြစ်သနည်းဟူမူကား ကြွက်အမိုက်ဆိုသည်မှာ-ကြွက်ကိုကောက်၊ ချိုကိုက်ဖျက်လှဆိုသည်မှာ-ချိုကိုကောက်၊ ဤနည်းအတူ အပိုဒ်တိုင်း ကောက်ယူလျှင် အက္ခရာ ၂၄-လုံးဖြစ်ပြန်၏။

ဖြစ်ပုံကား။ ကြွက်- ချို- မြွက်-သာ-ညွန်း- သော့-ပြ-တန်- က-သု-စား-ထား- နား-လက်-ပြား- ဆာ-မိ-ခါ-ဖော်-ရေး-ဟာ- ဘာ-ထောင်-ပန်း၊ ဖြစ်၏။

ထိုစာ ၂၄-လုံးကို ကြွက်ချိမြွက်သာ မဖတ်ရချေ၊ အက္ခရာ ၂၄-လုံး ဖြစ်သည်ကိုပြသည်၊ ၎င်းအက္ခရာတို့ကို အစဉ်လိုက် ဂဏန်းတစ်-နှစ် စသည်ဖြင့် မှတ်သားရမည်၊ ထိုမှတ်သားပြီးသော အက္ခရာကို ငြေပြတက်သက် အောက်ထက်ယူပြန်လျှင် အလယ်တွင်ကန့်၊ တကန့်ကို ၁၂-လုံးဖြစ်၍ ဆိုရာနိုက် ငြေပြတက်သက် သဘောသည် ပဌမအက္ခရာကစ၍ အနုလုံပဋိလုံအားဖြင့် အသွားအပြန် ယူရကောက်ရသည်ဖြစ်သောကြောင့် ဖော်ပြသော အက္ခရာ၂၄-လုံးမှာ ကြွက်ကစ၍ တလုံးကျော် ထောင်-တိုင်အောင် အသွားကောက်ပြီးလျှင် တဖန်အဖျား ပန်း-ကစ၍ တလုံးကျော်ချီ-တိုင်အောင် အပြန်ကောက်ယူ၍ အလယ်တွင် ကန့်လေ။

## ယူပုံကောက်ပုံကား

ကြွက်-မြွက်-ညွန့်-ပြ-က-စား-နား-ပြား-မိ-ဖော်-ဟ-ထောင်။

ပန်း-ဘာ-ရေး-ခါ-ဆာ-လက်-ထား-သု-တန်-သော့-သာ-ချီ။

သို့လိုအလယ်တွင်ကန့်၍ တလုံးကျော်ကောက်ယူသော် အက္ခရာ ၁၂-လုံးစီဖြစ်၏၊ ထို ၁၂-လုံးအက္ခရာကို ရင်စေ့ကောက်ယူပြန်သော် သံပေါက် ၂-ပိုဒ်ရ၏ ဆိုရာနိုက် ရင်စေ့သဘောသည် အစအက္ခရာနှင့် အဆုံး အက္ခရာကို တလုံးစီ အပြန်အလှန် ကောက်ယူဖတ်သော် အလယ်ကို ရောက်မြဲဖြစ်သောကြောင့်—

ကြွက်ထောင်မြွက်ဟ၊ ညွန့်ဖော်ပြ၊ မိကပြားစားနား။

ပန်းချီဘာသာ၊ ရေးသော့ခါ၊ တန်ဆာသုလက်ထား။

၎င်းသံပေါက် ၂-ပိုဒ်ရသည်၊ ဤသံပေါက် ၂-ပိုဒ်ကို ကျပန်းကောက်၍ ကြံပြန်သော် အက္ခရာ ၂-လုံးရ၏ ဆိုရာနိုက်-

"ကြွက်ထောင်မြွက်ဟ၊ ညွန့်ဖော်ပြ၊ မိကပြားစားနား" ဟူသော ပဌမ သံပေါက်အရ အကျကောက်သော် (ဘိ)ဟုရသည်။

"ပန်းချီဘာသာ၊ ရေးသော့ခါ၊ တန်ဆာသုလက်ထား" ဟူသော ဒုတိယ သံပေါက်အရ အကျကောက်သော် (စုတ်)ဟုရသည်။

ထိုဘိနှင့်စုတ်ကိုပေါင်းသော် ဘိစုတ်ဟုအက္ခရာ ၂-လုံးရ၏၊ ထိုအက္ခရာ ၂-လုံးသည် စာပြောင်းပြန်နေသည်၊ ဖြောင့်လိုက်သော် စကားလိမ် ဖြစ်လာ၏ ဆိုရာနိုက် ဘိကိုပိပြု၊ စုတ်ကိုဆုတ်ပြု၊ ဖြောင့်လျှင် စကားလိမ် ပိဆုတ်ဖြစ်သည်၊ ထိုပိဆုတ်ဟူသော စကားလိမ်ကိုဖြေလျှင် ပုဏ္ဏဳဟုပါဠိ ၂-လုံးရသည်၊ ထိုပါဠိ ၂-လုံး၏ အနက်ပေး အဓိပ္ပါယ်ကိုသိရ၏ ဆိုသောအတိုင်း ပုဏ္ဏဳကို

အနက်ပေးသော် မေး၏ဟု ယောဇနာလာသည်ဖြစ်သောကြောင့် "ကြွက်အမိုက်လျှင်၊ ချီကိုက်ဖျက်လှ၊ မြွက်ဆိုပြအံ့" အစယှိသောပုဒ်မှသည် ပန်းမှ မိချေသည်တမုံ့-တိုင်အောင် လင်္ကာပုဒ်၏ အဓိပ္ပါယ်အရ ကောက်ကား မေး၏ဟူသော အဓိပ္ပါယ်အရသာတည်းဟု ရှေးပညာယှိ ကဝိသူမြတ်တို့ ညွှန်းပြထားခဲ့ကုန်သတည်း။

---

## ၉၁-ဝါးခွဲးရင်စေ့အနုလုံ ပဋ္ဌိလုံကောက်ယူပုံ ရေးနည်းမှတ်နည်း

ထွင့်ခေါင်တင်၊ လွတ်စင်ပြိုင်ဘက်၊ ပိုင်ဖျက်ငါးမာရ်၊ ပွားဆန်တက်ထွန်း၊ ထွက်ရှုန်းဘုန်းမြတ်၊ နှုန်းမှတ်နေလ၊ ရွှေဝတောင်ခွင်၊ မှောင်စင်-ပလင်း၊ လှဝင်းရောင်ခြည်၊ ဆောင်ရှည်ထိပ်ပန်း၊ ရိပ်ခန်းချောင်သာ၊အောင်ရွာတွင်ဟူ၊ စင်ဖြူပေလှ၊ ဇေယျကျော်ထင်၊ ခေါ်တွင်မည်မှတ်၊ တည်မြတ်ကောင်းမှု၊ ပေါင်းစုမွေခတ်၊ ရွှေလွတ်စွယ်ဆံ၊ သွယ်လျှံပြောင်ရှုန်း၊ ခေါင်ထွင့်စွန်း။

ဤလင်္ကာကိုပိုင်းခြား ကောက်ယူသော်—

(၁) ထွင့်ခေါင်တင်၊ လွတ်စင်ပြိုင်ဘက်၊ ပိုင်ဖျက်ငါးမာရ်၊ ပွါးဆန်တက်ထွန်း၊ ထွက်ရှုန်းဘုန်းမြတ်။

[ပဌမအနုလောမတည်း။]

(၂) နှုန်းမှတ်နေလ၊ ရွှေဝတောင်ခွင်၊ မှောင်စင်-ပ-လင်း၊ လှဝင်းရောင်ခြည်၊ ဆောင်ရှည်ထိပ်ပန်း၊ ရိပ်ခန်းချောင်သာ၊ အောင်ရွာတွင်ဟူ၊ စင်ဖြူပေလှ၊ ဇေယျကျော်ထင်၊ ခေါ်တွင်မည်မှတ်။

[ဒုတိယအနုလောမတည်း။]

(၃) တည်မြတ်ကောင်းမှု၊ ပေါင်းစုမွေခတ်၊ ရွှေလွတ်စွယ်ဆံ၊ သွယ်လျှံပြောင်ရှုန်း၊ ခေါင်ထွင့်စွန်း။

[တတိယအနုလောမတည်း။]

ဤကား အနုလောမ သုံးပိုဒ်တည်း။

(၁) စွန်းထွင့်ခေါင်၊ ရှုန်းပြောင်လျှံသွယ်၊ ဆံစွယ်လွတ်ရွှေ၊ ခတ်မွေစုပေါင်း၊ မှုကောင်းမြတ်တည်။

[ပဌမပဋိလောမတည်း။]

(၂) မှတ်မည်တွင်ခေါ်၊ ထင်ကျော်ယျဇေ၊ လှပေဖြူစင်၊ ဟူတွင်ရွှာ
အောင်၊ သာချောင်ခန်းရိပ်၊ ပန်းထိပ်ရှည်ဆောင်၊ ခြည်ရောင်
ဝင်းလှ၊ လင်းပ-စင်မှောင်၊ ခွင်တောင်ဝရွှေ၊ လ-နေမှတ်နှုန်း။

[ဒုတိယပဋိလောမတည်း။]

(၃) မြတ်ဘုန်းရှုန်းထွက်၊ထွန်းတက်ဆန်ပွား၊ မာရ်ငါးဖျက်ပိုင်၊ ဘက်
ပြိုင်စင်လွတ်၊ တင်ခေါင်ထွင့်။

[တတိယပဋိလောမတည်း။]

ဤကား ပဋိလောမ သုံးပိုဒ်တည်း။

(၁) ခေါင်ထွင့်တင်၊ ပြိုင်စင်လွတ်ဘက်၊ ငါးဖျက်ပိုင်မာရ်၊ တက်ဆန်
ပွားထွန်း၊ ဘုန်းရှုန်းထွက်မြတ်၊

[ပဌမအနုလောမဝါးခွဲ။]

(၂) နေမှတ်နှုန်းလှ၊ တောင်ဝရွှေခွင်၊ ပ-စင်မှောင်လင်း၊ ရောင်ဝင်း
လှခြည်၊ ထိပ်ရှည်ဆောင်ပန်း၊ ချောင်ခန်းရိပ်သာ၊တွင်ရွှာအောင်
ဟူ၊ ပေးဖြူစင်လှ၊ ကျော်ဇေယျထင်၊ မည်ခေါ်တွင်မှတ်။

[ဒုတိယအနုလောမဝါးခွဲ။]

(၃) ကောင်းမြတ်တည်မှု၊ မွေစုပေါင်းခေတ်၊ စွယ်လွတ်ရွှေဆံ၊ ပြောင်
လျှံသွယ်ရှန်း၊ထွင့်ခေါင်စွန်း။

[တတိယအနုလောမဝါးခွဲ။]

ဤကားအနုလောမဝါးခွဲသုံးပိုဒ်တည်း။

(၁) ထွင့်စွန်းခေါင်၊ လျှံပြောင်ရှန်းသွယ်၊ လွတ်စွယ်ဆံရွှေ၊ စုမွေခေတ်
ပေါင်း၊မြတ်ကောင်းမှုတည်။

[ပဌမပဋိလောမဝါးခွဲ။]

(၂) တွင်မည်မှတ်ခေါ်၊ ယျကျော်ထင်ဇေ၊ ဖြူပေလှစင်၊ ရွှာတွင်ဟူ
ဆောင်၊ ခန်းချောင်သာရိပ်၊ ရှည်ထိပ်ပန်းဆောင်၊ ဝင်းရောင်
ခြည်လှ၊ စင်ပ-လင်းမှောင်၊ ဝတောင်ခွင်ရွှေ၊ မှတ်နေ-လ-နှုန်း။

[ဒုတိယပဋိလောမဝါးခွဲ။]

(၃) ရွှေဘုန်းမြတ်ထွက်၊ ဆန်တက်ထွန်းပွား၊ဖျက်ငါးမာရ်ပိုင်၊စင်ပြိုင်
ဘက်လွတ်၊ခေါင်တင်ထွင့်။

[တတိယပဋိလောမဝါးခွဲ။]

ဤကားပဋိလောမဝါးခွဲသုံးပိုဒ်တည်း၊

အမှာ။ [ထွင့်ခေါင်တင်, လွတ်စင်ပြိုင်ဘက်-အစရှိသည်တို့နိက်ကားအက္ခရာ၄-လုံးရှိသောကြောင့် အလယ်ကိုဒုတိယအက္ခရာမှစ၍ ပဌမအက္ခရာဆုံးစေသော်လေးကောင်း, တတိယအက္ခရာမှစ၍ စတုတ္ထအက္ခရာ ဆုံးစေသော်လေးကောင်း ဝါးခွဲးရေးနည်းဖတ်နည်းပင်ဆိုရတော့သည်။]

ဝါးတို့မည်သည် ၂-စိတ်သာ ခွဲးကောင်းသည်မဟုတ်၊ ၃- စိတ်စသည်, ၄-စိတ်စသည်ခွဲးသကဲ့သို့ ဝါးကိုခွဲးသည့်အတိုင်း ရေးနည်းဖတ်နည်း ထားလေသည်။

(၁) တင်ခေါင်ထွင့်၊ ဘက်လွတ်စင်ပြိုင်၊ မာရ်ပိုင်ဖျက်ငါး၊ ထွန်းပွားဆန့်တက်၊ မြတ်ထွတ်ရှုန်းဘုန်း။

[ပဌမအနုလောမရင်စေ့။]

(၂) လ-နှုန်းမှတ်နေ၊ ခွင်ရွှေဝတောင်၊ လင်းမှောင်စင်ပ၊ ခြည်လှဝင်းရောင်၊ ပန်းဆောင်ရှည်ထိပ်၊ သာရိပ်ခန်းချောင်၊ ဟူအောင်ရွှာတွင်၊ လှစင်ဖြူပေ၊ ထင်ဇေယျကျော်၊မှတ်ခေါ်တွင်မည်။

[ဒုတိယအနုလောမရင်စေ့။]

(၃) မှုတည်မြတ်ကောင်း၊ ခတ်ပေါင်းစုမွေ၊ ဆံရွှေလွတ်စွယ်၊ ရှုန်းသွယ်လျှံပြောင်၊စွန်းထွင့်ခေါင်။

[တတိယအနုလောမရင်စေ့။]

ဤကား အနုလောမရင်စေ့သုံးပိုဒ်တည်း။

(၁) ခေါင်ထွင့်စွန်း၊ သွယ်ရှုန်းပြောင်လျှံ၊ ရွှေဆံစွယ်လွတ်၊ ပေါင်းခတ်မွေစု၊ တည်မှုကောင်းမြတ်။

[ပဌမပဋိလောမရင်စေ့။]

(၂) ခေါ်မှတ်မည်တွင်၊ ဇေထင်ကျော်ယျ၊ စင်လှပေဖြူ၊ အောင်ဟူတွင်ရွှာ၊ ရိပ်သာချောင်ခန်း၊ ဆောင်ပန်းထိပ်ရှည်၊ လှခြည်ရောင်ဝင်း၊ မှောင်လင်းပ-စင်၊ ရွှေခွင်တောင်ဝ၊ နှုန်းလ-နေမှတ်။

[ဒုတိယပဋိလောမရင်စေ့။]

(၃) ထွတ်မြတ်ဘုန်းရှုန်း၊ပွားထွန်းတက်ဆန့်၊ ပိုင်ငါးမာရ်ဖျက်၊လွတ်ဘက်ပြိုင်စင်၊ထွင့်ခေါင်တင်။

[တတိယပဋိလောမရင်စေ့။]

ဤကားပဋိလောမရင်စေ့သုံးပိုဒ်တည်း။

ဖော်ပြချက်။ ဝါးခွဲးရင်စေ့ရေးရိုးတို့နိုက် အက္ခရာမစုံ၊ ၇-လုံးသာယှိသောကြောင့် အလယ်အက္ခရာကစ၍ ရှေ့ကိုတလုံး, နောက်ကိုတလုံးဖတ်ရချေသည်။

ဖုံကား။ "ကောင်နီတလင်းပခွေးချီ"ကို အဖြောင့်ရေးသော် "လင်းတပနီ၊ ခွေးကောင်ချီ"ဟု ဖတ်ရပါသည်။ ။ဤကား ဝါးခွဲးရေးနည်း ဖတ်နည်းလက္ခဏာ၊

. ရင်စေ့ရေးနည်းဖတ်နည်းတို့နိုက် အက္ခရာမစုံသောကြောင့် အာဒျက္ခရာ, အန္တက္ခရာမှစ၍ မဇ္ဈက္ခရာမှဆုံးစေ၍ အမှန်ဖတ်ရန်မှာ အရင်းတလုံး, အဖျားတလုံးကောက်၍ စပ်ယူသည်။

၁၊ အနုလောမဖတ်နည်း ၃-ပိုဒ်။
၂။ ပဋိလောမဖတ်နည်း ၃-ပိုဒ်၊
၃။ အနုလောမဝါးခွဲး ၃-ပိုဒ်။
၄။ ပဋိလောမဝါးခွဲး ၃-ပိုဒ်။
၅။ အနုလောမရင်စေ့ ၃-ပိုဒ်။
၆။ ပဋိလောမရင်စေ့ ၃-ပိုဒ်။

ပေါင်းသော် ၁၈-ပိုဒ်ရယှိသည်၊ သဒ္ဒါလိုသော် အပိုဒ်ယှစ်ဆယ်ရယှိ၏၊ ကျမ်းဂန်လိုသော် အပိုဒ်တရာရ၏ ဟူ၍ ရှေးပညာယှိတို့ မှတ်တန်းမှတ်ထုံးယှိချေသည်။

တပုဒ်တပုဒ်ဝယ် ၄-လုံးစီအက္ခရာကို "သဒ္ဒိယတေ ဥစ္စာရိယတေတိ သဒ္ဒေါ"ဟူသော ဝစနတ္ထနှင့်အညီ ရွတ်အပ်သောကြောင့် သဒ္ဒါဆိုသည်၊သဒ္ဒါဟူသည်ကား မာဂဓဘာသာသဒ္ဒါ, တောင်သူဘာသာသဒ္ဒါ, မြမ္မာဘာသာသဒ္ဒါအားဖြင့် များသောအပြားယှိ၏၊ ထိုသဒ္ဒါတို့တွင် ထွင်ရိုးခေါ်တင်အစယှိသည်ကား မြမ္မာသဒ္ဒါမည်၏၊ ထိုသဒ္ဒါကိုစာယှိတိုင်းတွက်သော် ပဌမ ၅-ပိုဒ်တွင် အစပိုဒ်နိုက် အက္ခရာ ၃-လုံး၊ ကျန်ပိုဒ်တို့နိုက် ၄-လုံးစီယှိသောကြောင့် ပေါင်းသော် ၁၉-လုံးရသတည်း၊ အစုစုပေါင်းသော် ၇၈-လုံးဖြစ်သတည်း၊ ၈၀-ဟူသည်နှင့်မညီယှိရကား ညီအောင်ကြံသော် ပဌမပိုဒ်, တတိယ ၉-ပိုဒ်တို့နိုက် ၄-လုံးစီယူ ထွက်လေ၏၊ ယင်းကဲ့သို့ ထွက်သော် အပိုဒ် ၈၀-မှန်ဓမ္မတော့သည်၊ ယထာဘူတအားဖြင့် ၇၈-သာယှိလျက် ၈၀-ဆိုသော်ကား ဦနသင်္ချာ,အဓိကသင်္ချာ ၂-ပါးတို့တွင် အဓိကသင်္ချာကို ဆိုသည်ဟု မှတ်ရမည်။

ကျမ်းဂန်လိုသော် တရာရ၏ ဟူသောစကား၏ အဓိပ္ပါယ်ကား—

ကေဝဏ္ဏက္ခရာနာမ၊ အက္ခရသမူဟောပဒံ။
ဝါကျံ တဿ သမုဒါယော၊ တံသမူဟော သတ္တံ ဣတိ။

ဟူသော သဒ္ဒသာရတ္ထဇာလိနီ ဂါထာနှင့်အညီ တလုံးသောဝဏ္ဏသည် အက္ခရာမည်၏၊ အက္ခရာအပေါင်းသည် ပုဒ်မည်၏၊ ပုဒ်အပေါင်းသည် ဝါကျမည်၏၊ ဝါကျအပေါင်းသည် ကျမ်းမည်၏။

အဋ္ဌက္ခရာ ကေပါဒေါ၊ ကေပါဒါ စတုပ္ပဒါ။
ဂါထာ မတော မတော ဂန္ထော၊ ဂန္ထောဗတ္တိံသအက္ခရာ။

ဟူသော မဏိဒီပကနှင့်အညီ ရှစ်လုံးသော အက္ခရာသည် တပါဒမည်၏၊ ယင်းသည့်လေးပါဒသည် တဂါထာမည်၏၊ ထိုဂါထာသည်ပင်လျှင် ကျမ်းမည်ချေ၏၊ ကျမ်းမည်ချေသည်။

''အတ္ထေ သူစေတိ ဂန္ထေတိ ပကာသေတီတိ ဂန္ထော''ဟူသော ဝစနတ္ထနှင့်အညီ အနက်ကို ပြတတ်သောကြောင့် ခပ်သိမ်းသော အက္ခရာပုဒ် ဝါကျအပေါင်းသည် ကျမ်းမည်၏၊ ယင်းသို့ ကျမ်းမည်ကောင်းသောကြောင့် ''ထွင့်ခေါင်တင်၊ လွတ်စင်ပြိုင်ဘက်''အစရှိသော အက္ခရာ ၃-လုံးတပိုဒ်, ၄-လုံးတပိုဒ်ကိုကျမ်းဟူ၍ ဆိုလိုသည်။

ထိုပုဒ်သည် အနုလောမနိုက်-၂၀၊ ပဋိလောမနိုက်-၂၀၊ အနုလောမဝါးခွဲးနိုက်-၂၀၊ ပဋိလောမဝါးခွဲးနိုက်-၂၀၊ အနုလောမရင်စေ့နိုက်-၂၀၊ ပဋိလောမရင်စေ့နိုက်-၂၀၊ ပေါင်းသော် (၁၂၀) ဖြစ်သတည်း၊ (၁၀၀) ဟူသည်နှင့်မညီတကားဟု စုဒ်ထုတ်ညားအံ့၊ သင်္ချေယျဝတ္ထုလွန်၍ သင်္ချာယုတ်မှု ဦနသင်္ချာမည်၏၊ သင်္ချေယျဝတ္ထုစသည်ယုတ်၍ သင်္ချာလွန်မှုကား အဓိကသင်္ချာမည်၏၊ အဓိပ္ပါယ်ကား (၁၂၀) ဖြစ်လျက် (၁၀၀) ဟူ၍ ဆိုခြင်းသည် ထိုသင်္ချာနှစ်ပါးတို့တွင် ဦနသင်္ချာဆိုသည်ဟု မှတ်ရမည်။

မင်းထွင့်ခေါင်၊ကင်းရှောင်ဘက်ကျွန်း၊တက်ထွန်းတန်းခိုး၊ရန်မျိုးညွှတ်ခ၊ စုကြမေတ္တာ၊ ချစ်ထာမြင့်ရှည်၊ ကျင့်ရည်ကောင်းမှတ်၊ လောင်းမြတ်သူတော်၊ တုလျော်ဘက်နှုန်း၊တက်ဘုန်းလျှံထွန်း၊ စံကျွန်းဘက်ကွေ၊ သက်နေရာကျော်၊ သာပျော်ရှင်စံ၊နံ့ပင်ခေါ်ကြ၊ ကျော်လှတက်ရုံ၊ ဘက်ကြုံကင်းမြောက်၊ မင်းထောက်ရှုကာ၊ တုရာကင်းလျက်၊ မင်းဘက်လွတ်ရှောင်၊ မင်းထွင့်ခေါင်။

ဤလင်္ကာနိုက်လည်း ပြဆိုခဲ့သော ကဗျာများကဲ့သို့ပင် အလုံးစုံ ရကောင်း၏၊ ယင်းကဲ့သို့ ရေးပညာယှိတို့သုံးစွဲး ကောက်ယူကုန်သည်၊ ဤနည်းကို

အစဉ်မှီးကြရသဖြင့် ကိလိဋ္ဌအရာများနှိက် သုတပညာကို ရှာမှီးလေ့ ယှိကုန်သော အမျိုးကောင်းသားတို့သည် ကြံစည်ဆင်ခြင် ယူငင်မှတ်သားလျက် သိသာလွယ်ကူ ပြန်ယူနိုင်ကြစေကုန်သတည်း။

## ၉၂—အရင်းကောက်ရေးနည်းဖတ်နည်း

အရင်းအစအက္ခရာကိုကောက်ရသောကြောင့် အရင်းကောက်ခေါ်သည်။

၁။ လက်ချာ့ယ်သပ်၊ ဖွံ့လုံးရပ်၊ ဝပ်ပျပ်ခစားရာ။

၂။ ဆောင်ယူလက်ထပ်၊ ပေးနှင်းအပ်၊ ဆည်းကပ်မသွားသာ။

၃။ တော်လျော်လျောက်ပတ်၊လွန်သင့်မြတ်၊ မပြတ်မှတ်ထားပါ။

၄။ ဖျင်မျှခြေရံ၊ ညီလာခံ၊ တင်းစံထူးခြားစွာ။

၅။ ဖြစ်ဆစ်သိလျှင်၊ လွန်ချစ်ခင်၊ တွေ့မြင်သနားခါ၊

၆။ ပါယှိလျက်ကဲ့၊ ဂုဏ်ထားခဲ့၊ မငဲ့အားပါးနာ။

၇။ သည်စာအရင်း၊ နှလုံးသွင်း၊ သိရင်းဉာဏ်ပညာ။

ဂုင်းလက်ာအရ အကျကောက်သော် လက်ဆောင်တော်ဖျင် ဖြစ်ပါသည် ဆိုလိုသည်။

## ၉၃-လေးဆင့်ကောက်ရေးနည်းဖတ်နည်း

**လက်ာ။** "တကျောက်အိပ်ကို၊ သိပ်သိပ်မှန်လှ၊ တမွေမျှလျှင်၊ ချစ်ကြင်မေတ္တာ၊ ပေးလိုက်ပါပြ၊ ချိုသာစကား၊ စေလိုက်ငြားသည်၊ ကျော်ကြားပျံ့မွေး၊ ရှင်သဒ္ဒေး"ဟူ၍ တောင်းချေစသော အခြင်းအရာ ဖြစ်ပါသည်၊ ထိုလက်ာကို အကျကောက်သော် တကျောက်အိပ်ကို စကားလွန်းတင်ဖြောင့်သော် တကျိပ်အောက်ဖြစ်သည်၊ တကျိပ်အောက်ကို စကားလွန်းတင်ဖြောင့်ပြန်သော် ကိုးယောက်ဖြစ်ပါသည်၊ ကိုးယောက်ကို တဖန်စကားလိမ်ဖြေပြန်သော် ကောက်ရိုး ဖြစ်သည်၊ လေးဆင့်လေးဖန်ကောက်မှ စကားဖြောင့်သို့ကျရောက်သည်၊ အဓိပ္ပါယ်မှာ ကောက်ရိုးပေးလိုက်ပါ ဆိုလိုသည်၊ ဤရေးနည်းသည် လေးလွန်းတင်ဟူ၍လည်း ခေါ်ဆိုနိုင်ချေသည်။

## ၉၄-နံသင့်အက္ခရာကောက်အဂ္ဂက် ရေးနည်းဖတ်နည်း


**လက်ာ။** ဂလုဠ်ခြောက်ပါး၊ အစဉ်ထားမှ၊ နှစ်ပါးနှိက်မူ၊ တမ်းခွန်ထုလော့၊ သုံးဆူတွင်ကား၊ ရေးသားအမှန်၊ ပန်းသေးပန်ရှင့်၊ တဖန်ထိုနောက်၊

လေးခုမြောက်မှာ၊ ဆင်ပေါက်ယှဉ်မှီး၊ ပေါက်ဝန်းထီးနှင့်၊ စံညီးတအင်၊ ငါးခုတွင်မူ၊ ရုပ်သွင်တထွေ၊ လည်ကိုခွေ၍၊ ရှေ့နေနောက်ထား၊ နှစ်ပါးတွင်မူ၊ ပြုသူမယို၊ အသိခဲ့ခက်၊ ကေက္ခရာ၊ ရတုစာကို၊ မိန့်မှာကြောင်းဖွန်၊ ခြင်းရာပြန်သည်။ ။နိဗ္ဗာန်ရွှေမြို့ရောက်မည်သို့။

ထိုလင်္ကာအရမှာ နံ့သင့်လိုက်ယူးသာ် ဂလုဠ်သည် တနင်္ဂနွေနံ့ ဖြစ်သော ကြောင့် (အ) အက္ခရာကိုယူရမည်၊ ၎င်း (အ) အက္ခရာ ခြောက်လုံးရေး၍ အစဉ်အတိုင်းထား၊ ရှေးဦးစွာသော (အ)မှာ သ-ကပ်၍ နှစ်ခုမြောက်သော (အ)မှာ ည-ကပ်ပြီးလျှင် တမ်းခွန်ထူရမည်၊ သုံးဆူတွင်ပန်းသေးပန်ဆိုသော ကြောင့် သုံးခုမြောက် (အ) မှာ ခ-ကပ်၍ သေးသေးတင်ရမည်၊ လေးခု မြောက် (အ)မှာ ခ-နှင့်-ယ-ကပ်၍ လုံးချည်းတင်၊ "ငါးခုတွင်မှ ရုပ်သွင် တထွေ၊ လည်ကိုခွေ၍" ဆိုသောကြောင့် ငါးခုမြောက်သော(အ)ကို ခွေက သဒ္ဒဝထိုးဖြစ်သည်၊ "ရှေ့နေနောက်ထား၊ နှစ်ပါးတွင်မူ၊ ပြုသူမယို" ဆို သောကြောင့် နောက်ဆုံး (အ) မှာ စ-အက္ခရာကပ်ရမည်၊ ဤသို့ ဂလုဠ် ခြောက်ခုတွင် သင့်ရာအက္ခရာကပ်၍ ကောက်ယူဖတ်ချေသော် သည်း ခံချိစေ ဆိုလိုသည်၊ ထိုကြောင့် "သည်းညည်းခံစောက်၊ နိဗ္ဗာန်ရောက်၏" ဆိုထုံး စကားကိုယူ၍ "ခြင်းရာပြန်သည်၊ နိဗ္ဗာန်ရွှေမြို့၊ ရောက်မည်သို့"ဟု စပ်ဆို လေသည်၊ သင့်ရာနံ့ကို မိမိလိုရာ ရေးနိုင်ဖတ်နိုင်ရန်ဖြစ်သည်။

---

## ၉၅-စက်ဂါထာရေးနည်းဖွတ်နည်း




နမော တဿ ဟ

ဒိဝါကရော ဒိဝါ ဘာတိ၊ ဒိဗ္ဗနေ္တာ မာ ဒိဝစ္ဆယျော။
အဘိသူရော ယသော ဘာတိ၊ သော သိရိမာ သဒါ ဇယျော။


**အနက်ကား။** ။ဒိဝါကရော၊ ရောင်ခြည်တထောင် ဆောင်သော နေမင်းသည်။ ဒိဗ္ဗနေ္တာ၊ ထွန်းပသည်ယှိသော်။ ဒိဝါ၊ နေ့နိုက်သာလျှင်။ ဘာတိ၊ သုံးကျွန်းလုံးကို တပြိုင်နက်တည်း ထွန်းလင်းနိုင်၏။ မာ၊ လမင်းသည်၊ ဒိဗ္ဗနေ္တာ၊ ထွန်းပဘာည်ယှိသော်၊ ဒိဝစ္ဆယျော၊နေ့ ဂိုလွန်၍ ညဉ့်အခါနိုက်သာလျှင်၊ ဘာတိ၊ချမ်းမြေ့ခြင်းဖြင့် ထွန်းလင်းနိုင်၏၊ အဘိသူရော၊ နေမင်းကဲ့သို့ အလွန်ရဲးခြင်းသတင်းကျေးဇူးအထူးယှိတော်မူထသော်။ ယသော၊လမင်းကဲ့သို့ နှစ်လိုရွှင်လန်း ငြိမ်းချမ်းသဝ် အခြံအရံနှင့်လည်း ပြည့်စုံတော် မူထသဝ်။ သော မဟာဓမ္မရာဇာ၊ ထိုးရမြေသခင် ဘဝရှင် သာသနဒါယကာ-မဟာ ဓမ္မရာဇ် တရားမင်းမြတ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဇယျော၊ အောင်အပ်

သဝ် တွင်းပဘေးဒဏ် ရန်သူအပေါင်းတို့ကို အောင်တော်မူသည်ဖြစ်၍။ ဘာတိ၊လွန်စွာထွန်းပလျက် တင့်တယ်စမ္ပာယ်တော်မူ၏။

ထိုစက်ဂါထာသည် အလယ်ချက်မန္တိက်သာ အက္ခရာတလုံးကို အစပြု၍ အကန့်အနားကွပ်လေးပါးသို့ တက်၍ ဖတ်သော်လေးကောင်း, စက်ဝန်း အနားကိုလှည့်၍ ဖတ်သော်လေးကောင်း သင့်သည်သာဖြစ်သကဲ့သို့ ရေမြေ သခင်ဘဝရှင် သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်သည် အတိုင်း တိုင်းတို့၏ အလယ်ဌာန ရွှေနန်းမြေ ပြင်ချက်ဗွေနိုက် စံနေတော်မူလျက် ဘုန်းကျက်သရေ တန်းခိုးအာနုဘော်တော်သည် အရပ်လေးမျက်နှာတို့သို့ အာဏာ ထွန်းလင်း ဖောက် ချင်းသည်ဖြစ်၍ အရပ်လေးမျက်နှာ တို့နိုက် နေ ကုန်သဝ် ပြည်ထောင်ထီးဆောင်း မင်းအပေါင်းတို့သည် စကြာမင်းဖြစ်သဝ် အခါကဲ့သို့ အာဏာတော်အတိုင်းစက်ဝန်းအတူ ညီညွတ်သော ကောင်းသော စိတ်ဆန္ဒယှိ ကုန်သည်သာဖြစ်လျက် ရွှေစက်တော်အောက် ရောက်ကြကုန်၍ အလုံးစုံသဝ် ကုသိုလ်တရားတို့နိုက်သာလျှင် အားထုတ်လုလ္လ ဝိရိယမကင်း ပွင့်လင်းသာယာ ချမ်းသာသက်ရှည် တည်တော်မူအံ့သောအကြောင်း ကောင်း သော စက်ဂါထာ မေတ္တာဇာဖြင့် ဆက်သွင်းပါသည်။


ဤကား စက်ဂါထာ၏ အနက်အဓိပ္ပါယ်ဖြစ်သတည်း။

## ၉၆-စကြာလေးကျွန်းလည်ရေးနည်း
ဖတ်နည်း




စက်မွှေရာလဲး၊ ပန်းစုံကြိုလျက်၊ သစ်စက်စက်။
စက်ယှဉ်ဖော်လည်း၊ နတ်လျော်နှိုင်းဘက်၊ နွဲ့ကြစက်။
စကြာနွဲ့လည်၊ မဲ့ရည်စုံမက်၊ ခေါ်စိုက်။
စက်ပျော်မွေ့သည်၊ ပိုက်၍လည်ယှက်၊ ချစ်ကြ။
ဤကဲ့သို့ ရေးဖတ်ရကုန်ရာသည်။

## ၉၇-စက်စာရေးနည်းဖွတ်နည်း




သုံးပါးလုဆွေ၊ သုံးလုမွေကို၊သုံးထွေကော်ရော်၊ သုံးဘော်နတ်လူ၊ ဆုယူတဂဆွေ၊ မကွေတကို၊ ဆိုရာမှာရော်၊ ဘော်နတ်လူ။

ဤ စကြာရေးနည်းအတိုင်း ဂါထာကိုဖြစ်စေ, ကဗျာ လင်္ကာကိုဖြစ်စေ စီကုံးရေးသားနိုင်ချေသည်။

---

## ၉၈-ပြန်ကဖတ်ရေးနည်းစပ်နည်း

သုံးဘုံသူထိပ်တင်၊ လူနတ်ကြည်ယုံ၊ ပူဇော်တုံသည်၊ သုံးဘုံ သူထိပ်တင်ဟု။ ။ရှင်ပင်ရွှေစည်းခုံ၊ ရွှေပြည်လျှံစင်၊ ကျွန်းလုံးတင်သည်၊ ရှင်ပင် ရွှေစည်းခုံဝယ်။ ။ရွှေငုံပန်းသဇင်၊ သက်ထားစုပုံ၊ လျှောက်ပန်တုံသည်၊ ရွှေငုံပန်းသဇင်နှင့်။ ။လျှင်လျှင်ကျွတ်ရကြောင်း၊ ရှေ့တော်ပြင်ဝယ်၊ ဇင်္ဂတွင်နှိုက်၊ လျှင်လျှင် ကျွယ်ရကြောင်းကို။ ။ညွတ်ပျောင်း လျှောက်ပန်ထွာ၊ ထုံသင်းကြိုင်ပေါင်း၊ ဖာလ်တံခေါင်းနှင့်၊ ညွတ်ပျောင်းလျှောက် ပန်ထွာသည်။ ။ လျှင်စွာပြည့်တော်မူစေသော်။

ဤရေးနည်းဖတ်နည်းသည် အရင်းအခံပုဒ်သို့ပြန်၍ တဖန်ထပ်မံဖတ်ဆိုရသောကြောင့် ပြန်ခါဖတ်ဆိုလိုသည်၊ ယခုအခါနှုတ်တက်လွယ်ကြသဖြင့် ပြန်ကဖတ်ခေါ်လေ့ရှိသည်။

---

## ၉၉-ဒေါင့်ထဲးတွန့်တမျိုးရေးနည်းဖတ်နည်း

ကဝိမြတ်ပညာ၊ မှတ်သားနာလေ့၊ လျင်စွာခဏခြင်း၊ တောဘူမင်းကို၊ သန့်ရှင်းကိုယ်တော်ထီး၊ နေစေပြီးမှ၊ ပေါက်ကြီးပြောင်မာတင်၊ ဆဒ္ဒန်ဆင်ကို၊ ချွန်းငင်လူမစီး၊ လမ်းခရီးက၊ ခြားဆီးသွားခက်လှ၊ ပုဿိကကို၊ စီးထမာန်ပြင်းဟုန်၊ ၄က်ဂလုဠ်လျှင်၊ မြူးခုန့်ထိပ်များခေါင်၊ အိမ်ယာထောင်သား၊ ချည်နှောင်ကြိုးသို့ငြိ၊ ကိုယ်ဝန်ရှိလည်း၊ ပဋိစ္စသဓ္ဓေ၊ ကြာတင်နေမှ၊ မြူတေဆင်းတုသွင်၊ သွားသည်ပင်တည့်၊ သည်လျှင်ယူမှတ်၊ တွင်ပညတ်ဟု၊ မချွတ်သိပါလို၊ လျှောက်ကြားဆိုသည်။ ။သံချိုလွန်သာလှလှည့်သောဝ်။

ဤလက်ာရေးနည်းသည် လေးလုံးတပိုဒ်, ငါးလုံးတပိုဒ်စပ်သောကြောင့် ဒေါင့်ထဲးတွန့်ခေါ်ဝေါ်သည်။

---

## * ၁၀၀-ကမ္ဗည်း,ကျောက်စာ,ဥူးဂဏန်းရေးနည်းဖတ်နည်း လက်ာ၇-ပုဒ်

[နမောတဿ…]

၁။ ကူကျောင်းဘုရား၊ တည်ထားကျောက်စာ၊ စဉ်လှာသိုးစွဲး၊ ရေးကွဲး-အက္ခရာ၊ ကမ္ဗည်းစာကို၊ ဖတ်ခါလွယ်ကူ၊ သိစိမ့်ဟူ၍၊ ထုတ်ယူဖော်ငင်။ လက်ာဆင်ပိမ့်၊ ချ-လျှင်တစ်စီး၊ လုံးကြီးနှစ်တင်၊ သုံးလျှင်ဆန့်ခတ်၊ ထက်ရပ်စီတင်၊ တချောင်းငင်မူ၊ လေးလျှင်အမြဲ၊ အောက်ကဆွဲလေ့၊ တကွဲးနှစ်ချောင်း၊ ငင်ပြန်ယှောင်းမူ၊ ငါးဆွဲဟူ၍၊ ခြောက်မူသဝေ၊ သတ်လေသမျှ၊ ကောက်ကခုနစ်၊ ဆွဲသည်ဖြစ်၍၊ ပင့်လစ်မောက်ချ၊ ရစ်ထလိမ်ကွေး၊အောက်က ဧး-တည့်၊ တ-ရေးဟဆွဲး၊ နောက်ပစ်ကဲးလေ့၊ နောက်ဆွဲဟထိုး၊ ဆိုရိုးသိမြင်၊ တအင်ရေးဖွယ်၊ ၀-ဆွယ်တက်စီး၊ တင်တုံပြီးမှ၊ လုံးချည်း၀-ဆွဲး၊ အမြဲးစဉ်လှာ၊ကျောက်စာရေးနည်း၊ ဤကံပည်းကို၊ သည်နည်းပုံမှီ၊ ဝတ်စလီမူ၊ ကိုးကိုယူလေ့၊ ရေးကူမှတ်ရာ၊ ဤလက်ာကို၊ သေချာမှတ်ဆိုး၊ စိတ်နှလုံး၀ယ်၊ ယူကျုံးဆွဲးငင်၊ မှတ်ခစချင်သည်။ ။နှောင်လျှင်ပညာပွားသတည်း။

[ဤကား-ကျောက်စာခရိုင်ခေါ်၏။]

၂။ အစ်ကိုကား-က၊ ခွေးကို-ခ-တည့်၊ င-ကားတြိန်း၊ သင်္ချာကိန်းလျက်၊ စယ-စယူ၊ ဆ-မူ-ပဥ္စ၊ သော-ကိုညတည်း၊ သတ္တ-တ-ယူ၊ အဌမူကား-ထ၊ နောကို-န-တည့်၊ အစ်ကားနှစ်ဖော်၊ ပ-လျှင်ခေါ်လော့၊ ခွေးသော်နှစ်ခု'ဖကို ရှုလော့၊ သုံးခုနှစ်ပါး၊ မ-လျှင်ထား၊ ယ-ကားဇယ၊ နှစ်ခဖော်ပြလျက်၊ ပဥ္စ နှစ်ဖော်၊ ရ-ဟုခေါ်၊ နှစ်ဆင့်-သော-မူ၊ လ-လျှင်ယူ၊ သတ္တနှစ်ပါး၊ ဝ-ကို ထား၊ ယှစ်ကားသကို၊ နှစ်ထပ်ဆို၊ ကိုးကိုနှစ်ပါး၊ ဟု-လျှင်ထား၊ အ-ကား ကြက်ခြေ၊ ရေးထွေမှတ်ငြား၊ လေးပါးအစွန်း၊ ဝန်းဝန်းထပ်လျှောက်၊ သေးသေးပေါက်လော့၊ အံ့လောက်ထူးဆန်း၊ ဒူးဂဏန်းကို။ ။ကျယ်ဝန်းမှတ် စေချင်လှသောဝ်။

[ဤကား-ဒူးဂဏံန်းရေးနည်းခရိုင်ခေါ်၏။]

၃။ ရေးနည်းကျောက်စာ၊ မှတ်စရာကား၊ ရ-မှာဥငင်၊ ယ-ပင်သတ်လေ၊ တထွေထိုမှ၊ ရ-တွင်သဝေ၊ ငင်လေတချောင်း၊ ယ-သတ်ကြောင်းမှာ၊ ၍့ဖတ် ပါလော့၊ အက္ခရာရတွင်၊ လုံးချည်းတင်မှ၊ ဟ-လျှင်ဆွဲးလတ်၊ ယ-သတ်သည် ကို၊ ရွှေဟုဆို၏့၊ထိုမှတကြိမ်၊ ဆလိမ်ကိုပင်၊ လုံးချည်းတင်လတ်၊ ယ-သတ်တ ထွေ၊ မှဘ်လေမြဲးပင်၊ ဆလိမ်တွင်နှိုက်၊ ဥ-ငင်ယသတ်၊ ဆွေဟုဖတ်လေ၊ မှတ် စိမ့်သေချာ၊ မကိုသာလျှင်၊ လုံးချည်းတင်၍၊ ယ-ပင်သတ်သော်၊ မြေဟုခေါ်၏၊ တ-ကိုမူကား၊ တံခွန်လွှားနှင့်၊ တခြားတ-တွင်၊ဝ-သတ်လျှင်မှာ၊ ဘော ဖတ် ပါရှင့်၊ မှတ်ရာတထွေ၊သဝေတကွ၊ င-ကိုဥ-ငင်၊ ယ-လျှင်သက်မှ၊တဒ္ဒာနကား၊ င-ကိုလုံးချည်း၊ တင်ပြီးယ-သတ်၊ ငွေဟုဖတ်လော့၊အမှတ်တထွေ၊ဧ-ကို-အ- သတ်၊ တေရပ်တွင်၊ ယ-ပင်သတ်လေ၊ ၏့-ဖတ်ခလေလော့၊ မှတ်လေမှန်စွာ၊ သဒ္ဒါကျမ်းတွင်၊ တချောင်းငင်ကို၊ ဝံ-လျှင်ပြုသည်၊ တမည်သည့်ပြင်၊ လုံး ချည်းတင်ကို၊ ဧ-လျှင်တကွ၊ အ-ယ-ပြုဟန်၊ တတန်မှတ်ရာ၊ တောဝ်-တော်- မှာကား၊ ရှေးဖျားပထမ၊ သင်ဦးစက၊ ဝ-သတ်သောဝ်တောဝ်၊ သဒ္ဒာ အဒလျှ၁်၊ ဘော်-တံခွန်လွှား၊ဤစကားကို။ ။မှတ်သားအမြဲး ဝမ်းဝယ်စွဲး။

[ဤကား ကျောက်စာဖတ်နည်းခရိုင်။]

၄။ ။ရေးရှိုးကျောက်စာ၊ မှတ်သားရာကား၊မ-မှာလုံးချည်း၊ တင်နည်း ယတွင်၊ မလျှင်ဆွဲးမူ၊ မိန်းမဟူ၏့၊ စွဲးယူဘ-ရေး၊ ခခွေး-ဝ-ဆွဲး၊မလွဲးဝ-သတ်၊ ခေါ်ဟုဖတ်လော့၊တရပ်ဌတွင်၊ ယ-သတ်လျှင်ကား၊ ဤပင်ဖတ်လေ၊ တထွေ ဤကို၊သတ်လိုမ-ကပ်၊ အိမ်ဟုဖတ်လော့၊ဧ-မှာ-တ-ပင်၊သတ်ချင်-အစ်ဆို၊က- ကိုလုံးချည်း၊ တင်ပြီးယ-သတ်၊ ကြေးဖတ်သင့်ကောင်း၊တကြောင်း-က-ကြီး၊

ပင့်ပြီး-ဝ-ဆွဲး၊ မလွဲး-ယ-ပေ၊ သတ်လေကွဲးပင်၊ စ-ကိုလျှင်ကား၊ ဎ-တင်-ယသတ်၊ စေ-မှက်တသွယ်၊ နငယ်ကိုကား၊ ရွှေထားသဝေ၊ သတ်လေယလျှင်၊ ထို့ပြင်နောက်ပစ်၊ နေ့-ဟုဖြစ်၏၊ စင်စစ်သတွင်၊ ဎတင်ယသတ်၊ သေ-ဖတ်လေရာ၊ ခြောက်သချိာတွင်၊ ခုနစ်တင်က၊ ငါးပင်မှတ်သား၊ ဖတ်သင့်ငြားရှင့်၊ ရေးထားကျောက်ထွက်၊ သိခဲးခက်ကို၊ ထက်မြက်သေချာ၊ သိစိမ့်ငှါသည်။ ။ ဝမ်းမှာယူစွဲး ကြံနှိက်နဲး။

[ဤကား ကျောက်စာဖတ်နည်းခရိုင်။]


၅။ သေလက္ခဏရ၊ တနည်းဖွေအံ့၊ ကြက်ခြေကို-က၊ ထ-မှာနှစ်ဟူ၊ သုံးမူ-န-ငယ်၊ လေးဝယ်ပစောက်၊ ခြေဒ်ကမ်မှာ-မ-ဆို၊ ငါးကို-ဖ-မှတ်၊ သုံးခေါင်းတဝ်မှာ၊ ည-သတ်အနေ၊ သဝေ-သော-ဟူ၊ ခုနှစ်မူကား၊ ယ-မှတ်သားလေ့၊ တခြား-ရ-မှာ၊ တစ်သာမှန်လစ်၊ သျှစ်ဘွင်ဆန်ခတ်၊ သျှ-ဟုဖတ်လေ့၊ ရေးမှတ်ယူသင့်၊ မိပ္ပါယ်ဖွင့်ရှင့်၊ မှဘ်ခွင့်ရုံးပေါင်း၊ ဤထုံးဟောင်းကား။ ။အပေါင်းကျောက်စာရေးနည်းတည်း။

၆။ ပင့်နည်းမောက်ချ၊ ချ-လျှင်တစ်စီး၊ လုံးကြီးနှစ်တင်၊ သုံးလျှင်ဆန်ခတ်၊သိမှတ်လိုချင်၊တချောင်းငင်မူ၊လေးလျှင်အမြီး၊ အောက်ကဆွဲးလေ့၊ ကွဲးနှစ်ချောင်း၊ ငင်ပြန်ယှောင်းမူ၊ ငါးဆွဲးဟူ၏၊ခြောက်မူသဝေ၊ သတ်လေသချို အောက်ကအမြီး၊ ခုနစ်ဆွဲးလေ့၊နောက်ပစ်ဒရှေထိုး၊ ရွှေထိုးနောက်ပစ်၊ ဟ-ထိုးလစ်မူ၊ ဝ-ဆွဲးဟူ၏၊ ဝ-ဆွဲးလိုက၊ဟ-ထိုးမှတည့်၊တင်လ-သေးသေး၊ လုံးကြီးရေးလေ့၊ သေးသေးတင်မှာ၊ ဝစ္စသာဟု။ ။မှတ်ပါကျောက်စာရေးရိုးတည်း။

၇။ အက္ခရာမှန်လစ်၊လေးဆယ်တစ်တွင်၊ ရေးချင်သောခါ၊တစ်မှာအချ၊ ဒွိယအတင်၊ သုံးလျှင်ဆန်ခတ်၊ ငင်လတ်စတု၊ ငါးခုနစ်ချောင်း၊ ဆင့်လောင်းခြောက်ခု၊သဝေပြုမှ၊သတ်မှုခုနစ်၊ ဆွဲးလစ်ဝ-လျှင်၊လုံးကြီးတင်လေ့၊ ဟ-လျှင်ထိုးထ၊ မြှောက်၍ချလေ၊ ပစ်ထနောက်မူ၊ ဟ-ထိုးဟူ၍၊ သျှင်လူမှတ်ရာ၊ ဤကျောက်စာကို၊ ဆရာကြီးများ၊ သိအောင်ထားသည်။ ။အများမှတ်လွယ်စေကြောင်းတည်း။


ဤကား ကျောက်စာ,ဒူးဂဏန်းစာရေးနည်းဖတ်နည်း ပြီးသည်။

၁၀၁-ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ပေါ်နိုက်
စိုက်ထူထားသောကမ္ပည်းကျောက်စာပုံ



ဖတ်ဆိုရန်မှာ

"မဟာနဂတိုင်း,ခေမဝရတိုင်း,ဇနံတိုင်း, တာမလိတ္တိတိုင်း, အယုဒယတိုင်း, သုနာပရံတိုင်း,တမ္ဗဒီပတိုင်း, ကမ္ဗောဇတိုင်း, ကလေးကသည်း"ဟု ဖတ်ရသည်။




**ဖတ်ဆိုရန်မှာ**

(ဤသိုဝ့်များလှစွာသော တိုင်းအရံယှိသော ရာမညတိုင်း ဟံသာဝတီ ပြည်ကြီးနိုက် သိကြားမင်းစည်းစိမ်ကို လွှမ်းနှံ့စေထသော သီရိတြိဘဝနာ ဒိတျပဝရပဏ္ဍိတ မဟာဓမ္မရာဇာဓိပတိ ဆင်ဖြူသခင် ဆင်ဖြူ ဆင်နီများ ယှင်)ဟူ၍ ဆိုလိုသည်။

---

* ၁၀၂-တလိုင်းဘာသာဒူးဂဏန်းစာ




၎င်းကမ္ပည်းစာသည် လွန်ခဲ့သော ၁၀-နှစ်လောက်က ပဲခိုးစီရင်စု ဘုရားကလေးမြို့အပိုင် ပေါက်တောရွာအနီး ရှေးဘုရားငုတ်တိုပြိုကျရာမှ ကြေးနီပြား ၇-ချပ်တွင် လုထားသော ဂဏန်းစာများဖြစ်သည်၊ ဤဖော်ပြသော စာကား ပဌမကြေးနီပြားစာဖြစ်သည်၊ ၎င်းကိုဗျည်းအက္ခရာနှင့်ကြံစည်၍ အဓိပ္ပါယ်ဖော်လိုလျှင် တလိုင်းဘာသာအက္ခရာနှင့် ကျနစွာဖော်ဆိုပြီးလျှင် တဖန်မြန်မာလို ပြန်ဆိုရမှသိနိုင်ပေသည်။

ဒူးဂဏန်းအဆိုအမိန့်ကို ကျွမ်းကျင်သော တလိုင်းစစ်ဖုန်းမြတ်ကြီးများနှင့် တလိုင်းလူပညာယိုကြီးတို့ အဓိပ္ပါယ်ပေါ်လွင်အောင် ပြန်ဆိုနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

---

*၁၀၃-အလောင်းမင်းတရားကြီး|သန်လျင်မြို့နိုက်
သွန်းလုပ်သော ကြေးအမြောက်တွင်
ပါယှိသော ကမ္ပည်းစာ



၎င်းကြေးအမြောက်ကို ငယ်စဉ်က ရှေးက တိရစ္ဆာန်ရုံ ဟောင်းကြီးတွင် တွေ့ဘူးသည်ထင်သည်၊ ဤအခါက ၎င်းကမ္ပည်းစာကို နားမလည်ဖြစ်၍၊ အလောင်းမင်းတရားကြီးအမြောက်သွန်းလုပ်တော်မူကြောင်းကို သန်လျင်မြို့ ရှေးမှီ ကျိုက်ခေါက်ဘုရား ဂေါပကလူကြီး-ဦးပေ, ဝန်စာရေးကြီး-ဦးခိုတို့ ၁၂၄၀-ပြည့်နှစ်က မိန့်ဆိုသည်ကိုမှတ်သားရဘူးသည်။


ကမ္ပည်းစာအဆို

(သံလျှင်ရမြဲတဗု)ဟု ထင်၏၊ အဖျား အက္ခရာ ၂-လုံးကို မဖော်နိုင်၊ (ကံ့ဓရမည်ကြီး)ဟု ထင်၏၊ ၎င်းများကို အဓိပ္ပါယ်မကောက်တတ်ဖြစ်၏။

(သက္ကရာဇ် ၁၁၁၉-ခု ကဆုန်လပြည့်ကျော် ၆-ရက် ညဥ့်တချက်တီးကျော် ဟံသာဝတီမဟာသတ်တရုဘေဒ) ဟု ထင်၏၊ ပညာရှင်တို့က အဓိပ္ပါယ်ရှင်းအောင် ပြန်ဆိုတော်မူကြရန် တောင်းပန်ပါ၏။

---

*၁၀၄-ပျူရှုမျိုးတို့ဘာသာစာ အက္ခရာပုံစံ



၎င်းပျူစာသည် ပေါက်ကန်မြို့ ပျူလူမျိုးတို့ ရေးမှတ်စိုက်ထူထားသော ပျူကမ္ဗည်း ကျောက်စာမှ စာ ၂-ကြောင်း ရေးကူးဖော်ပြခြင်း ဖြစ်သည်၊ နှောင်းလူတို့ ပျူစာအက္ခရာ အရေးအသားသိကြစေရန် ထည့်သွင်းခြင်း ဖြစ်သည်။

ပြေမြို့ဘုရားကြီးအနီး ကျောက်စာဌာနက တူးဖော်ရာ မြေအိုးအဖုံးနှင့် အိုးကြီးတလုံး,အိုးငယ် ၂-လုံးရသည်၊ အိုးကြီးနခမ်း အောက်ပတ်လည် ပျူကမ္ဗည်းစာ ထိုးမှတ်ထားလျက် ယှိလေသည်၊ ၎င်းအိုးကြီးသည် သီရိခေတ္တရာမြို့ စက်တိုင်ဘုရားအနီး ပြတိုက်ရုံနှိုက်ထားကြောင်း သိရလေသည်။

၎င်းပျူစာကို အထက်ကမြန်မာပြည် ပဌမကျောက်စာ ဝန်ကြီး ဒေါက်တာဖော့ကာမာ-ဖတ်တတ်သည်ဟု ပါဠိဆရာကြီး-ဦးဝေ မိန့်ဆိုသည်ကို ကြားဘူးသည်၊ နောက်က မ္ဘာစစ်ကြီးဖြစ်ဆဲနှိုက် ဟော်လန်မြို့တွင် သုံ့ပန်းအဖြစ်နှင့် အဖမ်းခံရသော ဂျာမန်လူမျိုးပါဠိဆရာကလေးတယောက်သည် ဖတ်တတ်ကြောင်းသတင်းကြားရဘူးသည်။

ဤမြန်မာပြည်နှိုက် ပျူစာဖတ်တတ်သော ပုဂ္ဂိုလ်မပေါ် ဖြစ်လေသည်၊ ပျူလူမျိုးကိုလည်း တွေ့သောသူမပေါ်၊ ပျူစာသာကျန်ရစ်၍ လူမျိုးပျောက်

ကွယ်ခြင်းကဲ့သို့ ယှိလေသည်၊ စွမ်းနိုင်သမျှ စုံစမ်းပါသော်လည်း ပျူလူမျိုး အဆက် အစအန မပေါ်ယှိလေ၏၊ ထို့ထက်ကမ္ပည်းကျောက်စာ ၌ာနက အရေးယူကာ ပေါ်ပေါက်အောင်စုံစမ်းလျက် ယှိနေကြောင်း သတင်းကြား ရပေသည်။

---

## *၁၀၅-အက္ခရာ့ဗျည်း ၃၃-လုံးနှင့် သရယှစ်လုံးတို့နှိုက်မပါပဲ ၏-၏့-၍့-သျှ-၌-ၔင်း-တို့ဖြစ်ပေါ်ရေးသားကြခြင်း အကြောင်း

၏-၏့-ဟူသော, ၍့-ဟူသော, သျှ ဟူသော,ၔင်း-ဟူသော မြန်မာစာ ၄-လုံးတို့၏ အကြောင်းအရာကို မှန်ကန်စွာသိက သဝေနောက်ပစ်, ယ-သတ်,ည-သတ်တို့သဘောတူဟန်ကို သိနိုင်အံ့သည်၊ ၌-ဟူသော မြန်မာစာ လုံး၏အကြောင်းအရာကို မှန်စွာသိက ပြုလစ်တံ့,ပြုလိုက်တံ့ စသည်နှိုက် အစ်ကာရန်,အိုက်ကာရန် သဘောတူဟန်ကို သိအံ့သည်။

ယင်းသည့်စကားကို ရှုဦးအံ့၊၏-၏့-ဟူသော မြန်မာစာလုံး၏အတ္ထုပ္ပတ္တိ မှာ ဧ-သရကိုအ-မြစ်၍ တနည်း၊ ထိုဧသရကို ယသတ်,အ-မြစ်၍ တနည်း၊ ထိုဧသရကို နောက်ပစ်,အ-မြစ်၍ တနည်း၊ ထိုဧသရကို ည-သတ်,အ-မြစ် ၍တနည်း၊ လေးနည်းယှိချေ၏၊ထိုတွင် ဧကိုရေးပြီးလျှင် အပုဒ် ၂-ချက်ကို သတ်၍ ├─╮ ဟူ၍ရေးသည်မှာ ဧကို အ-မြစ်ရုံနှင့် ရေးသော ၏ဖြစ်သည်၊ ယင်းစကားမှန်၏၊ ရှေးရှေးက အ အက္ခရာရေးပုံသဏ္ဍာန်မှာ ရှေ့နောက် အပုဒ် ၂-ချက်ရေး၍ အလယ်၌ အလျားလိုက် အပုဒ် ၂-ချက်ကိုထိခိုက် မိအောင်အရေးအကြောင်းငင်ဟန်နှင့် ဒ-ဒ ဟူ၍ရေးသည်၊ ├─┤ ဟူ၍ လည်းမတွန့်မလိမ်ရေးသည်၊ ထို ├─┤ ကိုလည်း ဖတ်ရွတ်ရန်မဟုတ်၊ ဧ-ကို အ-မြစ်ရမှန်းသိအောင် သတ်၍ ├─╮ ဟု ရေးရင်းဖြစ်သည်၊နောက်တရွေ့-တရွေ့အစွန့်ကာလကြာလျှင် အလျားလိုက်ငင်သော အရေးအကြောင်းကွယ် ၍ ၏ ဟူ၍ အပုဒ် ၂-ချက်ကိုသာသတ်၍ရေးကြတော့သည်၊ယခု၏-ဟု အပုဒ် တချက်ကိုသာသတ်တော့သည်၊ ဤနည်းကိုယူ၍ အချို့စာအိုစ်တို့နှိုက်သီဟော-ခြသော် ├─╮ ဟူ၍မြစ်အံ့သော အ-ကိုသတ်၍ရေးသားသည်ထင်၏၊ ဤသို့ ဧကို အ-မြစ်နှင့် ရေးသည်ဖြစ်၍ ဧ့-ဟူ၍သဝေ-အမြစ်သံဖတ်ရွတ်ရသည်။

**နှင်္ဂ-ဖြင်္ဂ**စသည်နိုက် အောက်ကမြစ်သော " |—| " နိုက် အလျား လိုက်ငင်ဟန်ကွယ်၍ **နှင်္ဂု-ဖြင်္ဂု**ဟု အပုဒ်၂-ချက်သာထင်၏၊ တဖန်တုံ အပုဒ်၂-ချက်ကို ဗိန္ဒု၂-လုံးကဲ့သို့ **နှင်္ဂံ့-ဖြင်္ဂံ့**ရေးပြန်၏၊ တဖန်တုံ ဗိန္ဒု ၂-လုံးကွယ်ပြန်၍ ယခုသော် နှင့်-ဖြင့်-ဟု ဗိန္ဒုတလုံးသာထင်၏၊ ထို့ကြောင့် နှုတ်ကအ-မြစ်သည်ဟုဆို၍ လက်ကဗိန္ဒုတလုံးသာမြစ်ကုန်၏၊ထိုဗိန္ဒုသည် ဗိန္ဒုမဟုတ်၊အ-သရသာဖြစ်သည်ဟုမှတ်လေ။

ေ-ကိုရေးပြီးလျှင် ယ-သတ်,အ-မြစ်၍ ယေ္ယ့ဟုရေးလိုလျက် ယ-သတ်၏ ရှေ့အဖို့ကို ေ-လုံးအောက်နားမြောင်၍ အောက်က အ-မြစ်နှင့်တကွ ယ္ယ္အ ဟူ၍ရေးသည်မှာ ေ-ကိုယ-သတ်,အ-မြစ်၍ရေးသော၏ ဖြစ်သည်၊ေ-တွင်သရ မဲ့ ယကိုပင့်သတ်၍ရေးခြင်းပင်ဖြစ်သည်၊ အယ့်-ဟူ၍ ယ-သတ်, အ-မြစ်သံ ဖတ်ရွတ်ရသည်။

ေ-ကိုနောက်ပစ်၍ အောက်က အ-မြစ်နှင့်တကွ ဇွဲ့ ဟူ၍ ရေးသည်မှာ နောက်ပစ်,အ-မြစ် ဇွဲ့ ဖြစ်သည်၊ ယ-သတ်ယေ့်နှင့်အသံတူ, သဘောတူဖြစ်၍ အယ့်ဟူ၍ပင် ယ-သတ်,အ-မြစ်သံဖတ်ရွတ်ရသည်။

ည-သတ်ညေ္အ့ မှာ ေ-သရကိုဖွင့်သံ, ည-သတ်, အ-မြစ်နှင့် ညေ့်ဟူ၍ပင် ရေးလေသည်၊ ဖွင့်သံ,ည-သတ်သံပါအောင်အည့်ဟုဖတ်ရွတ်ရသည်။

ရညော၊ မင်း၏။ အာဂန္တုကော၊၏သည်။ ဟောတိ၊ဖြစ်၏။ ဤ၌ အေ့- ဟူ၍ သဝေ,အ-မြစ်သံဖတ်လေ။

ရညော၊ မင်း၏။အာဂန္တုကော၊ ၏သည်။ ဟောတိ၊ဖြစ်၏။ ဤ၌ အယ့် ဟူ၍ ယ-သတ်,အ-မြစ်သံဖတ်လေ။

ရညော၊ မင်းဇွဲ့ ။အာဂန္တုကော၊ ဇွဲ့ သည်။ ဟောတိ၊ ဖြစ်ဇွဲ့ ။ဤ၌ ယ- သတ်,အ-မြစ်သံနှင့်အတူ နောက်ပစ်, အမြစ်သံ-အဲ့-ဟူ၍ဖတ်လေ၊

ရညော၊ မင်းညေ့်။ အာဂန္တုကော၊ ညေ့်သည်။ ဟောတိ၊ ဖြစ်ညေ့်။ ဤ၌ ဖွင့်သံ,ည-သတ်,အ-မြစ်သံ အည့်-ဟူ၍ဖတ်လေ။

ယခုအခါ၌ ကော်ရေးပြီးလျှင် အ-ပုဒ်ကဲ့သို့ပြု၍သတ်ခြင်းသည် ေ-ကို အ- မြစ်ရုံရေးသောရေးနည်းတည်း၊ ကော်ရေးပြီးလျှင် အောက်သို့ တစ-ငင်ကျွန်ပြု

၍ အထက်သို့တစပင့်သတ်လျက် အောက်က အ-မြစ်ပြခြင်းသည် ဇ-ကို ယ
ပင့်သတ်,အ-မြစ်ရေးနည်းတည်း။

နောက်ပစ်ရေးနည်း, ည-သတ်ရေးနည်းတို့ကား မထင်ပြီ၊ အာဂန္တု-
ညှော်သည်နိုက်ကား ည-သတ်အချို့ထင်မှတ်ရာ၏၊ သမ္ဘန်၏,ကြိယာ-၏များ
နိုက် ည-သတ်ညှော်မထင်ပြီ၊ ထို့ကြောင့် သဝေ၏အယောင်, ယ-သတ်၏
အယောင်လက်ကရေး၍ ည-သတ်ညှော်သံချည်း နှုတ်ကသွေးဆောင်ရာလွယ်
လွယ်ကူကူဖတ်မှတ်ကြကုန်ညှော်။

ရှေးကြီးကမူကား သဝေ၏, ယ-သတ်၏ ၂-ချက်ကို ရေးထုံးဖတ်ထုံး
အဖိုးအတန်ပြုဟန်ထင်သည်၊ နောက်မှ သျှင်မဟာသီလဝံသ, သျှင်မဟာရဋ္ဌ
သာရ, သျှင်အဂ္ဂသမာဓိစသော ပုဂ္ဂိုလ်ဆရာကြီးတို့စာများနိုက် သဝေသံ, ယ-
သတ်သံ စပ်အင်းမထားပဲ ည-သတ်သံစပ်အင်းသာထားသည်ကို ထောက်၍
ည-သတ်သံချည်းအများ နှုတ်တက်၍ ထိုရှေးကြီးက သဝေ, အ-မြစ် ဧ
ယ-သတ်-အ-မြစ် ဧယျှချုံး၍ဖွက်၍ ရေးပုံသဏ္ဍာန်ကို ည-သတ် အ-မြစ်
ညှော် ချုံး၍ဖွက်၍ရေးပုံသဏ္ဍာန်ဟု ထင်မှတ်မိလေရာသည်၊ ထို့ကြောင့်
သဝေ အ-မြစ်သံ၏, ယ-သတ် အ-မြစ်သံ-၏ကို လက်ကရေး၍ ည-သတ်,
အ-မြစ်သံညှော်ကို နှုတ်ကဖတ်ရွတ်မိလေရာသည်၊ ၏-ဟူသော မြန်မာစာလုံး
၏ အကြောင်းအရာသည် ဤဖော်ပြချက်အတိုင်း ၏ကိုခွဲခြား ရေးသားပါ
လျှင် အသံကွဲအောင် ဖတ်ရွတ်ဖို့ကို အတော်လေ့ကျက် ရလိမ့်မည် ဖြစ်ချေ
သည်။

၍-ဟူသော မြန်မာစာလုံး၏အကြောင်းအရာ အဋ္ဌုပ္ပတ္တိမှာ ရှေးကြီးက
လူဟောင်းတို့သည်ကား ''ကတွာ၊ ပြုရွယ်။ ဝတွာ၊ ဆိုရွယ်'' ဟု ရ-ကြီးဝဆွဲး,
ယ-ငယ်သတ်,အ-မြစ်သံနှင့် ဖတ်ထုံးရွတ်ထုံး အဖိုးပြုဟန်ထင်သည်၊ ရေးထုံး
ရေးရိုးအက္ခရာ သဏ္ဍာန်မှာကား ထိုရွယ်၌ ဝဆွဲးကို တချောင်းကိုင်ပြု၍
ရွယ်-ဟူ၍ ရေးလိုရင်းထင်သည်၊ ကျောက်စာတို့နိုက်လည်း ပြုရွယ် ဆိုရွယ်
ဟု တချောင်းကိုင်,ယ-သတ် အမြစ်နှင့်ထင်သည်၊ ရွတ်ခနည်း, ရွတ်ခနည်း,
တသွန်တည်း,တသုန်တည်း စသည် ဝ-ဆွဲး တချောင်းကိုင် ကာရိ ကာရိယ
ထင်၏၊ တဖန်ချုံး၍ဖွက်၍ရေးလိုရကား ရ-နှင့်ယ-သတ်ကို ခြား၍ မရေး
ပဲ ယ-သတ်ကို ရနိုက်ပင့်၍ ၍ ဟူ၍ ရေးပြန်သည်၊ ရ-၏ တချောင်းကိုင်
နှင့် ယ-၏ရှေ့အဖို့ကို တလျောက်တသွန်တည်း ရေး၍ နောက်အဖို့ကို

လည်း မရပ်မဆိုင်းတသုန်တဟုန်တည်း အထက်သို့ပင့်မြှောက်ချီကြွ၍ဖွက်၍
တဒေါင့်တည်း တဆုတ်တည်းရေး၍ သတ်သည်။

ဤသို့ ယ-သတ်ကို ချုံး၍ ဖွက်၍ ရေးသားသော ၦ ဖြစ်လေရကား "ကတ္တာ၊ ပြုရွယ့်။ ဝတ္တာ၊ ဆိုရွယ့်" ဟု ယ-သတ်,အ-မြစ်သံ ဖတ်ရွတ်သင့်၏၊ ယင်းသို့သော်လည်း ပျို့ဆရာကြီးတို့၏ စပ်အင်းနှင့်အညီသာ ပြုရွေ့ ဆိုရွေ့ဟု သဘော အ-မြစ်သံဖတ်ရွတ်လေရာ၏၊ ဤ ၍-၌လည်း ၏ ကဲ့သို့ပင် သဝေ-ယ-သတ်, နောက်ပစ်,ည-သတ်,အ-မြစ်သံနှင့် ဖတ်နည်းရေးနည်း ၄-ချက်ပင် ရကောင်း၏၊ ယခုအခါနိုက်ကား ရကြီးအမြီးတိုတိုကိုရေးပြီးလျှင် ယပင့်မည့်အဟန် အထက်ကစလတ်၍ အောက်သို့ငင်ခဲ့၍ ရှေ့သို့တအောက်တည်း ခွေပတ်လျက်ရမြီးတိုခေါင်း တချောင်းကိုင်စရာသို့ ထိရောက်အောင် ဆွဲငင်ကျွန်ကျွန်သာပြု၍ပြီးမှ တဖန်လည်းကောင်း ထိုယ-ပင့်မည်အဟန်နှင့် ရှေးဦး-စင်ရာသို့သွား၍ တမ်းခွန်အသတ်ပြုသောရေးပုံ စာလုံးသဏ္ဍာန်သည် ရကြီး တချောင်းကိုင်, ယပင့်-အ-မြစ်နှင့် ရယ္ယကို ချုံးဖွက်သော ညျ -ဟူသော စာလုံးပုံပင်ဖြစ်လှာတော့သည်ဟု ယူရန်ယို့ချေသည်။

[ည်]-ဟူသောစာလုံးမှာ ရှေးကြီးက မြန်မာလူဟောင်းတို့သည် "အဟံ၊ ငါသယ်။ ဂစ္ဆာမိ၊ သွားငယ့်" ဟူ၍ ယ-သတ်နှင့်ချည်း ရေးရိုးဖတ်ရိုး ပြုကြသည် အဟန်ထင်၏၊ ထိုတွင် ငါသယ်၌ သယ်ကိုချုံးလို၍ ယ-သတ်ကို အောက်ကစ၍ ရှေ့အဖို့, နောက်အဖို့ အသတ်တမ်းခွန်တို့ကို တသွန်တလျှောက်တည်းပင် မြှောက်ချီတင်သတ်ငင်၍ ရေးသားသောနည်းဖြင့် ငါ ည် ဟု ရေးလေရာသည်၊ တရွေ့ရွေ့ အစွန့်ရှည်လတ်သော် အောက်နိုက် အစချီသော အရေးကိုတသုတ်, အထက်၌အဆုံး တမ်းခွန်သတ် သည်ကို တသုတ် ပင့်မြှောက်ချီကြွသောအလယ် အရေးကိုဖျောက်၍ ငါသို ဟု ရေး လေရာသည်၊ ယခုအခါနိုက်သော် သ-အောက်ကစ၍ ရေးသောယ၏ ရှေ့အဖို့အတွက် အရေးအကြောင်းကို နောက်လက်ယာဘက်သို့မငင်၊ ရှေ့ လက်ဝဲဘက်သို့သာငင်လတ်၍ ငါသို့ဟုရေးကြ၏၊ သာကရာဇ် တထောင် မပြည့်မီ ကိုးရာ,ယှစ်ရာဆီက စာအိုဝ်စာမင်းတို့၌ကား နောက်လက်ယာ ဘက်သို့သာငင်၍ ငါသို ဟုရေးကြ၏၊ မိဂပဒဝလဥ္ဇနနည်း ဖြစ်ရကား အထက်မှာအသတ်တမ်းခွန်သို့ ရေးရှုတူရှု ပြုလေဟန်လိုရကား နောက်

လက်ရာဘက်သို့ ဆွဲးငင်ခြင်းသည် ယုတ္တိရှိအံ့သို့ထင်၏၊ ယခုအမြန်လို၍ ရေး
လျှင် ဿဿ ဟု ရေးခြင်းများကြသည်၊ ဤနိုက်လည်း ယ-သတ် သယ်-ကို
ရေး၍ ည-သတ်သံကိုဖတ်ရွတ်နှုတ်တက်ကြကုန်သည်။ ငါ ၁၁ ယ် = ငါ ၁၃် = ငါသည်

ငင်း-ဟူသောစာလုံးမှာ ရှေးကြီးက မြမ္မာလူဟောင်းတို့သည် "ဗုဒ္ဓင်္ဂ၊
ပုရှားကိုလေးကောင်း။ ဓမ္မင်္ဂ၊ တြား ကိုလေးကောင်း။ သံဃင်္ဂ၊ သံခါကို
လေးကောင်း" ဟူ၍ ည-သတ်နှင့်အသံကွဲးသဘောတူ သဝေနှင့်ချည်း ဖတ်
ထုံးရေးထုံး ပြုကြမည် အဟာန်ထင်၏၊ တဖန်တုံလျှင် ထိုလေးကောင်းနိုက်
အသံတူ ၄-ဂဏန်းကိုသွင်း၍ ၄-ကောင်းဟုရေးဖတ်ကြသည်၊ တဖန်တုံ
လျှင် က-အက္ခရာကိုဖျောက်၍ ၄-ငေါ်းဟု ရေးဖတ်ကြပြန်သည်၊ တဖန်
တုံလျှင် သဝေကို ဖျောက်၍ ၄င်း-ဟု ရေးဖတ်ကြကုန်သည်၊ တဖန်တုံလျှင်
င-သတ်ကို ၄-ဂဏန်းပေါ်သို့တက်စေ၍ ၎း-ဟု အရေးအသားမကျယ် ပြီးစ
လွယ်ရေးကြသည်အဟာန်ဖြစ်ချေသည်၊ ယခုရေးသားကြသော ၎င်းသည် ၄-
ဂဏန်းနှင့်တဆိတ်မျှမတူချေ၊ င-ကိုတချောင်းကိုင် အတိုပြုလုပ်ထားသည်နှင့်
တူချေသည်၊ လေးကောင်း, လေးငေါ်း, ၄-ကောင်း, ၄-ငေါ်း, ၄င်း, ၎း
တစတစအကျဉ်းပြုလုပ်ရေးသားကြလေသည်။

ဍ္ဍ-ဟူသောစာလုံးမှာ ရှေးလွန်လေပြီးသော လူကြီး သျှင်ကြီးတို့သည်
"သာဝတ္ထိယံ၊ သာရဝတ်ပြည်နှစ်။ ဇေတဝနေ၊ ဇည်တဝန်ကျောင်းတော်နှစ်"
ဟူ၍ အာဓာရအနက်ကို တင်ငင်, က-သတ်သံနှင့်နိုက်ဟူ၍ မဆိုပဲ စ-သတ်
သံနှင့်သာ နှစ်ဟူ၍ ဆိုအံ့ထင်သည်၊ ယင်းသို့လျှင် နှစ်ဟူ၍ ချည်းအဆိုအမိန့်
များရကား အသံတူခွေးဂဏန်းနှင့် "သာရဝတ်ပြည်ဍ္ဍ၊ ဇည်တဝန်ကျောင်းဍ္ဍ"
ဟူ၍ ရေးကြအံ့ထင်သည်၊ ရှေးကနှစ်ဂဏန်းသင်္ကေတပင်ဖြစ်သည်၊ အသတ်
တမ်းခွန်ပါသည်မှာ အမြို့ဍ္ဍ, အရွာဍ္ဍ, အနတ်ဍ္ဍ, အမင်းဍ္ဍ-စသည် ဍ္ဍ နှစ်ကြိမ်
ရွတ်ရန်အဖို့ထည့် ဝိစ္ဆာဒီအနက်ပြ ၃ဂဏန်းမှထူးစိမ့်သော၄ါ အာဓာရ
အနက်ပြ ဍ္ဍ-ဂဏန်းပေါ်၌ အသတ်တမ်းခွန်တင်ဟန်ဖြစ်သတည်း။

**တနည်းကား။** ထိုအာဓာရအနက်ပြ ဍ္ဍ-ဂဏန်းသည် တရွေ့ရွေ့အခွန့်
ကာလဝေးလတ်သော် ဍ္ဍ-ဂဏန်းဟုမထင်မှိပဲ စ-သတ်ကို ဖွက်၍ ရေးသော
နှ-ငယ်ဟထိုး-န္ဒ-သာဖြစ်လေအံ့ဟု ထင်မှတ်မှိ၍ ရှေးက န-ငယ်သင်္ကေတ
အထူးထူးတို့တွင် ၄က်နုတ်သီးစွန်း ချွန်းချွန်းငေါ်ငေါ် ထွက်သည်နှင့်တူသော
"၄-ရှိ၊ လူမင်း။ ၄ါ-ရှိ၊ မိန်းမ"။ ဤသို့ငှက်နှုတ်သီးဖျား ရှည်လံလွန်းသော

ၚ-ငယ်မျိုးကို ရေးစမှတ်မူသော ရှေးသူဟောင်းတယောက်သည် ၚ= ငယ်ဟထိုးဖြစ်လျှက်ကိုပင် ဘယ်စာမှု၍ နှုတ်သီးဖျားကို မတပ်သနည်းဟု ထို၃-ဂဏန်းပေါ်မှာ နှုတ်သီးဖျားစွန်း ချွန်းချွန်းငေါ်ငေါ် တပ်မိဘွယ်ဘွယ် ထင်သည်၊ ယင်းသို့ နှုတ်သီးအစွန်း ချွန်းချွန်းငေါ်ငေါ်ကိုပင် ပဉ္စမဇနတို့က ဤလျှင် အသတ်တမ်းခွန်တမုံ့ဟု ထင်မိဘွယ်ယိုလေသည်၊ ရှေးကြီးကရေး သော တစ်ဂဏန်းအပုဒ်သဏ္ဍာန်သည် ဒ-ခွေးနှင့်တူ၏၊ နှစ်ဂဏန်းသဏ္ဍာန် မှာ တစ်ဂဏန်းသဏ္ဍာန်စ၍ ရှေ့လက်ဝဲဘက်သို့ ဆွဲငင်ခဲ့၍ အထက်သို့ အတန်ငယ်ခွေပတ်၍ရေးသည်၊ အချို့စာဒိုစာမင်းတို့မှာ "အမြို့ဒြ၊ အရွာဒြ၊ အမင်းဒြ၊ အနတ်ဒြ"ဟု ဝိဘတ္တာဒိအနက်ပြ ဒွေးဂဏန်းကို ဒခွေးကို ရစ်သ ကယ့်သိုဝ်ရေးသည်၊ကျောက်စာများတို့၌ကား ဒခွေးကိုဟထိုးဟန်ဒှ-ဟူ၍ပြ၏၊ယခုအာ ါနှိုက်ရေးကြသော အာဓာရအနက်နှိုက်တွင် တခ်းခွန်ကိုပစ်၍ ကျန်ရစ်သောသဏ္ဍာန်သည်ကား ရှေးပေစာအိုတို့နှိုက်ရေးသော နှစ်ဂဏန်း နှင့်တူသည်များလှစွာ၏။

ထိုမြို့တုံမ် စတုမဟာရစ်ကို စတုမဟာနိုက်ဆိုသည်၊ အမိကရသော သစ် ပင်ကြီးထဲးက ရမှတ်မူသော သစ်ကျမ်းသစ်စာကိုသိုက်ကျမ်းသိုက်စာဆိုသကဲ့ သို့မှတ်အပ်၏။


ရက္ခိုင်ရာဇဝင်အိုကြီးနှိုက် ငါတို့၏ မိရစ်ဖရာဖြစ်သော ရက္ခိုင်ရှေ့ပြည် တော်ဝယ်ဟူ၍လာ၏၊ ဤနှိုက်မိရိုက်ဖရာကိုပင် မိရစ်ဖရာဆိုသည်၊ သေသ အနက်, ဌာနအနက်ကို အရပ်အရာဆိုသည်၊ ပ-သတ်ကိုစ-သတ်ပြု၍ အရစ် အရာဆိုသည်၊ ရစ်ကိုရိုက်ပြုပြန်၍ အရိုက်အရာဆိုသည်၊ အချို့ကား ရစ်ကို ရိတ်ပြု၍ အရိတ်အရာဆိုကုန်၏။

သျှင်ဥတ္တမကျော်နေဘူးသော ပုကံတက်နွယ်ကျောင်း ကျောက်စာကြီးနှိုက် "ပါဌ်ပုါစ်၊အဋ္ဌကထာစ်"ဟူ၍ ပါဠိတ်ကိုပင် ပါဠ်၊ကျောက်အက္ခရာစင် ရေးချေ၏၊ မသိမလိမ္မာပုဒ်ပါဌ်ကိုမြင်သော နှုတ်လျှာမပီပြင်သော ပုရိသ ပသုတို့သာရေးဖတ်လေ့ပြုသည်ဟုမှတ်အံ့စိုး၍ ပုရိသကေသရီတို့အရေးအဖတ် ကိုထုတ်လိုက်သည်။

မင်းကက်သူကျောက်စာ, အမနာကျောက်စာ, မလုံးဖြစ်ကျောက်စာ, ဗိုင်းကျောက်စာ, မင်းနန်သူ ၄- မျက်နှာဘုရားကျောက်စာ, မင်းသွီး ၁ဝ်ကြွမ်းကျောက်စာ, ဓမ္မာရံကြီးနား ကူနီဘုရားကျောက်စာ, တန် င်းမိဘုရားဒေါင်ကျောက်စာ-စသည်တို့နှိုက် သေရကိုအ-ဖြစ်၍ ထိုဖြစ် အ-မှာအသတ်တံခွန်ပြု၍ရေး၏၊ ရေးဟန်ကား—




ဤကား ဥ-သရ ၃-လုံးရေးပုံမိ။



ဤကား ဥ-သရကိုအ-မြစ်သော ဥ ၃-လုံး ရေးပုံမိ။

အနန္တပညာကျောက်စာ, စေဝ်လဝန်ဘုရားကျောက်စာ, သစ်မထီးဆု တောင်းပြည့်ဘုရား ကျောက်စာ, ဓမ္မရာဇိကကြီးအနား ကွမ်းတောင်ဘုရား ကျောက်စာ, ဇေယျပဋ္ဌရာ ကျောက်စာ, မင်းသက်တော်ရှည် ကျောက်စာ, မင်းစည်သူကျောက်စာ, တောင်ငီတွင်းမင်း ကျောက်စာ, ဇေယျသိင်္ခမင်းသွီး ကျောက်စာ-စသည်တို့နှိက်ကား သေရကို ယ-ငယ်သတ်၍ ထိုသတ်သော ယငယ်မှာလည်း ရှေအဖို့ကို လေးကွယ်၍ နောက်အဖို့သာ ထင်ဟန်ရေး၏။

တနည်း။ လေးအထက်ပိုင်းကို ယပင့်လေဟန်နှင့်ရေး၏၊ရေးဟန်ကား-




ဤကား ဒသရ ၃-လုံးရေးပုံမိ။



ဤကား ဒသရကို ယ-ငယ်သတ်သော ၏ ၃-လုံးရေးပုံမိ။

ရှေးကျောက်စာတို့နှိက် အသတ်ကိုဥါ၍ ငင်သည်၊ ရှေထိုးကိုထိ၍ ငင် သည်၊ ငင်ပုံချင်းလည်းမတူ၊ နောက်ပစ်ကင်းစီးများလည်း ယခုနှင့်မတူ၊မတူ ဟန်ကား ဤသို့တည်း။




အပေါ်က ကင်းစီးမှာ နောက်သို့ခပ်ယိုင်ယိုင်ငင်ခဲ့ပြီးမှ ရှေ့သို့ငင်ပြန်၍ လွန့်၍ သတ်ကျွန်ပြုသည်၊ ရှေးဦးစ၍ ငင်သည်က လွန့်သည်တိုင်အောင် ငေ-ကို

ရေးခြင်းပင်ဖြစ်သည်၊ အက္ခရာများအရေးသဏ္ဌာန် ကွဲသကဲ့သို့မှတ်၊ နောက်ပစ်ကို လုံးကြီးတင်ရှေ့ပိုင်းပျက်သည်နှင့် ဟူစွာရေးသည်၊ ရှေ့ထိုးနှိုက်နောက်သို့အတန်ဆုတ်ခဲ့၍ ရှေ့သို့တဖန်ပြုင်းလည်ပင်း ကောက်ဟန် လိုးသည်၊ ဤသို့လေခါသဏ္ဌာနဝေမတ္တအထူးကိုသိအပ်၏ ဟူလိုသောဝ်။

**သာကရာဇ် ကိုးရာ,တထောင်မပြည့်ခင် ခြောက်ရာ, ခုနစ်ရာ,ယှစ်ရာဆီက ရေးထုခဲ့သောကျောက်စာ, မင်စာ, ပေစာဟောင်းတို့ သဘော ပျှုဟာတည်း။**


ယ-ငယ်ရှေ့ပိုင်းကို လေုံးအောက်သို့ငင်ကျွန်ပြု၍ နောက်ပိုင်းကို ပင့်သတ်-သတ်သော ၏ရေးပုံကား ကျောက်စာဟောင်းတို့နှိုက်မထင်၊ ပေစာဟောင်း စသည်နှိုက်သာထင်သည်။

အချို့ပေစာဟောင်းတို့နိုက်-ဟောတိ၊ ဖြစ်  အချို့ပေစာဟောင်းတို့နှိုက်-ဟောတိ၊ ဖြစ်  ဖြင်  ဖြစ်  ဟု  လုံးအောက်ဖျားကစ၍ ယပင့် သတ် အ-မြစ် နှင့်ရေး 


 ရေးပုံမှာ ရေးဆိုခဲ့ပြီးသော ကျောက်စာဟောင်းတို့နိုက် အနည်းနည်းရေးသော ရ-ကြီးနှိုက်တချောင်းကိုင်၍ ယငယ်သတ်ကို တခြားခွဲ၍ရေး၏၊ အ-မြစ်မှာထည့်သည်လည်းယှိ၏၊ မထည့်သည်လည်းယှိ၏၊ အမြစ်ဝိသဇ္ဇနီမထည့်ပဲရေးခြင်းသာများချေသည်၊ ရေးဟန်ကား—

 ၍ ၄-လုံးရေးပုံ ၄-နည်းဖြစ်သည်။

အနန္တပညာကျောက်စာနိုက်ကား ရ-ကြီးကို ယငယ်ပင့်သတ်-သတ်၍ ထိုအပင့်နှိုက် တချောင်းကိုင်နှင့်ဇုက်၍ရေး၏၊ ရေးဟန်ကား—

 အနန္တပညာ ၍ ၃-လုံးရေးပုံမ်ဖြစ်သည်။

မင်းစည်သူကျောက်စာနိုက်လည်း ဤနည်းတူပင်ဇုက်၍ရေး၏၊ ရ-ကြီးရေးပုံမ်သာ စိုးစဉ်းကွဲသည်၊ ရေးဟန်ကား—

 မင်းစည်သူ-၍း ၃ လုံးရေးပုံမ်ဖြစ်သည်။

အခြားကျောက်စာကြီးတို့က ရ-ကြီးတချောင်းကိုင်ကို တခြား၊ ယ-ငယ်သတ်ကို တခြားခွဲးရယ့် ရေးသည်ကိုပင် ဤကျောက်စာ ၂-ချပ်က ပေါင်း၍ ရေးခြင်းမျှသာထူးသည်၊ ဤကျောက်စာ ၂-ချပ်နှိက်ပင် **သို့လိုး** ဟူ၍ သ-နှိက်, လ-နှိက် ယ-ပင့်သတ်ကိုငှက်၍ ရေးဟန်ပါသည်။

**ည** ကြီး, ည-ငယ်ရေးထုံးမှာ သတ်ပုံအက္ခရာခွဲးထားလက်ာ ကေပိုဒ်တို့တွင် "ဘဲကြည်-ရှောင်ကြည်၊ ချိုချည်ကစ၊ ခရာညဖြင့်၊ သတ်ရတုံရှောင်း၊ ဤလုံးပေါင်းလည်း၊ ဥက္ကောင်းမပေါ၊ ည-သတ်မှာရှင့်၊ သဒ္ဒါယုံကြည်၊ ခြောက်ရောင်ခြည်က၊ စသည်ခေါ်ရိုး၊ စကားမျိုးမှာ၊ နောက်ပိုးဥက္ကောင်း၊ ပါသင့်ကောင်း" ဟု စပ်ဆိုလေသည်ကိုထောက်သော်—

**ည**—ၚင်းအက္ခရာ၏ သဘောမှာ နောက်ပိုး ဥက္ကောင်းသည် သံယုတ်လက္ခဏာပြသော သဘောဖြစ်ချေသောကြောင့် ည ကြီးခေါ်ဝေါ် သမုတ်သည်ကို ဝေါဟာရတ္ထပကာသနီဆရာ ဖော်ပြလျက် ယှိလေသည်။

"ပျည်းပျည်စည့်ညို၊ ညကိုချည်းသတ်၊ ခေါင်းမတတ်နှင့်၊ တလတ်လှည်းစည်၊ လှည့်ပတ်လည်သော်၊ ခွေးဘော်သံယုတ်၊ ဥက္ကောင်းထုတ်လေ့" ဟု ရှေးစာဟောင်းသတ်ပုံမ်လက်ာကို ဝေါဟာရတ္ထဆရာကိုးကားပြ လေသည်။

ည်-ၚင်းအသတ်ဖတ်သောအသံမှာ င-သတ် ပိတ်သံဖတ်ရမည်။

**ည်**-ဤအသတ်အသံမှာ ဤသရသံ, လုံးချည်းတင်ဆန့်ခတ်သံ, ဖွင့်သံဖတ်ရသည်။

ပုည, ပညာ, သာမည, ပဋိညာည်, အဘိညာည်, သမ္ဗုဇည-စသည်ဖြင့် ခွေးဘော်သံယုတ်ပါမပါဟူသော သဘောသဘာဝကို လိုက်နာဆင်ခြင်ရန်ယှိသည်။

ဝမ်းဘဲးအင်းစံ မင်းလက်ထက်တော်က ရ်-ကြောင်းပေစာ များတွင် ယခု ဖော်ပြသော **ည** ကြီး, ည-ငယ်ခွဲးခြားရေးသားသည်များကို တွေ့ဘူးသည်။

ယခုရေးသားကြသော ည-ကြီး,ဉ-ငယ်မှာ ရုံးတော်များနှိက် အစိုးရအပှုတော်ထမ်းတို့ ငြိလက်ရေးသော့နှင့် စာပုံနှိပ်တိုက်တိုက ထွက်ပေါ်လှာသောအက္ခရာဖြစ်ကြောင်းကို မှတ်ယူရန် ယှိချေသည်။

ဘင်္ဂလား ဆရာတော်ဘုရား စီရင်တော်မူသော ပါဠိဟိတောပဒေသ ကျမ်းတွင် လက္ခဏာပြသည်မှာ ညိ-ဤကယ့်သို့ အသတ်နှင့်သေးတင် နိဂ္ဂဟိတ်ပါလျှင် ည-ကလေးမှတ်ရမည်၊ ဖတ်သောအခါ င-သတ်အသံဖတ်ရမည်၊ ညိ-ဤကဲ့သို့သေးတင် နိဂ္ဂဟိတ် မပါလျှင် ည-ကြီးသံဖတ်ရမည်ဟု ဆုံးဖြတ်တော်မူချေသည်။

သာကရာဇ် ၁၂၁၈-ခုနှစ်အောက် ရေးသားကြသော ပေစာအချို့တို့တွင် ဉ်-ဤကဲ့သို့ ည-တခြမ်းသာ အသုံးပြုကြလေသည်။

ရှေးကြီးက-ရေးထုထားသော ကမ္ပည်းကျောက်စာ သဘောကို လိုက်လျောခြင်း မပြုချေဖြစ်သည်။

ထို့ပြင် ရှိ-ယှိ-အရေးအသား ၂-မျိုးယှိသည်ကို မကွဲမပြား ဗလုံးဗထွေး ရှိ-ဟု ရကောက် ရ-ကြီးတလုံးကိုသာ အခိုင်အမာ စွဲလန်းပြီးလျှင် အရေးသန်ကြလေသည်။

ရှေးကသင်ပုန်းကြီးစာကို သင်ကြားသည့်အခါ ,ယ-ငယ်သံ, ရ-ကြီးသံကို ကွဲပြားစွာ ဖတ်ရွတ်ဆိုကြရသောကြောင့် အရေးအသား အခေါ်ဝေါဟာရမှာလည်း ယ-ငယ်, ရ-ကြီးကွဲပြားစွာ ရေးသားနိုင်လေသည်၊ ဤကဲ့သို့ ယ-ငယ်, ရ-ကြီးကွဲပြားအောင် ဖတ်နိုင်သည်မှာ တလိုင်းလူမျိုးနှင့် ရခိုင်လူမျိုးများမှာသာ ကွဲပြားသန့်ယှင်းလျက် ယှိချေသည်။

မြန်မာတို့မှာ ယ-ငယ်, ရ-ကြီး ကွဲပြားအောင် မဖတ်မရွတ်နိုင် သောကြောင့် ယ-ငယ်သံ တခုထည်းသာ ခေါ်ဝေါ်ကြသဖြင့် ရ-ကြီးကို အရာတိုင်းမှာပင် အသုံးများလေသည်။

ကြ-ကို တလိုင်းက ကရုံ-လို့ ဖတ်သည်။

လမ်းကြောင်းကို ရခိုင်က လမ်းကရောင်းလို့ ဖတ်သည်၊မြန်မာတို့မှာ သို့လို ကွဲပြားအောင်မဖတ်ခြင်းကြောင့် ယ-ငယ်, ရ-ကြီးမကွဲပြား ဖြစ်ချေသည်။

ရှေးစာဟောင်းများမှာ ရှိခိုးသည်၊ ရှိပူဇော်သည်၊ အမိန့်တော်ရှိသည် ဟူသောအရာများမှာ ရ-ကြီးကို အသုံးအစွဲပြုသည်ကို တွေ့ရသည်။

ဤမှတပါး အလိုယှိသည်၊ ယှိသည်၊ မယှိဘူး၊ ယှိယှားပင်၊ သျှိသျှားပင် ဟူ၍ ရှေးစာဟောင်းများမှာ အလွန်အမင်းသုံးစွဲကြလေသည်။

ပြည်မြို့ ရွှေဆံတော်ဘုရားကုန်းတော် စနေထောင့်တွင် ဆွဲထားသော ခေါင်းလောင်းတလုံးမှာ အင်းဝမြို့ လောကသရာဇ္ဇာဘုရားဒါယကာ ကုသိုလ်တော်ဟု အမှတ်ပြုမိသည်၊ ၎င်းခေါင်းလောင်းစာနှိုက် (သျှောင်သည်၊ သျှား သည်၊ သျှိုးသည်၊ သျှိသည်၊ သျှိုင်းသည်၊ သျှမ်သည်)ဟူ၍ သ-ယပင့်-ဟထိုးနှင့်ချည်း ကမ္ဗည်းစာတွင်းထားလျက်ယှိသည်။

သျှင်မဟာသီလဝံသဆရာတော် စပ်ဆိုတော်မူသော ဆုတောင်းခန်းတွင် "ပမာမမူ၊ အနုမြှရှိ၊ မယှ်ဝန်ဘို၊ မကုတ်သျှိုတည့်။ ။မျက်ရှင်အမြိုက်၊ ပြည်လိုက်အလေး၊ဆန်မှည့်ပေးသို့။ ။တပြေးငါနှိုက်ယှိသတည်း။ ။တောင်လုံးဗဟို၊ မြင်းမိုရ်ယှိယှ်၊ ရွှေတိစွင့်စွင့်။ ။ပစ္စည်းပယံ၊ တောင်ယှိမံလည်း၊ အကြိမ်ချ။ ။မိုးလေမထိ၊ ညိုလည်းမစို၊ စည်းကျောက်ညှိသို့၊ မမိုမရွှား၊ ရံမီးတားနှင့်၊ ဖျားပြားယှိယှ်၊ ပါဠိုပါဠို၊ အပြင်ညီသား"။

ပါရမီခန်းတွင်။ ။"အနုတရှိ၊ မြှမျှယှိလည်း၊ မိုးထိဆုံးအောင်။ ။စေနာတောင်ရှိ၊ ကိုယ်နှိုက်ယှိလည်း၊ သတိခိုင်ကျည်။ ။ခိုင်ကျည်သတိ၊ မြေနှင့်ရှိလျက်၊ ယှိစေလသွေး" စပ်တော်မူသည်။

သုဝဏ္ဏသျှမ် သစ္စာခန်းတွင် "စက်သွားအတိ၊ ရံသည်ယှိလည်း၊ ဆံရှိမလန့်"။

မသ္ဓစိုးခန်းတွင် "စိုးစည်းသံရှိ၊ပြစ်မယှိတည့်၊ထိထိပါးပါး"။

ငရဲခန်းတွင် "နှစ်ပါးခိုင်ထောက် မယှိတည်း"။

ဘုံခန်းတွင် "တဆထောင်မျက်စိ၊ တို့ဘုန်းယှိကို၊ ရှိလည်းမခိုး" ဟူ၍၊ သျှင်အဂ္ဂသမ္မာဓိ-သူမြတ်စပ်တော်မူသည်။

ထိုဖော်ပြသော **ရှိ-ယှိ** ၂-မျိုးခွဲခြားလျက် မုံရွေးဆရာတော်, ဇီးပနိဆရာတော်, မန်လည်ဆရာတော်ဘုရားများ စပ်ဆိုတော်မူသော ပျို့,လင်္ကာများတွင်လည်း ထင်ယှားလျက်ယှိချေသည်၊ ဤ ရှိ-သည် အနေကံ-ဥပမာနှိုင်းခိုင်းသောအရာဖြစ်သည်၊ ဤယှိ-သည် ကေန်အမှန်ကို ဆိုသောအရာဖြစ်သည်ဟူ၍ မှတ်ရန်။

ထို့ပြင်နောက်ပစ်နှိုက် ဝဏ္ဏ ၂-လုံးထည့်၍ ရေးသားသည်မှာ သတ်ပုံမကျမ်းတွင် ယ-သတ်,နောက်ပစ် ၂-ချက်သင့်ပြလျက်ယှိ၍ ယ-သတ်နှင့်နောက်ပစ်အသံတူထားခြင်းဖြစ်သည်။

ဥပမာ။ ကဲယ်,ကဲယ့်,ကဲယ်း။

ဖတ်သံ။ ကကြီးရေ-နောပစ်ကယ်၊ အောက်က-အ-မြစ်ကဲယ့်၊ ရှေ့က ဝစ္စ ၂-လုံးပေါက်ကယ်း။

ယခု အခါပုံနှိပ်စာနှင့်ရေးသားကြသောစာများမှာ ဝစ္စ ၂-လုံးမပါဘဲ ကဲ-ကယ်-ကို ကဲး-ဟုတခါတည်း ကျုံး၍လုံး၍ ရေးဖတ်ကြရသောကြောင့် ပြင်၍ ရနိုင်မည်မထင်။

ယှောင်ကြည်ဖယ်ကို ရှေးစာဟောင်းများတွင် ယှောင်ကြည်ဖဲ့ဟု ရေးသားသည်၊ တွန်းဖဲသည်, အဘယ်ကြောင့်, အဘဲကြောင့်,အဘယ့်ကြောင့်, အဘဲ့ကြောင့် ရေးသားကြလေသည်ကို ထောက်သဖြင့် ထင်ယှားလေသည်၊ လယ်မြေတပဲ နှစ်ပဲစသည်, ငွေတဆဲ နှစ်ဆဲစသည် ရှေးက ရေးသားကြလေသည်။

ထို့ပြင် ဋ္ဌ-ဋ္ဌဝမ်းဘဲးခေါ်သည်၊ ဤလက္ခဏာသည် ခေါင်းအောက်တွင် ချိတ်ခံထားသည်ကား ၎-သန်လျှင်းချိတ်ဖြစ်သည်၊ ၎င်း ဋ္ဌ-အက္ခရာသည် သံယုတ်ပါသောကြောင့် (ဒိဋ္ဌ)- ဤလိုရေးလျှင် ဒိဋ္ဌ-ဟု ဖတ်ရွတ်ရသည်၊ ဒိဋ္ဌန္တ,ဒိဋ္ဌိ,ဒုဋ္ဌ၊,ဒုဋ္ဌ,အဋ္ဌ,ပြဋ္ဌာန်းစသည်အရေးအသားနှိုက်သံယုတ်လက္ခဏာ ပါယှိသည်ဟု အချို့သတိမမူမိကြပဲး ဋ္ဌ-ဤကဲ့သို့-ဋ္ဌ ဝမ်းဘဲးချည်းသက်သက် ရေးသားရမည့်အရာတို့နှိုက် သံယုတ်ပါသော ဋ္ဌ-ဝမ်းဘဲးကို ရေးကြလေသည်၊ နောက်စာပုံနှိပ်တိုက်ဆရာတို့က သံယုတ်ပါသည်ကို ထင်ယှားသိစေခြင်းငှါ ဋ္ဌ-ဤကဲ့သို့ အက္ခရာမျိုးကိုထုတ်ဖော်ပြကြလေသည်၊ရှေးစာဟောင်းများမှာ ဋ္ဌ-ဤကဲ့သို့ အက္ခရာကို၎င်း၊ ဋ-ဤကဲ့သို့ အက္ခရာကို၎င်း ရေးကြလေသည်။

သို့သော်-ဋ္ဌ-ဝမ်းဘဲးအက္ခရာသည် ဌ-ဟထိုးနှင့် သဏ္ဌာန်တူသောကြောင့် ဋ္ဌ-ဤသို့အောက်က ချိတ်တပ်ခါရေးသားကြသည်ဟု ယူရန်ယှိသည်၊ အမှန်ရေးလျှင် ဋ-ဤလိုအက္ခရာဖြစ်ရမည်။


မံ- ဆဋ္ဌေန္တိ မံသဒါ ဖတ်လျှင် ဆဋ္ဌေန္တိ၊ မိသဒါ-ဟု ဖတ်ရမည်။

ထို့ပြင်-ဝှ ဃိကို ရှေးစာတို့နှိုက် ဝှဃိ-ဟု တမျိုး၊ ဝှဃိ-ဟုတမျိုး၊ ဝှဃိ-ဟုတမျိုး၊ ဝှဃိ-ဟုတမျိုး၊ ဝှဃိ-ဟုတမျိုးရေးသားလျက် ယှိလေသည်၊ ဤကဲ့သို့ ရေးသားခြင်းမှာ ၃-ရှင်ကောက်နှင့် ဗ-ရေမှုတ် သံယုတ်

ဒွေးဘော်ဆင့်သော လက္ခဏာဖြစ်လေသည်၊ ယခုစာပုံနှိပ်တိုက် ဆရာတို့က ၇၂၇ -ဤကဲ့သို့ ပ-ရေမှုတ် ဗိုက်ထဲးတွင် ၃-ရင်ကောက်အက္ခရာ ထင်ရှားစွာ ဖော်ပြပေးလေသည်။


ထို့ပြင်-ဂုဠ္ဍ-ကို ရေးစာဟောင်းတို့နှိုက် ဂုဍ-ဟု ဍ-ကြီးဒွေးဘော် ဖြစ်ကြောင်းကို အမြီး ၂-စဖော်လျက်ပြလေသည်၊ ဤကဲ့သို့ ဍ-ကြီးနှိုက် အမြီး ၂-စဖော်ပြသည်ကို စာကူးသော စာရေးတို့က သတိအမှတ်နည်းသဖြင့်ဍ-ကြီးနှိုက် အမြီး ၂-စယှိသည်ကို တစ-ကိုလက်လွန်၍ ရေးမိသည်ထင်သောကြောင့် မိမိရေးကူးသောစာနှိုက် အမြီးတစကို ဖျောက်လျက် ဂုဍ-ဟုရေးကူးထားလေသည်၊ ဤကဲ့သို့ ရေးကူးထားသော်လည်း နောက်ဆရာတို့က ဂုဠ္ဍ-ဟု သံယုတ်သံပါအောင် ဖတ်ရွတ်တော်မူသောကြောင့် အရေးနှိုက် သံယုတ်လွတ်ကင်းသော်လည်း အဖတ်နှိုက် သံယုတ်ပါပြီးဖြစ်ချေသည်၊ ယင်းသည့် ဍ္ဍ-ကြီးသံယုတ်ဒွေးဘော်ကိုပုံနှိပ်တိုက်ဆရာတို့က ထင်ယှားအောင်ထုတ်ဖော်မပြသေးဖြစ်ချေသည်။

ဆင်ဖြူရှင်မင်းတရားထိုးမှတ်သောရွှေတိကုံဘုရား
ကမ္ပည်းကျောက်စာအက္ခရာပုံမ်




H 448—81 [ဟံသာဝတီ]


**ဖတ်သောအခါ။** "နန်း ၃-ဆောင်ဝယ်၊ ဘုန်းရောင်တုလွတ်၊ ၄-ကျွန်း ပတ်သား၊ မန္တတ်မဆွယ်၊ မသဘွယ်လျှင်၊ ၃၀-ပြည့်နီး၊ ချမ်းသာကြီးကို၊ စံပြီးဦးမှ။ ။ဤသို့လာသား၊ ညီစွာ မယွန်း၊ ဗောဓိနန်းမှ၊ ရွှေမြောက်တင်တင်၊ ဇွသန်ပြင် နှိုက်။ ။ပဋိသန္တိဒါ၊ နိဗ္ဗာန်ပြည်ကြီး၊ သေ၎်နင်းတရား၊ မင်းဘုရားသည်" ဟု ဖတ်သည်။




**ဖတ်သော်။** ဓမ္မရာဏာသုဒ္ဓိဗုဒ္ဓိ၊ ဗုဒ္ဓံနမေသဟမ္မေသယံ အယံဟိရဋ္ဌကော- ကပ္ပေါ ပဋ္ဌဗုဒ္ဓဝိရ-ရဇိတောဥပ္ပန္န ့တတ္ထစတ္တာရောသံဗုဒ္ဓါဒိပဒုတ္တမာ- တေသု ဂေါတမဗုဒ္ဓသ။



**ဖတ်သော်။** ပုရိတွာ ပါရမီ သဗ္ဗာ စရိယာယောစ သဗ္ဗထာ ပဋ္ဌပရိစ္စာဂေ ပရိစ္စဇိတွာ ဝေသန္တရတ္တဘာဝသ္မိံ ဓိတော။




ဖတ်သော်။ ဒေဝေ  အတိက္ကမိ  စက္ကဝါဠ္ဌသဟာသေဟိ  ဒသဟာဂမ္မ
သဗ္ဗသော ဣဋ္ဌန္တော ဗောဓိမုတ္တမံ။



ဖတ်သော်။  ပလ္လက်အစလံ ဒဋ္ဌမ်ကမ္ပိတံ စတုရောအင်္ဂေအမိဋ္ဌာယ-နိသိဒိ
ပုရိသုတ္တမော။



ဖတ်သော်။  ပဝရဓမ္မရာဇာ ဇုဒ္ဓပ္ပါဒခဏောနာမ  သဒ္ဓမ္မသဝနံပိစဝေး



ဖတ်သော်။  သဃ်နိသေဝိတံ  ပဋ္ဌဝဂ္ဂိယထေရာနံ  ဩဒါတာသဟမေဋ္ဌဋ္ဌာ။
ဤကား ရှေးကအရေးအသား ဗျည်းအက္ခရာနှင့် ယခု အရေးအသား
ဗျည်းအက္ခရာကွဲပြားသည်ကို ဖော်ပြခြင်းဖြစ်သည်။

## ရှေးက အရေးအသားအက္ခရာများကို ဖတ်ရှုတ်ရန် အဘိဓာန်

| ရေးနည်း | ဖတ်ပုံ | ရေးနည်း | ဖတ်ပုံ | ရေးနည်း | ဖတ်ပုံ | ရေးနည်း | ဖတ်ပုံ | ရေးနည်း | ဖတ်ပုံ | ရေးနည်း | ဖတ်ပုံ |
|---|---|---|---|---|---|---|---|---|---|---|---|
| ရှုယ့် | ရှု့ | မိယ္ယ | မိန်းမ | နိယ့် | နေ့ | ပန္ဒိ | ပန်းချီ | သြန္ဒ | သဂုဏ် | အကြယ် | အနန္တရယ် |
| ရေယ် | ရှ် | ခွ်ဝ် | ခေါ် | ပုဏ္ဏယု | ပုဏ္ဏဟုး | ငြယ် | ငရဲ | ဖြယ် | ဖြေ | ၂ | ၁ |
| ရှိုယ် | ငှ | ဈယ် | ဈာ | ဟုယ် | ငှ | မှိုယ်- | မြေ | ရှိယ် | ရှူ | ၃ | ၂ |
| ဆိယ် | ဆွေ | ဥျမ် | အိမ် | လိယ် | လေး | သက္ကသိ | သတင်းပေး | ရိယ် | ရေ | ၄ | ၃ |
| ဆုယ် | ဆွေ | ဖြတ် | အစ် | အဖဝ် | အဖေါ် | အမှုယ် | အမွေ | လေး | လည်း | ၅ | ၄ |
| မိယ် | မြေ | ကိယ် | ကြေး | ကြည် | ကျွေး | ဆိုင့်ယ် | ဆင်းရဲ | သုဉာ | သော်ကြာ | ၆ | ၅ |
| ဖြိုယ် | မြေ | ဈုယ် | ဈေ | အဝမိယ် | အဝိစိ | ဟိယ် | ဟိ | ဖြိဉာ | ပညာ | ၇ | ၆ |
| တ် | တော် | ဓိယ် | စေ | ပိယ် | ပေး | တစ်ကိပ် | တကျိပ် | ထုယ် | ထွေး | ၈ | ၇ |
| တဝ် | တော | နဲ့ယ် | နေ | သေိယ် | သေ | ငှမ္ဘန် | ငှ ဟွင် | သိုဂ္ဂဗြ | သက္ကရာဇ် | ၉ | ၈ |
| ငှယ် | ငွေ | ဆိယ် | သေ | ဥိမ | ညီမ | ခွယ် | ခွဲ | ဩိ | သရိ | ၉ | ၉ |
| ဥိယ် | ငွေ | ဖြ | ၅ | ဖုထုယ် | ပထွေး | ဝုယ် | ဝေ | ဿိဿ | ဿိ | ၁၀ | ၁၀ |
| ဖြဆ် | ဖြ် | များ | မယား | ဘြုဂုဏ် | သရဏ | ငါဇုတ် | ချော် | သောန် | သွန် | ၃ | ၁ |
| ဖြယ့် | ဖြ် | မြမ္ဘ | ဖြူ | မှိုယ်ပိုဝ် | မြမ့်ပိုး | ယောယာ | ယောက်ျား | ပဝ | ပဝရ | ၃ | ၂ |
| ကျောန် | ကျွန် | နိရဝန် | နိဗ္ဗာန် | ပန်တျာ | ပန်းတည်း | မြယ် | မြဲ | ကြသ္လော | ကြေးရိုး | ၄ | ၂ |
| အဇောက် | အဝွတ် | ဥဇုက် | ဥ-ရက် | ပန်ဖယ် | ပန်းဖဲ | ခရိုန် | ခရိုင် | ဖြိုယ် | ငှ | ၅ | ၄ |

ဤကား ရှေးရှေးက အရေးအသား အက္ခရာများကို တွေ့ယှိက ဖတ်ရှုတ်နိုင်ရန် အနည်းငယ် ဖော်ပြလိုက်သည်။

သို့လိုရှေးက သုံးစွဲသော နည်းနာများကို သိမြင်မှတ်သားရမှ သာလျှင် ရှေးဟောင်းကမ္ပည်းစာများကို တွေ့မြင်ပါက ငြိုငြင်ခဲယဉ်းခြင်း ယှိလိမ့်မဟုတ်ဟု ထင်မှတ်ပေသည်။

**စာရေးနည်းဖတ်နည်းပြီး၏။**

# ၄–ရှေးဟောင်းကဗျာများ

## ၁၀၆-တောင်ဘီလာဘုန်းတော်ကြီး ပြည်မြို့တွင် သီတင်းသုံးကြိုက်အခါ တပည့်သာမဏေက ဖွဲ့ဆိုသောရတုကေပိုဒ်

ကြီးကြူးကြိုက်တော်၊ ကြိုးဘုန်းဆော်၍၊ နတ်ကျော်လွန်လိုက်၊ ခြောက်ရောင်မြိုက်ကို၊ ရှိမိုက်လိုလို၊ နေညိုဝင်ပြီး၊ ဆိုက်ခါနီးနှိုက်၊ တသီးစီချည်း၊ ဆုံးဆုံးဆည်းကို၊ စုလည်းတညီ၊ မြင်မှိသည်သို့၊ တညီနှိုင်းသော်၊ နှိုင်းတုံသော်လည်း၊ရွှေလျော်ရည်ချိတ်၊ ထင်ရိတ်ရိတ်ဝယ်၊ ကျိတ်သို့မရောက်၊ လေးယောက်သာစေ၊ ရာနေစွာယှောင်၊ တောင်ကအလွတ်၊ သတ်မှတ်သက်ဆုံး၊ တရာလုံးဝယ်၊ နှလုံးပူဆာ၊ ရှာသော်ကြာလိမ့်၊ နှိုင်းချာမထင်၊ လွတ်ကျူးစင်သည်။ ။ မမြင်သည်လည်းဆုံးဆုံးတည်း။

အမှာ။ [ဋင်းလင်္ကာ ကျမ်းဂန်အရ ပုစ္ဆာကဲ့သို့ ပြုလုပ်ရေးခြင်းဖြစ်သည်ဟု ဆရာတို့ခိန့်ကုန်၏။]

---

## ၁၀၇-ဒသကော ပဒုမာရွှေကြာပန်းရတုကေပိုဒ်

[ဘဒ္ဒကပ်ကမ္ဘာတွင်ဘုရားငါးဆူပွင့်ကြောင်းဖွဲ့သည်။]

ငါးဆူရွှေကြာ၊ နိမိတ်လာ၍၊ ငါးဖြာမြွာလျက်၊ တပင်နက်ဝယ်၊ ငါးခက်ဖူးငုံ၊ ပေါ်လတ်တုံက၊ ငါးစုံသက်နှံ၊ ကြိုင်ပျံ့မွှန်းကို၊ ငါးခန်းဘုံနေ၊ ယူတုံလေ၍၊ ငါးထွေညြင်မြင်၊ ရွှေပလ္လင်ထက်၊ ငါးအင်ခက်ကြိုင်း၊ နောက်မှိုခိုင်းလျက်၊ ငါးဆိုင်းမာရ်မြောက်၊ ဗောဓိအောက်ဝယ်၊ ငါးယောက်ထင်လျှား၊ စောဘုရားတို့၊ ငါးပါးအညီ၊ ဖြစ်တန်သည်ဟု၊ ငါးမည်မိုးနတ်၊ နိမိတ်ဖတ်သည်။ ။မချွတ်ကမ္ဘာပွင့်ရာသောဝ်။

အမှာ။ [ဤလင်္ကာကိုပဒုမ္မာကြာပွင့်ပုံတွင် ကြာချပ်လွှာ ဆဲ့တဆင့်ထားရှိ၍ အလယ်ဝက်ဆန်တွင်(ငါး အက္ခရာ တခုထည်းထားပြီးလျှင် လှည့်ပတ်ရေးသားရသည်၊ ပိုဒ်ပေါင်း ၁၁-ယှိသောကြောင့် ဒသကောရွှေကြာပန်းရတုခေါ်လေသည်။]

---

## ၁၀၈-သျှင်ရဋ္ဌသာရဆို သိကြားတိုင်ရတု ကေပိုဒ်

အတာအတာ၊ ဆင့်၍ပါသော်၊ သချ်ာစုရုံး၊ အစ်တလုံးကို၊ ပေါင်းရုံး(ဝ)ရေး၊ လေးဆယ်လေးပါည့်၊ ရှည်ဝေးမြင့်ဖြူး၊ မြင်းမိုရ်ဦးဝယ်၊ နတ်မှူးနတ်စစ်၊ သိကြားဖြစ်လျက်၊ ကသစ်ပင်ရင်း၊ ခင်းသည့်ကျောက်ဖျာ၊ ရွှေနေရာထက်၊ သူဇာတူပြီ၊ ဒေဝီလေးပါး၊ ညွတ်တွားလျှောင်းရာ၊ မပျော်ပါနှင့်၊ သွန်းခါစီမံ၊ ရွာမြဲးဂုန်ကို၊ ။မှန်ပါစေတော့ ရွာစေတော့။

**အမှာ။** [မိုးသည်းရွာစေရန်သိကြားကို တိုင်ဆိုသောလင်္ကာဖြစ်သည်။]

## ၁၀၉-ရှင်တေဇောဒီပဆို သိကြားတိုင်ရတု ကေပိုဒ်

အတောင်အတောင်၊ ဆင့်၍တောင်သော်၊ အငေါ်သချ်ာ၊ ယူဇနာကား၊ သုညာသုည၊ အစ်နကကို၊ အဋ္ဌဆယ်ပြန်၊ မြှောက်ချိမှန်မှ၊ မြင့်ဂုန်ရှည်လျား၊ မြင်းမိုရ်ဖျားဝယ်၊ သိကြားကေန်၊ နတ်မှူးမှန်သား၊ ရောင်ဂုန်လင်းလင်း၊ ပင်ရင်းကသစ်၊ စင်စစ်ခင်းကာ၊ စံနေရာထက်၊ သူဇာပတိ၊ နတ်မိဖုရား၊ လေးပါးမျှော်ရာ၊ မပျော်ပါနှင့်၊ နှစ်ခါနှစ်ခါ၊ တလမှာကို၊ မှန်စွာအနေ၊ ရွာမြဲးထွေကို။ ။မသွေစေနှင့် ရွာစေမင့်။

**အမှာ။** [ဤကား မိုးသည်းရွာစေရန်သိကြားကို တိုင်ဆိုသောလင်္ကာဖြစ်သည်။]

## ၁၁၀-သျှင်မဟာသီလဝံသဆို ယတြာရားစကြာရတု ကေပိုဒ်

နွယ်လှုံ့းတံ၊ နွယ်လျှံနွယ်ဖြူး၊ နွယ်ဖူးယှက်ထွေး၊ နွယ်သေးတလိုက်၊ နွယ်နွယ်ဆိုက်သား၊ နွယ်နှိုက်စွဲးလှာ၊ နွယ်ဂိဝါမှ၊ နွယ်သာချုံမည်၊ နွယ်ရှည်ရှက်ဝန်း၊ နွယ်စိန်းလန်း၍၊ နွယ်ပန်းဆေးမြ၊ နွယ်ပေါက်ပြသား၊ နွယ်မှင့်အာ၊ နွယ်ချပ်မြွာဝယ်၊ နွယ်သာသန္ဓေ၊ နွယ်နှိုက်နေ၍၊ နွယ်နေပေါ်ဖြူ၊ နွယ်နှိုက်ယူသည်။ ။နွယ်သူနွယ်နွယ်ချောင်းချောင်းသော်။

**အမှာ။** [ဤလင်္ကာကိုစကြာအင်းကွက်ချ၍ အလယ်တွင်(နွယ်)အက္ခရာတလုံးထည်းထား၍ အနားပတ်သည်ရေးသားရမည်၊ ရှေးကဖော်ပြခဲ့သောပုံတို့ကို နှိုင်းယှဉ်၍ ဤလင်္ကာအရ စကြာအင်းကွက်ကြီဖန်၍ ထုတ်သော်ခဲးယဉ်းမည်မဟုတ်လှသောကြောင့် ပုံမကိုမပြလိုက်ပြီ။]

## ၁၁၁-တခွန်းစားကေစပ်ဆိုနည်းရတုသုံးပိုဒ်

၁။ ပြစ်ပျောက်ပင်ပျို၊ ပွံ့ဗေးချိုလျက်၊ ပင်ညိုပင်ဆင့်၊ ပင်မြင့်ပင်ဝန်း၊ ပွံ့ပွံ့မွန်းသား၊ ပြောင်ရွှန်းပြောင်မျှ၊ ပြောင်ပပြောင်လင်း၊ ပန်းမြမင်းကို၊ ပြာဝင်းပြာထွန်၊ ပြာလတ်ပြာစင်၊ ပြစ်မတင်သို၊ ပွံ့ရှင်ပွံ့ဗေး၊ ပွံ့မွေးပွံ့ခေါင်၊ ပန်းတင့်အောင်ဟု၊ ပို့ဆောင်ပို့ရ၊ ပို့သပို့ရောက်၊ ပန်းစံမြောက်သည်။ ။ ပြစ်ပျောက်ပြစ်ပြေး ပန်းပွင့်ပေး။

၂။ မွေးများမြတ်မွန်၊ မဖက်ရန်တည့်၊ မြဇုန်မြင်ဝေ၊ မြင့်ထွေမြင့်ဖျား၊ မြတ်ဘုရားကို၊ မြလားမြသွင်၊မြပင်မြရွက်၊ မဥ္ဇူခက်နှင့်၊ မှတ်လျက်မှတ်ရည်း၊ မိတည်းယဝယ်၊ မဒွမဖည်၊ မလည်မရှောင်၊ မလွတ်အောင်ဟု၊ မြန်ဘောင်မြန်ဝန်း၊ မြန်ကျွန်းမြန်ခွင်၊မိမိတင်သည်။ ။မမြင်မြူမွေး မွန်မြင့်မွေး။

၃။ လှလွန်လွန်းလေ၊ လင်ပြစ်ကွေသား၊ လျှံဝေလျှံရွှန်း၊ လျှံထွန်း လှပ၊လှများနတ်ကို၊ လွမ်းမှတ်လွမ်းနေ၊ လွမ်းထွေလွမ်းစွာ၊ လ-ဟောမာဝယ်၊ လျှောက်ရာလျှောက်သင့်၊ လျှောက်တင့်လျှောက်ဖြိး၊ လည်ဝယ်ဆွဲး၍၊ လလဲး လလည်၊လရှည်လဆက်၊ လွမ်းချင်လျက်တည့်၊ လှညက်လှနေ၊လှထွေလှရွှန်း၊ လှခေါင်ထွန်းသည်။ ။လှလွန်းလှလေး လှလင့်လေး။

စကားချပ်။ [ဤရတုသည် တံခွံစားကေစပ်နည်းဟု မူမှာတွေ့သည်၊ တံခွံစား၏ အဓိပ္ပါယ်ကိုမဆင်ခြင်မိချေ၊ တံခွန်စားဖြစ်မည်လည်းမသိရ၊တကွဲးစား ဖြစ်မည်လည်းမသိရ၊ တခွန်းစကား ဖြစ်မည်လည်းမသိရ၊ စပ်သော လင်္ကာမှာ အက္ခရာတလုံးကို ထပ်ခါထပ်ခါ စပ်ဆိုခြင်းကြောင့် ကေ စပ်နည်း ဆိုလိုသည်၊ ထိုအက္ခရာတလုံးကိုပင် ထပ်၍ လင်္ကာစပ်ဆို ရခြင်းကြောင့် တခွန်းစာခေါ်မည်လည်းမသိရချေဖြစ်၏၊ သိတော်မူ ကြသောပညာယှိ ကဗိသူမြတ်တို့က မှန်ရာကိုထည့်သွင်းတော်မူကြရန် တောင်းပန်လိုက်ပါ၏။

တတိယပိုဒ်မှာ လင်ပြစ်ကွေသား-ဟူသည် လင်ပစ်သွား၍ ကွဲးကွာ နေရကြောင်းဆိုဟန်ထင်သည်၊ လ-ဟောပာဝယ်-ကား ဟောမန္တဥတု- ဆောင်းရာသီကို ဆိုသည်။]

---

## ၁၁၂-တောင်ငူမင်းစာဆိုတော် အနောက်ဝန်မင်း မောင်ဥ စီကုံးသောအဖျားကောက်တပြန် ရေးနည်းမှတ်နည်းရတုသုံးပိုဒ်

၁။ ကျွမ်းငယ်ဘော်။ ။တမ်းခေါ်ကြာမြင့်၊ ခါသင့်ချမ်းဆောင်း၊ သမ်း ပျောင်းဆိုတ၊ ယိုကျရွှမ်းစွတ်၊ လွမ်းဆွတ်ဖော်ကွေ၊ဖျော်ဖြေမောငွေ့၊ ချမ်းမြေ့

လင်းပြောင်၊ ဆင်းရောင်မြတူ၊ တ-ယူရွှမ်းသွယ်၊ကျွမ်းငယ်ကြင်ဘော်၊ရွှင်ပျော်
လေးမြတ်၊ ။ပေးသက်မှတ်။

၂။ မှတ်သက်ပေး။ ။မြတ်လေးပျော်ရွှင်၊ဘော်ကြင်ငယ်ကျွမ်း၊သွယ်ရွှမ်း
ယူတ၊တူမြရောင်ဆင်း၊ ပြောင်လင်းမြွေချော၊ ခွေ့မောဖြေဖျော်၊ ကွေဖော်
ဆွတ်လွှမ်း၊ စွတ်ရွှမ်းကျယို၊ တ-ဆိုပျောင်းသမ်း၊ ဆောင်းချမ်းသင့်ခါ၊
မြင့်ကြာခေါ်တမ်း။ ။ဘော်ငယ်ကျွမ်း။

၃။ သက်မှတ်ပေး။ ။လေးမြတ်ပျော်ရွှင်၊ကြင်ဘော်ငယ်ကျွမ်း၊ရွှမ်းသွယ်
ယူတ၊ မြတူရောင်ဆင်း၊ လင်းပြောင်မြွေချော၊ မောခွေ့ဖြေဖျော်၊ ဖော်ကွေ
ဆွတ်လွှမ်း၊ ရွှမ်းစွတ်ကျယို၊ ဆို-တ-ပျောင်းသမ်း၊ ချမ်းဆောင်းသင့်ခါ၊
ကြာမြင့်ခေါ်တမ်း။ ။ငယ်ဘော်ကျွမ်း။

အမှာ။ [ဤသက်ာသုံးပိုဒ်ကို သေသေချာချာစဉ်းစား၍ ဖတ်စေလိုသည်၊ ပဌမ
ပိုဒ်ကိုမှုထား၍ ရေးသားခြင်းဖြစ်ကြောင်းကို ထင်လျှားလာလိမ့်မည်
ဟူလို။]

---

## ၁၁၃-တောင်ငူမင်းစာဆိုတော် နဝဒေးကြီးဆို
## သဝေမပါ ရတု သုံးပိုဒ် နည်းယူရန်

၁။ ထစ်ရင့်ဖြိုးဗွန်၊ ရိုက်ကြည်းတွန်လျက်၊ ယုဂန်ချက်၏၊ ဆိတည့်တည့်
က၊မည်သည့်ခြင်းရာ၊ မသိသာခဲ့၊စိမ်းပြာဖြူညို၊ နီလိုဝါကြန်၊ ကင်းဟန်ငုံပွင့်၊
နိမ့်မြင့်လိမ်ယှက်၊ ပန်းချိုပြက်သို့၊ ကိုးမျက်နှာလုံး၊ ကုံးသီရန်းရန့်၊ စိမ်းပန်း
ခြူးညွန့်၊ ဖြတ်ခြည်းဖြန့်လျက်၊ လန့်ဓာသာ၊ လျှပ်ပြက်ဝါနှင့်။ ။သာယာ
ချိမ့်မည် ရင့်ဘိသည်။

၂။ ချစ်တင့်နိုးလွန်၊ ဘုန်းချင်းညွန်၍၊ နတ်တန်ရုပ်ရည်၊ ထင်မှူးနည်းနှင့်၊
မည်သည့်ဖြစ်အင်၊ ဆံမျှင်မခြား၊ သစ်သစ်ပွါး၍၊ သည်းဖျားဗွန်လိုက်၊ လွမ်း
စဉ်ကြိုက်တွင်၊ တိမ်ဘိုက်ယှက်ဆိုင်၊ ကျူးကာအိုင်လျက်၊ သံပြိုင်သံပြီ၊ လူလျှင်
သီသို့၊ မိုယ်းချီသံလျက်၊ ဆင်းသက်ဘနန်း၊ လှည့်ဝန်းအာကာ၊ ရင့်သံ
ဝါနှင့်။ ။ဗျာပါစိမ့်မည် ဆင့်ဘိသည်။

၃။ နစ်မြင့်ကြီးဟန်၊ပမာပြန်ပိမ့်၊ ဘုန်းဗွန်-ပ-ဝင်း၊ဇမ္ဗူမင်းလျှင်၊ ထွန်း
ဝင်းလျှံညီ၊ ဝိမုတ္တိကို၊ မသိသည်ဖြစ်၊ ဆယ်နှစ်မက၊ ငံ့လင့်မှလျှင်၊ဖူးရယှဉ်စုံ၊
ဘုန်းချင်းဆုံအံ့၊ ထုံးပုံထိုဟန်၊ နှိုင်းသင့်ရန်သား၊ ငါးကြန်စုံအင်၊ မိသခင်မူ၊
မဆင်တန်ဆာ၊ အတိုင်းသာနှင့်။ ။ဖျာဖျာငြိမ့်ကြည် သင့်ဘိသည်။

---

## ၁၁၄-နဝဒေးကြီးသဝေမပါရေးသော ရတုသုံးပိုဒ်ကို လိုက်၍ ဦးပဲ့ယင်းမြို့နေ မောင်ပုဆို သဝေမပါရတုသုံးပိုဒ်

၁။ ထစ်ဆင့်မြူးသည်၊ သိကြားစည်လည်း၊ ခါလည်ချမ်းသင့်၊ မြည်တွန်ရင့်၍၊ နှစ်နှင့်နှစ်ကြူး၊ ရာသီဦးဝယ်၊ တန်ခူးဟုတွင်၊ လသဘင်နိုက်၊ နတ်ရှင်မာဃ၊ မိုယ်းသဝလျှင်၊ ဆွတ်မြချမ်းကြည်၊လွမ်းစည်မည်ဟု၊ လျှပ်ခြည်ဝင်းဝါ၊ ကိုးမျက်နှာကို၊ ပမာနှိုင်ရှည့်၊ ခုနှစ်မည့်လျှင်၊ ပွင့်သည့်ပန်းတူ၊ မြင်ဘိမူကား၊ သည်းအူတိမ်းညွတ်၊ ဖြစ်တိုတတ်လျက်၊ ယွင်းချွတ်ပိုးဝါး၊ လန့်တကြားသည်။ ။နတ်များရှင်ကသည်တကား။

၂။ ချစ်တင့်ထူးလည်၊ ဆင်းနတ်ရည်ကား၊ မျိုးမည်အင်နှင့်၊ ပြစ်တင်လွတ်ကင်း၊ ကြည်သန့်ရှင်း၍၊ အဆင်းလှည်၊ ဂုဏ်ဝသီနှင့်၊ နှိုင်းပြိုမတူ၊ မြတ်သည့်သူကို၊ တရူမရှင်၊ လွမ်းစင်တွင်နိုက်၊ ထက်ခွင်တိမ်တိုက်၊ ကျုံးဆင့်ရိုက်သား၊ မိုက်မိုက်မည်းညို့၊ ပတ်ကုံးဆို့၍၊ သို့သည့်လျှပ်ဝါ၊ အဖြာဖြာနှင့်၊ ခြင်းရာမြည်တွန်၊ စည်ညွှင်းသံတိ၊ အဖန်အများ၊ ဆံ့ဆင့်ပွါးသည်။ ။သိကြားမြင်ပသည်တကား။

၃။ နှစ်ခြင့် ကြူးရှည်၊ သုံးခါလည်၍၊ တွင်မည်ကြဟူ၊ ကြာနတ်သူကို၊ ဇမ္ဗူသခင်၊ ကြိုးကလျှင်လည်း၊ နှိုင်းအင်ထိုတူ။ ပမာဟူ၍၊ အိမ်သူယွယ်မိ၊ နလုံးယိုက၊ ကြိုက်ပိသည့်ထက်၊ ဆယ်ဆတက်၍၊ အသက်စုပုံ၊ နှင်းပါတုံလည်း၊ လုံခြုံမှုမိမည်၊ စိတ်မကြည်ခဲ့၊စံရည်ပြတ်ထို့၊ ပြင်ဆို့ဆို့ကို၊နှစ်တို့အင်ရှည့်၊ နှိုင်းတန်းညှော်ဟု၊ ကြိုးသည့်ဖြစ်ကို၊ ကြွင်းမဲ့ဆိုလည်း၊ ဝင်းညိုစိမ်းပြာ၊ မမြွက်ပါခဲ့၊ ဗျာပါဆင့်ပွား၊ ဖန်ဖန်များသည်။ ။စကားငင်စရှည်တကား။

---

## ၁၁၅-ဘိုးတော်မင်းတရားကြီးလက်ထက် အယူတော်မင်္ဂလာဆို အချီတူအချတူရတုပိုဒ်စုံ

၁။ ရှူးမှတတ်သည်၊ လှည့်ပတ်သွားလား၊ ရွှင်ပျော်ပါး၍၊ တရားမမ္မ၊ သံဃ-စသည်၊ နေ့ညမချွတ်၊ မိဗ္ဗာန်ရွတ်လျက်၊ ဝဋ်သံသာမှ၊ လွတ်ချင်လှ၍၊ ဒသအညီ၊ ပါရမီကို၊ အာသီတောင့်တ၊ ဖြည့်ဝမ့်မှလျှင်၊ ခေမနိဗ္ဗာန်၊ ရောက်မည်မှန်ဟု၊ ဖြောင့်ပြန်ဖြောင့်ပြီး၊ ခရီးရှေ့နောက်၊ တောင်မြောက်ပတ်လည်၊ နေတည်မကျ၊ ကြိုးလုလှသည်။ ။ရှူးမှတတ်တော့သည်ဘုရား။

၂။ ထူးမှမြတ်သည်၊ ပညတ်စဉ်လာ၊ သင်အပ်စွာသား၊ အဌာရသ၊ သေနင်္ဂနှင့်၊ ရာဇနီတိ၊ အစယှိသည်၊ ကပိလက္ခဏာ၊ အဖြာဖြာကို၊ ဆံလျှာခြမ်းမျှ၊ မကြွင်းရအောင်၊ သိပွခေါင်အား၊ တတ်မြောက်မြားမှ၊ ယောက်ျားတကာ၊ ဓမ္မတာကို၊ ပညာမိုမောက်၊ တစ်ခေါ်လောက်သား၊ ပြိုင်ထောက်မတူ၊ တမ်းခွန်ထူသို့၊ ဇမ္ဗူမြေပေါ်၊ ပတ်လွှမ်ကျော်လိမ့်၊ ပြိုင်ပေါ်မရ၊ ပဏ္ဍိတသည်။ ။ထူးမှမြတ်တော့သည်ဘုရား။

၃။ ကူးမှခတ်သည်၊ ရဟတ်စကြာ၊ ဖောင်ယဉ်သာသို့၊ သုံးရွာဘုံသူ၊ နတ်နှင့်လူကို၊ မည်သူမကျန်၊ ဘုံသုံးတန်တွင်၊ ဖန်တလည်လည်၊ ယှိကြသည်ကို၊ ကြီစည်သတိ၊ တွေးယူမိ၍၊ မရှိပူလိုက်၊ ဆဲးစိတ်အိုက်နှင့်၊ စရိုက်ကျင့်သုံး၊ သူတော်ထုံးကို၊ နှလုံးဆောက်တည်၊ ရွှေကြိုးချည်သို့၊ သွေဖည်မယိမ်း၊ မတိမ်းစပါ၊ မင်္ဂလာဟု၊ မေတ္တာထပ်ရစ်၊ မြင်တိုင်းချစ်လျက်၊ ရပ်ယှစ်မျက်နှာ၊ လူတကာပင်၊ ကြည်ညာနှုန့်မျှ၊ ကျော်စောလှသည်။ ။ကူးမှခတ်တော့သည်ဘုရား။

---

## ၁၁၆-သျှင်မဟာရဋ္ဌသာရဆိုရွှေစက်တော်သွား တောလားရတု ၄-ပိုဒ်

၁။ မအောင်ဇေယျတု၊ ကျမ်းဂန်ရှု၍၊ ဂမုဓာတ်ရ၊ ဓာတ္တန္တဖြင့်၊ ဂမနသဒ္ဒါ၊ ကြောင်းခြင်းရာကို၊ လက်ာကုံးသီ၊ လမ်းစဉ်စီအံ့၊ ရောင်ညီလေးဦး၊ ဖြစ်ခဲ့ဘူးတွင်၊ တောင်ကူးလကျ၊ ဒက္ခိဏာဟု၊ ဒီပါကျွန်းမြတ်၊ မိုးနတ်ဇုန္ဒ၊ မြောက်မှာကျွန်းသူ၊ မတူကြငြား၊ ဘုရားမြတ်စွာ၊ စကြာဘိုးရ၊ သည်ကဖြစ်စေ၊ သန္ဓေတည်ကြည်၊ ကောင်းညွှန့်စည်သား၊ နတ်ပြည်နိဗ္ဗာန်၊ ကူးဆိပ်မှန်တွင်၊ ဘုန်းသန့်သကျ၊ မုနိန္ဒလျှင်၊ ရှင်ပြကြည်ဖြူ၊ ဟောတော်မူသည်၊ လေးဆူကျွန်းမြတ်၊ ဘုန်းထွဋ်သိရိ၊ တမ္ဗဒီထက်၊ ကျော်သိထင်လျှား၊ ကျေးဇူးများ၏၊ နဂါးမူဆိုး၊ ရိုကျိုးတောင်းပန်၊ ပူဇော်ရန်ဟု၊ နမန္တာနား၊ ရာ-တပါးနှင့်၊ တောင်ဖျားကျောက်ထိပ်၊ နင်းနှိပ်ရာတော်၊ နှစ်ဖော်ရွှေစက်၊ ရောင်ပြိုးပြက်သည်။ ။ဗိုလ်မင်္ဂနိဗ္ဗာန်စူးစူးတည်း။

၂။ စူးစူးနိဗ္ဗာန်၊ ရောက်မည်မှန်၍၊ ကေန်တဆော၊ ယာယီကြောကို၊ သဘောဝိုက်ဝိုက်၊ လမ်းရိုးလိုက်သော်၊ တောင်ရိုက်ကမ်းဆင်း၊ ကုန်းကျင်းချောင်းမြောင်၊ မြောက်တောင်မိုင်းဝေ၊ သစ်ပင်တွေတွင်၊ ပင်ခြေကျင်းကျင်း၊ ပန်းအင်ကြင်းလည်း၊ ရွက်ချင်းခိုက်ထိ၊ စောင်းကြိုးညှိသို့၊ နှမိန့်မြော၊ လွမ်း

ဘွယ်မောစွ၊ တောတောင်ဝန်းကျင်၊ သို့ရာတွင်မူ၊ အကြင်တောင်သူ၊ လွမ်းစေ
ဟူသို့၊ လှို့ဆူထွေပြား၊ ငှက်အများလည်း၊ ပျားသို့ချိမ်း၊ ရင့်ရှုကြွေးလျက်၊
မောင်ထွေးတို့လော၊ မယ်တို့လောဟု၊ သဘောနှုတ်ဆက်၊ မေးနှင့်လျက်တည့်၊
လင်းဝက်တောလျှိုး၊ ဥချိုးငှက်ပြင်း၊ မြေဆင်းငှက်ခါး၊ သစ်ပင်ဖျားက၊ သိမ်း
ကျွားစွန်ရဲ၊ လင်းမြီးဆွဲလည်း၊ ကြဲးကြဲးစစ်စစ်၊ မြည်ကျစ်ထိုးစွပ်၊ မြေဝပ်
ဘီလုံး၊ ပြေးတုံးအနီး၊ တောင်သူဘီးလည်း၊ မြေကြီးနိမ့်မြင့်၊ ပျံအားတင့်၏၊
ဖော်နှင့်မကွာ၊ နှုတ်လျှာမလျော့၊ သံသော့သော့နှင့်၊ ဆော့သည့်နှုတ်သီး၊ မြိုင်
တောကျီးလည်း၊ သံကြီးအာအာ၊ ခါကတုတ်တုတ်၊ ရှဥ့်စုတ်စုတ်နှင့်၊ ဗုတ်က
အိမ့်အိမ့်၊ တဖိမ့်ဖိမ့်လျှင်၊ သိမ့်သိမ့်တောလုံး၊ သံပေါင်းရုံး၍၊ ပတ်ကုံးမြိုင်
နက်၊အုတ်ကျက်ကျက်သည်။　　။တောကြက်တွန်သံမြူးမြူးတည်း။

၃။ တောကြက်တွန်မြူး၊ ကျေးငှက်ကြူး၍၊ သံကျူးမြည်စည်၊ စက်ရိပ်
လည်၍၊ နေခြည်ဝင်မြောက်၊ ဆည်းရျာရောက်သော်၊ မျှောက်ကကြိုးခွေ၊
ဒေါင်းအိုးဝေနှင့်၊ သံချေကြွေးကျော်၊ ဖိုမခေါ်၍၊ တောက်ကျော်တွန်သွား၊
ငှက်နွှေးလည်း၊ တောဖျားမြိုင်အောက်၊ သေသောက်ကြူးငှက်၊ သေသောက်
လျက်တည့်၊ တောင်ထက်ကျူးမည်၊ ဝန်တင်သည်လည်း၊ ထိုးမည့်စောင်
စောင်၊ တောခေါင်ပျော်မွေ့၊ ဓလေ့ဖိုးခေါင်၊ ခေါ်ယောင်ဖန်များ၊ တောလုံး
ကြားအောင်၊ ကျားလရုတ်ရုတ်၊ သံကြွတ်ကြွတ်နှင့်၊ သစ်ကျုတ်ပြေးလွှား၊
ကြောင်ဘားပြေးခုန်၊ ဇွေ့ယုန်ပြေးသန်း၊ နွယ်တန်းကိုင်လျှောက်၊ သစ်တောက်
ငှက်တော်၊ သံကျော်ဇက်ရက်၊ မြီးဆက်ဖားဖား၊ ခွေးကျားခွေးရွှေ၊ ဝံပလွေ
နှင့်၊ ချေကလည်းဟောက်၊ တောက်သည်သမင်၊ ဆင်ကကျိုးကျည်၊ပျော်ဘွယ်
စည်သည်။　　။လေပြည်ပွံ့ပွံ့ပျူးပျူးတည်း။

၄။ ပွံ့ပျူးလေပြည်၊ အလွမ်းစည်လျက်၊ လမ်းစဉ်ဆက်သော်၊ ချိုးငှက်
လည်ပြောက်၊ ကျွမ်းဘော်ပျောက်သို့၊ နားထောက်ကွန့်မြူး၊ သံပြိုင်ကျူးလျက်၊
တဦးတိုင်က၊ တဦးချ၍၊ ဖိုမလင်းပြွာ၊ တွန်သံသာနှင့်၊ ဆပ်ပြာစမ်းတွင်၊ တွေ
ကြိမ်မြင်သော်၊ စုံလင်ဖိုမ၊ နိမိတ်ပြ၍၊ ဉာဏကာဝိ၊ ပဏ္ဍိတစစ်၊ငါတည်းဖြစ်မူ၊
အနှစ်သာရ၊ သုံးပုံမျှရှင့်၊ အစအလယ်၊ အဆုံးဝယ်နှိုက်၊ မိပ္ပါယ်ကျွမ်းသိ၊
မှတ်သားမိလျက်၊ ဇာတိလိုက်လျော်၊ ချိုးနှစ်ဘော်မူ၊ ရှင်ပျော်စမြဲ၊ လည်
ချင်းတွဲ၍၊ မကွဲးတူကွ၊ နေသည်ဆသော်၊ ကာမလုဘောင်၊ မယှောင်နိုင်
ရေချ၊ ညာကြေကျော်စော၊ သဘောစစ်စစ်၊ ရှင်၏ဖြစ်မှ၊ တဆစ်လုခွင်၊ ဝင်လ
ဦးမည်၊ ချစ်ကြည်မျိုးနွယ်၊ ဥစ္စာကြွယ်သည်၊ လုဝယ်လုကောင်း၊ အကြောင်း
ရုံးစည်း၊ ဖြစ်မည်တည်းဟု၊ စနည်းနိမိတ်၊ ချိုး၏ဟိတ်ကို၊ တိတ်တိတ်မှတ်ယူ၊

နှစ်လို့မူကား၊ မပူမဆာ၊ ရေသီတာသို့၊ မျက်နှာရွှင်လန်း၊ မပန်းမညှိုး၊ သာအားကြိုးလျက်၊ အကျိုးယှိမည်၊ မကြည့်စိတ်မှုန်း၊ တကုန်းဆင်းသက်၊ တကုန်းတက်၍၊ မြိုင်နက်မြိုင်ကြော၊ တတောထွက်ဝင်၊ တတောမြင်က၊ တပင်ရိပ်နား၊ တပင်သွား၍၊ တောဖျားမြိုင်နက်၊ လမ်းချက်စူးစမ်း၊ ရိပ်ဖမ်းဆွေးနွေး၊ ဘထွေးတယောက်၊ ရဲးစောင်မြောက်နှင့်၊ ချစ်ရောက်လည်သီး၊ ဦးရီးတတည်၊ ချစ်ကြည်မြတ်လေး၊ လုပ်ကျွေးမစ၊ ညွန်ပြလမ်းရိုး၊ တောင်နှယ်ကိုး၍၊ မိုးချုပ်ရီညာ၊ သွားကုန်ကြသည်။ ။စိတ်ကရောက်ချင်ရှူးရှူးတည်း။

---

## ၁၁၇-မင်းနဝဒေးကြီးဆို တောလားရတုသုံးပိုဒ်

၁။ ထူးတလည်လျှင်၊ သံကြည်ခေါ်နှုတ်၊ သစ်ကျုတ်ကရိုက်၊ ကျားကတိုက်၍၊ ပျော်ပိုက်မတည်၊ လွမ်းစိတ်သည်တွင်၊ နေခြည်ကပျောက်၊ ဆည်းဈာရောက်က၊ ငမြောက်ထွက်ထွက်၊ ငမြောက်ထွက်ဟု၊ သံမြွက်ထွေငေါ်၊ ကျားဟိန်းသော်ကား၊ ထိုရော်မြိုင်ခွင်၊ သမင်ကတောက်၊ ဒေါင်းကငေါက်၍၊ ဟောက်သည့်ချေငယ်၊ ဒရယ်က ပြူး၊ မြောက်က ဟူလျက်၊ စိုင်မူဆော်သည်၊ ဆတ်ကဟည်၍၊ ဆင်လည်းကျည်ကျည်၊ နတ်ညွှင်းသည်မူ၊ သံရှည်မတန့်၊ ထံတျန့်တေတျား၊ မကြားစဖူး၊ စိတ်ဝမ်းနူးမျှ၊ တထူးတလည်၊ တောက်ကမြည်လျက်၊ ချစ်ကြည်တိုလော၊ မယ်တို့လောဟု၊ သောသောကျူးရင့်၊ တောလိုးတင့်သည်။ ။လွမ်းခွင့်နောင်တွင်ဖျင်တကား။

၂။ သာနိုးပျော်ရွှင်၊ စုံတောခွင်နှိုက်၊ စီးဆင်ချွန်းမ၊ ပြောင်မှန်ဝထက်၊ ရှုတလွမ်းရိုက်၊ အောက်မေ့ကြိုက်ဝယ်၊ တိမ်တိုက်ကသည်၊ နတ်တို့စည်လည်း၊ ကျူးမြည်သံလေး၊ တခြေးခြေးတည့်၊ ဟိန်းလေးရင့်ခေါ်၊ ငှက်တို့သော်လည်း၊ သံငေါ်တသီး၊ သံကြီးတလွေ၊ သံချေညှင်းညှင်း၊ သံညင်းသံကျော်၊ တူစုံပျော်လျက်၊ မူးမော်စုံမက်၊ လည်ချင်းယှက်၍၊ ယူယက်သည်ပို့၊ လူကဲ့သို့ပင်၊ တချို့စွန့်လို၊ တချို့ကိုကား၊ ငုံကာထား၍၊ သနားဘွယ်မှု၊ တခုလည်တွင်၊ တခုတင်လျက်၊ စစ်ခွင်လမ်းကြိုက်၊ မြင်ဘိလိုက်သည်။ ။လူနှိုက်တူပင် ဆင်တကား။

၃။ တပြည်းပျံ့ပျံ့၊ တောလုံးနံ့၍၊ ရနံ့ကြိုင်ပေါက်၊ ကိုင်းခက်လျှောက်လျက်၊ မြောက်ကကိုင်ရှုတ်၊ ရှဉ့်ကတုတ်၍၊ လေသုတ်ဖြည်းညှင်း၊ အောက်ချင်းရှဉ်းရှဉ်း၊ ပစဉ်းကျာကျာ၊ ကျီးနက်အာက၊ သံသာဥသြ၊ ဆွေမယ်စောတို့၊ ကြက်တောသံလေး၊ မ-သံပေးလျက်၊ ခြေးခြေးမြည်နှုတ်၊ ဒီဒီတုတ်နှင့်၊ ဘုတ်ကအိမ့်

ဟူ၊ ချိုးကကူ၍၊ တရွှန်းမ်းပျောင်း၊ မလွမ်းထောင်းတည့်၊ ဝက်တောင်းစွယ်ထွက်၊ မြည်သံဇက်နှင့်၊ ကျူးလျက်သံသာ၊ မြိုင်ခန်းဝါဝယ်၊ ဟိန်းစာလားလေး၊ စာလားလေးဟု၊ ဟိန်လေးလွှင့်သည်၊ အမမြည်က၊ မတည်ဗျာပါ၊ နောင်တူသာလျှင်၊ သိတာသောင်ချမ်း၊ လေချိုဆမ်းသည်။ ။အလွမ်းပြည်ပြင် မြင်တကား။

## ၁၁၈-တွင်းသင်းမင်းကြီးမဟာစည်သူဆို တောလားရတုသုံးပိုဒ်

၁။ ထူးတထွေလျှင်၊ သံချေနတ်လစ်၊ ကျားသစ်ကရုတ်၊ သစ်ကျုတ်ကဒိန်း၊ ကျားကဟိန်း၍၊ ပျောင်းမိန်းမူးရိုက်၊ လွမ်းစဉ်ကြိုက်တွင်၊ ရီမိုက်ချမ်းရောက်၊ နေခြည်ပျောက်သော်၊ ငမျှောက်လွှားလွှား၊ ငမျှောက်လွှားဟု၊ ဆော်ကြားသံရှည်၊ ကျားဒိန်းမြည်က၊ မြိုင်စည်တောလယ်၊ ဒရယ်ခုန်မြောက်၊ ချေကဟောက်၍၊ တောက်သည့်သမင်၊ ပြောင်ဆင်ကအော်၊ စိုင်ကဆော်လျက်၊ တကျော်သောင်းသောင်း၊ ဥဒေါင်းကငေါင်၊ ကြောင်ကဝပ်မြည်၊ ဆင်ကျည်ကျည်နှင့်၊ ညွှင်းသည်သံတျန့်၊ ထတ္တလန့်တေတျာ၊ သံသာဆန်းထူး၊ မကြားဘူးမျှ၊ ဝမ်းနူးဘွယ်သည်၊ ရင့်မြည်အုဒ္ဒ၊ တောက်ကျော်ဂြိုက၊ ချစ်သူတို့လား၊ မယ်တို့လားဟု၊ သနားစရာ၊ တောလုံးသာသည်။ ။မောင့်မှာလွမ်းရွှေ့မှုံသကား။

၂။ သာနိုးတစုံ၊ တောရဂုံနိုက်၊ ကြေးမုံကွဲသို့၊ လဲ့လဲ့ညို့ကို၊ တ-သို့နိုက်တွင်၊ဘိမ်တိုက်ပြင်က၊ သံရှင်နတ်စည်၊ ထူးတလည်လျှင်၊ ကျူးမြည်သံသာ၊အချာချာတည့်၊ဟေလာရင့်မြည်၊ ငှက်တို့သည်လည်း၊သံရှည်တသွယ်၊ သံရွယ်တသီး၊သံကြီးတထွေ၊ညွှင်းညွှင်းချေ၍၊မကွေဖော်စုံ၊ ပျော်ကြတုံလျက်၊ ပွင့်ငုံပို့သယ်၊ လူတို့နှယ်လျှင်၊ ကျီစယ်နှစ်လို့၊ ချစ်ရည်ဖို့မှု၊ တချို့ကပေး၊ တချို့ရွေး၍၊ နွေးကာပုံ၍၊ တူစုံရှင်မှု၊ တခုလည်ဝယ်၊ တခုလွယ်လျက်၊ ရှုဘွယ်လူလို၊ သို့သို့ကိုလျှင်၊ မြိုင်ညိုလမ်းပါး၊ မြင်မိသွားသော်၊ ထပ်ပွားဗျာပါ၊ ယှိအောင်ရှာသည်။ ။မောင့်မှာနွမ်းသွေ့ပို့သကား။

၃။ တပျံ့ဖြည်းဖြည်း၊ ရနံ့ချည်းလျှင်၊ နှင်းလည်းဖွှိုးမြောက်၊ တဖြောက်ဖြောက်နှင့်၊ ခက်လျှောက်ကိုင်းမ၊ ခုန်ပျံကြ၍၊ မျှောက်ကဂူဝုတ်၊ ရှဥ့်ကတုတ်၍၊ ဖြူးသုတ်လေပြည်၊ အောက်ချင်းသည်တို့၊ စည်ရှည်ပျဉ်းပျဉ်း၊ ပစဉ်းကျီးနက်၊ အာလဝက်က၊ ရွှေကြက်တောတို့၊ ဆွေညို့မယ်စောာ၊ မ-သံနှောလျက်၊ သောသောမြည်ညွှတ်၊ တီတီတွတ်နှင့်၊ ပြွတ်ကစိုးစိုး၊ ချိုးကရည်ကျော်၊ ဘုတ်

အိမ့်ခေါ်၍၊ ရှုမျှော်ပျောင်းနွမ်း၊ မလွမ်းစထောင်း၊ ဝက်တောင်း စွယ်ရှည်၊ ကျူးမြည်ခြားနား၊ စုံမြိုင်ဖြားဝယ်၊ ဟေလားဟာလေး၊ ဟိန်စာလေးဟု၊ ဟာလေးမြည်ကျူး၊ အမမြူးက၊ မထူးတည့်နိုင်၊ လေချမ်းဆိုင်၍၊ မိန့်မှိုင်ဝေဆာ၊ နောင်ချည်း သာသည်။ ။အောင့်ကာချမ်းအွေတို့သကား။

## ၁၁၉-မင်းစိန္တကျော်သူဆို တောလားရတုသုံးပိုဒ်

၁။ ထွေတလာလျှင်၊ ရန်ရှာကြမ်းကြုတ်၊ ထိုချုံပုတ်က၊ သစ်ကျုတ်ရှုတ်လိုက်၊ ကျားသစ်ထိုက်၍၊ တိုက်သည်ဒိန်းဒိန်း၊ ကျားကဟိန်းသော်၊ စက်ကျိန်းမသာ၊ လွန်ပူဆာခဲ့၊ နေ့ဝါရီမိုက်၊ ညဥ့်ခါဆိုက်လျှင်၊ ပတ်ဝိုက်မြိုင်ခွင်၊ သောသောဖြင်မျှ၊ သမင်ကတောက်၊ ချေကဟောက်၍၊ ဆင်ပေါက်ကအော်၊ မျောက်ကဆော်လျက်၊ စိုင်ကျော်ကဒူး၊ ကြို့ကကျူးမျှ၊ ဆတ်မူလည်းခုန်၊ ဒရယ်ယုန်တို့၊ ပြေးသုန်လှည့်ရစ်၊ ကျစ်ကျစ်ကရီ၊ ခြေညီတချောင်း၊ ငေါင်းကကျိုးကျည်၊ ဥဒေါင်းသည်လည်း၊ ငေါင်မြည်၍ငေါက်၊ မွေကြွက်ကြောက်သား၊ ပေါင်အောက်မြီးချပ်၊ ကြောင်ကဝပ်၍၊ တီးရှပ်လင်းကွင်း၊ နတ်စောင်းညှင်းသို၊ ဧချင်းသံလေး၊ တျာတျေးတုံတျော၊ ကြားတိုင်းမောမျှ၊ မြိုင်တောစုံချောင်၊ ရန်မြေအောင်ဟု၊ ဖိုးခေါင်တောက်ကျော်၊ ကျူးရင့်မြော်လျက်၊ ကြုင်ဘော်တို့လေ၊ မယ်တို့လေဟု၊ ချေချေခြေးခြေး၊ ချစ်သံပေးသည်။ ။လွမ်းရေးနောင်ဝယ်တွင်သကား။

၂။ ဟေမဝါလျှင်၊ မြိုင်သာတောထဲ၊ စစ်လမ်းခဲဝယ်၊ တပ်ထဲးတော်က၊ ညိုလဲ့ရွှကို၊ ရှုတ-လေလိမ့်၊ တန်းလွမ်းစိမ့်ဟု၊ သိမ့်သိမ့်သာဧး၊ မိုယ်းသံကြွေးခဲ့၊ ဟာလေးဟေလား၊ ပျော်ပါးရင့်ရှု၊ ငှက်တို့မူလည်း၊ အတူအတူ၊ ချိုးပြာကူလျက်၊ ဗျိုင်းဖြူပျံသန်း၊ ကျီးကန်းအိုးအာ၊ သာလိကာနှင့်၊ တမာကုလား၊ ဖောင်းကားကျေးနို၊ ကရိကြိုးကြိန်၊ မိန်နှင့်ဘီလူး၊ တောင်ခူးဘီညှပ်၊ တဖျပ်ဖျပ်တည့်၊ ငှက်စပ်ငှက်ကျား၊ ကြိုးကြားဖြူဖပ်၊ ပျားဖွပ်လိပ်ပြာ၊ ခေါက်ရှာခင်တိတ်၊ တောင်ဆိတ်သစ်မိုး၊ နှန္နင်းဆိုးနှင့်၊ တောရိုးမြီးသွယ်၊ ခါငယ်မြီးတုံး၊ ငုံးနှင့်ခင်ပုတ်၊ ကုတ်လုပ်ကွေးလေး၊ ရွှေပဲးထွေးတို့၊ သက်ပေးဝေနှင်း၊ တောင်ချင်းလည်ချင်း၊ မကင်းဖက်ယှက်၊ နွဲ့းကာစက်၍၊ စုံမက်ယုယ၊ အမခွံ့တုံ၊ ဗိုကငုံလို့၊ နှုတ်ဖြင့်တို့၏၊ သို့သို့လူလို၊ ချစ်ဖွယ်ကိုလျှင်၊ ထိုထိုလမ်းပါး၊ မြင်မိငြားသော်၊ သနားစဖွယ်၊ အော်သည့်နှယ်မှ၊ စံပါယ်ရ-ပဲး၊ မယ်နှင့်ကွဲးဟု၊ ဝမ်းထဲးရေးရေး၊ ပူ၍ဆွေးသည်။ ။သမ်းမြွေးမောင်နှယ် ထင်သကား။

၃။ ဖွေကရှာလျှင်၊ ရုပါလေလေ၊ မျက်ခြည်ဝေမျှ၊ ရွှေငွေမြနှယ်၊ ပင်တိုင်းချယ်ခဲ့၊ လှယ်ပယ်တောင်မြောက်၊ ကိုင်းငှက်လျှောက်လည်း၊ မျောက်လည်းခုန်တက်၊ ရှဉ့်နက်လည်းတုတ်၊ ဝက်လည်းရုတ်၍၊ လေသုတ်ဖြည့်သိပ်၊ သင်းလိပ်လျှပ်လျှပ်၊ သင်းခွေချပ်လည်း၊ ငှက်စပ်လှစ်ဖော်၊ နှောင့်ကိုခေါ်သည်၊ မယ်ခေါ်သည်လား၊ လူးယောင်မှားခဲ့၊ နားကလည်းအူ၊ ပစဉ်းမူလည်း၊ ရှုရှု ရှည်ရှည်၊ မြည်၍ ရင်ပွင့်၊ သေဘေးသင့်၏၊ ဖွတ်နှင့်ပဒတ်၊ ဝက်ကတ်တွင်းထူး၊ ဆိတ်ရှူးပြင်းထန်၊ မြွေလည်းတွန်လျက်၊ မြွေဘာငှက်လည်း၊ မြွေထက်ဖြည်လွှန်၊ စုံတသွန်ဝယ်၊ ဗုဇ္ဇံနှံဖြူလျော၊ ဝါမရောသား၊ ဉညြညိုစင်၊ ကျီးများရှင်ကို၊ နားဝင်စေသော၊ မကြက်တောက၊ သဘောမပြား၊ ချစ်သံဖြားဖြင့်၊ ဟောလားဟောလား၊ ဖြေလားသည်၊ ဝေသားဆိုကြ၊ မိုနှင့်မတို၊ နေကြ ရှင်ပျော်၊ ကျူးရင့်ကျော်က၊ မပျော်နိုင်ဘူး၊ နောင်းကိုထူးလျှင်၊ မိန်းမူးရေးရေး၊ လေချိုသွေးသည်။ ။ချမ်းဆေးဆောင်းနှယ်ပင်သကား။

---

## ၁၂၀–လှော်ကားသုံးထောင်မှူးဆို တောလား ရတုသုံးပိုဒ်

၁။ ကြူးဆတည့်လေ၊ သည်းခေါင်ဝေမျှ၊ ရေလည်းအလယ်၊ စင်ကြယ် သန္တရှင်း၊ ပုလဲခင်းသို့၊ ဖြူဝင်းဆွတ်ဆွတ်၊ မြင့်ကျွန်းထွတ်ဝယ်၊ တွတ်တွတ် ကျာကျာ၊ မြည်သံသာနှင့်၊ ဘာသာဆန်းပြား၊ စကားသံချို၊ လူနှယ်ဆိုလျက်၊ မယ်ညိုရေကြက်၊ ကရကွက်နှင့်၊ ဆက်ရက်ကျေးသူ၊ တောင်တောငှက၊ ဘယ်သူ မလာ၊ လွမ်းဆေးရှာ၍၊ ကျူးလှာသနှည်း၊ သည်းပျောင်းညှို့၊ ဆွတ်ပျံ့မတည်၊ မူးမော်လည်မျှ၊ ရွှေရည်ဦးသစ်၊ ဇမ္ဗူရစ်သို့၊ ပျိုမျစ်အယွယ်၊ လှမျိုးကြွယ်နှင့်၊ သွယ်ဝယ်ပျူငှါ၊ ကျွမ်းစသာကို၊ ရှုံးဥ္ခါခဲ့ရ၊ သံမြည်ဟသော်၊ မွေးဘဲမင်းချေ၊ မကြာစေနှင့်၊ ဝေဝေတန္တကူး၊ မကြူးမိခင်၊ ပြန်လလျှင်မူ၊ လှသွင်ငယ်ပေါင်း၊ သူကောင်းမှတ်ရန်၊ ချစ်သည်မှန်အံ့၊ ကေန်စင်စစ်၊ မှန်သည်ဖြစ်ကို၊ စိစစ်စီလျှဉ်၊ အောက်မေ့စဉ်ဝယ်၊ ရေယဉ်သည်းစွာ၊ နှစ်ဖြာဆိုလျက်၊ အလယ်ချက်ဝယ်၊ စုံဘက်အံ့ဘွယ်၊ နှောင်နှယ်လကောင်း၊ ဖော်မပေါင်းသည်။ ။ဥဒေါင်း တလည်းကျူးသတည်း။

၂။ မြူးလတည့်လေ၊ သကြိန်ရေနှင့်၊ ရေလည်းချိုသစ်၊ မြစ်ညှော်ရတု၊ မြူနုဝေဝေ၊ နေသည်အုံ့ပြ၊ ငါးကြင်းကြွသော်၊ ဖြူဆွရိပ်ရိပ်၊ ကမ်းထိပ်သာ မော၊ မြစ်လယ်ကျောဝယ်၊ သောသောကျေးငှက်၊ အုတ်ကျက် တည်

ထောင်၊ ရွှာအယောင်သို့၊ ယဉ်ဘောင်ရံ၍ရည်၊ ဖိတ်ဆီးဆည်ဝ၊ မြှိုးသာချ၍၊ ကျောကပိုက်ကြိုး၊ ဝိုက်ဆီးရင်တောင်၊ ရကွင်းထောင်နှင့်၊ တန်ဂလောင်လက် နား၊ ဆူးလည်းသား၍၊ ဆောင်းကားတန်တီ၊ တပသီနှင့်၊ ငင်ချီရကွင်း၊ ယင်း လည်းသီးတား၊ စန္ဒားရက်တဲ့၊ စလယ်ဖွဲ့စား၊ ကမ်းပါးစုဝင်၊ ကြိုးရင် စထောင်၊ ဆုတ်ရှောင်ရင်တွန်း၊ လက်မတန်းနှင့်၊ မီးထွန်းတင်ထိုး၊ လုပ် ရိုးတခြား၊ လက်နားဆောင်းလိုက်၊ တုန်းတိုက်ကြမ်းငင်၊ အမြင်ကွန်ပစ်၊ ကြွေးဟစ်ကြော်ညာ၊ ရေမှာအလို၊ မှုတ်စောင့်ဆို၍၊ တက်ကိုချီမြှောက်၊ ဒွင့်ရေးကောက်မှ၊ ရေပေါ်ကြဲဖျော်၊ စုန်ဆန်လှော်၍၊ မြှော်မြှော်တင့်တင့်၊ လှေနှင့်ရင့်သည်၊ မြစ်တွင့်စိုးမှူး၊ ခုန်တိုင်းဦးသို့၊ သံကျူးအဲးအဏ်၊ တတ် ပွန်စောင်းညှင်း၊ ညခင်းနံနက်၊ တက်သက်လူးလာ၊ စီးပွားရှာ၍၊ နေရှာ ခံလို့၊ ပြင်ရိပ်ခံ့ထက်၊ သဲးပုံခေတီ၊ အညီစုဝေး၊ လှူကြိုးပေးသို့၊ သုံးလေး ငါးရာ၊ အုတ်အာသရဲး၊ တပွဲးတပြင်၊ သည်သဘင်ကို၊ ကျွမ်းဝင်ငယ်ပေါင်း၊ သူကောင်းမင်းချေ၊ ပီလစေလော့၊ မင်းနေဌာန၊ ပြည်မရပ်သူ၊ လှမှန်ကူက၊ မှာသမျှကို၊ ဝမ်းက တွေးငေါ်၊ အောက်မေ့ သော်လည်း၊ ရွှေလှော် ရည် ကောင်း၊ မီးတွင်ပျောင်းသို့၊ ဘယောင်းနေထိ၊ မျည်းမျည်းအိမ့်၊ မျက်စိနှိုက် တွင်၊ ရေးရေးထင်လျက်၊ မရှင်ဖျာပါ၊ နေလှည့်ရာကို၊ အာကာတိမ်လုံး၊ မြရောင်ဖုံးလျက်၊ ချုံးလေသည်ကား၊ မြေးသားခေါ်ရုပ်၊ ခံလျှင်အုပ်သို့၊ ပတ် ချုပ်ဝန်းကျင်၊ မုန်တိုင်းဆင်သည်။ ။မင်းလွင်အလှည့်မြူးသတည်း။

၃။ ထူးတလည့်လေ၊ စုံတောချေနှိုက်၊ ရှာဖွေ ပတ်ညက်၊ တက်သက် ပျံနား၊ ဝတ်ပန်းစား၍၊ သနားစဖွယ်၊ ယူသူနှယ်လျှင်၊ စင်ကြယ်သင်း ချော၊ ဖြူမရောသည်၊ မည်းကြောရောင်နက်၊ ဖိတ်ဖိတ်လက်မျှ၊ ရိပ်စက် သာ မော၊ ရဂုံဘောဝယ်၊ ဥသြဖော်ကွာ၊ မ-ကိုရှာသော်၊ သည်မှာယှိုညှေ့၊ မထူး လှည့်လည်း၊ သူညှေ့ဘာသာ၊ အသံနာ၍၊ လူးလာတုံ့ဖယ်၊ သွယ်လှယ် ခေါက်တင်၊ ခုထင်ခုရောက်၊ ဖူးညှော့ကြည့်နှံ့ခက်၊ ဝတ်ယက်သောက်ယူ၊ အူ အူသောင်းသောင်း၊ ငှက်ပေါင်းမြူးကြ၊ နတ်လှသဘင်၊ မပြောင်း ခင်ကို၊ ကျွမ်းဝင်ငယ်ပေါင်း၊ သူကောင်းမင်းချေ၊ ပီလစေလော့၊ မပြေတန်းယောင်၊ ညဥ့်သန်းခေါင်ဝယ်၊ သွေးဆောင်လေညှင်း၊ ရွှေရင်သွင်း၍၊ လွမ်းတင်းတ ဆို၊ ချော့ရောင်ပျိုနှင့်၊ တကိုယ်ထည်းလျှင်၊ တူပင်မကွာ၊ စက်သောခါနိုက်၊ ခက်ဖြာညွှန့်ညောင်း၊ နှာမောင်းကူဆိုက်၊ မည်းမိုက်သာမော၊ ရဂုံတော ဝယ်၊ ဥသြဖော်ကွာ၊ မ-ကိုရှာသည်။ ။သည်မှာယှိုညှေ့ထူးသတည်း။

## ၁၂၁-မင်းသမန္တရာဇာဆို ရေလားရထု သုံးပိုဒ်

၁။ တူးတဆန်းလျှင်၊ ဘန်နန်းရထား၊ မြောက်သို့ပါး၍၊ လ-ကား တပေါင်း၊ ရွှက်ညောင်းဖူးချင်၊ နွေသစ်ယင်က၊ မင်းလွှင်ဒုံ့ပြ၊ သောကာလ ဝယ်၊ မြစ်မ ရဉ်ထန်၊ ရေကြောင်းဆန်၍၊ ကျွမ်းရန်ဖော်မယ့်၊ လာရခယ့် တော်၊ အုံ့ဘွယ့်အပ၊ ဖြူဆွသလဲး၊ ခဲးလကမ်းမြေ၊ ပြင်ထောင့်ကေ့နှိုက်၊ စုဝေ့ ပျော်တူ၊ ရေသူဇွယ်ရာ၊ တံငါ လုပ်ဖမ်း၊ ကြိုးပမ်း ၅ှာမှီး၊ အသီးသီးတည့်၊ ပိုက်ကြီးပိုက်ငယ်၊ နှစ်သွယ်ဝမ်းပူ၊ ကြီးငယ်ဟူသား၊ ပိုက်ဖြူဘူခင်း၊ ရကွင်း ဒိုင်းဝန်း၊ လက်မတန်းနှင့်၊ ရင်တွန်းလင်းဖက်၊ ယက်သဲ့ဇုတင်း၊ ကြီး ငယ်သွင်းမှ၊ ပိုက်ကွင်းနှလုံး၊ မြုံးလည်းနှစ်လီ၊ တပသိဇာ၊ သာရကာ ထက်၊ မှိန်းမက်ကွန်ကြီး၊ တသီးရင်ကွဲး၊ သောင်လဲးသောင်ယံ၊ ပိုက်အိတ်ခံ နှင့်၊ ထိုးစံတပိုက်၊ အစဉ်လိုက်၍၊ ခတ်ပိုက်တန်းခို၊ ဘိဟုဆိုသည်၊ ခြေတို လိပ်က၊ မကျန်ရတည့်၊ မြစ်စတသွန်၊ လုပ်မှုပွန်သည်။ ။အာလွန်ထူးဆန်း ကြယ်သကား။

၂။ ကြူးစခန်းလျှင်၊ မှတ်မှန်းလတာ၊ အဖြာဖြာတည့်၊ ရေမှာရေလိုက်၊ စဉ်စိုက်စွဲးလန်း၊ တံသုတ်ကျမ်းဟု၊ ကွန့်သန်းတတည်၊ လက်ညှိုး လည်က၊ စသည်ဆိုင်းတန်း၊ လက်သန်းစိုးဟု၊ လက်ညှိုးပြုလည်း၊ နည်းဟုတသွယ်၊ ပိုက်ကြမ်းငယ်ဟု၊ လူဝယ်လုပ်ဆောင်၊ ကွင်းထောင်ရေလည်၊ ဇာလည်ဇာ လောင်၊ မြှောပိုက်ထောင်၍၊ လုပ်ဆောင်ကြလစ်၊ ကော်ကဖြစ်တည့်၊ မှတ် ရစ်စေချင်၊ တုရင်ခြေထောင်၊ အိတ်ထောင့်ယောင်နှင့်၊ လုဘောင်နှံ့ပြား၊ ဘူး လွှားမြွားသွဲ၊ ပိုက်စာသဲ့က၊ ကွင်းမဲ့မထင်၊ ကြမ်းငင်တုန်ဟိုက်၊ အူလိုက် ပက်ထုတ်၊ စမ်းစုတ်ဖက်တင်၊ ထွေထွေဖြင်မျှ၊ မြစ်ခွင်ရော၊ ဆန်ခဲ့လာသော်၊ ပမာတို့လေ၊ ကြင်သည့်ဆွေဟု၊ ထွေထွေယူတမ်း၊ လွမ်းလည်းမချိ၊ မျှော်မိမိ သည်။ ။မျက်စိပင်ပန်းဘွယ်သကား။

၃။ ရှူးဘနန်းလျှင်၊ ကျင့်ဆန်းခဲးအင်၊ ရုပ်အသွင်ဖြင့်၊ သောင်ခွင်မော် စာ၊ လှေမှာမှောက်ပြန်၊ တွန်းလှန်အားကြိုး၊ တင်ထိုးလက်လွန်၊ တတ်ပွန် ဆေးခတ်၊ အတတ်တမျိုး၊ စန်းထိုးရန်တား၊ လုပ်ရိုးပြားသား၊ မြွားတမ်း မြွားသုတ်၊ ချက်ပြုတ်မနေ၊ စင်းလျှင်တေတည့်၊ ချလေဆူစည်း၊ ချင်လည်း ချင်ကော်၊ လုပ်ဖော်သတင်း၊ တိမ်ညင်းတုန့်ကိုင်း၊ ပလိုင်းစွဲးလေ၊ ငါးမြွေချို ချင်၊ စေင်စတ်လိုက်၊ နှိုးပြည့်ပိုက်၍၊ ရေနှိုက်နှံ့မျှ၊ တင-အမျိုး၊ ရှာစားကြိုး

လျက်၊ ရေရိုးနိုက်တွင်၊ သောသောဖြင်မျှ၊ လောင်လျှင်နှင့်ရ၊ လက်ချတထောက်၊ နိုင်ရေးကောက်၍၊ သံမြောက်ကြေညာ၊ ဟိန်ဇာဒေဟားလား။အချင်းများနှင့်၊ ပျော်ပါးဘွယ်တီ၊ သဲးဖြူနီဝယ်၊ ထပ်ယှိစုဝေး၊ လူကြီးပေးသို၊ ငှက်ကျေးဝဲးပုံ၊ မြည်သံသောင်းသောင်း၊ မြစ်ရေချောင်းနိုက်၊ ကြိုတောင်းကြိုရ၊ မြင်တို့စွဟု၊ တလည်းတခါ၊ မယ့်မှာညွှတ်တိမ်း၊ ခေါင်းသို့ယိမ်းသည်။ ။ကြော့စိမ်းမြနန်းသွပ်သကား။

---

## ၁၂၂-ထောင်သင်းမှူးဆို ရေလားရတုငါးပိုဒ်

၁။ မြစ်ရတုလျှင်၊ ပျော်မှုသာလွန်း၊ မာဃဆန်းက၊ ကိုင်းကျွန်းနုသစ်၊ ပုရစ်မထ၊ မပြလွန်းသေး၊ ရွှေရည်ပြေးက၊ စဲးကွေးသီတာ၊ သို့သောခါမူ၊ လဲးဝါပွင့်ရွှေ၊ ဝန်းသည့်လေနှင့်၊ ဆောင်းနွေရောယှက်၊ ပြန်ကဖက်တည့်၊ ကျေးငှက်တွန်ထူး၊ ဖော်ပြိုင်မြူးက၊ ငုံဖူးပင်တိုင်း၊ မြစ်ကိုင်းကမ်းနား၊ စုံတောဖျားဝယ်၊ နဂါးသစ်ဆင်၊ မြိုးမှင်အနန်း၊ လောင်းပန်းသဇင်၊ ဂမုန်းအင်ကို၊ သဇင်ချိန်သင့်၊ ပန်သူလင့်သို့၊ ပွင့်အုံပြိုင်တူ၊ ငုံသောဟူ၍၊ လူသို့သော်ကား၊ သနားဘွယ်ပေ၊ ကြာနှယ်ခွေလိမ့်၊ ဝေသည်နှစ်လို့၊ ငှက်တို့ဘာသာ၊ မင်္ဂလာဟု၊ ညီညာစုဝေး၊ ထိမ်းမြားပေးက၊ ဝဲးထွေးပွံ့လို၊ တုအုံ့ဆိုလျက်၊ ဝံဗိုကားဖောင်၊ ယင်ဘောင်ကားလှေ၊ လှော်သောထွေသို့၊ နှစ်ဆွေမကွာ၊ ဟင်္သာမျိုးရင်း၊ နောင်နောင်ချင်း၍၊ သောင်ဒင်းပတ်သည်၊ တင်ကျီးစည်နှင့်၊ နှုတ်မြည်တီးဆော်၊ ဇင်ယော်နှဲးသာ၊ ခရာမှုတ်ဟန်၊ တိရစ္ဆာန်တို့၊ သဏ္ဍာန်မတူ၊ မြည်ကူရင့်ကြွေး၊ တဒေးဒေးနှင့်၊ ဟီးလေးတူးခေါ်၊ ရေကြက်ဆော်၍၊ ရှင်ပျော်စဉ်၊ သူလျှင်သီသို့၊ မညီစတောင်း၊ လွေ့ကာဆောင်းနှင့်၊ ဥဒေါင်းလက်ဆစ်၊ ဟောစ်ဆော်နိုး၊ ပြည်စိုးသီချင်း၊ တည့်ညှင်းညှင်းတည့်၊ စောင်းညင်းပျော်ပွဲး၊ တသဲးသဲးဝယ်၊ ဝမ်းဘဲရယ်ယောင်၊ ငှက်ဖိုးခေါင်လျှင်၊ လူယောင်ရည်တူ၊ ကျူးလှကား၊ သည်းအူညွှတ်ပျောင်း၊ မလွမ်းတောင်းတည့်၊ ငှက်ပေါင်းဖြင်မျှ၊ ပျော်မြူးကြသည်၊ ။လလည်းလသစ် ဝယ်တကား။

၂။ နှစ်တခုလျှင်၊ ရတုဂိမ္ဟာန်၊ နေဗိမာန်ထက်၊ တောင်ပြန်လေရူး၊ ငါးကြင်းမြူးက၊ ငုံဖူးညောင်းရင့်၊ သစ်တင့်ပန်းသား၊ ပွင့်သည်များထက်၊ ရွှေသားနီမြန်း၊ ရဟန်းနှင့်ဆင်၊ မာတင်ပေါက်ကြီး၊ တည်တစီးနှင့်၊ ရှမ်းကြီးဦး

ထုပ်၊ တရုပ်မြင်းက၊ ကျေးသူဝနှင့်၊ ဇေဗ်တင်ဖုံး၊ လှော်ကားဦးသို့၊ တထူး
ထွေလာ၊ပန်းတကာတွင်၊နှိုင်ရားမတူ၊ ခိုင်မဉ္ဇူကို၊ ကြင်သူမကိုး၊ မယုံးသည်
နှင့်၊ ဆင်မတင့်တည့်၊ နတ်ရှင့်ရင်နှစ်၊ တံခြားဖြစ်၍၊ ခွေရစ်ရွက်ပြ၊ ဆွေသက်
မျှနှင့်၊ နွဲးကြရွှေယဉ်၊ ပျော်စင်တွင်နှိုက်၊ မြစ်ခွင်ရဲးကျော်၊ ဆန်ခဲ့သော်လျှင်၊
ရှင်ပျော်စတုံ၊ ဆွေစုံကျော်ကာ၊ဆွဲငါးဝါနှင့်၊ ကလျာနိကာယ်၊ တဆယ်မက၊
ကြံတွက်ဆသည်။ ။လလှည်းလှချစ်ယွယ်တကား။

၃။ သစ်မပြုချင်၊ ဆံကေရှင်လည်း၊ မတင်ဆိမ္မွေး၊ ခုနှယ်မြေးခဲ့၊ လွမ်း
ရေးပြင်ပြင်၊ မြစ်ခွင်တလျောက်၊ လဲးပေါက်ပွင့်ရှိမ်း၊ ညိုညိုစိမ်း၍၊ ပင်ယိမ်း
ဖားဖား၊ ပွင့်ခက်များဝယ်၊ မြသားရည်ရော်၊ ရွှေလှော်နှိုင်းတူ၊ ဦးရရှုလျှင်၊
သောက်ယူဝတ်ရက်၊ ပုန်းညက်ကန့်ကော်၊ ရွှေလှော်စကား၊ ချယားဂမုန်း၊
ကြက်ရုန်းပျဉ်းဖြူ၊ မဉ္ဇူအနန်း၊ ခပ်သိမ်းပန်းတို့၊ ငုံ့လန်းမလွန်၊ ပန်အုံ့သ
သူ၊ လင့်သောဟူ၏၊ လုတ္တိနှိုက်ဝယ်၊ သနားဘွယ်တည့်၊ ဆွေးသွယ်ကြာတင်၊
မျိုးအိမ်ရှင်နှင့်၊ ရွှေရင်ကြူးလွန်၊ ဖြစ်သောဟန်ကို၊ လျောက်ပြန်ခယ၊ ဆန်ခဲ့ရ
သည်။ ။စလည်းစချစ်ဖွယ်တကား။

၄။ မြစ်တခုစင်၊ စွန်းမထင်တည့်၊ ရွှေစင်ရည်ပျောင်း၊ သွန်းဆင့်လောင်း
သို့၊ ဟန်ကောင်းနွဲ့လျ၊ ဆွေသက်မျှနှင့်၊ နွဲးကြရွှေရင်၊ ပျော်စည်တွင်နှိုက်၊
မြစ်ခွင်ရော၊ ဆန်ခဲ့လှာသော်၊ဗျာပါထပ်မွန်၊ အလွှမ်းဖွန်လှိုက်၊တစဉ်ကြိုက်ဝယ်၊
ဝဲးရိုက်ဝဲးသွင်း၊ မြစ်တွင်းကွေ့ချောင်၊ စဲးသောင်ပြင်ထွန်း၊ သဲးဖြင်ကျွန်း
ထက်၊ ရှင်လန်းများစွာ၊ မြူးကြရာဝယ်၊ စကားစည်းစုတ်၊ ကျီးလက်ခုတ်နှင့်၊
စည်ပုတ်ပဲးပြာ၊ ဆက်ရက်မှာလည်း၊ မြည်သာသံညွှင်း၊ တီးလက်ကွင်းနှင့်၊
ညွှင်းကားငှက်တော်၊ လှေလှော်ယင်ဘောင်၊ ဖောင်ကားဝံဗို၊ ဝံလိုအဲးထူး၊
နွဲးကျူးညသြ၊ ရွှေဖော်နှော၍၊ တယောထိုးဟန်၊ တိရစ္ဆာန်တို့၊ သဏ္ဍာန်ရင့်
ညောင်း၊ ဥဒေါင်းဗိုမ၊ က-သည်မောင်နှံ၊ ငှက်ပေါင်းသံကို၊ တရံဆွတ်မျှ၊
ကြားလကလျှင်၊ ဝတ်စတော်နှင့်၊ လွမ်းခွင့်ပြေသာ၊ ချစ်ခြင်းရာကို၊ ညိုပြာ
အတူ၊ ဖြူပြာတမျှ၊ နတ်နှယ်လှသည်။ ။မြလည်းမြနှစ်သွယ်တကား။

၅။ လှစ်စနုလျှင်၊ ရတုဂိမ္ဘာန်၊ တောင်လေပြန်က၊ ပြင်းထန်ရေရှူး၊မြူးတုံ
ငါးကြင်း၊ သစ်ခပင်းတို့၊ ငုံကင်းရှုံးစု၊ ဖူးနုခက်ဖြာ၊ ပန်းတကာတွင်၊ ရွှေသာ
နှိုင်းပြီး၊ တသီးတရုပ်၊ ဦးထုပ်ပတ္တမြား၊ မြကားချပ်သွယ်၊ သန္တာချယ်၍၊
ဆန်းကြယ်စာကြူး၊ ဖန်တင့်ထူးသည်၊ မဖူးနှိုင်းပြိုင်၊ မဉ္ဇူခိုင်ကို၊ လက်ကိုင်
စုရုံး၊ ချစ်စထုံး၍၊ ကုံးသီလက်နှင့်၊ ဆင်တိုင်းတင့်၏၊ နတ်ရှင့်သည်းကြား၊
ခြားမခြားတည့်၊ စုလျားဖွဲ့ရစ်၊ ခွေစသစ်နှင့်၊ ရွှေခေတ္တမည်၊ ဖမင်းပြည်သို့၊

ကြေးစည်ညွှင်းစောင်း၊ ပဲ့ပေါင်းကွန်းစင်၊ လောင်းနီလျှင်လျှင်၊ မြစ်ခွင်ရော၊ ဆန်ခဲ့လှာသော်၊ လက္ခဏာမချို့၊ မမို့မရှိုက်၊ လိုက်လိုက်မေးပါး၊ လှတ္တွား နှာရောင်၊ မျက်တောင်ကော့ဖြူး၊ နဖူးထိပ်ကျယ်၊ မငယ်နားခွက်၊ မွေ့သက် ရေသား၊ မွတ်မွတ်ထွားကို၊ နှိုင်းရှားလုရှ္ဘာ၊ မရသာတည့်၊ ကလျာနိကာယ်၊ တဆယ်မက၊ ကြီတွက်ဆသည်။ ။မျှလည်းမျှနှစ်ရှယ်တကား။

---

## ၁၂၃-သျှင်ဥတ္တမကျော်ဆို ဆယ့်နှစ်ရာသီ
## တော်လားရတု ကိုးပိုဒ်

၁။ စက်ဆယ့်နှစ်လီ၊ ဌါဒသီဝယ်၊ သုံးလီဥတု၊ လက်ဝယ်လုသား၊ ရတုသာစွ၊ လမင်္ဂလာလျှင်၊ သဘင်ဂိမ္ဟာန်၊ တာသကြိန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍၊ ဥဿုဂ္ဂနတ်၊ ဖာလ်ရဟတ်လည်း၊ သဟာသရောင်၊ ခြည်တထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းထိန်၊ အာဏာနှိမ်လျက်၊ ပြင်းရှိန်အန္တ၊ ကုန်စွမ်းပြသော်၊ လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဇုန္ဒနိဝယ်၊ သိင်္ဂီတဝက်၊ ဖက်၍ဆေးစုံ၊ ချယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား၊ သီးကင်းနစ၊ တချို့ကမူ၊ ဩဇရသာ၊ နတ်သုဒ္ဓါသို့၊ ချိုစွာတင့်မော၊ ငှက်ပျောသခွါး၊ သဖန်းခါးနှင့်၊ သျှစ်သျှားသမ္ဘာရ၊ ဩဇာသရက်၊ ဖက်သက်တရော်၊ မြတ်ရှင်တော်ကို၊ ဖူးမြော်တို့ငှါ၊ သီးကြရှာ၏၊ မဟာလှေကား၊ ဆတ်သွားရင်ခတ်၊ ခိုင်ညွှတ်ကမ္ဘကော်၊ ထိုထိုသော်လည်း၊ တော်သကြိန်ဝင်၊ သည်သဘင်နှိုက်၊ ညွှန့်ရှင်လုလု၊ ဂုဏ်တင်ပြုလျက်၊ မာန်ပုံဖက်၍၊ မင်းထက်မင်းဖျား၊တို့ဘုရားကို၊ ညွှတ်တွားသဒ္ဓါ၊ အာကာသမာတ်၊ ကောင်းကင်လတ်က၊ ဇောတိရသ်ချယ်၊ နတ်ဘုန်းကြွယ်တို့၊ ပြိုင်ဆွယ်ကာက၊ ကက္ကဋ္ဌနှင့်၊ ဟယ်တာရာ၊ ရုံဝန်းကာ၍၊ ညီညာစုံ၊ ကွန့်မြူးစံ၏၊ တိမ်ပျံတိမ်စု၊ တဂုဏ်ပြုလျက်၊ ကျေးဥအရောင်၊ မိလ္လာဘောင်ဝယ်၊ တိမ်တောင်စက်သွား၊ တိမ်ရထားနှင့်၊ ကိုးပါးနဝရတ်၊ တိမ်ပြာသာဒ်လည်း၊ လူထွင့်ပရမေ၊သုံးလုဆွေကို၊ ညွှတ်ခွေဦးတင်၊ ရှိပန်ဆင်ခဲ့၊ တောင်ခွင်တောင်စုံ၊ ပျော်ကြောင်းလုသည်၊ တောင်သုမလွေ့၊ ရာမီးကြွေ့သား၊ မျိုးစေ့မြေနှံ၊ ဒေဝမာန်လည်း၊ ညံတဗြိမ့်ဗြိမ့်၊ ဘဝင်ငြိမ့်မျှ၊ သိမ့်သိမ့်ရိုက်ကျော်၊ ဗုဒ္ဓန်ဆော်၍၊ ခါတော်သဘင်၊စောချစ်သျှင်ကို၊ ညွှန့်ရှင်ခက်သွယ်၊ တောနိကာယ်တုံ၊အို့ဘွယ်သူရဲ၊ ကဲးကြဆင့်ဆင့်၊ပင်မြင့်ပင်လတ်၊ ပင်ပြတ်ပင်စောက်၊ ဖူးညှောက်ကိုက်နု၊ စည်းဝေးပြု၍၊ သီးမှုသန္ဓေ၊ သုံးလုဆွေကို၊ မိုးသေလှစွာ၊ လုပမာသို့၊ ကမ္ဘာလိုလိုက်၊ စရိုက်အားကိုး၊ ညွှန့်ညွှန့်ဖြိုးသည်။ ။သီးမျိုးခိုင်မြှာလ ပြွတ်တည်း။

၂။ စကြဝဠာ၊ အာဏာဇာတိ၊ ခေတ်ဝိသယ၊ ကြောင်းမမျှသည့်၊ အနန္တ ဂုဏ်၊ သဗ္ဗညုံကား၊ ဘုံဘဝဂ်ဖျား၊ ဂုဏ်တော်အားလည်း၊ ပျံ့ရှားကြိုင်သင်း၊ ထိန်ထိန်လင်းသည်၊ ထုတ်ချင်းခတ်လျှို၊ စေဘုန်းမိုအား၊ ဗဟိုရ်မဖျော၊ ပိမိ ချေ၍၊ ဖာလ်ရွှေရဝိန်၊ လယ်လမ်းနှိမ်သော်၊ နာဂိန္ဒရာ၊ ဗျိုင်းတာရာနှင့်၊ မဟာကဏ္ဍ၊ ရွှေကာကတို့၊ သည်လသကြိန်၊ ချိန်ဝသန်ကို၊ အားသွန်မလို၊ တန်းခိုးသို့ခဲ့၊ တိမ်ညှိမိလ္လာ၊ တိမ်စုကာနှင့်၊ တိမ်ပြာရောယှက်၊ မရမ်းဖက်၍၊ တိမ်သက်တိမ်ရောင်၊ အဝါဘောင်ဝယ်၊ မှောင့်ခဲ့တခါ၊ ပြာခဲ့တချို့၊ ညို့ခဲ့တလီ၊ ရိခဲ့တပုံ၊ မှုံခဲ့တချက်၊ ယုဂန်ထက်က၊ ခလေးဘက်လုံးခြုံ၊ တိမ်ဂဠုန်လည်း၊ နဂါးရုံကြွေ့၊ ရန်ချင်းတွေ့သော်၊ ခိုးငွေ့သွတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့၊ မဏ္ဍိုင်မူလ၊ ပြိဿတွင်ရာ၊ ဝိသာခါနှင့်၊ စကားဝါထုံ၊ ရနံ့လှုံသည်၊ မခုန့်လက်ဖျား၊ စံပယ်နားလျက်၊ ပျံ့ရှားကြိုင်၊ ပုန်းညက်ခိုင်လည်း၊ နံ့ကြိုင်ကကြင်၊ ထုံရည်ဆွတ်၍၊ နက္ခတ်အာသဠ်၊ တပတ်ကျန်သော်၊ လမ္ဘာရာမွှန်၊ ဗုဇွန် ကျာကျာ၊ ဒိဗ္ဗိမာနှင့်၊ မဟာဝိဇယ၊ သံစုံခ၍၊ မြူးကြပဇ္ဇုန်၊ တောင်အသုန် လည်း၊ လွမ်းခြုံသင်ဒိုင်း၊ တိမ်အလှိုင်းဖြင့်၊ တိုင်းအမ္ဗုန်ဆီ၊ မိုယ်းမေဃိတို့၊ မေဒနီကျင်း၊ ဗျူဟာခင်း၍၊ နတ်မင်းဝလာ၊ ဒေဝရာမူ၊ ဇွေရွာကြူးခေါက်၊ ရေရှူးမောက်၍၊ ထုံးပေါက်အင်းအိုင်၊ ဂနိုင်စိမ့်စမ်း၊ တင်းကျမ်းသုန်သုန်၊ ယမုန်ဂင်္ဂါ၊ ရွှေညီလာနှင့်၊ သီတာသဘင်၊ ရှုအင်မခန်း၊ မကာရ်းလိပ်ငါး၊ ပျော်ပါးစံပ၊ ရွှေမြတသင်း၊ တွင်းရွှေဂူဟာ၊ လိုဏ်နန်းသာက၊ ကဏ္ဍဂှာမွှန်၊ ရွှေဗုဇွန်လည်း၊ အားသွန်ညွှတ်ခ၊ သုံးလုဘကို၊ ဖူးကြသောဟန်၊ ရေနန်းစံခဲ့၊ ဝသန်ကာလ၊ ရာသီစဝယ်၊ ထွန်ချမင်္ဂလာ၊ တောင်သူမှာမူ၊ ဘာသာမလေ့၊ ပျော်မွေ့စိုက်ပျိုး၊ ကောက်ပဲမျိုးကို၊ အားကိုးလုလ္လ၊ ဂုဏ်စွမ်းပြလျက်၊ မြေကထန်းညှာ၊ သည်ချိန်ခါဝယ်၊ အာဋ္ဌာနာဌ၊ ကုဝေရနှင့်၊ ယက္ခတွင်ဘိ၊ မဟိဒ္ဓိတာနော၊ ဂုမ္ဘောဂန္ဓဗ္ဗ၊ ဒေဝယက္ခာ၊ ဟေမာစိုးမှူး၊ နတ်ဘီလူးတို့၊ သုံးဦးပရမေ၊ ဂုဏ်မြုတေကို၊ ဖူးလေတုံမြော်က်၊ လက်ပန်းပေါက်ဖြင့်၊ ဝမ်း မြောက်ဝမ်းသာ၊ စေတနာနှင့်၊ ရယ်ကာရွှင်မြူး၊ ညွှတ်ကြည်နူးသည်။ ဘီလူးသွားကိုလ ဖြိုးတည်း။

၃။ ဝသန်ဟေမ၊ ဂိမ္ဘအပြင်၊ ဥဒါဒသင်ဝယ်၊ နဝင်္ဂကိုး၊ ဂုဏ်တော်ဖြိုး သည်၊ တန်းခိုးဘုန်းခြောက်၊ လျှံတောက်ရောင်ခြည်၊ ဘဝဂ်လည်၍၊ ခြောက် မည်ညာဏ၊ သမ္ဗုဒ္ဓမ်ာ၊ သုံးစမမြင်၊ ကျေးဇူးရှင်ကို၊ ကြည်လင်ရစ်ပိုင်း၊ ရှိဝင်းလှိုင်းလျက်၊ ရွှေသိုင်းဝင့်ချီ၊ မိုယ်းရင့်သီသော်၊ မတီကေတု၊ တိုင်း ဇေယျုက၊ သမုတိမှန်၊ ကောသာန္နံသည်၊ ရွှေလျှံသဇင်၊ ဂမုန်းအင်လည်း၊

ဦးကင်မြင့်ဘောင်၊ ရနံ့လှောင်ခဲ့၊ သီခေါင်မြင့်စွာ၊ ပွေအာကာဝယ်၊ ငွေတာရာ၊ ကဏ္ဍဂုဏ်နှင့်၊ ဖုသျှနန်းယဉ်၊ စန်းနှင့်ယှဉ်၍၊ ကဠနာဖန်၊ သူရကန်မှု၊ စံဗာဟိရ္စွန်း၊ ရွှေရွှေယွန်းခဲ့၊ ဆန်းရာသီစ၊ မကာရနိုက်၊ လောက ချစ်သျှင်၊ ဖြန့်မြန်းရှင်လည်း၊ မင်ဇာနွှာပေါက်၊ တိမ်တလှောက်မှာ၊ ကျိုးခေါက်ဆန်းကြယ်၊ မကာရ်းန္တယ်နှင့်၊ ဘယ်ရာ ထိန်ချန်၊ မဆန် ရွှံကြောက်၊ အထုံလှောက်၍၊ ငုံပေါက်ယဲးလှိုင်၊ လေဆိုင်ညှာညွန့်၊ စံကွန့်ဖွယ်နည်း၊ ငြိမ့်ငြိမ့်ဖြည်းချက်၊ ရေကြည်းမျှညီ၊ ယဉ်ဘောင်စီသည်၊ သသီရစက်၊ လမျှားထက်နိုက်၊ နေစက်ဗိမာန်၊ တိမ်ယဉ်ပျံ့ဝယ်၊ ထိမ်လှုံခြည်ပြောက်၊ ဆဒ္ဒန်ပေါက်မှု၊ ရောင်ခြောက်မဖြုံ၊ စွယ်ဖျားနှံ့လျက်၊ ကို့ကြွင်းသိဟ်နဝင်းအိမ်မှာ၊ ရွှေချိန်တာရာ၊ သံကောက်ပါနှင့်၊ ရိကာအနုံ၊ စန်းနိတုံလည်း၊ ဘုံဝေရမ္ဘ၊ ယုဂန်ဝကာ၊ ပပထွန်းလျှံ၊ တည့်မွှန်းစံသော်၊ ရေလှုံသမုဒ်၊ ပုဏ္ဏန်တုတ်လည်း၊ လှိုင်းပုတ်မခံ၊ ကျောက်နန်းစံခဲ့၊ မတံယဉ်ဘုန်း၊ အင်ဂမုန်းနှင့်၊ နန်းသုံးသဇင်၊ ကြိုင်သင်းရှင်၍၊ မင်းလွင်လိုလို၊ စံတခိုဝယ်၊ လေချိုသွန်းလု၊ လွမ်းရတုနှင့်၊ရွက်နုမငြိမ်၊ မြေနှင့်ချိန်လျက်၊စိန့်မြိုင်ရဂုံ၊ ကြိုင်လှိုင်ထုံသည်၊ အမုံချစ်ရပ်၊ ငုံဖူးကပ်၍၊ လှည့်ပတ်လက်တံ၊ လောင်ပန်းကျန်မှု၊ လွမ်းဟန်တင့်ဆို၊ ပြာရိခြိုလျက်၊ မှိုင်းမှုံဆင့်လာ၊ ခဲးမုတ္တာနှင့်၊ ချိန်ရာသီခွင်၊ မိန်သဘင်မှာ၊ ငွေစင်ရထား၊ ယန္တရားလည်း၊ အသွားတူညီ၊ ဖဂ္ဂုနီလည်း၊ ယှဉ်မှီတွဲးခါ၊ မျိုင်းတာရာနှင့်၊ မြိုင်မှာမြိုင်လျှောက်၊ ရွှေပိတောက်လည်း၊ ဖူးညှောက်ပွင့်ချိန်၊ သီတာသိန်ဝယ်၊ သောင်တိမ်ငွေစု၊ သဲးမွေနုဖြင့်၊ ဝတ်စုညွန့်ချီ၊ သရဖီမှု၊ ကြိုင်ဆီလှိုင်သတ်၊ ရေဖက်ဆွတ်နှင့်၊ ချွဲချွတ်ဆောစွာ၊ သည်ချိန် ခါကို၊ သောတာပန်မည်၊ မဟာထေရ်တို့၊ မကြည်နိုင်အောင်၊ ခိုးမြူမှောင်ခဲ့၊ ဘုန်းခေါင်ပရမေ၊ သိုးလုဆွေလျှင်၊ ဒေသစာရီ၊ ပြည်ကပ္ပိသို့၊ ကြွချီအာသန်၊ချိန်ခါတန်ကို၊ တောင်ပံယှက်ငိုက်၊ မြေနှုတ်စိုက်၍၊ အလိုက်ဘာသာ၊ ဟင်းသာသောင်တင်း၊ ပိန်ညင်းဇင်ယော်၊ ငှက်တော်ကြိုးကြာ၊ သာရကာနှင့်၊ တမာကြက်တော၊ ဥဩငှက်ကျား၊ ငှက်ငွေးနှင့်၊ ဝပ်တွားဗိလုံး၊ ရွှေငုံးချိုးခါ၊ သူတို့မှာမူ၊ မြတ်စွာဘုရား၊ သိုးလုဖျားကို၊ တတ်အားသမျှ၊ ဖူးကြကုန်လျက်၊ ရှိပန်ဆက်သည်။ ။တောကြက်တောင်ပံလ ဖြုန်းတည်း။

၄။ တထာဂတ၊ နိုင်းဆမမြော်၊ မြတ်သျှင်တော်ကို၊ ပူဇော်ကြရာ၊ အကြောင်းမှာကား၊ ရာသီသမိုက်၊ နွေစရိုက်ဝယ်၊ ရေလိုက်သာမော၊ ညှာကြောလျှို့လျော့၊ မြိုင်ကြော့ကြော့မှာ၊ လျှော့ကေသာရစ်၊ ရထည် သစ်နှင့်၊ နတ်စစ်ကညာ၊ မင်္ဂလာနှင့်၊ နန္ဒာသူဇာ၊ သုနန္ဒနှင့်၊ စိတ္တမှန်ကူ၊ ဘုံမြင့်သူတို့၊

နှိုင်းတူဖက်ကင်း၊ တရားမင်းကို၊ ညွတ်စင်းခယ၊ ပူဇော်ကြ၏၊ ဟေမဗြိုင်ခွင်၊ ပျော်မြူးရှင်သည်၊ သမင်ဒရယ်၊ ယုန်ငယ်စိုင်ဆတ်၊ သိုးလုနတ်ကို၊ ဖူးညွတ်ကြရာ၊ ဟိမဝါဝယ်၊ ပါဏာတိပတ်၊ ငှက်သတ်သမား၊ မုဆိုးများလည်း၊ လေးမြားထမ်းကာ၊ တောလယ်လှာသော်၊ မြတ်စွာသိုးလု၊ သဗ္ဗညုကို၊ ဖူးလိုညွတ်ခ၊ စည်းဝေးကြသည်၊ ဘုမ္မယက္ခာ၊ အာကာသစောင့်၊ မိုးနတ်မကျန်၊ ဂုမ္ဘဏ်မကြွင်း၊ ဂဠုန်မင်းနှင့်၊ လေးစင်းအဏ္ဏဝါ၊ အာဏာစိုးနှိမ်၊ ရေနန်းသိမ်က၊ နာဂိန္ဒရ၊ ပနာဒနှင့်၊ စသည်များစွာ၊ နတ်တကာတို့၊ထိန်ဝါသန့်ရှင်း၊ ကိုယ်ရောင်လင်းမျှ၊ ဝပ်စင်းကြလျက်၊ သကျသျှင်တော်၊ သိုးလုဘော်ကို၊ ပူဇော်ညွတ်လှာ၊ နတ်ကညာတို့၊ စိတ်မှာစွဲးကပ်၊ ငှက်ခတ်မုဆိုး၊ အာရုံဖြိုး၍၊ မြတ်နိုးကြင်နာ၊ ဝမ်းမြောက်စွာနှင့်၊ ပျူငှာကျင့်ဆန်း၊ ကြော့ကြွငှန်းမှာ၊ တော့သန်းမျှလယ်၊ တဖုံးမယ်တို့၊ ရွှေကြယ်စုံခ၊ ဝန်းငွေလသို့၊ ဘဝတက်လှိုင်၊ မြတ်သက်နိုင်သို့၊ ဖက်ပြိုင်အကုန်၊ တက်လှိုင် တုန့်သည်၊ ဝသုန်ဓဝးက၊ ရေးသမျှမှာ၊ မကမကန်၊ အတန်တန်နှင့်၊ ပြန်ပြန်လှယ်လှယ်၊ ကြင်ရေးချယ်ခဲ့၊ ဆယ်လှော်စံသိန့်၊ ညာဏ်ဖြင့်ချိန်လျက်၊ ဘယ်ခါသက်အုံ့၊ အမြွက်သံရှင်၊ သိလိုချင်ခဲ့၊ ကေရှင်မာလာ၊ ထုံဂန္ဓာဝယ်၊ မိလ္လာရည်ရွှက်၊ တာသုဘက်မှာ၊ အသက်ပန္နာ၊ ခဆက်ရာသည်၊ မဟာဇောတိရသ်၊ လောကဓာတ်ဝယ်၊ မျက်မြတ်ရည်မှန်၊ ဖန်ညာဏ်ယူဆင်၊ တင်ရေး အင်မှာ၊ တွေးထင်ရှက်ညွှန့်၊ ခက်လွန့်လွန့်ကို၊ ထက်စွန့်ဘုံပျံ၊ ယုန်ဗိမာန်ကို၊ လက်တန်လှမ်းချီ၊ ဖမ်းမမှီသို့၊ မြင့်သီဝေးမြော်၊ ထင်ရေးရော်၍၊ တော်ညာဏ်ဝင်ကို၊လွှမ်းရေးပိုခဲ့၊ မြင့်မိုရ်မဏ္ဍလာ၊ဝတီသာဝယ်၊ တိမ်ပြာကိုးမှတ်၊ရိုးမည်နတ်လည်း၊ အမြတ်ကြော့ခေါင်၊ ကောဝိညောင်က၊ ကျွန်းအောင်ထားလင့်၊ ဗျာပွားဆင့်လိမ့်၊သက်ပင့်ဆွတ်စိမ့်၊ ကြင်ရေးငြိမ့်၍၊ရွှေအိမ့်ပရမေ၊ လှလွှမ်းဆွေသာ၊ နောင်ကိုးရာဟု၊ စိတ်မှာမပြယ်၊ ကြင်ရုံလှယ်လျက်၊ ရှုဘွယ်တပုံ၊ ယဉ်မျိုးစုံသည်၊ ကိုးဂုဏ်လုဆော့၊ မြတ်စိန္တေ၏၊ မြောက်ထွေရောင်လျှပ်၊ ဇာတ္တိပါဒ်ကို၊ ငှက်ခတ်သမား၊ လုတလွှားတို့၊ မြင်ငြားတုံက၊ ပီတိကြွ၍၊ လှတ်ထလေးမြား၊ ကွယ်ရာထားလျက်၊ ဘုရားသျှင့်ဘုန်း၊ လျှိုပုန်းရှုံကြောက်၊ တောတလျှောက်နှိုက်၊ နတ်လျှောက်နတ်မှာ၊ သိုးလုချာကို၊ သစ္စာလှူလှူ၊ ပူဇော်ပြုက၊တောင်ထုတောမိုး၊ ပျပ်ဝပ်ကျိုးသည်။ ။မုဆိုးချီကလ ချောင်းတည်း။

၅။ အနုတ္တရ၊ တိလောကဟု၊ သကျမုနိန်၊ မာရဇိန်ကို၊ ဇာန္ဒာသက္က၊ ဒေဝသူရာ၊ ဖြဟ္မာမကျန်၊ ထက်သန်စေတနာ၊ဖူးကြလှာသည်၊ ကြက်လျှာတမ်းခွန်၊

ပန်းမန်ဆီမီး၊ ထီးနှင့်တကွ၊ ပူဇော်ကြ၏။ အာကာသပြင်၊ ထက်ကောင်းကင်ဝယ်၊ ပဘက်ရိ၊ ရဝိစန္ဒ၊ဘောမဗုဒ္ဓါ၊ မဟာဂုရု၊ ဘရဂုသောရာ၊ ဒေဝါသူရိန်၊ ဘူမိန္ဒရာ၊ ဂြိုဟ်ယှစ်ဖြာနှင့်၊ အဿာယုဇ္ဇ၊ နရာဓက၊ မူလဇေဋ္ဌာ၊ ဝိသာခါလည်း၊ ပုဏ္ဏာပြည့်မီ၊ ဘရဏီအာသဠ်၊ သရဝဏ်မာဃ၊ သလိဿနှင့်၊ ဓနသိဋ္ဌါ၊ကျတ္တိကာနတ်၊သတ္တ-ဗိသျှ၊ ထွန်းပလ့်ညီ၊ ရောဟနီနှင့်၊ ရေဝတီက၊ ဥတ္တရဘရဂု၊ဖုသျှလုကာ၊ ကြယ်ပုဏ္ဏာတို့၊ သည်သာဘုံပျံ၊ ယုန်ဗိမာန်ကို၊ ခြံရံဝန်းကာ၊ ရောင်စုံဖြာ၍၊ သဒ္ဒါဆွတ်ဆွတ်၊ တာရာညွှတ်၏၊ နက္ခတ်အပေါင်း၊ တာရာလောင်းသော်၊ မြင်းခေါင်းခုံလောက်၊ ပုံဆောက်နှိုင်းဘွယ်၊ ကြက်သူငယ်စု၊ကြယ်သုံးခုနှင့်၊ရုတ္တာနီးစွာ၊ ကျီးတာရာဏား၊ဆိုင်ကာခရှဦး၊နဂါးမြှူး၍၊ တွန့်ရှုးတိုက်ဆိုက်၊ ကြက်တိုက်လည်းကောင်း၊ ကြယ်အုပ်ဆောင်းနှင့်၊ လိပ်ခေါင်းလက်ဖျား၊ ဟသ်ာနားက၊ ပေါက်သားမုန်အစ်၊ ဂုဏ်ရေစစ်စွ၊ ခုနှစ်ဖုသျှ၊ သင်းဘောစုထက်၊ ယှစ်ခုဖြိုး၄န်၊ကိုးလုံးလွန်သော်၊ ဗုဇ္ဇန်ရင်ဆိုင်၊ ခြသေ့်လှိုင်ထိ၊ ဆယ်ပြိုင်ဆဲ့တစ်၊ ဆဲ့ယှစ်ရွှေနောက်၊ လုံးဖောက်ရွှန်းဖိတ်၊ ဦးလည်သိတ်သား၊ ကရဝိက်ကွန်ချာ၊ ချိန်တာရာလည်း၊ ကြယ်အာဒိစ္စ၊ ဟဿဒနှင့်၊ စိတြမဏိ၊ သွာဒိချက်ဗွေ၊ ဆံကျင်ရွှေဝယ်၊ ကုဝေယက္ခ၊ ဘုမ္မဖြိုးမြင့်၊ တန်ခိုးလွှင့်လျက်၊ ဝိုက်လင့်ပတ်ဖြာ၊ ဝိသာခါနှင့်၊ နုရာဓရွှေ၊ ဇေဋ္ဌရွှေ၏၊ ဘုန်းဟေ့မြတ်စွာ၊ စောသတ္တာကို၊ ကြယ်တာရာများ၊ ဦးညွှတ်တွားခဲ့၊ တိုင်းကားသက္က၊ ကပ္ပိလသို့၊ ကြွရာလမ်းစဉ်၊ စုံတခွင်ဝယ်၊ ငွေသင်မြသား၊ ရွှေအလားသို့၊ မနားတို့ချင်၊ ပင်ထက်လွှင်သည်၊ လှော်စင်ဦးစ၊ လေမြူးကြွ၍၊ မြမြယှက်သွယ်၊ ဘဝင်ချယ်နှင့်၊ ခတ်လှယ်တံရှည်၊ မျှော်တိုင်းသည်လည်း၊ နုကြည်ဆွတ်ယောင်၊ကြိုင်ကြိုင်လှောင်၍၊ တန်ဆောင်မီးပြောက်၊ ထိန်ညီးတောက်လျက်၊ လဲပေါက်ထိမ်ဖြာ၊ သဲဂင်္ဂါဝယ်၊ သီတာကြည်ခဲ့၊ ၄က်သံနွဲ့နှင့်၊ လွမ်းဘွဲ့မြိုင်ချေ၊မြူခိုးဝေသား၊ တိမ်ခြေအာကာ၊ ကောဝိလာက၊ ပြုဗ္ဗာရောင်လျှပ်၊ ဒေါင်းရဟတ်လည်း၊ ပြာသာဒ်ဒေါင်းယဉ်၊ ပြိုင်ရေးစဉ်မှာ၊ အဋ္ဌနာစစ်၊ မြရည်ဆစ်သို့၊ သျှင်ချစ်မြတ်စွာ၊ လောကနာကို၊ တာရာစန္ဒ၊ သူရိယတို့၊ ညွှတ်ခရိုကျိုး၊ ရောင်စုံဖြိုးသည်။ ။မိုးမှာရွှေကြယ်လ ဥတည်း။

၆။ မြတ်သယမ္ဘူ၊ ထွဋ်မှန်ကူလျှင်၊ မြိုင်ငူသေလာ၊ ဂန္ဓမာသို့၊ ဒေသစာရော်၊ မြန်းကြွသော်လျှင်၊ နှိုင်းဘော်တုလွှတ်၊ ခေါင်တမွတ်အား၊ ရွက်ဝတ်လျှောသုန်၊ သီတာငုံသည်၊ ယမုန်လျှမ်းပြည့်၊ ထမ်းကြွေမြည့်နှင့်၊ ရေကြည့်ဘာသာ၊ တင့်နည်းရှာခဲ့၊ ခါသည်ချိန်ဝယ်၊ ဗျာရှိန်လောင်ဆွတ်၊ ပျော်ကြောင်းမွတ်သည်၊ ခေါင်ညွှတ်မဥ္ဇူ၊ဥဏ္ဏာဂူလည်း၊ ဇမ္ဗူနဒါ၊ ရွှေထက်သာ၏၊ ယင့်မာ

လှိုင်လှ၊ တောလုံးနှသည်၊ ရတုသာစွာ၊ ပါအခါတည့်၊ ညှာချင်းခက်ဆိုင်၊ မြရွက်လှိုင်သည်၊ ဂနိုင်ပန်းတော်၊ နန်းပင်ကြော်ထက်၊ ဂေါဝတ်မွေးရည်၊ သင်းတော့သည်နှင့်၊ တိမ်နီလာချို၊ ခွါဝတ်မှုန်ခဲ့၊ ယမုန်နာဝယ်၊ ဂင်္ဂါလွှလွှ၊ သဲပေါ်စထက်၊ မယ်လျှညှင်းလို၊ချစ်တင်းဆို၍၊ သံချိုကြွေးဟင်၊ ဗျာဆွေး သစ်သည်၊ သွန်းနှစ်လျှော်ရည်၊ ရွှေထက်ကြည်၍၊ ပြည်အာကာယံ၊ တိမ်ပြ တန်ဝယ်၊မိုးလျှံတောက်ငြိ၊ မိုးခေါင်ထိမျှ၊ ကျွတ္တိသဘင်၊ခါပွဲအင်နှင့်၊ နတ်ရှင် နိုးစ၊သာမျိုးခသည်၊လ-ရတနာ၊ငွေနှင်းဖြာလျက်၊ မြန်ဇာနေယ၊ သိန္ဓဝနှင့်၊ စန်းလှယုန်မွန်၊ သရဝဏ်လည်း၊ ဗုဇ္ဇန်တိမ်လတ်၊ သိမ်မွန်းမဝ်လိမ့်၊ မြချပ် ရွက်စိမ်း၊ လေညှင်းသိမ်းလည်း၊ မယိမ်းမြလျှံ၊ ရွှေဝါကျုံလည်း၊ လေပြန် လောင်းသုတ်၊ ရွက်ညောင်းပြုတ်၍၊ ကျေးနှုတ်မြအင်၊ ပုရစ်ပြင်ခဲ့၊ ထက်ခွင် အမြှုန်၊ ဘရဂုဏ်ဝယ်၊ ယုန်ပုံရဟတ်၊ ချိန်ပြာသာဒ်က၊ ထိန်လတ်မှန်မှန်၊ တည့်မွန်းခံ၍၊ ဝန်းရံရွှေဘောင်၊ ဘော်ငွေသောင်မှာ၊ ဆွေမောင်ယှက်နွဲ့း၊ ငှက်တို့ပွဲးလည်း၊ သဲသဲလှုံလှုံ၊စံမိတ်စုံနှင့်၊ ဝသုန်ကြည်းရေ၊သာနည်းထွေ၍၊ မြိုင်ခြေအပြင်၊ စုံတခွင်ဝယ်၊ ရွက်လျှင်ခွေကြိုး၊ ဖက်ရွှေမိုးမူ၊ရေရိုးယှုဖောင်၊ မာန်တန်ဆောင်နှင့်၊ပလောင်သာစွ၊ချိန်တမျှကို၊စိန်မြလေသွန်၊ဇာရွှေကွန်က၊ ရေပွန်လှိုင်းချို၊ ဒွါဒသီကို၊ ရာသီမြင့်ထိပ်၊ နိဂုံးပိတ်သည်၊ စိတ်ကြွဘုံ၊စန်းလ ယုန်သို့၊ပုဏ္ဏမီခွင်၊ ရွှေဝန်းကျင်နှင့်၊ ဝေဟင်မိန်၊ တည့်မွန်းထိန်၍၊ သည်ချိန် ခါသော်၊ လှိုင်ငွေဂေါ်လည်း၊ မြိုင်ပေါ်ပိတောက်၊ သူမင်းမြောက်လိမ့်၊ ကိုင်းမြောက်စိမ့်ွာ၊ စုံညီလာနှင့်၊မဟာသကျ၊ မုနိန္ဒကို၊ ဖူးကြည့်တတ်ရုံ၊ ရန့် ထုံ၏၊ သုံးဘုံလူနတ်၊ ပရိသတ်ကို၊ ချေချွတ်ပေးခါ၊ ဒေသနာဖြင့်၊ ပယ်ခွါ လွှင့်ဘိ၊ ဉာဏ်ဖြင့်ချိသော်၊ စောညီလျှံဝါ၊ မှောင်တဏှာကို၊လွှတ်ခွါထွက်ဟန်၊ ဈာန်ဟုန်ပျံလွှန်၊ ညွှန်အဏ္ဏဝ၊ ဩယယောဂ၊ဝဲမလှိုင်းယဉ်၊ သံယောဇဉ်ကို၊ ဖြတ်ရဉ်ပယ်ချိုး၊ မှောင်မျိုးမိစ္ဆာ၊ သတ္တဝါကို၊ ကင်းဧစလို၍၊ မဂ်ဖိုလ်ကမ်း သောင်၊ ပို့ကြည်းဆောင်သည်။　။ရွှေဖောင်မြစ်ညာလ ဆန်တည်း။

၇။ မဟာသကျ၊ မုနိန္ဒဟု၊ အနန္တဂုဏ်၊ သဗ္ဗညုံလျှင်၊ ရေစုံမီးပွင့်၊ တန်းခိုးလှင့်၍၊ ကဲမြင့်ရောင်ခြည်၊ ဘဝဂ်လည်သား၊ သုံးမည်လူနတ်၊ ပူဇော် အပ်သည်၊ လုထွင့်ပရမေ၊ ဂုဏ်မြဲတေကို၊ ရှုလေတိုင်းတုံ၊ ချီးမကုန်ခဲ့၊ ယုန်ပုံ ရဟတ်၊ စမ်းငွေမြတ်လည်း၊ နတ်နဂါးနွယ်၊ တည့်မွန်ချယ်၍၊ မိုးလယ်အာ ကာ၊ နတ်ဝလာတို့၊ ခရာသံလှိုင်း၊ မြိမ့်မြိမ့်ဝိုင်းလျက်၊ သင်ဒိုင်းရစ်ခြံ၊ ညိုလျှံ ရုံသည်၊ ပဉ္စုန်မြိုးမြိမ့်၊ ညီးညီးညိမ့်နှင့်၊တိမ့်အတိတော၊ အခွေခွေမှာ၊ ရွှေမဏ္ဍာ ဂီ၊ နတ်နဒီက၊ မြတ်သီတာမြွန်၊ စောင်း၍သွန်သို့၊သရဝဏ်ဝယ်၊ စိန်ချွန်စဉ်း

သွား၊ စိုင်ပစ်မြားနှင့်၊ ရထားယုန်လ၊ သိန္ဓဝတို့၊ ချိန်မျှပြန်ဘိ၊ တည့်မွန်းညို၍၊ ကတ္တရိဝါ၊ ငွေခတ္တာမူ၊ ထုံစွာမွှေးလျက်၊ သိန်မင်းစက်က၊ လည်ယှက်မြနှောင်၊ ရေယဉ်ဘောင်သည်၊ ငွေသောင်မြုပ်မျော၊ ဒိုက်သရောနှင့်၊ ဝိုက်လျှောသုန်သုန်၊ ကြက်လှိုင်းခုန်လျက်၊ တပုံပြိုးပြန့်၊ ခဝဟာယန်တွင်၊ ရေထန်ရေကျ၊ တိမ်ချင်းမျှ၍၊ သီဟသေလာ၊ ရွှေဂူသာက၊ ဇေတာထိန်ထိန်၊ စက်ရဝိန်ကို၊ လက်ချိန်ကြိုးထစ်၊ တန်းခိုးလှစ်၍၊ မိုယ်းစစ်သေနင်၊ ဖျူဟာဆင်ခဲ့၊ သဘင်ညီလာ၊ သည်ချိန်ခါဝယ်၊ တော်ညီလာသ၊ ဝလာကလည်း၊ ဂေါဏာရမုန်၊ မြစ်ကမ်းခုံထက်၊ စက်အုံယုဂန်၊ အောင်ကိန်းနှံ၍၊ တောင်ပြန်ပြန့်ဝှန်၊ ရာသီကန်က၊ ယုဂန်မိုးယပ်၊ လောကဓာတ်ဝယ်၊ တိမ်လျှပ်ပြိုးပြောင်၊ မြခိုးရောင်နှင့်၊ အောင်စည်ဗုဇွန်၊ ကွန့်မြူန်းသွန်သား၊ တမ်းခွန်သိန္ဓု၊ မုန်ဇာယုန္တက်၊ သင်ပြုမြရောင်၊ ရေယဉ်ဘောင်ဝယ်၊ ရွှေဖောင်ရွှေလှေ၊ သိန်းကုဋေနှင့်၊ မြေမဏ္ဍလာ၊ ထုံဂန္ဓာဝယ်၊ ရင့်မာကြိုင်ဝတ်၊ ခိုင်လုံးညွတ်လျက်၊ ဘုံထွတ်မိုးလယ်၊ ဖတိုင်ကြယ်မူ၊ ပြိုင်ဆွယ်ညွှတ်ရှိုင်း၊ ရွှေဥဏ္ဏိုင်းနှင့်၊ ကသိုဏ်းငွေယုန်၊ နဝင်းကုန်၍၊ သင်းထုံသရစ်၊ မွှေးရည်စစ်လိမ့်၊ ဘျှင်ချစ်သုံးလု၊ သဗ္ဗညုလျှင်၊ မျှားထုသဃ်ာ၊ အရိယာထေရ်ပျံ၊ ယှစ်သိန်းရံ၍၊ သက်ပြန်ဒေသစာ၊ ဖြန့်မြန်းကာဝယ်၊ သူရာနာဒ၊ သက္ကမြဟ္မာ၊ ဘုမ္မာဒေဝ၊ ရုက္ခမကျန်၊ တိရစ္ဆာန်က၊ မြိုင်ယံခိုအောင်း၊ လတပေါင်းလည်း၊ ညွတ်ပျောင်းပူဇော်၊ ဖူးကြသော်လျှင်၊ သံတော်အင်္ဂါ၊ စုံယှစ်ဖြာနှင့်၊ ဒေသနာမြွတ်၊ ပရိသတ်ကို၊ ဟောညွတ်ငြိမ့်ငြိမ့်၊ ဘဝင်စိတ်မျှ၊ နှစ်သိမ့်ကြည်စွာ၊ မောင်မိစ္ဆာကို၊ ပယ်ခွါဖြတ်ရဉ့်၊ သံယောဇဉ်ဖြင့်၊ လွှဥ့်စဥ့်ကွာရှား၊ လေးနှင့်မြားသည်။ ။တရားဓားသွိုလထစ်တည်း။

ဂ။ ဖျာဒိတ်ဩဘာ၊ မင်္ဂလာဖြင့်၊ အောင်ချာနဂရ၊ ကပ္ပိလသို့၊ ကြွမည်ခါဝယ်၊ ဒေဝါသူရိန်၊ ဂုဏ်သိမ်သမ္မာ၊ ထိန်ထိန်ဖြာသည်၊ ဝလာဝိဇ္ဇု၊ လောင်လုလုကို၊ ရွှေဥအာငုံ၊ ဆီဒီးစုံနှင့်၊ အာရုံညွတ်ကြိုး၊ ပူဇော်ပြိုးလျက်၊ မိုးတေဇရန်၊ ပွင့်အားသန်၍၊ ငါးမာရ်အောင်လှစ်၊ စောသျှင်ချစ်ကို၊ ကသစ်စံရာ၊ ကမ္ဗလာက၊ ဖူးလှာညွှတ်ခ၊ ဝန်းရံကြ၍၊ မိုးဝတိမ်လျှံ၊ တိမ်ပြတန့်ဝယ်၊ တိမ်ယံသွယ်ဖြာ၊ ဇေ့ဝလာထက်၊ ရွှေကာကာက၊ ကျီးညိုမြနှင့်၊ ငွေလစန္ဒီ၊ အဿဝဏီလည်း၊ ပါဒ်ဗိမရွှေ၊ မွှန်းချက်မွှေ၍၊ မဲလှေ့သဘော၊ ငှက်စုံရောလျက်၊ မယ်စောရင့်ယူ၊ ကြည်ဘိမူလည်း၊ လူသူသကဲ့၊ မောင်ထုတ္တဲ့၍၊ ကျူးနွဲ့ကျုံကျုံ၊ ငှက်ပွဲးခံက၊ မြိုင်ယံသာစွ၊ စက်မြန်းကြွသော်၊ ကာလချိန်မှီ၊ သည်ရာသီဝယ်၊ ဇော်ဂျီသံသတ်၊ ဝိဇ္ဇာနတ်တို့၊ အတတ်ယုံခို၊ ရန်မီးသို

လျက်၊ မျက်လိုမာန်ပြု၊ သူယောင်လုရှဉ့်၊ ရတုကောဇာ၊ ယုတ်မောစွာဝယ်၊
သဏ္ဍာသက္ကရာဇ်၊ သကြြန်ဖြစ်လျက်၊ သျှင်ချစ်ဘုရား၊ ထေရ်ပုံများနှင့်၊ တရား
မိန့်ခါ၊ ရံဝန်းကာသည်၊ ဗြဟ္မာသိန်းသောင်း၊ နတ်ပေါင်းကုဋေ၊ စုံမြှင်ချေ
ဝယ်၊ ရှိသေလှစွာ၊ တထာဂတ၊ သုံးလုဘနှင့်၊ များလှသဃ်ာ၊ ယှစ်သိန်းပေါ
ကို၊ သဒ္ဓါမြိန်မြတ်၊ လှူကပ်မစဲ၊ တသဲးသဲးလျှင်၊ ပွဲးသဘင်ခံ၊ ပဋ္ဌင်သံနှင့်၊
မြှင်ယံသိမ့်သိမ့်၊ ပဲ့တင်ငြိမ့်မျှ၊ မိုးလိုမ့်နတ်စည်၊ ရိုက်ကြွေးမြည်လျက်၊ ပတ်
လည်ဝန်းကာ၊ ထေရ်သဃ်ာတို့၊ နောင်လာမဂ်ဖိုလ်၊ ကျွတ်တန်းခိုသား၊ ရှိ
သေမြတ်ငတ်၊ နိစ္စပတ်ဖြင့်၊ အမြတ်တနိုး၊ လှူမျိုးပုညာ၊ ဓမ္မဝတ္ထု၊ ဆည်းပူးရ
သည်။ ။ပြုစုပြိုးထောင်လ မွေးတည်း။

•

၄။ နောင်ဖြင့်အလာ၊ မိတေးယာလျှင်၊ ရှိန္နမာခား၊ အသွားသုံးရှုက်၊
ရှိုးလက်တကိုင်၊ အပြိုင်ငါးကြိမ်၊ အိမ်နှင့်တကွ၊ ကျောက်မှပေါ်ထွက်၊ ရွှေ
ဘုန်းဆက်သည်၊ သန့်လျက်သီလဝင်၊ နိဗ္ဗာန်ရှင်ကား၊ မဂ္ဂင်ယှစ်တန်၊ လမ်း
မှန်ခရီး၊ ရပ်ကြီးသာစည်၊ ရောက်အံ့ရည်ရှဉ့်၊ ဘုန်းစည်ပရမေ၊ ဗျာဒိတ်ခွေ
သား၊ သမပြေကျွန်းသာ၊ နောင်အခါဝယ်၊ ပညာသမုတ်၊ ပညတ်ထုတ်ရှဉ့်၊
ဥတ္တမကျော်၊ထေရ်မြတ်သော်လည်း၊ အဟော်နောင်လာ၊ င-ရိပ်ရာကို၊ သစ္စာ
ဖူးငုံ၊ ပွင့်အံ့တုံဟု၊ ကိုးဂုဏ်သျှင်ပင်၊ အံ့ချီးတင်သည်၊ ငါလျှင်လည်းကောင်း၊
ဗောမိလောင်းဟု၊ ညွတ်ညောင်းတံဆိပ်၊ နှုတ်ဗျာဒိတ်ဖြင့်၊ ခတ်နှိပ်သေချာ၊
နှုတ်ညြဘာသည်။ ။မြဲးစွာဖြစ်လိမ့်လ မှန်တည်း။

**အမှာ။**　[ဤရတုသည် မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွသော
အခမ်းအနားကိုဖွဲ့ရှဉ့် စီကုံးရေးသားခြင်း ဖြစ်သည်၊ သတ်ပုံ
သတ်ညွှန်းမှာ ပေမူ-ပုရပိုက် မူရင်းအတိုင်းဖြစ်သည်၊ ပုဒ်တိုင်း
ပုဒ်တိုင်းမှာပင် (ရှဉ့်)ကို အားကြီးသုံးလေ့ ယှိသည်၊ အချို့
အပိုဒ်များတွင် အမ်ပွါယ်ငုတ်လျက် ယှိသည်၊ ရဲးရဲးမပြင်ဝံ့ချေ၊
(လ) အကွရာနှင့် အဖျားချခြင်းကား သျှင် မဟာသီလဝံသ
မထေရ်စီကုံးသောပါရမီခန်းတွင် ''အမောင်ဆည်းဘူး နိုင်စေ
လသေး''ဟု ချသောနည်းကို လိုက်ရှဉ့် ရေးသား စီကုံးခြင်း
ဖြစ်ပေသည်ဟု ဆရာတို့မိန့်ဆိုကုန်ရ်ဲ့တည်း။]

## ၁၂၄—ရတနာပူရမြို့ ဘကြီးတော်ဘုရားလက်ထက်တော် မင်းကြီးမဟာစည်သူဘက်လားသို့သွားရာ မယားကပေးသည့် ကြိုးညှပ်မင်းသမီးဆို ကျေးစေရတုပိုဒ်စုံ

၁။ ဝေဇယန်တွင်၊ ညာနန်းရှင်က၊ ချစ်ခင်မြတ်လေး၊ သလှာပေး၍၊ မင်းရေးမှုစုံ၊ စေတိုင်းကုံသည်၊ ကျွန်ယုံတန်ဆောင်၊ ကျေးမျှားနောင်။ ။ ဝေးခေါင်မြေတာ၊သမုဒ်ကာသား၊မဟာရဋ္ဌ၊ဘိလပ်စသည်၊မျှားလှပြောစည်၊ ကြည်းရပ်ပြည်သို့၊ လှည့်လည်လျှင်ထွေ၊ ပြန်တည့်ချေလော့၊ သပြေတလှစ်၊ ကေရာဇ်၏၊ သင်းကျစ်ဆန်ကျင်၊ စကြာရှင်က၊ မတ်တွင်မတ်ကျော်၊ မတ်ကျွန်တော်ဟု၊ မြင်မြော်ရွေးယူ၊ ခန့်တော်မူ၍၊ သက်တူတမျှ၊ ချီလေရရှင့်၊ ရွှေဝအောင်ချာ၊ နန်းမြေတာက၊ သည်းလျာညက်ကြည်၊ မျှော်လင့်ရည်သည်။ ။ရွှေလည်ညောင်းလှပါပြီသင်။

၂။ ကေတန်ဆင်၊ မြို့ဥယျာဉ်နိုက်၊ နတ်ရှင်မာဃ၊ ရွှေဝ-ရဝေ၊ နန်းရပ်မြေက၊ ပိုလ်ခြေလုံးရင်း၊ မခင်းကျင်းတိ၊ ခပင်းကြည်ရပ်၊ စိန်တပ်မြတုံး၊ ရည်နှလုံးဖြင့်၊ လက်ရှိုးမထောင်၊ ခန့်တိုင်းအောင်၍၊ မဲ့မောင်မင်းချေ၊ ပြန်လျှင်းစေဟု၊ ခံတတ်မွေသရီ၊ မြတ်စေတီကို၊ တူးညီရှိရွက်၊တိုင်လျှောက်မြွက်ရှင့်၊ အဘက်လွတ်ကင်း၊ ကျေးမျှားမင်းလျှင်၊ သံညွှင်းချိုးနွဲ့၊ ကျူးပေါ်ခဲ့လော့၊ လဲ့လဲ့မှိန်မှုန်၊ တိမ်ဂငူနှုန်နှင့်၊ အမွှန်ရှင်ပ၊ သို့သည်လကို၊ ဆွတ်မျှမတည်၊ သိမ့်ုလည်သည်။ ။ဖြေသည်ဖျောင်းပြခါညီသင်။

၃။ စေတမန်လျှင်၊ ကြာမထင်တည့်၊ ကောင်းကင်ခရီး၊ လေယာဉ်စီး၍ တန့်တီးမထောက်၊ သူ့သို့ရောက်သော်၊ ခြောတ်ယောက် နှောင်းကျန်၊ နတ်တမန်မူ၊ ဂိမ္ဘန်ခါကြူး၊ ဝသန်ကူး၍၊ ဆောင်းဦးဝေမြ၊ မြောက်လေစသည်၊ ဟေမ-မရှည်၊ တိုင်တော့မည်တည့်၊ မဆည်နိုင်တတ်၊ ပန်းစုံသတ်သား၊ ခရတ်ငွေရောင်၊ သလွန်ညောင်နှင့်၊ မျှော်ယောင်ဘန်လီ၊ ရှိရှာပြီတည့်၊ ကျူးသိမကျန်၊ သိတိုင်းပြန်လော့၊ သည်းရန့်မဲ့သက်၊ ချီသည့်ရက်မူ၊ တိုင်ထက်သင်မော၊ တောင်နှင့်တောဝယ်၊ ဥညသံချေ၊ ဘော်စုံတွေ၍၊ ရွှေတရထည်၊ မြမြမြည်သည်။ ။လေပြည်လောင်းစရာသိသင်။

## ၁၂၅-စကိုင်းစာရေးစည်သူကတော်ဆို မောင်ဘွဲ့ရတုသုံးပိုဒ်

၁။ ကျော်ပေစွလည်း၊ သီဟရန်နှင်း၊ ဆက်ကျွန်းမင်းလျှင်၊ မိုးညှင်းအုန်းဘောင်၊ နှစ်ပြည်ထောင်ကို၊ ဘုန်းခေါင်ဘုရား၊ ဘဝါးစကြာ၊ လှည့်သောခါ၌၊ ကြေညာလွှမ့်ခေါင်၊ ကြင်သူမောင်လျှင်၊ ပေါက်ပြောင်မာတင်၊ မုန့်ယစ်ဆင်နှင့်၊ တွေလျှင်တိုက်လှည်း၊ နိုင်သည်ချည်းဟု၊ ကမ္ပည်းမြောက်ထင်၊ မော်ကွန်းတင်မှ၊ပြန်လျှင်လမည်၊ မှာခဲ့သည်တိုင်း၊ ရောက်နိုင်းနိုင်းလျှင်၊ သိုက်တိုင်းကျွန်းစည်၊ ရွှေပြည်အဝ၊ နန်းဌာနဝယ်၊ သိခ်ရည်တူ၊ ပန်းမဉ္ဇူကို၊ အိမ်သူသက်မှန်း၊ ရတုကျွန်းသည်။ ။ရွှေပန်းရွှေမှည့် ဆင်ပါလှည့်။

၂။ မြော်ချေကလည်း၊ နှမဝမ်းတွင်၊ ရေးရေးထင်၍၊ အိမ်ရှင်ရွှယ်လူး၊ နောင်မဘူးသော်၊ နေဦးပင်မှန်၊ ခါသင့်တန်က၊ ဗိမာန်ရွှေတောင်၊ ရွှေတိပြောင်မျှ၊ ရွှေရောင်မောင်းမောင်း၊ စံရွှေလောင်းနှင့်၊ သျှစ်သောင်းသခင်၊ တောင်နန်းရှင်သို့၊ သဘင်ခံချေ၊ ပျော်ကြောင်းဖြေလည်း၊ မပြေလိုလှ၊ ရော်တွက်ဆသော်၊ မွေးဘစစ်သည်၊ ပြန်လျှင်းမည်ကို၊ မျက်ခြည်ပြတ်မျှ၊ မျှော်လင့်စွဟု၊ ကြင်မြရုပ်သွင်၊ မတ်ကျော်ထင်ကြောင့်၊ မရှင်ညိုးမြန်း၊ လွမ်းလှလွန်းသည်။ ။ရွှေဝန်းနေညွှေ့ ကြင်ပါလှည့်။

၃။ ဖျော်ဖြေမှလည်း၊ သီလအားသန်၊ စောင့်ကျိုးမှန်၍၊ သက်လွန်ကြင်ဘော်၊ စစ်မှာပျော်ခဲ့၊ ရှုမျှော်မိမိ၊ မျက်စိကသိုဏ်း၊ ကြည်စိတ်လှိုင်းသား၊ စကိုင်းဘက်တွင်၊ ပုညရှင်ဟု၊ မမြင်တောင်းအောင်၊ ခြည်တထောင်နှင့်၊ ရွှေတောင်အထွဋ်၊ ဖြူးဖြူးမတ်သား၊ရွှေဓာတ်လုံးညီ၊ ရွှေစေတီကို၊ တူပြိုနှစ်ပါး၊ ဘုံမြင့်ဖျားက၊ သိကြားသူဇာ၊ ဘူးမြင်လာသို့၊ သဒ္ဒါအဟုန်၊ ပီတိကုန်၍၊ ကဆုန်ဝေါဟာ၊ လူတကာတို့၊ နံ့သာကြိုင်မွှန်း၊ ရေချမ်းသွန်းသည်။ ။ထွေဆန်းပေတည့် မြင်ပါလှည့်။

## ၁၂၆-ဆင်ဖြူရှင်မင်းတရား၏ သမီးအငယ်ဆို မောင်ဘွဲ့ရတုသုံးပိုဒ်

၁။ လွမ့်လွမ့်ကဲ၍၊ တို့စဲမယို၊ နောင်မွေးမိသည်၊ ပြောင်းရိုခွေလျ၊မွေ့ရာမ-ထက်၊ ရှုတည္ဆိုးငယ်၊သနားဘွယ်တိ၊ နေဝယ်ဖယောင်း၊ညှိုညှိုပျောင်းသို့၊ ထပ်လောင်းကဲဆင့်၊ နောင်ဘုန်းမြင့်ကြောင့်၊ မဖွင့်နှလုံး၊မရှင်ပြုံးသည်။ ။လွမ်းဆုံးတိုင်ညွှေ့ ဖျောက်ပါလှည့်။

၂။ ဖျောက်ပါလှည့်လေ၊ ဖျော်မပြေတည့်၊ တမ်းရေရွတ်လျက်၊ အိမ်သာထက်ဝယ်၊ မဘက်မပြိုင်၊ မိန်းမှိုင်အောက်မေ့၊ နေ့မိုးအချုံး၊ လခွဲးလုံးဝယ်၊ အုံးဝယ်အပ၊ မထမိုးချုပ်၊ လွမ်းတိမ်မြုပ်လျက်၊ စံချုပ်နိုင်းလျော်၊ ပျော်မရှင်မွေ့၊ နောင်ဘုန်းဟေ့ကြောင့်၊ တနေ့မချာ၊ လွမ်းဇျာပါနှင့်၊ ခေါင်သာသိမ်းလွန်း၊ မရှင်လန်းသည်။ ။လွမ်းပန်းကြွေညှို့ ကောက်ပါလှည့်။

၃။ ကောက်ပါလှည့်လေ၊ ဖြိုးမွှမ်းပေစွ၊ မင်းခြေသူရဲ၊ မြခဲနှိုင်းပြိုင်၊ ဆံင်းရှေဆိုင်နှင့်၊ တူပြိုင်လျှောင်းစက်၊ ဘယ်နှစ်ရက်ဝယ်၊ အသက်တရှည့်၊ ပျော်ရလှည့်ရှင့်၊ မပြည့်ပေါ်သာ၊ စိတ်ထဲးလာ၍၊ ဇျာပါမွတ်ချော၊ တော်သဘောကို၊ ဖြင်ပေါနတ်လူ၊ ကိုးရာမှုသည်၊ သုံးလူတို့ထွင်၊ စွယ်ဆံမြတ်ဝယ်၊ နှစ်ပတ်မကွာ၊ မင်္ဂလာရက်၊ ခန့်ရေတွက်၍၊ ဆက်ဆံက်စုံပေါင်း၊ ပျော်လွယ်ကြောင်းကို၊ သည်းဟောင်းမဲ့ဆွေ၊ ဆင်းမြုတေလျှင်၊ ထိပ်ဖွေလက်မုံ၊ ယှိုကြာငုံ၍။ ။တူစုံတရှည့် လျှောက်ပါလှည့်။

---

### ၁၂၇-ရမ၀ရှင်ထွေးဆို မိုဃ်းဘွဲ့ရတုသုံးပိုဒ်

၁။ ဝမ်းနည်းမပြေ၊ မွှေရာရွှေထက်၊ ကြာခွေသော့တူ၊ မယ်လွမ်းမူကို၊ ကြင်သူသက်ဝေ၊မသိလေတည့်၊ဖျော်ဖြေလျက်ပင်၊ မရှင်လဆုန်း၊အုန်းထက်လျှံပြည့်၊ နေရာလှည့်ရှင့်၊ မယ်သည့်မသိ၊ ကျေးတိတိကို၊ မသိချိန့်ခါ၊ သူကတာ၍။ ။ရွာတော့သည်လည်း မိုဃ်းသိကြား။

၂၊ လျှမ်းပြည်းတထွေ၊တောင်က လေနှင့်၊ မြောက်လေရစ်ထွေး၊ပြန်ကဝေးတိ၊ မြွေးမြွေးပျပျ၊ နွေလမမည်၊ ချမ်းသည်မစဲ၊ ရာသီခွဲးဝယ်၊ ဝမ်းကွဲးတဆွတ်၊ ဖြစ်စေတတ်ကား၊ မိုဃ်းနတ်များရှင်၊ ဘန်စီရင်၍၊ မရှင်တမ်းစက်၊ အုံ့ပြက်မနည်း၊ အလွမ်းသည်းအောင်၊ ဆည်းဘိသည်လော၊ မရောလင်းဝါ၊ လျှပ်စစ်လာ၍။ ။ဖြာတော့သည်လည်း တိမ်ညွန့်ဖျား။

၃။ ကမ်းလည်းအနေ၊ မြစ်ရေမကျ၊ ကမ်းကြမနိမ့်၊ ကြည်း၏ငြိမ့်လျက်၊ တိမ့်အလုံးတုန်၊ လွမ်းအုန်ကောင်းကင်၊ နေကိုလျှင်တည့်၊ မမြင်တပ်တပ်၊ ပိတ်ပိတ်ထပ်သော်၊ လှပ်လှပ်နွဲ့းရှာ၊ မဥ္ဇူကြာသို့၊ဖျာပါထပ်ပွား၊ လွမ်းခြင်းများကို၊ထားရစေတော့၊လျှော့ကြီးလျှော့မှ၊ ရှေလှော့အသွင်၊ရာထင်ဆယ်ပြန်၊ မယုတ်လွန်သို့၊ စေကျွန်မလာ၊ နှုတ်ဆက်မှာ၍။ ။ကြာတော့သည်လည်း မောင်စကား။

---

## ၁၂၈-ရဝေရှင်ထွေး ဆို ရွှေစည်းခုံဘုရားတိုင် ရတုသုံးပိုဒ်

၁။ လျှံတက်ထွန်းဝါ၊မြို့လက်ယာနိုက်၊ရှုသာအံ့ဘွယ်၊မြင့်ဖြိုးသွယ်သား၊ မိုးလယ်ထိတုံ၊ဓာတ်မျိုးပုံသည်၊ စည်းခုံမြတ်စစ်၊မယ်ရှင်ချစ်။ ။ကျိုးဖြစ်စန၊ မည်မျှမျှမင်၊ ဆံပင်စုလည်း၊ ဆယ်နှစ်တည်းက၊ သိပ်သည်းမြဲမှန်၊ ဘန်ဘန် စကား၊ ဆိုသောအားဖြင့်၊ ယုံမှားမိလျှင်း၊ သက်လုံးနှင်းမျှ၊ ချွတ်ယွင်းလိုလို၊ ပျက်ယယ်ဆိုခဲ့၊ သန်ကိုယ်စွမ်းအင်၊အသွင်ပြလား၊ မယ်သက်ထားသည်။ ။ စိတ်ဖြားကြီစည် ယိုးဘိသည်။

၂။ ကြီခက်လွန်းစွာ၊ ကြိုးဗျာပါနှင့်၊ မယ်မှာမယ်တူ၊ မိန့်မူစိတ်ဝမ်း၊ ငိုက်မျည်းသမ်းမျှ၊ ကြုံကျွမ်းတူအင်၊ သို့ပင်ယွင်းချွတ်၊ ပျက်ဘိတတ်ခဲ့၊ မမှတ်စသာ၊ ကြီကာဆိုထုံး၊ ယုကျုံးမရ၊ ခုမှကဲးလွန်၊ မယ်ဖြစ်ဟန်ကို၊ မချန် မြွက်ကြား၊ မြတ်ဘုရားအား၊ ဦးဖျားထိပ်ပြင်၊ လက်စုံပင်တည့်၊ ကြည်လင် ဆုညွှန်း၊ယှိပန်းမိဌာန်၊ တိုင်ကြားပြန်မှ၊ မှန်ထုံသက်လုံး၊ ဆင်းမြဲကုံးသည်။ ။ လက်ရှုံးကိုသာကိုးမိသည်။

၃။ နှံသက်မှန်းကာ၊ ကြိုးသစ္စာနှင့်၊ မြဲဝါနန်းရန်၊ ထိုစတန်ကား၊ ထက်စွန်ရပ်သူ၊ သက်လှာမူလည်း၊ နိုင်ယူမခွ၊ မယ်ပသူသို့၊ မပို့ချစ်သက်၊ မယွင်းကွက်ဟု၊ မြဲချက်သမူ၊ သက်လုံးစုမှ၊ ယခုတမူ၊ မပြုသတိ၊ ယွင်းချွတ်ဘိရှဲ့၊ မျက်စိဆင်းရဲ၊ ဝမ်းကွဲးလှည့်ကာ၊ ကျွန်ုပ်သာလျှင်၊ မျက်နှာမရ၊ မိဘမျိုးအင်၊ ပြစ်တင်ထန်ပြင်း၊ မလွတ်လျှင်းခဲ့၊ ရှင်ရင်းကိုပ၊ မည်မျှသို့နား၊ မတိုင်ကြားသည်။ ။အများသိမည်စိုးဘိသည်။

**ဖော်ပြချက်။** ရဝေရှင်ထွေးကား နန်းတော်သူ-ဟု ပေါရာဏကထာ လိုက်၍ စွဲးမှတ်ကြသည်၊ ရေဝေရွာသူရှင်ထွေး ဖြစ်သည်၊ နေရပ်ဇာတိကို အမှတ်ပြု၍ ရေဝေသူ-ဟုခေါ်ဝေါ်ကြရာမှ ရေဝေ-မှ ရဝေ-ဖြစ်လာသည်၊နန်းတော်နိုက်နေရသူဖြစ်သောကြောင့်၊ ရဝေ-ဖြစ်ရမည်ဟု မူလ နေရပ်အမည် ရေဝေ-ကိုဖျောက်သကဲ့သို့ယှိလေ၏၊ ၎င်းရှင်ထွေးသည် ဖိုးသူတော်-ဦးမင်းနှင့် ဆွေမျိုးတော်သူ ဖြစ်သည်၊ အချို့က နှမတော်သည်, အချို့က တူမတော်သည်ဟု နတ်မောက်မြို့နယ် မြင်းစုကြီးရွာနေ သျှင်ကြီး, လူကြီးတို့ပြောသည်ကို မှတ်ခဲ့ဘူးသည်။

## * ၁၂၉-ရက္ခိုင်ဥက္ကာပျံဆို အိမ်ရှေ့မိဖုရားစောပြည်ညိုက ပေးသော ရတု ၃-ပိုဒ်

၁။ ဇေယျတု။ ။သိန်ကန်မိန်တွင်၊ ဆဲ့နှစ်ခွင်ကို၊ လွမ်းပင်စည်မြင့်၊ ကြာရှည် အကူး- တပေါင်းမင်းလွှင်၊ ရွက်ကြင်တောင် လေမြူးက-၊ ပြိုက်သွယ်နူးစီ-သွယ်ဖြာ၊ မတတ်သာချေ၊ ဤထွေထွေကို၊ ကြည့်လေသမျှ-သတည်း-၊ ပင်တိုင်းမှာ-ညှာရွက်ကြွေ၊ လေးပြင်းခတ်လှစ်၊ ပုရစ်ဆင်ဝေဝေနှင့်၊ ငှက်ရွှေမောင်နှံစုံ၊ နွဲ့းလည်ချင်းယှက်၊ ပန်းနုခက်ကို၊ ယူလျက်နှုတ်ဝယ်ငုံ၍၊ စာခွဲ့တုံ့ရှင်နှစ်ကိုယ်၊ တထူးထွေလာ၊ ဘာသာသုလို၊ မ-ကိုနှုတ်ဖြင့်-တို၍၊ ဤသို့ချစ်ဘွယ်ဆင်၊ ရာသီခွင်ဆယ့်နှစ်လမ်း၊ ငြိမ်းလိုအညီ၊ မိဂသီပင်၊ ရှေ့သိမြင်သော်၊ စက်ခွင်မရောင်ရမ်းခဲ့၊ ထောက်လှမ်းမစာနာ၊ ပညာ-အထု၊မြွက်သုကြည်မှန်၊ကြာလေဟန်မူ၊ သူရတန်မင်း၏သွေး၊ဒန်ရမာစာလီ၊ ဒူရဘီနှင့်၊ ချစ်ညီတူကြရေးကို၊ နှောက်မွှေမလျှောက်လို၊ နေသည်နှစ်ဆင့်၊ နှစ်ပွင့်စုံညီ၊ မမိရှေးအညိုတို့၊ ကျွန်းတောင်ညိုလောကဓာတ်၊ တိုင်းမဇ္ဈိမာ၊ ရင်းက ဖြာသည်၊ ရာဇာမျိုးရိုးမြတ်၏၊ ဆက်မပြတ် သိမ်းယူခံ၊ ဘီကအထက်၊ နွယ်မပျက်သည်၊ ကနက်ဖြန့်ကာစံ၏၊ ရှစ်ဘန်ပလ္လင်ရိုး၊ ဘိုးက-ဆက်ခံ၊ ဘ-နန်းစံသည်၊ နန်းရံတို့အမျိုးတည်း၊ ကတိုးအနံ့လို၊ သင်းပျံ့မွှေးကြိုင်၊ ရှစ်ရပ်လှိုင်သည်၊ မဏ္ဍိုင်ချက်မြုပ်သိုထက်၊ ပြည်နဂိုရ်ဝေသာလီ၊ ဓညနှစ်ခန်း၊ နှစ်ပြည်မြန်းသည်၊ ထီးနန်းအလီလီဘည်း၊ မျိုးသာကီစဉ်မပျက်၊ နှစ်ပေါင်းရှည်ကြာ၊ မဟာနွယ်ရိုး-တက်၏၊ မရှက်မနှောပြီ၊ ရှစ်သောင်းအချာ၊ ဆက်ကာစိုးစံ၊ နန်းရံမဲ့ဌာနီသို့၊ ရာသီမစွန်းခင်၊ အောင်စည်ရွန်း၍၊ စက်ပန်းဖြန့်စေချင်သည်။ ။နောက်ခွင်ကြာလွန်းစွတကားလည်း။

၂။ နောက်ခွင် ကြာလွန်း၊ ရာသီစွန်းလျှင်၊ ရစ်သန်းကာ-ရှစ်ဖြာအုံ့လာကြိုး၊ အာကာဘိမ်ညွတ်၊ ပြိုလတ်ဘိသွင်၊ မယ်ရှင်လက်ကိုမိုး၍၊ ကြောက်စနိုး-ညှိုးမျက်နှာ၊ လက်ရွှေဖြန့်ထား၊ သကြားကိုလျှောက်မှာ၏၊ တောင်ညာမပေ့ာ်သွား၊ နှစ်ပါးမောင်စုံ-၊ ဘုန်းရိပ်လှုံသည်၊ ပဒုံမာ-ကြာနံ့မွှေး၏၊ ချစ်ကြွေးမတင်ခင်၊ ဆဲ့သုံးနှစ်ဝယ်၊ ငယ်ရွယ်တိုးက- ပင်တည့်၊ ဘ-နတ်ရှင်လောင်းဘုရား၊ ခြားဝမ်းမကွဲ့၊ ရင်းချာမောင်နှစ်ပါးကို၊ ပေးမြားစုလျား တင်၊ လက်ထပ်ရေသွန်း၊ ဆဲ့နှစ်ခမ်းမူ၊ ထူးဆန်းသဘင်ဆင်၍၊ ချစ်ကြိုးမြှင်ခွေရစ်ပတ်၊ နဝရတ်စီ၊ သိင်္ဂီအိမ်ရွှေနတ်နှင့်၊ စိန်ခြယ်သတ် အထယ်တွင်၊ မောင်းမများမြောင်၊တထောင်မက၊စံကြတိုးကိုပင်တည်း၊သုံးနှစ်ဝင်ရာသီမှာ၊

ကုလားနေပြန်၊ သူရတန်က၊ အားအန်ပြုတုန်းလှာ၍၊ ဥန်ဘဏ္ဍာဆက်-မသွင်း၊ ဥပရာဇ်ရှင်၊ မဲ့ထိပ်တင်ကို၊ အလျှင်ချီစေလျင်းဟု၊ သောင်းတွင်းဇမ္ဗူပိုင်၊ အာဏာမိန့်မြွက်၊ ဘ-မင်းနတ်က၊ အမတ်တထောင်၊ မျှားမြောင်လွှံကိုယ်နှင့်၊ တောင်မလျှိုင်ပြိုကမန်း၊ ဆင်မြင်းစစ်ခြေ၊ ပွဲတင်ဝေသည်၊ ဤမြေသိမ့်သိမ့်ကြမ်းမျှ၊ နန်းအိမ်ရွှေသခင်၊ နံတော်ကမူ၊ စတူရပတ်၊ နက္ခတ်အထွန်း၊ ကျိုးကန်းတာရာ၊ ဟသ်ာအထွတ်၊ စစ်တက်ချီသည် လျှင်တည့်၊ နောက်ခွင်မောက်သူဇာ၊ ခရိုင်တလွှား၊အပိုင်စားသည်၊ စကားသုံးကြိမ်ကြာခဲ့၊ တောင်တာကိုချင့်တွက်ပြန်၊ မယ်တို့စံမြန်း၊ ရွှေဘုံနန်းနှင့်၊ ဂဏန်းသချာ၊ ယူဇနာမူ၊နဝံ ါ-ဒသမှန်၏-၊လျှင်မြန်-ပြန်စေကြောင်း၊ဆုတောင်းဆုယူ၊သိမ့်သိဂ္ဂုဆူသည်၊ ရှင်လူများအပေါင်းတည်း-၊နန်းလောင်း-မွဲ့သခင်၊ အောင်ပန်းစိုက်ထောင်၊ ဘုန်းခေါင်ပြန့်စေချင်သည်။ ။လျှောက်တင်ဂါ ပန်းစွတကားလည်း။

၃။ လျှောက်တင်ခါပန်း၊ ရာသီဆန်းလျှင်၊ နန်းအောင်မြေ-၊ ဆဲ့နှစ်တွေရစ်သန်းမြှုး၊ မောက်သူဇာသည်၊ ဒါကာ-ဆိပ်ကမ်းဦးမှာ-၊ ကျေးဇူးဂုဏ်ရှစ်တန်၊ အမတ်လိမ္မာ၊ ထိုမြို့ရွာတွင်၊ အာဏာဘုံးခဲ့ပြန်မှ-၊ ပြောင်ဆဒ္ဒန်မာတင်ဂိုး၊ ထွက်လျှင်မပြန်၊ မလှန်-တို့မင်းမျိုးတည်း-၊ ဆိုးကောင်း ၂-ပါးတွင်၊ ရိပ်ခြည်အပြင်၊ သက်ခင်-သိရင်းပင်ဟု-၊ ပညာလျှင်ထိန်းအုပ်မှ၊ မြို့ပြကျေးရွာ၊ သာယာစည်ကားလှ၏-၊ မင်းယောက်ကျားမမှတာ၊ ပညာမဲ့နက်၊ညာဏ်ကစက်သော်၊ပြည်ထက်မထားရာတည့်-၊ ရေးကျမ်းလာ-ထုံးစံဟောင်း၊ ကျိုးကြောင်းသိပြန်၊ ဘွဲ့မွန်အမတ်ကောင်းကို-၊ နောက်တကြောင်းကုလားရွာ၊ အပိုင်အပ်ပြီး၊ စစ်သူကြီးဟု၊ စောထီးထားခဲ့မှာ၏-၊ဘ- ရာဇာမိန့်တော်မြွက်၊ ဦးထိပ်ရွက်ပန်၊ နန်းရံဒွိမ်ရွှေနတ်ကို-၊ရိုညွတ်လျှောက်ထားတင်၊ရာသီပြောင်း၍၊ မိုးနှောင်းဝါလ၊ ဆောင်းအစအကူးတွင်နှိုက်-၊ မျှားဖျင်စစ်ဗိုလ်ခြေ၊ ထိုမြေတဝက်၊ လွှံထားခဲ့စေဟု၊ မြောက်လေဖြူးလှာလျှင်၊ ဘ-မင်းမိန့်ချက်၊ ဦးထက်ပန်ရွက်ဆင်၍-၊ရွှေလာလျှင်-နောက်လည်းကောင်း၊ လုံးပေါင်းရှုမြော်၊ ညာဏ်တော် သာအကြောင်းတည့်-၊ မင်းလောင်းဥပရာ၊ ကြည်းရေတင်းကျမ်း၊ မြစ်လမ်းနှစ်ဘက်မှာလည်း၊ နေ့မချာအထပ်ထပ်၊ ရက်စပ်စေကျွန်၊ ရောက်လှာပြန်သော်၊ အမှန်မယုံလတ်ခဲ့-၊ နောက်ရပ်ပိုင်သခင်၊ ဟေမန်အကျူး၊ ရဲမှူးစစ်မြေအောင်မြင်သည်။ ။ရောက်ထင်ကြာနန်းက- တကားလည်း။

**စကားချပ်။** [ဤကား ရတ္တိုင်ပညာရှိ ဥကာပျံ့ဆို ရတုစာပေနှိုက် ရတ္တိုင်ဆို လင်္ကိုင်ရေးအတိုင်းဖြစ်သည်၊ အကြောင်းမူကား ရတ္တိုင်ပြည်ဝေသင်္သီ

ကျောက်လှေကားမြို့နိုက်စိုးစံတော်မူသဝ်စူဠတဉ္ဇနဲ့ယားမင်း၏ သားတော်သီရိဘဥ္ဇနယာ အိမ်ရှေ့မင်းသည် ဇနောက်ကုလားပြည်သို့ စစ်ချီသည်ကာလ အိမ်ရှေ့မိဖုရားစောပြည်ညိုကပေးသော မောင်ဘွဲ့အလွမ်းရတုဖြစ်သည်၊ ရက္ခိုင်မြို့သူမများဆိုပြသည်ကို နားတောင်ရာ အသံတမျိုးဝိုသံပါနှင့်ဖြစ်လေသည်၊တမျိုးနားထောင်ကောင်းပါပေသည်။

၎င်းရတုသည် ဒုတိယတွဲမှာပါပြီးဖြစ်သည်၊ ဤပဌမတွဲနိုက်တစဉ်ထည်းပြည့်စုံရန်ပြောင်းထည့်လိုက်သည် ]။

---

## * ၁၃၀-အိမ်ရှေ့မိဖုရားစောပြည်ညို ရတုအလိုက် ဝက်မစွတ်မြို့စား မဟာသီရိစည်သူဆို ရတု၃-ပိုဒ်

၁။ သိန်ကန်ကုန်ပြီ၊ ပုဏ္ဏမိဟု၊ ရာသီဥ္ဂင်နေ-ကဏ္ဏာကူး-၊တပေါင်းတောင်လေ၊ လွှဲ့ခြွေရွက်ညွန့်ဖူး-က-၊ ပြိုက်ညွတ်နူးစီယိုသွယ်၊ ပုရစ်ဖူးငုံ၊ မြိုင်ရဂုံမှာ၊ မောင်စုံငှက်မိမယ်တို့-၊ သက်ချင်းလှယ်- ပျော်နှစ်လို့၊စာခွံ့တောင်သင်၊ တရှင်ရှင်သည်၊ လည်တင်နှုတ်ဖြင့်တို့၍-၊ လူမှာသို့တပြိုင်ပင်၊ မိဂသီလိဝ်၊ မိုးညွန့်ထိဝ်မှ၊ နှင်းရိပ်ရတုရင်က-၊ စက်ရာဥ္ဂင်ဆိုယောင်မှား၊ သူရဒန်သွေး၊ ချစ်ကြွေးချကာ၊ ဒံရမာစာလီ၊ ဒရဘီနတ်-အလားနှင့်-၊ ပျော်ဟန်များကို၊ ထွေပြား-မလျောက်လို၊ နေအသန္တိန်၊ နှစ်ပွင့်ချိန်သည်၊ဘုမိန်မြတ်- နှစ်ကိုယ်တိ-၊ဆွေညိုပြန်မပြောင်း၊ ဆဲ့ခြောက်ခရိုင်၊ဘုမဏ္ဍိုင်ကို၊ စိုးပိုင်ကနက်ဆောင်း၍၊ဘိတော်ပေါင်း- ဘေးလောင်းလျှာ၊ ဘိုးက-မနော၊ ဘ-မင်းစောတို့၊ သဘောစက်စဉ်လာသား-၊ ပလ္လင်ရတနာ-ရှစ်ဌာန၊ ဓညဝတီ၊ မော်ကွန်းချီသည်၊ ဝေသာလီနန်း-မထက်-၊ သာကီယရှစ်သောင်းဆွေ၊ အုပ်စည်းမပျက်၊ သည်ကိုတွက်၍၊ မုန်းလျက်-မပိုင်နေရှင့်-၊ရန့်မြစ်ချေ-ပယ်သင်ချိုး၊ ကတိုးနွံ့လှိုင်၊ သင်းကြိုင်ကြိုင်သည်၊ ဆော်ပြိုင်ပဍ္ဍင်နှိုး၍၊ နတ်ရှင်နိုးခါ ဆိုဘွယ်၊ မယ်တို့စံနေ၊ နန်းရပ်မြေသို့၊ ပြန်စေရောက်စိမ့်ရွယ်သည်။ ။စစ်ဝယ်ကြာလွန်းစွတကားလည်း။

၂။ စစ်ဝယ်ကြာစွ၊ ဆောင်းဦးကသည်၊ ဂိမှမိုးဝသန်-၊ ရာသီပြန်ကကျူး၊ မြကုံးပွင့်ခိုင်၊ ရှစ်ရပ်ဆိုင်၍၊ ပြိုယိုင်တော့-မူးမူးတိ-၊ သကြားနတ်မူး-တင်ပန်ထွာ၊ လက်ရွှေဖြန့်မိုး၊ ကြောက်လန့်စိုးသည်၊ ထစ်ကြိုးပြင်းထန်စွာ၏၊ နန်းတောင်ညာမဟေသီ၊ ရင်ရွှေတော်နှစ်၊ အစုံဖြစ်၍၊ မောင်ချစ်နှမပီရှင့်-၊ကုမ္ဘာရီမကတတ်၊ ဆဲ့သုံးနှစ်သာ၊ ယယ်ပြန်လျာကို၊ မင်္ဂလာ-အမှတ်

ဖြင့်-၊နေမျိုးနတ်-လောင်းသခင်၊ ဆဲ့နှစ်ခမ်းစုံ၊ ရွှေနန်းဘုံဝယ်၊ ဝတ်ရုံစုလျှား
တင်၍-၊ ရေသွန်းသဘင်လက်ထပ်နှင်း၊ကေသရပျို၊ ကူထွက်စံသည်၊ဘုန်းလျှံ
ဒိမ်မွှေ့မင်းနှင့်-၊ စိန်ပိုးဝင်းမြရိပ်မြို့၊ မိဿံတထောင်၊ ရံရွှေမြှောင်နှင့်၊ ကြာ
ညောင်သလွန်ဘုံဝယ်-၊ သုံးနှစ်ရုံ-ပျော်ကြမြူးဦး၊ သူရဒန်မည်၊ကုလားပြည်က၊
မှန်းရည်မာန်ရစ်ပြု၍-၊ ကျော်လွန်ကျူးမိ-ထိပါးကာ၊ သစ္စာရိုးရိုး၊ မန္တီ
ကျိုးသည်၊ အားကိုး-အနှံပြုလာသော်-၊ဥပရာနန်းရန်ထား၊မတ်တထောင်နေ၊
မောင်ချိလေဟု၊ မိန့်ရွှေတော်ခွန်ကြားက-၊ ကြည်းအား-ရေအား-ခေါ်ဘဏ်၊
ပတ်ပတ်စတု၊ ရောရုစီဖြာ၊ကျိုးတာရာနှင့်၊ ဟသ်ာပြိုင်ညီသား-၊ ခါတော်တီထိ၊
နက္ခတ်စုတ်-မရေတွက်နိုင်၊လှံ့ကိုင်မူ လှိုင်းပြိုင်-မြစ်သမုဒ်သို့-၊တခုယုတ်ယူဇာ၊
ဆယ့်နှစ်ခန့်လောက်၊ ခရီးထောက်ကို၊ ထုတ်ချောက်လျှင်မြန်စွာဖြင့်-၊
မောက်သူဇာသည်၊ ဒါကာမြို့တလွှား၊ ဘဝါးတော်ကျွန်၊ ဆန်မလွန်သည်၊
တုတ်ခွန်ပိုင်ယူစား၍-၊စက်စဉ်လျှား-ဗိုးစံပယ်၊စကြာကွန့်မှုန်း၊ မိုးသို့ချုန်း၍၊
ရွှေဘုန်းဖြိုးမောက်ကယ်သည်။ ။နှစ်ကြွယ်ခါကျူး-လတကားလည်း။

၃။ နှစ်ကြွယ်ခါကျူး၊ရာသီကူး၍-လျှောက်ဦးတင်၊ဆဲ့နှစ်ခွင်ဝိုက်ကာမြူး၊
နဒီပြင်သာ၊ မောက်သူဇာသည်၊ ဒါကာ-ဆိပ်ကမ်းဦးနှိုက်-၊ ဂုဏ်ကျေးဇူး-
အင်ရှစ်တန်၊ မျိုးကောင်းဇာတိ၊ ကျိုးကြောင်းသိသည်၊ မတ်ကြီးစွမ်းရည်
အန်ကို-၊ ခန့်ထားရန်-ဆော်ဘန်နှီး၊ ချက်တိုင်းရွယ်မှန်၊ စွယ်မပြန်သည်၊
ဆက်ဒန်ဆင်ဖြူမျိုးတိ-၊ မြတ်ယုတ်ရိုးနှစ်ပါးတွင်၊ ကျေးဇူးနှင့်သော်၊ လျှော်
မလျှော်ကို၊ သိတော်မူရင်းပင်ရှင့်-၊ ပညာဆင်ခြင်-ကျယ်နက်လေး၊ မကျ
ကြက်ပုံ၊တက်ဖြိုးလျှံသည်၊ နိုင်ငံတော်ပြည်ရေးလည်း၊မရှုပ်မထွေး-ငြိမ်းဧးစွာ၊
ထဲးနက်မမြော်၊ ကျွန်သရော်ကို၊ ပြည်ပေါ်မထားရာခဲ့၊ ထုံးစဉ်လာ-စာတော်
ဟောင်း၊ ရေးခြားတတ်ပွန်၊ ပြည်ကြီးဝန်ကို၊ ချက်သွန်ပြန်မပြောင်းတိ-၊
မှူးရည်ကောင်း မတ်လိမ္မာ၊ ကုလားတို့ရပ်၊ သံပိုင်းထပ်၍၊ တိုင်းကွပ်တင်
ပေရာသား-၊ထွေတော်သာ-မိန့်မှာရင်း၊ ဦးထိပ်ရွက်ပန်၊ တင်လျှောက်ပြန်၍၊
နန်းရန်အောင်သည်မင်းလျှင်-၊ စစ်စ-တင်းလင်းမယှိစေ၊ တပ်ပေါင်းရဲမက်၊
ဗိုလ်လှံ့ကို၊ တဝက်ခွဲးခဲ့ဝေ၍-၊ ထိုတွင်စောင့်နေ-ခန့်ထားမှ၊ ထက်တိုက်
လုံးလျှောင်း၊ အရည်ကောင်းသော်၊ ရွေးနှောင်းနှစ်ပါး-ရဏ်၊ အကြောင်း
မူလ-ညာဏ်တော်သာ၊ ဘ-မင်းဘုန်းစည်၊ အာဏာနှည်၍၊ ကျည်းပြည်ဌါန်း
မျက်နှာကို၊ လှံတင်ဆောက်ကာအကြွင်းမဲ့-၊ လွှမ်းရိုက်ဇမ္ဗူ၊ ယှိတိုင်းဟူ၍၊
ပြန်တော်မူခဲ့လော-၊ မေတ္တာရစ်သွဲ့-မယ်တို့ဝယ်၊ ကျွန်ယုံတင့်ရည်း၊ စေက

တည်းကို၊ရေလည်းလက်သာညောင်းကာ၊ ကြာနန်းလယ်သည်။ ။ရစ်သွယ်ပြာ ရှန်းမြတကားလည်း။

**စကားချပ်။** [ဤရတုအဆိုအတိုင်း ဇေယျဝတီပြည်နှိက် ဝေသာလီကျောက်လှေကား မြို့ယှိသည်၊ ယင်းသည့်ကျောက်လှေကားမြို့ကို အချို့ကျောက်တံခါးမြို့ဟူ၍လည်း ခေါ်ကြသည်၊ ဝေသာလီမြို့, ကျောက်တံခါးမြို့ ဟူ၍လည်း ခွဲ၍ခေါ်ကြသည်ကို ကြားရသည်။

အပိုဒ် ၁-မှာ ရက္ခိုင်ဥက္ကာပျံက ဒန်ရမာစာလီ-ဒှုရဘီဟု ဆိုသည်၊ မဟာစည်သူက ဒံရမာစာလီ-ဒရဘီ ဟု ဆိုသည်၊ အပိုဒ် ၂-မှာ ဥက္ကာပျံက-သူရတန်ဆိုသည်၊ မဟာသီရိ စည်သူက သူရဒန်-ဆိုသည်၊ ရက္ခိုင်က-တဝမ်းပူကို-ဒခွေးသံ ဖတ်သည်စွဲ၍ ဒန်-ဟု ရေးခြင်းသည်ကား ရက္ခိုင်သံပါအောင် သုံးခြင်းဖြစ်ဟန်တူသည်။

ဒါကာ-မောက်သူဇာ-ကား ဒါကာတမြို့, မောက်သူဇာတမြို့ ဖြစ်မည်လားမသိ၊ သက္ကရာဇ် ၁၁၀၆-ခုနှစ်၊ ပဌမကုလားကြီး တက်သောအခါ ပေးကြသော ရာဇသံနှိက် ဒါကာမောက်သူဇာ-ဟူ၍ ပါယှိလေသည်။

ဝေသာလီမြို့ယှိသည့် ဟူ၍လည်း ပြောကြ၏၊ ၎င်းဝေသာလီ-ခေါ်ခြင်းမှာ ဝေသာလီမြို့ ကသည်းမင်းဆွေ စိုးမျိုးတို့နေရာဖြစ်သောကြောင့် ဝေသာလီ-ခေါ်ကြောင်းပြောကြသည်၊ ဇေယျဝတီမင်းက ဝေသာလီကို တိုက်ရာ ကသည်းမင်းသားများကို သိမ်းရုံးဆောင်ခဲ့၍ နေရာချထားရာ အရပ်ကို ဝေသာလီမြို့ သမုတ်ကြောင်း ပြောကြသည်၊ အချို့ ရက္ခိုင်ပြည်-ကသည်းဟူ၍၎င်း, ပုံဏ္ဏားဟူ၍၎င်း အမှတ်ပြုကြရကား ၎င်းဝေသာလီမြို့သား ဖြစ်ကြ၏၊ စေ့ငုလျှင် အစအန-ပေါ်စရာ ယှိလိမ့်ဦးမည်။]

## ၁၃၁-ဇင်းမယ်မိးဖုရားဆို ကျေးစေရတုပိုဒ်စုံ

၁။ ဟေမဝန်မှာ၊ တောသာတခန်း၊ တောင်ထောင့်ယွန်းနှိက်၊ သိုက်နန်းဗိမာန်၊ ဥမှာသွန်၍၊ ဘုန်းဝန်သနင်း၊ မွေး၍ပြင်းသား၊ တတ်ခြင်းနားဝင်၊ လူမှုကျင်သည်၊ မြသွင်ကိုယ်မွေး၊ စိန်ပြည်ကျေး။ ။ခြားဝေးမြေရှည်၊ တရပ်ပြည်ကို၊ ဘေ့နည်လုပ်ကြီ၊ ခန့်တိုင်းနွဲ့၍၊ မယ်ထံဘုံနန်း၊ ရွှေမြို့ယွန်းသို့၊ စခန်းလှည့်ချိ၊ ပြန်လေပြီဟု၊ မိုးသိတိမ်တွင်း၊ လေကိုချဉ်း၍၊ လျင်ပြင်းသွားလေ၊ လျှောက်နှင့်ချေလော့၊ မြတေပထွန်း၊ ဘုံရွှေနန်းဝယ်၊ ဘက်ကျွန်းစံထင်၊ နောင်သခင်မှု၊ ဘူးချင်းသံပျောင်း၊ မှိအုန်းလျောင်းသည်။ ။ညောင်စောင်းကျက်သရေဝယ်သောဝ်။

၂။ ဝေဇယန္တာ၊ နန်းသာတုလွတ်၊ ဘုံများတွတ်ဟု၊ သုဒဿန၊ နာမ
တွင်သည်၊ သကြားတည်သား၊ အမည်လွှမ်းရှိန်၊ တာဝတိန်နှင့်၊ နှိုင်းချိန်ပြိုင်
ဆွယ်၊ ရွှေဇင်းမယ်သို့၊ မှတ်ရွယ်တူရူ၊ ပုံလေမူကား၊ သဲဖြူပေါ်ထွန်း၊ ပြင်
သာကျွန်းနှင့်၊ ရစ်သန်းမြလား၊ သံလွင်နားဝယ်၊ ပန်းအားဖြေရုံ၊နားပြီးတုံမှ၊
သဲပုံပုထိုး၊ သုံးလုမျိုးကို၊ညွှတ်ကျိုးကော်ရော်၊ ပူဇော်ခဲ့လျှင်း၊ တည်ဥ္ဖတွင်းမှ၊
မလင်းမိခင်၊ သောက်ရောင်ထင်က၊ စောစောထ၍၊ ဌာနမင်းနေ၊ ဘုံရွှေမြေ
သို့၊ ညနေချမ်းမှန်၊ ရောက်လေတန်၏၊ သဝန်ခွေစာ၊ ဆက်လိုက်ရာကား၊
သဒ္ဒါအစစ်၊ အာနိနှစ်တွင်၊ မြခြည်တင်သို့၊ အသွင်နတ်လောင်း၊ ရှုမညောင်း
သည်။ ။ရောင်ကောင်းညက်ထရွှေဝယ်သော၀်။

၃။ စေတမန်သာ၊ သဝန်စာနှင့်၊ ပျူငှါသံမြ၊ မောင်နှုတ်ကလျှင်၊ ဥွန်းမျှ
မကျန်၊မှာတိုင်းပြန်လော့၊ နောင်စွန်ဘွားမြင်၊ မိသခင်၏၊ လေးပင်သာပျော်၊
ငယ်မည်တော်ကို၊ ထုတ်ဖော်မရက်၊ စုံမက်လှည့်ကာ၊ ကြံရာကြံမြန်၊ မိုးသို့ဝန်
မျှ၊ ရွက်ဟန်ထူးခြား၊ စကားဖြူညက်၊ မဥ္ဇူခက်ကို၊ ဆက်လိုက်သော်လည်း၊
ရှင်ပျော်နှစ်ခြိုက်၊ မီးရောင်မြိုက်မူ၊ ဦးနှိုက်စံပယ်၊ မဆင်ဘွယ်ဟု၊ ဘုန်းကြွယ်
တုလွှတ်၊ စွယ်တော်မြတ်ကို၊ ရည်မှတ်ရည်ထင်၊ ပူဇော်တင်၍၊ သာရှင်သံ
ညောင်း၊ ပြည့်ဆုတောင်းသည်။ ။နောင်နှောင်းဘက်မကွေရွယ်သော၀်။

## ၁၃၂-ရက္ခိုင်မြို့သူမိညိုဆို ရတုသုံးပိုဒ်

၁။ တောင်တွင်မြင့်မိုရ်၊ ကျွန်ုပ်ဆိုသား၊ ရေညိုရစ်သန်း၊ ရံလျက်ဝန်း၍၊
လေးကျွန်းအလယ်၊ လေးသွယ်ခြည်ရောင်၊ တပြောင်ပြောင်လျှင်၊ ဘုန်းခေါင်
အထွဋ်၊ သုံးလုနတ်တို့၊ မဥ္ဇတ်မေတ္တာ၊ ဘိဓမ္မာကို၊ မှန်စွာအခေါင်၊ ကြား
လွှမ့်ဆောင်သည်။ ။တောင်တွင်မြင့်မိုရ်သာတကား။

၂။ စည်တွင်ပဟိုရ်၊ ကျွန်ုပ်ဆိုသား၊ ခါကိုသိစေ၊ ရှစ်ကြိမ်နေဖြင့်၊ ချက်
ရေမရွေ၊ တီးမလွေကား၊ ညဥ့်နေ့နာရီ၊ ခြောက်ဆယ်စီလျှင်၊ ချက်ချိလှည့်
ကျူး၊ ညဦးသန်းခေါင်၊ သောက်ရောင်မိုးသောက်၊ မွန်းတည့်ရောက်က၊
ဝမ်းမြောက်ရှင်လန်း၊ လူ့ရဟန်းတို့၊ ထက်ဝန်းဘူးမြင်၊ သိစီရင်သည်။ ။
စည်တွင်ပဟိုရ်သာတကား။

၃။ နန်းတွင်မိညို၊ ကျွန်ုပ်ဆိုသား၊ မှောင်ကိုပယ်လင်း၊ သိမီးဝင်းသို့၊
သတင်းငါးမည်၊ သီလတည်လျက်၊ လှရည်ညက်လေး၊ ပြေး၍မဆို၊ သုကို

နှိပ်စက်၊ မာန်မတွက်တည့်၊ ဗှန်တက်ပညာ၊ လက်ာရေတု၊ ဆိုမှုရွှရွှ၊ ကြားက စိတ်ဝမ်း၊ သုနားချမ်းလိမ့်၊ စွဲးလမ်းထိုတွင်၊ တောင်နှယ်ထင်သည်။ ။ နန်းတွင်မိညိုသာတကား။

## ၁၃၃-အင်းဝမြို့သူမိဖြူဆို ရတုသုံးပိုဒ်

၁။ ကျွန်းတွင်ဇမ္ဗူ၊ ကျွန်ုပ်ဟူသား၊ သောင်းယူဇနာ၊ အောင်မြေချာနှိုက်၊ မဟာဗောဓိ၊ တုမယှိသည်၊ သီရိမြဲတော၊ သုံးညာဏ်ထွေဖြိုင့်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာက၊ စသည်မန္တာတ်၊ စက္ကဝတ်တို့၊ မချွတ်ကေန်၊ ဖြစ်မြဲးမှန်သား၊ နိဗ္ဗာန်တူရှု၊ ကူးသောသူလည်း၊ ရှေး၎ှုလေရာ၊ တိုကျွန်းသာလျှင်၊ ဆိပ်ညာဖြောင့်တန်း၊ မကောက်ယွန်းသည်။ ။ကျွန်းတွင်ဇမ္ဗူသာတကား။

၂။ ပန်းတွင်မဥ္ဇူ၊ ကျွန်ုပ်ဟူသား၊ လိုင်ကြူနံ့သာ၊ ဂန္ဓမာဟု၊ တောင်သာထိပ်ပြင်၊ လိုဏ်မျက်ရှင်နှိုက်၊ ရာဇင်အချင့်၊ ဖြူးဖြူးမြိုင့်သည်၊ မြနှင့်နှိုင်းအင်၊ ထိုသစ်ပင်ကို၊ မြင်လျှင်မချွတ်၊ အာရုဏ်မှတ်၍၊ မပြတ်လူပင်၊ ဖန်စီရင်သို့၊ မြေပြင်ကျယ်ဝန်း၊ ညွတ်ရှေ့ရွှန်းသည်။ ။ပန်းတွင်မဥ္ဇူသာတကား။

၂။ နန်းတွင်မိဖြူ၊ ကျွန်ုပ်ဟူသား၊ ကြီးဟူပညာ၊ ဥစ္စာရည်သွား၊ မျိုးမည်အားနှင့်၊ သားလည်းစုံအင်၊ ကြယ်သို့ထင်လျက်၊ မြင်မြင်သမျှ၊ သိပ္ပခေါင်ထွတ်၊ တတ်ပါစေချည်း၊ ဘွဲ့နည်းကဗျာ၊ လက်ာရတု၊ သိုမှုရွှရွှ၊ ကြားကပြေပျစ်၊ ကညစ်ငုံချွန်း၊ ရေးသူပန်းလိမ္မာ၊ ရွှေနန်းစံတင်၊ ဘက်မမြင်သည်။ ။ နန်းတွင်မိဖြူသာတကား။

## ၁၃၄-မုတ္တမမြို့သူ တလိုင်းမိန်းမငယ် မမင်းအောင် တမ်းတသောသံတော်ခံရာဇာနုဇ္ဈဆို ကျေးစေရတုပိုဒ်စုံ

၁။ ဇေယျတု၊ တခုမြဲတွင်၊ သခင်နှစ်လို့၊ ပင်စိမ်းညို့သား၊ မွန်တို့ဘာသာ၊တတ်မြောက်စွာသည်၊မြန်မာမကျွမ်း၊ကျေးမှုထမ်း။ ။အလွမ်းယှက်ကူး၊ နဲးတြူးစရဟန်၊ကရွှန်-ဟုကုမောင်း၊ သောင်းမျှဗိုလ်ပါ၊ချိလေရာဝယ်၊အာပ-သေည်ညီ၊ ဦးဖြင့်ထိလေ၌၊ သီရိကြက်သရေ၊ ဒေဝါဓယ၊ သိန်းတန်မြဲဝယ်၊ လွတ်ပသွတ်ချ၊ တူတကွဟု၊ လဟန်ကလောတေ့၊ တစေ့စေ့သည်။ ။ အောက်မေ့မြင်တော်မူလိမ့်မည်။

၂။ ယခုညပင်၊ လွမ်းလှသောအား၊ မတန့်နားမျှ၊ ဇယားမည်ဟူ၊ ဝါဂ ရူမှ၊ ဟို့ရှဋ္ဌယ်နီ၊ တပ်တော်ချီလိမ့်၊ လမ်းစီမှတ်ရော်၊ ကနက်ထော်လျှင်၊ ပေါ်အာရဟူးလေယာဉ်ယူလေ့၊ ကြင်သူသက်မျှ၊ တလသ-ငွိအွယ်၊ တ-လေ ဘွယ်ခွဲ၊ မယ်လည်းငယ်သေး၊ လူရေးမပွန်၊ စောသွန့်သနန်၊ ဒရင်ဟန် မောင်းရ၊ ဖြစ်သမျှကို၊ တောင်လှယှက်ကွေ့၊ လျှောက်သရွေ့သည်။ ။နောက် ရွှေဆင်တော်မှူလိမ့်မည်။

၃။ မပြုသချင်၊ ကိုယ်ကိုပင်တည့်၊ မရှင်သမ္ဘို၊ ဟို့တသုမုတ်၊ စိတ်ရှုတ် သမ်းမို့၊ ဟို့တရိ-ကလိုင်၊ ပိုင်သူစစ်မြေ၊ ချီရလေဟု၊ သွတ်လေဟို့ကျား၊ သနားချစ်စိတ်၊ တွိတ်လေဟို့လိန်၊ အစိန္တေယျော်၊ ခါတ်မွေတော်ဝယ်၊ နှောင်း မြော်မယ်ထူး၊ ကိုယ်တိုင်ဖူးချို့၊ ကြည်နူးပန့်ထွာ၊ အွန္တရာပွဲး၊ ကွဲးသင့်းအာ ရ၊ ဦးချခါခါ၊ ဆုပန်ပါဟု၊ ကျေးဝါထပ်လှောက်၊ နားတော်လျှောက်သည်။ ထောက်ရွှေကြင်တော်မှုလိမ့်မည်။

**စကားချပ်။** ။[ဤကား အမရပူရ ပဥ္စမမြို့တည်နန်းတည် ဗိုးတော်မင်းတရားကြီး ဘုရားဖေါ်သားတော်အိမ်ရှေ့မင်းသည် သက္ကရာဇ်၁၁၄၇-ခုနှစ်၊ထက်ငယ်မြို့ သို့စစ်ချီတော်မူရာ မုတ္တမမြို့သူတလိုင်းမိန်းမငယ် မမင်းအောင်က ဆိုမြည် တမ်းတ လွမ်းဆွတ်သည်အကြောင်းကိုဖွဲ့သော ဝါဂရူမြို့တွင် သံတော်ခံ ရာဇာနန္ဒကစီကုံးရေးသား၍လက်စွဲးတော်ခေါင်း-မောင်မိုးသို့အပ်၍အိမ်ရှေ့ ဘုရားထံသို့ စေလွှတ်ဆက်သရသောမောင်ဖွဲ့ကျေးစေရတု-ပိုဒ်စုံဖြစ်သည်၊ မင်းတုန်းမင်းတရားကြီးညီတော် အိမ်ရှေ့မင်းထံပါးနိုက်မြဲးရသော အိမ်ရှေ့ ဝန်မင်း ဦးသင်ထံယိုးပုရပိုက်မှရေးကူးယူသောမူအတိုင်းဖြစ်သည်၊ ၎င်းရတု ဒုတိယတွဲမှာ ထည့်ပြီးဖြစ်သည်၊ ဤပဥ္စမတွဲးနိုက် တစဉ်ထည်းပြည့်စုံရန် ပြောင်းထည့်လိုက်သည်။]

အဘိဓာန်

| | တလိုင်းဘာသာ | မြန်မာပြန်ချက် |
|---|---|---|
| (၁) | နဲ့းတြူးစရဟန် | အချစ်အကြင်သခင်လင်။ |
| | ကရွန့်ဟု-ကုမောင်း | အတူကြာကြာမနေလိုက်ရပါ။ |
| | အာပသေည့်ညီ | သွား၍လျှောက်ပါချေ။ |
| | ဒေဝါဓယ | မြသိန်းတန်ဘုရားသကြားတံဆိပ်။ |
| | လွတ်ပသွတ်ချ | သစ္စာထားသောစကား။ |
| | လဟန်ကလောတေ့ | ရှေးကပန်ခဲ့သောသစ္စာဟောင်း။ |

| တလိုင်းဘာသာ | မြန်မာပြန်ချက် |
| --- | --- |
| (၂) ဇယား-ဝါဂရူ | ဇယားမြို့-ဝါဂရူမြို့၊ |
| ဟို့ရျှဋ္ဌယ်နို | မုတ္တမမြို့က-များများမဝေးသေးဘူး။ |
| ကနက်ထေဝ် | ရွှေကျေးငှက်။ |
| ပေါ်အာရဟူ | ပျံပါတည့်ချေစေလိုက်သည်။ |
| တလသင့်အွယ် | အကျွန်ုပ်အိမ်သူ-သခင်လင်။ |
| စောသွန်သနန် | ဆွဲငါးနှစ်ယွယ်မျှယိုသေးသည်။ |
| ဒရင်ဟန်မောင်းရ | ငိုလို့သာနေရပါတော့သည်။ |
| (၃) ဟို့တသုမုတ် | မျက်နှာချေမှမလိမ်းနိုင်ပြီ။ |
| ဟို့တရိ-ကလိုင် | ဆီမှမလိမ်းနိုင်ပြီ။ |
| သွတ်လေဟို့ကျား | ခေါင်းမှမဖီးနိုင်ပါ။ |
| တွိတ်လေဟို့လိန်။ | အိပ်လို့မပျော်နိုင်ပြီ။ |
| အွတ္တရာပွဲး။— | ဘေးအန္တရာယ်ကင်းငြိမ်းပါစေ။ |
| ကွဲးသပွဲးအာရ။ — | ရန်အပေါင်းကင်းစင်ပါစေ၊ |

**စစ်ကိုင်းမြို့တည် နောင်တော် မင်းတရားကြီး လက်ထက်**
**သာသနာပြုဆရာတော်-ခင်ကြီးပျော် မှတ်သားသည်**
**ကျမ်းပေါင်းစုထွက် တန်းနိုးကြီးဘုရား ၂၈-ဆူ**
**တွင်သိကြားမင်း ချထားလှာသည့်**
**သိကြားတံဆိပ် အမည်**

| သိကြားတံဆိပ် | ဘုရားဘွဲ့တော် |
| --- | --- |
| ၁။ အာသောမာဝ | ပေါက်ကန်ရွှေစည်းခုံဘုရား။ |
| ၂။ တာဝဂုဏံ | ပေါက်ကန်ဆံတော်ရှင်ဘုရား။ |
| ၃။ သသိသေ | ပန်းရရွှေစည်းခုံဘုရား။ |
| ၄။ သုခါဝဟံ | အင်းဝရွှေစည်းခုံဘုရား။ |
| ၅။ သမ္ဗုဒ္ဓေယျ | အညာသီဟတောဘုရား။ |
| ၆။ ဗောမိစိန္တာ | ရွှေစာရံဘုရား။[မြစ်ငယ်။] |
| ၇။ ဥမ္မာဝမ္ပဲး | ရွှေမင်းဝံတောင်ဘုရား။ |
| ၈။ ဝိရူဟောန္တာ | ရွှေသာလျောင်းဘုရား။[ကျောက်ဆည်။] |
| ၉။ ဥဝမာနိ | ရွှေယင်းမြွှင်ဘုရား။ |
| ၁၀။ ဝဝဇာဂံ | ပခန်းစေတီရှင်ဘုရား။ |

| | |
|---|---|
| ၁၁။ ထိထမစဲ | ကွံးရွာရွှေတန့်တစ်ဘုရား၊ |
| ၁၂။ ပုညခေတ္တ | လယ်ကိုင်းကျောင်းတော်ရာဘုရား။ |
| ၁၃။ ကေဋ္ဌာပထ | အထက်စက်တော်ရာဘုရား။ |
| ၁၄။ နန္ဒဂုဏ | အောက်စက်တော်ရာဘုရား။ |
| ၁၅။ သုသုနာဂံ | ပြေဆံတော်ဘုရား။ |
| ၁၆။ ဗောဓိသေဋ္ဌ | တောင်ငွမြတ်စောညီနောင်ဘုရား။ |
| ၁၇။ ဗောဓိစိန္တော | ရွှေတိဂုံဘုရား။ [ရန်ကုန်မြို့။] |
| ၁၈။ ဝရကန | ရွှေမော်တောဘုရား။ [ပဲခိုးမြို့။] |
| ၁၉။ အဟံဗန္ဓော | ကျိုက်ပွန်ဘုရား။ [ပဲခိုးမြို့] |
| ၂၀။ စဘကသ | ကျိုက္ခမီဘုရား။ |
| ၂၁။ ဌအမချာ | ကျိုက်ဌသိရိုးဘုရား။ |
| ၂၂။ ဒေဝါဒယ | မုတ္တမ-မြသိန်းတံဘုရား။ |
| ၂၃။ စေအာမသော | ဇင်းချိုက်ဘုရား။ |
| ၂၄။ အစိမ္ဗန္တယျ | ဇင်းမယ်မြို့ရွှေလဘုံးဘုရား။ |
| ၂၅။ မံမာဟိုဟ | တရုတ်ပြည်စွယ်တော်။ |
| ၂၆။ ဝေမာဟ | ယိုးဒယားမြို့စေတီ။ |
| ၂၇။ မွံသွံသုသွံ | ထက်ဝယ်မြို့ဆံတော်ရှင်ဘုရား |
| ၂၈။ ဗုဒ္ဓဂုဏ | ရခိုင်ဘုရားကြီး မဟာမြတ်မုနိ။ |

ဤကား သိကြားမင်းအက္ခရာတံဆိပ်ချမှတ်သောဘုရားများဖြစ်သတည်း။

---

## ၁၃၅-ဇင်းမယ်ဘုရင်ငယ်ဆို သာလိကာစေ ရတုသုံးပိုဒ်

၁။ နတ်ကနှင်းလာ၊ ခြေသန္တာနှင့်၊ နီလာမြီးတောင်၊ ကိုယ်လုံးပြောင်လျက်၊ အာဘောင်ဇော်တ၊ နားလှရွှေစင်၊ မျက်ရှင်စိဝန်း၊ ကြည့်တိုင်းရွှန်းသည်၊ နှုတ်စွန်းလျှံဝါ၊ သာလိကာ။

သည်မှာစစ်မြေ၊ မြောက်လေထန်ပြင်း၊ ကျနှင်းဝေလူ၊ မိုးနှောင်းကူ၍၊ မည်သူမရှည်၊ ချမ်းသည်ဖြစ်လား၊ ကြောင်းခြင်းများကို၊ လျှောက်ကြားနက်တန်၊ ပျံလေစိမ့်မည်၊ မွေးဘရည်လျက်၊ ချစ်ကြည်မေတ္တာ၊ သဝဏ်စာနှင့်၊ စေလွှာမောင်ကို၊ ရောက်မည်ဆိုလိမ့်၊ မွှယ်ပျို့ဘုန်းယှိ၊ နောင်မွေးမိသည်။ ။ မျက်စိမျှော်နေနှင့်လိမ့်မည်။

၂။ ထွတ်မြဆင်းဝါ၊ ကျင့်ဘွယ်သာတိ၊ လည်မှာအမြဲးရစ်ပတ်ဆွဲလျက်၊ ရဲးသူပိုက်ခြို၊ မလိုရှင်ကျွမ်း၊ နောင့်တူချမ်းလိမ့်၊ ထပ်လှမ်းထည်များ၊ တွေတွေခြားလျက်၊ ပျံ့ရှားကြိုင်မြဲး၊ ပန်းကြဲးပတ်ကုံး၊ မွှေရာအုံးဝယ်၊ သွေးဆုံးပျိုနု၊ စံနတ်တုမူ၊ ယေသူဘာသာ၊ တရံခါမှူ၊ မကွာလှည့်ချင်၊ ရွှေမွှမ်းဖြင့်နှင့်၊ မြန်လျှင်စေသား၊ ဆုများဆောက်တည်၊ ရည်မြွက်လက်အုပ်၊ လှခေါင်ချုပ်သည်။ ။လွှမ်းရုပ်တထွေဆင်လိမ့်မည်။

၃။ တတ်လှခြင်းရာ၊ နှုတ်သံသာနှင့်၊ လိမ်မာတက်ဖျား၊ သားစကားကို၊ ကြားလျှင်ဘန်ဘန်၊ မေးထပ်ပြန်လိမ့်၊ ယမန်ကပင်၊ သံလွင်ကူးမြောက်၊ လမ်းစဉ်ရောက်လည်း၊ အာသောက်မုန်သွင်၊ရဲးဘော်ဆင်နှင့်၊ ဘူးချင်ခွေရစ်၊ လွမ်းသည်ဖြစ်ကို၊ သားချစ်ညိုလဲ့၊ ကြွင်းမဲ့သိကြောင်း၊ ညိုနွဲ့နှောင်းမူ၊ မှိုလျှောင်းလည်းလျက်၊ သသီထက်ဝယ်၊ ကြာရက်ချိုရေ၊ မျှသိစေဟု၊ လိမ်းရွှေကိုယ်မှာ၊ လေသာပန်းနှံ့၊ ပျံ့စိမ့်တညီ၊ ယေချီထိန်းယ၊ မစပဲ့ပြင်၊ ဘန်စီရင်လည်း၊ မဆင်လှည့်လို၊ ဆင်းရွယ်ပျိုသည်။ ။နောင်ကိုရောက်စေလွယ်လိမ့်မည်။

---

## ၁၃၆-ဝဲးနိုးသကြီဆို မယ်ဘွဲ့ရတုသုံးပိုဒ်

၁။ ယနေ့ခုသာ၊ ဆန်းတွေလာစွ၊ အာကာတိမ်ဆိုင်း၊ မှန်တိုင်းမင်းလွင်၊ လေဝန်းဆင်၍၊ ကောင်းကင်ပတ်လည်၊ ရွာသည်ဖွဲနှံ့၊ မြေသင်းပျံ့က၊ မခံ့လွှမ်းစိုး၊ ညှိုးလှည့်ရာတွင်၊ ဖြူပြာမဆံ၊ ကျီးမောင်နှံ့လျှင်၊မြည်သံသာလေး၊ ပျံ့ဝေးမကွန့်၊ မြူးလွန့်အသာ၊ မိုးရေခါလျက်၊ မြက်နှာရွှေရှု၊ တူရှုတဘော်၊ ဖြုတ်ခြည်းမြော်က၊ ရှင်ပျော်ကောင်းမည်၊ ထီးနှင့်စည်ဟု၊ မှတ်တည်ကြံခိုး၊ စိတ်ဝမ်းပြိုးသည်။ ။သာနိုးကမ့်ကော်ပွင့်ခါသောဝ်။

၂။ မမေ့မှုရှာ၊ မှန်ဘွေရာသော်၊ ကျမ်းလာတိတ်ထိုး၊ လိုးစုံသို့ချည်း၊ ကောင်းသည်ပည်း၏၊ ပုံနည်းမှတ်ပိုက်၊ အောက်မေ့ကြိုက်ဝယ်၊ မကိုင့်ဗောင်းကြီး၊ ထီးနှင့်စလွယ်၊ လှေဝယ်ပဲ့ပေါင်း၊ ကွမ်းလောင်းကွမ်းလိပ်၊ ဖူးထိပ်ရွှေမျက်၊ ကျိုင်းခက်ဆင်စွယ်၊ အုံ့ဘွယ်စီရင်၊ သန်လျှင်ဓာလဲး၊ တင်မြဲးထူးဆန်း၊ ခုနစ်ဝန်းနှင့်၊ ရှင်လမ်းစမှာယ်၊ နောင်နှင့်မယ်မူ၊ ရှိရွယ်တူပြိုင်၊ နန်းမှီတိုင်ဝယ်၊ ခရိုင်သင်းသီး၊ ဖြိုးမျှလုလင်၊ ရွှေဖျင်သုံးရွယ်၊ တင့်တယ်ရံလျက်၊ အိမ်ငါးဆက်နိုက်၊ ရာသက်ကျော်ဖြိုး၊ နေရကြိုးသည်။ ။ရှာကြိုးလွှမ့်ဘော်လင့်စွာသောဝ်။

၃။ အခရှေ့ရှုခါ၊ ပန်းရွှေဝါနှင့်၊ အာကာတိမ်ဦး၊ နတ်မူးဒေဝါ၊ မိုးပါလေဘက်၊ တရက်မချာ၊ ဖြုတ်ခြည်းလာ၍၊ မြည်သာစကား၊ တိမ်ညွန့်ဖျားထက်၊ သနားဘွယ်လှ၊ နံနက်ထဝယ်၊ ဖိုမမောင်နှံ၊ မြည်သံမဆိတ်၊ နိမိတ်ကောင်းမြီး၊ ပြသည်ကျိုးကြောင့်၊ ကြီးအုံ့စည်းစိမ်၊ ငြိမ်အုံ့မချွတ်၊ မြတ်အုံ့သုထက်၊ နောင်မင်းသက်နှင့်၊ ငါးဆက်ရိပ်ငြိမ်၊ သာသည်အိမ်ဝယ်၊ တင်းတိမ်ကာသန်း၊ ယွန်းဆောင်ခန်းထက်၊ ထူးဆံန်းဘတိုင်၊ ရခိုင်သင်ဖြူး၊ ပဲးကူးမွေ့ရာ၊ ရွှေဝါဘုံးကြီး၊ ခင်းနှီးပေါ်ထပ်၊ ဖြည်းခံယပ်နှင့်၊ တင်သပ်ခြေတု၊ ရွှေတစုတို့၊ ပျော်မှုရှင်ဖြိုး၊ မည်မစိုးသည်။ ။ပြာမျိုးကျွမ်တော်နှင့်သာသော်။

---

## ၁၃၇-ရွှေဆင်းတုစာ မောင်ဘွဲ့ရတုသုံးပိုဒ်

၁။ လွယ်လွယ်ကူကူ၊ ချစ်မည်ဟူ၍၊ ဘုန်းတူပွင့်ရန်၊ မိန့်တော်ဟန်ကို၊ တုံ့ပြန်လော်လဲး၊ အလွန်ခဲးခွဲ၊ မင်းရဲးရန်ငူး၊ နန်းပွင့်ဘူးလျှင်၊ ကျေးဇူးတာရှည်၊ ခံစိမ့်မည်ဟု၊ ဝိုက်လည်ချီသာ၊ ပျားသကာသို့၊ သစ္စာကြိမ်တွယ်၊ အကယ်ကယ်လျှင်၊ ယုံဘွယ်လျှဉ်းအောင်၊ စာစောင်ခေါက်များ၊ သ-လှာငြားလည်း၊ နားမနာဝံ့၊ ကြောက်ရွံ့ခန့်ငြား၊ အရှင့်သားကို။ ။ပိုးဝါးကြီစည် တွေးသေးသည်။

၂။ ရွယ်ရွယ်ချူချူ၊ ကြိုက်သောဟူ၍၊ မျိုးတူအင်မျှ၊ ဆိုစကြသို့၊ နရဘုန်း၄န်၊ မိန့်တော်ဟန်ကို၊ လျှောက်ပြန်သေးအံ့၊ မဝံ့သည်ဖြစ်၊ အချစ်သွေ့သွေ့၊ လနှယ်ရွေ့မူ၊ တနေ့အသစ်၊ တနှစ်တပါး၊ ကွဲရှဲများချိမ့်၊ သနားမမည်၊ တလည်လည်လျှင်၊ လုပြည်ပွက်တွင်၊ ပြစ်တင်လွယ်ကူ၊ ဆိုသူကားပည်း၊ ငြိးမွမ်းနည်းခွဲ၊ ဒမည်းတော်ရင်း၊ လုမှန်ကင်းနှင့်၊ ထွန်းလင်းလျှံပတ်၊ ရှစ်သောင်းထွတ်လျှင်၊ နှုတ်လွှတ်သာပျော်၊ မိန့်တော်ပြတ်ပြတ်၊ ခွင့်မလွှတ်မူ၊ ကျွန်ဝတ်အသျှင်၊ ခဲ့အင်မောလှ၊ ယူမရတည့်၊ ကြောင့်ကြကြီးဘိ၊ မျက်စိဆင်းရဲး၊ ဝမ်းကွဲးလှည့်ကာ၊ ယိုယှာလတံ့၊ ကြင့်မလှုပ်၊ မေတ္တာရုပ်၍။ ။ကျွန်ုပ်အာရုံ မေးသေးသည်။

၃။ နွယ်နွယ်ယူယူ၊ ဇမ္ဗူကျွန်းချက်၊ မင်းဆက်တကာ၊ ပျော်ပိုက်ရာသို့၊ ငါလည်းထိုသွင်၊ မျိုးအင်မစစ်၊ အချစ်တာရှည်၊ မြဲးတော့မည်ဟု၊ ယုံကြည်လျှဉ်းအောင်၊ လက်ဆောင်ထွေလှာ၊ သဝန်စာနှင့်၊ နန်းလျှာရန်ငူး၊ လှည့်ပတ်ဖြူးလည်း၊ ကိုယ်ထူးမွဲမှာ၊ မချစ်သာခွဲ၊ မေတ္တာခဲကို၊ ဝမ်းထဲးယိုမူ၊ မွေးမိမယ်တော်၊ မျိုးဘော်အရင်း၊ အစ်မမင်းကို၊ သံညှင်းမြွက်ဟ၊ မိန့်ပါမှလျှင်၊

တူကွမကွာ၊ ပျော်ရပါအံ့၊ စကြာမင်းသွေး၊ သက်လုံးပေး၍၊ ဂုဏ်ကျေးဇူးတော်၊ ခံရသော်လည်း၊ သာပျော်ကြည်လင်၊ သို့ပင်အချစ်၊ ရှည်သော်ဖြစ်ချိမ့်၊ ကြာနှစ်မြင့်ဆန်း၊ အကျွန်းကျွန်းလျှင်၊ မည်မှန်းမသိ၊ ယိုရှာလတ့်၊ ဆည်းငုံ့ထောက်ထား၊ ရှင်မင်းသားကို။ ။စကားတာရှည်သွေးသေးသည်။

## ၁၃၈-မင်းသားမောင်ရှင်ဆို မယ်ဘွဲ့ရတုပိုဒ်စုံ

၁။ သက်နှင့်မျှမည်၊ မခွတဆံ၊ မြီးမှန်ကြ၍၊ ရွှေစံဒွေစိုင်၊ တောင်နှယ်ခိုင်လျှက်၊ ယိမ်းယိုင်မညွတ်၊ တည့်တည့်မတ်သား၊ ချစ်တွတ်တင့်တင့်၊ မျက်ပွင့်ရိပ်မြို၊ ရှုတုံပျော်ပိုက်၊ လည်နိုက်ယုယ၊ ဆင်ရလျှင်းအောင်၊ ရည်ဆောင်ဝမ်းက၊ မှတ်သည်စကို၊ တွက်ဆရေကျုံး၊ ရက်ကိုရှုံးသော်၊ ရာသုံးဆယ့်ခြောက်၊ ပြန်ခေါက်ပြောင်းလည်း၊ အလွမ်းသည်းခဲ့၊ သက်ကြည်းမေတ္တာ၊ မောင်သစ္စာသည်။ ။သက်သာဆက်ဆောင်ဖြစ်တော့သည်။

၂။ ရက်မြင့်လရှည်၊ လှစံတည်ကို၊ လျှောက်သည်နှင့်ပင်၊ မြင့်ကြာတင်ခဲ့၊ ရွှေစင်နှုတ်မိန့်၊ လေမသိန့်တည့်၊ ထိန့်ထိန့်ဟိုရုံး၊ လိုတုံးကိုထား၊ ထသွားရှောင်လွှဲ၊ နေမြဲမတန်၊ မျက်တော်ပြန်သည်၊ စိုးရန်ညွှတ်ခ၊ ထိန်းယယုံကျွန်၊ ဘန်ဘန်ကြိမ်များ၊ မပွားဆင့်ထပ်၊ တပ်တပ်မည်၊ လွန်ခြိုးခြံ၍၊ တွေသံလျှောက်တည့်၊ ရိပ်ခြည်ကြည့်လည်း၊ မျက်လှည့်မူးလည်၊ ရက်ရှည်ကြူးပြောင်း၊ ချမ်းဆောင်းဟေမ၊ သံဝါကြွခဲ့၊ များလှတောင်တာ၊ လင့်လျက်ကြာသည်။ ။ရက်သာတွက်ယောင်စစ်တော့သည်။

၃။ စက်ဖြင့်ကြွလည်၊ အပြည်ပြည်ကို၊ ဘွေနည်တူရှည့်၊ လှည့်လည်ကြည့်လည်း၊ မည်သည့်ရပ်မှာ၊ မယိုရာတည့်၊ ငါးဖြာကြန်နှင့်၊ ခြောက်ပြစ်လွင့်ကို၊ ဆင်သင့်ထိုက်သည်၊ မွတ်ကြည်ပြာလဲ့၊ ယိမ်းနွဲ့ခေါက်ညွတ်၊ လျှောက်မှတ်ပျံ့ရှား၊ ရွှေနားမတင်၊ သို့စင်ခက်လျော်၊ ယိုငြားသော်လည်း၊ ကျီးမျှော်မြင်ထွေ၊ လွမ်းလေလေတိ၊ ချာဇွေထွင့်ခေါင်၊ ဘုံခြောက်ဆောင်ဝယ်၊ သုံးမြောင်ရံပတ်၊ လှများနတ်၏၊ ပျော်မှတ်စံရာ၊ နန်းသခါသည်။ ။စက်သာရှက်မြောင်ရစ်တော့သည်။

## ၁၃၉-ဇင်းမယ်ဘုရင်ငယ်ဆို ကျေးစေရတုသုံးပိုဒ်

၁။ ညွှတ်ခလျှောက်လေ၊ မှတ်နားခွေလော့၊ လှနေတင့်ဆုံး၊ နတ်တို့ကုံးသည်၊ ကိုယ်လုံးမှုတေ၊ မြနန်းနေသည်၊ တတ်ထွေပညာ၊ ကျေးတကာဝယ်၊ ရာဇာသူဝ၊ စံဧကလျှင်၊ ပျံ့ကြွလေကြောင်း၊ မြို့ကျိုင်တောင်းက၊ တပေါင်း

ဆန်းတက်၊ ဘယ်နှစ်ရက်ကို၊ ကြင်သက်ရှင်မောင်၊ ရန်မျိုးအောင်၍၊ ရွှေတောင်ရွှေနန်း၊ ရွှေယွန်းရပ်သာ၊ ပြည်အောင်ချာသို့၊ စကြာရွှေရည်၊ ပြန်ရောက်မည်ကို၊ တိမ်ခြည်ကောင်းကင်၊ လွန်းခြေလျှင်သည်။ ။သံလွင်မြစ်တဘက်ကသော်။

၂။ နတ်မျှကြောက်လေ၊ တွေ့တိုင်းကြေလျက်၊ လက်ခြေမဆံ့၊ကြားတိုင်းအံ့သား၊ အလွှမ့်ရန်မျိုး၊ ထန်းသီးချိုးသို့၊ ရှုံစိုးနှစ်ဘန်၊ နောက်မလှန်တည့်၊ မိုင်းခန်စိန်ပြည်၊ ဥတည်ရပ်သား၊ ဝပ်ကာတွားလျက်၊ မတ်သားမိုးညွှတ်၊ စန္ဒြနတ်လည်း၊ ကိုယ်လွှတ်ပြေးသက်၊ မြို့ကထွက်၍၊ ကြောက်မက်ဘွယ်ပေ၊ ရှုံလှမလေ၏၊ သပြေတလှစ်၊ချိုး၍ပစ်သို့၊ ဘုန်းသစ်ရင့်သန်၊ ထိုတမ်းခွန်လျှင်၊ ကြောက်ဝှန်သံချေ၊ မိန့်လိုက်ပေက၊ စုံနေသာရှင်၊ မိသခင်နှင့်၊ လည်တွင်ပြန့်ပျူး၊ ဆွဲးရစ်ကျူးသည်၊ သားဦးလွမ်းကျင်၊ ဘခင်သက်မျှ၊ မွေးချစ်ဘကို၊ ဝေးကစိတ်တွင်၊ ရေးရေးထင်လျက်၊ မြိုပြင်လိမ္မာ၊ ကြင်ဘွယ်သာတည့်၊ စစ်တာဝေးမြေ၊ ကြားရပေကား၊ တိမ်ခြေကောင်းကင်၊ငှက်အသွင်သို့၊ ရောက်ချင်လှထွေ၊ လွမ်းစိတ်ခွေသည်။ ။စွေ့ရေခန့်မတွက်ဆသောဝ်။

၃။ ဆွတ်မျှမြောက်လေ၊ သိမ်းခဲ့ကြွေက၊ ဝေးမြေရပ်ထူး၊ မရောက်ဘူးသည့်၊ မိုးဒူးသိန်းနီ၊ ကျော်ညီလွှမ့်ကြား၊ ကိုင်းမားတခွင်၊ဝန်ဆင်ရောက်တိုင်၊ ဘုန်းနံ့လှိုင်က၊ မပြိုင်နိုင်းထောက်၊ ကြွေလင့်ပျောက်သား၊ ရွှေနောက်ထက်ဝန်း၊ ရဲပန်းကြိုင်ဖေး၊ ကျွန်းလုံးမွှေးမျှ၊ နီးဝေးရှုံလည်၊ ယိုကြာရည်လျက်၊ စက်ခြည်လျှံဝင်း၊ တဝါတွင်းမျှ၊ ဆောင်းကြွင်းနွေစ၊ သာသည့်လဝယ်၊ များလှဖီသည်၊ ခေါ်ဘဏီနှင့်၊ ကြွချီးမြန်းရောက်၊ စခန်းထောက်ကို၊ လျှောက်သော်ရေပေါင်း၊ ရွှေနားညောင်းအုံ၊ လေကြောင်းပုံထွေ၊ ရောက်လှာပေသည်။ ။အောင်မြေကျွန်းအချက်ကသော်။

---

## ၁၄၀-ဘကြီးတော်ဘုရားအင်းဝမြို့မှ အမရပူရမြို့သို့ ဘောင်တော်နှင့်ချီတော်မူရာ လင်းတငှက်သည် အစာချီ၍ဘောင်တော်ဦး၊မှာချသည်ကိုဘွဲ့သော နန္ဒမိတ်ကျော်သူဆက်လျှောက် ရတုပိုဒ်စုံ

၁။ လွှတ်ကျွမ်းစံရာ၊ ဝတိသ်ာဘ်၊ စူဠာမုနိ၊ မြတ်ဘုန်းယိုကို၊ နတ်မိဘုရား၊ မင်းလေးပါးနှင့်၊ သိကြားကိုယ်တော်၊ ထွက်ဖူးမြော်သို့၊ နှုန်းသော်ပမာ၊

တို့ထိပ်ချာသည်၊ ရတနာပူရ၊ ရွှေအင်းဝက၊ နေလအသွင်၊ ဆံတော်ရှင်ကို၊ ထီးတင်ဘော့မည်၊ ဖြန့်ခဲ့သည်တွင်၊ ရွှေရည်ပြောင်ပြောင်၊ မြစ်လုံးလောင်မျှ၊ ရွှေဘောင်သိင်္ဂီ၊ ရွှေတောင်သိကြ၊ ကိုက်ချီအစာ၊ ပျံလင့်လှာ၍၊ စကြာတော်စ၊ ရွှေလင်းတသည်။ ။တိတ်ပြရောက်ပါပြီဘုရား။

၂။ ထွတ်ခွန်းလျှံဖြာ၊ မင်းဝံချာ၌၊ တေဇာဘုန်းမီး၊ မင်းခေါင်ကြီးဝယ်၊ ဝေးနိုးပျံရာ၊ နန်းတော်မှာလျှင်၊ ညောင်းညာနိုးလှ၊ နားကာမျှကို၊ ဒေသပိုင်းထား၊ သိုဟန်ဘွားဖြင့်၊ သည်းချားကညာ၊ ရောက်ဖူးပါရှင့်၊ ခုမှာတမူ၊ အစာယူ၍၊ ဆင်ဖြူများရှင်၊ ဘောင်ဦးပြင်ထက်၊ ရွှေစင်လင်းတ၊ ချီလိုက်ချသော်၊ ဒီပအလုံး၊ ရွှေစက်ဖုံးအုံ၊ ညွှတ်ရုံးစုပြီး၊ ဦးတည်ကြီးလည်း၊ သွီးနွေညဆက်လှာသသည်။ ။စိတ်ချကြောက်ပါပြီဘုရား။

၃။ ညွှတ်ဝန်းရံကာ၊ ထံတော်မှာလျှင်၊ စကြာဘက်ယမ်း၊ မှူဘော်ထမ်း၍၊ ငြိမ်းချမ်းသုခ၊ ခံချင်လှဟု၊ ပြုဗ္ဗဝိဒေ၊ စိန့်နန်းနေသည်၊ သရေထွန်းညီး၊ မင်းသွီးနှင့်၊ ပြည်ကြီးရခိုင်၊ တပင်တိုင်ထက်၊ ယိမ်းယိုင်ပျော်ပါး၊ ယိုသူများတို့၊ စိတ်ထားသိလှ၊ နတ်မာဃလျှင်၊ လင်းတအယောင်၊ ဖန်ဆင်းဆောင်၍၊ ရွှေဘောင်တော်ဦး၊ ပျံလှာမြူးရှင့်၊ ကျေးဇူးတော်ဂုဏ်၊ လ-မှာယုန့်သို၊ တသုန်ကပ္ပ၊ တည်ထိုက်လှသည်။ ။ဒိဋ္ဌမြော်ကပါပြီဘုရား။

---

## ၁၄၁-ဇေယျနန္ဒမိတ်ဆိုစစ်ချီရတုပိုဒ်စုံမဏိဦးပြည်း တဆဲ့ငါးလုံးချနည်း

၁။ ရံလျက်ခွေ၍၊ ရဝေမြင့်ရှန်း၊ ဆင်ကွန်းအရွှေ၊ ချမ်းမြေ့သီတာ၊ ရံကာအနောက်၊ ပင်းယမြောက်ဝယ်၊ ချဉ်းဖောက်ရော၊ လကျာရစ်မြောင်၊ စစ်ကိုင်းတောင်နှင့်၊ နန်းဆောင်ရဝေ၊ မင်းဝံဗွေထက်၊ အောင်မြေရပ်စည်၊ ရွှေဝပြည်လျှင်၊ ထူးလည်ထွေလာ၊ ခုချိန်ခါကို၊ သာလှာလိမ့်လော၊ လွမ်းဘိုမောစွ၊ ကျော်စောဌန်းဝေ၊ သကြားဆွေဟု၊ ရေမြေပတ်ဝန်း၊ အကျွန်းကျွန်းကို၊ ဦးစွန်းပိုင်ခြင်း၊ စကြာမင်း၏၊ သံညွှင်းဖြန့်မြွက်၊ ဗျာဒိတ်နက်ကို၊ ဦးထက်ဆင်၍၊ ချီသည့်နွေက၊ အောက်မေ့ရှုတ၊ပြန်ချင်လှသည်။ ။ပုရအောင်ခင်း ရှေးမင်းဆက်နေ ဘုံရွှေသာလိမ့်မည်တမုံ့။

၂။ လျှံတက်စေ၍၊ ရဝေဆက်ရှင်၊ နန်းရွှေပြင်နိုက်၊ ဦးကင်သဆီ၊ ရွှေစေတီနှင့်၊ အာနီရောင်ဆင်၊ ထီးလိုင်ရှင်ဟု၊ အောင်မြင်ကျော်စော၊ မုဋ္ဌောမည်ခေါ်၊ ကူတော်လကျာ၊ ပတ်ခါဇိနေ၊ သက်တော်ရက၊ ရွှေဝစည်းခုံ၊ လုံးစုံ

မကွဲး၊ ယင်းရဲးကူဖြူ၊ လှိုင်ဆူဝှန်ချောက်၊ အုန်းပေါက်ပတ်ဝန်း၊ ရွှေနန်းရွှေမှာ၊ မြောက်ခတ်ပါဝယ်၊ ဟံသာတဝ၊ ဘုရားလှဟု၊ တောင့်တလျှင်ပြင်း၊ မောင်သက်နှင်းတို့၊ သတင်းကျွတ်ဆိ၊ တူရာသီကို၊ လှာပြီကြားက၊ ခရားပန်းပေါင်း၊ တကောင်းကြိုင်စွာ၊ သင်းမြူတာနှင့်၊ကလျာယှဉ်လှ၊ဟူသမျှသည်။ ။ လှူကြဆောင်နှင်း မွှေးသင်းစက်ချေ ထုံရေရွှာလိမ့်မည်တမုံ့။

၃။ နံ့သက်ဝေ၍၊ မသွေကြပြီ၊ ချစ်ချင်းညှိသည်၊ အာနိမုတ္တ၊ ဝလာဟနှင့်၊ ဖြူဆွကြည်လင်၊ ပုလဲးသွင်သို့၊ သခင်နောင်သက်၊ ငယ်ကျွမ်းဘက်ကို၊ လွမ်းလျက်ရေးရာ၊ စစ်ဖြေတာဝယ်၊ နေဝါလည်းရှိမ်း၊ ရေပေါက်သိမ်းက၊ ချမ်းငြိမ်းမြဝါ၊ ကမုတ်ကြာသို့၊ မျက်နှာရွှေစင်၊ မမြင်မချင်း၊ မျှော်တင်းဆိုခိုး၊ ရောက်နိုးနိုးနှင့်၊ လွမ်းမိုးထွေလာ၊ လက်ဆောင်စာကို၊ ထပ်ကာတားပြန်၊ ချစ်အားသန်၍၊ စုန်ဆန်သွားမြောက်၊ ကြည်းရေရောက်လည်း ၊ရွှေနောက်မြောက်တောင်၊ ကုန်အောင်နှံ့မျှ၊ စုန်ဆန်ရသည်။ ။ယူတနောင်မင်း မေးတင်းရက်ရေ စုံထွေမှာလိမ့်မည်တမုံ့။

---

## ၁၄၂-အဝမြို့ကိုဘွဲ့သော ဇေယျနန္ဒမိတ်ဆိုရတုပိုဒ်စုံ

၁။ ခုနစ်ခွေလျှင်၊ ရေနှင့်တောင်ထပ်၊ ချပ်၍ပတ်သား၊ ရန်ဖြတ်ငါးတန့်၊ မြင့်မိုရ်ညွန့်ဝယ်၊ ပတ်ဖြန့်ပြောင်ရှန်း၊ ဝေယန်ကွန်းသို့၊ ရွှေနန်းရွှေဘုံ၊ ရစ်ဆုံသီတာ၊ မကွာရာနှင့်၊ စမ္မာပန်းလောင်၊ ယဉ်ပြောင်ထပ်ဆင်း၊ ပြည့်လင်းရော၊ အညာဆန်တက်၊ ကြက်ယက်နှစ်တောင်၊ မြတ်မောင်နှစ်မ၊ ပုညတောင်စွန်း၊ သွန်းရရွှန်းတည့်၊ ရွှေနန်းရွှေဆီ၊ ရွှေစေတီနှင့်၊သရီစည်းခုံ၊ ထူပါရုံက၊ခြောက်စုံလျှံညီ၊မြတ်မုနိလည်း၊မိုးထိဘနန်း၊ဆယ်ရပ်ကျွန်းမျှ၊ ပတ်သန်းမမှောင်၊တပြောင်ပြောင်သည်။ ။ဖြာရောင်မထွန်း လှည့်လေလော။

၂။ ပုရစ်ဖြေစင်၊ တောဝန်းကျင်လည်း၊ မင်းလွင်ရှေးရှူ၊အဒူရရှုတိ၊ မဉ္ဇူသင်းဆဲး၊ ပေါက်လဲးကင်းငုံ၊ ရက်စုံလည်ယှက်၊ ကျေးငှက်ပြင်ယံ၊ စုံစုံစီနှင့်၊ ရွှေလျှံတောလုံး၊ အိုင်ထုံးမြစ်ခွင်၊ ကြည်စင်မြမြ၊ တပေါင်းကသည်၊ ရွှေဝမင်းနေ၊ သာစတွေကား၊ ကြည့်လေရာရာ၊ နတ်ခြောက်ရွာသို့၊ အတာသဘင်၊ ကဆုန်တွင်နှိုက်၊ ပြာစင်ညက်ဖြူ၊ ရွှေပြည်သူတို့၊ သင်းမြူကြိုင်စွာ၊ ရေနံ့သာဝယ်၊ ယင်းမာကွမ်းဖူး၊ စကားဦးနှင့်၊ ထွန်းမြူးလျှံမောင်း၊ မွှေတော်ပေါင်းကို၊ ပျံ့လှောင်းကြိုင်ရှင်း၊ နှုတ်သံညှင်းနှင့်၊ ပြန့်သင်းရည်စောင်၊ အခဆောင်ဆောင်သည်။ ။ခါညောင်မသွန်း လှည့်လေလော။

၃။ စုလစ်ရွှေစင်၊ တခဲးသွင်နှိုက်၊ စီဆင်ချယ်သား၊ ပတ္တမြားသို့၊ ရထားနတ်နန်း၊ နေနှယ်ထွန်းလျက်၊ ပြောင်ရှန်းလျှံဖြာ၊ လှေစကြာလည်း၊ အဝါရောင်လက်၊ မြစ်လုံးစက်မျှ၊ ကိုးမျက်မဥ္ဓူ၊ နန္ဒမူနှင့်၊ ဇမ္ဗူရည်ရှင်၊ ရွှေဥမှင်လည်း၊ ထက်ခွင်နတ်မှာ၊ သုဓမ္မာသို့၊ အာကာထိပ်စွန်း၊ ပျံဘနန်းထိ၊ ရံဝန်းဆိုင်းဆိုင်း၊စစ်ကိုင်းပင်းယ၊ သာမေဝံလှ၏၊နတ်လသဘင်၊ ရောက်ပြန်လျှင်လည်း၊ ဖျင်မျှအုံထပ်၊ ဘွဲ့အပ်မည်ပေး၊ ဆုံရေးတိုက်ဘက်၊ စွယ်ယှက်ခေါင်ခေါင်၊ ဆင်ပြောင်မုန်ရူး၊ နန်းရတုကို၊ ဇမ္ဗူ့သခင်၊ မရှင်တင့်တောင်း၊ ရန်ညောင်းပယ်နှံ့၊ သကြားစံသို့၊ မင်းဝံရွှေတောင်၊ မြို့ရန်အောင်သည်။ ။ သာခေါင်မကျွန်း လှည့်လေလော့။

---

## ၁၄၃-သျှင်သံကိုဆို စစ်ချီရတုသုံးပိုဒ်

၁။ နေနတ်ကသည်၊ ဆက်နွယ်ရှည်၍၊ ရွှေပြည်ရိမဒ်၊ ဘူမိရပ်ဝယ်၊ ကြာဝတ်ဆံသာ၊ ရိုးသန္တာနှင့်၊ သုံးထွာလုံးပတ်၊ ကိုးတောင်မြတ်ထက်၊ ချက်ထွင့်မဏိ၊ ထီးစန္ဒီနှင့်၊ သီရိပဝရ၊ တေဇကြီးမော၊ ပျူမင်းစောမှ၊ မနောခေါင်ချာ၊ ဆက်ကာမဝေး၊ ဘေး-လည်းမင်းကျော်၊ ဘိုးတော်နရ၊ဘ-လည်းနတ်တူ၊ဆင်ဖြူဆဒ္ဒန်၊ ဗိမာန်နှစ်နန်း၊ ရံဖြန့်မြန်း၍၊ ဖြူဝန်းဖြန့်ကာ၊ မယ်နှင့်သာလျှင်၊ ဗြဟ္မာသဟံ၊ ရေသွန်းခံရှင့်၊ ရှင်စံစုံမက်၊ သည်ကိုတွက်၍။ ။ မိုးလျက်မပိုင် နေတော့သည်။

၂။ ခွေပတ်မလည်၊ ထောင်ရောင်ခြည်ဖြင့်၊ သန်းနှည်မှောင်လွှဋ်၊ နေဝန်းတင့်သို့၊ မိမင့်တူတော်၊ ထွန်းပေါ်အာဏာ၊ ရာဇာခေါင်ထိ၊ ဦးရိုးသည်းချာ၊ ဘရာညွှန့်လူ၊ မင်းများတူလျှင်၊ ဇမ္ဗူတသွန်၊ ရန်ကိုအောင်မြင်၊ ရေးရာစင်လည်း၊ပျော်ရှင်လေလျက်၊ ဘယ်ကြင်ဘက်နှင့်၊ ချစ်သက်နှင်းခါ၊ ကြာလေသနှည်း၊ရေလည်းလက်သာ၊ ချိုးကာညောင်းဆန့်၊ပြန့်လွင့်ပျံ့ခဲ့၊နှုတ်သံ့အသွင်၊ တော်ရပ်ဆင်၍၊ လျှောက်လျှင်ယုံကြည်၊ ဆိုချေမည်ဟု၊ ဝိုက်လည်ထပ်ကြွယ်၊ အသွယ်သွယ်သည်။ ။တိမ်နှယ်ရှက်ဆိုင် ခွေတော့သည်။

၃။ ဝေမှတ်မျှရည်၊ ကြင်မြဲးသည်ကို၊ ကြွေးရှည်လနှစ်၊ စစ်ကိုရိုးမယ်၊ တော်သည့်နှယ်ပင်၊ယုံဘွယ်တီချည်း၊ နှုတ်ဝယ်ဖြည်းမျှ၊ ကျွန်လည်းအကြိုက်၊ ရှင်လိုလိုက်၍၊ ရွှေပိုက်နောက်လည်၊ မှာသည်နှင့်ပင်၊ အတင်အချေ၊ ကြေရခါခါ၊ မသိသာခဲ့၊ သံဝါသရစ်၊ ချောင်းမြစ်လျှံမွန်း၊ ရေပန်းပွင့်မျော၊ တောင်

တောညိုရှိပ်၊နတ်လည်းအိပ်က၊ သုံးထိပ်မှန်ကူ၊ မုဋ္ဌောဂူဝယ်၊ ဆုယူရည်ညွှန်၊ ကြည်စိတ်သန်၍၊ ပန်းမှန်ပုံကြွယ်၊ ရေးချယ်ဆီဆိုင်း၊ လှော်ရွှေနှိုင်းသည်။ ။ နေ့တိုင်းဆက်တိုင်း ဝေးတော့သည်။

---

## ၁၄၄-သျှင်သံကိုဆို စစ်ချီရတုသုံးပိုဒ်

၁။ လျှံဝင်းမညွှန်၊ ဖြန့်ရိပ်ဖွံ့နှင့်၊ ဇမ္ဗူပတ်ကုံး၊ မင်းအလုံးကို၊ စက်ဖုံးမြိုတေ၊ ဆင်ရွက်စေမှ၊ နန်းမြေဟံသာ၊ ပြန်ခဲ့လာသော်၊ အခါချိန့်ထောက်၊ တနန်းရောက်က၊ အဲးထောက်သီချင်း၊ စောင်းညှင်းနှဲးငြွေ၊ ကချေရုပ်နတ်၊ စည်ပတ်သံလွင်၊ ပဋ္ဌင်ဒုံမင်း၊ ခရုသင်းနှင့်၊ခွက်ကွင်းလက်မြှောက်၊ နန်းချင်းကောက်၍၊ အရောက်မဲ့ဆီ၊ တားထားပြီကို၊ ရစ်သီဗျာပါ၊ လင့်ရကြာဟု၊ ညိုပြာနွဲ့သွယ်၊ ဝမ်းနည်းဘွယ်ကြောင့်၊ သွယ်ဝယ်တို့ဖြစ်၊ ကျစ်လစ်ထွေထွေ၊ လျှောက်ပါစေလည်း၊ သက်ဝေငယ်ဘော်၊ ဆင်းစံလှော်သည်။ ။မျက်တော်ကဲး ပြန်ခဲ့ပြီလော။

၂။ စံကင်းရည်တူ၊ သာမျိုးဟူသား၊ မတူနှိုင်းလျော်၊ ဘဲးတရော်ဟု၊ တပ်တော်တဲးသာ၊ မယ်နေရာနှင့်၊ လက်သာလှမ်းမိ၊ ချင်ဘွယ်ရှိလည်း၊ ကြွမ်းဘိစုံမက်၊ တရေးစက်က၊ ပိုက်ဘက်ရင်ခွင်၊ နွဲ့းမှီတင်၍၊ သဘင်ရှုမျော်၊ ရိုက်တီးဆော်မှု၊ တပ်တော်ဒီတဲးသာ၊ လင့်ရကြာခဲ့၊ ဂိမ္ဘာသရစ်၊ ကာလဖြစ်လည်း၊ ချောင်းမြစ်တွေတွေ၊ မင်းလွင်ခြွေ၍၊ တောင်လေပြင်းထန်၊ ငါးကြင်းဆန်လျက်၊ ချစ်ရန်ဘော်နှင့်၊ ပင်နန်းမြင့်ထက်၊ ကျူးရင့်သာမော၊ မြည်လာစောသည်။ ။ဥသြနွဲ့းပြန်ခဲ့ပြီလော။

၃။ ရံလင်းကြည်ဖြူ၊ ရန်မျိုးဟူက၊ မှောင်မြူမစွန်း၊ မွဲမသန်းတည့်၊ ငယ်ပန်းသက်လှယ်၊ ဆွေသည်မယ်မူ၊ ယုံဘွယ်မဲ့ဘဲး၊ နှောင်မြဲခဲးလျှင်၊ စစ်ပွဲးမှာပင်၊ ကြာလေထင်ခဲ့၊ ဆင်ခြင်တရား၊ ချုပ်ဖြေထား၍၊ နည်းများဖြေဖျော်၊ နေစပျော်၏၊ ထူးခေါ်ကြားထောက်၊ မျှသာလောက်ကို၊ တုံ့ခေါက်ပြန်ပြန်၊ ချစ်အားသန့်၍၊ ယုံကျွန်အုပ်တွေ၊ များဘော်ရွှေနှင့်၊ ရဝေသာကျယ်၊ သလွန်လယ်ထက်၊ အိုးဝယ်နွမ်းမှို၊ လွမ်းပန်းသီ၍၊ ချချိအော်လဲး၊ ရောက်လာခဲးဟု၊ သမ်းမဲးကြာနှယ်၊ ယှိုလေဘွယ်ကြောင့်၊ မချယ်ဗျာပါ၊ နေလှည့်ရာဝယ်၊ မြိုင်သာဝန်းလည်၊ ရဂုံသည်မူ၊ ရွှေရည်မနှိုင်း၊ မြမြဆိုင်းသည်။ ။သင်တိုင်းလဲးပြန်ခဲ့ပြီလော။

---

## ၁၄၅-သျှင်သံကိုဆို စစ်ချီရတုပိုဒ်စုံ

၁။ နှစ်ဟူလုပြီ၊ ကြွေးခဲ့ချီသား၊ ရာသီဟေမ၊ ဆောင်းဝယ်ကလျှင်၊နွေလကျွန်းကျွန်း၊ မိုးစွန်းဝါလုံး၊ ပြီးလေတော့ဟန်၊ ပြန်ပြန်ဆိုလွမ်း၊ သို့စင်ကိုတမ်း၊ စစ်လမ်းသည့်နှယ်၊ မတင့်ဘွယ်လိမ့်၊ ရက်ကြွယ်မြင့်ကြာ၊ ရဲ့ဖိုလ်ပါလည်း၊ အိမ်ယာဆုံးဆ၊ တီးတုံးတလျက်၊ နရရန်နှည်၊ နန်းညွန့်စည်လျှင်၊ ပြန်မည်ထွေငေါ်၊ မိန့်တော်ပြတ်ပြတ်၊ မသိတတ်၍၊ ခွေပတ်ဗျာပါ၊ နေစဉ်ခါဝယ်၊တလှာတောတောင်၊ ၄က်မြည်ဆောင်သည်။ ။ဘိုးခေါင်သာလှာဘိတော့သည်။

၂။ မြစ်ဖြူရှုအီ၊ ယွယ်နုညီသား၊ ကေသီသွယ်နှစ်၊ စုလည်းသစ်နှင့်၊ ယဉ်ရစ်စဦး၊ ကြင်ချစ်နူးက၊ ရှင်မြူးနွဲ့အုံး၊မှီရုံးလက်တင်၊ ပြန်လျှင်မပြောင်း၊ ထုံပေါင်းမွှေးကြူ၊ နှုတ်မဥ္ဇူကို၊ ပန်တူနားဝယ်၊ ပျုံပျုံကြွယ်လျက်၊ မိမယ်ဘုန်းမြတ်၊ ခေါ်မှတ်မိယောင်၊ ကြိုင်မြနောင်သည်၊ ဝေးခေါင်မြေကြူး၊စစ်တဲးဦးနိုက်၊ ကိုယ်ထူးမတည်၊ ဘယ်သူသည်လျှင်၊ တူလည်ဆွဲးကာ၊ မနွဲ့ရာလိမ့်၊ လွမ်းစာရစ်ခွေ၊ ပေးဟန့်ထွေလည်း၊ ပြန်စေလျှင်အောင်၊ ညက်ကြည်ရောင်သည်။ ။နှိုးဆောင်မှာရှာဘိတော့သည်။

၃။ ချစ်သူသုဆီ၊ မှတ်ဘွယ်ပြီတည့်၊ ကုံးသီရစ်ခွေ၊ လကိုရေမူ၊ နှစ်ကျေလုနီး၊ ဝေးပြီးမြေတာ၊ မင်းရေးရာကြောင့်၊ ခွေကာခွေလင့်၊ ရွှေဘုန်းပွင့်၍၊ နှစ်မြင့်မဟူ၊ ပြန်လွယ်ကူလော့၊ အိမ်သူပျော်ပိုက်၊ ခေါ်ကြိုက်လှည့်ဖြား၊ သားလည်းစိတ်ချဉ်၊မယဉ်ဝေးစွာ၊ ဖင့်နှေးရှာလိမ့်၊ ရှေးခါစစ်တိုင်း၊သို့မနှိုင်းတည့်၊နန်းပိုင်းပွင့်ချိန်၊ ရဲ့နရိန်လျှင်၊ စက်ရှိန်လျှံညို၊ ပြန်မသိ၍၊ ဆောင်းတိနွေရှောင်၊ရက်ရှည်ခေါင်သည်။ ။မိုးဘောင်ကြာရာဘိတော့သည်။

---

## ၁၄၆-မင်းလက်ဝဲသုန္ဒြအမတ်ကြီးဆက် အလောင်းမင်းတရားကြီးရွှေဘုန်းတော်ဘွဲ့ရတုပိုဒ်စုံ

၁။ ရွှေဘုန်းတော်ရောင်၊ ပြည်ကုန်းဘောင်ဝယ်၊ အခေါင်ဓမ္မရာဇ်၊ နေတက်သစ်သို့၊ ကေရာဇ်တကာ၊မင်းတရာတို့၊ စကြာခြေဦး၊ ညွတ်လှာဖူးသည်၊ စိုးမှူးသပြေ၊ တိုင်းချက်ဇွေက၊ ဘုန်းတေဇာမြတ်၊ ကျွန်းကျွန်းပတ်၍၊ လူနတ်အောင်ဆု၊ ဇေယျတုနှင့်၊ ဇမ္ဗုသခင်၊ဆဒ္ဒန်ရှင်ဟု၊ ရာဇဝင်စောင်၊ သိုက်တိုင်းပြောင်လိမ့်၊ ကုန်းဘောင်ပြည်ကြီး၊ အောင်စည်တီးသည်။ ။ဘုန်းမီးနေစက်ခြည်ဘုရား။

၂။ နေနှုန်းလျှော်အောင်၊ ဘုန်းကျိုးဆောင်၍၊ ပြည်ထောင် တိုင်းကား၊ ရာတပါးလည်း၊ ဘဝါးစက်အောက်၊ခိုဝင်ရောက်၍၊မဖောက်သစ္စာ၊ဦးညွတ်လှာလျက်၊ ဒီပါခွန်စိုး၊ နေနန်းမျိုးလျှင်၊ တန်းခိုးကြက်သရေ၊ ထိန့်ထိန့်ဝေမျှ၊ ပရမေဘုန်းပွင့်၊ ကောင်းခေါင်ဆင့်၍၊ ရှည်မြင့်သက်တော်၊ ရာကကျော်လျက်၊ ဘုန်းတော်ကြီးမြင့်၊အောင်တြိုင့်နှင့်၊ နဝင့်းသာမျှို၊ ကိုတောင်ပို့သို့၊ နန်းမြို့စည်ပြီး၊ ဗျာဒိတ်ခြီးသည်။ ။နှုန်းကြီးထွေ မြွက်ကြည်ဘုရား။

၃။ ဇွဲကုန်းမော်ဘောင်၊ ဖြန့်မိုးဆောင်သား၊ ပြည်ထောင် တဗိုက်၊ ရှိဦးခိုက်က၊ မကိုဋ်တို့မှုး၊ ဘုန်းထူးသမ္ဘာ၊ လောင်းပွင့် လျှာလျှင်၊ ပြည်သာကြွင်နန်း၊ သိဃ်ာနန်းကုံ၊ ဘုန်းပွန်းပွင့်ဝေ၊ သိမ်းမြန်းလေက၊ အောင်ဇေယျာမှု၊ နန်းရတုနှင့်၊သမုတိမြတ်၊ လောကနတ်ဟု၊ မန္ဓာတ်နွယ်လာ၊ မျိုးဝိသာကို၊ ပြည်ရွာတိုင်းခြား၊ ရိုင်းပလ္လားရ၍၊ ဘဝါးစက်ရွှေ၊ မညွတ်နေက၊ ပရမေဘုန်းမီး၊ ကြံတိုင်းပြီးသည်။ ။ပြုံနန်းတီးကျေပျက်မည်ဘုရား။

## ၁၄၇-မင်းလက်ဝဲးသုန္ခြူအမတ်ကြီးဆက်အလောင်း မင်းတရားကြီး ဘုန်းတော်ဘွဲ့ ရတုပို့ဒ်စုံ

၁။ မြတ်စန်းငွေလို၊ယုဂန္ဓိုရ်က၊မှောင်ညိုလှစ်ပယ်၊ထွန်းသောနှယ်သို့၊ အုံ့ဘွယ်တူစွာ၊ ချိန်ဇေယျာတွင်၊ ဗြဟ္မာကျူးမြွက်၊ ရေပန်းဆက်၍ ၊ဘုန်းကြက်သရေ၊ တက်နေဆင့်လောင်း၊ ခါကောင်းသဘင်၊ သကြြန်ယင်လျက်၊ အောင်မင်္ဂလာ၊ တောင်ဒီပါဝယ်၊ သမ္ဘာတော်ဖြိုး၊ ဘုန်းသစ်နှိုး၍၊ ကောင်းကျိုးရှည်မြင့်၊ ဘုံဆင့်ကြွင်နန်း၊ စိုးပိုင်မြန်းသည်။ ။မြတ်စန်းရောင်လျှံလူဘုရား။

၂။ နတ်နန်းရွှေဘို၊ မြို့ရန်ပြိုကို၊ ရေညှိုရစ်သန်း၊ ရှုမခန်းအောင်၊ နန်းနန်းသခင်၊ ဘန်စီရင်၍၊ သောင်းခွင်သပြေ၊ ကြားလွှမ့်စေဟု၊ ပရမေဘုန်းရောင်၊ စိုးမိုးဆောင်က၊ ကုန်းဘောင်နန်းပွဲ၊ လွှန့်ကဲးထူးစွာ၊ တြင်းသာလျက်၊ အခါရေသွန်း၊ ဗြဟ္မာညွှန်း၍၊ နေဝန်းဆန်းကြွ၊ သော်တာလသို့၊ မင်းများဦးကိုင်၊ ညာနန်းပိုင်နှင့်၊ ဘုန်းလှိုင်ကြွင်နန်း၊ ဆင့်ဆင့်လန်းသည်။ ။နတ်နန်းရောင်မံတူဘုရား။

၃။ ပတ်သန်းရေညှို၊ မြို့ရွှေဘိုကို၊ ဗဟိုရ်နန်းမြင့်၊ ဘုန်းကျိုးပွင့်၍၊ သောင်းခွင့်ထိပ်မိုး၊ ဘိုးတော်ဘိုးလျှင်၊ တန်းခိုးလွှမ့်ကြား၊ လောင်းမင်းဖျားဟု၊ တိုင်းကားဇမ္ဗူ၊ သိမ်းတော်မူက၊ နတ်လူကျော်ကြွေး၊ ကောင်းချီးပေး

လျက်၊ ဘေးကြီးအခေါင်၊ ပြည်ထောင်မင်းမြတ်၊ ဘိုးနေနတ်လည်း၊ မန္တာတ်တဆူ၊ စိုးတော်မူ၍၊ ကျွန်းငုမြေခေပါ၊ ခမည်းတော်လည်း၊ တေဇော်ဘုန်းရောင်၊ သောင်းလုံးအောင်လျက်၊ ကုန်းဘောင်ကြွင့်နှန်း၊ ဆက်စဉ်မြန်းသည်။ ။ပတ်သန်းတောင်ဇမ္ဗူဘုရား။

---

## ၁၄၈-တရားသူကြီးမင်း၊လက်ဝဲသုန္ဒြအမတ်ကြီးဆက် အလောင်းမင်းတရားကြီး သကြွန်တော်ခေါ် ရတုပိုဒ်စုံ

၁။ ငွေစန်းလကျ်ာ၊ ဘန်စကြာနှင့်၊ ဒီပါလှည့်သန်း၊ ရောင်ပြိုင်ထွန်းသို့၊ ကျွန်းကျွန်းသခင်၊ ဆဒ္ဒန်ရှင်ကို၊ ထက်ခွင်ဝလာ၊ ဝတိသ်ာက၊ အခါနတ်ဆက်၊ ဆုကြီးမြွက်၍၊ အောက်ထက်ဗုန်းဝေ၊ ကြားလွှမ့်စေဟု၊ အောင်ဇေမင်္ဂလာ၊ တြင်းသာသျက်၊ မဟာသကြွန်၊ မြေနက်သန်ဝယ်၊ နတ်ဘန်ဂင်္ဂါ၊ ရေသီတာနှင့်၊ ဗြဟ္မာသွန်းလောင်း၊ အောင်ဆုတောင်းသည်။ ။ခါကောင်းစက်နာရီဘုရား။

၂။ နေနန်းစကြာ၊ မှောင်မျိုးကွာသို့၊ တေဇာ တော်မြတ်၊ လောင်းမန္တာတ်၏၊ ဘုန်းရဟတ်လည်၊ အပြည်ပြည်တို့၊ မတည်ကြောက်ရှောင်၊ ရန်မျိုးအောင်၍၊ ကုန်းဘောင်ဒေသ၊ နန်းဌာနဝယ်၊သကျနွယ်ရိုး၊ ရိပ်ဖြူးမိုး၍၊ ဘေးဘိုးဇမ္ဗူ၊ သိမ်းတော်မူသို့၊ အောင်ဘူမိရဋ္ဌ၊ မြေခံမြတ်ထက်၊ လူနတ်သဘင်၊ ပွဲကြီးယင်လျက်၊ အောင်မင်္ဂလာ၊ ချိန်ဇေယျာကို၊ စကြာဆင့်လောင်း၊ ရှည်မညောင်းသည်။ ။တာပြောင်းရက်ရာသီဘုရား။

၃။ နွေဆန်းရက်သာ၊ တိမ်ပန်းဖြာလျက်၊ မြလွှာညှိရစ်၊ သင်တိုင်းသစ်နှင့်၊ ကျူးရစ်ကြွေးသီ၊ မိုးပွဲချီသော်၊ ခါမှီချယား၊ ပန်းစကားနှင့်၊ ရွှေသားရည်တွတ်၊ ပင်လုံးညွတ်မျှ၊ အထွဋ်ဦးကင်၊ မှန်နန်းရှင်လည်း၊ သဘင်ကောင်းမြတ်၊ သောင်းလုံးနတ်နှင့်၊ ရည်မှတ်ဆုရော်၊ ညောင်ရေတော်ကို၊ ပူဇော်သွန်းမြန်း၊ နန်းပွဲသဘင်၊ လျှတော်တင်က၊ ဘုရင်မင်းမျိုး၊ လက်စုံမိုး၍၊ ရှိခိုးပဋ္ဌနာ၊ မျှားမြောင်စွာနှင့်၊ ဒီပါတသောင်း၊ ဦးညွတ်ပျောင်းသည်။ ။ရာပေါင်းဆက်ပါပြီဘုရား။

---

## ၁၄၉-မင်းလက်ဝဲသုန္ဒြအမတ်ကြီးဆက် ရတနာသိဃ် ကုန်းဘောင်မြို့တည် အလောင်း မင်းတရားကြီး ဘုန်းတော်ဘွဲ့ နားခံတော်ပြေ့ကြီးမှူးလျှောက် မင်္ဂလာ ရတုပိုဒ်စုံ

၁။ ကုန်းဘောင်ဘူမိန်၊ မြေမဟိန်တွင်၊ ရာဇိန္ဒာဘိ၊ အောင်သိဒ္ဓိနှင့်၊ ကျွန်းကြို့းချက်ချာ၊ တောင်လက်ယာတွင်၊ ကေရာတို့၊ ဦးညွတ်ကြို့လျက်၊ နန်းမြို့ဌာန၊ ပြည်သိဃ်ကို၊ တေဇလျှံဝေ၊ ဘုန်းမိုးစွေလျက်၊ ပရမေနတ်တူ၊ သိမ်းခတော်မူက၊ ဆူဆူကြွေ၄န်း၊ ရာတနန်းလည်း၊ ရှိပန်းစုံမြှောက်၊ ခိုဝင်ရောက်၍၊ စက်အောက်မကွာ၊ ◦ဆက်ပန္နာနှင့်၊ စကြာခြေဦး၊ ညွတ်လှာဖူးသည်။ ။စိုးမှူးသပြေပိုင်ဘုရား။

၂။ နှုန်းဆောင်တုချိန်၊ နေနရိန်လျှင်၊ အသမ္ဘိန်မျိုး၊ ဘိုးတော်ဘိုးသို့၊ စိုးမိုးစကြာ၊ တိုက်များစွာကို၊ သီတာတောင်ရေ၊ ဧးငြိမ်းစေ၍၊ တိုင်းနေပြည်သူ၊ ရှင်လူရဟန်း၊ မိုးထိပန်းသို့၊ နန်းနန်းသခင်၊ ဘဝရှင်ဟု၊ ရာဇဝင်စောင်၊ သိုက်တိုင်းပြောင်လိမ့်၊ ကုန်းဘောင်နေနတ်၊ ဘုန်းရောင်ပတ်သား၊ မန္တာတ်နွယ်လာ၊ သောင်းဒီပါကို၊ အချာဦးခိုင်၊ အခေါင်တိုင်လျက်၊ တောပိုင်တောင်စိုး၊ ရိုင်းအမျိုးတို့၊ လက်မိုးစုံဖူး၊ ပန်ဆင်ကျူးသည်။ ။မျိုးထူးမသွေနိုင်ဘုရား။

၃။ ဘုန်းရောင်သူရိန်၊ မြတ်ရာဇိန်လျှင်၊ အသမ္ဘိန်ရိုက်၊ နန်းရိုးလိုက်ဖြင့်၊ မကိုင်မှုစိုးမှူး၊ လောင်းပွင့်ဖူးလျှင်၊ ဘုန်းထူးသမ္ဘာ၊ သပြေညာကို၊ တေဇာရဟတ်၊ သောင်းလုံးပတ်၍၊ လူနတ်ကြွေးကြော်၊ ကောင်းကြီးခေါ်လျက်၊ ကျွန်းမော်လက်ယာ၊ မြေဒီပါကို၊ ဖြုဟ္မာအောင်ဆု၊ ဇေယျတုနှင့်၊ ဇမ္ဗူတန်ဆောင်၊ မာန်မျိုးအောင်၍၊ ကုန်းဘောင်နန်းရိုး၊ ဆက်စဉ်စိုးက၊နတ်မျိုးခြီးမြှောက်၊ ဘုန်းကျိုးတောက်၍၊ ရောက်အံ့စကြာ၊ ရတနာရောင်ဖြူး၊ မျက်မျိုးထူးသည်။ ။ဘိုးကြူးကုဋေလှိုင်ဘုရား။

## ၁၅၀-ရာဇဝတ်တော်အပြစ်နှင့်မဲဇာသစ်တောကို အပိုခံရသောမင်းလက်ဝဲသုန္ဒြရအမတ်ကြီး ဘွဲ့ဆို၍သစ်တောကပို့လိုက်သော လျှောက်ရတုပိုဒ်စုံ

၁။ မဲးဇာတောင်ခြေ၊ စီးတွေတွေတည့်၊ မြစ်ရေဝန်းလည်၊ မြိုင်တောစည်က၊ ရွှေပြည်ကိုသာ၊ တ-ရှာတော့မိ၊ မိုးရှိရှိလျှင်၊ သီရိကြက်သရေ၊ တက်ဖြိုး

ဝေသား၊ အောင်မြေကြော့ကြော့၊ ကုန်းမော့မော့နှင့်၊ ဘိုးတော်ကောင်းမှု၊ တည်ထားပြုသည်၊ ဇမ္ဗူ့ဆီမီး၊ ခြောက်ရောင်ညီးမျှ၊ ဂူကြီးသခင်၊ ရွှေလင်းပင်နှင့်၊ ရွှေခြသေ့မွေ၊ စ-ရွှေရေသော်၊ ရွှေစေတီကြီး၊အသီးသီးတည့်၊ ပိုတ်ဆီးချယ်သန်း၊ လျှပ်ရောင်တန်းမျှ၊ ရွှေနန်းရွှေဘုံ၊ အလုံးစုံကို၊ အာရုံမျက်မြင်၊ ဖူးမြော်ချင်၍၊ သည်တွင်ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း၊ ဖြောင့်တန်းတော့မည်၊ စိတ်ကရည်သည်။ ။ရွှေပြည်ဌာန ဝေးသော်ကြောင့်။

၂။ သဲးသာသောင်ခုမြ၊ မြစ်ကမ်းခြေလည်း၊ အကြေတပြင်၊ တို့အောက်ခွင်ဝယ်၊ ရေရှင်ပတ်ဝန်း၊ ပျော်ဘွယ်ထွန်းလိမ့်၊ တကျွန်းလောက်ပင်၊ ဝေးမည်ထင်ခဲ့၊ စီးသွင်ညိုရစ်၊မဲ့ဇာမြစ်လည်း၊ ထစ်ထစ်ထွန်းထိ၊ ချုံးအတိနှင့်၊ တောညို့ဆိတ်ညံ၊ ဆီးကျုံကျုံဝယ်၊ ဓုဝံမပေါ်၊ မမြော်ပါရ၊နေကိုတ-လည်း၊ ဘယ်ကရွှေနောက်၊ ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်၊ ဖန်ဖန်အုံ့ညြ၊ ကြံတိုင်းမော္ဘ၊ ဘယ်တောဘယ်မြို့င်၊ မသိနိုင်ခဲ့၊ မခိုင်စိတ်ဝမ်း၊ နွေတိုင်းလွမ်းရှင့်၊ ကင်းစမ်းတောင်က၊ လေဦးစ၍၊ နောက်မှလေရူည်၊ အတည်တည်သည်။ ။လေပြည်လာကဧးသော်ကြောင့်။

၃။ ပွဲးခါညောင်ရေ၊ သွန်းမြိုးခပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲ့ဇာရပ်သူ၊ တောင်းဆုယူသည်၊ ရွှေဂူတော်နှင့်၊ ရှုတိုင်းတင့်သား၊ မိုးမြင့်သီခေါင်၊ မဲ့ဇာချောင်က၊ တတောင်လုံးမှိုင်း၊ စ-ရွှေဆိုင်းသော်၊ ထောင့်တိုင်းယှက်ရွှေ၊ ဝန်းကာဝေ့သည်၊ တောင်ငွေဝေဝေ၊ အထွေထွေနှင့်၊ လေလည်းရောရာ၊ မိုယ်းမပါဘဲ၊ သန့်ဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုယ်းလောက်ပြင်းထန်၊ သွန်းချပြန်သော်၊ ယုဂန်ထင်ယှား၊ တောင်တော်ဖျားက၊ ရထားယဉ်သာ၊ နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍၊ တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု၊ စွေ့ရေလှည့်လည်၊ တ-လျက်မြည်သည်။ ။နေခြည်ဖြာမှန္တေးသော်ကြောင့်။

**ဖော်ပြချက်။** [မဲဇာတောင်ခြေချီသောပိုဒ်မှာ ဇမ္ဗူ့ဆီမီးကား- ဦးအောင်ဇေယျအဖဦးညို့ဇံ- တည်သောဘုရားစေတီဖြစ်သည်၊ ဂူကြီးသခင်ကား- ရွှေဂူကြီးဘုရားစေတီဖြစ်သည်၊ ရွှေလင်းပင်-ကား ရွှေလင်းပင်ဘုရားစေတီဖြစ်သည်၊ ရွှေခြသေ့မွေ-ကားရွှေခြသေ့မွေဘုရားစေတီဖြစ်သည်၊ ရွှေစေတီကြီး-ကား မြို့ထောင့်ဘုရားစေတီဟုပြောကြသည်။

သဲးသာသောင်မြေ- ချီပိုဒ်မှာအကြေတပြင်- ကားအောက်အရပ်ဆိုသည်၊ရေရှင်ပတ်ဝန်း-ကား ရေဝိုင်းကာ စီးဆင်းနေသည်ကို ဆိုသည်။ ထစ်ထစ်ထွန်းထိ-ကား မဲ့ဇာမြစ်နှိုက် ရေအဟုန်ပြင်းထန်စွာမြည်လျက်စီးဆင်းနေသည်ကို ကြားရမြင်ရကြောင်းဆိုသည်။

ကင်းစမ်းတောင်က-ဟူသည် ကင်းစမ်းခေါ်သောတောင် ယို
သည် ပြောသံကြားရသည်၊ ယင်းသည့် ကင်းစမ်းသည် ယှမ်းစကား
ဖြစ်မည်, ကဒူးစကားဖြစ်မည်ကို မသိရချေ၊ အချို့ ကယှမ်းကဒူး
စကားဟု ပြောကြ၏၊ အဓိပ္ပါယ်ကိုမေး၍မရချေ]

---

## ၁၅၁-မင်းလင်္ကာဝဲသုန္ဒြီအမတ်ကြီးရာဇဝတ်တော်အပြစ်နှင့် မဲဇာသစ်တောသို့ အပို့ခံရသည့်အခါ လွမ်းဆွတ် တသသည့်အကြောင်းကို ဖွဲ့ဆို ရေးသားသော ရတုပိုဒ်စုံ

၁။ ဝေရှန်းစန္ဒာ၊ ချမ်းရိပ်သာသို့၊ မျက်နှာတူရူ၊ တ-သည့်သူလျှင်၊ ဇမ္ဗူအောင်ခန်း၊ ရွှေပြည်နန်းသို့၊ ရောက်ပန်းကြီးအင်၊ နေမရှင်ခွဲ၊ လွင်လည်းတဆိုင်၊ မြိုင်လည်းတထွေ၊ မြေလည်းတထူး၊ ဝေးခေါင်ကြူးသို့၊ ရောက်ဘူးမည်ထား၊ ရွှေညာဖျားဟု၊ ကြားရသည်သာ၊ ဘယ်ရပ်မှာဟု၊ ကြောင်းရာတစ၊ တတ်မသိခဲ့၊ ကျွန်းကြီးချက်ချာ၊ တို့နေရာနှင့်၊ ဘာသာကွဲးလမ်း၊ မြိုင်တောဒမ်းဝယ်၊ အချမ်းမတူ၊ အပူမမျှ၊ ကြုံပြန်ရရှင့်၊ သိဃ်အောင်မြေ၊ လယ်ချက်ဘွေနှင့်၊ နေလည်းတဆန်း၊ နန်းလည်းတခြား၊ မထွေပြားတည့်၊ ကိုးပါးလျှံပတ်၊ ရွှေပြာသာဒ်နှင့်၊ မျက်မြတ်လျှံခြည်၊ ထွန်းလှည့်လည်သည်။ ၊နေခြည်ထဲးတွင်ပါလိမ့်မည်။

၂။ နေဝန်းဘန်ဝါ၊ ထိန်စကြာလည်း၊ အာကာဘိတ်စီး၊ ကျွန်းလုံးညီးမျှ၊ ထိန်းမိုးလယ်၊ ဖြိုးဖြိုးကယ်၍၊ အံ့ဘွယ်ယှက်သန်း၊ ရှုမခန်းတည့်၊ ရွှေနန်းမှန်စီ၊ ယှိရာဆီသို့၊ မြှောက်ချီဦးတင်၊ စက်ရာဝင်လည်း၊ ကြည်လင်ရှိခိုး၊ စက်ရာနိုးလည်း၊ လက်မိုးလှည့်လည်၊ မျှော်မိသည်ရှင့်၊ ရွှေပြည်တော်မှာ၊ ခုချိန်ခါကို၊ သူဇာသာစံ၊ မိတ်နံမပြား၊ ဓာတ်တံခါး၏၊ ယွန်းစားရွှေမှာ၊ ပျော်ဘွယ်သာရှင့်၊ သီတာပတ်ကုံး၊ မြစ်နှင့်ကျုံးလည်း၊ တလုံးထည်းရေ၊ စီးတွေတွေတည့်၊ မိုးနွေမခေါင်၊ လက်ယာမြှောင်လျက်၊ နတ်ဆောင်ယူပို့၊ လေ၏ သို့လျှင်၊ ရွှေမြို့ရွှေပြည်၊ ဝန်းပတ်လည်သည်။ ။ရေကြည် သဲးပြင်သာလိမ့်မည်။

၃။ နွေကျွန်းသန်ကာ၊ ခုချိန်ခါကို၊ ကျောင်းသာယာကင်း၊ စေတီတွင်းနိုက်၊ သီတင်းအလှူ၊ ရွှေပြည်သူတို့၊ ဆုယူစည်းဝေး၊ ဖြူဖြူဖွေးလိမ့်၊ စက်မွေးခိုက်တွင်၊ အိပ်မက်မြင်သို့၊ မရှင်ယူတ၊ လွမ်းလိုက်လှရှင့်၊ ညွန်ပြကျိုးဆက်၊ ဆယ်ကျော်သက်က၊ ကြင်ဘက်အတူ၊ တောင်းဆုယူသည်၊ အိမ်သူ

ချောသွယ်၊ သုံးယောက်မယ်နှင့်၊ ပင်လယ်ခြားရာ၊ ခရီးကွာသို့၊ မှာလည်း မကြား၊ သွားလည်းမသင့်၊ ဖြစ်သဖြင့်လျှင်၊ ပူဇွင့်ရှည်ရေး၊ ယိုချေသေး၏၊ ရင်သွေးရွှေတောင်၊ သားမောင်နှမ၊ ဆင်းသိဂ်သို့၊ မွေးဘရင်ခွင်၊ ရွှေလက် တင်၍၊ ယူငင်ပိုက်ဖျား၊ ပျော်မည်များနှင့်၊ နှစ်ပါးမျက်ခြည်၊ သားနှင်းရည် သည်။ ။ရွှေလည်ဆွဲးချင်ရှာလိမ့်မည်။

**ဖော်ပြချက်။** [ဝေရွှန်းစန္ဒာ-ကား ကောင်းကင်မှပေါ်ထွက်လာသောလမင်း၏ အရောင်ကို-ဆိုသည်၊မျက်နှာတူရူ-ကား ရတနာသိဃ်မြို့နန်းတော် တည်ရာဘက်သို့ စိုက်စိုက်တည့်တည့် မှန်းဆ၍ ကြည့်မျှော်နေ ကြောင်းဆိုသည်၊ ရောက်ပန်းကြီးအင်-ကား ရွှေမြို့တော်သို့ပြန်၍ ရောက်ချင်သောစိတ်သည် အံပန်းတကြီးဖြစ်လျက် နေကြောင်းကို ဆိုသည်၊ မျက်မြတ်လျှံခြည်-ကား နန်းတော်ပြာသာဒ်နိုက် စီချယ် ထားသော ရွှေရောင်,မှန်ရောင်,ကျောက်ရောင်တို့သည် နေရောင် နှင့်တွေ့၍ တောက်ပြောင်နေမည်ဟု ဆိုသည်။

နေဝန်းဘန်ဝါ ချီသောပိုဒ်မှာ သူဇာသာစံ-ကား ရတနာ သိဃ်မြို့တံခါးတော် ၁၂-ရပ်ကိုဆိုသည်၊ အရှေ့မျက်နှာ-ဇုန္ဒာ တံ ခါး, ဆင်ဖြူတံခါး, သူဇာတံခါး, သာစံတံခါး၊ တောင်မျက်နှာ- ကုန်းဘောင်တံခါး, မြန်အောင်တံခါး, ရန်နိုမ်တံခါး၊ အနောက် မျက်နှာ-ဇေယျာတံခါး, ကရဝိက်တံခါး, ရန်ကြီးအောင်တံခါး၊ မြောက်မျက်နှာ- လိုင်သာတံခါး, မိုးအာတံခါး၊ ၁၂-ရပ်တံခါး အမည်များဖြစ်သည်။

**ဆောင်ပုဒ်လင်္ကာ။** ရတနာသိဃ်၊ မြို့မဥ္စါရာ၊ ရွှေမျက်နှာက၊ စ၍လင်္ကာ၊ လှည့်ခဲ့ လှာမူ၊ ဇုန္ဒာဆင်ဖြူ၊ သူဇာသာစံ၊ တောင်ယံမျက်နှာ၊ စပ်ခါ ကုန်းဘောင်၊ မြန်အောင်ရန်မျိုးနိုမ်၊ တကြိမ် နောက်မျက်နှာ၊ ဇေယျာကရဝိက် တံခါး၊ ထင်ယှား ရန်ကြီးအောင်၊ ထို့နောင် မြောက်မျက်နှာ၊ လိုင်သာမိုးအာ၊ မှတ်ပါမလပ်၊ တံခါးဆဲ့နှစ်ရပ်။

နွေကျွန်းသန်ကာချီသောပိုဒ်မှာ အိမ်သူချောသွယ် သုံး ယောက်မယ်နှင့်- ကား မယားနှင့် သားသမီး သုံးယောက်ကို ဆိုသည်၊ သားမောင်နှမ-ကား သား-မောင်အေး, မောင်ရွှေ သား၊ သမီးမလွန်းမယ်တို့-ဖြစ်ကြသည်၊ ထိုအခါက မလွန်းမယ်- သမီးသည် နို့စို့တုံးအယွယ်ဖြစ်လိမ့်မည် မသား-ထင်မြင်ဖွယ်။

**မင်းလက်ဝဲးသုန္ဒရ-အမတ်ကြီးအကြောင်း**

ရွှေဘိုမြို့နယ် မန်ကျည်းတုံရွာဇာတိ ငယ်မည်-မောင်မြတ်စံ ခေါ်သည်၊ အင်းဝမြို့ ဟံသာဝတီပါမင်းလက်ထက် လွှတ်တော် ရုံးတော်တွင် စာရေးစာချီအဖြစ်နှင့် ထမ်း ရွက်ရသည်၊နောက်-ရတနာသိဃ်မြို့တည် မင်းတရားလက်ထက် သားတော်ပင်းတလဲး

မြို့စား-မင်းသားထံတွင် အကြီးတော်အဖြစ်နှင့် ထမ်းရွက်ရသည်၊ နောက်အရေးမသာသောကြောင့် ရဟန်းပြု၍ နေရသည်။

ရတနာသိင်္ခမြို့ကို ဆင်ဖြူရှင်မင်းတရားနန်းတက်တော်မူသောအခါ ခေါ်တော်မူ၍ ညီတော်အမြင့်မြို့စား-မင်းသားထံ၌ကို အကြီးတော်အဖြစ်နှင့် ထမ်းရွက်ရသည်၊ အကြီးတော်အဖြစ်နှင့်ထမ်းရွက်စဉ် မင်းသား၏လူပျိုတော် ငထင်ကျော်-ခေါ်သူသည် နန်းတော်အနောက်တံခါးပြင်ဘက်တွင် အပျိုတော် တယောက်နှင့် ရဲရင့်ချစ်ကြိုက်စကားပြောသည်ကို အနောက်ဝန်နှင့်စာရေးတို့ ဖမ်းဆီးကြရာ ဓားနှင့်ထိုးမည်အဟန်ပြု၍ ထွက်ပြေးလေသည်။

အပျိုတော်ကိုဖမ်းဆီးမိ၍ ဆင်ဖြူရှင်မင်းတရားကို လျှောက်တင်အပ်ရာ မင်းတရားကိုယ်တော်တိုင် ရိုက်နှက်စစ်မေးတော်မူသည်တွင် အမြင့်မင်းသားလူ-ငထင်ကျော်-ခေါ်သူ က ခိုးယူကြဉ်းဆောင်ပါမည် ထွက်ခဲ့ပါမှာသောကြောင့် ထွက်လာရကြောင်း အစစ်ခံချက်အရ လူပျိုတော် ငထင်ကျော်ကို အမြင့်မင်းသားမှာ တောင်းရာ မပေးမအပ်နေသည်နှင့် မင်းသားအကြီးတော်-ငမြတ်စံကို အကျဉ်းမှာထား၍ တောင်းရာ မရသည်အတွက် အမျက်တော်မပြေ၍ ဟဲ့-ငမြတ်စံကို သတ်ရမည်ဟု မိန့်ချက်အရ အာဏာသားတို့ကခေါ်သည့်အခါ ဟဲ့-ဟဲ့-သင်းကိုမသတ်နှင့် ဖျာလိပ်မှာသွင်း၍ မျက်နှာကို ပရဲထိုးလိုက်ဟု မိန့်ချက်အရ ပရဲထိုးမည်ပြုလုပ်ရာ ဟဲ့-သင်းကို ပရဲမထိုးနှင့် မဲဇာသစ်တောသို့ပို့လိုက်ဟု မိန့်တော်မူ၍ အတွင်းတော်သို့ ဝင်တော်မူလေ၏။

အမိန့်တော်မြတ်အရ မဲဇာသစ်တောသို့ပို့ရာ မဲဇာသစ်တောသို့ အရောက် နှစ်ရက်မြောက်တွင် "မဲဇာတောင်ခြေ၊ သဲသာသောင်မြေ၊ ပွဲခါညောင်ရေ"ချီသော ရတုပိုဒ်စုံ၊ "ဝေရှန်းစန္ဒာ၊ နေဝန်းဖန်ပြာ၊ နွေကျွန်းသန်ကာ"ချီသော ရတုပိုဒ်စုံများကို သီကုံး၍ မိမိကိုကြည်ညိုသော ဆင်ဖြူရှင်သားတော် စဉ့်ကူးမင်းထံပို့ရန် လူငယ်စေလွှတ်လိုက်ရာမြို့တော်ရောက်၍ ဦးမြတ်စံ၏ မယားသို့မှာထားချက်ကို ပြောပြ၍ ရတုစာ ပရပိုက်ကို အပ်ခဲ့လေသည်။

ဦးမြတ်စံ မယား မရွှေက-နန်းတော်သို့ဝင်၍ အသျှင်နန်းမတော်ဘုရားလက်တော်သို့ ရတုပုရပိုက်လွှာကို ဆက်သလေ၏၊ ၎င်းရတုများကို နန်းမတော်ကြီးဖတ်ရှုတော်မူနေကြိုက် ဆင်ဖြူရှင်မင်းတရား ထွက်တော်မူလာရာ မြင်တော်မူသဖြင့် ပါစာဖြစ်သနည်းဟု မေးတော်မူသည်တွင် မိဖုရားကြီးက ရတုလွှာ ပုရပိုက်ကိုဆက်သလေ၏၊ မင်းတရားကြီးယူတော်မူ၍ ကြည့်ရှုတော်မူရာ အလွန်မှ နှစ်သက်သနားတော်မူသောကြောင့် ငမြတ်စံကိုပြန်ခေါ်စေဟုမိန့်တော်မူလေ၏။

ဦးမြတ်စံသည် မဲဇာသစ်တောသို့ပို့စေ အမိန့်တော်မှတ်သည်ကကို သစ်တောမှ မြို့တော်သို့ ပြန်ရောက်သည်တိုင်ရက်ပေါင်း၄၉-ရက်ကြာသည်ဟုဦးမြတ်စံ၏မြေး တရားမတရားသူကြီး-ဦးတွန့်ပြောပြချက်ဖြစ်သည်။

ဦးမြတ်စံသည် လွှတ်တော်စာရေးကြီးအဖြစ်နှင့် အမှုတော်ထမ်းရွက်ရသည်၊နောက်တရားမ ဘရားသူကြီးအရာကို ချီးမြှောက်တော်မူ၍ လက်ဝဲသုန္ဒရ-ဘွဲ့ကို သနားတော်မူသည်၊နောက်(ဘယရန္တမိတ်၊ ကျော်ထိပ်လျှော်စေ၊ သရေသင်္ခယာ၊ မည်သာသူးကဲ၊ လက်ဝဲသီဟသူ၊ ပေးတော်မူ၏၊)ဟူသဝ်လက်ာစာပိုဒ်ယှိသည်။

ထိုအမတ်ကြီးပြုစီရင်သောစာများကား အာဒါသမုခပျို့သစ်, သေနကဗျူဟာပျို့, သောဏ‌ပျို့, သာမိနပျို့, စကြာမင်းပျို့ နန္ဒိသေနပျို့, ဗျူဟာစက္ကပျို့, ဝိနိစ္ဆယဓမ္မသတ်လင်္ကာ, ရတနာပူရလှာ-မော်ကွန်း, ပြည်တော်ဝင်မော်ကွန်း, မဟာဝိဇယရံသီမော်ကွန်း, မင်းကွန်းစေတီတော်မော်ကွန်း, မုဒ္ဒါဘိသိက်မော်ကွန်း, ဓညဝတီနိုင်မော်ကွန်း, သာသနာပြုမော်ကွန်းတို့နှင့် ရတုများဖြစ်သည်။

လက်ဝဲသုန္ဒရ- အမတ်ကြီး၏ဇနီး မရွှဲဖြစ်သည်၊ မွေးဖွားသောသားသမီးတို့မှာ-ဦးအေး, ဦးရွှေသား, မလွန်းမယ်-ဟူ၍ ၃-ယောက်ယှိသည်။

(၁) တရားသူကြီးဦးအေးက ဦးကျောက်ခဲ, မနိုင် သားသမီး ၂-ယောက်ထွန်းသည်၊ သမီးမနိုင်ကဦးပေစိ ကိုမွေးဖွားသည်။

(၂) ဦးရွှေသားက ဦးတွန့်, ဦးညွန့်သား ၂-ယောက်ထွန်းသည်၊ တရားပတရားသူကြီးချည်းဖြစ်သည်။

(၃) မလွန်းမယ်က သားသမီး မသီးဖြစ်သည်။

မနိုင်သားဦးပေစိမှာ သီပေါမင်းတရားလက်ထက် မြို့ဝန်ဖြစ်သည်လို့ ပြောကြ၏၊ ဦးကျောက်ခဲမှာ ဇာတ်တော်ကြီးဆရာဖြစ်ကြောင်းပြောကြ၏၊

လက်ဝဲသုန္ဒရ- အမတ်ကြီးသည် မင်းကွန်းမှာအနိစ္စရောက်သည်၊ အမတ်ကြီး၏သင်းချိုင်းအရိုးကူကိုစုံစမ်းရာ ယှိသည်ဟုပြောကြ၏၊ နေရာကိုပြနိုင်သူမတွေ့ သောကြောင့်တွေ့ရလိမ့်မလိုလိုပဲ ယှိနေသေးသည်၊

ယင်းသည့်အမတ်ကြီးစီရင်သော ပျို့, မော်ကွန်း, လင်္ကာ, ရတုများကိုဖတ်ရခြင်းသည်လွယ် ဟူ၍ ဖတ်လို့ကောင်းလှ၏၊ မြန်မာစကားအသုံးအနှုန်းအလွန်ယဉ်ကျေးလှုက်သိလွယ်မှတ်လွယ်အောင် ရေးစွမ်းနိုင်သောဉာဏ်ကို အလွန်ကြည်ညိုရှိခိုးရပေ၏။]

---

## ၁၅၂-ပြည်မြို့ဝံတောင်လယ်ဘုန်းတော်ကြီးကို ရှင်ရဋ္ဌသာရကမေးသည့်ရတု ၃-ပိုဒ်

၁။ ညာခကြဲပေါ်ထင်၊ ထက်ကောင်းကင်၌၊ ရောင်လျှင်ထွန်းပ၊ ပြည့်သည့်လသို၊ ဗုဒ္ဓသာသနာ၊ ယခုခါဝယ်၊ ပညာကဝိ၊ တတ်မြောက်ဘိသား၊ ဗောဓိသမ္ဘာ၊ ပွင့်ငြမ်းလျာကို၊ ပန်ထွာညွတ်ခေါက်၊ နားတော်လျှောက်အံ့၊ စံမြောက်ထူးခြား၊ ကျွန်ုပ်အားကို၊ တရားအလှူ၊ ပေးသည်ဟူ၍၊ ကြည်ဖြူရှင်ပြုံးစိတ်မငွသည်။ ။ညာဏ်ဝဘွင့်တော်မူစေသော်။

၂။ ရှာဖွေသော်လျှင်၊ လွန်ခဲ့အင်စွ၊ မြတ်ရှင်သမ္ဗုဒ်၊ ဟောသမုတ်သား၊ လောကုတ္တရ၊ ဓမ္မမြတ်စွာ၊ ယိုခန္ဓာလျှင်၊ သင်္ခါရစစ်၊ ဖြစ်မဖြစ်ကို၊ နှစ်နှစ်မြိုက်မြိုက်၊ ညာဏ်ရောင်မြိုက်ဖြင့်၊ ယမိုက်ပဋ္ဌာန်း၊ ကိုးသည့်ပန်းသို၊ ပုံမွှန်း

အဋ္ဌကထာ၊ ိုကာထပ်ဆင့်၊ သုတ်နှင့်မြှင့်၍၊ ဟောချင့်ယှူငင်၊ မိန့်စေချင်၏၊ ဦးတင်လက်ထား၊ ဟိုဘုရားကို၊ တိုးပွားမေတ္တာ၊ ထပ်ကာကာလျှင်၊ ရှံခါမချို့၊ နေ့တိုင်းပို့သည်။ ။မိုးသို့မြှင့်တော်မူစေသောဝ်။

၃။ သာထွေပျော်ရှင်၊ နားတော်တင်လော့၊ ဘဝင်လှုပ်ရှာ၊ အကြောင်းမှာကို၊ မြတ်စွာဘုရား၊ ပုံပြင်ထားလည်း၊ နားမဝင်နိုင်၊ဒိုန်းမိုန်းမှိုင်စွ၊ မဆိုင်ဝေးလှ၊ ပသာဒနှင့်၊ ဟဒယဝတ္ထု၊နှစ်ခုရုပ်များ၊ ကလာပ်ခြားလျက်၊ ထိပါးကြံခါ၊ ကောဗဒ္ဓ၊ ဖြစ်ကြလေဟန်၊ ကြောင်းတတန်ကို၊ ကျမ်းဂန်ဘွေသော်၊ ဥဘော်ဗျဉ္ဇန၊ လိင်္ဂအစစ်၊ ဖြစ်သောအခါ၊ ကမ္မဇာမူလ၊ ရုပ်အာဝလျှင်၊ ပြတ်ကြဲချုပ်ကောင်း၊ ကျမ်းပေါင်းဖွေနှည်၊ သို့လိုသည်ဟု၊ နားလည်သာအောင်၊ ညာဏ်တန်ဆောင်ဖြင့်၊ ဆင်ပြောင်မုန်ပြင်း၊ ကျူကိုနင်းသို့၊ သန့်ရှင်းချောမော၊ မိန့်မြွက်ဟောလော့၊ သဘောဓမ္မ၊ စာရိတ္တနှင့်၊ သီလဖြူစင်၊ ဖြည့်ကျိုးထင်၍၊ ဆံမြှင်တတန့်း၊ မငြိစွန်းသည်။ ။အောင်ပန်းပွင့်တော်မူစေသောဝ်။

**အမှာ။**　[ဤအမေးအရ　ဝံတောင်လယ်ဘုန်းကြီးအဖြေကိုရှာမတွေ့၍ မထည့်ရချေ။]

---

## * ၁၅၃-ပြည်မြို့ဝံတောင်လဲယ်ဘုန်းတော်ကြီးသို့ သျှင်ရဋ္ဌသာရက မေးသော ရတု ၃-ပိုဒ်

၁။ ဌာနေတော်၍၊ ရွှေလှော်ရည်စင်၊ ယဉ်ရှင်ထွန်းရောင်၊ ဝင်းဝင်းပြောင်သား၊ ထက်ခေါင်ဘိနပ်၊ လုံးရပ်ခပင်း၊ မကြွင်းပတ်ကုံး၊ ဖောင်းလုံးကြာသီး၊ ရွှေတိပြီးသား၊ ရွှေထီးဘုံဆင့်၊ ရောင်လျှံမြင့်နှင့်၊ စွင့်စွင့်ဝန်းကျင်၊ ဝေနီးမြင်သည်၊ သံရှင်ဘုရား၊ တိုသည်ကားဟု၊ အများလူ့ရှင်၊ ကြည်လင်ကော်ရော်၊ ညွှတ်ပူဇော်သည်၊ ဆံတော်ရှင့်တောင်၊ဝိဂန်ချောင်သို့၊လူ့ဘောင်မျက်ရှု၊ပျော်ရာပြုသည်၊ အတုမဲ့ရှောင်း၊ မြေတကျောင်းနှိုက်၊ အပေါင်းညီညာ၊ ဆည်းကပ်လှာသည်၊ နရာတမွတ်၊ ကေရတ်လည်း၊ လေးမြတ်ကြည်စွာ၊ လွန်သဒ္ဓါသည်၊ သမ္မာတို့မိ၊ ဘုန်းတော်ယို၊ ။ဝိစိကိစ္ဆာ၊ သက်ာပျောက်မှု၊ နှစ်ခုမညှာ၊ပြဿနာကို၊ ဖြေပါစိမ့်ကြောင်း၊ လက်စုံပေါင်း၍၊ ဆံညောင်းဖွယ့်ယှဉ်၊တင်ပျဉ်ခွေလျက်၊ ခြေတော်စက်ကို၊ ဦးထက်တင်ထား၊ မေးလျှောက်ကြားသည်။ ။ရွှေနားရှိုင်းတော်မူဘုရား။

၂။ စာပေပျော်၍၊ မွေ့လျော်ငြိမ်းချမ်း၊ ကျောင်းသင်္ခမ်းနှိုက်၊ ရှင်ဝမ်းမြောက်များ၊ လူရှင်အားကို၊ တရားမေတ္တာ၊ ဘာဝနာနှင့်၊ သီလာစာရ၊

ဂုဏ္ဍပြည့်ဖြိုး၊ မြင့်မိုရ်မိုး၍၊ ပုထိုးကြီးတောင်၊ သာလွတ်ခေါင်ဝယ်၊ တန်းဆောင်မှန်ကင်း၊သမ္မာမင်းဟု၊ သတင်းနှံ့မျှ၊ ပြည့်စုံထသည်၊ ဓမ္မခေါင်အား၊ မြတ်ဘုရား။ ။သုံးပါးဝိရတိ၊ မယိုစပ်ါ၊ ဗြဟ္မာမှာဟု၊ ကျမ်းလာဆတ်ဆတ်၊ ပရမတ်ပါဠိ၊ မှန်စွာယိုလျက်၊ သီရိပုည၊ မျိုးသကျကို၊ ဓမ္မဒေသနာ၊ ဟောမိန့်ဌါဟု၊ ဗြဟ္မာသဟံ၊ ချေငံအေးအေး၊ နှုတ်သံလေးနှင့်၊ (ဒေသေတုဘန္တေ ဘဂဝါ ဓမ္မံ့အညာတာရော ဘဝိဿတိ။) ဤသို့ယိုသား၊ ပါဠိတွတ်တွတ်၊ ရွတ်ဘိဝံသာ၊ လျှောက်သောခါလည်း၊ ဝါစာကောင်းချည်း၊ ဖြစ်သတည်းဟု၊ အသည်းစိတ်တွင်း၊ မှတ်ကြခြင်းကို၊စိုးမင်းတကာ၊ ပူဇော်ရာသည်၊သမ္မာတို့မိ၊ ဘုန်းတော်ယှိလျှင်၊ သိတော်မူလျှောက်၊ မှားရှောက်မယှိ၊ ကျမ်းဂန်ညှိ၍၊ ပါဠိအဋ္ဌကထာ၊ ဋီကာလက်သန်း၊ ဆန်းကျမ်းအနု၊ ကြည့်ရှုစကောင်း၊ တိုင်းမိန့်တောင်းနှင့်၊ ကျမ်းပေါင်းများစွာ၊ ဤသို့သာဟု၊ ပညာစက်သွား၊ သန့်လျှက်ဓားဖြင့်။ ။လွှားလွှားပိုင်းတော်မူဘုရား။

၃။ ညာကြေကျော်၍၊ ထင်ပေါ်သတင်း၊ ထိန့်ထိန့်ချင်းသား၊ နဝင်းရွှေကျောင်း၊ ကျိန်းအောင်းအစ၊ ပါဒ-ဝံတောင်၊ ပျော်ပြီးနောင်မှ၊ သာခေါင်လွန်ကဲ၊ ကျောင်းမြေထဲနှိုက်၊ ရိပ်တဲနှင့်သာ၊ တင့်ရာမှာလည်း၊ အံ့အာသရဲ၊ စာသင်ပွဲနှင့်၊ လက်ဝဲလက်ယာ၊ ဝေးနီးလာ၍၊ နည်းနာနယ၊ ခံလှာကြသည်၊ သကျဦးစွန်း၊ ကြီးဘုန်းတန်းနှင့်၊ ရှင်လန်းသေခါ၊ နတ်ဗြဟ္မာတို့၊ လက်ယာမိုးလျှက်၊ လက်ဝဲယှက်၍၊ တျက်တျက်ခေါက်ခေါက်၊ မ-လမ်းပေါက်ဖြင့်၊ ဝမ်းမြောက်သာကြည်၊ တီးကြသည်ဟု၊ ကျမ်းမည်ပရမတ်၊ လာတုံလတ်သား၊ ဖောဋ္ဌဗ္ဗာရုပ်၊ မယှိုဒုပ်လျက်၊ ဂွမ်းထုပ်နှစ်ပါး၊ ထိသောလားလျှင်၊ မကြားလက်သန့်၊ ဖြစ်လေတန့်လျက်၊ သံဂှန့်ယူဇနာ၊ သချာတသောင်း၊ ကြားလေကြောင်းကို၊ ဝမ်းခေါင်းထဲက၊ ကြံကြတုံရှောင်း၊ လူအပေါင်းတို့၊ ခနောင်းလိုက်ထိုး၊ တံပိုးပစ်ခြောက်၊ ရေနောက်မှုန်နှည်၊ သားဆေးရည်သို့၊ မကြည်မောဟ၊ စိတ်ထိုမျှကို၊လွှလွှဖြူအောင်၊ ညာဏ်ရောင်တော်ဝန်း၊ နေမြင်ထွန်း၍၊ မေးမြန်းပညာ၊ ပြဿနာကို၊ ကျမ်းလာစေ့စေ့၊ ဖြေပြီး၍လျှင်၊ ခြင်သေ့မျိုးတွင်၊ တန်းခိုးကြီးစွာ၊ ကေသရာဟု၊ဂူဟာလိုဏ်နန်း၊ ဟောက်သံမွှန်းသို့၊ ဆန့်တန်းလက်ရုံး၊ ကျုံးသည့်အသံ၊ ကြေညာလျှံက၊ မင်းဝံတောင်ပေါက်၊ ငါတယောက်လျှင်၊ ခေါင်မြောက်ကဝိ၊ ပညာယှိဟု၊ သိလေလူရှင်၊ ဤပွဲတွင်နှိုက်၊ ထွတ်တင်ဦးစွန်း၊ နှုတ်သံမွှန်း၍။ ။ရှင်လန်းကြိုင်တော်မူဘုရား။

---

## *၁၅၄-သျှင်ရဋ္ဌသာရအမေးကို ဝံတောင်လယ် ဘုန်းတော်ကြီးက ဖြေသော ရတု ၃-ပိုဒ်

၁။ ရွှေစက်ကြွလည်၊ အာနန်ထေည်နှင့်၊ သုံးမည်ဒေသစာ၊ လှည့်သောခါလျှင်၊ အညာရောက်သော်၊ ဖိုးဦးမော်နိုက်၊ ရပ်တော်မူ၍၊ ရသေ့ပြည်တွင်း၊ မကြွင်းသောထွေ၊ သရေခေတ္တ၊ ပြည်မဟူသည်၊ ဖြစ်လမည်ဟု၊ မိန့်ရည်ဗျာဒိတ်၊ ဘိသိက်ပေးရာ၊ ပြည်အောင်ချာနှင့်၊ အညာစစ်ကိုင်း၊ ရပ်တိုင်းလှည့်သွား၊ ပုဂ္ဂိုလ်များတွင်၊ သင်ကြားကျမ်းဂန်၊ အသိမှန်သည်၊ နိဗ္ဗာန်ပျော်နေ၊သူတော်ဆွေ။ ။နတ်ရွှေနားခံ၊ သဟံပတိ၊ ဘုန်းယှိဗြဟ္မာ၊သုဒ္ဓါဝါသ၊ ဘုံမှကြွ၍၊ သကျမြတ်အား၊ တရားသံခြေ၊ ဟောစေခြင်းငှာ၊ တောင်းပန်ခါနိုက်၊ သမ္မာဝါစာ၊ မှန်စွာမရ၊ ကေန်ချလော့၊ တွေးဆပိုးဝါး၊ တတ်ယောင်ကားနှင့်၊ လေးပါးမည်မှတ်၊ ပရမတ်ကို၊ မတတ်သသူ၊ ရ၏ဟူအံ့၊ ရှင်လူဆိုရာ၊ မမှတ်ရှာနှင့်၊ ပမာနှိုင်းချက်၊ နတ်လက်နက်သည်။ ။ပစ်ချက်ရွယ်တိုင်းမှန်သည်သာ။

၂။ ဝေသက်မျှသည်၊ မြို့ရွှေပြည်နိုက်၊ ပတ်လည်ကျော်သောင်း၊ ဇမ္ဗူစောင်းမျှ၊ ကျမ်းပေါင်းများစွာ၊ ဆန်းလက်ာနှင့်၊ သဒ္ဒါရုပ်ဓာတ်၊ ပရမတ်ကို၊ တင်ခတ်နိုးခိုက်၊ ရေနိုက်ငုပ်ပေါ်၊ မေးနှင့်သော်လည်း၊ ဖျော်ဖျော်လှေကျွမ်း၊ ဖြေနိုင်စွမ်းသား၊ မပွမ်းမှုသား၊ ငါတို့အားကား၊ တပါးပမာ၊ မရှာလေလို၊ တို့ကိုယ်တို့နှင့်၊ နှိုင်းသော်သင့်လိမ့်၊ မိုးမြင့်ဘုံသာ၊ ဗြဟ္မာတို့အား၊ ဘုန်းယှိပြားလည်း၊ တရားမရ၊ ဖောဋ္ဌဗ္ဗနှင့်၊ ကိစ္စမတပ်၊ အာရုံညွတ်၍၊ ရှောင်လွတ်တပါး၊ တရားအာရုံ၊ မရတုံတည်း၊ နတ်ဘုံဗြဟ္မာ၊ သဒ္ဒါဦးခိုက်၊ ပန်သောကြိုက်ဝယ်၊ မထိုက်သမ္မာ၊ မှန်စွာမရ၊ မှတ်နေချလော့၊ နရတပွ၊ စသည်ဗြဟ္မာ၊ ရှေးဆရာ၏၊ သချာနည်းတူ၊ အရယူလော့၊ ရောင်ဖြူပြိုးပြက်၊ တသန်းလက်သည်။ ။ရှုလျက်ထိတိုင်းမှန်သည်သာ။

၃။ ဖြေခက်လမည်၊ မှတ်ကြသည်မူ၊ ခန့်ရည်တိုကို၊ ဖြေဘိဆိုက၊ သံချိမချွတ်၊ ပြေ၏မှတ်လော့၊ မိုးနတ်ဗြဟ္မာ၊ ရံခါရှင်လို၊ ကိုယ်ကိုဟန်ပြ၊ အလှချိမြှောက်၊ မ-လမ်းပေါက်ဖြင့်၊ ဝမ်းမြောက်သာစွာ၊ တီးသောခါလည်း၊ လက်ယာနှင့်ဘယ်၊ အကယ်မထိ၊ ဆန့်ဘိနေကျ၊ ရည်ကာမျှကို၊ ဗြဟ္မာတေဇော်၊ အာနုဘော်ကြောင့်၊ ထိုရော်စိတ်က၊ ကြံခဏဝယ်၊ စိတ္တပစ္စယ၊ ဥတုဇကြောင့်၊ သဒ္ဒမည်ခံ၊ အသံဖြစ်မှု၊ ဆက်ကာပြုသား၊ ချင်းစုအပေါင်း၊ တသောင်းယူဇနာ၊ ကြားလေရာ၏၊ ရူပါရမ္မဏာ၊ စသည်တို့ကား၊ များသည်ရပ်ယှိ၊

မိမိဌာန၊ တည်ကုန်ကြ၏၊ ဝေးကပင်သာ၊ အာရမ္မဏာ၊ စွန့်ကြသည်တု၊ ပမာ ပြုလေ့၊ လေးခုအရောင်၊ မြင်းမိုရ်တောင်သည်။ ။အခေါင်မိုးထိ လွန် သည်သာ။

---

## ၁၅၅-ပြည်မြို့ဝံတောင်လယ်ဘုန်းကြီးဆို ပန်းဘွဲ့ရတု ၃-ပိုဒ်

၁။ ခေတ္တသရေ၊ မြို့အောင်မြေမှ၊ ဟာနေပြန်ထောက်၊ ငါးရာလောက်တွင်၊ဒေးပေါက်ပို့စွာ၊ ငါးမည်ကြာလည်း၊ ငုံအာလှတင့်၊ ရေပေါ်ပွင့်သား၊ ဘော်နှင့်မကွာ၊ ဟသ်ာကားအဲး၊ ဝမ်းဘဲးကားညွှင်း၊ ပိန်ညင်းကားစောင်း၊ ခြေကြောင်းရေကြက်၊ ဝံလက်စည်ပုတ်၊ လက်ခုပ်ပံလို၊ သံချိုသာမောကြက် တောသီချင်း၊ဘော်ရွှေခြင်းနှင့်၊ မကင်းရှင်မြူး၊ ကန့်သာဦးနိုက်၊စူးစူးမဖြောင့်၊ နောက်တောင်ထောင့်ဝယ်၊ ဆန်းကြောင့်ဆန်းကြယ်၊ ပံဘောင်လယ်၌၊ရှုဘွယ် ဆင်းဝါ၊သုဇာတာတို့၊ပန်ဌာမြတ်နိုး၊ သကြားပျိုးသား၊မညိုးပွင့်ညှာ၊ ပန်းယင့်း မာသည်။ ။ခက်ဖြာညွန့်ရှည်ပွင့်တော့သည်။

၂။ နှစ်လမကွေ၊ သက်ချင်းဝေ၍၊ ရင်ရွှေတူပင်၊ ပျော်ပါးချင်စွ၊ အမြင် သွယ်နွဲ့၊ ကြော့စိမ်းလဲ့နှင့်၊ ဆယ့်သုံးနှစ်ဝင်၊ သံကေရှင်လည်း၊ ဆုတ်သင် စည်းခါ၊ ငယ်ပျူဌာနှင့်၊ ခါသာမိတ်ညို့၊ ရွှေရင်စို့ကို၊ နောင်သိုပေပင်၊ မှတ်ယူ ထင်လျက်၊ ချစ်လျှင်ချစ်ခြင်း၊ ချစ်တိုးပြင်းသား၊ အဆင်းရွှေသွေး၊ ပန်းပေါက် ပေးသို့၊ ရှင်ထွေးတုလွတ်၊ ပြည်မြို့နတ်နှင့်၊ မချွတ်စုံပေါင်း၊ သည်နှစ်ဆောင်း ဝယ်၊ တူလျောင်းတူစက်၊ တူပင်ဘက်၍၊ နွဲ့ယှက်နှစ်ကိုယ်၊ ပျော်ရလိုဟု၊ တ-ဆိုလျက်ပင်၊ မွှေးဆံရှင်၌၊ ရွှေစင်ခက်ဖြာ၊ ရွှေယင့်မာကို၊ ပန်ငှါမရက်၊ တင်လျှူဆက်သည်။ ။မြရွက်ထွေလည်ဆင့်တော့သည်။

၃။ ချစ်စမပြေ၊ မြဲးနှောင်ခွေ၍၊ မြင်ချေသသူ၊ စိတ်ဝမ်းပူမျှ၊ သည်းအူ ဗုန်တက်၊ အသက်ဝိညာဉ်၊ ရှိစဉ်ဘနန်း၊ လှတ်လှတ်ကျွန်းသို့၊ နတ်ပန်းယင်း မာ၊ ပွင့်ခက်ဖြာကို၊ဆက်ပါမည်သူ၊လူလည်းနှောင့်တွင်၊ လွန်ခဲ့အင်စွ၊ရွှေရင် တူကွ၊ စုံပျော်ရမူ၊ နောင်မြကားညွတ်၊ သခင်ဆွတ်၍၊ လတ်လတ်ရည်ရှင်၊ မြသွင်ညိုရောင်၊ စည်းကြက်တောင်ထက်၊ တင်ဆောင်ရည်ထင်၊ နှောင့်လက် ပြင်၍၊ မဆင်ရလော၊ လွမ်းတို့မောစွ၊ နတ်လျောယောင်ဆင်း၊ ဖြူရောင် ဝင်းကို၊ နောင်မင်းထမ်းလျက်၊ မပန်ရက်သည်။ ။ပန်ဘက်ဘွေနည် လင့် တော့သည်။

---

## ၁၅၆-ပြည်မြို့စံတောင်လယ်ဘုန်းကြီးဆို
## မန်းဘွဲ့ရတု ၃-ပိုဒ်

၁။ မေတ္တာအောင်မြေ၊ နန်းချက်ဘွေ့၌၊ ချင့်နေတာထောက်၊ ရှစ်ရာလောက်တွင်၊ ကြိုင်ပေါက်ပျံ့စွာ၊ ငါးမည်ကြာလည်း၊ နေ့အရုဏ်သင့်၊ ကန်လိုးပွင့်သား၊ ဘော်နှင့်မဝေး၊ ကျူးသံလေးတည့်၊ ပဲထွေးကားညွှင်း၊ ပိန်ညင်းကားအဲ။ ဝမ်းဘဲကားစောင်း၊ ခြေကြောင်းဆက်လျက်၊ ရေကြက်စည်ပုတ်၊ တီးမှုတ်သာမော၊ ကြက်တောသီချင်း၊ ဘော်မယွင်းနှင့်၊ မကင်းရှင်တန်၊ နန္ဒာကန်လည်း၊ သဏ္ဍာန်မခြောင့်၊ နောက်တောင်ထောင့်ဝယ်၊ တူးလောင့်ထူးလည်၊ သာပင်စည်သား၊ ရွှေပြည်မြို့သူ၊ လူတို့ပျော်ပိုက်၊ ရပ်မကိုဋ်ဝယ်၊ မပိုက်မြေပြင်၊ ပင်စည်တွင်၌၊ စုံအင်ဆင်းဝါ၊ သုဇာတာကို၊ ပန်ငှာမြတ်နိုး၊ သကြားပျိုးသား၊ မည့်သိုးဆင်းဝါ၊ ဇလပ်တာသည်။ ။ခက်ဖြာတန့်ပြည့် မွှမ်းတော့ညွှန့်။

၂။ နှစ်လတောင်ရေ၊ နောင်ကြင်ဆွေနှင့်၊ မကွေမကွာ၊ သက်သချာလည်း၊ နွဲ့းကာရွှေရင်၊ ပျော်တို့ချင်စွ၊ နုတ်သွင်ချောနွဲ့၊ ပြာဝင်းလဲ့မှု၊ တဆဲ့ခြောက်နှစ်၊ ပျံမျစ်မျစ်လျှင်၊ ကျစ်လစ်ခြင်းရာ၊ ဆံကေသာကိုး၊ ပြင်ကာသိပ်သည်း၊ ဆွဲဖြူစည်း၍၊ ရထည်းပိတ်ပြေ၊ ရင်ရွှေလွှမ်းကာ၊ ယယ်ပျူဟာနှင့်၊ ကေသာမြညို့၊ ရွှေရင်စို့ကို၊ နောင်ဘိုပေသာ၊ ရေးကျိုးပါ၍၊ ချစ်ရာလွှန်ပြင်း၊ ချစ်သက်နှင်းသား၊ ချစ်ခြင်းလွန်မှု၊ ချစ်စိတ်တူသည်၊ ဇမ္ဗူ ရည်ပျောင်း၊ လျော်ရွှေမောင်းသို့၊ ရှင်နှောင်းတမွတ်၊ ရွှေပြည်နတ်ကို၊ မချွတ်တူပင်၊ ဆောင်းသစ်တွင်၌၊ ရွှေရင်နွဲ့းလျက်၊ တုစက်နှစ်ကိုယ်၊ ပျော်ရလိုဟု၊ တ-ဆိုလျက်ပင်၊ ရွှေမြင်ထင်ဝံယ်၊ ရွှေစင်ဆင်းဝါ၊ ဇလပ်တာကို၊ အသာကြည်ဖြူ၊ နားကယူ၍၊ တင်လျှုပန်နှက်၊ တောင်းဆုမြွက်သည်။ ။စောလျက်ခြော်ကြည့် လွှမ်းတော့ညွှန့်။

၃။ ချစ်စနှောင်ထွေ၊ မြီးစွာခွေ၍၊ မြင်ချေသသူ၊ ဖြေကာမတာတ်၊ သေပြတ်သက်စင်၊ ဆွတ်ကြင်ဘနန်း၊ လှခေါင်းကျွန်းကို၊ ရွှေပန်းခိုင်မှာ၊ ဇလပ်တာနှင့်၊ ဒွေစာတမန်၊ ယုံကျွန်ခြင်းရာ၊ မရောက်သာတည့်၊ ဆက်ပါစေချင်၊ မနှမ်းခင်ကို၊ အလျှင်ဘယ်နှံ့၊ ရောက်ပါအံ့နည်း၊ ဆွတ်ပျံ့မိန်းမှိုင်၊ မလွှမ်းနိုင်ခဲ့၊ တူပြိုင်မကွေ၊ ကြင်သက်ဝေနှင့်၊ ရင်ရွှေမကွာ၊ နွဲ့းကာကာမှ၊ အသာလှမ်းညွှတ်၊ နောင်ပင်ဆွတ်၍၊ လတ်လတ်ရည်ရှင်၊ မြသွင်ဆင်းရောင်၊ လှ

ကြက်တောင်ဝယ်၊ တင့်အောင်ထိပ်တွင်၊ နောင့်လက်ပြင်၍၊ မဆင်ရလော၊ လွမ်းတို့မောစွ၊ နတ်လျော့ယောင်ဆင်း၊ ပြုရောင်ဝင်းကို၊ နောင်မင်းထမ်းလျက်၊ မပန်ရက်သည်။ ။မျှော်လျက်မျှော်ကြည့် ရှင်တော့ညှော့။

---

## ၁၅၇-ပြည်မြို့ဝံတောင်လယ်ဘုန်းတော်ကြီးဆို ရတု ၃-ပိုဒ်

၁။ လေပြင်းထန်၍၊ ဝသန်ရာသီ၊ မိုင်းရီမြောက်တောင်၊ လျှပ်စစ်ရောင်တိ၊ ထက်ခေါင်ဟူးဟူး၊ ရိုက်ကြူးထိန့်ထိန့်၊ မိုးစည်အိန့်ခဲသော်၊ ဖိန့်ဖိန့်တုန်လှုပ်၊ ပြတ်ချုပ်ဘနန်း၊ ဇောစိတ်မွန်းမျှ၊ မလန်းရှင်ကြောင့်၊ မိုးလည်းမှောင့်၍၊ ပူခေါင့်ပူခဲ၊ လလဲးရက်ကြာ၊ သို့သောခါဝယ်၊ ယင်းမာပွင့်ခိုင်၊ မွေးကြိုင်ပုန်းညက်၊ ပင်မြင့်ထက်ဝယ်၊ ကျီးငှက်သားပြင်း၊ သန့်ပါတွင်းနှိုက်၊ မှည့်ဝင်းထန်းသီး၊ ရေလည်းကြီး၍၊ ဇနိုးခန့်ရည်၊ မျိုးကြင်သည်နှင့်၊ ရာသီချင့်၍၊ ပျော်ခွင့်ရမည်၊ မှတ်ပါသည်ကို၊ ကြိုးရှည်ရက်များ၊ ဝါလခြားခဲ့၊ တရားဖြောင့်ဖြောင့်၊ သုံးစောင့်သီတင်း၊ ယွင်းခဲ့အံ့လော၊ ပြာနှဲ့ချောကြောင့်၊ မကောမလတ်၊ မကျွတ်သီတင်း၊ အလွမ်းပြင်းသည်။ ။ဆီးနှင်းဖျန်းပါလတ်တော့သည်။

၂။ နွေရင်းမှန်၍၊ ပျော်ရန်သင့်စွာ၊ ရေးလျှာဒါကြောင့်၊ ကမ္ဘာသိန်းသန်း၊ ပြိုးပြက်ထွန်းလည်း၊ မဆန်းရက်သစ်၊ ကျွမ်းချစ်မေတ္တာ၊ နောင်နှင့်သာတည့်၊ ခုခါတမူ၊ လူကိုထားဘိ၊ ရေးခြားမမြော်၊ ငှက်တို့သော်မျှ၊ ရွှေဘော်စုံပေါင်း၊ ပျော်ကြောင်း ယှဉ်ဘက်၊ လည်ချင်းယှက်၍၊ ရွှေငှက်ဟင်းသာ၊ မကွာလိုင်နန်း၊ ပါးဆေးဒန်းနှင့်၊ ဦးစွန်းမြနည်း၊ ထက်မည်း နက်ကျော၊ လှမောရောင်ဆင်း၊ မြိုင်ရိပ်တွင်းဝယ်၊ ဒေါင်းလင်း တောကြက်၊ မထွက်လွင်ကျင်း၊ သံပြင်းခတွန်၊ ထေရ်မြွတ်မွန်တို့၊ နိဗ္ဗာန်အာရုံ၊ နှုတ်ငုံတွတ်တွတ်၊ ဥပါဒ်ငြိဘင်၊ ဘဝင်ဇောသုံး၊ မင်္ဂဖိုလ်ကျူးမျှ၊ တီးတုံးစီးဖြန်း၊ ကမ္မဋ္ဌာန်းမေတ္တာ၊ဘာဝနာနှင့်၊ ဘိညာဈာန်ပေါင်း၊ အရချောင်းရှင့်၊ ဒွေဟောင်းတမူ၊ ရွှေရှုစူးစူး၊ မဖူးလှာပံ့၊ ခါကိုင့်၍၊ ဆွတ်ညှုံးယူတ၊ မရှင်ပျသည်။ ။ဟောမဆန်းပါလတ်တော့လော။

၃။ ရေလင်းဟွန်၍၊ ကဲးလွန်တံပိုးကမ်းကိုမိုး၍၊ မညိုးစွင့်စွင့်၊ ပေါင်းပွင့်လူလူ၊ ကျူလည်းဖွေးဖွေး၊ ပြင်ထိပ်ကွေးထက်၊ မြစ်တွေးတိန်ညင်း၊ သောင်တင်းဇင်ယော်၊ စံဖော်-ဖိုမ၊ ရှင်မြူးကြလျက်၊ ဝဿ အလျောက်၊

ကျေဖြောက်အုံ့မှိုင်း၊ နွေကတိုင်းလျှင်၊ စဲးကိုင်းမပေါ်၊ ပြင်မမြော်က၊ ယှဉ်ဖော်နောင်ဝမ်း၊ ထပ်ကာလွမ်း၍၊ ညချမ်းသန်းခေါင်၊ သောက်ရောင်မြူနီ၊ နာရီလှည့်ပတ်၊ တဆွတ်ဆွတ်လျှင်၊ကျွတ်စေချင်လျှင်း၊သည်ဝါတွင်းကို၊ နောင်မင်းငံ့ရှောင်း၊ ရွှေရင်ညောင်းစွ၊ စုံပေါင်းလိုင်ယဲး၊ ပျော်ကြမြဲးသား၊ ဝမ်းဘဲးဟင်းသာ၊ ငှက်တကာတို့၊ ထွက်ပါလေတော့၊ စိတ်မလျော့နှင့်၊ လော့လော့ခုပင်၊ ဖူးချင်ခဲ့ပြီ၊ ရာသီနှင်းရှူး၊ ဟေမန်ကူး၍၊ ချမ်းဦးတန်းဆောင်၊ မုန်းလရောင်သည်။ ။ပြောင်ပြောင်ထွန်းပါလတ်တော့လော။

**အမှာ။**　[ဒါယိကာမတဦး တောင်းပန်၍ ရေးပေးသော မောင်ဘွဲ့ရတုနှင့်တူသည်၊ အခြားမှုကိုမရှာ၊ ပိပိရနသာမှုအတိုင်းသာ ထည့်ခြင်းဖြစ်သည်။]

---

## ၁၅၇-သျှင်သူရဲးဆို မောင်ဘွဲ့ရတု ၃-ပိုဒ်

၁။ မြေသင်းသြဇာ၊ မွှေးနံ့သာတိ၊ရံခါမကင်း၊လေညှင်းပြန့်ချို၊ နေညိုညိုဝယ်၊ဆွေညိုသူရဲး၊ မြခဲးနှိုင်းရည်၊ နောင်စစ်သည်ကြောင့်၊ မျက်ခြည်ရှုမူး၊ ပျံ့ပျူးညိုးယော်၊ လာနိုးမြော်၍၊ချစ်ဘော်ကွဲးပြား၊မပြားငှက်သွင်၊ ဆွတ်ဆွတ်ကြင်မျှ၊ ရက်ပင်လများ၊ မြင့်ရှည်လျားသော်၊ ပျော်ပါးမဲ့ဆုံး၊ ကြာသို့ရုံးသည်။ ။နှလုံးအူသည်း နောင်သို့စည်း။

၂။ နေမင်းသော်တာ၊ ရောင်ခြည်လာက၊ အာသာရင်ရွှေ၊ မြေအုံ့မရဲး၊ လည်ချင်းနွဲ့း၍၊ သူရဲးဆွေညို၊ မဲ့ကိုတောင်းပန်၊ မှာခဲ့ဟန်နှင့်၊ မတန်တို့ပဲး၊ မြင့်မြဲးလေစွ၊ နှမမယ်ဝမ်း၊ ချစ်လွမ်းမဆုံး၊ ယွယ်ယောင်တုန်းကြောင့်၊ ဂမုန်းနံ့ကြွယ်၊ ကုံးသွယ်ညီမော၊ စံပယ်ရော၍၊ သျှောင်ကြောလှစွာ၊ မယ်လက်ယာဝယ်၊အသာယုယ၊ဆင်စိမ့်တသည်။ ။နှမဆွေနည်း ကျင့်သိပ်သည်း။

၃။ ရွှေချင်းဘော်ကွာ၊ ချမ်းရိပ်သာဝယ်၊ ချပ်ပြာညိုလဲ့၊ ကြာညိုနွဲ့သည်၊ သွေမဲ့နှမ၊ ပျောင်းတိုလှ၏၊ ရင်မျှရွှေခဲး၊ ရှုံးသည့်မြေခေါင်၊ ခုအောင်မလာ၊ မြင့်လေကြာမူ၊ အခါရတု၊ မင်းရှုသဘင်၊ ရေသွန်းရှင်က၊ ဒိမ်ရှင်မျိုးမြတ်၊ မတတ်ဆီးတား၊ လွန်သနားရှင့်၊ နတ်များဖန်ဆင်း၊ နောင်ကပင်း၍၊ မိမင်းနေရာ၊ကြိမ်ကလှာသည်။ ။ငြိမ်စွာမတည်းတော့လေပည်း။

---

## ၁၅၈-သျှင်သူရဲးဆို မောင်ဘွဲ့ရတု သုံးပိုဒ်

၁။ သဘောကြင်နေ၊ ချစ်ရိုသေ၍၊သက်ဝေစုနှင်း၊ နောင်သုမင်းကြောင့်၊ ရှည်ခြင်းနှမ၊ နိစ္စမပြတ်၊ သီလဝတ်လည်း၊ ကျင့်မှတ်ဆော်ကတည်၊ ကိုယ်စား

ရည်လျက်၊ မျိုးသည်ကြင်ဘော်၊ ချုပ်ညသော်မူ၊ ဆံတော်စုဋ္ဌာ၊ စွယ်လက်ယာဝယ်၊ နံ့သာပျံမွှန်း၊ ပန်းပေါက်ပေါက်ကို၊ မမြောက်တတ်ပဲ၊ ရွာကာကြဲ၍၊ သူရဲးဆွေမောင်၊ နောင်စစ်သည်လည်း၊ သာကြည်လျှင်ဆော၊ ဖူးစေသောဟု၊ စိတ်ဇောကြည်ဖြူ၊ ဆုယူစိတ်လျဉ်၊ တောင်းစဉ်စဉ်ဝယ်၊ ဝိညာဉ်မွဲမှာ၊ ဗျာပါထပ်လွှင့်၊ လွမ်းခြင်းမြင့်၍၊ နောင်မင့်သက်ဝေ၊ ဖျော်မဝေသည်။ ။ညွတ်ခွေပျောင်းညှို့လှည့်ကာသောဝ်။

၂။ မဋ္ဌုပွင့်ဝတ်၊ လေပြည်ဆွတ်က၊ နံ့မြတ်ကြိုင်ဇေး၊ တမွှေးမွှေးလျှင်၊ ဆီးသေးကြွေပျောက်၊လဲးပေါက်ကင်း၏၊ နွယ်မြလူလျူ၊ ဝတ်ဖြူပြန့်ရှင်၊ ပွင့်စည်တွင်ဝယ်၊သည်ပင်မနီး၊မယ်တီးခက်ခါ၊မွှေ့ရုံလပ်ကြွင်း၊ ရင်တွင်းသည်လည်း၊ ပန်းတို့ချည်းကို၊ ဆွေနည်းနှမ၊ မြင်ကသနား၊ လွမ်းအားပူချင်၊ မရှင်ပျောင်းခွေ့၊ ဖြစ်ဘိ၍တည့်၊ မင်းချေ့ချစ်နံ့၊ ပျံလကာကာ၊ နံ့သာကြိုင်ရှင်၊ သလင်ပေါ်ကြက်၊ မွှေရာထက်ဝယ်၊ မစက်တတ်လျှင်း၊ နောင်သည်မင်းကို၊ ရောက်တင်းမေးတွေ၊ လွမ်းလျက်နေသည်။ ။ရင့်ရွှေညောင်းပွံ့လှည့်ကာသောဝ်။

၃။ ချစ်ဘက်သည်းလျှာ၊ ရွှေးချယ်ရှာမူ၊ သုမှာမူပျော်၊ မွှေလျော်မယ်နှိုက်၊ဘုန်းဆုံကြိုက်သား၊ ရောင်မြိုက်မင်းကျော်၊ သူတော်ယဉ်မြေ့၊ နှီးသည်နေ့က၊ လွမ်းငွေ့ဝေဝေ၊ စိတ်ပန်းကြွေလျက်၊ နွေလည်းကုန်စင်၊ မင်းလွင်မြူးခွဲ၊နှင်းစဲ့ပြိုးပြွမ်း၊ မွဲချည်းချမ်း၍၊ ချစ်လွမ်းဆပ္ပါး၊ ဆည်းတားမတတ်၊ ပျောင်းခွေညွတ်မျှ၊ ဆွတ်ဆွတ်ကြင်နာ၊ နေလှည့်ရာဝယ်၊ ကလျာနွဲ့မျှ၊ သာခခက်စည်၊ပွင့်ခါလည်က၊လေပြည်ညှံ့ညှံ့၊ တပျံ့ပျံ့တည့်၊ ရနံ့ကြိုင်မွှန်း၊ ပျားပိတုန်းလည်း၊ခတ်ဖြုန်းတောင်ပံ၊ အသံရင့်ရှု၊ ပန်းယက်ယုသည်။ ။ဝတ်ဖြူလျှောင်းပျံ့လှည့်ကာသောဝ်။

---

## * ၁၆၀-ဟံသာဝတီဆင်ဖြူရှင်သို့းတော်အငယ်ဆို မောင်ဘွဲ့ရတု၃-ပိုဒ်

၁။ လွမ်းလွမ်းကဲး၍၊ တို့စဲးမပို့၊ နောင်မွှေးမိသည်၊ ပျောင်းရိုခွေလျှ၊ မွှေရာမ-ထက်၊ ရှုတည်ဆိုးငယ်၊သနားဘွယ်တိ၊ နေဝယ်ဖယောင်း၊ ညှိုညှိုပျောင်းသို့၊ ထပ်လောင်းကဲးဆင့်၊ နောင်ဘုန်းမြင့်ကြောင့်၊ မပွင့်နှလုံး၊ မရှင်ပြုံးသည်။ ။လွမ်းဆုံးတိုင်ညည့် ဖျောက်ပါလှည့်။

၂။ ဖျောက်ပါလှည့်လေ၊ ဖျော်မပြေတည်း၊ တမ်းရေရွတ်လျက်၊ အိမ်သာထက်ဝယ်၊ မဖက်မပြိုင်၊ မိန်းမှိုင်အောက်မေ့၊ နေ့မိုးအချုံး၊ လခွဲးလုံးဝယ်၊ အုံးဝယ်အပ၊ မထမိုးချုပ်၊ လွမ်းတိမ်းမြုပ်လျက်၊ စံချုပ်နှိုင်းလျော်၊ ပျော်မရှင်မွေ့၊ နောင်ဘုန်းဟေ့ကြောင့်၊ တနေ့တချာ၊ လွမ်းဗျာပါနှင့်၊ ခေါင်သာသိမ်းလွမ်း၊ မရှင်လန်းသည်။ ။လွမ်းပန်းကြွေညှေ့ ကောက်ပါလှည့်။

၃။ ကောက်ပါညှေ့လေ၊ ဖြိုးမွှမ်းပေစွ၊ မင်းခြေသူရဲ၊ မြခဲနှိုင်းပြိုင်၊ ဆင်းမှူးစိုင်နှင့်၊ တူပြိုင်လျောင်းစက်၊ ဘယ်နံရက်ဝယ်၊ အသက်တရှည့်၊ ပျော်ရလှည့်ရှင့်၊ မပြည့်ပေါ်သာ၊ စိတ်ထဲးလှာ၍၊ ဗျာပါပွတ်ချော၊ တော်သဘောကို၊ ဖြင်ပေါ်နတ်လူ၊ ကိုးရာမှုသည်၊ သုံးလူတို့ထွတ်၊ စွယ်ဆံမြတ်ဝယ်၊ နှစ်ပတ်မကွာ၊ မင်္ဂလာရက်၊ ခန့်ရေတွက်၍၊ ဆက်ဆက်စုံပေါင်း၊ ပျော်လွယ်ကြောင်းကို၊ သည်ဟောင်းမယ်ဆွေ၊ ဆင်းမြုတေလျှင်၊ ထိပ်မွေလက်မိုး၊ ယိုကြာငုံ၍။ ။တူစုံတလှည့် လျှောက်ပါလှည့်။

**စကားချပ်။** [ဤရတုကား မောင်ဘွဲ့ဖြစ်၏၊ချစ်လှသောကျေညီးဇူးရှင် ခင်ပွန်းသခင်ကိုလွမ်းတလျက်နေရကြောင်း ဖွဲ့နွဲ့သောအကြောင်းဖြစ်၏။

အပိုဒ် ၂-တွင် နေ့မိုးအချုံးကား တနေ့လုံးကုန်တညလုံးကုန် နေရသည်ကို မိုးအချုံးဟုရှေးကပြောကြ၏၊ မောင့်ကိုမျှော်ရတာတမိုးချုံးပဲဟုပြောကြ၏။

အုံးဝယ်အပကား ခေါင်းအုံးမယှိပဲးစက်ရသည်ဟုဆိုသည်၊ လွမ်းတိမ်းမြုပ်လျက်ကား အလွမ်းအဆွေးကို တိမ်းပါးအောင် နောင်ကိုမပေါ်လှာအောင်စိတ်နှင့်မြုပ်ထားရသည်ဟု ဆိုလိုဟန်တူသည်၊ ခေါင်သာသိမ်းလွမ်း-ကား လွမ်းသောစိတ်မှမယှိအောင် ခေါင်အောင်ဝေးအောင်သိမ်းကြောင်းဆိုဟန်တူသည်၊ မိုးခဝေးသည်ကို-မိုးခေါင်သည်၊ ခရီးဝေးသည်ကို-ခရီးခေါင်သည်ဟူသကဲ့သို့ထင်၏။

အပိုဒ်၃-တွင် ဖြိုးမွှမ်းပေစွ-ကား ကြွေကျသောအလွမ်းပန်းတွေ ပုံလျက်ပြန့်လျက်များးစွာယှိနေကြောင်းဆိုသည်၊ မပြည့်ပေါ်သာ-ကားအကြံမပြည့်မပေါ်လာသည်ကိုဆိုဟန်ထင်သည်၊ စွယ်ဆံမြတ်ဝယ်-ကားဘုရားကိုဆိုသည်၊ မည်သည့်ဘုရားကိုရည်သည်မသိ၊ မောတောဘုရားယှိသည်၊ ခမည်းတော်တည်သော မဟာစေတီယှိသည်၊ တိဂုံဆံတော်ရှင်စေတီယှိသည်၊ စွယ်တော်ရသော ဘုရားစေတီသပိုင်းမယှိ၊ နန်းတော်တွင်းနှိုက်စွယ်တော်ပုံပြုလုပ်ကိုးကွယ်ခြင်း,စွယ်တော်စင်ပြုလုပ်ကိုးကွယ်ပူဇော်ခြင်းကိုဆိုမည်လားမသိ။]

## ၁၆၁-မင်းအဘယဂါမဏီသား ရှင်ရန်အောင်လိုက်သည့် လျှောက်ရတု ၃-ပိုဒ်

၁။ လွန်ကဲးလွမ်း၍၊ ချစ်ကျွမ်းဝင်လှ၊ နောင်ကြိုင်မြကြောင့်၊ ပျောင်းပြမလန်း၊ မှိုအုံးဝန်းဝယ်၊ လွမ်းပန်းပွံ့ကြွယ်၊ သနားဘွယ်တည့်၊ နေဝယ်မခံ့၊ ရွှေပြည်ညွှံ့သို့၊ ဆွတ်ပျံ့ညှိုးခွေ၊ နောင်ကြောင့်ပေတည့်၊ မဒြေမိန်းမှိုင်၊ လွမ်းဆိုးတိုင်မူ၊ ကြံခိုင်တံ့စား၊ ရှင်သက်ထားသည်။ ။သနားဖျောက်လှာ မည်ဘုရား။

၂။ သနားဖျောက်၍၊ ချစ်ကြောက်မနေ့း၊ ရှည်ဝေးလွမ်းတာ၊ သို့စင်ကြာမူ၊ ဒိဗ်သာရိပ်ငြိမ်၊ တင်းဘိမ်ကာသန်း၊ ခြူးပန်းလှတင့်၊ မွှေရာမြင့်ထက်၊ သခင့်အရံ၊ ကျွန်ုပ်ကျွန်လျှင်၊ ပုပန်ညှိုးချုံး၊ လသွဲးလုံးကို၊ တွက်ကျုံးရက်ဖြင်၊ တယောက်ထင်၍၊ မရှုင်ယူတ၊ ပျော်မောကလျှင်၊ အလှနတ်ရည်၊ လွမ်းပင်စည်၍၊ ငုံရည်ချပ်ပြေ၊ လွမ်းပွင့်ကြွေမူ၊ ရှင့်ဆွေစိတ်တူ၊ လွမ်းပန်းဖြူသည်။ ။ကြင်သူကောက်လှာမည်ဘုရား။

၃။ ကြင်သူကောက်၍၊ မရောက်ငုံရှေ၊ ချပ်ပြေလှတင့်၊ လွမ်းပန်းပွင့်ကို၊ နောင်မင့်ထိပ်ပြင်၊ လှယ်လှယ်ဆင်၍၊ သခင်ရှုထုံ၊ နောင်ရှုဟုံလျှင်၊ ကြေးမုံအတူ၊ နောင်သူဝမ်းက၊ ရည်ထင်လှ၏၊ ရွှေများအထွဋ်၊ စံတမွှတ်လျှင်၊ ရစ်ပတ်မိတ်ပွား၊ စုလျှားဘွဲ့ပြီး၊ပွဲးကြီးသဘင်၊ မင်္ဂလာရက်၊ ခန့်တွက်စေကြောင်း၊ တောင်းသည်ဆုလည်း၊ ယခုဆောလျှင်၊ ပြည့်စေချင်စွ၊ မရှင်ညွှတ်ပျောင်း၊ ညွှဲ့ညွှဲ့နောင်းနှင့်၊ ဆယ်ချောင်းထိပ်ဆီ၊ လက်အုပ်ချီ၍။ ။အညီလျှောက်လှာမည်ဘုရား။

---

## ၁၆၂-ဒုတိယ နဝဒေးဆက် ဘကြီးတော်ဘုရား သကြိန်တော်ခေါ်မင်္ဂလာပွဲးသဘင်ဘွဲ့သော လျှောက်ရတုပိုဒ်စုံ

၁။ တက်ထွန်းလျှံဖြာ၊ သိန်းသချာသည်၊ ကမ္ဘာ၁၄နှစ်ဖြိုး၊ ထပ်ပြန်နှိုး၍၊ ကြိုးလော့ပွင့်လျှာ၊ ကြာအံ့ဘုရား၊ ညာဏ်လေးပါးဟု၊ သိကြားကိုယ်လည်း၊ ဆိုဘူးသည်နှင့်၊ သက်ရှည်လွန်ကျူး၊ သပြေဦးဝယ်၊ စိုးမူးပိုင်နင်း၊ မင်းတို့အကို၊ လွန်ခဲးညှိသား၊ သဂြိုဟ်လေးဆင့်၊ဆယ်ပါးကျင့်ကို၊ ရှင်ပင့်ရွှေညာဏ်၊

ယှိတိုင်းသန်၍၊ မိဋ္ဌာန်ဆောက်ဦး၊ ဆုကြီးယူလျက်၊ ဇမ္ဗူရွှေညာ၊ရေမျက်နှာလည်း၊ ချာချာညွတ်ပျောင်း၊ တုန်ရိုက်ညောင်းသည်။ ။သောင်းသောင်းဝန်းတော့မည်ဘုရား။

၂။ ဘက်ကျွန်းစံရာ၊ မင်းစဉ်လာတို့၊ စံငှါမရဲ၊ ပြူနိုင်ခဲသား၊ အောင်ပွဲသီရိ၊ မုတ္တာဘိကြောင့်၊ မဇ္ဈိမနယ်၊ မောက်ဖြိုးကယ်သား၊ နန်းနွယ်ခတ်ရင်း၊ သောမမင်းသို့၊သတင်းပညာ၊ သမ္မာဓိတော်၊ထိုပသော်ကား၊ မြတ်ကျော်ဘုရား၊ ပိုင်းခြားပြည့်စုံ၊ လိုတိုင်းကုန်လျက်၊ အောင်ဘုံဌာန၊ နန်းဇေယျထက်၊ စကြဲစတော၊ စံနေရာကျော်၊ ရွှန်းရွှန်းပေါ်၍၊ ဘုန်းတော်နက်စုံ၊ ဂရုခံသား၊ ကျော်သံရိုက်ချောင်း၊ တိုက်တသွေ့ာင်းသည်။ ။ညောင်းညောင်းထွန်းတော့မည်ဘုရား။

၃။ စက်ဝန်းရံကာ၊ကိန်းသမ္ဘာတက်၊နွယ်လာလေးမည်၊ မျိုးပင်စည်ကို၊ ဆောတ်တည်ပေးကမ်း၊ မင်းတို့တမ်းဖြင့်၊ ဆောင်းချမ်းခါချိန်၊ ထွန်းလာထိန်သား၊ တာရိန်ဒေဝ၊ မိုးသောက်လသို့၊ ပြည်မတိုင်းမြေ၊ ချမ်းငြိမ်းစေလျက်၊ လေရေမြေထု၊ နေရူစက္ကဝါ၊ ကျွန်းမျက်နှာလည်း၊ မဟာကဌာန်၊ ရာပြန်ဖြိုးအောင်၊ တန်းခိုးဆောင်၍၊ တောတောင်ပေါင်ငုပ်၊ သီးပွင့်ကုပ်ဖြင့်၊ လက်ခုပ်အောင်ရပ်၊ ဩဇာထပ်သား၊ ကလာပ်မွှန်းဝေ၊ မွှန်းသည်ရေနှင့်၊ လေလည်းမသုန်၊နွေလကုန်သော်၊ ပဇ္ဇုန်ဆည်မြောင်း၊ မြည့်မြည့်စောင်းသည်။ ။ကောင်းကောင်းသွန်းတော့မည်ဘုရား။

## ၁၆၃။ ဒုတိယနဝဒေးဆက် မင်္ဂလာစံကျောင်းဆောင် လောင်မီးကျရာ ဘွဲ့သောမင်္ဂလာလျှောက် ရတုပိုဒ်စုံ

၁။ ပွင့်ဝန်းကမ္ဘာ၊ သိန်းသချာတည့်၊ ထက်ဝါတည်ဦး၊ဆက်ရှည်ကြူးကာ၊ ပေါက်လူးညီနောင်၊ စိုးစံဆောင်သည်၊ ရွှေတောင်ပေါ်ထွန်း၊ ရွှေမင်းကွန်းဝယ်၊ ကွန့်ရွှန်းရိပ်မြို၊ စံရွှေဘုံကို၊ မနေ့ရုံတောင်ထု၊ တုန်ရိုက်လုမျှ၊ကရုဒေဝိန်၊ ထိုအချိန်ဝယ်၊ဝရဇိန်ခိုင်ပွင့်၊ သုံးပြိုင်ဆင့်လျက်၊ တို့ရှင့်ဘုန်းတော်၊ ချုန်းချုန်းဆော်၍၊ ကျူးကျော်မိုးမြေ၊ စိုးစိမ့်စေဟု၊ မိုးရေလေရိုက်၊ အင်္ဂုံကြိုက်လျက်၊ ယမိုက်ပြောင်ရွှန်း၊ ထိန်ထိန်ထွန်းသည်။ ။စက်ဝန်းနေအရှက်ဘုရား။

၂။ တင့်ရွှန်းလျှံဖြာ၊ မင်္ဂလာတည့်၊ သောကြာနေ့ညာ၊ နိမိတ်ပြသား၊ ပုဗ္ဗကရိုက်း၊ စက်သံလှိုင်းလျက်၊ စကိုင်းဘုရား၊ ငါးပါးယှိရွယ်၊ ရွှေမိမယ်တို့၊

နတ်နှယ်စုံညီ၊ မျှိုဦးချိ၍၊ ပါရမီဉာဏ်၊ ဘုန်းကျိုးဖန်ဖြင့်၊ ပြန်ပြန်ဝှဲးခြီး၊ မလပ်တီးက၊ မြေကြီးဖြိုးစွာ၊ ရွှေမိုးရွာလျက်၊ စက္ကဝါတောတောင်၊ စည်စေအောင်ဟု၊ စောင့်ဆောင်ချီငေါ်၊ ထိုပသော်ကား၊ဘေးတော်ဘိုးမြတ်၊ မန္တာတ်တို့နည်း၊ ခမည်းတော်ညွှန့်၊ ရာကျော်ဗွန့်ပျက်၊ မြန်ကျွန့်စည်ရွှန်း၊ တဝန်းဝန်းသည်။ ။တက်ထွန်းဇေယျာဘုံဘုရား။

၃။ မြင့်သွန်းစံရာ၊ ဝတိန်သာက၊ ဌာန္ဒာဘုန်းပွိုင်၊ ရိုက်ချုန်းဆိုင်လျက်၊ အပြိုင်မိုးမြေ၊ ကြိုးသောထွေကား၊ မီးရေလေဖျက်၊ ကမ္ဘာဆက်တွင်၊ ကျွန်းဘက် လေးတည်၊ နတ်နှင်းပြည်ကို၊ ပွင့်စည်စိုးမှူး၊ တို့စောလူးဟု၊ မိုးဦးသဘင်၊ ကောင်းကြီးယင်လျက်၊ အောင်မဂ်လာ၊ လွှမ့်ရိုက်ဖြာမူ၊ စကြာဆင့်ဆင့်၊ ကြိမ်ကြိမ်မြှင့်၍၊ လောင်ပွင့်မီးလျှံ၊ ညီးညီးပျံတည့်၊ သယမ္ဘူခေါင်၊ ယှိတိုင်းအောင်လျှင်၊ ပြောင်ပြောင်လှည့်ဝန်း၊ တရွှန်းရွှန်းသည်။ ။ဘက်ကျွန်းတေဇဂုဏ်ဘုရား။

---

## ၁၆၄-ဒုတိယ နဝဒေးဆက် ဘကြီး၊တော်ဘုရား ရတနာပူရမြို့တည်ရာ အခမ်းအနားဘွဲ့သော လျှော်က် ရတုပိုဒ်စုံ

၁။ မြန့်တိုင်းချက်စည်၊ ဆက်စဉ်ရှည်သား၊ ရွှေပြည်သိရိ၊ နန်းဇာတိကို၊ ဘြိဗေဒ၊ ကေတွက်စု၊ ကိန်းသက်ပြု၍၊ ဓာတုမြို့ဘွ၊ စုက်ပါပထက်၊ ထာဝရပုံ၊ စဉ်လက်စုံဖြင့်၊ ရွှေဘုံစိုးငြား၊ သတိုးဖျားဟု၊ တရားနရိန်၊ နေသမ္ဘိန်လျှင်၊ ထိန်ထိန်ထွန်းတောက်၊ နှစ်ဆယ့်ခြောက်တိ၊ ထက်အောက်ဂေါဇာ၊ ခုနစ်ရာဝယ်၊ ရတနာယည်၊ ရွှေမိုးစည်လျက်၊ ရှစ်မည်ရွှန်းတင့်၊ ဖြူဝန်းပွင့်သား၊ မင်းမင့်စတေ၊ ပဒေသရာ၊ ကေရာတို့၊ တေဇာလန့်ကျိုး၊ ပတ်ဖြန့်စိုးသည်။ ။ထက်မိုးနေသူရိန်ဘုရား။

၂။ ကွန့်လှိုင်းစက်ခြည်၊ ညွှန့်ဖြိုးစည်သား၊ နန်းတည်ဘုံချက်၊ ခုံသန်လျက်ကို၊ သရက်မိုးညွှင်း၊ စိုးခဲ့ဆင်းမှ၊ ပြည်မင်းတို့မှူး၊ နှစ်ရာပြုထက်၊ စတုတိန်းသ၊ ပုံကိန်းငှသော်၊ ခဆနဝါ၊ နှစ်သင်္ချာတွင်၊ ဝိဇ္ဇာမိုရ်သိန်း၊ သိဒ္ဓိထိန်း၍၊ ကြိန်းနှစ်ဆင့်၊ ထောင်ကိန်းမြင့်သော်၊ ပုးမင့်တံထွာ၊ ရွှေနှံ့သာကို၊ ကြေညာဗျွေးငြိမ်း၊ လိမ်းလတံ့သော၊ ညောင်ရမ်းစောဟု၊ မုနောပြည်ထောင်၊ထိုပနောင်ကား၊ ကုန်းဘောင်စက္ကရတ်၊ ဂဠုန်နတ်လျှင်၊ ခုန်ပတ်ပျံတက်၊ မင်းဝံချက်ကို၊ သိုက်ငှက်ဓာတ်ညီ၊ ရွှေအုတ်စီ၍၊ ဌာနီနန်းရိုး၊ ကဲးဖြတ်မိုးသည်။ ။တက်မြှိုးမြေဘူမိန်ဘုရား။

၃။ ခန့်နှိုင်းဘက်ရှည်၊ နှံ့ဟိုင်းနှည်၍၊ ရာပြည်ထောင်ပေါက်၊ ကျွန်းလုံးကြောက်သား၊ တောင်လောက်ဟရှိန်၊ မှောင်မမှိန်သည်၊ ပြောင်နရိန္ဒမာ၊ ဆင်စကြာနှင့်၊ မင်္ဂလာထွဋ်မြိုက်၊ တမွတ်စိုက်၍၊ ဇေရိုက် ညင်းညင်း၊ အောင်မြို့သွင်းမှ၊ နဝင်းစုတ်လျှံ၊ နတ်နှုတ်သံဖြင့်၊ နိုင်ငံပြိုဟ်လာ၊ ထိုအခါကား၊ သောက်ကြာပင်မ၊ ကျော်ကိန်းရလျက်၊ မြို့တွင်ခတ်အိမ်၊ မြို့ရန်နှိမ်ကို၊ သုံးကြိမ်ရှေးကျူး၊ သန္ဒေဦးဝယ်၊ ကျေးဇူးလက်ပွန်၊ ထောင်ရာလွန်သား၊ သရဝဏ်နှစ်၊ သက္ကရာဇ်သီတိ၊ တြိအစွန်း၊ နံ့ခတော်ထွန်းသော်၊ မြဝန်းရိပ်မြို့၊ အောင်မြေခံ့ဝယ်၊ ရွှေဘုံအမရ၊ သည်ဌာနနှင့်၊ ရွှေဝဇမ္ဗူ၊ နန်းနှစ်ဆူကို၊ ပြိုင်တူမပြား၊ လက်တော်ထား၍၊ ပတ္တမြားပြည့်ဖြိုး၊ ထောင်တည်စိုးသည်။ ။ မျက်မျိုးဝေဘူစိန်ဘုရား။

---

## ၁၆၅-အမရပူရမြို့ လျှောင်လှုပ်သည့်အကြောင်းဘွဲ့ ဒုတိယနဝဒေးဆက်လျှောက် ရတုပိုဒ်စုံ

၁။ တက်ထွန်းတေဇာ၊ ယိန်ယိန်ဖြာသား၊ ဣန္ဒာမဟိန္ဒ၊ နတ်စက်ချ၍၊ တိလောကတိုက်၊ အကိုက်ဖြိုးစည်၊ ပွင့်ကျိုးရည်သည်၊ နန်းတည်ခေါင်ထိ၊ အောင်ဘုမ္မိထက်၊ တြိဘဝန၊ နာထနုပိန်၊ ဝဇီရိန်လျှင်၊ လက်ချိန်ပစ်ချက်၊ ချာချာအက်လျက်၊ ယိပ်ထက်ထွတ်စံ၊ တမွတ်ခံရှင့်၊ မိုးယံမတ်မတ်၊ နန်းပြာသာဒ်လည်း၊ နဝရက်ဘုံလုံး၊ ချယ်ညွှတ်ရှုံးသည်။ ။ကိုးကုန်းဝန်းတော့မည်ဘုရား။

၂။ ဘက်ကျွန်းမြေချာ၊ နှိုင်းမရာသား၊ ပြုဗ္ဗာစွန်းက၊ နေဝန်း ပသို၊ ဒုတိယရဝိ၊ ရဲးရဲးညိသည်၊ သမုတိဖုနော၊ တို့ထွတ်စောလျှင်၊ ထကြောသပြေ၊ ကြီသေညီးညီး၊ ရွှေနန်းကြီးကို၊ ရိုက်ခြိုးဇမ္ဗူ၊ တည်တော်မူက၊ ဘူပထဗျာ၊ ဆင်ကုန်းခါသို့၊ ချာချာမြေမိုး၊ တုန်လှုပ်ကျိုး၍၊ ပုထိုးဘုရား၊ ဘောက်ပြားပြိုင်ညီ၊ ထိုသို့တိတ္တင်၊ နှောင်းပြိုတဘန်၊ ကောင်းညွှန်လှန်လျက်၊ ဗိမာန်ရတနာ၊ ပြည်ရွှာစေတီ၊ မွေသရီလည်း၊ ရွှေဂိဝါတုန်း၊ ဖြာရောင်ဘုန်းသည်။ ။ ပြိုးပြုန်းထွန်းတော့မည်ဘုရား။

၃။ စက်ဝန်းနေဝါ၊ သိန်းသင်္ချာသား၊ သာသနာညွှန့်၊ တည်ရာကျွန့်ထက်၊ ဖြူဝန့်စတေ၊ နန်းနေတရိုက်၊ သောင်းပြင်ထိုက်ကို၊ သိမ်းပိုက်စိုးတင့်၊ တပွင့်မှုန်ဝတ်၊ ဆွက်သည်ပန်းတူ၊ ရွှေဘုန်းယူ၍၊ သရဘူသိတာ၊ ဝေဘာဂီ

ရောက်၊ ပေါက်နှင့်တကွ၊ အမရဝ္ဃယ်၊ သကလသီရိ၊ မုဒ္ဒါဘိလည်း၊ ခန့်ရှိ ပြီးစီး၊ မြေကြီးလျောင်၊ ကောင်းကင် သမုဒ္ဒရာ၊ ကျာကျာ ကြူးထောက်၊ ဖြိုးမိုးမောက်လျက်၊ ရာလောက်မကာ၊ ရှည်လှသက်တော်၊ ကျော်အံ့ကျေးဇူး၊ ကျွန်းလုံးမြူးလိမ့်၊ ရေဦးရေနှောင်း၊ ပဉ္စုန်မောင်းလည်း၊ သွယ်လောင်း လက်ရုံး၊ ကြုံးကကြုံးသည်။ ။မိုးလုံးသွန်းတော့မည်ဘုရား။

---

## ၁၆၆-နောင်တော်ဘုရင်မင်းမြတ်ရတနာပူရမြို့တော် နန်းသိမ်းမင်္ဂလာဘွဲ့ ဒုတိယနဝဒေးဆက် လျှောက်ရတုမိုဒ်စုံ

၁။ ထွန်းတက်ဖြိုးဝေ၊ တန်းခိုးမွေ၍၊ ချက်ဘွေသီရိ၊ မဏိပဗ္ဗတ၊ နန်းဌာနကို၊ စန္ဒရရိုက်၊ ပူးမင်းပိုက်သော်၊ ညွန့်ကိုက်ဖူးခေါင်၊ ပြည်ပြည်ထောင်က၊ မုန်ပြောင်ပေါက်ကြီး၊ သွီးရတနာ၊ ဆက်ပန္နာနှင့်၊ စကြာစိုးစံ၊ ကျွန်းရိုးခံလိမ့်၊ မြို့သံကောင်းဟိတ်၊ ဗျာဒိတ်တော်လိုက်၊ သိုက်နှင့်ဩဘာ၊ ဂေါဇာတချိန်၊ စုက်ကောဝိန်လည်း၊ စက်ရှိန်သံပိုင်း၊ ညီစွာနှိုင်းသည်။ ။ပွင့်လှိုင်းထွန်းတော့မည်ဘုရား။

၂။ မွန်းချက်မိုးမြေ၊ ကွန့်ရှန်းဝေသား၊ ကြက်သရေဖြိုးမြင့်၊ ဘုံကိုးဆင့်တိ၊ ရွက်ဘွင့်လျှံညီး၊ စန္ဒီထီးနှင့်၊ မင်းကြီးခတ္တိယ၊ ဆဒ္ဒန်ရသည်၊ အမရမာန်အောင်၊ နန်းငွေတောင်မှ၊ ဝေမှောင်မြိုင်နူး၊ မင်းလွင်ဦးနှင့်၊ ကြာဘူးမည်ရေး၊ မထင်သေးရှင့်၊ သောင်းကျေးသဘင်၊ ပွဲကြီးယင်၍၊ အောင်မြေအသူရာ၊ သိကြားလာသို့၊ ရတနာထွေဆန်း၊ လရွှေနန်းကို၊ သိမ်းမြန်းခံယူ၊ စံတော်မူက၊ မွန်းဆူသပြေ၊ ရေမြေမုန်တိုင်း၊ မိုးလုံးလှိုင်းသည်။ ။တင့်နှိုင်းကျွန်းတော့မည်ဘုရား။

၃။ ကျွန်းဘက်စိုးနေ၊ နန်းရွှေမြေကို၊ ပရမေသွရိန်၊ လက်ချိန်နှော နှောက်၊ ပေါ်ပေါ်ပေါက်သည်၊ ရာလောက်ရေတွက်၊ ဆယ်ထက်မကာ၊ ပြန်ပုံချသော်၊ ပနာဒနတ်၊ ပြာသာဒ်စုလစ်၊ မြားပစ်ဥပဒေ၊ ညွန့်ဖြိုးဝေလျက်၊ မိုးစွေမင်္ဂလာ၊ မြကျောက်ဖျာထက်၊ ဇာန္ဒာပိုလ်ရံ၊ ဆွေစုံစံသို့၊ ရာဇခံဖြောင့်၊ မင်းစောင့်ဆယ်ပါး၊ တရားဖြဟ္မစိုရ်၊ သဂြိုဟ်ခလေးမည်၊ နေ့တိုင်းတည်လျက်၊ သက်တော်ရှည်မြတ်၊ ဘုန်းရဟတ်နှင့်၊ နဝရတ်ရွှေချိုင့်၊ တိုင့်တတိုင့်ထက်၊ လေးခရိုင့်ထိပ်၊ စက်ရိပ်ရိုးရဲ၊ စိုးမင်းကဲ၍၊ ပုလဲပန်းဆိုင်း၊ ဘင်းကျမ်းလှိုင်းသည်။ ။ဝင့်တိုင်းဝန်းတော့မည်ဘုရား။

---

## ၁၆၇-နောင်တော်ဘုရင်ရတနာပူရမြို့တွင် ဖုသျှသကြိန် တော်ခေါ်အခမ်းအနားဘွဲ့ ဒုတိယနဝဒေးဆက် လျှောက်ရတုပိုဒ်စုံ

၁။ ထူကျွန်းစိုးသည်၊ တန်းခိုးနည်သား၊ နန်းတည်ဌာဝရ၊ သည်ရွှေဝ ဝယ်၊ ဖုသျှကျော်သဲ၊ ခေါ်တော်မြဲဖြင့်၊ မြိုးကဲလိုင်မြူး၊ ပွင့်ပြိုင်လူးသား၊ နွယ်ဖူးညိုပန်း၊ ပြာသိုဆန်းက၊ စက်ယန္တရား၊ လရထားလျှင်၊ ကြွားကြွား လှည့်ဝုတ်၊ လေဟုန်မှုတ်၍၊ သမုဒ္ဒာန်မြစ်၊ ထောင်ပြန်ရုံစ်သော်၊ ရှင်ချစ်ဘုရား၊ ဘေးလောင်းဖျားသို့၊ တရားပွင့်မြော်၊ ကျင့်မြဲတော်ဟု၊ မျှိုခေါ်ရေသွန်း၊ ရွှေဘုံထွန်းသည်။ ။ကျွန်းကျွန်းစိုးတော့မည်ဘုရား။

၂။ ဖြူဝန်းးကိုးမည်၊ ဖြန့်မိုးလည်သား၊ ရာပြည်ထောင်ရိုက်၊ တင်ဦး ခိုက်သည်၊ ညွှန့်ကိုက်ပတ္တမြား၊ ထွင့်မြတ်ဖျားကို၊ သကြားနေကဝဏ်၊ ကျိုး ညွှန်ပြသ၊ စက္ကပါဏိ၊ ဗြဟ္မာညီလျက်၊ ဝဇီရာဘိ၊ မိုးခေါင်ထိမျှ၊ သိဒ္ဓိမင်္ဂလာ၊ ဗိုလ်ဗျူဟာဖြင့်၊ သူရာသကြိန်၊ ဒေဝမာန်ကို၊ ခါတန်ချိန်ဆုံး၊ လွှမ်းရိုက်ချုန်း မှ၊ ရွှေဘုန်းဇမ္ဗူ၊ ယှိုတိုင်းယူ၍၊ သရာဇူအမ္ဗူ၊ သိန္ဓုသိဒ္ဓါ၊ ကောင်းကြီး ညာလျက်၊ ချာချာလေးကျွန်း၊ ဖြာလျှံထွန်းသည်။ ။ဝန်းဝန်းမိုးတော့မည် ဘုရား။

၃။ ယူသွန်းစိုးတည်၊ မျိုးရိုးစည်သား၊ ကိုးမည်ဆင့်ဆင့်၊ ပန်းနှယ်ပွင့် ၍၊ ကိုယ်ကျင့်တော်သိ၊ ငြိုဟ်သုဉ်းယှိလည်း၊ အပရိဟာ၊ ရိုညွတ်ရာဟု၊ ဝေါ ဇာကိန်းပြူ၊ နဂါးလုသည်၊ ဘာနုဒေဝ၊ သုဇေယျဖြင့်၊ ဘီသေကကျော်၊ ထိုခါသော်ကား၊ ဘုန်းတော်ပွင့်ပေါက်၊ တယောတ်သူမှန်၊ တသိန်းရန်ကို၊ ပယ်လှန်နင်းဟန့်၊ လွှင့်လိုက်လန့်လျက်၊ ကိုးသန္တးကုဋေ၊ သိန်းသန်္ချေလည်း၊ ခွန်သေခရိုင်၊ ရွှေဘုန်းပိုင်၍၊ မပြိုင်စံကျွန်း၊ ထိန်ထိန်ထွန်းသည်။ ။ရွှန်း ရွှန်းမြိုးတော့မည်ဘုရား။

---

## ၁၆၈-ဒုတိယနဝဒေးဆိုရွှေဆပ်သွားဘုရားကိုထီးတော် တင်လှူရာအခမ်းအနားကိုဘွဲ့သော လျှောက်ရတုပိုဒ်စုံ

၁။ တကုဋေတည်၊ သိန်းနေနှည်၍၊ ရေကြည်လောကဓာတ်၊ မိုးလုံး ညွတ်မျှ၊ သတ္တပတ်မဥ္ဇူ၊ သံပိုင်းထူသား၊ ဇမ္ဗူမြန်မာ၊ စက္ကဝါနှင့်၊ ကမ္ဘာ ဘုန်းခေါင်၊ လေးရပ်ဘောင်တွင်၊ ရန်အောင်အမရ၊ နန်းဌာနထက်၊ အပ

ရန်ရွေ၊ ဆပ်သွားမွေ့ဝယ်၊ ချက်ဘွေလက်စွန်း၊ မကိုင့်ညွန်းဆဲ၊ တိမ်းယိမ်း နွဲ့း၍၊ တည်မြဲးပကတိ၊ ပြောင်ရှန်းညီမျှ၊ သီရိမင်္ဂလာ၊ ထိုအခါသည်။ ။ ခြောက်ဖြာလျှံဝေခြည်ဘုရား။

၂။ ရတုနွှေလည်၊ နန်းရပ်ပြည်ဝယ်၊ ရွှေစည်ဆော်ကြား၊ လျော်တ ရားဖြင့်၊ ဆပ်သွားအနွတ္တ၊ ဂိုဒ်မူလတွင်၊ ဆ-အက္ခရာ၊ သိုက်ဟောလာသား၊ ဂေါဇာရောက်ဖွယ်၊ ခြောက်ခုဝယ်နိုက်၊ ပင်လယ်တလွှား၊ တိုင်းကားခပ် သိမ်း၊ ထီးနှယ်ထိမ်းလိမ့်၊ ငြိမ်းသည်အောင်ဆု၊ ၃နစ်ခုကား၊ သတ္တုမဒ္ဒန၊ သ-သဒ္ဒါကို၊ ဆရာဆိုဖြင့်၊ နှင်မြို့ရန်မာန်၊ ရွှေဘုန်းဘန်၍၊ ဖြောင့်မှန်မြေမိုး၊ လေရေနှိုးလျက်၊ ကျိုးကရွာရွာ၊ လွှတ်နိုင်ရှာသည်။ ။ရှောက်ရွာ စိမ့်ရွှေ ရည်ဘုရား။

၃။ အမြဲတေရည်၊ ရွှေမိုးစည်၍၊ ကိုးမည်နဝရတ်၊ မျက်စုံပတ်သား၊ နတ်လည်းနာကြား၊ ချယားသီးထွင့်၊ တမွတ်ရတနာ၊ ထီးစကြာလည်း၊ အဝါ ဖြိုးမိုး၊ တိုးတက်တိုး၍၊ အကျိုးတော်စောင့်၊ ဖြောင့်သည်ရွှေကိုယ်၊ ထီး အလိုဖြင့်၊ နဂိုယာယီ၊ စုက်ယုဂ်ညီလျက်၊ ဝဇီရာစိန်၊ ဖြာလျှံထိန်သား၊ မဟိန် မဏ္ဍလ၊ နက္ခတ်မှလည်း၊ သိကြားတံဆိပ်၊ ပြိန်မိတ်တိ၊ ပါဒ်ရိတ်မစီး၊ ဆွေ ဇနီးနှင့်၊ ဘုန်းကြီးဘုရား၊ မြတ်ခေါင်ဖျားကို၊ ဆပ်သွားသခင်၊ သျှင်ပင်ညွှန့် ကိုင့်၊ ရွှေညာဏ်ပိုက်၍၊ ယမိုက်မင်္ဂလာ၊ လွှမ့်မိုက်ဖြာသည်။ ။သောက်ကြာ နံမွှေမည်ဘုရား။

---

## ၁၆၉-ဒုတိယနဝဒေးဆက် ပုခန်းမင်းသား လက်ထပ်မင်္ဂလာ အခမ်းအနားဘွဲ့ လျှောက် ရတု မိုဒ်စုံ

၁။ တက်မြိုးလျှံဝေ၊ သိန်းသဇေ့တိ၊ လနေလည်လှည့်၊ မွန်ချက်ပြည့်သို့၊ တည့်တည့်ထွန်းထိန်၊ ရွှေဇွန်းချိန်သော်၊ သဒ္ဒိန္နရာဇ်၊ သရေခေတ်မှ၊ မနစ် ဆန်းကြွ၊ ရိမဒ္ဒဝယ်၊ ပြိုးလှပွင့်ခိုင်၊ သန္တာန်တိုင်မူ၊ ထွာဆိုင်သုံးဆင့်၊ ကိုး တောင်မြင့်ထက်၊ ရွက်ဖွင့်ပြုဝန်း၊ ထီးစံကျွန်းနှင့်၊ မော်ကွန်းထားတည်၊ သ ပြေမည်သား၊ ရွှေစည်ဆော်နှိုး၊ ရိုက်သံကျိုးက၊ နေမျိုးအာဒိတ်၊ တိနေဟိတ် ဖြင့်၊ ဘိသိက်ပလ္လင်၊ စိုးစံရှင်သည်၊ ရှင်ပင်တို့မျိုး၊ ရွှေနန်းရိုးသည်။ ။ဘေး ဘိုးသာကီဝင်ဘုရား။

၂။ ထက်မိုးယံဘွေ၊ စံပယ်နေသည်၊ ဘန်ရွှေလျှံညို၊ နတ်သီရိမှ၊ ဇာတိတမည်၊ ပွားပြန့်စည်၍၊ ရွှေပြည်အမရ၊ နန်းဌာနဝယ်၊ ထွန်းပပွင့်မြော်၊ ရွှန်းရွှန်းပေါ်သည်၊ နွယ်တော်ကြွင်နန်း၊ ရာထီးနန်းဟု၊ ပခန်းစိုးယူ၊ ဘုန်းညွန့်လူကို၊ ရွှေကူသည်းပွတ်၊ နန်းလယ်နတ်နှင့်၊ ထုံးပတ်ရစ်နှောင်၊ စုလျားဆောင်သည်၊ မောင်လည်းသားရင်း၊ သက်နှင်းဇနီး၊ မယ်သွီးကို၊ ဘုန်းကြီးသက်ရှည်၊ ညွန့်သားစည်လျက်၊ ဆယ်မည်မင်းကျင့်၊ ငါနှယ်တင့်ဟု၊ ရာမင့်းထိပ်မိုး၊ ချစ်အင်ဖြိုးသည်။ ။ရွေးကျိုးအာနိသင်ဘုရား။

၃။ မျက်မျိုးစံရွှေ၊ ကွန့်ရွှန်းဝေလျက်၊ သရေဂုဏ်မြင့်၊ ကြယ်စုံတင့်သို့၊ မောင်နှင့်မိမယ်၊ ဇမ္ဗူလယ်နိုက်၊ ကောင်းကြွယ်တင့်မော၊ စေစိမ့်သောဟု၊ မနောရံကာ၊ မင်းတရာနှင့်၊ ဗြဟ္မာသဟံ၊ ရေသွန်းခံလျက်၊ ရှင်စံကြည်းကြည်း၊ ငြိမ့်ရည်း၍၊ စနည်းနတ်လူ၊ ကောင်းကြီးမှုဖြင့်၊ ယဉ်ဖြူမုန်ပြည့်၊ စကြာလှည့်သား၊ မင်းညှော်သွေးရည်၊ တုပသည်မူ၊ ရွှေပြည်အောင်ချက်၊ ဝသန်ရက်ဝယ်၊ သရက်သနင်း၊ မိုးညင်းလွှမ့်လွှမ့်၊ ညောင်ရမ့်းတန်ဆောင်၊ ထွန်းပြိုးနှောင်မှ၊ ကုန်းဘောင်နေရှိန်၊ ဆက်စဉ်စိုးသည်။ ။လေးမျိုးဇာတိအင်ဘုရား။

## ၁၇၀-ဒုတိယ နံ့ဝဒေးဆက် မဏ္ဍရာမင်းသား လက်ထပ်မင်္ဂလာ အခမ်းအနားဘွဲ့သော လျှောက် ရတု ပိုဒ်စုံ

၁။ လင်းပြည့်လက်ယာ၊ ရစ်လိုင်းဖြာသား၊ မင်္ဂလာခမ်း၊ မင်းတို့တမ်းဖြင့်၊ နက်ဗွမ်းနဒီ၊ မြို့ဦးချီသည်၊ မြသီဒါရိပ်၊ ကျွန်းညိုထိပ်ထက်၊ တံဆိပ်ထားတန်၊ ရွှေဘုန်းဘန်၍၊ ဆဒ္ဒန်သခင်၊ ပွဲးကြီးယင်သား၊ ယင်းတွင်ကာလ၊ သာကီယတို့၊ အမရသပြေ၊ တည်စိမ့်စေဟု၊ ပဒေသာမြစ်၊ မျိုးချင်းရစ်၍၊ ရှင်ချစ်ဘုရား၊ နှစ်ပါးသိမြေခ်၊ သိဒ္ဓိတော်ဖြင့်၊ စေ့ဆော်စွာတတ်၊ စွမ်းနိုင်မြတ်၍၊ ရဟတ်စက်ရှင်၊ ရောက်တိုင်းယင်သား၊ သျှင်ပင်တို့မျိုး၊ နေနန်းရိုးသည်။ ။စိုးမိုးမြေမဟိန်ဘုရား။

၂။ ဝင်းမှည့်စက်ဝါ၊ သင်းသင်းဖြာသား၊ စဉ်လှာတော်စ၊ ခတ္တိယဟု၊ သမတနွယ်၊ ဆတဆယ်ဖြင့်၊ ပင်လယ်မေရု၊ ရေမြေထုထက်၊ သမုတိခေါင်၊ စိုးစောင့်ဆောင်သည်၊ ရွှေတောင်နန်းပွင့်၊ မင်းတို့ကျင့်ဖြင့်၊ အခွင့်ရစွာ၊ ပြည်ထဲးသာလျက်၊ ယုဇာဂီရိ၊ ဆင်ဘုန်းယှိက၊ ကျွန်းကြီးသခင်၊ ရွှေစက်

တင်၍၊ သိုစင်တေဇ၊ သုဇေယျဟု၊ နှမမိမယ်၊ မောင်ဘုန်းကြွယ်တို့၊ မျိုးနွယ်ဘွဲ့ရစ်၊ သားတော်စစ်ကို၊ မဖြစ်တောင်းပြီ၊ ဇမ္ဗူဒီဝယ်၊ ကပ္ပိလဘော်၊ နွယ်တော်ဘေးဘိုး၊ ဆက်စဉ်စိုးသည်။ ။မျိုးရိုးဇေယသိန်ဘုရား။

၃။ မင်းညွှန့်ချက်ချာ၊ သပြေညာဝယ်၊ ကလာပဟိန်နတ်၊ ရှိတိုင်းပတ်၍၊ နာဂတ်ဘွင့်ရန်၊ မြှပ်မွှာပြန်သည်၊ အာသန္နရိတ်၊ သိုက်နိမိတ်နှင့်၊ ဗျာဒိတ်ထားတင်၊ သားနှင်နှင်တိ၊ ဒီပဝင်ပေါက်၊ ရာလောက်ထွန်းထိန်၊ အသမ္ဘိန်တွင်၊ ဉာဏ်ဗုဒ္ဓြေ၊ မြစ်ခြေပင်ထွက်၊ ရွှန်းရွှန်းစက်သား၊ ဘုန်းလက္ခဏာ၊ သောက်ရူးဝါသို့၊ မက္ခရာမြို့၊ ခွန်ပို့သိမ်းတင့်၊ ညာနန်းပွင့်ကို၊ တဖြင့်မပြား၊ ညောင်ရမ်းစားသည်၊ ငါးပါးဆင်းရောင်၊ စင်းဝင်းပြောင်နှင့်၊မယ်မောင်နှမ၊ ငြိမ့်လေးစွဟု၊ မျိုးမျှားအလယ်၊ ကုံးသွယ်ဘွဲ့ချီ၊ စုလျားသီရှင့်၊ တူပြိုထင်နိုး၊ ဘုန်းတန်းခိုးသည်။ ။မိုးကြိုးရွှေဝတိန်ဘုရား။

## ၁၇၁-ဒုတိယနဝဒေးဆက် မြင်းစိုင်းမင်းသား လက်ထပ်မင်္ဂလာအခမ်းအနားဘွဲ့သော လျှောက်ရတုပိုဒ်စုံ

၁။ တက်ဖြိုးလျှံဖြာ၊ သိန်းသင်္ချာတိ၊ နှိုင်းရာမမျှ၊ ဝိသယဝယ်၊ နေလရောင်ချိပ်၊ ရိမှောင်ရိပ်သား၊ သုံးထိပ်အခေါင်၊ ရွှေတိထောင်လား၊ ခြောက်ရောင်လင်းသန့်၊ ဉာဏ်တော်ခန့်၍၊ ပတ်ဖြန့်ဝန်းကျင်၊ ရွှေခွန်းရင်သည်၊ မောင်ကြင်နှမ၊ အမရဟု၊ သူဇာ့စတေ၊ ရောနေပွင့်ဘိ၊ သည်ဇာတိထက်၊ မိလည်းညီမ၊ ဘလည်းမပြား၊ ဘွားလည်းဘိသိက်၊ တိဟိတ်နေမျိုး၊ ဘိုးလည်းပြည်ထောင်၊ ဘေးဘုန်းခေါင်လည်း၊ ကုန်းဘောင်ဇနိန်၊ ရွှေဘူမိန်ကို၊ လက်ချိန်ဟူးဟူး၊ စက်မီးရှူးသည်။ ။ပိုင်မှူးမြေဌာနီဘုရား။

၂။ ထက်မိုးယံချာ၊ နေကဖြာသား၊နွယ်လှာတော်ဖြောင့်၊ သတင်းစောင့်၍၊ရှစ်သောင့်းတမွှတ်၊ နန်းထွတ်ညာမြင့်၊ တောင်မြောက်ဖွင့်သည်၊ လောင်းမင့်းမြေးစစ်၊ ရွှေရင်နှစ်တွင်၊ ဥပရာဇ်ဇနီး၊ မိကြီးမိထွေး၊ မဝေးမြတ်နွယ်၊ ဆွေလယ်မျိုးမှ၊ အိမ်ရွှေရသည်၊နှစ်ပါးသက်တူ၊ တအူချာပေါက်၊ သုံးယောက်အခေါင်၊ ညီမျှားနှောင်နှင့်၊ ရွှေတောင်ခွန်ဆွတ်၊ နှောင်းမြင်နတ်ကို၊ ဇောတရသ်နှယ်၊ ခြောက်ပါးသွယ်သား၊ ငါးဆယ်ရစ်ထွေး၊ ရာရိပ်ရေးသို့၊ မင်းမြေးမြစ်စည်၊မျိုးချင်းချည်က၊ ဇမ္ဗူရည်ရောင်၊နန်းတိုင်းနှောင်သို့၊ ခြောက်ထောင်မုန်ရှူး၊ လွှန်ကဲးကြူးသည်။ ။လိုင်ဦးဝေဘာဂီဘုရား။

၃။ မျက်မျိုးစံရာ၊ ရွှေသိင်္ဂါကို၊ ဇုန္ဒာနေရှု၊ တန်းခိုးပြုသို့၊ အမြုတေနှစ်၊ မြေးဦးစစ်သား၊ဥပရာဇ်နာဂတ်၊ စက္ကဝတ်၏၊ ညီမြတ်နှစ်မ၊ အမရကို၊ တည စအာဒိ၊ မျိုးရိုးချိုလျက်၊ သာကီယဝင်၊ မင်းစင်နှစ်ပါး၊ တရားစံလေ့၊အိမ်ရှေ့ မွေးဘ၊ ဆဒ္ဒန်ရသည်၊ မင်းမျှားမြေးတော်၊ နှောင်းမြော်သွီး၊ ရောင်ညီးညီး နှင့်၊ မောင်ကြီးမောင်လတ်၊ မည်ရာမှတ်သည်၊ သုဒဿန၊ လယ်မချက်ဗွေ၊ ဖြန့်စက်ရွှေသော်၊ ခုနစ်ခွေရုံ၊ တောင်နှယ်ပုံသည်၊ နောင်စုံညီရင်း၊ မြင်းစိုင်း မင်းကို၊ရွှေချင်းရွှေနှင့်၊ ရွှေလက်ဆင့်က၊ လမင့်းရိပ်သာ၊ ရံရွေကာတွင်၊ မုဒ္ဒါ တိုင်ဖူး၊ရောက်ဆိုင်မြူးသည်။ ။စိုင်ရှူးဘောသာဂီဘုရား။

---

## ၁၇၂-ဒုတိယနဝဒေးဆက် ညောင်ရမ်းမြို့စားနားထွင်း သျှောင်ထုံး အခမ်းအနားဘွဲ့ လျှောက်ရတုပိုဒ်စုံ

၁။ စက်လျှံဖြိုးစည်၊ စိုးမိုးနှည်သား၊ ငါးမည်မာန်လှန့်၊ ဆုံးခန့်မိပတိ၊ တိုင်းမသိသည်၊ သိရိသာဂရ၊ သိုကာလဝယ်၊ သာကီယရိုက်၊ မဇ္ဈေတိုက်မှ၊ ပတ်ဝိုက်ဖြန့်လှစ်၊ ပွားလူးသစ်၍၊ ခေတ်သရေပြည်၊ ထောင်တည်ထိုနောက်၊ လေးငါးခြောက်တိ၊ ထီးဆောက်စကြာ၊ ဆက်ကာကာလျှင်၊ သုနာပရန်၊ ရပ်ဌာန်ဇာတိ၊ ညှာခဲ့ချိ၍၊ စည်ပြိမိုးခေါင်၊ စိုးစောင့်ဆောင်လျက်၊ ပြောင် ပြောင်လျှံချိပ်၊ ကနက်ရိပ်၌၊ ဦးထိပ်သဘင်၊ နှေ့တိုင်းဆင်ရှင့်၊ ရှင်ပင်တို့မျိုး၊ လွှမ့်ကြိုးရိုက်ချုန်း၊ ပြိုက်ပြိုက်မှုန်းသည်။ ။ရွှေဘုန်း တိဟိတ်တော်ဘုရား။

၂။ မျက်လျှံကိုးမည်၊ ဖြန့်မိုးလည်သား၊ နန်းတည်ချက်ရှိ၊မြေဗဟိုရ်ဝယ်၊ ရွှေဘိုဌာန၊ အာဒိကဖြင့်၊ အမရရန်အောင်၊ ပြည်ထောင်ဘုရား၊ ညွှန့်သား တော်စစ်၊ဥပရာဇ်သည်းပွတ်၊ မင်းချင်းလွတ်စွ၊ ထိပ်ထွင့်ပဝရ၊ နာထနရိန္ဒာ၊ နန်းမ-ချာနှင့်၊ ရတနာကြီး၊ သမီးတော်မြတ်၊ သုံးပါးနတ်တို့၊ဆပွားမေတ္တာ၊ ဘန်ရာပြည့်သိမ့်၊ သည်းကစိမ့်မျှ၊ အငြိမ့်အတွား၊ ညောင်ရမ်း စားသည်၊ သည်းကြားစိုးနှင်း၊ သတိုးမင်းကို၊ နားထွင်းမျှိုခေါ်၊ သျှောင်တော်ထုံးပြု၊ မြေထုရေထု၊ ဇေယာရှုဟု၊ အမ္ဗုဓရ၊ သွန်းချထစ်အုန်း၊ ပြိုင်မျိုးနှုန်းသည်။ ။ စွေချုန်းဘိသိက်တော်ဘုရား။

၃။ ဘက်စံနိုးရည်၊ မိုးညွန့်စည်သား၊ ဓွန့်ရှည်တည်ဖြစ်၊ တောင်မြစ် ရံဝန်း၊ ရွှေဝနန်းသို့၊ သိန်းသန်းဇမ္ဗူ၊ ရာရိပ်ဖြူတို့၊ အသူရာပွဲ၊ အောင်ဆဲဝပ် လျှိုး၊ နတ်နှယ်ကျိုး၍၊ ဆက်မျိုးပန္နာ၊ ဦးတိုက်လှာရှင့်၊ မဂ်လာကျော်၊ ခါ

ဖောင်မှန်ညီ၊ ရောက်ပြီဘုရား၊ ရထားလေးကျွန်း၊ ဝန်းလတော့အံ့၊ ယှိတိုင်းငုံ၍၊ ဆယ်ရံ့ရန်ကြိမ်၊ မွေ့တိမ်မယွင်း၊ သတင်းတော်ဝတ်၊ တောင်နှယ်ညွတ်၍၊ အထွတ်တိုင်ထိ၊ ကိုယ်လုံးသိလေ့၊ သမ္မာမိစိန်၊ ရာဇ်ဋ္ဌေ၊ ဝေခဝညွန့်ဖြိုး၊ မိုးအုံ့သနင်း၊ အလောင်းမင်းဟု၊ တြင်းသာမြူး၊ ဩဘာဦးဖြင့်၊ တက်လူး ပြန့်တုန်း၊ စက်ရွှေဘုန်းသည်။ ။နေရှုန်းနိမိတ်တော်ဘုရား။

## ၁၇၃-ဒုတိယနဝဒေးဆက် မြဝတီမင်းသားလက်ထပ် မင်္ဂလာအခမ်းအနားဘွဲ့လျှောက်ရတုပိုဒ်စုံ

၁။ စကြာနှီးထွေ၊ ညွန့်ဖြိုးဝေသား၊ ချက်ဖွေရတနာ၊ ရှိုးသန္တာမူ၊ သုံးထွာ လုံးဝန်း၊ ကိုးထောင်စွန်းထက်၊ တင့်ရှန်းမဏိ၊ တြိဘဝန၊ ဖြူစောလှဟု၊ နေက သည်လျှင်၊ ဆက်စဉ်မဝေး၊ ဘေးလည်းမင်းခေါင်၊ တိုင်းထောင်ပြည်ပြု၊ ဘိုးနတ်တုလည်း၊ ဇမ္ဗုသခင်၊ ဘ-နတ်ရှင်လည်း၊ ရာဇဝင်တော်၊ ရွှန်းရွှန်း ကျော်ရှင့်၊ ဥပေါသထာ၊ မင်းမြတ်စွာနှင့်၊ ရှုဇာဘုန်းခိုင်၊ ရဲဆိုးတိုင်လည်း၊ မုန်ပြိုင်ရိုက်ရူး၊ ဖွဲ့ရှိုက်မြူးသည်။ ။စိုးမှူးပါရမီဘုရား။

၂။ ဆက်ခါမျိုးဆွေ၊ နန်းရိုးနေ၍၊ ခုနစ်ခွေရုံ၊ တောင်ရေမြှီသား၊ ရွှေဘုံ ဂိဂ်၊ နတ်နှယ်ညီသည်၊ အောင်ဘိသေက၊ အမရဝယ်၊ ဝံသသဘင်၊ သာကီ ဝင်ဟု၊ ရွှေရင်တော်နှစ်၊ ပွားတိုးသစ်သား၊ မြေးချစ်ရတနာ၊ မြစ်တော် လာဖြင့်၊ ယှစ်ဖြာသောင်းထက်၊ နှစ်ထောင်စက်သို့၊ ဆယ်တက်မကန့်၊ ရာပြန့်ဖြိုးမျှ၊ မျိုးရိုးပတွင်၊ ညီမျှထွတ်ထား၊ တမွတ်ဖျားနှင့်၊ နှစ်ပါးရန်နှည်၊ ဆက်ထောက်တည်လျက်၊ ရွှေပြည်ခရိုင်၊ ဦးကိုင်စူးစူး၊ စိုးမိုးမှူးသည်။ ။ မျိုးထူးဇာမရီဘုရား။

၃။ တက်ဖြာဖြိုးဝေ၊ တန်ခိုးမွေ၍၊ ကြက်သရေဝှန်းစည့်၊ လဝန်းလှည့်သို့၊ မင်းညှော်သွေးရည်၊ မင်းနှစ်မည်ကို၊ ညွန့်စည်ပွင့်ကိုက်၊ စုလျားစိုက်၍၊ မင်း လိုက်စိုးမှု၊ နန်းရတုဖြင့်၊ ဆင်ဖြူသခင်၊ ရွှေညာဏ်ဆင်လျက်၊ ရာဇဝင်ဆင့်၊ မော်ကွန်းမြွင့်ရှင့်၊ ပွင့်ပွင့်လင်းရောင်၊ ဘ-ဘုန်းခေါင်ဝယ်၊ မြောက်ဆောင် တော်ဦး၊ ရှင်မြူးရှုစား၊ ရဲညွန့်ဖျားနှင့်၊ သိကြားဇာတိ၊ တည်ဦးယှိသား၊ သိရိခေတ်ပိုင်၊ ရန်နိုင်ဘုရား၊ သည်းကြားတေဒီညွန့်၊ မျိုးဘုန်းသန့်ကို၊ ပတ်ဖြန့်သပြေ၊ ကျော်နှံ့စေလျက်၊ မွန့်ဝေခြီးကျူး၊ စံပြိုင်မြူးသည်။ ။မိုးဦး မာနဝီဘုရား။

## ၁၇၄-ဒုတိယနဝဒေးဆက်မင်းတုန်းမင်းသားလက်ထပ် မင်္ဂလာအခမ်းအနားဘွဲ့လျှောက်ရတုပိုဒ်စုံ

၁။ တိုးပွါးတက်ဝှန်၊ ဆက်မြင့်လွန်သား၊ လက်မွန်အာဒိ၊ စဥ္စာပြိက၊ သမုတိညွန်၊၂ မိုးဖျားဝှန်၍၊ လှည့်ကွန့်စက်ရွှေ၊ တက်ဖြိုးဝေလျက်၊ ပရမေသည်းထွတ်၊ ကေနတ်တို့၊ ပတ်ပတ်ဝင်းလျှံ၊ ချင်းခဲ့နှံ့မှ၊ ဇေယျဘူမိန်၊ သို့ခါချိန်ဝယ်၊ နာဂိန်နတ်သ၊ ရူဇာမနှင့်၊ ဆယ်ဆဆဒွန်၊ ရွှေဘုန်းဘန်သည်၊ နိဗ္ဗာန်ဂီရိ၊ ပြောင်ဇာနိကို၊ ကျွန်းကြီးမှန်ကူ၊ စံတော်မူက၊ ဇမ္ဗူရန်ငုး၊ တင်ရှိဦးသည်။ ။စိုးမှူးဒေဝရာဘုရား။

၂။ မိုးဖျားထက်ဝွန်၊ ဘဝဂ်ဝှန်မျှ၊ စက်မွန်သီရိ၊ ရွှန်းရွှန်းညိလျက်၊မွေးမိမွေးဘ၊ ဘေးလောင်းစ၍၊ နေကဥဂ္ဂတ်၊ နွယ်ခဲ့မှတ်ဖြင့်၊ လနတ်စကြာ၊ စိုင်ရှူးဝါသို့၊မြောက်ညာဘုရား၊မျက်ရှုဖျားသည်၊နှစ်ပါးရောင်မြ၊မောင်နှမကို၊ အမရနန်းမြင့်၊ကောင်းကြီးဖွင့်သား၊ မင်းမင့်းသခင်၊ ရွှေညာဏ်ရင်၍၊ မျက်ရှင်ဇာတိ၊ မြမဏိနှင့်၊ သိဂိုအစစ်၊ နှောရစ်နှစ်မည်၊ ချစ်ကြိုးချည်က၊ မည်သည်မနှောင့်၊ မျိုးရိုးဖြောင့်၍၊ ရှစ်သောင့်နှစ်ထောင်၊ ရန်အောင်ရသေ့၊ပြည်ကြီးလေ့ဖြင့်၊စံမွေ့ပျော်မြူး၊ ဆက်ရှည်ကြူးသည်။ ။ကျိုးထူးစေတနာဘုရား။

၃။ ကိုးပါးမျက်မွန်၊ ရှေးဖျားလွန်သား၊ မိုးစွန်တောင်ဆင့်၊ သူ့ရောင်တင့်လျက်၊ နန်းမြင့် ထွတ်ထိပ်၊ ဖြူဝန်းရိပ်ဝယ်၊ ဆယ်ကျိပ် သည်းချား၊ မြတ်မျိုးများတွင်၊ တရားပွင့်လိုင်၊ ခုနစ်ပြိုင်တည့်၊ ခရိုင်မြေမိုး၊ မင်းတုန်းစိုးသား၊ သတိုးလွှမ့်ကျော်၊ ရှုတိုင်းမြော်ကို၊ ကျောက်မော်ခွန်ပို့၊ သွယ်ဖူးညို့လည်း၊ ဆယ်ဘို့ သက်မှတ်၊ နန်းတိုင်းနတ်နှင့်၊ ဆယ့်နှစ်ပတ်မည်၊ ချာချာလည်၍၊ ချစ်ကြည်ေးငြိမ့်၊ အိုင်ကြီးစိမ့်သို့၊ နှစ်သိမ့်အင်မြင့်၊ ဘုန်းတန်းပွင့်သား၊ ရွှေနှင့်ရွှေချင်း၊ ရွှေတသင်းဝယ်၊ ပန်းမင်းမဥ္ဇူ၊ ထုံမျိုးကြူလျက်၊ နတ်တူတုကျွန်း၊ ဇုလျှားဝန်းသည်၊ မြှောက်သွန်းမြဟွှာ၊ ရေဂင်္ဂါကို၊ ဆက်သာရှင်မြူး၊ ကိုယ်ထင်ဖူးသည်။ ။မိုးဦးမေဃလာဘုရား။

---

## ၁၇၅-ဒုတိယနဝဒေးဆက် လှိုင်မင်းသားလက်ထပ်မင်္ဂလာ အခမ်းအနားဘွဲ့လျှောက်ရတုပိုဒ်စုံ

၁။ လင်းစည့်လျှံဝေ၊ သိန်းကုဋေတည့်၊ သိန်းနေရာရိုက်၊ သာသည်တိုက်ထက်၊ အကိုက်ငါးဖြာ၊ ပွင့်အုံလာသား၊ ပဒုမာကြိုင်သင်း၊ အောင်နဂင်းဖြင့်၊အာချင်းတချိန်၊ တက်လျှံထိန်သည်၊အာဟိန်ကေရာဇ်၊ မွှေစုလစ်နှင့်၊

ထောင်သစ်အမရ၊ ကပ္ပိလဝယ်၊ ရှစ်မျှသောင်းအောင်၊ နွယ်နှစ်ထောင်ကို၊ ပြောင်ပြောင်ထွန်းပတ်၊ စွမ်းနိုင်တတ်လျက်၊ ရေနတ်တလျှဉ်၊ နေနတ်ယှဉ်၍၊ စက်ယဉ်ဟူးဟူး၊ စိုးမျိုးမူးသည်။ ။ဘောင်ဦးရိန္ဒမာဘုရား။

၂၊ မင်းညော့်ကြီနေ၊ ညာဏ်တော်ထွေကား၊ မိုးမြေဆုန်းခတ်၊ ချုံးချုံး ပတ်မျှ၊ မန္တာတ်စကြာ၊ သို့ချိန်ခါ၀ယ်၊ မြောက်ညာမေရု၊ နန်းမှန်ပုထက်၊ ဗန္ဓုသဘင်၊ သကြားရင်သို့၊ ရာဇ၀င်ဖြစ်၊ မျိုးချင်းရစ်၍၊ ရွှေရင်နှစ်မည်၊ မင်းနှစ်မည်ကို၊ သည်လည်းသမီး၊ မောင်ကြီးရဲ့ဖျား၊ တရားဆယ်ဆင့်၊ ငါနှယ် ကျင့်ဟု၊ မင်းမင့်းအခေါင်၊ စုလျားဆောင်က၊ တောတောင်ရဂုံ၊ ကြည်းရေ စုံကို၊ ရွှေဘုံပွဲးဦး၊ နွဲးလှာကျူးသည်။ ။ရောင်ပြူးကိန္ဒရာဘုရား။

၃။ ၀င်းမှည့်စုံရွှေ၊ ဖြိုးလျှံဝေသား၊ ပရမေသွာနတ်၊ တန်းခိုးလွှတ်၍၊ မိုးထွတ်တမြင့်၊ မိုးကြီးဆင့်လျက်၊ ဥကင့်နန်းတည်၊ မင်းရိုးစည်သည်၊ မွေ ပြည်ဌာ၀ရ၊ မျိုးဝံသတွင်၊စိုးရပိုင်မူး၊ လိုင်စောလူးနှင့်၊ ပွင့်ဦးပန်းဝူ၊ ပုံ့ပုံ့ ကြူသည်၊ မနုဖြူခွန်ဆွတ်၊ နန်းလုံးနတ်ကို၊ ဥဂ္ဂကဝိန်၊ ခါတော်ချိန်သည်၊ သုဒ္ဓ ဒိန်ဆင့်၊ ကျော်ကိန်းပွင့်တွင်၊ ရွှေနှင့်ရွှေခပ်၊ ဘိသေထပ်က၊ အရပ်ရှစ်မည်၊ ထူးလိမ့်သည်နှင့်၊ ရဲးရည်မှန်ရှူး၊ အောင်ဆုဦးသည်။ ။ပြောင်လူးပိဂ်လာ ဘုရား။

---

## ၁၇၆-ဒုတိယန၀ဒေးဆက် သရက်မင်းသားလက်ထပ်မင်္ဂလာ အခမ်းအနားဘွဲ့လျှောက်ရတုပိုဒ်စုံ

၁။ လျှံထွန်းဖြိုးစည်၊ ဆက်စဉ်ရှည်သား၊ မျိုးမည်သမတ၊ ဆဲ့တဆတည့်၊ ခတ္တိယဂိုဏ်း၊ ဦးခိုင်လိုင်းလျက်၊ ဟတိုင်းစက်ရှိန်၊ ပိုး၀န်းထိန်၍၊ အသမ္ဘိန် ဇာတ်၊ နေမျိုးနတ်တို့၊ ဥဂ္ဂတ်သန္ဓေ၊ မိုးကြီးစွေသို့၊ ရွှေဇမ္ဗူရည်၊ လင်းလင်း ကြည်သား၊ ယင်းသည်ဌာ၀ရ၊ ညွှာခဲ့မှလျှင်၊ အမရဘုံမြင့်၊ စန်းစုံပွင့်က၊ ကြန့်သင့်ပုံညီ၊ ကွေးကွေးချီသည်၊ နာဂီရတနာ၊ မ-ယဉ်သာဖြင့်၊ ရူဇာဟူး ဟူး၊ ကွန့်ရစ်မြူးသည်။ ။ပေါက်လူးစုံစကြာဘုရား။

၂။ စံကျွန်းမျိုးမည်၊ နန်းရိုးတည်သား၊ ဇာနည်ပင်ထွက်၊ ရာကျော်နက် တွင်၊ သရက်မင်းဇာစ်၊ စိုးမိုးစစ်သည်၊ ဥပရာဇ်သည်းပွတ်၊ အိမ်ရွှေနတ်၏၊ ညီမြတ်တော်ရုံ၊ ရဲးညွန့်ငုံကို၊ အောင်ဘုံရွှေဝ၊ အမရဟု၊ ဒီပဇမ္ဗူ၊ နန်းနှစ် ဆူထက်၊ ဆင်ဖြူဆင့်ဆင့်၊ ဆဒ္ဒန်ပွင့်သည်၊ မင်းမင့်းမြေးတော်၊ မြင်မြော်

ဖောက်ထွင်း၊ ရိမဒ်မင်း၏၊ ရင်တွင်းဇာတိ၊ နတ်သီရိနှင့်၊ သာကိယပုံ၊ မျိုးချင်းခြုံသား၊ မြေစုံသွေးညီ၊ စုလျားသီ၍၊ အောင်ပြီဆော်မြူး၊ ကျွန်းလုံးကြူးသည်။ ။မြောက်ဦးခုံမျက်နှာဘုရား။

၃။ ရံဝန်းပျိုးတည်၊ သပြေမည်သား၊ ရွှေစည်ဆော်ကြား၊ ငါးကျပ်ငါးတည့်၊ မင်းဖျားစံထောက်၊ ထိုသည့်နောက်လျှင်၊ ရွှေမှောက်ဇမ္ဗူ၊ ဆဒ္ဒန်ဟူသည်၊ ယဉ်ဖြူဆွဆွ၊ ဥပေါ်မနှင့်၊ အမရန္တယ်ရိုက်၊ စိုးမိုးပိုက်သား၊ ညွှန့်ကိုက်ခရိုင်၊ ပေါက်ပြိုင်ဌာန၊ ရိမဒ္ဒဝယ်၊ နှစ်ပါးထွတ်နောက်၊ မောင်ကြီးအောက်ကို၊ နန်းတောက်ပွင့်မည်၊ သွေးရည်မဝေး၊ မြေးတော်ထွေးနှင့်၊ ဘေးမင်းတရား၊ ဘိုးဘွားမိခင်၊ ဘ-နတ်ရှင်တို့၊ ရာဇဝင်ဆောင်၊ မျိုးများဘောင်တွင်၊ ပြောင်ပြောင်လှည့်ဝန်း၊ ငါနှယ်ထွန်းဟု၊ မေဒ်ကွန်းဆင့်ဆင့်၊ အောင်သံမြှင့်က၊ ပွင့်ပွင့်ဘိုးဦး၊ရောင့်စုံမြူးသည်။ ။သောက်ရှူးဘုံထက်ဝါဘုရား။

---

## ၁၇၇-ဒုတိယနဝဒေးဆက် ဘကြီး၊တော်ဘုရားနှင့် ပန်းတောင်းမင်းသမီးတို့ လက်ထပ်မင်္ဂလာ အခမ်းအနားဘွဲ့သောလျှောက်ရတုပိုဒ်စုံ

၁။ ပြောင်ရွှန်းတေဇာ၊ ဘုန်းသမ္ဘာနှင့်၊ မဟာသမတ်၊ နွယ်မပြတ်သည်၊ ဥက္ကဌ်နရိန်၊ အသမ္ဘိန်တွင်၊ ဇနိန်ဒေဝ၊ သာကီယဟု၊ ဝံသနွယ်ရိုက်၊ မဇ္ဈေတိုက်မှ၊ မကိုဋ်ရစဉ်လျား၊ ဆက်ခဲ့ပွား၍၊ နဂါးစက်ရစ်၊ သရေခေတ်မှ၊ ဥ္ဓန်နှစ်စုံရာ၊ ရိမဒ္ဒါဝယ်၊ သန္တာရိုးမြင့်၊ လုလ္လတင့်သား၊ ထွာချင့်သတိ၊ ကိုးတောင်ယှိထက်၊ မဏိချက်ထွင့်၊ ထုံးစံလွတ်နှင့်၊ တမွတ်ထားသည်၊ သပြေမည်သည်၊ ရွှေစည်ဆော်ယွမ်း၊ ရိုက်သံမွမ်းလျက်၊ မင်းခမ်းဦးဝင်၊ စံရှင်ဆက်စိုး၊ ရှင်မင်းမျိုးသည်။ ။နွယ်ရိုးနေကပင်ဘုရား။

၂။ ထောင်မွန်းနေဝါ၊ နွယ်ဆက်ဖြာ၍၊ မိန့်ဗျာဒိတ်တိုင်း၊ သိုက်သမိုင်းနှင့်၊ မြင်းစိုင်းပင်းယ၊ စစ်ကိုင်းစသား၊ ရွှေဝတိုင်အောင်၊ ထွန်းပြီးနောင်မှ၊ ကုန်းဘောင်အတိတ်၊ဘေးတို့ပိတ်လျှင်၊ ဘိသိက်စိုးယူ၊ အာဒိမူလျက်၊ဆင်ဖြူဆဒ္ဒန်၊ ပျံမျိုးမှန်နှင့်၊ နတ်ဘန်ညွှန်းရည်၊ နန်းပွင့်စည်အောင်၊ ရွှေပြည်အမရ၊ သည်ဌာနကို၊ တဝကိန်းသင့်၊ တည်ထွန်းဘွင့်၍၊ ရာမင့်းထိပ်ပန်း၊ ဘိုးကြ၄န်းမူ၊ ညွှန့်လန်းမြတ်နွယ်၊ မောင်မယ်မြေးချစ်၊ ငါနှယ်ဖြစ်ဟု၊ ထုံးရစ်ပတ်နှောင်၊ စုလျားဆောင်က၊ အခေါင်ထိပ်မိုး၊ကြင်မြတ်နိုးသည်။ ။ဆံယံကြိုးတေဇအင်ဘုရား။

၃။ အောင်ညွှန်းဇေယျာ၊ မင်္ဂလာဖြင့်၊ စဉ်ဖြာဘုန်းဆက်၊ ထွန်းတောက်တက်၍၊ ရာသက်မြင့်ရှည်၊ ကျင့်ဆယ်မည်လည်း၊ မြဲတည်အသင့်၊ မတ်မတ်တင့်လျှက်၊ ဘုံမြင့်ရဝေ၊ မြန်ချက်ဖွေဝယ်၊ ကြက်သရေစုံဖြိုး၊ သစ်သစ်တိုး၍၊ မြတ်မျိုးနွယ်ဘောင်၊ မယ်နှင့်မောင်လျှင်၊ ကောင်းခေါ်တင့်မော၊ ဖြစ်စိမ့်သောဟု၊ ထွင့်စောမှန်ဘု၊ အောင်သံယူ၍၊ နတ်လူငြိမ့်လေး၊ ဩဘာကြွေးလျှက်၊ ဘေးတော်ဘိုးမြတ်၊ ဘ-နတ်တို့နှယ်၊ ဇမ္ဗူလယ်နိုက်၊ စမ္ပာယ်စံရှင်၊ ဘုံပလ္လင်ထက်၊ ဦးကင်သနန်း၊ နောင်ဆက် မြန်းလိမ့်၊ ဘုန်းပန်းလှိုင်ဖြိုး၊ ရွှေးကောင်းကျိုးသည်။ ။ကြယ်မိုးနေလသွင်ဘုရား။

---

## ၁၇၈-ဦးဘိုးဆက် မင်းတုန်းဘုရင်သားတော် မလွန်မင်းသားနှင့်ဆားလင်းကြီးမင်းသမီးတို့ လက်ထပ်မင်္ဂလာအခမ်းအနားပွဲသော လျှောက်ရတုပိုဒ်စုံ

၁။ တက်မြူးတေဇာ၊ ဘုန်းရှိန်ဖြာသည်၊ မဟာသမတ်၊ နွယ်လာနတ်ဟု၊ နာဂတ်အတိတ်၊ အောင်နိမိတ်ဖြင့်၊ ဗျာဒိတ်တော်ပေး၊ မန်းတလေးဝယ်၊ နှိုင်းသွေးပုံဆို၊ ရာဇဂြိုဟ်သို့၊ မငြိုငြင်မှု၊ ပြည်ကြီးပြု၍၊ နတ်လုထွင့်ဖျား၊ ဟောခဲ့ထားသည်၊ သုံးပါးသာသနာ၊ မြတ်ရိုက်ရာကို၊ ကောင်းစွာ ထောက်ပင့်၊ ခြီးမြှောက်မြှင့်က၊ ရာစင့်အလုံး၊ ညွတ်ရုံးဦးဆံ၊ ကျွန်ရိုးခံလျှက်၊ နိုင်ငံအမျိုး၊ပျပ်ဝပ်ကျိုးသည်။ ။တန်းခိုးနေရှိန်ဖြာဘုရား။

၂။ ဘက်ကြွးဇေယျာ၊ အောင်ကိန်းလာသား၊ နရိန္ဒာမြတ်၊ လောကနတ်၏၊ သည်းပွတ်တော်ရင်း၊ မလွန်မင်းနှင့်၊ သနင်းဥပရာဇ်၊ ညီတော်ချစ်ဝယ်၊ ရင်နှစ်နတ်နီး၊ ဆားလင်းကြီးဟု၊ ပိုင်သီးကံကျွေး၊ မြတ်ဘုန်းမွေးကို၊ ရွှေးပဝေဏီ၊ ထုံးစံမှီဖြင့်၊ ကျွန်းဒီပါကျယ်၊ တသောင်းနယ်နိုက်၊ ကောင်းကြွယ်ကြက်သရေ၊ ပွားတက်စေဟု၊ ကိုးထွေမျက်ရုံ၊ရွှေငွေပုံထက်၊ ဆွေစုံဝန်းမြောင်၊ စုလျှားနှောင်က၊ တောတောင်တရိုး၊ ပွင့်ပြိုင်ဖြိုးသည်။ ။ပန်းမျိုးဝေထိန်ဝါဘုရား။

၃။ ယှက်ကူးဝေဆာ၊ လေပြန်လာသား၊ ဟေမာခေါ်မြဲ၊ တပို့တွဲးဟု၊ ပေါက်လဲးကင်းငုံ၊ ရာသီကုံဝယ်၊ အစုံမင်္ဂလာ၊ မင်းတံတွာဖြင့်၊ မြဲဟွာခြီးမြှောက်၊ ငြိစီးမြှောက်က၊ ကင်းပျောက်ဘေးဒဏ်၊ ရန်မာန်ကွာလွင့်၊ ဘုန်းကြီးပွင့်၍၊ ရာမြင့်သက်တော်၊ ကျော်လိမ့်တန်းခိုး၊ တိုးလိမ့်စီးပွား၊ များလိမ့်

ခြွေရွေ၊ တက်ဖျားရေသို့၊ အမြဲတေခိုင်၊ တောင်ရွှေစိုင်နှင့်၊ အပြိုင်မြင့်ရှည်၊ ချမ်းသာတည်လျက်၊ မြန်ပြည်တရိုး၊ ထိန်ထိန်နှိုးသည်။ ။မြန်းစိုးခြေသဓါဘုရား။

---

## ၁၇၉-မင်းတုန်းဘုရင်မင်းမြတ်ညီတော်အိမ်ရှေ့မင်း သမီးတော်ဆားလင်းကြီးမင်းသို့နားထွင်းမင်္ဂလာ အခမ်းအနားဖွဲ့ ဦးဘိုးဆက်လျှောက်ရတုပိုဒ်စုံ

၁။ တင့်ရှန်း ဖြိုးကြွယ်၊ မျိုးရိုးနွယ်တည့်၊ မိုးလယ်စံမှတ်၊ ဘန်ရဟတ်သို့၊ မန္တာတ်ဘုန်းခေါင်၊ ကျွန်းလုံးအောင်သား၊ ကုန်းဘောင်သမတ၊ ခတ္တိယမှ၊ သမ္ဘိန္နဂိုဏ်း၊ စဉ်ခွဲတိုင်းဖြင့်၊ ကွန့်လှိုင်းဖြိုးမောက်၊ ဆယ်ကြိမ်မြောက်ဝယ်၊ အတောက်ရှိန်ဝါ၊ ရတနာနှင့်၊ ရိန္ဒမာပျံ၊ မားလှံဆင်ဖြူ၊ ရတော်မူ၍၊ ဘုန်းတူပုံမွေး၊ ဗျာဒိတ်ပေးသား၊ မန်းတလေးရိပ်၊ မြေမြတ်ထိပ်ထက်၊ တံဆိပ်ဖြိုးလျှံ၊ ရှေးဦးစံလျက်၊ နိုင်ငံပြည်ရွာ၊ သာသနာကို၊ ကောင်းစွာပိုက်ဖြိုး၊ ခြိုးပင့်နှိုးသည်။ ။တန်းခိုးနေလရှိန်ဘုရား။

၂။ မြင့်သွန်းမိုးလယ်၊ ဖြိုးဖြိုးကယ်သား၊ ကိုးသွယ်ရောင်ပွင့်၊ ခြည်စုံတင့်သို့၊ နေမင့်နွယ်မြစ်၊ ဥပရာဇ်ဘုန်းဖျား၊ နန်းလျာထား၏၊ သည်းချားတော်ရင်း၊ ရွှေလျှံဝင်းမျှ၊ ဆားလင်းခွန်ယူ၊ နတ်တူနှုန်းဆွယ်၊ မျိုးဆုံးကြွယ်ကို၊ တင့်တယ်မင်္ဂလာ၊ နားတန်ဆာဖြင့်၊ စဉ်လာပေါင်းရုံး၊ ဆံထုံးတော်ဆက်၊ ဒက်တရက်နှင့်၊ တဘက်တော်ဆင်၊ ခမ်းနားယင်သား၊ သဘင်ယတြာ၊ ထိုအခါကား၊ ဟေမာနှင်းပွဲ၊ တပို့တွဲဟု၊ ပေါက်လဲသင်းခွေ၊ အထွေထွေတည့်၊ ကြက်သရေကြီးမြင့်၊ ခြိုးပင့်မောက်ဖြိုး၊ ကဲးကဲးမိုးသည်။ ။ပန်းမျိုးရွှေဝတိန်ဘုရား။

၃။ ပွင့်ဝန်းကိုးသွယ်၊ ရောင်မျိုးချယ်သား၊ တင့်တယ်ဗျူဟာ၊ ဆင်တန်ဆာနှင့်၊ မင်္ဂလာဝှဲးချီး၊ ကုန်ပြီးစီးက၊ မြေကြီးရေကြီး၊ လေမီးမှတ်ရည်၊ ဓာတ်လေးမည်လည်း၊ မတည်ယွင်းယိုင်၊ လိုတော်ပိုင်ရှင့်၊ ဂနိုင်ရတု၊ တောမှာရှုလည်း၊ တောသူ့စရိုက်၊ တောအလိုက်ဖြင့်၊ ဖူးကိုက်ကင်းငုံ၊ သင်းသင်းထုံမျှ၊ ယမုန်ရော၊ မြစ်တို့မှာလည်း၊ ဟသ်ာမယ်ညို၊ ဝံလိုသောင်းသောင်း၊ ငှက်အပေါင်းတို့၊ သံပျောင်းချိုမြ၊ ဆင်မြင်းစသား၊ ပြည်မအန်ထံ၊ ဆယ်ပါးသံဖြင့်၊ အရံငါးရာ၊ ဒိပါအုပ်မိုး၊ ရှင်တို့မျိုးသည်။ ။မြန်းစိုး မြေမဟိန်ဘုရား။

---

## ၁၀၀-ပဌမနဝဒေးကြီးဆို သန်လျင်ကျွန်း ကျုတ်ခေါက် ဘုရားဘွဲ့ ရတု ၃-ပိုဒ်

၁။ သာထွတ်ဆက်ရှည်၊ နေမင်းတည်သား၊ ယဉ်ကြည်ရော၊ သီတာပတ်သန်း၊ မင်းဝံစွန်းနှိုက်၊ မွေးနွှန်းခေါ်တွင်၊ မိနတ်ရှင်၏၊ သန်လျင်ထူသည်၊ နေသည့်ပြည်နှင့်၊ နှစ်မည်တောင်ထူး၊ ထောင့်စူးစူးဝယ်၊ မကူးနေရောင်၊ အနန်းမြှောင်လျက်၊ လမ်းဘောင်နှစ်ဖက်၊ ငွေပြားယှက်သို့၊ ပင်ထက်သီးဆိုင်း၊ အင်တိုင်းသာဇံ၊ မင်းဝံပေါ်ငုတ်၊ သမုတ်ရော၊ ဆိုလှာပေါင်းယှက်၊ ပင်လယ်ချက်ဝယ်၊ အောက်ထက်နတ်လူ၊ ဇမ္ဗူဝန်းတောက်၊ ထိန်လျက်ခြောက်သည်။ ။ကျုတ်ခေါက်ကျော်တည်းမဆန့်သောဝ်။

၂။ ရွှာစွတ်စက်လည်၊ ဖိုလ်မိုးရည်နှင့်၊ သုံးမည်လူနတ်၊ ငြိမ်းစေတတ်သည်၊ ဆံဓာတ်ရတနာ၊ ရွှေသာပြောင်ညီး၊ တောင်လုံးစီးမျှ၊ ထိနီးမိုးယံ၊ ထွန်းတက်လျှံကို၊ ဝေးလံရွှေပြည်၊ မရည်ဆောင်ခင်၊ မြင်လျှင်စုံကြိုက်၊ တက်ဆိုက်ဝမ်းမြောက်၊ ညွှေ့သည်လျောက်ဖြင့်၊ ပေါက်ပေါက်ပန်းခိုင်၊ ကိုယ်တိုင်မတန့်၊ တမ်းခွန်ဆောင်ရွက်၊ ရမည်ခက်ခဲ့၊ ဖြူညက်ထွတ်ထွတ်၊ ဆန်ကချွတ်၍၊ ဆွတ်ဆွတ်ကြည်လင်၊ ပူဇော်တင်က၊ ရည်ထင်ဆုယူ၊ နောင့်ကြင်သူကြောင့်၊ သည်းအူ၍နှပေါက်၊ ကြာနှယ်ခေါက်သည်။ ။ညွတ်လျောက်ဖော်နည်းမတန့်သောဝ်။

၃။ ရာဖတ်ဖက်လည်၊ မြန်ကျွန်းစည်နိုက်၊ ပြိုင်သည်မဲ့လျဉ်း၊ တုဘက်ကင်းသား၊ ပဝင်းမိုးခေါင်၊ လနှယ်ပြောင်သည်၊ ညိုရောင်မနှောင့်၊ သခင်ကြောင့်လျှင်၊ ဖူးခေါင့်ဖူးခက်၊ ကြွေးရက်မြေတာ၊ သည်မှာကြိုးကုပ်၊ ကျွန်ုပ်စုံမက်၊ တောက်ခေါက်ယက်လျှင်၊ ဘုန်းစက်ပြန့်မွှေး၊ ပြည့်ပါသေးသော၊ မြစ်ကွေးသောင်ရှည်၊ ကျွန်းစည်ပြည့်ဆဲ၊ ဆန်းရောက်ခဲ့စွ၊ ဆကဲးကျူးလွန်၊ နွေသို့ပြန်ခဲ့၊ နှစ်ရန့်မဖောက်၊ ကြင်ပေခလာက်သည်။ ။နတ်အောက်သော်လည်းမညန့်သောဝ်။

---

## ၁၀၁-ကုန်းဘောင်မင်း ဥက္ကလာဘမြို့မှ သန်လျင်မြို့သို့ ထွက်တော်မူရာ အခမ်းအနားကိုဘွဲ့သော မြင်းကင်းစားနေမျိုးကျော်ထင်ဆက် လျှောက် ရတုပိုဒ်စုံ

၁။ ထောင်မွှန်းစက်ခြည်၊ ဆက်စဉ်ရှည်ဖြင့်၊ မျိုးမည်မြတ်လှ၊ သမတဟု၊ ခတ္တိယရင်း၊ နွယ်ခွဲဆင်းမှ၊ ခံတွင်းစက်ရောင်၊ မြွက်တိုင်းပြောင်သည်၊

ကုန်းဘောင်သာကိန်၊ ရာနရိန်ကို၊ ဝရဇိန်ကွန့်ရစ်၊ နက်စက်ပစ်သို့၊ ခြစ်ခြစ်တုန်ရိုက်၊ ရှိမ့်ခိုက်လျက်၊ မင်းထိုက်များစွာ၊ ရတနာနှင့်၊ ကညာ သမီး၊ ဆင်ကြီးမြင်းက၊ ပွဲးလယ်သရှင့်၊ ထိုပ တခြား၊ မိုးသိကြားလည်း၊ ဓား သီလဝင်၊ လှံရှင်စကြာ၊ ရိန္ဒမာနှင့်၊ ဝေလာဟက၊ မိုးမြင့်ကြွသား၊ အဿဇာနည်၊ ဆက်ရောက်မည်ဟု၊ အောင်စည်ဆော်နှိုး၊ ကျွန်းလုံးနိုးသည်။ ။နေမျိုးဆွေမဟာဘုရား။

၂။ တောင်ကျွန်းချက်တည်၊ အကြေပြည်တွင်၊ ရန်နှည်တုလွတ်၊ စက္ကဝတ်ရန်လွင့်၊ ခန်းစုံပွင့်သား၊ ဘုံမြင့်နန်းညာ၊ ဥက္ကလာမှ၊ စကြာနေရှည့်၊ လက်ယာလှည့်လျက်၊ လျှမ်းပြည့်မြစ်ဆုံ၊ ကြက်လှိုင်းခုန်သည်၊ ဒေါပုံဆိပ်ကူး၊ တောင်စူးစူးဝယ်၊ သောက်ရူးနေလ၊ သိန်းသန်းပသို့၊ ရှေးကထိန်းမှတ်၊ ဆံတော်ဓာတ်ကို၊ ထေရ်မြတ်အရိယာ၊ ရဟန္တာတို့၊ ပဉ္စနာမြင့်မြောက်၊ တည်ခဲ့ဆောက်သား၊ ကျတ်ခေါက်ကျော်သောင်း၊ မြတ်ညာပေါင်းကို၊ ရှစ်သောင်းအထွဋ်၊ ငယ်ဘော်နတ်နှင့်၊ လေးမြတ်ကြည်နူး၊ ပူဇော်ဖူးသား၊ တောမှူးတောင်ချုပ်၊ ထိမ်းအုပ်နတ်မျိုး၊ ကောင်းကြီးဖြိုးသည်။ ။ရေစိုးမေခလာ ဘုရား။

၃။ အောင်ညွှန်းမြွက်ရည်၊ ရှေးမင်းတည်သည်၊ ရေကြည်သီတာ၊သမုဒ္ဒရာညွန့်သွန်း၊ ကမ်းကွေ့စွန်းဝယ်၊ မွေ့နွန်းနတ်နှယ်၊ စမ္ပာယ်စံရှင်၊ မြို့သန်လျှင်ကား၊ ယခင်လက်မွန်၊ဟောမဝန်က၊ မြူးကွန့်ဓလေ့၊ ခြသေ့ခုန်ကြွ၊ ရောက်ကြောင်းစကြောင့်၊ သီဟဒီပ၊ ပါဒနှစ်မည်၊ ရန်လုံပြည့်၌၊ နတ်စည်ပတ္တမြား၊ မြူတာဓားကို၊ သကြားလက်ထပ်၊ ပေးနှင်းအပ်၍၊ မြန်ရပ်ခပင်း၊ ကျော်စောရင်းတွင်၊ နေမင်းရောင်ရှိန်၊ ထွန်းပြောင်ထိန်သို့၊ အောင်ချိန်ခါသန့်၊ ရွှေစက်ဖြန့်က၊ ဆဒ္ဒန်သနင်း၊ လောင်းမင်းဘုန်းထွဋ်၊ ရောက်ပေလတ်ဟု၊ လောကမာတ်ရိုး၊ ဘုန်းတော်မိုးသည်။ ။ရွှေကြိုးဒေဝရာဘုရား။

## ၁၈၂-ကုန်းဘောင်မင်းဥက္ကလာဘမြို့တွင် သင်္ကြန်တော်ခေါ် ဘွဲ့လျှောက်ရတုပိုဒ်စုံ

၁။ တက်ဖြာဝေစည်၊ ပတ်ဖြန့်နှည်သား၊ နန်းတည်သာစွ၊ ဌာဝရဝယ်၊ သုဇေယျခေါ်၊ သင်္ကြန်တော်ဟု၊ မြေပေါ်မိုးစွန့်၊ ဖြိုးဖြိုးဖွန့်သား၊ ညွန့်သံမင်္ဂလာ၊ အောင်ဇေယျာဟု၊ ထွဋ်ညာသီရိ၊ ပြည်ကြီးမိလျှင်၊ သာကီယစစ်၊

ဘေးချစ်ဘိုးဖျား၊ တရားဝိုမှု၊ ရွှေနန်းပြုဖြင့်၊ လွတ်တုမနိုင်း၊ သိဒ္ဓိဂိုဏ်းလျှင်၊ မောက်လှိုင်းဘက်ကျွန်း၊ ဘိသိက်သွန်းသည်။ ။ထုံမွှန်းရေသီတာဘုရား။

၂။ လက်ယာရေကြည်၊ ဆယ့်နှစ်မည်တည့်၊ ရစ်လည်ခွေပတ်၊ နွားက လွတ်သား၊ နတ်မန္တာမြစ်၊ သျှန္တိသစ်လျက်၊ ယာရစ်သင်၊ ရှစ်ပြိုင်သ၍၊ ဗြဟ္မမုခ်၊ အောင်သံချီက၊ ဝဇီရာဘိ၊ မိုးခေါင်ထိမျှ၊ သိဒ္ဓိမင်္ဂလာ၊ ရင့်ချိန် ခါဝယ်၊ ဩဘာသဦး၊ တရင်းမြူးလျက်၊ ပွါးလူးတက်တုန်း၊ မြတ်ရွှေဘုန်းနှင့်၊ နိုင်းနှုန်းမဲ့စွာ၊ ကောင်းကြီးညာ၍၊ ချာချာရိုက်မွှန်း၊ သံလွှတ်ကျွန်းသည်။ ။ ဘုံဝန်းမြေဒီပါဘုရား။

၃။ စက်ညာမွှေရည်၊ မြိုင်လုံးစည်သား၊ ရည်ဂီဝါရိပ်၊ မှိုင်းရောင်ရိပ်နှင့်၊ တိမ်လိပ်တိမ်ပန်း၊ ချယ်ဆင်ဆန်းလျက်၊ ရှစ်ခန်းမျက်နှာ၊ ဆွတ်လွတ်ရာထိ၊ ဇေယာရန်နှိမ်၊သွန်းစံညိမ်လျက်၊ ရွှေအိမ်ရတနာ၊ဘုံစံရာဝယ်၊ ထုံမာလာခဲ၊ ဖြန့်ဖြန့်ကြဲလျက်၊ ဖွဲ့ဖွဲ့ခိုင်ကြည်၊ စိတ်ထွင့်ဝှတည်၍၊ ရှည်အံ့သက်တော်၊ ရာကျော်ရုပ်ဓာတ်၊ ကြီးမြတ်ဘုန်းတန်း၊ နာမဲ့ကျန်း၍၊ ရွှေနန်းဆက်စိုး၊ မိုးအံ့ပိုင်ပိုင်၊မပြိုင်စံကျွန်း၊ ထိန်ထိန်ထွန်းသည်၊ ။ပုံသွန်းရွှေညီလာ ဘုရား။

---

## ၁၈၃-ကုန်းဘောင်မင်းဥက္ကလာပမြို့တွင်သကြိန်တော်ခေါ်မြင်းကင်းစားနေမျိုးကျော်ထင် ဆက် လျှောက်ရတု ၃-ပိုဒ်

၁။ ဘုန်းရောင်တေဇာ၊ လွှမ်းရိုက်ဖြာသား၊ ရွှေကြာငါးချပ်၊ ဘဒ္ဒကပ် ထက်၊ မြန်ရပ်မြေချာ၊ မှန်လှစွာသား၊ ဥက္ကလာဘ၊ ပူရရတနာ၊ အောင်ချာ သမိုက်၊ ကြင့်နန်းစိုက်၍၊ ယမိုက်ရောင်ဟုံ၊ ဘုန်းတော်ရှိက၊ အစုံရွှေစက်၊ မင်းတိုင်းရွက်၍၊ ထွတ်ချက်ကေသာ၊ ပန်ဆင်ရာသည်၊ မန္တာတူညီ၊ ထိုခါ ပြီဝယ်၊ ကျူးသီပတ်ဖြာ၊ သပြေညာကို၊ တေဇာထွန်းဝင်း၊ ကျွန်းလုံးချင်း သည်။ ။ပိုင်နင်းမြန်ဇမ္ဗူဘုရား။

၂၊ ကုန်းဘောင်ဇေယျာ၊ သိုက်တိုင်းလာသား၊ နိုင်းရာလွတ်တု၊ တမွတ် ပြုသည်၊ အာနုဒေဝ၊ ထောင်နေလလို့၊ သေဌဇေဋ္ဌ၊ သုဇေယျဖြင့်၊ အတုလ သီရိ၊မိုးတရှိလျှင်၊သိဒ္ဓိမှူခေါ်၊ သကြိန်တော်ဟု၊တေဇော်မောက်ဖြိုး၊ ဆင့်ဆင့် တိုးသည်၊ ဟုန်းမျိုးယတြာ၊နတ်မန္တာနှင့်၊ မင်္ဂလာမာန်နှင်၊ ခါတော်ယင်က၊ အောင်မြင်ဇမ္ဗူ၊ လွှမ့်ရိုက်ဆူမျှ၊ သရဘူသီတာ၊ ကောင်းကြီးညာ၍၊ ဗြဟ္မာ ညွှင်းညင်း၊သျှန္တိကျင်းသည်။ ။ကြိုင်သင်းစန္ဒကူဘုရား။

၃။ မှုန်းရောင်ဝေဆာ၊ ရစ်သိုင်းကာသည်၊ ရှစ်မျက်နှာရပ်၊ မည်မလပ်တိ၊ မြချပ်ညိုဖူး၊ မိုးလုံးမြူး၍၊ ရင့်ကျူးရင့်နွဲ့း၊ ထင်စမြဲးတည့်၊ ပြိုင်နွဲ့းမြနှစ်၊ သရစ်ကျေးငုံ၊ ခပ်သိမ်းစုံက၊ နေရုံဂိရိ၊ တောင်ထိကဲးဆာ၊ ပွဲးဝှဲးပသား၊ ဘဝအခေါင်၊ မင်းများခနာင်လျှင်၊ မာန်အောင်ပွဲးကြီး၊ သိဒ္ဓိပြီး၍၊ ဘုန်းစီးပွားကျိုး၊ တိုးအံ့ရာပေါ်၊ ကျော်အံ့ဘုရား၊ ညာဖျားညွှန့်လူ၊ ဂုရုသူတို့၊ မဥ္ဇူသက၊ တုမျှနှုန်းရည်၊ ကျင့်ထုံးတည်သား၊ ပြန့်ကြည်ကြိုင်သင်း၊ နတ်ဘန်ဆင်းသည်။　။လိုင်မင်းနန္ဒမူဘုရား။

---

## ၁၈၄-တိဂုံဆံတော်ရှင်သိင်္ဂြိုဟ်ရတောင်ဘွဲ့ ရတုသုံးပိုဒ်စုံ

၁။ အောင်မြေမင်္ဂလာ၊ ကွန့်မြူးဖြာ၍၊ ဒီပါဇမ္ဗူ၊ တောင်ကျွန်းငူတွင်၊ မှန်ကုမကိုင့်၊ ဦးခိုက်လူနတ်၊ ပူဇော်အပ်သား၊ ဆံမြတ်ဓာတ်မွေ၊ ကိန်းဝပ်နေသည်၊ ခေါ်ထွေသညာ၊ ထုံးစဉ်လာသား၊ သီတာသမုဒ်၊ ပတ်ဝန်းအုပ်လျက်၊ သိင်္ဂုတ္တရာ၊ ကုန်းတေဇာတည့်၊ ရံကာမဆုံး၊ ကုန်းကိုးဆယ်ကိုး၊ ကမ္ဘည်းထိုး၍၊ တန်းခိုးညွန့်ဝေ၊ လျှံထွေရောင်မောင်း၊ ကုန်းပေါင်းတရာ၊ ကမ္ဘာဘဒ္ဒ၊ ဤသည်မျှလျှင်၊ ပွင့်ရအမှန်၊ ကောက္ကသန်တုံ၊ ဂေါဏာဂုံက၊ ကဿပဘုရား၊ တည်ထားမူလ၊ ဂေါတမမြတ်စွာ၊ စိန္တေယျာလည်း၊ ကေသာဆံတော်၊ တန်းခိုးကျော်သည်၊ ပူဇော်စရာ၊သတ္တဝါအား၊ ရည်မှတ်သား၍၊ သနားကရုဏာ၊ ချစ်မေတ္တာနှင့်၊ ချမ်းသာစေမူ၊ သားရာဟုသို၊ ပျိုးပြုဓမ္မာ၊ သုခိတာနှင့်၊ သာသနာငါးထောင်၊ တည်ထွန်းပြောင်သည်၊ ဘောင်မင်္ဂလာဉ်၊ ရွက်စုံဆင်လျက်၊ စီးချင်လိုက်သူ၊ သတိမူ၍၊ ယူကြရိက္ခာ၊ မပါသောထွေ၊ မတင်ပေဘူး၊ စေတနာသုံး၊ သဒ္ဓါရုံး၍၊ နှလုံးကျင့်မြတ်၊ ပုညဝတ်ကို၊ မချွတ်စေရာ၊ လက္ခဏာနှင့်၊ မက္ဂာနေ့ည၊ လုံ့လကြိုးပမ်း၊ မေတ္တာဖျန်း၍။　။ရှင်လန်းစံကြပါစေသောဝ်။

၂။ ဆောင်ဘွေသဥ္ဇာ၊ စံခမ္မရာသား၊ ပဌာအဌ၊ ဂုဏ်သုံးဝနှင့်၊ဓမ္မရသာ၊ ကုသလာဟု၊ မက္ဂာဆုတောင်း၊ ပညာလောင်း၍၊ ဖျောင်းဖျောင်းဖျဖျ၊ သုံးမခန္ဓာ၊ ဒွတ္တိံသာသည်၊ မြဲးစွာမတည်၊ တလည်လည်ဟု၊ ကြိုးရှည်လံနွား၊ ရဟပ်ချားသို၊ ငါးပါးဂတိ၊ လိုရာသိက၊ ပီတိနှစ်မြိုက်၊ ရသာခိုက်ကို၊ ပိုက်လိုက်ကြပါ၊ လူဖြစ်လှာလည်း၊ ဗြဟ္မာထက်ရပ်၊ အာကာဓာတ်က၊ အပ်တစင်းသာ၊ ချတိုပါ၍၊ လူ့ရွာကလျှင်း၊ အပ်တစင်းကို၊ ခင်းကြပါသော်၊

ထိုရော်အပ်သွား၊ ထိမည်လားထက်၊ လူဖြစ်ခက်ဟု၊ လေးနက်ပါယ်ရှာ၊ ရောက်သူမှာလည်း၊ ပူဆာပြင်းပြ၊ ဒုက္ခမလပ်၊ နေမိဇာတ်တော်၊ ပြထုတ်ဘောဒီ၍၊ ဟောတော်မိန့်ရှိ၊ နိဝရဏ၊ ဒေါသမစိုက်၊ ဒုစရိုက်ဆယ်ပါး၊မမှားရှောင်ကြဉ်၊ လွင်တည်းရောက်အောင်၊ သောင်နိဗ္ဗူကမ်း၊ သစ္စာမှန်း၍။ ။ယာဉ်ပန်းပန်ကြပါစေသောဝ်။

၃။ တောင်လေသင့်ကာ၊ ရန့်ဖြာ၍၊ ကြိုင်စွာပျံ့မွှေး၊ ကြူထုံးလျက်၊ တိုက်ကျွေးရသာ၊ သတ္တဝါကို၊ မေတ္တာဆပွား၊ ရည်မှတ်သား၍၊ လေးပါးဖြဟ္မစိုရ်၊ တရားကိုလည်း၊ကြည်ညိုလေးမြတ်၊ ညွတ်ဆည်းကပ်၍၊ ဝိပဿနာ၊ မက္ကာကိုယ်ဝယ်၊ ပြည့်ကြောင်းလွယ်လျက်၊ စင်ကြယ်ကောင်းမြတ်၊ နိဗ္ဗပတ်ဖြင့်၊ မပြတ်အာရုံ၊ ပန်းပေါင်းထုံသို့၊ လုံးစုံမမွှမဂ်လသုတ်၊ ကိုယ်နှုတ်နှလုံး၊ စိတ်ယူကျုံး၍၊ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာမြဲကြောင်း၊ ဆုယူတောင်းလျက်၊ တံခေါင်းရေချမ်း၊ သင်ပုတ်ဆွမ်းနှင့်၊ ညချမ်းနံနက်၊ တံမြက်ခတ်ခါ။ ကုသလာဖြင့်၊ ရတနာမြတ်၊ သုံးလူနတ်ကို၊ ရှိညွှတ်ကြပါ၊ သဒ္ဓါမလပ်၊ ဇောစိတ်ကပ်လျက်၊ မပြတ်နွေညာ၊ သတိရ၍၊ လောဘမလိုက်၊တရားဆိုက်အောင်၊ လုံ့လဆောင်လျက်၊ ဘောင်မဂ္ဂင်ကမ်း၊မြတ်ရာမှန်း၍။ ။တွင်လမ်းဆန်ကြပါစေသောဝ်။

**အမှာ။** [ဌင်းပိုဒ်စုံရတုသည်သဟ်ပုံမညီယှိသည်၊ရေးသားသူကိုအမှန်မသိ၊ မင်းကြီးကတော်ခင်ဆုံရေးသည်ဟူ၍အချို့ပြောသံကြားဘူး၏။]

---

## ၁၈၅-သိင်္ဂုတ္တရတောင်ထိပ်ရွှေနန်းဘွဲ့သော ရတုပိုဒ်စုံ

၁။ ခါနွေဝတ်မှုံ၊ သာချိုးစုံ၍၊ ဘုံအာကာဘောင်၊ နန်းမြင့်ခေါင်က၊ ဝေမှောင်တိမ်တန်း၊ ရစ်ခါသန်း၍၊ ချိပ်ပန်းချယ်စီ၊ငွေပန်းချီသို့၊ နိဝါကြောင်ကျား၊ ပတ္တမြားဆင်၊ လုံးစုံပင်တည့်၊ ကေရှင်သာနွဲ့၊ သူမြင်တွဲလျှင်၊ လွမ်းဘွဲ့မိလွှာ၊ ပန်းရစ်ဖြာသို့၊ ဖျာပါထပ်ပို၊ သက်လုံးဖို၍၊ ငိုမိမတတ်၊ နဝရတ်နှင့်၊ သုဒဿန၊ တိုင်းမြဲအောင်ချာ၊ ဘန်တိုလှာ၍၊ သဥ္ဇာဘွေခန်း၊ စံမြန်းဘွေထု၊ ရွှေပေါင်းစုနှင့်၊ ရှု၍မသာ၊ ဖြေဆည်ပါ၍၊ သူဇာနတ်မောင်၊ နန်းမြင့်ခေါင်က၊ မာန်ဆောင်သွင်းလေ၊ ယွင်းမသွေတည့်၊ ရွှေမြေဝတိန်၊ စိုးသည့်ဇာန်က၊ စိန်ရောင်မြလျှင်း၊ ရစ်ခါပိုင်းသည်။ ။ရှုတိုင်းလွမ်းဘိုကြိုတော့သည်။

၂။ ညှာခြေညွတ်ရုံ၊ ပန်းပေါင်းစုံ၍၊ ထုံနံ့သာကြိုင်၊ တလှိုင်လှိုင်တည့်၊ ဂနိုင်မဆုံး၊ ပန်းဂမုန်းလည်း၊ ကြက်ရုံးစမွှယ်၊ ရစ်သွယ် သရဖီ၊ အင်ကြင်းနီနှင့်၊ စုံစီယင်းမာ၊ အာသာဂတီ၊ နတ်ပန်းချီ၍၊ ရာသီဆန်းပေါ်၊ ကံ့ကော်သဇင်၊ ရနံ့လွင်လျက်၊ ထက်ခွင်ဖြူးမြင့်၊ ရှက်ခါပွင့်လည်း၊ ကျူးရင့်ဒေးထုံ၊ရဂုံသာမော၊ ပင်စုံပေါသည်၊ တောမျှားရဝေ၊ ပန်းဝတ်ချွေ၍၊လေပြည်သွင်းလှာ၊ သို့သည်ခါကို၊ ပန်ရာသင့်ဘော်၊ ယှိုပေသော်မှ၊ပျော်ပျော်သီလှယ်၊ သင်းပျံ့ကြွယ်၍၊ တူမယ်မောင်တို့၊ ယွင်းမချို့အောင်၊ တောင်တို့ဘာသာ၊ သစ်နန်းညာမှ၊ စံကာရိပ်သိုင်း၊ မြော်ခါနှိုင်းသည်။ ။နုကြိုင်း ရှမ်းလို့စုံ တော့သည်။

၃။ ပြာငွေဆွတ်ကြို၊ သင်းနံ့ထုံ၍၊ ရဂုံပင်နန်း၊ စံပျော်မြန်းသည်၊ စာလှမ်းမျိုကာ၊ ကျေးတမာလည်း၊ ဘာသာ ကြွေးကြော်၊ မောင်နှံ့ ခေါ်၍၊ သိုက်ပေါ်မကွာ၊ လည်ယှက်ခါနှင့်၊ ကျူးကာသံချို၊ သစ်နန်းခိုလျက်၊ ဖိုမောင်တူမယ်၊ ပင်ရိပ်လယ်က၊ စံပယ်စံမြန်း၊ ရစ်ခါသန်း၍၊ မခန်းရှုဘွယ်၊ ပျော်စံပယ်သား၊ ယှက်သွယ်တောင်ပံ၊ မြူးကွန့်ရန်နှင့်၊ ဟောမန်နှင်းစ၊ သို့သည်လကို၊ ဒီးမြခိုက်တုန်၊ ထည်လုံးခြုံလည်း၊ မလုံပါလို၊ သက်လိုက်ဖို၍၊ ခိုရွှေရင်သဲ၊ စုံမြိုင်ထဲမှာ၊ စိတ်ဝဲဆူလှယ်၊ အသွယ်သွယ်နှင့်၊ လွမ်းဘွယ်ရံဂုံ၊ သားပေါင်းစုံ၍၊ ဘုံမြိုင်ရိပ်တိုင်း၊ ပျိုကာဆိုင်းသည်။ ။စုလှိုင်းဝန်းလို့ အုံတော့သည်။

**အမှာ။** [၎င်း ရတုပိုဒ်စုံလည်း ရေးသူအမည် မပေါ်၊ ဖတ်၍ကောင်း၏၊ သတ်ပုံမကိုက်။]

---

## ၁၈၆-တိကျံစေတီမြတ်ဘုရားတိုင်ရတု မေတ္တာပို့ သုခပိုဒ်စုံ

၁။ စံရာသိင်္ဂီ၊ ရောင်ခြောက်လီဖြင့်၊ နောင်ညီလေးဆူ၊ ထားတော်မူသည်၊ ဇမ္ဗူကြက်သရေ၊ တက်သစ်နေသို့၊ လျံဝေတန်းခိုး၊ ထိန်ထိန်မိုးသည်၊ ညွှန့်ဖြိုးတေဇာ၊ ပွင့်လင်းသာ၍၊ မဟာကွန်းမုတ်၊ သိင်္ဂုတ္တရာ၊ ကုန်းမြတ်စွာတည့်၊ လေးဖြာဓာတ်မွေ၊ ကျိန်းဝပ်နေသည်၊ ကေသာဆံတော်၊ တန်းခိုးတော်ဖြင့်၊ သုံးဘော်နတ်လူ၊ ဆုယူပန်သ၊ ဦးညွတ်ကြသည်၊ ဒါနာသီလာ၊ မက္ကာမြဲကြောင်း၊ ဖန်တံခေါင်းနှင့်၊ ဝတ်ညောင်းရေချမ်း၊ သင်ပုဟ်ဆွမ်းလည်း၊ လှူဒါန်းကပ်လျက်၊ တမြက်သုတ်သင်၊ ထွက်ဝင်မစဲ၊ တသဲသဲတည့်၊ မြို့ထဲမြို့ပြင်၊ ရှင်လူတကွ၊ သမဏလည်း၊ များလှဗိုလ်ပါ၊ သောင်းသောင်း

ညာ၍၊ ကြက်လျှာကုက္ကား၊ ကိုင်သွားကြီးငယ်၊ အသွယ်သွယ်နှင့်၊ ပျော်ဘွယ်မချို့၊ နတ်ပြည်သို့လျှင်၊ သွန်းပို့မေတ္တာ၊ မကွာမြဲးကြ၊ ဝေနေယျအား၊ သုခပွား၍၊ ဘုရားတပည့်တော်၊ ရှင်ဖော်မကွေ၊ မြတ်ဆုံးလေ၏၊ စေတီယင်သာ၊ ဒက္ခိဏာက၊ လေးဝပြဟ္မစိုရ်၊ တရားမျိုးလျက်၊ ညီဆိုဖြန့်ကာ၊ မင်္ဂလမ်းရှာသည်။ ။စေနာနူးခိုက်ပါ၏ ဘုရား။

၂။ ကြီရာချိန်မှီ၊ စိတ်ဇောရည်၍၊ သာကြည်မြတ်လေး၊ ကြွလှိုင်ဒေးသား၊ မဝေးမေတ္တာ၊ သွန်းပို့ပါ၏၊ သီတာဂရေယဉ်၊ သွင်သွင်လကျှာ၊ ကုမုဒ်ကြာနှင့်၊ လေးမွှာပွင့်ရပ်၊ နဝဒတ်က၊ မပြတ်စီးလေ၊ ထွေထွေ သက်ဆင်း၊ နွားမြင်းခြသေ့်၊ ကြပတေ့ဖြင့်၊ ချမ်းမြေ့သာယာ၊ ကဲ့ပမာလည်း၊ မကွာမြတ်နိုး၊ စိတ်ရည်ကိုး၍၊ ညွန့်မြိုးရှည်သွယ်၊ ဆုတူးချယ်လျက်၊ နွယ်သာကီဝင်၊ ကျင့်မူတင်နှင့်၊ စဉ်လာဥပဒေ၊ ကျမ်းဂန်ဖွေ၍၊ လေးထွေသီလ၊ ဓမ္မသုဒ္ဓိ၊ ပါတိမောက္ခ၊ သံဝရကို၊ တကွပူဇော်၊ ရှင်လန်းပျော်လျက်၊ ကိုယ်တော်မေတ္တာ၊ ခံရပါသည်၊ သာကြည်မစိုး၊ ဘေးရန်မျိုးလည်း၊ ကိုးဆယ့်ခြောက်ဖြာ၊ ကင်းကွာလွတ်ငြိမ်း၊ ကြာပိန်းဘက်တွင်၊ မြူမတင်သို့၊ ကြည်လင်ချမ်းသာ၊ ဘာဝနာနှင့်၊ သာယာမွေ့သိမ်၊ ပဋိဗြိယာ၊ ယှိတ်ုပါ၍၊ သမ္မာကရော၊ မနောစိတ်မှာ၊ သုခိတာသည်။ ။ဖွေကာကျူးလိုက်ပါ၏ ဘုရား။

၃။ ဖန်လာတိမ်နီ၊ ဆေးစုံစီကို၊ ပြာရိဝေမှိုင်း၊ ရစ်ခါ သိုင်းသည်၊ ရှုတိုင်းပတ်လည်၊ လွန်းဘို့စည်သား၊ အောက်ပြည့်ကသာ၊ မျှော်မိကာလျှင်၊ ရောဝတီ၊ သဲးသောင်ချီ၍၊ နဒီမြစ်တွင်း၊ ရှင်ချင်းစံပျော်၊ ဇင်ယော် မြစ်တွေး၊ မောင်နှံကြွေးလျက်၊ ကျူးဒေးသာယာ၊ ရပ်ရွှေညာကို၊ လွမ်းပါဘိသည်၊ စိတ်ကရည်၍၊ သာကြည်မေတ္တာ၊ ကရုဏာသံ၊ ကိုယ်တော်ထံကို၊ ဖန့်ဖန်နှေ့ည၊ သုခပွားကြောင်း၊ ဆုတောင်း၍သာ၊ မုဒိတာဖြင့်၊ မကွာမြဲးပင်၊ သင့်ရာပစ္စက္ခ၊ ချမ်းသာရမှု၊ ရည်မှတ်ပြု၍၊ သာဓုမယုတ်၊ ဒုက္ခပတ္တာ၊ နိဒုက္ခာဟူ၊ ဘယာပတ္တ၊ နိဗ္ဘယနှင့်၊ သောကပတ္တာ၊ နိသောကာလည်း၊ စင်ကွာချမ်းမြေ့၊ မတွေ့ဘေးဒဏ်၊ အန္တရာယ်မျိုး၊ ကိုးဆယ့်ခြောက်ပါး၊ တပည့်သားနှင့်၊ ကင်းငြားပါစေ၊ တွေဝေမည့်သူး၊ ကြာရေဖြိုးသို့၊ စိုးရိမ်ကြောင့်ကြ၊ သောကမယှိ၊ ပဋိပတ်သာ၊ ဖြည့်ပါနိုင်ကြောင်း၊ ဖန်တံခါင်းနှင့်၊ ဝပ်ညောင်းတုပ်ကွ၊ ငါးရာ့နှစ်ဆယ်၊ ရှစ်သွယ်ညွန်ပျောင်း၊ မေတ္တာလောင်း၍၊ ဆုတောင်းပဋ္ဌနာ၊ လျှောက်လိုက်ပါသည်။ ။ခြေမှာဦးခိုက်ပါ၏ ဘုရား။

**အမှာ။** [သိဂ်ုတ္တရတောင်တော်ကိုဘွဲ့သောရတုပိုဒ်စုံများသည် ၁၂၀၃- ခုနှစ်ကုန်းဘောင်မင်း စုံနံတော်မူလှာစဉ်အခါက စာစီကုံးခြင်းကို ဝါသနာပါ

သောအထိန်းတော်, အယတော်, အဆိုတော်ထည်းက အလွန်မှကြည်နူးခြင်းဖြစ်၍ ရေးသားစပ်ဆိုကြသည်ဟုတွေးထင်မိသည်၊ ဆင်ခြင်စဥ်းစား၍ သာကြည့်ရှုတော်မူကြပါ။]

---

## ၁၀၇-ရခိုင်ပညာယှိဥက္ကာပျံဆို ရတုကေပိုဒ်

အောက်အာကာဘွဲ့၊ ဝါယောထို့၍၊ လွှီထက်ကားရိ၊ ရိထက်မြိုနှင့်၊ ပထဝီဟု၊ ထုထုနှစ်သိန်း၊ လေးသောင်းကိန်းထက်၊ ရံသိန်းစကြာဝဠာ၊ ညီစွာဝန်းလည်၊ ကျောက်ထိတည်သား၊ လှည့်လည်ပတ်ရစ်၊ သမုဒ်မြစ်မှ၊ တက်သစ်ဖြိုးမျှ၊ ပဇ္ဇုန္နနတ်၊ တန်းခိုးမြတ်ကြောင့်၊ ရဟတ်နှင့်တင်၊ စက်နှင့်ငင်သို့၊ ကောင်းကင်ကသာ၊ နတ်ဇေတဇာဖြင့်၊ သီတာရေခဲ၊ လှစ်ခွဲးတိမ်ကြား၊ ယန္တရားစက်၊ သန်လျက်လှည့်ဝန်း၊ လည်နှိုက်ထွန်းမျှ၊ ရစ်သန်းပြိုးပြောင်၊ ဘယက်ရောင်နှင့်၊ စက်ရောင်လျှံတက်၊ တလက်လက်လင်း၊ တဝင်းဝင်းလျှင်၊ အုန်းအင်းထစ်မောင်း၊ ရိုက်ချောင်းပဲ့တင်၊ ကောင်းကင်အလုံး၊ မည်းမည်းဖုံးမျှ၊ ရွာလကလျှင်၊ အလှကြင်တန်၊ သည်ရန်မွေးမိ၊ မသိပါလေ၊ ရစ်ခွေဗျာပါ၊ မယ်မှာကိုလွမ်း၊ နောင်မှာချမ်းခဲ့၊ ညှိုးသမ်းဝါလ၊ မရရိမတ်၊ နတ်လည်းမနိုး၊ ရက်ကိုးဆယ်လုံး၊ မကျုံးရာသီ၊ လင်းကာနီသည်။ ။သန္တိကုန်၍ ပဇ္ဇုန်ဝဿ ကာလငံ့ရဦးမည်လောဝ်။ [တဆဲ့ငါးလုံးချ။]

---

## ၁၀၈-ဥက္ကာပျံသည်အင်းဝမြို့မှရက္ခိုင်ပြည်သို့ပြန်မည်ယှိသောအခါရေးထားခဲ့သောကေပိုဒ်ရတု

အလူးအထူး၊ ဥဒါန်းကျူးပိမ့်၊ စန္ဒကူးပင်မွှန်၊ သရက္ခန်ကို၊ မချန်လုံးကျွတ်၊ အကုန်ဖြုတ်၍၊ ဖြူမှတ်ဝေလူ၊ မြနှင့်တူဟု၊ ကြက်ဆူညွန့်ရှင်၊ ပန်းတိုင်းပင်ကို၊ စီရင်တတ်မှု၊ စောင်ရမ်းပြုသို့၊ ချစ်မှုညွတ်ပျောင်း၊ တွန်သံညောင်းလျက်၊ ဥဒေါင်းကြိုးကြာ၊ ရွှေဟင်္သာကို၊ မတာညှဉ်းဆဲး၊ ကလူမဲ့၍၊ စွန်ခုံးကျီးနက်၊ ခင်လုတ်ငှက်ကို၊ နှစ်သက်ရွှင်ပျ၊ မွေးယုယသို့၊ မုန်ဝရဲးခေါင်၊ ဆင်ပြောင်မြေခွေး၊ ပုံသွေးနှိုင်းချိန်၊ ဘုမ္မသိန်ပြာ၊ အမျှသာဟု၊ ပမာပြုအပ်၊ ထိုအရပ်ကို၊ လျပ်လျပ်လျှင်စွာ၊ စွန့်အပ်ရာဟု၊ ပညာယှိများ၊ ကျမ်းစကားကို။ ။မှတ်သားကြကုန် လူအပုံ။

**အမှာ။** [ရခိုင်ပညာယှိဥက္ကာပျံသည် အင်းဝပြည်သို့ သံအဖြစ်နှင့်ရောက်၍တိုင်းပြည်အေးချမ်းရေးအကြောင်း ပြောဆိုပြီးငြိမ်းသောကြောင့် ရခိုင်ပြည်သို့ ပြန်သောအခါ ပုရပိုက်တွင်ရေးသားစီကုံးပြီးလျှင် နန်းတော်နိုက် ပစ်စာပြုလုပ်

ထားခဲ့သော ကေပိုဒိရတုဖြစ်သည်ဟု မှတ်သားထားသောပုဂ္ဂိုလ်တို့အဆိုယှိကြ၏၊ ၎င်းအမိပ္ပါယ်ကို ဘာကိုအကြောင်းပြုသည်ဟု စဥ်းစားဘွယ်ယှိသည်။]

---

## * ၁၇၉-ဥဒိန္နပျိုထွက် ရှေးပညာယှိစာဆိုသူတို့အမည်

၁၄၇။ မော်ကွန်းတင်စရာ၊ ဖြစ်ထိုက်စွာအောင်၊ ရှေးခါသူကောင်း၊ ကျင့်ဖူးကြောင်းကား၊ ကြိုင်လှောင်းမြတ်ဂုဏ်၊ ငုံးယုန်မက္ကဋ၊ အိုးထိန်းစသည်၊ ဖြစ်ထသောခါ၊ ရပ်ရွာဒေသ၊ လေးဌာနလည်း၊ ကပ္ပဋ္ဌာယိ၊ တည်လျက်ယှိ၏၊ ဝိဓုရကျော်၊ မဟော်သဓာ၊ မင်းအာဒ်ါသ၊ သမ္ဘဝတို့၊ ညာဏရာသီ၊ ပါရမီလည်း၊ ဇမ္ဗူဒီလုံး၊ အုံ့ရေထုံးလျှင်၊ လက်သုံးသက်သေ၊ ဖြစ်ရလေ၏၊ ကျမ်းရွှေရာဇဝင်၊ ထုံးတမ်းတွင်လည်း၊ ရာဇသင်္ကြံ၊ ဘုန်းလျှံတောက်ပ၊ ရန္တပစ္စည်း၊ မန်ကျည်းကျင်စား၊ ဗညားဒလ၊ စွန္တရာသီ၊ ပုံချီ-လောက်ဖျားသားနှင့်အဖ၊ သီလဝ-က၊ ဒိန္နသူရဲ၊ လက်ဝဲနော်ရထာ၊ ရာဇာ-ထောင်သင်း၊ မင်း-စကားတောင်၊ မင်းရန်နောင်က၊ ဖိုးခေါင်-ရွှေဖျင်း၊ မင်းဗျမ်းသမိန်၊ လ-ကွန်းအိမ်တွင်၊ စတုရင်္ဂ၊ မင်းစန္ဒပြစ်၊ ကျစ်ရစ်-စဥ့်ကူး၊ ကောင်စစ်မူးတို့၊ ကျေးဇူးသမ္ဘာ၊ ဂုဏ်သြဇာလည်း၊ ပညာယှိပေါင်း၊ သူမြတ်လောင်းတို့၊ ကောင်းချီးညာရာ၊ စဥ်လာဥပဒေ၊ ဖြစ်ရစ်လေ၏၊ လေးထွေမျိုးအင်၊ ပညာရှင်တို့၊ ကြည်လင်ဝမ်းမြောက်၊ သည်ကိုထောက်၍၊ ယောက်ကျားဘုန်းနှင့်၊ လက်ရုန်းမြင့်သည်၊ ထပ်ဆင့်ပညာ၊ လက္ခဏာကျေးဇူး၊ တဦးဦးကို၊ ထူးရစ်စေ၍၊ စိတ်နေညွတ်ပျောင်း၊ နတ်လူပေါင်းတို့၊ နှစ်ထောင်းမျှလျက်၊ ဤသို့သသူ၊ လူယုဂန္ဓိုရ်၊ ညာဏ်မြင့်မိုရ်၏၊ နဂိုရ်ရုပ်သွင်၊ မျက်နှာပြင်ကို၊ မမြင်လိုက်ရ၊ နှမြောစွဟု။ ။တောင့်တမျှော်ရစ်ကြစေတည်း။

၁၄၈။ ပေါ်ထွန်းမင်္ဂလာ၊ ကမ္ဘည်းမှာအုံ့၊ ဓန္ဓာငါးမည်၊ ကိုယ်ပင်စည်နှင့်၊ ဂုဏ်ရည်ကျေးဇူး၊ ဤနှစ်ဦးကား၊ အထူးမုချ၊ ကွာဝေးလှ၏၊ ပဋ္ဌာန္ဓာ၊ ကိုယ်ရုပ်ဝါကား၊ မကြာရေနှယ်၊ ခန်းခြောက်လွယ်၏၊ ကိုယ်ဝယ်ပညာ၊ လက္ခဏာထူး၊ ဂုဏ်ကျေးဇူးကား၊ ရှည်ကြူးမြင့်ကြာ၊ ကမ္ဘာသိန်းသန်း၊ ပျောက်ပျက်ခန်းလည်း၊ ဥဒါန်းမကျေ၊ တည်သောထွေဖြင့်၊ ဖြစ်လေရကား၊ နှလုံးထား၍၊ ယောက်ကျားတကာ၊ သူတော်စွာတို့၊ ငါလည်းငါပင်၊ င-ဂုဏ်အင်နှင့်၊ မြေပြင်မိုးအောက်၊ တစ်ခေါ်လောက်၏၊ တယောက်မြန်လူ၊ ငါသည့်သူကို၊ နတ်လူချီးမြောက်၊ ဘုန်းညွန့်ပေါက်လျက်၊ စံမြောက်ကာဝိ၊ ပညာယှိ

ဟု၊ သိလေလူ့ရှင်၊ ဤပွဲးတွင်နိုက်၊ ထင်ရစ်စေလိမ့်၊ ကြံနှစ်သိမ့်၍၊ ချီဆိမ့် သြဇာ၊ အရသာသို့၊ ပညာကျေးဇူး၊ အထူးထူးကို၊ ဆည်းပူးသင်၍၊ ရာဇဝင် ထွန်းထွန်း၊ မော်ကွန်းဝင်ဝင်၊ သမိုင်းတွင်နိုက်၊ ထင်ရှားစေလျက်၊ လူ့ပြေ တလျှောက်၊ ကမ္ဘာပျောက်လည်း၊ ထွန်းတောက်ဂုဏ်ရောင်၊ တံခွန် ထောင်သို့၊ မြန်ဘောင်ကြက်သရေ၊ တန်းခိုးမွေသည်၊ အာဇာနေယျ၊ ပုရိ သဟု၊ ယောက်ကျားလက်ရုံး၊ ကျေးဇူးထုံးကို။ ။ကျွန်းလုံး ကျော်ရစ်ကြ စေတည်း။

**အမှာ။** [မုံရွေးဆရာတော်အသျှင်အာဒိစ္စရံသီစီရင်သောဥဒ္ဒိန္နပျို ၁၀-ကြောင်း ပေါ်စာ-ဇူချပ်နိုက်ယှိသည်ကို ထုတ်နှုတ်ဖော်ပြချက်ဖြစ်သည်။]

---

## *၁၉၀-ဗုဒ္ဓံမြို့နယ်နိမိတ်အကြောင်းကို ရှိနိုးသံတော်ဦးတင် လျှောက်သောလင်္ကာ

ဘုရားကျွန်တော်၊ ကော်ရော်ညွတ်ကျိုး၊ သတိုးမင်းလှရွှေတောင်၊ ဥဒါန်း ဆောင်ပိမ့်၊ ထိပ်ခေါင်ရှိကြာ၊ လျှောက်ဝံ့ပါသည်၊ မေတ္တာဆပ္ပါး၊ သနား တော်မူ၊ ဇမ္ဗူဥသျှောင်၊ ကုန်းဘောင်ကံကျွေး၊ ရန်ဘေးပိတ်ဆို့၊ ဗုဒ္ဓံမြို့ကား၊ ထိုသို့နိမိတ်၊ အကြောင်းဟိတ်လျှင်၊ ပဋိက္ခရား၊ ကုလားလူကျယ်၊ ဘ-သူ ကြွယ်လျှင်၊ ရန်ဘယ်ဆင်ပြောင်၊ ငါးရာနှောင်နှင့်၊ ထောင်တွင်ခုနစ်ရာ၊ ဆဲ့ငါးကလျှင်၊ ခြောက်ရာ့အသာ၊ လေးဆယ်တာတည့်၊ ကျယ်စွာဝန်းလည်၊ မြို့နန်းတည်၍၊ မြောက်စည်ခတ်ပင့်၊ ဤသို့ဖွင့်က၊ ထိုမင့်းနိုင်ငံ၊ ခြားပိုင်း ဟန်ကား၊လက်ပံတံခါး၊တောင်ကထား၏၊နောက်ပါးထောင့်ကွက်၊စဉ်မပျက် သည်၊ ကျောက်မျက်တောင်ရင်း၊ ချင်းတွင်းနောက်ဘက်၊ ရေတပက်တည့်၊ တက်ခဲ့အညာ၊ သည့်မြောက်မှာမူ၊ ကျောက်ဖြာညိုမြ၊ ဆင်မ-ကွမြေ၊ အနေ ကြပ်ကြပ်၊ ဆင်ဝပ်ကျောက်တိုင်၊ သူပိုင်နက်ပေ၊ ကန္ဒီမြေနှင့်၊ ရေလည်းဝန်း မြောင်၊ ပါရပ်ချောင်ဝယ်၊ သုံးထောင်အလွဲး၊ လေးဖြင်းကွဲးတည့်၊ သစ်ခဲး ကျောက်စီး၊ အိုကြီးအိုငယ်၊ မြောက်ဝယ်တဲ့တဲ့၊ ဒိပွဲယင်းမြေ၊ ရေဝေရေလန်၊ သေန်ချုပ်စပ်၊ ရွှေရပ်တောင်ရိုး၊ တာထိုးမပြောင်း၊ ဆင်ခေါင်းထန်းစလုတ်၊ သို့သမုတ်သား၊ ထီးချုပ်စက်ကွင်း၊ နယ်အတွင်းတွင်၊ သတင်းဗုန်ဝါ၊ အရွာ ရွာမှ၊ ရန်ညာဖြတ်ပယ်၊ ဘ-သူကြွယ်၏၊ အနွယ်ဆက်ကြ၊ ကာလခံတိုင်၊ ပိုင်ပိုင်သသ၊စီရင်ရ၏၊မြို့ပြသဏ္ဍာန်၊ သာယာဟန်မူ၊ပန်းမန်သစ်သီး၊ဖျင်းညီး

အုန်းထန်း၊ကျူးပတ်သန်းနှင့်၊ လယ်ငန်းယာခင်း၊အိုင်-အင်းချောင်းမြောင်း၊ သာချိုးပေါင်းလျက်၊ ယခုဆက်သား၊ ပုံထွက်အကွရာ၊ ရွှေစာသမိုင်း၊ နှင့်မရှိင်းသည်။ ။သည့်တိုင်းမှန်ပါတော့သည်ဘုရား။

ဖော်ပြချက်။ [ဤလက်ာကေပိုဒ်ကို ၁၂၆၇-ခုနှစ် မောင်းထောင်ကြီး ရွာသို့ ရောက်စဉ်အခါ ဦးပေါ်ဆယ်ထံမှ ရခဲ့သည်၊ ဦးပေါ်ဆယ်နှုတ်က ဆိုပြသည်အတိုင်း ရေးမှတ်ယူခဲ့သည်။]

ဦးပေါ်ဆယ်-ပြောချက်မှာ အလုံမြို့ အထက်တိုက်မောင်းထောင်ကြီး ရွာဇာတိ ငယ်မည်-ဦးညြ စာဆို-စိန္တကျော်သူသည် ဖိုးတော်မင်း တရား ဗဒုံမြို့စား-မင်းသားဖြစ်စဉ်က ဦးညြသည် မင်းထံ့ရှိက်ံအပါး တော်မြဲအမှုတော်ကို ထမ်းရွက် ခစားနေရသည်အခါ အလောင်း မင်းတရားကြီးသည် မင်းသားအိမ်တော်ကို ကြွလာတော်မူ၍ မင်း သားတို့သည် မိမိတို့အစား သနားတော်မြတ်ခံရသောမြို့၏ နယ် နိမိတ်အကြောင်းအရာကိုကုန်စင်စွာ သိအပ်ကြောင်းမိန့်တော်မူရာတွင် ဗဒုံမင်းသားက ဦးညြကိုမျက်ရိပ်ပြလိုက်ရာ ဦးညြက ဗဒုံမင်းကိုယ် စားပြု၍ မင်းသားလျှောက်တင်ဟန်ကဲ့သို့ရှိခိုးလျက်နှုတ်ဖြင့် လျှောက် ထား သံတော်ဦးတင်သော ဗဒုံမြို့ နယ်နိမိတ်ဖော်ပြချက် စာတမ်း လင်္ကာ ဖြစ်ကြောင်းပြောပြလေသည်။

၁။ ဦးညြသည်အင်းဝမြို့ ဟံသာဝတီပါမင်းလက်ထက်သံတော်ဆင့်စာဆို တော် စိန္တကျော်သူ-ဘွဲ့ကို သနားတော်မြတ်ခံရသည်။

၂။ အလောင်းမင်းတရားကြီးလက်ထက် စာဆိုတော် ရွှေတောင်ရာဇ ကျော်-ဘွဲ့ကို သနားတော်မြတ်ခံရသည်။

၃။ သားတော်ကြီးလက်ထက် ရွှေတောင်ကျော်သူ-ဘွဲ့ကို သနားတော် မြတ်ခံရသည်။

၄။ အဘိဓာန်နိသျကို စီရင်တော်မူသော ပဌမကျော်အောင် စံထားဆရာ တော်တပည့် ဖြစ်သည်။

၅။ အသျှင်မဟာရဋ္ဌသာရ စီရင်တော်မူသော ပျို့,လင်္ကာ, မော်ကွန်း, ရတုများကို အလေးဂရုပြု၍ လိုက်နာဆောင်ရွက်နာခံသော ပညာယှိ ပုဂ္ဂိုလ် ဖြစ်ပေသည်။

၆။ မင်းနှင့်တကွ လွှတ်တော်ရုံးတော်တို့က လိုက်နာရေးသားကြရန် ကဝိလက္ခဏာသတ်ပုံကျမ်းကို စီရင်လေသည်။

၇။ ဩဝါဒထူးပျို့, မင်းဆက်လင်္ကာ, ဘုရားတိုင်ရတု,လူးတား, အေး ချင်း,ဘုန်းဘွဲ့-ရတုများစွာတို့ကိုလည်း စီရင်လေသည်။

ဤလင်္ကာ၏ အစ(သတိုးမင်းလှ ရွှေတောင်)ဟူသည်ကား ဗဒုံမြို့ စားမင်းသား၏ ဘွဲ့တော်တံဆိပ်ဖြစ်သည်။

ပဋိက္ခရား-ဘသူကြွယ်သည်မြို့နန်းတည်ရန် ဆင်ကိုစီး၍ မြေကြန်လက္ခဏာကိုချင်းနင်းကြည့်ရှုရာ ယုန်သငယ်ကကျားကိုလိုက်ရာ ကျားထွက်ပြေးသည်ကိုမြင်လေလျှင် အံ့ဩကာ"ကြည့်ဗယုန်-ကြည့်ဗဒုံ" ဟု အော်ဟစ်သည်ကိုစွဲ၍ ကြည့်ဗဒုံဟုသမုတ်ရာ ဗဒုံ-ဖြစ်ကြောင်း၊ ဗဒုံ-ခေါ်ခြင်းကား ကုလားလူမျိုးတို့ကကြည့်-ကိုမထည့်ပဲ ဗဒုံ-ဟု ခေါ်ကြသည်၊ နောက်ခေါ်တော ကုလားတို့က ဗဒုံဟု ပီအောင် မခေါ်အလုံ-ဟုခေါ်ကြသောကြောင့် ကုလားခေါ်ရာကို မြန်မာတို့က လိုက်၍ ခေါ်ကြသဖြင့် အလုံတွင်ကြောင်းကို ဦးပေါ်ဆယ်ပြောလေသည်။

ဦးဩသည် ၁၀၉၀-ခုဖွား နံအင်္ဂါသား ရတနာပူရ တတိယမြို့တည် ဆင်ဖြူရှင်မင်းတရားလက်ထက် အသက် ၃၅-နှစ်တွင် အနိစ္စရောက်သည်။]

---

## * ၁၉၁-တပင်ရွှေထီးမင်းတရား ဟံသာဝတီမြို့နိုက် တလိုင်းဆံဖြတ်ပြုလုပ်မည်ကြံစည်သည်ကို တလိုင်းဆံမဖြတ်ရအောင်လှော်ကား သုံးထောင့်မှူးဆက်လျှောက် ရတု ၃-ပိုဒ်

၁။ မေရုဗဟိုရ်၊ မြင်းမိုရ်ဦးကိုင်၊ ပန်းလည်တိုင်ကို၊ ကြို့ခိုင်စွာနိုး၊ ပွတ်ငင်ကြိုးသို၊ ရေမျိုးဇာတိ၊ မဟိဒ္ဓိနှင့်၊ တြိုဝင်ဝေါ်၊ သုံးရစ်တော်သည်၊ အဖျော်ဆယ်ခု၊ ထောပတ်ပြု၍၊ ဥစ္စုံဘောသွန်၊ ဂေါဏောမွန်ဟု၊ မြင်ဟန်မျက်စိ၊ တထောင်ယှိသား၊ မြင်ဘိဥက္ကောင်း၊ ထောင်လည်းကောင်းလျှင်၊ ခေါ်သောင်းမည်ပင်၊ ထောင်နေစင်တိ၊ ကိုယ်လျှင်လက်ခြေ၊ နှစ်ထောင်နေမှ၊ ပရမေသူရာ၊ ဖန်ဆင်းလှာသို့၊ သိဂ်္ဂါဘုံမြင့်၊ ရိပ်ဖြူဖွင့်၍၊ ရှင်ဘင့်ဘေးဘိုး၊ ကျွန်းလုံးစိုးသည်။ ။နန်းရိုးတည်စပင်ကိုသော်။

၂။ မြေထုနဂိုရ်၊ ချက်ထိပ်မိုရ်နှိုက်၊ တောင်ညို-မလည်၊ ပွင့်လင်းစည်သား၊ ဆွေသည်ဖော်ကွာ၊ အိမ်သူရှာသော်၊ပြင်လျှာရူပ၊ နဂါးမနှင့်၊ မာယမြေးရင်း၊ နေနတ်မင်း၏၊ ရင်တွင်းသားတော်၊ တူစုံပျော်မှ၊ ဖွားတော်အစ၊ သကြား-မ၍၊ သိပ္ပမံနုလေးမှူတတ်ပွန်၊ လက်ရုံးအန်ဖြင့်၊ နိုင်တန်ရှေးဦး၊ ၄က်ဘီလူးက၊ စားကြူးဆိခဲ၊ ဝက်ထီးရဲကို၊ အောင်ပွဲခွင်းလတ်၊ အရိမဒ်ဝယ်၊ တိုက်သတ်ဥမျိုး၊ ရန်ညွန့်ချိုးသည်။ ။တန်းခိုးရည်မျှပင်ကိုသော်။

၃။ ဝေလုအညို၊ စိမ်းမြစိုသား၊ မြင်းမိုရ် ထုတ်သန်း၊ မြခါးပန်း၏၊ မယွန်းပေါ်ထူး၊ တောင်စူးစူးဝယ်၊ ကျွန်းဦးသပြေ၊ ညာမ-ကြွေသော်၊ ကျပေတိုလှာ၊ ရေချက်နှာထက်၊ သံဝါကျူးဟွန်၊ နစ်လေဟန်မူ၊ ပြူတ်ပြူတ်ဟူ၏၊ ပေါ်မူထူးလည်၊ ဖြုန်းဖြုန်းမြည်သား၊ နတ်စည်ကစ၊ ပေး၍ရသည်၊ သာလှလေဘိ၊ဘုန်းဇာတိဖြင့်၊အရိမဒ္ဒနာ၊ ပေါက်ကာရာမ၊ ဥကသ်ဝယ်၊ ပြန်ထထိပ်မိုး၊ တီးဆော်နှိုးသည်။ ။ဘေးဘိုးသည်ကပင်ကိုသော်။

**အမှာ။** [ဤလျှောက်ရတု ၃ ပိုဒ်မှာ ထိပ်ကတလိုင်းဆံမဖြတ်ရန်အမှာယှိသော်လည်း လျှောက်သောရတုနိုက် တလိုင်းဆံအကြောင်း အရိပ်အမြွက်မျှ မပါချေ၊ သို့သော် ပေါက်ကန်ပြည်ကို အုပ်စိုးတော်မူသောဘုရင်မင်းတို့၏ အဆက်အနွယ်ဖြစ်သောကြောင့် ရှေးဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ လက်ထက်မှစ၍ မင်းအဆက်ဆက် ဤလိုအမူမျိုးကိုပြုလုပ်ခဲ့သော ထုံးမယှိကြောင်းကို လျှောက်တင်ဟန်ယှိချေသည်၊ တိုက်ရိုက်တလိုင်းဆံဖြတ်မပြုထိုက်ဘုမဆို၊ရှေးထုံးအစဉ်မယှိသည်ကိုသာ ဖော်ပြခြင်း ဖြစ်သောကြောင့် ပညာယှိကြောင်း ထင်ယှားပေသည်။

မူကွဲးမရှာ၊ မိမိမှတ်သား ကူးထားသည့်အတိုင်း ဖြစ်သည်၊ ပဉ္စမပိုဒ်မှာ အဆိုနက်သဖြင့် ညာဏ်မမှီဖြစ်ပေ၏။]

---

## *၁၉၂-လျှော်ကားသုံးဆောင်မှုးဆို အချတမျိုး ရတု ၃-ပိုဒ်

၁။ လူမစိုက်တည့်၊ မကိုင့်မြှနည်း၊ ပေါက်ကတည်းက၊ ထင်ရည်းမှတ်ရည်၊ ပန်စိမ့်သည်ဟု၊ မည်မည်နတ်မျှ၊ အစိုးရတည့်၊ နိစ္စမကွေ၊ထံပါးနေသည်၊ ယုံထွေကြည်စွာ၊ နတ်တို့သာလျှင်၊ နန္ဒာကန်က၊ ယူဆောင်ချ၍၊နေလကိုလည်း၊ ကြည့်စောင့်စည်းဟု၊ သိပ်သည်းစေလို၊ မှာဖန်ဆိုလျက်၊ မြစ်ကိုရင်းတည်၊ သွန်းလှာသည်လည်း။ ။ရေကြည်မြ။

၂။ တူမထိုက်တည့်၊ ထက်နှိုက်ခေါင်ဖျား၊ နတ်သကြားလျှင်၊ လေးပါးသက်ဝေ၊ ပန်စိမ့်ထွေဟု၊ ထုံရေသွန်းလျက်၊ မပြတ်ရက်တည့်၊ ပင်ထက်စီးစ၊ ဆောင်းဦးကသည်၊ ရုက္ခစိုးနတ်၊ လွတ်ကြီးလွတ်၍၊ ဘုံထွတ်ဒိသာ၊ ထက်အာကာက၊ မကြာလှုလှု၊ ပွင့်အုံရှုသည်၊ ရတုဂိမှန်၊ ချိန်မတန်သော်၊ ဆံစွန်မုန်ညင်း၊ မငုံကင်းတည့်၊ ဝင်းဝင်းလျှံတောက်၊ အခါရောက်က၊ ပိတောက်ရွှေရည်၊ မြင်ရသည်လည်း။ ။ရွှေလည်မှ။

၃။ သူမကြိုက်တည့်၊ ရှေးနှိုက်ကြံ့လှာ၊ ဘုန်းကြမ္မာကြောင့်၊ နောင်သာရှုးမူး၊ ကြင်ချေဦးရှင့်၊ ပျံ့ပျူးရိုသေ၊ လျှောက်ဝံ့ထွေမူ၊ သုံးနွေသုံးဆောင်း၊ သုံးမိုးပြောင်းမျှ၊ ဖြားယောင်းသံချို့၊ ဂတိဆိုလည်း၊ ပြာညိုဝင်းလဲ့၊ ယယ်လွန်းခဲ့၍၊ ပြုံပြုံကျိုးအင်၊ မထင်လျှင်တည့်၊ သို့ပင်မနေ၊ လက်ခြေမချ၊ လျှောက်မှားမှမူ၊ သံမြွေထွေငေါ်၊ ကျွန်ဖြစ်သော်ကား၊ မယ်တော်-ဘမင်း၊ သား-အရင်းဟု၊ ပျံ့ညှင်းသာကြည်၊ မြွက်ပေသည်လည်း။ ။ဆွေရည်စ။

အမှာ။ [မောင်ဘဲ့ရတုဖြစ်သည်၊ ရတုပိုဒ်စုံ သွားမျိုး ချိုးချုံသော်လည်း အချမှာ အတိုတမျိုးဖြစ်၍ မည်သည့် အချမျိုးဟု မဆိုတတ်ပေ၊ တမျိုးမှတ်ဖွယ်ရာဖြစ်ပေ၏။] ◦

---

## *၁၉၃-လှော်ကားသုံး ထောင်ပြူးဆို အရိမတည်းဘုရားကို တိုင်သော ရတု ပိုဒ်စုံ

၁။ အာဒိကမ္ဘာ၊ ပေါ်ဦးခါက၊ အောင်ချာနဂိုရ်၊ ဗဟိုရ်လယ်ချက်၊ ကျွန်းထိပ်ထက်ဝယ်၊ အေးမြက်ပျံ့ကြိုင်၊ ဘဝင်လှိုင်မျှ၊ ပွင့်ခိုင်ရွှေလှော်၊ အဟော်ဝတ၊ ပဥ္စပုပ္ဖါ၊ နိမိတ်ကြာနှိုက်၊ ရောင်ဝါနီမြန်း၊ ကြာသက်န်းကို၊ ထူးဆန်းအံ့ရာ၊ ငါးစုံပါသော်၊ ဗြဟ္မာနတ်ဆွေ၊ ယူဆွတ်ချေမှ၊ ပရမေရောင်ဖွန်၊ လေးတန်ဗုဒ္ဓ၊ ကပ်လိုက်ရ၏၊ ကေဗုဒ္ဓံ၊ စီဝရံကို၊ သဟံဗြာဟ္မာ၊ နောင်လာစီးပွားချန်ဖုက်ထား၍၊ ကျော်ကြားပတ်ကုံး၊ သောင်းခန်းလုံးဝယ်၊ မဆုံးဖွန်သည်း၊ မြေကြီးကြည်းမျှ၊ မိတည်းနောင်သော်၊ မြတ်ကမ္ဘကော်နှိုက်၊ လေးဘော်သစ္စာ၊ ခြောက်ဖြာရောင်ခြည်၊ ပွင့်လမည်ဟု၊ လုပြည် နတ်ရွာ၊ ဗြဟ္မာကစ၊ ဖြင်မျှပြောထု၊ ရှုံးလှာစုသည်။ ။ကေတုမတီတွင်တကား။

၂။ သာဘိစံရာ၊ လောင်းတကာတို့၊ အောင်ချာချက်မှတ်၊ ဇာတိမြတ်ဟု၊ လူနတ်ပျော်ရာ၊ တုသိတာနှိုက်၊ မဟာသုခ၊ စံပြီးမှလျှင်၊ ဒေဝသီရိ၊ သမ္ဘတ္တိဖြင့်၊ တာဒိဘူတံ၊ သုဇံသင်္ကော၊ ယာစိတောမှ၊ နမောဝန္တံ၊ အာမခံ၍၊ လုထံသန္ဓေ၊ တိဟိတ်နေလျက်၊ ရံထွေအပေါင်း၊ သျှစ်သောင်းထွတ်ထား၊ မိဖုရားနှင့်၊ နှစ်ပါးမောင်နှံ၊ ပြာသာဒ်ပျံ့ထက်၊ ရှေးကံပင့်ဆော်၊ တောထွက်သော်လျှင်၊ ကမ္ဘကော်မြပင်၊ ရွှေပလ္လင်ထက်၊ အောင်မြင်သစ္စာ၊ ပွင့်သောခါမှ၊ မကွာတူပင်၊ အစုံလျှင်တည့်၊ သာရှင်ရှုရှု၊ ကျွတ်မည်ဆုသည်။ ။ဆွေစုတည်ပင်တကား။

၃။ ဇာတိကြီရာ၊သစသနာ၀ယ်၊ လှူဒါရင်းတည်၊ သဒ္ဓါကြည်၍၊ ငါးမည်ပဉ္စ၊သီလမကွာ၊ဘာ၀နာတည့်၊ နေအာရုံတက်၊ နံနက်မိုးချုပ်၊ ရှိခုပ်ဦးထား၊ ဆယ်၂ါးကျိုးညွန်း၊ ကမ္မဋ္ဌာန်းကို၊ စီးဖြန်းမမေ့၊ တထေ့ထေ့လျှင်၊ အောက်မေ့သွတ်လှယ်၊ သရဏ္ဍာယ်၍၊ ရန်ပယ်ပျောက်ကွာ၊ မေတ္တာပရိတ်၊ ငြိမ်သည့်စိတ်ဖြင့်၊ ကျိန်းမှိတ်မည်း၊ မုခံမုခ၊ ဓာရဏာဖြင့်၊ အာမ၀န္တံ၊ အမတံပဒမ်း၊ နိဗ္ဗာန်ဇမ်းကို၊ အာဂန္တာန၊ သမဂ္ဂဖြင့်၊ ထွန်းပရောင်ချိပ်၊ ကမ္ဘာကော်ရိပ်နိုက်၊ နွံနှိပ်တရား၊ မာန်ငါးပါးကို၊ ထွားထွားဖျောက်ကြဉ်၊ အောင်သောစဉ်တွင်၊ သဗ္ဗညုတ၊ ညာဏကွန်ရက်၊ ဖြန့်လျက်အချာ၊ ရုံသောခါမှ၊ မေတ္တာထပ်ပွမ်း၊ ပျိုငယ်ကျွမ်းကို၊ တလမ်းထည်း၀င်၊ ရှေ့လက်ငင်၍၊ မစင်ညစ်ကျူ၊ မကောင်းမှုသည်၊ ။ဖွေလုမမီခင်တကား။

အမှာ။ [အခြားမူကွဲးကိုမရှာ၊ မိမိကူးယူသော မူအတိုင်းဖြစ်သည်၊ အဆိုကိုမှတ်သား နည်းယူဖွယ်ကောင်းလှ၍။]

---

## ၁၉၄-တောင်တီလာဆရာတော် ပုဂ္ဂိုလ်ကျော်ဆို ဩ၀ါဒရတု ၃-ပိုဒ်

၁။ ကြီးသိမ်ပ၍၊ သီဟရာဇာ၊ ကေသရာသို့၊ ပမာဖက်ရွယ်၊ ပွဲးများလယ်နိုက်၊တင့်တယ်ကျစ်လစ်၊ညီသားချစ်တို့၊ ပြေပျစ်ချောမွေ၊ ယွေးရှေ့လုံးညီ၊ ပုလဲးသီသို့၊ ပီပီသသ၊ အရအမိ၊ လေးပေါ့ညှိလျက်၊ ခဲးခက်ပြဿနာ၊ သူမေးလှာလည်း၊ မကြာဖောက်ဖောက်၊ ခွန်းချင်းထောက်၍၊ မကောက်မယွမ်း၊ မလျှမ်းမပေါ်၊ နာပျော်ဖွယ်မှု၊ ၀တ္တုကျမ်းလာ၊အဖြာဖြာနှင့်၊ နည်းနာပုံပြင်၊ရာဇ၀င်က၊ မြင်းဆင်ဗွေလာ၊ ပါရာတိတ်ထုံ၊ စေ့စုံလောက၀တ်၊ ဓမ္မသတ်၀ယ်၊ ဆဲ့ယှစ်သွယ်လည်း၊ ၀မ်း၀ယ်ပိုက်သို၊ လိုလျှင်ရစေ၊ ကြွးသို့ခွေ၍၊ ထွေထွေပြားပြား၊ မှတ်ဘွယ်များနှင့်၊ ဟူးရားဂဏန်း၊ ကျယ်၀န်းထွက်မှု၊ တခုမကျန်၊ တတ်ပြွန်လေ့လာ၊ စိဘ်ဖြာခွဲးစု၊ သုထက်လွန်ကဲး၊ ယွေးပဲးမူးမတ်၊ ခွဲးကျပ်ပိဿာ၊ ဆယ်ရာထောင်သောင်း၊ သိန်းသန်းပေါင်းလည်း၊ သုနှောင်းမကျ၊ သုထက်ရက၊ ပြောပမထင်၊ကြားလျှင်သိမည်၊ တို့လူရှည်ဟု၊ မတ်တည်ကြံခိုး၊ လုံ့လကြိုးလော့၊ အပိုးမသေ၊ အိပ်နေစားပျော်၊ အပေါ်အလွင့်၊ အဖင့်အလေ၊ မီးသို့မွှေ၍၊ ကမ္ဘေက၀၊ဆုံးမ-မနာ၊ မကျင့်ရှာနှင့်၊ ဆရာမိဘ၊ ကောင်းလှစေချင်၊ ပွဲပြင်သင်လည်း၊ ၀မ်းတွင်ပိုက်သို၊ ပျားသို့ချိုမှု၊ ထိုသည်

သူသာ၊ ပညာရင့်ဖြိုး၊ တက်တိုးစီးပွား၊ အကျိုးများလိမ့်၊ မှတ်သားစိမ့်ငှါ၊ ဆုံးမ-မှာသည်။ ။ကမ္ဘာပေါ်ထွန်း ယုဂန်စွန်းဝယ် နေဝန်းလနှယ် ထွန်းတော့မည်။ [ပဒ-၇၀၊ ၁၅-လုံးချ။]

၂။ ထုံးစံပြ၍၊ ရှေးကသောခါ၊ ပြည်ဗာရာနိုက်၊ အချာဦးမှတ်၊ ဖြဟ္မဒတ်၏၊ သည်းပွတ်ရင်းချာ၊ သားတရာတွင်၊ ငယ်စွာအထွေး၊ နှောင်းမွေးအလှ၊ သံဝရကား၊ တတ်လှပညာ၊ ဆရာကောင်းဝယ်၊ ရကြောင်းဆည်းပူး၊ ပန်းသို့ခူးလျက်၊ ကျေးဇူးများထွေ၊ ဥပဒေဟု၊ ခွဲဝေစိတ်ဖြာ၊ လိမ္မာဆန်းပြား၊ အများချစ်အောင်၊ နှုတ်လက်ဆောင်နှင့်၊ နောက်နောင်ရေးရာ၊ ယှိသောခါလည်း၊ ညီညာဖျဖျ၊ မခေါ်ရတည့်၊ သူကမယိမ်း၊ ကိုယ်သို့တိမ်း၍၊ ခပ်သိမ်းလူဗိုလ်၊ အများလိုက၊ ထိုထိုကြံရာ၊ ပြီးသည်သာဟု၊ ဆရာဥပဒေ၊ သင်သောထွေကို၊ ရစ်ခွေကြိုးနှယ်၊ ဝမ်းနိုက်လွယ်၍၊ ယွယ်စခေါက်ရက်၊ ရွှေနန်းထက်ဝယ်၊ ရွှေချက်လူလူ၊ ထီးဖြူအုပ်မိုး၊ ဘ-ရာစိုးသို့၊ ပုံခိုးနည်းယူ၊ ထို့အတူလျှင်၊ ဟူဟူရာရာ၊ ပိဋကာသိပ္ပ၊ ဌာရသကို၊ တုပကြိုးစား၊ သင်မှတ်သားလော့၊ နေ့များရက်ကြာ၊ စားကာအိပ်နေ၊ မယှိမစေနှင့်၊ ဖွေဖွေရှာရှာ၊ ပညာဆည်းပူး၊ ပန်းသို့ခူးလော့၊ ရွှင်မြူးပေါ်လွင်၊ သဘင်လိုလား၊ လူသွမ်းများကို၊ စကားရောယှက်၊ မပေါင်းဖက်နှင့်၊ လေ့ကျက်ဖွယ်ဖွယ်၊ အသွယ်သွယ်ကို၊ မိပ္ပါယ်ကျကျ၊ ပြောပမယှိ၊ ကြားလျှင်သိလိမ့်၊ မိတိတည်ကြည်၊ မျိုးမည်စောင့်စည်း၊ သိပ်သည်းပြေပျစ်၊ ကျစ်လစ်မွေ့သိမ်၊ ငြိမ်ဆိမ်ဆေးလေး၊ ရသေ့မွေးသည်၊ ကျေးငယ်ပမာ၊ ကျင့်သော်သာတည့်၊ ဆရာမိဘ၊ ချီးမွမ်းရလိမ့်၊ မှတ်ကြစိမ့်ငှါ၊ ထုံးပမာသည်။ ။ရောင်ဝါတောက်ပ ဝေပူလဝယ် ဇောတမျက်နှယ် ရွှန်းတော့မည်။ [ပဒ-၇၄၊ ၁၅-လုံးချ။]

၃။ ဘုန်းလျှံပ၍၊ ရှေးကသောခါ၊ မိတ္ထိလာဝယ်၊ မဟာဇနက၊ လူများဘကား၊ လုံ့လကြိုးစား၊ ထုတ်ခွန်အားကို၊ မှတ်သားစိမ့်ငှါ၊ ကြားခဲ့မှာသည်၊ ဝါယမေထ၊ ပုရိသတ္တို၊ ယထဣစ္ဆိ၊ အလိုယှိက၊ မိမိကြံရာ၊ ပြီးသည်သာဟု၊ ညီလာသဘင်၊ စံရာတွင်နိုက်၊ ထင်ထင်ရင့်ကျူး၊ မိန့်လေဘူး၏၊ ဆည်းပူးဥစ္စာ၊ ရှေးသောခါလျှင်၊ ပညာထောက်ကူ၊ လုံ့လထူက၊ သည်သူသည်မှာ၊ သည်နှင့်ရာဟု၊ စိတ်မှာခွဲဝေ၊ သိတတ်စေလော့၊ ကြွက်သေနှင့်သာ၊ ရင်းနှီးတာကို၊ မကြာမတင်၊ လေးလတွင်နိုက်၊ များဖြင့်ပေါ်ယာယ်၊ လေးသိန်းကြွယ်သို့၊ ထိုနှယ်ပညာ၊ တတ်သော်သာတည့်၊ အိုကာလက်ချ၊ စားသောက်ရအံ့၊ ငယ်ကမကြိုး၊ အပိုးမသေ၊ မဖွေမရှာ၊ ချမ်းသာကိုယ်လှ၊ မကျင့်ကြနှင့်၊ ဆုံးမစကား၊ မြဲမှတ်သား၍၊ ကြိုင်ရှားပျံ့ဖေား၊ ပန်းနှယ်မွှေးလော့၊

လက်ရေးလက်သား၊ ခြားနားသိသာ၊ သုထက်ငါလျှင်၊ ခရာညီဝန်း၊ မယွန်းမထောင့်၊ ဖြောင့်ဖြောင့်သားသား၊ မမှားအက္ခရာ၊ သိသာစလှ၊ အချအတင်၊ အငင်အရစ်၊ အမြစ်အဆွဲ၊ ပုလဲလုံးရည်၊ ကြိုးနှင့်သီသို့၊ ရှုအီဆန်းကြယ်၊ မှတ်ဖွယ်ဖွယ်ကို၊ နှုတ်ဝယ်လေ့ကျက်၊ ထုံးနည်းညက်က၊ သုထက်မသာ၊ ဘယ်မှာမကျော်၊မထင်ပေါ်အံ့၊ နှိုးဆော်ထပ်ကာ၊ မှတ်စိမ့်မှာသည်။ ။ ရံကာပတ်ဝန်း မြင့်မိုရ်စွန်းဝယ် တောက်ရှန်းဘုံနှယ်ထွန်းတော့မည်။ ။[ပဒ-၆၇၊၁၅-လုံးချ။]

**စကားချပ်။** [တောင်ဘီလာဆရာတော်သည် ပြည်မြို့ကိုထီးနန်းစိုးစံတော်မူသော ရန်နိုင်မှူးမင်းလက်ထက် စလင်းမြို့မှ ပြည်မြို့သို့ရောက်ရာ **သာမဏေ** အဖြစ်နှင့် ရန်နိုင်မှူးကကိုးကွယ်သည်၊ သက်ခတော်၁၄-နှစ်မှာဝေဿန္တရာပျို့ကိုဆို၍ မင်းကိုဆက်သွင်းရာသာမဏေကျော်ဟုထင်ယှားသည်။

သက္ကရာဇ်၉၅၉-ခုနှစ်၊ သက်တော်၁၉-နှစ်မှာ ရန်နိုင်မှူးမင်းက ပဥ္စင်းဒါယကာခံသည်၊ ပဥ္စင်းဖြစ်သည့်အခါပြည်မြို့ယှိ သင်္ဃာတော်တို့အသယ်နှိုက် သိမ်၏အဆုံးအဖြတ်ကိုလျှောက်ကြားရာ သင်္ဃာတော်တို့ နှစ်သက်ဝမ်းမြောက် ကောင်းချီးပေးကြသောကြောင့် ပဥ္စင်းကျော်ဟုထင်ယှားလေသည်။]

ပဥ္စင်းငယ်ဖြစ်သည်က တပည့်များလိမ္မာကြစေရန် အထက်ပါရတု ၃-ပိုဒ်ကို စီရင်၍ လေ့လာကျက်မှတ်စေသော ဆုံးမစာရတုဖြစ်သည်၊ အင်းဝမြို့ညောင်ရမ်းဆယ်ဆက် မဟာဓမ္မရာဇာ- မင်းတရားကြီးမြို့ကိုသိမ်းယူသောအခါ သျှင်တပါးနှင့်လူတယောက်ရခဲ့သည်ဟု မိန့်တော်မူရာ သျှင်တပါးကားပြေပဥ္စင်းကျော်ကိုဆိုသည်။

နောက်ညီတော်ကောင်းမှုတော်ကြီးဒါယကာ ဆက်လက်ကိုးကွယ်ရာ "တိပိဋကာလင်္ကာရ" တံဆိပ်တော်ကိုလှူတော်မူ၍ စစ်ကိုင်းမြို့တောင်ဘီလာနှိုက်ကျောင်းတိုက်တည်ပြီးခါ တပည့်တပန်းများနှင့် သီတင်းသုံးတော်မူရာဘွင်တောင်ဘီလာဆရာတော်ဟု ကျော်စောတော်မူလေသည်။]

---

## ၁၉၅-ဝက်မစွတ်မြို့စား နဝဒေးဆက် မုနိယှစ်ဆူ မော်ကွန်း

**ဇေယျတု။** မုနိယှစ်ဆူ၊ မော်ကွန်းထုပိမ့် ၊မိုးသူဗြဟ္မာ၊ ယံငိုကာလျှင်၊ မဟာဓမ္မရာဇ်၊ ဂုဏ်ပေါင်းဖြစ်သား၊ ရှင်ချစ်မြတ်ဖျား၊ ကိုယ်တော်စားဟု၊ ထင်ရှားနောက်နောင်၊ ကိုးရစ်ဇအောင်လျှင်၊ ရည်ဆောင်စိတ်သန်၊ လျှောက်တောင်းပန်သော်၊ ဗိမာန်သာလှ၊ ကနိဋ္ဌဝယ်၊ ဒုဿမုနိ၊ ဘုန်းယှိတပါး၊

လွန့်ထင်ရှား၏၊ သိကြားလည်းကောင်း၊ နည်းတကြောင်းဖြင့်၊ ခွင့်တောင်းပန်ထွာ၊ ဝတိန်သာဝယ်၊ စူဠာမုနိ၊ သာကိယစစ်၊ ကေရာဇ်ဟု၊ နောက်ဖြစ်ဘုန်းစည်၊ တောင်းပန်သည်တွင်၊ ပြည်ကပ္ပိလ၊ ယင်း၌ာနဝယ်၊ သကျမုနိ၊ သာဝတ္ထိဟု၊ ပြည်ကြီးထိပ်ဘွေ၊ စိုးစံနေသား၊ ပသေနဒီ၊ မြောက်ချီရှိဝန်၊ လျှောက်တောင်းပန်က၊ ဘုန်း၄နှလျှံထိန်၊ မြတ်ဇနိန်ကို၊ စိန္တာမုနိ၊ တရှိလျှောက်ပတ်၊ ဇာတသတ်ဟု၊ မင်းမြတ်လျှောက်ဆို၊ ရာဇဂြိုဟ်ဝယ်၊ ဗိုလ်လူနီစွာကိုးကွယ်ရသည်၊ ရာဇမုနိ၊ ဟိမဝန္တာ၊ တောခန်းဝါဝယ်၊ လောကာမုနိ၊ နန့်သိထင်စေ၊ မဟေသရ၊ တောင်းပန်သ၏၊ ဩဝတီ၊ ခွန်ဆိပိုင်သ၊ အစိုးသား၊ စန္ဒသူရိ၊ ဘူပတိလျှင်၊ နောက်ပြိုကိုးရာ၊ တောင်းပန်ထွာသော်၊ မဟာမုနိ၊ သီရိလျှံတောက်၊ ထက်အောက်ညာကြေ၊ တန်းခိုးမွေလျက်၊ သရေကျွန်းခွင်၊ ဆဒ္ဒန်ရှင်ဟု၊ ကျော်ထင်ပေါက်ပြ၊ မင်းတိုင်းခသည်၊ အမရပူရ၊ ပြည်မသခင်၊ စောနတ်ရှင်လျှင်၊ ကြည်လင်စိတ်သန်၊ လျှောက်တောင်းပန်၍၊ စန္ဒမုနိ၊ တုမယှိသား၊ သီရိဝင်းလျှံ၊ ဇာတိသံလျက်၊ သယမ္ဘူစစ်၊ ဖြစ်သားအလို၊ ဘုန်းတော်ကိုလျှင်၊ သံချိုတိုက်ရိုက်၊ ကေပိုဒ်ဖြင့်၊ မှတ်ပိုက်စိမ့်ဟု၊ ကမ္ဘည်းထူသည်။ ။ယှစ်ဆူမုနိမော်ကွန်းတည်း။

---

## * ၁၉၆-အိမ်ရှေ့ဘုရား ဓားတော်လုပ်နည်း ဝက်မစွတ်မြို့စား နဝဒေးဆက်ရတု

**ဇေယျာတု။** ဇေယျာဝရဖိန်၊ ရွှန်းရွှန်းထိန်သား၊ သီရိန္ဒရေ၊ ချက်ဇွေညီးညီး၊ ကနက်ထီးကို၊ စင်းသီးဖြန့်တင်၊ သီလဝင်ဟု၊ သံရှင်ရဟတ်၊ ဓားတော်လွတ်၍၊ မိုးထွတ်စည့်စည့်၊ လမင်းလှည့်သို့၊ ပွင့်မည့်ဇမ္ဗူ၊ နန်းညွန့်လူကို၊ ကေမူပိုက်၊ ဧရိုက်ခြည်းခြည်း၊ တပုဒ်ထည်းဖြင့်၊ လုပ်နည်းသံလျက်၊ ရွှေစက်ဘန်ဆင်၊ လျှောက်ဦးတင်အံ့၊ အောင်မင်္ဂလာ၊ ဆောင်ထိုက်စွာသား၊ ရတနာရည်၊စံတည်ထားထား၊သံလျက်သွားကို၊ ရင်းဖျားပုံနှိုင်း၊အကုန်တိုင်းပြီး၊ လယ်ပိုင်းတည့်တည့်၊ အရှိဓားပြက်၊ အပြန်ဆက်၍၊ ရေတွက်မှန်စင်၊ တည်ကိန်းယင်မှ၊ ထိုတွင်ဆောင်စု၊ နံရောရှုပြီး၊ ငါးခုမြောက်လွှား၊ ယှစ်ခုစားသော်၊ တပါးကေ၊ သေသအခေါင်၊ အိုအောင်လှူပေး၊ ကြွယ်သူဌေးလိမ့်၊ ဒွေးကားဒုတိက်၊ အနိဋ္ဌဗိုလ်၊ မလိုယှင်းယှင်း၊ ဝေးစေကင်းလေ့၊ စားကြွင်းသုံးခု၊ ဟောထုံးပြုကား၊ သတ္တုရှမှောင်၊ ရန်အောင်ကျိုးဖွံ့၊ မိုးသို့လွှန့်ရှင့်၊ ကြွင်းအံ့လေးမည်၊မတည်ယုတ်နိမ့်၊အိမ့်ပရိကံ၊ပျားနှယ်သွဲ၏၊ပဥ္စမာ၊ငါးခုမှာကား၊ ဥစ္စာခြွေရွှေ၊ ကျွန်ကျေးခြေလက်၊ ပြေးထွက်လွတ်တင်း၊ ခြောက်

ခုကြွင်းမူ၊ ရောင်းရင်းဝယ်နိုး၊ မစီးပွားပြန့်၊ စက်ယုက်ကြန့်၍၊ ကိန်းတန့်ခန်းညီ၊ ခုနစ်လီကား၊ ကုမ္ဘာရီငယ်၊ ဂေါရီယွယ်နှင့်၊ မိမယ်လာဘ၊ ကညာရလိမ့်၊ သေသသုဥ်းသော်၊ သဲသဲကျော်မျှ၊ မုန်ခေါ်ရိုက်အစ်၊ ရဲညွန့်သစ်နှင့်၊ကေရာဇ်တို့ထုံး၊ ရွှေလက်သုံးဟု၊ ကျွန်းလုံးခရိုင်၊ ဘုန်းတော်ပိုင်သည်။ ။ ရန်နိုင်ရွှေစကြာဘုရား။

## * ၁၉၇-အင်းစိန်ရွာမကျောင်း ဖုန်းမြတ်ကြီး ဦးနာရဒဆို ထမင်းရည်ကိုသွန်မိ၍ ရာဇဝတ်တော်ခံရသော လင်္ကာကေဗိုဒ်

မှတ်စိမ့်နောင်လာ၊ မျိုးလေးဖြာတို့၊ ရတနာပူရ၊ ရွှေအင်းဝနိုက်၊ ဗုဒ္ဓရိုက်ရာ၊ သာသနာသည်၊ ကြဏ္ဍာရန္ဓ၊ ဠဋ္ဌစက္ခု၊ ရောက်မှုကြုံလစ်၊ သက္ကရာဇ်မှု၊ ခံကော်နှစ်တန်၊ သကြန် ပြောင်းကူး၊ တန်းခူးလကုန်၊ ကဆုန်မာသ၊ ပြည့်ဝပုဏ္ဏမီ၊ တိထိကျော်ထွက်၊ ခြောက်ရက် ဘောမာ၊ နေ့အင်္ဂါနိုက်၊ တေဇာထန်ပြင်း၊ သာလွန်မင်းလျှင်၊ ဆင်မြင်း ဗိုလ်ပါ၊ စစ်အင်္ဂါနှင့်၊ ရှုဥာမဏိ၊ မိုးနားထိမျှ၊ ကြီးဘိအကျော်၊ ကောင်းမှုတော်ကို၊ ပူဇော်အံ့ငှါ၊ ထွက်သောခါတည့်၊ ရေဝတီ၊ သီဒါဂိတ်ဆို့၊ စစ်ကိုင်းမြို့မှ၊ နောက်သို့ချီကြွ၊ တပ်တော်ချသော်၊ နာမအနွတ်၊ ကျောက်ဆတ်သညာ၊ ထိုသည့်ရွာနိုက်၊ မှုရာခပ်ထု၊ မိအိမ်သူလျှင်၊ ငယ့်ယုသင်းကြည်၊ ထမင်းရည်ကို၊ ဆောက်တည်မမက်၊ လမ်းသို့ထွက်၍၊ ယေ့ကွက်မဟိ၊ သွန်လေဘိသော်၊ ပြည်ကြီးကြွင်း၊ နန်းကြီးသခင်၊ ဖြတ်ခြည်းမြင်က၊ လျှင်လျှင်ရွှတ်ရွှတ်၊ မင်းစေလွှတ်၍၊ ကျင့်ဝတ်ယွင်းဖည်၊ ထမင်းရည်ကို၊ သွန်သည်ကြောင်းလျှား၊ တင်လျှောက်ကြားက၊ မင်းဖျားဖုန်းထူ၊ မိအိမ်သူကို၊ ဟွန်ဆူပြင်းစွာ၊ မင်းအာဏာနှင့်၊မကြာရွှေတော်၊ အရောက်ခေါ်၍၊ နင်သော်ဘယ်မျှ၊မနေဥစ္စာ၊မျှားပါသနေး၊ ကိုယ်တိုင်မေးသော်၊ တုန်အေးလက်မြောက်၊ ဤသို့လျှောက်ညှေ့၊ မောက်တော်ဘုရား၊ ကျွန်ုပ်အားတွင်၊ ယှားပါးဥစ္စာ၊ ဆိုးငြိစွာခဲ့၊ ဖွေရှာဝမ်းရေး၊ တောင်မြစ်ပြေး၍၊ သက်မွေးရပါ၊ လျှောက်သောခါမှ၊ တရာထီးစင်း၊ မင်းမင်းသခင်၊ မျက်တော်ဝင်၍၊ နင်လျှင်ပျက်ခေါင်၊ အိမ်ထောင်ကြွယ်ဝ၊ လုကိစ္စနိုက်၊ မမ-မခု၊ မစ္စေငုရ်၍၊ လူမှုဟာဟင်း၊ မိမ္မဖျင်းဟု၊ ထန်ပြင်းကရုဏာ၊ မျက်တော်ပါလျက်၊ စူဠာမဏိ၊ စေတီဒါယကာ၊ ရာဇာဖုန်းထု၊ ရိုက်တော်မူညှေ့၊ ထီးဖြူဆောင်းချင်း၊ မင်းမင်းတကာ၊ ဖွေရှာနိုက်နှဲး၊ ဆုမ္မခဲးညှေ့၊ ပြည်ထဲးပြည်လာ၊ ဝစိမ့်ငှါဟု၊ နရာ-ဝရ၊ ရွှေအင်းဝက၊ ဝဝဖျော

ဖျော၊ မင်းဟောဒေသနာ၊ အရိန္ဒမာ၊ တောင်းဝှေးပါဒည္သ၊ ဩဇာကြိုင်သင်း၊ ဖြူဝင်းဝင်းနှင့်၊ သောက်တွင်းစိတ်ကြည်၊ ထမင်းရည်ကို၊ ဘယ်မည်နင်သွန်။ မိမ္မလွန်ဟု၊ ပြစ်ဝန်ခြိမ်းမဲ၊ ကြိုတောင်းပဲတည့်၊ မိဥဲးကျောပူ၊ ကျောက်ဆတ်သူကို၊ နင်မှုမှတ်လေ၊ မိန့်ခွန်းခြွေ၍၊ ငွေလည်းသုံးဆယ်၊ လိုမယ်မယ်တည့်၊ နှိုးနွှယ်ရွှေညာဏ်၊ ပေးလိုက်ပြန်ဟု၊ ကျမ်းဂန်ကြီးစွာ၊ နှေ့ဖွဲ့းပါလျက်၊ မဟာရာဇဝင်၊ ကမ္ပည်းတင်သည်။ ။နှင်နှင်ကျမ်းထွက် ပေါ့ပျက်လွယ်ကာ မဟုတ်စွာတည်း။

အမှာ။ [ဍင်းလက်ာကေပိုဒ်အရ ညောင်ရမ်းဆယ်ဆက် ရာဇဝင်ပါ သာလွန်မင်းတရားကြီး အခန်းကိုကြည့်လေ၊ အိမ်ရှင်မိန်းမတို့ လိုက်နာကြရန်ကောင်း၏၊ပစ်စလက်ခတ် မစဉ်းမစားပဲ မပြုရန်မှတ်ဖွယ်ဖြစ်သတည်း။]

---

## * ၁၉၇-ဝံ့တောင်လယ်ဘုန်းကြီးဆို ပြည်ဆံတော်ဘုရားတိုင်ရတုပိုဒ်စုံ

၁။ ရွှမ်းဘိသည်လည်း ရွှမ်းဘိသည်၊ ပတ်လည်သာလွန်း၊ ရွှေဘုံနန်း၏၊ ထောင့်ယွန်းမမပ်၊ ရွှေခပ်ညွတ်ဝယ်၊ လူနတ်မျက်ရှု၊ ကိုးရာပြုသည်၊ ပြည်သူ့ရှင်ရင်း၊ ဆံတော်မင်း။ ။သံညင်းလျှောက်ပိမ့်၊ နားတော်စိမ့်လော့၊ ငြိမ့်လည်းငြိမ့်လေး၊ နှောင်းစွန်မွေးသည်၊ ရှင်ထွေးနှောင်းစွန်း၊ လှတမ်းခွန်လျှင်၊ ရွေးဟန်နူတူပင်၊ နောင်မြခင်ကို၊ မကြင်ပါပဲ၊ စက်တော်ရှဲ၍၊ ဖောက်လှဲဖောက်ပြန်၊ ကျင့်လေဟန်ကို၊ အကျွန်လွန်ကဲ၊ ဝမ်းတိုကွဲးစွ၊ ချစ်ကဲးချစ်ဘိ၊ ချစ်ပေမိ၍၊ မျက်စိနှိုက်လျှင်၊ အပါးတွင်သို့၊ ထင်လကာကာ၊ နောင်ဗျာပါကို၊ မေတ္တာတေဇီရေ၊ ငြိမ်းပါစေလော့၊*(သဝေအစ၊ ရန္ဒဝ့်ဝကို၊ ဟလည်းယှဉ်လျက်၊ စထက်စံဆင်၊ လတွင်ကားချ၊) ပန်းသိဂ်ကို၊ လက်လှကိုင်လှမ်း၊ ပူဇော်မွမ်း၍။ ။ရွှမ်းဘိသည်လည်း ရွှမ်းဘိသည်။

၂။ လွှမ်းဘိသည်လည်း လွှမ်းဘိသည်၊ သုံးမည်ရပ်သူ၊ လွှမ်းသော်ဟူလည်း၊ နောင်တူပမာ၊ သည်အခါကို၊ လွှမ်းပါလိမ့်လော၊ လွှမ်းလှမော၊စွ၊ လွှမ်းသောဟူသည်၊ လွှယ်ကူမဟုတ်၊ ချစ်သူဆုတ်က၊ စိတ်ဒုက္ခပင်၊ ပူလောင်လင်စွ၊ ရှင်ပင်ဟောဘိ၊ တရားသိ၏၊ မျက်စိနှင့်နား၊ ဇနာင်ဝယ်ကြားက၊

---

* (___) ၎င်းအစိုက်ပါစကားများကို မည်သည့်ပန်းဖြစ်သည်ကို ကြံ၍မရ။

သနားသဖြင့်၊ မျိုးဘုန်းရင့်ကို၊ ရှင်ပင့်ဆံရှင်၊ ဆုံးမသင်လော့၊*(ဝ-တွင်ဝါ ချ၊ လလည်းရေးပြီး၊ ကကြီးနှင့်ဝ၊ တဘက်ယကို၊ အလှစံတူ၊ တ-ဖြင့်ကူ၍၊) အတူဖျော်မှတ်၊ ဝါလကျွတ်မူ၊ စံလွတ်နွဲ့ရှင်း၊ ညိုလဲ့ဝင်းနှင့်၊ ရင်ချင်းရော ပွမ်း၊ ပြည့်ဆုမွမ်း၍။ ။လွမ်းဘိသည်လည်း လွမ်းဘိသည်။

၃။ တမ်းဘိသည်လည်း တမ်းဘိသည်၊ ရွှေရည်ဇမ္ဗူ၊ မီးဝယ်ဆူသို့၊ ချစ် သူပြာဝင်း၊ ချစ်ဘော်ယွင်းသော်၊ နောင်မင်းမတုံ့၊ ဝမ်းမဆုံ့တည့်၊ အုံ့လည်း အုံ့ဘွယ်၊ တောင်ထိပ်လယ်နိုက်၊ ခြောက်သွယ်ရောင်ထွန်း၊ တရှန်းရှန်းလျှင်၊ စက်ဝန်းလှတင့်၊ ဆယ့်တဆင့်နှင့်၊ ရှင်ပင့်ဆံရှင်၊ မြသိတင်။ ။သဘင်သာ လွတ်၊ သီတင်းကျွတ်ဝယ်၊ ကိုယ်ဝတ်သင်းဘော်၊ ချည်ချောပိတ်ပါး၊ ရွှေရည် တား၍၊ ဖြူထွားနားတောင်း၊ ကန့်ရှည်မောင်းနှင့်၊ ခါကောင်းဖုံးမည်၊ လာလတ်သည်ကို၊ နားလည်လျှင်းအောင်၊ တန်းခိုးဆောင်၍၊ ဘောင် ဘောင်သံမြိုက်၊ မိန့်ပါလိုက်လော့၊ ကြိုက်လည်းကြိုက်တွေ့၊ ကြိုက်မိချေ၍၊ ‡(သဝေအစ၊ ခ-လည်းရေးပင့်၊ တ-နှစ်ဆင့်နှင့်၊အသင့်ဖက်လို၊ သ-ကိုသွယ် မျှင်၊ နှစ်ချောင်းငင်မှ၊) မရှင်နောင့်ဝမ်း၊ ထပ်ကာလွမ်း၍။ ။တမ်းဘိသည် လည်း တမ်းဘိသည်။

---

## * ၁၉၉၈-စာဆိုစိန္တကျော်သူဆို မောင်ဘွဲ့ကျီးစေ ရတုပိုဒ်စုံ

၁။ ဘဲ့နှယ်လည်းရှင်၊ သင်ပုတ်စင်ဝယ်၊ ရုပ်ဆင်မည်းကျော၊ ရှီစော စောက၊အည်း-အောသံရှည်၊ နားလှာမြည်သည်၊ မြရည်လိုလို၊ကျီးညိုညို။ ။ ချိုလည်းချိုသာ၊ ခွန်းထည်းအာသည်၊ ထိပ်ဖြာကျွန်မ၊ လန့်စိုးလှ၍၊ ဘယ် ကစေပါ၊ ဘယ်အာဏာကြောင့်၊ ကျူးလှာသည်လည်း၊ ကျည်းအင်္ဂလိပ်၊ ဆိပ်-ပင်လယ်စွန်း၊ ဟိုင်းကြီးကျွန်းနှင့်၊ ယှမ်းယွန်းဂျမ်းပြည်၊ ဦးတည်ဘုရင်၊ ရန်မျိုးစင်၍၊ အောင်မြင်ပြီဆို၊ ကြားသလိုသည်။ ။မင်းပျို့ရောက်ခွင့် နေ့ ပက်ထင့်။

---

* ( ) ဤအမိုက်ပြထားသောပုဒ်မှာအဓိပ္ပါယ်အလိုကား ဝါလကျွတ်ဆိုလိုသည်၊ သီတင်းကျွတ်လဟူ၍ည့်။

‡ ( ) ဤအဓိုက်ပါ အပိုဒ်အရ အဓိပ္ပါယ်ကိုခကောက်သော် ချေတ္တသူဖြစ်၏၊ ၎င်းကို ချစ်တသူ-ဟူ၍ည့်။

၂။ မဲ့ဝယ်ပည်းဖျင်၊လွမ်းပုံယင်ကို၊ဖြေတင်နိုင်ပဲ၊ ကလိုင်းလဲခဲ့၊အပွဲးပွဲး တွင်၊ ခုလောက်လျှင်လည်း၊ ကြာတင်ဘူးပါ၊ သည်တခါမူ၊ ရေးရာပြီးပြေ၊ နောင်ကဇေ၍၊ မြည်လေသုတ်ဝင်၊ မြောက်ဟိုစင်က၊ ဖျော့ရှင်နီစက်၊ ပန်းအိ ခက်ဝယ်၊ တောင်လက်သင်မြဲ၊ မသင်ပဲနှင့်၊ လည်ဝဲပျံရိပ်၊ သင်ပုတ်ထိပ်သို့၊ နင်းနှိပ်သံသာ၊ အာလှာသည်လော၊ ပင်လယ်ကျောဝယ်၊ သင်းဘောဇရနန်း၊ ဘုန်းနေထွန်းက၊ ကျွန်းအလျှိုလျှို၊ ရန်ထိုထိုသည်။ ။နှင်းလိုပျောက်လွင့် ဝေ့စက်ပွင့်။

၃။ နွဲ့သွယ်ကြည်းရှင်၊မဲ့ရုပ်သွင်နှင့်၊ တဆင်မယွင်း၊ ညီမရင်းက၊ ပူပြင်း ထပ်ဆင့်၊ စိုးပါနှင့်တော့၊ ချိန်သွင့်စောစီး၊ နံနက်ကြီးကို၊ သည်ကျိုးနက်ညို၊ သာပြီဆိုလျှင်၊မင်းပျိုစစ်ပြန်၊ရောက်မည်မှန်၏၊ နှစ်တန်တွေးဆ၊မယုံလှသော်၊ ရှေးကစူစဉ်၊ အိမ်ဥယျာဉ်ဝယ်၊ သဗ္ဗညုညာဏ်၊ နိုးကမ်းမှန်သား၊ တာပန် မည်ရ၊မယ်ပုပ္ပကို၊ အစ်မပျောင်းပျော့၊ မေးစမ်းတော့ဟု၊ ချော့မော့ဖြေဖျော်၊ လျှောက်ပေ သော်လည်း၊ ဖောင်တော် ဦးလှည့်၊ မကြားသည့်ကြောင့်၊ လျှမ်းပြည့်လွမ်းစိတ်၊ ဆို့ပိတ်ဇက်သို၊မပြေလိုသည်။ ။မြင်းမိုရ်လောက်မြင့် ရွှေထက်ရှင့်။

### ဘုရင်မင်းခေါင်ဆိုကျေးစေရတု

၁။ နန္ဒဝန်လျှင်၊ အလွန်စည်ပင်၊ ကျင်လည်ဇာတိ၊ မွေးကျိုးယှိ၍၊ ထွန်းညိအတောင်၊ စိမ်းရောင်သိဂ်၊ ယုယသိမ်းမွေး၊ ညီချစ်ကျေး။ ။လူရေး လူရာ၊ ကျမ်းစာသိမြင်၊တတ်အောင်သင်မှ၊ သခင်ယုံကြ၊မှူသည်ကုံသည်၊ လုဘို လုထွတ်၊ ကြင်သူမတ်ကို၊ မျိုးမြတ်ငယ်ကျွမ်း၊ နောင်ကြောင့်လွမ်း၍၊ ညှိုးသမ်း မပြေ၊ ယှိပလေလိမ့်၊ယဉ်ထွေရော၊ နှစ်ဖြာသံလျက်၊ ကျည်းရွက်ဖွင့်မြဲ၊ အုံတဲး ရံသန်း၊ရွှေဘုံနန်းသို့၊ ရောက်ဆန်းလူမျိုး၊ ခဲးလှနိုးစွ၊ မစိုးရှံ့ရှောင်၊ စာလက် ဆောင်ကို၊ ရီမှောင်ညနေ၊ဆက်တို့ချေလော့၊သက်ဝေစုံမက်၊မွေးကျိုးစက်ကို၊ သုထက်ထူး၍။ ။ကျေးငှူးသိလှ ချေသင့်စွ။

၂။ ဝင်းဝင်းပြောင်ပြောင်၊ မြရောင်မရော၊ သုသဘောကား၊ တူမော အချင်း၊ အဆင်းရည်လေး၊ ညီချစ်ကျေးကို၊ ကြောင်းရေးခြင်းရာ၊ ဝင်းညက် ပြာသို့၊လွန်တာမြေရှည်၊ စေလိုက်သည်နှင့်၊ ရက်စည်မလွန်၊ ပြန်ချိန်တန်သော်၊ လေသွန်ဖြည်းဖြူး၊ နန်းသာဦးက၊ ရှိမ်းနူးမိန်းရိုက်၊ မျှော်လင့်ကြိုက်ဝယ်၊ တိမ်ထိုက်အကြား၊ စွမ်းဖွန်အားနှင့်၊ ကြောင်းလျှားစွေစုံ၊ လျှောက်ပြီးတုံမှ၊

လုဘုံကျွမ်းဝင်၊ သက်ထက်ကြင်သည်၊ သခင်မိန့်သံ၊ နားပါးခံ၍၊ ဝေးလံမှတ်သား၊ဘေးတီများကို၊ စွန့်စားဆောလျှင်၊ ပျံခဲ့ကျင်သည်။ ။ရောက်လျှင်ကြောင့်ကြ ဖြေနိုင်စွ။

၃။ စွန့်စွန့်စားစား၊ဘေးတီများကို၊ ယောက်ကျားဟုတ်ထွေ၊ ပြန်ရောက်ပေသော်၊ ပန်းဖြေပျော်ပါး၊ ဝမ်းထက်ထား၍၊ ချိုပျားနားနေ၊ စားသောက်စေမှ၊သံခြေနှုတ်ရည်၊မိန့်လိုက်သည်မူ၊ မဆည်နိုင်စွ၊နွေနှင့်ညလည်း၊ ပျောင်းမျှဆွတ်သွယ်၊ သနားဘွယ်လျှင်၊ ပြီးရယ်မရှင်၊ မပြင်ရောင်ဆင်း၊ မိစိုးမင်းတို့၊ သံညှင်းထွေငေါ်၊ ရှင့်မောင်တော်ကား၊ ဖြေဖျော်ရလှာ၊ လက်ဆောင်စာဟု၊ မကြာချင်လှည့်၊ ယူဖတ်ကြည့်လည်း၊ မြေညှိမြဲငြား၊ မှာစကားနှင့်၊ များများမဟ၊ မိန့်သမျှကို၊ မွေးဘရှင်မှာ၊ လျှောက်လိုက်ပါလော့၊ မေတ္တာမြဲချုပ်၊ လွမ်းလှရှုပ်ကို၊ ကျွန်ုပ်စေ့ရေ၊မှာခဲ့ပေ၏၊ ရှည်ဆွေရှင်သူ၊မျှော်တရှုသည်။ ။သည်းအူပြတ်မျှ ကြွေလွင့်စွ။

---

## *၂၀၀-မယ်ခွေးဆို ဆဲ့နှစ်ရာသီဘွဲ့သော အဲ့းထူးချင်း

မိဿရာသီ-တန်ခူးလဘွဲ့

၁။ ဇေယျတု အောင်ဆုပန်ပါတဲ့ မင်္ဂလံ။ ။နေနတ်လယ် မရာဇာလေ။ ။အဿဝဏီ၊ ကြယ်နှင့်ညီလို့၊ စန္ဒီစိတြ၊ တူယှဉ်ပြိုင်ပကြတယ်၊ လအတာကိုတဲ့လေး။ ။သံတာယော်မှပြန့်ဖွန်း၊သပြေမြရည်၊ တသောင်းပြည်ကို၊ အောင်စည်ရွှန်းလို့၊ ရေသွန်းမှခါချိန်၊ သောက်ရှုးဥဘာ၊ ကြယ်နီလာနှင့်၊ ရွှေဇာပေါက်လို၊ တိမ်ခိုးညီနှင့်၊ ပြိုမည့်နှယ်ချိန်သည်၊ နဂါးလိမ် လွန်းအိမ်ဖွဲ့လို့၊ မဲ့ဆီကိုမဲ။ ။သင်းတွဲးမှရွှေရောင်၊ ကမ့်ကော်ဝတ်မှုံ၊ မွှေးထုံထုံနှင့်၊ ရဂုံမြိုင်ဖြား၊ တောတလွှားလည်း၊ ငှက်ခါးတောင်လို၊ ပူအောင်မဲ့ကိုယ်၊ မိုယ်းကြီးတဖွဲ့၊ လေတလဲ့နှင့်၊ တဆဲ့ခြောက်တိုင်း၊ မပြတ်ကယ်ဆိုင်းလို့၊ မှိုင်းမှိုင်းငယ်ညှိသည်၊ မဖို-သီတာ ဆိပ်ကယ်ကချစ်ရိပ်ညှိန္တြ။ ။ပြင်နာရီကား၊ ငါးဘိုထားလို့၊ ဘဝါးသုံးအင်၊ မိဿခွင်မှာ၊ မရှင်နှိုင်တတ်၊ စန်းလွန်းပင်ပြတ်ခဲ့ပြီ၊ မြတ်ဆံချည်တာရာက၊ တေဇာတော်မချီးပါနှင့်တော့၊ ဝေသာလီပြည်ကြီးက-ထိန်ညီးရဲ့။

ကဆုန်လ-ပြိဿရာသီဘွဲ့

၂။ ဖလ်နန်းမှ မျှက်အုံလေ။ ။နေနှင့်ယှဉ်မှီ၊ ရောဟဏီလည်း၊ မှန်စီဆောင်က၊ ရွှေထီးရိပ်ပြပါလို့၊ လွမ်းစယှက်သွယ်၊ မင်းမှုဟန်ကျယ်လု၊ မိုယ်းလယ်ဘုံမှာတဲ့လေး။ ။ကဆုန်ယော်မှရတု၊ မြနီလာစစ်၊ အပြာရစ်နှင့်၊

ယှစ်မျက်နှာဆို၊ တောတနိုမှာ၊ ပျိုနုနုနှင့်၊ ကျီးဥမှလဲ့ပြာ၊ စကားထုံသင်း၊ ဂေါဇာချဉ်းတွင်၊ တုကင်းလွတ်ကွာ၊ ငှက်ပေါင်းသာလို့၊ ညှာချွေယော်စံသည်၊ ယုဂန်မှာတိမ်တပုံက၊ ဂဠုန်လိုဝဲး။ ။အသဲးမှာဆွတ်ကြင်၊ သောင်သင်ဖြူးခင်း၊ မြစ်ကြီးတွင်းမှာ၊ ငါးကြင်းဆန်ကူး၊ ငါးတန်မြူးသည်၊ ပိုက်ဦးငင်လို့၊ သဘင်မှဖြိုးဝေ၊ ဇင်ယော်သောင်တင်း၊ ရွှေဗိန်ညင်းတို့၊ ချစ်တင်းပိုင်ပိုင်၊ အာလုတ်ကယ်လှိုင်လို့၊ သံပြိုင်ငယ်ချွေသည်၊ ဂြိုဟ်စနေ ဗီလာစိုင်းဆီက၊ မုန်တိုင်းချိုပြင်း။ ။ပြည်ကမ္ဘောဇ၊ တိုင်းညိုမြမှာ၊ တံငါ့တာရာ၊ ကြယ်ဥပါနှင့်၊ အခါညောင်ရေ၊ ပွဲးစုံငယ်ထွေလို့၊ လွမ်းဖွေဆိုင်ညီ၊ သေမင်းပင်မှီရေ့ာထင့်၊ စက်ရာသီပြိုသာရေးတဲ့-ငိုကြွေးခင်း။

နယုန်လ—မေရုန်ရာသီဘွဲ့

၃။ ရွှေသားမှသိဂီလေ။ ။အဖြကြယ်၊ ပါဒ်သုံးသွယ်နှင့်၊ နေဆွယ်ရထား၊ ယှဉ်ပြိုင်သွားလို့၊ စက်နားမေရုန်၊ လွမ်းဘို့သာဆုံလှတယ်၊ နယုန်ဆီကိုတဲ့လေး။ ။သီတာငယ်မှစိမ်းလှည့်၊ ရေမှာကြည့်လည်း၊ ရေညွှ့ထုံးတမ်း၊ တောင်မှာစမ်းလည်း၊ တောင်ကမ်းဖွယ်ရာ၊ မြေမျက်နှာလည်း၊ မသာစတောင်း၊ ရှုမညောင်းသည်၊ နွေနှောင်းလမို့၊ ကမ္ဘာ့ကြက်သရေ၊ ရဂုံနက်ကျယ်၊ တောမြိုင်လယ်မှာ၊ စမ္ပယ်မြတ်လေး၊ ပျံ့မွှေးမွှေးနှင့်၊ ှစာမေးသဘင်၊ ငှက်ပေါင်းရှင်လို့၊ မင်းလွင်ငယ်ဝေသည်၊ တောင်လေပြေမှိုင်းမှုံနှင့်၊ ကြုံပြန်လေခြင်း။ ။မလင်းမှကောင်းကင်၊ တိမ်ခိုနန်းမြှောင့်၊ ရာဟုထောင့်က၊ မြကောင့်ပမာ၊ လက္ခဏာလဲး၊ လှာ၍ဆင်သို့၊ သဘင်မှာမွေ့သိမ်၊ တဆဲ့ခုနစ်၊ ပြင်နာရီနစ်တုံးမို့၊ ဇေဋ္ဌစန္ဒာ၊ ရွှေလညိုသာပဲးနှင့်၊ တံငါငယ်ကြယ်မှိန်သည်၊ ပြည်ကာလိင်္ဂရာဇ်နေတို့၊ ကံရွှေတိုင်ညှိုး။ ။လရာသီစု၊ သိတ်ကယ်မှရှုပါဘူး၊ ရွှေဥနှင့်မင်းမိ၊ ဝေးခိုက်မှဘိတယ်လို့၊ ကလိမျက်ညို၊ ဘယ်ညှိုးတော်သို ရတယ်၊ ငိုတတ်သည့်သူငယ်လို၊ အသွယ်သွယ်မကြည်စားပါနှင့်-တအားကိုး။

ဝါဆိုလ—ကြဋ္ဌရာသီဘွဲ့

၄။ ဦးစွန်းမှလူလူလေ။ ။လေးလုံအက္ခရာ၊ တံဆိပ်စာနှင့်၊ ရတနာ ရွှေဒေါင်း၊ ဖလ်နန်းအောင်းလို့၊ တသောင်းရပ်က၊ ကြယ်ဖုသျှနှင့်၊ တူကွချိန်မှန်၊ တနန်းစီစံကြတယ်၊ ဟန်ပန်ယှူပါလို့လေး။ ။ကလူမှတိမ်ကွေး၊ မှေ့ပုဇွန်ဝါ၊ မှိုင်းလုံးစာနှင့်၊ နာရကဂ္ဂီ၊ လွမ်းဘို့ညီအောင်၊ ပန်းချီရေးသို့၊ မိုယ်းဇေသးမှစွတ်စို၊ ကသစ်နန်းသာ၊ ကမ္ဗလာမှာ၊ မဟာပရမီ၊ စက်ရှိန်ညီလို့၊ ရွှေသီလဂ္ဂနယ်က၊ တိမ်စွယ်မှာညိုသည်၊ ဝါဆိုကိုပဋ္ဌင်းပွဲးနှင့်၊ ကြည်ကွဲးရန်များ၊

တောလားမှခတောင်ပြင်၊ ပုန်းညက်အနန်း၊ နှင်းဆီပန်းနှင့်၊ စခန်းကြိုင်သင်း၊ ရဂုံတွင်းမှာ၊ ငှက်မင်းသားနှယ်၊ ရွှေစလွယ်ကို၊ သုံးသွယ်ဆင်လို့၊ မိတ်လင်မှစုံညီ၊ ကြည့်ပအလို၊ မြင်သူများငိုရအောင်၊ အဖိုအဲးချ၊ အမအဲးတိုင်၊ပွင့်ဝတ်ကယ်လှိုင်လို့၊ သံပြိုင်ငယ်ချီသည်၊ မြစ်နဒီရေပြည့်လို့၊ ဝဲလှည့်သံသဲး။ ။ ဆံကျင်ရောင်လျှပ်၊ တာရာမြတ်နှင့်၊ နက္ခတ်နခ၊ ပါဒ်သုညကို၊ တရဲ့တပါး၊ လူအများတို့၊ စကားတွတ္တီ၊ အိုဘယ့်နှယ်ပီပမယ်၊ ဖော်မညီတကိုယ်ရေတို့-ပူဆွေးမြဲး။

## ဝါခေါင်လ-သိဟ်ရာသီဘွဲ့

၅။ စက်ခန်းမှရဝေလေ။ ။ဝါခေါင်ပြီပြီ၊ သည်ရာသီကို၊ နာရီအတွင်း၊ မြောက်စုံနှင်းလို့၊ နေမင်းမိတ်စုံ၊ ဘရဂုံလည်း၊ ရွှေယုန်ပမာ၊ ထွက်လို့လှာတော့တယ်၊ အာကာဖွေငယ်က လေး။ ။သပြေမှာတောင်လက်၊ မသာစခတာင်း၊ ရှုမညောင်းသည်၊ ရေကြောင်းပျော်မှိုး၊ နာမညိးအောင်၊ ဦးရိုးနောင်မယ်၊ ချစ်ရိပ်ကယ်သွယ်သည်၊ လွှမ်းနယ်ဖက်လို့၊ တောကြက်ကယ်ဖ-နီ၊ ကြင်ဘက်ခေါ်သွေး၊ ရွှေမြစ်တွေးတို့၊ ငှက်ကျေးသောသော၊ သံစုံငယ်နှောလို့၊ ဥဩညှိချီသည်၊ ကတ္တရီရွှေမှုံနှင့်၊ ခတ္တာငုံတုံး။ ။မြိုင်လုံးမှဝေဆာ၊ ရွက်သစ်ကယ်စိမ်းစိမ်း၊ ခက်လက်ကယ်ယိမ်းသည်၊ ထစ်ကြိမ်းဆော်လိုက်၊ မိုယ်းတဝိုက်ကို၊ သိုင်းရှိုက်ခါနှင့်၊ သူဇာတို့မောင်၊ ကမ္ဗလာရစ်ချယ်၊ တသောင်းနယ်က၊ ညာဘယ်ခွေညွှတ်၊ သင်တိုင်းဝတ်လို့၊ လွှမ်းဆွတ်ဖွယ်ဆောင်သည်၊ တိဂုံဟောင်မြို့ပြည်တွင်းက၊ မြင်းတာရာမြို့။ ။သည်အချမ်းလ၊ သမယကို၊ မြန်မာ့သင်းကျစ်၊ သတ္တိစစ်တို့၊ လက်ယှစ်ကချေ၊ အခထွေထွေနှင့်၊ ရွှေစံရေးတံ၊ အောင်ပွဲးခံသည်၊ ကြိရာမသိ၊ မမကြီး-ယှိခိုက်ကို၊ ရပ်ဘုမ္မိနက်သန်က၊ လွှမ်းရန်ကိုနယ်မနင်းပါနှင့်တော့-သိဟ်တွင်းမိုယ်း။

## တော်သလင်းလ-ကန်ရာသီဘွဲ့

၆။ ရဟတ်မှအေးယဉ်လေ။ ။ဟဿဒကြယ်၊နေနှင့်ဘွယ်လို့၊မိုယ်းလယ်ပြိုပြို၊ တိမ်ကတ္တီလည်း၊ နီနီချင်းချင်း၊ ကန်လက်တွင်းမှာ၊ လေပြင်းဆင်ပါလို့လေး။ ။မင်းလွှင်ငယ်မှတလှဲ့၊ မသာစနိုး၊ စိတ်လက်ကယ်ညှိုးအောင်၊ မိုယ်းတလှဲ့နှင့်၊ အိုဘဲ့ရာသီ၊ လည်ပြောက်လည်လှုတ်၊ ပဲးတောက်ပြုတ်နှင့်၊ ဗုတ်ဇိဝစိုပ်း၊ တောင်တရိုးက၊ ချစ်ကြိုးမပျက်၊ လည်ချင်းယှက်လို့၊ ဝတ်ရက်ကယ်ချီသည်၊ ဝေသီသီပင်မြင့်နန်းက၊ ပန်းယင်းမာမွှေး။ ။ကလေးမှမွှေသိမ်၊ ခေါက်ချိခေါက်ချိုး၊ သိန်ဂုဏ်တံထိုးသည့်နှယ်၊ တန်းခိုးကြီးမား၊

နဂါးတိမ်နှင့်၊ လွှမ်းထိမ်ဖွဲ့ခါ၊ သစ္စာရည်တူ၊ ယှိတဲ့သူကို၊ အပူမီးနေ၊ ရောက်လေစေဟု၊ ဝေယံဝင်းရှိမ်၊ နတ်နန်းအိမ်က၊ ကြိမ်ကြိမ်ငယ်ရွာသည်၊ ရာဇဂြိုဟ်ပြည်ကိုမှီ၍၊ တင်းကြယ်နီထွန်း။ ။ရေသင်ဖြူးခင်း၊ တော်သလင်းကို၊ မြစ်တွင်းပြည့်နှက်၊ ဂဠုန့်ငှက်ကဲ့သို့၊ ရွှေတက်ကယ်မြှောက်ချီ၊ ရွှေရေသီနှင့်၊ ညီညာစုံလင်၊ လှေပွဲတော်ဆင်ကြတယ်၊ မြစ်ပြင်မှာရေသာကြောင်းက-စည်မောင်းရွှန်း။

## သီတင်း၊ ကျွတ်လ-တူရာသီဘွဲ့

၇။ သမုဒ်မှသူရိန်လေ။ ။သွာဒိနှင့်နေ၊ ယုဂန်ဗွေမှာ၊ လေယန္တရား၊ လှည့်လည်သွားလို့၊ ဆဲ့ငါးနာရီ၊ မှန်အညီနှင့်၊ ရာသီတူလက်၊ ရွှေမောင်းသံညက်လှသည့်၊ ထက်ဝတိမ်ငယ်က လေး။ ။သံရှိန်ငယ်မှကြူးရင့်၊ ပတ္တမြားနီလာ၊ မြသန္တာလို၊ ရွှေဇာကပ်ချွန်၊ တိမ်ပစ္စန်ကို၊ တမ်းခွန်လွင့်လို့၊ ကြူးရင့်မှနတ်စည်၊ ဗဟိုလ်နောင်တိုင်း၊ ကြေးစည်ဝိုင်းနှင့်၊ ပတ်ဆိုင်းပတ်သာ၊ အငြိမ့်ရှာလို့၊ ခါခါငယ်မည်သည်၊ အောင်စည်တော်ရွှေလက်တီးက၊ ကြက်သီးကိုနှိုး။ ။သာမျိုးမှစေ့စုံ၊ မဟာနဝဒတ်၊ အိုင်မင်းမြတ်မှာ၊ ငါးရပ်ကြာပေါင်း၊ ကြိုင်နံ့လှောင်းသည်၊ ရေကြောင်းကြို့လို၊ မွေးထုံမှသိင်္ဂါ။ ငှက်ရာဇညီ၊ မျှော်ဘွဲ့ရတို့၊ မြသရဖူ၊ ဗောင်းဝန်းလူနှင့်၊ ဥရုတိုင်ညီ၊ သစ်နန်းရိပ်မှီပါလို့၊ ပန်းသီတန်ရှာသည်၊ အခါတော်ရွှေဆင်လှူတဲ့၊ မီးပူဇော်ပွဲ။ ။ပဋ္ဌာကေ၊ နက္ခတ္တနှင့်၊ ဘောမပါဒ်လွတ်၊ သီတင်းကျွတ်ကို၊ မညွတ်မတိမ်း၊ နှင်းရည်လိမ်းလို့၊ စိတ်ငြိမ်းသာကြည်၊ ဘယ့်နှယ်လုတည်ပမယ်၊ ဌမ်းပြည်တော်လက်ျာစီးက-ရွှေကျီးဝဲ။

## တန်၊ ဆောင်မုန်းလ-ဗြိစ္ဆာရာသီဘွဲ့

၈။ တိမ်ခိုးမှဖြေဖြော်လေ။ ။ဖလ်နန်းစကြာ၊ ဝိသာခါနှင့်၊ ယှဉ်လှာပြိုင်ထွန်း၊ လပြည့်ဝန်းလည်း၊ လေးကျွန်းလည်လှည့်၊ ရွှေဘုန်းတော်ပြည့်လှသည်၊ ကြည့်တိုင်းတော်ပါလို့လေး။ ။စက်ဖော်ငယ်မှကွာဝေး၊ အခေါက်တရာ၊ ကတ္တိပါနှင့်၊ ရတနာကျောက်စီ၊ မည်သရီကို၊ လီလီထပ်ပုံ၊ တပိုင်းငယ်ခြုံ၊ မလုံသေးလို့၊ အေးလှသနော်၊ လမြတ်ကယ်ဗြိစ္ဆာ၊ ဤအခါကို၊ တံငါငါးမင်း၊ ပိုက်ကြီးရှင်တို့၊ ဒေါင်တင်သံညောင်း၊ လှေငယ်လောင်းနှင့်၊ မြစ်ကြောင်းမှာဆော်သည်၊ နတ်ကျော်-အောင်စည်တီးလို့၊ မကြီးငယ်ညှိုး၊ ကြောက်စိုးမှလန့်ဖွယ်၊ ခဝဲးရစ်ခွေ၊ ပြည်ပန်းရွှေနှင့်၊ တောခြေတောင်ရံ၊ ပင်နန်းပုံ့မှာ၊ လူဟန်နွဲ့ညိတ်၊ ကရဝိတ်လည်း၊ ချစ်ရိပ်သွယ်လို့၊ ငယ်သံတွီးတွီး၊

ဆိမိးက ထိန်၊မြောက်လေက ကြိမ်သနှင့်၊ တိမ်အဆာကျယ်၊ နှာမောင်းသွယ် လို့၊ ရွှေနွယ်လိုချီသည်၊ ကျီးအာနီမျက်နှာလှလို့၊ ခညပြည်အေး။ ။နာရီ အဌ၊ ဂဏန်းဆနှင့်၊ ချမ်းစပြုတုန်း၊ တန်းဆောင်မုန်းကို၊ပတ်ကုန်းဝန်းကျင်၊ ဇမ္ဗူပြင်မှာ၊ ကြင်သူမယို၊ အသာ-မိတ္တိ၊ ကယိကန္ဒမ်း၊ မယ့်နှယ်လွမ်းလို့၊ စက်ခန်းဘုံဗွင်၊ ဝိုလျက်သာဝင်လိမ့်မယ်၊ နှင်းရှင်ရှင် ဟေမန်မိုးက- ဆော် နှိုးကြွေး။

## နတ်တော်လ-ဓနုရာသီဘွဲ့

၉။ ပြာသာဒ်မှာဘုံဆောင်လေ။ ။နေနှင့်ယှဉ်မှန်၊ ပြုပ္ပါသင်္ဂလည်း၊ ရစ် တန်ကျီးဥ၊ရောင်ခြည်တော်လုလှသည်၊ယုဂန်ခေါင်ယံက လေး။ ။ဝေမှောင်မှ ဝိုက်ဆိုင်း၊ မနုရာသီ၊ သာမျိုးညီအောင်၊ ကတ္တိပါလို၊ မိုးတခိုမှာ၊ ဗဟိုလ် ဆိုင်းနှင့်၊ နောင်ဒိုင်းမှဟစ်အော်၊ ဘယ်သူအတတ်၊ ဘိညာဉ်ပြတ်အောင်၊ ဘယ်နတ်ကယ်လွမ်းရုံ၊ ခန့်စီမံလို့၊ ခေါက်ပြန်ခေါက်တုံနှင့်၊ နေကုန်အောင် ဆော်သည်၊နတ်ကျော်စက်ချိန်မှ၊ တိမ်သက်တင်တန်း။ ။စခန်းမှကြည်လင်၊ တောင်လည်းသာမော၊ တောလည်းပျို့နု၊ မြေအထုမှာ၊ ပုလု ကွေးလွေး၊ ငှက်တဝေးလည်း၊ ချစ်ရေးကြင်လို့၊ သဘင်မှရဝေ၊ သာသည့်မြေမှာ၊ အခြေ နှစ်ချောင်း၊ ခေါင်းကားနှစ်မြွာ၊ မင်းဆရာတို့၊ မဟာပိန္ဒာယ်း၊ ရထားဆွဲ လို့၊ပျော်ပွဲးငယ်ကျယ်သည်၊ဆဲ့နှစ်သွယ်ပြင်နာရီက၊ နေအီနိုင်ဘူး။ ။ဟံသာ ဝတီ၊ သညီကျော်ခြင်း၊ မြို့စောင့်နှင်းသည်၊ ဟသ်ာက ထွန်း၊ သဇင်မွှန်းလို့၊ နှင်းသွန်းချိန်ကြုံ၊ သလွန်ဘုံမှာ၊ ခြုံသူမယို၊ တကိုယ်ထဲးအိခိုက်ကို၊ ပူဇာ တိမျက်နှာက၊ လေဆာကြယ် ပြန်မညောင်းပါနှင့်-တမောင်းကြူး။

## ပြာသိုလ-မကာရရာသီဘွဲ့

၁၀။ ထောင်ပြည့်မှ ရောင်ခြည်လေ။ ။နေဝန်းစက်မွန်၊ တုဘက်ကယ် လွန်သည်၊ သရဝဏ်ကြယ်၊ ပဒ်နှစ်သွယ်နှင့်၊ မိုးလယ်တောက်ထွန်း၊ စိုစို ငယ်ရှုန်းလှတယ်၊ ရစ်သွန်းလည်ပါလို့လေး။ ။မြန်ပြည်မှသာနိုး၊ မိန်ညို ချပ်ကာ၊ ရွှေတန်ဆာနှင့်၊ ရတနာမြင်းခင်း၊ စိတ်ယိုငယ်ကျင်းသည်၊ နှင်းဖြိုး ဖြိုးနှင့်၊ စက်ထိုးမှဟန်ယူ၊ အူသည်းဆွတ်ကြွေ၊ ချမ်းလေပြေနှင့်၊ တောခြေ တောင်ယံ၊ ငှက်ပေါင်းပျံလို့၊ ဝတ်ဆန်ငယ်ခြူသည်၊ မီးပူပူကင်မဝသည့်၊ လပြာသိုဆောင်း။ ။ထည်ပေါင်းမှထောင်ရာ၊ခြိုလေအေးလေ၊ ကြတ်သီးတွေ နှင့်၊ ယင်ရွှေပျားမင်း၊ ဩဇာကင်းသည်၊ ချိုးလင်းပြာသို၊ မသာမကြည်၊ ပရိဒေဝ၊ ဝိုကြွေးကြလို့၊ ဟ-အာလုတ်သံ၊ တညံညံနှင့်၊ ခက်ပြန်အောင်မြည်

သည်၊ ညွှန့်ရှည်ရှည်ခွါညိုပွင့်လို့၊ သိုင်းဝင့်ချိန်နီး။ ။ပြည်ကြီးမှပင်မွှန်၊ တုဘက်ကယ်လွန်သည်၊ ဗုဇွန်က ထွန်း၊ နှင်းရည်သွန်းလို့၊ လေဝန်းကဖိ၊ ဘယ့်နှယ်သာချိပမယ်၊ အမိကိုကယ်ကြပ၊ မကာရရာသီတဲ့၊ နာရီတော်သံ ညောင်းနှင့်-စည်မောင်းတီး။

## တပို့တွဲးလ-ကုန်ရာသီဘွဲ့

၁၁။ ချိုးဥမှတိမ်စုံလေ။ ။သတ္တဗိဿျ၊ နက္ခတ္တနှင့်၊ ယှဉ်ကြမလွဲး၊ တပို့တွဲးနှင့်၊ ပေါက်လဲးငုံကင်း၊ ထန်းရည်ငယ်နင်းကြသည်၊ နှင်းထုံထုံငယ် နှင့်လေး။ ။လွန်းဟုန်မှဆင့်ကဲ့၊ ပန်းမွှန်ပွင့်ချပ်၊ နဝရတ်ကို၊ သုဒဿန၊ ဘုံကပြသို့၊ သနားတော်အိမ်၊ ရွှေကြိုးလိမ်သည်၊ တိမ်သင်းတွဲးနှင့်၊ ရောင့်ရဲး မှမပြေ၊မျက်စိမခန့်၊ နားမဆန့်အောင်၊ မှန်နန်းသရဘီ၊ တန်းခိုးတော်ချီတဲ့ လို့၊ ပြိုပြိုငယ်သွေသည်၊ အစိန္တေဇာတ်ကင်တဲ့၊ လသဘင်ထူး။ ။ကြည်နူး မှုအံ့ဘွယ်၊ နက်ဖန်-သံဘက်၊ ဘိန်းနှဲ့ရက်ကို၊ ချိန်းချက်စကား၊ သစ္စာထား လို့၊ မပြားရည်တူ၊ ယှိတဲ့သူတို့၊ စိတ်ပူဖွယ်ကို၊ နယ်ယှစ်ရပ်က၊ လို့ထပ်သော သူ၊ မြူအသရေ၊ လေအနန္တ၊ မိုယ်းကြွင်းကျလို့၊ မှိုင်းမြမြညိုသည်၊ဟိုသထုံ ရွှေပြည်သာက၊ ချိန်တာရာဝင်း။ ။ကုန်လက်ဂေါဇာ၊ သည်အခါမှာ၊တမာ သေးနု၊ ၄က်ကျေးဥလို့၊ ယာဂုမြှောက်ချီ၊ လေးနာရီနှင့်၊ နဒီအောင်ချာ၊ ကြည့်တိုင်းသာလှတယ်၊တံငါသည်ဒေါင်တင်တီးလို့-ပိုက်ကြီးခင်း။

## တပေါင်းလ-မိန်ရာသီဘွဲ့

၁၂။ ကသိုဏ်းမှ ညိုညိုလေ။ ။ကြယ်ရေဝတီ၊ နယ်သိင်္ဂီမှာ၊ နာရီ ငါးရပ်၊ သုညပါဒ်နှင့်၊ ရဟတ်ကယ်စက်ချင်း၊ ချမ်းရေးပြင်းကြသည်၊တောင် မြင်းမိုရ်ငယ်နှင့်လေး။ ။ရွှေလိုမှုရစ်ဆင့်၊ သဲးပုံပီပီ၊ သာမျိုးညီအောင်။ စေတီရတနာ၊ လှည့်လက်ျာကို၊ မြေဇာမြင့်လို့၊ ကျုုးရင့်မှုနတ်စည်၊ ကြက် ဆောင်အလှမ်း၊ သီးဖြန်းဖြန်းနှင့်၊ မိုယ်းပန်းဆွတ်ခြွေ၊ မှိုင်းမှိုင်းဝေလို့၊ နေ မတည်သည်၊ မျက်ရည်ကို-ရွှေတဘက်ကယ်နှင့်၊ သုတ်ရက်ပြဘူး။ ။နွေဦး မှတိမ်ခါ၊ တောတောင်တလီ၊ မြည်းသရီနှင့်၊ ကတ္တီပါပေါင်း၊ ရွက်သစ်ကယ် လောင်းသည်၊ ရွက်ဟောင်းပုံလို့၊ ခက်ရန်မှဝေဝေ၊ အင်ကြင်းသရဘီ၊ ပန်း စုံစီနှင့်၊ သိင်္ဂီရောင်သွေး၊ ကြိုင်ကြိုင်ငယ်မွှေးလို့၊ ၄က်ကျေးငယ်ခြွေသည်၊ တောင်လေပြေမှန်တိုင်းနှင့်၊ ရေလှိုင်းသံတိုး။ ။ပြည်မိမိလာ၊ ချိန်တာရာ သည်၊ တံငါပျော်ကြ၊ သို့သည်လကို၊ မရရင်ဋ္ဌေ၊ တကိုယ်လေ့တို့၊ မွှေမွှေ

သိမ်သိမ်၊ ကြည်နူးရန်ကြိမ်လိမ့်မယ်၊ မိန်ရာသီလတပေါင်းတဲ့၊ တသောင်းလုံး စိတ်ငယ်အောင်၊ပတ်လယ်ကိုရိပ်မှုံမှိုင်းနှင့်-မျှော်တိုင်းညှိုး။

အမှာ။ [ဋ္ဌင်းအဲးထူးချင်းအပိုဒ်တို့တွင် ၍- ၏-တို့ကို အသုံးနည်းကြောင်း မှတ်ဖွယ်ဖြစ်သည်၊ ဋ္ဌင်းအဲးသည် ၁၂၀၃-ခုနှစ် ကုန်းဘောင်မင်းတရားကြီးရန်ကုန်မြို့ကို ခေတ္တစံတော်မူစဉ်က ဖွဲ့ဆိုသော အဲးဖြစ်သည်ဟု သက်ကြီးတို့ဆို၏။]

ဆဲ့နှစ်ရာသီဘွဲ့အဲးထူးချင်းပြီးဧည့်။

---

## *၂၀၁-ပညာယိုစာဆိုတော်ဦးယာဆိုသင်္ဂါယနာတင် ဘွဲ့သောအကျချင်း ၃-ပိုဒ်

### ပဌမသင်္ဂါယနာတင်အကျချင်း

၁။ မင်းချင်းလေ။ ။ကုသိန္နာရုံ၊ ပန်းရဂုံဝယ်၊ ဘုံပြိုသလက်၊ ပြည့်ဝန်းရက်နိုက်၊ ဘုံစက်မပြန်၊ သုံးနိဗ္ဗာန်တွင်၊ နှစ်တန်ကူးမြောက်၊ လေးလမြောက်ဝယ်၊ ထွန်းတောက်ကိုယ်ဝါ၊ မင်းဘဒ္ဒါနှင့်၊ ဖြဟ္မာအသွင်၊ လူကရှင်သည်၊ ဇုတင်တေရသ်၊ သုထက်မြတ်သည်၊ ထေရ်ကဿပ၊ သာဝကတို့၊ ခဓပဋ္ဌာ၊ ရဟန္တာနှင့်၊ ပြည်ရာဇဂြိုဟ်၊ နဂိုရ်စိုးခြင်း၊ သံဝေပြင်းသား၊ မင်းဇာတသတ်၊ သမုနတ်တို့၊ ထေရ်မြတ်တစု၊ အမှီပြု၍၊ ငါးခုသာထောင်၊ ပြည့်ရန်အောင်ဝယ်၊ မြရောင်ဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းသား၊ ခက်ကိုင်းညွန့်ရှင်၊ စရည်းပင်နှင့်၊ ခေါ်တွင်ပဗ္ဗတ၊ ဝေဘာရဟု၊ သာလှရိပ်ချမ်း၊ လိုဏ်သာဖမ်းဝယ်၊ ကျမ်းပုဒ်ပဒ၊ ညှိနှိုင်းဆ၍၊ ပဌမသင်္ဂါယနာ၊ တင်သောခါဝယ်၊ ကြယ်မာယကြီး၊ လနှင့်နီးမှ၊ ပြီးစီးအောင်မြင်၊ ယင်းသဘင်ဝယ်၊ အသျှင်အာနန်၊ အရဟန်စစ်၊ တိုင်မြောက်ဖြစ်သည်၊ ယှစ်ဆယ်ကျော် သက်တွင်တည့်လေး။ ။သူကောင်းဘော်ရွှေမင်းချင်းတို့။

### ဒုတိယသင်္ဂါယနာတင် အကျချင်း

၂။ မင်းချင်းလေ။ ။တိုင်းမဂ္ဂမိုရ်၊ ရာဇဂြိုဟ်ဝယ်၊ ထိုဇာတသတ်၊ နွယ်မပြတ်သား၊ သည်းပွတ်မြေးမြစ်၊ မင်းအဖြစ်ကို၊ ညှစ်ဖြစ်သတ်လု၊ ငါးဆက်ပြုမှ၊ သုသုနာဂါ၊ သာသနာကို၊ ဝေသာလီမည်၊ ချက်မြို့ပြည်သို့၊ ရွှန်းစည်ကျူးရင့်၊ နီလေပင့်သော်၊ နှစ်မြင့်ငြိမ်ဆိမ်၊ နန်းရွှေအိမ်ထက်၊ စည်းစိမ်ခံပြီး၊ နောက်တုံမှီးသော်၊ သားကြီးရတနာ၊ ကာလာသောက၊ ရိပ်ဖြူသရှင့်၊ ဘုရင့်သာသနာ၊ နှစ်-တရာသည်၊ ကြိုက်လှာပြန်လျှင်၊ ထိုဘုရင်ကို၊ အသျှင်

ယသ၊ တူကွမကွာ၊ ခုနစ်ရာသား၊ ရဟန္တာစု၊ အမှိပြု၍၊ ဝေဠုကာယံ၊ ကမ္ပည်းခံသည်၊ သာစံထပ်ထပ်၊ နက်သံရပ်ဝယ်၊ မဏ္ဍပ်ကြီးစွာ၊ သုဓမ္မာသို့၊ ရတနာကိုးသွယ်၊ မွမ်းမံချယ်သား၊ ပန်းနွယ်ခြူးစိပ်၊ သဘင်ရိပ်ဝယ်၊ စက်အိပ်နည်းဘိ၊ ထေရ်မှုနိတို့၊ ဒုတိယသင်္ဂါယနာ၊ တင်သောခါသည်၊ ယှစ်မာသတိုင်-တိုင်တည့်လေး။ ။သူကောင်းဘော်ရွှေမင်းချင်းတို့။

## တတိယသင်္ဂါယနာတင် အကျ်ချင်း

၃။ မင်းချင်းလေ။ ။ဝဇ္ဇီတိုင်းချာ၊ပြည်ဝေသာဝယ်၊ကာလာမင်းနောက်၊ ဆဲ့ကိုးရောက်တွင်၊ မင်းမြောက်စိမ့်ရန်၊ ပုံဏ္ဏားဘန်သည်၊ စဏ္ဍာဂုတ်မြေး၊ ဗိန္ဒုသွေးဟု၊ ဘုန်းကျေးဇူးဟုန်၊ မြေမိုးတုန်မျှ၊ရှေးကုန်အဖြစ်၊ ဘဝဇာစ်က၊ များနှစ်ရသာ၊ ကုသိုလ်ပါသည်၊ ဓမ္မာသောက၊ နရိန္ဒလျှင်၊ မဇ္ဈိမဘုမ်၊ ပါဋ လိဝယ်၊ ဆယ်ဒိသာလုံး၊ အာဏာကျုံးသား၊ ပေါင်းရုံများစွာ၊ ဇောပုဗ္ဗါတွင်၊ မဟာမောဂ္ဂလိပုတ္တ၊ ထေရ်တိဿတို့၊ မြေသျှင်အား၊ နိမိတ်ကြား၍၊ လက်သားအရဟန်၊ တထောင်မှန်နှင့်၊ ဗိမာန်ရတနာ၊ ကျယ်ဝန်းစွာသည်၊ သောကာရာမ၊ ရွှေကျောင်းလှထက်၊ တတိယသင်္ဂါယနာ၊ အာဏာပီပြ၊ တင်ကုန်ကြသည်။ ။သုံးလယုတ် တနှစ်တည့်လေး။ ။သူကောင်း ဘော်ရွှေမင်းချင်းတို့။

**စကားချပ်။** [ဤကားသင်္ဂါယနာတင် အကျ်ချင်း ၃-ပိုဒ်မျှနှင့် တော်ပြီ၊ ယင်းသည့် အကျ်ချင်းကိုဆိုတတ်သူမယှိဟု ဝန်ခံနိုင်သည်၊ အကြောင်းကား အကျ်ဆိုမှာ မန္တလေးမြို့ ကင်းဝန်မင်းကြီးမှတပါး ဆိုတတ်သူမယှိဟု ၁၂၆၂-ခု နှစ်က မှူးဟောင်းမတ်ဟောင်း သံတော်ဆင့် မင်းတို့မိန့်တော်မူသည်ကို နာခံရသည်။

အတွင်းဝန်မင်း ဦးဘိုးကြီးနှင့်အတူ ကင်းဝန်မင်းကြီး အိမ်တော်သို့သွား၍ အကျ်-ဆိုနည်းကို သင်ကြားရန်လျှောက်ရာ ငါ သွားကျိုးနေပြီဆို၍ မပြနိုင်၊ လယ်ဝန်သံတော်ဆင့် မောင်ထွန်းအောင်ထံ သွားချေဟု မိန့်တော်မူသည့်အတိုင်းသွားရာ လယ်ဝန်မင်းဦးထွန်းအောင်က ကျုပ်လည်းမင်းကြီးကဲ့သို့ကျနအောင်မဆိုနိုင်ဘူး၊ ကိုရင်အမှန်ဟု မမှတ်လေနှင့်ဟုပြော၍ အကျ်-ကို နှစ်ကြိမ်ဆိုပြသည်ကို နာခဲ့ရဘူးသည်။

အကျ်ချင်း စာကားမပျောက်၊ အသံတော့ ပျောက်ချေပြီ၊ ဆိုတတ်သူ-ရှေးမှိပုဂ္ဂိုလ်များကို စုံစမ်း၍မရ ဖြစ်ချေပြီ။

အကျ်-ခေါ်ခြင်းမှာ အဏ္ဏဝ-သဒ္ဒါအလို ဖြစ်သည်၊ဖောင်ချင်း, လှေချင်း,ရေလားချင်းဆိုလိုသည်ဟု သံတော်ဆင့်-ဦးထွန်းအောင်

မိန့်ဆိုလေသည်၊ ဤကိုထောက်လျှင် အဏ-ဟု ဏကြီးသတ်ရန် သင့်သော်လည်း အန်ဟု န-ငယ်သတ်နှင့် သုံးစွဲခြင်းများလေသည်။]

---

## *၂၀၂-ပညာယှိစာဆိုတော် ရွှေတိုက်စိုးမင်း ဦးတိုးဆိုသော နန်းတော်သုံး ရာမရကန်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

မင်္ဂလာဦး၊ လွန်ကြူးကောင်းမြတ်၊ စုတ်လာဘ်လာဘ၊ အမြိုက္ခနှင့်၊ ဝရသိဒ္ဓိ၊လောကီ့ရန်နှိမ်၊ ပြကာဒိန်မှာ၊အောင်ချိန်စည့်လျက်၊ အောင်မည့်ရက်ကို၊ အောင်ခက်သည့်ရန်၊ တွေ့ကြုံသည်မှန်သော်လည်း၊ စက်သံကွန့်မှုန်း၊ ထောင်လက်ရုံးနှင့်၊ မိုးလုံးဖြန့်ရစ်၊ မာရ်မင်းစစ်ကို၊ ဥပေက္ခာ-သစ္စာ၊မေတ္တာ-ခန္တီ၊ ပါရမီဆယ်ပါး၊ ပုညအားဖြင့်၊ ဘုရားလုဘ၊ အောင်ဆုရသည့်နှယ်၊ မာနပြိုင်တု၊ သူရန်ပြု-ဇမ္ဗူ့ကြေးမြှင်၊ အိမ်ရှေ့ရှင်နှင့်၊ ထိပ်ခေါင်တင်နတ်၊ နေလမှတ်ရသည်၊ မြတ်နှစ်ပါးဘုန်း၊ ရွှေလက်ရုံးတွင်၊ ရန်ထုံးကဲ့သို့ ကျေရာသည်။

စက္ကဝါပြင်ကျယ်၊ တသိန်းနယ်မှာ၊ ခုဆယ်ရာထောင်၊ မိုးလုံးမှောင်သည်၊ စိန်တောင်ဘက်ဖြစ်ဖြစ်၊ သက္ကရာဇ်ချိုင့်၊ တိုင့်ပမာဏ၊ ကမ္ဘာ့ကြက်သရေ၊ မြင်းမိုရ်ရွှေပင်၊ နေခုနစ်ဆောင်၊ ရဲးပြောင်ပြောင်တွင်၊ မာန်တောင်ထွတ်ကို၊ ခွေညွှတ်ခ၍့၊ ဝန်ချရမြဲးဖြစ်သည်တည်း။

အထည်စုပ်ကို၊အထုပ်ပြု၍့၊ မနုရေ့-မဆန်းရေ့၊ကြေ့သည်-ယဉ်သည်၊ ပျောင်းပျသည်ဟု၊ ရှိုင်းယဉ်တူအောင်၊ သူတပါးနှယ်မပြောချင်။

စိတ်အာရုံကြွား၊ နားငြိမ့်တန်းဆင်၊ အရှင်အလန်း၊ ကာလလိုက်ဆန်းရင်လည်း၊ ဘန်းမပြဘူး၊ ပုညထူးလျှာ၊ သုဩဇာကို၊ ပညာယှိတို့၊ မိပတိကြီးထင်လိမ့်။

ရွှေစင်စင်စစ်၊ ဇာတိချင်းဖြစ်သော်လည်း၊ ဇမ္ဗူရာဇ်နှင့်၊ လှော်သစ် စက်စက်နီဖလံ။

အသွင်ဘက်တိမ်းတိမ်း-မတိမ်းတိမ်း၊ ယိုးယိမ်း သမသတ်၊ ရွှေနှစ်ရပ်ကို၊ စိတ်မနတ်သည့်၊ မိုက်-က-သတ်လူ၊ မြင်မည်ဟူလျှင်၊ အတူတူ-အသွေး၊ ဆိုးကောင်းလို့-ရွေးပေဘူး၊ ဂုဏ်လေးမျှမည်-မှန်၏့။

ပြင်စံကို ဘယ်သင်း၊ အတွင်းကို ဘယ်ရွှေ၊စိတ်နေချင့်တွက်၊မှတ်ကျောက်နက်နှင့်၊ စံလက်စွဲး-ယှိသည့်သူမှာ။

ဇမ္ဗူရာဇသိင်္ဂီ၊ ပြေ့ညီပြေ့ညံ့၊ ရွှေရည်သန့်နှင့်၊နီဖလံ့ အသား၊ အပုံကြီး ခြားကြောင်းကို၊ နားကဝေမှာ၊ ဂုဏ်နေနိမ့်မြင့်၊ ဖိုးထားနှင့်ချင့်၍၊ သိနှင့် သည်ပမာပင်။

စာသံညာဏ်နှစ်တည်၊ နားနှစ်မည်လူနှစ်ရပ်၊ နဘောထပ်-ကံစပ်တူတူ၊ မိတ်တူတူ၊ နီးစပ်သည်ဟူ၍၊ တမူလတည်း-မမှတ်သင့်။

ပြင်သံနှင့်နန်းသံ၊ အရိုင်းနှင့်ယဉ်သံ၊ ယှဉ်မိပြိုမှန်လျှင်၊ နန်းဆန်သည့် စာကုံး၊ တောစကားသုံး၍၊ ဗရုန်းဗရင်း၊ ရှုန်းရင်းခပ်ဆိုင်၊ နားမနိုင်သော်၊ ဖြေပြိုင်သူမှာ၊ရည်တူသဘောချင့်လိမ့်။

ဂုဏ်နိမ့်နှင့် ဂုဏ်မြင့်၊ နားရိုင်းနှင့် နားယဉ်၊ နန်းယှဉ်သည့် ရကန်၊ တော်ဆန်သည့်လင်္ကာ၊ နားလိမ္မာ၍-သိသသူ။

ရွှေနှစ်ပါးတွင်၊ဖိုးထားကွာကြောင်း၊ ဂုဏ်သာကြောင်းကို၊ ဖယောင်းမပြ၊ မှတ်မချပဲ၊ ထာဝရညာဏ်၊သိရင်းစွဲခံသည့်နှယ်၊နန်းသံကိုသည့်စာ၊ တောသံ ကိုသည်လျှာလို့၊ ထုံးမှာကောက်၍၊ ဂုဏ်မြောက်သင့်ရာယူလိမ့်။

ဖလ်ဖြူနှင့်မှန်ဖြူ၊ လျှားတူထောင်နံ့၊ အကြိုသည်ချင်း၊ ဖိုးရင်းနည်းများ- နှစ်ဦးသား၊ ရောင်းစားရခြင်းရည်တူလျှင်။

ဖလ်ဖိုးနှင့်မှန်ဖိုး၊ ဈေးဆိုးဈေးကောင်း၊ သောင်းပြောင်းကြိတ်နယ်၊ ဆယ်ပေးလို့ဝယ်သောခါ၊ ဖလ်သည်မှာရောင်းလတ့်၊ ခေါင်းမအိမ့်ဘူး၊ စိန်ပမာဏ၊ မှန်ရှင်ကသာ၊ ရောင်းရမည့်တာ၊ အတွက်ကယ်နာချင်လို့၊ ခေါင်းခါရသည်ပင်တည်း။

သဇင်ပန်းနှင့်၊ ရွှေနန်းသူကံစပ်၍ပန်ဘက်၊ ဗျာလျှံစိုစို-မိန်းမညို၊ ဂုဏ်ခံ လိုသူတဦးက၊ မပန်ကောင်းပန်ကောင်း၊ ဈေးများမှာရောင်းသည့်၊ ခေါင်း လောင်းနွယ်ပွင့်၊ အကြိုးနှင့်ကို၊ သဇင်နည်းခံ၊ ပန်ခပ်တူ၊ ဝါဖြူအသွေး၊ မွှေးသကဲ့သို့၊ နံစို့စို့-မို့မို့ဆင်၍၊အသွင်တူအောင်၊နန်းတော်သူနှင့်ကြွသော်၊ မြင်ရသည်သူ၊ လူမိုက်တန်တန်၊ ပြောင်းဆန်စိမ့်ဆပ်၊ ပြေ့မနပ်ကဲ့နှယ်၊ ခပ်ရှုးရှုးမှာ၊ နှစ်ဦးဟာကိုဘက်၊ ရွှေသဇင်ပန်းချည်းမှတ်လေသည်။

ခေါင်းလောင်းနွယ်ပန်း၊ သဏ္ဍာန်မူလ၊ ပန်းမျိုးထိပ်တင်၊ သဇင်ဝါဖြူ၊ သည့်နှယ်ဟူ၍၊ လူပညာယို၊ မြင်တည့်သိတတ်သည်၊ မျက်စိမှာဖြစ်လျှင်၊ သဇင်ရှင်ကို၊ သခင်ရာနေ၊ ကြက်သရေတံပိုးမြတ်လိမ့်။

ပန်းဖြစ်ကတတ်ဆန်း၊ ခေါင်းလောင်းပန်းမှာ၊ လူသွမ်းပန်းပန်၊ တဟင်း ငန်မို့၊ ကျွန်ဒဏ်နှင့်ကျိန်းချေ၊ ကျွန်ဖြစ်စေလို့၊အသေသတောဆိုရာသည်။

နားတန်ဆာဆင်၊ ယဉ်ပင်ထွတ်နှ၊ ရကန်မှုမှာလည်း၊ ယခုထင်ကာ၊ဖလ်မှုလနှင့်၊ မှန်သားအသွေး၊ ရေးကွာသည့်နှယ်၊ သဇင်သယ်မှာ၊ နွယ်ခေါင်းလောင်းပန်း၊မြေထောက်၍လှမ်းသော်လည်း၊ တနှမ်းလုံးခန့်၊ မဝင်ဆန့်သည့်နှယ်၊ ဂုဏ်ညာဏ်ကြီး အာဇာနည်ကို။ [တော်ပြီ။]

**အမှာ။** [ငင်းဒြိုးတိုးဆိုရာမရကန်ကို အချို့စိမ့်ကြီးမြှင်ကြီးကိုဆိုသံ ကြားရသည်၊ သုံးလေးပိုဒ်သာ၊ အချို့ ဝစနာလက်ာချိ နှစ်ပိုဒ် သုံးပိုဒ်၊ အချို့ ဖန်ခါးသီးချိုး,သရက်သီးချိုး,ညောင်ပင်ချိုး,သဇင်ပန်းချိုး-စသည် လိုရာကိုကျဟ်မှတ်ဆိုကြသည်၊ အသံ ကျ-နခြင်းမယှိသည်ကို သိရသည်။

အချို့ စိမ့်ကြီး မြှင်ကြီး-သဇင် အချိုးကိုသာ ဆိုကြသူ များသဖြင့် ရကန်အစ-အချိဟူ၍ မှတ်ကြသောကြောင့် သိမှတ်လိုသူတို့ အကျိုးငှါ ဤရကန်အစ-အချိုးကို ဖော်ပြခြင်းဖြစ်သည်။

၁၂၆၂-ခုနှစ်က မန္တလေးမြို့သို့ သွားရောက်ဗဟုသုတ ရှာဖွေမှတ်သားစဉ် ရကန်အဆိုကို သင်လိုသဖြင့် ဆရာကိုစုံစမ်းရာ ပဌမသင်္ဂါယနာတင် ဘုန်းတော်ကြီးဘုရား၏ စာတော်ဖတ်မင်း ဦးအုံမှတပါး အခြားကောင်းအောင် ဆိုနိုင်သူမယှိကြောင်း ကင်းဝန်မင်းကြီး မိန့်တော်မူသည်ကို သိရသဖြင့် စာတော်ဖတ်မင်း ဦးအုံကို ဆည်းကပ်နိုင်ရန် မြေထူးဝန်မင်း-မောင်မောင်ကြီးက အကြောင်းပြ၍ ခေါ်ပြီးလျှင် ရောက်သည့်အခါ <u>မောင်အုံရေ…ဟောသည်က ငါ့ဒိတ်ဆွေစာရေးကြီးက</u> ရကန်ဆို<u>သင်လိုပါသတဲ့ကွယ်၊ သင်ပေးလိုက်ပါဘိ</u>။

ဦးအုံက ကျွန်တော်မျိုးလာ၍ သင်ရမည်လား၊ ကျွန်တော်မျိုးအိမ်ကိုစာရေးကြီးလာမှာလားဟု မေးသောအခါ မြေထူးဝန်မင်းက မင်းအိမ်ကိုလာ၍သင်ပါလိမ့်မည်ဟု အမိန့်ရှိသောအခါ ကောင်းပါပြီဟု ဝန်ခံပြန်သွားလေသည်။

ဦးအုံဝန်ခံသွားသည့်အတိုင်းရံခါရံခါသွား၍ရကန်ကိုဆိုပြသည်ကို နာယူသင်ကြားရာ ရက်အရေအတွက်အားဖြင့် ဆယ်ရက် ကျော်လိမ့်မည်ထင်သည်။

သာချင်း, မော်ကွန်း,ပျို့,ရတု, ရေစက်ချဆုတောင်းစာ စသည်ကို ဆိုပုံကိုလည်း သင်ပြ၍ နာယူမှတ်သား ခဲ့ရပေသည်၊ နောက်စာတော်ဖတ်မင်းကို ငွေ ၃ဝ-ကံတော့ရာ သာဓု မောင်ရယ် သာဓု၊ မောင်က သည်ငွေ ၃ဝ-ကံတော့ရတာ နည်းသည်ဟု ထင်ပေလိမ့်မည်၊ ၁၂၄၇-ခုနှစ်ကစ၍ ယခုနှစ်တိုင် ကျူပ်လုင်စာသည် မောင်ကံတော့သော ငွေ ၃ဝ-ပဲ့ရသေးသည်၊ ကျူင်စိတ်မှာ သုံးသောင်းလောက် ရသည်ဟု ဝမ်းမြောက်ပါသည်မောင်၊ ဟောပုရပိုက်နှင့်မှတ်

သားထားတာတွေ အများပဲ့ယှိပါတယ်၊ မောင်အလိုယှိရာကို ရှာဖွေ ကူးယူပါဟု အခွင့်ပေးသောကြောင့် အလိုယှိရာစာများကို ကူးယူ မှတ်သား ခဲ့ရပေကြောင်း။

ရန်ကုန်မြို့ သရစိမ်း ဘုရားဝင်းတော်တွင်းနေ ဆရာကြွေသည် ရကန်ဆိုမှာ ဦးအုံ အဆိုနှင့် ထပ်တူဖြစ်၍ အချို့မေ့လျော့သော အရာများကို ဆရာကြွေထံသွားရောက် နည်းနာယူရပါသည်။

ရွှေတိုက်စိုးမင်း ဦးတိုးသည် ရွှေပို-ရတနာသိဉ်မြို့ အနောက်ဇီးတောရွာ ဇာတိသားဖြစ်သည်ဟု ပြောကြ၏။အမရပူရ မိုးတော်မင်းတရားကြီး၏ သားတော် အိမ်ရှေ့မင်း၏ လက်သုံး ကျွန်ယုံတော်အဖြစ်နှင့် ရွှေတိုက်စိုး ခန့်ထားသူကောင်းပြုသည်ဟု သက်ကြီးတို့ မိန့်ကုန်ကြ၏။

---

## * ၂၀၃-ဝန်ထောက်ရွှေတောင်နန္ဒသူဆို မွေးနွန်းရကန်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

အောင်စေသတည်း၊ ဆုလည်းမြွက်၍၊ အောင်မည့်နေ့တွင်၊ ရန်တွေ့စေဦး၊ အောင်ညွှန့်ခူးလိမ့်၊ ဘီလူးသန့်ဘက်၊ နှောက်ရှက်ကပ်မှိ၊ ဝေသာလီဝယ်၊ ညီတော်ဘုရား၊ ရတနသုတ္တန်၊ ပရိသံကြောင့်၊ ဝေးလံဌာန၊ ရှောင်ဘူးရပြီ၊ မာနပြိုင်တု၊ အကြမ်းမှုကို၊ အနုဖြင့်သာအောင်ရာသည်။

ဆင်ကြမ်းခေါ်ကျော်၊ များပင်သော်လည်း၊ ဥက္ကောင်းပေါ်က၊ ချွန်းရိပ်ပြလျှင်၊ ခယကျိုးနွံ၊ အညံ့ခံ၍၊ စောင်းမာန်ချလျက်၊ အာဏာစက်ကို၊ ငြိမ်သက်ကောင်းစွာတည်ရှင့်။

ဦးလည်နားပါ၊ ထောင်ထားခုန်ပျံ၊ အမြန်အလျှင်၊ ကျွမ်းကျင်လှသည် မှန်စေဦး။

သမင်ပြေးနှင့်၊ မြင်းပြေးနှစ်ဝ၊ နှစ်ဌာနကို၊ အရရွေးသော်၊ တပြေးမှာအရှုံး၊ တပြေးမှာကျေးဇူး၊ ဂုဏ်မကူးသာဘူး၊ အရှုံးနှင့်အယဉ်ကို၊ ယှဉ်၍တိုင်းမြီး၊ ဟုတ်ချေဘဲးကို၊မင်းပွဲးစိုးထံ၊ပန်ဘဲ့နှယ်ကူးအံ့။

တဦးကမှာမြဇာစ်အမျိုး၊ပိုးရည့်တောင်ဇာ၊ လည်ကုပ်ညှာလို၊သမ္ဘရာသီးခန့်လောက်နှင့်။

တဦးကမှာအဖျင်း၊ နှင်းဘူးကွဲးစိန်၊ဂုဏ်ကသိန်သနှင့်၊ အရှိန်မကောင်း၊ ဒေါင်းမြီးမှာအကွက်၊ လက်မသည်းကြီး၊ ဗီးရွက်ခန့်လောက်၊ မောက်မောက်ရောင်-ပွင့်ပွင့်ကို၊သင့်သင့်ကသာ၊ ခတ်ကွာကွာက၊လာသမျှလူ၊ မည်သူမရွေး၊ ဈေးနာရမည်-ဖြစ်ချေလျှင်။

ရာပြတ်လူပြေ၊ မြသန္ဓေကို၊ ကဝေမြောက်ဉာဏ်၊ ကုံးစီဖန်၍၊ ဝေဘန်နိုင်သူ၊ ဖြစ်လျှင်မူကား၊ မြသမားမှာ၊ ထူးခြား၍ဂုဏ်ကျော်ထင်အံ့။

မြင်မြင်ရာရာ၊ ရတနာကို၊ မျက်နှာရည်စူး၊ မတွေ့ဘူးသူ၊ တောင်သူယာခုတ်၊ နုတ်နုတ်ဖွဲးဖွဲး၊ မင်းပွဲးမဝင်၊ပြင်လွင်မျက်စိသာဖြစ်ချေက။

ဖလ်စိမ်းနှင့်မြစိမ်း၊ဗလိမ်းဗကျုံ၊တူဟန်ဟန်ကဲ့သို့။

ကိုယ်ဘို့ကိုယ်ပြော၍၊ ထောမနာခက်သည်နှယ်၊ ရှက်စချင်ဘွယ်၊ ဂုဏ်ငယ်နှင့်ဂုဏ်ကြီးကို၊ရိုးယောင်ယောင်သဘောကျလိမ့်။

ခုကာလလွှသမားမှ၊ လွှနားခိုက်ကို၊ ပရပိုက်တဆူ၊ ကန့်ကူတတန်၊ ကာရန်နောက်ပေါ်၊မနော်ရံကန်များကို၊လုပ်မြန်ကာမျှကသေးဘူး။

ဘယ်သူလုပ်စာ၊ ဘယ်မြို့ရွာက၊ ဆရာကိုဘယ်သူ-မွန်းဖြူမွန်းနီ၊ သူစီသည်စာ၊ ယှဉ်လှာလျှင်ရှိုင်း၊ တိုင်းလှာလျှင်ပျောက်ကရော့မည်၊ အမောက်အချိပ်၊ အသိပ်အနယ်၊စွယ်ရောင်ဂြိုဟ်ဝါ၊ ပါပြန်သည်လည်းအကူးထူးနှင့်၊ အရှုံးသို့ ခေါ်ရမည်သော်လည်း၊မနော်ကာရန်၊ရကန်များကိုလုပြန်ခဲ့။

ဝှတ်ဖြူနှင့်ခေါင်းတုံးသီတင်းသုံး၊ မြှုံးကြီးကိုထောင်ပြန်၊ သားလှံစွဲးကိုင်၊ ဒိုင်မှာငါးကိုသဲ့သို့၊ လူရွှဲ့လူမွှေ၊ လူတေလူမွဲး၊လူဆင်းရဲးလို့၊ အစွဲးမပြု၊ အမှုမမှတ်၊ အလွတ်လားလား၊ ထားရမည်လည်း၊ အထည်ကြီးအောင်၊ စွယ်ရောင်ဂြိုဟ်ဝါတပိုင်းနှင့်။

သက္ကလပ်ခြုံ၊ ကြစ်စုံပန်းကွက်၊ ဝတ်စားချက်မှာ၊ လက္ခဏာရေး၊ မှူးသွေးမတ်ရည်၊ အထည်နှင့်အသွင်၊ မြင်သူပိုး၁ါး၊စကားအကုန်ခင်း၍၊အချင်းအတွက်၊ ဇဝက်စရာ၊ ပညာနသူ၊ ဖြစ်ချေမူကား၊လူယဉ်နှင့်လူရိုင်း၊ ငသိုင်းနှင့်ငကြင်း၊အခင်းတွေ့၍နေရာသည်။

ပုဂံမြို့ကို၊ တို့သုံးလူဖျား၊ ဖျာဒိတ်ထားသောခါ၊ အဖျားကဗျိုင်း၊အောက်ပိုင်းကဖား၊ အလယ်ကဖွတ်၊ ထိုသုံးရပ်ကို၊စပ်၍နှိုင်းလျှင်၊ ဗျိုင်းအလိုမမြတ်၊ ဖွတ်အလိုသော်၊မတော်မမှန်၊ ပုဂံနှင့်ဗျိုင်းဖွတ်၊ မမြတ်သာမနိမ့်သာ၊ ရှာ၍ယူသောခါ၊အအူပေါက်သည်ချည်ဝင်သို့။

အရည်တူဟန်၊ ရကန်သီချင်း၊ ပုံစံခင်းလျှင်၊ ထိုသစ်ပင်ကို၊ ရှင်ပါကူ လည်း၊ ရှင်ကစ္စည်းလို့ လဲးခေါ်ပြန်ကြ၊ တောင်ရိုးတခွင်၊ အင်တိုင်းပြင်မှာ၊ အပင်မဝေး*၊အနေမမြင့်၊ အပွင့်မမွှေး၊ မလေးစားလောက်၊ မွဲခြောက်ဖျော့ ဝါ၊ ခေါ်ကြရာမှာ၊ ရဟန္တာမည်၊ သုအရည်ကို၊ အထည်နှင့်အနံ့၊ အင်တန်ပါ ပဲ၊ လဲးလူလို့သာခေါ်ခါနှင့်မပြီးရဘူး။

တဦးကမှာ၊ ယွပါ-လှပါ-ကောင်းပါဘိချင်း၊ နှင်းဖူးဖလ်အိုး၊မင်းမျိုးသုံး ပေ၊ ညောင်ရေတော်ပွဲ၊ နန်းတော်ထဲးမှာ၊ ရွှေခဲ့ဇာယု၊ မိမ္မနုများ၊ လက် ဖျားညွှန့်သွယ်၊ ဖော့လုံးနှယ်တွင်၊တင့်တယ်လို့သုံးသည်ဥစ္စာပေ။

ဟိုတဦးက၊ ဘူးပတုံရှိင်း၊ အင်တိုင်းရေဆောင်၊ ပလောင်စနေ၊ ပြုချင်သမျှ၊ ကျုကျုကွဲးကွဲး၊ ဆွဲးဆွဲးလွယ်လွယ်၊ ရေသယ်နေကျ၊ ရိုင်းလှသည့်အနေနှင့်၊ ထိစေခိုက်စေ၊တိုက်စေရမည်ဖြစ်ချေလျှင်။

အကျော်စမ္ဗာ၊နံ့သာနှင်းရည်၊ ထည့်သည်ဖလ်အိုး၊ အူရိုင်းမျိုးနှင့်၊ အဖိုး မမျှ၊ ဂုဏ်ကတခြား-ရွှရွှသား၊ ပါးပါးလုံးလုံး၊ သဇင်ကုံးစိုက်၊ မပြိုင်ထိုက် ပေဘူး၊ တိုက်မည်ဘူးက-အရူးသား၊သူကားဘယ်ထိတင်အံ့။

စာစပ်နှင့်လက်ာ၊ ကဗျာသီချင်း၊ စိုးမင်းသခင်၊ အရှင်များထံ၊ ရကန် လျှောက်ရမည်၊ တယောက်တဖက်မှန်စေကာ၊ ကွမ်းဝါနှင့်ဝေး၊ ဒိမ္မေးနှင့် ကင်း၊ ယင်းဗုံးရေသောက်၊ ကင်းခမောက်နှင့်၊ ပေါက်ခရိုသုံး၊ တုံးပေကပ်စ၊ ရပ်ဒေသက၊ ရိုင်းလှသည့်စာ၊ ဖြစ်သောခါလည်း၊ ဇာတိမင်းနေ၊ ရွှေပြည် တော်ရကန်က၊ သည်းခံဘူးလို့၊ ရူးနဲ့ရိုင်းနဲ့၊ အင်တိုင်းနဲ့ကိုဆွဲး၍ မလိုက် သာသည်။

ပိုးဝါနှင့်ချည်ဝါ၊ နံ့သာနှင့်ဒဟတ်သား၊ ဆားနှင့်ဖုမ္မသိန်၊ စိန်စစ်နှင့်ဖလ် ကွဲး၊ ပုလဲးနှင့်ယောက်သွား၊ သကြားနှင့်သကာ၊ နဂထာနှင့်ရွှေယက်ပြား၊ ငါးရိုးနှင့်ဆင်စွယ်၊ ကြွယ်လူးနှင့်ပေါက်လှ၊ စသာနှင့်ငချိတ်၊ ရိုးရိတ်ယောင် မှား၊အဖိုးထားမှာ၊ခြားနားဝေးလန်၊ရကန်သီချင်း၊သဘင်တွင်းမှာ၊ လူလင်း နှင့်လူမှုံ၊ ကံကြောင့်ကြုံကြလျှင်၊ ဂုဏ်ကလည်းနှစ်ပါး၊နားကလည်းနှစ်တွေ၊ နှစ်သွယ်စီနေမည်ကြောင့်၊ နားပြေလုလိမ္မာ၊စာယဉ်ကို စိတ်သွားနှင့်၊ နားမ တန်လျှင်၊ ညာဏ်မငုံမိယှိပြန်သည့်ကာလ။

ပြည်ကြီးသား-ပစပ်မှာ၊ ထောပတ်ကိုစားချင်၊ ကရင်မှာငါးပိ၊ သိသူမသိ သူ၊ အယူနှစ်ကွဲး၊ပုလဲးပုတီး၊ လုံးကြီးထိန်ဝင်း၊ ပယင်းပုတီး၊ ကွမ်းသီးခန့် ခလောက်၊ရဲးရဲးတောက်ကို၊ ကောက်ကရော့ကြိုက်ရာ၊ ပေးထည့်ပါရော့။

ရတနာနှစ်ကွဲးတွင်၊ ပုလဲးမှာလူလင်း၊ ပယင်းမှာလူတိမ်၊ နှလုံးငြိမ်၍၊ ဒိမ်ပါယူလိမ့်မည်၊ နားဆန်းသည်လူလိမ္မာ၊ ဂတိသို့မပါ။ မှန်ရာသာဆိုမည်ဖြစ်လျှင်၊ ငြိုဟ်စီးပင်နာနာ၊ ဇာတာပင်ရိုးရိုး၊ မှန်တိုင်းသာဆိုပါရော့ နဂိုယဉ်စာယဉ်၊ ဆရာယဉ်က၊ စိတ်ယဉ်နှင့်ဖွေရှာ၍၊ စာယဉ်အောင် စီလိုက်မည်၊ ထိတိုင်အောင်စံရော့၊ ရကန့်တွင်ဖြစ်လျှင်၊ ပညောင်ပင်ကဲ့သို့၊ လေတကျင်လေစောင့်ထောင်၊ မုန်တိုင်းနှင့်ဖက်၍၊ မိုယ်းသက်လေဆောင်-ဗရဗောင်လေဆင်စမ်းတော့ထိထင်ပေဘူး။

အမှာ။ [ ၎င်းအစပဋ္ဌမချီသောအချီးပုံကိုသာထည့်လိုက်သည်၊ ရွှေတောင်နန္ဒသူကား စလင်းမြို့တောင်လက် လက်မဲးရွာ ဖွားရာဇာတိ၊ ငယ်မည်မောင်တလုတ်၊ ဘွဲ့မှာ ဝန်ထောက် ရွှေတောင်နန္ဒသူ ဖြစ်သည်၊ အမျိုးအရိုးမိဘတို့ကို ပိဋကတ်သမိုင်းရှိက် မဖော်မပြချေ။ ]

## * ၂၀၄-ဝန်ထောက်ရွှေတောင်နန္ဒသူဆို ငွေတောင်ရကန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မင်္ဂလာဥဒါန်း၊သူများဆံန်းကြသည်၊ လန်းအသွယ်သွယ်၊ရကန်နယ်တွင်၊ ကျယ်သမျှအချဲ၊ နွဲ့သမျှနိဂုမ်း၊ ချုမ်းသမျှအစု၊ နုသမျှအသွေး၊ ထွေးသမျှအရှုပ်၊ မှည့်၍လုပ်ကြလျှင်၊ သမုဒ္ဒရ၊ သုညာဏ်ဝမှာ၊ သူများဉာဏ်သွား၊ ဆားတလက်ဖက်၊ လောင်း၍စွက်သည်နှယ်၊ ရှက်ဖွယ်ကြီး နေကြမည်စေတေတေ။

ဂဠုန်လို့စကား၊ ရိတ်သံပင်ကြားသော်၊ နဂါးနှလုံး၊ ဦးခြာနှုန်း၍၊ ဗရုံးဗရင်း၊ ခေါ်းနှင့်မြွင်းသည်နှယ်၊ သတင်းနှင့်သေငယ်သေလိမ့်မည်၊ ထွေထွေပြားပြား၊ တပါးဆရာ၊ ပညာဘန်းပြ၊ စီကုံးကြသည်စာများမှာ၊ဘယ်သူလုပ်စာ၊ ဘယ်ဆရာ၏၊ဘယ်ရွာကရကန်၊ နားသာခံရော့၊ င-ဉာဏ်နှင့်ငါ့စာကို။

ငါသိလိုက်မည်၊ မင်းထိုက်စိုးတန်၊ သုစာသွားမှန်သည်လို့၊ သုဉာဏ်ကိုသူပြောသည်၊ ပယောဂများစွာနှင့်၊ ဥပမာကိုဆိုလိုက်လျှင်၊ ကြေးဝါဖလား၊ သုံးဖန်များသော်၊ တပါးကကြေးညို၊ ပင်မထိသော်လည်း၊ သုဇာတိမျိုး၊ ပေါ်မည်စိုးသော်ကြောင့်၊ နှိုးရသည်ပွတ်ရသည်၊ လက်မလွှတ်ရသောသွင်သို့။

ဆင်အမျိုးတွင်၊ တန်းခိုးသင့်ရှုံ၊ ဂုဏ်မထွန်းတက်၊ ဆင်နက် ဆင်မွဲ၊ ဆင်ဆင်းရဲစု-အဝင်မှာ၊ ဦးကင်းမောက်ဖြိုး၊ ရေခမိုးနှင့်၊ ဂုဏ် တိုးစေကြောင်း၊ ထပ်ပြန်လောင်းသို၊ ဖူးတောင်းကွဲဖုတ်၊ ရေနံ့နှင့်သုတ်၍၊ ဂုဏ်ယုတ်မှာ။

ကြည့်တွင်းသာလိမ့်၊ သုဆရာကလည်း၊ သုစာကိုကြပ်ကြပ်၊ မယုံတတ်၍၊ အမှတ်ပေးသည်-ထေးဖာသည်၊ ကွယ်ကာသည်လည်းတိုင်းမသိ၊ ကျွန်တော်ကသိရန်၊ စာရကန်မှာ၊ ဆဒ္ဒန်ဖြူလှ ဦးဦးယွကို၊ မရေရ-ဇရနံ၊ ဈေးတံသည်ဖူးတောင်း၊ မဝင်ကောင်းပြီ၊ အကြောင်းကို ယူစာမိလိမ့်။

ရွှေသတိစစ်၊ ဇမ္ဗူရာဇ်ကို၊ အသစ်ဦးသော်၊ သုကျေးဇူးခံ၊သုအင်တံကို၊ မိုးလျှံစွဲစုမယ်ပြီ။

ကမ္ဘာဦးကလူ၏အစ၊ ပထမ အာဘဿရာက၊ ဖြူဟွာဆင်းသည်နှယ်၊ စလင်းကနည်းနာ၊ ကမ္ဘည်းဖြာ၍၊ ရေတလ္လာဆီတလ္လာ၊ ထားစမ်းပါရေ့၊ မျက်နှာကြက်၍၊ အထက်က နေသည့်ဆိုသို။

ဤဆရာကြီး၊ကဝိလက္ခဏာ၊ပညာဇနည်း၊ အယည်းစဆုံး၊စကားထုံးကို၊ ကုံးလိုက်သည်လက်ာ၊ စီလိုက်သည်စာက လည်း၊မြို့ရွာနိုင်ငံ၊မခံမခံနိုင်အောင်ပင် တိုင်းမသိလွင့်လေသည်၊ ဆင့်လေသည်၊ မချင့်နိုင်တံ၊ ဖောက်သည်ခံကြသည်၊ မမှန်တချို့ မှန်တချို့နှင့်၊ ရွက်စို့ဝမ်းပွင့်စ ငါးဆယ်။

လဲးလှယ်၍ယူ၊ ကြေးနီကူရာတွင်၊ မူလဟောင်းယိမ်းရသည်၊ မသိမ်းနိုင်အောင်ယို၍၊လွှန်မိသမျှ၊အနန္တကို၊ နောက်မှလိုက်၍၊တိုက်ဆိုင်ခဲ့မှ၊သဘောကျအောင်၊မူလအတိုင်းမဖြစ်ပြီ။

သကြဇ်ဝေါဇာ၊ထောင်ရာအဆုံး၊ ၃ဂ-ခု၊ထိုရတုတွင်။

ဇမ္ဗူနှင်းရည်၊ တိုင်းဦးတည်သို၊ ဘုန်းစည်နှင့် မေတ္တာဝင်၍၊ ပြေတင်မည်အကြောင်း၊ ဗိုလ်တသောင်းနှင့်၊ ကောင်းတုံသို့အချိတွင်၊ ရကန်စီပင်တောင်မက၊ နိုင်ငံတော်နယ်၊ အသွယ်သွယ်မှာ၊ ဘယ်ဆရာ၏၊ ဘယ်ရွာကရကန်၊ ဘယ်သူဉာဏ်နှင့်၊ မင်းထံစိုးထိုက်၊ စီကုံးလိုက်သည်လို့၊ အဆိုက်သင့်လျော်တွင်၊နားတော်ကြားပြန်ရ၏။

စိတ်ယွခနဲး၊ မီးခဲးရော၊ အပေါ်လွှာကို၊ပြာဖြူအုပ်၍၊ရုပ်ဖျောက်ကလေး-နေရာမှာ။

မီးအနောက်မှောင့်၊ စနေထောင့်က၊ မဖြောင့်သည်လေရိုင်း၊ မုန်တိုင်းထပ်ဆင့်၊ပြာကိုလွှင့်သောခါ၊သင့်အထဲးက၊ရဲးရဲးအလျှံ-ဖြာသို။

ရှေးဇာတိရင်း၊ ရွှေစလင်းမှာ၊ မင်းသုံးမခံ၊ မိုကညက်နှင့်၊စီမံသမျှ၊စာရကန်၏ ပုံနည်းတူ။

ရွှေနန်းတော်ရိပ်၊ ခိုအိပ်ခစား၊ ရွှေဓားကျောက်စီ၊ မည်ဇလီမွှမ်း၊ ကွမ်းခွက်ထွေးအင်၊ ဆင်လည်းပေါက်မ၊ ဝန်စုရ၍၊ ပြောပပွဲချီး၊ ရွှေထီးစလွယ်၊ မင်းဖွယ်စိုးရ၊ ဉာဏ်နည်းကြမ့်၊ စအသိညွှစ်၊ ရသာတစ်ကို၊ လှစ်၍ကုံးတော်မူသည်။

လူဘကယ်သား၊ နားတကယ်မှန်၊ ဉာဏ်တကယ်ယှိ၊ ပိဋကတ်ဗေဒင်၊ရာဇဝင်ဝတ္ထု၊ ကြည့်ရှုသင်ကြား၊မှတ်သားသည်သူ၊လူမှမှန်စေ။

ဗိတ်စေဘနာ၊ ယွခနဲ့ထိတ်ခနဲ၊ရိပ်ခနဲ့ယှိနေကြ၊ ဆရာကြီးစာကို၊ တကမ္ဘာစီစံ၊ တသက်ပံတိုင်တိုင်၊ ပိုင်းညက်နှင့်ဝါပေါက်၊ ယောက်သွားနှင့်ပုလဲ၊ ပတဲ့နှင့်ဂေါမိတ်၊ ပိတ်ကောင်းနှင့်ကပ်ဖျင်၊ ဇင်ယော့နှင့်သန္တာ၊ ဥပမာကဲ့သို့၊ ပါရမီမစုံ၊ နားနှင့်ကြိုလျှင်၊ ဂုဏ်တူယောင်ယောင်၊ အယူကောက်ကောင်းကောင်း၊ နားညောင်းသူယဉ်ယဉ်၊ ပွဲမှာယှဉ်ရမ့်၊ အစဉ်အောင်သည်၊ ထောင်လှသည်ပညာ၊ မင်းသုံးသည်စာကို၊ တောနားနှင့်နာလို့မှဖြစ်ချေဘူး။

အမှာ။ [ ၎င်းရကန်လည်း အစအချီပိုဒ်ကိုသာ ထည့်သွင်းလိုက်သည်၊ ဝန်ထောက်ရွှေတောင်နန္ဒသူ အကြောင်းမှာ မွေးနွန်းရကန်ယှိအတိုင်းဖြစ်သည်။ ]

---

## * ၂၀၅-မင်းဘူးမြို့လေသာကျောင်းတိုက်ဆရာတော် ဦးသြဘာသအချင်သူမြတ်စီကုံးသော ရကန်သွားမေတ္တာဇာ/ဓာ

ယဉ်အမြိုက်ဆန်း၊ ညွန့်လူလန်းနုန်၊ မြနန်းလိုက်ဂူ၊ နန္ဒမူမှာ-မဥ္ဇူသခက်ခိုင်၊ အချက်ကိုလေနှက်၍သွေး၊ ပြန့်ရှင်ရွှင်မွှေးသည်ထက်၊ သည်လေးဆူပွင့်၊ ပန်းမိဘ်သင့်မှာ၊ မြင့်နိမ့်လျှားနံ၊ ဆယ်ရပ်လုံးလျှံ၍၊ လေညာဆန်လိုင်တတ်သည့်၊ကြိုင်ပျံ့ပျံ့သင်း၊ ယနံ့ကရှင်းသနှင့်၊ လွမ်းတင်းမောက်ဝေ၊ သုရပ်မြေမှာ၊မျိုးဆွေကွဲ့သူ၊ ညိုးခိုက်တွင်ယူရလျှင်၊ ဘယ်ပူဇာဝေန္ဒိုးမည့်၊ နှလုံးငြိမ်ဆေးနှင့်အတူဟူ။ ။မှိုင်းဝေယှက်သန်း၊ ယုဂန်နန်းက၊ လျှပ်ပန်းတိမ်လွှင်၊ မြူးခိုက်တွင်မို့၊ လွမ်းသက်တင်ရေး၊ စဉ်ချယ်လှယ်ပြေးသည့်နှယ်၊ မွှေးနံ့အေးနံ့၊တပျံ့ဖြူးဖြူး၊ မြစ်ထိပ်ဦးတွင်၊ ရွှေဘူးသက်ကျပ်၊ ရွှေသာရပ်က၊ လေးထပ်ပွင့်ညှာ၊ ဂေါသီတာလို····၊စေတနာထပ်ပြိုး၊ တမုတ်ကြိုးနှင့်၊မအိုး

ငယ်-သိလိုက်မည်၊ နားခြင်ဆိန္နန့်၍ကြုစိမ့်။ ။ရည်တူကြည်ဖြူ၊ မဥ္ဇူ။
ဖူးခိုင်၊ တပြိုင်တည်းရှင်၍ပွင့်သလို….၊ပင်လယ်ရစ်ဝိုင်း၊ ညှိရိုမှိုင်းလှသည်၊
တိုင်းရာမည၊ အောက်ဌာနမှာ၊ ဗိုမဟာသ်၊ ကဲ့ပမာလို….၊ပွင့်ကြာညှိသွေး၊
မောင်မြတ်လေးနှင့်၊ နွဲ့သေးနုအူ၊ မယ်ဖြူရင်ညော့ကို၊ဖော်နှစ်ယောက်ကယ်
တို့၊ ငွမ်းပေါက်ဆိမ္မွေး၊ ရေအေးနှင့်ပန်း၊ ထိလျှင်လန်းသည့်နှယ်၊ စိတ်ဝမ်း
နှစ်သိမ့်၊ ဖရဏာဖိမ့်အောင်၊ နားစိမ့်၍သာချိုရှင့်။ ။ပြာသိုခါကို၊ ဥ္စါညှိုငုံ
ဖူး၊ ထိပ်ဦးမှာတင်သောသွင်….၊အစ်မတို့မှာ၊ မြတ်သုံးဖြာကို၊ ရတနာဝေ
ဘူ၊ မြတ်မတူအောင်၊ ရှစ်ဆူသုံးသိ၊ ကုံးညီညီနှင့်၊ ဘယ်ဆိမလပ်၊ ဆံထုံး
မှာညှပ်ခါသာ၊ မပြတ်နေ့တိုင်းဆင်လျက်။ ။ပြစ်စင်-ချစ်ခင်-နှစ်အင်မိဖ-
ဂုဏ်အလျှံ၊ အပ်နှစ်ခံရုတ်၊ ငယ်ဆည့်မှုတ်နှင့်၊ သမုဒ်ရေတုံ၊ ခပ်လျှင်ကုန်၏၊
သုဂုဏ်ကျေးဇူး၊ ကုန်နိုင်ဘူးဟု၊ ညွှတ်နူးနှစ်သက်၊ နားနှစ်ဖက်တွင်၊ မြရွက်
စိမ်းခွေ၊ ရွှေနဘောင့်နှယ်၊ ရှိသေလှစွာပန်၍။ ။နိုင်ငံပိုင်စံပြိုင်ခံသမျှ- ရန်မျိုး
ပြို….၊ထောင်ရှစ်ဆယ်လေး၊ မြင့်ဝေးယုဇနာ၊ မြင့်မိုရ်ချာက၊ ဘယ်ညာ
တောက်ထိန်၊ နတ်လွှက်ချိန်သည့်နှယ်၊ ဘုန်းရှိန်တော်နတ်၊ ကျွန်းလုံးခတ်၍၊
အမြတ်တကာ၊ လိုတော်ပါရသည်၊ မဟာအမရ၊ ပြည်မထိပ်ဆင့်၊ ဥကင်
မြင့်က၊ ဖြန့်ခွင့်ဥသျှောင်၊ ဘုန်းရိပ်ထောင်သည်၊ ပညောင်ပင်ကြီး၊ ကျွန်းလုံး
ထီးမှာ၊ မနီးမဝေး၊နှလုံးအေးထည့်အောင်၊ ဂုဏ်မွေးသည့်ရပ်သာကိုသာ။ ။
ဘေးပြိုမဆးလိုအေးချိုပြန်သွင်၊ ကြင်သူခင်သူမင်သူဟူသမျှ၊ မေတ္တာပေါင်း၊
မတ်နှင့်ညီမ-စသည်မျိုးဆွေ၊ဝေးနီးနေတို့၊ပို့လေသမျှ-စန္ဒနကို၊ရအလည်လည်၊
ခံ့သူပြီအောင်၍၊ ဆေးနီသော်မော်ကဲ့သို့ဖျော်၍။ ။မော်မော်မူမူး၊ ယှိုလျှင်
လူးရမည်၊ နှာဖူးတဲ့နှံ့သာပျောင်းနှင့်၊ သည်ကျေးဇူးပေါင်း၊ အကောင်း
မြတ်၊ အထပ်ထပ်အလီလီ၊ ကိုးကွယ်နေ့ည၊ ပန်ဆင်ရသည်၊ မချင်းမရွှဲ၊
မကွဲးဆွေသား၊ ပေါက်ဖော်များနှင့်၊အဖွားမိဖ-ယှိသမျှခု၊မျိုးဆွေစုမှာ၊ ဥပဒ်
အန္တရာယ်၊မတွယ်မငဲ့၊ တွင်းပြင်မဲ့၍၊ ကိုးဆဲ့ခြောက်ဖြာ၊ ဘေးရောဂါလည်း၊
လွှဥ့်ကွာခြင်းမသိဘူး။ ။စုံညီ-လှုံမှီ-ဂုဏ်ဆိပြည့်ကြွယ်၊ စက်နယ်အတွင်းမို့၊
သီတင်းဒါနလည်းမပြတ်ပါ၊ သို့ပင်လုံးစုံ-ပျော်ရပုံ တကတဲး၊ စိတ်အာရုံညှိုး-
ဘယ့်နှယ်ကို ကိုးရမည်၊ မအိုးငယ်-မသိသာအောင်၊ ။စိတ်မှာ-ထိတ်လှာ-
လိပ်ပြာ-သွင်းရသည်နှင့်လည်း အတည်တည်၊ ရောကမ်းယံ-နမန္တာနား၊
နှစ်ပါးမြစ်ထိပ်-စက်တော်ဆိပ်က၊ ယဉ်မြိတ်ညွှန့်လှူ၊ ရပ်ကြီးသူမှာ-စိတ်ပူရ
လေသည်ကား။ ။နေ့စ်တည်လေး၊ နှစ်မည်ရေးသည့်- ဟိုနှစ်သက္ကရာဇ်
ဆီကပင်၊ မယ်ဖြူယဉ်နွဲ့၊ ဆံထုံးမှာဖွဲ့နေကျ၊ တကဲ့ဥ္စါညှိုဖူးခါလိုလျှင်၊ နုပျို

ယဉ်သွေး၊ မောင်မြတ်လေးနှင့်၊ ဝေးလေသည့်အကြောင်းအင်နှင့်၊ သတင်း ရှင်ရှင်ကိုကြားချင်သည့်ဆန္ဒနှင့်၊နေရ၍လည်း ခုမဖြောင့်၊ စိတ်တိမ်လိပ်ဆိုင်၊ သက်တင်ခိုင်ကဲ့သို့၊ နေထိုင်မှုးမှိုင်၊ ဈေးစည်သည့်ဆိုင်မှာ၊ နှင်းခိုင်လေသွဲ၊ ယိုင်ကာနွဲ့သလို၊ တကဲ့စကားဖူးနုထွားကို။ ။လက်ဝါးနှင့်အုပ်ဖိ၍၊ ဆုပ် သည့်နှယ်၊ နွမ်းရုပ်ညှိုးပိန်၊ အခါခါကြိမ်ရသည်၊ မလိမ္မာကိုဖြစ်လျှင်ငိုပြီ၊ အလိုဆိုသယ်သည်မျှ တန်းမိတယ်၊ မချမ်းဘဲနှင့်တုန်၏၊ နောက်မှသင့်ရှိ၊ သက်လုံငြိမ်ဆေး၊ အေးဖို့စကား၊ ကြားရ၍လည်းမထောင်းတာ၊ သို့ပင် ဖြစ်လည်း၊ မုန်ရစ်သည့်ဆင်၊ လိုက်မည်လို့ပြင်ရာတွင်၊ ပြေးဝင်သည့်အုံ- ကလိမ်ချုံမို့၊စွယ်စုံဆင့် လက်လွတ်ပါလျက်နှင့်၊ ဝင်ထွက်ထိခပ်၊ ဆူးဥပဒ်မှ၊ မလွတ်ငြိတွယ်၊ ယိုလေတယ်ကြောင့်၊ ဖိနေစွယ်ခိုင်ဖြန်း၊ ညှိုးသည့်ပန်းကို၊ နမ်း၍ကြိုင်သင်း၊ မွှေးမရှင်းသည့်နှယ်၊ သတင်းမသက်သာခဲ့။ ။သည့်ပြင် ထွေလာ၊ပုစရာလွှမ်းစရာက လည်းပြောမမှန်၊ တနှစ် တခေါက်၊ အောက်နှင့် အညာ၊ လာအားနိုင်ထား-မှာစကားမှ၊ကြားရမည်ခဲ၊လမ်းကြောင်းလွဲ၍၊ အင်းရဲကြိုပျော်- ဝဲရေကျော်နှင့်၊ တနော်ချောင်းဝ- ဆိုသလရှင့်၊ အစ်မ တို့မှာ၊ မြတ်မောင်နေရာကို၊ ဘာသာအမှတ်၊မသိတတ်ဖူး၊ ဟိုဒီစပ်ရပ်စိန် ခွန်မှာ။ ။ဘုတော်သံဆိတ်ညံညံ့စည်ကျံကျံရေလျှံလျှံ- ဒီလှိုင်းသံ မိုးယံးသံ ကလည်း စဲးမလပ်၊ ရွှေညာရပ်နှင့်လည်း တူပါပဲနှင့်၊ နဲ့ရွှဲးအုပ်ဆိုင်- ခံ့တိုင်စနက်၊ဆားချက်နယ်တွင်၊ အင်ခွင်ရေပြင်၊ စစ်တုရင်သား- ယှစ်ကွက် ကျားငယ်နှင့်၊ ချောင်းသွားအဖျပ်ဖျပ်၊ ညွန့်ဖလချပ်၊ ဒီရေစပ်နားကို၊ ကန စိုတဲ့ ငရဲးသစ်ငုတ်၊ ထွေးရှုပ်ထော်လော်၊ မတော်၍လည်း မမြင်ကောင်း၊ ရေကျရေလျှံ၊ ရေငံဖျဖျ၊ဘယ်ကဘယ်ကို၊ အလျှိုလျှိုဖြာပြီး လိုရာစီး၊ ပိတ်ဆီး ယှက်သန်း၊ စေးချုံလွန်၍ ကမ်းခြေမယှိ၊ဆူးနွယ်ချင်းညိရသည်၊ကြောက်ဖွယ် လိုကြိမ်ပိုက်ချောင်းမှာ၊ င-မာန်ရဲးမိကျောင်း၊ မကောင်းဘေးရန် ကလည်း အသွယ်သွယ်။ ။လူဆိုးလူဖျက်၊ ဘလက်ကာယ၊စသည်တသီး၊စုကြီးနတ်ရဲး၊ တောကျွဲသစ်ကျား၊ သားငါးဥပဒ်၊ မြွေ့ကြွတ်များခြင်း၊ မှက်ခြင်ယင်ရဲး၊ ကိုက်ခဲးခုခု၊ ဆီးတားပြုရသည်၊ ဒုကာမကာရိုနယ်တည်း။ ။နှင်းနွယ်မင်း ငယ်-အင်းကျယ်သည့်ဟိုမြေမှာ၊ ချက်ကြွေဇာတိ၊ မိဘရပ်ရွာလည်း မဟုတ် ပါဘဲး၊ သို့နှင့်ပင်ကို-ခွါပန်းညိုငယ်၊ကုသိုလ်ပွါးရာ၊ ရပ်ရွှေညာကို-စာချုပ်၍ ရှောင်၊ တကဲ့ယောင်သို့၊ မောင်နောင်ခေါက်ခေါက်-ရောက်တိုင်း ခေါ်ငင် လျက်ကိုပင်လဲး၊ လိုက်ချင်ဘူးတဲ့ရှင်။ ။နတ်ပြည်အောင်ပွဲး၊ စွဲးသန္ဓေနတ် မှန်သည့်သူ၊ နှောင်နှံ့လက်ဆွဲး၊ ဆွေကခွဲး၍၊ ပြောင်းလဲ့ဥစ္စာ၊ နဂါးဘုံမှာ၊

ဆင်းခုန်၍စံမည်ဟူသော်၊ ထိုနှစ်ဦးသူ၊ နဂါးမူကို-တုယူ၍၊ ကြင်နိုင်ပါမည်
လား၊ ရွှေဂူလိုဏ်သာ၊ဖော်ကဒ္ဒါ၍၊ ဟသ်ာမဖို၊ မြူးမည်လို့ ဆိုသော်-မလို
ကျိုးဘုတ်၊ လိုဒီးဒုတ်ဟု၊ ခင်ပုတ်အယူ၊ များမဖြူလျှင်၊ ထိုသူထိုသူ အခက်
ငြားချည့်။ ။အလေ့တပါး၊ ကျက်စားတကာလ-စီဖြစ်ကျလာ၊ ကျေးဇူး
သိသူ၊လူကို အထူးထားပါဦးတော့၊ ရွှေဘူးအခနောက်-တောင်ရံတွင် ပေါက်
သည့်၊အခေါက်ပြန့်ရှား၊ သနပ်ခါးမှ-ဒိနားဆားငံ၊ မြေစိမ်းစွန်တွင်၊ စင်ခဲ၍
မညိုးရအောင်၊ ပျိုးကတဲး နေချိုးဘူးယှိပါဇယ့်။ ။မနေ့ရှောင်ရှား၊ ပြည်ရွာ
စွန်နား၊ လက်ဖျားကိုင်းခက် သီးပွင့်လို၊ လေပြေတံလျှပ်၊ ဥပဒ်တွေ့ကြိမ်-
မငြိမ်လှုပ်ရှားတတ်ချေကားဟု၊ စဉ်းစား၍ပင်၊ ထားညှိလွင်ငယ်၊ ကြင်သူ
ခင်သူ၊ မယ်ဖြူနှင့်တကွ၊ ယှိသမျှဖို့၊အစ်မရို့ လွမ်းပိုအောင်၊ ဘယ့်နှယ်ကို
သွယ်ဝယ်၍သုဆန္ဒ၊ မိဖမျိုးနွော့၊ ရှင်ပျော်နေသည်၊ ရွှေဘူးမင်္ဂလာ၊ ရေသိ
တာကို၊ ပစ်ခွါဆုတ်ပယ်၊ ကိုယ့်မြို့နယ်မှ၊ ပင်လယ်ဟိုမြေ- ဆားငံရေတွင်၊
ရွှေကြာငုံဖူး၊ တနယ်ချင်းကူး၍၊ အထူးကြီလေရသည်။ ။သည့်နှယ်လို့
ယူ၊နေ့တိုင်းပူရသည် ခုမချို။ ။နံ့က်ညချမ်း၊ ဆိုင်စည်သည့် လမ်းမှာစိတ်
ဝေ၊တပ်မပြေနိုင်အောင်၊ သူမတ်သူမောင်၊ သူလှောင်မရှင်၊ လှယဉ်ရွက်နု၊
လူပျိုစုများ၊ ပျော်မှုရွှင်ပြုံး၊တအုန်းအုန်းနှင့်၊နှလုံးလျှလျှ၊ပျော်ပါးကြသည်ကို၊
မြင်ရတိုင်းပင်၊စိတ်ဘဝင်မှာ၊နှုန်းချည်မြင်ရုံ၊ရွှေဖြူးဒုံနှယ်၊စုပုံ၍နေသောခါ၊
စိတ်ရဗျာလှိုင်ခဲ့၏ ရှင့်၊ မချိညိုးငယ်၊အသွယ်သွယ်ထွေပြား၊ ဆန်းဖြားသမျှ
အဖြာဖြာ။ ။အလှအမွေး၊အသွေးစုံညီ၊ ပန်းစုံစီကို၊ နီဖလံအတွင်းစံ-ရွှေ
ကြာပုံကလပ်မှာ၊ စီတတ်သူစီဆင်၊ လှကြောင်းပြင်သည့်နှယ်၊ ကုန်စင်ချယ
သန်း၊ ယဉ်၍ဆန်းအောင်၊အလွမ်းကြီးကိရိယာကို၊ ဆိုလျှင်များစွာ၊ ဥပမာ
စုံစုံ၊ မကုန်နိုင်ဘူးအဆိုင်ဆိုင်၊ သွယ်သွယ်ပပ၊ဆိုရပါမည်ကို၊ အစ်မသက်စု၊
ယဉ်နုထွားပျို-မောင့်အစ်ကိုလျှင်၊ လေညှိဆန်ပို့၊ ဘုန်းလျှံသည့်မြို့သို့၊ ဆန်
လို့ခုမကြာ-မရောက်လှာသည်နှင့်၊ သုမှာရတက်၊ တနှောင့်ယှက်၍၊ တဖက်
စိတ်ကူး၊ တကိုယ်ထူးငယ်မို့၊ ညွန့်ဖူးများဖြာနိုင်ပဲ။ ။စုံမြိုင်-ဂုဏ်လှိုင်-ပုံ
ဆိုင်ရာယှဉ်၍၊ ယဉ်ရှုံသာမွေးရွှင်ရွှင်၊ လက်ာနိဂုံမ်း၊ကွန်ချာရှုန်း၍၊ နှလုံး
အန္တရာယ်၊ ကြားလျှင်ပြယ်တဲ့အောင်၊ စမွယ်မာလာ၊ ဇလတ္တာ ပြန့်ရှား၊
စကားပွင့်စ၊ နွေခနှောင်းလတွင်၊ ဖျာပါဒအပုံမှာ၊ မိုယ်းပဏ္ဍုန်ဆော်ခိုက်မို့၊
ထိုက်သမျှအကြောင်းကို၊ စုပေါင်း၍ လွမ်းတန်းဆင်သည်။ ။လေးအင်
ရောင်လျှံ တပြောင်ပြောင်၊ တောင်မြင့်မိုရ်သခင်၊ နတ်ဘုရင် သိကြားနှိုက်၊
ဆဲ့နှစ်ပါးဝန်စုတွင်၊ သုမေရုသဘင်၊ ငါးသွယ်ဝင်နေရာရ၊ သကြဳကျအခါက

စ၍၊ တန်းဆောင်မုန်း၊ ဆုံးအောင်သုပိုင်နက်၊ ရေစက်ဆင်ဝန်မင်း၏ အခါတွင်၊ ပုဏ္ဏမီ-မိဂသီနက္ခတ်နှင့်၊ နေပြာသာဒ်ပြိုင်ကြွ၍၊ ဇေဌကြယ် နဂါးမှာ-လ-နတ်သားအမှီ၊ သည်ရာသီသို့လျှင်၊ ညှိရီရီ တိမ်လွှာနှင့်၊ လျှံဝါများမရှင်ဘဲ၊ ဘယ်ကောင်းကင် ကျန်ပမည်၊ ပုံသဏ္ဌာန်သည်ကာလနှင့်၊ အစ်မခုတူသည်။ ။ကြင်သူလည်း ရွှေမြို့မှာ၊ မေတ္တာလည်း တဝမ်းပေါက်မို့၊ မတံတတယောက်လည်း၊ အောက်မြေမှာကွဲးလေသည့် အတွက်များကြောင့်၊ လွမ်းဟောင်းမှာ လွမ်းသစ်နှင့်၊ထပ်ရစ်ကာစုပုံ၊ နှင်းအုံရွှေနွယ်ကို၊ ဘယ်ကလေညာကလေ၊ အထွေထွေဆိုင်သည့်နှယ်၊ ဆောင်ပြိုင်သည့်ခန်းသာမှာ၊ ပျောင်းခွေကာဗျာသို့ငိလို့၊ မှိုင်စိတ်နှင့်ဖျား။ ။အကြိတွေပြား၊ ဗျာပါများရ အတည်တည်၊ ညာပြည်နှင့်အောက်ရွာကို၊ ဒွာယ့်ကလောက်ကယ် ကွာသည်လို့၊ စာလိုက်မိသတုံ၊မိုယ်းပဇ္ဇုန်ပိုင်သသည့်၊ကာလရောက်လျှင်၊ အောက်ရပ်မှာအမြဲး၊တိမ်ခဲးတိမ်ပုန်း၊ ထစ်ချုန်းရိုက်ခွေ၊ နေကိုမမြင်၊ကြတ်တင်စပါး၊စား၍တဖန်၊ဆောင်းတိုင်ပြန်လျှင်၊ ဆီးထန်ထန်နှင်းဖျော်ဖျော်၊မိုးပေါ်မှာပြောင်မှုန်းမှ၊ နေစက်ဝန်းအမြင်၊နွေပေါက်ပြန်လျှင်လည်း၊ မင်းလွင်နှင့်မြူ၊ ထူထူရီမှိုင်း၊ မုန်တိုင်းလေသုန်၊ ဂဠုန်နှင့်နဂါး၊ မြူးစားနှောက်မွှေ၊ ပင်လယ်ဝေ-ရေအလျှံ၊ ဆဲ့နှစ်တန်ရာသီတွင်၊ ဘယ်ဆိုဘယ်ကာလမှ၊ စိတ်သောက လွတ်ရဘို့၊ ကြံမရဟိုမြေမှာ၊ ဆွေမျိုးလည်း တ-တ-တ၊ နေရသူလည်း တလန့်လန့်၊ ဘယ်အခန့်ဘယ်အကြောင်းမှ၊ ကောင်းမဆိုင်ပါ၊ ရွှေညာကမ္ဘိသူမှာ၊ စိတ်ပူလို့ဗျာဖိုအောင်၊ ဥါညိုမြသွေး-ငယ်ရပ်ဝေးမှာ ရှင်အရိပ်တွင် ကြီးစေတော်၊ လွင်တီးသစ်ပင်ကို၊ လေဆင်လျှင် လက်ကာလို့၊ လွတ်သာဘူးအယူနှင့်၊ မယ်ဖြူကိုသွေးခေါ်လို့၊ပေါက်ဖော်ဆွေမျိုးများကို၊ကြာရိုးနှင့်သီတာလို၊ တခါနေရအောင်၊ ရွှေညာကိုဆန့်ခဲ့ပ၊ မှန်ကြေးမုံသား။ ။ဆွေမျိုးမမှတာ၊ ကြင်နာသသူ၊ ကွဲးသည်ဟူက၊ စိတ်ပူအလွမ်း၊ ယှိမြီးတန်းကို၊ အဆန်းဖွဲ့နွဲ့၊ မဆိုခဲ့ပဲး၊ လွမ်းမြဲးနှစ်ကိုယ်၊ဖော်မှာဖို၍၊ မောက်မိုဆင့်ဖြိုး၊အစိုးရိမ်အနှောင့်နှောင့်၊ အကြောင့်ကြအတန်တန်၊ မှန်မှန့်ချော်ချော်၊ပေါက်ဖော်မျိုးချစ်၊ ဖြစ်သူတို့ဟမ်း၊ စိုးရိမ်ခန်းကို၊ စာတမ်းပြိုပြို၊ ခေါင်းစဉ်သာစီလိုက်မည်၊ သရဖီကြူကြူ၊ မဥ္ဇူပင်မွှေးမွှေး၊ မြတ်လေးပင်သင်းသင်း၊ အင်ကြင်းပင် ထွားထွား၊ စကားပင်ရှင်ရှင်၊ ဘယ်ပန်းလျှင်တူပမည်၊ မယ်ဖြူနှင့် မောင်မြတ်လေးတို့၊ ရန်ဘေးကိုပယ်ဖျောက်လို့၊ စိတ်နောက်ကိုဖြေ၊ သည်ပန်းပွင့် ကျက်သရေကို၊ ရွှေညာက မအိုးငယ်၊ တမုတ်ကြိုးနီနီနှင့်၊ ကုံးသီလို့ သွယ်လိုက်ကဲ့၊ ဟိုအိမ်လယ်ခန်းဆောင်မှာ၊ မောင်နှံ့စုံတူနှစ်ပါးတို့ ဆင်ကြလေခါလေ။

## * ၂၀၆-မင်းဘူးဆရာတော်ဆို မေတ္တာဇာကျေးစေရကန်

နှုတ်သီးသန္တာ၊ နီလာမြရောင်၊ ကိုယ်လုံးပြောင်နှင့်၊ တောင်မြင့်မိုရ်က၊ ပို့လို့ရသည်၊ ကျေးသူ၀တမန်ကျော်။ ။ဆိုလျှင် ကြားလွှယ်၊ သုငယ် သိစေ၊ အစနေသား၊ ယှက်ထွေဂုဏ်အင်၊ ပြည့်စုံသည့်တွင်၊ ရိပ်ခြည်လက္ခဏာ၊ သုမ္မရာကို၊ ရှုပူစာ၍မျှော်ရှင့်။ ။နုရွှေလှော်မူနီကို၊ ခုစေတော်မူမည် အခွင့်မှာ၊ သည်ကကြည့်မျှော်၊ နှုံ့ရည်ရော်သော်၊ တခေါ်ကလေး လောက်မျှမဝေးဘူး၊ ဂုဏ်မွေးသည့် နေရာဖြစ်ပေသည်။ ။ရွှေညာရပ် မင်လာတွင်၊ ဆရာဂုဏ်တဆူ၊ ကြော့ယဉ်စွဲနှံ၊ ကြာ၀တ်စုလို၊ သုဆွေသည်းရင်း၊ ပန်းနှယ်ကျင်းသည့်၊ ပွဲမင်းမွန်းရှုလူကို၊ မြန်ကြုမေးတည့်ချေ။ ။ပရမတ်သဒ္ဒါ၊ အလင်္ကာနှင့်၊ ကဗျာဖွဲ့ပြု၊ ဆန်းနည်းမှုတွင်၊ ညာဏ်နုတကာ၊ မှီခိုလှာရသည့်၊ ဆရာရင်ညွန့်၀က။ ။ဂိမ္ဘန်နွေဦး၊ တန်းခူးလရာသီ၊ မတိုင်မီခင်က၊ ခုဝိုင်ကျအောင်၊ ဆရာ့ထံပါးတော်သို့၊ မရောက်မသိလာပဲသိ၊ ဘယ်အကြောင်းရာယှိ၍သာလျှင်၊ လက္ခဏာရိပ်စ၊ မွန်းမူလသည်၊ ရှေးကနှင့်မတူဘိမှင့်၊ အတတ်သိရအောင် လျှောက်စေချင်သည်။ ။မွန်းကိုတစ်၊ မဂန်ချိအောင်၊ ထိထိပါးပါး-ခင်ဘုရားက၊ စကားလွန်ကြူး၊ ဆိုမိဘူး၍၊ အထူးဒေါသအင်ဖြင့်။ ။၀မ်းနည်းစိတ်၀င်၊ မရှင်၍ပေလား၊ နာချင်ဖလာက်တန်၊ ယှိသည်မှန်လျှင်၊ ရန်ပြေလွယ်ရေး၊ အစင်ဆေးဟု၊ ရှေးသူကောင်းတို့၊ ထုံးဟောင်းစကားစဉ်ကို။ ။ကြံပေါက်မှားလည်း၊ ဉာဏ် ထောက်ထား၍၊ ရန်ပျောက်ပါးအောင်ပြုရမည်။ ။သို့မဟုတ်သေးပေတမူကား၊ လူလိုလည်းပြု၊ လောကီမှုတွင်၊ အစုစုသာဆောင်ရန်များ၍၊ ထံပါးတော်သို့၊ မရောက်မသိသည်လား၊ ရင်သူနှင့်ရင်ငယ်သည်လည်း မလျှောက်ပတ်။ ။သံသရာထက်၊ ဝဲးစက်ခက်ဟု၊ လူပျက်စကား၊ အယူမှားချေလျှင်၊ ငွေသားစင်စင်ကို၊ ချိန်ခွင်လေးအောင်၊ ကြေးနီနှင့်နိုင်းချင်းစပ်သို့၊ လောကုတ်မွေဂန်၊ နှစ်တန်ထုံးမှာ၊ အသုံးတတ်ပုသင့်ချေသည်။ ။အိမ်မှူးနှင့်ကြမ်းပြင်၊ လောက်ကိုပင်လျှင်၊ ဘယ်သို့စဉ်အား၊ မွန်နှီးပွားသည်၊ လျှော့ပါးယုတ်တော့မည်သည့်၊ တဆံချည်မျှ၊ သည်စိတ်ထားလည်း၊ လားလားမှ မယှိလျှင်တည့်၊ ဆရာယဉ်အိ၊ မြတ်ကဝိ၏၊ လောကီတန်ဆာ၊ ဖြတ်ထုံးစာကို၊ လှေ့လာကျွမ်းခည်၊ ထုတ်ယူသည်တွင်၊ အလိမသင့်၍၊ မီးနှင့်ဆုံးလေထင့်ရှင့်။ ။သို့ကြောင်းအင်ကြောင့်၊ ပြစ်တင်မည်စိုးသလ၊ အထူးအထွေ၊ မတွေးပေနှင့်၊ တသ၀ေဆံချည်ခြမ်းမျှ၊ ကိုယ်တော်နှလုံးထားမယှိပေ။ ။ညီနှင့်မယို၊ ချစ်သည်ကိုလျှင်၊ မဆိုနှင့်ဦး၊ တလူးရန်ဘက်ဟူ၍: ဖြစ်ကတဲ့၊ ရတက်မထူ၊

စိတ်မပူဘူး၊မြူမရစ်သည့်၊ဦးသစ်လှော်ရွှေသို့။ ။သဘောတော်အနေမှာ၊ပဒေ
သာညာဏ်ကလည်း၊အလျှံထွေကွန့်၍မြူး၊ဌက်မ-အင်္ဂမ၊ထာဝရတည်၊မနေသုံး
ဆူ၊ ဆိုသည်မှုလည်း၊ ရန်သူဆက်ဆံ၊ ဖြစ်မြဲမှန်ဟု၊ ဓမ္မကံတရားနူး၏သို့၊
ဟုတ်သေးဘူး ကြောင်းတသွယ်၊ ဒွန့်ရာနွဲ့မှု-ကြာဝတ်စုလို၊ နုအူပျောင်းပြော့၊
လှိုးသစ်ဖော့နှယ်၊ ယဉ်ကြော့နုထား၊ ဖြူဖွံ့ထွားကို၊ သနားစရာ၊ ကြင်ဖွယ်
သာနှင့်။ ။တမျက်တောင်ကွယ်မှ၊ မခွါရလို့လားရှင်၊ သိပါချင်သည်၊
သို့လျှင်အဆိုဒက်ချည့်၊ ရတက်တခုယှိတော့မည်။ ။နဝံပိယံ၊ လောကဓံမှာ၊
ခွေဖန်စဉ်ထုံးကို၊ ရှေ့နှုန်းချည်ကုံးလို့၊ ရေဖြန်းမည်တုံးနှင့်၊ သုံးချင်ရှင်ချင်
မြဲးဆိုကြသည်ရှင်။ ။ထူးလည်သွယ်သွယ်၊ ပျော်ဖွယ်လူမှုတွင်၊ အနုတကာ့
ဦးကိုင်-ပေဘလဲးပ၊ ထုံစိတ်အာရုံနှုန်းအောင်၊ နှလုံးသီတာ၊သုမှုရာကြောင့်၊
ဆရာကိုမွှန်မွှေလထင့်။ ။သည့်နှယ်ကြောင့်လည်း စိုက်ပန်းခွေငယ်၊ နေ
သည်လည်းမဟုတ်က၊ ညိုးငယ်သွေမြန်း၊ သွေးမလဖမ်း၍၊ မကျန်းမမာ၊
ဝေဒနာသည်၊ ကိုယ်မှာရောက်လို့လားတည့်။ ။သို့အဝဝနှင့်၊ ဆရာက
တွေး၍၊ ပူဆွေးပါသည်၊ စကားဟုတ်မှန်၊ယိုတိုင်းပြန်ပ၊ တမန်ရွှေကျေး၊
ယဉ်ပျံ့သွေး၊ လူရေးလူရာ၊ မပြောသာအောင်၊ အပါခေါ်ခဲ့ရမည်ဟု၊
မိုယ်းသံစည်ရာတွင်၊မဆည်နိုင်ယိုရင်းနှင့်၊ယဉ်လှသည်ကိုယ်တော်၊မွန်ကိုမြှော်
၍၊ ကျောင်းတော်ဘုံနန်း၊ သာသည်ခန်းတွင်၊ ပိတ်လွှမ်းသည့်စက်ရာမှာ၊ မျက်
နှာတော်ညှိုးရသည်၊ ကြာရိုးကိုနေရှိန်သင့်သို့၊ အလွမ်းတဆင့်တွင်၊ ဘဝင်
စိတ်ထန်၍ဖြာ၊ ။နှစ်တည်ပူဆွေး၊ ရသည်ရေးကို၊ရွှေကျေးပန်းခွေ၊ပျံ့တည့်
ချေဟု၊ ဇစတော်မှု၍၊ မွန်လူထံသို့၊ လျှင်မြန်ခုးရောက်ပါရှင့်။ ။တမန်
အင်္ဂါ၊ ချိုသာယာပြောပြီးမှ၊ ခါဦးသကြန်၊ တိမ်တိုက်လျှံသည်နှင့်၊ လွမ်းရန်
ဖွယ်ထွေ၊ စိတ်များဝေသည်လို့၊ အထွေထွေမပျော်မြူးလေနှင့်။ ။ရွှေဘူးသူ
မျက်မှန်၊ဆရာထံကို၊ လေသံများဆောင်၍၊ ယှောင်တာင်ပျံခဲ့ပါဟု၊ ရွှေနှုတ်
ကယ်မြွက်ဟ၍၊ မြီးသွယ်တောင်ပံ၊ ကိုယ်ဟန်နုလွှင်၊ ကျေးရွှေစင်ကို၊ လက်
တွင်ထား၍၊ နားချင်အိမ့်ပြီးလျှင်၊ အဆိမ့်ကျော်သုဒ္ဓါကို၊ အမိန့်တော်နှုတ်
လျှာနှင့်စေသည်၊ ။ရွှန်းဝေမင်္ဂလာ၊ ယဉ်ညွှန့်က-ဖြာသည်နှင့်၊ ဝေဇယန္တာ
ဘုံနန်းသို့၊ ဂုဏ်ဆန်းသည်ဗိမာန်က၊ သေန်ဟိုမှာ၊ ညိုရီရီစိမ်းလွှင်လွှင်၊
ညောင်ပင်ကြီးမှေ့ယံကွင်၊ မွန့်စံသည့်ပွဲးဗိုကို၊ ကျေးညိုမြင်လိမ့်မည်၊ သံလွှင်
လွှင်အေးရဉ့်ရော်၊ရွှေကျေးလို့ခေါ်ကာမှုလက်ပေါ်မှာနားတည့်လို့၊ စကားချို
ငင်၊ကုန်စင်အောင်ပြောဆိုခဲ့၊ဂုဏ်ဖြိုးသူသွေးနေကျ၊မွှေးနံ့သာတိုး။ ။တမန်
တို့ဂုဏ်၊ အင်ယှစ်စုံနှင့်၊ ယုံမှတ်ဘိုင်းမှုကုန်အောင်၊ဆောင်နိုင်မည့်အရာ၊ ခဲလှ

စွာတွင်၊ အလိမ္မာတသွယ်ကို၊ ပရိယာယ်တသန်းလျှောက်၊ ဆန်းတတ်သည် တိုက်ကျော်မှာ၊ မဟော်ကျေးလိုမို့၊ တချို့ကိုမမှာဘူး၊ ပညာနှင့်သိမ်းရေ့၊ တိမ်းတိမ်းဖွေဖွေ-နေသည့်ခြင်းရာကို၊ သိသာစွာလျှောက်ရအောင်၊ တခေါက် မြန်မြန်၊ ဆရာထံကို၊ နက်ဖန်ခါလှာခဲ့ပ၊ ရွှေသာသုကေသာမှာ၊ လကျာရစ် ပန်နေကျ၊ ဂန္ဓမာကုံး။ ။ယခုသည်ကကျေးသူဝင့်၊ ပတ္တမြားသဏ္ဍာန်၊ မိုယ်းတိမ်ယံသို့၊ ပျံဝဲးသောခါ၊ နှံ့းသံနှယ်စောင်းသံနှယ်၊ အသွယ်သွယ်ရွှေယံ က၊ ရေသန်သည့်ကျောက်မော်မှာ၊ ဇင်ယော်-သောင်တင်း၊ ဟင်းသာမက လေးများ၊ ပူဆွေးအောင်ရဥ္ဆရူလို့၊ နွဲ့မူသံသာ-မာယာနှင့် ဖြားသောခါ၊ ယောကျာ်းတို့တန္တု၊ ဟိုစိတ်ပင်လုကဘဲ၊ ရှင့်မှုကုန်အောင်ဆောင်ပြီးမှ၊ ရွှေ ကျေးငဲ့ကိုယ်ရေးကိုစိတ်လို့၊ မိတ်လွတ်ရာပျော်၊မဟော်မင်းတမန်လို၊ နှစ် တန်သောအရေးကို၊ ဘေးလွတ်အောင်လိမ္မာခဲ့ပညာယှိထုံးလေး။

အမှာ။　[ငှင်းရကန်သွား မေတ္တာဇာ ၂-စောင်ကို ကုန်သည် ဘုရားတကာကြီး တဦးထံမှ ရခဲ့သည်၊ အမည်ရင်းကို မသိ၊ ဘုရားတကာ-ဟူသော အမည်သာ ထင်ယှားလေသည်၊ မင်းပူးဆရာတော် စိကုံးသောရကန် ဟူ၍ အချို့ကြားဘူးမည်မထင်၊ အလွန်တိမ်မြုပ် ငုပ်နေသော စာဖြစ် သောကြောင့် ဆရာတော် စိကုံးသောရကန် တွေ့ရ မြင်ရ ဖတ်ရှုကြရန် ထင်ယှားစေရန် ထည့်သွင်းဖော်ပြပါသတည်း။]

---

## *၂၀၇-ဆရာကြီးဦးအောင်ဖြိုးဆို ရာဇဝင်သာချင်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

မျှိုပေါင်းမင်္ဂလာ၊ ဘက်ပြိုင်မမျှော်၊ ကျွန်းလေးပေါ်တွင်၊ ဘုန်းတော် နေဝန်း၊ တောက်ပြောင်ထွန်းသည်၊ မော်ကွန်းသားစိမ့်။

ရတနာအောင်ပန်း၊ ကြုကြင်နှန်းနှင့်၊ သက်နန်းလှိုင်ကျော်၊ ငါးစုံပေါ်၍၊ ရှင်တော်ငါးဆူ၊လန်းလူသစ္စာ၊ ပွင့်လင်းဖြာသည်၊မဟာဘဒ္ဒကပ်၊အောင်ချာ ရပ်ထက်၊ နှံ့စပ်ရှည့်ကြွး၊ အာဒိစဉ်လာ၊ ပေါ်ထွန်းဖြာသည်၊ ကမ္ဘာဦးက၊ လူ့မှူးရာဇာ၊ မဟာသမတ၊ ထိုကဆက်မှတ်၊ သာကီမြတ်နှင့်၊နေနတ်နွယ်ဆက်၊ စဉ်မပျက်သည်၊ နန်းဆက်ရှည်လျား၊ မြတ်ရာဇဝင်၊ များပုံယင်ကို၊ ကုန်စင် ဗိပ္ပါယ်၊ ယှိတိုင်းသွယ်လျှင်၊ ကျယ်များပြားလိမ့်။

ငါးပါးမာရ်ခြွေ၊ သမ္ဗုဒ္ဓေဟု၊ ပရမေထွန်းတောက်၊ ကုသိန္နာရုံ၊ အင် ကြင်းစုံဝယ်၊ သုံးဘုံသူမှန်၊ ထွတ်ညာဆန်သည်၊ နိဗ္ဗာန်ဝင်တော်မူသည့် နောက်။

အို့လောက်ထင်ယှား၊ ကိုယ်တော်စားဟု၊ တည်ထားရိုက်ရာ၊ သာသနာသည်၊ အညာရပ်စည်၊ တကောင်းပြည်က၊ ထူးလည်လက္ခဏာ၊ ဘုန်းရောင်ဖြာသည်၊ မဟာသမ္ဘဝ၊ နှောင်းရနန်းလျှာ၊ စူဠာသမ္ဘဝ၊ ငယ်ကာလက၊ မြစ်မပင်လယ်ခေါင်၊ ဖောင်နှင့်စုန်ဆင်း၊ စက္ကုန္ဒြ၊ မြွေးယှက်ကြ၍၊ ယက္ခဩသခ၊ တွေ့ကြိမ်ရာတွင်၊ ပဉ္စာကင်း၏။

ရှင်ရင်းမြတ်မှူး၊ ဘုန်းအထူးလည်း၊ ဖိုးဦးတောင်စွန်း၊ သရေခေတ်တွင်၊ သာစည်ပင်လိမ့်မည်၊ ယခင်ညွှန်းခဲ့သည့်၊ ရွှေဋွန်းရယ်အာဏာနှင့်ညီစွာ။

အမှာ။ [တော်ပြီ၊ အကုန်မထည့်နိုင်၊ သာချင်းမူအစကို သိရုံဖော်ပြလိုက်ခြင်းဖြစ်သည်၊ ၎င်းသာချင်း သီရိခေတ္တရာမှ အမရပူရ ပြည်ထိ စီကုံးစပ်ဆိုထားသည်၊ အဆိုအသံ ထားပုံမှာ ရှေးက ဟောစာများကို စာဟောဆရာများဆိုသကဲ့သို့ ဖြစ်သည်၊ နားထောင်ဘူးသူ ရှေးမှီသူအို သက်ကြီးတို့ သိကြပေလိမ့်မည်၊ ယခုသခေင်းမှု စာဟောဆရာ ပျောက်၍ အဆိုအသံပျောက်လျက်ယှိနေပြီ၊ နှောင်းပေါ်လူကလေးတို့ဆိုရန် အလွန်ခက်ကြလိမ့်မည်ထင်ပေ၏။]

## * ၂၀၈-ရွှေကျောင်းရဲနေ စာဆိုတော် ဦးပုဆို
## ၁၂-သီရာဘွဲ့ လူးတားအချီး

တဆဲ့နှစ်လီ၊ ရာသီစကား၊ လူးတားသံချို၊ မြွက်ဆိုကျူးချည့်၊ ထူးညွှေ့လေ။ ။ဆန်းငွေကိုယ်စီ၊ လရာသီကို၊ ဘွဲ့ချီမြွောက်ချီး၊ အသီးသီးလျှင်၊ ယှဉ်မှီးစပ်ယှဉ်၊ စကားစဉ်၍၊ အယဉ်နုကျေး၊ ဆိုရေးဖြာဖြာ၊ လိမ္မာသိမြင်၊ ဆင်ခြင်တွေးဆ၊ စပ်သမျှကို၊ ကောင်းကြသည်ချည်း၊ အနည်းနည်းကို၊ ရုံးစည်းသံချို၊ အကျဉ်းဆို၏၊ ထိုမှတသွယ်၊ အကျယ်စကား၊ မှတ်သားစရာ၊ သည်လင်္ကာ၍၊ လမှာတခန်း၊ ပန်းကားတသွယ်၊ ကြယ်နှင့်တာရာ၊ နေမှာတခြား၊ ဘဝါးနာရီ၊ ရာသီတချက်၊ စက်လှုံသမ်ျာ၊ ဘွဲ့စာတလီ၊ စုံစီနိုင်မျှ၊ ဆဲ့နှစ်လကို၊ ဩဇကြိုင်မွှေး၊ စီကုံးကြွေးသည်၊ ချိုအေးသာယာ၊ နာလည်းနာပျော်၊ နားနှင့်ဇတော်အောင်၊ မချော်မချွတ်၊ ချောမွတ်ပြေပြစ်၊ ကောက်ကျစ်မယှိ၊ မြင်သိနားမှာ၊ ဆံ်စရာဟု၊ ကြိုင်စွာသင်းကြူ၊ မြတ်ရွှေဂုက၊ မဥ္ဇူရွှေခွက်၊ မွှေးပေါင်းဖက်သို့၊ နှစ်သက်ကုန်ကြ၊ စိုက်ယူတလျက်၊ တောက်ပဝင်းဝါ၊ လျှပ်ရောင်ဖြာသည်။ ။ရာသီဆဲ့နှစ်ဌင်တည့်လေ။ ။ပြေပြေတည့်ချိုအေး၊ ပန်းသို့မွှေး။ ။ဆိုရေးအသွယ်သွယ်။ ။နာဘွယ်တည့်ရှင်လန်း၊ သာထူးဆန်း။

မိဿရာသီ-တန်ခူးလဘွဲ့

၁။ ပျော်မြူးရာသီ၊ ဖူးစီပုရစ်၊ ရွက်သစ်ဖြန်းစ၊လန်းလှလေ။ ။တေဇော
ဓာတ်အိမ်၊ နွေဂိမှာန၊ တန်းခူးလဟု၊ စိတြခေါ်မီ၊ နာရီညဉ့်နေ့၊ မျှရွေ့တူညီ၊
သုံးဆယ်စီတည့်၊ အဿဝဏီကြယ်၊ နေနှင့်ဆွယ်လျက်၊ ညဉ့်ဝယ်စိတြ၊
သော်တာလနှင့်၊ လှည့်ကြမချွတ်၊ ကေဝဋ်တာရာ၊ ပန်းမြတ်လျှံဝေ၊ တောင်လေ
ညှင်းညှင်း၊ ဆော်လှာသွင်းသော်၊ ရင်တွင်းငြိမ့်လေး၊ ချမ်းတုန်အေးရှို့၊
ငယ်သွေးလဲ့ပြာ၊ မောင်နှင့်သာလျှင်၊ မေတ္တာမပျက်၊ လွမ်းကြင်ငှက်သို့၊
သိမ့်မြွက်မွှေးကြိုင်၊ ရွှေဂူပိုင်တွင်၊ တူပြိုင်ဆုတောင်း၊ ညောင်ရေလောင်း
သည်။ ။မွှေးပေါင်း နံ့သာရည်နှင့်လေ။ ။စက်ခြည်တည့်နှစ်သိန်း၊ ငါး
ထောင်ကိန်း။ ။တြိန်းဘဝါးမီ။ ။ဂိမ္ဘီတည့် တန်းခူး လဆန်းထူး။ ။
နှစ်ဦးမိဿခွင်။ ။သဘင်တည့်ပျော်မြူး၊ အတာပွဲး။

ပြိဿရာသီ-ကဆုန်လဘွဲ့

၂။ နှစ်သိန်းစက်ကျယ်၊ တသွယ်ဒိန၊ ပြိဿရာသီ၊ ပထဝီဓာတ်၊ ပညတ်
နာမ၊ ခေါ်ကြလေ။ ။သပြေညွန့်နု၊ ရတုမာသ၊ ကဆုန်လဟု၊ ပြည့်ထဝင်း
ဝါ၊ ဝိသာခါနှင့်၊ စန္ဒာလဝန်း၊ တူပြိုင်ထွန်းသော်၊ လေးကျွန်းလှည့်ပတ်၊
ဟတ္ထိတာရာ၊ ထပ်တူပါ၍၊ နေ့မှာတသွယ်၊ ကြယ်ကြတ္တိကာ၊ သူရိယာနှင့်၊
ယှဉ်လာမယွန်း၊ မွန်းတည့်ဘဝါး၊ ရငြားနှစ်ခု၊ ရွက်ဟောင်းစု၍၊ ရွက်နုဖူးစီ၊
နာရီနေ့ဝယ်၊ သုံးဆယ်ကကျော်၊ နှစ်ခုပေါ်လျက်၊ ညဉ့်သော်နှစ်ဆယ်၊
ယှစ်ခုကယ်၏၊ လှည့်ကယ်ရစ်ပတ်၊ စုံမြိုင်ရပ်က၊ သွင်းခတ်မှိုင်းရီ၊ လဝန်း
ချီ၍၊ ရွှေဖီစကား၊ မြသားလျှံဝေ၊ ပန်းမိုးစွေနှင့်၊ ညောင်ရေသဘင်၊သည်ပွဲး
တွင်၌၊ ပျော်ရွှင်သွန်းလောင်း၊ မျိုးတော်ပေါင်းတို့၊ ယဉ်ပျောင်းဟန်ချီ၊ ရွှေပိုး
တီသို့၊ လုတ်လီလုတ်လဲ့၊ ပင်ကိုယ်နွဲ့နှင့်၊ နက်ကဲ့လိုလို၊ ပြာညိုပွင့်တောက်၊
နီလာကျောက်သို့၊ နှင်းပေါက်သော်မှော်၊ ပန်းထည်ပေါ်ထက်၊ မာလာ
မက်၍၊ ဘယက်ဘယ်ညာ၊ အင်္ကျီမှာလည်း၊ ရွှေဇာမှော်ပွင့်၊ ဆင်တိုင်း
တင့်လျက်၊ ဘုန်းမြင့်စိန္တေ၊ ဓာတ်တော်မွေကို၊ ရှိသေကြည်လင်၊ ရှိပန်ဆင်
သည်။ ။သဘင်ညောင်ရေ ပွဲးတည့်လေ။ ။ယဉ်မူတည့် ပြာဝင်း၊ ခြောက်
ပြစ်ကင်း။ ။ယဉ်မင်းရွှေရုပ်နှယ်။ ။ရှုဘွယ်တည့်မြခဲး၊ ကျောက်မျက်ရွဲး။ ။
ပုလဲးလှကြေးမုံ။ ။တူစုံတည့်ယှဉ်တွဲး၊ လည်ချင်းနွဲး။

မေထုနရာသီ-နယုန်လဘွဲ့

၃။ တသိန်းငါးသောင်း၊ စက်ပေါင်းအကုန်၊ မေထုန်ရာသီ၊ တိမ်နီတိမ်
ပန်း၊ဆန်းလှလေ။ ။ဒွေဒွေအညီ၊ နာရီတပြာ၊ နေ့မှာသုံးဆယ်၊ စွန်းကယ်

စတု၊ ညဥ့်ဘို့ရှုသော်၊ တွက်စုနှစ်ဆယ်၊ ခြောက်ဝယ်ကသာ၊ ခတ်မှာ ဝါ ယော၊ ချောမောကြည်လင်၊ အာကာပြင်က၊ ကြယ်ဇေဌနှင့်၊ ထွန်းပရောင်စို၊ ဂြိုဟ်တနင်းလာ၊ ကြွသောခါလျှင်၊ တာရာအသ၊ ရံဝန်းခလျက်၊ ထွန်းပ ရှင်လန်း၊ ဥဒေါင်းနန်းလည်း၊ မြန်းရွှေစက်ချီ၊ မိဂသီနှင့်၊ တူညီတကွ၊ မွန်း တည့်ကလျှင်၊ ကေဘဝါး၊ မိုယ်းသားထစ်ကျူး၊ ကျေးငှက်မြူးသော်၊ ပွင့်ဖူး ရိုးသွယ်၊ စံပယ်မြတ်လေး၊ သင်းပျံ့မွှေး၍၊ စည်းဝေးသယ်ာ၊ အရိယာတို့၊ ရွှေစာမေးပွဲ၊ထိန့်ရိုက်ကြိုးမျှ၊ ပုလဲးသန္တာ၊ နီလာပတ္တမြား၊ ပြယားဝေါမုတ်၊ ဥဿဖယား၊ မြသားချယ်လယ်၊ ဆန်းကြယ်အရောင်၊ တောက်ပြောင်ဝင်းဝါ၊ သုမ္မာဝယ်၊ သယ်ာတော်များ၊ ဟောကြွားမိန့်မြွက်၊ မေးဖြေလျက်တည့်၊ မြရွက်ရိုးညှာ၊ ကညာနနယ်၊ ကြင်ဘွယ်အများ၊ သက်တင်သားတို့၊ စုလျား ပတ်ရစ်၊ ဆယ်ခကျော်နှစ်က၊ အချစ်ကဲးမိုး၊ ဆင့်ဆင့်တိုး၍၊ ရှိခိုးဦးပန်၊ ရှင်ပင်ထံတွင်၊ မောင်နှံမြွက်ဟ၊ တောင်းဆုသသည်။ ။ဖူးစစံပယ်ပန်းနှင့် လေ။ ။နယုန်တည့်စိုရှုံး၊ စာမေးပွဲး။ ။လျှော့ရဲးဆံကေသာ။ ။စက်ရာ တည့်ခွေယိမ်း၊ ညွှတ်ခါတိမ်း။ ။ဟန်ယိမ်းသည်မယ့်ကိုယ်။ ။ပြုံးချိုတည့် ရယ်ပဲး၊ အကုန်ချွဲး။

## ကကြိုင်ရာသီ–ဝါဆိုလဘွဲ့

၄။ အာပေါခတ်ချိန်၊ ထက်တိမ်မိုယ်းက၊ သွန်းချပဇ္ဇုန်း မြူးခုန်လေ။ ။ စက်နေနှစ်သိန်း၊ကိန်းခန်းသချာ၊ စွန်းပါငါးသောင်း၊ ချင့်ပေါင်းအညီ၊ ရာသီ ဇယ၊ ဝါဆိုလဟု၊ မှိုင်းမြူရီမှောင်၊ လျှပ်ရောင်ပြိုးပြက်၊ မည်းနက်ဖြူပြာ၊ စို့လိမ္မာနှင့်၊စိမ်းဝါနီခပြောင်၊ရွာသွန်းဆောင်၍၊သဲးသောင်ရေသွယ်၊ ရှယ်၍ မြစ်ကမ်း၊ ပြည့်တင်းကျမ်းနှင့်၊ လွှမ်း၍မအီ၊ သည်ရာသီတွင်၊ နာရီနေ့ကို၊ သုံးဆယ်ဆိုရှင့်၊ စွန်းပိုခြောက်ခု၊ ကြွင်းစုနာရီ၊ ညဥ့်ဘိုစီသော်၊ မညီအရေး၊ နှစ်ဆဲ့လေးတည့်၊ ဂျုံမွှေးဝတ်ဆံ၊ ရိုးတံမြရွက်၊ ပုန်းညက်ရွှေလျှော်၊ မွှေး ပေါင်းဖော်၍၊ တောင်တော်မြင့်ဖျား၊ မြင့်မိုရ်ခါးက၊ ပတ္တမြားဗိမာန်၊ ပြုဇ္ဇာ သဠ်နှင့်၊ ယုဂန္ဓိုရ်ခါး၊ လှည့်လည်သွားသော်၊ နောက်ကားမကွာ၊ ဗိုင်း တာရာနှင့်၊ ညီလာကုန်ကြ၊ ရောင်ထွန်းပလျက်၊ ဖုသျှနက္ခတ်၊ ဖလ်နေနတ် နှင့်၊ လှည့်ပတ်ညီစွာ၊ သွားသောခါလျှင်၊ မမြင်ဘဝါး၊ အသုဥ်းငြား၍၊ ပန်းများလှိုင်ကြွ၊ မဥ္ဇူရွှေရွက်၊ ပုန်းညက်ကြိုင်သင်း၊ ပဒ္ဒင်းတော်ပွဲး၊ သဲးသဲး အုတ်အော်၊ ရှင်ပျော်လှည့်ပတ်၊ပြာလတ်ကြန်ညီ၊ ကုမ္မာရီတို့၊ ဆိတ်စီနေသေး၊ ငယ်လှသေးရှင့်၊ မြသွေးစိမ်းလဲ့၊ နာဂသွဲ့သု၊ ရွှေမှဲ့မစွန်း၊သံချိုခွန်းနှင့်၊ ဆောင်

စွန်းခန့်းလယ်၊ မောင်နှင့်မယ်သည်။ ။ရှုဘွယ်ဇာကြိုးလိမ်သို့လေ။ ။လယ်ဇွေတည့်စက်ခန်း၊မှီအုံးဆန်း။ ။ဆွတ်ဖျန်းလေသွဲ့ယူ။ ။မဉ္ဇူတည့်ကြိုင်သင်း၊ ရန့်ချင်း။ ။ဝါတွင်းသည်ချိန်ခါ၊ ။အာကာတည့်တိမ်ပန်း၊ ရှုတိုင်းဆန်း။

## သိဟ်ရာသီ-ဝါခေါင်လဘွဲ့

၅။ မရမ်းချိပ်ရောင်၊ နိုးမှောင်ဝေလျံ၊ မိုယ်းသံခြိမ့်ခြိမ့်၊ သုံးသိန်းစက်နေ၊ ရွှေသိဟ်ရာသီ၊ ခါမှီဆန်းစ၊ လွမ်းလှခလေ။ ။တေဇောခတ်ခါ၊ လမှာဝါခေါင်၊ နိုးမှောင်လျှပ်ဆို့၊ သက်တံသို့သာ၊ မို့မို့မှိုင်းမှိုင်း၊ ပင်တိုင်းယိမ်းနွဲ့၊ တောင်လေသွဲ့၍၊ ရွာတဲ့မလို၊ လျှံပ်ရောင်စိုလို့၊ ရေညိုနဒီ၊ လျှမ်းလျှမ်းချိ၍၊ ရာသီဒိန၊ သည်မာသတွင်၊ ဇယတြိ၊ နေ့ယှိနာရီ၊ မမှိညဉ့်ရောက်၊ နှစ်ဆယ့်ခြောက်တည့်၊ လျှံတောက်ထိန်ဝင်း၊ အတွင်းပတ္တမြား၊ အပကားငွေ၊ မြူတေအရောင်၊ ဘုံဆောင်ရထား၊ လှည့်သွားမိုးစွန်၊ သရဝဏ်လည်း၊ မြားဟန်တူစွာ၊ ဇိုင်းတာရာနှင့်၊ ယှဉ်လာထွန်းပ၊ ပြည့်ကြအညီ၊ သည်ရာသီတွင်၊ ရိုးနိခတ္တာ၊ ပဒေသာသို့၊ စကြာမကုံ၊ လှည့်ခဲ့တုံသော်၊ ဝန်းရုံတူကွ၊ ကြယ်မာဃနှင့်၊ ကျွန်းမြလယ်ချာ၊ ရောက်သောဝါကား၊ ဘဝါးတခု၊ ရတုဝါခေါင်၊ တိမ်တောင်ပတ်ယှက်၊ သည်ရက်အခါ၊ မြတ်စွာထွတ်ထား၊ ရွှေစကားတွင်၊ ပွဲများငြိမ့်ခံ၊ စာရေးတံဟု၊ စီမံခင်းကျင်း၊ မင်းသားတသီး၊ မင်းသွီးတို့၊ မှူးကြီးမတ်ရာ၊ မြတ်သဃ်ာကို၊ ရသာထွေပြား၊ အပါးပါးနှင့်၊ သိကြားကြိချီ၊ ဆိမ့်ချိုအုန်းသီး၊ ပျောဘီးရောင်ကောင်း၊ မြဒေါင်းပေါင်တွင်၊ အသာတင်၍၊ သဘင်ခံပွဲ၊ ပုလဲရွှေမျှင်၊ ငါးအင်ကလျှာ၊ မိုးသူဇာဟု၊ ဖလ်ပြာတံခေါင်း၊ ရှိစုံပေါင်း၍၊ ဝတ်ညောင်းပန်ကြား၊ လျှောက်ဆိုထားသည်၊ ရွှေသားဝင်းနုနယ်သို့လေ။ ။ကြင်ဘွယ်တည့်နတ်လား၊ ရှိုးမိမှား။ ။သနားငယ်မူရာ။ ။ကေသာတည့်လျှော့ရည်း၊ ပန်းချိပ်စည်း။ ။အုလည်းပြတ်မလို။ ။သံချိုတည့်မိန့်မှန်း၊ အကုန်ဆန်း။

## ကန်ရာသီ-တော်သလင်းလဘွဲ့

၆။ သုံးသွယ်သိန်းနေ့်၊ ငါးထွေသောလီ၊ ပထဝီဟု၊ ရာသီဒေသ၊ မိုယ်းကခြိမ့်ခြိမ့်၊ ဇွေလိမ့်လေ။ ။မြစ်ရေယဉ်မြူး၊ သာဆန်းထူးသည်၊ သင်ဖြူးခင်းစုံ၊ ခြွေရုံအများ၊ လနတ်သားနှင့်၊ ယှဉ်သွားညီစွာ၊ ပြဗ္ဗာဘဒ္ဒပိုဒ်၊ ညဉ့်ဦးအရောင်၊ မြူမှောင်ကင်းစွာ၊ တာရာရွှေဇိုင်း၊ မရိုင်းနောက်က၊ အလျှံပြု၍၊ ထွန်းပရောင်လူ၊ ရွှေဇမ္ဗူရာဇ်၊ မှန်ပုံသစ်လျက်၊ တက်သစ်စံရှင်၊ ပဘက်ရ၊

တောက်ပဝင်းဝါ၊ နေစကြာနှင့်၊ ဥတ္တရာမှီ၊ ဖဂ္ဂုဏီဟု၊ ယှဉ်မှီနက္ခတ်၊ လှည့်ပတ်အတူ၊ ဇမ္ဗူမဉ္ဇူ၊ လယ်ဗွေရောက်ငြား၊ ဘဝါးဗီသ၊ တွက်ရမှန်ညီ၊ နာရီနေ့တွင်၊ သုံးဆယ်မြင်၍၊ နှစ်လျှင်စွန်းပါ၊ သည်အခါတွင်၊ ဖူးညှာဝေဝေ၊ ပန်းရွှေယင့်မာ၊လှိုင်စွာပျံ့သင်း၊ တော်သလင်းလဟု၊ မြစ်တွင်းသဘင်၊ လှေပွဲဆင်၍၊ လက်သင်ခလှော်ကား၊ ရွှေလှေများကို၊ ကစားလူးလှာ၊ စုန်ဆန်ကာလျက်၊ ရွှေတက်ပြိုးပြောင်၊ ပုံတောင်စည်မောင်း၊ ရေကြောင်း မြစ်လယ်၊ ပျော်ဖွယ်အံ့ချီး၊ တီးမှုတ်ကြော်ငြာ၊ သည်ပွဲသာတွင်၊ ဆင်းဝါရွှေရုပ်၊ ပုံသွန်းလုပ်သို့၊ ရေးချပ်လိုပ၊ ပျောင်းတိုင်းလှသည်၊ တူကွယှဉ်စုံ၊ ကမ်းမော်ခုံက၊ ပျော်တုံယှဉ်တွဲ၊ ရွှေလက်ဆွဲး၍၊ ပုလဲးရောင်လို၊ တူနှစ်ကိုယ်သည်။ ။လွမ်းပိုအပုံကဲးလို့လေ။ ။ရေယဉ်တည့်မြစ်တွင်း၊ သင်ဖြူးခင်း။ ။တော်သလင်းဟု၊ ခေါ်ရင်း-လအမှန်။ ။ဝသန်တည့်စိုရွှဲးရွာမစဲး။ ။ခေါ်မြဲးကန်ရာသီ။ ။ဖူးစီတည့်လေဖျန်း၊ယင့်မာပန်း။

တူရာသီ-သီတင်းကျွတ်လဘွဲ့

၇။ ချင့်တွက်နာရီ၊ တူညီအမျှ၊ ဖူးစငုံအာ၊ ရွှေကြာဝတ်ပန်း၊ ဆန်းလှလေ။ ။ဝါယောခတ်ညီ၊ နာရီနှစ်ပါး၊ နေ့ကားသုံးဆယ်၊ ညဉ့်ဝယ် ညီမျှ၊ ထပ်တူရလျက်၊ အဿဝဏီ၊ ရောင်စုံချီ၍၊ ပြည့်ညီထွန်းဝါ၊ ဂြိုဟ်စန္ဒာနှင့်၊ တူသာတကွ၊ ကာက-တာရာ၊ နေ့မှာစီတြ၊ နေနှင့်မျှ၍၊ ထွန်းပရဲးရဲး၊ ပုလဲးရွှေစင်၊ မျက်ရှင်နဝရတ်၊ လှည့်ပတ်လျှင်လျား၊ သုံးဘဝါးဟု၊ ပန်းများဖူးစီ၊ ကြာနီကြာညို၊ ပင်တိုင်းစိုသား၊ ရွှေလိုဝတ်ဆံ၊ ညှာတံနွဲ့ယိမ်း၊ မြောက်လေငြိမ်းက၊ ညွတ်တိမ်းပျောင်းအိ၊ ပွင့်ဘိငုံအာ၊ ငါးမည်ကြာတို့၊ လေညှာလေအောက်၊ ရနံ့ရောက်၍၊ ထွန်းတောက်လျှံလျှံ၊ ဝတ်ဆံရှင်ရှင်၊ မျက်ရှင်နဝရတ်၊ စီခတ်ဆောင်ယောင်၊ ရွှေနန်းဆောင်ထက်၊ ဘုန်းခေါင်ရာဇာ၊ စကြာမန္ဓာတ်၊ သောင်းလုံးနတ်ကို၊ မပြတ်နှစ်စဉ်၊ စီးဆင်ဆက်မြဲး၊ ကန်တော့ပွဲးဟု၊ ကျော်သဲးအုတ်အော်၊ ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း၊ ထွန်းလင်းရောင်ရှိန်၊ အာလိန်ငါးဆင့်၊ ရွှန်းရွှန်းတင့်သား၊ နတ်မင့်းစံရာ၊ ဝတိံသာသို့လေး ဖြာရောင်စို၊ မြင့်မိုရ်ပွဲကြီး၊ ယှဉ်မှီးတဝ၊ မြောက်လေသ၍၊ သက်မျှကြင်သူ၊ ဆင်းရွှေအူနှင့်၊ အတူတကွ၊ မောင်ကတိုင်မြောက်၊ မယ်ကဖောက်၍၊ နှစ်ယောက်စုံလင်၊စွယ်တော်စင်တွင်၊ ပန်းတင်ရေသွန်း၊ဆုယူညွှန်းသည်။ ။ပြောင်ရှန်းဆီမီးတိုင်နှင့်လေ။ ။ကြာခိုင်တည့်လျှံဝင်း၊ ကျွတ်သီတင်း။ ။ပြာဝင်းလှကြန်ညီ။ ။ဟန်ချီလို့ပြော့ပျောင်း၊ ရှုတိုင်းကောင်း၊ ဖယောင်းပုံမှီ။ ။သိင်္ဂီတည့်ရောင်ထွန်း၊ ပြောင်ပြောင်ရှန်း။

### ဗြိစ္ဆာရာသီ-တန်ဆောင်မုန်းလဘွဲ့

၈။ နှင်းဖွဲ့မှိုင်းရီ၊ရာသီဗြိစ္ဆာ၊ ဖော်ကွာတုန်ချမ်း၊လွမ်းလို့မလုံ၊ ခြုံသော်
အေးမြ၊ဆွေးရလေ။ ။တိမ်ခြေရစ်သန်း၊ မင်းလွင်ဖျန်း၍၊ စက်ပန်းသုံးသိန်း၊
မှာကိန်းအာပေါ၊ ကျယ်ပြောဒိန၊ သို့သည်လကို၊ မာသဗြိစ္ဆာ၊ နေ့မှာနာရီ၊
စွန်းညီအပြား၊ ယှဉ်ခုထား၍၊ နောက်ကားနှစ်ဆယ်၊ညဉ့်ဝယ်ဗိသ၊ တြိန္တနှင့်၊
ထွန်းပနက္ခတ်၊ ရွေပြာသာဒ်နှင့်၊ ကြယ်ကြတ္တိကာ၊ ကျီးတာရာကို၊ ပြည့်လှာ
ကုန်ကြ၊ဂြိုဟ်သူရနှင့်၊ညီမျှတူစွာ၊ဝိသာခါလျှင်၊ နေမှာလှည့်သွား၊ ဘဝါးစတု၊
ချမ်းစပြုသား၊ ငွေ့ဥစိုစို၊ မိုယ်းလုံးညှိုမြ၊ မောက်မိုဖြိုးမြင့်၊ ရွှေပွင့်ခဝဲ၊ ဝတ်မှုံ
ကြဲလျက်၊ ထွတ်ကဲစိန္တေ၊ ရှင်နတ်မွေ့ကို၊ ရှိသေညွတ်ကျိုး၊ မညိုးသဃ်ာ၊
လှူဒါရောင်ရှိန်၊ကထိန်ပွဲခင်း၊ ကြိုင်သင်းပန်းမလ်၊ဘုပန်မြွက်ဟ၊ သံချိုမြနှင့်၊
အလှပျောင်းအိ၊စတီရွှေသား၊ သည်အလားသို့၊ငါးပါးအင်စုံ၊ ဆုကြုံနိမ့်မြင့်၊
မြင်တိုင်းတင့်လျက်၊ မြပွင့်စိန်နီ၊ ပြာရီရောင်စို၊ ကျီးဥလိုနှင့်၊ ရွှင်ပျိုနုနယ်၊
နတ်နှင့်ဆွယ်သို့၊ လည်ဝယ်ရွှေညှင်း၊ လဲ့ဝင်းပြာဖွ၊ ဟန်ယှူယိမ်းနွဲ့၊ ခဝဲ
ပွင့်တုန်း၊ တန်းဆောင်မုန်းဟု၊ ခွေနွှန်းခန်းလယ်၊ ဇာကြယ်အုံးပေါ်၊
မွှေးပေါင်းဖော်၍၊ သွင်းဆော်လေညာ၊ သောကြာရပ်က၊ ဆွတ်ဖျန်းပြသော်၊
မှိုင်ဝပတ်လည်၊ ပင်တိုင်းစည်လျက်၊ သံပြည်ရင့်ကျူး၊ ကျေးငှက်မြူးသား၊
ဆန်းထူးဝေဝေ၊ မြောက်လေသွင်းချို၊ ရာသီဗြိစ္ဆာ၊ လမှာတန်းဆောင်၊
မြူမှောင်မသန်း၊ သော်တာဆန်းသည်။ ။တိမ်ပန်းထက်ကောင်းကင်တည့်
လေ။ ။စင်ကြယ်တည့်ညစ်ကြေး၊ မြူမှုန်ဝေး။ ။ချမ်းအေးမိမယ်ကိုယ်။ ။
လွမ်းပိုလို့ဖော်ကွဲ့း မွဲ့ဝမ်းနဲ့။ ။နှင်းဖွဲ့ပတ်လည်ဝေ။ ။သည်းကြွေလု
တုန်ချမ်း၊ မြော်မိလွမ်း။

### ဓနုရာသီ-နတ်တော်လဘွဲ့

၉။ စက်နေသချာ၊ ရာသီဓနု၊ တွက်စုငါးသောင်း၊ သိန်းပေါင်းနှစ်လီ၊
ရာသီရှင်ရှင်၊ ဆင်ရာတိမ်မိုယ်း၊ ရွာဂိုးမက၊ သွန်းချလေ။ ။တေဇောဓာတ်
ခန်း၊ ရာသီနန်းနှင့်၊ နှင်းဖျန်းရှန်းစို၊မှိုင်လုံးညှိုသား၊ ခေါ်ဆိုမည်ရ၊ သည်လ
ရတု၊ ဓနုခေါ်တွင်၊ ရာသီဝင်၍၊နေ့လျှင်နာရီ၊ ဆံခွေစိ၍၊ တလီညဉ့်ရေး၊ သုံး
ဆယ့်လေးတည့်၊ ချမ်းအေးနှစ်ဖော်၊ လနတ်တော်ကို၊ တိမ်ပေါ်မိုယ်းယံ၊
ငွေသားကျံ၍၊ ရောင်လျှံကြွားကြွား၊ ပတ္တမြားပြာသာဒ်၊ လှည့်ပတ်အညီ၊
မိဂသီနှင့်၊ ယှဉ်မှီထွန်းလှာ၊တာရာရှင်လန်း၊ ဟသ်ာနန်းနှင့်၊ ရစ်သန်းတူကွ၊
ရောင်တောက်ပလျက်၊ သိဂ်ရွှေစင်၊ ဖလ်စက်ရှင်လည်း၊ နေ့လျှင်တဖန်၊ ပြုဇ္ဇာ

သင်္ဂြိုနှင့်၊ လျှင်မြန်လှည့်ထွန်း၊ မွန်းတည့်ရကား၊ ငါးဘဝါးဟု၊ ကစားပျော်ရာ၊ သည်အခါတွင်၊ မဟာဗိန္ဒွး၊ နတ်ပွဲးဝင်ခြင်း၊ စုံမြှိုင်တွင်းမှာ၊ ကြိုင်သင်းတော လုံး၊ ရန့်ဖုံးသား၊ ပတ်ကုံးဝန်းကျင်၊ မြေတွင်မရောက်၊ ပင်ပေါ်ပေါက်သည်၊ နှင်းပေါက်မှိုင်ရှင်၊ ဖူးတံဆင်လျက်၊ သဇင်ရွှေပွင့်၊ လျှပ်ရောင်ဆင့်သို့၊ လှတင့်စိန်သွေး၊ နတ်ပန်းခွေးကို၊ မနှေးလျင်မြန်၊ မိန့်တော်ပြန်၍၊ မျက်မှန်ကျောက်စုံ၊ ရွှေနန်းဘုံက၊ ဖူးငုံပေါ်စ၊ တင်ဆက်သ၍၊ နောက်မှပြည်သူ၊ ဆုယူပန်ဆင်၊ ရှုချင်မဝ၊ ပေါက်ပြုလှဲ့စိမ်း၊ ညွှတ်တိမ်းကျောက်ယွန်း၊ ပြင်ပစွန်းကား၊ မြေ့ဝန်းလုံးညီ၊ နာရနီသို့၊ လည်စီရစ်ဆွဲး၊ ယုယတွဲးလျက်၊ ပုလဲးငုံကင်း၊ ပြာလဲ့ဝင်းနှင့်၊ ညွှင်းညွှင်းပြေပြေ၊ စက်လယ်ဇွေတွင်၊ နှင်းဝေရံဝိုက်၊ ခုစင်ခိုက်ကို၊ ပွေ့ပိုက်တူစုံ၊ ခန်းဘုံသာထဲး၊ ရွှေလည်နွဲး၍၊ ဆကဲးကြင်နာ၊ မေတ္တာတူမျှ၊ ပါချင်လှ၍၊ မြွက်ဟသံချေ၊ ဆယ်မီးရွှေကြောင့်၊ လွမ်းလေအောင်သာ၊ လျှပ်ရောင် ဖြာသည်။ ။မိလ္လာနုရွှန်း- ရွှန်းတည့်လေ။ ။သဇင်တည့်ဂမုန်း၊ ဖူးပွင့်တုန်း။ ။မိုးချုန်းဆင်ရာတိမ်။ ။ကြိမ်ကြိမ်တည့်အုပ်မိုင်း၊ ယှစ်ရပ်တိုင်း။ ။ပင်တိုင်းညွှန့်လန်းစီ။ ။တိမ်နီတည့်တိမ်ပန်း၊ တိမ်ခရမ်း။

**မကာရရာသီ-ပြာသိုလဘွဲ့**

၁၀။ ရာသီညွှန့်လန်း၊ နွယ်ပန်းခွါညို၊ နှင်းစိုချမ်းစိမ့်၊ လွမ်းလိမ့်လေ။ ။တထွေဆန်းစ၊ မကာရဟု၊ မှိုင်းပြုရီရီ၊ ရာသီနှစ်ခန်း၊ ချင့်မှန်းတိုင်းထွာ၊ နေ့မှာနှစ်ဆယ်၊ စွန်းကယ်ဇယ၊ ညဥ့်ဘိုကျသော်၊ ဆနှင့်တြိန်း၊ ကိန်းခန်းသချာ၊ စွန်းပါငါးသောင်း၊ အပေါင်းညီမျှ၊ နှင်းကမှိုင်းရီ၊ ပထဝီဟု၊ အမည်ခေါ်ကြ၊ ပြာသိုလတွင်၊ ဖုသျှရောင်လျှံ၊ ငှက်ချေးခံသို့၊ ရံကာယှဉ်သန်း၊ စန်းဂြိုဟ်နန်းနှင့်၊ မြန်းကြတသွန်၊ ဗုဇ္ဇန်တာရာ၊ ယှဉ်လှာထွန်းဝင်း၊ သူရိန်မင်းဟု၊ ထန်ပြင်းလည်လှည့်၊ ဝင်တည့်လုနီး၊ ပြင်ခရီးက၊ လျှံညီးတုံ့ပယ်၊ နေ့ကြယ်အမှန်၊ သင်္ကြဥတ္တရာ၊ ဘဝါးမှာမူ၊ ဆသာခြောက်မုံ၊ သည်ရတုတွင်၊ မြင်းစုခြေသည်၊ စွယ်ရှည်ဖွေးဖွေး၊ မီးသွေးသွေးနှင့်၊ ဒိုင်းလေးသေနတ်၊ ဝင်းခတ်ခင်းကျင်း၊ မြင်းသည်တယောက်၊ လျောက်ပတ်ဖွယ်ရာ၊ ကိုယ်မှာဝတ်ဆင်၊ ဇာဖျင်အင်္ကျီ၊ ပစွန်ဆီနှင့်၊ နီလာမြသွေး၊ စိုင်းနှင်ပြေး၍၊ မြင်းရေးယှဉ်ပြိုင်၊ ဇက်ကိုင်ဇက်ကွင်း၊ စီးနင်းထိုးဖောက်၊ ရွှေနောက်ဆုတ်ငင်၊ ဆင်လည်းမုန်ပြင်း၊ မြင်းခင်းပွဲးတော်၊ ထုံးစံဖော်၍၊ ဇင်ယော်ဝမ်းဘဲ၊ ငွေသောင်သဲးတွင်၊ဆကဲးကြင်နာ၊ ငှက်ကြိုးကြာတို့၊ သံသာရင့်ကျူး၊ ပျော်ကြမြူးလျက်၊ ပွင့်ဖူးစိုစို၊ ပန်းခွါညိုလည်း၊ ပြာသိုမာသ၊ ထိုသည့်လတွင်၊ ပွင့်ကြကြိုင်သင်း၊

မြောက်ဇလသွင်း၍၊ ရင်တွင်းတုန်ချမ်း၊ သဏ္ဌာန်နန်းမှာ၊ မျှော်တန်းခါခါ၊ ကြင်ဘော်ကွာ၍၊ ခွေကာစုရုံး၊ မဥ္ဇူကုံးမှာ၊ မပြုံးညှိုးငယ်၊ သနားဖွယ်နှင့်၊ အယွယ်နုစီ၊မိဂသီနှင့်၊ ယှဉ်မှီတူကွ၊ မကာရတွင်၊ နွယ်ပန်းဆင်သည်၊ မရှင်တကိုယ်တည်းမို့လေ။ ။မြောက်လေတည့် ရစ်သန်း၊ နှင်းကဖျန်း။ ။လျှပ်ပန်းပြုံမလို။ ။သည်းဖိုတည့် သွယ်သေး၊ မြကျောက်သွေး။ ။ပျို့မွေးသင်းကြိုင်ကြိုင်။ ။ပန်းခိုင်တည့်သွယ်ရုံး၊ ခွါညိုကုံး။

## ကုံရာသီ-တပို့တွဲးလ်ဘွဲ့

၁၁။ နှစ်သိမ်းစက်ခန်း၊ ချင့်မှန်းအညီ၊ ရာသီဒိန၊ နှင်းကစိုရွှဲ၊ ပေါက်လဲးနီတွေး၊ ငှက်ကျေးပျော်မြူး၊ ရင့်ကျူးလေ၊ ။မြိုင်ခြေရိပ်ခွင်၊ ရွက်ဟောင်းစင်၍၊ ညှာပင်ကြွေလု၊ ရတုရှင်ရှင်၊ သန့်ရှင်းစင်လျက်၊ ဝါလွင်နီမြန်း၊ ပေါက်ဆူးပန်းတို့၊ ထူးဆန်းလှတင့်၊ ရိုးတံမြင့်နှင့်၊ ပွင့်ကြစီစီ၊ ကုံရာသီဟု၊ နာရီနှစ်ခါ၊ ပူးလှာကျားမင်း၊ နေ့ဘို့ခင်းသော်၊ ရင်တွင်းရိမှောင်၊ဆင်ပြောင်ညှင်းနွေ့၊ ပျော်မွေ့မြူးသန်း၊ ခေတ်ဆန်းဝါယော၊ တောခြေဝန်းကျင်၊ စုံမြိုင်ခွင်တွင်၊ ပျော်ရွှင်ကျေးသား၊ လူးလားကြက်တော၊ ဥသြဖိုမ၊ ကြွေးကြော်ကြသား၊ မာသခေါ်မြီး၊ တပို့တွဲးဟု၊ မိုးထဲးတောက်ပ၊ ကြယ်မာဃနှင့်၊ ငွေလယုန်စန်း၊ လှည့်ကြမြန်းသော်၊ ယှဉ်သန်းထွန်းလှ၊ ချိန်တာရာတုံ၊ လျှံဝါဝင်းဝင်း၊ ဂြိုဟ်မင်းရောင်ရှိန်၊ သူရိန်ရောင်လျှံ၊ သရဝဏ်နှင့်၊ လျှင်မြန်လှည့်ကြ၊ ကောဘဝါး၊ ဝင်သွားမငြှေ၊ ရှေးရှုနေ၍၊ ရေနတ်မင်းလှ၊ ကသစ်ရသား၊ မာသသည်ခါ၊ သုံးလူ့ချာကို၊ ရှိန်ဝါရောင်ညီး၊ မီးပုံပူဇော်၊ လျှူတော်မူမြဲ၊ ရာသီပွဲးဟု၊ ငွေသဲးကမ်းသောင်၊ ငှက်မောင်နှံများ၊ ကစားမြူးခုန်၊ သက်တုန်ဆန့်တက်၊ လည်ယှက်မြူးထူး၊ ရင့်ကျူးသီအေး၊ မြစ်တွေးသောင်တင်း၊ ရွှေပိန်ညင်းတို့၊ မကင်းဖိုမ၊ ဒိနရာသီ၊ ဖူးစီတန်ဆောင်၊ သိင်္ဂီရောင်ဆန်း၊ ပေါက်ဆူးပန်းနှင့်၊ တိုင်တန်းလျှောက်ဆို၊ မဖုန်းမိုလျှင်၊ စိတ်ကိုရည်မှန်း၊ မြတ်ရာလှမ်း၍၊ ဆောင်ခန်းလယ်ဗွေ၊ အောင်သဇပြေနှင့်၊ မမေဆုယူ၊ ကြာနန်းသူတို့၊ ဖေါ့အူပမာ၊မူရာယဉ်ပျောင်း၊ ဖယောင်းပုံတု၊ ကြာဝတ်စုနှင့်၊ ယူယုယယ၊ ဖွားမြင်စသို့၊ အလှကြန်ညီ၊ ကုမ္ဘာရီဟု၊ ရာသီမာသ၊ သည်ကာလကို၊ ချမ်းမြတုန်အေး၊ မြောက်လေသွေး၍၊ စက်ကွေးမလုံ၊ ဖော်မစုံသည်။ ။ရွှေပုံရုပ် ဟန်ကဲ့သို့လေ။ ။ကေသာတည့် နောက်တွဲး ရှုမရဲး။ ။လဲးလုယိမ်းနွဲ့ကိုယ်။ ။ပိုပိုလို့ရစ်သန်း-ရှမခန်း။ ။ယဉ်ဆန်းလှကလျှာ။ ။မူရာကကြော့ရှင်း၊ မြောက်ပြစ်ကင်း။

## မိန်ရာသီ-တပေါင်းလဘွဲ့

၁၂။ ရေနတ်လေဆိုင်၊ တူပြိုင်ယှဉ်လျက်၊ ကြွက်နှင့်ကျားမင်း၊ စံကင်း
သချ်ာ၊ ကျယ်စွာရက်ခန်း၊ မိန္မမြန်းလေ၊ ။မှိုင်းဧဝမင်းလွှင်၊ တောတပြင်မှ၊
မြသွင်ရွက်ညောင်း၊ တချို့ပြောင်းက၊ တပေါင်းခါညီ၊ မိန်ရာသီဟု၊ တလီ
ရှေးက၊ ဒွေးဒွေးဟနှင့်၊ နေလရောင်မှတ်၊ အရောင်လျှပ်၍၊ အာပေါမာတ်
ညီ၊ ချင့်မိတိုင်းထွာ၊ နာရိမှာကား၊ ဟိုင်းနှင့်ကျားသို့၊ ပျော်ပါးစုံစွေ၊
တထွေ့လှည့်သွား၊ ကျားနှင့်ခြသေ့်၊ မွေ့ခမ္ဘသာယာ၊ သည်အခါ၌၊ ရိုးညှာ
မြနု၊ ဝတ်မှုံစု၍၊ ရွှေဥရောင်သွေး၊ ပျံမွှေးစီစီ၊ သရဖီနှင့်၊ သိင်္ဂိမြည့ောက်၊
ပန်းပိတောက်တို့၊ ဖြိုးမောက်ရှင်လန်း၊ ထူးဆန်းလှတင့်၊ ရိုးတန်မြင့်နှင့်၊
ပွင့်ကြကြိုင်သင်း၊မြိုင်လုံးဝင်းမျှ၊ သည်မာသတွင်၊ငွေပအရံ၊ တွင်းစံပတ္တမြား၊
လရထားနှင့်၊ လှည့်သွားထွန်းလှာ၊ ဥတ္တရာမိဂ်ဘရဂုဏ်ဟု၊ ပြည့်ညီဇတောက်
ပ၊ စုဋ္ဌလိပ်နန်း၊ ယှဉ်သန်းတာရာ၊ ဝင်းဝါပြောင်ပြောင်၊ အရောင်စိုစို၊ဂဠုန်
ပြိုဟ်နှင့်၊ ရွှေကိုယ်အတွင်း၊ ဖလိပြင်ကျင်း၍၊ နေမင်းသူရိယာ၊ လှည့်ခဲ့လှာ
သော်၊ ပြဗ္ဗာရောင်မြိုက်၊ ဘဒ္ဒပိုဒ်နှင့်၊ ယှဉ်ဆိုက်တူသွား၊ ဘဝါးဇယ၊ မာသ
ခါကောင်း၊ လတပေါင်းဟု၊ မနှောင်းစေရ၊ ကမ်းသောင်စတွင်၊ ဖြူလွှစီစီ၊
သဲစေတီကို၊ ပြုညီတင်ထား၊ ညွတ်တွားကြည်လင်၊ ရှိစုံဆင်လျက်၊ သဘင်
ပျော်မြူး၊ ရာသီပွဲးဟု၊ မြစ်ထဲးသီတာ၊ ကျွန်းသောင်သာ၌၊ ဘာသာဗိုမ၊ ငှက်
တို့ကလည်း၊ မြူးကြဖန်ဖန်၊ ငါးရွှေတန်လည်း၊ စုန်ဆန်တက်ဆင်း၊ ငါးကြင်း
တသန္တ၊ ငါးရံ့ပျော်ရှင်၊မြိုင်ဇွင်တကြော၊ ဥသြရင့်ကြွေး၊ ကျူးသံပေးလျက်၊
လွမ်းရေးဖြာဖြာ၊ အူသည်းညှာနှိုက်၊ ကြွေရှာလုပ္ပယ်၊ လှမျိုးကြွယ်ကို၊ မိမယ်
ယဉ်နှ၊ ပန်းရင်စုတို့၊ နုနုရွရွ၊ ရွှေသိင်္ဂသို့၊ အလှပျောင်းအိ၊ ရင်းဇာတိနှင့်၊
ထပ်ယှိတူစုံ၊ ချစ်ငွေလုံရှ၍၊ စက်ခြုံပတ်လွမ်း၊ အေးမြချမ်း၍၊ ကြောင်းလမ်း
ထွေထွေ၊ မိန့်သံချေနှင့်၊ လယ်ဇွေထက်တွင်၊ စံခပျော်ရှင်သည်၊ ။လွန်းကြင်
ငှက်ပမာသို့လေ။ ။ခွေခါတည့်ပြိုင်နွဲ့ဇာပန်းဆွဲး။ ။ယဉ်နဲ့လှပိုမို။ ။
ချိုချိုတည့်ပျံမွှေး၊ သံဒသးသေး။ ။ရွှေသွေးနုလိမ္မာ။ ။ကွမ်းယာတည့်ခန့်
သုံး၊ရှုမဆုံး။

အမှာ။ [လူးတားခေါ်ခြင်းအဆုံးအဖြတ်ကို ပိဋကတ်မှန်သမိုင်းမှာ မိန့်ဆိုထား
လေသည်။]

၁၂-ရာသီဘွဲ့လူးတားပြီးသည်။

## * ၂၀၉-ရှေးက အထက်အညာပြည်နိုက် ကောက်စိုက်မတို့ သီဆိုကြသောအိုင်ချင်း

ချစ်တဲ့သူငယ်လေ။ ။သူငယ်ချင်းရယ် ကောင်းသည့်- ယောက်မတို့လေ။ ။စိုက်ရေးငယ်မှ-ကျဉ်းကျဉ်း၊ နှမကြီး- မယ်သာစိုက်သည့်-ကောက်ပင်ရင်းမှာ၊ ကင်းကိုဘယ်က-ထားသလဲတော်။ ။ညိုလဲ့ငယ်မ-ရှင်းရှင်း၊ မောင်ကလေး မောင့်လည်ပင်းမှာ- ညှင်းကိုဘယ်က-ပွားသလဲတော်။ ။ စိုက်ရေးငယ်မှ-ကျဉ်းကျဉ်း၊ နှမကြီး-မယ်သာစိုက်တဲ့- ကောက်ပင်ရင်းမှာ၊ ကင်းကိုဘယ်ကထားသတဲ့၊ ။နွေကိုမပေး၊ ညဉ့်ကိုပေးသည့်၊ ညှင်းသေးငယ်မှ-ပြို့ပြို့၊ အမကြီးငယ်-မယ်တို့စနသည်၊ အိမ်ခြေဝင်းနှင့်၊ ရွှေ-အင်းသူငယ့်၊ မယ့်ညှင်းအုံကို၊ အကုန်မပေး၊ကြွင်းသေးပဲ့လေ....၊အပျိုဖြူငယ်ကကျွန်းသည့်-လွန်းတုံ့တင်လေး....။

အမှာ။ [ဤအိုင်ချင်းမျိုး ၃-ပုဒ်မှတ်ထားသည့်အနက် ၎င်းတပုဒ်သာထည့်လိုက်သည်၊ အကြောင်းကားမိမိငယ်ရဲးစားနှင့် ပျော်ပါးရသည်ကို ပရိယာယ်ဖြင့်ကောက်စိုက်ရင်းတမ်းတဆိုပုံဖြစ်သည်၊

၎င်းအဆိုမျိုးကို ကြားဘူးသူနည်းလိမ့်မည်၊ အထက်ပြည်နိုက်ရှေးမှီသောသူအိုကြီးတို့ဖြစ်က ဆိုပုံနှင့်တကွသိကြပေလိမ့်မည်၊ ဖုန်းကြီးပုံတို့နိုက် ဝိချင်းသည်များအဆိုမျိုးနှင့် တူပေသည်၊ဤအဆိုမျိုးကား စည်းဝါးလွတ်သောသီချင်းဖြစ်သည်ဟုမှတ်ရမည်။]

---

## * ၂၁၀-ဦးစံသူဆို မင်းသားကပေးသောမှာတမ်း

မြမန်းဂီရိန့်၊ မဟီသိန်ဝယ်၊ ဝဇီစိန်ခါတ်၊ ထိန်ထိန်လျှပ်မျှ၊ နဂါးပတ်ချွန်း၊ပြာသာဒ်ကွန်း-နတ်ညွှန်းဆောင်ပင့်၊ မိုးခေါင်ဝင့်လျက်၊ပြောင်မင့်သခင်၊ မန္တာတ်ပဝရ၊ စံမြတ်လှသည့်၊ လောကရှင်က၊ ပင်ပဒေသာ- ဝေဝေဆာ၊ ရွှေညှာမြည့်ဘျောက်၊ ဘဝေဇောလုံး- မြေအဆုံး၊ ချွေသိုးလောက်ပေတဲ့၊ ကွန်းပြောက်နိမ့်၊ ရတနာကိုးမည်၊ သာဖြိုးစည်တဲ့၊ပြည်ရွှေဘုံကို၊ အာရုံရွှေရှု၊ မြတ်အနှုန်းခံ၊ ကပ်လုံးတန်အောင်လို့၊ဘုန်းဘန်တော်မူကတဲးက၊ တအူသဲး-မူမကွဲးမေတ္တာနှင့်၊ ဇမ္ဗူထဲး-သူပေပဲးချစ်စရာရယ်လို့၊ သက်ပဏ္ဏာ- နှံ့စလောက်ဗြိမို့၊ ဆက်ကဗျာ- ဘန်ဘန်လျှောက်သော်လဲး၊ ကံမြောက်အောင်မမြွက်၊ ညာဏ်ရောက်တိုင်းဗုက်လွန်းလို့၊ အခက်ထဲး- အခဲးမကျေယှိလှပါတော့တယ်။

ခွန်းထောက်။ ကြင်ရသူဝင့်ကယ်၊ ခွင့်မအား- လင့်စားကွယ်တာလို့၊ ဘယ်လောက်ကြာ-ကမ္ဘာဆန်းကာမှ၊ သခန်းတကြိမ်တွေ့မယ်လို့၊ အောက်မေ့မိတယ်၊ခက်စရာအပွေမှုမှာဖြင့်၊ စက္ကဝါကုဋေသုဟာမို့၊ ဆွေသမုမြစ်မွယ်၊ ခ-တယ်လို့ခွင့်မတုံး၊ မိတ်လို့သာလောရတော့၊ လိပ်ကျောကြောင် တွယ်သို့၊ ခေါင်လယ်လယ်-သည်အချစ်လိုဖြင့်၊ တဖြစ်တွင် တခါးတွ့ရတယ်၊ ပြောရှေ့မဆုံး။

တဘုန်းကြာရံက၊ နှလုံးဗျာသံနှင့်၊ ညာနာပံတော်မဟော၊ ဖျော်ဖြေသူများတာမို့၊ လှော်ဇမ္ဗူစံတပါးမှာဖြင့်၊ ကံမှား၍ကော၊ ကွက်လပ်တွင် မျောမည်ကြောင့်၊ တွေးတောသည်အာဘော်နှင့်၊ ညှာတော်-မူဟန် ယှိလေသည်။

သည်သူငယ်-ရယ်ဘွယ်ဇာတိ၊ ဖြစ်သည်ယှိက၊ ဖွဲ့မရခင်၊ မဲ့စနှင့်ဇကန်၊ ရေခံလုပ်၍ သုံးရပါတော့တယ်။ ။နောင်တော်သီဟ- ဝိဇယဟု၊ အမိကနတ်၊ လက်ဒွေးပေါင်၊ ကျွန်းတည်ထောင်၊ ခေါင်ဥက္ကဋ္ဌနှင့်၊ ရုပ်ခတ်မဖွယ်၊ ဖက်မညီတဲ့၊ ယက္ခီမယ်၊ မျက်စိလယ် သင်ညောင်မေ့တွင်မှ၊ ဖက်ရည်ရွယ် ကြင်ယောင်ချော့ ပြီးလျှင်၊ ယဉ်ခေါင်ကြော့ မျိုးတူနှင့်၊ ထီးကိုးဆူ ရဝေရိပ်၊ ချွေဘိသိက်ဆက်သတဲ့၊ အထက်ကပုံစံကို၊ ယုံတန်တော်မူသင့် ကောင်းလှပါတော့တယ်။

ခွန်းတောက်။ ပန်းစမွယ် နန်းလယ် မပေါ်ခိုက်ဟာမို့၊ အလိုက်တော်တန်သင့်ရှိပ၊ ခံပွင့်ကိုကုံး။ ။မန်းရဝေ၊ နန်းမြေစမွယ်လိုင်တော့၊ ခံပန်းခိုင်နေရာရွေ့တယ်၊ တောလေ့ရှာသုံး။

သည်ထုံးမှတ်ယူ၍၊ မြတ်မဥ္ဇူညာမြက၊ နတ်ရည်တူ မသာရအောင်၊ ကြာခတဲ့ရဝေညောင်၊ မဟေခေါင်ရွယ်မှန်း၍၊ တကယ်တန်း ကြင်ပဏ္ဏာနှင့်၊ သက်ဘွယ် ကင်းလောက်အောင်၊ လင်းလင်းကြီး ပြဋ္ဌံပါတော့တယ်၊ ပရိယာယ်မပို၊ အမိပ္ပါယ်အလိုကို၊ နားချိုတော်မူပါလျှင်၊ ယူဇနာတာချွဲလို့၊ ပူစရာမလာခဲ့ပါနှင့်၊ စာဖွဲ့သူမပင်ပန်းရအောင်၊ ကြင်စခန်းချတော် မူလိုက်ပမိမိရယ်။

---

## * ၂၁၁-ဦးစံသူဆို မင်းသမီးက ပေးသောမှာတမ်း

မင်္ဂလာနေရုံ၊ ရွှေပုံစတိ၊ ဂီရိအောင်ချက်၊ ရောင်လက်လက်-တောင်မျက်နှာဆိုင်၊ ဝိရူဠ္ဇက၊ ဘွဲ့တော်ရသည့်၊ လောကပိုင်ကဲ့သို့၊ ဘုန်းပြိုင်မဲ့ရွှေဆံညှာ၊ ငွေမလ္လာစမွယ်နတ်ကယ်က၊ပွေဖန်ရာကြွယ်မထုတ်ပါနှင့်၊ နယ်ချုပ်၍ပေါင်းလိုက်ပါတော့၊ နေဒေါင်းဖလ်ရဝိန္ဒယ်တော်လာ။

**ခွန်းဆောက်။** မှန်ညောင်လဲ့ရိပ်ကြာ၊ ငွေမစဲး-မေ့ပဲး ဗျာပါချယ်လို့၊ သမ္ဘာကြွယ် နွယ်ခတော်မိတ်က၊ ရွှေရိပ်ပုံခရာနဲ့၊ ညွန်းခဲ့သည်မှာ၊ ဖြေမသာ ရွှေညာညွန့်မှာလ၊ ထွေတရာငွေလွှာမလွန့်သာပု၊ မဆည်ငံ့ရက်ကြာ၊ ခက်ထာ နှင့်မှုမပြီး၊ ဆင်ကွဲးငယ်ဖန်၊ ကြင်နဲးဘယ်ပုံကြံရပ၊ ဂုဂမ်သန္ဓေစွဲးမှာ၊ သဲးကြွ လုနီး။

ပြည်ကြီးပါရာဏ်၊ ရာဇဌာန်မှာ၊ ဌာနန္တရေ၊ သာဟန်ထွေ-ရေနဂါးစစ်၊ ဆွေနှစ်ပါးကို၊ ရွှေစုလျားရစ်ပေမဲ့၊ ကစ္စပဌမံ၊ နာနာရူပ၊ မာယာမူ-လူမမျှတဲ့၊ ရှုဋတို့အကြံမှာ၊ ကမ္ဘာရန်ပွေပြီးမှ၊ ညာနာပံဆွေဇနီးတို့မှာ၊ အနိုင်သာဖြေ၍ ပြီးရတော့၊ မီးထုပ်နှင့်ရေအိုး၊ သည်ညာဏ်မျိုး-စံကိုးလျှင် အလိမ်လွဲးပေ လိမ့်၊ ပျံမိုးခွင်ချိန်ပုလဲးငယ်က၊ ° စိန်ရွဲးစစ်ကျောက်စာတိုင်၊ ညာယိုင်တော် မမူလေ့ရင်ဖြင့်၊ ကြာမြိုင်ပျော်ယုမတွေ့ပါနှင့်၊ ဘူပတေ့ထီးနယ်နှင့်၊ နိုးလွှယ် အောင် ကြံဝံ့ပါတော့၊ လျှံကွန့်ဘုန်းခြိမ့်ဂုဏ်မြုတေ။

**ခွန်းမထောက်။** တပြေမှာဖေတပါးကိုဖြင့်၊ သဇင်ခွေ ငွေကရားရယ်က၊ သနားရင်တဲ့ဆင်ဘိုရန်၊ စွဲးမတဲ့ရွှေဘွင်၊ ဖြေမသွင်ယူမသွဲနိုင်လို့၊ ဖြိုလဲ့ညို တပိုင်းရယ်နှင့်၊ လိုတိုင်းလေလံ လွှင့်မည်ကြောင့်၊ တွေးချင့်ရပြန်၊ အရိပ်မြင် အထင်လွှတ်နေကြ၊ လောကဝတ်လူ့ထုံးစံ၊ မှန်တယ်လို့ယှိပြီဘူး၊ တနဲးပုံ- ပွဲးစုံမမြင်ရခင်က၊ စံပ-လူထွေတိုးသည့်နှယ်၊ အကျိုးမှာ-တချင်ယွေးဟာမို့၊ ဘေးကဆယ်မှူး။

လမ်းကူးသည့် ကြွက်ဂယ်လောင်း၊ တွင်းပြောင်းသည့် ပွေးနက်၊ လိပ်ခံ့ ထွက်ကျက်စား၊ စကားမှုသုံးရပ်၊ တရားယူဆုံးဖြတ်၍၊ နိပါတ်တော် ထွက် ဆိုသည်၊ တက္ကသိုလ်ရင်သွေး၊ ဒွဲ့နဂိုရ်ခင်လေးနှင့်၊ သူဌေးသားဆွေစုံ၊ ဇွေ ရဂုံမော်ယံ၊ ပြည်တော်ပြန်လှမ်းသောခါ၊ လူစွမ်းကောင်းစောရနှင့်၊ ရန် ဒေါသစစ်ဆင်တွင်၊ အသစ်မြင်သုံ့ခိုး၊ အညစ်ညာဏ်မှုဆိုးနှင့်၊ ငွေမားရိုး ကမ်းမိ၍၊ လမ်းဂတိချောက်ကြား၊ ကမ်းမယှိမှောက်မှားတဲ့၊ အကောက် သွား ဗျဿဇာလို၊ သက်ခန္ဓာပြတ်ငြိမ်း၍မျှ၊ ရှက်စရာ ဇာတ်မသိမ်းမည် ကြောင့်၊ နတ်ကိန်းရ-ပုံအနေနှင့်၊ ဂုဏ်အသရေ-ငွဲ့စကောင်းတာမို့၊ ဒွဲ့နွဲ့ နောင်း ဆင်ခြင်ရပါတော့၊ ရွှေရင်ညွန့်သဲးဖွဲ့၊ ဝဲးလဲ့လို့ပူပုံကို၊ ဖေယုံတော် မှုသင့်ကောင်းပါရဲ့၊ ဇွေတသောင်း-နေညောင်းနွယ် သန့်ခန့်သဏ္ဍာ။

**အမှာ။**　[ဤမှာတမ်း ၂-ပုဒ်သည် ၁၂၆၂-ခုနှစ်က မန္တလေးမြို့ ပရိယတ္တိ အသင်း စာရင်းကိုင်လုကြီး-ဦးဟန်ဆိုပြ၍ ရေးမှတ်ယူခဲ့ရင်းအတိုင်း ဖြစ်သည်။]

## * ၂၁၂-မြင်ဆိုင်း၊ မြို့ဘွဲ့ကာချင်း

တာဝတိံသာ-နတ်ရွာလော့-'နတ်ရွာလော့။ ။ဟုတ်တည့်ရှင်ခြင်း- ရှင်ခြင်း။ ။ဟုတ်တည်းဆွေရင်း- ဆွေရင်း။ ။ဟုတ်တည်းသည်ရင်း- သည်ရင်း။ ။မြင်ဆိုင်းဟူသည်၊ ရွှေပြည်ရွှေပြည်၊ မြင်ဆိုင်းရွှေမြေ-ပန်းသင်းခွေ၊ ပင်ခြေချုံတက်နွယ်-ချုံတက်နွယ်။ ။တောင်လေရှူန်းရှူန်း-မိုယ်းခတ်အုန်း၊ ကင်းကင်းပုန်း-ပွင့်ချီချယ်-ပွင့်ချီချယ်။ ။နွယ်ပန်းခွါညို- ပွင့်စေလို၊ ပြာသိုဆောင်းလလယ်-ဆောင်းလလယ်။ ။တောင်ထွတ်ဖျားဆီ-ရွှေစာတီ၊ သရီခာတ်စွယ်- သရီခာတ်စွယ်။ ။ယာဆီမြေကောင်း- ကျသည့်- ကျသည့်-ပြောင်း၊ မခနှောင်းမှည့်ဆောလွယ်-မှည့်ဆော့လွယ်။ ။ခါနှင့်ဘုတ်ချိုး- ကြက်တောချိုး၊ လိုစိုးကျက်မြေကျယ်-ကျက်မြေကျယ်။ ။ယုံဥဖော်မဝေး၊ ဘော်ရွှေကျေး၊ စာနွေးစားလိုဘွယ်-စားလိုဘွယ်။ ။ယရည်းသွန်းသွန်း- မြင်းသည်ဝန်း၊ လုံ့ဍွန်းတွန်းတက်ပယ်-တွန်းတက်ပယ်။ ။စောလူးစီးတန်- မျိုးဆက်ဒန်၊ လျှင်ထန်မြင့်မဆွယ်-မြင့်မဆွယ်၊ ။မြောက်စည်လဲးတီး-ဝင်ခါနီး၊ စောမီးနန်းတက်ကျယ်-နန်းတက်ကျယ်။ ။သာသည့်မြေပြင်- စောနတ်ရှင်၊ နန်းခွင်ရှုတင့်တယ်-ရှုတင့်တယ်။ ။အထူးလော့၊ တက်တိမ်လော့၊ နေရောင်လော့။

အမှာ။ [ ဤကာချင်းသည် သက္ကရာဇ်၇၀၄-ခုနှစ်တွင် နန်းတက်တော်မူသော မြင်ဆိုင်းငါးစီးရှင်မင်းကိုယ်တိုင်သီကုံးသောကာချင်းဖြစ်သည်၊ မိမိကိုယ်တိုင်ဆို၍ က-ပြသည်ဟုစာတမ်းတွေ့သည်။

၎င်းအဆိုမျိုးကို ငယ်စဉ်က ထက်ဝယ်လူမျိုးဒိန်းဆရာများဆိုသည်ကိုကြားဘူးသည်၊ စည်းချက်ဝါးချက်ယှဉ်သည်၊ ပတ်မကြီးက ဗိမ့်ဗိမ့်ဟု-အဖိုဘက်ကတီး၍ လိုက်ရသည်၊ လင်းကွင်းပါသည်။ ]

---

## * ၂၁၃-ငယ်မည်-ဦးဖိုးထင်၊ ချင်ဘွဲ့-ဦးဝဇီရဆို မောင်ပြန့်နှင့်မယ်သင်တို့စိန်စားသေကြောင်း ဆောင်းပါးစာ

၁၂၃၈-ခု၊ ရတုဝသန္တ၊ ရွာရှိန်အဟုန်၊ ခါချိန်ကုန်၊ ဇာတိမ်မှုံပပါတဲ့၊ လတန်ဆောင်မုန်း၊ ပေါ်ခေတ်အချက်၊ ခေါ်စစ်တွက်လိုက်တော့၊ ကျော်ယှစ်ရက်ပြောင်းတုန်းဝယ်၊ ခေါင်ဘုန်းစံပျော်၊ နဝရတ်ပန်း၊ နဂါးပတ်ဆန်းသည့်၊ မှန်နန်းတော်နှင့်၊ မှန်းသော်တပ်အပ်၊ စိုင်းနှင်မနှောင့်၊ မှိုင်းလွင်မှောင့်၊

ဟိုင်းဆင်ထောင့်အရပ်ဝယ်၊ လှနတ်မိုယ်းသွင်၊ ဆယ့်ငါးနှစ်ယွယ်၊ ချစ်စဖွယ်ပင်၊မယ်ရွှေသင်သည်၊ငယ်ပေစင်က၊ မနေ့ာအတူ၊ တလောကု- သဘောယူမျှပါတဲ့၊ အလှယဉ်ဆန်း၊ အရောင်မညှိုး၊ ပြောင်ဆံထိုးကဲ့သို့၊ မောင်ဖိုးပြန့်နှင့်၊ အခန့်သင့်စွာ၊ စိတ်စိတ်နှလုံး၊ရိပ်ရိပ်အုန်းမှာ၊တိတ်တိတ်ပုန်းကြွင်နာ၍၊ လျှင်မကြာအဆော၊ အမိ-ကို ပြောပြီးလျှင်၊ ခုစောစော ဆောင်းအခါက၊ တောင်းပါဟုဆိုလေသော်၊ နှစ်ကိုယ်ရေယခုကြုံသည့်၊ အမှုကုန်ယှိသမျှကို၊ အမိသို့မခြား၊ ပြောသောပြားဝယ်၊ တန့်ပါကွဲငါ့သား၊ သုမိဖမောင်ဖားက၊ လားလားမှစိတ်မတူ၊ အမေတို့အယူကလည်း၊ ထိုသူနှင့်စိတ်မမျှ၊ သည့်ကလောက်ယွင်းဖယ်ချက်ကို၊ မင်းဘယ်တွက် စ-ရသတုံး၊ ထပါ- သွားပါ၊ အလကားလာလို့၊ မကြားနာချင်၊ တို့နားဖြင့်မဝင်ဘု၊ တွင်တွင်ကြီး ပြောဖျက်လေက၊ချောညက်ဖေမောင်ပြန့်သည်၊ ဆောင်အခန်းသုနေအိမ်တွင်၊မှုမွေလိမ်စိတ်ရှုပ်၊ မိတ်အဟုတ်ငယ်ရည်းစား၊ မသင့်ဆီသွားပြီးလျှင်၊နှစ်ကိုယ်ကြားတိုင်ပင်ခေါ် ပြောကြသည်မှာ—

အဆန်းအလှ၊ မန်းနဂရတွင်ဖြင့်၊ ပန်းအသကလို၊ ပျောင်ကြဉ်မမုန်း၊ မောင်ဆင်လို့ကုံးပါတဲ့၊ ပြုံးချိုချိုငယ်၊ အဟိုမှန်စွာ၊ သံသရာက၊ ကံနှစ်ဖြာမွေ၊မသွေ့ဆိုက်ဆုံ၊ရွှေကိုက်မှုံနှင့်၊ ဖေကြိုက်ကြုံတွေ့ကထဲက၊ မယွေ့မယိုင်၊ ကေ့တခိုင်ကို၊ ယနေ့တိုင်ချစ်သော်လဲ၊ ရွှေဖြစ်နောက်ရေး၊ မထောက်တွေးပဲ၊ မလောက်လေးလှ၊ အခွင့်မသိ၊ အသင့်ယှိတဲ့၊ မင့်မိဖနှင့်၊ တို့ကမွေးမေ၊ နှစ်ဦးနှစ်ဝ၊ ပြောဖျက်ကြလို့မို့၊ ပူသောကပွေလှတယ်၊ သပြေမြကျေး၊ အခြေမလှ၊ ဆွေနှမငယ်၊ သေမှပင်အေးပါလိမ့်၊ မောင်လေးဖြင့်လေ၊ သမ္ဘာရာစိန်ဖျော်လို့၊ ခန္ဓာကိုချွေတော့မယ်၊ သက်ဝေငယ်ချစ်၊ စမွယ်တခွေ၊ တနယ်မြေမှာ၊ မယ်မနေရစ်ပါနှင့်၊ စင်စစ်မှန်မူ၊ မရိတ်မခြား၊ မိတ်တပါးငယ်၊ စိတ်ထားချင်းတူပါလျှင်၊အယူမဖောက်၊သည်စိန်ကိုသောက်ပါဟု၊မွှေနှောက်ကာသာပေး၍၊ လူကလေးဆိုလေလျှင်၊ လှမျက်ရှုမယ်သင်သည်၊ ငယ်ကြင်သည့်ရည်းစားရွှေဝယ်၊ ညည်းတွား၍ ငိုယိုလိုက်ပြန်သည်မှာ—

ငိုချင်း။ ကံနှစ်စုံလေလွှေ၊ ကြုံပုံတော်သည်မယ်ခက်ပါဘိ၊ တသက်ပင်ဆွေသာကီငဲ့၊ နေပါပြီဘူး။ ။တည်မငြိမ်လေလွှေ၊ သည်စိန်ကို မောင်မျိုသောက်လျှင်ဖြင့်၊ သည့်နောက်ကို မယ်မျိုလို့သုံးပမယ်၊ ကိုပြန့်ရေ-အမယ်မင်း-မုန်းစိတ်မကူး။

အကြူးအထူး နှစ်ဦးတိုင်ပင်၊ အသက်ပြောင်း အကွက်ကောင်း ထင်ပြီးလျှင်၊ စိန်စင်နှင့် သမ္ဘာရာကို၊ နာမ်ခန္ဓာပျက်စီးအောင်၊ နှစ်ချက်တီးနေ့

အခါနိုက်၊ ယွေ့မကြာ-မ-ကောက်၍၊ သောက်တော့မည် အလုပ်တွင်၊ အုပ်အုပ်ခလေး-မောင်ပြန့်က၊ လောင်ခမန့်သောကနှင့်၊ ဟော-ထ၍ ငိုလိုက်ပြန်သည်မှာ—

ငိုချင်း။ မလွတ်သာလေလေ့၊ ဝဋ်ကြမ္မာ နှစ်ကိုယ်တွေချည်ပေ||၊ အို-မေ့ခုများ။ ။အလိုတူလေလေ့၊ အပျို့ဖြူငယ်ချစ်ကဲ့၊ အသစ်ပြန်ဘဝပြောင်းခါမှ၊ မယ်သင်ရေ-အမယ်မင်း-ပေါင်းစို့ညာပွါး။

စကားမဆို၊ အပါးတွင်ငိုပြီးလျှင်၊ နဂိုဖျော်ရင်း၊ စိန်သေမင်းကို၊ အိမ်နေရင်းမှောက်မှား၍၊ အူယားလေပင့်၊ ငွေဇလတ်တာ၊ ရေပြတ်ကြာ၊ နေထပ်ခါ သင့်သကဲ့သို့၊ တချင့်ချင့် ထိုးသွယ်နာ၍၊ ကိုးကွယ်ရာမရ၊ မငြိမ်တလကြမ်း၊ တသိမ်နွမ်းအောင်၊ စိန်အစွမ်းပြသောခါ၊ မိဖနှစ်ပါး၊ သွီးရင်နှင့်သားရင်များမှာ၊ အလားသင့်ရှု၊ မကြာမလင့်၊ အနာလွှဲအောင်၊ ဆရာနှင့်ကုသော်လည်း၊ အမှုကစွဲးခြေလွန်၍၊ သဲးရေသွန်ဆေးသြဇာသည်၊ ယိုလေရာသည်အတွက်ကယ်ကြောင့်၊ စိန်ချက်နှင့်လုံးလုံး၊ မောင်ပြန့်နှင့်မယ်သင်သည်၊ တကယ်ပင်ဆုံးသောကြောင့်၊ စုရုံးမိဖ၊ တ-သ-ငိုကြွေး၊ ယိုရစ်သည့် အရေးကို၊ ဆွေးနွေး ထားထောက်၊ စကားလျှောက်၍၊ ကြားရောက် အစီရင်ခံလိုက်ပါသည်။

နောက်နောင်အခါ၊ လုံကညာတို့၊စုံသဟာဟိတ်၊ မိတ်ဆွေအများ၊ ကာလသားတို့သည်၊ လှထွားပျိုခင်၊ မခေါင်မတန့်၊ ယခေါင်ခန့်က၊ မောင်ပြန့်နှင့်မယ်သင်သည်၊ တကယ်ပင်ဆက်ဆက်၊ မိဖက ဖျက်သော်ကြောင့်၊ အသက်ကိုလေလံတင်၍၊ သေညာဏ်ဝင်-စိန်မစားပါနှင့်၊ များဘဝ ငါးရာ၊ ဝဋ်ကြွေးတွေပါမည်ကြောင့်၊ နာနာဘာဝ၊ အနိစ္စဟု၊ ဒုက္ခထပ်ပို၊ အနတ္တထိုထိုမို့၊ သို့ကလိုမခြိး၊ စိတ်ကဖြင့်စွဲးပြီးလျှင်၊ ဆင်းရဲသည့်ဝိပ္ပရာကို၊ ဆိတ်စာမျှ-မညည်းညူပဲး၊ သည်းခံစေချင်ကြောင်း၊ ဆောင်းပါးနှင့်သတိပေးလိုက်ရပါသည်-မိမိ-မောင်မောင်တို့။

---

### *၂၁၄-ငယ်မည်-ဦးမိုးထင်၊ သျှင်ဘွဲ့-ဦးဝဇီရဆို ကြိုးဆွဲးချသေကြောင်း ဖော်ပြသော ဆောင်းပါးသတင်း

၁၂၃၇-ခု၊ ရတုပြိုဿ၊ နိုင်ရွှေစကဝါ၊ မြိုင်ဝေဆာအောင်၊ ကြိုင်တွေလာ ခ-ပါတဲ့၊ လကဆုန်ဆန်း၊ နှစ်ရက်သောကြာ၊ ကွက်ရောက်လှာသည့်၊ အတာခန်းဝှယ်၊ ရာနန်းဥသျှောင်၊ သဏ္ဍာန်မမြင်၊ တညာဏ်ဆင်၍၊ စံရှင်

ပေသည့်၊ အောင်မြေရန်လင်း၊ ရတနာပုံခေါ်၊ သာတဂုဏ်ကျော်လှသည့်၊ မြို့တော်ကြီးအတွင်းတွင်၊ ရပ်ရင်းတောင်ဓဝယ်၊ ဂုံညင်းဆိပ်တန်း၊ ပုံသွင်းနှိပ်ဆန်းပါတဲ့၊ လမ်းအလယ်တွင်၊ ပန်းနွယ်ဇာတိ၊ အမျှားအထဲး၊ အလှကဲးတဲ့၊ မဆွဲးမိသည့်၊ မြဲးယှိမေတ္တာ၊ နောင်ခါမစိုး၊ ထောင်သပြာဖြိုးပေသော၊ မောင်ဖိုးကာနှင့်၊ မျိုးဉာတိဟူ၊ မခြားအညိတ်၊ နှစ်ပါးမိတ်ကို၊ အမျှားစိတ်တူကြ၍၊ အယူမစောင်း၊ ဒွါမရက်နှိုင်၊ ဇာစက်မြိုင်မှာ၊ ရာသက်တိုင်ပေါင်းရအောင်၊တောင်းလှဲ့ပချိုချို၊မယိမ်းမသွေး၊ အငြိမ်းအေးအောင်၊ မိန်းခလေးဆိုလေလျှင်၊ နဂိုရ်နုထွား၊ရှုမငြီးသည့်၊သူ့ရည်းစားက၊အမျှားဓမ္မတာ၊ ထုံးစံသဘော၊ကုံးဖန်နှော၍၊ ပြောဆိုလှာလျှင်၊ ကောင်းပါပြီဟု၊ မဝင့်မဆန်း၊ အသင့်တန်းမို့၊အခွင့်လမ်းပြုသောကြောင့်၊ရတုနွေလ၊မသစ်မထူး၊သက္ကရာဇ်ကူးလျှင်ဖြင့်၊ ချစ်ဦးနှင့်ပျော်ရပေ႞၊ တော်လှပြီယှိတုန်းကို၊ မချိုမုန်းဝိပါက၊ မာန်စိတ်အမျက်၊ ကြူနှိပ်စက်သောကြောင့်၊ ညက်ညက်ခလေး လှပါတဲ့၊ မမယဉ်အိ၊ မဖယ်မလွှဲး၊ တကယ်ရဲးတဲ့၊ မယ်ဆွဲးမိသည်၊ လက်ယှိသုံးမှိ၊ ဒုံးထဘီကို၊ ကုံးသီအပ်ကူး၊ အကွက်မလပ်၊ အသက်ပြတ်အောင်၊ ရှက်တတ်သူမို့၊ ရွက်ထပ်ယှုအုပ်၊ ချင်း-နှစ်စကို၊ အတွင်းကချုပ်ပြီးလျှင်၊ ဝတ်လုပ်ပြင်မှာ၊ ရှုန်းလျှံအနိတ်၊ လွှန်းပြုန်စိတ်သည့်၊ အချိတ်ဟာနှင့်၊ မိတ်ပါလေးဘက်၊ တကုံဖဲးကို၊ ရှိတွဲးယှက်လို့၊ သုသက်မခင်၊ အမျက်ကြမ်းတဲ့၊ ယက်ကမ်းစင်တွင်၊ ကြိုးတင်လည်မှော၊ ချည်တကြော့ဖြင့်၊ ပြီတော့မဲ့တိုင်း၊ သည်ကလောက်သိုင်းရှုံနှင့်၊ ကံရိုင်းကဒို၊ မောမျှာမှာ၊ရွှေဇာတာညိုသောကြောင့်၊ ရုံ့တိုတိုအကွက်မှား၊ ပြုံးချိုချိုမျက်နှာထားနှင့်၊ ရက်မခြားနံ့နက်၊ ရွှေပဟိုရ်လေးချက်တွင်၊ ရေးအသက်ချုပ်ရှာ၍၊ ရုပ်ဒန္ဓာဖောက်ပြန်၊ ဤကဲ့သို့ဖြစ်ဟန်ကို၊ သုမျက်မှန်ငယ်ကြင်၊ သူကလေးတွေ့မြင်လျှင်၊ ယနေ့ပင်အတူ၊ ဖေတယောက်မှာဖြင့်၊ သေလောက်အောင်ပူလှတယ်၊ ရည်တူချစ်ကယ်၊ သည်ကို-ကိုပစ်ရက်ပေ့၊လှစ်ဖွက်ခါမနော၊ ဘယ်အကြောင်းကိုဖြင့်၊ ငယ်ပေါင်းကိုမပြောပဲးနှင့်၊ သဘောယှိရာ၊ သည်အကြိမ်းတွင်ဖြင့်၊ ကိုစိမ်းပင်ရှာသည်ဟု၊ အခါခါညည်းတွားလျက်၊ ရည်းစား၏ကလာပ်ဟောင်းကို၊ ခပ်စောင်းစောင်းကြည့်တဲ့၍၊ လှည့်မဲ့လို့ငိုလိုက်လေသည်မှာ—

ငိုချင်း။ ။ စံခေတ်ငှ၊ ကျန်ရစ်သူအနေခက်ထာမို့၊ ရွှေသက်လှို- ဘယ်မရနိုင်ဘု၊ ငယ်ကလိုခေါ်လျှင်ထူးပါအုံး၊ ကြော့မှူးညာပွား။ ။လှကိန်းငယ်ဝင်လေလေ၊ မစိမ်းပင် သည်တပွဲးတွင်ဖြင့်၊ ကြည်ကွဲးအောင်-ဖေမောင်-ဖုန်းကိုကွယ်၊အမယ်မင်း-မုန်းပစ်လို့သွား....။

ရည်းစားဖြူဖွေး၊ လူကလေး- ပူဆွေးပင်ပန်း၊ ဖေခင်နှင့်မောင်၊ မျိုးသိမ်ပြောင်လို့၊ မိုယ်းတိမ်ထောင်လွှမ်းပါတဲ့၊ လစန်းယုန်တူ၊ခိုးမပြယ်မူ၊ ညိုးငယ်ပူရ၍၊ ကိုးကွယ်သူဝေး၊ ပရိဒေဝ၊ ငြိပေလှသောကြောင့်၊ ဝိသေသဆွေးသည်ကို၊ အရေးမထောက်၊ သနားလောက်၍၊ ကြားရောက်အစီရင်ခံလိုက်ပါသည်။

ကြားကြားသမျှ၊ ထွားထွားလှထွေတို့၊ လားလားမျှမလျော်၊ အကုသိုလ်စက်၊ ယခုလိုခက်ထာမို့၊ ပြက်တချော်ဟု၊ မျက်တော်စိတ်လျောက်၊ အမှုမွဲးကို၊ မပြုပဲးကြောက်ကြမှ၊ နောက်နောက်ကိုဝင့်၊ သံသရာဝယ်၊မြန်မကြာလွတ်မည်ကြောင့်၊ မြတ်ထွတ်သောစိတ်ထားနှင့်၊ မိတ်အများသတိရအောင်၊ ကဝိကန္တီးဆော်လိုက်ရပါတော့သည်။

စကားချပ်။ [ ဦးဖိုးထင်ခေါ် ဦးဝဇီရသည် ရွှေဘိုမြို့ပိုင် ဒွန်းပုတ်ဇာတိဟူ၍၎င်း, မြေထူးမြို့ဇာတိဟူ၍၎င်းပြောကြ၏။ ဦးဝဇီရဘွဲ့မှာ ရဟန်းဘွဲ့မဟုတ်၊ သျှင်ဘွဲ့ဖြစ်သည်ဟု ဆရာများမိန့်လေသည်၊ လူမည်မကျော်သျှင်ဘွဲ့သာကျော်လေသည်၊ ဆောင်းပါးစာကို သာမဏောဘဝနှင့် ရေးသားခြင်းကြောင့် သျှင်ဝဇီရဆောင်းပါးဟုတွင်ယှိရာ ကာလအချိန် သက်ယွယ်ကိုထောက်သောအားဖြင့် ဦးဝဇီရ-ဟုခေါ်ကြသည်နှင့်တူပေသည်၊ ၎င်းဆရာသည် ဗေဒင်ဟောခြင်း, ဆေးဝါးကုသခြင်းအလုပ်နှင့် အသက်မွေးကြောင်းတဆင့်ကြားရပေသည်။

ဦးဝဇီရ-ဆိုသော မြင်းပေါ်ကကျသောဆောင်းပါး,တောပုဘုရားသွားဆောင်းပါး, စကြာဒေဝီမိဖုရားခေါင်ကြီးဖွဲ့သောဆောင်းပါးများကို ချန်လိုက်သည်၊ စိန်စားသေသောဆောင်းပါး-၁၊ကြိုးဆွဲးချဆောင်းပါး ၁-နည်း၊ယူရေးသားကြရန်၍ ၂-ပုဒ်သာဖော်ပြလိုက်သည်။

ဦးဝဇီရသည် မန္တလေးမြို့ မည်သည့်ကျောင်းတိုက်မှာနေသည် အသေအချာမသိ၊ ရေးသားသောဆောင်းပါးများကို ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး ရွှေနားတော်ကြားရသဖြင့် ချီးမွမ်းတော်မူကြောင်းကို ညောင်ဝန်းဝန်မင်းဦးမောင်ကြီး,စာတော်ဖတ်မင်းဦးအုံ-တို့ မိန့်ဆိုလေသည်၊ အတွင်းတော်နန်းသူနန်းသားတို့ ပုရပိုက်နှင့် ရေးတင်လျက်မှတ်ကြကြောင်းကိုလည်း မိန့်ဆိုလေသည်။

ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး လက်ထက်မှာ ဆောင်းပါးရေးကောင်းကြောင်း နန်းတော်ပေါက် အကျော်ရသော ဆရာတဦးဖြစ်ပေသည်။

ငင်းဦးဝဇီရကဲ့သို့ဆောင်းပါးရေးကောင်းသူမန္တလေးမြို့နိုက်မထွက်မပေါ်တိမ်မြုပ်လျက်ယိုချေသည်၊ ဦးဝဇီရရေးသောဆောင်းပါးများကိုရှေးမြန်မာမင်းအမှုတော်ထမ်းအရာယိုတို့အရအမိကျက်မှတ်ထားကြသည်ကိုသိရပေသည်။ ]

---

## * ၂၁၅-ဒုတိယနဝဒေးဆို သာမုဒြိကလက္ခဏာကျမ်း နိဂုံးလင်္ကာ

လွှံ့သောဗိုလ်လူ၊ သံပိုင်းထူပိမ့်၊ သယမ္ဘူပေါက်၊ မိုးလုံးမောက်မျှ၊ ဆဲ့ခြောက်ဌာန၊ မြဟ္မာ ခ-သည်၊ ဝိဇယရံသီ၊ သရီရတနာ၊ ဘုန်း မြတ်စွာ၏၊ ဒါယကာခံ၊ ညီးညီးလျှံမျှ၊ မင်းဝံပေါ်နစ်၊ တောင်ခြေရစ်လျက်၊ ကေရာဇ်တကာ၊ ရခဲ့စွာသည်၊ မေတ္တာမြဟ္မစိုရ်၊ ကိုယ်နှင့်မခြား၊ မျိုးလေးပါးကို၊ တရားမင်းကျင့်၊ ကိုစေလင့်မှ၊ သီးပွင့်တုံမော၊ ပန်းစုံရောသား၊ ကြာတောငါးထွေ၊ ရေတပြိုင်နှုန်း၊ ကျေးငှက်မှုန်းလျက်၊ ပိတုန်းပျားဖြစ်၊ ပန်းရက်နစ်၏၊ ဥပရာဇ်နန်းလျာ၊ ရွှယ်တော်ခါက၊ ဗာရာပြည်သား၊ ပုံဏ္ဏားမြာဟ္မဏာ၊ဂေါဝိန္ဒလျှင်၊ဆက်သည္တတ်ခိုက်၊ တင်ဦးတိုက်သား၊အပိုဒ်တထောင်၊ ကျမ်းစာစောင်ကို၊ မြရောင်ရည်ညက်၊ ရွှေပေထက်နှိုက်၊ ရွှေလက်လုံးညီ၊ ကုံးရစ်သီသော်၊ မြဝတီမြို့၊ ဆက်ပို့တုတ်ခွန်၊ ဂုဏ်ဖြင့်လွန်သည်၊ တွင်းဝန်မည်ပြီး၊ မင်းကြီးမတ်ကျော်၊ ဆင့်နှိုးဆော်ရှယ့်၊ အာဘော်အာဂုံ၊ အစုံယုတ္တိ၊ ပြိုင်ညှိဖွဲ့ချုပ်၊ သရုပ်သဒ္ဒါ၊ ဆန်းမြန်မာဖြင့်၊ မဟာသင်္ချာ၊ မဟာသီရိ၊ပါဠိညွန့်လူ၊ပိုဒ်နှစ်ဆူတွင်၊ စည်သူစည်သူ၊ ဇမ္ဗူရည်ပွင့်၊ ပိုဒ်ပြိုင်ဆင့်သား၊ရှင်ပင့်ပဏ္ဍိ၊ မတ်ကဝိလျှင်၊ ကျော်သိနဝရတ်၊ မျက်စုံခတ်သည်။ ။မှတ်လေ့ရှေ့စာမော်ကွန်းတည်း။

---

## * ၂၁၆-ဂီဟိသုတပျို့နိဂုံး

ရတနာညွန့်လန်း၊ မျက်စုံဆန်းသည်၊ ရွှေနန်းသိင်္ဂါ၊ ဖြူရိပ်သာမှ၊ အညာမထောင်၊ နောက်ခပ်စောင်တွင်၊ သာခေါင်ကျယ်ဝင်း၊ မြေတလင်းနှိုက်၊ ဖန်ဆင်းသင့်တင့်၊ မနိမ့်မြင့်သား၊ ဆင့်လည်းဝါးမွမ်း၊ ကြမ်းလည်းဝါးသာ၊ နေရောင်ကာလည်း၊ ခြမ်းလွှာဝါးပင်၊ မွေ့ညက်စင်သည်၊ အချင်ဝါးသွယ်၊ ဝါးညှပ်တွယ်လျက်၊ ယနယ်ဝါးမျိုး၊ ဝါးအမိုးနှင့်၊ ခေါက်ချိုးသွယ်တန်း၊ ပြင်လက်ရန်းလည်း၊ ရစ်သန်းကာမှီး၊ ဝါးဖြင့်ပြီးရှင့်၊ ပိတ်ဆီးဖိဒုံး၊ ဝါးခြမ်းဖုံးလည်း၊ ပွားပြီးမယှို၊ ချောတီတီလျှင်၊ စိစိကြပ်ကြပ်၊ ကြိမ်နွယ်သပ်နှင့်၊

မြဲ့းကွပ်ခွေကျိတ်၊ ကြေးနန်းချိတ်သို့၊ တဆိတ်မထ၊ ပြေပြစ်လှသည်၊ ရှုကြမညောင်း၊ မသာတောင်းတည့်၊ ရွှေကျောင်းပြဖွ၊ ဝေါဟာရဖြင့်၊ စိမ်းမြခွံ့သို့၊ လဲ့လဲ့စိုသည်၊ ပင်ပျိုသစ်သစ်၊ ဝါးတိဖြစ်သား၊ အနှစ်သာလွန်း၊ ရိပ်တဲးခန်းတွင်၊ ပျော်မြိန်းနေစဉ်၊ ငြိုးငွေ့ယှဉ်သော်၊ ဖြေဖျဉ်ချုပ်ထား၊ ကျိုးလည်းပွားဟု၊ မှတ်သားနာဖွယ်၊ အမိပ္ပါယ်နှင့်၊ နှိုးနွယ်ကျမ်းလာ၊ ဆိုလိုက်ပါသား၊ ဤစာသာရ၊ဂေါသိတကို၊ မိမ္မဃောကျွား၊သူတော်များတို့၊ ထောင်နားကြည်ယှိမ်း၊ ချိုးသောက်လိမ်းက၊ မတိမ်းမရှား၊ ကျိုးစီးပွားသည်။ ။ အပါးလှာလိမ့် လှာလိမ့်တည်း။

---

## * ၂၁၇-ဘကြီးတော်ဘုရားလက်ထက်စစ်ကိုင်းမြို့ စီရင်စုရွာဝေးရွာသူကြီး-ဦးနု ဝက်မစွတ်မြို့စားနဝဒေးဆို ဗာရဝီမော်ကွန်းသံပိုင်း

မင်္ဂလာမာန်နှည်၊ လင်းလင်းလည်သား၊ ယင်းသည့်အမရ၊ ပူရိန္ဒဝယ်၊ ဒုတိယမြောက်၊ နန်းကြီးပေါက်၍၊ အနောက်တလွှား၊ မြောက်အလားတည့်၊ တိုင်းကားတပိုက်၊ မဇ္ဈေတိုက်ဝယ်၊ သိမ်းပိုက်စိုးဟန့်၊ တန်းခိုးဘန်လျက်၊ လက်အန်ကြိုးထစ်၊ တကြိမ်ပစ်သော်၊ ရေမြစ်ကြည်းမျှ၊ သိန်းသန်းရသား၊ အမှုစန္ဒာ၊ သကြွားတံဆိပ်၊ လရိပ်မျက်နှာ၊ လက်နက်ပါလျက်၊ ပဋ္ဌာလနန်း၊ ပတ်သန်းရစ်ခွေ၊ ဇေနဂရ၊ ဘာရဋ္ဌက၊ မြို့မနှစ်ဆယ်၊ ပင်လယ်ဝေးခြား၊ လေးလသွားတည့်၊ မင်းဖျားပဏ္ဏာ၊ ဦးတိုက်လှာသား၊ စမ္မာပွားလူး၊မိမဒ်ဦးတွင်၊ ရာထူးရည်သွေး၊ ကျော်ပုံ့မွေးသား၊ နဝဒေးဝင်းလျှံ၊ ဘွဲ့မင်းစံနှင့်၊ ပုဂံတကောင်း၊ တည်ဟောင်းထောင်ဦး၊ ဝက်မင်းကူးသော်၊ ရေရှူးမွန်နှည်၊ မစွတ်သည်ကြောင့်၊ စဉ်ရှည်နှောင်လှာ၊ ဝစိမ့်ငှါလျှင်၊ဝ-သာယှဉ်တွဲ၊ ဝင်မစဲးတည့်၊ ဝ-ဆွဲးတသတ်၊ ဝက်မစွတ်ကို၊ ရွှေထွတ်ရိပ်ငြိမ်၊ ဘုံနန်းအိမ်ဝယ်၊ နှစ်ကြိမ်ပိုင်စား၊ နှစ်ပါးကာလ၊ ဗျာဒိတ်ရ၍၊ ထိုပနောက်နှိုက်၊ တိုက်ကားတွင်းသင်း၊ သင်းပင်းမြို့ရွာ၊မည်ရည်မှာမူ၊ မဟာသီရိစည်သူ၊ ဟူလေဘိတပ်၊ ကဝိမတ်လျှင်၊ သတပတ်ကြာမုံ၊ မိပ္ပါစုံသည်၊ အာဂုံယုတ္တိ၊ နတ်နှုတ်ယှိသား၊ ဗာရဝိလမ်း၊ နန်းစဉ်ကျမ်းကို၊ ဆိုတမ်းထုံးမှီး၊ ဟုတ်တိုင်းခြီးသည်။ ။ ပြီး၍ရွှေစာသံပိုင်းတည်း။

---

## * ၂၁၈-မုံရွေးဆရာတော်ဆို ဥဒိန္နပျို့နိဂုံး

နိဗ္ဗာန်မဂ်ဖိုလ်၊ ရောက်ခလိုဝ်ဟု၊ သွေးချိုပဌနာ၊ ဆုပန်ထွာလျက်၊ ရတနာသိယံ၊ အင်းဝစစ်ကိုင်း၊ တိုင်းကြီးသာလှ၊ အမရပူရ၊ ရဋ္ဌမကြွင်း၊ ဆားလင်းပတ်ကုံး၊ဆားထုံးတခွင်၊ လယ်စင်မုံရွာ၊ မဟာဂုဏ၊ပေါက်ပြထင်ပေါ်၊ထေရ်ကျော်အများ၊အပါးပါးတို့၊တရားရင်နို့၊လှည့်ကာစိုဝ်မှ၊ပြိုဝ်ပြိုဝ်သက္ကရာဂြဟာသိန္ဓု၊ မေရုဇုန္ဒ၊ မိဿရာသီ၊ ပုဏ္ဏမီတွင်၊ ကြည်လင် ဆွတ်ဆွတ်၊ သိမ်မြေထွတ်ထက်၊ဥတ်ကမ္ဗဝါ၊ လေးခါထပ်စည်၊ အရည်ပြီစွာ၊ ခုနစ်ဝါရလစ်၊ သက်စစ်ပြည့်လှာ၊ ထိုဝ်အခါတွင်၊ မာတာညွှတ်ပျောင်း၊ ကျမ်းပြုကြောင်းကိုဝ်၊ တောင်းပန်သဖြင့်၊ တော်သင့်သေသပ်၊ ကမ္ဘတ် ခြူးရိုက်၊ ပရိုက်ညိုဝ်ရောင်၊ သံတောင်စွေစပ်၊ အင်္ဂါထပ်သား၊ လွှာချပ်ချောညက်၊ နှစ်ဆူထက်တွင်၊ ရွှေအက္ခရာ၊ ဝေဆာညွန့်လျှံ၊ လက်ခံခင်းကျင်း၊ စိုင်းပြင်းဆင်ခြင်၊ ရေးစီရင်၍၊ ဆောလျှင်ခဏ၊ သုံမ်းလကသော်၊ မကျော်မကျူး၊ မကူးလေးလ၊ အောင်ဆုရလည်း၊ ထွန်းပများမြှောင်၊ငါးထောင်သာသနာ၊ တည်စိမ့်ငှါဟု၊ ပညာစက္ခု၊ စဉ်းစားရှု၍၊ ပြုပြုပြင်ပြင်၊ ဆင်ခြင်စဉ်းစား၊ ထောက်ထားသည်နှင့်၊ ရှည်မြင့်အခါ၊ သချာအစွန်၊ နှစ်လခန့်လျှင်၊ ရှည်ညွှန့်ပြီးမှ၊ ဖြူဆွချောညက်၊ ပေပြားရွက်တွင်၊ အက္ခရာသွယ်သေး၊ ကိုယ်တိုင်ရေး၍၊ရန်ဘေးမငွေ့၊ ပြီးသည့်နေ့ကား၊ ဘုန်းဟေ့တုမဲ့၊ သုံးဆဲ့ကိုဝ်းမည်၊ သျှင်စောသည်လျှင်၊ ရွှေပြည်အောင်ခန်း၊ နိဗ္ဗာန်နန်းကိုဝ်၊ သိမ်းမြန်းသည်နောက်၊ ကျရောက်သတ္တ၊ သီဟအင်္ဂ၊ သသိ-သာသနာ၊ သတ္တာအက္ခ၊ ဘောမဟူသည်၊မရှည်ဂေါဇာ၊ ဒီဃမှာမူ၊ ထောင်သာအစ၊ တရာ့ငါးဆယ်၊အလယ်စုရုံး၊ အဆုံးငါးပါး၊ နှစ်ကားစိတ္တရ၊ စောင့်ထကြွက်မင်း၊ ခြောက်သင်းဥတု၊ သုံးခုကာလ၊ ဒွါဒသမတ်၊ နက်သတ်ဆဲ့နှစ်ပါး၊ ရှည်သွားရာတွင်၊ မည်ပင်ကြတ္တိကာ၊ မြိစ္ဆာရာသီ၊ နရီပြိုပြို၊ သုံးဆဲ့နှစ်လီ၊ ညရီခွက်တိုဝ်း၊ ပိဿနိုဝ်းနတ်၊ မြှိမ်းနက်သတ်နှင့်၊ လေးပတ်ပြည့်ဖြိုဝ်း၊ တူပြိုင်နိုဝ်းလျက်၊ သန်မိုယ်းကုန်စဲး၊ ခဝဲးပွင့်တုန်း၊ တန်ဆောင်မုန်းနိုက်၊ မြည်ခြုန်းမိုယ်းသား၊ တိုင်ထွတ်ဖျားဝယ်၊ ငါးပါးကျူးမြင့်၊ မီးပန်းပွင့်လျက်၊ ကောင်းကင့်ထက်ဝယ်၊ ကျီးတသွယ်နှင့်၊ ရွှေကြယ်ရွှေလ၊ ထွန်းပတိထိ၊ ပုဏ္ဏမီနိုက်၊ ပြည့်ညီလျှံဝင်း၊ တနင်္ဂနွေ၊ ကြက်သရေစက်ရှိန်၊ တက်ချိန်နေချိုဝ်၊ ရွှေပဟိုဝ်ကြီး၊ ရိုက်ခြီးပေါက်ပြ၊ တရာ့တဆယ်၊ မှတ်ယွယ်သချာ၊ တီးမြွးရာတွင်၊ သံသာချိုန္တဲ့၊ ဟိန်းဟိန်းတွဲ့မှ၊ တဆဲ့တချက်၊ ရိုက်နှက်ဖြိုးဖြိုး၊ တကြိမ်တီးလျက်၊ ထွန်းညီးပါဒ၊ တေးရသတွင်၊ နေမှလက်ကား၊ တခွင်ခြားလျက်၊ တောဖြားမြိုင်ရိပ်၊တောင်

ထိပ်တောင်အောက်၊ လေချိုဝ်လှော့ကျ်၍၊ နှင်းပေါက်ကျယိုဝ်၊ ပင်တိုင်းစိုဝ်လျက်၊ ရေညိုဝ်ဖွေးဖွေး၊ တအေးအေးနှင့်၊ ရန်ဝေးကင်းကွာ၊ ထိုဝ်အခါတွင်၊ ရတနာကျမ်းကြီး၊ ချောမြွေပြီးရှင့်၊ ဆိမ်ိးပဒေသာ၊ ပွင့်စန်းဝါသိုဝ်၊ မင်္ဂလာဂန္ထ၊ ဤကျမ်းမဏ်၊ ဥပနိဿယာ၊ မှိဝ်းရာကား၊ မဟာဓမ္မပဒ၊ ထင်ယှားလှသည်။ ။ဘုရားဖျာဒိတ်တော်ခွန်းတည်း။

---

## * ၂၁၉-သျှင်အုန်းညိုဆို ဂါထာ ၆၀-ပျိုနိဂုံမ်း

ဖုရားမြတ်စွာ၊ ကုသိန္ဓာနိုက်၊ ချမ်းသာမြိုက်မွှန်၊ နိဗ္ဗာန်ဝင်စ၊ ထိုကာလနှင့်၊ ပြီးထဉ်စာ၊ သာသနာမူ၊ ကြာသည်မြင်လစ်၊ နှစ်ထောင်နှစ်ဖြင့်၊ပွားသစ်ခြောက်ဆယ်၊ တနှစ်ဝယ်လျှင်၊ အကျယ်သက္ကရာဇ်၊ ရှစ်နှင့်သတ္တ၊ ကာလကိန်းခန်း၊ အစွန်းကိုးခု၊ ဥတုသရစ်၊ နှစ်ကားဇယ၊ ကဆုန်လလျှင်၊ ပြည့်ဝံပုဏ္ဏာ၊ သောကြာဆန်းတက်၊ ဆဲ့ငါးရက်ဝယ်၊ လက်ကားကြင်၊ ကြို့လတ်တခု၊ ဂြိုဟ်ရာဟုနှင့်၊ ဂုရုအတူ၊ စန်းမူသိန်မှာ၊ အင်္ဂါမေစုန်၊ တသုန်နေဘိ၊ ရဝိဗုဒ္ဓ၊ မိဿအခွင်၊ မိန်တွင်-သောကြာ၊ သောရာမနေ့၊ ဤသို့စုရွှ်၊ ကျမ်းပြုဆရာ၊ ဗြိုးမွှမ်းစွာလျက်၊ ဓာတ်မှာဆန်းစ၊ အမြိတ္တနိုက်၊ လို့လရှာမိုး၊ ဤစာပြီး၏၊ ကောင်းကြီးနမော်၊ သာခုခေါ်လျက်၊ ဂုဏ်တော်တရား၊ နှုတ်ဝယ်ထားက၊ လေးပါးပါယ်ရွာ၊ လွှန်နိုင်စွာ၍၊ ချမ်းသာသုံးတန်၊ စံစားလွှန်မူ၊ ပြည်တန်ဆုကြီး၊ နိဗ္ဗာန်နီး၏၊ မျိုးသီးလေးခြား၊ သူတော်များတို့၊ တရားဆိမ်ိး၊ ဒအောင်စည်ကြီးကို၊ ညီးညီးပြောင်ပြောင်၊ ဆယ်ငါးထောင်နိုက်၊ ရွက်ဆောင်လေ့လ၊ ဓာရဏဖြင့်၊ သုခသြဇာ၊ အရသာဟု၊ ပညာစိတ်ပြား၊ နိဗ္ဗာန်ကြားသည်။ ။ကျိုးများယိုရာဖွေသတည်း။

---

## * ၂၂၀-တရားသူကြီး လက်ဝဲသုန္ဒြ အမတ်ကြီးဆို ဝိနိစ္ဆယပကာသနီဓမ္မသတ်လင်္ကာ နိဂုံမ်း

ဝိနိစ္ဆယပကာသနီ၊ ဂန္ထိကျမ်းမြတ်၊ ဓမ္မသတ်လင်္ကာ၊ ချိုသာယာကို၊ ပညာယှိမြတ်၊ သမတ်ခံကောင်း၊ မှူးလောင်းမတ်ရာ၊ သမ္မာဖြောင့်မတ်၊ကြွတ်ကြွတ်ခိုင်ခိုင်၊ ကျောက်တိုင်ပမာ၊ ကေသရာသို့၊ ပညာရဲ့ရင့်၊ မူအခွင့်ကို၊ တွက်ချင့်စာနာ၊ သိပြီးခါလျှင်၊ ဆန္ဒာဒေါသ၊ မောဟဘယာ၊ ဤလေးဖြာကို၊ ဆံလွှာယှိမျှ၊ မစွန်းရအောင်၊ လူလွှပြုသား၊အမျိုးသားတို့၊ကျက်စားလေ့လာ၊ ပြုစရာလမ်း၊ အခန်းခန်းကို၊ ကြိုးပမ်းအားကုတ်၊ လူလွှထုတ်၍၊ မယုတ်

သေချာ၊ ပြီးသည့်မှာကို၊ သချ်ာများမြောင်၊တွက်ရေးဆောင်သော်၊ တထောင်တရာ၊ ခြောက်ဆယ်သာ၍၊ စွန်းပါတခု၊ ရတုတွက်ရေ၊ သုံးပါးထွေတွင်၊ ဟေမန်သို့ချင်း၊ဝသန်ကြွင်းဟု၊ ခေါ်ခြင်းမည်ရ၊ တန်းဆောင်လဝယ်၊ ဆန်းစတိထိ၊တွက်ညီရမှု၊ ခုနစ်ခုစေ့၊ နေ့ကားဂဠုန်၊ ပြင်းဟုန်ထန်စွာ၊ နာရီပဟိုရ်၊ ခတ်ဆိုသုံးချက်၊ တီးတွင်ဘက်လျှင်၊စက်ယန္တရား၊ ခတ်သောလားသို့၊ အဖျားသွယ်လျှ၊ ကညစ်လှနှင့်၊ ပီသအက္ခရာ၊ သေချာစေ့စပ်၊ ပလ္လင်သပ်သည်။ ။သူမြတ်ပညာယှိတကာတို့ သွားရာလမ်းမ သဖွယ်တည်း။ [တဆဲ့ငါးလုံးချသည်။]

---

## * ၂၂၁-မင်းပူးမြို့ဆရာတော် ဦးသြဘာသဆို မဟောသဓောဝတ္ထုနိဂုံး ကေပိုဒ်လက်ာ

မြတ်သာသနာ၊ နှစ်ထောင်သာ၍၊ သုံးရာကျော်လစ်၊ နှစ်ဆဲ့ရှစ်တည့်၊ သက္ကရာဇ်ဂေါဇာ၊ ထောင့်တရာတွင်၊ စွန်းလာလေးဆယ်၊ ခြောက်ခုဝယ်နှိုက်၊ ရွှေနွယ်ပျိုသင်း၊ အင်ကြင်းပိတောက်၊ ကြက်မောက်သရဘီ၊ နှင်းဆီလှိုင်ထုံ၊ တောရဂုံတွင်၊ မွှံမွှံမွှိုင်းမွှိုင်း၊ ရီဆိုင်းဆိုင်းတည့်၊ ရစ်ပိုင်းတိမ်ခြေ၊ မင်းလွှင်ဝေလျက်၊ လေဝန်းဆော်ဘန်၊ ဆီးနှင်းအန်၍၊ ဟေမန်ကုန်ပြောင်း၊ လတပေါင်းဟု၊ ရွက်ဟောင်းကြွေပစ်၊ရွက်သစ်ညွှန့်ရှင်၊ ဖူးဆင်လုလု၊ ရတုပူချမ်း၊ ရောရာပြွမ်းသား၊နွေလှမ်းဆောင်းကျွတ်၊ နေပြာသာဒ်လည်း၊ နက္ခတ်ခနသိဒ်၊ ဘော်မိတ်ယှဉ်လျက်၊ ဆန်းဆယ်ရက်တွင်၊ လက်မိဿခန်း၊ စန်းဗြိဿခွင်၊ ရောက်စဉ်တွင်ဝယ်၊ သဘင်အခါ၊ နေ့ဇီဝါနှိုက်၊ ဤစာဝတ္ထု၊ ကျွတ်ဆုအောင်မြိုက်၊မြတ်သည့်သိုက်ကို၊ ပုရပိုက်ရွှေထောင်၊ဆင့်ဆင့်ဆောင်လျက်၊ သံတောင်လေးဆူ၊ အပြည့်ဟူသား၊ မူလက်ခံမှာ၊ အက္ခရာကို၊ သေချာမြဲတည်၊ အခွန့်ရှည်စွာ၊ စည်ပင်ပွားစေ၊ နှလုံးခွေ၍၊ ပေထက်တင်မှု၊ ရေကူးပြုသား၊ ကောင်းမှုဤစာ၊ ဒါယကာလည်း၊ စေတနာရှင်ကြည်၊ ရှုစိမ့်မည်ဟု၊စိဘ်ရည်ကြိုးကုတ်၊အောင်ဆုချုပ်လျက်၊ ကျွန်ုပ်ရေကူး၊ အထူးလို့လ၊ ပြုရကြည်ညို၊ ဤကုသိုလ်ကြောင့်၊ ထိုထိုနောင်လာ၊ သံသရာနှိုက်၊ ပညာဘုန်းဝေ၊ ပြည့်ပါစေရှင့်၊ များထွေသတ္တ၊ ယှိသမျှလည်း၊ သမသမာ၊ညီမျှစွာလျှင်၊ ရပါစေကြောင်း၊ မျှဝေလောင်းသည်။ ။မြတ်ပေါင်းလူဗိုလ် ကြည်ညိုသာခု ခေါ်စေသောဝ်။ [၁၁-လုံးချ။]

---

## * ၂၂၂-မင်းပူးဆရာတော်ဦးဩဘာသဆို ဇနကဝတ္ထု စာပြီးနိဂုံး ရတုပိုဒ်စုံ

၁။ ရွေးသို့သို့ယူ၊ နောင်လာလူတို့၊ လွယ်ကူသိအင်၊ ကမ္ပည်းတင်အံ့၊ မြတ်ရှင်စက်ရွှေ၊ ယိုရာမြေက၊ ရစ်ခွေစီးလာ၊ နမန္ဒာနှင့်၊ ရောဝတီ၊ စုံညီယှဉ်ပူး၊ မြစ်ဆိပ်ဦးတွင်၊ မင်းပူးသညာ၊ ဂုဏ်ယိုရွာနိုက်၊ ဇာတိဌာန၊ သာကေတဟု၊ နဂရသာစည်၊ ရပ်သာပြည်က၊ အသည်ကြီးရိုး၊ တစုမျိုးလျှင်၊ တင်ကိုးကွယ်ကာ၊ မြတ်ဆရာနှင့်၊ မကွာကပ်ဆည်း၊ တအုပ်တည်းဖြင့်၊ ပစ္စည်းမငြိုး၊ ကုသိုလ်ဆယ်လီ၊ နေ့ညမှီလျက်၊ ဤရွာပျော်ပိုက်၊ နေကြခိုက်တွင်၊ ကောင်းမြိုက်ရသ၊ မြတ်ဆန္ဒနှင့်၊ သီလလေးမည်၊ လရောင်ခြည်သို့၊ ချမ်းကြည်ဖြူဆွတ်၊ ပရိယတ်လည်း၊ ပိဋကတ်သုံးဖြာ၊ ပဒေသာမှ၊ လိုရာငှပေး၊ ဆွတ်ယူကျွေးသား၊ နက်လေးဂုဏ်အင်၊ ကျေးဇူးရှင်၏၊ ထံတွင်လက်ပါး၊ မြဲးပပ်တွားရှ်၍၊ ဘဝါးတော်အောက်၊ နည်းနာသောက်လျက်၊ ရွှေနောက်ရေးပြ၊ နှစ်လိုးသ-နှင့်၊ ဘ-မှာအာကပ်၊ အလယ်ထပ်၍၊ ရွှေရပ်သ-ဝယ်၊ အရစ်တွယ်သား၊ ဘုန်းကြွယ်ပေးဆင်၊ ဤဘွဲ့ရှင်လျှင်၊ များဖြင်ညာတကာ၊ ခိုမှီရာသား၊ ကျောင်းတကာ-မောင်ဝ၊ တွင်ထသညာ၊ တို့ဆရာ၏၊ တကာရင်းသား၊ ပျိုထွားရွယ်ပေါက်၊ နည်းနာသောက်လျက်၊ မောင်ထောက်တွင်မည်၊ ဤသူသည်လျှင်၊ ကြည်ညိုလေးမြတ်၊ ဆယ်စောင်ဇာတ်ကို၊ မွေးဆွတ်ဆွတ်ကြူ၊ နာခံသူတို့၊ အယူမခဲ၊ ရွှေကြုတ်ထဲမှ၊ ပုလဲဂေါ်မုတ်၊ စီ၍ထုတ်သို့၊ ကောင်းဟုတ်မင်္ဂလာ၊ ရေးစီပါဟု၊ သံသရာကျိုးရည်၊ တောင်းပန်သည်တွင်၊ ရေကြည်ဆွတ်ဖျန်း၊ ပျိုးစပန်းသို့၊ လန်းလန်းဂုဏ်သွေး၊ မရှင်သေး၍၊ နက်လေးကျမ်းဂန်၊ သင်ကြားဝန်နှင့်၊ အားသွန်နေ့ည၊ ကိုယ့်ဆန္ဒလျှင်၊ တောင့်တလိုရင်း၊ မပြည့်ခြင်းဖြင့်၊ သတင်းဝှက်သို၊ နည်းနာခိုလျက်၊ ငယ်ကိုယ်ငယ်စိတ်၊ ညာဏ်အမြိတ်လည်း၊ ဘိတ်ဘိတ်ညွန့်သန်၊ မထွက်ဟန်ကြောင့်၊ ဝန်မခံလို၊ ငြင်းပယ်ဆိုလည်း၊ ခိုမှီဆည်းကပ်၊ ထပ်ထပ်ကြိုးစား၊ လျှောက်ဘန်များသော်၊ အားနာမေလ့၊ စိတ်ငြိုးငွေ့လျက်၊ ပြီးရွှေပြီးစေ၊ ထုတ်စီပေသား၊ ဝေဿန္တရာ၊ စန္ဒကုမ္မာ၊ ရာဇာမင်းပျို၊ ဝိမိုရ်မဟော်၊ မတ်ကျော်နှစ်ဦး၊ ကျေးဇူးပညာ၊ ထင်ရှားစွာနှင့်၊ ဗြဟ္မာနာရဒ၊ မည်ရသီးသီး၊ ဇာတ်တော်ကြီးဟု၊ အံ့ချီးငါးခု၊ ဝတ္ထုငါးထောက်၊ အပြီးမြောက်၍၊ နောက်တဖန်သာ၊ ဤအခါနိုက်၊ မဟာဇနက၊ နရထိပ်ပန်း၊ ဇာတ်တော်ခန်းကို၊ ထူးဆန်းကျစ်လစ်၊ ပြေပြစ်လျှောက်ပတ်၊ နားပျောင်းညွတ်အောင်၊ လောကဝတ်ရရ၊ ဓမ္မသွယ်သွယ်၊ ထုတ်

စိချယ်၍၊ မိပ္ပါယ်လတ်လတ်၊ သင့်သုံးဖြတ်သည်။ ။သူမြတ်သူတော် ရှုမြော်ချိုးမြှင့် ဆင်စေသောဝ်။

၂။ မွေးဖုံ့ဖွံ့ဖြိုး၊သီတဂူသို့၊ ရောင်လူလမ်းဖြာ၊သာသနာနိုက်၊ပညာဖေဂ္ဂုံ၊ အနှစ်စုတည့်၊ အမြုတေမြတ်၊ ပိဋကတ်ဝယ်၊ ပရမတ်ညဝါ၊ ပုဏ္ဏာသို့ရှိ၊ ဝိဘင်းသို့ထွက်၊ အနက်သို့ရ၊ ယမကအစုံ၊ နုလုံပစ္စနိက်၊ ခက်ကျိတ်ဖွေဖွေ၊ သန္ဓေပဝတ္တိ၊ဘူမိပုဂ္ဂလ၊ ဝါရနာမ်ရုပ်၊ နက်တိမ်မြုပ်သား၊ ပစ္စယုပ်ပစ္စည်း၊ နည်းအနန္တ၊ စွမ်းသမျှလျှင်၊ သိရလို့ဂါ၊ ကြိုးအားဖြာလျက်၊ သဒ္ဒါအနက်၊ ပုဒ်ထွက်ပုဒ်လာ၊ ဤဝါစက၊ ဤဝစ္စဟု၊ ပဒဆုံးဖြတ်၊ အန္တတ်ဗာဟိ၊ သင့်ညီဝေဘန်၊ လိင်အန်ဝိဘတ်၊ ဓာတ်ရပစ္စည်း၊ ဥာသ်နည်းမြော်ဆ၊ မုချဥပစာ၊ သညာသညီ၊ ဘာဝီဘာဝ၊ သဒ္ဒဝေဝုစ်၊ စုဒ်ကားသို့မြော်၊ အာဘော်သို့ရှိ၊ ပရိဟာရ၊ သို့လျှင်ပြ၍၊ ဂရဟာသမ္ဘာဝနာ၊ စိတ်ဖြာနိုယံ၊ သင်ကြံမှတ်ဘွယ်၊ အသွယ်သွယ်ကို၊ ဉာဏ်စွယ်ဉာဏ်သွား၊ အလျောက်အားဖြင့်၊ သင်ကြားလေ့ကျက်၊ စိတ်ဝိတက်နှင့်၊ ဖျိုသက်ရွယ်လူး၊ ဉာဏ်ကျေးဇူးလည်း၊ ညွှန့်ဖူးထွက်စ၊ ရွှရွှလွင်လွင်၊ ရှင်သည်တကြောင်း၊ အပေါင်းငယ်လိုက်၊ ယခုကြိုက်၍၊ မထိုက်ရာမျှား၊ ဆိုမိမှားသော်၊ တရားလိမ်မာ၊ ပညဝါတို့၊ အက္ခရာဝါကျ၊ တပိုဒ်မျှလျှင်၊ ဗုဒ္ဓတဆူ၊ နှလုံးမှုဖြင့်၊ နှုတ်ယူသွတ်သွင်း၊ ဒေါသကင်းအောင်၊ ရှင်းလင်းဤစာ၊ ပြင်လိုက်ပါလေ့၊ စေတနာပြန့်ကြည်၊ ကျွန်ုပ်သည်လျှင်၊ ဦးတည်စိတ်ထား၊ မျိုးလေးပါးတို့၊ မှတ်သားစေမှု၊ ရေးစီပြုသား၊ ဝဏ္ဏပြီးလစ်၊ သက္ကရာဇ်မူ၊ ဇော်နှင့်ဒက၊ စာရသဏ္ဌာ၊ နှစ်ကောဇာနိုက်၊ ရာသီဂိမှာန်၊ ဝသန်ပြောင်းလူ၊ ရတုလန်းလန်း၊ ပန်းလည်းချိန်သင့်၊ ပွင့်စတချို့၊ဖူးစို့တသွယ်၊ ပင်နွယ်ဆိုင်းဆိုင်း၊ ခက်ကိုင်းထွားထွား၊ ဘားဘားဝေဝေ၊ စုံခြေရှိမ်းရှိမ်း၊ မြရည်လိမ်းသို့၊ ရွက်စိမ်းလတ်လတ်၊ ဖတ်ဖတ်စွေးစွေး၊ ကျေးငှက်သံကြော်၊ မိတ်ဘော်စုံလင်၊ တပင်ပုံကူး၊ တပင်မြူး၍၊ ရင့်ကြူးသံခြေ၊ စာငှဝေလျက်၊ မိတ်ဆွေကျွမ်းဝင်၊ ကွဲးသူမြင်က၊ မရှင်ကြောင်းသွယ်၊ ဝမ်းနူးဘွယ်နှင့်၊ မြစ်ဝယ်ကမ်းခြေ၊ ရေမငုံတတ်၊ ပဏ္ဏုန်နတ်လည်း၊ မြဝတ်တိမ်းခဲး၊ လျှပ်ပန်းကြဲးလျက်၊ ရင့်နွှဲးထစ်ကြိုး၊မိုယ်းနှင့်လေဆိုင်း၊ရိမ့်ုင်းတခါ၊ ပဥ္စမာသင်္ဂြိ၊ တိထိဆဲ့ငါး၊ ပြည့်ပြောင်းပြီးနောက်၊ သုံးရက်မြောက်တွင်၊ သောကြာနေ့မြတ်၊ နက္ခတ်ဘဒြပိုဒ်၊ ကောင်းမြိုက်ဘိုသိက်၊ အောင်နိမိတ်ဖြင့်၊ ဗြိစ္ဆာရာသီ၊ လက်သို့ညီသော်၊ ဤစာကမ္ပတ်၊ အပြီးသတ်သည်။ ။လူနတ်ပူဇော် နှမော်ထီးဆင့်တင်စေသောဝ်။

၃။ မွေးပုံပုံကြွ၊ မြတ်မှန်ကူ၍၊ သုံးဆူနတ်နက်၊ မိန့်တော်စက်လျှင်၊
အနက်ဘပါး၊ ငင်ပြောမဆံ၊ မလျှံဂုဏ်လျော်၊ ရှုမြော်မခဲ၊ လွဲမဆန့်ကျင်၊
တင်ရာပြဆောင်၊ ထိုက်အောင်ဂုဏ်မြှင့်၊ ဂုဏ်ဖြင့်မယုတ်၊ အားထုတ်သမျှ၊
အနက်ရချည်း၊ ဤသို့နည်းဖြင့်၊ လုံးစည်းပဒ၊ ဒေါသရှစ်ချက်၊ မနှောင့်ယှက်
တည့်၊ ဝါကျပြစ်ရှု၊ ခြောက်ပုဒ်၊ လွတ်ရှောင်းသန့်သက်၊ အနက်ဒေါသ၊
ကိုးခုမှလည်း၊ မရပြစ်ရှာ၊ လွတ်ကင်းကွာ၍၊ ဩဇာပသာဒ၊ စသည်သတ္တိ၊
ဂုဏ်မျိုးယှိလျက်၊ အာဒိမဇ္ဈ၊ အန္တကလျာ၊ ကောင်းညီစွာသား၊ ဂါထာ
စုဏ္ဏိယ၊ ဇာတကမှ၊ အရအနက်၊ ထွက်သည်ဂုဏ်အင်၊ မကြွင်းမြင်အောင်၊
ကောင်းကင်ထက်ဝန်း၊ လကိုညွှန်းသို့၊ ငြိစွန်းမရှု၊ ထင်ပြပြုဖြင့်၊ မြန်မာ့ဘာ
သာ၊ ပျူငှါကျစ်လစ်၊ ချောမြေပြစ်သား၊ ဘွဲ့လှစ်စီဆို၊ ဤကုသိုလ်ဖြင့်၊ လိုရာ
အကျိုး၊ ဆုပန်ပျိုးအံ့၊ အမျိုးလေးဖြာ၊ သူတကာတို့၊ ဤစာစကား၊ နာရှိ
ကြားမူ၊ တရားယူရှု၊ မကောင်းမှုကို၊ မပြုကြဉ်ဖဲ၊ မြဲသားသီလ၊ အာစာရ
နှင့်၊ ဗိဝသန့်ရှင်း၊သားချင်းမိတ်ဆွေ၊တူနေပေါင်းဘက်၊နှစ်သက်ကြည်ညို၊ဝန်
တိုမဟူ၊ ငြူစူမပျိုး၊ မငြိုးမသို၊ ဂုဏ်ကိုမဖျက်၊ အမျက်ဆိပ်တောက်၊ ရန်မျိုး
ဖျောက်၍၊ တယောက်ကောင်းစား၊ တယောက်သားလျှင်၊ အားရရှုစိတ်၊
မေတ္တာဘိတ်လျက်၊ နှမ်းနိတ်စောင်းယိမ်း၊ တဦးတိမ်းလည်း၊ ထိမ်းထိမ်းယ
ယ၊ စောင်မညီညွတ်၊ ဖြောင့်ကြောင်းမတ်၍၊ သူမြတ်သူကောင်း၊ အပေါင်း
ဖြိုဖြို၊ ညီသားကိုယ်စိတ်၊ မဘိတ်မလည်း၊ ခမတ္တာတည်းလျက်၊ တစည်းတရွေ၊
ကြာနှင့်ရေသို့၊ ဖြစ်စေသတည်း၊ ထုံးနည်းလိမ်မာ၊ ပညာမိုမို၊ ထိုထိုကိစ္စ၊
ဆောင်သမျှလည်း၊ ခဏာလျှင်လျှင်၊ အောင်မြင်ပြီးစီး၊ မြေကြီးဩဇာ၊ ရသာ
ကောင်းမြတ်၊ အနာလွတ်၍၊ ဥပဒ်မလိမ်း၊ ပြည်ထဲငြိမ်းလျက်၊ ခပ်သိမ်း
ချမ်းသာ၊ ငြိမ်ဝပ်စွာဖြင့်၊ ငါလည်းထိုသို့၊ ကျေးဇူးတို့နှင့်၊ မချို့ကုံင၊ လိုသမျှ
လျှင်၊ လုံ့လအလျောက်၊ လွယ်ကာမြောက်၍၊ ရောက်တုံသီးသီး၊ ကြီတိုင်း
ပြီးလျက်၊ ထီးနယ်ဘန်းခိုး၊ မေတ္တာမိုး၍၊ အချိုးတကာ၊ မှီခိုရာဖြင့်၊ ပညာ
အင္ဂုဏ်၊ ရတုံမငြိုု၊ ဆက်တိုင်းကိုယ်လျှင်၊ ကုသိုလ်စုံညီ၊ ပါရမီဆယ်ပါး၊
ဆင့်ကာပွား၍၊ အများသတ္တဝါ၊ ပက်ဇာကို၊ ပညာနေသင့်၊ ပွင့်စေလို့ငှါ၊
ဤစာကောင်းမှု၊ ပြုဇုလတ်လတ်၊ ဆုပန်ညွှတ်သည်။ ။ဖြူဆွတ်ဖြူလျှော်
ဆုလျှော်သီးပွင့်ရှင်စေသောဝ်။

အမှာ။ [ငင်းရတုပိုဒ်စုံ ပဥ္စမပိုဒ် ၁၂၅-ပဒ၊ ဒုတိယပိုဒ် ၁၂၃-ပဒ၊ တတိယ
ပိုဒ် ၁၂၁-ပဒ ယှိသည်၊ အချမှာ ၁၁-လုံး ချထားခြင်းဖြစ်သည်၊
ဤချနည်းကား အာသာဝတီ ဝတ်ဆံချနည်းဖြစ်ပေသည်၊ ဒုတိယပိုဒ်
အဆိုမှာ ကျမ်းဂန်တဘ်မြောက်သောဆရာတို့ ထင်ရှားပေလိမ့်မည်၊

ပါဠိကျမ်းဂန် မကြေပြွန်သောကြောင့် အကျွန်ုပ်နှိုက်လေလင်းခြင်းယှဉ်ပေ မဲ့၊ "ပိဋကတ်ဝယ်က စိတ်ဖြာနိုယံ"ထိဖြစ်ပေသည်၊ ဤကား မိမိ မကျွမ်းမတတ်သည်ကို ဝန်ခံသောဟူ၏။]

---

# *၂၂၃-ရတနသေဌေးကျောင်းနေ ဆရာတော်သွင်းသည့် သတ်ပုံနိဂုံး

ပဏာမလင်္ကာ။　　စကြာဝဠာနန္တ၊ သုံးလောကတွင်၊ မရနိုင်းတူ၊ သုံးပါး လူတို့၊ သရဖူဦးစိုက်၊ မကိုဋ်ပမာ၊ ရတနာဟု၊ မင်္ဂလာညွှန့်လန်း၊ ဦးခိုင်ပန်း ကို၊သွန်းသွန်းထိပ်ပြင်၊ ဆင့်ဆင့်ဆင်၍၊ တောင်ခွင်လက်ျာ၊ကျွန်းဒီပါထက်၊ တရာထီးဆောင်း၊ မင်းပေါင်းရိုကျိုး၊ လက်အုပ်မိုးသား၊ ဥမျိုးသိုက်ဝင်၊ ဘုရင်မမ္မရာဇ်၊ ပျိုမျစ်နုနယ်၊ နှစ်ဆယ်မြင့်ကျူး၊ ကြာင့်ဖူးသို့၊ ညှို့နုးသားရေ၊ ပရမေတက်ဖျုန်း၊ ဘုန်းလည်းတက်ဖြိုး၊ တန်းခိုးတက်စ၊ ညာဏတက်ပွား၊ ခွန်အားတက်ကာ၊ အာဏာတက်သစ်၊ မိုးကြိုးထစ်သို့၊ နတ်စစ်ဆိုယိုး၊ လူထိပ်မိုးအား၊ မှတ်သားစေချင်၊ နှလုံးရှင်၍၊ မြန်ခွင်ရှေးခါ၊ ဖွဲ့ကဗျာကို၊ သေချာနိုင်နင်း၊ နှလုံးသွင်းသား၊ သတင်းလွှမ့်ပတ်၊ ရှင်ရဋ္ဌတ်နှင့်၊ တုလွတ် စံကင်း၊ ထောင်သင်း-အုန်းညို၊ သံကို-ဟူတို၊ ဇလုံဆရာ၊ မဟာသီလဝင်၊ ကျော်ထင်-တောင်ဆင်း၊ တုဘက်ကင်းသား၊ သတင်းဝှန်ဝါ၊ ရှေးဆရာတို့၊ လင်္ကာကုံးပြောင်၊ အစောင်စောင်ဝယ်၊ ကျောက်တောင်ပမာ၊ သေချာမှန် ကန်၊ ထုံးယူတန်သား၊ အလွှန်များဖြင်၊ သေးသေးတင်က၊ န-တ-ပ-သတ်၊ မလွတ်-မ-ယ၊ ည-နှင့်နောက်ပစ်၊အမြစ်လည်းဟူ၊ သံတူ-သံပြား၊ ချားနား သိသာ၊ န-မှာနလျော့က်၊ မ-မလှောက်တည့်၊ ပ-စောက်မှာလည်း၊ ထိုနည်း အတူ၊ တ-ဝမ်းပူကို၊ ကူ၍-မသတ်၊ အလွတ်တသီး၊ ကန့်ကွက်ဆီး၍၊ လုံးကြီးတင်နှင့်၊ အငင်မှာလည်း၊ ရော့ရည်းမဲ့စေ၊ သေသေသတ်သတ်၊ ပွတ် ညွတ်ထူးခြား၊ သတ်ဟန်များကို၊ ထောက်ထားစေ့ငု၊ ဆင်ချင်ရှု၍၊ အနု ဂဟ၊ တစမလစ်၊ တံသားထစ်သို့၊ သစ်သစ်ဖော်ထုတ်၊ ရွေးချယ်နုတ်၍၊ အဟုတ်အမှန်၊ ကဗ္ဗည်းညွှန်လျက်၊ သုံးတန်ပိုင်းခြား၊ ကန့်ကွက်သား၍၊ ချား နားသိသာ၊ ခြောက်ကြောင်းစာဖြင့်၊ ငါးအင်္ဂါခန့်၊ လွှန့်လွှန့်ယက်ယက်၊ လေ့ကျက်သောခါ၊ နှုတ်ပါရွရွ၊ ကျထည့်စိမ့်မည်၊ သင့်ကြံစည်၍၊ ရွှေပြည် ရွှေပါး၊ မြစ်ငယ်နားဝယ်၊ ထူးချားမည်ရ၊ ရတနာဟူသည်၊ ဘွဲ့ချည်မင်းပေး၊ သဌေးဆရာ၊ သူမြတ်စွာလျှင်၊ ရာဇာဓိပတိ၊ ပြည်ကြီ့သခင်၊ ဘဝရှင်ကို၊ အလျှင်ရှေးရည်၊အရင်းတည်၍၊ မြန်ပြည်ရပ်သူ၊ ခပ်သိမ်းလူအား၊ မှတ်သား

စိမ့်ငှါ၊ သေချာစီရင်၊ ပေထက်တင်၍၊ သဘင်ပွဲမှောက်၊ ကျင်းပလျှောက်သား၊ အံ့လောက်ဖွယ်သာ၊ ဤသည့်စာကို၊ မဟာဓမ္မရာဇ်၊ တို့စောစစ်လျှင်၊ အသစ်စက်စက်၊ င-လက်ထက်ဝယ်၊ အဖက်မမြော်၊ ဘုန်းကြောင့်ပေါ်ဟု၊ မနော်နှစ်ချိုက်၊ ဝမ်းတော်ပိုက်၍။ ။သိုက်သိုက်လေ့ကျက် ညက်ညက်အမြဲး လိပ်ခဲ့းသောသွင် ဘရင်နေနတ် မပြတ်ကြည့်တော်မူစေသောဝ်။ ။
[ ၂၃-လုံးချဖြစ်သည်။]

အမှာ။ [အင်းဝမြို့ မြစ်ငယ်နားတွင် ရတနသေဋ္ဌေးက ကျောင်းသောက်ကိုးကွယ်သော ရတနဆရာတော်သည် သက္ကရာဇ် ၁၀၇၀-ခု တပေါင်းလဆုတ် ၁၁-ရက် တနင်္ဂနွေနေ့ပေထက်တင်ပြီးသော ဝစနာလင်္ကာရအင်းစောက် စကားပြေ သတ်ပုံမှ ပဏာမလင်္ကာဖြစ်သည်၊ အရေးအသားမှာ မူအတိုင်းဖြစ်သည်၊ ရေးသားပုံအယူအဆကို စဉ်းစားဖွယ်ရာဖြစ်သည်။]

---

## * ၂၂၄-ဝမ်းဘဲ့းအင်းစံမင်းလက်ထက်ကရေးသည့် ရွှေစာနိဂုံမ်းစာ

ရတနာအပေါင်းတို့၏တည်ရာဖြစ်သော ရတနာပူရ အဝ ရွှေပြည်ကြီးကို စိုးအုပ်စံတော်မူသော တိုင်းကြီးပြည်ကြီးတို့၏ အရှင် ဖြစ်တော်မူသော "သီရိပဝရမဟာဓမ္မရာဇာ၊ အတုလသီရိမဟာဒေဝီ" အမည်တော် ရှိသော အသင်္ချေ ခတ္တိယစင်စစ် ဖြစ်တော်မူသော မင်း,မိဖုရားနှစ်ပါးသည် အမြင်တထောင်ဆောင်သော သိကြားမင်းကယ့်သို့ မြတ်သော ပညာတော်ဖြင့် လောကသုံးပါးနိုက် အတုမရှိသောအဖြစ်သို့ ရောက်တော်မူသော ရှင်တော်ဘုရားမုက္ခပါဌ်တော်သည် ပေနိုက်ကညစ်အက္ခရာ, မင်အက္ခရာနှင့်သာ ရှိလေသည်ကို ရွှေစင်အတိမွမ်းသော ပေထက်နိုက် တည်စေခြင်းသည် အလွန်သင့်မြတ်လှမည်ဟု ရွှေစိတ်တော်ပိုက်၍ ၁၀၄၂-ခု တော်သလင်းလနိုက် ကြီးစွာသော နတ်ညွှေသဘင်ကယ့်သို့သော သဘင်ကို ခံတော်မူလျက် ဆရာတော်အပေါင်းတို့ ကြပ်မရှယ့် ရေးကူးတင်စေသည်၊ ၁၀၄၅-ခုနှစ်ရောက်လတ်သော် ဂြိုဟ်ကြီးတို့သည် သိန်ရာသီနိုက် တချက်တည်းစုသောအခါ ဗေဒင်နိုက်လိမ္မာကုန်သော ပညာကြီးတို့သည် ထီးနန်း ဥကင်ဘွင့်တော်မူရှယ့် နာမံတော်ခံတော်မူခြင်း အစီအရင် သင့်မြတ်ကြောင်းကို သံတော်ဦးတင်ကုန်လျှင် သိန်းဃိုဋ္ဌ်ကျွန်းနိုက် သဃ်ာတော်မြတ်တို့ စကားကိုမဆန်မလွန်ကျူးသဖြင့် စီရင်တော်မူဘူးသော ဝသဘမင်းကယ့်သို့ မ

ဆန်မလွန်ကြသဖြင့် ထီးနန်းဉကင်ဘွင့်ရှယ့် နာမံတော်အသစ်ခံတော်မူသော ''သိရိပဝရမဟာသုဓမ္မရာဇာဓိရာဇာ၊အတုလ သိရိမဟာဓမ္မစန္ဒာဒေဝီ''မင်း, မိဖုရားနှစ်ပါး ကောင်းမှုတော်။

**အမှာ။** [ဤကား သက္ကရာဇ် ၁၀၃၄-ခုနှစ် နန်းတက်တော် မူသော ညောင်ရမ်း ဆယ်ဆက် ဝမ်းဘဲ့အင်းစံမင်း လက်ထက် ၁၀၄၅-ခုနှစ်ဂြိုဟ်ကြီးတို့သည် သိဟ်ရာသီနိုက် တချက်တည်းစုသောအခါ ထီးနန်းဉကင်ဖွင့်တော်မူပြီးလျှင် မင်း,မိဖုရား၂-ပါး တံဆိပ်နာမံတော်အသစ်ခံတော်မူရှယ့် ပိဋကတ်သုံးပုံပါဠိ,အဋ္ဌကထာများကို ရေးသား၍ ကျမ်း၏အဆုံးတိုင်းအဆုံးတိုင်း ဤရွှေစာနိဂုံမ်းကို ထည့်သွင်း ရေးတင် ထားလေသည်။]

---

## * ၂၂၅-ရွှေခုံတိုင်မင်းသမီး ပူဇော်သည့်စာထုပ်ကြီးမှာ ယက်သော ဆုတောင်းစာ

အောင်မာရဇိန်၊ မြတ်မုနိန်ဟု၊ ရံသိန္ဓုရ၊ ခြောက်ရောင်ပသည်၊ သကျပုဂ်ဝေ၊ နေနတ်ဆွေ၏၊ ရွှေနှုတ်တော်ထွက်၊ ဓမ္မစက်ဒေသနာ၊ ကျမ်းသုံးဖြာကို၊ မြင့်ကြာအရှည်၊ တည်ပစေစိမ့်၊ နှစ်သိမ့်အာရုံ၊မနောထုံသား၊ ရွှေခုံတိုင်မြို့ခွန်ပို့ပိုင်စား၊သနားခံရ၊နတ်မျှမူနှည်၊ ပြစ်ခြည်စင်စွာ၊နွယ်မဟာလျှင်၊သဒ္ဒါလိန်ဝှစ်၊ပုဒ်အက္ခရာ၊ မှန်စွာစစ်ဆေး၊ဟောတိုင်းရေး၍၊ ဓွေးဓွေးဝင်းလျှံ၊ ရွှေမင်းစံဖြင့်၊မွှမ်းမံခြယ်လယ်၊ ဆန်းတကြယ်လျှင်၊ ပန်းနွယ်မာလာ၊ ပဝါကျည်းဖြစ်၊ စည်းရစ်ပိုးကြိုး၊ ပြိုးပျက်ရောင်လင်း၊ စာတိုက်တွင်းဝယ်၊ သွင်းထားသေချာ၊ ကိုးကွယ်ပါရှင့်၊ မဟာကုသလ၊ ဉာဏသမ္ပယုတ်၊ ဥက္ကဋ္ဌဇော၊ စောလျက်ကြည်ညို၊ ဤကုသိုလ်ကြောင့်၊ ပုဂ္ဂိုလ်မြတ်စွာ၊ မဟာသာဝက၊ ဆုကြီးရ၍၊ နိဗ္ဗါနမည်၊ ရွှေပြည်အောင်ခန်း၊ဘေးမဲ့နန်းကို၊စခန်းမထောင့်၊လမ်းဖြောင့်မှန်စွာ၊ ရောက်လိုပါ၏၊ ပုညဘာဂ၊ မြတ်လှတုံမြို့၊ ကုသိုလ်ဘို့ကို၊ နေသို့အရောင်၊ ဘုန်းခြည်ပြောင်လျက်၊ တောင်ဇမ္ဗူနယ်၊ မြေကျယ်သမျှ၊ စိုးတော်ရသား၊ဘဝဥသျှောင်၊ မင်းခေါင်ဘုရား၊ ညာထားပဝရ၊ နန်းမကြက်သရေ၊နတ်နှစ်ဆွေကို၊ မျှဝေတင်ဆက်၊ ရှိစုရွက်မှ၊ တိုက်စကြာဝဠာ၊ သတ္တဝါအနန္တ၊ ရကြစေအောင်၊ ရည်ရွယ်ဆောင်သည်။ ။နတ်ဘောင်သုဓမ္မာ၊ နတ်ညီလာဝယ်၊ နတ်စာစာရင်းဘတ်စေသော်။

**အမှာ။** [ပိဋကတ်ပေစာများကို ထုပ်စည်းသော စာထုပ်ကြီးတို့တွင် ဤစာအတိုင်းယက်စေ၍ ဆုတောင်းစာ ပြုလုပ်ထားလေသည်။

ရွှေခုံတိုင်မင်းသို့ကား သတိုးမင်းလှငယ်ဇာ် သားတော်ငယ်မည် မောင်တုတ်ကြီး- သာဂရမြို့စား မင်းရဲမင်းကျော်၏ ကိုယ်လုပ်တော်-သုကေလာ၊ ငယ်မည်-မယ်မင်းဘော်၊ သင်တောင်း ငါးရွာစား၊ နောက်ရွှေခုံတိုင်မြို့စား အသုံးကံကျေး ချီးမြှောက်တော်မူသည်ကိုခံရ၍ ရွှေခုံတိုင်မင်းသို့ တွင်လေသည်။]

---

## * ၂၂၆-မန္တလေးရတနာပုံမြို့တည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ ရွှေစာနိဂုံမ်း

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရတော်မူသော ဘုန်းတော်အလွန့်ကြီးမြတ်တော်မူလှသော ရေမြေ အသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အသျှင် ဘဝရှင်မင်းတရားကြီး ဘုရားသည် သက္ကရာဇ် ၁၂၁၄-ခု တပေါင်းလဆန်း ၁၁-ရက် ၅-တေးနေ့ ရွှေထီး ရွှေနန်းနှင့်တကွ တိုင်းပြည်အလုံးကို သိမ်းအုပ်စိုးစံတော်မူလျှင် သာသနာတော် ၂၃၉၈-ခု ဂေါဇာ သက္ကရာဇ် ၁၂၁၆-ခု နယုန်လပြည့်ကျော် ၆-ရက် ၆-ကြာနေ့ "သီရိသုဓမ္မမဟာရာဇာဓိရာဇာ၊ သီရိပဝရမဟာရာဇိန္ဒာရတနာဒေဝီ" မင်း,မိဖုရား ၂-ပါးတံဆိပ်နာမံခံတော်မူလျက် အမရပူရ ရွှေပြည်တော်ကြီး ထီးနန်းဥကင်သ ဘွင့်တော်မူသည်၊ မြတ်စွာဘုရား သာသနာတော်မြတ်ကို ချီးမြှောက်ပြုစုခြင်းအရာနှိုက် သူမတူသော သဒ္ဓါပုဗ္ဗင်္ဂမအတိပရက္ကမ ဥဿာဟတို့ဖြင့် ရှေးသင်္ဂါယနာတင် သောသာသနာပြု အဇာတသတ်မင်း ဆောက်လုပ်အပ်သောပဌမသင်္ဂါယနာတင် မဏ္ဍာပ်ကြီးကဲ့သို့ ရွှေဘုန်းတော်ပြုဥတုသမုဋ္ဌာန်ဖြစ်သော ရွှေနန်းတော်အတွင်း ကောင်းမွန် ဆန်းကြယ်စွာသော မင်္ဂလာရတနာ တန်ဆောင်း မဏ္ဍာပ်တော်ကြီးနှိုက် သာသနာတော်နှစ် ၂၄၀၀-ဂေါဇာသက္ကရာဇ် ၁၂၁၈-ခုနှစ်အကူး တန်းခူးလဆန်း ၁၀-ရက်နေ့ကစ၍ ရှင်တော်ဘုရားမုက္ခပါဌ်တော်ဖြစ်သော ပိဋကတ်သုံးပုံကို သာသနာတော် ၅၀၀၀-တည်ထွန်းစေခြင်းငှါ တိပိဋက-ဓရဓမ္မသေနာပတိဖြစ်သော သာသနာပြုဆရာတော်ကြီး အမှူးရှိသော တံဆိပ်တော်ရ စာမဆရာတော် သင်္ဃာတော်တို့ကို ပုဒ်ပါဌ်အက္ခရာ သဒ္ဒါအနက် မပျက်မစီးမတိမ်းမယိမ်း မှန်ကန်သေချာစွာ သဝေပိုဒ်မျှ မယွင်းမကျစေရ၊ ကြပ်မကြည့်ရှု ပြင်ဆင်တည်းဖြတ်စေပြီးလျှင် ကြီးကျယ်လှစွာသော ရွှေနန်းတော်ကြီးထက် စံတော်မူရာ မှန်နန်းတော်အတွင်း အသျှင် ၂-ပါး ကိုယ်တော်တိုင် ကြပ်မကြည့်ရှုတော်မူ၍ ရွှေရေး, မင်ရေး, ကညစ်ရေး ၃-ရပ်တို့ဖြင့် ရေးသားပြုစုတော်မူသည်။

သာသနာတော် ၂၄၀၁-ခု ဂေါဇာသက္ကရာဇ် ၁၂၁၉-ခု ကဆုန်လပြည့် ကျော် ၇-ရက် ၅-တေးနေ့ မင်းသာမန်တို့ခံဝွဲခဲ့သော ခရုသင်း ၃-လုံးဖြင့် ဦးထိပ်နှိုက်စိုက်၍ သွန်းအပ်သော ရာဇာဘိသေကမုဒ္ဒါ ဘိသိက်ကို သွန်းခံ တော်မူသည်။

“သီရိပဝရဝိဇယာနန္တယသပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ၊ သီရိပဝရ မဟာရာဇိန္ဒာဓိပတိရတနာဒေဝီ” တံဆိပ်နာမံတော်ရှိသော အသျှင် ၂-ပါး ကောင်းမှုတော်။

အမှာ။　[ဤစာအတိုင်း စာထုပ်ကြိုးယက်စေ၍ ပိဋကတ်စာတော်များကို ထုပ် ချည်၍ ပူဇော်ထားလေသည်။]

---

## * ၂၂၇-မန္တလေးမြို့ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ ကုသိုလ်တော်ပေရေးပိဋကတ်ရွှေစာတော်နိဂုံး

စကြာရွှေရည်၊ လေးကျွန်းတည်သော၊ ဘုန်းစည် စက္ကဝတ် မင်းကဲ့သို့၊ ကျင့်ခြင်း ၁၂-ပါး၊ တရားပြဟ္မစို၊ ကိုယ်တော်လုံးစုံ၊ ထုံတော်မူလျက်၊ ကနက်ဖြန့်ဝိုက်၊ ကျွန်းကျွန်းတိုက်ကို၊ သိမ်းပိုက်စိုးမိုးတော် မူနိုင်သော၊ ပုဗ္ဗေကတပုညတာ၊ စက်သမ္ဘာရှင် ဖြစ်တော်မူ၍ ဘုန်းရှိသော မင်းတို့ထက် အလွန်သောဘုန်းရှိတော်မူသော အသျှင်ဘဝရှင် မင်းတရားကြီး ဘုရားသည် သဗ္ဗညုဘုရား ဗျာဒိတ်ထားတော်မူခဲ့သည့်အတိုင်း တောင်စဉ် ခုနစ်ထပ်နှင့် တူသော ရွှေတောင်, ငွေတောင်, ပတ္တမြားတောင်, ဆေးဒန်းတောင် စသော တောင်တို့ဖြင့်ခြံရံသော မြင့်မိုရ်တောင်မင်းနှင့်တူသော မန္တလေးတောင် အနီး တာဝတိံသာနတ်မြို့နှင့်တူသော ရတနာပုံမ် ရွှေမြို့တော်ကြီးနှင့်တကွ အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်းနန်းနေ မင်းအပေါင်းတို့ကို အစိုးရတော်မူသော ငွေတောင်အဆင်း ခရုသင်းပွတ်သစ် ပုလဲးနှစ်သန္တာန် ကဲ့သို့ ကိုယ်လုံးဖွေးဖွေးဖြူသော နိဗ္ဗာနပစ္စယနာဂရာဇာ ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် ရတနာပုံမ်မြို့တည်နန်းတည် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရား အမရပူရရွှေမြို့တော်နှိုက်စံတော်မူစဉ် သက္ကရာဇ် ၁၂၁၄-ခု တပေါင်း လဆန်း၁၁-ရက် ၅-တေးနေ့ ရွှေထီးရွှေနန်းသိမ်းမြန်းစိုးစံတော်မူသည်။

သာသနာတော် ၂၃၉၈-ခု ဂေါဇာ သက္ကရာဇ် ၁၂၁၆-ခု နယုန်လ ပြည့်ကျော် ၆-ရက်နေ့ ဂဏ်ကျေးဇူးအပေါင်းဖြင့် လွန်ကဲးထူးမြတ်သော မဟာဥကင်သဖွင့်တော်မူ၍ “သီရိပဝရသုဓမ္မာမဟာရာဇာဓိရာဇာ၊သီရိပဝ ရမဟာရာဇိန္ဒာရတနာဒေဝီ”အသျှင် ၂-ပါး လက်မွန်မဆွ ပဌမတံဆိပ်နာမံ

ခံတော်မူပြီးလျှင် ရေးသင်္ဂါယနာတင်သာသနာပြု မင်းတို့ကဲ့သို့ ရွှေဘုန်းတော်ပြု ဥတုသမုဋ္ဌာန်ဖြစ်သောရွှေနန်းတော်အတွင်း ကောင်းမွန်ဆန်းကြယ်စွာဆောက်လုပ် မွမ်းမံခြယ်လှယ်သော မင်္ဂလာရတနာ တန်ဆောင်းမဏ္ဍပ်တော်ကြီးနှိုက် သာသနာတော် ၂၄၀၀ ဂေါဇာ သက္ကရာဇ် ၁၂၁၈-ခုနှစ်အကူး တန်ခူးလဆန်း ၁၀-ရက်နေ့ကစ၍ ရှင်တော်ဘုရား မုက္ခပါဠ်တော်ဖြစ်သော ပိဋကတ်သုံးပုံကို သာသနာတော် ၅၀၀၀-တည်ထွန်းစေခြင်းငှါ နိကာယဏ္ဍဝပါရဂူ လင်းယဉ်ထူတော်မူသော တိပိဋကဓရဓမ္မသေနာပတိ သာသနာတော်ပြု ဆရာတော်ကြီးအမှူးရှိသော တံဆိပ်တော်ရစာမဆရာတော် သင်္ဃာတော်တို့ကို ပုဒ်ပါဠ်အက္ခရာ သဒ္ဒါအနက် မပျက်မစီး မတိမ်းမယိမ်း မှန်ကန်သေချာစွာ သင်္ဝေပိုဒ်မျှမယွင်းမကျစေရ၊ ကြပ်မကြည့်ရှုပြင်ဆင်တည်းဖြတ်စေပြီးလျှင် နတ်နန်းဝေယန် ဘုံဗိမာန်နှင့်တူသော မှန်နန်းတော်အတွင်း အသျှင် ၂-ပါးကိုယ်တော်တိုင် ရှိုးရင်းကြပ်မတော်မူ၍ ရွှေရေး,မင်ရေး,ကညစ်ရေး ၃-ရပ်တို့ဖြင့် ရေးသားပြုစုတော်မူသည်။

သာသနာတော် ၂၄၀၁-ခု ဂေါဇာသက္ကရာဇ် ၁၂၁၉-ခု ကဆုန်လပြည့်ကျော် ၇-ရက် ၅-တေးနေ့ မင်းသာမန်တို့ခံငွံခဲ့သော ခရုသင်း ၃-လုံးတို့ဖြင့် ဦးထိပ်တော်နှိုက်သွန်းအပ်သော မုဒ္ဓါဘိသိက်ကို သွန်းခံတော်မူသည်၊ ''သီရိပဝရဝိဇယာနန္တယသပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ၊ သီရိပဝရမဟာရာဇိန္ဒာဓိပတိရတနာဒေဝီ'' ဟူသော နှစ်ကြိမ်မြောက်သော ဒုတိယတံဆိပ်နာမံတော်ကိုခံတော်မူသည်၊ မန္တလေးရတနာပုံရွှေမြို့တော်ကြီးနှိုက် စံတော်မူပြီးလျှင် သာသနာတော် ၂၄၁၈-ခု ဂေါဇာသက္ကရာဇ် ၁၂၃၆-ခု နယုန်လပြည့် ၅-တေးနေ့ ည ၄-ချက်တီးအချိန် ၂-ကြိမ်မြောက်သော မုဒ္ဓါဘိသိက်ကို သွန်းခံတော်မူသည်၊ သုံးကြိမ်မြောက်သော တံဆိပ်နာမံတော်ကိုလည်းခံတော်မူသည်၊''သီရိပဝရ ဝိဇယာနန္တယသပဏ္ဍိတ တြိဘာဝနာဒိတျာဓိပတိမဟာဓမ္မရာဇာ ဓိရာဇာ၊ သီရိပဝရ အတုလတိလောကမဟာရာဇိန္ဒာဓိပတိရတနာဒေဝီ''တံဆိပ်နာမံခံတော်မူသောမင်း,မိဖုရား ၂-ပါးကောင်းမှုတော်။

---

## * ၂၂၈-သက္ကရာဇ် ၁၁၈၆-ခု ဝါကျွတ်အရှူတော်တွင် ဝက်မစွတ်မြို့စား မဟာသီရိစည်သူဆက်သည့် ဆုတောင်းစာ

ဇေယျံတု။ အောင်သူတကာတို့၏ သက္ကိန္ဒာဘိဇာဂရ တိလောကတမွတ် ရွှေမှန်ထွတ်ဖြစ်တော်မူသော သဗ္ဗညုတပွင့်လျှာ။ ။သမုဒ္ဒရာလက်

နား ပတ္တမြားကုံးလှ ရွှေဘုန်းရသော နိဗ္ဗာန်မင်္ဂလာ ရှဇာဂီရိဆင်မင်းသခင်၊ ရတနာပူရ ရွှေဝမြို့ကြီးသခင်၊ တချက်တသိန်း အကိန်းမွေနှောက် ရေမကြည်စေ၊ ရွှေလက်ရောက်သော လှံ့စကြာများသခင်၊ မုံတိုင်းမိုးဂျုံ မင်းစံ သရဘ ဂင်္ဂါဇေယ ဒွါလောင်းစသော လှေမျိုးအပေါင်းတို့သခင်၊ တနှစ်တဘွဲ့ ငါးဆယ့်ခြောက်ဌာန ရောက်တိုင်းသလျက် ဝဇီရိန်နည့်သို့ ရဲးရဲးညီသော အထူးထူးသောရတနာမျိုးများအသျှင် ရေမြေသခင် အသျှင်ဘဝရှင်တရားမင်းမြတ်သည်—

ပဿဒ္ဓိဗောဇ္ဈင်၊ နှိုင်းအင်ထပ်ယှိ၊ လျှပ်နှယ်ငြိသော၊ မိဖုရားရတနာ၊ နရိန္ဒာဒေဝီနှင့်တကွ၊ သက်ဿနဂိုရ်၊ မြင်းမိုရ်မိုးမှ၊ ဘုရားကြွသော၊ သန္တုရာသီ၊ ပုဏ္ဏမီအခါ၊ ဝင်းတော်လေးပွဲး၊ ရဲးရဲးညီးပြောင်၊ မီးတောင်မေရု၊ မြေပြုရေပြု၊ ရွှေနန်းမှဖြင့် တင်လှူပူဇော်တော်မူလျက် ဝါကျွတ်သဘင်ယင်တော်မူသည်။

အောင်မြေလောကဘုရား, မဟာဝိဇယရံသီဘုရား, ပုထိုးတော်ကြီးဘုရား, စက်တော်ရာဘုရား, ရှင်ဖြူဘုရား, မဟာမုနိဘုရား, စန္ဒာမုနိဘုရား, ထူပါရုံဘုရား, သီဟတောဘုရား, ရွှေယင်မျော်ဘုရား, ရွှေစာရံဘုရား, ရွှေစည်းခုံဘုရား,ရွှေဒိဂုန်ဘုရား,ရွှေမော်ဓောဘုရား-မှစ၍ သုံးဆယ့်နှစ်ဆူ ရွှေဂူဥဏ္ဏလုံစည်းခုံဂူထွတ် ယှစ်စရွတ်တို့အား ရွှေဆင်တော်, ဆင်ဖြူတော်, ဆင်နီတော်, မြင်းယာဉ်တော်,သင်းပေါလှေ့တော်, လှော်ကားလှေတော်,ရွှေငွေကြေးသံ, ဆန်စပါး,ဆားငါး-ပဆိုး, တိုက်မျိုးကျီမျိုးနှင့်တကွ ထီးဖြူ-ထီးနီ တမ်းခွန်ကုက္ကား မုလေးပွါး-ပန်းရေချမ်း ပူဇော်တော်ပွဲး အထူးထူးသော ဒေယျဓမ္မတို့ဖြင့် လှူဒါန်းတော်မူသည်။

ဆရာတော်သင်္ဃာတော်တို့အားလည်း သက်နီးသပိတ် ပရိက္ခရာ သုဒ္ဓါဘောဇန ဝေါရသအထူး နှစ်ခွက်ဦးတို့ဖြင့် ကပ်လှူတော်မူ၍ မဟာပထဝီဤမြေနတ်အား သစ္စာလေးဆင့် ပွင့်သည့်တိုင်တိုင် အကြားအသိ စောင့်ဘိလော့ဟူ၍လည်း ရွှေခွန်းတော်မြွတ် မင်းမှတ်သမ္ဘိုင်း တင်တော်မူသည်။

ဤကောင်းမှုအကျိုးအားဖြင့် ရတနာသိယ်, ဇေယျာပူရ, ရတနာပူရ,နန်းတိုင်းဘက်ကျွန်း ကနက်ဝန်းသော ဘေးတော်ဘိုးဖျားမင်းတရား၊ အမရပူရရွှေမြို့တော်တည် ဘိုးတော်မင်းတရား၊ သီရိမဟာဓမ္မာဘိဇယသီဟသူရအမည်ရှိသော ခမည်းတော်ဘုရား၊ ဘွားတော်- မယ်တော်- ဆွေတော်- မျိုးတော်- အသမ္ဘိန္နဒေဝရာဇ် ခြောက်ရွာဖြစ်တို့အား အမျှဝေတော်မူသည်၊ သာဓုသာဓု အနုမောဒနာ တလဲးလဲး မချိုးရဲးသည် ဖြစ်စေသောဝ်။

သမုဒ္ဒိဘူတ လူနတ်စ၍ သုံးဆယ်တဘုံ ဝေနေယျတို့အားလည်း အမျှဝေတော်မူသည်။ ။အမျှရကြသည် ဖြစ်စေသောဝ်။

---

## * ၂၂၉-သက္ကရာဇ် ၁၁၉၄-ခု ဝါဆိုလဆန်း ၁၄-ရက် ပဥ္စမ ပဋ္ဌင်းလောင်းတော်—၁၂၁၊သျှင်လောင်းတော် ၂၃-ကို အတွင်းတော်သို့ သွင်းပြသည့်နေ့ နာခံတော်စမြောင်ဘူး၊ နေမျိုးမင်းလှသိခ်သူ လျှောက်ရသော ဝက်မစွက်မြို့စား မဟာသီရိစည်သူ ဆက်သွင်းသည့် ဆုတောင်းစာ

ဇေယျတု။ အောင်သူတကာတို့၏ သီရိဿာဘိသုဓဇ အတုလ ထွတ်ခေါင် ရွှေဥသျှောင်ဖြစ်တော်မူသဝ် သဗ္ဗညုတပွင့်လျှာ။ ။သမုဒ္ဒရာမြစ်ထိပ်ဆိပ်ကဆက်သ ဇမ္ဗုဒီပ ရွှေဘုန်းရသဝ် နိဗ္ဗာန်ဆင်မင်းသခင်၊ ပြည်ထောင် ၂-ပါး ရထားခရီး ဝေးကြီးဝေးက ခုံမင်နှိမ်ချ ရှောင်လွဲရသဝ် တိုင်ကြီးပြည်ကြီး ထီးဆောင်းခင်းတကာတို့၏ သခင်၊ မြို့စီးတရာ မြို့လာခံရပ် သံဆယ်ထပ်ကို စွယ်လျှပ်ဝရဇိန် ပစ်ချိန်ကွဲးချိုင် ရေမ-ကြည်းပိုင် တိုက်လှည်းနိုင်သဝ် အသိန်းမကသဝ် ဆင်မျိုးအပေါင်းတို့၏ သခင်၊ မဏိဇောတိရည် လုံးပတ်ပတ္တမြား ဖွားဖွားမိုးယံ တန်းခိုးပျံသဝ် အထူးထူးသဝ် ရတနာ မျိုးများသခင်၊ ရေမြေသခင် အသျှင်ဘဝရှင် မဟာဓမ္မရာဇ်ဟရားမင်းမြတ်သည်—

တာဝတိံသာ၊ သူဇာသကြား၊ သုံးပါးလွတ်ကင်း၊ နတ်ထက်နတ်ချင်း၊ အထွတ်နှင်းသော၊ မိဖုရားရတနာ၊ သုဗ်တာဒေဝီနှင့်တကွ၊ မည်သူမည်သို့၊ စိုးမို့းစုံနံ့၊ မလှုံမဆင့်၊ ပင်ပေါက်ပွင့်သော၊ပတ္တမြားဂူဝ၊ မဉ္ဇူသကဲ့သို့၊ပါရမီမျိုးရိုး၊ ဘုန်းကျိုးပြိုင်ဆင့်၊ ချိန်ဆုံးခါသင့်၊ ပွင့်တော်မူလတ်သကား။

နှစ်တိုင်းနှစ်တိုင်း၊ အလှိုင်းကြီးမြတ်၊ နိဗ္ဗဒ္ဓဝတ်၊ မဉ္ဇူတ်စေဌ ါ၊ ဂေါဇာသက္ကရာဇ် ၁၁၉၄-ခု၊ ပဗ္ဗတုတ္တမ၊ တောင်မှအနီး၊ ခရီးတွင်ဆဲး၊ တစ်သုံးနှစ်ကိုး၊ ကိုးနှစ်သုံးတစ်၊ အနုလုံပဋိလုံ၊ ဝေပုလ် စိတ်ဝက်၊ ဌာနစက်ဖြင့်၊ ခွေဖျားမိုးရင်၊ တနင်္ဂနွေနတ်၊ ကူးမှတ်ပြောင်းဆဲးချိန်အခါ၊ ဓာတုကထာ-ပဋ္ဌာန်း၊ ဆန်းတောဒယ၊ ကြီးငယ်ကျမ်းလတ်၊ ပိဋကတ်နှိုက်၊ မေးဖတ်ဖြေထောက်၊ တယောက်မယှိ၊ ပုစ္ဆာနက်လေး၊ လက်ဝါးပေးက၊ မရွေးသိမှု၊

နှုတ်ဝယ်လုသို့၊ ပုထုပဋိဘာဏ်၊ ခွန်းချင်းမှန်သော၊ ပဋ္ဌင်းတော်-၁၁၁၊ သျှင်လောင်းတော်-၂၃၊ အမရ-ရှေ၀၊ နှစ်ဌာနတော်၊ ပုဂ္ဂိုလ်ကျော် တို့အား၊ သာမဏေရပဗ္ဗဇ္ဇာ၊ ဥပသမ္ပဒဖြင့်၊ ပြီးမြင့်တော်မူသည်။

ဆရာတော် သင်္ဃာတော်တို့အားလည်း ဘုန်းကြီးဘုရား နှစ်ပါးရှေ့လက်ဩဇာနက်သော နှစ်သက်ကျိုးထူး ပွဲတော်ဦးတို့ဖြင့် လုပ်ကျွေး လှူဒါန်းတော်မူသည်။

ဝသုန္ဓရေ မြေနတ်သားကား သစ္စာလေးပါး တရားအုတ်ယှစ် ဆုပ်ပစ်တော်မူသည်တိုင်တိုင် စောင့်လော့ သိလော့ ဟူ၍လည်း တိုင်းတန်းတော်မူသည်။

ဤကောင်းမှုကြောင့် သက်တော်ရာကျော်ရှည်တော်မူလျက် နောင်ဘန်ဘဝ ပစ္ဆိမန္တိက် ဝေနေယျတို့အား နိဗ္ဗာန်ဟောကြား တရားကယ် ချွတ်နိုင်လိုသောဝ်။

ဘဝများစွာ သံသရာလည်း ပါရမီအပြား တရားကျင့်ဆောင်နိုင်လိုသောဝ်။

ဤကောင်းမှုအဖို့ကိုလည်း ရတနာသိင်္ယ, ရတနာပူရ, ဇေယျာပူရ ဘေးတော်ဘိုးဖွား မင်းတရား၊ အမရပူရရွှေမြို့တော်တည် ဘိုးတော်ဘုန်းခေါင်ဖွားမင်းတရား၊ ဘွားတော်-မယ်တော်-ခမည်းတော်ဒေဝရာဇ်၊ ဆွေတော်မျိုးချစ် ခြောက်ရွာဖြစ်တို့အား ကုသိုလ်တော်ပွား အဦးထားလျက် သုံးဆဲ့တဘုံ ဝေနေယျတို့အား အမျှဝေတော်မူသည်။ ။အမျှ ရကြသည် ဖြစ်စေသောဝ်။

---

## * ၂၃၀-သက္ကရာဇ် ၁၂၀၁-ခု၊ တပေါင်းလပြည့်ကျော် ၆-ရက်နေ့နံနက် အလယ်နန်းမတော်မိဖုရား တည်လုပ်သည့် စည်းခံတော်တွင် ရေစက်သွန်းဆုတောင်းစာ

အောင်သူတကာတို့၏ အတုလမာရဘင်၊ ဗောဇ္ဈင်စက္ကရတ်၊ သုဒ္ဓိနတ်ဖြစ်တော်မူသော သဗ္ဗညုပွင့်လျာ။

သမုဒ္ဒရာကမ်းထိပ်၊ ထန်းရိပ်တကျ၊ ရွှေမျှားမြို့သို့၊ ပြောင်မွန်ရိန္ဒမာ၊ ဘိန္ဒာရမ္မဏာ၊ ဘိန္ဒုသတ္တိ၊ လျှပ်နှယ်ညီသော၊ နိဗ္ဗာန်ဆင်မင်းသခင်၊ ပြည်ထောင်ဘိုင်းကား၊ မင်းတပါးနှင့်၊ ရထားဦးညွတ်၊ လွတ်ချင်းလွတ်လည်း၊ လမ်းထွက်လမ်းကူး၊ လမ်းဦးခရီး၊ ဝေးကြီးဝေးကလွဲနှင့်ရသော၊ ရထားစီးချင်း၊

မင်းမင်းတကာတို့သခင်၊ ပတ္တမြားလှည့်ချက်၊ ပုံတောင်စက်နှင့်၊ နိုင်းဘက်ထိုက်လျောက်၊ ပြိုးပြက်တောက်သော၊ အထူးထူးသောရတနာမျိုးများသခင်၊ ဆင်မျိုးဖြစ်ကာ၊ ပေါက်မ-ဟိုင်းဟန်၊ တည်တန်မဆို၊ ရှေကိုယ်ညီးညီး၊ တင်တော်စီးက၊ ချွန်းသီးမပြီး၊ ခြေလုံးတော်လှ၊ ယိမ်းကာ-ရသော၊ အသိန်းမကသော၊ ဆင်မျိုးအပေါင်းတို့သခင်၊ ရေမြေသခင်၊ အသျှင်ဘဝရှင် မဟာဓမ္မရာဇ်တရားမင်းမြတ်သည်—

တာဝတိံသာ၊ ဣန္ဒာလွတ်နိုင်း၊ တမွတ်လိုင်းသော၊ မြတ်သောတောင်မိဖုရားခေါင်ကြီး၊ သမီးတော်မြတ်၊ နတ်ရတနာ၊ သူဇာသူဇ၊ ရူပကလျာ၊ ဝိဒ္ဓလာဒေဝီနတ်နှင့်တကွ၊ အမရပူရ ရွှေမြို့တော်နိုက်၊ မြေကြီးလျှေင်၊ ကောင်းကင်မိုးမြေ၊ တုန်လှုပ်စေလျက်၊ စကြာဝတေးမင်း၏ အသရေကိုဆောင်ဆဲး၊ အောင်ပွဲသဘင်၊ယင်တော်မူသည်။

ထိုအခါ အလယ်နန်းတော်မိဖုရား တည်လုပ်သည့် စည်းခံတော်, သားတော်ပြည်မင်းကောင်းမှု မဟာရံသီတံတိုင်း, ညီတော်ပခန်းမင်းကောင်းမှုကောင်းတန်းတော်, ပရိကမ္မခါဝရဝတ္တု၊ ပြဘွယ်ကိစ္စမကျန်တည်ထား၊ ပြည့်စုံစေပြီး၍၊ ဘုရားအမှူးယှိသော ဆရာတော် သဃာတော်တို့အားလည်း၊ ရဟန်းနှင့်ကျောင်း၊ သုံးကောင်းသမျှ၊ သီးစုံပွင့်စုံနှင်နှင်၊ ပင်ရေပဒေသာ ၁၀၊ဘိုးထိုက်ငွေချော၊ သဘောဓမ္မစစ်၊ (၄၉၆၇၅)၊ ဓမ္မိယာလင်္ဒ၊ ပစ္စည်းမြတ်တို့ကို၊ ပရိသတ်ပွဲးပြင်၊ ရွှေတွင်ခင်းကျင်း၊ မျက်မာန်ကင်းပြီး၊ ဂေါဇာသက္ကရာဇ် ၁၂၀၁-ခု၊ တပေါင်းလပြည့်ကျော် ၅-ရက်၊ကောင်းမြတ်သောမင်္ဂလာအခါတော်နိုက် ထွက်စံတော်မူ၍ ၆-ရက်နေ့နံနက် ဘဝရှင်ဘုရားရှေကရားဖြင့် ရေစက်သွန်းချလှူဒါန်းတော်မူသည်။

ဤကောင်းမှုကြောင့် ပစ္ဆိမဘဝ ဆုကြီးရ၍ သစ္စာလေးပါး တရားရှေကိုယ်ပွင့်လိုသောဝ်။

ဘဝများစွာ သံသရာလည်း ပါရမီအပြား တရားကုသိုလ်ကျင့်လိုသောဝ်။

ဆုတောင်းပတ္တနာတော်နှင့်တကွ မှူးတော်,မတ်တော်, ပုံဏား,ပုံဏေး, သူဌေးသူကြွယ်တို့အား ပုဆစ်တုပ်ခါ သာခုတပြိုင်နက် ကြွေးကြော်စေလျက် ရှေကရားဖြင့် ရေစက်သွန်းချတိုင်တန်းတော်မူသည်။

အလယ်နန်းတော်မိဖုရား,သားတော်ပြည်မင်း,ပခန်းမင်းတို့လည်း တြိဝဋ္ဋသံသာရနိုက် ရှေစက်ခရမ်း မူတော်ထမ်းလျက် သုခပင်္ဂုဒါ ဒိပ္ပါဘိညဂနာင်ဘန်ကာလ နိဗ္ဗာန်သုခရလိုသော-ပတ္တနာတော်မူသည်။

ဤကောင်းမှုအဘို့ကိုလည်း မယ်တော်-ခမည်းတော်-ဘိုးတော်-ဘွားတော်တို့အား အဦးထားလျက် သုံးဆဲ့တဘုံ ဝေနေယျတို့အား အမျှဝေတော်မူသည်။ ။အမျှရကြသည်ဖြစ်စေသောဝ်၊

အမှာ။ [ရန်ကင်းတောင် စံနန်းတော်ရေစက်သွန်း တန်ဆောင်းမှာ ရွှေစည်တော်သွန်းပြီးလျှင် နာခံတော်စာမြွက်မူး နေမျိုးမင်းလှသိခ်သူဖတ်လျှောက်ရသည်၊ ဝက်မစွတ်မြို့စားမဟာစည်သူဆက်သောဆုတောင်းစာဖြစ်သည်။]

---

## * ၂၃၁-သက္ကရာဇ် ၁၂၀၂-ခု၊ တပို့တွဲ၊ လဆန်း ၁၃-ရက် ဌာပနာသွင်းရန်ရုပ်ပွားဆင်းတုတော်များကို အနေကဇာတင်တရားတော်နာ၍ ဆုတောင်းစာ

ဇေယျတု။ အောင်သူတကာတို့၏၊ အဂ္ဂါဓိပတိ၊ သိရိပဝရ၊ ဝိမောက္ခကြီး၊ ခရီးရှေးညွှန်၊ အောင်တံခွန်ဖြစ်တော်မူသဝ်၊ သမ္မာသမ္ဗောဓိပွင့်လျှာ။ ။အရဟန္တရ၊ တောက်ပဆဲဆဲ၊ မင်းပွဲးစည်ကြိုက်၊ သောင်းတိုက်လောကဓာတ်၊ လှည့်ခဲ့ပတ်သဝ်၊ ဆဒ္ဒန်ပရမ၊ ဝိပုလ္လမဟိဒ္ဓိ၊ ရုဇာဂီရိဆင်မင်းသခင်။ ။ရွှေဘုန်းတော်အား၊ နဂါးနတ်စောင့်၊ ကွယ်ထောင့်ချုပ်တုံ၊ မငုပ်ဝံ့သဝ်၊ ရွှေငွေကျောက်မျက်၊ အနဂ္ဃရတနာမျိုး၊ အပေါင်းတို့သခင်။ ။ဇမ္ဗူသကလ၊ နှံ့မျှနိုင်ငံ၊ နန်းစံထီးဆောင်း၊ မင်းအပေါင်းတို့ညွှတ်သခင်။ ။ရေမြေသခင်၊ အသျှင်ဘဝရှင် မဟာဓမ္မရာဇ်တရားမင်းမြတ်သည်။ ။ပဒေသာဦး၊ ပေါက်လူးဆောဆော၊ လောကဝိဇယ၊ ဓမ္မစက္ကရတ်၊ သိုက်ဓာတ်ညီစွာ။ ။မဟာအမရပူရ၊ ထီးပေါင်းခရွှေပြည်တော်ကြီးနိုက်။ ။မနောမယ၊ ဇောတိရသ၊ တောက်ပ ပြိုးပြိုး၊ မိုးလုံးညီမျှ။ ။ရွှေဘုံရွှေနန်း၊ ကြငှန်း ဆောက်စိုက်၊ အမြိုက်သခင်၊ ယင်တော်မူလျက်။ ။အာဒိစ္စဝံသ၊ သက်ျသာကီယ၊ လောကလုံးထွတ်၊ သမုတိမြတ်၊ နတ်ထက်နတ် ဖြစ်တော်မူသဝ်၊ မိဖုရားမြတ်ရံတနာနှင့်တကွ။ ။ပတ္တမြားပင်စုံ၊ ပဒုံချက်ချာ၊ မုဒ္ဓါဘိသိက်၊ အောင်ဟိတ်ထွန်းလျှံ၊ သွန်းခံတော်မူပြီး၍။ ။မဟာနေမိ၊ သီဝိဓမ္မရာဇ်၊ ဝေဿန္တရာ၊ သမ္မာရင့်ညောင်း၊ ဘေးလောင်း တော်ကြီးတို့ ကယ့်သို့။ ။ဗောဓိသစ္စာ၊ ပွင့်ငှါစွေ့ပျိုး၊ အားကြိုးအန်သည်း၊ ဖြည့်ဆည်းပူးတော်မူကဲ့သဝ်။ ။ပါရမီတော် အစဉ်သည်၊ အယဉ်မလပ်၊ ထပ်ကာထပ်ကာဖြစ်ဘိရကား။ ။စတု-ပဓာန၊ လို့လလေးပါး၊ လှုပ်ရှားကြခက်၊ လင်းလင်းလက်မျှ။ ။ဝိမိသာ

ဓိပတိ၊ မဏိဇောတိရသ် အထွတ်တပ်သဝ်။ ။အာရဗ္ဘစိန်တိုင်၊ အပြိုင် ရွှေ
မှောက်၊ ထူဆောက်တော်မူလျက်။ ။အရိယဝံသ၊ သဒ္ဓမ္မတံခွန်၊ ထေရ်မွန်
အခကျော်၊ သင်္ဃာတော်တို့နှင့်၊ ဇမ္ဗူတိုင်းကား၊ ပြည်ကြီးသားတို့၊ ဝတ်စား
ရွှေငွေ၊ များတွေဘိုးကဲ၊ စွန့်ကြဲမဆိတ်၊ လမြိတ်စပ်ကာ။ ။ပရိစာဂ၊
ဒါနပါရမီ၊ အညီပြည့်မွမ်း၊ အားရမ်းတော် မမူနိုင်သည်ဖြစ်၍။ ။ရွှေဘုံ
ဝေယွန်း၊ထွတ်စွန်းတင့်မော၊ ဇောင်းကလောကန့်ထိပ်နှိုက်။ ။နေရူဏ်လင့်
ကြာ၊ သတ္တဝါကို၊ ဒေသနာရောင်ခြည်၊ မှောင်နှည်ပယ်လွှင့်၊ ပွင့်ဆုရည်သန်၊
ရွှေညာဏ်ပြဋ္ဌာန်းတော်မူလျက်။ ။သရီရမြတ်၊ မွေဓာတ်ကိန်းရာ၊ ရတနာ
ခုနစ်ပါးတို့ဖြင့်ပြီးသဝ်။ ။အုတ်ချပ်မွမ်းမံ၊ မြိုးမြိုင်ကျည်၊ တည်လုပ်စေပြီး
၍၊ သက္ကရာဇ် ၁၂၀၂-ခု၊ ဇုန္နစန္ဒရ၊ အာဝုဓစက်၊ ထွန်းတက်ပွားဆဲ၊
ပေါက်လဲးဖူးသန့်၊ ဟေမန္တအခါ။ ။မဟာပထဝီ၊ မြောက်ချီ ကောင်းခြီး၊
ရိုက်တီးငြိုးငြိမ့်၊ မိုးမြေအိမ့်မျှ၊ ထွက်တော်မူကြီး၊ ဘုန်းမီးတံထွာ၊ အင်္ဂါ
လေးပါး၊ ခမ်းနားကျင်းပလျက်။ ။ဇုန္နာဓိပတိ၊ လောကီ့ထွတ်စုံ၊ ရွှေဘုံ
ဗိမာန်၊ ထွက်စံတော်မူပြီးသော်။ ။တီးမျိုး-က မျိုး၊ ရိုက်ကျိုး ကြွးနွဲ့၊
အောင်ပွဲသဘင်၊ ယင်တော်မူ၍။ ။ပန်းတင်ကြာပျံ၊ ပစ္စယံဖြိုးမြင့်၊ အဆင့်
အဆင့်၊ အသင့်ချယ်ထပ်၊ ကိန်းဝပ်တော်မူရာ၊ ဌာပနာတိုက်တော်နှိုက်။ ။
ညေ-ပုည၊ တောက်ပထွန်းငြိ၊ ဥပမိစက်၊ ပြိုးပြက်တွေပြား၊ စောတရား
၏။ ။ပတ္တမြားဖူးကိုက်၊ ကြာတိုက်ပွင့်မြော်၊ ဖွားတော်မူသည်မှ၊ ပရိနိဗ္ဗာန်
စံတော်မူသည့်တိုင်။ ။အခန်းအခန်း၊ အဆန်းအထူး၊ ရုပ်ပွားစတေ၊ ရွှေငွေ
သွန်းပြု၊ ရုပ်တုတော်မြတ်တို့နှင့်။ ။မွေဓာတ်ဥဏ္ဏာလုံ၊ ရောင်ဟုံလောင်လီ၊ ပရိ
ဘောဂ၊ ဓမ္မဓေကီအပေါင်းတို့ကိုဝ်။ ။ရွှေကြုတ် ငွေကြုတ်၊ မျက်မြတ်ရောင်
မောင်း၊ ပန်းတောင်းပလွှင်၊ ဥကင်ဇွမ်းကျယ်၊ စမွယ် ကျင်းပလျက်။ ။
စုက်ယုက်စင်သန့်၊ မာရ်ဟန့်ငါးပါး၊ လွှမ့်ကြား အောက်ထက်၊ သံမြွက်
ကောင်းခြီး၊ ရိုက်တီးငြိမ့်လေး၊ ကြွေးပစေရှာ။ ။တရားမင်းစော၊ တက်
ဖြောဟွန့်ပြီး၊ မြတ်နိုးလွန်စွာ။ ။အသင်အသစ်၊ ကြည်နှစ်မရဲ၊ ချီးဖွဲ့မနိုင်၊
ကိုယ်တိုင်တော်မြတ်၊ ရှိညွတ်ပင့်ချီတော်မူလျက်။ ။ဌာပနာတိုက်၊ အမြိုက်
ဖွင့် ယင်တော်မူသည်။ ။ဘုရားအမှူးရှိသော သင်္ဃာတော် မြတ်တို့အား
လည်း၊ အထူးထူးသဝ်၊ ဘောဇဉ်ပရိက္ခရာ၊ များစွာဖြည့်တင်း၊ ခင်းကျင်းစေ
ပြီး။ ။ဘုန်းတော်ကြီးဘုရား၊ ညာဖျားခေါင်ထွတ်၊ ယှစ်သောင်း တမွတ်၊
သမုနတ်နှင့်တကွ။ ။သည်းကြားတော်ကြီး၊ သွီးတော်ချစ်၊ မဟာသဒ်ရာဇ်၊
ရွှေရင်နှစ်စုံ၊ မှူးပုံမတ်ပုံ၊ ဝမ္ဗာရိုမိုး၊သွန်းဖြိုးလွှတ်ထု၊ အနုမောဒနာပြီးဆဲး။ ။

ဝိဝင္ဒဒါန၊ အမျှဝေဘန်၊ ရွှေညာဏ်ကဲးမူးတော်မူလျက်။ ။ဗောဓိမြေချက်၊ မာရ်စစ်ထွက်က၊ ဆိုမြွက်မိုင်းချည်၊ ခိုတည်သက်သေ၊ ဖြစ်စေသတည်း။ ။ သုန္ဒြေအား၊တိုင်တည်ထား၍၊ ရွှေကရားဖြင့်ရေစက်သွန်းချ လှူတော်မူသည်၊ ဤကောင်းမှုကြောင့်၊ သဗ္ဗညုတ၊ ဆုကြီးရ၍၊ လောကသုံးပါး၊ တရား တန်ဆောင်ဆောက်လိုသင်။ ။ဘဝများစွာ၊ ဖြစ်တိုင်းမှာလည်း၊ ပါရမီစောင့်ဘန်၊ ဖြည့်လမ်း မှန်၍၊ ရွှေညာဏ်အထွတ် ရောက်လိုသပ်။ ။ဤကောင်းမှုအဘို့ကိုလည်း၊ ရတနာသိယ်၊ ပြည်မသနင်း၊ ဘေးတော်ဘုန်းဖျားမင်းတရား။ ။ဘိုးတော်မင်းဖျား၊ တရားစုံဘက်၊ နန်းတက်နှင်နှင်၊ ဥကင်ရွှေရိပ်၊ တံဆိပ်ညီးလင်း၊ တုဘက်ကင်းသင်။ ။တောင်နန်း မြောက်နန်း၊ ကြွှန်းထွတ်ဖျား၊ဘွားဟော်ကြီး ဘုရား မြတ်နှစ်ပါး။ ။ရေမြေစကြာဝဠာ၊ နှုန်းရာမတန်၊ ကဲးလုံးချင့်ချင့်၊ ကျေးဇူးမြင့်သင်။ ။အထူးအထူး၊ ချီးကျူးမရဲ၊ လွန်ကဲးသောဂုဏ် ကြက်သရေအပေါင်း၊ မဟာပုညလက္ခဏာက စည်လောက်လွှေ့၊ အိမ်ရွှေမိဖုရားမြတ် ဖြစ်တော်မူသပ်၊ မယ်တော်ဘုရား၊ မိကြီးတော်ဘုရားမြတ်နှစ်ပါး။ ။ဥပမိစက်၊ ထွန်းတက်ပါရမီ၊ အစုံယှိသင်၊ လောင်လိရဲးရဲးညီသင်၊ မိုရင့်သန္တာ၊ မဟာဥပရာဇ်၊ ခမည်းတော်ဘုန်းဘုရား၊ အဦးထား၍၊ သာကီယနတ်၊ ဆွေတော်မြတ်အား၊ အမျှဝေတော်မူသည်။ ။ဝိသယခေတ်၊ လှည့်ရစ်အနန္တ၊ သတ္တလောက၊ နှံ့မျှကြွင်းမဲ့၊ သုံးဆဲ့တဘုံ၊ ကျင်လည်ကုန်သပ်၊ သတ္တဝါ အပေါင်းတို့အားလည်း၊ အမျှဝေတော်မူသည်။ ။နတ်နန်းဘုံမြင့်၊ ကြာလင့်ရကား၊ အနုမောဒနာ၊ လွန်စွာဆကဲး၊ ချီးမရဲးသည်ဖြစ်စေသောင်။

**အမှာ။** [သက္ကရာဇ်၁၂၀၂-ခုတပို့တွဲးလဆန်း၁၁-ရက်နေ့ တောင်ခွင်မြို့စားဟောင်း သောအောင်ရေးသားဆက်သွင်းသည်၊ ၎င်းရက်နေ့ ဇွဲသထုံမြို့စားဖတ်လျှောက်ရသည်၊ ဇောင်းကလောကန်ဦးစေတီတော်ကို ဌာပနာပွဲးလှူဒါန်းတော်မူသည့်ဆုတောင်းစာဖြစ်သည်။]

---

## *၂၃၂-စစ်ကိုင်းမြို့နယ် မင်းကွန်းစက်တော်ရာဘုရား ကျောက်စာသံပိုင်း

ဝရဇိန်စက်ရောင်၊ ညာဏ်တန်းဆောင်ဖြင့်၊ တောက်ပြောင်လျှံသိ၊ မြတ်သုဒ္ဓိတို့၊ ဝိမုတ္တိသဘင်၊ အောင်မျှိုရင်သား၊ မြစင်ညိုရိပ်၊ ဇမ္ဗူဒိပ်ထက်၊ ပြည့်သိပ်ပတ်ချပ်၊ စိုးမိုးအုပ်သည်၊ တရပ်မည်ပြား၊ တဆဲ့ငါးနှင့်၊ ကုလား

တွက်ဘွဲ၊ ငါးဆဲ့ခြောက်ပိုင်း၊ တလိုင်းသုံးရပ်၊ တုပ်ဝပ်ကျိုး ံ၊ကျွန်ရိုးခံလျက်၊ နိုင်ငံတည်ရာ၊ စည်ပင်စွာတည့်၊ မြန်မာခုနစ်၊ သုံးတခေတ်တွင်၊ မြတ်စစ်ညာဆန်၊ သည်သာမှန်သား၊ နိဗ္ဗာန်နန်းပွဲ၊ လွှံမခဲတည့်၊ ကဲးကဲးဖြိုးမောက်၊ ရွှေဘုံပေါက်၍၊ ထက်အောက်ဒွင်သ၊ အမရဝယ်၊ စတုတ္ထနရိန်၊ သမာမိန်ဟု၊ ရဝိန္ဒြစက်၊ လင်းလင်းတက်သို့၊ မင်းထက်မင်းဖျား၊ စောတရား၏၊ ဆယ်ပါးပါရမီ၊ စဉ်စီပွင့်မြော်၊ ဖြည့်တမ်းတော်တွင်၊ ဘေးတော်ကေရာဇ်၊ ဘိုးချစ်ဥက္ကဋ္ဌ၊ ရိမဒ်ဘုံမြင့်၊ ဘုန်းစုံပွင့်သား၊ မင်းမင်းထွတ်ဖူး၊ တည်ထောင်ဦးဖြင့်၊ ကျေးဇူးလွတ်ကျွန်း၊ တရှန်းရှန်းတိ၊ မင်းကွမ်းညိုရိပ်၊ အောင်မြေထိပ်ဝယ်၊ တံဆိပ်တော်စက်၊ ဝင်းဝင်းလက်မျှ၊ ဘဝဂ်ထိအောင်၊ ခြောက်သွယ်ရောင်ဖြင့်၊ ဘုန်းခေါင်သရီ၊ စေတီဗိမာန်၊ မြဝေယန်လျှင်၊ မဂ်ဉာဏ်ပွားစီး၊ ရည်တိုင်းပြီးသား၊ ကောင်းချီးနမော်၊ နှိုကုသိုလ်တော်ကို၊ ကျူးကျော်စဉ်လာ၊ တည်စိမ့်ငှါဟု၊ မဟာမင်းထင်ကျော်စွာ၊ အက္ခရာပီပြင်၊ မော်ကွန်းတင်သည်။ ။ရှင်ပင်စက်တော်သံပိုင်းတည်း။

[သက္ကရာဇ်၁၂၁၁-ခုနှစ်စိုက်သောကျောက်စာ။]

## *၂၃၃-စစ်ကိုင်းမြို့နယ် စဉ့်ကိုင်ရွာ ဆိပ်ပေါက်ဘုရား ကျောက်စာသံပိုင်း

မင်္ဂလာရောင်ရှိန်၊ ထွန်းပြောင်ထိန်သား၊ အာဟိန္ဒရိုက်၊ နွယ်ရိုးလိုက်ဖြင့်၊ မြန်တိုက်အမရ၊ ပူရိန္ဒဝယ်၊ စတုတ္ထဓမ္မရာဇ်၊ တို့စောစစ်မူ၊ ရှေးဖြစ်ဌာနီ၊ ဝေသာလီမှ၊ လိစ္ဆဝိနွယ်၊ ဘုန်းကြွယ်နတ်သွင်၊ ထီးလှိုင်ရှင်လျှင်၊ သည်တွင်နောင်ဘန်၊ တည်အုံ့ရန်၍၊ မိဌာန်တော်လျောက်၊ ထွတ်တိုင်ရောက်က၊ ရွှေမှောက်ဇာနည်၊ ကြံတိုင်းတည်သား၊ ယဉ်ကြည်သီတာ၊ ရောမြရိပ်၊ စစ်ကိုင်းဆိပ်ထက်၊ တောင်ထိပ်တောင်အောက်၊ ဘိတ်ဘိတ်တောက်မျှ၊ ဆိပ်ပေါက်ဘုန်းခေါင်၊ ငါးမာရ်အောင်၏၊ ရိပ်ရောင်စေတီ၊ မွေသရီနှင့်၊ သိင်္ဂီရောင်လျှပ်၊ မွန်းချွန်တပ်သား၊ စရပ်တော်ကြီး၊ မိုးလုံးညီးမျှ၊ သုံးဌာနကို၊ ပဝရမှန်ပု၊ ဘုန်းတော်ပြုသား၊ လွတ်တုမင်္ဂလာ၊ နန်းစဉ်စာကို၊ မဟာမင်းထင်စည်သူ၊ ဝေဘူတောင်ရောက်၊ မှောင်မျိုးပျောက်သား၊ ထွန်းတောက်ခေါင်ဖျား၊ ပတ္တမြားသို့၊ သုံးပါးလက်ာ၊ ဆင်တန်းဆာဖြင့်၊ ဇေယျာမိဂိုဏ်း၊ နက်ဖြည့်လှိုင်းသည်။ ။သံပိုင်းကျောက်စာမော်ကွန်းတည်း။

## * ၂၃၄-စစ်ကိုင်းမြို့ဓမ္မိကာရာမဝိဇယဘုမိသိမ် ကျောက်စာသံပိုင်း

မဏ္ဍိုင်ဗဟိုရ်၊လေးရောင်စိုသား၊မြင့်မိုရ်လက်ယာ၊ ပေါ်ထွန်းလာသည်၊ ဒီပါသပြေ၊ သောင်းထိုက်မြေထက်၊ ကြက်သရေထွန်းပွင့်၊ နေသို့တင့်လျက်၊ ဘုန်းမြင့်သခင်၊သောင်းခွင်လုဘ၊ ဘူပါလသည်၊စတည်ရိပ်လုံ၊ မန်းရွှေဘုံကို၊ စိုးခြုံအာဏာ၊ နှံ့သောခါဝယ်၊ လိုရာကုန်စုံ၊ ပေါများပုံသည်၊ ဂုန်တန်မည်ရှိ၊ ရပ်သီရိနှိက်၊ သတိမြဲးခိုင်၊ မရှိုင်သဒ္ဓါ၊ ပညာတက်ပွား၊ ကြည်စိတ်ထားနှင့်၊ တရားစောင့်သုံး၊ သူတော်ထုံးဖြင့်၊ ကျင့်သုံးမြဲးစွန်၊ မောင်ဘိုးညွန့်က၊ အစွန့်ရှည်စွာ၊ သံသရာစက်၊ ဝဲးယရက်မှ၊ လွတ်ထွက်စိမ့်ငှါ၊ ပဋ္ဌနာဆုကြီး၊ အမြိုက်သီးကို၊ အားကြီးတောင်းတ၊ လှူဒါနဖြင့်၊ ကိစ္စကုန်အောင်၊ ထောက်ပင့်ဆောင်၍၊ ရွှေတောင်ဇာတိ၊ တိုင်းလုံးသိသား၊ ဝိနည်းအလျော်၊ လွန်ထင်ပေါ်သည်၊ ဗန်းမော်ဆရာ၊ ထေရ်မဟာနှင့်၊ရတနာဂီရိ၊ထွန်းပြောင်ညီသည်၊ ဓမ္မိကချောင်၊ ဤတောင်ယံဝယ်၊ ငြိုးခြံတပ၊ သန္တောသဖြင့်၊ ဓမ္မကြိုးကုတ်၊ အားထုတ်လျက်သာ၊ မြတ်ရာရှာသည်၊ ရတနာထွတ်ခေါင်၊ အာဒိဆောင်သား၊ သဃ်ာများတို့၊ ဘုရားပညတ်၊ မုက္ခပါဠ်ဖြင့်၊ ကောင်းမြတ်သေချာ၊ ညီညွှတ်စွာလျှင်၊ သဒ္ဓါမယုတ်၊ မိန့်ခွန်းထုတ်၍၊ သမုတ်သည်ဖြစ်၊ ကြောင်းသနစ်ကို၊ စင်စစ်နောက်နောင်၊ သိလေအောင်ဟု၊ ငွေရောင်ကျောက်တွင်၊ ကမ္ဗည်းတင်၍၊ လက်ာစကားပြေ၊ နှစ်ထွေတင့်ရှုန်း၊မိပ္ပါယ်ညွှန်းသည်။ ။ မော်ကွန်းရွှေစာ နိဒါန်းတည်း။

[သက္ကရာဇ် ၁၂၃၇-ခုနှစ်က ကမ္ဗည်းစာ။]

---

## * ၂၃၅-ဓမ္မိကချောင် အရှေ့စစ်ကိုင်းမြို့ ဘုရား ကျောက်စာသံပိုင်း

နေမျိုးဘုန်းရောင်၊ ဝံင်းဝင်းပြောင်သား၊ ကုန်းဘောင်သမတ၊နရိန္ဒမှ၊ဝံသမဘောက်၊ ဆယ်ကြိမ်မြောက်တွင်၊ ထွန်းတောက်တေဇ၊ စက်မိးရှသို့၊ ရတနာပုဏ္ဏ၊ပြည်ဌာနကို၊ ပဌမထောင်တည်၊ ဇာနည်ဥက္ကဋ္ဌ၊ ပဌမသင်္ဂါယနာတင်၊ စောနတ်ရှင်သည်၊ သောင်းခွင်ဇမ္ဗူ၊ စိုးမိုးယူရာ၊ ထိုအခါတွင်၊ သတိပညာ၊ ရေးရာမြော်မြင်၊ မှုတွင်ကုန်ခမြောက်၊ ရည်အလျောက်ဖြင့်၊ ဝန်ထောက်ခန့်ထား၊ ရွှေသားလျံမောင်း၊ဗောင်းနာချောင်းနှင့်၊ သူကောင်းတော်ပြု၊စားစုဆိုင်ရာ၊ သညာခေါ်တွင်၊ ရန်အောင်မြင်မြို့၊ ခွန်ပို့ပိုင်စား၊ သနားတော်မြတ်၊

မှူးမတ်ပွဲနှိုး၊ မင်းကြီးမဟာမင်းလှမင်းခေါင်၊ ဝင်းပြောင်လျှပ်လျှပ်၊ ဘွဲ့ပုံတပ်ဖြင့်၊ နှီးမြင့်မြှောက်စား၊ သားတော်ဥက္ကဋ္ဌ၊ ဒုတိယဇမ္ဗူ၊ စိုးမိုးယူရာ၊ သဒ္ဓါမယွင်း၊ မြင်းစုကြီးဝန်၊တော်ချွန်နေရာ၊မြို့ရွာစားမြေး၊နှီးဖွဲ့းတဘန်၊ခံရပြန်သော်၊ မောင်နှံ့ဇနီး၊ သားကြီးမြို့ဝန်၊ ကဲးလွန်ထက်သန်၊ မောင်နှံတူကွ၊ ဟူသမျှသည်၊ သံဝေဂညာဏ်၊ အတန်တန်ဖြင့်၊ ဘန်ဘန်နှိုင်းဆ၊ ဝဋ်ဒုက္ခမှ၊ ခဏဆော့စွာ၊ လွတ်ကြောင်းရာ၍၊ ဂေါဇာကလိယုဂ၊ ၁၂၄၆၊ ရောက်လတ်အခါ၊ဇေယျာပူရ၊နာမသမိုင်း၊ စကိုင်းနဂရ၊မြို့ဌာနတွင်၊ မဗ္ဗိကတောင်၊ခန်းဝါချောင်နိုက်၊ နောက်နောင်ရှည်စွာ၊ တည့်စိမ့်ငှါဟု၊ မြတ်စွာဘုရား၊ ထင်ရှားမယွင်း၊ ကျောက်သလင်းရုပ်တု၊ နှိုင်းထုလွန်မြတ်၊ ပြာသာဒ်တော်ကျောင်း၊ ရောင်မောင်းစွင့်စွင့်၊ ဘုံသုံးဆင့်နှင့်၊ ကဲးမြင့်ကြီးစွာ၊အသပြာ-၁၂၀၀၀ပိ၊ စွန့်လွှတ်ခွာ၍၊ စေတနာပြဋ္ဌာန်း၊ လှူဒါန်းဒါန၊ မြတ်ပုညကို၊များထိုထိုတို့၊ကြည်ညိုစေငှါ၊သမိုင်းစာဖြင့်၊ အက္ခရာထင်လင်း၊ကမ္ပည်းသွင်းသည်။ ။နန်းရင်းရွှေစာသမိုင်းတည်း။

[၁၂၄၆-ခုနှစ်က ထိုးသောကမ္ပည်းစာ။]

---

## * ၂၃၆-မင်းကွန်း၊ဘက်အောင်မြေမှန်ကူစေတီတော် ကျောက်စာမော်ကွန်း

ရွှေတောင်ဗဟို၊ကပ်လုံးပြိုသား၊နဂိုရ်တင့်ရှန်း၊မြင့်မိုရ်ကျွန်းသို့၊ပေါ်ထွန်းငါးရာ၊ ရံဝန်းသာသည့်၊ ဒီပါသပြေ၊ သောင်းတိုက်မြေတွင်၊ တောင်ရေသီတာ၊ ရစ်ဆင်းဖြာသား၊ ဗြဟ္မာသံဇး၊ အောင်စည်ကြွေးသည့်၊ မန္တလေးရွှေတောင်၊ သည်မြေခေါင်ထက်၊ ရန်မှောင်မခက်၊ ကျေးဇူးနက်သား၊ ပြည်ချက်အမရ၊ အယုဇ္ဈဝယ်၊ ဒုတိယဝေဇယန်၊ ဗိမာန်တော်ကြီး၊ ထောင်ပြီးဇမ္ဗူ၊ တက်တော်မူသည်၊ ဘူပတိဖျား၊ မင်းဘုရား၏၊ညွှာဖျားဇနီး၊ ဘုန်းမီးလျှံညီ၊စောင်းဘန်သီသား၊ သီရိတုလွတ်၊နန်းမှုနတ်ကား၊ နာဂတ်သာသနာ၊ နောင်လာမြစ်ချေ၊ တည်စိမ့်စေဟု၊ ရေမြစ်ဆိပ်၊ သောင်ကမ်းထိပ်ထက်၊ ပေါ်ပေါ်တက်သား၊ မြေနက်သည်ခုံ၊ ဇေယျာဘုံထက်၊ ထူပါရုံကြီး၊ တည်လတ်ပြီး၍၊ ရွှေထီးညွန့်ကိုက်၊ တင်လှူစိုက်သား၊ ကောင်းမြိုက်လှူနက်၊ ပုညစက်ကို၊ ထီးဆက်ရာဇဝင်၊ ဥဒါန်းထင်စိမ့်၊ ဘိုးရှင်သနင်း၊ ရွှေစက်ရင်းဝယ်၊ ဝပ်စင်းရှိကျိုး၊ ရှိမှုံ့ရှိုးလျက်၊ နေမျိုးဓမ္မသကြီ၊ နက်စံဇမ္ဗူ၊ ရှင်လူထင်သိ၊ မတ်ကပိလျှင်၊ သတိပဝေဏီ၊ ရေးထုံးမှီလျက်၊ စဉ်စီစဆုမ်း၊ မိပ္ပါယ်ရုမ်း၍၊ ကပ်လုမ်းတည်အောင်၊ မော်ကွန်းဆောင်သည်။ ။မြန်ဘောင်ဇမ္ဗူ့ဆီမီးတည်း။

---

## *၂၃၇-သကျသီဟရှပ်တုတော်ဘုရားကမ္ပည်းကျောက်စာသံပိုင်းလက်ာ

မင်္ဂလာမျက်ရှိန်၊ လေးရောင်ထိန်သား၊ တောင်သိနေရူ၊ မြမြေထုထက်၊ သုဒ္ဒဿဝေယန်၊ ဗိမာန်နန်းမှ၊ သက်လာကျသို့၊ နရတမွတ်၊ စက္ကဝတ်မုနော၊ မင်းစောတို့သာ၊ စံထိုက်ရာသား၊ မဟာအမရ၊ အယုဇ္ဈဝယ်၊ စတုတ္ထရွှေနန်း၊ ကနက်ဝန်းလျက်၊ မြန်ကျွန်းဇမ္ဗူ၊ အောင်ပွဲးယူသည်၊ ဘူပတိဖျား၊ တို့ဘုရားကား၊ သုံးပါးသာသနာ၊တည်စေ၄ါဖြင့်၊မဟာဝေယန်ဘုံသာ၊ရတနာမျက်ပျံ၊ နက်စံတုလွတ်၊ ကျောင်းတော်မြတ်နှင့်၊ မိုးလတ်တိမ်ဝ၊ ကြယ်မကသား၊ ဒါန လှူအင်၊ကောင်းကျိုးငင်လျက်၊ သဘင်တော်ပွဲး၊ ခဲးခွဲစည်လာ၊ ရတနာပူရ၊ စတုတ္ထစောထီး၊ ဘကြီးတော်များ၊ တည်ထားခဲ့လတ်၊ ရှပ်ရှင်မြတ်ကို၊ နာဂတ်သာသနာ၊ နောင်လာမြင့်ခေါင်၊ တည်စေအောင်ဟု၊ ပင့်ဆောင်ခဲ့ပြီး၊ စောထီးစက္ကရတ်၊ နေနတ်တန်ဆောင်၊တိုက်သစ်ထောင်၍၊ ဘုံဆောင်ဝေယန်၊ နတ်ဗိမာန်နှင့်၊ သဏ္ဍာန်ထပ်ရှိ၊ ခိုင်းနှိုင်းညှိလျက်၊ သိရိဝင်းလျှံ၊ ရွှေမင်း စံဖြင့်၊ မွှမ်းမံညီးညီး၊ တန်းဆောင်းကြီးနှိုက်၊ ရွှေထီးညွန့်လူ၊ တင်တော်မူ သည်၊ မြိုက်လှူတော်နက်၊ ပုညစက်ကို၊ ထီးဆက်ရာဇဝင်၊ ဥဒါန်းတွင်စိမ့်၊ တို့ရှင်ရန်လင်း၊ ရွှေစက်ရင်းဝယ်၊ ဝပ်စင်းရိုကျိုး၊ ရှိမုံရှိးလျက်၊ နေမျိုးဓမ္မ သကြိ၊ နက်စံကဝိ၊မတ်ပဏ္ဍိလျှင်၊ ပါဠိအဋ္ဌကထာ၊ ဋီကာလှစ်ဖွေ၊ အဌွေဇာ တော၊ခွဲးဝေစိတ်ငု၊ စာသွားရှု၍၊ သုတိဖွယ်ရာ၊ လင်္ကာစကားပြေ၊ ၂-ထွေ ညှိပွှမ်း၊ လျှောက်ချီးမွမ်း၍၊ မှိုးမြဲမ်းရှေးထုံး၊ တန္တုရုံးလျက်၊ ဘွဲ့ကုံးစီရင်၊ လျှောက်ဦးတင်သည်။ ။သောင်းခွင်ဇမ္ဗူဆိမီးတည်း။

---

## *၂၃၈-အမရပူရမြို့ရှေ့ မှန်ကျောင်းတိုက် သိမ်တော်ကြီးကျောက်စာသံပိုင်း

မှတ်စိမ့်နောင်လာ၊ ကြားပိမ့်နာလော့၊ မြတ်စွာထွတ်ထး၊ စောဘုရး၏၊ ထင်ရှားသာသနာ၊ တည်စိမ့်၄ါလျှင်၊ ပညာရင်နို့၊ သောက်ယူစို့သး၊ ငါတို့ ဆရာ၊မဟာထေရ၊ ဝေပဇ္ဇဖြင့်၊ ဥဇ္ဈမမွှော်၊ နှံ့သိကျော်လျက်၊ တော်မှန့် ဖြောင့်ဟုတ်၊ ဓမ္မဂုတ်လျှင်၊ ဥပုသ်ပြုအိမ်၊ ဗဒ္ဒသိမ်ကို၊ ကြိမ်ကြိမ်ဖန်ဖန်၊ ကျမ်းဂန်နုရင့်၊ နှိုင်းထောက်ချင့်လျက်၊ အသင့်ထုံးဟောင်း၊ သမုတ်ကြောင်း ကို၊ နောက်နှောင်းအချိ၊ ပညာဟိတို့၊ မှတ်သိပစေ၊ ကြိုးနှယ်ခွေလျက်၊ သေလက္ခရ၊ ပဗန္ဓဖြင့်၊ ဟန္ဒဒါနိ၊ ရေးသးဘိဟု၊ မိန့်ဟိရာတွင်၊ ပညာသာမိ၊

အမည်ဟိသေး၊ ကဝိမြှောက်ဆို၊ ထေရ်ပုဂ္ဂိုလ်လျှင်၊ မြင်းမိုရ်ပတ်လှည့်၊ ရောင်စည့်စည့်လျှင်၊ လပြည့်တရထည်၊ မြူနှည်ယှက်ခတ်၊ ဝိပ္ပအညစ်၊တစ်ဆယ့်တစ်မှ၊ ကင်းလစ်လုံးလုံး၊ ရောင်ပြက်ပြုံးလျက်၊ သုံးပါးသမွတ်၊ ပြည့်စုံလတ်ရှယ့်၊ ဗဒ္ဓခန်သိမ်၊ ဥပုသ်အိမ်ကား၊ ချမ်းငြိမ်သာယာ၊ မင်္ဂလာဖြင့်၊ လျှင်စွာအံ့ချီး၊ ပျော်မညီးပဲ၊ ပြီးသည့်ချင်းရာ၊သိမ်မှာသည်၊ ။ကျောက်စာသံပိုင်းနိဒါန်းတည်း။

[သက္ကရာဇ် ၁၂၀၇-ခုနှစ်က စိုက်သောကမ္ပည်းစာ။]

---

## *၂၃၉-အမရပူရမြို့အနောက် ဗားကရာတိုက် မဟာဝေယန်ဘုံသာကျောင်း ကျောက်စာသံပိုင်း

ရတနာဗဟို၊ လေးရောင်ပျိုသား၊ မြင်းမိုရ်တောင်ပိုင်း၊ ညို့ညို့မှိုင်းသည်၊ မြန်တိုင်းလက်ယာ၊ သပြေညာဝယ်၊ မင်္ဂလာပျံ့မွှေး၊ အောင်သံကြွေးလျက်၊ မန္တလေးတောင့်တောင်၊ သေည်မြေခေါင်ထက်၊ ရန်မှောင်မစက်၊ ကျေးဇူးနှက်သား၊ ပြည်ချက်အမရ၊ အယုဇ္ဈဝယ်၊ စတုတ္ထနေဝန်း၊ တက်ထွန်းသီရိ၊ ရောင်ပြိုင်ညိလျက်၊ ဘူပတိနရိန်၊ လောင်းအာဟိန်အား၊ တောက်ထိန်သာသနာ၊နောင်လာစဉ်ရှည်၊ တည်စိမ့်ရည်၍၊ ဦးတည်သဒ္ဓါ၊ ရင့်ကြောင်းရှာလျက်၊ မဟာဝေယန်ဘုံသာ၊ရတနာမျက်ပုံ၊ဖိတ်ဖိတ်လျှံသား၊နှိုင်းစံတုလွတ်၊ ကျောင်းတော်မြတ်ကို၊ နာဂတ်ဒနာင်လာ၊ ဥဒါန်းသာစိမ့်၊ တေဇာသတင်း၊ နေနှယ်ချင်းသား၊ မင်းခေါင်မင်းဖျား၊ မင်းတရားအား၊ ညွှတ်တွားရှိမိုး၊ ရိုညွှတ်ကျိုးလျက်၊ နေမျိုးမမ္ဗသကြာ၊ နက်စံကဝိ၊ မတ်ပဏ္ဍိလျှင်၊ ပါဠိအဋ္ဌကထာ၊ ဋီကာစေ့ငု၊ စာသွားရှု၍၊ သုတိဘွယ်ရာ၊ လင်္ကာစကားပြေ၊ နှစ်ထွေညှိပြွမ်း၊ လျှောက်ခြီးမွမ်း၍၊ မှီးငြမ်းရွေးထုံး၊ ဖွဲ့စီကုံးလျက်၊ ကပ်လုံးတည်အောင်၊ မော်ကွန်းထောင်သည်။ ။မြန်ဘောင်ဇမ္ဗူ့ဆီမီးတည်း။

---

## *၂၄၀-အမရပူရမြို့ လောကမဏိစူဠာဘုရား ကျောက်စာသံပိုင်း

ကြားပိမ့်ရိုက်ခြီး၊ အောင်ပြီးစီးစိမ့်၊ ကျွန်းကြီးသပြေ၊ လက်ယာဇမြေထက်၊ မြေတေသာသနာ၊ လင်းလင်းဖြာသား၊ မန္တာဂီထိပ်၊ နှင်းနှိပ်ပျံ့ရောက်၊ မာတင်ပေါက်နှင့်၊ ပွင့်မြှောက်အမရ၊ နန်းသိင်္ဂဝယ်၊ ဒုတိယနေဝန်း၊ တက်

ထွန်းသီရိ၊ ရောင်ပြိုင်ညှိသို့၊ ဇမ္ဗူဒီပဒေသာ၊ မိုးစေ့ငါဖြင့်၊ သံဝါပဉ္စမ၊ ပိဋ္ဋဦးစသား၊ ကေလာသဂိရိမကုဋမဟာယောသဝတ္တုယဏ္ဍုရာဇာ၊ မင်္ဂလာညွန့်လူ၊ ကမ္ဘည်းမှု၍၊ လေးဆူပရိဘုံ၊ အရံစေတီ၊ အပြိုင်ချီလျက်၊ သိင်္ဂီနိက္ခ၊ တောက်ပရွှေတိ၊ ဝိုးဝင်းညိုသား၊ ကျောင်းဝိဟာရ၊ ပါသာဒနှင့်၊ ပဉ္စမဗောဓိ၊ အစရှိသား၊ မုနိစတေ၊ ခုနစ်နေမှ၊ ထိုပြီးပကား၊လောကမဏိစူဠာ၊ မော်ကွန်းစာကို၊ သုံးဖြာပရိယတ်၊ ပိဋကတ်တိုက်စိုး၊ နေမျိုးဓမ္မသကြီး၊ နတ်စံပလ္လင်၊ မတ်ကဝိလျှင်၊ သုတိသာယာ၊ လင်္ကာစကားပြေ၊ နှစ်ထွေရေးရုံး၊ မိပ္ပါယ်ချုံး၍၊ ဘွဲ့ကုံးစီရင်၊ လျှောက်ဦးတင်သည်၊ ။မြန်နွှင်ရွှေစာသံပိုင်းတည်း။

---

## *၂၄၁-အမရပူရမြို့ မံဟာဝိဇယရံသိစည်းခံတော်ကြီး ကျောက်စာမော်ကွန်း

မင်္ဂလာဗဟို၊ လေးရောင်ပြိုတွင်၊ မြင်းမိုရ်မြခိုး၊ လုံးပြည့်ဖြိုးလျက်၊ မိုးတခြမ်းပိုင်း၊ တင်းကြမ်းမှိုင်းသား၊ မြန်တိုင်းဇမ္ဗူ၊ သန်လျက်ငုဝယ်၊ ပြောင်ဖြူပစ္စယ၊ဆဒ္ဒန်လှနှင့်၊ အမရဇေယျ၊ ရွှေဝနန်းတည်၊ ပြည်သုံးပြည်ကို၊အောင်စည်ခြုန်းထစ်၊ ဖြုန်းဖြုန်းရစ်၍၊ ငါးနှစ်မစံ၊ ဘိသိက်ခံလျက်၊ အသမ္ဘိန်မွေ၊ တည်ထွန်းစေဟု၊ သောင်းနေကိန်းပြည့်၊ အိုးထိန်းလှည့်သို့၊ ပွင့်မည့်သမ္ဘာ၊ ဌာပနာသား၊ မဟာပဉ္စမ၊ ပိဋ္ဋမူလထက်၊ ဝိဇယရံသီ၊ မော်ကွန်းချီသည်၊ စေတီတော်မြတ်၊ စည်းခံဓာတ်ကို၊ နာဂတ်သာသနာ၊ ပတ်လုံးကြာအောင်၊ မဟာသင်္ခယာ၊ မဟာသီရိ၊ ပါဠိနှစ်အုပ်၊ စည်သူချုပ်သား၊ ဗဟုဗွိလို၊ ဝိဂ္ဂိုဟ်အနွတ်၊ ဝက်မစွတ်ကို၊ ရွှေထွတ်ရိပ်ငြိမ်၊ ဘုံနန်းအိမ်ဝယ်၊ နှစ်ကြိမ်ပိုင်စား၊ သုံးပါးကာလ၊ ဗျာဒိတ်ရသား၊ ဒုတိယတမ်းခွန်၊ တွင်းသင်းဝန်လျှင်၊ မတ်ကျွန်တော်မျိုး၊ စာရင်းထိုးသည်။ ။နန်းရိုးရွှေစာ သံပိုင်းတည်း။

---

## *၂၄၂-အမရပူရဒုတိယမြို့တည် ဘကြီးတော်မင်းတရားကြီး လက်ထက် မဇ္ဈိမဒေသမဟာဗောဓိမဏ္ဍိုင်သို့စေလွှတ် ဓမ္မဒါတဗ္ဗအပေါင်းကို ပရိက်ရှုတော်မူ၍စိုက်မှတ်ကမ္ဘည်း ထိုးတော်မူသောကျောက်စာသံပိုင်း

မင်္ဂလာဗဟို၊ မြလျှံညိုသား၊ မြင်းမိုရ်တပိုင်း၊ တင်းကြမ်းမှိုင်းလျက်၊ မြန်တိုင်းဇမ္ဗူ၊ လက်ယာငုဝယ်၊ ပြောင်ဖြူပစ္စယ၊ ရဲးနာဂနှင့်၊ အမရနန်းမြင့်၊

ဖြူဝန်းဖွင့်သည်၊ ဆင်မင့်းသခင်၊ ဆဒ္ဒန်ရှင်လျှင်၊ အောင်မြင်ဇွန်သည်း၊ ငါး မာရ်လှည်းသား၊ ဥဒည်းချက်ချာ၊ မြေမျက်နှာရှိက်၊ ဝဇီရာသန၊ နန်းမဥ ကင်၊ သမိုက်ပြင်ထက်၊ ပလ္လင်ဘုံရွှေ၊ ဗုဒ္ဓဟောကို၊ ရွှေငွေပတ္တမြား၊ သုံးပါး ချယ်နစ်၊ ပြောင်ပြောင်ရစ်သား၊ အိုးပျစ်မြူတာ၊ ရတနာတန်ဆောင်၊ ပန်း တောင်ပေါက်ပေါက်၊ လှံဘောက်မိုးစွန်၊ ထီးတံခွန်ဖြင့်၊ သရဝဏ်နှစ်၊ သက္ကရာဇ်ကောဇာ၊ ထောင်ရာဖွဲ့ကျုံး၊ ယှစ်ဆဲ့သုံးတွင်၊ မိုးဆုံးဆောင်းစ၊ သရဒဝယ်၊ မဂဓတိုင်းခြေ၊ ဗိုလ်ယုံစေ၍၊ ဖြစ်ထွေကြောင်းလျှား၊ လှူတော် များကို၊ မွန်ကြားမင်္ဂလာ၊ မော်ကွန်းစာဖြင့်၊ မဟာသင်္ဃာ၊ မဟာသီရိ၊ ပါဠိနက်တွဲ့၊ ရွှေဘွဲ့နှစ်ပွင့်၊ စည်သူဆင့်၍၊ ရှင်ပင့်မိန့်တော်၊ ရွှေခွန်းခေါ် သည်၊ မတ်ကျော်ကဝိ၊ မြတ်ပဏ္ဍိလျှင်၊ နေ့ဒင်းပြီးသာသနာ၊ ကမ္ဘာမြေရေ၊ တည်ထွန်းစေဟု၊ကြက်သရေသွန်းနှိုး၊စာရင်းထိုးသည်။ ။မောက်ဖြူးရွှေစာ သံပိုင်းတည်း။

## *၂၄၃-ရွှေကြက်ယက်ဘုရားကမ္ပည်းကျောက်စာ သံပိုင်းလက်ာ

မင်္ဂလာနေခြည်၊ ထွန်းလျှံလည်သား၊ ရွှေပြည်အမရ၊ သည်ဌာနဝယ်၊၊ စတုတ္ထမှန်ပု၊ မန္တာတုသို့၊ သမုတိဖျား၊ မင်းတရား၏၊ ပတ္တမြားဥက္ကင်၊ မယ် တော်မြတ်လျှင်၊ ဝင်ုသံသရာ၊ လွတ်စေဌါဖြင့်၊ မြင့်ကြာရှည်လျှား၊ တို့ဘုရား မှု၊ မျိုးခြားတဇာစ်၊ ကြက်မင်းဖြစ်နိုက်၊ နှစ်ဆစ်ရှည်ကျူး၊ ပျော်ခဲ့ဘူးသား၊ ဖျူးဖျူးမြင့်စွာ၊ ဆင့်ဆင့်သာသည်၊ မန္တာဂီရိ၊ မည်ယှိအခေါင်၊ ကြက်ယက် တောင်ထက်၊ ဘုန်းရောင်တောက်ပ၊ အာသောကလျှင်၊ အစတည်၍၊ ရှစ် ကြိမ်စေ့တွင်၊ ဓာတ်မွေ့မီရာ၊ စေတီသာနှင့်၊ ဘယ်ညာရွှေနောက်၊ ကြွေ့ကြွေ့ ရောက်သည်၊ တောင်မြောက်ပြိုးပျက်၊ ကိုးကြိမ်ဆက်သား၊ သေလက္ခရာ၊ နန်းစဉ်စာကို၊ မဟာမင်းတင်စည်သူ၊ ဝေပူတောင်ထိပ်၊ ကျောက်ရောင်ရိပ်သို့၊ တံဆိပ်ခြားပိုင်း၊ ခြီးဖွဲ့လှိုင်းသည်။ ။သံပိုင်းကျောက်စာ နိဒါန်းတည်း။

## * ၂၄၄-မဟာသကျရံသီကျောက်တော်ကြီးဘုရား ကမ္ပည်းကျောက်စာသံပိုင်း

မင်္ဂလာတန်းဆောင်၊ ထွန်းလင်းပြောင်စိမ့်၊ ကုန်းဘောင်အာဒိ၊ ဝံသာဘိ ဖြင့်၊ ခတ္တိယဂိုဏ်း၊ ဦးကိုင်လှိုင်းသား၊ နန်းတိုင်းညွတ်ခ၊ အမရဝယ်၊ စတုတ္တ နတ်၊ ခလာကဓာတ်ကို၊ လွှ့ပတ်ထွန်းပေါ်၊ ထိုခါရော်နိုက်၊ သမွှော်မိဆု၊

ပြည့်မှုပဋ္ဌနာ၊ ရည်ပန်ထွာလျက်၊ မဟာသကျရံသီ၊ ရှင်္ဂီပါဠိ၊ မော်ကွန်း ရှိသော၊ ဝိသုဒ္ဓိထွတ်၊ တုလွတ်ပရမ၊ မုနိန္ဒကို၊ ရွှေဝမည်သာ၊ မင်းဝံချာမှ၊ မဟာအမရ၊ ပူရသာခေါင်၊ ပြည်ရန်အောင်သို့၊ ကျည်းဆောင်ပင့်ယူ၊နန္ဒမူဟု၊ လိုဏ်ဂူသဏ္ဍာန်၊ ဘုန်းတော်ဘန်လျက်၊ ဗိမာန်ကြီးကျယ်၊ ဆန်းတကြယ်တီ၊ မှတ်ဘွယ်စဥ်ဆက်၊ ကမ္ပည်းကွက်သား၊ သေလက္ခရာ၊ နန်းစဥ်စာကို၊ မဟာ မင်းတင်စည်သူ၊ ရွေးယူရေယှက်၊နည်းစုံဘက်၍၊ဝဏ္ဏက္ခရာ၊သဒ္ဒါပုဒ်ဗျည်း၊ ခေတ်ပစ္စည်းနှင့်၊ တော့ဒည်းမလွတ်၊ ပယတ်ကရိဏ်း၊ ထုံးနှိုင်းလျော်စွာ၊ အလင်္ကာဖြင့်၊ မင်္ဂလာပင့်နှိုး၊ စာရင်းထိုးသည်။ ။ဘွဲ့ရိုး ကျောက်စာ သံပိုင်းတည်း။

---

## * ၂၄၅-မုံရွေးမြို့ ရွှေမြင်တင်ဘုရားနှင့် သိမ်ကျောက်စာသံပိုင်း

မင်္ဂလာရောင်လျှံ၊ မြကျောက်ခံသား၊ မင်းဝံတောင်ညွန့်၊ မိုးရှိကွန့်လျက်၊ ညာကျွန့်ကြက်သရေ၊ သံလျက်ဗွေထက်၊ မှန်ရွှေပြိုးပြောင်၊ လနေရောင်သို့၊ ဆောင်အဆန်းဆန်း၊ မြနန်းစံလွတ်၊ ပြာသာဒ်ဘုံသာ၊ရတနာပူရ၊ ရွှေဝမြို့ကြီး၊ တိုင်းလုံးထီးကို၊ အပြီးရောက်အောင်၊ တည်ထောင် စတုတ္ထ၊ နန်းရိုးချသား၊ နရထိပ်ညွှန့်၊ ဆဒ္ဒန်သာမိ၊ မိပတိခေါင်ချာ၊ အုပ်စိုးခါတွင်၊. ရာဇာပဝရ၊ လှူဆက်သသား၊ ဇာန္ဒဝဇီရာ ဘိလင်္ကာရ သီရိဇမဟာဓမ္မရာဇာ မိရာဇဂုရု၊ မျက်ရှုခတ်နှိပ်၊ တံဆိပ်ရွှေစာ၊ လက်မကွာနှင့်၊ ဝိပဿနာဓူရ၊ ကြိုးလုံ့လ လျက်၊လောကစက္ခု၊ ဇမ္ဗူ့ရန်နှိပ်၊ မင်းဆယ်ကျိပ်၏၊ ဦးထိပ်ဥက္ကဋ္ဌ၊မန္တာတ်စက္က၊ သာကီယဇာတိ၊ သီရိဥတ္တမ၊ စောသီဟကို၊ ဆန်းလမသွေ၊ တက်နေတူ နှုန်း၊ ဘုန်းကြက်သရေ၊ မြုတေတိုးလျက်၊ ရာသက်ရှည်ကြောင်း၊ မေတ္တာ ဟောင်းတွင်၊ သွန်းလောင်းထပ်ဆင့်၊ နှိုးဆော်ပင့်သား၊ ဘုရင့်ဆရာ၊ စီကုံး မှာသည်။ ။ကမ္ဘာတည်စိမ့်သံပိုင်းတည်း။

---

## * ၂၄၆-မုံရွေးမြို့ ရတနာ့ရွှေဂူကျောက်စာ မော်ကွန်းသံပိုင်း

မင်္ဂလာလျှံထိန်၊ လေးရောင် ရှိန်သား၊ ရွှေဂီရိန္ဒာ၊ တောင်ချက်ချာမှ၊ လကျာသောင်းငှ၊ ဇမ္ဗူဒီပါ၊ မြနီလာငုံ၊ ကျွန်းရပ်ခုံထက်၊ ငါးစုံသီတာ၊ ရံရစ်ခါနှင့်၊ ရတနာမျက်ပျံ့၊ မြကျောက်စံသား၊ မင်္ဂလာညွန့်ဖူး၊ သန်လျက်ဦး

နှိုက်၊နတ်မှူးဖြဟ္မာ၊ပြည့်နှံလှာ၍၊ရတနာပူရ၊ မြို့ရွှေဝကို၊စတုတ္ထတည်ထောင်၊ ရွှေညောင်တက်ဇုန်၊ ဝေယန်ထူးဆန်း၊ ကြယ်တာသန်းတွင်၊ လဝန်းနေခြည်၊ နေ့ညလည်သို၊ မြရည်နဝရတ်၊ စီမျှောင်ခတ်သား၊ နတ်သုဓမ္မာ၊ နှုန်းသင့်စွာအောင်၊ ရတနာပြာသာဒ်၊ တိမ်ထွတ်တိမ်နီး၊နန်းကြီးတည်ဆောက်၊ မြင်းမိုရ်အောက်တွင်၊ တယောက်မမြော်၊ မိုးပေါ်မြူးကွန့်၊ ဆဒ္ဒန်ဇာတိ၊ ဟတ္ထိရတနာ၊ စကြာရှေးလွှင့်၊ဆင်မင့်းသခင်၊ စောနတ်ရှင်၏၊ကြည်လင်တော်မူ၊ ရွေးတော်ယူသည်၊သုံးဆူပိဋကနာ၊ နှစ်ဖြာဓူရ၊သတ္တဝါစီးပွား၊ လေးပါးဖြဟ္မ၊မေတ္တာငှသား၊ ဣန္ဒဝဇီရာ လက်ာရသီရိမ်ဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု၊ ရေးထုခတ်နှိပ်၊ တံဆိပ်ရွှေစာ၊ လက်မကွာနှင့်၊ အရိယာဝံသ၊ အာဒိစ္စရံသီ၊ ပါရမီရှေးရည်၊ သူတော်ထေရ်ကို၊ ချစ်ကြည်သဒ္ဓါ၊ စေတနာနှင့်၊ မင်းကြီးမဟာသက်တော်၊ ပန်သျှောက်သည်ကြောင့်၊ မလည်မပိုက်၊ တိုက်ရိုက် သင့်အောင်၊ သံပိုင်းဆောင်သည်။ ။ကျောက်ခဆောင်ရွှေစာမော်ကွန်းတည်း။

---

## * ၂၄၇-မန္တလေးမြို့ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးတည်ထားကိုးကွယ်တော်မူသော လောကမာရဇိန်စေတီတော်အတွင်း ဃိုပိဋကတ်ကျောက်စာမော်ကွန်းသံပိုင်း

မင်္ဂလာဗဟိုရ်၊ လေးရောင်စိုသား၊ မြင်းမိုရ်လကျာ၊ စက္ကဝါတပိုင်း၊ မြမြိုင်းသည်၊ မြန့်ဘိုင်းထွတ်ထိပ်၊ တမ္ဗဒိပ်ထက်၊ ဂိရိဗ္ဗဇ၊ နဂရသို၊ ထွန်းပဆယ်ဖြာ၊ ရတနာလျှင်၊ ထပ်ခါဖြိုးဝေ၊ မိုယ်းနှယ်စွေ၍၊ ကြက်သရေပွားရာ၊ ထင်ရှားစွာထိ၊ ရတနာပုံ၊ ရိပ်မြို့ရွှေပြည်၊ ထောင်ဦးတည်သား၊ ဇာနည်ဓမ္မရာဇ်၊ ဘုန်းသစ်တက်ပွား၊ တို့ဘုရားလျှင်၊ ငါးပါးထင်ပေါ်၊ အမြင်တော်ဖြင့်၊ သုံးဘော်လုံးနတ်၊ဟောခဲ့မှတ်သည်၊ ပိဋကတ်သုံးဆူ၊ပန်းမဥ္ဇူလျှင်၊နတ်လူဖြဟ္မာ၊ သတ္တဝါအား၊ ဂန္ဓာကြိုင်ရှုန်း၊ မြိုက်ရည်မွှန်းလျက်၊ ကုန်ကျွမ်းကမ္ဘာ၊ မြင့်ကြာအဟို၊တည်စေလို၍၊ကြည်ညိုပတ္တနာ၊နန်းစဉ်စာကို၊နာရကာရောင်ချက်၊ ရွှေပြားထက်ဝယ်၊ ရွှေအက္ခရာ၊ ဆင်တန်ဆာဖြင့်၊ မဟာမင်းလှသကြာ၊ ရွှေခွန်းခံသား၊ နက်တံကပိ၊ မတ်ပဏ္ဍိလျှင်၊ ကြားသိဟုတ်တိုင်း၊ ခြီးဖွဲ့းလှိုင်းသည်။ ။သံပိုင်းရွှေစာ မော်ကွန်းတည်း။

---

## * ၂၄၈-မန္တလေးမြို့ သုဓမ္မာရွှေစရပ်တော်ကြီး မော်ကွန်း

မင်္ဂလာရောင်ထွေ၊ ထွန်းပြောင်ဝေသား၊ အောင်မြေပျို့မွေး၊ မန္တလေးဝယ်၊ စွေးစွေးရောင်ကွန့်၊ ရွှေတောင်ညွန့်ထက်၊ ဝေယန်ချက်တည်၊ နတ်

မင်းပြည်နှင့်၊ နိူင်းရည်ထပ်တူ၊ ပြည်ကြီးထူလျက်၊ ဇမ္ဗူချက်ချာ၊ သမုဒ္ဒရာ ရစ်ဝိုက်၊ ကျွန်းကျွန်းတိုက်ကို၊ သိမ်းပိုက်စိုးဆောင်၊ ရန်မျိုးအောင်သား၊ ဘုန်းခေါင်ထွဋ်ဖျား၊ တို့ဘုရားလျှင်၊ ဆယ်ပါးမင်းကျင့်၊ အဆင့်ဆင့်ကို၊ နရင့်မဟူ၊ ကျင့်တော်မူလျက်၊ ပြည်သူကောင်းကျိုး၊ ဖြန့်မိုးကရုဏာ၊စံစဉ်ခါဝယ်၊ ရတနာပုံ၊ ရိပ်မြုံဌာန၊ ရွှေပြည်မနှင့်၊ တကွတည်ရန်၊ သတ္တဌာန်တွင်၊ တွက်ကျုံးဝင်သား၊ နတ်ခွင်ကြော်ငြာ၊ သုဓမ္မာကို၊ ရတနာဥက္ကဋ္ဌ၊ မြောက်နန်းနတ်လျှင်၊ ထိမ်းမှတ်သေခွေ၊ တည်လုပ်စေသား၊ ဥပဒေကြီး၊ ထုံးမှီးနည်းရှိ၊ဋ္ဌပ္ပတ္တိကို၊ ပါဠိဂါထာ၊ လင်္ကာစကားပြေ၊ သုံးထွေနှောနှောက်၊ သဘောလျောက်ဖြင့်၊ မျှော်ထောက်သုတ်သင်၊ တန်ဆာဆင်လျက်၊ မင်းတင်စည်သူ၊ ရွှေးယူသံပိုင်း၊ ခြီးဖွဲ့လှိုင်းသည်။ ။မြန်တိုင်းဆက်စဉ် မော်ကွန်းတည်း။

---

## * ၂၄၉-မန္တလေးမြို့ ဓမ္မမဥ္ဇူသိမ်တော် မော်ကွန်း

မင်္ဂလာနေရုံ၊ တောင်ရွှေဘုံသို့၊ မြေခုံသန့်ရှင်း၊ အမင်းမင်း၏၊ ဝပ်စင်းညွှတ်ရာ၊ ဆန်းကြယ်စွာတိ၊ ရတနာကိုးထွေ၊ မိုယ်းနှယ်ခွေသား၊ ညာကြေပျံ့မွှေး၊ မန္တလေးဝယ်၊ ဘေးလောင်းမန္တာတ်၊ စက္ကရတ်တို့၊ မြဲးမှတ်ဘော်ပြု၊ ရှေးထုံးကျဖြင့်၊ ပဌမဘုန်းခေါင်၊ပြည်ကြီးထောင်၍၊ မြန်ဘောင်ဒီပါ၊စက္ကဝါတအုပ်၊ စိုးမိုးချုပ်က၊ ရုပ်နတ်အလား၊ တွေးပိုးဝါးတိ၊ ငါးပါးကလျာ၊ စုံအင်္ဂါနှင့်၊ စဉ်လှာဋ္ဌပ္ပတ်၊ မိန်းမမြတ်တို့၊ ကျင့်ဝတ်သီလ၊ ခါနိစ္စဖြင့်၊ ဒါနအာရုံ၊ အမြဲးထုံလျက်၊ ရွှေဘုံပရမေ၊ မြောက်နန်းနေဟု၊ ကြက်သရေဆောင်ဘိ၊ နတ်ဟိရိလျှင်၊ သမ္ဘောမိဖျား၊ ရုပ်ပွားစွယ်တော်၊ မွှေလျော်ကိန်းဝပ်၊ လျှပ်နှယ်လျှပ်မျှ၊ နတ်ရပ်ဗိမာန်၊ ဝေဇယန်သို့၊ ဘန်မှန်ညီးညီး၊ သိမ်တော်ကြီး၏၊ ဖွဲ့ခြီးမင်္ဂလာ၊ လှူစဉ်စာကို၊ နာရကာရောင်ချိပ်၊ ရွှေပြားထိပ်ထက်၊ တံဆိပ် ခတ်တင်၊ ဗျာဒိတ် ဆင်သား၊ မင်းတင် စည်သူ၊ ရွှေးယူပိုင်းခြား၊ သမိုင်းထားသည်။ ။စဉ်လျှားကျောက်စာ မော်ကွန်းတည်း။

---

## * ၂၅၀-မန္တလေးမြို့ ရတနာအောင်မြေဘုရား ကျောက်စာသံပိုင်း

မင်္ဂလာမျက်ရှိန်၊ ပိုးဝဲင်းထိန်သား၊ နိူင်းချိန်တမျှ၊ ဝေပုလ္လသို့၊ ဥက္ကဋ္ဌတန်းဆောင်၊ ရန်မမှောင်သည်၊ ပြည်ထောင်အယုဇ္ဈ၊ မန်းဌာနနိူက်၊ ဒုတိယကနက်၊ ဖြူရွှက်ဖြန့်ရှင်၊ ဥက္ကာဝင်ဂိုဏ်း၊ ကွန့်လိုင်းလျှံပ၊ မြန်မ-မကိုဋ်၊

ဆောက်စိုက်သရဖူ၊ ကြဌန်းလူသော၊ နှစ်ဆူပွင့်မုံ၊ စက်စုံတော်မွန်၊ ရှိဝန်ပန်ခါ၊ ထမ်းရွက်ရသည်၊ အဂ္ဂမဟာ၊ သေနာပတိ၊ ဂုဏ်ထူးရှိသား၊ နှံ့သိဂုန်ဝါ၊ ကြေညာလွှံထင်၊ တောင်ခွင်ရွှေမြို့၊ မချို့ပည်းဖြင်၊ ခွန့်ချင်ဆွတ်ခူး၊ ပိုင်မူး အုပ်စိုး၊ သတိုးမင်းကြီးမဟာမင်းထင်စည်သူ၊ ပုံ့ကူကြောင်းဟိတ်၊ သုမိတ္တ ကေသီ၊ ယှဉ်မှီမကွာ၊ သည်းလျာတူမှီး၊ ဆွေဇနီးတို့၊ ဆုသီးရည်တင်၊ ကြည် ရွှင်မညို၊ မင်္ဂလိုချမ်းသာ၊ ပွားစီးရှာလျက်၊ မွန်စွာထူးမြတ်၊ မွေခာတ်စုံစုံ၊ ဥသံုကိန်းမှီ၊ စေတီဂူကျောင်း၊ အပေါင်းကစ၊ ဒါနစုံလင်၊ ပုံယင်များစွာ၊ လှူကြောင်းရာကို၊ သေချာမယွက်၊ မြကျောက်ရွက်တွင်၊ သေလက္ခရာ၊ စုံစွာ ပီပြင်၊ ရေးထင်ပြီးနောက်၊ ကျော်ချောက်မွှန်းဝေ၊ ရေမြေ လောကဓာတ်၊ ထုတ်ခတ်ရိုက်တုန့်၊ နန္တဂုဏ်ဖြင့်၊ ဆန့်စုန်ကြေညာ၊ မြို့လူးသာသား၊ ရတနာ အောင်မြေ၊ မွေသရိမြတ်၊ စည်းခုံဓာတ်ကို၊ နာဂတ်သာသနာ၊ ပတ်လုံးကြာ အောင်၊ ပဝရာမိရာတ်၊ မင်းမင်းနတ်၏၊ သတပတ်ပွင့်မုံ၊ ခက်ရုံညွှတ်ကြည်၊ ရှိပန်ရည်သား၊ မန်းပြည်တောင်ပေါက်၊ ပါမောက်တဆူ၊ ဂုဏ်လူထင်ပေါ်၊ သံတော်ဆင့်မတ်၊ ပညတ်ပျံ့ရွှင်၊ မင်းထင် ရာဇည်သူ၊ ရွေးယူသိမ်းကျုံး၊ ကမ္ပည်းကုံးသည်။ ။နိုဂုံးရွှေစာသံပိုင်းတည်း။

## * ၂၅၁-မန္တလေးမြို့ မဟာဗောဓိကျောက်စာ သံပိုင်း

ဗောဓိမင်္ဂလာ၊ ကွန့်ရှန်းဖြာလျက်၊ စက္ကဝါတပိုင်း၊ မြမြ မှိုင်းတည့်၊ ဆိုင်းဆိုင်းယှက်ငြိ၊ ခက်ချင်းထိ၍၊ ပရိမဏ္ဍလ၊ ဝန်းဝန်းပလျက်၊ ဂေါတမ ဂုဏ်ချစ်၊ သစ္စာလှစ်သး၊ ဒုမရာဇ်ကျော်၊ စေတီတော်ကို၊ ပူဇော်ကြရာ၊ ဖြစ် စေဌါဟု၊ ရတနာပုံ၊ မင်းပွဲးစုံသည်၊ ရွှေဘုံဌာန၊ ပဌမနန်းတည်၊ ဇာနည် ဥက္ကဌ်၊ ဘန်ဆင်းလတ်က၊ နတ်မင်းလူမင်း၊ မြဟ္မာမင်းတို့၊ နန်းကင်းမကိုင်၊ ဝပ်စင်းတိုက်၍၊ ဦးခိုက်ကြည်လင်၊ ပန်ကြဆင်သး၊ မဟာဂ်ဏာ၊ အပြင် သာဝယ်၊ ဝဇီရာသန၊ နေရာမထက်၊ မြပြာသာဒ်ကြီး၊ မြထီးမောက်မောက်၊ မြနန်းဆောက်သို့၊ ရွှေနောက်ယာဝဲ၊ မြရိပ်ကြဲးလျက်၊ မြခဲးပမာ၊ ချမ်းဖေး စွာသး၊ ရတနာပုံ၊ ရိပ်မြုံဗောဓိ၊ ဌူပွတ္တိကို၊ မိမိလာကျော်ဟိုး၊ ပြည်ကြီး စိုးသး၊ မဃ္ဃစိုးမင်းလျှဉ်၊ သားမြေးစဉ်သို့၊ ပဌမထင်၊ တင်သည့် မင်းမြတ်၊ တို့စောထွတ်၏၊ နာဂတ်နန်းပျော်၊ သားမြေးတော်တို့၊ ပူဇော်ရိုသေ၊ ကိုး ကွယ်စေဟု၊ ပရမေဏာဝိန်၊ ပညာထိန်သည်၊ နရိန္ဒာဘိသီရိသဒ္ဓမ္မ၊ စသည့်

တွက်ဘွဲ၊ နှစ်ဆဲ့ခြောက်လုံး၊ စီကုံးအက္ခရာ၊ ရာဇာဓိရာဇ်၊ အသစ်ခတ်နှိပ်၊ မင်းပေးလိပ်ဖြင့်၊ တံဆိပ်နှစ်ဆင့်၊ ဘိသိက်မြှင့်သား၊ ဘုရင့်ဆရာ၊ ထေရ်မဟာလျှင်၊ အက္ခရာထင်းထင်း၊ မော်ကွန်းကွင်းသည်။ ။သလင်း ရွှေစာသံပိုင်းတည်း။

[၁၂၂၂-ခုနှစ်က ထိုးသောကမ္ပည်း။]

## * ၂၅၂-မန္တလေးမြို့ မဟာမုနိဘုရား ကျောက်စာ သံပိုင်း

မန္တလေးရွှေတောင်၊ မြေထိပ်ခေါင်ထက်၊ ကုန်းပေါင်နွယ်ရိုး၊ နေမျိုးညွှန့်ပေါက်၊ လေးဆက်ခြောက်တွင်၊ ပြိုင်ထောက်မပြူ၊ လောင်းစည်သူ၏၊ သည်းခဲ့ရင်ခွင်၊ ပိုက်နှံ့ကြင်သ၊ သောင်းခွင်ပတ်မွေ၊ နတ်သလှေနှင့်၊ သပြေပင်ရင်း၊ ဘိသိက်ခင်းရှယ့်၊ ကျော်တင်းနှံ့သိ၊ မိုဝိုးယံထိလျက်၊ နရပတိစည်သူ၊ သည်မင်းဟူသည်၊ ဆင်ဖြူများသျှင်၊ လွှမ်းထင်ကျော်စော၊ ထွတ်မုနော လျှင်၊ မာကြောသံလျောင်၊ရွှေမြို့ထောင်ရှယ့်၊ ရွှေတောင်ရွှေနန်း၊တည်လတ်ထွန်းက၊ တကျွန်းစိုဝိုးဆောင်၊ ဖုန်းတော်ရောင်ဖြင့်၊ ရန်မှောင်မစက်၊ကျေဥ္ဈူးနှက်ရှယ့်၊ ပြည်သက်ပြည်ဖ၊ မည်ထိုက်လှသ၊ အမရပူရ၊ ပြည်မသခင်၊ နတ်သျှင်ရန်နှင်း၊ ရွှေစက်ရင်းဝယ်၊ ညွှတ်စင်းရှိကြ၊ တင်ဆက်ကာနှင့်၊ မဟာသမ်ယာ၊ ရွှေဘွယ်သာနောက်၊ မဟာစည်သူ၊ ဇမ္ဗူပတ်ဝိုက်၊ မြန်မာ့တိုက်ထက်၊ ဆောက်စိုက်ညီးပြောင်၊ ရွှေတန်းဆောင်နှင့်၊ မှန်ရောင်အသွင်၊ ကျော်တိုင်းထင်သ၊ အချင်ကောင်းကျွန်၊ မိုဂ်းစွန်စိုက်ရှိ၊ ဘဝဂ်ထိညြင်၊ သီရိရတနာ၊ မဟာမုနိ၊ အရှိမခိုင်း၊ ကျောက်သံပိုင်းကိုဝ်၊ ချိန်နှိုင်းထဲးနည်၊ ရွှေညာက်နည်ရှယ့်၊ စာရည်သွေးတော်၊ မူစိမ့်ရော်လျက်၊ သံတော်ခဲးတင်၊ နိဒါန်းဆင်သည်။ ။သုံမ်းခွင်လောကတန်းဆောင်တေည်း။

[၁၁၄၆-ခုနှစ်က စိုက်ထူသောကမ္ပည်းစာ။]

## *၂၅၃-ခမော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်းတိုက် သဿဇာဆရာတော်ဘုရားအရိုးအိုးစေတီ ကျောက်စာသံပိုင်း

မင်္ဂလာတန်းဆောင်၊ ကပ်လုံးပြောင်စိမ့်၊ဘုန်းခေါင်ပရမေ၊အစိန္တေလျှင်၊ နေရဗာန်နန်း၊ ဝင်စံမြန်းသော်၊ တည်ထွန်းဆက်ကာ၊ စည်သင့်လာသည်၊ သာသနာဝသ၊ စမ္ဗယာမာ၊ ပဥ္စာနောရောက်၊ ဘွားမြောက်ဖြစ်ပေါ်၊ထေရ်

မြတ်ကျော်ကား၊ ခဲးလှော်ရခက်၊ ထက်မြက်တိက္ခ၊ ဝက်ဝက်ရှ၍၊ သအဋ္ဌကထာ၊ အင်္ဂါကိုးသွယ်၊ နက်ကျယ်သာဂရတ်၊ ပိဋကတ်ကမ်းတွေ၊ ရဲးစွမ်းလေ့ဖြင့်၊ ခြသေ့်အဆောင်၊ မရှောင်ပွဲးတိုင်း၊ လွှားလွှားပိုင်းသား၊ ဂိုဏ်းပါမောက်ကြီး၊ ယာဉ်စီးလက္ခဏာတ်၊ ပဋိပတ်လည်း၊ မချွတ်သည်ပင်၊ ချစ်ခင်သိက္ခာ၊ မြိုက်နှစ်ရှာစည်၊ ရတနာပုံပြည်၊ ထောင်တည်မဆွ၊ ဒသမနေမင်း၊ နားတော်သင်း၍၊ နန်းခင်းမြေပြင်၊ သဃ်ဇာရာမ၊ ထွန်းပကြေညာ၊ ဝဇီရာရုံ၊ ရွှေဘုံကျောင်းကြီး၊ တင်လှူပြီးသော်၊ ပွားစီးသာသနာ၊ တည်စိမ့်ငှါဟု၊ သုဓမ္မာမှူး၊ ရာထူးဆောက်နှင်း၊ ခံယူလျှင်း၍၊ ရှင်းလင်းခပ်သိမ်း၊ ကိစ္စငြိမ်းမှ၊ ရှောင်တိမ်းတောခြေ၊ ဝင်နေကိန်းအောင်း၊ မင်္ဂလိဗျောင်း၏၊ မြင့်ညောင်းကာလ၊ တည်ထွန်းပသား၊ အဂ္ဂမဟာ၊ နှံ့ကျော်ဝမ်းစည်၊ ဤမထေရ်၏၊ ဂုဏ်ရည်ကျေးဇူး၊ အထူးထူးကို၊ ရှည်ကျူးနှောင်လာ၊ ပြောရာသရုပ်၊ မတိမ်မြုပ်အောင်၊ ဘွဲ့ချုပ်ဖွဲ့ခြီး၊ မြတ်ရာမှီးသား၊ ဆရာကြီးတွင်၊ ဦးရန်နှင်လျှင်၊ ရေးတင်ဟုတ်တိုင်း၊ ကမ္ပည်းလှိုင်းသည်။ ။သံပိုင်းရွှေစာမော်ကွန်းတည်း။

---

## *၂၅၄-ရွှေဘိုမြို့ ဘုံစံတုလွှတ်ကျောင်းကျောက်စာ သံပိုင်း


လေးမည်ရောင်ဖြာ၊ မင်္ဂလာတည့်၊ ရတနာနဂိရ်၊ ရှန်းရှန်းစိုသ၊ မြင်းမိုရ်ထိပ်မှာ၊ ဝတိမ်သာသို့၊ သုနာပရန်၊ ကျမ်းမန်အောင်နှိပ်၊ တမ္ပဒိပ်တွင်၊ တံဆိပ်ဆံက်ညွှန့်၊ သားသားကွန့်သား၊ တောင်ကျွန်းကြက်သရေ၊ အောင်မြေသိင်္ဂါ၊ ရတနာပူရ၊ ရွှေဝတွင်မည်၊ နန်းပွဲးစည်သည်၊ ပြည်ပြည်မျှားပန်း၊ မြတ်ကြွင်နန်းကိုင်၊ သိမ်းခန်းဘဝ၊ လောကထွတ်ထား၊ တိုင့်ဘုရား၏၊ သုံးပးသာသနာ၊ နဝါသုည၊ ဘောမကြွဏ္ဏာ၊ ရောက်သင်္ခါဝယ်၊ မဟာပနာထ၊ ရွှေနန်းမသိုင့်၊ ပုညရင်းသန်၊ ဘုန်းတံဘန်ရှယ့်၊ ရန့်မန်လွှင့်ချိုင်း၊ တန်းခိုင်းဆူလိုက်၊ ဘဝဂ်ဆိုက်မျှ၊ သောင်းတိုက်မှန်ကူ၊ စိုးတံမူသ၊ ဆင်ဖြူမြတ်ရှင်၊ ထွတ်ဘုရင်လျှင်၊ (သသ်ရာယဉ်၊ ချမ်းရိပ်ယှဉ်ဟု၊) ဇဝ်စဉ်ပုည၊ သမ္မာရတိ၊ ထူးလှဆန်းကြယ်၊ ကြီးကျယ်တင့်လှ၊ မည်ခေါ်မှတ်တည်း၊ မိန့်ကမ္ပည်းဖြင့်၊ ကျော်သည်းတက်လျှံ၊ ဘုံစံတုလွှတ်၊ တမွတ်အမှိ့ခြီး၊ ကျောင်းတော်ကြီးအား၊ လျှံသီးရောင်ဝါ၊ သာသနာ၅၀၀၀-၊ တည်စေညြင်လျှင်၊ မျှးမြောင်ခြီရုံ၊ ဝတ္ထုကံကိုင်၊ သူ့ဇံပတိ၊ ဘုန်းဟိထွတ်ဖျူး၊ သကြးနတ်တူ၊ ဘန်ဆင်းလှူရှယ့်၊ အောင်သူတိုင့်မှူး၊ မြတ်ကျေးဇူးကိုင်၊ အထူးစိတ်သန်၊ ရမ္မပန်သး၊ သုံး

တန်ဘုမ်သူ၊ နတ်လူအမွ်ခြီး၊ အသီးသီးကို၊ နောက်မှီးနောင်လာ၊ ရှည်ကြာယခေါင်၊ တည်ကြောင်းဆောင်ရှယ်၊ မန်အောင်မဂ်လာ၊ ခြင်းရာဥဒါန်း၊ ကမ္ဗည်းညွန်းသည်၊ မော်ကွန်းကျောက်စာ နောင်ခါဆက်စဉ် ယှဥ်ကာမှတ် ပိုက်သမိုင်းတည်း။ ။[ဆွဲငါးလုံးချ။]

**အမှာ။** [သည်ရာယဉ်၊ ချမ်းရိပ်ယှဉ်ဟုမှာ ဥ-ငယ်သတ်-င- သတ်သံဖတ်ရမည်၊စဥ်ယှဉ်မှာလည်းငုင်းနည်းတူဖတ်ရမည်။]

---

## * ၂၅၅-ကျောက်ရစ်မြို့ ပေါင်လောင်ရှင်ဘုရား တံတိုင်းတွင်းရှိကျောက်စာ





ခင်ဥန်းခင်ရွယ်လှူ ဖ်ဘုံဆိုမင်ကျည်မြေ-၁၀၀။ မင်ကြီတျာဖျာဆုတောင်း၍ အဝကိုရရှယ်လှူ-ဖ်-မြေဖြူမြောက်……သစ်ကြည်လဲ-၁၀၊ ဆီမိဝတ်ကျောင်သင်ပုဒ်ဝတ်လေ-၉-ပံ။

သျှသ္တိ။ ကောင်သောဖြစ်စေလျင်တေ။ မေတ္တာယော ဥတ္တမော ရာမော။ ပသေနော ကောသလောဘိဘူ။ ဒီဃသောနိစ ဝင်္ကီစ။ သုဘော တောဒေယျ ဖြာဟ္မဏော။ နာဠဂါဂိရိ ပါလလေယျော။ဗောဓိသတ္တာဇုမေဒသ။ အနုက္ကမေန သမ္ဘောဓိ°။ ဗုဒ္ဓျသန္တိအနာဂတေ။

ပုဟ်ာမြတ်လှဂေါတမ၏ ခြေတ်ရင်နှိုက် ရှိသေကြိုနွမ်ဖျာတိတ်ခံ ဖ်-ပုရ ဟာလောင်တကိပ် ဖ် တွင်အကြှမ်ဝင်သော ပေါင်လောင် မဟာကဿပ

ကာပလလည်မည် ၆ ဆင်မင်အဖြစ် ဖြစ်ပူခဲ့ရယ်။ ။ပဗ္ဗဇ္ဇာဂုဏာသမ္ဘတ္တိ၊ ဟေတုသတ္တာရဒဿနံ။ ရှင်တိပုရဟာသွိင်ကိုဘူမြင်ပြီကဲ ၆ ကြောင်ဟိတ်နှင် အကွ ရဟန်အဖြစ်ကောင်သကြဥ္စူနှင့် ပြဲ့သွံ့ ထ ၆ မဟာကဿပသည် ကာ နိက္ခမ္မာဓိမုတ္တော မြဿရဟန်အဖြစ်သို ရှေ့ရှုလျက် တဝ်ကြီထွက်ရုယ်ဘုမ္မ လက္ခနာကြန်လျှင်သင် ၆ မြေအချက်ကို အစွန်ရှာရုယ် သာသနာကောင်မှု အရပ်ပြု၍ သဗ္ဗညုတည်နပုဟ်ာဆုကို လိုချင်စွာရုယ် ရှင်တိရုပ်တုရှုယ်ဆင် ပုအတိပြု၍၊ မွေသမိဖွာအယူမှာရုယ် အဟိတိရိဆန်န္တာမအဖြစ်ဖြစ်ပ'လှာ ၆ ကျောက်ရစ်ရွာနိူက် အရည၀ါသိ တဝ်ကျောင်သမိုက်….ပုရဟာတည် ၆၊ လွန်ပြီ ၆ သာသနာ-၁၇၅၉-နှစ်။ သက္ကစ်-၅၇၇-မာဃသံ၀စ္ဆရ။ ဇေဋ္ဌ မာသ။ ဇုဏှပက္ခသတ္တတိတ္ထိ။ စန္ဒြဒိ၀သဥဒယသုရိယေ။ ကရကတ္တလဂ္ဂေ။ စန္ဒြမ….သရ၀ဏာနက္ခ။ ဗုဒ္ဓပတိဋ္ဌိတေအဟောသိ။ပုရဟာတည် ၆ ဖြဲ့တ္တော။ ဤနှိုက်လျှင်စည်သူမင်ကြီ ဘီလုည့္စည်ဆဲရုယ်-၃-ကြိန်စင်လျှင်ပင် လတ်ရကာ လိုက်ပလေ၏့။ မဟာကဿပပုကံပြည်ရောက္ကလျှင် စည်သူမင်ကြီကာ ဘီလု ဘေမှ ချံသာရုယ် ထိဖြုကနက္ကတန်နှင်အကွ မင်မျောက်တန်ဆာ-၅-ပါ မဟာကဿပကိုပုစ်ဘိ၏။ ဘုန်မြတ်ကြီစွာ မဟာကဿပလည် မြေအလှူဆွံခံ ၏။ သေ္ခိုင်အမြတ် မြေဆွံတောခံပြီကာ လိုရာအရပ်လျှင်ခံစေခြင်ဟု။ စည်သူ မင်ကြီမိန့်တ်မူရကာ မြေဆွံရ၏့။ သက္ကစ်-၅၇၉-ခု ….လှူ ၆………ကျဲ ကန်လင်တ- ခေါက်မြေလုံ ၆။ ၁၅၀၀….ရုယ်လှူ၆။ ၅၀၀။ အရှေ မြစ်တောင်ကာ အင်ကျင်ကျောက်လျော်ဖြုပင်။ အရှေကာ ပလွေပင်လင်တ ရှေကျောက် နတ်ပက်သိုသွာ ၆ ခြီကျောက်ပြာ ငဲအိုင်အကြာ အင်ကြင် ကျောက်မြစ်အကျတောင်ကာ….၆ တာလွဲခုတ်ကျောက်။ မြင်ထိန်ကန့်ထက် ကျောက်စစ်ကုန် လက်ပက်ချောင်ကျောက်ခြီရေတင်တောင်လျောက်။ ၀က် ကြိန့်ကန့်ရှေ ကျတ္တံ နောက်ကျောက်ခြီ မြောက်ရှာတော ကျောက်ထနှောင် ၀န်မြောက် အစပ်။ ကြူပ်အိုမြောက် အစပ်တောလဲငဲ့ တမာပုတ်တောင်။ အနောက်ကာတပဲ အင်ကြင် ကျောက်လင်တပင်နောက် ကျောက်လေက် ကြပ်ရှည် သမန်ကြင်ကျောက်ပြုတ်တောင်။ မြစ်ဩက္ကာကျောက်စန်ကျောက် ဆောက် ကျောက်….နှံဖဲတော။ ။တပေဒ်ဴဟူရာ ပညာလှူသောငဲ အိုက်န် တွင်မုရင်-၅ ဲ၊ ဆိုကန်တွင် ပုရဟာသပ်ိတ်၀တ်တေ။ မြောက်လဲ-၂-ဲ ပက်ချုပ်ကန်တွင် မုရင်တပဲဖုရာ၀တ်ဖြစ်စေဟု။ မင်ဩင်သမဂ်လာလှူ၏့။

## * ၂၅၆-ပေါင်လောင်ရှင်ဘုရားကျောက်စာ




၇၅၀-ဇာတာ ပုံမ်
၅-လုံမ်း

ဇေယျာတုဇေယျမင်္ဂလံ။ ကောင်သောဩင်ဇေလျှင်တေ-၇၇၀။ ကလေ မင်ကြီကြေတောင်ညိုသည်။ ပေါင်လောင်သျှင်အရပ်တော်နှိုက် ဘုရား ရှေ ကျောင်တည်တော်မူ၏။ ဆိမိဝတ်ကွံဝတ်ဖြစ်စိမ်သောငှါ လှူတော်မူသော မုန်ကြိုင် အရပ်နှိုက် မြေတော်ကာ မင်ပယ်-၁၀၀။ မြေအခြာကာ မုံကြိုင် ချောင်ကျောက်ဆည်ရေဝေမင်ကျည်ပင်တိုင်ရှင်။ အနောက်တောင်ထောင် ကာမုံကြိုင်....ကျောက်တိုင် ၆ တိုင်ကာ ကျောက်တိုင်အစဉ်အရှေကာမင်ရို နှင် စင်ကြီပင်ကြီတိုင်ရှင် အရှေ မြောက်ထောင်ကာ.... ကြီလိန်ပင်ကြီတိုင် ရှင်မြောက်ကာ........ မြောင်ဖျာအနောက်ကာ........ မြောက်တောင်ကာ ကျောက်တိုင်အခြာ။ ။ငါ....သောမြေကိုမင်ဆက်တကာ ပြည်စို ရှာသူ ကြီမိုဝ်တိုင်....ဩပင်သောသူတိုသည် ငါနှင်အကွ....တော်မူသော ကောင်မှု ကိုဝ်ဖျက်သော မင်အမတ် ပြည်စိုရှာသူကြီး မိုဝ်တိုင်သံပျင်တို့သည် အဝိဇ်ခဲ ငရဲလာသွာအပါယ်ဘုံမ်လေပါ........ ဖြစ်သေစေသောမြေမှုံလိုမှမကသော နောင်ဖုရှာတကာတိုသည် မဍ္ဈတ်ရပဲပိလေစေသော တေသင်။ ညိုသင် ငရမံသင် ထေင်ကြီတိုသည် သံလှင်ကန်သန်ဆောက်ပုတ်နှင့် မိုလေစေသော မင်နန်သူလင်မျာကျိန်ရောက်လေစေသော ဘေဆယ်ပါ တန်ဆယ်ပါရောက် လေစေ........ မျက်မှောက်ထင်ထင်မြင်စေသော သေခြင်လည်ဗုတ်တမြိုက် ပိလေစေသော သာသနာတော် ကိုဝ်စောင်သော သိကြာမင်လည်ရှုစေသော

အမှာ။ [ဤကျောက်စာသည် မူရင်းအတိုင်းဖြစ်သည်၊....၎င်း အမှတ်ထားခြင်း ကား ကျောက်စာနှိုက် အက္ခရာပျက်နေသောကြောင့် ချန်လှပ်ထား

ရသည်၊ ပုရဟာ-ဟုပါယှိသည်ကား ကျောက်စာမှာ-ပုဟာ်-ယှိသည်ကို ပုံနှိပ်စာလုံးစပ်ရမည်ဖြစ်၍ ဖ-ဂဏန်းကို ဖြုတ်၍ ရ-ကောက်ထည့်ခြင်းဖြစ်သည်။

အက္ခရာနှင့်သတ်ပုံများကို အလေးမူရန်မဟုတ်၊ ရှေးကအသုံးအနှုန်းအဆိုအမိန့်အတိုင်း ကျောက်စာရေးထုကြသည်ကို ပဓာနပြုသင့်လှပေသည်၊ အရေးအသားမှာ ဝစ္စပေါက်ကို အသုံးမပြုချေ၊ အလျဉ်းသင့်အောင်သာ ဖတ်ရှုကြရန်ဖြစ်ပေသည်၊ နံဘေးယှိကျောက်စာ, ကျောဘက်ယှိကျောက်စာမှာ အက္ခရာအပျက်များသောကြောင့် မထည့်ပဲချန်ထားခြင်း ဖြစ်ပေသည်။]

## *၂၅၇-ဘုရားတည်၍ ဝဏ္ဏကံလယ်မြေနှင့်ကျွန်သီးတော်လှူဒါန်းသော ပုဂံမြို့မနူဟာဘုရားကျောက်စာ

[မျက်နှာဘက်]

**နမော သဗ္ဗဇညာယ။** ဆင်ဖြူသုံမ်းဆယ် တစီးအသျှင် ဖြစ်ထသော။ နဝရပ်စည်ကြီးခေါင်းပြုထသော။ နဂါးပြည်ကပေးလာသော(ဘကုန်းရေနှင့်ကျက်ထသော) ။ဧကီမည်သောသား၏ အရေကို တန်ရှည် ပြုထသော။ ခြင်သေ့ လက်ဖျံရိုင်းကိုဝ် စည်လက်ခတ်ပြုထသော။ သီရိတြိဘဝနာဒိတျပဝရသုဓမ္မရာဇာ၊ မနုရဟာမည်သောသုမ်ဝံမင်းကြီးသည်။

သသ်ရာအဆက်ဆက်။ ဝဋ္ဋမူလမပြတ်သေးသရွေ့။ မင်းနှင်-၂-ဖြစ်ရွေ့။ ရန်သူမနှိပ်နှင်းနိုင်သည်ဖြစ်ရွေ့။ အဆုံမ်းစွန်သော နိဗ္ဗာန်ကိုဝ် ရောက်ချင်သောကြောင့်။မနောမယ်ဟူသော ကြောင်မျက်ရုံးကိုဝ် မြင်းကပါသဋ္ဌေးနှိုက်ရောင်းသော ငွေအသပြာခြောက်လှည်းရရွေ့၊ သင်းဘောဆိပ်ဖြစ်သော စွယ်တော်ဆိုက်ရောက်ရာလောကနန္ဒာ အရှေ့မြောက်စောင်းနှိုက်။ သီရိဇေယျဘုံမ်ဟူသော ကုန်းနှိုက်။ ဘုရားကြီးစွာ တည်အံ့သောငှါ။ ရင်လတ်သောတည်း၊ မိုဝ်းကြီးထန်စွာရွာရွေ့၊ လျှင်ကြီးလည်းလှုပ်၏၊ မြေနှိုက် လျှပ်စစ်နှဲ့ကဲ့သိုဝ့် တောက်လျက်၊ အသမ္ဘိန္နဖြစ်သော သရေရဓာတ်တော် မုဋ္ဌောပေါက်၏။

သက္ကရာဇ်၄၂၉-နှ။ဝါခေါင်လဆန်းနှစ်ရက်။ ကြာသပတေးနေ့။ သရေရဓာတ်တော်မုဋ္ဌောကိုဝ်မံရွေ့။မိဖုရားကြီးစွာတည်၏။ ဖုရားမြတ်မွန်ပရိနိဗ္ဗာန်ဝင်တော်မူဟန်လည်း ဖုရားကြီးစွာပြု၏။

**အမှာ။** [ဤကား သိသာရုံရေးကူးထည့်သွင်းခြင်း ဖြစ်သည်၊ ''ဘကုန်းရေနှင့်ကျက်ထသော''ဟူရာ- သေချာစွာမသိ၊ဖားရေ-ကိုဆိုလိုသည်ဟု ထင်သည်။]

## * ၂၅၈-မန္တဟာမင်းမြေးအသဝတ်ဓမ္မာမင်းဘုရားတည်၍ ဝဏ္ဏကုံလယ်မြေနှင့်ကျွန်သီးတော်လှူ၆၃၆-ခု

[ကျောက်စာ]

နမော သမ္ဗုဒ္ဓါယ။ သခိုမ်မင်းကြီးသားတော် သုခမ္မရစ်၊ သုခမ္မရစ်သားတော်အသဝတ်ဓမ္မာမင်းသည်။ သီရိတြိဘဝနာဒိတျပဝရဓမ္မာရာဇာမိရာဇာမည်တော်ဟိသော ။နရပတိစည်သူမင်းကြီး ရွှေလောင်းတော်ကိုဝ်။ပုပ္ပါးရပ်သိုဝ်.ဂှက်ပေ၏ ။ နရပတိစည်သူမင်းကြီးမိန့်၏ ၊အသဝတ်ဓမ္မာရွှေလောင်းကိုဝ်ယူချေ၊ ကိုဝ်ကိုဝ်ထမင်းဝအောင်ကျွေးမည့်ဟူရွေ့ မိန့်၏။ အသဝတ်မင်းလည်း ရွှေလောင်းတော်ကိုယူဇချ၏ ။ ရွှေလောင်းတော် ရောက်ပြီဟူရွေ့လျှောက်သော်။ သမီးတော်ရွှေအိမ်သည်နှင့်လည်း အသဝတ်ဓမ္မာသား နာဂသမန်းနှင့်ပေးစေတော်မူ၏ ။ စားကျေးကျွန်ရွာလည်းများစွာပေးတော်မူ၏ ။ ထမင်းအိုဝ်းသုံမ်းဆယ်နှင့် (နွားသင်းနုတဆယ့်ငါးခုကိုဝ်ဟင်းပြု၍ ကျွေးတော်မူ၏ ။)ဤသိုဝ် သျှင်မင်းပေးတော်မူသောထမင်းကိုဝ်။ နိဗ္ဗာန် မရောက်သရွေ့ မင်းနှင်နှင်ဖြစ်ရွေ့။ ငါ၏ စွမ်းပကားခွန်အားနှင့်ပြည့်စုံမ်လျက် ရန်သူ မနှိပ်နင်းနိုင်သည်ဖြစ်ရွေ့။ အဆုံမ်းစွန်သောနိဗ္ဗာန်သို့ ရောက်ချင်သောကြောင့်၊ကုတ်ခန်းကြီးမြင်ထင်အရွှေတောင်စောင်းနှိုက်၊တောမည်လယ်အပယ်ငါးဆယ်ကို ငါ၏ ဖိုးတော်သခိုမ်မင်းကြီးကောင်းမှုဖုရားကြီးစွာ မန္တဟာကိုဝ်၊ သင်ပုတ်ဝတ်။ ဆိမ်ီးဝတ်ဖြစ်စိမ့်သောငှါ။ ။သက္ကရာဇ် ၆၃၆- အာသာဠ်နှစ်နမြုန်လဆန်း၃-ရက်သောကြာနေ့လှူ၏ ။

ဤသိုဝ် ငါလှူသောအကျိုဝ်းကိုဝ်။ ငါ၏ အမျိုဝ်းစည်ဖြစ်သော သခိုမ်ပြည်ကိုဝ်အစိုးရသောသျှစ်ကျိုဝ်လေးယောက်သောမင်းတိုဝ် ကိုဝ်လည်းဝေ၏ ။

ဤသိုဝ် ငါဝေသော အကျိုဝ်းကိုဝ်။ အထက်ကား ဘဝဂ်တိုင်ဩောင်ဝေ၏ ။ လူနတ်ဗြဟ္မာသတ္တဝါကိုဝ်ဝေ၏ ။ အောက်ကား အဝိစိတိုင်ဩောင်ဝေ၏ ။ ဤကောင်းမှုကို (ခိုပင်) သသူကား။ လူစည်းစိမ်။ နတ်စည်း စိမ်ကိုဝ်စန်ဆန်စန်ဆန်ခံစံပြီးမှ။ နိဗ္ဗာန်ဆုကိုဝ်ပြည့်စေသောဝ်။

ကောင်းမှုကိုဝ်ဖျက်ဆီးသသူကား၊ အကပ္ပာဘာဖုရားတကာချွတ်ရွေ့ မကျွတ်။ပဥ္စာနန္တရိက်ငရဲကြီးနှိုက်ခံစေသတည်း။

မှတ်ချက်။ [“နွားသင်းနုတဆယ့်ငါးခုကိုဝ် ဟင်းပြု၍ ကျွေးတော်မူ၏ ”ဟူရာဝယ် သင်းပြီးနွားနှင့် နွားကလေးနွားမများကိုဆိုလိုသည်၊ “ဟင်းပြု၍ ကျွေးသည်”ဆိုရာနှိုက် ၎င်းနွားများကိုသတ်၍ ဟင်းချက်ကျွေးသည်ဟု

မယူသင့်ချေ၊ နွားမကထွက်သောနို့ရည်ကိုဟင်းပြု ကျွေးပေသည်ဟု ယူရမည်၊ ''ဒိပင်''ကား ချိုးပင့်သည်ဟုဖတ်ရမည်၊ ဤကား ရှေးမင်းတို့ စကားသုံးပုံရေးသားပုံကိုသတိပြုရန်ထည့်သွင်းဖော်ပြခြင်းဖြစ်သည်။]

## ၂၅၉-တောင်တွင်းဆရာတော် ခင်ကြီးဖျော်အရိုးအိုး လောကမဥ္ဇူဘုရားကျောက်စာ

[ဤကျောက်စာရှိဂါထာပါဠိများကိုချန်ထား၍ ပါဠိ့အနက်ပြန်ချက်ကိုသာ သိလွယ်ဖတ်လွယ်မှတ်လွယ်ရန် ထည့်သွင်းဖော်ပြခြင်းဖြစ်ပေသည်။]

ဇေယျတု။ ဝရဿ၊ လူသုံမ်းပါးတိုဝ် ထက်မြတ်တော်မူသော။ တဿ ဗုဒ္ဓဿ၊ထိုဝ်မြတ်စွာဘုရား၏။ ဝရစက္ကမှိ၊ မြတ်သောသနာတော်သည်။ မဉ္ဇက္ခရေ၊ နှစ်ထောင်နှစ်ရာကိုဝ်းဆယ်ငါးနှစ်သိုဝ်။ ပတ္တေ၊ ရောက်လတ်သော်။ ရဋ္ဌကေ္ခာဘေန၊ပြည်ရွာတိုင်းကား ချောက်ချားသဖြင့်။ ပဇာ၊ တိုင်းနိုင်ငံသူအပေါင်းသည်။ နိဂ္ဂေဟာ၊ နေရာအိမ်မဟိသည်။ အပ္ပဘိက္ခာ၊ ကိုဝ်းကွယ်ရာမရသည်။ ဘဝေ၊ ဖြစ်၏။ တဒါကာလေ၊ ထိုဝ်အခါန္ဟိုက်။ ဝိသေသပုညသမ္ပန္နော၊ ထူးမြတ်သော ဘုန်းပါရမီနှင့် ပြည့်စုံတော်မူသော။ မဟိဒ္ဓိကော၊ ကြီးမြတ်သော ရာဇိဒ္ဓိတန်းခိုဝ်းလည်းဟိတော်မူထသော။ဒေဝေါ၊အလောင်းမင်းတရားသည်။ သဗ္ဗာရိနော၊ ခပ်သိမ်းသောရန်သူတို့ကို။ ဇိနိတွာ၊ ဩင်တော်မူရှယ့်။အာဒိကပ္ပေ၊ကမ္ဘာပေါ်စခါန္ဟိုက်။ ဘာကရောဋ္ဌဝ၊နေမင်းကယ့်သိုဝ့်။အနာထာနံ၊ကိုဝ်းကွယ်ရာမဟိကုန်သောပြည်သူအပေါင်းတို့၏။ သနာထတ္တံ၊ ကိုဝ်းကွယ်ရာရသောအဖြစ်ကိုဝ်။ ကတွာ၊ ပြုတော်မူရှယ့်။ ရတနာသိယ်နဂရေ၊ ရတနာသိယ်အမည်ဟိသော ကုန်းဘောင်ပြည်ကြီးန္ဟိုက်။ မဟာယသော၊ များလှစွာသောဗိုလ်ပါမှူးမတ်ခြံရံလျက်။ အာတပဝါရဏံ၊ ထီးဖြူကိုဝ်။ ဥဿာပေသိ၊ စိုက်တော်မူ၏။ ဘိသေဇ္ဇဘုဇပေတော၊ ကြောက်ထိတ်လန့်ဘွယ်သော ဘုန်းလက်ရုံမ်းနှင့် ပြည့်စုံတော်မူသော။ တမှိပတ္တိဝေ၊ ထိုဝ်အလောင်းမင်းတရားသည်။ ဒိဝင်္ဂေ၊ နတ်ရွာစံခယ့်သော်။ နာယကော၊ ပြည်သူလူခပ်သိမ်းတို့၏ ကိုဝ်းကွယ်ရာဖြစ်သော။ ဇေဋ္ဌပုတ္တော၊ သားကြီးရတနာသည်။ ပိတုဋ္ဌာနေ၊ ခမည်းတော်အရိုက်အရာကိုဝ်။ ပရိဂ္ဂဟေသိ၊ သိမ်းအုပ်စိုဝ်းတော်မူ၏။ သော၊ ထိုဝ်သားတော်မင်းတရားသည်ကား။ ပတိသူရဂုဏာပေတော၊ ပညာအဆင်အခြင် အရဲအရင့်နှင့် ပြည့်စုံမ်တော်မူ၏။ ပဋ္ဌမဟာဝေရေ၊ စစ်ကြီးငါးကြိမ်တိုဝ့်ကိုဝ်လည်း။ ဇိနိ၊ ဩင်တော်မူ၏။ သဒါ၊

အဓါခပ်သိမ်း။ ပုညကာမော၊ ကောင်းမှုနိုက်လိုလားတော်မူ၏။ ဥဇု၊ ဖြောင့်မတ်တော်မူ၏။ ဥဇုတုဿကော၊ ဖြောင့်မတ်သောသူကိုဝ် ကြိုက်နှစ်သက်မှုတတ်၏။

ဂဇသေဋ္ဌေဟိ၊ ဆင်ပြောင်ကယ့်သိုဝ့်သောဉာဏ်အားနှင့် ပြည့်စုံမ်ကုန်သော ပညာဟိသူမြတ်တိုဝ့်သည်။ ပူဇိတော၊ ပူဇ္ဇော်ခြင်း‌ငှါ ထိုက်တော်မူသော။ ဉာဏာလင်္ကာရလဒ္ဓိတော၊ဉာဏာလင်္ကာရ မဟာရာဇဂုရုနာမံတံဆိပ်တော်ဟိသော။ သမန္တဘဒြေ၊ ထက်ဝန်းကျင် ကောင်းတော် မူထသော၊ ယောရာဇဂုရု၊ အကြင်ဆရာတော်သည်။လောကဿ၊လူအပေါင်း၏။ ဝိဝိခံ၊ အထူးထူးအပြားပြားသော။ ဟိတံ၊ အစီးအပွားကိုဝ်။ အကာသိ၊ ပြုတော်မူပေ၏။

သောရာဇဂုရု၊ ထိုဝ်ဆရာတော်သည်။ သုတဓရော၊ သုတကိုဝ်ဆောင်တော်မူ၏။ ဗဟုသုတော၊ များသော အကြားအမြင် ဟိတော်မူ၏။ သီလမဏ္ဍနဘူသနော၊ သီလတည်းဟူသော တန်ဆာကိုဝ်လည်း ဆင်တော်မူ၏။ ဣရိယာပထသမ္ပန္နော၊ ထကြွသွားလာခြင်းတည်းဟူသော ဣရိယာပုထ်နှင့်လည်းပြည့်စုံမ်တော်မူ၏။ နဘော၊ ကောင်းကင်နိုက်။ စန္ဒောဝ၊ လမင်းကယ့်သိုဝ့်။ ပဋ္ဋနော၊ပြန့်နှံ့သတင်း ကျော်စောခြင်းလည်းဟိတော်မူ၏။ နာနာဒေသိနိဝါသိနံ၊အထူးထူးသောအရပ်နိုက်နေကုန်သော။ ပညာတ္ထိကာနံ၊ ပညာကိုဝ်အလိုဝ်ဟိကုန်သော။ သောတူနံ၊ စာသင်သားတို့၏။ တာဏော၊ ကိုဝ်းကွယ်ရာဖြစ်တော်မူ၏။ လေဏော၊ ပုန်းအောင်းရာလည်း ဖြစ်တော်မူ၏။ ပရာယနော စ၊ လည်းလျောင်းရာလည်းဖြစ်ဓတော်မူ၏။ သဗ္ဗတိပိဋကဓရော၊ အလုံမ်းစုံမ်သောပိဋကတ်ကိုဝ်လည်း ဆောင်တော်မူ၏။

**ကျောဘတ်က။** သဒ္ဒသတ္တေ၊ သဒ္ဒါကျမ်းနိုက်။ ဝသီကတော။ အလေ့အလာပြုတော်မူ၏။ ချာသေ၊ ဉသ်ကျမ်းနိုက်။ ပရမကုသလော၊ အလွန်လိမ္မာတော်မူ၏။ ဆန္ဒောဘေဒေ၊ ဆန်းကျမ်းအပြားနိုက်။ ကတညာဏော၊ ပြုပြီးသောဉာဏ်ဟိတော်မူ၏။ အလင်္ကာရေ၊ အလင်္ကာကျမ်းနိုက်။ ဝိသာရဒေါ၊ အလွန်ရဲးရင့်တော်မူ၏။ အဘိဓာနေ၊ အဘိဓာန်ကျမ်းနိုက်။ဝါစုဂ္ဂတော၊ နှုတ်တက်ဆောင်တော်မူ၏။ နေတ္တိယံ၊ နေတ္တိကျမ်းနိုက်။ အတိကောဝိဒေါ၊ အလွန်လိမ္မာတော်မူ၏။ ဗာဟိရသတ္တေသု၊ ဝိတက်ဒဏ္ဍီစသောကျမ်းတိုဝ့် နိုက်လည်းကောင်း။ ဝေဒေသုစ၊ ဗေဒင်ကျမ်းတိုဝ့်နိုက်လည်းကောင်း။ ဉာဏစာရော၊ ဉာဏ်သွားခြင်းကိုဝ်။ ကတော၊ ပြုတော်မူ၏။

ဝေံ၊ဤသိုဝ့်.သဘောတော်ဟိသော။ ဂုဏံ၊ကျေးဇူးတော်ကိုဝ်။ ပသီဒိတွာ၊ ကြည်ညိုတော်မူရုယ့်။ ယောဇနသတပ္ပမာဏံ၊ ယူဇနာတရာ အတိုင်းအရှည် ဟိသောအရပ်သိုဝ့်။ အနေကက္ခတ္တုံ၊ အကြိမ်များစွာ။ ဂန္တွာန၊ သွားဦးရုယ့်။ သဂါရဝံ၊အရိုဝ်အသေ။ နိမန္တေသိ၊ ပင့်ဖိတ်စေ၏။ ယောဓမ္မရာဇာ၊အကြင်သီရိပဝရမဟာဓမ္မရာဇာဓိပတိ အမည်ဟိသောမင်းတရားသည်။ သုဘံ၊ တင့်တယ်စွာထသော။ အနေကဓဇလင်္ကာရံ၊ များစွာသောမှန်ကင်းတိုဝ့်ဖြင့်တန်ဆာဆင်အပ်ထသော။ သဗ္ဗဟေမ-မယံ၊အလုံမ်းစုံမ်ရွှေဖြင့်ပြီးထသော။ မဟာဘုံသာတိလဉ္ဆတံ၊ မဟာဘုံမ်သာဟူသော နာမံတံဆိပ်လည်း ဟိထသော။ မဟာသေယျံ၊ မြတ်သောကျောင်းကြီးကိုဝ်၊ တဿဂုရုနော၊ ထိုဝ်ဆရာတော်အား။ အဒါသိ၊ လှူတော်မူ၏။

မုနိနော၊ဘုရားရှင်၏၊ပရိနိဗ္ဗာနာ၊ပရိနိဗ္ဗာန်လွန်ခတော်မူသည်မှ။တဂ္ဂရေ၊ နှစ်ထောင်သုံမ်းရာခြောက်နှစ်သော။ စက္ကမှိ၊ သာသနာတော်သည်။ ပတ္တေ၊ ရောက်သည်ဟိသော်။ သင်္ဂါမဇေယျသမ္မတေ၊ စစ်ကြီးအောင်ရာဟူရုယ့် သမုတ်အပ်ထသော။ မဟာဇေယျပူရေ၊ မဟာဇေယျပူရ အမည်ဟိသော ပြည်ကြီးနိုက်။ သောရာဇဂုရု၊ ထိုဝ်ဆရာတော်သည်။ ဇဂ္ဂဝဿမှိ၊ သုံမ်းဆယ်ယှစ်နှစ်သော။ ဇီဝိတေ၊ အသက်တော်သည်။ သမာပန္နေ၊ ကောင်းစွာရောက်သည်ဟိသော်။ ကိတ္တိသေသသဒ္ဒမတ္တံ၊ ကျော်စော်သံမျှသာ ကြွင်းတော်မူခြင်းသိုဝ့်။ သမ္ပတ္တော၊ ရောက်တော်မူ၏။ မဟာဇနော၊ လူအပေါင်းသည်။ မစ္စုရာဇာ၊ သေမင်းသည်။ နလဇ္ဇတိ၊ မရှက်တတ်။ အာဒါတံ၊ ယူသင့်သော။ ပုဂ္ဂလမတ္တံ၊ ပုဂ္ဂိုလ်ထူးမျှကိုဝ်။ နဇာနာတိ၊ မသိ။ ဣသိ၊ဤသိုဝ့်။ ဝိဂရဟိ၊ ကဲ့ရဲ့ကြ၏။ မဟာဇနော၊ လူများသည်။ မဟာသံဝေဂံ၊ ကြီးစွာသော ထိတ်လန့်ခြင်းသိုဝ့်။ အာပန္နော၊ရောက်၏။မဟာဇနော၊ လူများသည်။ပရိဒေဝိ၊ ငိုဝ်ကြွေး၏။

ဇနာဓိပေါ၊ မင်းတရားသည်။ သရီရံ၊ အလောင်းတော်ကိုဝ်။ ပါင်္ဂိယာ၊ ရွှေသံလျှင်းဖြင့်။ ဟရိတွာ၊ ဆောင်တော်မူရုယ့်။ စတူဟိသေတဆတ္တေဟိ၊ ထီးဖြူလေးစင်းတိုဝ့်ဖြင့်။ ဆာဒေတွာန၊ အုပ်မိုဝ်းတော်မူရုယ့်၊ စိတကေ၊ ထင်းပုံမ်ထက်နိုက်၊ ဈာယိ၊ သင်းဂြိုဟ်တော်မူ၏။

သောဓမ္မရာဇာ၊ ထိုဝ်တရားမင်းသည်။ ကလိယုဂေဘရပ္ပက္ကေ၊ သက္ကရာဇ် ၁၁၂၄-ခု။ ဖုဿသ္မိံ၊ ပြာသိုဝ်လ။ ကာလပက္ခေ၊ လဆုတ်ပက္ခ။ နဝဒိနေ၊ ကိုးရက်မြောက်သောနေ့နိုက်။ ပရိဘောဂေဟိ၊ အသုံမ်းအဆောင်တို့ဖြင့်လည်းကောင်း။ ဓာတူဟိ၊ ဓာတ်တော်တို့ဖြင့်လည်းကောင်း။ ထူပံ၊ စေတီကိုဝ်။ အကာ-အကာသိ၊ တည်တော်မူ၏။

တဿဂုရုနော၊ ထိုဝ်ဉာဏာလက်ာရ မဟာရာဇဂုရု ဆရာတော်၏။ ဥဒရပိဝဋ္ဌာနေ၊ ရင်နိုဝ်သောက်ရာလည်းဖြစ်ထသော။ မင်္ဂလဈမှနာမကေ၊ မင်္ဂလာဗိမာန်အမည်ဟိသော၊ မဟာသေယျေ၊ ကျောင်းကြီးနှိုက်။ ဝသန္တေန၊ သတင်းသုံမ်းနေသော။ ပုညာရာမေန၊ ပုညာရာမအမည်ဟိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အယံသေလလေခေါ၊ ဤကျောက်ထက်အက္ခရာကိုဝ်။ လိခိတော၊ရေးအပ်၏။ တဿရုဂုနော၊ ထိုဝ်ဆရာတော်၏။မဟာဂုဏာံ၊ ကြီးမြတ်သောကျေးဇူးတော်ကိုဝ်။ စိန္တယိတွာ၊ ကြံအောက်မေ့ရုယ့်၊ သောတူဟိ၊ ဇာသင်သားတိုဝ်သည်။ပရိယတ္တိယံ၊ပရိယတ္တိနှိုက်။အတိဥဿာဟော၊ အလွန်အားထုတ်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။

၀

မျက်ရှင်ရောင်ပျိုဝ်၊ မြရောင်ညိုဝ်သား၊ မြင်းမိုရ်တောင်ခန်း၊ လက်ယာကျွန်းတွင်၊ အောင်ပန်းညွန့်ဝေ၊ ငါးဧတွေမာန်လွင့်၊ ပလ္လင်မြင့်ထက်၊ လင်းပွင့်သစ္စာ၊ပဒိအာနှင့်၊ကိုဝ်းဖြာနဝ၊ ဂုဏာထန်ပြင်း၊ ဆယ်ရပ်လင်းလျက်၊ လျှံဝင်းဝန်းလည်၊ ခြောက်ရောင်ခြည်နှင့်၊ သုံမ်းမည်လူနတ်၊ မြဟ္မာမြတ်တို့၊ ကိုင်းညွတ်ဦးခိုက်၊ပူဇော်ထိုက်သား၊ မကိုဋ်မုနိန်၊မာရဇိန်၏၊ ထိန်ထိန်သာသနာ၊ ဝင်းဝါပြောင်ပြောင်၊ နေစက်ရောင်သိုဝ်၊နှစ်ထောင်နှစ်ရာ၊ကျော်သောခါနှိုက်၊ ဟသ်ာဝတီ၊ မြှိုဝ်ပူရီက၊ ပည်းသီမျှားဖြင်၊ လေးစစ်အင်နှင့်၊ ကောင်းကင်ခြောင်းခြောင်း၊ မြစ်ကြောင်းကြိုက်ကြိုက်၊ ဆူလိုက်တခန်း၊ ကြည်းရေဝန်းရုယ့်၊ စခန်းဟိတိုင်း၊ ပတ်ရစ်သိုင်းလျက်၊ စကိုင်းပင်းယ၊ မြင်စိုင်းစသ်ား၊ အင်းဝရွှေပြည်၊ မင်းရပ်သည်လည်း၊မတည်ခဏာ၊ ဟိကာလတွင်၊ဌာနမြောက်စောင်း၊ တာနှစ်သောင်းနှိုက်၊ မင်းပေါင်းဝန်းရံ၊ လနှယ်စံရုယ့်၊ နိုင်ငံသီးသီး၊ ရွှေမြှိုဝ်ကြီးကိုဝ်၊ တည်ပြီးသဖြင့်၊ဥကင်ဖွင့်က၊ ရန်လွှင့်ပြုကြေး၊မဟိဝေး၏၊ ပြည်ရေးရွာခင်း၊ ထွန်းဝင်းသာသနာ၊ စည်ခါတုံမ်ပြီး၊ လူ့ပြည်သီးသော်၊ သားကြီးရတနာ၊ ဥပရာလျှင်၊မကြာဘုန်းတူ၊ ရိုက်ရာယူက၊ ရန်သူမထ၊ မင်းမျိုးခ၏၊ ဘဝသခင်၊ ရွှေနန်းရှင်လည်း၊ လေးအင်စက်ကွင်း၊ ပြည့်စုံမ်ခြင်းကြောင့်၊ တောင်တွင်းဒေသ၊ ဇာဂရက၊ ဉာဏသဒ္ဓမ္မာလက်ာရမဟာရာဇဂုရု၊ သမိုက်ပြုသား၊မေရုပဒါ၊ ဂန္တိရ့နှိုက်၊ဇုန္ဒ-နီလာ၊ ကျောက်မြတ်စွာကိုဝ်၊ လွယ်ကာလက်ရွေး၊ယူရုယ့်ပေးသိုဝ့်၊ ကျမ်းရေးခဲလှော်၊ ထုတ်ညွှန်းဖော်သည်၊ နောင်တော်ဆရာ၊ မင်္ဂလာမူ၊ သုံမ်းဖြာပိဋကာ၊ ဌာရသနှင့်၊ ဗေဒလန်းလန်း၊ ဆန်းအလင်္ကာ၊အဘိဓာလည်း၊ သဒ္ဒါနှုတ်ကျက်၊ ဉာဏ်သံလျှက်ဖြင့်၊ ဆောင်ရွက်မတွန့်၊ မိုဝ်းနှယ်နှုန့်မျှ၊ ဉာဏ်ဝှန့်ဘုန်းပေါင်း၊ ဘဝပြောင်းက၊ နောက်နှောင်းတိုင်ခါ၊ င-ဆရာအား၊ သဒ္ဒါသမြှိုဝ့်၊ အလှူဘိုဝ့်ကိုဝ်၊ နှစ်လို့သာရှင်၊

ရစေချင်ဟု၊ ဘဝင်စိတ်မှိုင်း၊ အာသာလှိုင်းလျက်၊ စကိုင်းကြီးမြောက်၊ မုဋ္ဌော နောက်နိုက်၊ ရွှေမှောက်ဘုန်းထင်၊ ဆင်မျှားရှင်၏၊ ရွှေတွင်မဝေး၊ လမ်းထိပ် မှေးနိုက်၊ ညွတ်ရှေးစိတ်ကြည်၊ စေတီတည်ရှယ့်၊ ရွှေရည်မွမ်းမံ၊ သိမ်းကာ ကျုံ၏၊ တင့်စံသွယ်သွယ်၊ မိုဝ်းညွတ်ဆွယ်လျက်၊ သပ္ပါယ်လှစွာ၊ ပြီးသော ခါ၀ယ်၊ တောင်ညာတဲထား၊ မိဖုရားနှင့်၊ မင်းမျှားဒေဝ၊ နတ်ပြည်ကြွသော်၊ တေဇထန့်ပြင်း၊ ညီတော်ရင်းလျှင်၊ ပွင့်လင်းဖြိုဝ်းဖြိုဝ်း၊ နောင်ရာစိုဝ်းက၊ ရန်မျိုဝ်းမထောင်၊ ဘက်တိုင်းရှောင်ရှယ့်၊ ဘုန်းခေါင်သာသနာ၊ စည်သော ခါ၀ယ်၊ပုညာရာမ၊စသည်မကြွင်း၊တပည့်ရင်းတိုဝ်၊ မင်းနှင့်လိုဝ်လျှင်၊ ကြီတိုင် ပင်ရှယ့်၊ရွှေတွင်သောခါ၊ကြားဘူးပါသား၊မဟာသီလဝံသ၊ မြတ်ထေရသိုဝ်၊ မှတ်ကြပုံမ်သွေး၊ပမာတွေးလည်း၊ မဝေးမပီူး၊ ဉာဏ်ရောင်မြူးသား၊ ကျေးဇူး ထင်ပေါ်၊ဆရာကျော်ကိုဝ်၊ ဂုဏ်တော်ပြည့်ဝန်း၊ဂါထာရွှန်းရှယ့်၊ ကျမ်းညွန်း အရှိဝ်း၊ စာရင်းထိုဝ်းသည်။ ။ပြည့်ဖြိုဝ်းနိဒါန်းပြီး၏တည်း။

အမှာ။ [သက္ကရာဇ် ၁၁၂၇-ခုဝါခေါင်လဆန်း ၁-ရက်နေ့ နေမွန်းတည့်တွင် ပြီးပြည့်စုံမ်သည့်အတိုင်း ကျောက်စာစိုက်ထူတော်မူသည်၊ ၎င်းလောက မဉ္ဇူ ဘုရားစေတီတော်သည် စစ်ကိုင်းမြို့ ဆင်မြားရှင်ဘုရားအနီး သင်းချိုင်းတွင်ယှိသည်။]

## * ၂၆၀-ရွှေဘိုမြို့ နိဗ္ဗာန်ဆိပ်ဦးဘုရားကျောက်စာ

ဘုရားမြတ်စွာ၊ မိန္နမှာကြောင်းဟိတ်၊ ဗျာဒိတ်ညီညာ၊ မဟာနဂရတိုင်း၊ ခေမာဝရတိုင်း၊ တာမလိတ္တိတိုင်း၊ အယုဒ္ဓယတိုင်း၊ ကမ္ဗောဇတိုင်း၊ ဇေယျာ ဝဍ္ဍနတိုင်း၊ စိန္နတိုင်း၊ အာဠဝီတိုင်း၊ မဟီသကတိုင်း၊ ရာမညတိုင်း၊ မဇ္ဈိဂိရိ တိုင်းစသဝ်တိုင်းကြီး တကာတိုဝ့်ယေ့ချက်ဖွိယ်၊ သရိယ်ခေတ္တရာ၊ ပုဏ္ဏာဂါမ၊ မြင်ဆိုင်းစသား၊ ပင်းယစကိုင်း၊ ပြည့်လှိုင်းစုမ်စွာ၊ ရတနာပူရ၊မြတ်ဌာနဟု၊ မြန်မာပြည်ကြီး၊ ရှိယ်ထီး ရှိယ်နန်း၊ ပြောင်ပြောင်ထွန်းရှယ့်၊ ပွင့်လန်းစွာ သဝ်သာသနာတ်သည်၊ ၃၂-ပး၊ ထင်ရှုးလက္ခဏာ၊ အင်္ဂါ-၈၀၊ ရောင်-၆- သွယ်ဖြင့်၊ တင့်တယ်စွာသဝ်ဘုရားသခင်သည် ကျွတ်အမ့်သဝ် သတ္တဝါတိုဝ် ကိုဝ်မြင်တ်မူရှယ့်၊ လှည့်လည်စကြာ၊ဒေသစာဖြင့်၊ ချမ်းသာပိယ်းတ်မူသကယ့် သိုဝ့်၊ ငါဘုရားယေ့ကိုယ်စး ဖြစ်သဝ်မွိယ်တ်ဓာတ်တိုဝ်သည်၊ ကြည်ညိုဝ်သဒ္ဓါ၊ စေတနာနှင့်၊ ကောင်းစွာပြည့်စုံမ်သဝ် မင်းတရး မင်းမြတ် မင်းလောင်း သူတ်ကောင်းတိုဝ်ယေ့ ပူဇော်သက္ကာရကိုဝ် ခံစိယ်သတည်းဟု၊ အမိဋ္ဌာန်တ် နှင့်ညီစွာ၊ ရတနာပူရ၊ အဝမြို့ဝယ်၊ ကိုဝ်းကွယ်ကုန်ရှယ်၊ ရှင်တ်ရိုက်ရာ၊

ရွှေတန်းဆာဘုရားသခင်သည်၊ မြောက်အရပ်နှိုက်၊ ရတနာသိယ် ပြည်ကြီး ဖြစ်ရှယ့်၊ ငါ၏သာသနာတည်လတ္တမ့်ဟု မြောက်အရပ်သိုဝ်ံသာ၊ ရှိယ်း ရှုတ်မူသဝ်၊ တန်းခိုဝ်းပြာဋိဟာထင်စွာ ပြုတ်မူသဖြင့်လည်းကောင်း၊ ဘုရး သခင်ပရိနိဗ္ဗာန့်စံတ်မူသည်မှအနှစ်တရာစိယ်ံသဝ်ခါနှိုက်။

**အမှာ။** [ဤကာ၊ အရေးအသား ထူးသည်ကို ကူးယူဖော်ပြခြင်း ဖြစ်သည်၊ မျက်နှာစာကြောင်း ၆၄၊ ကျောဘက်စာကြောင်း-၆၇၊ လက်ျာထိပ် စာကြောင်း-၆၇၊ လက်ဝဲထိပ်စာကြောင်း -၇၉-ယှိသည်၊ ၁၁၂၆- ခုနှစ် စိုက်ထူသော ကမ္ဗည်းစာဖြစ်သည်၊]

---

## * ၂၆၁-စစ်ကိုင်း၊မြို့ ထူပါရုံဘုရားအရှေ့ သိမ်ကျောက်စာ

**နမော တဿတိ။** သေလသချေ့၊ ဘာသသချေ့၊ ဇယသချေ့၊ရှစိယသချေ့ ဟုဆိုအပ်သဝ် လေးသချေနှင့်ကမ္ဘာတသိန်းနှိုက် ပါရမီသုံမ်းဆယ်ကို ဖြည့် ရှယ့် မင်္ဂလာနေဝန်းထွန်းဘိသကယ့်သို့ ဘုရားဖြစ်တ်မူသဝ် သဗ္ဗညု ဂေါ- တမသာသနာတွင်း သက္ကရာဇ် ၁၁၂၂-ခုတွင် နေမင်းမျိုး နေမင်း၏ အ နွယ်ဖြစ်သဝ် မင်းတရားသည် နတ်ရွာစံလျှင် သီရိသုဓမ္မရာဇာ အမည်ရှိသဝ် အိမ်ရှေသားကြီး ရတနာသည် သက္ကရာဇ် ၁၁၂၂-ခု နယုန်လပြည့်ကျော် ၉ံ-စနေ နေဝန်းပ်တွင် သကြားလက်ျာက ဗြဟ္မာလက်ဝဲက မင်းဧကရာဇ် လက်တော်ကိုမ-လျက် ရွှေနန်းတက်ရှယ့် "သီရိပဝရမဟာသုဓမ္မရာဇာ"ဟု သဝ်အမည်ကို ခံတ်မူလျက် သကြားမင်းသည် သုဇာတာ၊ သုဓမ္မာ၊ သုနန္ဒာ၊ သုစိတ္တာဟူသဝ် မိဖုရားလေးယောက် မောင်တ်တွင်သကယ့်သိုဝ့် ကောင်း ခြင်းငေးပးနှင့် ပြည့်စုံမ်သဝ်သမာဓိလက္ခဏာရှိသဝ် နတ်ကယ့်သိုဝ့် အဆင်း လှသဝ် "သီရိမဟာမင်္ဂလာဒေဝီ၊ရတနာဒေဝီ၊ရာဇဒေဝီ၊ မလ္လာဒေဝီ-ဟူသဝ် မိဖုရားလေးယောက်တို့၏ မောင်တ်ဖြစ်သဝ် ဧကရာဇ် မင်းမြတ်သည် "ရပ် ဝေးမဥ္ဂါ၊ ရွှေဂူဟာ၊ ရာဇာခြင်သေ့စိုဝ်းလတန့်"ဟူသည့်သိုက် နိမိတ်နှင့်အညီ သိုက်ဝင်မင်း ဖြစ်တော်မူလျက် ပြည်သူ ပြည်သားတိုဝ့်အား ဝမ်းထွက်သး ကယ့်သို့ ချစ်သနားသဝ်ကြောင့် လူခပ်သိမ်းတိုဝ့်ကိုဝ် နိစ္စမပြတ် ကြည့်ရှု စောင်မတ်မူသည်။

ပုဂံနရပတိစည်သူမင်းကယ့်သိုဝ့် အညောင်းဆန့်တော်မူလျက် သုံမ်း ဆယ်ခုနှစ်လန်ရှိသဝ် ရွှေစကြာဘောင်ကြီးနှင့် မှူးမတ်ဗိုလ်ပါ အပေါင်းခြံရံ လျက် နိုင်ငံတ်အတွင်းနှိုက်လည်လတ်မူ၏၊ သာသနာတ်ဆုးငြောင့် ဖြစ်သဝ်

ငတွံငယ်ဟူသင် စစ်ကြီးတကြိမ်, တောင်ငူဘထွေးတ်ဟူသင် စစ်ကြီးတကြိမ်, စစ်တောင်းစားတလပန်း ဟူသင်စစ်ကြီးတကြိမ်,ဆင်ကြားရှင်ခံ သမိန်ထော ဟူသင်စစ်ကြီးတကြိမ်, ဇင်းမယ်အုန်းခန်း စော်ဘွားဟူသင် စစ်ကြီးတကြိမ်၊ ထိုင်စစ်ကြီး ငါးကြိမ်ကိုင် အောင်တ်မူလျက် သာသနာတော်၏ ထွန်းတောက် ပခြင်းကိုင် အလွန်အလိုင်တ်ရှိသည်ဖြစ်ရှယ် ရဟန်း, သာမဏေတိုင့်အား "သုပ္ပဋိပန္နော အန္တရာယရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။သုပ္ပဋိပန္နေန ဂဏ္ဌိကံ ပဋိမုဉ္စိတွာ အနုဝါတန္တေန ဂိဝံ ပဋိစ္ဆာဒေတွာ ဥဘောကဏ္ဏေ သမံ ကတွာ ပဋိသံဃရိတွာ ယာဝမဏိဗန္ဓံ ပဋိစ္ဆာဒေတွာ အန္တရာဃရေ ဂမိဿာမီတိ အတ္ထော"ဟု ကျမ်းဂန်လာသည်နှင့်အညီ သာမဏေတိုင့်ကိုင် ရဟန်းတိုင့် ကယ့်သိုင့် ဝတ်ရုံမ်စေလိုင်သင် ဆန္ဒတ်ယှိသည်။

နိုင်ငံတော်အတွင်းနှိုက် သိမ်အလိုင်ရှိသည် ရဟန်းတ်တိုင့်အား ရေမြေကို အစိုးရတ်မူသည်နှင့်အညီ "တတ္ထ ဟိ သာ စ ရာဇိစ္ဆာဝသေန ပရိဝတ္တေတွာ သမုပ္ပန္နာ အဘိနဝါ စ ဌာတရာ အပရိဝတ္တာ ပကတိ ဂါမသီမာ စ၊ ယထာ ဗဒ္ဓသီမာယ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ၊ ဧဝမေတာပိ သဗ္ဗာ ကမ္မာရဟတာ သာဒိသေန ဗဒ္ဓသီမာ သဒိသာ သမာနသံဝါသာ ဧကုပေါ-သထာတိ အဓိပ္ပါယော"ဟူသင်ပါဠ်အတိုင်း ရှေးနယ်ဟောင်းရွာတွင် နယ် သစ်စိတ်ဝက်ရှယ့် ဂိသုံဂါမအသီးဖြစ်လျင်းသြောင် အမတ်တို့အားရွာဝေး ပေး သနားတ်မူရှယ့်သမုတ်စေသည်။

ပူဇိတော ရာဇသေဋ္ဌေဟိ၊ မဟာပုညာရာမထေရော။
သမန္တဘဒြော လောကဿ၊ အကာသိ ဝိဝိဓံ ဟိတံ။
သုတဓရော ဗဟုသုတော၊ သီလမဏ္ဍနဘူသနော။
ဌာရိယာပထသမ္ပန္နော၊ နဘာစန္ဒော ပဝတ္တနော။
နာနာဒေသနိဝါသီနံ၊ ပညာတ္တိကာန သောတုနံ။
တာဏော လေဏော ပရာယနော၊ တိပိဋကသဗ္ဗဓရော။
သဒ္ဒသတ္ထေ ဝသီကတော၊ ဗျာသေ ပရမကုသလော။
ဆန္ဒောဘေဒေ ကတညဏော၊ အလင်္ကာရေ ဝိသာရဒေါ။
ဝါစုဂ္ဂတော အဘိဓာနေ၊ နေတ္တိယံ အတိကောဝိဒေါ။
ကတော ဗာဟိရသတ္ထေသု၊ ဉာဏစာရော ဝေဒေသု စ။
လိခိတောယံ သေလလေခေါ၊ သောတူဟိ ပရိယတ္တိယံ။
ကာတဗ္ဗော အတိဥဿာဟော၊ စိန္တယိတွာ မဟာဂုဏံ။

ဤသို့ ဂုဏ်နှင့်ပြည့်စုံမ်သဝ်ကေရာဇ်မင်းမြတ် ဆရာတ်သည် နောက်သားတိုဝ့်မှတ်သားစေသြောင် ဤသိမ်ကျောက်စာကိုဝ်ရေးသည်၊ သက္ကရာဇ် ၁၁၄၃-ခုနှစ်တွင်ပြီးသည်။

ကျောင်းတိုက်တွင်သတင်းသုံမ်းနေတ်မူသဝ်ကာလ အမရပူရ ပြည်ကြီးမင်းတြားလက်ထက် အိမ်ရှေ့မင်းသွီးစးသဝ် ၄၅-နှစ်တွင် နောက်သားတိုဝ့်မှတ်သားရသြောင် "ပုညသီရိသဒ္ဓမ္မဓဇမဟာရာဇဂုရု" တံဆိပ်ဂုဏ်တ်ရှိသဝ်ဆရာတ်သည် ဤသိမ်ကိုဝ် အဋ္ဌကထာ,ဋီကာတတ်တ်မူသဝ် မထေရ်တိုဝ့်နှင့်သမုတ်တ်မူသည်။

---

# *၂၆၂-ဗန္ဓုကျီနယ် ဘိုးဝန်းတောင်ယှိခေါင်းလောင်းကမ္ပည်းစာ

ဇယံ ဇယတု သာသနံ။ ။သာသနံ၊သာသနာတော်သည်၊ဇယံ၊အောင်အပ်သော· သာသနာတော်၏အညစ်အကြေးဘေးခပ်သိမ်းကို၊ ဇယတု၊ အောင်တော်မူစေသတည်း။

၁။ ထိပ်ပန်းမာန်အောင်၊ [illegible]ရောင်ပဝင်း၊ သံ- (သာလွတ်ကင်း၊) ပွင့်လင်းမြိးနေ၊ သပြေရောက်ရာ၊ တို့ကျွန်းသာ၌၊ မဟာဂေါတမ၊ ဖုရားသာသနာ၊ တည်ထွန်းခါဝယ်၊ ရတနာပူရ၊ ရွှေဝလက်ဝင်၊ နေခက်ခွင်ပြို့ပြို့၊ ကိုးဆဲ့ကိုးရွာ၊ ဗန္ဓုကျီသာတွင်၊ ဝေါဟာဆိုမှု၊ မင်းစုကျော်သီး၊ ထိုရွာကြီး၌၊ ဖျင်ညီးစုရုံး၊ တို့အားလုံးလျှင်၊ ရှင်ပြီးစိခွေး၊ ပညာရှေးလျက်၊ နီးဝေးရပ်သား၊ သူတော်များနှင့်၊ ညွတ်တွားကြည်လင်၊ ဘန်စီရင်၍၊ ချိန်ဝင်ဗိဿာ၊ နှစ်ရာပြည့်ကြွယ်၊ ငါးဆယ်အပေါင်း၊ ကြေးစင်ကောင်းကို၊ ခေါင်းလောင်းလုပ၊ သွန်းလုပ်ကြ၍၊ သက္ကရာဇာ၊ တထောင်လာ၍၊ ဗွန်းပါကိုးဆယ်၊ပြည့်ခါဝယ်၌၊ သံကျယ်ပဇ္ဇုန်၊ ကဆုန်ဆန်းတက်၊ ဆဲ့ငါးရက်စွေ၊ ပြည့်သနေ့ဝယ်၊ အရှေ့ပြုဗ္ဗာ၊ တက်လှာရောင်ထင်၊ နေလုလင်၌၊ စည်ပင်သာယာ၊ မင်းစုရွာမှ၊ မြင်သာထင်ထင်၊ ရှေ့ခွင်တာထောက်၊ တိုင်ခွဲးလောက်တွင်၊ မောက်မောက်မြင့်သွန်း၊ တောင်ဘိုးဝန်း၌၊ လိုင်နန်းအများ၊ ကိုးစားရုံးစု၊ ဆင်းတုများကျော်၊ ရင်ပြင်တော်ဝယ်၊ အုတ်အော်သောင်းသောင်း၊ ခေါင်းလောင်းတော်ကြီး၊လှူ၍ပြီးသည်။ ။ရွှေထီးပုညမြော်က်တင်တည်း။

၂။ နှိပ်တွန်းရန်မှောင်၊ ကင်းယှောင်ပျောက်ကျ၊ သုံးလုဘ၏၊ ရုပ်လှရွှေစင်၊ရွှေတော်ပြင်၌၊ ကြင်လင်စိတ်(ပျောင်း၊သံလျှင်ကောင်းသည်၊) ခေါင်း

(လောင်းယဏ္ဍ၊) များပုညကြောင့်၊ ဘဝတဇာတ်၊ ဤအဖြစ်သည်၊ အပြစ်ခပ်သိမ်း၊ ကင်းငြိမ်းငုပ်လျှိုး၊ အကျိုးခပ်သိမ်း၊ မယိမ်းတို့မှောက်၊ ဆောစွာရောက်၍၊ ပေါက်မြောက်ထင်ပေါ်၊ ရာကျော်သက်အို၊ ရှည်ကြလိုမ်၍၊ ထိုထိုဒနာင်လာ၊ ဖြစ်များစွာလည်း၊ လေးဖြာရပ်တွင်၊ မဆင်းရဲးပဲး၊ (ချမ်း) ငြိမ်း(စွာဘိ၊) သုဂတိဘဝ၊ မနုဿနှင့်၊ ဒေဝဗြဟ္မာ၊ ဖြစ်ရာရာလည်း၊ သဒ္ဓါ ညာဏ၊ စီရသမာဓိ၊ ညီစွာရှိလျက်၊ သတိစောင့်ထိန်း၊ ခပ်သိမ်းကာလ၊ ပြည့်စုံလှ၍၊ ဒါနပါရမီ၊ အစချီသည်၊ သုံးလီဒသ၊ ကုသလကို၊ ဆွတ်မျှစိတ်ကြည်၊ ငါ တို့သည်လျှင်၊ (လေးမည်) ညီတော်၊ မိတေးကျော်ကို၊ ရှင်ပျော်မွှမ်းမျှ၊ ဖူးကုန်ရ၍၊ ထေဘိက္ခုဝေ၊ ကျူးသခေါ်က၊ ထင်ပေါ်ပွင့်လန်း၊ ရဟန္တာမွန်၊ တို့တသွန့်လျှင်၊ အမှန်နေကျ၊ ဖြစ်လိုစွဟု၊ ခမြသံရှည်၊ ပန္နက်ရည်သည်။ ။ရွှေပြည် နိဗ္ဗာန်ရောက်ချင်တည်း။

၃။ အိဉ်မြန်းကွန်ချောင်၊ ပုံဆောင်(ဖြည့်ဖြည့်၊လို) ပြည့်ရောက်ကြောင်း၊ မေတ္တာလောင်းအုံ၊ ခေါင်းလောင်းတော်က၊ စသည်မချို့၊ ငါတို့တစု၊ ပြုသည် ရှေးနှောင်း၊ ကောင်းမှုပေါင်းကို၊ မွန်ချောင်းတေဇာ၊ အာဏာထွန်းတင်၊ ရွှေနန်းရှင်နှင့်၊ တောင်တင်ညာထား၊ မိဖုရားက၊ စသည်ရှုံးစု၊ ပြည်မှုရွက် ဆောင်၊ သူကုန်ဒအောင်ကို၊ ရည်ဆောင်အမျှ၊ ပေးဝေငှသည်၊ သို့မှတဖြာ၊ ဆရာမိဘ၊ စသည်နွယ်ရိုး၊ ဆွေမျိုးအောက်ထက်၊ အဆက်ဆက်လည်း၊ ကျိုးစက်ပုည၊ အမျှရစေ၊ ခွဲးခြမ်းဝေ၍၊ တခထွထိုမြို၊ ငါတို့ပုည၊ ပြုကြသော ခါ၊ ညီညာပင့်ကူ၊ စိတ်ဝမ်းဖြူသား၊ ရွာသူရွာသား၊ သူတို့အားလည်း၊ စီးပွားကောင်းကျိုး၊ တိုးစိမ့်သောငှါ၊ ဝေခြမ်းပါ၍၊ မေတ္တာကြည်ညို၊ ကိုယ်ကိုစောင့်တတ်၊ အိမ်စောင့်နတ်က၊ စသည်ထင်ယှား၊ သိကြားဗြဟ္မာ၊ နတ်တကာလည်း၊ မဟာပုည၊ သမတလျှင်၊ ရစေနှင့်လို့၊ ဝေခြမ်းပို့၍၊ ထို့စကြာဝဠာ၊ ရပ်ရွာကြွင်းမဲ့၊ သုံးဆဲ့တဘုံ၊ သားအပုံက၊ စသည်များစွာ၊ သတ္တဝါလည်း၊ ကြမ္မာကောင်းကျိုး၊ ဖြိုးဖြိုးပြောဟုန်၊ ရစေကုန်ဟု၊ ဝသုန္ဓရေ၊ ဤသည့်မြေကို၊ သက်သေတည်ညွှန်း၊ ရေစက်သွန်းလျက်၊ ဆွတ်ဖြန်းမေတ္တာ၊ ဝေခြမ်းပါသည်။ ။လက်ာထူးဆန်း ပြောက်ထင်တည်း။

အမှာ။ [ဤင်းခေါင်းလောင်းကိုသက္ကရာဇ် ၁၀၉၀-ပြည့်နှစ်ကသွန်းလုပ်လှူဒါန်းကြသည်၊ မင်းစုရွာသားများ ကောင်းမှုဖြစ်သည်၊ ဘိုးဝန်းတောင်ပေါ် တောင်ပြည့်ဘုရား တောင်ဘက်တွင်ယှိသည်၊ ( ) ဤအဝိုက် အတွင်းယှိစာမှာ ခေါင်းလောင်းနှိုက် အက္ခရာပျက်နေ၍ မှန်းဆထည့်သွင်းသော စာများဖြစ်သည်။]

နာဂငါးရာ၊ လှေငါးရာနှင့်၊ ခံလှာခဲ့ထ၊ လိုခဏတွင်၊ နိမ္မိတငါးရာ၊ တေဇာညီးညီး၊ ဖန်ဆင်းပြီးမှ၊ နာဂအပေါင်း၊ ညွတ်ပျောင်းရှိသေ၊ ပို့လေကုန်ကြ၊ ယင်းကာလတွင်၊ ဗုဒ္ဓသျှင်ချစ်၊ ကိုယ်တော်စစ်ကား၊ မိုးဖျားကောင်းကင်၊ မြေပြင်အထဲ၊ ခွဲး၍သွားကြောင်း၊ ပုံ့သွား ကြောင်းကို၊ ကျမ်းဟောင်းဘယ်သို့၊ ဆိုတို့သနည်း၊ မာရ်လှည်းမုနိန်၊ ဝတိန်ပြည်မှာ၊ ဝါဆိုခါနိုက်၊ အာရုံဘယ်တွင်၊ ခံကျင်သနည်း၊ ရန်နည်းပယ်ရှား၊ ထွင့်ဘုရား၏၊ ဘဝါးတော်မှာ၊ စက်များစွာကို၊ ဖီလာခြားနား၊ အကြောင်းသားလျက်၊ အကွက်အကန့်၊ ပိုင်းခြားသန့်၍၊ တန့်ပြန်သလော၊ ပြိုးပြွမ်းလောရှင့်၊ မြတ်လောကနာ၊စုတေ ခါတွင်၊ ဘဝင်နောင်ငွေလော၊ ဇောနောင်လောတည့်၊ သဘောခဲးစွာ၊ တနည်းမှာမူ၊ ပစ္စဝေက္ခဏာသမနန္တရ၊ ဗျာနသမနန္တရံ၊ နှစ်တန် တို့ဝယ်၊ အဘယ်အနန္တရ၊ စုတိကျ၍၊ သိဝနိဗ္ဗာန်၊ စံလေသနည်း၊ တနည်းရေတွက်၊ ထွက်သက်ဝင်သက်၊ ပြိုင်လျက်နှစ်ဖြာ၊ စုတေ့ရာတွင်၊ မြတ်စွာ ဘုရား၊ ကြွသွားခေမာ၊ ဝင်သောခါသည်။ ။အဿာသလော-ပါနလော။

၃။ မှတ်စိမ့်ဖွေရှာ၊ မော်ကွန်းဖြာပိမ့်၊ မြတ်စွာအထွတ်၊ အလောင်းမြတ်ကို၊ ပြာသာဒ်ရထား၊ ရွှေတလားနှင့်၊ သွင်းထားသလော၊ မသွင်းလောရှင့်၊ သျှင်စောမြတ်ကို၊ သပြိုဟ်သောခါ၊ ဘယ်မျက်နှာသို့၊ သီသာရှေးရှု၊ ဥကြွောင်းမုလိမ့်၊ တွက်ယူများမြောင်၊ ငါးထောင်သာသနာ၊ စေ့လတ်ခါသော်၊ မွေဓာတ်ကျော်တို့၊ ရောင်တော်ပြွတ်ပြွတ်၊ လွှတ်မည်သောခါ၊ ရောင်ဝါရွှန်းစို၊ ရွှေတုံးလိုသာ၊ ယိုရှာမည်လော၊ သျှင်စောအတု၊ ရုပ်တုသဏ္ဍာန်၊ ဖန်ဆင်းပြန်၍၊ တဖန်တရား၊ လူနတ်အားကို၊ ဟောကြားလတ်၍၊ ကျွတ်ဒုံမည်လော၊ မြတ်ပေါဓိပင်၊ ပလ္လင်သိင်္ဂါ၊ ဘုကိုဏ္ဍာလည်း၊ သာသနာ ငါးထောင်၊ စေ့ပြီးနောင်မှ၊ ဘယ်ကာလတွင်၊ ကွယ်ကျင်မည်နည်း၊ ဘုန်းစည်သာသနာ၊ ကွယ်ပြီးခါမှ၊ ရဟန္တာစစ်၊ ဖြစ်ဦးမည်လား၊ ဘုရားမယို၊ ဆိတ်ဘိမှန်စွာ၊ ကမ္ဘာသုည၊ ယင်းကာလတွင်၊ ပစ္စေကဗုဒ္ဓါ၊ ပွင့်ပါမည်လော၊ သျှင်စောဗုဒ္ဓါ၊ ပစ္စေကာတို့၊ ပညာသဒ္ဒါ၊ ဝီရိယဟု၊ သုံးဝသုံးဖြာ၊ ပြားကောင်းပါလျက်၊ တချက်တည်းသာ၊ ဘယ်ခြင်းရာကြောင့်၊ ယိုလှာသနည်း၊ ပေါင်းစည်းဂုဏ၊ ပစ္စေကတို့၊ တေဇထွန်းပေါ်၊ ဓာတ်တော်တကာ၊ အခါဘယ်မျှ၊ ကာလသက္ကရာဇ်၊ တည်ရစ်သနည်း၊ ဉာဏ်လည်းရင့်ထွေ၊ ရှင်ဒေဝဒတ်၊ လတ်လတ်၍မြေ၊ မျိုတည့်လေ၍၊ ပူထွေမီးလျှံ၊ ခံရလေသည်၊ ဆိုကြသည်နိုက်၊ လူ့ပြည်ကပါ၊ လူ့ခန္ဓာလော၊ ဤစုဒ်စောကား၊ သဘောမယို၊ အဝီစိတွင်၊ ပဋိသန္ဓေ၊ နေပြီးလေမှ၊ ခံရသည်လား၊ စကားယှင်းယှင်း၊ မသိလျှင်းခဲ့၊ အိုင်မင်း

ဆဒ္ဒ၊နောတတ္တကို၊ရုံထပတ်လည်၊ တောင်ငါးမည်တွင်၊ မဋ္ဌုပင်နှင့်၊ ရွှေစင်
ငွေသား၊ပတ္တမြားဂူ၊ ယိုသောဟူ၍၊ရှင်လူခပင်း၊ ပြောကြလျှင်း၏၊ အတွင်း
ကလော၊ပြင်ကႏလာဟု၊သဘောကျကျ၊ သိချင်လှ၏၊ဒီပပေါ်ထွန်း၊ကျွန်းသုံး
ကျွန်းမှာ၊ ဟိမဝါတော၊ယိုမည်လောဟု၊ မေးဃောနတ်စည်၊ မိုယ်းခြိမ်းသည်
နှင့်၊ကိုးမည်မိုးကြိုး၊တန်းခိုးဝင်းလျှံ၊ကြည်ပုံလျှပ်စစ်၊ ဖြစ်သည်ကြောင်းအင်၊
သိချင်ပါလျက်၊ လွန်ခဲ့ခက်ခဲ့၊ လျှံတက်ပေါ်ထွန်း၊ ငွေလဝန်းကား၊ ဘုံနန်း
ဗိမာန်၊ဖြစ်သည်မှန်လျက်၊ ဉာဏ်မောဟထူ၊ ငါတို့လူမှာ၊ တခြမ်းသာတည့်၊
ရုံဟန္တာလျှင်၊အကုန်ပင်ကို၊ အမြင်သန်လှ၊ ဘယ်ကိစ္စနည်း၊ တဝတထောက်၊
တနည်းလျှောက်အံ့၊အနောက်ကသာ၊ သူရိယ္မာငွေ၊နေရှိန်ခွေ့လျက်၊ အရှေ့
ကသာ၊ လစန္ဒာဝယ်၊ ရောင်ဝါတခြမ်း၊ ညှိုးနွမ်းနှင့်ရ၊ ဆိုကြရှည်လျား၊ ဤ
စကားလည်း၊ကြား၍မဖွယ်၊သိသာလွယ်အောင်၊ဘယ့်နှယ်ကျမ်းက၊ ဖော်၍
ပြလိမ့်၊ပဌမဗောဓိ၊မုနိမြတ်စွာ၊အဝါနှစ်ဆယ်၊ဆိုသော်လွယ်၏၊နောက်ဆွယ်
ဒုတိယ၊ တတိယကား၊ ဘယ်မျှနှစ်ထိ၊ ယိုလေသနည်း၊ ယူနည်းခက်မော၊
ဝုဋ္ဌောသုံးခါ၊ ဖြစ်တုံလာဟု၊ ဌကထာဟော၊ ပိုကာပြောသည်၊ ဘယ်ဇော
တွင်မိ၊ ဘယ်ဝီထိတွင်၊ ဖြစ်ဘိသနည်း၊ ဖွန်သည်းကြည်လင်၊ ဗြဟ္မာရှင်၍၊
ရွှေစင်ရောင်ညီး၊ လက်ရုံးတီးသော်၊ ဆိမီးလျှံခြင်း၊ ထိုသောလျှင်းသို့၊ ဖြစ်
ကောင်း*မြို့လျက်၊ သို့မဟုတ်ယှောင်း၊ တသောင်းထိုက်သား၊ ကြားသော
ဟူသည်၊ အယူဟုတ်မော၊ သဘောမစောင့်၊ အဘယ့်ကြောင့်နည်း၊ တသောင်း
စကြဝါ၊ မှောင်များစွာကို၊ ဗြဟ္မာလက်ရောင်၊ ဆယ်ချောင်းထောင်က၊
ထွန်းလင်းပဟု၊ဆိုကြကုန်ပါ၊ယခုမှာမူ၊ နေဝါဝင်ရှောင်း၊မှောင်ရိပ်ဆောင်းခဲ့၊
အကြောင်းဘယ်သို့၊ ဖြစ်တို့လိမ့်မည်၊ နားမလည်ခဲ့၊ဓွန့်ရှည်ကမ္ဘာ၊ ပျက်သော
ခါတွင်၊လာ၍နတ်သား၊ လူအများကို၊ မြွက်ကြားသာကြည်၊ ပြောလှာသည်
ဟု၊ ဆိုသည်စကား၊ ထိုနတ်သား၏၊ ပျော်ပါးစံရာ၊ ဝတီန်သာနှင့်၊ ယာမာ
တုဿိ၊နိမ္မိရူပ၊ အရူပဟု၊ ဌာနနေရာ၊ ပြည်ရပ်ရွာသည်။ ။ဗြဟ္မာကလော
ဒေဝလော။

မုံရွေးဇေတဝန်ကျောင်းနေ အဂ္ဂိယာဝံသအာဒိစ္စရံသီ
ပုဂ္ဂိုလ်သူမြတ် စပ်ဆိုတော်မူသောအမေး
ပိုဒ်စုံရတု ဤတွင်ပြီးစည်း။

---

* အချို့မှာမူ "မျို့" ယိုသည်၊ ပုဒ်ပြည့်အောင်ထည့်ခြင်းဖြစ်လည်း သုံးနိုင်
သည်၊ဆင်ခြင်၊ ပဒပူရဏ ခေါ်သည်။

### မုံရွေးဆရာတော်က ကြည့်ကန်ကိုရှင်ကြီးယံပေးမေတ္တာစာ

အနုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ-ဟူသောပါဠိနှင့်အညီ၊ ပကတိသောလူသာမညမတ္တတို့၏ မံသစက္ခုဖြင့် ရှု၍မြင်ကောင်းသည် မဟုတ်၊ ဆကာမာဝစရနတ်တို့၏ ဒိဗ္ဗစက္ခုဖြင့်သာ ရှု၍မြင်စကောင်းသော ပရမာဏုမြူနှံ၊ ရေလုံးစုမျှလောက်သော၊အကုသလ ပါပဓမ္မတို့ကို၊ ပထဝီပံသု၊ မေရုအဗ္ဘုံဝ ါ၊ စကြာဝဠာတောင်ကဲ့သို့ထင်၍၊ လွင်ဗာဟီရ၊ အပအစု၊ ပြုနိုင်လေ့ယှိပါစေသောဟု၊ ဆုမြွတ်ပဋ္ဌနာ၊မချာမလပ်၊ ပြုတတ်လေ့ယှိပါသော၊ သလ္လာဝတီ၊ သီတာမြစ်ကြီး၏ အရှေ့မျက်နှာ၊ မုံရွေးရွာဇာတိ၊ ပဝတ္တိအခါ၊ ဆားလင်းကြီးရွာက၊ အရိယာဝံသ အာဒိစ္စရံသီ၊ ပီယဝါစာ၊ မေတ္တာစကားကြားရောက်လိုက်ပါသည်၊ သမ္မာသမ္ဗုဒ္ဓဘုရားဆုကို ပန်ယူတော်မူလေ့ရှိသော နန္ဒဇေသူမြွတ်။ ။ပုဗ္ဗေဝသန္နိဝါသေန-စသောပါဠိနှင့်အညီ၊ ရှေးရှေးသော ဘုရားသဗ္ဗညုတတို့၊ ဆုပန်ဆုယူ၍၊ အတူတကွ၊ တိံသ ပါရမီကို၊ စိတ်ညီစိတ်မျှ၊ ဖြည့်ကြဘူးသည်နှင့် လျော်ညီစွာ၊ ယခုအခါ၊ တခါတကြိမ်မျှ၊ ညီတော်မျက်နှာပြင်ကို၊ မမြင်မတွေ့ရဘူးသော်လည်း၊ ၁၁၄၈-ခုနှစ်တွင်၊ ညီတော်မြွတ်တို့၊ ရပ်ကြီးရွာနေ၊ မောင်ကလျာဏတို့တွင်၊ မွေးလှစွာသော သတင်းကို၊လေညှင်းယူ၍၊ ကျူလှာကြိုင်လှာသည်ဖြစ်၍၊ တွေ့မြင်ချင်သောနှလုံးနှိုက်၊ ရစ်ထုံးမကွာ၊ စေတနာအလွန်ယှိပါ၍၊ ရောက်လှာမည်ဟု ကြံပါသည်လည်း၊ "အစိန္တိတမ္ပိဘဝတိ၊ စိန္တိတမ္ပိဝိနဿတိ၊ နဟိစိန္တာမယာဘောဂါ၊ ဣတ္ထိယာပုရိသဿဝါ"၊ ဒေသနာတော်မြွတ်ပြိုင်၍၊ ဆိုင်မိသဖြင့်၊ ကြံတိုင်းလည်းမပြီး၊ တီးတိုင်းလည်းမမြည်၊ တည်တိုင်းလည်းမနေ၊ စေတိုင်းလည်းမရောက်၊ ပေါက်တိုင်းလည်း မရှင်၊ ရှင်ကြည်လျက် မလွမ်းသာ၊ ကြင်ပါလျက်မကျွမ်းသာ၊ မြင်ပါလျက်မစမ်းပါ၊ ခင်ပါလျက်မဖမ်းသာ၊ မင်ပါလျက်မလှမ်းသာ၊ မေးချင်ပါ၏ မမြန်းသာ၊ပေးချင်ပါ၏ မကမ်းသာ၊ ရောက်ချင်ပါ၏ မလာသာ၊ လာချင်ပါ၏ လမ်းမသာ၊ လမ်းသာပါ၏ ခန္ဓမသင့်၊အခန္ဓသင့်၏ ခွင့်မလျော်၊ ခွင့်လျော်ပါ၏ စိုးမပိုင်၊စိုးပိုင်ပါ၏ ခွင့်မဆိုင်၊ဆိုင်ချင်ပါ၏ မပိုင်သာ၊ကြိုင်ချင်ပါ၏ မလှိုင်သာ-ဟူသော လောကလက်သုံး၊ ထုံးသာဓက၊ ကမ္ဘာ့တန်ဆာ၊ ဥပမာကဲ့သို့၊ ကြံပါလျက် မငြိးသေး၍၊ ကြာနေ့ယှိရချေသည်။

ထိုသို့ဖြစ်သော်လည်း၊ ဟဒယေပီယံနာမ၊ စသည်နှင့်အညီ၊ သရဒအခါ အာကာသကောင်းကင်မှ ပေါ်ထွန်းသော လဝန်းဗိမာန်သည်၊ ယူဇနာတသိန်းခြားရာအရပ်နှိုက်တည်သော ကော်ကနုဒ ပဒုမ္မာ ကြာခေါင်းလောင်း

တို့ကို ပွင့်နိုင်စေသည်ဆိုသကဲ့သို့၊ နေရပ်နေရာဝေးကွာသော်လည်း၊ စေ့ဆော် လေးမြတ်အပ်သောသူသည်၊ ဝေးလေသည် မမည်ရကား၊ ညီတော်မြတ်ပို့ သသောမေတ္တာ၊ မလ္လာယုကျွန်းအပြင်နှိုက်၊ တပင်တည်းသော ဂေါသီတ- စန္ဒနနံ့သာနှင့်တူသော၊ ကျူလှသော ဩဒိဿဗြဟ္မဝိဟာ၊ ဥပေက္ခာမေတ္တာ ရေမြတ်ကြောင့်၊ နှောင့်ယှက်အပ်သော အမင်္ဂလာ၊အနိဋ္ဌာရုပ်၊ ဒုက္ခဝေဒနာ၊ ရောဂါအန္တရာယ်တို့မကပ်သဖြင့်၊ အဆင့်ဆင့်သောပါရမီသမ္ဘာရ၊ သဗ္ဗညုတ ဉာဏ်၏ အဆောက်အဦး သုံးဆူသော စရိယဓမ္မတို့ကို၊ နေ့ယှိညမချာ၊ ယထာသတ္တိ၊ စွမ်းယှိသမျှဖြည့်ရပေ၏၊ ညီတော်မြတ်၏ သန္တာန်ဝယ်၊ တွယ် ကပ်တတ်သောအန္တရာယ်တို့သည်၊ ပျောက်ပြယ်ကင်းလင်းသန့်ယှင်း စင်ကြယ် သည်နှင့်အညီ၊ ပါရမီအပေါင်းဘို့သည်၊ ကိုယ်စိတ်ရွှင်လန်းစွာ စွန့်တော်မူ သမျှ ဖြစ်ရကြောင်းများကို၊ ကြားသိချင်ပါသည်၊ နောက်နောင်အခါ၊ လူကြုံ လာတွင်၊ စာပေသဝန် ပြန်ကြားလိုက်စေချင်သည့် အကြောင်းတို့ကို၊ တသောင်းတိုင်သာ၊ ဝေးရပ်ကွာက၊ မေတ္တာစကား ကြားရောက်ပါသည်၊ အကြည်တော်သူမြတ်။

၁၁၅၂-ခု သီတင်းကျွတ်လဆန်း ၁၄-ရက်နေ့တွင်ရေး၍ မုံရွေးဆရာတော်ဘုရားကကြည့်ကန် ကို ရှင်ကြီးထံပေးစာပြီး၏။

---

## ကြည့်ကန်ကိုရှင်ကြီးက မုံရွေးဆရာတော်ထံပြန်စာ ရတနတ္တယံအဟံဝန္ဒာမိ

အဘိက္ကန္တံ ဇုဋ္ဌအဒေါသပိယာ သိန္ဓေဟာ၊
မေ မနာပစိတ္တေန ယောနိသောမနသိကာရေန။
သာဓုကံ ပရိဝိသဇ္ဇနဋ္ဌ မနသိကရောတု၊
အရိယဝံသ အာဒိစ္စရံသီ ပုဂ္ဂလော။

[ဤဂါထာသည်''နဒိဿတေတ္တ ယံ ဆန္ဒံ၊ပယောဂေ ဒဿတေ ယဒိ'' အစရှိသော ဆန်းနှင့်ညီသော ၁၆-လုံးဖွဲ့ ဂါထာတည်း။]

ဘုရားသခင်၏ ဇာတ်တော်ဖြစ်သော တေမိ, ဇနက-စသော ဆယ်စောင် သောဇာတ်တော်တို့တွင် အဘယဇာတ်သည် ပဌမဖြစ်သနည်း၊ ဘုရားသခင် သည် အသင်္ခါရိက,သသင်္ခါရိက စိတ်နှစ်ပါးတွင် အဘယ်စိတ်ဖြင့် ပဋိသန္ဓေ နေသနည်း၊ ဤသို့စသည်ဖြင့် နည်းအသွယ်သွယ် ဆန်းကြယ်လှစွာ အဓိပ္ပါ- ယတ္ထ ဝါစာသိလိဋ္ဌ ကဏ္ဍာသုခစာ ကဗျာပိုဒ်စုံကို စီရင်တော်မူ၍ အရိယဝံသ

အာဒိစ္စရံသီ ပုဂ္ဂိုလ်သူမြတ်က ရှင်နန္ဒဝဇအား မေးတော်မူသော ငါးဆယ်ငါးပါးသော အမေးပုစ္ဆာ အပေါင်းတို့သည်ကား ဘုရားသခင် သာသနာတော်သည် အုံ့ဘွယ်ယှစ်ပါးနှင့်ပြည့်စုံသကဲ့သို့ အုံ့ဘွယ်ယှစ်ပါးနှင့် ပြည့်စုံဘိသတည်း။

အံ့ဘွယ်ယှစ်ပါးဟူသည်ကား—

(၁) ပုထုဇ္ဇန်တို့သည် မိမိကိုယ်ကိုနှိမ့်ချရမည် ခဲယဉ်းလျက် ကိုယ်ကိုနှိမ့်ချ၍ နိဝါတ မင်္ဂလာဖြင့် မေးတော်မူသော အမေးဖြစ်သည်လည်း အံ့ဘွယ်တပါး။

(၂) သာမန်သူတို့သည် ဖြေနိုင်လွယ်မည်ကိုမဆိုထားဘိ၊ မေးခြင်းငှါမျှ မကြံနိုင်ရာ ခဲယဉ်းသော အမေးဖြစ်သည်လည်း အံ့ဘွယ်တပါး။

(၃) "တကျွန်းခြားရာ၊ ပင်လယ်မှာလည်း၊ ရောက်လှာခဲက၊ ဒုဟမျှတည်း၊ အနည်းမဟူ၊ ဖြေပိမ့်သူတို့၊ အယူပိုးဝါး၊ ရှိစဉ်သွား၍" စသည်ဖြင့် သျှင်မဟာသီလဝံသ ပုဂ္ဂိုလ်ကျော်စပ် ဆိုတော်မူဘိသကဲ့သို့ ဝေးလွန်ဓွန့်ရှည်စွာ ကွာလွန်းသော ခြီး ဖြစ်ပါလျက် ဝီရိယထုတ်၍ မေးသောအမေးဖြစ်သည်လည်း အံ့ဘွယ်တပါး။

(၄) ဒေသနာလင်္ကာရ, အတ္ထာလင်္ကာရ, ပဒါလင်္ကာရ ဖြစ်စေခြင်းငှါ ပြေပြစ်ချိုသာစွာ ပျိုကဗျာဖြင့် သြဇာရှိအောင် စီကုံး၍မေးသော အမေးဖြစ်သည်လည်း အံ့ဘွယ်တပါး။

(၅) ပါတိမောက္ခသံဝရစသော သီလကြီးလေးပါးတို့ကို စောင့်ထိန်းသော ပုဂ္ဂိုလ်သူမြတ်၏ အမေးဖြစ်သည်လည်း အံ့ဘွယ်တပါး။

(၆) ပုထုဇ္ဇဉ်တို့သည် မျှားသောအားဖြင့် အတ္တုက္ကံသန,ပရဝမ္ဘန ဆိုလေ့ရှိကုန်လျက် မဆိုမူ၍ ထောမနာပြု၍ မေးသောအမေးဖြစ်သည်လည်းအံ့ဘွယ်တပါး။

(၇) လွှင်ဗာဟီရ အပအစုကိုကြည့်ရှု၍ ရတနာသုံးပါးနှင့် စပ်ယှဉ်၍ မေးသောအမေးဖြစ်သည်လည်းအံ့ဘွယ်တပါး။

(၈) "ဤသည်လျှင်ကား- ကဏှာလောက၊ ဤသည်လျှင်ကား- သုက္ကလောကစသည်ဖြင့် မေးလေ့ရှိသောသူတို့သာ ဘဝဆက်တိုင်းသူ တပါးတို့အတုမယှိသော ပညာနှင့်ပြည့်စုံသည်" ဟူ၍ ဟောတော်မူအပ်သော ဒေသနာတော်မြတ်နှင့်အညီ ညီညွတ်သောအမေးဖြစ်သည်လည်းအံ့ဘွယ်တပါး။

ယင်းသို့အားဖြင့် ယှစ်ပါးတည်း၊ ဤသို့လျှင် အံ့ဘွယ်ယှစ်ပါးနှင့် ပြည့်စုံသောငါးဆယ်ငါးပါးသော အမေးပုစ္ဆာအပေါင်းတို့ကိုအရိယာဝံသအာဒိစ္စရံသီပုဂ္ဂိုလ်သူမြတ်က မေးတော်မူသည်တွင် ထိုအမေးပုစ္ဆာအပေါင်းတို့သည် အထည်အလိပ် ကြီးလှသည်ဖြစ်သောကြောင့် ဝံတောင်လည်ပုဂ္ဂိုလ်စသော သူမြတ်တို့အား သျှင်ရဋ္ဌသာရ-စသော ပုဂ္ဂိုလ်သူမြတ်တို့က ပုစ္ဆာစီ၍ မေးကုန်ဘိသကဲ့သို့ ပျို့ပုစ္ဆာစကားတွင် ကတ္တား-ကတ္တိ,ကမ္မိ- ကမ္မ,ဌာန-ဌာနီ စုံညီစွာသွတ်သွင်းသဖြင့် ထပ်ဆင့်၍ မေးတော်မူစေခြင်းငှါ ပုစ္ဆာဆောင်ခဲ့သောသူတွင် ရှင်နန္ဒဇေကခေါက်ချင်းလျှင်မြန်စွာပြန်ဆိုလိုက်သည်ကား—

"မေးအပ်မေးတတ်၊ ကံနှင့်ကတ်ကို၊ ပြတ်ပြတ်ပိုဒ်တွင်း၊ ကြပ်ကြပ်သွင်းလျှင်၊ လင်းလင်းဖြေပါလိမ့်မည်ဘုရား"ဟူ၍ပြန်ဆိုလိုက်သည်တည်း။

ဤတွင် ပညာပွားရန်စကားချပ်၍ ပြလိုက်ဦးအံ့။ ။ဤပြန်ဆိုလိုက်သောကေပိုဒ်နှိုက် အချို့သောသူတို့က စောဒနာဘွယ်ယို၏၊ အဘယ်သို့သောသူက အဘယ်သို့ စောဒနာဘွယ်ယိုသနည်းဟူမူကား- ဤသို့သူတပါးတို့ သိလို၍ မေးသောပုစ္ဆာတို့ကို မဖြေဦးပဲ ပြန်ဆို၍သာနေသဖြင့် ကာလသာလျှားမည်မဟုတ်လော၊ "သူမေးလှာလည်း၊ မကြာဖြေမှ၊ နှုတ်ဝယ်လှသို့၊ တခုမထား သူကိုကြားသည်၊ ပုဏ္ဏားဉာဏ ဂန္ဓီတည်း"ဟူ၍ ပုဂ္ဂိုလ်ကျော်တို့မိန့်တော်မူကုန်သည်မဟုတ်လော၊ "အပုဋ္ဌောပဏ္ဍိတောဘောရီ၊ ပဋ္ဌု ဇ္ဇန္ဓာ ဟောတိ ပုစ္ဆိတော"ဟူ၍ နီတိကျမ်းနှိုက်လည်း ပညာယိုတို့ မိန့်တော်မူသည် မဟုတ်လော၊ ဤသို့စသဖြင့်မေးလျှင်မေးခြင်း ဖြေသင့်ကောင်းတော့သည်ထင်မှတ်၍ နွားနောက်အမည်ယိုသောသတ္တဝါကို တပိုင်းသာ မြင်ဘူးမြောက်သဖြင့် ရှေ့နောက်လှည့်၍ မကြည့်ဘူးသောသူကဲ့သို့လည်းကောင်း, လေးပါးသောကာလယိုသောပေါက်ပင်ကိုတကာလတွင် မြင်ဘူးသောသူကဲ့သို့လည်းကောင်း ပညာဟူသောစက္ခုပသာဒနှိုက် မောဟတည်းဟူသော တိမ်ဖုံး၍ မမြင်ငြားလျက် ဘုရားတရား-တည်းဟူသော တိမ်လွှဋ္ဋဆေးကို အပေးအပြုအစုအကုမခံမာန်ခက်ထန်ကုန်သောထုံးစံတရားမှာမိစ္ဆာဉာဏ်ကဝိအယောင်ဆောင်သူတို့ကစောဒနာဘွယ်ယို၍ ထိုသို့စောဒနာဘွယ်ယိုသော်လည်းဤသို့ပြန်ဆိုလိုက်ခြင်းသည်ကား အလွန်ပြန်ဆိုလိုက်သည်မဟုတ်၊ ရှေးရှေးသောပုဂ္ဂိုလ်ကျော်တို့၏ ထုံးစံနှင့်အညီလည်းကောင်း,ကျမ်းဂန်လာသည်နှင့် အညီလည်းကောင်း ပြန်ဆိုလိုက်သည့်စကားဖြစ်သည်ဟု ပြေလည်စွာဖြေအပ်၏။

အဘယ်ပုဂ္ဂိုလ်ကျော်တို၏ ထုံးစံနှင့်ညီသနည်း၊ "ဌာနေတော်၍၊ စာပေ ပျော်၍။ ။ညာကြေကျော်၍" စသည်ဖြင့်မိန့်တော်မူသောသျှင်ရဋ္ဌသာရ ပုဂ္ဂိုလ်ကျော်သူမြတ်တို၏ ထုံးစံနှင့်ညီသတည်း။

အဘယ်သို့ကျမ်းဂန်လာသည်နှင့် ညီသနည်း။(*ကိစ္စေဌ္ဌ) ဌေ ဌာနေ တဝ စောဒနာ အသမတ္ထာ ကိဋ္ဌိ ဝတ္တဗ္ဗံ ယံ အဝသိဋ္ဌံ အတ္ထိ၊ တံအဝသိဋ္ဌံ တာဝ ဖြူဟိ။ ။ဌေဌာနေ၊ ဤသို့စောဒနာရာ၌။ တဝ၊ သင်စောဒကဆရာ ၏၊ စောဒနာ၊ စောဒနာခြင်းသည်၊အသမတ္ထာ၊မပြည့်စုံသေး။ကိဋ္ဌိ၊ စိုးစဥ်း။ ဝတ္တဗ္ဗံ၊ ဆိုအင်သော။ ယံအဝသိဋ္ဌံ၊ အကြင်စောဒနာကြွင်းသည်။အတ္ထိ၊ယှိ၏။ တံအဝသိဋ္ဌံ၊ ထိုစောဒနာကြွင်းကို၊ တာဝ၊ အဖြေဆရာ၏ ရှေးဦးစွာ။ တွံ၊ သင်စောဒကဆရာသည်။ ဖြူဟိ၊ ဆိုဦးလော့။ ဤသို့စသောနည်းဖြင့်စောဒနာ မပြည့်စုံ၍ ကြွင်းကျန်သောစောဒနာကိုမဖြေမီ ရှေးအဘို့၌ သင်၏ စောဒနာ ကြွင်းကျန်သည်ကို ပြည့်စုံအောင်ဆိုလေဦးဟူ၍ စောဒကဆရာကို ကျမ်းဆရာ တို့ဆိုကုန်တိုက်တွန်းကုန်မြဲဖြစ်သတည်း၊ ဤသို့လျှင် ကျမ်းဂန်လာသည်နှင့်ညီ သတည်း။

ဤသို့စသောနည်းဖြင့် စကြာဝဠာတိုက်ကို စည်ခေါင်းပြု၍ မဟာပထဝီ မြေကြီးကိုစည်မျက်နှာပြု၍ မြင်းမိုရ်တောင်ကိုစည်လက်ခတ်ပြုပြီးလျှင် တီး၍ ပြဘိသကဲ့သို့ အစွန်းအစကိုသာ မှတ်မိ၍ မိစ္ဆာဉာဏ်သက်သောသူတို၏ နားကိုကြားစေလျက် စကြာဝဠာတိုက်ကို ဆီမီးခွက်ပြု၍ မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာ, သီတာခုနစ်စင်း, အိုင်မင်းခုနစ်ဖြာ, သမုဒ္ဒရာလေးစင်းနှိုက် ယှိသော ရေတို့ကိုဆီပြု၍ မြင်းမိုရ်တောင်ကို ဆီမီးစာပြုလုပ်မီးထွန်း၍ စကြာဝဠာအပေါင်းကိုလင်းစေသကဲ့သို့ တစိတ်တဒေသနှင့်သာ စိတ်တမ်း၍ ကြွက်ကန်းဆွဲး-ဆွဲးလျက် အမျက်တထောင်းထောင်းနှင့် ပညာယှိယောင် ဆောင်ကုန်သော မိစ္ဆာမဂ္ဂဉာဏ်သက်သူတို၏ မောဟတည်း ဟူသော မှောင် ကို ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းစေ၍ ပြေလည်စွာ ပြန်ဆိုဖြေကြား အပ်၏။

ဤ၌ကျမ်းရိုးတင်သည်ယှိသော်-ဆရာကား မေးသောပိုဒ်စုံဆရာထံတော် ပါးသို့ ကတ္တား-ကတ္တိ, ကမ္မီ-ကမ္မ, ဌာန-ဌာနီ စုံစီစွာ သွတ်သွင်းသဖြင့် ထပ်ဆင့်၍ မေးတော်မူစေခြင်းငှါ စာပြန်လိုက်သောဟူ၍ ဆို၏၊ အကယ်

*ကိစ္စေဌ္ဌပုဒ်၊ ထုတ်၍ရှိရာ၊ ကိဋ္ဌိနောက်မှ၊ အဝသိဋ္ဌံ၊ ယံအတ္ထိနှင့်၊ တံဖြူဟိကို၊ ဆို၍ထည့်ငြား၊ရှေးနားကမှာ၊ တဝစောဒနာ၊ အသမတ္ထာ ကို၊ဆောင်ကာစွက်၍၊အနက်သမ္ဗန်မြဲ။ [နိယံသစ်။]

၍. ထိုသို့ဆိုချေသော် နောက်လုပ်မေတ္တာစာ၏. အတွင်းနှိုက်ပင် စကားရပ်တို့ကိုမသွင်းသေးဟူသော အနက်သည်ရောက်၏၊ ထိုသို့တမူကား မသွင်းသေးသည်မဟုတ်၊ နောက်လုပ်မေတ္တာစာ၏. အတွင်းနှိုက်လည်း ထိုစကားရပ်တို့ကို သွင်းပြီးဖြစ်သောကြောင့် ကတ္တား-ကတ္တိ, ကမ္မီ-ကမ္မ, ဌာန-ဌာနီ စုံစီသွတ်သွင်းသဖြင့် ထပ်ဆင့်၍. မေးတော်မူစေခြင်းငှါ စာပြန်လိုက်သောဟူ၍. ဆရာမဆိုတန်၊ ဆိုချေသော် အဗျာပိတဒေါသ၊ ဝါ-ဂဏ်ဂဏ ဆန့်ကျင်သော ဒေါသ၊ ဝါ-သကပ်ဒြဗ်ဆန့်ကျင်သောဒေါသ ရောက်၏၊ ဤသို့အပြစ်တင်ဘွယ်ယှိ၍. ထိုအပြစ်ကိုချေခြင်းငှါ "ပြတ်ပြတ်ပိုဒ်တွင်း၊ ကြပ်ကြပ်သွင်း"ဟူသောစကားကို ဆိုသတည်း။

ထိုစကား၏.အဓိပ္ပါယ်ကား-ချင်ရဋ္ဌာသံရ ပုဂ္ဂိုလ်ကျော် သူမွန်သည် ဝံတောင်လယ် ပုဂ္ဂိုလ်ကျော်သူမြတ်အား မေးတော်မူသော ပိုဒ်စုံကဲ့သို့ ပုစ္ဆာပိုဒ်၏.အတွင်းနှိုက် သွတ်သွင်းတော်မူသောအရေးနှင့် မေးတော်မူသည် ဖြစ်ဘိသော်၊ ထိုသို့ဖြစ်သောကြောင့် ကတ္တား-ကတ္တိ, ကမ္မီ-ကမ္မ, ဌာန-ဌာနီ စုံစီသွတ်သွင်းသဖြင့် ထပ်ဆင့်၍. မေးတော်မူစေခြင်း စာပြန်လိုက်သောဟူ၍. ဆိုသတည်း။

နောက်လုပ်မေတ္တာစာ၏. အတွင်းနှိုက် မသွင်းသောကြောင့်ကား ဆိုသည်မဟုတ် ဖြစ်သောကြောင့် အဗျာပိတဒေါသ၊ ဝါ-ဂဏ်ဂဏေ ဆန့်ကျင်သော ဒေါသ၊ဝါ-သကတ်ဒြဗ်ဆန့်ကျင်သောဒေါသ ငါ့ှမရောက်ဆိုတန်၏.-ဟူလိုသောဝ်။

ဤသို့ စသည်ဖြင့် သဘောခနကုန်ခန်းအောင် အစွမ်းယှိတိုင်း တင်၍. ကျမ်းတို့နှိုက် ကျမ်းတပါးတို့မှ ပါဌ်ကိုထုတ်ဆောင်၍. ဖြေဘိသကဲ့သို့ ထုတ်ဆောင်သင့်ရာနှိုက် ထုတ်ဆောင်ဖြေအပ်၏.၊ ကုန်ကုန်စင်စင်ဖြေသင်၍. ရေးလိုက်သော် ကျယ်ဝန်းအံ့စိုး၍. မရေးလိုက်ပြီ။

ဤစကားရပ်တို့သည် ဤတွင်အရာမဟုတ်လွန်းသော်လည်း ဝါသနာထုံရင်းယှိ၍. အင်တံလည်းအကြောင်းအား တော်လျော်သဖြင့် သုတပညာကိုအလိုယှိကုန်သော နောက်နောက်သော သောတုဇနတို့အား နည်းနာအမှိရစေခြင်းငှါ အကျဉ်းအမြွက်မျှပြလိုက်သောစကားချပ်တည်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားချပ်ကို သွတ်သွင်းသဖြင့် ထပ်ဆင့်၍. မေးတော်မူစေခြင်းငှါ ဧကပိုဒ်နှိုက် ပြန်ဆိုလိုက်သည်၊ တစုံတရာစာပေနောက်ရေး၍. အမေးတော်မယှိလျှင်းသောကြောင့် မြတ်စွာဘုရားသခင်သည် ကုသိနာရုံပြည်သို့ ကြွတော်မူသည်ယှိသော်—

(၁) သုဒဿနစကြာမင်းသုတ်ကိုဟောတော်မူသဖြင့်သတ္တဝါအပေါင်းတို့သည် မဂ်ဖိုလ်ရမည်ကို မြင်တော်မူ၍ ကြွသွားသည်လည်းအကြောင်းတပါး။

(၂) သုဘဒ်ရဟန်းကြီးပစ္ဆိမသာဝက အဖြစ်သို့ ရောက်မည်ကို မြင်တော်မူ၍ ကြွသွားသည်လည်းအကြောင်းတပါး။

(၃) ဒေါနပုဏ္ဏား ဓာတ်တော်ဝေဘန်သဖြင့် အပြည်ပြည်ထောင်သောမင်းအပေါင်းတို့ ရန်ငြိမ်းမည်ကို မြင်တော်မူ၍ ကြွသွားတော်မူသည်လည်းအကြောင်းတပါး။

ဤသို့လျှင် အကြောင်းသုံးပါး ယှိတော်မူသတည်း၊ထိုကဲ့သို့လည်းကောင်း ဤအရာနှိုက်လည်း ယခုဖြေလတ္တံ့သောဝိသဇ္ဇနာကိုအမှီပြု၍—

(၁) သူတပါးတို့အား ပညာပွါးအံ့သည်လည်းအကြောင်းတပါး။

(၂) အရိယဝံသ အာဒိစ္စရံသီ ပုဂ္ဂိုလ် သူမြတ်သာ မှတ်အပ်သည်မဟုတ်၊ အကျွန်ုပ်တို့လည်း မှတ်လိုပါသည်ဟူ၍ သုတပညာကိုအလိုယှိသော ငရွှေအိုး-အမည်ယှိသော ဒါယကာသည် ဖြေဆိုတော်မူပါမည့် အကြောင်းကို လျှောက်တောင်းပန်ချက် ယှိသည်လည်း အကြောင်းတပါး။

(၃) ဤအမေးပုစ္ဆာတို့ကို မဖြေစွမ်းနိုင်၍သာ မဖြေနေသည်ဟု အချို့သောသူတို့က မိစ္ဆာဉာဏ်သက်ကုန်သည်ဟူ၍ ကြားရသည်လည်းအကြောင်းတပါး။

ဤအကြောင်းသုံးပါး ရောက်ပြန်လှာသောကြောင့် သုဒဿနစကြာမင်းသုတ်ကို ဟောရသည်ယှိသော် သတ္တဝါအပေါင်းတို့ မဂ်ဖိုလ်ရဘိသကဲ့သို့ ယခုဖြေဆိုလတ္တံ့သော ဝိသဇ္ဇနာကိုမြင်သဖြင့် သူတပါးတို့သုတပညာ ပွါးစေခြင်းငှါလည်းကောင်း, သုဘဒ်ရဟန်းကြီး ပစ္ဆိမသာဝကသို့ ရောက်တော်မူသကဲ့သို့ ငရွှေအိုး-အမည်ယှိသောဒါယကာအား ဗျာဒိတ်ပြည့်စုံခြင်းသို့ရောက်စေခြင်းငှါလည်းကောင်း, ဒေါနပုဏ္ဏားဓာတ်တော်ကို ဝေဘန်သဖြင့်အပြည်ပြည်ထောင်သားတို့ ရန်ငြိမ်းကြသကဲ့သို့လေးကောင်း, ဤအမေးပုစ္ဆာတို့ကို မဖြေစွမ်းနိုင်၍သာ မဖြေနေသည်ဟု အယူချွတ်ယွင်း မလင်းမှောင်ကျမောဟထန်သောသူတို့၏မိစ္ဆာဉာဏ်ကို ငြိမ်းစေခြင်းငှါလည်းကောင်း,သာကရာဇ် ၁၁၅၂-ခုနှစ်က မေးတော်မူသည်ကို အကြောင်းမညီမညွတ်သေး၍

မဖြေနေသောပုစ္ဆာတို့ကို လေးကောင်း, သာကရာဇ် ၁၁၅၇-ခုနှစ်သို့တိုင် ရောက်သောကာလမှ အကြောင်းတပါးနှင့် ညီညွတ်ပြန်သောကြောင့် အကြောင်းနှင့်လျော်စွာဖြေဆိုလိုက်ဦးအံ့။

သို့ဖြေဆိုမည်တွင် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်း အစောင်စောင်လာတိုင်း ကျမ်းဆရာတို့ဝါဒကွဲးတိုင်း အသီးသီး အခြားခြား ပါဌ်သား ဂါထာအဓိပ္ပါယတ္ထတို့ကိုယူငင်၍ ကုန်စင်အောင် ဖြေဆိုသည်ယိုသော် အလွန်ကျယ်လတ္တံ့ဖြစ်၍လေးကောင်း, ပုစ္ဆာစကားနှင့် ဝိသဇ္ဇနာစကား ခြားကြလတ္တံ့ဖြစ်၍လေးကောင်း၊ နောက်သားတို့ မှတ်သားလွယ်စေခြင်းငှါ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့နှင့်အညီ ပျှိုကိုပျှိုချင်း, ပိုဒ်စုံကိုပိုဒ်စုံချင်း မယွင်းမယိုမပိုမလျှံ ချေငံရှုံးစည်းလျက် စပ်နည်း ဟပ်နည်း သတ်နည်းမပျက်စေ၍ လောကဓမ္မ နှစ်ဝနှစ်လီ အဆီသွတ်သွင်း၍ မလင်းသောသူတို့မထိုက်လျှင်နေစေကာ ပညာယှိတို့၏နှလုံးကို ယူကျုံးယှိဘိသကဲ့သို့ ယှိအောင် အကျဉ်းအမြွက်မျှချုပ်အုပ်ထုတ်ဆောင်ဖြေဆိုလိုက်အံ့။

နိဒါန်းပုဒ်ကား ဤတွင်ရွှေပြီးပြီတေး။

---

## ကြည့်ကန်ကိုရှင်ကြီးအဖြေပိုဒ်စုံ

၁။ ထွေလာတတ်ဖွယ်၊ သမိုက်သွယ်လျက်၊ ငါးဆယ်ငါးထွေ၊ ပုစ္ဆာဖြေပိမ့်၊ မိုးခြေတိမ်စွန်း၊ ထိန်ထိန်ထွန်းသား၊ သုံးကျွန်းတန်ဆောင်၊ ယုဂန်တောင်က၊ နေရောင်သဖွယ်၊ သူမြတ်နွယ်တို့၊ ဉာဏ်ကျယ်အခွင့်၊ နာကုန်လင့်လေ၊ ရင့်ဆယ်စောင်မှတ်၊ မိန့်တော်မြတ်မူ၊ ဇာတ်တွင်အစ၊ နာရဒတည့်၊ လောကသာမိ၊ မာရဇိလျှင်၊ ပဋိသန္ဓေ၊ နေသောအခါ၊ အသဒ်ါရိက၊ ကျမ်းဝယ်ပြ၏၊ ကမ္ဗဂတိ၊ ဖြစ်တုံဘိကား၊ တြိအာရုံ၊ မြီးမကြုံရှင့်၊ ဘုံနိဗ္ဗာန်ထဲး၊ အာရုံမြဲး၏၊ မှတ်စွဲးစိတ်ယူ၊ ထားတော်မူလေ့၊ ဘုန်းလူမြတ်စွာ၊ ငယ်သောခါက၊ ရှာန်ပင်ရလည်း၊ ပဌမဉာဏ်၊ လောကီရှာန်သည်၊ ဖောက်ပြန်တတ်လျှင်း၊ မကြာယွင်းလိမ့်၊ မာရ်မင်းတိုက်နှင်၊ ရွှေပလ္လင်လည်း၊ ဆံမျှင်ခြမ်းမျှ၊ မြေကစွင့်စွင့်၊ ပေါ်မမြင့်တည့်၊ သုံးခွင့်သခင်၊ တို့ချစ်သျှင်လျှင်၊ ငြိုငြင်စွာလှ၊ ဒုက္ကရစရိယာ၊ ကျင့်သောခါတွင်၊ ဗောဓိပင်ကို၊ မြင်တော်မူသိ၊ ကျမ်းဝယ်ယှိ၏၊ ဝီထိပစ္စဝေက္ခဏာ၊ ဆင်ခြင်ခါလည်း၊ ဉာဏ်ဝါထွန်းပ၊ အရဟတ္တကို၊ အစမှတ်လေ၊ သုန္ဒရေလျှင်၊ ဆံရေလက်ရစ်၊ ညှစ်မညှစ်မှာ၊ ဋ္ဌကကထာဝယ်၊ မြေချာရက္ခ၊ ပေါ်လှာရဟ၊ သည်မျှသာထွက်၊ နဂါးလက်၌၊ ရွှေခွက်သိဂ်ီ၊ လေးလုံးမှာမူ၊ သဒ်ါရတရား၊ ဖြစ်တုံငြားး၍။ ရှည်လျားလတ်

သော်၊ တောင်ဝေးတော်တို့၊ မပေါ်ကွယ်လစ်၊ သဘောဖြစ်လိမ့်၊ တက်သစ်နေသွင်၊ ရွှေပလ္လင်မှာ၊ သိုးခွင်လူ့ဘ၊ နတ်ပေါင်းခလျက်၊ နေထသောခါ၊ မာရ်နတ်လာ၍၊ စက္ကဝါတိုက်၊ တံတိုင်းဆိုက်မျှ၊ ထိန့်ရိုက်ဗိုလ်ခြေ၊ စစ်သည်တွေနှင့်၊ လူ့ဆွေထွင်ရုံထား၊ တို့ဘုရားကို၊ ဆီးလားဖမ်းလား၊ ဆွဲငင်လားဟု၊ ကိုက်စားမတတ်၊ ညီညွတ်ထက်ကြပ်၊ ချဉ်းကြကပ်၍၊ ထပ်ခါထပ်ခါ၊ ညာသောခါလျှင်၊ ဗြဟ္မာသိကြား၊ နဂါးနတ်ပွဲ၊ သိမ့်သိမ့်ကြီးမျှ၊ စဥ့်ကွဲ့စဥ်ပြု၊ မရပ်ရအောင်၊ ပြေးကြသည်မှာ၊ ကြောက်၍သာတည့်၊ ပါရမီဘုန်း၊ မိုယ်းသို့ချုန်း၍၊ မာရ်ပြုန်းတီးသော်၊ အောင်ပူဇော်ဟု၊ အုတ်အော်ပုံယင်၊ လာပြန်ချင်၍၊ စွင့်လှူချက်၊ယှစ်ဆွပ်မြက်ကို၊ ရွှေလက်ကိုင်ကာ၊ ဗောဓိသာဝယ်၊ လက်ယာလှည့်ကြောင်း၊ ကျမ်းဟောင်းများစွာ၊ ဤမျှလာ၏၊ သာဓကကို၊ ထုတ်ဆောင်ဆိုပိမ့်၊ တိမ်ညိုအထဲ၊ ဝက်ဝက်ခွဲ၍၊ ပျံမြဲဆင်ပင်၊ ရွှေလွင်သို့၊ ရောက်ကျင်တုံငြား၊ ကောင်းကင်ဖျားက၊ မသွားဝံ့တံ၊ ရပ်တံ့ခဲ၍၊ သန္တိန္ဒြိန်၊ ချွန်းနှင့်နှိမ်သည်၊ ဇီဝိန္ဒြေ၊ သုန်းလေသည်သာ၊ မသွားပါမှ၊ လောင်းလျာမတ်ဖျား၊ စုံစမ်းငြားသော်၊ ဘုရားသခင်၊ မာရ်အောင်မြင်သည်၊ ပလ္လင်ဌာန၊ အောင်ဒေသဟု၊ သိရဘူးရှာ၊ တို့မြတ်စွာလည်း၊ ငယ်ကတည်းက၊ မြေကြန်စသည်၊ သိပ္ပများစွာ၊ တတ်ကြောင်းလာ၍၊ သမ္မာလည်းဖြည့်၊ ဉာဏ်တော်ပြည့်၍၊ အောင်မည့်ဒေသ၊ ရပ်ဌာနကို၊ သက်ျထွင့်ချာ၊စိန္တေယျာသည်။ ။အဇာနကင်း-ဇာနမင်း။

၂။ ဧသချာမှတ်လွယ်၊ နိဒါန်းသွယ်လျက်၊ ကျယ်ပုစ္ဆာပေါင်း၊ ရွှေဉာဏ်လောင်းပိမ့်၊ ဘုန်းကောင်းလူ့ဘ၊ နိမိသဝယ်၊ ပျော်စမ္ပာယ်၍၊ တင့်တယ်လှစွာ၊ နေသောခါတွင်၊ ဗြဟ္မာနတ်ပေါင်း၊ များသောင်းသောင်းလျှင်၊ ညွှတ်ပျောင်းခယ၊ ရောက်ကုန်ကြ၏၊ ကြွပြာငိုဟာ၊ ပြသောခါဝယ်၊ ဒေဝါနတ်များ၊ ဖူးရငြားလည်း၊ တရားမင်္ဂင်၊ မမြင်ကုန်သေး၊ မြှူယှက်မှေးလျက်၊ ဝိတက်ငြိမ်းရုံ၊ ယိုကြကုန်ရှင့်၊ လုံးစုံဘိမမ္ဘာ၊ ဆင်ခြင်ခါတွင်၊ စကြာဝဠာများလှ၊ အနန္တသို့၊ ပျံကြွရောက်သည်၊ ဆယ်ရပ်လည်သား၊ ရောင်ခြည်တော်မြတ်၊ ရူပဓာတ်မူ၊ သဉ်းလတ်သာသနာ၊ ကွယ်သောခါမှ၊ ဓာတုနိဗ္ဗာန်၊ မကြွင်းကျန်တည့်၊ အမှန်ကုန်စင်၊ ပြုလေကျင်လိမ့်၊ ညောင်ကျည်းပင်တွင်၊ လင်းလွန်ပင်နှိုက်၊ နေကျင်သောခါ၊ ဗောဓိသာကို၊ မျက်နှာတူရှု၊ ပြုတော်မူ၏၊မေရုဗဟိုရ်၊ လေးရောင်စိုသား၊ မြင့်မိုရ်ခန့်လုံး၊ ရွှေပန်းကုံးနှင့်၊ သုံးလူ့ထွင်ရုံထား၊ မြတ်ဘုရားအား၊ (တရားဟောကြောင်း၊ ခညွတ်ပျောင်း၍၊ တောင်းပန်သောခါ၊ မိုးဗြဟ္မာအား၊ သမ္ဗာဝါစာ၊ မဖြစ်ပါတည့်၊ )မိဂဒါဝယ်၊

တောရပ်ကျယ်လည်း၊ ပျော်ဘွယ်သာဘိ၊ ကျောင်းတော်ယို၏၊ ဂိရိဖ္ဖဇ၊ နဂရဟု၊ ပြည်မနဂိုရ်၊ ရာဇဂြိုဟ်မှ၊ နပျိုသာလွန်၊ ဝေဠုဝန်ကား၊ ရှေး တောင်ပါးတည့်၊ ဘုရားမြတ်စွာ၊ ရံအခါဝယ်၊ ဒေသစာချမ်းမြေ့၊ ကြွလေ့ ကား၊ ရှေ့နောက်မြောက်ဘက်၊ ကျွန်းသုံးချက်တွင်၊ အကွက်အကွက်၊ ကန့် လျက်ကန့်လျက်၊ ကျွန်းရံဘက်သို့၊ ရွှေစက်မချို၊ ကျွန်းဤတွင်မှ၊ ပစ္စန္တသို့၊ မကြွဒေသစာ၊ ကိုးရာအဝန်း၊ ဩဇာထွန်းသား၊ ဦးစွန်းသမိုက်၊ မဈော တိုက်ဝယ်၊ ဤနိုက်ကြွရှင့်၊ ပြည့်ဝစုံညီ၊ ဝေသာလီမှ၊ ဘုန်းဆီ တမွတ်၊ ပြန်ကြွလတ်သော်၊ ရေနတ်နဂါး၊ လှေအများနှင့်၊ ခံသွားကြောင်းမျှ၊ ကျမ်း ဝယ်ပြရှင့်၊ နာဂငါးရာ၊ လှေငါးရာဟု၊ ဋ္ဌကထာထဲ၊ မိန့်မှာခဲ့တည့်၊ ထိုပွဲး နိုက်တွင်၊ ကိုယ်ပွါးဆင်၍၊ ကောင်းကင်မပျံ၊ မြေယံမခွင်း၊ တို့သနင်း ကား၊ တစင်းလှေတွင်၊ စက်တော်ဘင်၏၊ ထက်ခွင်နတ်ရွာ၊ ဝါဆိုခါနိုက်၊ တာဝတိန်ယံ၊ အာရုံခံရှင့်၊ လျှံတလက်လက်၊ ခြေတော်စက်ကား၊ အကွက် အကန့်၊ ပိုင်းခြားတန့်၍၊ သီးသန့်ခွဲးခြမ်း၊ ရုပ်စုံဖမ်း၏၊ ပြိုးပြွမ်းစည်းဝေး၊ မယှက်ထွေးတည့်၊ ဘုန်းမွှေးချစ်သျှင်၊ နိဗ္ဗာန်ဝင်သော်၊ ဈာန်လျှင် အစစ်၊ ဇောနှောင်ဖြစ်၏၊ ပစ္စဝေက္ခဏာ၊ သမနန္တရ၊ စုတိကျဟု၊ အဋ္ဌကထာ၊ မိပ္ပါယ်သာရှင့်၊ အဿာသလော၊ ပါနလောဟု၊ သဘောထွေလာ၊ မေးသည် မှာကား၊ ဋီကာကျမ်းညို၊ ဖြေစိမ့်သိလေ့၊ စုတိစိတ်မှ၊ စ၍ပြန်ရုံး၊ ရေတွက် ကျုံးသော်၊ •သုံးဆဲ့နှစ်ချက်၊ စိတ္တက္ခဏာ၊ သည်ကစ၍၊ အဿာသဓာတ်၊ ပါနဓာတ်တို့၊ ဥပါဒ်ချင်းထိ၊ ကင်းကုန်ဘိ၍၊ စုတိစိတ်တိုင်၊ မရောက်နိုင်ခဲ့၊ သုံးဆိုင်သခင်၊ တို့ထိပ်တင်လျှင်၊ မဂ္ဂင်ညာဆန်၊ သဘောကန်၍၊ နိဗ္ဗာန် ဆိပ်သာ၊ ကူးသောခါသည်၊ ။အဿာသရှင်း- ပါနကင်း။

၃။ ဖွေရှာမှတ်ရှုယ်၊ မော်ကွန်းသွယ်လျက်၊ စစ်နှယ်မေးလစ်၊ စက် ဉာဏ်ဖြစ်ပိမ့်၊ သျှင်ချစ်လူ့ထွင်ု၊ လောင်းတော်မြတ်ကို၊ ပြာသာဒ် ရထား၊ ရွှေတလားနှင့်၊ သိုထားမသွင်း၊ စကြာမင်းသို့၊ ရွှေကျင်းတည်လုပ်၊ ရွှေခြင်း အုပ်ရှင့်၊ ရုပ်ဓာတ်တော်ပေါင်း၊ သဂြိုဟ်ယှောင်းသော်၊ ဥက္ကောင်းဘယ်သို့၊ ယှိုတို့လိမ့်မည်၊ ဆိုလတ်သည်မှာ၊ ရွှေပြည်နိဗ္ဗာန်၊ စံလွန်နီးမြောက်၊ ညဉ့်ဦး ရောက်က၊ မြောက်သို့ ဥက္ကောင်း၊ ပြုတုံယှောင်း၍၊ ညှောင်စောင်းခံပါ၊ အာနန္ဒာဟု၊ မြတ်စွာမိန့်ငြား၊ ဝါဒပြားခဲ့၊ နတ်များစုံပေါင်း၊ လုပ်ကျွေး ယှောင်းသော်၊ ဥက္ကောင်းရပ်ဌာန်၊ မူလေဟန်ကို၊ နိဗ္ဗာန်သုတ်မှာ၊ ဖွင့်မလာ တည့်၊ သိဂ်ါလသုတ်၊ ဆောင်၍ထုတ်သော်၊ ပြုဗ္ဗပြုရာ၊ ရပ်ဒိသာလျှင်၊ မင်္ဂလာဖြစ်ငြား၊ ရှေ့ရှုထားလိမ့်၊ ငါးထောင်သာသနာ၊ စွေသောခါတွင်၊ဗော

မိပင်သို့၊ မွေ့ရှင်အလုံး၊ စုလှာရုံး၍၊ ရွှေတုံးရုပ်ဖမ်း၊ ရောင်တော်လျှမ်းလိမ့်၊
ကျမ်းတစောင်ကား၊ မွေခါတ်များသည်၊ ဘုရားသဏ္ဌာန်၊ ဖန်ဆင်း ပြန်၍၊
နိဗ္ဗာန်ယူငြား၊ လူနတ်အားမူ၊ တရားသဘော၊ မပေါ်မဆောင်၊ ဗောဓိ
ညောင်နိုက်၊ ခြောက်ရောင်လွှတ်ခါ၊ အရိယာတို့၊ ကျွတ်ပါလိမ့်မည်၊ မိန့်
သည်ပင်တည့်၊ ပလ္လင်သိင်္ဂါ၊ ဘုကိဏ္ဏာနှင့်၊ မဟာဗောဓိ၊ မြတ်သီရိကား၊
မိတေယျညီ၊ မပွင့်မီဝယ်၊ တိမ်မြုပ်ကွယ်လိမ့်၊ အံ့ဘွယ်သာသနာ၊ ကွယ်
ပြီးခါမှ၊ ရဟန္တာစစ်၊ မဖြစ်တို့မှာ၊ မှတ်ကုန်ပါလော့၊ ကမ္ဘာသုည၊ ယင်း
ကာလနိုက်၊ ပစ္စေကဗုဒ္ဓါ၊ မပွင့်ပါတည့်၊ ပညာသဒ္ဓါ၊ ဝီရိယနှင့်၊ သုံးဝသုံးဖြာ၊
ပစ္စေကာလည်း၊ ပြားပါသည်ပင်၊ ကျမ်းနိုက်ထင်၏၊ သျှင်ပစ္စေကဗုဒ္ဓါ၊
ခါတ်တော်မှာမူ၊ နတ်နှင့်လူတို့၊ ပူဇော်ညွှတ်ခါ၊ သုံးလူ့ချာ၏၊ သာသနာ
မြတ်၊ ကွယ်လတ်သည်ပင်၊ ဖြစ်တုံကျင်လိမ့်၊ ရှင်ဒေဝဒတ်၊ မြေမျိုလတ်
က၊ နိရယဝယ်၊ ကြောက်မက် ဖွယ်တည်း၊ အဘယ်ခန္ဓာ၊ ယူဇနာဖြင့်၊
တရာကြီးဘိ၊ အဝီစိတွင်၊ ပငိုသန္ဓေ၊ နေရလေ၏၊ ရစ်ခွေပတ်ကုံး၊ နောတတ်
ဖုံးသား၊ ငါးလုံး တောင်တွင်၊ မဥ္ဇူပင်နှင့်၊ ရွှေစင် ငွေသား၊ ပတ္တမြားဂူ၊
ပြင်ဏယူလော့၊ ဇမ္ဗူပတ်ကုံး၊ သုံးကျွန်းလုံးမှာ၊ ဟိမဝါတော၊ ယိုလှည့်ဩ
ရှင်၊ မေဃောနတ်စည်၊ မိုဃ်းခြိမ်းသည်နှင့်၊ လျှပ်ခြည်ဝင်းဝါ၊ လင်းသည်
မှာကား၊ ဒေဝါမြှူးကြ၊ သည်ကာလဝယ်၊ စိတ္တပစ္စယ၊ ဥတုဇကြောင့်၊
သဒ္ဒဟိန်းလျက်၊ လျှပ်ခြည်ထွက်၏၊ သက်သက်တဝ၊ ဥတုဇတည်း၊ ဖြစ်ကြ
သည်ပင်၊ ကျမ်းဝယ်ထင်ရှင့်၊ ကောင်းကင်မိုးနိုက်၊ တိမ်တိုက် ချင်းချင်း၊
ခပ်မိလျှင်း၍၊ ဝင်းဝင်း လျှံလက်၊ ပြေးထွက်သည်ကို၊ ကြည်ပျံ့ ဆို၏၊
တောင်ပြိုလုနီး၊ မိုဃ်းစည်တီး၍၊ မြေကြီးဖြန်းဖြန်း၊ ကွဲးဘနန်းမျှ၊ ချုန်းချုန်း
ကျလျက်၊ နဗကိုးသင်း၊ မိုဃ်းကြီးခြင်းကား၊ နတ်မင်းအာဏာ၊ ကျမ်းနိုက်
လာ၏၊ ရောင်ဝါရွှန်းရွှန်း၊ ငွေလဝန်းကို၊ ဘုံနန်းတိုင်သာ၊ ရဟန္တာတို့၊
မြင်ပါကုန်ကြ၊ သည်ကိစ္စကား၊ ဒိဗ္ဗစက္ခု၊ ရှုတော် မူမြောက်၊ မိပ္ပါယ်
ရောက်ရှင့်၊ အနောက်ကမ္ဘေ၊ နေရှိန်တွေ့လျှင်၊ အရွှေ တခြမ်း၊ ငွေရောင်
သမ်း၍၊ ညှိုးနွမ်းသည်မှာ၊ လ-ရိပ်သာတည့်၊ သုံးရွာလူ့ဘ၊ သီရိန္ဒကား၊
ပဥ္စမဗောဓိ၊ စယှိသည်မှာ၊ ဆဲ့ငါးဝါဒီ၊ ညီညီသည်ပင်၊ ရှင်ဓမ္မပါလ၊ ဝါဒ
သဘော၊ တသွယ်ဟော၏၊ ဝုဍ္ဎောသုံးခါ၊ ဆိုသည်မှာကား၊ ဝါစာသိလိဋ္ဌ၊
စကားမြိတ်မျှ၊ ဖြစ်သည်ပဟု၊ ဌကထာဟော၊ ငိုကာပြောရှင့်၊ ဝုဍ္ဎောဝါရ၊
ဇောမကျတုံ၊ မှတ်ယူယုံလော့၊ ပရိတ္တာရုံဝီထိ၊ မိန့်ရှိသည်မှာ၊ ဋ္ဌကထာ
တည့်၊ ဖြဟ္မာမင်းကြီး၊ လက်ပန်းတီးသော်၊ မီးလျှံချင်းသာ၊ ထိပမာမျှ၊

ဖြစ်ကောင်းလှလျက်၊ စိတ္တပစ္စယ၊ ဥတုဇဟု၊ ဗြဟ္မာ့ဘော်ဇော်၊ အာနုဘော်ကြောင့်၊ သောင်းခေါ်တိုက်မှာ၊ သံကြားပါ၏ ့၊ ဗြဟ္မာထောင်ယှောင်း၊လက်ဆယ်ချောင်းကြောင့်၊ သောင်းစကြာဝဠာ၊ လင်းသည်မှာလည်း၊ အမိဋ္ဌာနိဋ္ဌိ၊ အလိုယှိမှ၊ လင်းဘိတို့စွာ၊ သည်ခြင်းရာကြောင့်၊ ခုမှာတမူ၊ သူရိန်ဝင်ဆိုး၊ မှောင်ရိပ်ဖုံးခဲ့၊ ကပ်လုံးကမ္ဘာ၊ ပျက်မည်ခါတွင်၊ ကြင်နာသနား၊ လူအများကို၊ တရားမြီးစွာ၊ စောင့်ကြပါဟု၊ ကာမာဝစရ၊ နတ်ဘုံကသာ၊ ကမ္ဘည်းမှာပိမ့်၊ လောက ဗျူဟာ၊ ကြားပေလှာသည်။ ။ဗြဟ္မာကကြွင်း ဒေဝမင်း။

သုံးပုဒ်တွင် နောက်ပုဒ်နှိက် ဗျူပွတ်ရရာ
ဝစနတ္တ သုံးချက် အဖြေသင့်ပိုဒ်စုံ
ဤတွင် ရှယ်ပြီးဖြေ့။

## ကြည့်ကန်ရေးကေမိုဒ်လက်ာ

မှတ်ဖွယ်နောင်လာ၊ ကမ္ဘည်းမှာပိမ့်၊ ရာကျော်ခန့်ဘိ၊ ကျမ်းပေါင်းယှိသား၊ ပါဠိအဋ္ဌကထာ၊ ဋီကာအညီ၊ ခြသေ့ဆီသို့၊သိင်္ဂီနားဝ၊နာခံရအောင်၊ လောကမေ့၊ ထုံးစံပြုရှယ့်၊ စစမကျန်၊ မိပ္ပါယ်ပြန်လျက်၊ နန္ဒဓဇာ့ဓ္ဒဏ္ဍသညာ၊ မည်ပေါ်ဟာနှင့်၊ ဤစာဖြေသူ၊ ငါတို့မှုကား၊ တောင်ငူပြည်ကြီး၊ ရှေးအတီးက၊ နေမီးတမျှ၊ စိုးစံပသား၊ နရသနင်း၊ ပြည့်သျှင်မင်း၏ ့၊ စက်ဝင်းမှုကုန်၊ ကိုယ်ယုံတော်ရင်း၊ ဆောင်မြီးမင်းဟု၊ နန်းတွင်းနန်းမြင်၊ ကျော်ထင်ယှားလစ်၊ ဘေးရှင်မြစ်တီ၊ ဆိုသစ်သိသိ၊ ကျမ်းပေါင်း ညှိရှယ့်၊ ဇာတိပုည၊ ဂုဏ်မာနဖြင့်၊ ဖော်ပြည္သန်လိုက်၊ နှိုးဆော်တိုက်သား၊ အကြံ့ကြံ ကြံဘိ၊ တော်ငြားမိရှယ့်၊ အရိယာပံသ၊ အာဒိစ္စရံသီ၊ သူမြတ်ဆီက၊ ထိုဤပုဒ္ဒာ၊ သေချာအပြား၊ ငါးဆယ်ငါးနှင့်၊ မေးလေခြင်းကြောင့်၊ သျှင်ပင့် သာသနာ၊ နေဝါလျှံဘိ၊ ဂဏန်းယှိတွင်၊ ပါဠိအဋ္ဌကထာ၊ ဋီကာဖွင့်လှစ်၊ ကျမ်းဆိုဥစ်ရှယ့်၊ ပြေပျစ်ချောညက်၊ မိပ္ပါယ်မြွက်သည်။ ။ဆောင်ရွက် မှတ်စေကုန်သတည်း။

ကြည့်ကန်ဘုံသာ ယွန်းကျောင်းသစ်နေ ရှင်နန္ဒဓဇ သူမြတ်ဆို။ ။ဤသိပ္ပံဆိုအပ်ခဲ့ပြီးသော ဋီကာစကားတို့၌ကို အရစ်-အမြစ်, အသတ်-အလတ်, အစပ်ရင်းက မတိမ်းမယိမ်းစေလျက် စာရေးကူးသူမေ့လျော့ရှယ့် အရေးအားဖြင့် ချွတ်ယွင်းရေးမိကာမျှ ယှိသည်ကိုတွေ့ချေခဲ့လျှင်—

(၁) -တစ္ဆေတို့ဘာသာ ခေါစာကိုလိုက ဖမ်းစားတတ်သည်။
(၂) လူလေတို့ဘာသာ ပြောစာကိုမလိုက ရမ်းကားတတ်သည်။

ဆိုဘိသကယ့်သိဝ် မြဲသော့ရှေ့ ယုန်သငယ်သွားမြဲင်း ကျွားချင်းကိုက်သမင်ငယ်ကူး ဘီလူးမလူတွေ ကြောင်ရှေ့-ကြွက်မြူး ဒွေးရူး-မြွေနန်း ဆင်ကန်း-တောဘိုး ခြေကျိုး ထန်းတက် အချက်မချ မာနထန်သွယ် စပ်လယ်စပ်ကြား လူ့ငွေးတို့က မည်သို့သော မည်ညာသော မည်ဝါသော စောဒနာအမြွက် ထောင်သည်ယိုသော် ရဟန္တာမှ ပမာဒကြောင့် လေခယွင်းယို ပျက်၏ ဆိုသော စကားရပ်တို့ကိုယူငင်၍ ဖြေတင်တော်မူအပ်၏၊ ဝိသဇ္ဇနာမှတပါး အတ္တအပိုဒ်၏ အဖြေဖုကိုလဲးကောင်း, သည်မှတပါးသော စကားလွယ်တို့ကို လဲးကောင်း ဂန္ထဂရုသာ ဖြစ်အံ့၊ အဘဲ့ကြောင့်ဖွင့်ဘိသနည်းဟူငြားအံ့။

အထက်အဖြေပိုဒ်တို့နှိုက် လည်းကောင်း, ၎င်းအပိုဒ်မှတပါးသော အရာတို့နှိုက် လည်းကောင်း စပ်ကြားသားတို့ အမြွက်ထောင်ကုန်သည် ယိုသော် ထိုအမြွက် ထောင်ကုန်သော စပ်ကြားစပ်လယ်နှိုက် ငဖယ်နံ-တက်ကုန်သောဘုတိဝ့်အား ကလုဠ်ရှေ့-နဂါးလှာသည်ဆိုဘိသကဲ့သို့သော စောဒနာများနှင့် မစောဒနာပေလင့်ဟု အရိယဝံသ အာဒိစ္စရံသီ သူမြတ်က ဖြေတော်မူစေခြင်းငှါ ပညာပွါးရန် သွင်းသင့် သွင်းထိုက်သော စကားစုတည်း။

**သံသယဝိသောဓနပိုဒ် ဤတွင်ရုယ့်ပြီးညော့**

ရူပါရမ်စိတ္တမိဒ္ဓိပေတ္တာ၊ အစဖြာလျက်၊ ကျမ်းလာနှင့်အညီ၊ ပကတိသောလူသာမညမတ္တတို့ကို၊ စော်စော်ကားကားမဆိုထားနှင့်၊ နတ်များပင်တသက်ပတ်လုံးကြည့်သော်လဲး၊ မြင်စော်မနံသာ၊ ဗြဟ္မာမင်းတို့၏ ဒိဗ္ဗစက္ခုဖြင့်ရှုသော်လဲး လေးလုံးမကွဲး၊ ဒေဝါတိဒေဝါ ဖြစ်တော်မူသော မြတ်စွာပုရဟားသခင်၏ သဗ္ဗညုတဉာဏ်စက္ခုဖြင့်သာ မြင်စကောင်းသော အလွန်သိမ်မွေ့စွာသော ပရမတ္ထအစု၊ အကုသိုလ်တရားတည်းဟူသော ရန်သူတို့ကို၊ မပျူကွာဝေး၊ ပြေးလွှဉ့်စေခြင်းငှါ၊ မဟာကုသလ၊ ဉာဏသမ္ပယုတ်ဝီထိနှင့်၊ သတိကိုမြှိုရိုးမြှိုတောင်ပြုစေကာ၊ ပညာတည်းဟူသော လက်နက်ဖြင့် တိုက်လှင့်မြှိုနှင်၊ ကြည်မြင်သည်ဖြစ်စေခဲသာဟူ၍ လည်းကောင်း၊ ပါတိမောက္ခံပိသောခေန္တော၊ အပ္ပေဝဇိဝိတံဇဟေ။ ။နက်လေး ဂါထာ လာသည်နှင့်အညီ၊ သီလသံဝရဘိဇ္ဇန ဖြစ်အံ့သောအရာဝယ်၊ လေးသွယ်သော

ပါတိမောက္ခမြို့ကို၊ မြတ်နိုးမပျက်၊ နှစ်သက်တော်မူသော ဇော့စေတနာ အရှိန်နှင့်၊ ဇီဝိန္ဒြေကိုမငဲ့ကွက်၊ သက်စွန့်ကျင့်ဆောင်တော်မူသည်သာ ဖြစ်ပါစေသောဟူ၍ လေးကောင်း၊ စာမရိဝါလဓိ-ဟူသောပါဠိနှင့်အညီ၊ ဇာ (မြီ) မည်သောသားသည်၊ မွေးဖျားတပင်၊ ချုံတွင်ငြိချေက၊ မထမသွားရက်၊ လွှန်စုံမက်၍၊ သက်စွန့်သည့်ပမာ၊ ဇာ(မြီ)ဝါပရိတ်ကို၊ ယိုဖိတ်မည့်အချက်ကိုလဲ၊ စုံမက်တော်မူသဖြင့်၊ သက်စွန့်ကြဉ်းဆောင်တော်မူနိုင်သည် ဖြစ်ပါစေသော ဟူရှယ့်လေးကောင်း၊ ဆုပဋ္ဌနာ မေတ္တာမပျက် ဆက်လှေ့ယှိပါသော ရောဝတီ၊ သီတာမြစ်ဆုံ၊ ကမ်းခုံနောက်ပါး၊ ငါးရထွင်း-ငါးပြန်ခန့်လောက်၊ အနောက်ဘက်တိုက်ကြီးအတွင်း၊ လင်းကတောဆယ်ရွာဝင်၊ ရေရဉ်ချောင်းဆန်၊ ရွာကြည့်ကန်က၊ နန္ဒဓဇ၊ ပဋိလောမ၊ သိန္ဓေဟဝါစာ၊ မေတ္တာစကား ပြန်ကြားလျှောက်လိုက်ပါသည်၊ ပါရမီတိံသ၊ ဇိနဆုယူ၊ ဖြည့်တော်မူလှေ့ယှိပါသော အရိယစံသ အာဒိစ္စရံသီ နောင်တော်သူမြတ်။

ညီတော်တို့မှာ၊ ရတနတ္တယ၊ နဘာဝတွင်၊ နောက်ကမေတ္တာ၊ ပဋ္ဌနာကြောင့်၊ မနှောင့်ဘေးဘျမ်း၊ ငြိမ်းချမ်းသင့်စွာ၊ သာသနာကို၊ ယထာသတ္တိ၊ စွမ်းယှိသမျှ၊ ဖြည့်ပေရသည်၊ အကြည်တော် သူမြတ်မှာလည်း၊ ဈေးနာစုံလင်၊ စက်လေးအင်နှင့်၊ အံလျှင်မပြီး၊ ရပ်ကြီးရွာကိုယ် ရပ်ထံ၊ လက်ဝဲးလက်ယာ၊ သဃ်ာတော်မြတ်တို့နှင့်တကွ၊ သီလတည်းဟူသောကနက်ထီးဖြူကို၊ လူလူဆောင်းမိုးကာ၊ ဖာသုဝိဟာရဖြစ်သဖြင့်၊ သုံးဆင့်သော သာသနာတော်မြတ် ထွန်းလင်းအောင်၊ ဖြည့်ဆောင်တော်မူရကြောင်း၊ ကောင်းမြတ်သော မင်္ဂလာစကားကို၊ ကြားရပေ၍လည်း၊ တကြိမ်မှတ်ရလျှင်၊ လေးလမှ အသံစဲးသော ဝိဇယုတ္တရသကြားခရုသင်းသံကို၊ နာခံရဘိသကဲ့သို့ လေးကောင်း၊ တဆဲ့နှစ်ယူဇနာ၊ ကျယ်လှစွာသော ဗာရာဏသီ ပြည်လုံး ချဉ်းအောင်၊ တသင်းသင်းတကြိုင်ကြိုင်၊ တလှိုင်လှိုင်တပျံ့ပျံ့၊ တနံ့နံ့တဧးဧး၊မွှေးကျူစေနိုင်သော ကဏ္ဍရုမဉ္ဇူသကနတ်ပန်းကို၊ နမ်းရဘိသကယ့်သို့ လေးကောင်း၊ တကြိမ်တလီမျှသုံးဆောင်ရလျှင်၊ ကာလဝွန့်ရှည်စွာ ဆာလောင်မွတ်သိပ်ခြင်း ကင်းငြိမ်းစေနိုင်သော နတ်သုဓာဘုတ်ဩဇာကို၊ လျှာနှိုက်တင်ရဘိသကဲ့သို့လေးကောင်း၊ သောမနဿတဒါရုံ၊ ကြိုက်ကြုံရှင်လန်း၊ ဝမ်းမြောက်ပါသည်။

ထူးလီလျှောက်ရန်မှာ။ ။ယသ္မိံ မနော နိဝိသတိ၊ စိတ္တဥ္စာပိ ပသီဒတိ။ အဒိဋ္ဌပုဗ္ဗကေပေါသော၊ ကာမံ တသ္မိမ္ပိ ဝိဿသေတိ။ ။မိန့်ဟိတော်မူသောဒေသနာတော်ဝယ်၊ တခါတကြိမ်မျှ မမြင်ရဘူးသည်ဖြစ်စေကာမူ၊ အကြင်

ဦးအောင်သိန်း



သူနိုက်၊ နှစ်မြိုက်သောစိတ်ဝင်၍၊ ကြည်လင်သော စေတနာ ရောက်က၊ စိတ်ဟိတိုင်း အကျွမ်းဝင်သည်သာ၊ အဓိပ္ပါယ်လာသကယ့်သို၊ သဟာယ ကြည်တော်မူလျက်၊ အထူးထူးသော ကျမ်းဂန်နှင့်ညှိရှုယ့်၊ ဟိပင်ဟိသော် လဲး၊ မဟိသကဲ့သို၊ သိပင်သိသော်လဲး၊ မသိသကဲ့သို၊ ကြို့ငဲ့တော်မူသော နိဝါတမင်္ဂလာနှင့်၊ ပုစ္ဆာစီရေးရှုယ့်၊ အမေးတော် ဟိသည်မှာ၊ ဗာလလူ မာနလူကိုကြဉ်၊ ပဏ္ဍိသူ-ဉာဏ်ယှိသူကိုယှဉ်၊ ချဉ်းလှာညာစားတို့ကိုဖိ၊ ပညာပွါးခြင်းအသွားညှိ၊ ယှိပြီးဖြစ်သော်ထပ်ရှုယ့်ပေး၊ သိပြီးဖြစ်သော်လဲး ထပ်ရှုယ့်မေး၊ ပေးကမ်းနိုင်က ရန်ယှားသည်၊ မေးမြန်းနိုင်က ဉာဏ်ပွား သည်၊ မျောက်သားမို့ စပ်ရအောင် မေးလေသည်၊ နောက်သားတို့ မှတ်ရ အောင်ပေးလေသည်-ဆိုဘိသကဲ့သို၊ ပျားနှယ်ပြားထုတ်ရှာဖွေ၍၊ ငါးဆယ် ငါးပုစ္ဆာတွေနှင့်၊ ဖြေနိုင်လျှင်ဖြေကြလေ၊ နေပိုင်လျှင်နေကြရေ့-ဆိုလသေး ပမာ၊ မလာဖြစ်သာနွေ့ရွေးလျှက်၊ ဒယာမေတ္တာရှေ့ပြေး၍ မေးတော် မူပေ သောကြောင့်၊ ။အစိန္တိတမ္ဗိဘဝတိ၊ ဗောဓိသတ္တာ စိန္တာမယာ၊ ဟူသော ဒေသနာတော်မြတ်အထွက်နှင့်၊ ဆက်ဆက်ဆံဆံ၊ ပန်းယှဉ်မှန်သဖြင့်၊ မကြံ ပဲးနှင့်စော်ကဲးမင်းဖြစ်သည်၊ အလောင်းမင်းကို၊ * ဖုတ်သွင်းရထားဆိုက် သည့်ဆိုဘိသကယ့်သို့အရေးတွင်။ ။မဆေးခင်က စင်နှင့်သည်။ ။မပြေး ခင်ကလျှင်နှင့်သည်။ ။မရေးခင်က ထင်နှင့်သည်။ ။မပေးခင်က ခင်နှင့် သည်။ ။မဝေးခင်က နှင်နှင့်သည်။ ။မလေးခင်က တင်နှင့်ဩည်။ မအေး ခင်က ကင်နှင့်သည်။ ။မမွေးခင်က ဆင်နှင့်သည်။ ။မနှေးခင်က ယှဉ်နှင့် သည်။ ။မလွေးခင်က ဝင်နှင့်သည်။ ။မသွေးခင်က တင်နှင့်သည်။ ။ မနွှေးခင်ကနွှင်နှင့်သည်။ ။မဆွေးခင်ကလွင်နှင့်သည်။ ။မမွေးခင်က၊သင် နှင့်သည်။ ။မမေးခင်ကပြင်နှင့်သည်။ ။မချေးခင်ကခြင်နှင့်သည်။ ။မထွေး ခင်က သင်နှင့်သည်။ ။မတွေးခင်က မြင်နှင့်သည်။ ။မသုံးခင်က ကုန်နှင့် သည်။ ။ဟူသော သူတော်ကောင်းတို့ ထုံးလည်း၊ တွက်ကျုံး ဝင်ပြန်သော ကြောင့်၊ ကြိုတိုင်းလည်းမပြီး၊ တီးတိုင်းလည်းမမြည်၊ တည်တိုင်းလည်းမနေ၊ စေတိုင်းလည်းမရောက်၊ ပေါက်တိုင်းလည်းမရှင်၊ ရှင်ကြည်လျက် လမ်း သာသည်၊ ကြင်ပါလျက်ကျွမ်းသာသည်၊ မြင်ပါလျက် စမ်းသာသည်၊ ခင်ပါ လျက် ခမ်းသာသည်၊ မင်ပါလျက် လှမ်းသာသည်၊ မေးချင်က မြန်းသာသည်၊ ပေးချင်က ကမ်းသာသည်၊ ရောက်ချင်က လှမ်းသာသည်၊ လာချင်က လမ်း

---

* ကျမ်းဂန်မှာ ဖုတ်သွင်းရထား ဟူ၍မလာ၊ ဖုသရထား, ဖုဿရထား ဟူ၍ လာယှိသည်၊ မူရင်းအတိုင်းသာမပြင်ဆင်ပဲး ထည့်သွင်းလိုက်သည်။

သာသည်၊ လမ်းသာက ခုန့်သင့်သည်၊ ခန့်သင့်မှ ခွင့်လျော်သည်၊ ခွင့်လျော်မှ စိုးပိုင်သည်၊ စိုးပိုင်ကမှဆိုင်သည်၊ ဆိုင်ချင်ကပိုင်သာသည်၊ ကြိုင်ချင်က လိုင်သာသည်၊ လောကနီဿယည်း၊ ထုံးနည်းနယ၊ ကမ္ဘာ့ကြက်သရေ ဥပဒေကဲ့သို့၊ ကြီလေတိုင်းမြီးရှမည့် ကေန်တွင်၊ မကြီ့တကြီနှင့်ပင် ငြိုးတော့သည်၊ အရေးဖြစ်၍ မေးတိုင်းကြိုက်ရမည်၊ ဖြေတိုင်းလိုက်ရမည်၊ ပေးတိုင်း ပိုက်ရမည်၊ လက်တွင်လျှော်ကား ရွှေချခြေတော်တင်၊ သမ္မာစစ်လှခက်ရင် ဖော်ထားဖြေမှ၊ မြေပေါ်တွင် ဉာဏ်မြန်ဖြစ်သည်၊ အရေးထွက်လှင် စေထိုက်သည်၊ အမေးခက်လှင် ဖြေလိုက်မည်၊ အမေးအဖြေမြောက်၊ မေတ္တာ ရောက်ကသည်မှာမှလူ၊ အာကလူ၊ သဲ့လူ၊ အိုဘဲ့လူ၊ ကြောက်ဖွယ်လူ ဟူသောသူဟောင်းတို့လက်စ၊ လောကဥပမည်း၊ ကမ္မည်းသမိုင်း၊ မော်ကွန်းနိဒါန်း၊ ထုံးတမ်းထုံးစံ၊ လျော်ပြန်သည့် အနေနှင့်၊ ရွှေကိုကားရွှေ၊ ငွေကိုကားငွေ၊ လှေကိုကားလှေ၊ လူကိုလူပင်၊ ရှင်ကိုရှင်၊ ဆင်ကိုဆင်၊ မြင်းကိုမြင်း၊ မင်းကိုမင်းနှင့်၊ အတော်သင့်ဆိုဘိသကဲ့သို့၊ မြို့ကိုမြို့ချင်း၊ ဆက်သွင်း ဖြေဆိုမည့်အကြံနှင့်၊ မြန်လျောက်လိုက်ဖူးသည်၊ ရှေးဦးကင်တပ်စား၊ မေတ္တာ ဂဟောဆော်တွင်၊ ကိုယ်တော်မြတ်တို့မှာ တမူကား၊ သတင်းကို စာသော်၊ ရှုလှလှိုထင်သည်၊ ခံတွင်းဟသော် အူမကိုမြင်သည်၊ မအေကို မြင်သော်၊ အသွင်ကိုမိသည်၊ အဖြေကိုမြင်သော်၊ အတင်ကိုမိသည်၊ အမေး ရှမ်ရည်ကို စုံစုံလင်လင် ,အဖြေဟုတ်မည်၊ကုန်ကုန်စင်စင်သိမြင်ပြီးသော သဘောဟိသည်နှင့်ထပ်ဆင့်၍၊ အကြည်တော် မစေနေတော် မူသောကြောင့်၊ ဖြေလျှင်လည်း ဖြေလွယ်သည်၊ နေလျှင်လည်း နေသာသည်၊ စကားတည့်နှစ်ဖြာ၊ နေသာအချက်၊ကိုယ်နှင့် ကွက်ကျ၊ စိတ်ကူးမြန်၍၊ ဉာဏ်ဇာနခြေမကွန်း၊ အခွန့်ရှည်စွာ၊ ပုစ္ဆာမဖြေနေတော်မူသည်၊ သည်အချက်တွင်၊ တခါပြရင်း၊ သီတင်းသုံးဘော်၊ ကိုယ်တော်မြတ်မှတပါး၊ စပ်ကြားတွင် လျှောက်ပြန်လှာ သောကြောင့်၊ ဖြေလိုက်ပြန်ပါသည်။

သို့ရာတွင်၊ အရင်းစစ်သော်၊ အမြစ်မြေကြီးက၊ အခင်းဖြစ်သော်၊ အမြစ်ဖွေမှ၊ အမြစ်ကောက်၍ ကွယ်လေသည်၊ အမြစ်ရှောက်၍ နွယ်လေသည်၊ ဆိုဘိသကဲ့သို့၊ ကိုယ်တော်မြတ်နှင့်၊ စပ်နွယ်ရင်း ပုစ္ဆာဖြစ်စေ သည်လားတကြောင်း၊ အမေးကျွဲကျောင်း၊ အလောင်းဖြေသူ၊ ရှေးလူတို့စကား၊ ထင်ရှားဟိသည်ကို သိတော်မူသည် မှန်ဘိသည်၊ ဆိုမိအောင် ပေးလေသည်၊ ဂုဏ်ဟိအောင်မေးပေးသည်၊ ဆိုဘိသကယ့်သို့၊ မေတ္တာတော် ရှေ့ပြေးနှင့်၊ မေးတော်မူပေးသည်၊ ကျေးဇူးအထူး ဟိပေ၏ဟု အောက်မေ့ ပါကြောင်း

ကို၊ သိတော်မူစေလိုသောကြောင့်၊ အကြင်နာသူမလတ်အား၊ အလျင်လာသူမပြတ်သား ဆိုဘိသကယ့်သို့၊ မေတ္တာမပျက် ဆက်ပါကြောင်းကို သိစေတော်မူလိုသည်လည်းတကြောင်း၊ လှေတက်ပါက မြစ်နားဆန့်၊ နေရပ်ကွာက မေတ္တာခံ ဆိုဘိသကယ့်သို့ ပို့တော်မူသော မေတ္တာတော်ကို၊ မပြတ်နိုင်ယံ ခံယူ ပါလိုသည်လည်းတကြောင်း၊ လက်ဖျားခါးလှုပ်၊ လျှာကိုထုတ်၍၊ အဟုတ်သခေါ်ဖြစ်လိမ့်မည် ဆိုဘိသကကယ့်သို့၊ စီရင်လိုက်သော ပုစ္ဆာစကားမှာလဲ၊ လျှာဖျားလှုပ်လျှင် ခွေမတတ်၊ လက်ဖျားကို လှုပ်လျှင် ကြွေမတတ်၊ အလွန်ကောင်းမြတ်၊ ဤအရပ်ထက်ဝန်းကျင်၊ သျှင်လုရဟန်းပင်၊ဆန်းကြယ်ပြေပျစ်၊ အနှစ်သာရနှင့်ပြည့်စုံပေ၏ဟု ကြည့်ရှုတော်မူပြီး၍ ထားပါကြောင်း၊ တပည့်သင့်ယ်တို့ကိုလဲ၊ ထိုတရားဆိုပုစ္ဆာကို၊ ဝါစုဂ္ဂတ၊ လျှာဖျားယွှအောင်၊ရရဆောင်ရှယ့်၊ လေ့လာပါရစေကြောင်း၊ သို့အကြောင်းကြောင့်၊အဆစ်အဆစ်၊သနစ်သနာ၊ အဖြေစာနှင့်၊ ပျူငှါမပြား၊ မုသားမပါ၊ မာယာမထုတ်၊ ဝေဝုစ်မသွယ်၊ ပရိယာယ်မသွတ်၊ လောကဝတ်ပလာ၊ ဟုတ်တိုင်းသာလှင်၊ မေတ္တာဆက်မေတ္တာခံ၊ အတန်တန်မင်္ဂလာရိပ်နှင့်၊ အဘိက္ကန္တဇုဋ္ဌ၊ အဒေါသပိယဒယာ၊ သိန္ဓေဟာ၊ မေမမဂါရဝါ၊ မေတ္တာစကား၊ပြန်ကြားလိုက်ပါသည်၊ အကြည်တော်သူမြတ်ဘုရား။

မှတ်ချက်။ [ကြည့်ကန်ကိုရှင်ကြီးက မုံရွေးဆရာတော်ကို အဘယ့်ကြောင့် အကြည်တော်ဟု ခေါ်ဆိုပါသနည်း-မေး၊ မုံရွေးဆရာတော်ထက် ကြည့်ကန်ကိုရှင်ကြီးက အသက်တော်ကြီးသောကြောင့်ဟု-ဖြေ။

ကြည့်ကန်ကိုရှင်ကြီး ၁၁၁၉-ခုဖွား၊ နံ-စနေ၊ ဘွဲ့ ရှင်နန္ဒမေ။ မုံရွေးဆရာတော် ၁၁၂၀-ခု၊ ဇေဋ္ဌနှစ်၊ နယုန်လဆန်း ၄-ရက်ဒိနင်္ဂနွေနေ့ဖွား၊ဘွဲ့ အရိယဝံသအာဒိစ္စရံသီ။

ဤအမေး အဖြေ ပေမူစာအိုအိုမင်းမင်းတစောင်သာရပါသည်၊ မူကွဲမရ မတိုက်ဆိုင်ရ၍ မှန်မမှန်ကို ဆင်ခြင်တော်မူကြပါကုန်၊ လောကနိုက် အမှတ်ပြုကြသည်မှာ ကြည့်ကန်အမေး, ပုံရွေးအဖြေ ဟူ၍သာ ပြောဆိုသူများကြပါသဖြင့် ထိုအယူဝါဒကို ပဟာယ ပြုတော်မူကြရန် ထည့်သွင်းလိုက်ပါသည်၊ အက္ခရာအသုံးအစွဲ, အရေးအသားကိုလည်း ပေမူတွင် ယှိသည့် အတိုင်း ထည့်လိုက်ပါသည်။

ကျည်းကန်, ကြဉ်းကံ, ကြိုးကံ, ကြေးကန်, ကျေးကန် ဟူ၍ အရေးအသားကို တွေ့ရပေသည်၊မည်သည်က မှန်မည်ကို သေချာအောင် ဆုံးဖြတ်ချက်မတွေ့ရပေ၊ ကျည်းကန် ဖြစ်တန်ရာသည်ဟု ထင်၏၊ ထင်သော်လည်းအထင်လွဲဖြစ်၏။

အကြောင်းကား အလောင်းစည်သူမင်းကြီးသည် ဖောင်တော်နှင့်ချီလာရာ ဤဌာနသို့ ရောက်၍ ကုန်းပေါ်သို့ တက်တော်မူပြီးလျှင် ရှုတော်မူကြိုက် ရေမွတ်သိပ်သောကြောင့် ဤနေရာတွင် ရေကန်ဖြစ်ပေါ်လာလျှင် ကောင်းလေစွဟု ကြည့်တော်မူခိုက် ရေကန်ကြီးဖြစ်ထွန်းပေါ်ထွက်လာရာ ရေမွတ်သိပ်ခြင်း ကင်းသဖြင့် ဤအရပ်ဌာနသည် ပုဗ္ဗနိမိတ်ထူးပေသည် တမုံ့၊ နောင်သောအခါ ကြည့်ကန်မြို့ရွာ ဖြစ်လိမ့်မည်ဟု-အလောင်းစည်သူ မင်းကြီး မိန့်တော်မူကြောင်းကိုကြည့်ကန်မြို့သမိုင်းပရပိုက်မှုနှင့် တနသ်ာရီတိုင်း ထားဝယ်ခရိုင်-မအံမြို့-ဖုန်းမြတ်ကြီးကျောင်းနိုက် ယိုသည်၊ ယင်းသည်ဖုန်းမြတ်ကြီးကား-ကြည့်ကန်မြို့ဇာတိဖြစ်၏။

မုံရွေးဆရာတော်အမေး,ကြည့်ကန်ကိုရှင်ကြီး
အဖြေ ဤတွင်နိဋ္ဌိတံ။

---

## ၂၆၅-အမိန့်တော်ရမင်းဦးပုတ်နှိစီရင်ရေးသော မဟာဗောဓိ မဏ္ဍဒီပနီကျမ်းယှိနှိဂုံးလကာပိုဒ်စုံ

၁။ အောင်ခန်းမြေချာ၊ ဘူသိဓါဟု၊ ကြေညာထက်အောက်၊ ပြိုင်တုပျောက်သား၊ ဘုန်းခြောက်ပါးရှင်၊ ငါးမာရ်နှင်တို့၊ ဘိထင်ဧဝ ယျ၊ စုံလောက်သည်း ဌာနနက်သန်၊ သည်ရပ်ဌာန်ဝယ်၊ ဗိမာန်ဗုဒ္ဓဟော၊ ညောင်ကွန်းဘွေ၏၊ ကြက်သရေထူး၊ ဂုဏ်ပုံပြူးကို၊ ခြီးကျူးကြိုင်ငါ၊ မစွမ်းသာတည့်၊ ဖြဟ္မာမိုးနတ်၊ ရှိကျိုးညွတ်လျက်၊ အမှတ်ဤတွင်၊ တို့ချစ်ရှင်၏၊ အောင်မြင်သစ္စာ၊ ပွင့်လေရာဟု၊ မကွာတစေ၊ ရှိပန်ခွေ၏၊ သပြေကျွန်းသူ၊ သမာယူတို့၊ ထိုတူတငြမ်း၊ သဘောတမ်းတည့်၊ လမ်းရိုးနှိုးနွယ်၊ ရှည်ကပ်သွယ်လံည်း၊ ခပ်ဖယ်ဓလေ့၊ အမှတ်ရှေ့၍၊ ထောင့်ကွေ့ရှိုင်းသွား၊ တကိုဏ်းခြားသည်၊ ပုဏ္ဏားဖြာဟွဏ၊ ခတ္တိယက၊ ဗိသျှ-သုဒ္ဒိယာ၊ စဉ်လာဖြာသား၊ များစွာတွက်ရေ၊ မဇ္ဈိမနေတို့၊ ပရမေထွင်၊ တမွတ်သကျ၊ သိဒ္ဓတ္တ၏၊ ဗုဒ္ဓပညာ၊ လိုသိရာဟု၊ မိလာဘမျိုး၊ အရိုးစဉ်စိုက်၊ ဤမျှလိုက်၍၊ မှတ်ပိုက်သေခွေ၊ နံ့သာရေဖြင့်၊ သွန်းချေပူဇိ၊ တစေရှိ၏၊ တြိခန်းဂေ်၊ နှစ်သက္ကရာ၊ စခဲ့လာသည်၊ သချ်ာသရုပ်၊ ဗုဒ္ဓပ္ပါဒ၊ ကာလမြင့်ကြာ၊ ရှည်ပြီးစွာလည်း၊ ပေါရာဏက၊ မြစ်ရင်းစကို၊ ဘွဲ့ဆဆေးကြော၊ ရှာစုဒ်စောသည်၊ ဥရောပသား၊ လူတလွှားက၊ စသည်များဖြင်၊ ပုံအယင်တို့၊ ဤလျှင်မဉ္ဈတ်၊ မင်းသိဒ္ဓတ်၏၊ အမြတ်ပညာ၊ ရတော်စွာဟု၊ ကျမ်းလာနှိုင်းညှိ၊ ဟုတ်တိုင်းသိသည်။ ။ကိတ္တိကြေညာတက်လင်းတည်း။

၂။ ညောင်နန်းဝေဆာ၊ ပင်မြတ်စွာကား၊ ငါးဖြာမိန့်ခွန်း၊ ဗျာဒိတ်ညွှန်းတွင်၊ တင့်ရှုန်းကြဲဘာ၊ ဝှဲးချိုသာ၏၊ ကမ္ဘာဘဒ္ဒ၊ မြတ်သေဋ္ဌနိုက်၊ လောကနာထံ၊ ထွင်ဂုဘုန်းလျှံတို့၊ အောင်လံလွှင့်ဆင်၊ ဗောဓိရှင်ကို၊ ဆောင်တင်စိုက်ရာ၊ မှန်လှစွာသား၊ လင်္ကာဒီပ၊ သီဟဠနိုက်၊ ဒက္ခိဏကိုင်း၊ ကွန့်လိုင်းယှက်ဝေ၊တက်သစ်နေသို့၊ပရမေသကျော်၊ စောမြတ်စွာ၏၊သာသနာ မြစ်၊ ထွန်းခဲ့သစ်ရှင့်၊ မြိုက်နှစ်ဓမ္မ၊ လက်ဆုပ်ရသား၊ မြေများနောင်ကြီး၊ဌာန သီးဝယ်၊ ထီးရာဇပလ္လင်၊ မထင်ပေါက်ပြ၊ ဘူပါလတို့၊ သောဠသနယ်၊ ဝေးလွန်ကျယ်လည်း၊ အံ့ဘွယ်စုံလင်၊ ဗောဓိပင်ကို၊ ဖူးမြင်လိုငှါ၊ နှစ်စဉ် လာ၍၊ ပူဇာစုံဖြိုး၊ ခုတိုင်ကိုး၍၊ ထိပ်မိုးလုဘာ၊ မုနိန္ဒ၏၊ ဓမ္မကြွမွေး၊ တရား ဆေးကို၊ မြတ်လေးနှစ်ချိုက်၊ မသုံးထိုက်၍၊ အမိုက်မှောင်တွင်း၊ ထဲးမ လင်းလည်း၊ ပင်မင်းမဟာ၊ မြတ်ရုက္ခာကို၊ ဗြဟ္မာမင်းလျှင်၊ စိုက်လတ်ကျင် ဟု၊ ခံမင်မပြတ်၊ အစဉ်မှတ်လျက်၊ အမြတ်တနိုး၊ ရှိညွှတ်ကျိုး၏၊ အရှိုး ကျမ်းဂန်၊ ဖောက်မပြန်လျက်၊ ဖြောင့်မှန်သမ္မာ၊ စဉ်ဆက်လာဖြင့်၊ သာသနာ တည်၊ ငါတို့ပြည်ဝယ်၊ ဘုန်းစည်စောထွင်ရ၊ သမ္ဘိန်ဇာတ်မှ၊ မပြတ်ဆက် ရှည်၊ မလည်နေညွှန့်၊ ကွန့်ခဲ့အလိုင်း၊ ဂိုဏ်းသာကီယ၊ ပဝရဟု၊ လောကအ လုံး၊ ပတ်ကုံးဝန်းကျင်၊ မွှမ်းဖြင်ကြော်ထိတ်၊ အောင်ဘိသိက်ဖြင့်၊ ဝိသိဋ္ဌရာ ဇိန်၊ နရာသိဟ်တို့၊ မုနိန်ပရမေ၊ သုံးလုဘွေ၏၊ မာန်ချေအောင်ရာ၊ မြေချက် ချာကို၊ ပန်ထွာမပျက်၊ လှူတော်ဆက်၏၊ ပြည့်နှက်ဂုဏ်ထူး၊ ချီးပွဲးကျူး လည်း၊ ကျေးဇူးတိုင်းသိ၊ အံ့ဘွယ်ရှိသည်။ ။ဣဒ္ဓိ တေဇာယှက် ဝင်း တည်း။

၃။ ရှောင်ပန်းချွေရာ၊ မဇ္ဈေချာဝယ်၊ အပရာဇိ၊ ပင်ဗောဓိသို့၊ မုနိ မြတ်စွာ၊ သာသနာလျှင်၊ ဆဒ္ဒါစတု၊ ဒွေးအပြုတွင်၊ အံ့သုမာနုန်း၊ ပြင်ခန်းစံ ကြွ၊ မကာရဝယ်၊ (အဂ္ဂမဟာလင်္ကာရကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု)၊ သုံးလုသဏ္ဍာ၊ ဖြစ်ကြောင်းရှာသည်၊ သင်္ဇာဘုန်းဟော့၊ ဂုဏ်ဧပေါင်းလွှ့ ကား၊ ခြသေ့တောစိုး၊ ငဲ့မစိုးသို့၊ တစိုးတစိ၊ မြှုမငြိဘဲး၊ သုဒ္ဓိသီလ၊လုံလောက် သည်၊သမဏပစ္စ္၊ နောက်တော်ပါသား၊ သဃ်ာဒထေရ်မွန်၊ သုံးကျိပ်လွန် နှင့်၊ ရှေ့ညွှန်လှမ်းရာ၊ တူလိုက်ပါ၍၊ မြေချာအောင်နန်း၊ ညောင်ဘုံကွန်း နှင့်၊ ငါးခန်းမာရ်နှင်၊ မြတ်ပလ္လင်မှ၊ စသည်မြေကြွန်၊ သတ္တဌာန်ကို၊ စိတ်သန် မနော၊ ပီတိပြော၍၊ အံ့မောထူးလည်၊ ဖူးရသည်ကြောင့်၊ ရွှေတည်သဒ္ဒါ၊ ဆင့်နိုးဖြာလျက်၊ ဟံသာဝတ၊ ဥက္ကလဟု၊ ဒေသအောင်မျှိ၊ ရန်နှင်မြို့တွင်၊ မောက်မို့လျှံထွား၊ ကျောက်တံတားလျှင်၊ ဘွားရာဇာတိ၊ မှန်လှဘိသည်၊

သု-စိ-ပု-ဘာ၊ လိုက်နာမဥ္စ၊စဉ်းသေရ၍၊ ကာလဘူတ၊ သစ္စာ့သုံးချက်၊ ရှိပန်
မြွက်လျက်၊ လွှတ်တက်ရုံးလေ့၊ မင်းပွဲးမွှေသား၊ ရွှေရုပ်မိန့်ရ၊ ဘိခေနမူ၊
ပုတ္တရတ္တာ၊ အကြင်ငါသည်၊ နောင်လာမျိုးပေါင်း၊ မှတ်ယူကြောင်းဖြင့်၊
မူဟောင်းနည်းမိ၊ စောင်းကြိုးညှိသို့၊ (ဗောဓိမဂ္ဂဒီပနီ၊) စာအဆိုကို၊ နည်း
မှီသေချာ၊ ထုံးမကွာအောင်၊ ဘာသာထူးခြား၊ အပါးပါးမှ၊ မှတ်သား
စလောက်၊ထုတ်နုတ်ကောက်၍၊ ရွှေနောက်င်းနှိုင်းရှု၊ စိမံပြုရှင့်၊ စတုဇယ၊ဒွိဇ
ကဝယ်၊ မိဿလနှောင်း၊ ဖြဟ္မာခေါင်းလည်း၊ ပြောင်းလှူတျားတျား၊ လရ
ထားနှင့်၊ နေသွားစခန်း၊ နီးမယွန်းတည့်၊ ပြည့်စန်းရောက်ရန်၊ နှစ်ရက်ကျန်
နိုက်၊ သာယဏှခါ၊ ချိန်သင့်စွာတွင်၊ ညိုခါဆုံးဖြတ်၊ ပြီးဆုံးသတ်၍၊ လေး
မြတ်လှစွာ၊ စင်သဒ္ဓါဖြင့်၊ ငါးဖြာမာရ်လှစ်၊ ဇအောင်ရာစစ်ဟု၊ သစ်သစ်မချို့၊
ထင်ရှားဘို့တည်း၊ သမ်းညို့မမှိန်၊ ဉာဏ်ဝရဇိန်ဖြင့်၊ မုနိန်ကိုယ်ပွား၊ ယူကိုး
စားလျက်၊ မြသားရောင်လွှင်၊ ဗောဓိပင်ကို၊ ကြည်ရွှင်ပီတိ၊ ကော်ရော်ဘိ
လော့။ ။သိဒ္ဓိဇေယျ လက်ငင်းတည်း။

အမှာ။ [ဤပိုဒ်စုံလက်ာသည် မိမိဆရာရေးသားသီကုံးသည်ဖြစ်၍ ဆရာကို အ
လေးအမြတ်ပြုသောအားဖြင့် မပြတ်ကြည်ညိုသောအားဖြင့် ထင်းလျား
စေရန် ထည့်သွင်းလိုက်ပါသည်၊]

**ရှေးဟောင်းကဗျာများပြီး၏။**

# ၅။ အထွေထွေမှတ်ဘွယ်

## ၂၆၆-စာဖတ်စာရွက် နှုတ်ခမ်းနှုတ်လျှာ အသံအသင့်ထားရန် ၁၂-ပါး ယှိကြောင်း

စာရွတ်ဖတ်ရန် ၁၂-ပါးဟူသည်ကား-

| | | | |
|---|---|---|---|
| ၁။ | သံလွတ်။ | ၇။ | သံဖြတ်။ |
| ၂။ | သံလွင့်။ | ၈။ | သံနုပ်။ |
| ၃။ | သံရင့်။ | ၉။ | သံဒုပ်။ |
| ၄။ | သံညှင်း။ | ၁၀။ | သံပေါ။ |
| ၅။ | သံပြင်း။ | ၁၁။ | သံငေါ။ |
| ၆။ | သံရပ်။ | ၁၂။ | သံတမ်း။ |

ဟူ၍ ယှိလေသည်။

နှုတ်ခမ်းနှုတ်လျှာ အသာအသင့်ထားရန် ၁၂-ပါးဟူသည်ကား—

| | | | |
|---|---|---|---|
| ၁။ | အဖွင့်။ | ၇။ | လေဖြေး။ |
| ၂။ | အပိတ်။ | ၈။ | လေထုတ်။ |
| ၃။ | အလိပ်။ | ၉။ | လျှာလှုပ်။ |
| ၄။ | အဖြန့်။ | ၁၀။ | လျှာလိပ်။ |
| ၅။ | အဆန့်။ | ၁၁။ | လျှာပိတ်။ |
| ၆။ | အကွေး။ | ၁၂။ | လျှာထား။ |

ဟူ၍ ယှိလေသည်။

ထိုဖော်ပြအပ်သော ဖတ်နည်း ရွတ်နည်းတို့ကို သေသေချာချာ တတ်စွမ်းနားလည်သောဆရာတို့ထံတွင် ကျိုးနွံစွာသင်ကြားမှ ခြားခြားနားနား တတ်မြောက်ချေမည်၊ သာမညနှင့် တတ်မြောက်လိမ့်မည်မဟုတ်ပေ။

ပျို့,ကဗျာ, လင်္ကာ,မော်ကွန်း, ချေင်း,ရတု,ရကန်, အဲး,အဲ့, သာချင်း, ဧကပိုဒ်,ခွဲးထား,ပိုဒ်စုံ, မဂဓဘာသာ, ပါဠိသာသာ, သကၠဋဘာသာ, မြမ္မာဝေါဟာရ, ပေါရာဏစသည်တို့ကို ဖတ်ရွတ်သောအခါ သဒ္ဒါဆယ်ပါးနှင့်ညီအောင် ဖတ်ရွတ်နိုင်ရမည်၊ မဖတ်ရွတ်နိုင်သော သူတို့သည် ပညာယှိကဝိသူမြတ်တို့နားနှိုက် ကြားရခြင်းသည် မချမ်းသာအောင် ယှိတတ် ချေသည်။

သို့ကြောင့် ကိုးခန်းပျို့တွင် "ပုဒ်စပ်ချောမွေ့၊သန္ဓေ့ခြားဖြတ်၊ သံလွှတ်ဖွင့်ဆို၊ ရှည်တိုလေးပေါ့၊ တင်းလျော့နိဂ္ဂဟိတ်၊အစိတ်အဖြာ၊ အင်္ဂါဆယ်ခု၊ ဖတ်မှုမကျွမ်း၊ နားမချမ်းမျှ၊တတ်စွမ်းသောလျောက်၊ မကောက်မငင်၊ မသင်ပြင်ပဲ၊မဖင့်နွဲ့နှင့်၊ မရဲ့မရောင့်၊ စနောင့်စနင်၊ နာချင်နာရ၊ ဇာမကျလည်း၊ ရွတ်ချပြည်သည်၊ ရိပ်ချည်မပြ၊ ရွံ့ပြေကျ၍၊ အစပြင်ဖွယ်၊ အလယ်ပြင်တန်၊ အစွန်ပြင်ရေး၊ အသင့်ဆေးလျက်၊ ထက်သွေးပြောင်သွား၊ စိန်တပ်မြားသို့၊ မမှားအက္ခရာ၊ မြက်မြက်မာသည်။ ။နှုတ်လျှာမဖုန့်ပါလင့်ကုန်'' ဟူ၍ စပ်ဆိုတော်မူသည့်အတိုင်းလိုက်နာရန်ဖြစ်သည်။

တနည်းလည်း "အဖတ်-အရွတ်၊ သံလွှတ်-သံလွင့်၊ သံရင့်-သံညှင်း၊ သံပြင်း-သံဖြတ်၊ သံရပ်- သံငုပ်၊သွား-နှုတ်ခမ်း-လျှာ၊ အသာအသင့်၊ အဖွင့်-အပိတ်၊ အလိပ်-အဖြန့်၊သီးသန့်ချောမော၊လျော့လျော့ပြေပြစ်၊ထွေးရစ်မရှုပ်၊ မင်သတ်ချုပ်သို့၊ အားထုတ်လုလ္လ၊ ဆောင်ကုန့်ကြမှု၊ ထိုသူ့အား၊ ပွဲမှာသဘင်၊ အံ့ရာထင်လိမ့်။ ။လူတွင်လူများတန်ဆောင်တည်း''ဟူ၍ စပ်ဆိုသည့် အတိုင်း လိုက်နာရန်သင့်ချေသည်။

သဒ္ဒါဆယ်ပါးဟူသည်ကား–

ဓနိတ,သိထိလ,ဒီဃ,ရဿ,ဂရု,လဟု,သမ္ဗန္ဓ,ဝဝတ္ထိတ,ဝိမုတ္တ,နိဂ္ဂဟိတ-ဟူ၍ ဆယ်ပါးယှိသတည်း။

| | | |
|---|---|---|
| ၁။ | ဓနိတ | တင်းတင်းရွတ်ရခြင်း။ |
| ၂။ | သိထိလ | လျော့လျော့ရွတ်ရခြင်း။ |
| ၃။ | ဒီဃ | ရှည်ရှည်ဆွဲ၍ရွတ်ရခြင်း။ |
| ၄။ | ရဿ | တိုတိုရွတ်ရခြင်း။ |
| ၅။ | ဂရု | လေးလေးရွတ်ရခြင်း။ |
| ၆။ | လဟု | ပေါ့ပေါ့ရွတ်ရခြင်း။ |
| ၇။ | သမ္ဗန္ဓ | စပ်၍စပ်၍ရွတ်ရခြင်း။ |
| ၈။ | ဝဝတ္ထိတ | ခြားဖြတ်၍ရွတ်ရခြင်း။ |
| ၉။ | ဝိမုတ္တ | သံလွှတ်ဖွင့်၍ ရွတ်ရခြင်း။ |
| ၁၀။ | နိဂ္ဂဟိတ | နှုတ်ခမ်းကိုပိတ်၍ ရွတ်ရခြင်း။ |

ဤကား-သဒ္ဒါဆယ်ပါးဖြစ်သတည်း။

မည်သည့်စာမျိုးမဆို ဖတ်ရွတ်သောအခါ အက္ခရာအသံကွဲအောင် ပီပီသသဖတ်ရွတ်နိုင်ရမည်၊ ပီပီသသဖတ်ဆိုနိုင်မှ အဓိပ္ပါယ်ကွဲခြား၍ ရှင်းလင်းခြင်းဖြစ်ရာသည်။

ငှသံလျှင်းချိတ်, တဝမ်းပူ အသံကွဲအောင်၊ ဌ-ဝမ်းပဲ, ထ-ဆင်ထူး အသံကွဲအောင်၊ ဍ-ရင်ကောက်, ပ-ရေမှုတ်၊ ဒ-ဒွေး, ဓ-အောက်ခြိုက် အသံကွဲအောင်၊ လ-ငယ်, ဠ-ကြီး အသံကွဲအောင်၊ သေးသေးတင်, န-သတ်, မ-သတ် အသံကွဲအောင်၊ ည-ကြီး, ဉ-ငယ်အသတ်-အသံကွဲအောင်၊ ယပင့်, ရရစ်၊ ဟထိုး, ဝဆွဲး အသံကွဲအောင် စသည်တို့ကို ဖတ်ရွတ်သည့်အခါ ပီသအောင်သတိပြု၍ ဂရုစိုက်ထုတ်ဖတ်ရွတ်ရန် သင့်ချေသည်။

အက္ခရာကွဲခြားအောင်ဖတ်ခြင်းမှာ ဖုန်းမြတ်ကြီးတို့ ကမ္မဝါစာ ဖတ်ကြားသည့်အခါနှင့် မောင်ရှင်လောင်းကို သရဏာဂုံပေးသည့်အခါသာ ဖြစ်သည်။

## ၂၆၇-လက်ရေး, လက်သား, စာရေး, စာဖတ်, စာအံ, စာကျက်, စာကြည့်, စာရွတ်, စာစီ, စာကုံး, အနှုန်း အဖွဲ့များအကြောင်း

(၁) လက်ရေးဆိုသည်မှာ လက်ရေးဝိုင်း ဖြစ်စေ, လက်ရေးစောက် ဖြစ်စေ, လက်ရေးပိမ့်ဖြစ်စေ တမျိုးမျိုးကို အသတ်ချောင်းငင်နှင့်တကွ စာလုံးမထောင့်မချွန်း မစောင်းမရွဲ့စေပဲး အသတ်ချောင်းငင်, လုံးကြီးတင်နှင့်တကွ ညီညီညွတ်ညွတ် လှလှပပ ရေးသားနိုင်ခြင်းကိုဆိုလိုသည်။

(၂) လက်သားဆိုသည်မှာ စာရေးသည့်အခါ မျဉ်းကြောင်းမယှိပဲး အလွတ် လက်ရေးကောင်းဖြစ်စေ, လက်ရေးသော့-လက်ရေးစောင်းဖြစ်စေ, အသတ်ချောင်းငင် လုံးကြီးတင်နှင့်တကွ တညီတညွတ်ထည်း မျဉ်းသားသကဲ့သို့ ဖြောင့်တန်းစွာ ရေးသားနိုင်ခြင်းကို ဆိုလိုသည်။

**တနည်း။** မျဉ်းတကြောင်းနှင့်တကြောင်းကို ကွန်ပါနှင့်ကိုက်ဘိသကဲ့သို့ အကွက်ညီစွာ မရွေ့မကောက် ဖြောင့်တန်းစွာ မျဉ်းကြောင်းသားနိုင်ခြင်းကို လက်သားဟူ၍ အချို့ဆိုသည်။

(၃) စာရေးဆိုသည်မှာ မည်သည့်စာမျိုးမဆို သတ်ပုံ သတ်ညွှန်းနှင့်တကွ ပြည့်စုံမှန်ကန်စွာရေးကူးခြင်း, ရေးနိုင်ခြင်းကိုဆိုသည်။

(၄) စာဖတ်ဆိုသည်မှာ ပျို့,ကဗျာ, လင်္ကာ, မော်ကွန်း, လူးတား,ပိုဒ်စုံ, ဧချင်း, ရတု,ရကန်, အဲး,အင်္ဂျ, သာချင်း,မေတ္တာစာ, မှာတမ်း, ဝတ္ထု, ပုံပြင်, ရာဇဝင်ဟူ၍ ယှိသည်၊ ထိုဖော်ပြသော စာများ၏

အမည်ကိုသိရမည်၊ အမည်ကိုသိသည်အတိုင်း စာကိုလည်း နေရာကျ ဖတ်ဆိုနိုင်ရမည်၊ ပျို့ဖြစ်လျှင်ပျို့ကဲ့သို့, ရတုဖြစ်လျှင် ရတုကဲ့သို့, ဧချင်းဖြစ်လျှင် ဧချင်းကဲ့သို့, လူးတားဖြစ်လျှင် လူးတားကဲ့သို့, ရကန်ဖြစ်လျှင် ရကန်ကဲ့သို့, မှာတမ်းဖြစ်လျှင် မှာတမ်းကဲ့သို့, အသွားအလာ သံနေသံထားစသဖြင့် ဝါကျကာရန် မှန်ကန်စွာ ပီပီသသဖတ်ဆိုနိုင်သည်ကိုဆိုသည်။

(၅) စာအံဆိုသည်မှာ မည်သည့်စာမျိုးမဆို မိမိရသောစာကို ထပ်ခါထပ်ခါ ခေါက်တုံ့ခေါက်ပြန် အသံကျယ်စွာနှင့် ပြန်ဆိုခြင်းကို ဆိုသည်။

(၆) စာကျက်ဆိုသည်မှာ မည်သည့်စာမျိုးမဆို မိမိရရန် အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါထပ်ခါ ဖတ်ရွတ်ခြင်းကိုဆိုသည်။

(၇) စာကြည့်ဆိုသည်မှာ မည်သည့်စာမျိုးမဆို အသံမဖွင့် မထုတ်၊ သူတပါးမကြားစေရ၊ မိမိစိတ်ထည်းက အမှတ်ထား၍ ကြည့်ခြင်းကို ဆိုသည်။

(၈) စာရွတ်ဆိုသည်မှာ မိမိရပြီးသောစာကို သံနေသံထား မှန်ကန်စွာနှင့် မမေ့ရအောင်နေရာကျ ပြန်ဆိုခြင်းကိုဆိုသည်။

(၉) စာစီဆိုသည်မှာ စကားပြင်သက်သက်, မယ်ဖွဲ့, မောင်ဖွဲ့, ထီးဖွဲ့, နန်းဖွဲ့, တောဖွဲ့, တောင်ဖွဲ့-စသည်တို့ကို အသုံးအနှုန်းကို အကိုးအကားမပြု၊ အကြောင်းအားလျော်စွာ ထည့်သွင်း၍ အပိုအမိုမယှိ စကားစဉ်သင့်ရုံ ရေးသားခြင်းကို ဆိုသည်။

(၁၀) စာကုံးဆိုသည်မှာ မေတ္တာစာ, မှာတမ်း,တေးထပ်, လေးချိုးကြီး, လေးချိုးငယ်, ဒွေးချိုး, တြိချိုး, ရတု, ရကန်, အဲး, အဲ, ပျို့, ကဗျာ, ဓမ်ကွန်း, သံပိုင်း, လူးတား, ဩဘာစာတမ်း, ပိုဒ်စုံရတု စသည်တို့ကို အက္ခရာဂိုဏ်းနှင့်တကွ ကိရိယာ ခြောက်ဆယ်နှင့် ညီညွတ်စွာ အလင်္ကာဆရာ၏ ဩဝါဒကို လိုက်နာလျက် မတိမ်းမယိမ်းစေရ ရေးသားစီကုံးနိုင်ခြင်းကို ဆိုသည်။

[ယခုသရော် ဆရာမဒွိုး အချည်းနှီးနှောင်းမနုံသတို့သည် လင်္ကာဆိုခြင်းနှိုက် လေးလုံးတပိုဒ်စီကုံးနိုင်လျှင် စာရေးဆရာအမည်ကို ခံယူတတ်ကြ၏, ဝါကျကာရန်, သတ်ပုံမ်ကာရန်, သုံးချက်ညီကိုမသိ၊ အသံမှန်လျှင် ဟုတ်သည်မှတ်၍ နားမလည်မသိသော သူတို့အပေါ်နှိုက် ကြွားတတ်ကြ၏၊ ဝေါဟာရစကားအသုံးအနှုန်းကို နေရာကျအောင် မစီမကုံးတတ်သော နောက်ပေါ်စာတို့များစွလေ၏၊ ပြောလျှင်မကြိုက်သောခေတ် ဖြစ်ချေသောဟူ၍။]

(၁၁) အနှုန်းအဖွဲ့ဆိုသည်မှာ ဘုရား, တရား, သံဃာ, မင်း,မှူးမတ်, သူဌေး,သူကြွယ်, ကုန်စည်လယ်လုပ်, ဆင်းရဲသားမှစ၍ နတ်, တိရစ္ဆာန်တို့ကို ချီးပရေးသားစီကုံးသည့်အခါ ဂုဏ်, သကတ်, ဒြပ်ယှိသည့်အလိုက် ချီးမြှောက်၍ တင့်တယ်စွာ စီကုံးဖွဲ့ဆိုခြင်း၊ တူရာဥပမာ အမိပ္ပါယ်ဖော်ပြ၍ အသုံးအနှုန်းထားပြီးလျှင် အထက်အပိုဒ် ၁၀-တွင်ဖော်ပြသောစာများကို ရေးသားနိုင်ခြင်းကို ဆိုလိုသည်။

အထက်ဖော်ပြခဲ့သောအပိုဒ် ၁၁-အရနည်းနာနိဿယတို့ကိုကျနစွာလေ့ကျက်မှတ်သားကုန်ရာသည်၊ မှတ်သားလေ့ကျက်၍ တတ်မြောက် ကျွမ်းကျင်ပါက ပရိသတ်အလယ်၌ တင့်တယ်လျက် ပညာယှိသူတော်ကောင်းတို့ ချီးမွမ်းထောမနာပြုခြင်းကို ခံရချေသည်၊ မိမိလည်း ကြည့်ရှုမှတ်သားရခြင်းနှင့် ဗဟုသုတနှင့်ပြည့်စုံသော မင်္ဂလာတပါးကိုရသည်ဖြစ်၍ ယဉ်ကျေးခြင်းယှိသဖြင့် လောကီ, လောကုတ္တရာနှစ်ဖြာသောကောင်းကျိုးပြည့်ဖြိုးတိုးပွါးခြင်းသို့ ရောက်ရာချေသည်။

ယခုသရော်မူကား လက်ရေးဆိုသည်မှာ တမျိုးတည်းမှတ်၍ လှလှရေးနိုင်ခြင်းကိုသာ လက်ရေးကောင်းသည်ဟူ၍ ချီးမွမ်းကြချေသည်၊ လက်သားဆိုသည်ကိုလည်းအချို့သိကြ၏၊ စာရေးဆိုသည်မှာလည်း လက်ရေးခေါ်သောအရာနှင့် ထပ်တူထပ်မျှမှတ်ကြသောအလေ့ အချို့ယှိ၏၊ စာဖတ်ဆိုသည်မှာ ယခုကာလအလိုက်ဖြစ်ပေါ်လာသော ဇာတ်စာအုပ်,သီချင်းစာအုပ်များနှင့် ခေတ်အလျောက်ပေါ်သော ရုပ်ပုံပါဝတ္ထုတို,သတင်းစာ, ဘာသာခြားခေါ်-မဂ္ဂဇင်း-ဂျာနယ်စသော ပါဠိပါဠိမပါ စကားပြေသက်သက် စာများကို မထစ်မထောင့် သွက်လက်စွာဖတ်နိုင်သည်ကို စာဖတ်ကောင်းယူ၍ ချီးမွမ်းကြချေသည်၊ အထက်ဘော်ပြခဲ့သော ပါဠိပါဠိစသော ပျို့, လင်္ကာ, ရတု,ရကန်, အဲ,အင်္ဂျ, လူးတား-စသည်တို့ကို အသွားအလာနှင့် ညီညွတ်အောင်ဖတ်နိုင်မှ စာဖတ်တတ်သည်,စာဖတ်ကောင်းသည်ဟူ၍ မှတ်ရမည်၊ ယင်းသည့်စာများကိုဖတ်ရွတ်နိုင်သူတို့ကားအလွန်မှ နည်းပါးဆုတ်ယုတ်ခြင်းဖြစ်ချေသည်၊ အသုဘရှုဘိတ်စာ, ရှင်ပြုတရားနာဘိတ်စာကို ဖတ်တတ်လျှင် သေစာရှင်စာကို ဖတ်နိုင်သည်ဟု အချို့ချီးမွမ်းကြပေသည်၊ အမှန်စုံစမ်းသည်ယှိသော် တနှစ်လျှင်တကြိမ်ထုတ်သောသင်္ကြန်စာကိုပင် အချို့ကျကျနနမဖတ်တတ်သည်ကိုသိရသည်။

အဘယ့်ကြောင့်မဖတ်တတ်သနည်း-ဟုမေးလေ၊ ဗဟုဿုတ အကြား အမြင်နည်းခြင်း, တတ်သိလိမ္မာသောဆရာတို့ထံ၌ နည်းမခံ-မသင်မကြား ခြင်းတို့ကြောင့်ဖြစ်သတည်း-ဟု ဖြေလေ။

စာစီဆိုသည်မှာ စကားပြေသက်သက်ဖြစ်၍ ရေးနိုင်သူလည်းဃှိကြ၏၊ စာကုံးဆိုသည်မှာ ယခုကာလအလျောက်ရေးသားစီကုံးကြသော ဇာတ်စာ ကလေးများ, ပုံပြင်ရုပ်ပုံပါကာလပေါ် ဝတ္ထုတိုကလေးတို့ကိုအချို့ထင်မှတ် ကြ၏၊ အနှုန်းအဖွဲ့ဆိုသည်မှာ မည်သည့်အရာကိုဆိုကြောင်းအချို့သိကြ၏၊ သို့ကြောင့် ပညာဃှိသူတော်ကောင်းတို့ ချီးမွမ်းရာချီးမွမ်းကြောင်းဖြစ်သော ကဝိတဆူ ပြုလိုသူတို့သည် ဖော်ပြအပ်သောဆိုဒ်ရေ ၁၁-နှင့်ညီညွတ်စွာလိုက် နာမှတ်သားရန်သင့်လှပေသတည်း။

---

## ၂၆၈-စကားကြီးဆယ်မျိုးဖော်ပြချက်

စကားကြီးဆယ်မျိုးဟူသည်ကား—

၁။ ရေကူးညာတင်။
၂။ ကောက်ပင်ရိပ်လှိုး၊
၃။ ရေစီးဖောင်ဆန်။
၄။ အိုးတန်ဆန်ခတ်။
၅။ ဆိပ်ပွတ်ကျည်ပွေ့။
၆။ ဆင်ဇော့ရန်ယှောင်။
၇။ တောင်သူယာခုတ်။
၈။ ကြက်ဆုတ်ခွပ်ပစ်။
၉။ သွန်းလစ်ကရား။
၁၀။ ခက်တင်မောင်းနှင်း။

ဟူ၍ ဆယ်မျိုးဃှိချေသတည်း။

၁။ ရေကူးညာတင်စကားမှာ ဆန္ဒဃှိရာအထက်ကကြိုတင်၍ ပြောဆို နည်းကိုဆိုသည်၊ အမိပ္ပါယ်ကား-မြစ်တဖက်မှာ မိမိရောက်လိုသော ဆိပ်ကမ်းသို့ ကူးလိုလျှင်အညာကကြိုတင်၍ကူးမှ လိုရာဆိပ်ကမ်း ကိုရောက်သကဲ့သို့ ဤစကားမှာလည်း အလိုဆန္ဒဃှိသည့်အရာကို တင်အောင်ကြိုပိုတင်ကူး၍ ပြောဆိုခြင်းသည် ရေကူးညာတင်ပြော ဆိုနည်းမည်၏၊ ညာ- ဆိုသည်ကား အထက်ကိုယူ၊ညာလက်ကိုမယူ မမှတ်ရ။

**ထုံးကား**။ ရှေးသောအခါကုဋေယှစ်ဆယ်ကြွယ်ဝသော သူဌေးသားသည် ကျမ်းထိုး၍ကစားရာတွင် အ့ှထုံးလျက်ဃှိနေသဖြင့် အစားအသောက်မမှန်၊ ကျင်ကြီးကျင်ငယ်မဖြောင့်၊ ရောဂါတွေထူးကပ်ရောက်၍ သေဝပါနီးဃှိနေ

ရာတွင် တတ်မြောက်သော ဆေးသမားအများခေါ်လျက် ကုစားပါသော်လဲး မလွတ်မငြိမ်း မချမ်းသာသည် ဖြစ်သောကြောင့် ဆေးသမား-ရှင်ဇီဝက ခေါ်၍ ကုမပါဆိုလျှင် ဆေးသမား-ရှင်ဇီဝက-ကလည်း ထိုသူသည် ဝမ်းထဲး နှိုက် အူထုံးလျက်ယှိသည် ဖြစ်မည်၊ ယင်းသည့် အူထုံးကို ဝမ်းကိုခွဲးပြီးလျှင် ထုံးသည့်အူကို ဖြေလျှင် ထိုအနာလွတ်မည်ကိုမြင်သဖြင့် ထိုသူဝမ်းသည် ခုနစ် ရက်လည်အောင် အိပ်စေတတ်သောဆေးကိုပေး၍ ပျော်သည့်အခိုက်မှ ဝမ်း ကိုခွဲးနိုင်မည် ဖြစ်သည်၊ ထိုသူနာကို ခုနစ်ရက်အိပ်နေရမည်ကို အလိုယှိ၍ ခုနစ်လအိပ်နိုင်ပါမည်လောဟု မေးလျှင် သူနာကမအိပ်နိုင်ပါ ပြင်းဆန် လေ၏၊ နောက်တဖြေးဖြေးဆုတ်၍ မိမိအလိုယှိသော ရက်ကိုတင်အောင် ခြောက်လ,ငါးလ,လေးလ,သုံးလ,နှစ်လ,တလ စသည်ဖြင့် ဆုတ်၍ မေးရာ ခုနစ်ရက်တွင်မှ အိပ်ပါတော့မည် ဝန်ခံသည့်အခါ အိပ်စေတတ်သောဆေးကို ပေးပြီးလျှင် အိပ်ပျော်သည့်အခိုက် ဝမ်းကိုခွဲး၍ ထုံးသည့်အူကိုဖြေပြီးမှ ဆေးသုတ်၍ ခုနစ်ရက်စေ့မှနိုးလျှင် သူဌေးသားအနာသည် လွတ်ငြိမ်းချမ်း သာလေသည်။

ဤကား ဆေးသမား ရှင်ဇီဝက-သူနာကိုမေးသောစကားသည် ရေကူး ညာတင်ပြောနည်းမှတ်ရမည်။

(၂) ကောက်ပင်ရိတ်လှီးစကားမှာ ဆန္ဒယှိရာ သူ့စကားကို ဖမ်း၍ ပြောနည်းကို ဆိုလိုသည်၊ အမိပ္ပါယ်ကား- စပါးကောက်ပင်ကို လက်တဖက်နှင့် စု၍ ကြပ်ကြပ်ဆုပ်ပြီးလျှင် အရင်းကတံဇဉ်ဖြင့် ဖြတ်သည်ယှိသော် လက်တွင်းသို့ဝင်သည့်စပါးကိုရ၍ သုံးဆောင် ရဘိသကဲ့သို့ သူ့စကားကို အကုန်ဖမ်းမိအောင် ပြောဆိုပြီးလျှင် အရင်းက ဖြတ်ဘိ၏သို့ ပိုင်အောင်ပြောသော စကားသည် ကောက်ပင်ရိတ်လှီး ပြောဆိုနည်းမည်သတည်း။

**ထုံးကား။** ရှေးသရောအခါ သူဌေးသား တယောက်သည် ဖျိုင်းတ ကောင်ကို လေးနှင့်ပစ်ရာ ရ၍ ယူလာသည်ကို သူဌေးသား တယောက် မြင် လျှင် ငိုလျက် ရင်ဘတ်ကိုတီး၍ ငါ-ဖျိုင်းသည် သာမညဖျိုင်းမဟုတ်၊တနေ့တ နေ့လျှင် ရွှေစင်တကျပ်သား အမှန်ခံတွင်းက အန်ထုတ်၍ပေးနေကျ ဖျိုင်းဖြစ် ပါသည်၊ လေးနှင့်ပစ်၍ မသေကောင်းပါဆို၍ ရုံးမင်းထံ တရားစွဲးဆို သည်တွင် ဖျိုင်းကိုလေးနှင့်ပစ်သည့်သူဌေးသားက သည်ဖျိုင်းသည် သင့်ထံ တနေ့တနေ့လျှင် ရွှေစင် တကျပ်တကျပ် အန်ထုတ်၍ ပေးသွင်းသည်ကား မည်မျှကြာပြီလဲးဟု မေးရာ တနှစ်ယှိပြီပြောလျှင် လေးနှင့်ပစ်သော သူဌေး

သားက င-အိမ်ရှေ့တွင် ရွှေစင်ကိုပုံ၍ ထားပါသည်၊ ဤဖျိုင်းသည် တနေ့ကို တကျပ်စီခိုးယူလာ၍ ငါးနေ့တိုင်းချောက်ပါသည်ကိုမရနိုင်၊ ယခုမှ သည်ဖျိုင်းကို ရပါသည်၊ ထိုဖျိုင်းသည် ဖျိုင်းသူခိုးဖြစ်သည်၊ သင်သည်လည်း သူခိုးလက်ပံဖြစ်သည်ဟု ပြန်၍ စွဲးဆိုချေသော် ရွှေစင်သုံးပိဿာခြောက်ဆယ်ကျော်ကို လျော်ပေးရမည်တောင်း၍ ပေးလျော်ရချေသည်၊ ယင်းသို့ဖြစ်၍ ထိုစကားနှင့် ညီအောင်သူ့စကားကိုဖမ်း၍ ပြောသောစကားသည် ကောက်ပင်ရိတ်လှိုးဟူ၍ မှတ်ရမည်။

(၃) ရေစီးဖောင်ဆန်စကားမှာ ဆန့်ယှိရာ အထက်ကကြို့ပို၍ ပြောသောစကားကို ဆိုလိုသည်၊ အဓိပ္ပါယ်ကား–ဖောင်ကြီးသည် အထက်မြစ်ညာသို့ ဆန်တက်သည့်ကာလ လိုဘွယ်ဆန္ဒယှိသမျှကို ဖောင်ကြီးတွင် တင်၍ ဖြည်းညှင်းစွာ ဆန်သွားလျှင် လိုရာအရပ်သို့ ရောက်သောကြောင့် လိုအင်ကိစ္စ သုံးဆောင်ရ၍ ချမ်းသာကိုရှာသကဲ့သို့ ဤနည်းအတူ စကားမှာလည်း ခြေသိမ်းခေါင်းပိုက် ဥပမာ-ဥပမေယျနှင့် တိုက်ဆိုက်အောင် ပြောသောစကားသည် ရေစီးဖောင်ဆန်စကားမည်၏။

ထုံးကား။ ယိုးဒယားဒွါရာဝတီ ရွှေနန်းရှင်သည် ရဲမက်ဗိုလ်ပါတို့နှင့်ချီလာပြီးလျှင် မြိတ်တနင်းသာရီတွင် တပ်ကြီးချ၍ စံနေတော်မူရာ ထိုမင်း၏ ရဲမက်ဗိုလ်ပါတို့သည် ရေး,ဝါးခရူ, ထားကျိုင်း, ကလိန်အောင်, ထားဝယ်မြို့များသို့ ဝင်ရောက် နှောင့်ယှက်မှုပြုသဖြင့် မြို့ရွာမငြိမ်မသက်ကြောင်းကို ဟံသာဝတီမြို့ကို စိုးစံတော်မူသော ရာဇာဓိရာဇ်မင်း ကြားသိတော်မူသဖြင့် သံတမန်အရာနှိုက် လိမ္မာလှသော ပညာယှိ အမတ်တယောက်ကို ချိတ်ဒိတ်တံဆိပ်ပိတ်လျက် ရာဇသံစာကို ယိုးဒယားဒွါရာဝတီ မင်းထံသို့ စေလွှတ်ဆက်သစေသည့်အတိုင်း ယိုးဒယားမင်းကဖွင့်၍ ကြည့်ရှုရာ ရာဇသံစာတွင် ပါသည်ကား "အဆွေတော် ဒွါရာဝတီရွှေနန်းရှင်....မြိတ်, တနင်းသာရီသည် ဒွါရာဝတီရွှေနန်းရှင် လက်နက်နိုင်ငံဖြစ်ပေသည်၊ ရေး,ဝါးခရူ,ထားကျိုင်း, ကလိန်အောင်မြို့များသည် ဟံသာဝတီမင်း လက်နက်နိုင်ငံဖြစ်ပါသည်၊ အဆွေတော်ထံက ရဲမက်ဗိုလ်ပါတို့ဝင်ရောက်နှောင့်ယှက်ယှိကြောင်းနှင့် ကြားသိရသည်မှာ မသင့်ဖြစ်ပါသည်"ဟု ပါယှိသောစကားမှာ မှန်စေတော့၊ င-မှာဒွါရာဝတီ ယိုးဒယားကို ဘေးဘိုးကသည်ယခုတိုင် ဆင်းသက်၍ ထီးရိုးနန်းရိုးမူလဇာတိရင်းဖြစ်သည်၊ ဟံသာဝတီရာဇာဓိရာဇ်မှာ ဂုမာတမော့ကသွား၍ ဟံသာဝတီမြို့မှာ မင်းပြုသည်၊ ပဝတ္တိမင်းဖြစ်သည်

ကိုလျက် ၄-ကိုအဆွေတော်ဟု စာပေးသည်မှာ မပေးသင့်၊ မည်သည့်အကြောင်းကြောင့် ဤကဲ့သို့စာပေးကြောင်းကို ဟံသာဝတီမင်း၏ သံအမတ်တို့ ကြေလည်အောင်ချေကြစေ၊ ကြေလည်အောင်မချေဆိုနိုင်က ဆိပ္ပူအိုးကင်းမှာထည့်၍ကြော်ရမည်ဟု အမိန့်တော်ယှိသောကြောင့် ဟံသာဝတီမင်း၏ သံတော်အရာယှိကချေလည်သည်မှာ—

ရှေးလွန်လေပြီးသောအခါကာလနိုက် ပွင့်တော်မူကြကုန်သော တဏှင်္ကရာ, မေဓင်္ကရာ, ဒီပင်္ကရာ-စသောဘုရားသျှင်တို့မှစ၍ ယခုထက်တိုင်အောင် အစိန္တေယျ ဘုရားသျှင်တို့၏ ဆွေတော် မျိုးတော်တို့သည် ယှစ်သောင်းနှစ်ထောင်ယှိပါသည်၊ သို့ဆွေတော်မျိုးတော်တို့ ယှိကြငြားသော်လည်း သဗ္ဗညုတဉာဏ်ကိုရတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူသည်၊ ဘုရားအဖြစ်သို့မရောက်မီ ဆွေတော်မျိုးတော်တို့ကို ညီတော်,နောင်တော် ခေါ်ဝေါ်ခြင်းထုံးမယှိပါ၊ ဘုရားအဖြစ်သို့ရောက်တော်မူသော ဘုရားသျှင်တို့သာဘုရားညီတော်မည်သည်, ဘုရားနောင်တော်မည်သည် ဘုရားသျှင်ချင်းကိုသာ ခေါ်ဝေါ်ခြင်းထုံးယှိပါသည်၊ ထိုကဆင်းသက်၍ယခုတိုင် ဘုရားတပည့်ဖြစ်တော်မူသော သင်္ဃာတော်တို့မှာလည်း လူက တော်စပ်သောဆွေတော်မျိုးတော်များပင် ယှိကြငြားသော်လည်း ညီတော်, နောင်တော်ခေါ်ဝေါ်ခြင်း ထုံးမယှိပါ၊ ကျောင်းနေပုဂ္ဂိုလ်ဖြစ်သော သင်္ဃာတော်ချင်းကိုသာညီတော်, နောင်တော်ဟု ခေါ်ဝေါ်ခြင်းထုံးယှိပါသည်၊ တိုင်းနိုင်ငံတို့ကိုအစိုးရသော အသျှင်မင်းမြတ်တို့မှာ ဆွေတော်မျိုးတော်အများယှိကြသော်လည်း ရွှေထီးရွှေနန်း မစံသေးသော ဆွေတော်မျိုးတော်တို့ကို အဆွေတော်, အကြည်တော်ဟု ချိတ်အိတ်တံဆိပ် ရွှေပေဆက်စာနှင့်ပေးထုံးမယှိပါ၊ တနိုင်ငံနှင့်တနိုင်ငံ ရွှေထီးရွှေနန်းကို အစိုးရတော်မူသော ထီးဆောင်းနန်းနေချင်းဖြစ်မှ အဆွေတော်, အကြည်တော်ဟု ချိတ်အိတ်တံဆိပ်ရွှေပေဆက်စာနှင့် ပေးထုံးယှိသောကြောင့်ဘုရားကျွန်တော်၏သခင်လည်း ဟံသာဝတီမြို့ကိုစိုးစံတော်မူသော ရွှေနန်းရှင်ဖြစ်ပါသောကြောင့် အဆွေတော်,အကြည်တော်ဟု ချိတ်အိတ်တံဆိပ်ရွှေပေဆက်စာနှင့် ပေးပါသည်ဟုလျှောက်ထားဆိုချေရာတွင်ဒွါရာဝတီယိုးဒယားမင်းတွင်ပါသောပညာယှိ မှူးတော်မတ်တော်မှစ၍ ရဟန်း,ပုဏ္ဏားတို့က ဟံသာဝတီမင်းသံတော်က ချေလည်သည့်စကားသည် ထီးဆောင်းနန်းနေချင်းဖြစ်၍ အဆွေတော်,အကြည်တော်ဟု စာပေးသည်မှာ တိုက်ရိုက်ချေလည်သည့် စကားမဟုတ်ပေ၊ လောကသုံးပါးတွင် အတုမယှိမြတ်တော်မူသော ပညတ် ,ပရမတ် စသောတရားအပေါင်းတို့ကို အလုံးစုံအစိုးရတော်မူသော သဗ္ဗညုသျှင်တော်

ဘုရားတို့ကို ဥပမာပြု၍ တပည့်သားသဃ်ာတော်တို့နှင့်တကွ ရေမြေအသျှင်မင်းတို့တိုင်အောင် ခေါ်ဝေါ်ကြသည့်ထုံးစံနှင့် ချေလည်ပေသည်မှာ ထုံးစံဥပဒေ မှတ်လောက်ပေ၏ဟု ချီးမွမ်းကြသည်၊ ဒွါရာဝတီမင်းလည်း စကားချေလည်သည်မှာ လျောက်ပတ်သင့်မြတ်ပေ၏ဟု များစွာသောဆုလာဘ်တို့ကို ပေးသနားတော်မူသည်ကိုခံရသည်၊ ဤကဲ့သို့ဥပမာနှင့်တကွတင်ပြပြောဆိုသောစကားသည် ရေစီးဖောင်ဆန်ပြောသောစကားဖြစ်သတည်း။

(၄) အိုးတန်ဆန်ခတ်စကားမှာ ဆန္ဒယိုရာကို မယုတ်မလွန်ပြောဆိုနည်းဖြစ်သည်၊ အဓိပ္ပါယ်ကား-အိုးနှင့်ဆန်သည် တန်အောင်ချက်လျှင် ကောင်းမွန်စွာနူးနူးနပ်နပ်သုံးဆောင်ရဘိသကဲ့သို့ လိုအပ်သောစကားကို မယုတ်မလွန်စေရအောင် ကိုယ်နှင့်အင် တန်ရုံပြောသောစကားမျိုးသည် အိုးတန်ဆန်ခတ်ပြောဆိုသော စကားဟု မှတ်ရမည်။

**ထုံးကား။** အရှင်ဒုကူလ, ပါရိကာတို့သည်ဝေဘူလတောင်ခြေရင်းနိုက်ရသေ့ပြု၍ နေကြစဉ်တွင် မြွေရှူ၍ မျက်စိမမြင်ယိုကြသည်ကို သားတော်သုဝဏ္ဏသျှံသည် အမိအဖမျက်မမြင် ၂- ပါးတို့ကို တောသစ်သီးသစ်ရွက်တို့ဖြင့် ရှာ၍ လုပ်ကျွေးမွေးမြူပြုစုနေစဉ်ကာလ သမင် ၂-စီး ကျောပေါ်တွင်ရေအိုးကိုတင်၍ မိဂသမတာမြစ်မှာ တနေ့မပြတ်ရေခပ်ရသည်၊ ဗာရာဏသီပြည်ကို အစိုးရသောပီလိယက္ခမင်းသည် သမင်သားကို စားချင်သောကြောင့် လေးလက်နက်စွဲးကိုင်လျက် ဟိမဝန္တာတောသို့ဝင်၍ မိဂသမတာမြစ်နားအနီးသို့ရောက်ရာတွင် သုဝဏ္ဏသာမ ရေခပ်သည်ကိုမြင်၍ နဂါး, ကလိုင်, ကုမ္ဘန်, ရက္ခိုသ်ထင်မှတ်၍ လေးနှင့်ပစ်လျှင် ငွေစင်အဆင်းနှင့်တူသော သဲသောင်ပြင်နိုက် တုံးလုံးလည်း၍ ယိုရာတွင် ပီလိယက္ခမင်းလာ၍ ကြည့်ရှုရာ သုဝဏ္ဏသာမကမြင်လျှင်သင်ကား အဘယ်သူနည်းဟုမေး၏၊ ဗာရာဏသီပြည်ကိုအစိုးရသောပီလိယက္ခမင်းဖြစ်သတည်းဟု ပြောလျှင် သုဝဏ္ဏသာမက လူများသခင် ဖြစ်တော်မူသော အရှင်မင်းကြီးသည် အကျွန်ုပ်ကိုအဘယ့်ကြောင့် လေးနှင့်ပစ်ပါသနည်း၊ အကျွန်ုပ်မှာ ရှေးက ဝိပါကဝဋ်ပါ၍ ယောကျ်ားတကာတို့တွေ့ရသောဆင်းရဲးကိုမလွဲးသာသဖြင့်တွေ့သည်မှာတွေ့ပါစေတော့၊ အကျွန်ုပ်သည် အမိအဖမျက်မမြင်ကို လုပ်ကျွေးမွေးမြူ၍ နေရာအကျွန်ုပ်သေလျှင် မိ,ဖ ၂-ပါးမျက်မမြင်တို့ကို လုပ်ကျွေးမွေးမည့်သူ မယို၍ ရက်လည်ရှိသာနေရတော့မည်၊ရက်လည်လျှင် သေဆုံးခြင်းသို့ ရောက်ကြလိမ့်

မည်၊ သို့ဖြစ်၍ စိုးရိမ်မကင်း ယှိပါသည်ဟု ပြောဆိုလျှင် ပိလိယက္ခမင်းသည် အပြစ်မယှိ သူတော်ကောင်းကို ငါလေးနှင့်ပစ်၍ သေဆုံးခြင်းသို့ ရောက်လျှင် ငါသည်ကား မဟာနိရယငရဲနှိက် ကြီးစွာသော ဆင်းရဲးကိုခံရ၍ ကျွတ်လွတ်နိုင်တော့မည်မဟုတ်ပြီ၊ ကြောက်လန့်သဖြင့် ပြန်ပြောသည်မှာ သင့်အမိအဖကို ငါပင် လုပ်ကျွေးပါတော့မည်ဟုဝန်ခံ၏၊ အဘယ်အရပ်မှာ သင့်မိဖယှိပါသနည်းဟု မေးလျှင် အကျွန်ုပ် ဥကျွောင်းပြုရာ အရပ်ကိုသာ သွားပါလေတော့ဆိုလျှင် ၎င်းအရပ်သို့သွား၍ အရှင်ဒုကူလ, ပါရိကာတို့အား သား၏ အကြောင်းခြင်းရာကို ပြောဆိုလျှင် သင်သည် ငါတို့ကို မလုပ်မကြွေးပါနှင့်တော့၊ ငါတို့သားရှိရာ အရပ်သို့သာ သင်ဆောင်ယူပါတော့ဆိုလျှင် နွယ်ကြိုးကိုကိုင်စေ၍ သားယှိရာအရပ်သို့ ဆောင်ယူ၍ ရောက်လျှင် အရှင်ဒုကူလရသေ့က ဥကျွောင်းရင်းနှိက်နေ၍ ပါရိကာရသေ့မကခြေရင်းနှိက်နေ၍ သားသုဝဏ္ဏသာမသည် မိဖတို့အား လုပ်ကျွေးမွေးမြူပေသော ကျေးဇူးဂုဏ်တို့ကို ချီးမွမ်း၍ ငိုကြွေး မြည်တမ်း နေစဉ်တွင် ဗဟုသုန္ဒရီနတ်သမီးနှင့်သိကြားမင်းသည်ဆင်းလာ၍ အရှင်ဒုကူလ,ပါရိကာတို့ကိုပုစ္ဆာဆိုသည်မှာ အရှင်ရသေ့တို့....သင်တို့မျက်စိ မြင်လိုသလော၊ သားသုဝဏ္ဏသာမအသက် ရှင်စေလိုသလော၊ အလိုဆန္ဒကို ပေးနိုင်သော ရွှေအိုးကြီးကိုရလိုသလော၊ သုံးပါးသောဆုကို တခုခုဖြင့် ကြိုက်ရာရွေးချယ်၍ဆိုလော့၊ ငါသင်တို့အားပေးမည်ဟု သိကြားမင်းဆိုလျှင် ဒုကူလ, ပါရိကာတို့က ငါတို့သည် ရွှေအိုးကြီးရတနာ သားရှင်လာသည်ကို မြင်လိုပါသည်ဟု ဥပမာတချက်တည်းပြီးအောင်ဆိုသောကြောင့် မျက်စိလည်းမြင်၊ ရွှေအိုးလည်းရ၊ သားလည်းရှင်ချေသည်၊ ဤကဲ့သို့ အလိုယှိသော စကားကို မယုတ်မလွန်ပြောဆိုသောစကားဖြစ်၍ အိုးတန်ဆန်ခတ် ပြောဆိုနည်း ဖြစ်သတည်း။

[ဤစကားသည် ရှေးမှုဟောင်းစာဟောင်းဖြစ်၍ ထည့်သွင်းဖော်ပြရပါသည်၊ အိုးတန်ဆန်ခတ်စကားနှင့် သက်ဆိုင်သည်, မဆိုင်သည်ကိုသာ ဆင်ခြင်တော်မူကြပါကုန်။ ပါဠိ,အဋ္ဌကထာ, ဋီကာ, ဇာတ်နိပါတ် ဝတ္ထုတို့တွင် ယခုဖော်ပြသောအတိုင်း သုဝဏ္ဏသျှံဇာတ် အတ္ထုပ္ပတ်မှာ မလာမယှိ၊ သစ္စာပြုကြောင်းသာ လာယှိသောကြောင့် သတိချပ်ရန်ဖြစ်ပါတော့သည် (ဤကားအမှာ။)]

(၅) ဆိပွတ်ကျည်ပွေ့စကားမှာ အလိုဆန္ဒ ယှိရာစကားကို ထပ်၍ ထပ်၍ပြောဆိုနည်းဖြစ်သည်၊ အမိပွါယ်ကား-နှမ်းကို ဆီထွက်အောင်ပွတ်စေသည်ကာလ အထပ်ထပ်ပွတ်လျှင် ဆီထွက်၍ သုံး

ဆောင်ရဘိသကဲ့သို့ အလိုယှိသောစကားကို အထပ်ထပ် ပြောဆိုခြင်းသည် ဆီပွတ်ကျည်ပွေ့ ပြောနည်းမှတ်ရမည်။

**ထုံးကား။** မင်းကောရာဇ် တပါးသည် ဘုရား စေတီ တည်လုပ်ရာ ဝိန္နဲ့တိုင်ပြုလုပ်ရန် မန်ကျည်းနှစ်မာသောကြောင့် မန်ကျည်းနှစ် ကောင်းပါမည်လောဟု မင်းကောရာဇ်က အမေးတော်ယှိသည်ကို ပညာယှိအမတ်ကြီးကလျှောက်ထားသည်မှာ မန်ကျည်းနှစ်လည်း ကောင်းပါ၏၊ ကျွန်းလည်းကောင်းလှပါ၏ဟုလျှောက်၏၊တဖန်မင်းကောရာဇ်ကသျှားသားမာလှ၏၊ ကောင်းပါမည်လောမေးပြန်ရာ အမတ်ကြီးက သျှားသားလည်းကောင်းပါ၏၊ကျွန်းလည်းကောင်းလှပါ၏ဟုလျှောက်ပြန်၏၊ သို့လိုအထပ်ထပ်မင်းကောရာဇ်ကမေးတိုင်း ကျွန်းသားကောင်းလှကြောင်းကို တင်လျှောက်တိုင်းပါသောကြောင့် မင်းကောရာဇ်က အမတ်ကြီးသည် ကျွန်းသားကို လုပ်စေလိုသောဆန္ဒယှိသည်သိတော်မူသဖြင့် ကျွန်းသားကိုပင် ဝိန္နဲ့တိုင်လုပ်ရန် အမိန့်ရှိတော်မူချေသည်၊ ဤကဲ့သို့အလိုရှိသောအရာကို အထပ်ထပ် ပြောဆိုသောစကားသည် ဆီပွတ်ကျည်ပွေ့စကား ဖြစ်သတည်း။

(၆) ဆင်ဇွေ့ရန်ယှောင် စကားမှာ ဆန္ဒယှိရာ သူတပါးကိုချီးပင့်၍ ပြောဆိုနည်းကို ဆိုလိုသည်၊ အဓိပ္ပါယ်ကား-ဆင်သည် ဇွေ့မည်လိုက်သော် အားကြီးလှသောကြောင့် ရပ်ခံနေလျှင် ဘေးရောက်မည်ဖြစ်၍ မရပ်မခံဝံ့၊ တိမ်းယှောင်လွှဲသွေ လွတ်ရာနေလျှင် ချမ်းသာရသကဲ့သို့ ကိုယ်သို့အပြစ်ရောက်မည့် စကား ဖြစ်ချေက ယှောင်လွှဲ၍ ပြောဆိုခြင်းသည် ဆင်ဇွေ့ရန်ရှောင် စကား မည်၏တည်း။

**ထုံးကား။** မင်းကောရာဇ်တပါးသည် ညီတော်ကို အိမ်ရှေ့မင်းအစီးအနင်း အဆောင်အရွက်တို့ကို နှင်းအပ်တော်မူသတည်း၊ တရံရော အခါ အိမ်ရှေ့မင်းသည် ကျောင်းဆောက်တော် မူသည်တွင် ကျောင်းတိုင်များကို ယက်မအောက်မြေသို့ထိအောင် ရှေ့ချသည်ကို မြို့ဝန်မင်းတဦး မြင်၍ အိမ်ရှေ့မင်းပင် ဖြစ်ငြားသော်လည်း မင်းကောရာဇ်ကို တုပ၍ မြေကြီးထိရှေ့ကိုမချသင့်ဟု ချပြီးရှေ့များကို တိုက်ဖျက်၍ပစ်သည်ကို အိမ်ရှေ့မင်းကျောင်းသို့ လာရာတွင် င-ကောင်းမှုကို ဘယ်သူ ဖျက်သနည်းဟု မေးတော်မူလျှင် မြို့ဝန်ဖျက်ကြောင်း လျှောက်၏၊ အိမ်ရှေ့မင်း သည်ကားပြင်းထန်စွာအမျက်ထွက်၍ အဆောတလျှင် နန်းတော်သို့ ပြန်လာပြီးလျှင်

မြို့ဝန်သည် ငါ၏ကောင်းမှုကိုဖျက်ဆီးသူဖြစ်၍ အသက်ဆုံးရှုံးအောင် စီရင်မည်ဟု မြို့ဝန်ကိုခေါ်၍ ရောက်လျှင် မြို့ဝန်····နင်သည် ငါ၏ ကောင်းမှုကို အဘယ့်ကြောင့် ဖျက်သနည်းဟု မေး၏၊ အိမ်ရှေ့မင်းသို့ မြို့ဝန်ကတိုက်ရိုက်ဟုတ်တိုင်း လျှောက်လျှင် သေရမည်ကို ကြောက်ရွံ့သဖြင့် စကားတိမ်းယှောင်၍ အရှင်ဘုရားနောင်တော် ရွှေနန်းရှင်ဘုရားသည် လူ့ပြည်ညီး၍ နတ်ပြည်သို့စံတော်မူသည့်နောက် နောင်တော် အရိပ်အရာကို စိုးစံတော်မူရမည် အရှင်ဖြစ်ပါ၍ အထွတ်အမြတ်သို့ ရောက်တော်မူသည့် ကာလ ယခုကဲ့သို့ ကျောင်းတော်ဆောက်လျှင် ရွှေချရန် ရွှေခင်းယက်မ အောက်မြေထိရုံသာ ယှိပါတော့သည်ဖြစ်၍ ပြည်သူရဟန်းတို့က မင်းဇေကရာဇ်မဖြစ်မီ အိမ်ရှေ့စံတော်မူစဉ်က ဆောက်သည့် ကျောင်းနှင့် ယခုမင်းဖြစ်တော်မူမှဆောက်သည့် ကျောင်းသည် အတူတူပင် မကွဲးမပြား မခြားနားပါလေဟုဆိုကြရန်ယှိသောကြောင့် နောင်ရွှေထီးရွှေနန်း စံတော်မူသောအခါ ကောင်းမှုတော် ကျောင်းဆောက်တော်မူလျှင် ချရန်ရွှေအခင်းကို လွှတ်ထားပါကြောင်းနှင့် လျှောက်ထားတော် မူသည်တွင် အိမ်ရှေ့မင်းသည် အမျက်ပြေတော်မူ၍ ငါ၏ အကျိုးကို ဆောင်ပေသည်ဟု ဝမ်းမြောက်တော်မူသဖြင့် အသက်စည်းစိမ်နှင့်တကွ ချမ်းသာပေး၍ ချမ်းသာရဘူး ချေသည်၊ ဤကဲ့သို့စကားကို အပြစ်ဘေးမှလွတ်အောင် တိမ်းယှောင်၍ ပြောဆိုသော စကားသည် ဆင်ဝှေ့ရန်ယှောင်ပြောနည်းဟူ၍ မှတ်ရမည်ဖြစ်သတည်း။

(၇) တောင်သူ ယာခုတ်စကားမှာ ဆန့်ယှိရာ သူတပါးစကားကိုဖိ၍ ပြောနည်းကိုဆိုလိုသည်၊ အဓိပ္ပါယ်ကား-တောင်သူတို့သည် ယာခုတ်လျှင် တောချုံနွယ်တို့ကို စင်ကြယ်အောင် ခုတ်ထွင်ရှင်းလင်းပြီးမှ သစ်ပင်ကြီးကိုဖိ၍ လှည်းဘီသကဲ့သို့ စကားငယ်များကို အလျှင်ပြောပြီးမှ စကားကြီးများကို ဖိ၍ပြောသော နည်းသည် တောင်သူယာခုတ်စကားဟု မှတ်ရမည်။

**ထုံးကား**။ ဝိဒေဟရာဇ်မင်းကြီးတွင် သိန်း, ဒေဝိန်း, ကာမိန်း, ပကုတ်, မဟောသဓာဟူ၍ အမတ်ကြီးငါးယောက်တို့ကို မင်းကြီးက မေးတော်မူသည်မှာ ဥစ္စာယှိသူနှင့် ပညာယှိသူ ၂-ဦးသည် အဘယ်သူက မြတ်သနည်းဟုမေးလျှင် သိန်းအမတ်က ဥစ္စာယှိသူက မြတ်သည်ဟုဆို၏၊ မဟောသဓာက သိန်းအမတ်မသိ၍သာ ဆိုခြင်းဖြစ်သည်၊ ပညာယှိသူသာ မြတ်ပါသည်ဆို၏၊ မင်းကြီးက သိန်းအမတ်····အသို့နည်းဟု မေးပြန်သော် သိန်းအမတ်က မဟောသဓာသည် ငယ်သူဖြစ်၍ နို့ရည်ခံတွင်းမှ အနံ့မပြယ်

မစင်ကြွယ်သသူ ဖြစ်ပါသည်၊ ဥစ္စာယှိသော သူတို့ကို ပညာယှိသော သူ မှစ၍ လူအပေါင်းတို့ ခစားရပါသည်၊ ဥစ္စာယှိသူသာ မြတ်ပါသည်ဟု ဆို၏၊မင်းကြီးက င-သား မဟောသဓာ‥အသို့နည်းဆိုပြန်သော်သိန်းအမတ် သည်မည်မှန်း မည်ရာမသိ၍သာ ဆိုခြင်းဖြစ်ပါသည်၊ ဥစ္စာယှိ၍ ပညာယှိ သောသူတို့သည် မမာမကျန်း တစုံတခု အနာရောဂါ ယှိချေသော် ဆေး သမားပညာယှိတို့ထံ ဆည်းကပ်ခစားရပါသည်၊ ပညာယှိသောသူသာလျှင် မြတ်ပါသည်ဆို၏၊မင်းကြီးက သိန်းအမတ်‥‥ အသို့နည်းဟု မေးပြန်သော် သိန်းအမတ်က မဟောသဓာသည် မလိမ္မာသူဖြစ်ပါသည်၊ ဥစ္စာယှိသူသည် ဥပမာဖြင့် ဆိုသည်ယှိသော် အသီးအပွင့်နှင့် ပြည့်စုံသောသစ်ပင်ကို ခိုသိမ်းသောသူတို့သည် မှီခိုရာဖြစ်သောကြောင့် ဥစ္စာယှိသော သူသာလျှင် မြတ်ပါသည်ဟုဆို၏၊မင်းကြီးက င-သားမဟောသဓာ‥‥အသို့နည်းဟုမေး ပြန်သော် မဟောသဓာက သိန်းသည် ကျီးငှက် ခွေးငှက်နှင့်တူ၏၊ ခွေးငှက်, ကျီးငှက်တို့သည် ထမင်းဆုပ်ကြဲရာ အုံသကဲ့သို့ တခဏမျှ ချမ်းသာသည် ကိုသာမြင်သည်၊ ဥစ္စာယှိ၍ ပညာမယှိသော သူမိုက်တို့သည် ကုသိုလ်, အကုသိုလ်တရားကိုမသိ၍ မကောင်းသော အကုသိုလ်တရားကို ကျင့်၍ အပါယ်ဆင်းရဲခံရမည်ကိုမမြင်၊ ပညာယှိသောသူမှာ မကောင်းသော အ ကျင့်ကိုပယ်၍ ကောင်းသောတရားကိုကျင့်မှ ခံစားရမည်ကို သိခြင်းဖြစ် ပါသည်ဆို၏၊ မင်းကြီးက သိန်းအမတ်ကြီး‥‥အသို့နည်းဟု မေးပြန်သော် သိန်းအမတ်က မဟောသဓာသည် မည်မှန်းမည်ရာကိုမသိ၍ ဆိုခြင်းဖြစ် ပါသည်၊ ဥစ္စာယှိသောသူသည် မဟာသမုဒ္ဒရာကဲ့သို့ ခိုသိမ်းသော မြစ်ကြီး ငါးသွယ်, မြစ်ငယ်ငါးရာတို့သည် မဟာသမုဒ္ဒရာ အထဲသို့သာ ပေါင်းဆုံ လာရဘိသကဲ့သို့ ဥစ္စာယှိသောသူ၏ အထံသာ်ငြိုး ဥစ္စာမယှိသောသူတို့ ခစား လာရသည်၊ ရှေးသောအခါ ဂေါဝိန္ဒသူဌေးသည် ကြွယ်ဝလှသောကြောင့် ခံတွင်းမှအရိအရည် ယိုကျသည်ကို နတ်သမီးအဆင်းနှင့်တူသော မိမ္မ ငယ်တို့သည် ပတီး,လက်စွပ် တန်ဆာကိုဆင်ယင်၍ ကြာညိုပန်းတို့ဖြင့် အလှည့်အလည် သုတ်ကြရသည်၊ သို့ဖြစ်၍ ဥစ္စာယှိသောသူသာ မြတ်ပါ သည်ဆို၏၊ မင်းကြီးက င-သား မဟောသဓာ‥‥အသို့နည်း မေးပြန်သော် မဟောသဓာက သိန်းအမတ်သည်လူကြီးပင် ဖြစ်ပါသော်လည်း လူမိုက် ဖြစ်သောကြောင့် ဆိုခြင်းဖြစ်ပါသည်၊ မဟာသမုဒ္ဒရာ ရေသည် ကမ်းသို့ ရောက်လျှင်ပျောက်၍ ကမ်းကိုမလွန်နိုင်သကဲ့သို့ ဥစ္စာသာယှိ၍ ပညာမယှိ သောသူသည် သဘင်ပွဲအလယ်သို့ ရောက်သည်လာလ ပညာယှိနောက်

ကနေရပါသည်၊ သဘင်ပွဲး အလယ်နိုက် နေခြင်းငှါမထိုက်၊ စကားကိုမျှ မပြောတတ်၊ လျှာမဲ့သောငါးကဲ့သို့ နေရပါသည်၊ ပညာယှိမှပွဲးအလယ်နှိုက် နေခြင်းငှါထိုက်၏၊ သုခ, ဒုက္ခ-စကားရှိသည်တို့ကို ပြောဆိုတတ်၏၊ လူ တကာတို့ချီးမွမ်းသည်ကို ခံရသည်၊ ဝေါဒိန္နသူဌေးမှာ အရိအရည် ယိုကျ တတ်သောကြောင့် ပွဲးအလယ်နှိုက် နေခြင်းငှါမထိုက်၊ ဥပမာကား—ဥမင် တွင်းနှိုက် ဥစ္စာအများပင်ယှိပါသော်လည်း ဆီမီးဟူသောအလင်းကို ရယှိမှ သာရွေးချယ်၍ယူနိုင်ပါသည်၊ ဆီမီးအလင်းကိုမရသဖြင့် ရွေးချယ်၍မသုံး ဆောင်ရသကဲ့သို့ ဥစ္စာသာယှိ၍ ပညာမယှိသောသူတို့သည် ဆီမီးနှင့်တူ သောပညာကင်း၍ ချမ်းသာကို မရနိုင်၊ ပညာယှိသာ မြတ်လှပါသည်ဆို၏၊ မင်းကြီးက သိန်းအမတ်····အသို့နည်းဟု ဆိုပြန်သော် သိန်းအမတ်က မဟောသဓာသည် မည်မှန်းမည်ရာကိုမသိ၍ ဆိုခြင်းဖြစ်ပါသည်၊ အသျှင် မင်းကြီးသည် ဝိဒေဟရာဇ်တိုင်းနိုင်ငံနှင့်တကွ မိမိလာပြည်ကို အစိုးရ၍ ရွှေထီးရွှေနန်းသခင် ဖြစ်တော်မူသဖြင့် စည်းစိမ်ဥစ္စာရှင် ဖြစ်သောကြောင့် ကျွန်တော်မျိုးပညာယှိ သုခမိန်ငါးယောက်တို့သည် ဥစ္စာသခင် အသျှင် မင်း ကြီးကို နေ့တိုင်းနေ့တိုင်း ခစားကြရပါသည်၊ မဟောသဓာသည် မသိ၍ ဆိုခြင်းဖြစ်ပါသည်၊ ပညာယှိလက္ခဏာမဟုတ် သူယုတ်တို့၏ စကားကို သာ ပြောလေ့ယှိသောသူ ဖြစ်ပါသည် လျှောက်လျှင် မင်းကြီးက င-သား မဟောသဓာ····အသို့နည်းဆိုပြန်သော်မဟောသဓာကအရှင်မင်းကြီး····သိန်း အမတ်သည်မသိ၍ ဆိုခြင်းဖြစ်ပါသည်၊ လောကနှိုက် ပွင့်တော်မူ ကုန် သော အစိန္တေယျသဗ္ဗညု မြတ်စွာဘုရားသခင်တို့သည် တချင်ယွေးသော ဥစ္စာကိုမျှ သိမှီးတော်မမူပါ၊ ဇမ္ဗူဒီပါကျွန်းနှိုက်နေကုန်သော အပြည်ပြည် ထောင်သော ထီးဆောင်းနန်းနေ မင်းအပေါင်းတို့သည် ဦးညွတ်ပူဇော်ကြရ ပါသည်၊ နတ်ပြည်ခြောက်ထပ် နတ်မင်းကြီးတို့မှစ၍ ဗြဟ္မာ့ပြည် တိုင် အောင်ဗြဟ္မာ, သိကြား, နဂါး, ကလုဠ်, ဂုမ္ဘဏ်, ရက္ခိုသ် တို့မှစ၍ ဘုရား ပစ္စေကဗုဒ္ဓါ, ရဟန္တာပညာယှိသူမြတ်တို့ထံ ခစားဖူးမျှော်ကြရပါသည်ဖြစ် ၍ ပညာယှိသာ မြတ်လှပါသည်ဟုဆို၏၊ မင်းကြီးက သိန်းအမတ်သုခမိန်···· အသို့နည်းဟု မေးပြန်သော် သိန်းအမတ်သည် ရေကုန်သော ဒိုးချည်းသာ ယှိသကဲ့သို့ ချေစရာစကားမယှိ၍ ဥက္ကောင်းကို အောက်သို့စိုက်ချ၍ မတုန် မလှုပ်နေရလေသည်၊ ထိုအခါမင်းကြီးက င-သားမဟောသဓာ ပညာယှိမြတ် သည်ဟု ဆိုသောစကားသည် လောကသုံးပါးတွင် အတုမယှိသော သဗ္ဗညု တဉာဏ်တော်ကို ရတော်မူသော မြတ်စွာဘုရားထက် အဘယ် ဥစ္စာယှိသူ

သာလွန်နိုင်မည်မဟုတ်ပြီ၊ ဥစ္စာယိုသူထက် ပညာယိုသူ မြတ်ပေ၏ဟု များစွာ ဆုလာဘ်ပေးတော်မူလေသည်၊ ဤစကားကဲ့သို့ နောက်ဆုံးမှ စကားကြီးကိုဖိစီး၍ ပြောသောစကားမျိုးသည် တောင်သူယာခုတ်စကား ဖြစ်ချေသတည်း။

(ဂ) ကြက်ဆုတ်ခွပ်ပစ်-စကားမှာ ဆန္ဒယိုရာ အလိုယိုတိုင်း လိုက်၍ ပြောနည်းစကားကိုဆိုလိုသည်၊အဓိပ္ပါယ်ကား—ကြက်တို့သဘောသည် ခွပ်သောကာလ နောက်သို့ဆုတ်ဟန်ပြုပြီးလျှင် ခွပ်သောအခါမှစီး၍ ခွပ်သကဲ့သို့ စကားမှာလည်း သူ့အလိုသို့ လိုက်တန်လျှင်လိုက်၍ စီးသာသောအခါမှ စီး၍ပြောသော စကားမျိုးဟု မှတ်ရမည်။

**ထုံကား။** ရခိုင်ပြည်က ပညာယိုအမတ်နှင့် အင်းဝ နေပြည်တော်က အမတ်ပညာယိုတို့ စကားစစ် ထိုးကြသည်တွင် ရခိုင်ပညာယို အမတ်က ပြောသည်မှာ ရခိုင်ဓညဝတီ ပြည်ကြီးသည်ကား နတ်ပြည်ကဲ့သို့ သာယာနှပျော်လှသည်၊ အသုံးအဆောင် လိုဘွယ်ဆန္ဒတို့သည်လည်း လိုရာမတ ပြည့်စုံလှ၍ တိုင်းနိုင်ငံသားတို့သည်လည်း ရေချမ်းအိုးကို ပိုက်ရဘိသကဲ့သို့ ချမ်းသာငြိမ်သက် ကြက်ပျံမကျ စည်ပင်သာယာ ဝပြောစွာ ဒါန, သီလ နှိုက်သာ မွေ့လျော်ပျော်ပါးကြသည်၊ ရွှေနန်းရှင်သည်လည်း မင်း၏တရား ဆယ်ပါးနှင့်အညီ ကျင့်တော်မူ၍ တိုင်းနိုင်ငံသားတို့သည် ချမ်းသာစွာ ရောဂါဘယ မယိုကြပါဟုပြောလျှင် အင်းဝရွှေနန်းရှင် အမတ်ပညာယိုက ကိုယ်သို့မရောက်သော စကားဖြစ်၍ ဟုတ်ဘိမည် ဟုတ်ဖွယ် ယို၏ဟု ဆိုသည်၊ ရခိုင်ပညာယိုအမတ်က နေ့ထွက်ဘုရင် အမတ်ပညာယိုကို တလှည့်ပြောဦးဆိုလျှင် အင်းဝရွှေနန်းရှင်အမတ်ပညာယိုက ပြောသည်မှာ ကျွန်ုပ်တို့သခင် အင်းဝရွှေနန်းရှင် နိုင်ငံတော်သည် နှပျော်သာယာလှ သောကြောင့် တနှစ်လျှင် တဆဲ့နှစ်လဖြစ်၍ ဆဲ့နှစ်ရာသီပတ်လုံး တနေ့မခြား အလှူဒါန ပွဲလမ်းသဘင်ကျင်းပရာ များပြားလွန်း၍ မြို့နေသူတို့ မကြည့်နိုင်ကြပါဟု ဆိုလေလျှင် ထိုစကားကို ရခိုင်ပညာယိုအမတ်က ကြားလေသော် အင်းဝရွှေနန်းရှင်အမတ် ပညာယိုသုခမိန်က ပြောဆိုသောစကားမှာ ကြားသိရပေပြီ၊ သို့ရာတွင် ကျွန်ုပ်တို့လှာသည်ကာလ အင်းဝသူ အင်းဝသားတို့သည် ဆီး၍ဝိုင်းအုံ ကြည့်ကြသည်ကား အနန္တအတိုင်းမသိ တိုး၍မပေါက် ကြည့်ကြလေသည်၊ အဘယ့်ကြောင့် ကြည့်ကြလေ သနည်းဟုဆိုလျှင် အင်းဝရွှေနန်းရှင် အမတ်ပညာယိုက အဆွေတော်တို့လှာသည်ကာ

လ အနန္တအတိုင်းမသိ အင်းဝသူအင်းဝသားတို့ ဝိုင်းအုံကြည့်ကြသည်မှာ ဟုတ်ပေလိမ့်မည်၊ အင်းဝသူ အင်းဝသားတို့ သဘောသည် မင်းကေရာဇ်တွင် စီးတော်ဆင်ကို ရွှေကြိုးရွှေကဖြင့်တင်လျက် တူရိယာတီးမှုတ်၍ နေ့တိုင်းမပြတ် တနေ့လျှင် သုံးကြိမ်ရေချသည်၊ မည်သူတယောက်မျှကြည့်ကြမည်သူမယှိပါ၊ တောဆင်ရိုင်းလှာလျှင်မူကား တိုး၍အတိုင်းမသိဆီးကြို ဝိုင်းအုံ ကြည့်ကြကုန်သည် ဖြစ်ရကား အရိုင်းအစိုင်းကိုသာ ကြည့်တတ်သော သဘောယှိသည်၊ အဆွေတို့ရခိုင်သားတို့သည် လူရိုင်းလူစိုင်းဖြစ်၍ ဝိုင်းအုံ ကြည့်ကြကုန်သည်ဟု ဆိုလျှင် ရခိုင်ပညာယှိ အမတ်ကအဆွေကသည်စကားတချက်စီးမိပေ၏ဟု အရှုံးခံရဘူးလေသည်၊ ဤကဲ့သို့စီးသာမှစီး၍ ပြောဆိုသော စကားမျိုးသည် ကြက်ဆုတ်ခွပ်ပစ် ဖြစ်ချေသတည်း။

(၉) ရေစစ်ကရားစကားမှာ ဆန္ဒယှိရာ သူတပါးစကားကို ပိတ်၍ပြောနည်းစကားကိုဆိုလိုသည်၊ အမိပ္ပါယ်ကား-ရေစစ်ကရိုဏ်ကို ရေတွင်နှစ်၍ ရေပြည့်လျှင် အပေါက်ကို လက်မနှင့်ပိတ်၍ယူလျှင် ရေမထွက်နိုင်သကဲ့သို့ သူစကားကိုပိတ်မိအောင် ပြောဆိုသော စကားသည် ရေစစ်ကရား ပြောနည်းဖြစ်သည်ဟု မှတ်ရမည်။

ထုံးကား။ သူအို တယောက်နှင့် သူငယ် ၄- ယောက်တို့သည် ယုံတမ်းစကားပြောကြသည်မှာ မယုံဘူးဆိုသူကို ကျွန်ပြုတမ်း ကတိဟုထား၍ပြောကြသည်တွင် သူငယ်တယောက်ကပြောသည်မှာ ငါ-ကို အမိ ပဋိသန္ဓေယှိနေသည်တွင် အမိသည် ချဉ်သီး စားချင်သည်ကို ငါသိ၍ အမိ ဝမ်းတွင်းကငါထွက်ပြီးလျှင် ချဉ်သီးရှာ၍ အမိကိုပေးပြီးမှ ဝမ်းထဲသို့ ဝင်မြဲဝင်၍နေသည်၊ ငါ-အမိလည်းမသိချေ၊ သည်စကားကိုယုံပါစ မေးလျှင် ယုံပါ၏ဟု ဝန်ခံကြသည်၊ သူငယ်တယောက်က ပြောသည်မှာ ငါသည် မန်ကျည်းသီးစားချင်သောကြောင့် မန်ကျည်းပင်ကိုတက်သည်၊ မတက်နိုင်၍ခြေမကိုငါကိုင်ပြီးလျှင်ပစ်ရာ မန်ကျည်းပင်အထက်သို့ ရောက်၍ မန်ကျည်းသီးကို (လေးရာငါးဆယ်ခြောက်တင်း) ဆွတ်၍ရလျှင် အောက်သို့ မဆင်းနိုင်သဖြင့် အိမ်မှာလှေကားကိုယူ၍ ထောင်ပြီးမှ မန်ကျည်းသီးကိုယူပြီးလျှင်ဆင်းလှာခဲ့သည်၊ ဤစကားကိုယုံပါစမေးလျှင် ယုံပါ၏ဟု ဝန်ခံကြသည်၊ သူငယ်တယောက်က ပြောပြသည်မှာ ငါသည် ငါးကို စားချင်သောကြောင့်ရေထဲမှာ ငါးကိုငုပ်၍ ဖမ်းလိုက်လျှင် ငါးတကောင်ကိုမယူနိုင်၍ ရေထဲ

တွင် မီးနှင့်ဖုတ်ပြီး ကျက်လျှင် ငါးကိုစား၍ ဝမှငါလာခဲ့သည်၊ ယုံပါစဟု မေးလျှင် ယုံပါ၏ဟု ဝန်ခံကြသည်၊ တယောက်သူငယ်က ပြောသည်မှာ တို့မိဘအိမ်သည် ကြီးမြင့်လှသောကြောင့် အိမ်တွင် ကျွန်မအိမ်ပြည့်ဝသည် ကိုယ်ဝန် ရင့်မာ၍ မီးဖွားရာတွင် ကလေးသည် ကြမ်းပေါက်က ကျ သွားရာ ထိုကလေးလည်း ခေါင်းမှာဆံပင် ဆွတ်ဆွတ် ဖြူမှအောက်သို့ ရောက်သည်၊ ထိုကလေးကား မကျိုးမပဲ့ယှိလေသည်၊ ဤစကားကို ယုံပါစ မေးလျှင် ယုံပါ၏ဟု ဝန်ခံကြသည်၊ ထိုသူငယ် လေးယောက်တို့ပြောပြီးမှ သူ့အိုကတခါငါပြောတော့မည်၊ မင်းတို့နားထောင်ကြဆို၍ ပြောသည်မှာ ငါတောင်ယာလုပ်သော အခါတွင် ဝါကြဲသည်၊ ဝါပင်ကြီးတပင်ပေါက် သည်၊ ထိုဝါပင်ကြီးမှာ အကိုင်းလေးကိုင်းယှိသည်၊ တကိုင်းလျှင် ဝါသီး လေးလုံးစီသီးသည်၊ ထိုဝါသီးက ပေါက်သည်ကာလ သူငယ်လေးယောက် ပေါက်လာသည်၊ ထိုသူငယ် လေးယောက်တို့ကို ကောင်းမွန်စွာ ကျွေးမွေး ၍ထားရာ သူငယ်တို့သည် အသက် ၂၀-ကျော်ခန့် ယှိလျှင် ထွက်ပြေး တိမ်းယှောင်၍သွားရာ လိုက်လန် ရှာဖွေသော် မရ၊ ယခုမှ မင်းတို့ကိုတွေ့ရ သည်၊ ၄-ဝါသီးထဲက ပေါက်သော သူငယ်လေးယောက် မှန်သည်၊ ၄-ကျွန်ချည်း ဖြစ်တော့သည်၊ တယောက်ကို စိတ္တ, တယောက်ကို နန္ဒ, တယောက်ကို ကုမ္မာရ, တယောက်ကို ဘာသိတ ငါအမည်မှည့်ထားသည်၊ မင်းတို့လေးယောက် အမှန်ဖြစ်သည်၊ ဤစကားကိုယုံပါစဟု မေးလျှင် ယုံ ပါ၏ဟုဝန်ခံလျှင် သက်ကြီးအိုကျွန် မယုံပါဟုဆိုလျှင် သက်ကြီးအိုကျွန် ဖြစ်သည်၊ ဤစကားကဲ့သို့ သူ့စကားကို ပိတ်မိအောင်ပြောသော နည်းသည် ရေစစ်ကရား စကားမျိုးဟူသတည်း။

(၁၀) ခက်တင်မောင်းနင်း စကားမှာ ဆန္ဒယှိရာ သူတပါးစကားကို မြှောက်၍ပြောနည်းကိုဆိုလိုသည်၊အဓိပ္ပါယ်ကား-သူ့စကားကို ဟုတ်၏လည်းမဆို၊ မတင်မကျပြောသောစကားသည် ခက်တင် မောင်းနင်း ပြောသောစကား မှတ်ရမည်။

**ထုံးကား။** ရှေးသောအခါ မှူးတော်, မတ်တော်များကို လူဆိုးတ ယောက်သည် အလွန်အကြူးဆဲဆိုသောကြောင့် ဖမ်းဆီးချည်နှောင် ထောင်း သတ်မည်ပြုသည်တွင် ငါသည်အခြားကမဟုတ်၊ တောင်ဘီလာဆရာတော် တူဖြစ်သည်ဆိုလျှင် မှူးတော်,မတ်တော်များက ဆရာတော်တူ ဖြစ်သည်မှန် ပေလျှင် မပြုသင့်သေးဟု ထိုသူကိုခေါ်၍ ဆရာတော်ဘုရားထံရောက်လျှင် ထိုသူသည် ဆရာတော်ဘုရားတူဆိုပါသည်၊ မှန်မည်မမှန်မည်ကို အမိန့်တော်

ရှိပါဟုလျှောက်လျှင် ဆရာတော်ဘုရားက သည်သူ ငတူမဟုတ်ဘူးဟုဆိုပြန်လျှင် ဘေးရောက်တော့မည်၊ ဟုတ်၏ဆိုပြန်လျှင်လည်း ထိုသူကားချမ်းသာရ၏၊ ငါကားမုသားရောက်တော့မည်ကြ၍ သည်သူသည် ငတူမဟုတ်ဘူးဟု ဘယ်သူပြောသနည်းဟုဆို၍ မျက်နှာပိုးသတ်ပြီးလျှင် နေတော်မူသည်၊ မူးတော်,မတ်တော်များလည်းမယူမဆနိုင်သဖြင့် ပြန်၍လည်း မလျှောက်ဝံ့၊ ကျောင်းကဆင်း၍သွားရလေသည်၊ ထိုသူလည်းချမ်းသာရလေသည်၊ ဆရာတော်လည်း မုသားဖြစ်တော်မမူချေ၊ ဤကဲ့သို့ မတင်မကျ ပြောသောစကားမျိုးသည် ခက်တင်မောင်းနင်းစကားဖြစ်ချေသတည်း။

---

## ၂၆၉-စကားအရာအင်္ဂါလေးပါးအကြောင်း

၁။ ဝါကျအစိပ်ငါးပါး။
၂။ ပုဒ်လေးပါး။
၃။ လိင်သုံးပါး။
၄။ ဝုစ်နှစ်ပါး။

ကိရိယာ-ကာရကစသည်နှင့်ပြည့်စုံခြင်း, တရားနှင့်ယှဉ်ခြင်း,ချစ်နှစ်သက်ဖွယ်ယှိခြင်း, ဖြောင့်မှန်ခြင်း၊ ဤအင်္ဂါလေးပါးယှိသတည်း၊ သုဘာသိတသုတ်နိုက်—

သုဘာသိတံ ဥတ္တမမာဟု သန္တော၊
ဓမ္မံ ဘဏေ နာဓမ္မံ တံ ဒုတိယံ။
ပိယံ ဘဏေ နာပိယံ တံ တတိယံ၊
သစ္စံ ဘဏေ နာလိကံ တံ စတုတ္ထံ။
[၁၁-လုံးဘွဲ့ဂါထာ။]

**အနက်ကား**

(၁) သုဘာသိတံ၊ ဝါကျအစိတ်ငါးပါး, ပုဒ်လေးပါး, လိင်သုံးပါး, ဝုစ်နှစ်ပါး, ကိရိယာကာရက စသည်နှင့် ပြည့်စုံစွာဆိုခြင်းကို။ ဥတ္တမံ၊ မြတ်သောပဌမအင်္ဂါဟူ၍။ သန္တော၊ သူတော်ကောင်းတို့သည်။အာဟု၊ဆိုကုန်ပြီ။

(၂) ဓမ္မံ၊ တရားနှင့်ယှဉ်သောစကားကို။ ဘဏေ၊ပြောဆိုရာ၏။အဓမ္မံ၊ တရားနှင့်မယှဉ်သောစကားကို၊ နဘဏေ၊ မဆိုရာ။ တံ၊ ထိုတရားနှင့်ယှဉ်စေလျက် ဆိုခြင်းကို။ ဒုတိယံ၊ နှစ်ခုမြောက်သော အင်္ဂါဟူ၍။ သန္တော၊သူတော်ကောင်းတို့သည်။ အာဟု၊ဆိုကုန်ပြီ။

(၃) ဝိယံ၊ ချစ်နှစ်သက်ဖွယ်ကို။ ဘဏေ၊ ပြောဆိုရာ၏။ အပိယံ၊ မချစ်မနှစ်သက်ဖွယ်ကို။ နဘဏေ၊ မပြောမဆိုရာ။ တံ၊ ထိုနှစ်သက်ဖွယ်ပြောဆိုခြင်းကို။ တတိယံ၊ သုံးခုမြောက်သော အင်္ဂါဟူ၍။ သန္တော၊ သူတော်ကောင်းတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

(၄) သစ္စံ၊ ဖြောင့်မှန်သည်ကို။ ဘဏေ၊ ပြောဆိုရာ၏။ အလိကံ၊ မဖြောင့်မမှန်သည်ကို။ နဘဏေ၊ မပြောမဆိုရာ။ တံ၊ ထိုဖြောင့်မှန်စွာပြောဆိုခြင်းကို။ စတုတ္ထံ၊ လေးခုမြောက်သောအင်္ဂါဟူ၍။ သန္တော၊ သူတော်ကောင်းတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

ဤသို့လျှင် စကားအရာ အင်္ဂါလေးတန်နှင့်ပြည့်စုံမှ မင်းပွဲစိုးပွဲဝင်၍ မင်္ဂလာမြောက်ရာသည်၊ အသျှင်စိုးမင်းတို့ထံ တင်လျှောက်ကုန်သော ပညာယှိတို့သည် အသျှင်စိုးမင်းတို့၏ အကျိုးစီးပွားပျက်အံ့သောအရာနှိုက် ရေလိုက် ကြာလိုက်ဆိုဘိသကဲ့သို့ အလိုသို့လိုက်၍ မတင်မလျှောက်ကုန်ရာ၊ ရှေးပညာယှိအမတ်တို့လည်း အသျှင်စိုးမင်းတို့၏ အကျိုးစီးပွား ပျက်အံ့သောအရာနှိုက် စိတ်စက်ငြိုငြင်၍ အပြစ်ပေးမည်ကို မထောက်မထား တန့်တန့်စားစားလျှောက်ကုန်၏၊ ထို့ကြောင့် ဥမင်္ဂဇာတ်တော်နှိုက် မဟောသဓာအမတ်ပညာယှိသုခမိန်သည် ပဉ္စာလရာဇ်တိုင်းနိုင်ငံသို့လိုက်လိုသောဆန္ဒ ပြင်းပြစွာယှိသောဝိဒေဟရာဇ်မင်းကြီးအား အကျိုးတော်ယုတ်မည်အကြောင်းကို မြင်သောကြောင့် စိတ်စက်ငြိုငြင်မည်ကို မထောက်မထား တန့်စားလျက် ဖားငါးအဟိတ်တိရစ္ဆာန်နှင့် တန္တု၍ လွဲဖယ်ဆီးတား တင်လျှောက်ချေသည်၊ အသျှင်စိုးမင်းတို့ကလည်း ငါရေမြေသဌေးနှင်းမင်းကို စင်လျက် ဆန့်ကျင်အောင် တင်လျှောက်ရာသလောဟုအပြစ်မပေးတည့်မူ၍၊ ဤသူကား ငါ၏အကျိုးကို စင်စစ်အလိုယှိ၏၊ ဤသူကားငါ၏ အကျိုးကို လိုဟန်သာမူချေသည်၊ စင်စစ်သော်တမူကား ငါ၏အကျိုးကိုအလိုမယှိဟု ရွေးချယ်စိစစ်၍ သိအောင်မူကုန်ရာသည်၊ အသျှင်စိုးမင်းတို့၏ အကျိုးစီးပွား မပျက်အံ့သောအရာဖြစ်မူ"တောင်ထိပ်ကြာရောက်၊ အနောက်နေထွက်၊ ပြိုအက်မြင်းမိုရ်၊ မီးကိုမပူ၊ ချမ်းစွာဟူသည်" ဆိုဘိသကဲ့သို့ အလိုတော်လိုက်၍ အကြိုက်ကျအောင်တင်လျှောက်ရာသည်။

ထိုပြအပ်ကုန်သော စကားအရာအင်္ဂါလေးတန်တို့တွင် သုဘာသိတ အင်္ဂါနှိုက် ပဋိညာဥ်စသော ဝါကျအစိပ်ငါးပါး, နာမ်ပုဒ်စသော ပုဒ်လေးပါး,ပုလ္လိင်စသောလိင်သုံးပါး,သိဝိဘတ်-တိဝိဘတ် စသော ဝိဘက်ခုနစ်ပါး-

ယှစ်ပါး, အတိတ်စသောကာလသုံးပါး, ကံစသောကာရက ခြောက်ပါး စသည်တို့နှင့် ပြည့်စုံငြားသော်လည်း ဂုန်းတိုက်ချောပစ်စသည်နှင့် ယှဉ်ချေသော် သုဘာသိတမမည်ကုန်၊ ဝါကျအစိပ်စသည်နှင့်ယှဉ်လျက် ဂုန်းတိုက် ချောပစ်သည်မှ လွတ်ကင်းသော် အတိသုဘာသိတ မည်သည်သာတည်း။

ပိယအင်္ဂါနိုက် အကြင် ပညာယှိသူတော်ကောင်း အပေါင်းတို့သည် ချစ်နှစ်သက်ဖွယ်ယှိသောစကားကိုသာ ဆိုကုန်ရာ၏၊ အဆင်း အရုပ်ပင်ဆိုးသော်လည်း အဆိုအပြောသာယာက သူတပါးတို့ချစ်မြတ်နိုးသည်သာတည်း။

ကြမ်းထမ်းသော စကားကိုဆိုရာနိုက် လူကိုမဆိုထားဘိဦး၊ အပါယ်တိရစ္ဆာန်တို့မှသော်လည်း မခံချိကုန်သည်သာတည်း၊ နန္ဒိဝိသာလနွားကြီးကိုထောက်၍ သိရာ၏။

ဤလောကနိုက် နှုတ်ထွက်ရိုးရင်းကြမ်းထမ်းသောသူသည် မိမိနှုတ်ဖြင့် မိမိကိုယ်ကို ဖျက်ဆီးတတ်၏၊ ကောကာလိက ရဟန်းကိုထောက်၍ သိရာ၏။

ယင်းသို့လျှင် ကျမ်းဂန် ဝတ္ထုလှာသည်ကို ထောက်၍ ပညာယှိသောမင်းခယောက်ျား အမျိုးသားတို့သည် အသျှင်စိုးမင်းတို့အား ဖြောင့်မှန်တည်တံ့သောစကားဖြင့် တင်လျှောက်ကုန်ရာ၏၊ ဤသို့ ဖြောင့်မှန်တည်တံ့သောစကားဖြင့် တင်လျှောက်တတ်ကုန်သော ပညာယှိတို့၏ စကားကို အသျှင်စိုးမင်းတို့ မလွဲမဖယ်ယုံကြည်ကုန်ရာ၏၊ မဖြောင့်မမှန်မတည်တံ့သောစကားယှိကုန်သောသူတို့ကို ရာထူးဌာနန္တရဖြင့် ခြီးမြှောက်ခြင်းငှါလည်း အသျှင်စိုးမင်းတို့ အလိုမယှိအပ်ကုန်၊ ထိုစကားမှန်၏၊ မင်းခယောက်ျား အမျိုးကောင်းသားတို့သည် အသျှင်စိုးမင်းမှစ၍ ဂုဏဝုဍ္ဎိ,ဝယဝုဍ္ဎိ,ဇာတိဝုဍ္ဎိ ထိုသုံးပါးကို ထောက်ပြီးလျှင် ဖြောင့်မှန်တည်တံ့ ဟုတ်မှန်သောစကားကို သာယာချေင်ပြေပြစ် နူးညံ့ သိမ်မွေ့ ယဉ်ကျေးဖွယ်ရာ သူတပါးနားနိုက် ပျားကြိုသကာကဲ့သို့ နားဝင်ချိုသောစကားကို အင်္ဂါလေးတန်နှင့်ညီညွတ်အောင် ပြောဆိုကြရမည်။

"စကားကိုလျှင်ထုံးကိုမှတ်" ဆိုသော စကားပုံကို လိုက်နာဆောင်ရွက်ရမည်၊ "လောဘကြီးသူစကားချို" ဆိုသော စကားပုံကို အတုမခိုးမယူရ၊ စကားဆိုတွေ့ သူလိုစေရမည်၊ ပညာယှိပြောသောစကားကို ပညာယှိ

နားထောင်သော် အပြစ်မြှခန့်မယ့်၊ မာနကြီးသောသူနှင့် မတတ်မလိမ္မာသူတို့နားထောင်သော် အပြစ်ကြီးကြီးဖြစ်တတ်ချေသည်၊ လောကသဘောကို ထောက်၍ ဖော်ပြလိုက်သည်။

---

## ၂၇၀-စကားခြောက်ခွန်းအကြောင်း၊

(၁) မဟုတ်မမှန်, အကျိုးစီးပွါးမယှိ, သူတပါးတို့လည်း မနှစ်သက်၊ ဤလည်းတခွန်း။

(၂) ဟုတ်မှန်၏, အကျိုးစီးပွါးမယှိ, သူတပါးတို့လည်း မနှစ်သက်၊ ဤလည်းတခွန်း။

(၃) ဟုတ်မှန်၏,အကျိုးစီးပွါးယှိ၏,သူတပါးတို့လည်း မနှစ်သက်၊ ဤလည်းတခွန်း။

(၄) မဟုတ်မမှန်, အကျိုးစီးပွါးမယှိ, သူတပါးတို့နှစ်သက်၏၊ ဤလည်းတခွန်း။

(၅) ဟုတ်မှန်၏, အကျိုးစီးပွါးမယှိ, သူတပါးတို့ နှစ်သက်၏၊ ဤလည်းတခွန်း။

(၆) ဟုတ်မှန်၏,အကျိုးစီးပွါးယှိ၏,သူတပါးတို့လည်း နှစ်သက်၏၊ ဤလည်းတခွန်း။

ထိုခြောက်ခွန်းသောစကားတွင် တတိယစကားနှင့် ဆဋ္ဌမြဖစ်သောစကား ၂-ခွန်းကိုသာ ဘုရားရှင်တို့ မိန့်ဆိုတော်မူ၏၊ လောကီသားတို့မူကား ခြောက်ခွန်းသောစကားကိုပင် ပြောဆိုကြကုန်သတည်း၊ "စကားခြောက်ခွန်း၊လူနိုက်ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်"ဟု လင်္ကာရေးစပ်ထားသည်ကို ထောက်သဖြင့် ဆင်ခြင်ရန်ဖြစ်ချေသည်။

**၁-စကားမှာ။** သီလယှိသူကို သီလမယှိဟု ဆဲဆိုခြင်း, သမ္မာဓိယှိသူကို သမ္မာဓိမယှိဟုဆဲဆိုခြင်း, အတတ်အလိမ္မာနှင့်ပြည့်စုံသူကို လူမိုက် လူမလိမ္မာဟူ၍ ဆဲဆိုခြင်း,သူတောင်းစားမဟုတ်သူကို သူတောင်းစားဆိုခြင်း, ကျွန်မျိုး-ကယ်ပါမျိုးမဟုတ်သူကို ကျွန်မျိုး-ကယ်ပါမျိုး ပြောဆိုခြင်း, မူဆိုးတံငါမဟုတ်သည်ကို မူဆိုးတံငါဟု ပြောဆိုခြင်း, ဒွန်းစန္ဒား မဟုတ်သည်ကို ဒွန်းစန္ဒားဟု ပြောဆိုခြင်းစသော အမှုတစုံတခုကို ပြောမိဆိုမိသော် ဟုတ်လဲးမဟုတ်, သူလဲးမနာလို, ကိုယ်လည်းအကျိုးမယှိသောကြောင့် ဤစကားကို အမြဲးမသုံးသင့်၊ ပယ်သင့်သည်။

၂-စကားမှာ။ သီလမယိုသူကို သီလမယိုဟု ပြောဆိုခြင်း, အကျိုးကို အကျိုး, အကန်းကို-အကန်း, မူဆိုးတံငါကို-မူဆိုးတံငါ, ပြည့်တန်ဆာမကို-ပြည့်တန်ဆာမ, လူမိုက်ကို-လူမိုက်, မလိမ္မာသူကို-မလိမ္မာ, လူအကို-လူအ,လူနုံကို-လူနုံ,အရက်သမားကို-အရက်သမား,ဘိန်းစားကို-ဘိန်းစား, သူခိုးကို-သူခိုး, ဒါးပြကို-ဒါးပြ, လူလိမ်လူဝါကို-လူလိမ်လူဝါ စသည်ဖြင့် ဟုတ်မှန်သည့်အတိုင်း ပြောဆိုဆဲရေးချေသော် ဟုတ်လဲးဟုတ်၏, သူလဲး မနာလို, ကိုယ်လဲးအကျိုးမယိုသောကြောင့် ဤစကားကို အမြဲးမသုံးသင့်၊ ပယ်သင့်သည်။

၃-စကားမှာ။ မကောင်းမှု ဒုစရိုက်တို့ကို မပြုကျင့်ရ၊ ကောင်းသော သုစရိုက်ကိုပြုကျင့်ရမည်ဟု ပြောဆိုသော စကား, မကောင်းသော ဒုစရိုက်ကို လိုလားအားထုတ်လျှင် အပါယ်လေးပါးသို့ လားအံ့ရန် အကြောင်းကို ပြောဆိုသော စကားသည် ဟုတ်လည်းဟုတ်၏, သူတပါးလည်း နာလို၏၊ ကိုယ်လည်းအကျိုးယို၏၊ ထို့ကြောင့်ဤစကားကို မပယ်သင့်၊ ယူသင့် သုံးသင့် ပြောသင့်ဟောသင့် တင့်တယ်ကောင်းမြတ်သောစကားဖြစ်၍ အမြဲး သုံးစွဲရမည်။

[ယခုကာလသားသမီးတို့သည် များသောအားဖြင့် ဤစကားနှင့်ပြောဆို ဆုံးမချေသော် ရမရကိုသာ ရှေးကနှင့် နှိုင်းစာ၍ ချင့်ချိန်ရန် ထောက်ဆ လိုက်သည်ယိုသော် ခြားနားခြင်းဖြစ်လိမ့်မည် ထင်ပေသည်။]

၄-စကားမှာ။ ရွှေယုန်ရွှေကျား သက်ငယ်ရိတ်သွား ဆိုသော စကား ပုံ,ဝ နွားမကြီး၏အကြောင်း, ဆင်၏အကြောင်း, ခွေး-ကြောင်-ကျား-ငန်း-မြွေ-တို့၏အကြောင်း, ခရုအမွေးမယိုသည်အကြောင်း, ငါးတို့သည် ရေထဲးနေသည့်အကြောင်း, မဲးထွေးမဲးသီတာ,ဒဏ္ဍာရီစသော လီလီလာလာ တီတီတာတာ ပေါ့ပျက်ပြိန်ဖျင်းသော စကားတို့ကိုပြောဆို သင်ကြားပြသ ခြင်းတို့သည် ဟုတ်လဲးမဟုတ်, အကျိုးလဲးမယို, မသိမလိမ္မာသော သူတို့ အလိုဆန္ဒ ဖြစ်သော ဤစကားမျိုးကို မပြောမဆိုရ၊ မသုံးစွဲးရ၊ အမြဲး ပယ် သင့်သည်။

၅-စကားမှာ။ စစ်တိုက်စကား, ခိုးသူစကား, ဒါးပြတိုက်စကား, ခရီး သွားစကား, ပွဲလမ်းသဘင် ပျော်ရွှင် မြူးထူးသောစကား, တစ္ဆေစကား, စုန်းစကား, နတ်စကား, သည်ယောကျ်ားလှသည်, သည်မိန်းမလှသည်, မုန့်ိုးတောသွားစကား, တံငါငါးရှာစကား, သည်သူဌေးပေါများသည်,

သည်သူ- ဆင်- မြင်း- ကျွဲ- နွား- လယ်- ခြံ- ပေါများသည်, ကြွယ်ဝသည် ပြောဆိုသောစကားသည်ကား ဟုတ်လဲးဟုတ်၏, သူလဲးနာလို၏, ကိုယ်လဲး အကျိုးမယှိသောကြောင့် ဤစကားကို ပြောဆိုသုံးစွဲခြင်းမပြုရ၊ ပယ်သင့်သည်။

[''သူ့သဘောကို၊ လိုက်လျောညီထွေ၊ ကျင့်တတ်စေ''ဟု ဆုံးမစာတစောင်တွင် ဖော်ပြထားလျက် ယှိပြန်သောကြောင့် အပြစ်မယှိ မဆန့်ကျင်သည်ကိုသာ ပဇာနလိုရင်းထားရန်သင့်ချေသည်။]

၆-စကားမှာ။ ပရိသတ်လေးပါးတို့အား တရားစကား ဟောပြောခြင်း, သမာအာဇီဝဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ပြခြင်း, ပရဟိတ-သူတပါးအကျိုး၊ အတ္တဟိတ-မိမိအကျိုး ဖြစ်ထွန်းအောင် ဟောပြောညွှန်ပြခြင်း,မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုံးဆယ့်ယှစ်ပါး အပြားယှိသော အသေဝနာစပုဒ်မှ အာရတိ ဝိရတီပုဒ်တိုင်အောင် နှစ်ဆယ့်တပါးယှိသော လူတို့ကျင့်စဉ်တရား,ဂါရဝေါစပုဒ်မှ တပေါစပုဒ်တိုင်အောင် တဆဲ့သုံးပါးယှိသော ရဟန်းတို့ ကျင့်စဉ်တရား, ဖုဋ္ဌဿပုဒ်နိက် ရှာန်ရ ရဟန္တာတို့၏ ခံစားရသောတရားလေးပါးတို့ကို ခွဲခြား၍ ဟောပြောညွှန်ပြခြင်း, သာဝိတ္တိဆန်း ဂိုဏ်း ၂၄-လုံးယှိသော သရဏာဂုံ သုံးပါးကို နေရာကျအောင် ဆည်းကပ် ကိုးကွယ်တတ်စေရန် ညွှန်ပြပြောဆိုခြင်း စသော စကားတို့သည် ဟုတ်လဲးဟုတ်၏, သူလဲးနာလို၏, ကိုယ်လဲးအကျိုးယှိ၏၊ ထို့ကြောင့် ဤစကားကို ယူသင့်ပြောသင့် ဟောသင့်သုံးသင့် တင့်တယ်ကောင်းမြတ်သော စကားဖြစ်၍ အမြဲပြောဆိုသင့် မှတ်သားသင့်လှသည်။

ယခုသရော်မူကား မှန်ကန်၏ဟူ၍သာ ပြောဆိုသုံးစွဲကြသည်၊ မိမိပြောသောစကားသည် အကျိုးယှိမယှိကို သတိမမူကြ၊ အကျိုးယှိအောင် ပြောဆိုနိုင်ရန်လဲ မကြံမစည်၊ တင့်တယ်သော စကားကိုလဲး မရွေးချယ်နိုင်၊ဆိုမိရာရာပြောမိရာရာ စကားဦးတဲ့ရာရှောက်၍ င-စကားနွားရ ဆိုဘိသကဲ့သို့ ပြောဆိုလေ့ယှိကြသည်၊ အကျိုးကား ယှိမည်မဟုတ်၊တတ်သိလိမ္မာမှ စကားအရာနိုက် ပြောဆိုသုံးစွဲနိုင်သည်၊ အကျိုးယှိမယှိကို ဆင်ခြင်နိုင်သည်၊ လိမ္မာသောဆရာမိဖ၏စကား, လိမ္မာသောပညာယှိ ပုဂ္ဂိုလ်သူမြတ်တို့ရေးသားစီရင်သော ကျမ်းဂန်ပုံပြင် နည်းနာ,သတင်းစာ,ဘာသာခြားခေါ် မဂ္ဂဇင်း-ဂျာနယ်တို့မှစ၍ ကောင်းသောအရာတို့ကို ကြည့်ရှုမှတ်သားပါလျှင် ပညာတိုးပွား၍ကောင်းကျိုးချမ်းသာ ရောက်အောင် အကျိုးယှိသော စကားကို ပြောဆိုသုံးစွဲနိုင်ပေမည်၊ အများအားဖြင့် တွေ့ရကြုံရသည်မှာ

ဗဟုသုတ တိုးပွားရှိ လိမ္မာရန် စာများကိုကြည့်ရှု မှတ်သားသူကား နည်းပါးကြသည်၊ တမူးခြောက်ပြား တပဲလေးရွေး ပေးရသော မေးဝဲ-မေးဒြန်၊ မေးရိုက်, မေးဝဲဘယ်ကြောင်, ချင်းကလေးဖဝေး, ပဋိက္ကရားဇာတ် စသော ကာလပေါ်ပုံတိုဝတ္ထုအရုပ်ပါသောစာအုပ်ငယ်များကိုသာအဆန်းပေါ်လှာ သမျှ စာပုံနှိပ်တိုက်က ထုတ်တိုင်းထုတ်တိုင်း ဝယ်ယူ၍ ယောက်ကျားကလေး, မိမ္မကလေးတို့ကြည့်ရှု မှတ်သားကြသူ များသောကြောင့် အကျိုးယိုသောစကားကို ပြောဆိုနိုင်ရန် နည်းလမ်းမရမယို ဖြစ်ကြ ပေကြောင်း ကောင်းစွာမှတ်ယူ သတိပြုရန်သင့်တော့သည်၊ ဤကား မိဘတို့ တာဝန်တည်း။

---

## ၂၇၁-ဥပမာနှင့်တကွပြောပြသောစကားမျိုးလေးဆယ်

(၁) သုံးလူ့ထွဋ်ထား၊ သဗ္ဗညုမြတ်စွာဘုရား၏၊ ဟောကြားမြွက်ဟ၊ ဓမ္မခန္ဓာ၊ အင်္ဂါကိုးမည်၊ ရင်နို့ရည်ကို၊ ချမ်းကြည် မျှလောက်၊ ဝကြောင်းသောက်၍၊ တတ်မြောက်ပုဂ္ဂိုလ်၊ မြတ်ထိုထိုတို့၊ အလိုတော်သိ၊ ဖွင့်လင်းဘိသည်၊ ပါဠိအဋ္ဌကထာ၊ ဋီကာလက်စွဲး၊ သင်အံပင်ပြီးသော်လည်း၊ အစွဲးမယိုက၊ ကပိလက္ခဏာ၊ ကျွမ်းဂန်၏အရာ၌၊ လိမ္မာခြင်းသို့မရောက်ရာ။

(၂) သမ္မန်ယှစ်သွယ်၊ လေးဆယ်နည်းနှာ၊ ဥပစာဆယ်ပါး၊ အလားပြသ၊ ဝဏ္ဏမတြာ၊ ဂါထာစုဏ္ဏိယ၊ ဒေါသဖြတ်ပိုင်း၊ ဌာန်ကရိုဏ်းကို၊ ချင့်နှိုင်း၍ မသိက၊ ပါဠိတတ်လက္ခဏာသို့မရောက်ရာ။

(၃) လေးဆဲ့တလုံး၊ စုရုံးအက္ခရာ၊ သညာရူပ၊ မှတ်သားပြ၍၊ ဂ.ဏ္ဏဇ၊ ဩဋ္ဌဇ၊ တာလုဇနှင့်၊ ဒီဃရဿ၊ လဟုစသည်၊ ပဋ္ဌမက္ခရာ၊ ငါးပါးဖြာ၍၊ ကိရိယာစု၊ လဟုအညီ၊ ဗျဉ္ဇနကလာပ်၊ ဗြို့ဟတ်မည်ယို၊ နှာသိကဌာန်၊ ပုဒ်လေးတန်နှင့်၊ သမ္မန်ပစ္စည်း၊ သိမ်းဆည်းသင်အပ်၊ ပညတ်-ပရမတ်၊ ဝစနတ်နှင့်၊ ဝိဘတ်ခုနစ်သွယ်၊ တင့်တယ်ဝေဘန်၊ ကျွမ်းရိုးပင်မှန်သော်လည်း၊ သုံးတန်သင်္ဂါယနာ၊ မဝင်ပါသော်၊ ဆရာစဉ်ဆက်၊ မနှစ်သက်က၊ အချက်ပင် ပြုသော်လည်း၊ ဝတ္ထုသက်သေသို့မရောက်ရာ။

(၄) ပျို့လင်္ကာနှင့်၊ ကဗျာလူးတား၊ ဧချင်းများလည်း၊ သိကြားမှတ်ပုံ၊ ပိုဒ်စုံရတု၊ ဆိုမှုလင်္ကာ၊ မကျွမ်းပါက၊ နှုတ်လျှာကောင်းတိုင်း၊

မနိုင်းပုံစံ၊ စာမူပင်ကြီးသော်လည်း၊ ကာရန်နှုတ်ထွက်၊ အစပ်ပျက်က၊ မနှစ်သက်လို၊ စာသွားပင် ချိုသော်လည်း၊ စာဆိုတတ်လက္ခဏာသို့မရောက်ရာ။

(၅) ရှေးထုံးဟောင်းဇာတ်၊ အမှတ်အသား၊ ပညာပွားရှဲ့၊ စာသားပင်ချိုသော်လည်း၊ ချိုင်ေါ ရပ်တန်၊ မရပ်တန်ကို၊ အသံမဟုတ်ငြားက၊ပညာယိုလူအများ၊ သုခမိန်တို့နား၌၊ ကြားသမျှမဝင်ရာ။

(၆) သာမယဇ္၊ ဇူရုပိုင်းပြတ်၊ နာဂတ်အတိတ်၊ နဝင်းစိတ်နှင့်၊ ပဏ္ဍိတ်အမျိုး၊ လက်ရိုးပြက္ခဒိန်၊ အချိန်မမှီး၊ ကာလကြီးနှင့်၊ တသီးရွယ်ဖန်၊ ဆယ်တန် လက်ဗထောက်၊ ဂဏန်း ပေါက်ဖြင့်၊ ကောက်ကောက်ရေးတိုင်း၊ ချင့်နှိုင်းမခြင်၊ ဗာဟီရှင်တို့ကို၊ ဗေဒင်တတ်လက္ခဏာသို့မရောက်ရာ။

(၇) ဓာန္တန္တရီ၊ လက္ခဏာဒီပ၊ ဆနဝုတိ၊ မဏိဒြဗ်ဇော၊ ဗိန္ဒောကြည့်ရှု၊ စာယိုတိုင်း စုသော်လည်း၊ ဆေးကုပုံမကျွမ်းက၊ သူနာချမ်းသာခြင်းသို့ မရောက်ရာ။

(၈) တပါးဆိုရေး၊ ခွေးဝမ်းနှစ်ပါး၊ သုံးပါးတြိဒေါသ၊ ဓာတ်ပြလေးပါး၊ နှစ်ပါးအယဉ်၊ ခြောက်စဉ်ရုတု၊ ခုနစ်ခုအရွယ်၊ ယှစ်သွယ်ကာလ၊ ကိုးနဝနှင့်၊ ဆနမတွေး၊ စာတွေ့တိုင်း အရေးနှင့်၊ ကောက်ကရပေးသော်လည်း၊ ဆေးသမားအရာသို့ မရောက်ရာ။

(၉) ထုတ်လျောက်စကား၊ နွားခြသေ့်နှင့်၊ နိုင်းဆသင့်ရှဲ့၊ ထောက်ချင့်မိုက်ဖွဲ့၊ ဆိုခဲ့လက်သစ်၊ စိစစ်မရော၊ စကြောအိမ်ဆင်၊ ကျော်င်းတင်စရပ်၊ သုံးထပ်လည်ပေါ်၊ တဖော်ယှဉ်နှီးဆက်၊ တဖက်လှေကား၊ လျောက်တံတားနှင့်၊ အသွားသင့်စွာ၊ ဆရာမှီငြမ်း၊ မစုံစမ်းဘဲ၊ ကိုယ်စွမ်းနှင့်သာ၊ ဆင်သောအခါလည်း၊ ဗိသုကာဆရာအရာသို့မရောက်ရာ။

(၁၀) ရှည်တိုလေးပေ့၊ အလျော့အတင်း၊ သူ့နားတွင်းသို့၊ သွတ်သွင်းမှီအောင်၊ပြောပထောင်ရှဲ့၊ တထောင်စကား၊ဆိုတတ်ငြားလည်း၊ အမှားကိုအမှန်၊ အမှန်ကိုအမှား၊ ဖျက်ဆီးငြားက၊ စကားတတ်ရာသို့မရောက်ရာ။

(၁၁) မိုယ်းနှင့်ကားကြွက်၊ သရက်နှင့်အိုး၊ ဆိုရိုးလေးချက်၊ ထုံးမပျက်သည်၊ နက်ယောင်နှင့်တိမ်၊ တိမ်ယောင်နှင့်နက်၊ ခွဲးဝက်ခြားနား၊

အလားလားတွင်၊ တရားဖွေနည်း၊နားပင်လည်သော်လည်း၊တည်ကြည်ခြင်းမယှိက၊သမာဓိလက္ခဏာသို့မရောက်ရာ။

(၁၂) ခင်ပွန်းကောင်းဟု၊ အစုများစွာ၊ အပါယာ-သမုဒ္ဒ၊ အညတိတ္ထိယ၊ဝစီပရမ၊ အနုပိယ၊ စသည်ထိုနောက်၊ တကျိပ်ခြောက်တို့ကို၊ မကောက်မခွဲး၊ မစွန့်ဘဲးလျက်၊ လက်စွဲးဖော်ရွေ၊ ပေါင်းဖော်၍နေသော်လည်း၊အဆွေမိတ္တ၊သဟာယများသို့မရောက်ရာ။

(၁၃) တရားမသိ၊ တိတ္ထိမိစ္ဆာ၊ ဗာလာနှင့်ဖက်၊ ပေါင်းဖော်ဆက်က၊ မြက်နှင့်ငါးပုပ်၊ နှစ်ပါးထုပ်သို့၊အပုပ်နှစ်ဦး၊ ပုံတထူးကား၊ညွှန်လူးကျွဲးတက်၊ တခုနက်ကြောင့်၊ စက်သောအားလုံး၊ လူးသောထုံးသို့၊ အဆုံးနှစ်ထွေ၊ အပါယေဟိ၊ ပကတိဖြင့်၊ ဘေးထိဆင်းရဲး၊ ဒုက္ခဝဲးမှ၊ လွဲးနိုင်မည်လက္ခဏာသို့ မရောက်ရာ။

(၁၄) ရတနာသုံးဦး၊ ညွှတ်နူးကြည်ယုံ၊ ငါးပါးစုံဖြင့်၊သရဏဂုံမ်ပဥ္စသီ၊ အဌင်္ဂဒသသီနှင့်၊ ခေါ်မည်ပြိုးပြောက်၊ မကြွင်းဆောက်သော်လည်း၊ မရောက်ထုံးစံ၊ဆရာထံ၌၊ မခံနိသျည်း၊ သိမ်းဆည်းမချင့်၊ စိတ်လေလွင့်က၊ကျင့်သောနေရာသို့မရောက်ရာ။

(၁၅) မင်္ဂလသုတ်၊ ရွှေနှုတ်မှတ်ဖွယ်၊ အသွယ်သွယ်နှင့်၊ လေးဆယ်ဘာဝနာ၊ မေတ္တာကမ္မဋ္ဌာန်း၊ စီးဖြန်းမပြု၊ အသုဘ‌ာတရား၊ ဆယ်ပါးနုဿတိ၊ မယှိဝမ်းမှာ၊ စားအိပ်ခါနှင့်၊ လက္ခဏာရေး၊ သုံးပါးဝေး၍၊ ချပေးအလှူ၊ ထိုသည်သူကို၊ လူဟု သွင်းရာသို့မရောက်ရာ။

(၁၆) မဟုတ်မလျှား၊ တရားမလျော်၊ မတော်လောဘ၊ အရသာရှာ၊ တဆိပ်စာမျှ၊ ဗျာပါဒနှင့်၊ ဒေါသပြစ်လေး၊ သက်မွေးမသန့်၊ ကောင်းညွှန့်မလူ၊ အယူမိစ္ဆာ၊ ဉာဏ်သက်လှာသော်၊ သာသနာတော်တွင်း၌၊ကြိမ်ကြိုက်တွေ့ရာသို့မရောက်ရာ။

(၁၇) မနုလမ်းပြ၊ ဓမ္မဝိလာ၊ ထွေလှာဖြတ်ထုံး၊ စွဲသုံးမှန်စေ၊ အမွေတရား၊ ကျွဲးနွားခွါပါ၊ ထုံးလာယှိတိုင်း၊ ဆဲ့ယှစ်ပိုင်းကို၊ မနှိုင်းဖွေရှာ၊ ဆရာမနီး၊ စီရင်၍ပြီးသော်လည်း၊ တရားသူကြီးအရာသို့မရောက်ရာ။

(၁၈) ကောက်ပင်ရိတ်လှည်း၊ ရေစီးဖောင်ဆန်၊ ဒိုးတန်ဆန့်ခပ်၊ အမှတ်ဆယ်ခု၊ ရှုလော့စကား၊ အပါးပါးကို၊ လားလားမတွေ

သူ့ရွှေမှုဆိုင်၊ ဘက်ပြုပြိုင်၍၊ နိုင်မည်တရား၊ ယှိပါငြားလည်း၊ စကားကျွန်-နုတ်၊အချုပ်ဆင်ခြေ၊ ပျက်ပချေသော်၊ ရွှေနေတတ် လက္ခဏာသို့မရောက်ရာ။

(၁၉) မနောဟရာ၊ ဖြူဟာဂဏန်း၊ သတ်ညွှန်းသတ်ပုံ၊ လုံးစုံလောက၊ ဝက်ဝုတ္တိ၊ပါဠိရေးနည်း၊ ကမ္ပည်းကျောက်စာ၊ စဉ်လှာမော်ကွန်း၊ မယွန်းဖြောင့်စင်း၊ စာရင်းအင်းထား၊ အလားပြသ၊ ရစ်ပင့်စသည်၊ တမည်နှသတ်၊ အမှတ်မပြု၊ ခွဲးစုပေါင်းရုံး၊ ရေးထုံးမကျက၊လက်ရေးပင်လှသော်လည်း၊သုံးရမည်လက္ခဏာသို့ မရောက်ရာ။

(၂၀) လောဓမ္မ၊ နှစ်ဌာနဌ်၊ ဟိနယုတ်မျိုး၊ မဖွံ့ဖြိုးဘဲး၊ အကျိုးမပြု၊ ဒဏ္ဍာရီဟု၊ သုမနမင်းပေါင်၊ ငွေတောင်မနော်၊နတ်ကျော်သမီး၊ ဇံသီးသင့်မြတ်၊ ကျိုးမနပ်ဘဲး၊ မျိုးဇာတ်ခွဲးလျက်၊ လက်စွဲးမရ၊ ငါးရာ့ငါးဆယ်၊ ဇာတ်ပင်လယ်မှာ၊ မှန်စွာမယွင်း၊ သင်းဝင်မဟုတ်၊ပုံပြင်စုတ်ကို၊ နားရှုပ်အောင်ပ၊နည်းနာပင်ပြသော်လည်း၊ သုံးရမည်လက္ခဏာသို့မရောက်ရာ။

(၂၁) မဟာပထဝီ၊ မြေမဟီကို၊ ထမ်းပြိုနိစ္စ၊ ဥဒယဟု၊ စသည်တကြောင်း၊တောအောင်းချုံ လျှိုး၊မူဆိုးလူ့ထံ၊ကြံဖန်ဖြားယောင်း၊ သမင်ရောင်းက၊ ဆိုကြတပုံ၊ ရွှေယုန်ရွှေကျား၊ တခြားမြေမှု၊ ကြေးမှုလောင်းတမ်း၊ ယုံတမ်းပါဝင်၊ ခဲးအင်စွမ်းသန်၊ ပေါက်ကန်ကကျဲး၊ ထမနဲးကိုးဖျဉ်း၊ ကျွဲးကိုးရှဉ်းကုန်၊ ဂဠုန်ငှက်ဟန်၊ ဟနုမာန်မျောက်၊ ယုံလောက်မယှိ၊ ပြောဘိမုသား၊ ကြောင်းစားရေငုပ်၊ သစ်ခုတ်ယောကျ်ား၊ ပုံစားစားကို၊ မှတ်သားရှုံးစု၍၊ ပြောပပင်ပြုသော်လည်း၊ ဝိသုဏာမျိုး၊ အကျိုးဖြစ်မည်အခြေသို့ မရောက်ရာ။

(၂၂) အလဲးအလှယ်၊ကုန်သွယ်ကူးသန်း၊စူးစမ်းသတိ၊ မှတ်မယှိဘဲး၊ရမိရကြောင်း၊ကုန်အောင်သာရောင်း၍၊အပေါင်းမဖြစ်၊ဆိုစစ်ကိုနားမလည်၊ ယင်းသည်တမူ၊ ထိုကဲ့သို့သူကိုလည်း၊ လူတွင်တရပ်၊ ချီးမွမ်းအပ်သော၊ ကုန်သည်တတ် လက္ခဏာသို့ မရောက်ရာ။

(၂၃) လျှော်မှာလည်း၊ နွေခါဂိမှ၊ ဟေမန္တနှင့်၊ ဝသန္တခါ၊ အဖြာဖြာ၌၊ သေချာမရှု၊ အမှုပေါ့စွာ၊ ကိရိယာကို၊ ခိုင်မာမပြု၊ ရွက်မှုအမျိုး၊ မိုးယံးရိပ်လေရိပ်၊ ကမ်းရိပ်သောင်တိမ်၊ အချိန်မသိ၊ သွားမှိ

ကန်းစမ်း၊ မရူးစမ်းဘဲ၊ စခမ်းကျအသီးသီး၊ အချက်ကို မသိပြီး သော်၊လေ့စီးတတ် လက္ခဏာသို့ မရောက်ရာ။

(၂၄) ဂဇမုတ္တ၊ သုကရဟု၊ ဘူဇင်္ဂသီ၊ တလီမြွက်ဟ၊ ဝလာဟက မုတ္တာ၊ မဥ္ဇာတဝ၊ သန်မုတ္တာ၊ သိပ္ပါဝေလု၊ ဆိုမှုတလီ၊ ဒူလီ ဒူလာ၊ ကုတ္တရာက၊ အာဒိစ၍၊ မြမျိုးယှစ်ပါး၊ ပတ္တမြားမူ၊ အ ခြားမှတ်သိ၊ ဇိဝက္ခရာ၊ ဂေါမူလာနှင့်၊ မံသာစန္ဒ၊ ထိုမှရော်လီ၊ သီဟိုဠ်ရည်မွန်၊ ကွန်ပြင်ရည်တခြား၊ ပြယိုးယားအပြားပါ၊ စမုနာ အစ၊ ဖအောင်မြအဆုံး၊ တထုံးမှတ်ရာ၊ နီလာတဝ၊ ဗိသျှနီလာ၊ လေးဖြာမလစ်၊ စိန်ဖြစ်ခြောက်ပါး၊ အသားနေယှစ်ရပ်၊ ပညတ် စိန်ယှစ်ပါး၊ ဤကဲ့သို့အပါးပါးကို၊ ခြားနား၍ မသိတတ်က၊ မဏိသျှတ္တရ၊ ပဏ္ဍိတလက္ခဏာသို့ မရောက်ရာ၊

(၂၅) သေချာမှတ်သား၊ ပတ္တမြားမျိုးစစ်၊ နှစ်ဆဲ့နှစ်ဟု၊ မလစ်ကျမ်း ရှိ၊ ဝရဇိန်မျိုးလေး၊ တရေးမှတ်ဆောင်၊ ကြောင်လည်းလေး မျိုး၊ ကြိုးအတန်တန်၊ ဖလ်စိန်နီလာ၊ မသာရကလ်၊ မှင်သခန် ပတ္တမြား၊ သုံးပါးညီညီ၊ ဇာတိမစစ်၊ စစ်သည်တမျိုး၊ အဘိုး ဆုတ်တက်၊ ထိုအချက်တို့ကို၊ ခွဲးဝက်၍မသိက၊ မဏိကျောက် မြတ်၊ အဘိုးပင် ပြတ်သော်လည်း၊ လူတတ် လက္ခဏာသို့ မရောက်ရာ။

(၂၆) အဿလက္ခဏာ၊ ဆိုသည်မှာလည်း၊ သညာ ပြားထွေ၊ ဇွေ (၄၅)၊ အပါးပါးတွင်၊ ပင်လယ်ရေသောက်၊ ချက်ဖောက်ဇွေ ကြီး၊ ပါးတီးဇက်ခွန်၊ ဆို့ရှုံမလွယ်၊ မှတ်ဖွယ်တရပ်၊ ပါးချုပ် ငိုသံ၊ မြီးပြန်စွန်သိုက်၊ တလိုက်ဇွေဆိုး၊ လိပ်သဲးကြိုးကာ၊ မြင်း ဆိုးလက္ခဏာ၊ ကျမ်းလာဆိုရှိ၊ ဇွေမျိုးမမှန်၊ သဒ္ဒါပြန်က၊ စသည်အလာ၊ ကိရိယာဟု၊ ကျမ်းလာအယှိ၊ ခက်ခဲးဘိကို၊ မသိပေါ့ဖျင်းက၊ မြင်းကုန်သည်တတ်အရာသို့ မရောက်ရာ။

(၂၇) အထိသုံးပါး၊ ခြားနားစီလျက်၊ ချက်တွင်မယွင်း၊ နင်းကွက်မမှန်၊ ဇက်လှန်ဖန်တီး၊ မစီးရသေး၊ ခုန်ပြေးအလွှား၊ နောက်သွား အ ဆုတ်၊ လက်လှုပ်ကုန်းမျိုး၊ စီးရိုးမကျ၊ လက်ချမညီ၊ အချီလည် ရေး၊ ကျွဲးပြေးန္တားပြေး၊ ထောင့်ကွေးခရီး၊ နည်းမှိုးမခံ၊ အကြံ ရောက်တိုင်း၊ ပေါက်လွှတ်ပင် စိုင်းသော်လည်း၊ မြင်းစီးတတ် လက္ခဏာသို့ မရောက်ရာ။

(၂၈) အဋ္ဌာသရ၊ သိပ္ပတို့တွင်၊ တအင်အင်နိုက်၊ တတ်ချင်မရှု၊ ဗဟုသုတ၊ ဆန္ဒမသက်၊ ကြက်တိုက်အနန်လောင်း၊ မကောင်းကျင့်ဖောက်၊ သောက်စားရှင်ပျော်၊ ဆယ်ပေါ်ပုည၊ ကုသလဟု၊ စာဂအလေး၊ အလွန်ဝေး၍၊ အလေးမမူ၊ ထိုသူတို့သည်၊ လူဖြစ်ကျိုးနပ်မည် လက္ခဏာသို့ မရောက်ရာ။

(၂၉) ရေးရာကျင့်ကျွမ်း၊ ဆိုစွမ်းလိမ္မာ၊ ယုံစွာသမှု၊ ခိုင်ခံ့ပြု၍၊ အမှုအောင်စေ၊ ခန့်တိုင်းပြေ၍၊ ထွေထွေမလပ်၊ ရိုးဖြောင့်မတ်၍၊ မတတ်မှုဆောင်၊ မအောင်မပြီး၊ တသီးထိုမြို၊ ဆောင်သူတို့ကား၊ ကိုယ်ဘို့သာကြိုး၊ ရိုးရိုးမပြု၊ အမှုမကုန်၊ ကုန်ပင်ကုန်ကလည်း၊ ယုံရမည့်လက္ခဏာ မရောက်က၊ ချီးမွမ်းလောက်သောပုဂ္ဂိုလ်အရာသို့ မမြောက်ရာ။

(၃၀) ရသေ့ဇော်ဂီ၊ တပသီမှန်စွာ၊ ရှေးဆရာတို့၊ မိန့်မှာညွှန်ခဲ့၊ ဂါထာဖွဲ့၍၊ တဆဲ့နှစ်ဖြာ၊ ကတ္တရာဖြင့်၊ သေချာမြင့်မိုရ်၊ ပါပဂြိုဟ်ထောက်ထုတ်၊ အင္ဂမုတ်ဆံခံ၊ စမ္ပာနဝ၊ အဋ္ဌထောင့်သွား၊ တခြားဆီဗူးခက်၊ ချက်အဝဝ၊ အင်းအချမှာ၊ တွင်းစ-မြင်းသေ၊ တုထွေမယွင်း၊ ဗိုလ်ဆင်းဗိုလ်တက်၊ စက်ရထစ၊ ပြသည်အခြေ၊ ထွေထွေလာလာ၊ အမှာအင်းသား၊ ရေးချထား၍၊ အသွားမမှန်၊ အင်းဆံအသွတ်၊ အချွတ်များရာ၊ အမှာပင်စုံသော်လည်း၊ အင်းသွားပုံဆယ်ခန်းကို၊ မကျွမ်းကျင် ယိုလေ၍၊ သိဒ္ဓိဂုဏ်မမြောက်က၊ အင်းကောက်ယူအရာ၌၊ လိမ္မာသည့် လက္ခဏာသို့ မရောက်ရာ။

(၃၁) အမြဲတေမှန်၊ ဂုံကမန်ဂေါရာဇင်း၊ သစ်မင်း ကြီးပေါင်း၊ ဆိုကြောင်းတသီး၊ မယားကြီး-ဂမုန်း၊အားလုံးအပေါင်း၊ မကောင်းမစစ်၊ ဖြစ်ကတတ်ဆန်း၊ စုယူကာပြွမ်းပြီးလျှင်၊ ဂဏန်းကိုနားမလည်၊ အတည်မကျ၊ ကာလရုပ်မျိုး၊ ဆေးရိုးမမှန်၊နံ့ရာအမှား၊ စားလည်းစား၍၊ ငွေများကိုယူ၊ လူမိုက်ထူ၍၊ နှံ့သူအများ၊ အင်းသွားစာရံ၊ ဘွဲ့နည်းပင်ခံသော်လည်း၊ ရှိန်းအန်ကိုထား၍၊ သစ်သားကိုမျှ၊ ပြီးနိုင်ပုံမရ၍၊ အချီးမွမ်းရနိုင်မည့် လက္ခဏာသို့ မရောက်ရာ။

(၃၂) ခြောက်ဆဲ့နှစ်ပါး၊ သွားသည့် လက္ခဏာ၊ ချွန်းရာ ချွန်းချက်၊ တိမ်နက်မသိ၊ အာစရိယံ၊ နည်းမခံဘဲ၊ ခက်ထန်မာန၊ စိတ်ထင်မျှနှင့်၊ အာကဦးစီး၊ အရာပင်ကြီးသော်လည်း၊ ဆင်စီးတတ် လက္ခဏာသို့ မရောက်ရာ။

(၃၃) လက်ဝဲးလက်ျာ၊ မှန်စွာပြသ၊ ထိုမြို့စသား၊ မှန်စွအညီ၊ သီဟဇာနှင့်၊ ဗျဿာစရိယ၊ ဝဂ်န္တအား၊ ငါးပါးအထူး၊ တိမ်ဦးမိုးဖျား၊ အသွားမယွင်း၊ နဝင်းစီးလက်၊ မပျက်မှန်စွာ၊ သတ္တာဗီသ၊ နက္ခတ်စသည်၊ ကာကဟံသာ၊ ကက္ကဋာနှင့်၊ တာရာကိုးပါး၊ အခြားခြားတွင်၊ မှတ်သံားရာသီ၊ ပါဒ်ဗိဇနာ၊ ပြန်ခရာနှင့်၊ သေချာမြှောက်ရှုပ်၊ အနုတ်အစား၊ စိတ်သားလက်မျိုး၊ရေးရိုးသင်ျာ၊ မှန်စွာချင့်တွက်၊ ရက်ခုနစ်ပါး၊ ဂြိုဟ်သွားဂြိုဟ်သက်၊ ခေတ်ရက်သက်ပိုင်း၊ မညှိနှိုင်းဘဲ၊ စိတ်ထင်တိုင်းမှတ်သော်လည်း၊ ဗျာကရိဏ်းတတ်လက္ခဏာသို့မရောက်ရာ။

(၃၄) ဂြိုဟ်ပြောင်းဂြိုဟ်ပုံ၊အတာပြန်က၊ သင်္ကြန်ရက်မှတ်၊ နေကြတ်စန်းနာ၊ဥက္ကာပုံကြွ၊ ဂြိုဟ်မှယှဉ်အင်၊လျောင်လှုပ်မျိုး၊အကျိုးမဖြစ်၊စီစစ်နှိုက်နဲ၊ ခွဲခြမ်းသိကြောင်း၊ ဂြိုဟ်ပြောင်းဂြိုဟ်စု၊ ဂုရုဗားတိုက်၊ သင့်ထိုက်မကြွင်း၊ နဝင်းအသံ၊ တြင်းသံနှင့်၊ ပေးရန်အခါ၊ ငါးဖြာတုံချက်၊ မနှစ်သက်ရာ၊ ပယ်အပ်စွာနှင့်၊သေချာသိအပ်၊ နာရီပါဒ်လာ၊ ဗိဇနာဟု၊ ပြန်ခရာမှတ်၊ အရပ်ရပ်လှာ၊ အဖြာဖြာကို၊ သေချာမဆိုင်း၊ ပိုင်းခြားမပြ၊ ရာ-မကျက၊ ပဏ္ဍိတလက္ခဏာသို့ မမြောက်ရာ။

(၃၅) တခုယုတ်ကိုးဆယ်၊ အကျယ်တရာ့နှစ်ဆဲ့တစ်၊ ငါးဆဲ့နှစ်စေတသိက်၊ ခွဲးစိတ်ကောက်ဖြာ၊ ရူပါရူပ၊ အရူပနှင့်၊ စသည်ထိုထို၊ ပုဂ္ဂိုလ်အပြား၊ ဝါကရားကို၊ မှတ်သားမမိ၊ ပါဠိခဲးခက်၊ အနက်မထင်၊ သုံးအင်ပိဋကတ်၊ အမှတ်မသိ၊ ပြောဘိ ရယ်ဘွယ်၊ မိပ္ပါယ်မကျ၊ နှုတ်ကပင်ယွသော်လည်း၊ ဓမ္မပဏ္ဍိတလက္ခဏာသို့ မမြောက်ရာ။

(၃၆) တဖန်မှတ်စွဲး၊ ရင်ခွဲးထောင့်ဖြတ်၊ ခရုပတ်ရထား၊ သွားလာမမှန်၊ ထွန်သံထွန်သွား၊ အထားမကျ၊ နည်းမရဘဲ၊ ပြုကြတသွယ်၊ကန်

ဆယ်ကန်ချောင်း၊ ဟောင်းနွမ်းမပြင်၊ အလျှင်ယာဟူသမျှ၊ နေရာကျမစီရင်က၊ လုပ်ခွင်ပင် ကျယ်သော်လည်း၊ လယ်လုပ်တတ်လက္ခဏာသို့မရောက်ရာ။

(၃၇) ရှေးဦးကမ္ဘာ၊ မဟာသမ္မတ၊ ဖော်ပြညွှန်းတင်၊ မော်ကွန်းတွင်လျက်၊ ရာဇဝင်-ဗုဒ္ဓဝင်၊ ပုံပြင်ဝတ္ထု၊ အမှုအရေး၊ အမေးအဖြေ၊ ခွဲဝေစိတ်ဖြာ၊ လိမ္မာပြောတတ်၊ ထင်မှတ်သိလွယ်၊ မိပ္ပါယ်နယ၊ ကျနကုန်တွင်၊ ဤသုံးအင်ကို၊ ကျွမ်းကျင်တတ်ရာ၊ မကျွမ်းပါက၊ နှုတ်လျှာပင် ကောင်းသော်လည်း၊ အာဘော်ကြမ်းကြုတ်၊ နှုတ်လည်းမသာ၊ ဝါစာပက္ခ၊ ဖရုသနှင့်၊ သပ္ပပ္ပလာ၊ အာဏာလည်းပေး၊ဆဲးရေးငေါက်ငမ်း၍၊ အကြမ်းပင်ဟစ်သော်လည်း၊ ဆိုဆစ်ကိုမသိမူ၊ လူ့ဥပ်သိမ်းတို့ မတိမ်းမညွှတ်၊ ကြောက်ရွံ့အဝေး၊ မလေး-စအပ်၊စကားပင်တက်သော်လည်း၊စကားတတ်လက္ခဏာသို့မရောက်ရာ။

(၃၈) လေးပါးသင်္ဂဟ၊ ဓမ္မမမှီး၊ လူကြီးကျင့်မှု၊ ဂုဏ်ခြောက်ခုကို၊ မရှုမဝါး၊ စကားအရာ၊အင်္ဂါလေးတန်၊ မကြေပြန့်က၊ဓမ္မတရား၊ ခြားနားမရောက်၊ အကောက်အခွဲး၊ နဲးကျမဖြစ်၊ မှုသစ်မှုသေး၊ ဆောင်ရေးမရောက်၊ဆိုထောက်မသင့်၊ ဆိုခွင့်ဆိုဆစ်၊ စိစစ်မဝါး၊ ယူမှားယူဘိ၊ မယှိပညာ၊ စားအိပ်ခါနှင့်၊ လိမ္မာမရ၊ မိုက်ရည်ဝ၍၊ လူစ-ဖွဲးဖိုး၊ အသုံးမဝင်၊ စီရင်လည်းမဖြစ်၊ဆိုဆစ်ကိုလည်းနားမလည်၊ သို့သည်ဇကန်၊ ကြီးသည်ပင်မှန်သော်လည်း၊ လိမ္မာဉာဏ်မကူ၍၊လူရေပင်မဝက၊ ကြီးရသည်လက္ခဏာသို့ မရောက်ရာ။

(၃၉) ဘာသာသကဋ၊ယွယွမပြီ၊ ဗျဉ္ဇီကလာပ်၊ ဖြို့ဟတ်မမြင်၊စာသင်သကရွင့်၊ အလိုက်မှန်ရာ၊ ဂါထာစုဏ္ဏိယ၊ ဖွဲ့ထမလျော်၊ မတော်မမှန်၊ ကံကတ္တားဟု၊ အထားမကျ၊ သာမ-ယဇ၊ ဌာရုပိုင်းဖြတ်၊ နာဂတ်-အတိတ်၊ ခွဲးစိတ်မဖြာ၊ လက္ခဏာကျမ်း၊ အိပ်မက်ခန်းတိတ်ထုံ၊ အလုံးစုံကို၊ အာဂုံမပြီ၊ မသီတလမ်း၊ ကိန်းခန်းမဖြော်လျှင်၊ တွက်ရိုးပင်တော်သော်လည်း၊ကော်ရော်ညွှတ်တွား၊ ပုရောဟိတ်ပုံဏားအမည်သို့မမြောက်ရာ။

(၄၀) ဥစ္စာရွှေငွေ၊ ဆန်ရေစပါး၊ စီးပွားချမ်းသာ၊ သပြာကုံငါ၊ ရှေးကုသိုလ်ထောက်မ၍၊ ရှာတိုင်းပင်ရသော်လည်း၊ အိမ်ကမယား၊ အသုံးဖွား၍၊ သိုထားသိမ်းဆည်းခြင်းမယှိက၊ ရဘိသောဥစ္စာရှင်အဖြစ်သို့မခံရရာ။

ဤကား လောက၌ မှတ်သားဘွယ်အကျယ်စကားမျိုးလေးဆယ်ပြီး၏။

---

## ၅၇၂-ရှေးသူဟောင်းတို့ ပြောဆိုသော စကားပုံ ၁၄-မျိုး

၁။ ချစ်သည်ခင်သည်မှန်စေ၊အမှုယှိကရခဲသည်။
၂။ တတ်သိလိမ္မာသည် ပညာယှိမှန်စေ၊ ရေးကြီးခွင့်ကျယ်ယှိက ထွက်မြောက်နိုင်ခဲသည်။
၃။ ရဲးရင့်တည်ကြည်သည်မှန်စေ၊ ရန်သူတွေ့က စွန့်စားခဲသည်။
၄။ ကြီးသည် ကဲသည်မှန်စေ၊ ညီညွတ်အောင်စီရင်နိုင်ခဲသည်။
၅။ ပညာယှိသော်လည်း သတိရခဲသည်။
၆။ အပေးယှိမှ အဖော်ရသည်။
၇။ အရေးယှိမှ အကျော်ရသည်။
၈။ အလေးယှိမှ ရှိသေသည်။
၉။ အစစ်ကောင်းမှ အနှောင်းသေချာသည်။
၁၀။ ကြောင်တကောင်အတွက်ကြောင့် ကြွက်တမျိုးကို ထောက်စာသည်။
၁၁။ အလာယှိမှ အသွားယှိသည်။
၁၂။ အမြင်ယှိမှ ဆင်ခြင်သည်။
၁၃။ အကြင်ယှိမှ အချစ်။
၁၄။ အမြစ်ယှိမှ အပင်။
၁၅။ အထင်ယှိမှ အတွေး။
၁၆။ အမေးယှိမှ အဖြေ။
၁၇။ အသေအချာယှိမှ အမြဲ။
၁၈။ အစွဲအလန်းယှိမှ တည်တံ့သည်။
၁၉။ အဟန့်အတားယှိမှ ခိုင်လုံသည်။
၂၀။ အယုံအကြည်ယှိမှ အမှုပြီးသည်။
၂၁။ အဆီးအတားယှိမှ ဘေးရန်နည်းသည်။
၂၂။ အကြီးအအုပ်ယှိမှ ကြောက်ရွံ့သည်။

၂၃။ အခွန်အတုတ်နည်းမှ အရောင်းအဝယ်သာယာသည်။
၂၄။ အလှာအရောက်ယှိမှ စည်ပင်သည်။
၂၅။ အရေးယှိမှ အရာရောက်သည်။
၂၆။ အကြောက်ယှိမှ အရှက်ပါသည်။
၂၇။ ကျန်းမာမှ စီးပွားဖြစ်သည်။
၂၈။ အကျစ်အလစ်ယှိမှ ထိန်းသိမ်းသည်။
၂၉။ စိတ်ငြိမ်းမှ ကိုယ်ချမ်းသာသည်။
၃၀။ ပညာယှိမှ ထင်မြင်သည်။
၃၁။ အသင်အကြားယှိမှ မှတ်သားသည်။
၃၂။ အတတ်ကားစုံ၍၊ ကံမပေး။
၃၃။ အသွေးအဆင်းလှ၍၊ အကျင့်ယုတ်သည်။
၃၄။ အကြီးအအုပ်မှန်၍၊ လူမရှိသေး။
၃၅။ အကြေအညာသွား၍၊ ရပေါက်ရလမ်းမမြင်။
၃၆။ ထင်လျှား၍၊ စကားမဟုတ်။
၃၇။ အလုပ်အဆောင်ကောင်း၍၊ အပေါင်းမိတ်ဆွေနှင့် မပြည့်စုံ။
၃၈။ ဂုဏ်သတင်းယှိ၍၊ မလိမ္မာမတတ်။
၃၉။ မရပ်မနေလုပ်ဆောင်၍၊ အကြီအစည်မယှိ။
၄၀။ ရမိ-ဇရာ-ယူ၍၊ လက်တွင်မမြဲ။
၄၁။ ခွဲးခွဲးခြမ်းခြမ်းယှိ၍၊ မစိစစ်။
၄၂။ အမြစ်အခြေယှိ၍၊မတည်မရပ်။
၄၃။ စာပေတတ်၍၊ မပြောနိုင်။
၄၄။ ဆိုပိုင်၍၊ အစိုးမရ။
၄၅။ အမ-အစ-ကောင်း၍၊ မရောက်မသွား။
၄၆။ စကားတတ်၍၊ မတည်ကြည်။
၄၇။ အမျိုးအမည်မှန်၍၊ လူမကြိုက်။
၄၈။ အစိုက်အပျိုးကောင်း၍၊ မစည်ပင်။
၄၉။ ပွဲးလမ်းသဘင်ကြိုက်၍၊ အယွှယ်မဟုတ်။
၅၀။ အယုတ်အမြတ်ကိုသိ၍၊ မပြုစု။
၅၁။ အနုအကြမ်းရ၍၊ မပေါင်းဘက်။
၅၂။ အထက်ခါရှိမှန်၍၊ မပေး။
၅၃။ အရေးအမှတ်တတ်၍၊ မစေ့စပ်။

၅၄။ အကြံအစည်ယှိ၏၊ မပြောမဆို။
၅၅။ အပိုအမိုကြိုက်၏၊ မသုံးနိုင်။
၅၆။ အတိုင်အဖောက်ရ၏၊ မချေမငံ။
၅၇။ အကြံအစည်ကောင်း၏၊ အကြောင်းကိုမမြော်။
၅၈။ အဖော်အပေါင်းများ၏၊ မချစ်မခင်။
၅၉။ အသွင်အပြင်လှ၏၊ မလိမ္မာ။
၆၀။ သာယာချေငံ၏၊ သဘောမဖြောင့်။
၆၁။ စောင့်ထိန်း၏၊ မလုံခြုံ။
၆၂။ စုံစမ်း၏၊ စကားမရ။
၆၃။ မင်းယောက်ကျားမှန်၏၊ ကံမယှိ။
၆၄။ သတိထား၏၊ မဆင်ခြင်။
၆၅။ အသျှင်စေသုံး၏၊ နားမလည်။
၆၆။ အရိပ်အခြည်သိ၏၊ မပြောနိုင်။
၆၇။ အမှတ်အသားယှိ၏၊ လိုခါမရ။
၆၈။ အစကောင်း၏၊ အဆုံးမတိုင်။
၆၉။ အနိုင်အပိုင်ပြု၏၊ အမှုမမှန်။
၇၀။ သူ့အကြံကိုသိ၏၊ မခင်ရင်။
၇၁။ အရှင်ချစ်၏၊ မဖြောင့်။
၇၂။ မကြောင့်ကြနှင့်ဆို၏၊ အမှုမပြီး။
၇၃။ ဖြုဟ်စီးဖြုဟ်နင်းကိုသိ၏၊ မရှောင်။
၇၄။ အပေါင်ကားဆို၏၊ အဖိုးမတန်။
၇၅။ တော်လှန်၏၊ မဖြစ်။
၇၆။ စိစစ်၏၊ စကားမထွက်။
၇၇။ နေ့ရက်ရွေး၏၊ အသွားမတော်။
၇၈။ အပျော်အပါးကြိုက်၏၊ အဝတ်အစားမယှိ။
၇၉။ ပလိဗောဓများ၏၊ မသုံးတတ်။
၈၀။ မရပ်မနေသွား၏၊ အကျိုးမယှိ။
၈၁။ မိမိကားသိမ်းပကား၏၊ မယားကြောင့်ကျွန်မပျော်။

၀၂။ သူတော်တရားနားလည်၍၊ တည်အောင်မကျင့်။
၀၃။ အခွင့်ရ၍၊ ဖြောင့်အောင်မစွမ်း။
၀၄။ ကျွမ်းကျင်၍၊ မကြည့်ရှု။

အစုစုမှတ်သား လိုက်နာ ဆောင်ရွက်ရန် စကားပေါင်းတို့ကို ကောင်းကောင်းကြီးနှလုံးသွင်းတော်မူကြရန် သင့်လျော်လှပေသည်။

---

## ၂၇၃-ရှေးသူဟောင်းတို့ပြောဆို သုံးစွဲသော ဥပမာနှင့် ဖော်ပြသောစကားပေါင်း ၁၁၅-မျိုး

၁။ မာတန်သောအရေးတွင် သံချောင်း။
၂။ ပြေ့တန်သောအရေးတွင် ဖယောင်း။
၃။ မြင့်တန်သောအရေးတွင် နေ-လ။
၄။ နိမ့်တန်သောအရေးတွင် ကြက်မ။
၅။ ရေရှိုးကိုကျင်လည်သော် ရေတိမ်ရေနက်ကိုသိလွယ်၏။
၆။ မင်းနှိုက်ခစား၍ မင်းရိပ်မင်းခြေကိုအသိခက်သည်။
၇။ ခြိမ်းမွမ်းလွန်သော် မချောင်း။
၈။ ပြစ်တင်လွန်သော် မကျိုးနွံ။
၉။ သစ်ပင်ကြီးရိပ်ခိုသော် အပူပျောက်သည်။
၁၀။ သစ်ပင်ကြီးဖိသော် ဘေးရောက်သည်။
၁၁။ စာသူငယ် ဆင်ပြောင်ကိုမလေး။
၁၂။ မြေခွေး ကျားကိုမခန့်။
၁၃။ အဝင်ကျဉ်သော် အထွက်ခက်၏။
၁၄။ အချစ်လွန်သော် အတင့်ရဲ၏။
၁၅။ ကြက်သွမ်း-အစာကောက်သည်ကား ကျောက်ခဲသလဲ စားမိသည်။
၁၆။ တက်မြန်လွန်းသော် ခလုတ်ကန်သင်းထိသည်။
၁၇။ သဒ္ဓါလွန်သော် အပေးအကမ်းကျွမ်းသည်။
၁၈။ ပညာလွန်သော် အပေးအကမ်းဆွံ့သည်။
၁၉။ သမာဓိလွန်သော် အမှုမတွင်။
၂၀။ ဝီရိယလွန်သော် အပြစ်မမြင်။
၂၁။ ကျွန်မလိမ္မာကို အလိုလိုက်သော် စော်ကားသည်။
၂၂။ ကျွန်မိုက်ကို အလိုလိုက်သော် ပျက်ပြယ်သည်။

၂၃။ ယုံကားယုံ၏၊ အမှုမကုန်။
၂၄။ အမှုကားကုန်၏၊ မယုံ။
၂၅။ ဝရဇိန်လက်နက် မိုးကြိုးစက်ကား တချက်သာသေစေနိုင်သည်။
၂၆။ အရှင်စိုးမင်းမျက်သော်ကား ဆွေခုနစ်ဆက် ပျက်ကျေသည်။
၂၇။ မစွမ်းသန်သည့်ဝန် ညဥ့်ကလွှန်။
၂၈။ လိမ္မာမှ စကားတတ်သည်။
၂၉။ ပညာယှိမှ ခွင့်သိသည်။
၃၀။ စားခြင်းန္ဓိက် လက်တဆစ်။
၃၁။ ဆိုခြင်းနှိက် မှိုကိုးနှစ်။
၃၂။ သစ်ပင်ထီးသော် လေညှဥ်းသည်။
၃၃။ လူထီးသော် ရန်ညှဥ်းသည်။
၃၄။ ချစ်သော် မခြားမနား။
၃၅။ မုန်းသော် ကစည့်ကယား။
၃၆။ ကြောင်လက်သည်းကား အခါမဲ့ကို သို၍က်သည်၊ အရေးယှိမှ ထွက်၏။
၃၇၊ လူလိမ္မာကား အခါမဲ့ကို သို၍က်သည်၊ အရာရောက်မှ ပေါ်ထွက်၏။
၃၈။ သားသ္မီးမရှိသေက ကျွန်မရှိသေ၊
၃၉။ ကျွန်မရှိသေက အရပ်ကိုမခိုင်းမနိုင်။
၄၀၊ ကျွဲးနွားရှိင်းသော် ကြိုးတိုင်လည်၏။
၄၁။ ကျေးကျွန်ရှိင်းသော် အမှုကျယ်၏။
၄၂။ ကျွန်မိုက်ကိုအလျော၀င်သော် အရှိသေတန်သည်။
၄၃။ ကျွန်လိမ္မာကိုအလျော၀င်သော် အရှင်ကိုကျိုးနွံသည်။
၄၄။ မြွေအစွယ်ကား ဒဏ်ရာချက် ငယ်သည်ဟူ၍ မလေးသော် သေဆုံးတတ်သည်။
၄၅၊ မင်းမျိုးမင်းနွယ်ကို ငယ်သည်ဟူ၍ မလေးမခံ့သော် ပျက်စီး ပြွန်းတီးတတ်၏ ။
၄၆။ တံငါကို အိမ်ဘက်ပြုသော် အိမ်ပျက်၏။
၄၇။ လူမိုက်လူရှုးကို နှစ်သက်သော် အမှုထွက်၏။
၄၈။ ကျားချင်းကိုက်ရာမှာ သမင်ကူးမှားသည်။
၄၉။ မြွေနေသောတွင်းကို ခွေးအနံ့ရှုမှားသည်။

၅၀။ အမှိုက်ကိုမွှေသော် မြွေတွေ့သည်။
၅၁။ လူမိုက်ကိုစေသော် ရန်တွေ့သည်။
၅၂။ အရာကောင်းသော် တသက်။
၅၃။ အနေကောင်းသော် တချက်။
၅၄။ အရှင်စိုးမင်းမျက်သော် တနေ့ချင်းပျက်စီးသည်။
၅၅။ လူ့သတင်းကို လူချင်းဆောင်သည်။
၅၆။ ပန်းသတင်းကို လေညှင်းဆောင်သည်။
၅၇။ သားသမီးမကောင်းသော် အမိအဖအကျိုးယုတ်သည်။
၅၈။ ကျေးကျွန်မကောင်းသော် အရှင်သခင်သတင်းပုပ်သည်။
၅၉။ ရေတိမ်ရေနက်ကို သိလိုသော် ကြာပင်ကြာရိုးကို မြင်သဖြင့် သိလွယ်၏။
၆၀။ ရေဆိပ်ပွဲတည်းမကောင်းလျှင် ကုန်သည်တို့ပြောသည်။
၆၁။ ကင်းမကောင်းသည်ကို လှေသွားလေလှာတို့ပြောသည်။
၆၂။ မယားမကောင်းသည်ကို ကျွန်အစေခံတို့ပြောသည်။
၆၃။ တရားသူကြီးမကောင်းသည်ကို အမှုသည်တို့ပြောသည်။
၆၄။ ပြည်ရွာကွပ်အုပ်ခြင်း ရွာသူကြီးမကောင်းသည်ကို ရွာသားတို့ပြောသည်။
၆၅။ ရဟန်းသည် မင်းကျင့်-ကျင့်သော် သီလညစ်နွမ်းသည်။
၆၆။ မင်းသည် ရဟန်းကျင့်-ကျင့်သော် စီးပွားလစ်ဟင်းသည်။
၆၇။ မိန်းမကောင်း ပြည့်တန်ဆာမကဲ့သို့ ကျင့်သော် လင်ကောင်းမရ။
၆၈။ ပြည့်တန်ဆာမ မိန်းမကောင်းကဲ့သို့ ကျင့်သော် လာဘ်မရ။
၆၉။ ခလုတ်ထိမှ အမိကိုတသည်။
၇၀။ အလုပ်ယှိမှ မသိရှိသည်။
၇၁။ သားရေပေါ်တွင်အိပ်သောခွေး သားရေနားကိုစားသည်။
၇၂။ ငှက်ပျောပင်ရိပ်တွင်ခိုသောကျွဲ ငှက်ပျောပင်ကို ခတ်လှည်းသည်။
၇၃။ ညောင်ပင်ကဲ့သို့ အမှိုက်ဖျက်သည်။
၇၄။ တောမျောက်ကို သန်လျက်ပေး၍ အိပ်ရာစောင့် အထားမှားသည်။
၇၅။ ရွှေမယှိုသောဘုရားကို လူမရှိသေး
၇၆။ အဝတ်တန်ဆာ ညစ်နွမ်းသော မင်းတို့သည် ကြက်သရေမယှိ။
၇၇။ အဆွေခင်ပွန်းနည်းသော သူတို့သည် အကြံမယှိ။
၇၈။ ယောက်ကျားကိုစေသော် မပြီးနိုင်။

၇၉။ မိန်းမကိုစေသော် မခံနိုင်။
၈၀။ တသောင်းအားနှင့်ယူသော် မရ။
၈၁။ တယောက်အားနှင့်ယူသော် ရ၏။
၈၂။ လာမည့်ဘေးကို အဝေးကမြင်မှ အသက်ရှည်ရာသည်။
၈၃။ မခေါ်ခင်က ရောက်နှင့်သည်။
၈၄။ မဆိုခင်က ကြောက်နှင့်သည်။
၈၅။ မမေးခင်က ထောက်နှင့်သည်။
၈၆။ မငေါက်ခင်က ငိုနှင့်သည်။
၈၇။ နီးသော် တကျက်ကျက်။
၈၈။ ဝေးသော် တသက်သက်။
၈၉။ လူမိုက်နိဗ္ဗာန်ချမ်းသာကို ကြောက်မှားသည်။
၉၀။ ကြောင်ရှေ့တွင် ကြွက်မြူးစားသည်။
၉၁။ ကျောက်ဖျာမှာ ဝက်တူးစားသည်။
၉၂။ နွားသူငယ် ကျားမကို အမိမှတ်၍ ကပ်မှားသည်။
၉၃။ သူ့သားကိုချစ်သော် မုံ့ကုန်သည်။
၉၄။ သူ့မယားကိုချစ်သော် ကွမ်းကုန်သည်။
၉၅။ အပ်သွားရာကို ပေါက်ဆိန်မဝင်။
၉၆။ ပေါက်ဆိန်ရာမှာ အပ်သွားမရောက်။
၉၇။ မိကျောင်းကို ရေကူးသင်သည်။
၉၈။ တံငါကို ပိုက်ထိုးသင်သည်။
၉၉။ မုဆိုးကို သားထိုးသင်သည်။
၁၀၀။ မြေဖြူခဲကိုထုံးပြု၍ ကွမ်းနှင့်စားသော် ကွမ်းရေမလှ။
၁၀၁။ ခပ်ပြာကို ရှေ့နေရာမှာသုံးသော် အရောင်မလှ။
၁၀၂။ လူလိမ္မာကိုအခွင့်ပေးသော် အရေးလှ၏။
၁၀၃။ လူမိုက်ကိုအရာပေးသော် အရေးမလှ။
၁၀၄။ ချစ်ယောင်ဆောင်၍ သေအောင်ကြံသည်။
၁၀၅။ ဆင်ချည်သောကြိုးနှင့် ကြက်ချည်သော်မမြဲ။
၁၀၆။ ကြက်ချည်သောကြိုးနှင့် ဆင်ချည်သော်မနိုင်။
၁၀၇။ တောစပါးကိုလိုသော် အိမ်စပါးနှင့်ရင်းရမည်။
၁၀၈။ လှေမျှောလျှင် လှေချင်းလိုက်ရမည်။
၁၀၉။ တောကြက်ကို လိုသော် တိန်ညင် အိမ်ကြက်နှင့်တည်မှရသည်။

၁၁၀။ သူမနာလိုသော် မဆိုနှင့်။
၁၁၁။ မဝင်လိုသော် မချိုနှင့်။
၁၁၂။ အကျိစားတန်က ရန်ဖြစ်တတ်သည်။
၁၁၃။ အလိုကြီးက အရနည်းသည်။
၁၁၄။ အရနည်းက လက်ချည်းယှိသည်။
၁၁၅။ ပညာယှိသည်ဟူ၍ ကိုယ်ထည်းမကြီးရာ။

ယင်းသည့်စကားမျိုးတို့ကို ပညာနှင့်ဝေဘန်ရန် အဖန်ဖန်ဖတ်ရှု၍ သတိပြုရန်သင့်လှပေတော့သည်။

---

## ၂၇၄-တရားစမ္ပသတ်အရ ဥပမာနှင့်ပြသော စကား ၅၁-မျိုး

၁။ သက်သေပင်ကြီးသော်လည်း မထီးစေရာ။
၂။ ကြီးစကားကိုငယ်စေရာသည်၊ ငယ်စကားကို ပ-စေရာသည်။
၃။ တောစကားကို အိမ်သို့မရောက်စေရာ၊ အိမ်စကားကို ကျောင်းသို့မရောက်စေရာ။
၄။ အချုပ်နှင့်သက်သေ သဝေမခြားစေရာ-ဆိုသောစကား။
၅။ ဆန်ခိုးမမိ၊ ဖွဲခိုးမိ-ဆိုသောစကား။
၆။ သခင်လည်းရစ်၊ ကျွန်လည်းရစ်၊ အပြစ်မဆိုသာ။
၇။ ကြွေးစားမပိုင်၊ ကြွေးတိုင်မြီမကင်း။
၈။ မပိုင်ဝက်ကို မွေးဘက်ယူသည်။
၉။ အခလျှော်မြင်လျှင် အစင်ပြန်စေ-ဆိုသောစကား။
၁၀။ ယောက်ကျားရန်စစ်ဆုတ်နစ်ရ၏၊ မိန်းမရန်စစ်ဆုတ်နစ်မရ။
၁၁။ နိုင်သော်ကောက်ထုံး၊ ရှုံးသော်လက်ဆောင်။
၁၂။ မယားတိန်ညင်၊ လင်မှုဆိုး-ဆိုသောစကား။
၁၃။ အမောင်လည်းရောက်၏၊ င-နွားလည်းပျောက်၏၊ အမောင်ကို နွားခိုး ငါမရိုး။
၁၄။ မရောင်းပိုင်က မဝယ်ပိုင်-ဆိုသောစကား။
၁၅။ ကောက်နှောင်းဆင်စာ၊ သားနှောင်းကျွန်ရာ။
၁၆။ အမြစ်ရင်းထက် အခက်မဝေရာ။
၁၇။ အရိုးကိုအရွက်မဖုံးစေရာ။

၁၈။ ရွှေငွေကျောက်မျက်ကို တသက်ပင်ပြန့်စေဆိုရ၏။

၁၉။ ပုထိုးမနိုင်၊ ညောင်ပင်နိုင် ပြုကျင့်သည်သာ-ဆိုသောစကား။

၂၀။ ရွေးတွင်းပိတ်ကျွန်ကို လုပ်ခွန်ချ၍မတောင်းရရာ။

၂၁။ ကုန်နှင့်လဲးသည့်ကျွန်ကို ပိုင်စေ-ဆိုသောစကား။

၂၂။ တရားတန်ဆာ၊ ကျွန်မှာမကင်း-ဆိုသောစကား။

၂၃။ ရှင်စဉ်မယုတ်စေနှင့်၊ သေသော်မပုပ်စေနှင့်။

၂၄။ အိပ်သောသူကိုမနိုးစေရာ၊ ထိုင်သောသူကိုမထစေရာ။

၂၅။ တလှေထည်းစီး၊ တခရီးထည်းသွား-ဆိုသောစကား။

၂၆။ ခိုးစားအတူ၊ယူစားအမျှ-ဆိုသောစကား။

၂၇။ သေသူပေးကရှင်သူရ၏-ဆိုသောစကား။

၂၈။ စပါးတရာ သင်ဖျာတချပ်-ဆိုသောစကား။

၂၉။ အထီးလေ အမနောက်၊ အသီးကြွေ အပင်အောက်။

၃၀။ မဲးကိုမုံပြုသည်၊ မုံကိုမဲးပြုသည်-ဆိုသောစကား။

၃၁။ ခုံကြူးခုံတာ၊ ရှေ့နေကြူးရှေ့နေတာ၊ မင်းစေကြူး မင်းစေတာ။

၃၂။ တောတွင် ဆင်ပေါက်၊ ခမည်းပေး မှန်ကာသာ၊ လက်မပေါ်- ဆိုသောစကား။

၃၃။ မရောင်းဖြစ်သော်ခုံတိုင်လယ်၊မဝယ်ဖြစ်သော်စရန်ဆုံး။

၃၄။ စွပ်သော်အစား၊ကွယ်မှားထံပိုး၊ ခိုးလျှင်အတက်၊ ရိုးလျှင်စက်။

၃၅။ မယားသခင်၊လင်သာအစိုးပိုင်။

၃၆။ ဂုန်းစကားမျှကို တရားမအောင်စေရာ။

၃၇။ သက်သေငါးကို တရားမအောင်စေရာ။

၃၈၊ သက်သေမညီ ကိုယ်စီတရားစကားကိုလည်း တရားမအောင်စေရာ။

၃၉။ လှေကိုလည်းစီး၊သမီးကိုလည်းနေ။

၄၀။ မင်းသားလက်ကို ရွှေစင်ဝင်။

၄၁။ ငှက်ပျောပင်စိုက် မိလိုက်ဖပေါ်။

၄၂။ မြစ်တဖက်မှာဝက်လက်ကင်။

၄၃။ ဓားစောက်ကမ်း-ဆိုသောစကား။

၄၄။ ဟင်းရည်ပက် ဟင်းခွက်စင်။

၄၅။ ကျွန်ပေါင်းတရွာ၊ ကျွဲးမှာတခြီ။

၄၆။ ခန်းဝင်ဥစ္စာ မနေသာ-ဆိုသောစကား။

၄၇။ အရင်းစစ်သော် အမြစ်သို့မြေ။

၄၈။ နွားခြီသွင်း မြင်းခြီဝင်-ဆိုသောစကား။
၄၉။ အစ်ကိုကြီးအဖ၊ အမကြီးအမိ-ဆိုသောစကား။
၅၀။ သမားကောင်းလက်သုံးကိုင်ကာ၊ ရှေ့နေကောင်း ဖျင်လက်ပင့်ကာ။
၅၁။ မြင်းကားမလှုပ်၊ခုံတိုင်လှုပ်-ဆိုသောစကား။

ဟူ၍ စကားမျိုး ငါးဆယ့်တစ်ယှိသည်၊ ဟင်းသည်မှတ်ဆစ် ရှေးဖြစ်လက်သုံး ပြောဆိုထုံးအသွယ်သွယ်ကို အဓိပ္ပါယ်သရုပ် အတ္ထုပ္ပတ္တိနှင့်တကွ မှတ်သားရမည်အကြောင်းကို ဖော်ပြလိုက်ပါသည်။

---

## ၂၇၅—တနည်းမှတ်သားရန်စကားပေါင်း ၈၆—မျိုး

၁။ စကားမွှေ။
၂။ စကားနှောက်။
၃။ စကားလှော်။
၄။ စကားထား။
၅။ စကားသွား။
၆။ စကားလှ။
၇။ စကားညှာ။
၈။ စကားနိတ်။
၉။ စကားမြိတ်။
၁၀။ စကားလှယ်။
၁၁။ စကားဝယ်။
၁၂။ စကားသွေး။
၁၃။ စကားလေး။
၁၄။ စကားပေါ့။
၁၅။ စကားလျှော့။
၁၆။ စကားတင်း။
၁၇။ စကားသွင်း။
၁၈။ စကားမြူ။
၁၉။ စကားချူ။
၂၀။ စကားခေါ်။
၂၁။ စကားချော်။
၂၂။ စကားယုက်။
၂၃။ စကားဖှက်။
၂၄။ စကားထန်။
၂၅။ စကားတန်။
၂၆။ စကားနှိပ်။
၂၇။ စကားရိပ်။
၂၈။ စကားဖမ်း။
၂၉။ စကားရမ်း။
၃၀။ စကားရှေ။
၃၁။ စကားသွေ။
၃၂။ စကားလှိုင်း
၃၃။ စကားဗိုင်း။
၃၄။ စကားသာ။
၃၅။ စကားနာ။
၃၆။ စကားထွေး။
၃၇။ စကားမေး။
၃၈။ စကားလျှောက်။
၃၉။ စကားနောက်။
၄၀။ စကားဝင်။
၄၁။ စကားတင်။
၄၂။ စကားတည်။

၄၃။ စကားရှည်။
၄၄။ စကားတို။
၄၅။ စကားဖို။
၄၆။ စကားမ။
၄၇။ စကားလှ။
၄၈။ စကားပင်။
၄၉။ စကားနှင်။
၅၀။ စကားလုံး။
၅၁။ စကားရှုံး။
၅၂။ စကားနိုင်။
၅၃။ စကားပိုင်။
၅၄။ စကားဖြေ။
၅၅။ စကားနေ။
၅၆။ စကားပွ။
၅၇။ စကားရွ။
၅၈။ စကားထပ်။
၅၉။ စကားနှပ်။
၆၀။ စကားထိပ်။
၆၁။ စကားချိပ်။
၆၂။ စကားသွမ်း။
၆၃။ စကားနှမ်း။
၆၄။ စကားမြတ်။
၆၅။ စကားဟတ်။
၆၆။ စကားပေး။
၆၇။ စကားဝေး။
၆၈။ စကားဖောက်။
၆၉။ စကားပေါက်။
၇၀။ စကားချေ။
၇၁။ စကားသေ။
၇၂။ စကားရှင်။
၇၃။ စကားရှင်း။
၇၄။ စကားအုပ်။
၇၅။ စကားချုပ်။
၇၆။ စကားမြောက်။
၇၇။ စကားချောက်။
၇၈။ စကားဟိန်း။
၇၉။ စကားပြိန်း။
၈၀။ စကားဖျင်း။
၈၁။ စကားခင်း။
၈၂။ စကားယူ။
၈၃။ စကားပူ။
၈၄။ စကားခြိမ်း။
၈၅။ စကားသိမ်း။
၈၆။ စကားနေ။

---

## ၂၇၆-ဥပစာဆယ်ပါးအကြောင်း

၁။ ကာရဏူပစာ။
၂။ ဖလူပစာ။
၃။ သဒိသူပစာ။
၄။ ဌာနူပစာ။
၅။ ဌာနျူပစာ။
၆။ ဂုဏူပစာ။
၇။ ကေဒေသူပစာ။
၈။ သမီပူပစာ။
၉။ တဒ္ဓမ္မူပစာ။
၁၀။ အဘေဒဘေဒူပစာ။

ဤသို့ဝ်အားဖြင့် ဆယ်ပါးအပြားဟိ၏၊ ထို့ကြောင့် သဒ္ဒသာရတ္ထဇာလိနီနှိက် "ဟေတုဖလော သဒိသော၊ ဌာနံဌာနီ ဂုဏောပိစ။ ကေဒေသောသမီ

ပေါ၏၊ တဒ္ဓမ္မော ဘောဒတောပိစ''ဟူ၍ မိန့်အပ်၏၊ ကာရဏုပစာဆိုသည်နှင့် ဖလူပစာဆိုသည်မှာ အတူတူယူမှတ်ရကြောင်းကို တောင်တွင်းအတုလဆရာတော်ဘုရား ရေးသားစီရင်တော်မူသော သဒ္ဒါဗြူဟာကျမ်းတွင် ညွှန်ပြလျက်ဟိလေသည်။

(၁) ကာရဏူပစာဟူသည်ကား အကြောင်း၏အမည်ကို အကျိုးနှိုက် တင်စား၍ခေါ်ဝေါ်သည်။

**ပုံကား။** သေမှောဂုဠော-အစရှိသည်တည်း၊ သေမှော၊ သလိပ်သည်။ ဂုဠော၊ တင်လဲးမည်၏။ တင်လဲးကိုသောက်၍ သလိပ်ဖြစ်သောကြောင့် တင်လဲးသည်အကြောင်း၊ သလိပ်သည်အကျိုး၊ဤပုံနှိုက်ဂုဠသဒ္ဒါသည်အကြောင်းဖြစ်သော တင်လဲး၏ဂုဠဟူသဝ်အမည်ကို အကျိုးဖြစ်သဝ် သလိပ်နှိုက်တင်စား၍ သလိပ်ကိုပင်ဂုဠဟုခေါ်ဝေါ်သောကြောင့် ကာရဏူပစာမည်၏။

**အဓိပ္ပါယ်ကား။** မြမ္ဗာဝေါဟာရနှိုက်လည်း သလိပ်သည်ပင် တင်လဲးမည်၏ ဆိုရာနှိုက် တင်လဲးသဒ္ဒါသည် အကျိုးဖြစ်သောသလိပ်နှိုက်အကြောင်းဖြစ်သော တင်လဲး၏အမည်သို့တင်စား၍ခေါ်ဝေါ်သောကြောင့်တည်း။

နဝဒေးဆိုမနော်ဟရီပျို့တွင် ''ပန်းမှန်များကို၊ ထွေပြားမျက်စိ၊ မြင်သည်ယှိသော်''ဟု စပ်ရာနှိုက်လည်း အကြောင်းဖြစ်သော စက္ခုပသာဒ၏ မျက်စိဟူသောအမည်ကို အကျိုးဖြစ်သော စက္ခုဝိညာဏ်နှိုက် တင်စား၍ ခေါ်ဝေါ်သောကြောင့် မျက်စိဟူသောဝေါဟာရသည် ကာရဏူပစာမည်ချေသည်။

(၂) ဖလူပစာ ဟူသည်ကား အကျိုး၏အမည်ကို အကြောင်းနှိုက် တင်စား၍ ခေါ်ဝေါ်ခြင်းဖြစ်သတည်း။

**ပုံကား။** ဩဒနံပစတိ-အစရှိသည်တည်း။ ဩဒနံ၊ ထမင်းကို။ ပစတိ၊ ချက်၏။ဤနှိုက် ဩဒနသဒ္ဒါသည် အကျိုးဖြစ်သောထမင်း၏ ဩဒန-ဟူသဝ်အမည်ကို အကြောင်းဖြစ်သော ဆန်နှိုက်တင်စား၍ ဆန်ကိုပင် ဩဒန-ဟု ခေါ်ဝေါ်သောကြောင့် ဖလူပစာမည်၏။

ထမင်းကိုချက်ခြင်းငှါ မသင့်ပြီ၊ ဆန်ကိုသာ ချက်ခြင်းငှါ သင့်သောကြောင့် ပစတိ-ကိုထောက်၍ ဩဒနသဒ္ဒါသည် ဤနှိုက် ဆန်ကို ဟောကြောင်းကို သိအပ်၏၊ ဩဒနံဘုဥ္စတိ-ဟု ဆိုမှုကား ထမင်းကိုသာ စားကောင်းသောကြောင့် ဘုဥ္စတိ-ကိုထောက်၍ ဩဒနသဒ္ဒါသည် ထမင်းကိုပင်ဟော၏၊ ထိုဩဒန-သဒ္ဒါကား မုချအနက်ကိုပင် ဟောသောသဒ္ဒါဖြစ်၏။

**အဓိပ္ပါယ်ကား။** ထမင်းကိုချက်၏-ဆိုရာနိုက် အကျိုးဖြစ်သော ထမင်းဖြစ်၏အမည်ကို အကြောင်းဖြစ်သောဆန်နိုက် တင်စား၍ ဆန်ကိုထမင်းဟု ခေါ်ဝေါ်သော ဝေါဟာရသည် ဖလူပစာမည်သတည်း။

ရထားကိုလုပ်၏။ အိမ်ကိုဆောက်၏။ ပုဆိုးကို ယက်၏-ဆိုသည်များလည်း ဖလူပစာပင်မည်၏။

(၃) **သဒိသူပစာဟူသည်ကား အတူဖြစ်သောဝတ္ထု၏အမည်ကို အတူဟိသင် ဝတ္ထုနိုက် တင်စား၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။**

**ပုံကား။** သီဟောဂါယတိ-အစရှိသည်တည်း။ သီဟော၊ ခြင်္သေ့ကယ့်သိဂ့် ရဲးရင့်သင်လုလင်သည်။ ဂါယတိ၊ သီဆို၏။ ဤနိုက် သီဟသဒ္ဒါသည် အတူဖြစ်သော ခြင်္သေ့၏ သီဟဟူသင်အမည်ကို အတူဟိသင် လုလင်နိုက် တင်စား၍ ထိုလုလင်ကိုပင် သီဟဟု ခေါ်ဝေါ် သောကြောင့် သဒိသူပစာမည်၏။

**အဓိပ္ပါယ်ကား။** လူမိုက်သည် နွား-ဟူ၍ဆိုရာနိုက် မိုက်ချင်းတူသော နွား၏အမည်ကို လူနိုက်တင်စား၍ ခေါ်ဝေါ်သောကြောင့် နွားဟူသင် ဝေါဟာရသည် သဒိသူပစာမည်၏။

တောင်ငူမင်းဆို တသောင်းရှစ်ပြန်ချီသည့် ရတုတွင် "နှံးတော်မညွတ်၊ ဆင်းကြာနတ်သည်၊ နှုတ်လွတ်မပေါ်၊ မြွက်သောကြောင့်"ဟု စပ်ဆိုရာနိုက် ကြာနတ်၏အမည်ကို လူချင်းတူသော မင်းသွီးနိုက် တင်စား၍ ခေါ်ဝေါ်သောကြောင့် ကြာနတ်ဟူသင်၌ ဝေါဟာရသည် သဒိသူပစာမည်ဧ္။ ထိုဖော်ပြအပ်သော သဒိသူပစာ-အရာသည် ပျိုလင်္ကာရတုတို့နိုက် များစွာပါဟိလေသည်။

(၄) ဌာနူပစာဟူသည်ကား ဌာန၏အမည်ကို ဌာနီနိုက် တင်စား၍ ခေါ်ဝေါ်ခြင်းဖြစ်သတည်း။

**ပုံကား။** မဥ္စာဃောသန္တိ-အစဟိသည်တည်း။ မဥ္စာ၊ ညောင်စောင်းတို့သည်။ ဃောသန္တိ၊ ကြွေးကြော်ကုန်၏။ ဤနိုက် မဥ္စသဒ္ဒါသည် ဌာနဖြစ်သော ညောင်စောင်း၏ မဥ္စဟူသင်အမည်ကိုပင် ဌာနီဖြစ်သော လူနိုက် တင်စား၍ ဌာနီဖြစ်သောလူကို မဥ္စဟု ခေါ်ဝေါ်သောကြောင့် ဌာနူပစာမည်ဧ္။

**အဓိပ္ပါယ်ကား။** ပုဂံလာ၏၊ ပုခန်းလာ၏-ဆိုရာနှိုက် ဌာနဖြစ်သော ပုဂံမြို့, ပုခန်းမြို့၏အမည်ကို ဌာနီဖြစ်သော ပုဂံမြို့သား, ပုခန်းမြို့သား လူနှိုက် တင်စား၍ ခေါ်ဝေါ်သောကြောင့် ပုဂံ, ပုခန်း-ဟူသဝ် ဝေါဟာရသည် ဌာနူပစာမည်ဧည့်။

တောင်ငူဆို မကြောက်ချည်မြှုး ချီးသည့်ရတုတွင် "ဥကသ်နန်း၊ လွှတ်ညာစွန်းကို၊ ရေသွန်းပြန်ကြိုင်၊ မဥ္စူနိုင်နှင့်" ဟု စပ်ဆိုရာနှိုက် ဌာနဖြစ်သော လွှတ်ညာစွန်း၏ အမည်ကိုဌာနီဖြစ်သောသကျမဥ္စူဘုရား၌တင်စား၍ သကျမဥ္စူဘုရားကိုပင် လွှတ်ညာစွန်းဟု ခေါ်ဝေါ်သောကြောင့် ထိုလွှတ်ညာစွန်းဟူသဝ် ဝေါဟာရသည် ဌာနူပစာမည်ဧည့်။

(၅) ဌာန္ယူပစာဟူသည်ကား ဌာနီ၏အမည်ကို ဌာန၌ တင်စား၍ ခေါ်ဝေါ်ခြင်းဖြစ်သတည်း။

**ပုံကား။** ကုန္တာပစရန္တိ-အစဟိသည်တည်း။ ကုန္တာ၊ လှံတို့သည်။ပစရန္တိ၊ သွားကုန်၏။ ဤနှိုက် ကုန္တသဒ္ဒါသည် ဌာနီဖြစ်သော လှံ၏ ကုန္တဟူသဝ် အမည်ကို ဌာနဖြစ်သော လှံထမ်းယောကျ်ားနှိုက် တင်စား၍ လှံထမ်းယောကျ်ားကိုပင် ကုန္တဟုခေါ်ဝေါ်သောကြောင့် ဌာန္ယူပစာမည်ဧည့်။

**အဓိပ္ပါယ်ကား။** လှံဝင်စေ၊ သေနတ်ဝင်စေ၊ ဓားဝင်စေ- ဆိုရာတို့နှိုက် ဌာနီဖြစ်သော လှံ, သေနတ်, ဓားတို့၏ အမည်ကို ဌာနဖြစ်သော လှံကိုင် သေနတ်ကိုင်, ဓားကိုင်စသော လူနှိုက် တင်စား၍ လှံ,သေနတ်, ဓားစွဲကိုင်, သူကိုပင် လှံ,သေနတ်,ဓား-ဟု ခေါ်ဝေါ်သောကြောင့် လှံ,သေနတ်, ဓားဟူသဝ်ဝေါဟာရသည် ဌာန္ယူပစာမည်၏။

(၆) ဂုဏူပစာဟူသည်ကား ဂုဏ်၏အမည်ကို ဂုဏောနှိုက် တင်စား၍ ခေါ်ဝေါ်ခြင်းဖြစ်သတည်း။

**ပုံကား။** နီလောပဋော-အစဟိသည်တည်း။ နီလော၊ ညိုသော။ပဋော၊ ပုဆိုး။ ဤနှိုက် နီလသဒ္ဒါသည် အညိုဟူသောဂုဏ်၏ နီလဟူသဝ် အမည်ကို ဂုဏောဖြစ်သောပုဆိုးနှိုက်တင်စား၍ ပုဆိုးကိုပင် နီလ-ဟု ခေါ်ဝေါ်သောကြောင့် ဂုဏူပစာမည်ဧည့်။

**အဓိပ္ပါယ်ကား။** ပုဆိုးညို, ပုဆိုးဖြူဆိုရာနှိုက် ဂုဏ်ဖြစ်သော ညိုသောအဆင်း,ဖြူသောအဆင်း၏ အမည်ကို ဂုဏောဖြစ်သော ပုဆိုးခြံ၌ တင်စား၍ ပုဆိုးခြံကိုပင် ညိုသည်,ဖြူသည်-ဟူ၍ ခေါ်ဝေါ်သောကြောင့် အညို, အဖြူဟူသဝ်ဝေါဟာရသည် ဂုဏူပစာမည်၏။

ဂုဏူပစာ-အရာဟူသမျှတို့နှိုက် ဂုဏ်ကိုအကြောင်း ပဝတ္တနိမိတ် ပြု၍ ဂုဏောဒြဗ်ကိုဟောသည်ဟု ယူသောသဒ္ဒါသည် မုက္ခ ဂုဏ သဒ္ဒါ မည်၏၊ ဂုဏ်ကိုဟောရင်းဖြစ်သည်၊ ဂုဏ်၏အမည်ကို တင်စား၍ ဂုဏောဒြဗ်ကို ဟောသည်ဟု ယူရလျှင် ဂုဏူပစာမည်ဧ္ဆ။

တောင်ငူဆို ဆယ့်နှစ်ခွင်လျှင် ချီးသည့်ရတုတွင် "အဖြူအပြာ၊အဝါတချို့၊ မိုးပန်းတို့လည်း"ဟု စပ်ဆိုရာနှိုက် ဂုဏ်ဖြစ်သော အဖြူအပြာ,အဝါအဆင်းတို့၏အမည်ကို ဂုဏောဖြစ်သော ပန်းဒြဗ်နှိုက် တင်စား၍ ခေါ်ဝေါ်သောကြောင့် ဂုဏူပစာမည်ဧ္ဆ။

ဤဂုဏူပစာအရာသည်ကား ပျို့,လင်္ကာ,ရတုစသည်တို့နှိုက် များစွာ အသုံးအစွဲးဟိချေသည်။

(၇) ကေဒေသူပစာဟူသည်ကား အပေါင်း၏အမည်ကို အစိတ်နှိုက် တင်စား၍ ခေါ်ဝေါ်ခြင်းတည်း။

**ပုံကား။** သမုဒ္ဒေါ မယာ ဒိဋ္ဌော-အစဟိသည်တည်း။ သမုဒ္ဒေါ၊ သမုဒ္ဒရာကို။ မယာ၊ ငါသည်။ ဒိဋ္ဌော၊ မြင်အပ်၏။ ဤနှိုက် သမုဒ္ဒ-သဒ္ဒါသည် အပေါင်းဖြစ်သော သမုဒ္ဒရာတစင်းလုံး၏ သမုဒ္ဒရာဟူသောအမည်ကို အစိတ်ဖြစ်သောမျက်စိဖြင့် မြင်ကောင်းရာနှိုက် တင်စား၍ မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာတစိတ်ကို သမုဒ္ဒရာဟု ခေါ်ဝေါ်သောကြောင့် ကေဒေသူပစာ မည်သတည်း။

**အဓိပ္ပါယ်ကား။** မြစ်ကိုမြင်၏၊ တောင်ကိုမြင်၏-ဆိုရာနှိုက် တမြစ်လုံး, တတောင်လုံးကိုမမြင်နိုင်၊ သို့ဖြစ်လျက် အပေါင်းဖြစ်သော တမြစ်လုံး,တတောင်လုံး၏အမည်ကို မျက်စိဖြင့် မြင်ကောင်းသောမြစ်၏ တစိတ်,တောင်၏ တစိတ်နှိုက်တင်စား၍ ခေါ်ဝေါ်သောကြောင့် မြစ်ဟူသဝ်,တောင်ဟူသဝ် ဝေါဟာရသည် ကေဒေသူပစာမည်ဧ္ဆ။

နေမိဘုံခန်းတွင် "ထိုသို့ပြတုံ၊ ဗိမာန်ဘုံကို၊ လူ့တုံမှိဝင်၊ ဇမ္ဗူပြင်ဝယ်၊ အရှင်လတ်လတ်၊စက်နှယ်ဖြတ်သား၊မင်းမြတ်ကျော်စွာ၊မြင်သောခါလျှင်"ဟု စပ်ဆိုရာနှိုက် ဗိမာန်တဆောင်လုံး၏ အမည်ကို နေမိမင်းကြီး မျက်စိဖြင့် မြင်ကောင်းသော ဗိမာန်၏ တစိတ်နှိုက်တင်စား၍ ခေါ်ဝေါ်သောကြောင့် ဗိမာန်ဟူသော ဝေါဟာရသည် ကေဒေသူပစာ- ခေါ်ဝေါ်ခြင်း ဖြစ်ချေသတည်း။

(ဂ) သမီပူပစာရဟူသည်ကား အနီးတွင် ယှိသော ဝတ္ထု အမည်ကို အနီးဖြစ်သော ဝတ္ထုအမည်နှိုက်တင်စား၍ ခေါ်ဝေါ်ခြင်းတည်း။

**ပုံကား။** ဂင်္ဂါယံ သဿံ တိဋ္ဌတိ-အစဟိသည်တည်း။ဂင်္ဂါယံ၊ဂင်္ဂါနှိုက်၊ သဿံ၊ကောက်ပင်သည်။ တိဋ္ဌတိ၊တည်၏။ ဤနှိုက် ဂင်္ဂါသဒ္ဒါသည် ကမ်းနားတည်းဟူသဝ် အနီးဟိသဝ် ဂင်္ဂါမြစ်၏ ဂင်္ဂါဟူသဝ် အမည်ကို အနီးဖြစ်သော ကမ်းနားနှိုက်တင်စား၍ ကမ်းနားကိုပင် ဂင်္ဂါဟု ခေါ်ဝေါ်သော ကြောင့် သမီပူပစာမည်ဧ္ဆ။

**အဓိပ္ပါယ်ကား။** မြို့ပြင်ကျောင်းနှိုက် နေသဝ်ရဟန်းတို့ကို ပေါက်ကန်မြို့နှိုက်နေသည်၊ ပခန်းမြို့နှိုက်နေသည် ဟူ၍ ပြောဆိုရာနှိုက် ပေါက်ကန်မြို့, ပခန်းမြို့တို့၏ အမည်ကို အနီးဖြစ်သော မြို့ပြင်ကျောင်းရာနှိုက် တင်စား၍ မြို့ပြင်ကျောင်းရာကို ပေါက်ကန်,ပခန်းဟုဆိုသောကြောင့် ပေါက်ကန်,ပခန်း ဟူသဝ်ဝေါဟာရသည် သမီပူပစာမည်ချေသတည်း။

ပဲခိုးမိဖုရားဆို မတော်ပဲးသာ ချီးသည့်ရတုတွင် "ပြည်ဆံတော်စစ်၊ မြတ်ရှင်ချစ်ကို၊ ဖြစ်သင့်ဖြစ်ဟောင်း၊ ပေါင်း၍ကြိမ်ခေါက်၊ ကျွန်ဝ်လျှောက်အံ့"ဟူ၍ စပ်ဆိုရာနှိုက်"ပြည်နှိုက်ဆံတော်-ပြည်ဆံတော်"ဟု တပ္ပုရိသ်သာ ဖြစ်ရမည်၊ ဤနှိုက်ပြည်မြို့၏ အမည်ကို အနီးနှိုက် ဖြစ်သောဆံတော်ရှင်တည်ရာ သုဒဿနတောင်ထိပ်နှိုက် တင်စား၍ သုဒဿနတောင်ထိပ်ကို ပြည်ဟူ၍ ခေါ်ဝေါ်သောကြောင့် ပြည်ဟူသဝ်ဝေါဟာရသည် သမီပူပစာဖြစ်သတည်း။

(ဃ) တဒ္ဓမ္မူပစာဟူသည်ကား-ယှိသောဝတ္ထု၏ အမည်ကိုမယှိသောဝတ္ထု နှိုက်တင်စား၍ ခေါ်ဝေါ်ခြင်းတည်း။

**ပုံကား။** သသဝိသာဏံ-အစရှိသည်တည်း၊ သသ ဝိသာဏံ၊ ယုန်၏ ဦးချို၊ ဤနှိုက် ဝိသာဏသဒ္ဒါသည် ထင်လျှားယှိသဝ် ကျွဲ, နွား အစရှိသဝ် သတ္တဝါတို့နှိုက် တည်သောချို၏ ဝိသာဏဟူသဝ်အမည်ကို ထင်လျှားမဟိ သဝ် ယုန်၏ချိုနှိုက်တင်စား၍ ယုန်၏ချိုကိုပင်ဝိသာဏဟု ခေါ်ဝေါ်သော ကြောင့် တဒ္ဓမ္မူပစာမည်ဧ္ဆ၊

**အဓိပ္ပါယ်ကား။** မိမ္မမြို့သားဆိုရာနှိုက် သားဖွားသဝ် မိမ္မတို့၏ ထင်လျှား ဟိသဝ် သား၏ အမည်ကို ထင်လျှားမဟိသောမိမ္မမြို့ သားနှိုက် တင်စား၍ ခေါ်ဝေါ်သောကြောင့် သားဟူသဝ်ဝေါဟာရသည် တဒ္ဓမ္မူပစာပင် ဖြစ်ချေ သတည်း။

[ယုန်ချို -လိပ်မွေး- ပုစွန်သွေး ခွေးလှေးတောင်ပန်ဖြူ၊ ခားမောက် သည်းခြေ၊ရားမဦးကျောက်-ဆိုသောအရာဘိုသည်လ င်း၍နည်းတူမှတ်ပါလေ။]

၁၀။ အဘေဒဘေဒူပစာဟူသည်ကား မပြားပဲးကိုပြားဘိသကဲ့သို့ ခေါ်ဝေါ်ခြင်းတည်း။

**ပုံကား။** သိလာပုတ္တကဿသရီရံ-အစရှိသည်တည်း၊ သိလာပုတ္တကဿ၊ ကျောက်သား၏။ သရီရံ၊ ကိုယ်တည်း၊ ဤနိုက်- သိလာပုတ္တက သဒ္ဒါသည် ကိုယ်မှကျောက်သား မပြားပဲးကိုပြားဘိသကဲ့သို့ခေါ်ဝေါ်သောကြောင့်အဘေဒဘေဒူပစာမည်သတည်း။

**အဓိပ္ပါယ်ကား။** ငါ၏ကိုယ်-ဆိုရာနိုက် ငါမှတပါး ကိုယ်ဟူ၍ အပြားမဟိပဲးကို ပြားဘိသကဲ့သို့ ဆိုသောကြောင့် ငါ၏-ဟူသဝ် ဝေါ်ဟာရသည် အဘေဒဘေဒူပစာဖြစ်ချေသတည်း။

[ကျောက်သားဟူသည် ကျောက်ကုန်း, ကျောကုန်း,ကျောပြား, ကျောပြင်ဟုလိုဝ်။]

ဥပစာချွဲယ်ပါးပြီး၏။

**အထွေထွေမှတ်ဘွယ်ပြီး၏။**

# နိဂုံး

## ၂၇၇-မူလကျမ်းပြီးနိဂုံး

ပဲခူးတိုင်း ဟံသာဝတီစီရင်စု မှော်ဘီမြို့အပိုင် မင်းရွာနှိက် ဖွားရာဇာတိရှိသော ကျွန်ုပ်မောင်ဘိုးသိန်းသည် ၁၂၂၃-ခုနှစ် နှောင်းတန်ခူးလဆန်း ၂-ရက် တနင်းလာနေ့ မိဿစန်းတူလက်တွင် အဖ-ဦးရွှေကြူ,အမိဒေါ်ငွေ တို့မှ ဖွားမြင်ပြီးနောက် ငယ်ရွယ်စဉ်အခါကပင် ပုဗ္ဗာစရိယ ဖြစ်တော်မူပေသော မိဖနှစ်ပါးတို့၏ ဆုံးမဩဝါဒစကားဖြင့် ဆရာအရှင်မြတ်တို့ထံ မူလသင်္ကေတ အက္ခရဝဝတ္တာန်မှစ၍ တစ-တစ သုတ-ပညာများကို သင်ကြားလေ့ကျက်သဖြင့် အသက် ၁၉-နှစ်အရွယ်သို့ရောက်လျှင် ပဲခူး- ဟံသာဝတီကြေးတိုင်ရုံးတော်တွင် စာရင်းရေး, စာရင်းစစ်,စာရေးအရာ၊နောက်အသက် ၂၃-နှစ်အရွယ်သို့ ရောက်သောအခါ မှော်ဘီမြို့အုပ်မင်း ရုံးတော်တွင် မြို့စာရေးအရာ၊ နောက်အသက် ၃၄-နှစ်သို့ကျရောက်ပြန်လျှင် မှော်ဘီမြို့အုပ်မင်းရုံးတော်မှရွှေ့ပြောင်း၍ ကွမ်းခြံကုန်းမြို့အုပ်မင်းရုံးတော်တွင် မြို့စာရေးအရာနှင့်ပင် အင်္ဂလိပ်ဘုရင်အစိုးရတို့၏ သူကောင်းပြုတော်မူသည်ကိုခံရသည့်အတွင်းမှာလည်း လောကီ,လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားနှင့်စပ်လျဉ်းသော ကျမ်းဂန်တို့ကို သင်အံမှတ်နာ တိုင်းထွာဆင်ခြင်ခြင်း၊ ပညာရှိရဟန်းရှင်လူတို့ထံမှာလည်း ခဲးရာခဲးဆစ်များကို ပိုးဝါးဒွိဟမရှိရအောင် ဆွေးနွေးမေးမြန်းခြင်းတို့မှ ရအပ်သော လဒ္ဓေါပဒေသရှိသဖြင့် မှော်ဘီမြို့အုပ်မင်းရုံးတွင် မြို့စာရေးအလုပ်ဝတ်တရားနှင့် အမှုတော်ကို ထမ်းရွက်နေစဉ်ကပင် သက္ကရာဇ် ၁၂၅၃-ခု တော်သလင်းလဆန်း ၁-ရက် ကြာသပတေးနေ့ကအစပြု၍ ဤ''ပေါရာဏဒီပနီ'' အမည်ရှိသောကျမ်းကိုရေးသားပြုစုရာ ကွမ်းခြံကုန်းမြို့အုပ်မင်းရုံးတော်တွင် မြို့စာရေး အလုပ်ဝတ်တရားနှင့် အမှုတော်ကိုထမ်းရွက်လုပ်ကိုင်ဆဲးအခါ သက္ကရာဇ် ၁၂၅၇-ခု တပို့တွဲးလဆန်း ၁၅-ရက်နေ့ မွန်းတည့်ငါးဘဝါးအချိန် ပြိဿလက် ကြပုံစဉ်း မနေသိဒ္ဓနက္ခတ် မွန်းတည့်မတ်၍ ကောင်းမြတ်သောမင်္ဂလာအချိန်တွင် ကျမ်းဦးအစပထမက ဂန္ထာရမ္ဘ၏ အာနိသင်ကြောင့် အန္တရာယ်ကင်းစင်၍ အောင်မြင်ပြီးစီးခြင်းသို့ရောက်ပါသတည်း။

၎င်းကျမ်းကို ခပ်သိမ်းသောသူတို့ ကြည့်ရှုမှတ်သားရန် ရေးသားရသောအကျိုးအားဖြင့် လိုအပ်သောဆန္ဒနှင့် တဝတည်းပြည့်စုံရပါလို၏သောဝ်။

မောင်ဘိုးသိန်း စာရေး။

## ၂၇၈-တတိယပုံနှိပ်ခြင်း ကျမ်းပြီးနိဂုံး်လင်္ကာ

ဖွံ့ဖြိုးဝေဆာ၊ ပဒေသာသို့၊ လိုရာနှစ်မြို့၊ ပြစ်မဖို့အောင်၊ အလို့ချမ်းစွာ၊
စိတ်ဝမ်းသာလျက်၊ ငြမ်းငှါထူစိုက်၊ သိုက်မြိုက် စီစဉ်၊ ဉာဏ်ဆိ ယှဉ်
လျက်၊ ယဉ်စွာသီကုံး၊ နှလုံးအေးမြ၊ ယိုကုန်ကြအောင်၊ မာန လွတ်ကင်း၊
သန့်ရှင်းမုတ္တာ၊ ကယ့်ပမာသို့၊ သေချာ ဆည်းစု၊ ဗဟုဿုတ၊ လိုကုန်ကြ
သင်၊ နှောင်းထမနုဿာ၊ အကျိုးငှါလျှင်၊ ရည်ကာသဘော၊ ပြန့်ပြောစေနာ၊
သို့ယှိပါ၍၊ ဤစာအဆီ၊ ဒီပနီကို၊ ဦးချိအစ၊ ပဌမဖြစ်၊ တစ်နှစ်ငါးခွန်၊နှစ်မွန်
ခေါ်ငြား၊ ရောက်သောအားနှိုက်၊ စကားပေါ်ရာ၊ ဝေါဟာဖြစ်ပွား၊ ဇယား
ကွက်မှန်၊ အဘိဓာန်သို့၊ လွယ်ရန်ဖော်ပြ၊ နည်းနယကို၊ ဖြိုးထပေါ်ယှာယ်၊
သျှင်လူဝယ်တို့၊ လိုဖွယ်ကိစ္စ၊ ပြည့်စုံရဟု၊ မွှံးမျှော်ဘာ၊ ထောမနာကို၊
ဝါစာချိုမြ၊ မြွက်ကုန်ကြရှင့်၊ ကာလမွေ့သိမ်၊ နှစ်ကြိမ်ပုံနှိပ်၊ တံဆိပ်လဝန်း၊
ပေါ်ထွက်ထွန်းသို့၊ ပြန့်ရှုန်းဂုဏ်ရည်၊ တိုးတက်စည်သား၊ မြမ့်ပြည်အလုံး၊
နှစ်သက်သုံး၍၊ ရှင်ပြုံးတစေ၊ ရှာဖွေမှုတို့၊ မရ-ချို့က၊ သို့သို့သည်သည်၊
ဆိုမြည်တောက်ခေါက်၊ မမြောက်ဝမ်းနည်း၊ ယှိရချည်းဖြင့်၊ ပေါ်ပြည်းထို
ထို၊ တ-ဆိုမွေ့နှောက်၊ မူပျော်က် ကွယ်နှယ်၊ ယှိဖွယ်ဖွယ်သို့၊ ချင့်ရွယ်
ကြည်ဖြူ၊ သျှင်လူခပင်း၊ တောင်းပန် ခြင်းကြောင့်၊ ပျှံသင်းဆန္ဒာ၊ သမ္မာ
ရှေးရှု၊ ဖြောင့်မတ်ဟူသား၊ ဤမူရှေးထက်၊ ထပိုးတက်၍၊ ဖြည့်စွက်လိုရာ၊
ရှေးဝေါဟာနှင့်၊ လင်္ကာစီကုံး၊ အသုံးအကျွရာ၊ ရှင်းလင်းပါအောင်၊ များ
မြောင်ဖွေထုတ်၊ ကြိုးကုတ်ကြိုးပမ်း၊ စိတ်မနွမ်းပဲ၊ အံ့အဲးစေငှါ၊ သွတ်သွင်း
ကာဖြင့်၊ လျှင်စွာဖွင့်စီ၊ ဒီပနီပေါ်ရာဏ၊ တတိယအကြိမ်၊ မထိမ်မဝှက်၊
လေ့းနက်ဤစာ၊ ပုံနှိပ်ပါးည့်၊ ချောစွာပြီးလစ်၊ သက္ကရာဇ်ပေါ်လှာ၊ (စန္ဒရာ-
နေ၊ ဘယောကော၊)ပြိဿရာသီ၊ ခါမှီစကား၊ ချယားမာလာ၊ ဂန္ဓာသုန်သုန်၊
ကဆုန်မာသ၊ သာစွပြန့်မွှန်း၊ ညောင်ရေသွန်းခါ၊ ပုဏ္ဏာပြည့်ဝန်း၊ တင့်ထွန်း
ဒိန၊ ဝိနဝုန္နေ့၊ ကောင်းပေ့မြိမ့်ကျော်၊ ခါသော်ဇုဿိ၊ ကိတ္တိအလိုက်၊ သိဒ္ဓိ
ကြိုက်တွင်၊ အမြိုက်ကြည်ရွှမ်း၊ ရွှေရည်ဆမ်းသို့၊ အေးချမ်းသာယာ၊ ပြီးစီး
ပါရှင့်၊ ကြေညာမယွန်း၊ ဤစာထွန်းက၊ ပယ်တွန့်းမှောင်နှည်၊ မတည်ကော
ဓမ်း၊ အစွမ်းပြန့်ကျယ်၊ ဇမ္ဗူနယ်တွင်၊ သွယ်သွယ်ထိုထို၊ ပုဂ္ဂိုလ်တကာ၊
ဝေနေယျာတို့၊ မေတ္တာ စိတ်စွဲး၊ မကွဲး ခိုင်ကျည်၊ တည်ကြည် အပေါင်း၊
သမ္မာလော်င်းလျက်၊ တချောင်းထည်းစိတ်၊ တိဟိတ်အလို၊ တရားမျိုလျက်၊
သုကို-ကုန်ချစ်၊ ဒုကိုပစ်က၊ အနှစ်ရသာ၊ မြေဩဇာလည်း၊ ပေါ်လှာထွန်း
သစ်၊ ဘေးမဖြစ်စေ၊ ကောင်းထွေညီမှု၊ ဥတုချိန်မှန်၊ ဖောက်ပြန်မယှိ၊တည်ဘို့

ညွှတ်ညွှတ်၊ သက်နီးဝတ်တို့၊ မချွတ်တရား၊ ဘုရားသားဟူ၊ အယူဖြောင့်စင်း၊ သိက္ခာမျဉ်းကို၊ အလျဉ်းမဖျက်၊ ဆောင်ရွက်နိုင်စေ၊ ကဋေကဝ၊ တုပ-လူ့ဘောင်၊ ယောင်ဆောင်မြူးစား၊သူခိုးလားသို့၊ မပွားဆုတ်ယုတ်၊တမဟုတ်ပျောက်၊ ခန်းခြောက်မန်းရေ၊ ကယ့်မသွေသို့၊ ယိုစေလဆေး၊ ပျံ့မွှေးသာနာ၊ မျိုးလေးဖြာတို့၊ ကောင်းစွာညီညွတ်၊ မချွတ်စောင့်ရှောက်၊ မနောက် စိတ်ထား၊ မားမားခိုင်မာ၊လောကာရက္ခ၊ဒေဝအလား၊ နတ်လေးပါးတို့၊ပေးပြောသတိ၊ ကြွေးကြော်ဘိသို့၊ တရှိသဘော၊ ဖြောင့်မနောဖြင့်၊ ပေါရာဏဒီပနီ၊ ကျမ်းသိင်္ဂီသည်၊ ပိုပိုနိမိတ်၊ ဖြစ်လှာတိတ်ဟု၊ ကောင်းဟိတ် ညာဏ်ထူ၊ သမ္မာယူတို့၊ ကြည်ဖြူရွှင်ဝမ်း၊ ပီတိလွှမ်း၍၊ အေးချမ်းသာယာ၊ ပြည်ရွာအပေါင်း၊ စိတ်ကောင်းညီညွတ်၊ တမွတ်ရွှေဆီး၊ ရိပ်ကြီးပြန့်ကျယ်၊ မိုးကာကွယ်သို့၊ အံ့ဖွယ်ထူးကဲ၊ ဂုဏ်ရောင်ဝှဲသည်။ ၊အမြဲပြည်ရွာ၊ သာယာအေးမြ၊ မခဘေးဘျမ်း၊ ငြိမ်းချမ်း ဇာဋ္ဌတိုးစေသောဝ်။ [၁၉-လုံး-ဇော်တခိုင်လုံးချနည်း၊]

ချင်မော်ဗိ
၁၂၉၂—ခု၊ ကဆုန်လပြည့်
ဒိနဂ်နွယ်နိယ့်။

ဆရာသိန်းကြီး
အင်းစိန်ကောင်စီပညာသင်ကျောင်း
အဖွဲ့ဝင်တွဲးဘက်လူကြီး။

# ပေါရာဏဒီပနီ
# ပြီးပြီ။

# အက္ခရာစဉ်-မာတိကာ


**အ**

အကျိုးမဲ့ဂိုဏ်းနှင့်စပ်သော လင်္ကာများ ၁၂၅
အချတမျိုးရတု (လှော်ကားသုံးထောင်မွှး) ၃၃၆
အချိုတူအချတူရတု (အယူတော်မင်္ဂလာ) ၂၄၉
အစပ် ခြောက်ပါး ၁၁၃
အစပ်အက္ခရာမညီ၍အပြစ်ရောက်ခြင်း ၁၂၆
အတုမရအစမမြင်ရေးနည်းဖတ်နည်း ၂၀၆
အနောက်ဝန်မင်းမောင်ဥဆိုရတု ၁၇၉
အနှုန်းအဖွဲ့အကြောင်း ၄၆၁
အမရပူရစည်းခုံတော်ကြီးကျောက်စာ ၄၁၃
အမရပူရမှန်ကျောင်းသိမ်ကျောက်စာ ၄၁၁
အမရပူရဝေယန်ဘုံသာကျောင်းကျောက်စာ ၄၁၂
အမရပူရလောကမဏိစူဠာဘုရားကျောက်စာ ၄၁၂
အမတ်ကိုချီးသောအက္ခရာငါးလုံး ၁၂၁
အရိမတည်းဘုရားတိုင် (လှော်ကားသုံးထောင်မွှး) ၃၃၇
အရေးချွတ်၍အဓိပ္ပါယ်ပျက်ခြင်း ၁၄၁
အရင်းကောက်ရေးနည်းဖတ်နည်း ၂၁၆
အရစ်အပင့်အသတ်ကွဲလျှင်စပ်သင့်ကြောင်း ၁၄၀
အလောင်းမင်းတရားကြီးဘုန်းတော်ဘွဲ့၃-၃ (လက်ဝဲသုန္ဒြ) ၂၉၀
အဝမြို့ဘွဲ့ (ဇေယျနန္ဒမိတ်) ၂၀၇
အသတ်ခြောက်ပါး ၁၀၇
အသတ်ကိုထပ်၍ စပ်ခြင်း ၁၄၂
အသတ်ကွဲ၍ စပ်ခြင်း ၁၄၃
အက္ခရာသက်သက် ၁၂-လုံး ၁၄၄
အက္ခရာသက်သက်ပါသော လင်္ကာ ၁၄၄
အက္ခရာခြားနားပုံ ၁၄၅
အက္ခရာပြန်၍ ရေးနည်းဖတ်နည်း ၂၀၀
အက္ခရာပြောင်း၍ရေးနည်းဖတ်နည်း ၂၀၀
အက္ခရာလှယ်ရေးနည်းဖတ်နည်း ၁၉၆

**ဣ**

ဣ-ဣ့ အက္ခရာဖြစ်ပေါ်လာပုံ ၂၂၉
ဣမ်ရှေ့မိဖုရားကပေးသော ရတု (ရက္ခိုင်ဥက္ကာပျံ) ၂၇၂

**ဥ**

ဥက္ကာပျံရက္ခိုင်ပြန်ရတု ၃၃၁
ဥပစာဆယ်ပါး ၅၀၁
ဥပစာဆယ်ပါးနှင့် ညီညွတ်ရန် ၁၄၁
ဥဿလာဘာမြို့သကြန်တော်ခေါ် ၃၂၅
ဥသျှောင်ရေးနည်းအပေး ၁၀၀
ဥသျှောင်ရေးနည်း အပြန် ၁၀၀

**ဦ**

ဦးပုတ်ဂိုဏ်းလင်္ကာ ၁၄၇
ဦးဖျော်ဂိုဏ်းလင်္ကာ ၁၄၆

**ဧ**

ဧးချင်းအမည်များ ၁၇၂

**ဩ**

ဩဝါဒရတု (ဓေတာင်ဘီလာ) ၃၃၀

**က**

ကိရိယာခြောက်ဆယ် ၁၅၉
ကမ္ပည်းကျောက်စာရေးနည်းဖတ်နည်းလင်္ကာ ၂၂၂

ကောက်စိုက်မတို့ဆိုအိုင်ချင်း ၃၇၉
ကိုယ်တွင်းပြည့်ရေးနည်း ၁၇၉
ကိုယ်တွင်းပြည့်ရှုံးသီဆိုရေးနည်း ၁ဂဂ
ကျေးစေရတု (ဘုရင်မင်းခေါင်) ၃၄၅
ကျေးစေရတု (ဇင်းမယ်ဘုရင်ငယ်) ၂ဂ၄
ကျေးစေရတု (ဇင်းမယ်မိဖုရား) ၂၇၆
ကျေးစေရတု (ကြိညှပ်မင်းသွီး) ၂၆ဂ
ကျတ်ခေါက်ဘုရားဘွဲ့ (နဝဒေးကြီး) ၃၂၄
ကျောက်စာ ရေးနည်းဖတ်နည်း
  တမျိုး ၁၉၉
ကျောက်ဆည်ရွှေသာလျောင်း
  ကျောက်စာပုံမ် ၂၂၅
ကျောက်ခတော်ကြီးဘုရား
  ကျောက်စာ ၄၁၄
ကြိဖန်ကောက်ရေးနည်းဖတ်နည်း ၂ဝ၃
ကြိုးဆွဲချသေကြောင်းခဆောင်းပါး
  (ဦးဝဇီရ) ၃ဂ၄

ခ

ခရာစပ်ရေးနည်းဖတ်နည်း ၁၉၅
ခင်ကြီးဖျော်အရိုးအိုးစေတီ
  ကျောက်စာ ၄၂၆
ခြသေ့်လည်ပြန်ရေးနည်းဖတ်နည်း ၁၉၄

ဂ

ဂရုလဟုပြုခြင်း ၁၂၂
ဂရုလဟုဇယားပုံမ် ၁၄ဂ
ဂရုလဟုဂိုဏ်းယှစ်ပါးဇယားပုံမ် ၁၄၉
ဂရုလဟုနှင့်အညီစပ်သော
  လက်ာများ ၁၂၄
ဂါထာ ၆ဝ-ပျို့နိဂုံမ်း
  (သျှင်အုန်းညို) ၃၉ဝ
ဂီဟိသုဘုပျိုနိဂုံမ်း ၃ဂ၇
ဂိုဏ်းအက္ခရာနှင့်အညီ စပ်သော
  လက်ာများ ၁၂၄
ဂိုဏ်းအက္ခရာနှင့်မညီသော
  လက်ာများ ၁၂၅
ဂိုဏ်းစောင့်နတ်များ ၁၂၄
ဂိုဏ်းယှစ်ပါးအက္ခရာအမည် ၁၂၂
ဂိုဏ်းယှစ်ပါး၌ရသော နက္ခတ် ၁၂၄
ဂိုဏ်းရွေးနည်းခွန်းထောက် ၁၄ဂ

င

ငပြေဆန်ရေးနည်းဖတ်နည်း ၂ဝ၆
ငပြေတက်သက်ရေးနည်းဖတ်နည်း ၁၉၃
ငပြေတက်သက်ရင်စွေ့ အကောက်
  အယူ ရေးနည်းဖတ်နည်း ၂ဝ၉
ငလျှင်ကျူပ်ဘွဲ့ (ဒုတိယနဝဒေး) ၃၁၁
ငွေတောင်ရကန်
  (ရွှေတောင်နန္ဒသူ) ၃၆ဝ

စ

စကားအရာအင်္ဂါလေးတန် ၄၇၇
စကားကြီးဆယ်မျိုး ၄၆၄
စကားခြောက်ခွန်း ၄ဂဝ
စကားပုံ ဂ၄-မျိုး ၄၉၁
စကားပေါင်း ၁၁၅-မျိုး ၄၉၄
စကားပေါင်း ဂ၆-မျိုး ၅ဝဝ
စကားဖိုစကားမများ ၉၄
စကားမျိုးလေးဆယ် ၄ဂ၃
စာအမျိုးမျိုးရေးနည်းဖတ်နည်း ၁ဂ၉
စာအံစာကျက်အကြောင်း ၄၆၁
စာကျူးကရိုက်သဖြန်ညီ ၁ဂ၅
စာကြည့်စာရွတ်အကြောင်း ၄၆၁
စာစီစာကုံးရေးနည်း ၁၁၆
စာစီစာကုံးအကြောင်း ၄၆၁
စာဆိုတော်များအမည် ၁၅၉
စာဆိုသူဘွဲ့အမည် (ဥဒိန္နပျို့) ၃၃၂
စာထုပ်ကြီးဆုတောင်းစာ ၃၉၇
စာဖတ်ရန်အသံ ၁၂-ပါး ၄၅၉
စာရေးစာဖတ်အကြောင်း ၄၆၁
စာသဖြန်ညီရေးနည်း (နဝဒေးကြီး) ၁ဂ၁
စောပြည်ညိုအလိုက်ရတု
  (ဝက်မစွတ်မြို့စား) ၂၇၄

စကြာခုနစ်ထပ်ရေးနည်း ၁၇၅
စကြာဆိုနည်းရေးနည်း ၁၈၉
စကြာလေးကျွန်းလည် ရေးနည်း ဖတ်နည်း ၂၂၀
စက္ကျမာယာဘူနာဂါကိန်းချုပ်မိ ၁၅၃
စက်ဂါထာရေးနည်းဖတ်နည်း ၂၁၈
စက်စာရေးနည်းဖတ်နည်း ၂၂၁
စစ်ကိုင်းထူပါရုံသိမ်ကျောက်စာ ၄၁၁
စစ်ကိုင်းမမွိကချောင်ဘုရား ကျောက်စာ ၄၀၉
စစ်ကိုင်းဝိဇယဘူမိသိမ်ကျောက်စာ ၄၀၉
စစ်ချီရတု (ဇေယျနန္ဒမိတ်) ၂၈၆
စစ်ချီရတု ၃-ခု (သျှင်သံကို) ၂၈၈
စဥ့်ကိုင်ဆိပ်ပေါက်ဘုရား ကျောက်စာ ၄၀၈
စပ်ဆီးအပ်သော ဂိုဏ်း ၁၂၃
စိန်စားသေကြောင်းဆောင်းပါး (ဦးဝဇီရ) ၃၈၂

ဆ

ဆုတောင်းစာ ၃-ခု (ဝက်မစွတ်မြို့စား) ၄၀၀
ဆုတောင်းစာ (တောင်ခွင်မြို့စားဟောင်း) ၄၀၅
ဆဲ့နှစ်ရာသီဘွဲ့အဲးထူးချင်း (မယ်ခွေး) ၃၄၆
ဆဲ့နှစ်ရာသီဘွဲ့လူးတား (ဦးပု) ၃၇၀
ဆင်းရဲသားကိုချီးသော အက္ခရာ ငါးလုံး ၁၂၂

ဇ

ဇနကဝတ္ထုနိဂုံး (ဦးဩဘာသ) ၃၈၂
ဇပြန်ကရိုက်သဖြန်ညီ ၁၈၅

ဉ

ည်-ဉ့် ရေးထုံး ၂၃၇

တ

တပြန်စီကုံးရေးနည်း ၁၈၇
တလိုင်းဆံမဖြတ်ရန်ဘွဲ့ (လှော်ကားသုံးထောင်မှူး) ၃၃၅
တလိုင်းဘာသာဒူးဂဏာန်းစာ ၂၂၆
တိကုံစေတီမြတ်ဘုရားတိုင် ၃၂၈
တိရစ္ဆာန်ကိုချီးသောအက္ခရာ ငါးလုံး ၁၂၂
တောလားရတု (တွင်းသင်းမင်းကြီး) ၂၅၃
တောလားရတု (မင်းစိန္တကျော်သူ) ၂၅၄
တောလားရတု (လှော်ကားသုံးထောင်မှူး) ၂၅၅
တောလားရတု (သျှင်ဥတ္တမကျော်) ၂၆၀
တောလားရတု (နဝဒေးကြီး) ၂၆၂
တံဆိပ်ညွှန့်ပေါ်အဇုက် ရေးနည်းဖတ်နည်း ၂၀၅
တောင်ဘီလာတပည့်သာမဏေ ဘွဲ့ရတု ၂၄၅

ထ

ထမင်းရည်သွန်မိ၍အပြစ်ခံရသော လင်္ကာ (ဦးနာရဒ) ၃၄၂
ဒူးဂဏာန်းကျေးဂဏာန်း ရေးနည်းဖတ်နည်း ၁၉၉
ဒူးဂဏာန်းရေးဖတ်နည်းလင်္ကာ ၂၂၂
ဒေါင့်ထဲတွန့်ရေးနည်းဖတ်နည်း ၂၀၇
ဒေါင့်ထဲတွန့်တမျိုး ရေးနည်းဖတ်နည်း ၂၂၂

ဓ

ဓားတော်လုပ်နည်း (ဝက်မစွတ်မြို့စား) ၃၄၁
ဓမ္မသတ်စကား ၅၁-မျိုး ၄၉၈
ဓမ္မသတ်လင်္ကာနိဂုံး (လက်ဝဲသုန္ဒြ) ၃၉၀

န

နားထွင်းမင်္ဂလာဘွဲ့ (ဦးဘိုး) ၃၂၃
နားထွင်းသျှောင်ထုံးဘွဲ့ (ဒုတိယနဝဒေး) ၃၁၇

နွေရွေး၍ စပ်ဆိုရန်ဇယားပုံစံ ၁၅၂
နံသင့်အက္ခရာကောက်အဝှက်
ရေးနည်းဖတ်နည်း ၂၁၆
နည်းလေးဆယ်နှင့်ညီညွတ်ရန် ၁၄၁
နတ်ကိုချီးသောအက္ခရာသုံးလုံး ၁၂၁
နန်းသိမ်းမင်္ဂလာဘွဲ့
(ဒုတိယနဝဒေး) ၃၁၂
နောင်ဆိုသည်ကား မြအလား
ကိန်းချုပ်ပုံစံ ၁၅၅
နှစ်ကျိပ်ယှစ်ဆူသိကြားတံဆိပ် ၂၀၀
နှစ်လွှန်းတင်အဝှက်ရေးနည်း
ဖတ်နည်း ၂၀၂
နှုတ်လျှာအသာအသင့်ထားရန်
၁၂-ပါး ၁၅၉
ဋ္ဌ-အက္ခရာဖြစ်ပေါ်လာပုံစံ ၂၃၃

ပ

ပဇဉ်းထိုးလည်ပြန်ရေးနည်း
ဖတ်နည်း ၂၀၇
ပဒဒေါသယှစ်ပါး ၁၂၇
ပဒုမာဇရွှေကြာပန်းရတု ၂၄၅
ပဒုမ္မာကြာဖူးငုံရေးနည်း ၁၇၆
ပါဋ္ဌိဂိုဏ်းရွေးနည်း ၁၄၀
ပါဋ္ဌိမြန်မာတွဲဖက်စကားများ ၈၂
ပိဋကတ်သင်္ချာဇယားပုံစံ ၁၅၂
ပိကုန်းပျံဝဲရေးနည်းဖတ်နည်း ၁၈၁
ပုဂံမဟာဘုရားကျောက်စာ ၄၂၄
ပုဂံအသဝတ်မွှာမင်းဘုရား
ကျောက်စာ ၄၂၅
ပေရေးပိဋကတ်စွဲစာနိဂုံး ၃၉၉
ပေါရာဏနှင့်ယခုစကား ၂
ပေါရာဏနှင့် ပျို့လင်္ကာ ၃၆
ပေါရာဏဟုတ်မဟုတ် ၇၄
ပန်းဘွဲ့ရတု ၂-ခု (ဝံတောင်လယ်) ၃၀၂
ပေါင်လောင်ရှင်ဘုရားတံတိုင်းတွင်းရှိ
ကျောက်စာ ၄၂၁
ပေါင်လောင်ရှင်ဘုရားကျောက်စာ ၄၂၃

ပျူစာအက္ခရာပုံပ ၂၂၀
ပျို့အမည်များ ၁၆၆
ပျိုကဗျာတို့၌လိမ္မာရန် ၁၀၂
ပြူစားအဝှက်ရေးနည်းဖတ်နည်း ၂၀၅
ပြည်ဆံတော်ဘုရားပိုင်
(ဝံတောင်လယ်) ၃၄၃
ပြန်ကဖတ်ရေးနည်းဖတ်နည်း ၂၂၁

ဖ

ဖုသျှသကြွန်တော်ခေါ်ဘွဲ့
(ဒုတိယနဝဒေး) ၃၁၃

ဗ

ဗဒုံမြို့နယ်နိမိတ်လင်္ကာ (ဦးဩ) ၃၃၃
ဗာရဝိမော်ကွန်း
(ဝက်မစွတ်မြို့စား) ၃၀၀

ဘ

ဘကြီးတော်မင်းဗောဓိမဏ္ဍိုင်
ကျောက်စာ ၄၁၃
ဘုရားကိုချီးသောအက္ခရာငါးလုံး ၁၂၀
ဘုရားထီးတင်ဘွဲ့(ဒုတိယနဝဒေး) ၃၁၃
ဘိုးတော်မင်းတရားကြီး
ဘွဲ့ပုံဇယား ၁၅၁
ဘိုးဝန်းတောင်ခေါင်းလောင်း
ကမ္ပည်းစာ ၄၃၃
ဘောင်တော်ဦးဂင်းတငှက်အစာချဘွဲ့
(နန္ဒမိတ်ကျော်သူ) ၂၀၅

မ

မစပ်ဆိုအပ်သောဂိုဏ်း ၁၂၃
မနောဟရာရေးနည်းဖတ်နည်း ၁၈၅
မဟာဗောဓိမဏ္ဍိုင်ပန္နိဂုံး
(ဦးပုတ်နီ) ၃၅၆
မဟာသမာဝတ္တုနိဂုံး
(ဦးဩဘာသ) ၃၈၁
မုနိယှစ်ဆူမော်ကွန်း
(ဝက်မစွတ်မြို့စား) ၃၄၀

မဲဇာတောင်ခြေချီရတု (လက်ဝဲသုန္ဒြ) ၂၉၃
မော်ကွန်းအမည်များ ၁၇၀
မုတ္တာရွှဲသီရေးနည်း (သျှင်ရဋ္ဌသာရ) ၁၈၀
မုတ္တာရွှဲသီရေးနည်း (ရှင်အဂ္ဂ) ၁၈၁
မုံရွေးအမေး ကြည့်ကန်အဖြေ ၄၃၅
မုံရွေးရဘနာရွှေဂူကျောက်စာ ၄၁၅
မုံရွေးရွှေမြင်တင်ဘုရားနှင့် [illegible] ကျောက်စာ ၄၁၅
မေတ္တာစာကျေးစေရကန် (ဦးသြဘာသ) ၃၆၇
မင်းကိုချီးသောအက္ခရာငါးလုံး ၁၂၀
မင်းကွန်းအောင်မြေပုန်ကူ စေတီ ကျောက်စာ ၄၁[illegible]
မင်းကွန်းစက်တော်ရာဘုရား ကျောက်စာ ၄၀၇
မင်းတုန်းမင်းရွှေစာနိဂုံမ်း ၃၉၀
မင်းလက်ဝဲသုန္ဒြအမတ်ကြီး အကြောင်း ၂၉၆
မင်းသားကပေးသောမှာတမ်း (ဦးစံသူ) ၃၇၉
မင်းသမီးကပေးသောမှာတမ်း (ဦးစံသူ) ၃၈၀
မန္တလေးပိဋကတ်ကျောက်စာ မော်ကွန်း ၄၁၆
မန္တလေးသုဓမ္မာစရပ်တော် မော်ကွန်း ၄၁၆
မန္တလေးဓမ္မမဥ္ဇူသိမ်မော်ကွန်း ၄၁၇
မန္တလေးရတနာအောင်မြေ ဘုရားကျောက်စာ ၄၁၇
မန္တလေးမဟာဗောဓိကျောက်စာ ၄၁၈
မန္တလေးမဟာမုနိ ဘုရားကျောက်စာ ၄၁၉
မယ်ဘွဲ့ရတု (မင်းသားမောင်ရှင်) ၂၈၄
မယ်ဘွဲ့ရတု (ပဒိုး-ရာဇသကြီး) ၂၈၂
မောင်ဘွဲ့ရတု (ဆင်ဖြူရှင်သို့အငယ်) ၂၆၉
မောင်ဘွဲ့ရတု (စကိုင်းစည်သူကကော်) ၂၆၉
မောင်ဘွဲ့ရတု(ရွှေဆင်းတုဂ ) ၂၈၃
မောင်ဘွဲ့ရတု ၂-ခု (သျှင်သူရဲ) ၃၀၅
မောင်ဘွဲ့ရတု(ဆင်ဖြူရှင်သို့အငယ်) ၃၀၆
မောင်ဘွဲ့ကိုးခေါရတု (စိန္တကျော်သူ) ၃၄၄
မိုးဘွဲ့ရတု(ရဝေရှင်ထွေး) ၂၇၀
မြဝတီမင်းကြီးဦးစကိုဏ်းလင်္ကာ ၁၄၈
မြကီကိုဏ်းရေးနည်းဇယားပုံစံ ၁၅၀
မြင်စိုင်းမြို့ဘွဲ့ကာချင်း (မြင်ဆိုင်းငါးစီးရှင်) ၃၈၂
မွေးခွန်းရကန်(ရွှေတောင်နန္ဒသူ) ၃၅၇
မွန်ကျေးစေရတု(ရာဇနန္ဒ) ၂၇၈
မြွေးပြေးတွင်းလူး ရေးနည်းဖတ်နည်း ၁၉၄


## ယ


ယန္တရားစကြာရတု (ရှင်မဟာသီလဝံသ) ၂၄၆


## ရ


ရကန်သွားမေတ္တာစာ (ဦးသြဘာသ) ၃၆၂
ရခိုင်ပညာယိဥ္စကာပျံခိုရတု ၃၃၁
ရတနာပူရမြို့တည်ဘွဲ့ (ဒုတိယနဝဒေး) ၃၁၀
ရကားလင်္ကာချိနည်းချနည်း ၂၅-ပါး ၁၅၅
ရတုသုံးပိုဒ်(ဝံကောင်လယ်) ၃၀၄
ရာဇမနော်ဟာရ ရေးနည်းဖတ်နည်း ၁၉၅
ရာဇဝင်သာချင်း(ဦးအောင်မြ) ၃၆၉
ရာမရကန်(ဦးတိုး) ၃၅၄
ရေလားရတု(မင်းသမန္တရာဇာ) ၂၅၇
ရေလားရတု(ထောင်သင်းမှူး) ၂၅၈
ရက္ခိုင်မြို့သူမိညိုဆိုရတု ၂၇၇

ရင်ခွဲးရေးနည်းဖတ်နည်း ၁၉၂
ရင်စေ့ရေးနည်းဖတ်နည်း ၁၉၂
ရှိ-ယှိ-အရေးအသား ၂-မျိုး ၂၃၈
ရှုးအက္ခရာအဘိဓာန် ၂၄၄
သျှင်ရဋ္ဌသာရခ်မ်းရတု ၂၉၈
ရှိ-အက္ခရာဖြစ်ပေါ်လာပုံ [illegible]
ရွှေကြက်သက်ဘုရားကျောက်စာ ၄၁၄
ရွှေစက်တော်သွားတေးလား (သျှင်ရဋ္ဌသာရ) ၂၅၀
ရွှေစည်းခုံဘုရားပိုင်ရတု (ရေဝရှင်ထွေး) ၂၇၁
ရွှေတိဂုံဘုရားကျောက်စာပုံမ် ၂၄၁
ရွှေနဘာထပ်အဝှက် ရေးနည်းဖတ်နည်း ၂၀၁
ရွှေဘိုနိဗ္ဗာန်ဆိပ်ဦးဘုရားကျောက်စာ ၄၃၀
ရွှေဘိုဘုံစံတုလွှက်ကျောင်းကျောက်စာ ၄၂၀

လ

လေးဆင့်ဒေကာက် ရေးနည်းဖတ်နည်း ၂၁၆
ငင်း-အက္ခရာဖြစ်ပေါ်လာပုံမ် ၂၃၃
လက်ထပ်မင်္ဂလာဘွဲ့ ၈-ခု (ဒုတိယနဝဒေး) ၃၁၄
လက်ထပ်မင်္ဂလာဘွဲ့(ဦးဘိုး) ၃၂၂
လက်ရေးလက်သားအကြောင်း ၄၆၆
လင်္ကာအမည်များ ၁၆၉
လင်္ကာစီကုံးရာ၌ရှောင်ရန် ၁၅၃
လောင်မီးကျဘွဲ့(ဒုတိယနဝဒေး) ၃၀၉
လျှောက်ရတု(ရှင်ရန်အောင်) ၃၀၈

ဝ

ဝါကျဒေါသကိုးပါး ၁၃၂
ဝါကျက္ခဒေါသခြောက်ပါး ၁၃၆
ဝါးခွဲးရေးနည်းဖတ်နည်း ၁၉၁
ဝါးခွဲးရင်စေ့အနုလုံပဋိလုံ ရေးနည်းဖတ်နည်း ၂၁၁
ဝါကျက်မြင်ရေးနည်းဖတ်နည်း ၂၈၈
ဝါကျက်လှိုန်ရေးနည်းဖတ်နည်း ၂၀၇
ဝိပရိတ်ရေးနည်းဖတ်နည်း ၁၉၇
ဝေဝရှန်းစဥ္စာချီရတု (လက်ဝဲသုန္ဒြ) ၂၉၅
ဝိရိုက်ဝဲဆင်းရေးနည်းဖတ်နည်း ၂၀၆
ဝံတောင်လယ်ဖြေ ရတု ၃၀၁
ဝမ်းဘဲအင်းစံမင်းရွှေစာနိဂုံမ်း ၃၉၆

သ

သကဋ္ဌစိတ္တက္ခရာရေးနည်းဖတ်နည်း ၂၈၁
သမဏ္ဍာလိပ်ရေးနည်းဖတ်နည်း ၁၉၃
သာဝေမပါရတု (နဝဒေးကြီး) ၂၄၈
သဝေမပါရတု(ဒိပဲးယင်းမောင်ပု) ၂၄၉
သာမုဒ္ဒိကလက္ခဏာကျမ်းနိဂုံမ်း (ဒုတိယနဝဒေး) ၃၈၇
သာလိကာစေရတု (ဇင်းမယ်ဘုရင်ငယ်) ၂၈၁
သိကြားတိုင်ရတု (သျှင်ရဋ္ဌသာရ) ၂၄၆
သိကြားတိုင်ရတု(ရှင်တေဇောဒိပ) ၂၄၆
သီကုံးပြည့်အောင်လှတာဆောင် ကိန်းချုပ်မ် ၁၅၄
သံ့-အက္ခရာဖြစ်ပေါ်လာပုံမ် ၂၃၂
သုဝဏ္ဏလိပ်ရေးနည်းဖတ်နည်း ၁၉၉
သေသဒ္ဒက္ခရာ ရေးနည်း ဖတ်နည်း ၁၉၈
သကျသီဟဘုရားကျောက်စာ ၄၁၁
သကြိန်တော်ခေါ် (လက်ဝဲသုန္ဒြ) ၁၉၂
သကြိန်တော်ခေါ်(ဒုတိယနဝဒေး) ၃၈၈
သကြိန်တော်ခေါ် (နေမျိုးကျော်ထင်) ၃၂၆
သင်္ဂါယနာတင်ဘွဲ့ အဏ်ချင်း (ဦးယာ) ၃၅၂
သဉ်ဇာအရှီးဘိုးစေတီကျောက်စာ ၄၁၉
သတ်ပုံနိဂုံမ်း (သေဋ္ဌေးကျောင်းဆရာတော်) ၃၉၅
သဏ္ဍက္ခရာ ရေးနည်းဖတ်နည်း ၁၉၇